http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၁)

၏

# စမ်းကလေးပါဒဝိနိစ္ဆယ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၀ ခရစ် - ၂၀၀၉

စမ်းကလေးပါဒဝိနိစ္ဆယ

http://www.dhammadownload.com


**သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ကျမ်းစာအုပ်အရောင်းဆိုင်တွင်ပါဠိတော်၊ မြန်မာပြန်၊ အဋ္ဌကထာ၊ ဋီကာ နိဿယ၊ ပါဠိ-မြန်မာအဘိဓာန်များနှင့် အခြားဗုဒ္ဓစာပေကျမ်းစာအုပ်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

- ပိဋကသုံးပုံပါဠိတော်အုပ်ရေ(၄၀)
- ပဋ္ဌာန်းပါဠိတော်(၅)တွဲ(၅)အုပ်
- မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး(၆)တွဲ(၈)အုပ်
- တိပိဋကပါဠိမြန်မာအဘိဓာန်များအတွဲ(၁)၊(၂)၊ (၃)၊(၄/၁)၊(၄/၂)၊(၅)၊(၆)၊(၇)၊(၈)၊(၉)၊(၁၀)၊(၁၁) (၁၂)၊(၁၃)၊(၁၄/၁)၊(၁၅)၊(၁၇)၊(၁၈)၊(၁၉)
- ပဌမပေါင်းထောင်ဆရာတော်၏အမေးတော်ဖြေ
- မြတ်ဗုဒ္ဓ၏တရားစုများ
- အခြေခံအဘိဓမ္မာသရုပ်နှင့်အဓိပ္ပါယ်
- သာရတ္ထဋီကာ(ပ)၊(ဒု)
- နေတ္တိဋီကာ၊ဝိမတိဝိနောဒနီဋီကာ(ပ)
- ကစ္စည်းသဒ္ဒါကြီး၊အဘိဓာန်လင်္ကာဆန်း
- ဇာတကအဋ္ဌကထာ(လတ်၊ကြီး)
- ဗုဒ္ဓဘာသာတရားတော်(အခြေခံ)
- ဗုဒ္ဓဘာသာတရားတော်(အဆင့်မြင့်)
- ရွှေရတုတိပိဋကစာစောင်
- ရွှေရတုမဟာနာယကစာစောင်
- ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ)၊(ဒု)
- သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ
- အဋ္ဌသာလိနီအဋ္ဌကထာ
- လူသေလူဖြစ်ဝိနိစ္ဆယ၊ဘိက္ခုနီဝိနိစ္ဆယ
- ကင်းဝန်မင်းကြီးဓမ္မသတ်(ပ)၊(ဒု)
- သုတ်ပါထေယျဘာသာဋီကာ
- ဓမ္မာစရိယသင်နည်း(ဒု)
- ထက်အောက်ညှိနှိုင်းဩဝါဒခံယူပွဲ
- လင်္ကာသာသနာ့ဝိသုဒ္ဓိ(ပါဠိ+မြန်မာ)
- ဝိနည်းဓမ္မကံစီရင်ထုံး
- သံဃာ့နာယကလက်စွဲ၊ဝိနိစ္ဆယလက်စွဲ
- ဒါနကထာ၊ဘွဲ့တံဆိပ်တော်သမိုင်း
- ဝိနယပုစ္ဆာဝိသဇ္ဇနာ၊ဗုဒ္ဓနိုင်ငံတော်(ပ+ဒု+တ)
- သီလရှင်စည်းမျဉ်း
- အင်္ဂုတ္တိုရ်ပါဠိတော်(ပ)၊(ဒု)၊(တ)
- ဓမ္မစကြာ(အိတ်ဆောင်)
- ဂုဏ်တော်ကိုးပါးအကျိုး
- သရဏဂုံတည်ခြင်းအကျိုး
- ဗုဒ္ဓဘာသာလက်စွဲကျမ်း(ပ၊ဒု)
- ဗုဒ္ဓဘာသာကောင်းတစ်ယောက်
- ကြည်ကြည်လင်လင်သေပြီးနောက်သုဂတိလားလိုသော်
- ဝိနည်းဓမ္မကံ အဓိကရုဏ်း၊မှုခင်းများ ပြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

**မြတ်ဗုဒ္ဓ၏ကျမ်းစာ အမျိုးမျိုးကို အထက်ပါဌာနတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရောင်းချ လှူဒါန်းနိုင်ပါသည်။ အလှူရှင်စာတန်းထိုးခြင်းနှင့် အဖုံးဖုံးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။** (တနင်္ဂနွေ တစ်ရက်သာ ဆိုင်ပိတ်ပါသည်။)
**ကမ္ဘာအေးဘုရားလမ်း၊ စာတိုက်မှတ်တိုင်၊ မရမ်းကုန်းမြို့နယ်။** ဖုန်း - ၆၆၀၀၇၃

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁)

၏

# စမ်းကလေးဝါဒဝိနိစ္ဆယ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ၂၀၀၉

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/ ၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

စမ်းကလေးဝါဒဝိနိစ္ဆယ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပုံနှိပ်ထုတ်ဝေရခြင်းအကြောင်း | ဆ |
| ၂။ | အခမ်းအနား အစီအစဉ် | ည |
| ၃။ | နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၁)ဖွဲ့စည်းမိန့် | ဌ |
| ၄။ | သဘာပတိ ဆရာတော်၏ ခံယူချက်မိန့်ခွန်း | ပ |
| ၅။ | လျှောက်ထားစောဒနာသူများ | ၈ |
| ၆။ | ဗုဒ္ဓပေးအပ်ခဲ့သောတာဝန် | ၁၀ |
| ၇။ | လက်စွဲသာသနာ့မှတ်ကျောက်ကြီး (၄)ခု | ၁၃ |
| ၈။ | အမှတ် (၁) လျှောက်ထားစောဒနာချက် | ၁၆ |
| ၉။ | အမှတ် (၂) လျှောက်ထားစောဒနာချက် | ၂၀ |
| ၁၀။ | စမ်းကလေး (လမ်းတို) ဆရာတော်၏ကျင့်စဉ် | ၂၅ |
| ၁၁။ | ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ သီလကျင့်စဉ် | ၂၇ |
| ၁၂။ | သီလသရုပ် | ၃၂ |
| ၁၃။ | အမှတ် (၃) လျှောက်ထားစောဒနာချက် | ၃၄ |
| ၁၄။ | ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ သဒ္ဓါအရကောက်ပုံ | ၃၅ |
| ၁၅။ | ဗုဒ္ဓ၏ ဒေသနာတော်လာ သမာဓိကျင့်စဉ်ကိုမဖြတ်သင့်ပုံ | ၃၈ |
| ၁၆။ | စမ်းကလေး သမာဓိဖြတ်ကျင့်စဉ်နှင့် ဗုဒ္ဓ၏သမာဓိပွားကျင့်စဉ် | ၄၇ |
| ၁၇။ | အမှတ်(၄) လျှောက်ထားစောဒနာချက် | ၄၉ |
| ၁၈။ | စမ်းကလေး (လမ်းတို) ဆရာတော်၏ ပညာကျင့်စဉ် | ၄၉ |
| ၁၉။ | ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ ပညာကျင့်စဉ် | ၅၀ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | စမ်းကလေး (လမ်းတို) ဆရာတော်၏ ပညာကျင့်စဉ်နှင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ပညာကျင့်စဉ် နှိုင်းယှဉ်တင်ပြခြင်း | ၅၅ |
| ၂၁။ | အမှတ် (၅) လျှောက်ထားစာေဒနာချက် | ၅၇ |
| ၂၂။ | အမှတ် (၆) လျှောက်ထားစာေဒနာချက် | ၆၃ |
| ၂၃။ | အမှတ် (၇) လျှောက်ထားစာေဒနာချက် | ၇၁ |
| ၂၄။ | အမှတ် (၈) လျှောက်ထားစာေဒနာချက် | ၇၉ |
| ၂၅။ | အမှတ် (၉) လျှောက်ထားစာေဒနာချက် | ၈၈ |
| ၂၆။ | အမှတ် (၁၀) လျှောက်ထားစာေဒနာချက် | ၉၇ |
| ၂၇။ | ဂုဏ်အရည်အချင်း (၅)မျိုး | ၁၀၁ |
| ၂၈။ | အမှတ် (၁၁) လျှောက်ထားစာေဒနာချက် | ၁၀၈ |
| ၂၉။ | အမှတ် (၁၂) လျှောက်ထားစာေဒနာချက် | ၁၂၃ |
| ၃၀။ | အမှတ် (၁၃) လျှောက်ထားစာေဒနာချက် | ၁၃၃ |
| ၃၁။ | ဗုဒ္ဓ၏ ရောင်ခြည်တော် (အစစ်) ၃-မျိုး | ၁၄၇ |
| ၃၂။ | ရောင်ခြည်တော် (၂)မျိုး အထူး | ၁၄၈ |
| ၃၃။ | ဗုဒ္ဓ၏ရောင်ခြည်တော် အစစ် ၂-မျိုး ထွက်ပေါ်ရခြင်းအကြောင်း | ၁၄၉ |
| ၃၄။ | ရောင်ခြည်တော် (၆)ပါး အဓိပ္ပါယ်အကျဉ်း | ၁၅၃ |
| ၃၅။ | ဗုဒ္ဓ၏ ရောင်ခြည်တော် (အစစ်)နှင့် စမ်းကလေး ဘုန်းကြီး၏ ရောင်ခြည်တော်(အတု)ကို နှိုင်းယှဉ်ပြခြင်း | ၁၅၇ |
| ၃၆။ | ရောင်ခြည်တော် စောဒနာ (၁) | ၁၅၉ |
| ၃၇။ | ရောင်ခြည်တော် စောဒနာလွှာ (၂) | ၁၆၂ |
| ၃၈။ | ရောင်ခြည်တော် စောဒနာ (၃) | ၁၆၄ |
| ၃၉။ | ရောင်ခြည်တော် စောဒနာ (၄) | ၁၆၇ |
| ၄၀။ | ရောင်ခြည်တော် စောဒနာ (၅) | ၁၇၀ |
| ၄၁။ | အမှတ် (၁၄) လျှောက်ထားစာေဒနာချက် | ၁၇၆ |
| ၄၂။ | အမှတ် (၁၅) လျှောက်ထားစာေဒနာချက် | ၁၈၇ |
| ၄၃။ | အမှတ် (၁၆) နိဂုံးချုပ် လျှောက်ထားချက် | ၁၉၉ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄။ | နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၁) ရုံးတော်ဖွင့် အခမ်းအနား အစီအစဉ် | ၂၁၁ |
| ၄၅။ | သဘာပတိဆရာတော်၏ ကြိုတင်သတိပေးမိန့်ခွန်း | ၂၁၂ |
| ၄၆။ | စာမျက်နှာ (၄) စာဒနာအတွက် ဖြေရှင်းချက် | ၂၂၀ |
| ၄၇။ | ရည်ရွယ်ချက်တာဝန်နှင့် သာသနာ့မှတ်ကျောက်များကို လျှောက်ထားခြင်း | ၂၂၄ |
| ၄၈။ | ဗုဒ္ဓပေးအပ်ခဲ့သောတာဝန် | ၂၂၅ |
| ၄၉။ | လက်စွဲ သာသနာ့မှတ်ကျောက်ကြီး (၄)ခု | ၂၂၆ |
| ၅၀။ | သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင် တရားတော် | ၂၅၃ |
| ၅၁။ | အသစ်တီထွင်သော ဝါဒတစ်ရပ်မဟုတ်ကြောင်း လျှောက်ထား သောစနောလွှာတင်သွင်းခြင်း | ၂၇၉ |
| ၅၂။ | သောတာပန်တည်ခန်း ဓမ္မဝိနယ သောစနောလွှာ (နောက်ဆက်တွဲ) | ၂၈၁ |
| ၅၃။ | အမှတ် (၁) လျှောက်ထား သောစနောချက် | ၂၈၂ |
| ၅၄။ | အမှတ် (၂) လျှောက်ထား သောစနောချက် | ၂၈၇ |
| ၅၅။ | အမှတ် (၃) လျှောက်ထား သောစနောချက် | ၂၉၄ |
| ၅၆။ | အမှတ် (၄) လျှောက်ထား သောစနောချက် | ၂၉၇ |
| ၅၇။ | အမှတ် (၅)လျှောက်ထားသောစနောချက် | ၃၀၄ |
| ၅၈။ | အမှတ် (၆) ချေပလျှောက်ထားသောစနောချက် | ၃၀၈ |
| ၅၉။ | အမှတ် (၇) လျှောက်ထားသောစနောချက် | ၃၁၁ |
| ၆၀။ | အမှတ် (၈) လျှောက်ထားသောစနောချက် | ၃၁၈ |
| ၆၁။ | အမှတ် (၉) လျှောက်ထားသောစနောချက် | ၃၂၉ |
| ၆၂။ | ကမ္မဋ္ဌာန်းဆရာဖြစ်ထိုက်သူများ | ၃၃၄ |
| ၆၃။ | အမှတ် (၁၀) လျှောက်ထားသောစနောချက် | ၃၃၇ |
| ၆၄။ | ပထမပိုင်း အနုပုဗ္ဗိကထာကို ဟောကြားတော်မူပုံ | ၃၄၀ |
| ၆၅။ | ဂုဏ်အရည်အချင်း (၅)မျိုး | ၃၄၁ |

http://www.dhammadownload.com



စမ်းကလေးဝါဒဝိနိစ္ဆယ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၆။ | ဒုတိယပိုင်း သာမုက္ကံသိက (သစ္စ)ကထာကို ဟောပုံ | ၃၄၂ |
| ၆၇။ | အမှတ် (၁၁)လျှောက်ထားသောနေ့ချက် | ၃၄၄ |
| ၆၈။ | နတ်တရားသံများနှင့်ပတ်သက်သော လျှောက်ထား သောနေ့ချက် | ၃၄၉ |
| ၆၉။ | အမှတ် (၁၂) စောဒနာချက်ကိုလျှောက်ထားသောနေ့ချက် | ၃၅၁ |
| ၇၀။ | အမှတ် (၁၂) လျှောက်ထားသောနေ့ချက်မှာ သမ္မာဝါဒ ဓမ္မနိဒါန်းလွှာပင်ဖြစ်ကြောင်း | ၃၅၅ |
| ၇၁။ | အမှတ် (၁၃) လျှောက်ထားသောနေ့ချက် | ၃၆၂ |
| ၇၂။ | အမှတ် (၁၃) ရောင်ခြည်တော်ကွန့်မြူးမှုဆိုင်ရာ သောနေ့ချက် စောဒနာအမှတ် (၁-၂-၄) ဖြေကြားချက် | ၃၆၅ |
| ၇၃။ | အပိုင်း (၄)ရောင်ခြည်တော်လွှတ်မှု | ၃၆၈ |
| ၇၄။ | အမှတ် (၁၆) နိဂုံးလျှောက်ထားချက်ပါ (က၊ ခ၊ ဂ၊ ) ဖြေကြားချက် | ၃၇၀ |
| ၇၅။ | အမှတ် (၁၆) နိဂုံးချုပ်လျှောက်ထားသောနေ့ချက် | ၃၇၄ |
| ၇၆။ | သာသနာပြုအလှူတော်မင်္ဂလာမှတ်တမ်းတင် ဂုဏ်ပြုလွှာ | ၃၈၃ |
| ၇၇။ | နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၁)၏ ဝိနိစ္ဆယ ချမှတ်သည့် အခမ်းအနားအစီအစဉ် | ၃၉၄ |
| ၇၈။ | သဘာပတိဆရာတော်၏ ဩဝါဒကထာ | ၃၉၅ |
| ၇၉။ | နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ | ၃၉၆ |
| ၈၀။ | စမ်းကလေးဝါဒဝိနိစ္ဆယ အဖွင့်နိဒါန်း | ၃၉၈ |
| ၈၁။ | ပဏ္ဏာမနှင့် ပဋိညာဉ် | ၄၀၅ |
| ၈၂။ | ဝိနည်းဓိုရ်ဆရာတော်များ၏ ရပ်တည်ချက် | ၄၀၇ |
| ၈၃။ | စောဒကစုဒိတကတို့၏ စောဒနာ သောနေ့လွှာတို့ကို ဝိနည်းဓိုရ်ဆရာတော်တို့၏ သုံးသပ်ချက်များ | ၄၁၂ |
| ၈၄။ | စမ်းကလေးဝါဒဝိနိစ္ဆယ နိဂုံး | ၄၇၆ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၅။ | ပုဒ္ဓဝါဒနှင့်စမ်းကလေးဝါဒ အကျဉ်းချုပ်နှိုင်းယှဉ်ပြချက် | ၄၇၈ |
| ၈၆။ | ဆုံးဖြတ်ချက် အကျဉ်းချုပ် | ၄၈၃ |
| ၈၇။ | နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများ | ၄၈၄ |
| ၈၈။ | နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁/၉၈)၏ ဆုံးဖြတ်ချက် | ၄၈၅ |
| ၈၉။ | ဝိနိစ္ဆယဆုံးဖြတ်ချက် ဖတ်ကြားကြေငြာရာသို့ လာရောက် ကြားနာသူများ | ၄၈၇ |
| ၉၀။ | နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁)သဘာပတိ ဆရာတော်၏ နိဂုံးချုပ်ဩဝါဒကထာ | ၄၈၈ |
| ၉၁။ | နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁)၏ ဝိနိစ္ဆယဆုံးဖြတ်ချက် အမှုတွဲကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ထံလွှဲအပ်ပွဲ အခမ်းအနားအစီအစဉ် | ၄၉၃ |
| ၉၂။ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တခေမာစာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)၏ ဩဝါဒကထာ | ၄၉၈ |
| ၉၃။ | တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တကောသလ (အဂ္ဂမဟာပဏ္ဍိတ)၏ လျှောက်ထားလွှာ | ၅၀၃ |
| ၉၄။ | အဓမ္မဝါဒကို စွန့်လွှတ်ပါကြောင်း ပဋိညာဉ်ဝန်ခံ ကတိပြုခြင်း | ၅၀၇ |
| ၉၅။ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၏ နိဂုံးချုပ် ဩဝါဒကထာ | ၅၀၉ |

http://www.dhammadownload.com



စမ်းကလေးဝါဒဝိနိစ္ဆယ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၆။ | သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအမိန့်ကြော်ငြာစာ အမှတ် (၂၅/၉၈) | ၅၁၁ |
| ၉၇။ | စမ်းကလေးဝါဒ စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုး စေရေးကိစ္စ | ၅၁၄ |


စမ်းကလေးဝါဒ ဝိနိစ္ဆယ မာတိကာ ပြီး၏။

•••••••••

http://www.dhammadownload.com

# စမ်းကလေးဝါဒ ဝိနိစ္ဆယ
# ပုံနှိပ်ထုတ်ဝေရခြင်း အကြောင်း

၁။ သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်သည် သက်တော်ရှစ်ဆယ်၊ ဝါတော် လေးဆယ့်ငါးဝါပတ်လုံး လောကသားတို့၏ အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူပြီးလျှင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါသည်။ ထိုအခါတွင် သဗ္ဗညုဘုရားရှင် ထားတော်မူခဲ့သော သာသနာတော်၌ ခုနစ်သိန်းသော သံဃာ့ထေရ်တို့နှင့် အရေအတွက်မရ အသချေ်ယျသော ရဟန်းသံဃာတော်တို့ တည်ရှိတော်မူရစ်ကြသည်ဟု ဆိုပေသည်။ (သာရတ္ထ ဋီ-၁၊ ၂၈) ထိုမျှ များပြားသော သံဃာတော်တို့တွင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီး များသည် ထိပ်ဆုံးတန်းက တည်ရှိတော်မူနေကြသကဲ့သို့ မဂ်ဖိုလ်ဓမ္မသို့ မရောက်ကြသေးသူ ပုထုဇဉ်ရဟန်းတော်များလည်း အများအပြား တည်ရှိ၍ နေပေရာ၏။

၂။ ထိုမျှများပြားသော သံဃာတော်တို့ကို သံဂါယနာအဆင့်ဆင့်ဖြင့် ထောက်ပံ့ချီးမြှောက်၍ ထွန်းတောက်မြင့်မားနေခဲ့သော ဓမ္မဝိနယ ဗုဒ္ဓဒေသနာ တော်ဖြင့် နှစ်ပေါင်းများစွာ တညီတညွတ်တည်း စုစည်းနိုင် ခဲ့ပေသည်။ သို့သော် သာသနာတော်သက် ရင့်၍ လာသည်နှင့်အမျှ ပုထုဇဉ် သံဃာ အင်အားကလည်း များပြားလာမည်ဖြစ်ရာ ပုထုဇဉ်ပီပီ လောကီဓလေ့ အငွေ့ မငြိမ်သည်နှင့် **ပါပဿ ရမတိ မနော** ဟူသော စကားအရ ပါပတရား၌ မျောပါ သက်ဝင်၍ လာကြမည်သာတည်း။ ထိုအခါ ဓမ္မဝိနယကိစ္စကမ္မတို့နှင့် စပ်လျဉ်း၍ အချင်းချင်း သဘောထား မညီမျှမှုတို့သည် ပေါ်ပေါက်၍ လာတတ်ကြပေသည် ။

၃။ သာသနာ့သမိုင်း၌ သာသနာတော်နှစ် တစ်ရာခန့်တွင် အဓမ္မဝတ္ထု ဆယ်ပါး ဖြင့် ကျယ်ပွားငြင်းခုံခဲ့ရာမှ အစ အဓိကရဏဝိဝါဒတရားဆိုးများ တစ်မျိုးပြီး တစ်မျိုး ပေါ်ပေါက်၍ လာခဲ့သည်ကို တွေ့ရပေသည်။ ထိုအခါ ပေါ်ပေါက်၍ လာသော အဓိကရဏဝိဝါဒတရားများကို ကိစ္စအားလျော်စွာ

http://www.dhammadownload.com



သာသနာတော်၏ ဥပဒေသ အဓိကရဏသမထလေးပါးတို့ဖြင့် ကုစားခဲ့သဖြင့် အများအပြားပင် ငြိမ်းအေးသွားခဲ့ကြရပေသည်။

ထိုသာသနာတော်၌ ပေါ်ပေါက်တတ်သော အဓိကရဏခေါ် အဓိကရုဏ်း လေးပါးဟူသည်မှာ-

(က) ဝိဝါဒါဓိကရဏ=ဝိဝါဒါဓိကရုဏ်း
(ခ) အနုဝါဒါဓိကရဏ=အနုဝါဒါဓိကရုဏ်း
(ဂ) အာပတ္တာဓိကရဏ=အာပတ္တာဓိကရုဏ်းနှင့်
(ဃ) ကိစ္စာဓိကရဏ=ကိစ္စာဓိကရုဏ်း----------

ဟူ၍ ဖြစ်ပေသည်။ (ဝိ၊ ၃၊ ၂၁၁)

၄။ ထိုလေးပါးတို့တွင်-

(က) ဝိဝါဒါဓိကရုဏ်းဟူသည် ရဟန်းတော်အချင်းချင်း ဓမ္မကို အဓမ္မဟူ၍လည်းကောင်း၊ အဓမ္မကို ဓမ္မဟူ၍လည်းကောင်း၊ ဝိနယကို အဝိနယဟူ၍လည်းကောင်း၊ အဝိနယကို ဝိနယဟူ၍လည်းကောင်း ငြင်းခုံခြင်းတည်း။

(ခ) အနုဝါဒါဓိကရုဏ်းဟူသည် ရဟန်းတို့က အခြားရဟန်းတစ်ပါးကို သင်သည် သီလ, အကျင့်, အယူဝါဒ, အသက်မွေးမှု ပျက်စီးခြင်းလေးမျိုးတို့တွင် တစ်မျိုးမျိုး ပျက်စီးနေသူဖြစ်သည်ဟု စွပ်စွဲငြင်းခုံကြခြင်း ဖြစ်သည်။

(ဂ) အာပတ္တာဓိကရုဏ်းဟူသည် ထုလ္လစဥ်းအာပတ်၊ ပါစိတ်အာပတ် စသော လဟုက အာပတ်ငါးမျိုး၊ ပါရာဇိကသံဃာဒိသိသ်ဟူသော ဂရုကအာပတ် နှစ်မျိုးတို့ (ပေါ်ပေါက်ငြင်းခုံကြခြင်း) သည် အာပတ္တာဓိကရုဏ်းမည်၏။

(ဃ) ကိစ္စာဓိကရုဏ်းဟူသည် သံဃာ့ကိစ္စအဝဝကို ကိစ္စအားလျော်စွာ ဆိုင်ရာကံတို့ဖြင့် ဆောင်ရွက်ကြရခြင်းကိုပင် ဆိုပေသည်။(ဤကိစ္စာဓိကရုဏ်းကိုထောက်ဆ၍ အဓိကရုဏ်း ဆိုတိုင်းငြင်းခုံခြင်းကို ဆိုလိုသည် မဟုတ်ကြောင်း၊

http://www.dhammadownload.com



ဤကိစ္စာ ဓိကရဏ်းဟူသည်မှာ ပေါ်ပေါက်လာသော သံဃာ့ ကံများကိုပင် ဆိုလိုကြောင်း၊ ယင်းအပ လောကန စသော သံဃာ့ကံများမှာ ဆိုင်ရာ သမထတို့ဖြင့် ငြိမ်းအေးပြီး ပြေကြောင်း ဖြစ်သဖြင့် အဓိကရဏ်းခေါ်ကြောင်း သိမှတ် ကြရာသည်။)

၅။ ဖော်ပြပါ အဓိကရဏ်းလေးမျိုးတို့တွင် -

ဤစမ်းကလေးဝါဒနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော အဓိကရဏ်း မှာ ဝိဝါဒါဓိကရဏ်းပင် ဖြစ်ပေသည်။ ဤဝိဝါဒါဓိကရဏ်းသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ တစ်သိန်းကျော်သံဃာတော်တို့၏ ကိုယ်စား သံဃ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် (၁၂၁၈)ပါးတို့ တက်ရောက်ကာ ပထမ အကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်း ထားသော ဝိနည်းဓမ္မကံမှုခင်းများ၊ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ အခန်း(၂)၊ ပုဒ်မ (၃)၊ လုပ်ထုံးလုပ်နည်းများ ပုဒ်မ-၅၇ (က)တို့အရ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ကြီးက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် (၇)ပါး ပါဝင်သော သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၁)ကို ဖွဲ့စည်းပေးပြီးလျှင် အဆိုပါ စမ်းကလေးဝါဒကို စစ်ဆေးဖြေရှင်း၍ ငြိမ်းအေး ခြင်းသို့ ရောက်စေခဲ့ပေသည်။

၆။ ထို့ကြောင့် ဤစမ်းကလေးဝါဒ ဝိနိစ္ဆယကို သိလိုကြသူ ရဟန်းရှင်လူ တို့က စိတ်ပါဝင်စားစွာ စောင့်မျှော်လျက် စာအုပ်အဖြစ်ဖြင့် ပေါ်ထွက်လာရေး ကို တမေးတည်းမေး၍ နေကြသဖြင့် ပုံနှိပ်လုပ်ဆောင်၍ ပြည်ထောင်စု မြန်မာ နိုင်ငံ တစ်ဝန်းလုံးသို့ ဖြန့်ချိရန် ကြိုးစားကြရပေသည်။ ဤသို့ ကြိုးစားရာ၌ အခြားသံဃာ့ အစည်းအဝေးကိစ္စများဆိုင်ရာ စာရွက်စာတမ်းများ၊ ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ် အစားစားတို့ကို နေ့မအား ညမနား ရိုက်နှိပ်နေရ သဖြင့် ယခုမှ ဤစမ်းကလေးဝါဒဝိနိစ္ဆယကျမ်းကို ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရ၊ သာသနာရေးဦးစီးဌာနမှ အချိန်ယူရိုက်နှိပ်လျက် နိုင်ငံအနှံ့ ဖြန့်ချိ ထုတ်ဝေလိုက်ရပေသည်။

**သာသနာရေးဦးစီးဌာန**

------------

http://www.dhammadownload.com

## ၁၃၅၉-ခုနှစ်၊ ပြာသိုလဆန်း(၁၁)ရက် (၈-၁-၉၈) နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ အပရဂေါယာနကျောင်းဆောင်၌ စမ်းကလေးဝါဒကို ဓမ္မ-အဓမ္မအဖြစ် ကြားနာစစ်ဆေးရန် ဖွင့်လှစ်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၁၁)ရုံးတော်ဖွင့် အခမ်းအနားအစီအစဉ်

-----------

၁။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့ဆရာတော်များက မေတ္တသုတ် ပရိတ်တော်ကို ရွတ်ဖတ်၍ ရုံး တော်ကို ဖွင့်လှစ်ရန်။

၂။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) ကို ဖွဲ့စည်းကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အမိန့် (ကြေငြာချက်)ကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့၏ သဘာပတိ ဘဒ္ဒန္တမေဓိယ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်က ဖတ်ကြားရန်။

၃။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) ၏ ဓမ္မ-အဓမ္မဝိနိစ္ဆယကို ခံယူမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားသည်မှာ မှန်ကန်မှု ရှိမရှိ စုဒိတကများအား သဘာပတိဆရာတော်က မေးမြန်းရန်။

၄။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) ရုံးတော်၏ ခံယူချက်ကို သဘာပတိဆရာတော်က ဖတ်ကြားရန်။

၅။ စမ်းကလေးဝါဒကို ဖြန့်ဖြူးရေးသား ဟောပြောနေခြင်းမှာ ဘုရားဟောထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်၍ အဓမ္မဝါဒဖြစ်ကြောင်း ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်း၊ မဏ္ဍိမာရုံ တောရကျောင်း ဆရာတော်အရှင်ဝိလာသ (ဓမ္မာစရိယ)အမှူးရှိသော စောဒကဆရာတော် (၄)ပါးတို့က တင်သွင်းရန်။

၆။ စောဒနာလွှာ၏ အဆုံး၌ သက်သေခံအဖြစ် တင်သွင်းသည့် စာရွက်စာတမ်း၊ စာအုပ်၊ တိတ်ခွေ စသည်တို့သည် စုဒိတကများ ရေးသား ဟောပြောခဲ့သည့် (သို့မဟုတ်) လက်ခံယုံကြည်ထားသည့် ဝါဒဆိုင်ရာ သက်သေခံပစ္စည်းများ ဟုတ်/မဟုတ် စုဒိတကများအား သဘာပတိဆရာတော်က မေးမြန်းရန်။

http://www.dhammadownload.com



၇။ စောဒကဆရာတော်များ၏ စောဒနာနှင့် စပ်လျဉ်း၍ ပြန်လည်ချေပခြင်း ပြုမပြုကို စုဒိတကများအား သဘာပတိဆရာတော်က မေးမြန်းရန်။

၈။ အခမ်းအနား ပြီးဆုံးကြောင်း ကြေငြာရန်။

xxxxxxxx

http://www.dhammadownload.com

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်
## ဇမ္ဗူဒိပကျောင်းဆောင်၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့


| | | | | |
|---|---|---|---|---|
| တယ်လီဖုန်း | ဥက္ကဋ္ဌဆရာတော် - | ၆၆၁၇၄၆ | သာသနာရေးရာအဖွဲ့ငယ်- | ၆၆၀၇၉၉ |
| | ဒုတိယဥက္ကဋ္ဌဆရာတော် - | ၆၆၁၀၀၆ | ပညာရေးရာအဖွဲ့ငယ် | -၆၆၄၄၆၅ |
| | အကျိုးတော်ဆောင်ဆရာတော် - | ၆၆၀၈၀၄ | ဝိနိစ္ဆယအဖွဲ့ငယ် | -၆၆၁၀၀၅ |
| | တွဲဖက်အကျိုးတော်ဆောင်ဆရာတော် - | ၆၆၀၁၄၉ | | |


## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့
## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁)ကို
## ဖွဲ့စည်းခြင်းအမိန့်
## လုပ်ထုံးလုပ်နည်းများအပိုဒ်-၅၇ (င)

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းရွာ၊ မဇ္ဈိမာရုံတောရကျောင်းတိုက်၌သီတင်းသုံးနေထိုင်သော စောဒကအရှင်ဝိလာသ (ဓမ္မာစရိယ) ပါ (၄)ဦးနှင့် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာ အရှေ့ကျောင်း၌ သီတင်းသုံးနေထိုင်သော စုဒိတက ဦးနန္ဒောဘာသပါ (၆)ဦးတို့၏ စမ်းကလေးအယူဝါဒအပေါ် ဓမ္မ, အဓမ္မအငြင်းပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို ဝိနည်းတရားတော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးရန် ဖော်ပြလတ္တံ့ပါ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၁၁)ကို ဖွဲ့စည်းလိုက်သည်-

| စဉ် ဘွဲ့တော် | အသက်/သိက္ခာ | ကျောင်း/ကျောင်းတိုက် |
|---|---|---|
| ၁။ ဘဒ္ဒန္တမေဓိယ (အဂ္ဂမဟာပဏ္ဍိတ) | ၇၆/၅၆ | တူးမောင်းကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်း |
| ၂။ ဘဒ္ဒန္တသီဟာဗလ (ဓမ္မာစရိယ၊ ပါဠိပါရဂူ) (အဂ္ဂမဟာပဏ္ဍိတ) | ၇၅/၅၆ | ထီးလှိုင်ကျောင်း ရမည်းသင်းမြို့၊မန္တလေးတိုင်း |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၃။ | ဘဒ္ဒန္တကုမာရာဘိဝံသ (သ-အ-ဓမ္မာစရိယ၊ဘီအေ) (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | ၆၉/၄၉ | ဗန်းမော်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။ |
| ၄။ | ဘဒ္ဒန္တနန္ဒမာလာဘိဝံသ (သ-စ-အ-ဓမ္မာစရိယ၊ပါဠိပါရဂူ) (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | ၅၈/၃၉ | မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။ |
| ၅။ | ဘဒ္ဒန္တအဂ္ဂဓမ္မ (ဒွိပိဋကဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ) | ၅၀/၃၂ | ဓမ္မရောင်ခြည်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။ |

**အရန်ဝိနည်းဓိုရ်ဆရာတော်များ**

| | | | |
|---|---|---|---|
| ၆။ | ဘဒ္ဒန္တဝိသုတ (သိရိပဝရဓမ္မာစရိယ) | ၇၁/၅၁ | ဓမ္မသီတဂူအေးရွာကျောင်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း။ |
| ၇။ | ဘဒ္ဒန္တမာနိတသိရီ (အစိုးရဓမ္မာစရိယ) | ၆၂/၄၂ | မဟာဝိသုဒ္ဓါရုံတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။ |

၂။ ဖော်ပြပါ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့တွင် သင့်လျော်ရာတစ်ပါးကို သဘာပတိအဖြစ် တင်မြှောက်၍ ကျန်ဆရာတော်များက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူကြရန် ဖြစ်ပါသည်။

(ဘဒ္ဒန္တပညိန္ဒာဘိဝံသ)
အဂ္ဂမဟာပဏ္ဍိတ
ဒုတိယဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

စာအမှတ်၊ ၁၀၀/၇ / (နိုင်-သီးခြား) / မဟန-၉၈
ရက်စွဲ၊ ၁၃၅၉-ခုနှစ်၊ ပြာသိုလဆန်း (၄) ရက်
၁၉၉၈-ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်

http://www.dhammadownload.com



# သဘာပတိဆရာတော်၏ ခံယူချက်မိန့်ခွန်း

နေ့စွဲ၊ ၈-၁-၉၈

ဒီကနေ့ ဒီအချိန်ကစပြီး နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်အမှတ် (၁၁)ကို ဖွင့်လှစ် လိုက်ပါပြီ-

ဒီကနေ့ စောဒကပုဂ္ဂိုလ်များ၏ စောဒနာလွှာကို ဖတ်ကြားဖို့ အချိန်ရောက်ပါပြီ၊ စုဒိတကပုဂ္ဂိုလ်များက မိမိတို့အား စောဒနာထားချက်များကို ပြန်လည် သောဓနာတင်သွင်းနိုင်ရန် သေချာစွာ နားထောင်ကြရန် ဖြစ်ပါတယ်။ သောဓနာလွှာတင်သွင်းတဲ့နေရာမှာ စောဒနာတင်ထားတဲ့ အချက်များနှင့် ပတ်သက်တဲ့ ချေပလွှာများကိုသာ ဒီရုံးက လက်ခံမှာဖြစ်ပါတယ်။ အားလုံး နှုတ်သွင်းဖို့က ဒီကိစ္စဟာ သာသနာတော်တစ်ရပ်လုံးနှင့် သက်ဆိုင်တဲ့ ကိစ္စဖြစ်လို့ အလွန်အရေးကြီးပါတယ်၊ ဒါကြောင့် အရှုံးအနိုင် ဟူ၍ သဘောမထားဘဲ ဓမ္မအဓမ္မ (အမှန်နှင့်အမှား) ဆုံးဖြတ်ဖို့ ဒီခံယူတာပဲလို့ အောက်မေ့နှုတ်သွင်းထားကြဖို့ ဘုန်းကြီးက မေတ္တာရပ်ခံ ကြိုတင် သတိပေးပါတယ်။

ဒါ့အပြင် သောဓနာလွှာ (ချေပလွှာ) တင်လာတဲ့အခါမှာ ပိဋကတ်တော်မှာ မပါဘဲနှင့် ပါတယ်လို့ဖတ်ကြားတဲ့ ပုဂ္ဂိုလ်တွေကို အနည်းအကျဉ်း ပြန်ပြီး မေးမြန်းရပါလိမ့်မယ်၊ ဘယ်မှာပါတယ်၊ လိုတာပြပါလို့ မေးရလိမ့်မယ်၊ အလွန်အရေးကြီးပါတယ်၊ စုဒိတကပုဂ္ဂိုလ်တွေကို အခွင့်အရေးပေးတဲ့ အနေနဲ့ ဘုန်းကြီးတို့ ဖတ်ခွင့်ပြုမယ်၊ (၂)ချက် (၃) ချက်တော့ မေးခွန်းမေးရလိမ့်မယ်၊ အဲဒါကို ကြိုတင်သတိပေးထားပါတယ်။

စုဒိတကပုဂ္ဂိုလ်များလည်း ဘုန်းကြီး (၂) ပါး၊ လူ (၄)ဦးရှိတဲ့အနက် ဘုန်းကြီးတွေရဲ့ တင်သွင်းလွှာကို ပထမဆုံးတင်သွင်းဖို့ အခွင့်အရေး ပေးရလိမ့်မယ်၊ နောက်မှ လူပုဂ္ဂိုလ်များရဲ့ သောဓနာလွှာများကို တင်သွင်းခွင့် ပြုမယ်။

စောဒကေနုပါလိ ဘိက္ခုနာ ပရံ စောဒေတုကာမေန ပဉ္စ ဓမ္မေ အဇ္ဈတ္တံ ပစ္စဝေက္ခိတွာ ပရော စောဒေတဗ္ဗော ကာလေန ဝက္ခာမိ (ဝိ၊ ၄၊ ၄၃၇၊ ဝိ၊ ၅၊ ၃၄၀) စသော ပါဠိတော်နှင့် အညီ-

http://www.dhammadownload.com



စောဒကပုဂ္ဂိုလ်များသည် ဓမ္မစောဒက အင်္ဂါ(၅)ချက်နှင့် ညီညွတ်စေလျက် စောဒနာကြပါ။

(၁) သင့်လျော်သောအခါ၌ စောဒနာခြင်း၊

(၂) အမှန်အကန် စောဒနာခြင်း၊

(၃) သိမ်သိမ်မွေ့မွေ့ စောဒနာခြင်း၊

(၄) အကျိုးစီးပွားနှင့် စပ်ယှဉ်၍ စောဒနာခြင်း၊

(၅) မေတ္တာစိတ်ရှေ့ထား၍ စောဒနာခြင်း- ဤ ဓမ္မစောဒကအင်္ဂါ (၅)ချက် နှင့် ညီညွတ်စေလျက် စောဒနာကြပါ။

စုဒိတကေနုပါလိ ဘိက္ခုနာ ဒွီသု ဓမ္မေသု ပတိဋ္ဌာတဗ္ဗံသစ္စေ စ အကုပ္ပေ စာတိ။ (ဝိ၊ ၄၊ ၄၃၉။ ဝိ၊ ၅၊ ၂၈၃။)

ဤပါဠိတော်နှင့်အညီ စုဒိတက ပုဂ္ဂိုလ်များသည် ဓမ္မစုဒိတက၏ အင်္ဂါများဖြစ်သည့် မှန်ကန်ခြင်း၊ အမျက်မထွက်ခြင်းဆိုတဲ့ အင်္ဂါ (၂)ချက်မှာ တည်၍ သောခနာလွှာပြုကြပါ။

ယခုအချိန်ကစပြီး စောဒနာချက်များကို ဖတ်ကြားတော့မှာ ဖြစ်တဲ့ အတွက် စုဒိတကပုဂ္ဂိုလ်များအနေနဲ့ အထူးအာရုံစိုက် နားထောင်ကြရန် တိုက်တွန်းပြောကြားရင်း ဘုန်းကြီး၏ ခံယူချက် မိန့်ခွန်းကို နိဂုံးချုပ်ပါတယ်။

(ဘဒ္ဒန္တမေဓိယ)
အဂ္ဂမဟာပဏ္ဍိတ
သဘာပတိဆရာတော်
နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁)

http://www.dhammadownload.com

http://www.dhammadownload.com

**ဆက်ကပ်ပါသည်**

သဘာပတိဆရာတော်
အမှတ် (၁၁) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့
အပရဂေါယာနကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

နေ့စွဲ၊ ၁၃၅၉-ခု၊ ပြာသိုလဆန်း (၁၁) ရက်
၁၉၉၈-ခု၊ ဇန်နဝါရီလ ( ၈ ) ရက်

အကြောင်းအရာ။ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာ အရှေ့ကျောင်းဆရာတော် ဦးနန္ဒောဘာသနှင့် ဦးအော်ကေး ဦးဘိုစိန်၊ ဦးတင်မြင့်၊ ဦးဓမ္မပါလ၊ ဦးတင်ရွှေ (သယ်န်းကျွန်း)စသော စမ်းကလေးဝါဒီ ဂေါပကအဖွဲ့ ဓမ္မသာကစ္ဆာအဖွဲ့ ဆိုသူတို့၏ စမ်းကလေး (လမ်းတို) ကျင့်စဉ်မှု အရ ၁၅-မိနစ် ၁၀-မိနစ်အတွင်း သောတာပန် ဖြစ်သည်ဟု လည်းကောင်း၊ စမ်းကလေးဆရာတော်၏ ခန္ဓာကိုယ်မှ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ဟု လည်းကောင်း ကြေငြာဟောပြော ရေးသားစည်းရုံး လုပ်ကိုင်နေမှုတို့သည် ထေရဝါဒ ဒေသနာတော်နှင့် မညီညွတ်ပါသောကြောင့် ၎င်းစမ်းကလေးဝါဒကို (မိစ္ဆာဝါဒ+အဓမ္မဝါဒ)အဖြစ် (ဓမ္မဝိနယ)နှင့် အညီ ဆုံးဖြတ် ပေးတော်မူပါရန် စောဒနာလွှာ တင်သွင်းလျှောက် ထားခြင်း။

**အကြောင်းပြနိဒါန်း**

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား---

ဘုရားတပည့်တော်များ အထက်ပါစမ်းကလေးဆရာတော်(ဦးနန္ဒော-ဘာသ)ပါ အဓမ္မဝါဒီ တစ်စုတို့၏ သောတာပန် (အတု)နှင့် ရောင်ခြည်တော် (အတု)ဆိုင်ရာ မိစ္ဆာဝါဒကိစ္စ ဆိုင်ရာများကို တင်ပြစောဒနာရခြင်းအကြောင်း နိဒါန်းစကားကို ရှေးဦးစွာ လျှောက်ထားပါမည်ဘုရား။

http://www.dhammadownload.com



ထိုစမ်းကလေးဆရာတော်၏ ရောင်ခြည်တော်(အတု) ကိစ္စက ယမန်နှစ် ၁၃၅၈-ခု၊ တပေါင်းလဆန်း (၁)ရက်နေ့ကမှ (စတင်) ဖြစ်ပေါ်လာခဲ့သော်လည်း သောတာပန် (အတု) ကိစ္စကတော့ လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်ကပင် ဖြစ်ပေါ်လာခဲ့ပါသည် ဘုရား။

ထိုသို့ဖြစ်ပေါ်လာနေသော သောတာပန်ကိစ္စကို ဘုရားတပည့်တော်များအနေဖြင့် ထိုအကြောင်းနှင့်ဆိုင်ရာ တရားခွေများကိုလည်း (လုံးဝ)နားမထောင်ဖူးခြင်း၊ ထိုဆရာတော်နှင့် ပုဂ္ဂိုလ်ရေးအရလည်း ဘာမှ အဆက်အစပ်အဆက်အဆံ မရှိခြင်းတို့ကြောင့် ဟိုလူပြော ဒီလူပြော တစ်စွန်းတစ်စလေးမျှသာသိရပြီး ပီပီပြင်ပြင် ဖြစ်ကြောင်းကုန်စင် မသိခဲ့ဖူးပါဘုရား။

ထိုသို့ တစ်စွန်းတစ်စသိရသော သောတာပန်ကိစ္စကိုလည်း ဘုရားတပည့်တော်များ ထင်မိတာက ဗုဒ္ဓ၏ဒေသနာတော် ကျင့်စဉ်, ဟောစဉ်များအတိုင်း ဟောကြားပြသ၍ (မ-၄-၁။၂၃၇။ သုတ်မဟာဝါ-၄-၃၃၉) လာ ဣမံ ဂါထံ သုတွာ သောတာပတ္တိဖလေ ပတိဋ္ဌိတာ စသော ဒေသနာအရ နာကြားသူများအား (သူတို့၏အသိအမြင်အလိုက်) သောတာ-ပန်အဖြစ်ကို ထိုက်သလို သတ်မှတ်ပေးနေတာဖြစ်လိမ့်မည်ဟု ယူဆထင်မြင် မိခဲ့ပါသည် ဘုရား။

ယခုနှစ် ၁၃၅၉-ခုနှစ်၊ ဝါဆိုလကမှ ထိုစမ်းကလေးဆရာတော်၏ တရားတိတ်ခွေများကို (စတင်) နားထောင်ဖြစ်ပါတော့သည်။ ထိုတရားတိတ်ခွေများကို နားထောင်မိသောအခါ ထိုဆရာတော်၏ သောတာပန်ဆိုင်ရာ ဟောစဉ်, ကျင့်စဉ်ဝါဒများမှာ ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်အရမဟုတ်ဘဲ ဗုဒ္ဓဒေသနာတော်နှင့် (လုံးဝ) ညီညွတ်မှုမရှိ၊ လွဲချော်နေသော မိစ္ဆာဝါဒကြီးဖြစ်ကြောင်း ဆင်ခြင်သုံးသပ်မိပါသည်ဘုရား။

ထိုဆရာတော်သည် သူ၏ (မိစ္ဆာဝါဒ) ကြီးကို တကယ့်အမှန်ဟု ယူစွဲကာ "သူ့ကိုသာယုံ၊ သူ့တရားကိုနာ တစ်ထိုင်အတွင်း (တစ်နာရီ, နာရီဝက်, ဆယ့်ငါး မိနစ်, ဆယ်မိနစ်အတွင်း) သောတာပန်ဖြစ်စေရမည်"ဟု ပရိသတ်အပေါင်းအား ရဲရဲတင်းတင်း အမြဲတမ်းလိုလို ကြော်ငြာကာ ဝင့်ဝါဟောကြားနေတာကို သိရ ပါသည်ဘုရား။

http://www.dhammadownload.com



ထိုဆရာတော်အနေဖြင့် သူ့ရဲ့သောတာပန်ဝါဒကို အလွန်အထင်ကြီးပြီး အခိုင်အမာ စွဲထားသောကြောင့် ဒီလိုရဲရဲတင်းတင်း ပြောကြားနေခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ထိုဆရာတော်က သူ့ရဲ့တရားတိတ်ခွေတိုင်းမှာ လိုလိုပင် သူ့ကျင့်စဉ်ကို သိလိုသူများ၊ မှားယွင်းနေသည်ဟု ထင်သူများ မည်သူ မဆို ပြောနိုင်ကြောင်း, မေးနိုင်ကြောင်း ရဲရဲကြီး စိမ်ခေါ်နေပါသည်။ အထူး အားဖြင့် သက်သေခံ (ရှစ်) အဖြစ်တင်ပြထားသော ၁၃၅၈-ခု၊ တပေါင်းလပြည့် တရားတိတ်ခွေထဲမှာ---

(၁) ဘုန်းကြီးတို့ စကားတွေ ထိုင်ပြောချင်တယ်၊ လောကီပညာရှိဆိုတဲ့ အကောင်တွေ ထိုင်ပြောချင်တယ်၊ ထိုင်ပြောချင်တယ် (အေဆိုဒ်-၂၀-မိနစ်ခန့်နေရာ)

(၂) ပညာရှိသော ပုဂ္ဂိုလ်များသိချင်ရင် နောက်ကို ဘုန်းကြီးကိုမေးပါ လက္ခဏာရေးသုံးပါးနဲ့ ပတ်သက်လို့လဲမေးပါ၊ (အေဆိုဒ်-၂၅-မိနစ်ခန့်နေရာ)

(၃) ပညာရှိတွေဖိတ်တယ်၊ ပညာရှိမေးလို့ရှိရင် အားလုံးကျေးဇူးတင်တယ်၊ ဘုန်းကြီးဆုချမယ်၊ ဘုန်းကြီးတို့က မှားခဲ့မယ်ဆိုရင်နော် ဆုချမယ်၊ ဆုအများကြီးချမယ်၊ နဲနဲလေးမဟုတ်ဘူး၊ (ဘီဆိုဒ်-၁၀-မိနစ် ခန့်နေရာ)

(၄) မေးချင်တဲ့ပုဂ္ဂိုလ်မေး၊ ပညာရှိအမည်ခံထားတဲ့ ပုဂ္ဂိုလ်တွေ (ဘီဆိုဒ်-၁၅-မိနစ်ခန့်နေရာ)

ဤသို့ လောကမှာရှိနေသော ရဟန်းရှင်လူ ပုဂ္ဂိုလ်အားလုံးကို စိန်ခေါ်နေတဲ့ စကားများ လေးခါထက်မနည်း ပြောပါသည်ဘုရား။ ထိုသို့ စိန်ခေါ်ခြင်းကိုတုန့်ပြန်သောအားဖြင့် နိုင်ငံတော်တစ်ဝန်းလုံးရှိ သာသနာသန့်ရှင်းမှုကို မြတ်နိုးကြကုန်သော ရဟန်းရှင်လူအားလုံးတို့၏ကိုယ်စား တပည့်တော်များက ဤစောဒနာလွှာကို ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါသည်ဘုရား။

ထိုသို့ရှင်းလင်းတင်ပြရာ၌ ထိုဆရာတော်နှင့် တပည့်တော်များမှာ မူလကပင် ပုဂ္ဂိုလ်ရေးသိကျွမ်းမှု, ဆက်ဆံမှုမျိုး မရှိ၍ ထိုဆရာတော်အား ပုဂ္ဂိုလ်ရေးအာဃာတထားခြင်း စသည်ကြောင့်မဟုတ်ဘဲ ယခုတင်ပြတော့

http://www.dhammadownload.com



မည့် သုံးသပ်ချက်များအရ ထိုဆရာတော်၏(သောတာပန်+ရောင်ခြည်တော်) ဆိုင်ရာ ဟောပြော ကျင့်သုံးနေမှုသည် (မိစ္ဆာဝါဒ+အဓမ္မဝါဒ)ဖြစ်နေသည်ဟု ထင်မြင်ယူဆ၍ (သာသနာတော်ကြီး သန့်ရှင်းရေးအတွက်သာ) ရှင်းလင်း တင်ပြရခြင်း ဖြစ်ပါသည်ဘုရား။

၁။ ။ထို(သောတာပန်+ရောင်ခြည်တော်) ဆိုင်ရာကိစ္စအတွက် တပည့်တော်များ ရှင်းလင်းတင်ပြပုံ အခြေအနေနှင့် ထင်မြင်ယူဆချက်များကို အကျဉ်းချုပ် တင်ပြလျှောက်ထားပါမည်ဘုရား။

(က) သောတာပန်ကိစ္စအတွက် စမ်းကလေးဆရာတော် ဟောကြားသော ၁၃၅၉-ခု၊ ကဆုန်လပြည့်တရားခွေလာ ဟောကြားချက်များကို (ပထမ) စာဖြင့် ထုတ်နုတ်ရေးကူး မှတ်သားပါသည်။

(ခ) (ဒုတိယ)ထိုရေးကူးထားသော ဟောကြားချက်များကို အပိုင်းလိုက် အပိုင်းလိုက် ဆိုင်ရာအာဂမ,သဘာဝ အထောက်အထားများကို ကျမ်းဂန်များမှ ထုတ်နုတ်မှတ်သားပါသည်။

(ဂ) (တတိယ) ထိုတရားတိတ်ခွေလာ ဟောပြောချက်များကို ရှာဖွေထုတ်နုတ်ထားသော အထောက်အထားများနှင့် (စနစ်တကျ) တိုက်ဆိုင်စိစစ်၍ အစမှ နိဂုံးထိအောင် ဝေဖန် ရှင်းလင်းပါသည်ဘုရား။
(ပူးတွဲတင်ပြထားပါသောရှင်းတမ်းစာဒနာ စာရွက်စာတမ်းများ အတိုင်းပင် ဖြစ်ပါသည်)

၂။ ။(က) ရောင်ခြည်တော်ဆိုင်ရာ, ကိစ္စအတွက် စမ်းကလေးဂေါပကအဖွဲ့၏ ကြော်ငြာတိတ်ခွေနှင့် ကြော်ငြာစာရွက်လာ စကားရပ်တို့ကို အခြေခံ၍ ဆိုင်ရာ အာဂမ, သဘာဝယုတ္တိ အထောက်အထားများနှင့် တိုက်ဆိုင် စိစစ်ဝေဖန် ရှင်းလင်းပါသည်။

(ခ) နောက်ဆုံး၌ နတ်တရားတိတ်ခွေ ဓမ္မနိဒါန်းလွှာ စာအုပ်များလာ စကားရပ်တို့ကို ဆက်လက်ရှင်းလင်းတင်ပြပါသည်။

http://www.dhammadownload.com



၃။ ။ ထိုသောတာပန်ဆိုင်ရာ, ရောင်ခြည်တော်ဆိုင်ရာ, နတ်တရားတိတ်ခွေနှင့် ဓမ္မနိဒါန်းလွှာ စာအုပ်ဆိုင်ရာ အားလုံးတို့ကို စိစစ်ရှင်းလင်းပြီး ဘုရားတပည့်တော်များ ခြိုင်ံသုံးသပ်ကြည့်သောအခါ အောက်ပါအခြေအနေတို့ကို တွေ့ရှိသိမြင်ရပါသည်ဘုရား။

(က) ထိုစမ်းကလေးဆရာတော်သည် ဗုဒ္ဓဒေသနာတော်လာ ပါဠိများကို ရွတ်ဆိုဟောပြောရာ၌ တရားတော်လာ အမှန်ဖြစ်စဉ်ကျင့်စဉ်များကို ထိန်ချန်မြှုပ်ထားတတ်သော မရိုးသားသူ, မဖြောင့်မတ်သူ ဖြစ်သည်ဟု သုံးသပ်မိပါသည်ဘုရား။

( ခ) ထိုဆရာတော် တရားဟောနေခြင်းသည် ဗုဒ္ဓ၏ ဒေသနာတော်များအတိုင်း ကျင့်စဉ်မှန်ကို အများရှင်လူများ ကျင့်သုံးပွားများ၍ သာသနာတော်၏ (အစစ်အမှန်တရားများကို ရစေရေးမဟုတ်ဘဲ မိမိ၏ လာဘ, သက္ကာရ, သိလောကရရေး (တရားဟောစားနေသူ) ထိုအရာများ ရရှိနေသည်ကို မက်မောဂုဏ်ယူ ကြွားဝါနေသူဖြစ်သည်ဟု သုံးသပ်မိပါသည်ဘုရား။

(ဂ) ထိုဆရာတော်၏ (သီလ, သဒ္ဓါ, ပညာ) ဟူသော လမ်းတိုကျင့်စဉ်နှင့် ထိုကျင့်စဉ်အရ (သောတာပန်ဖြစ်စေရေး) လုပ်ငန်းများသည် (ယခုစာဓေနာလွှာ၌ ရှင်းပြထားသည့်အတိုင်း) ထေရဝါဒ ဗုဒ္ဓဒေသနာတော်ကျမ်းဂန်များနှင့် (လုံးဝ) လွဲချော်နေသော (မိစ္ဆာဝါဒ) ကျင့်စဉ်လုပ်ရပ် (အဓမ္မဝါဒ) ကျင့်စဉ်လုပ်ရပ်များဖြစ်သည်ဟု သုံးသပ်မိပါသည်ဘုရား။

(ဃ) ထိုဆရာတော်၏ ရောင်ခြည်တော်ကိစ္စလုပ်ရပ်သည် ဘုရားအရာမှန်း၊ သာဝကအရာမှန်း ခွဲခြားမသိတတ်အောင် (ပါပိစ္ဆာ) တရား ဖုံးပိတ်ထားသဖြင့် ဘုရားနှင့်လိုက်နှိုင်း မိုက်ရိုင်းခြင်းဖြစ်သည့်အပြင် (ကုဒ္ဒိပါဠိဟာရိယ) တန်ခိုးစွက်သာသနာဖျက်နေခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်ဘုရား။

(င) ထိုသို့ ဘုရားအရာကိုပင် (တု) လာသည်အထိ အတင့်ရဲကာ သာသနာတော်ကို ပြောင်ပြောင်တင်းတင်း ဖျက်ဆီးနေခြင်းမှာ ထိုဆရာတော်သည် (ဗလဝနိဿိတ)=ဗလအင်အား ခနအင်

http://www.dhammadownload.com



အား ရှိသူတို့၏ အင်အားကို မှီနိုင်သူဖြစ်၍ လူမှန်, သံဃာမှန် မည်သူ့ကိုမျှ အရေးမစိုက် (အားလုံးကိုစိန်ခေါ်၍) လာဘမာန်, သက္ကာရမာန်, သိလောကမာန် ထောင်လွှားလျက် ဤမျှရမ်းကား နေခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်ဘုရား။

(စ) ယခုအချိန်တွင် ထိုဆရာတော်၏အထံသို့ နိုင်ငံခြားသား အဖွဲ့များ လာရောက်ဆည်းကပ်နေကြပြီဟု ကြားသိနေရသဖြင့် ဤ (မိစ္ဆာ-ဝါဒကြီး)ဟာ မြန်မာပြည်သာမက ကမ္ဘာသို့ပင် ပြန့်နှံ့သွားတော့မည့် အခြေအနေရှိနေပါပြီ၊ ထိုသို့ ကမ္ဘာသို့ ပြန့်နှံ့သွားလျှင် နိုင်ငံ ခြားသားများအနေဖြင့် ထိုဆရာတော်၏ ကျင့်စဉ်, ဟောစဉ် (အလွဲအမှားကြီး)ကို သိရှိသွားပါက (ဉာဏ်မရှိသူများသည်) ထို (အလွဲအမှား) ကျင့်စဉ်ကြီးကိုပင် (ဗုဒ္ဓ၏ ကျင့်စဉ်)ဟု ယူစွဲမှားနိုင် ၍(တချို့ဉာဏ်ရှိသူများသည်) အရာရာ ဝေဖန်စိစစ်တတ်ကြသဖြင့် ဤကဲ့သို့သော (အလွဲအမှား) ဟောစဉ်,ကျင့်စဉ်ကြီးကို လက်ညှိုးထိုးကာ မြန်မာနိုင်ငံ၏ ထေရဝါဒသာသနာတော်ကြီးကို အထင်သေး အမြင်သေး ဖြစ်နိုင်သည့်အပြင် ပြည်တွင်းပြည်ပ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် အထူးအားသွန်ကြိုးစား နေကြသော နိုင်ငံတော် အကြီးအကဲများနှင့် နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ကြီးများ အမှူးရှိ သော သာသနာ့ ထိပ်ခေါင်တင် ဆရာတော်ကြီးများ၏ ဖြူစင် မြင့်မြတ်သော သာသနာပြု လုပ်ငန်းစဉ်ကြီးမှာ (ဆွမ်းဆန်ထဲ ကြွက်ချေးရော လိုက်သလို) အမည်းစက်တစ်ကွက် တင်သွားနိုင်သည်ဟု သုံးသပ်မိပါသည် ဘုရား။

(ဆ) မီးဒုတ်ကြီးတစ်ခုရရှိထားသော မျောက်ကြီးတစ်ကောင်သည် တစ်အိမ်ပြီး တစ်အိမ် ခုန်ကူးကာ ခုန်ကူးကာ အိမ်တိုင်းကို မီးရှို့ပြီး ရွာလုံးကျွတ် မြို့လုံးကျွတ် မီးလောင်ပြာကျအောင် ပြုလုပ် သလို (သောတာပန်အတု၊ ရောင်ခြည်တော်အတု) မိစ္ဆာဝါဒ မီးဒုတ်ကြီး ကို ကိုင်စွဲထားသော စမ်းကလေးဆရာတော်သည် ထို(မိစ္ဆာ)

http://www.dhammadownload.com



ဝါဒမီးဒုတ်ကြီး တကားကားဖြင့် သူ့ထံလာသူတိုင်းကို မီးရှို့မြှိက် နေပါပြီ။ ဗုဒ္ဓ၏ ထေရဝါဒသာသနာတော်ကြီး တစ်ရပ်လုံးကို လည်း တစ်ဖြည်းဖြည်း ရှို့မြှိက်ဖို့ အခြေအနေရှိနေပြီဟု သုံးသပ် မိပါသည်ဘုရား။

( ၉) ထိုမီးဒုတ်ကြီးနှင့်တူသော (သောတာပန်အတု ရောင်ခြည်တော် အတု မိစ္ဆာဝါဒကြီးကို) အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းသတ်မှု မပြုဘဲ အတားအဆီးမရှိ ယခုအတိုင်းလွှတ်ထားပါက နိုင်ငံ တော်၏ ထေရဝါဒ သာသနာတော်ကြီးကို ထိပါးစော်ကားမှု တဖြည်းဖြည်းပို၍ ပို၍ ကဲလာကာ ရဟန်းရှင်လူအချင်းချင်း ဝိဝါဒ ကွဲမှုတွေ ကြီးပွားလာပြီး အကုသိုလ်တရား တိုးပွားလာမည့် အပြင် လူငယ် လူရွယ် ရှင်ငယ် ရဟန်းငယ်အချင်းချင်း အငြင်း ပွားမှု ပြဿနာပြင်းထန်လာပါက (နိုင်ငံရေးပယောဂများ ပါဝင် လာပြီး) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုကိုပင် ထိခိုက်လာသည်အထိ အခြေအနေ ဆိုးလာနိုင်သည်ဟု သုံးသပ်မိပါသည်ဘုရား။

(၁၀) တပည့်တော်များ၏ အထက်ပါ သုံးသပ်ယူဆချက်များ အတိုင်း ပင် တောင်ငူ (သုဓမ္မာ) အဖွဲ့နှင့် အုတ်တွင်း၊ ဖြူး၊ ကျောက်တံခါး၊ ညောင်လေးပင်မြို့နယ် သံဃနာယကအဖွဲ့ ဂိုဏ်းပေါင်းစုံ သံဃာ များကလည်း ထပ်တူထပ်မျှ သုံးသပ်ယူဆကြပါသဖြင့် စမ်းက လေး၏ဝါဒကို (မိစ္ဆာဝါဒ၊ အဓမ္မဝါဒ) အဖြစ် နိုင်ငံတော်သို့ စောဒနာလွှာ တင်သွင်းခြင်းအတွက် အားတက်သရော စိတ်တူ ကိုယ်မျှ ထောက်ခံခဲ့ကြပါသည်ဘုရား။
(ထောက်ခံစာများ ပူးတွဲဆက်ကပ်ထားပါသည်)

၄။ ထိုသို့ဖြစ်ပါသောကြောင့် ယခုဘုရားတပည့်တော်များ တင်ပြလျှောက် ထားပါသော (သောတာပန်အတုနှင့် ရောင်ခြည်တော်အတု, မိစ္ဆာဝါဒ,အဓမ္မ- ဝါဒဆိုးကြီးကို) ပေါ့ပေါ့လျော့လျော့ တွက်ဆတော်မမူကြဘဲ နိုင်ငံတော်ပိုင်းက ရော သံဃာတော်များဘက်ကပါ အထူးအလေးထား စဉ်းစား၍ (တနည်း

http://www.dhammadownload.com



နည်းဖြင့်) ထိုမိစ္ဆာဝါဒ၊ အဓမ္မဝါဒဆိုးကြီးကို သုတ်သင်ရှင်းလင်းပစ်သင့်ပြီဟု ယူဆထင်မြင်မိပါ၍ ယခု (မိစ္ဆာဝါဒ+အဓမ္မဝါဒ) ရှင်းတမ်း စောဒနာလွှာကို ရှင်းလင်းတင်ပြလိုက်ရပါကြောင်း လျှောက်ထားအပ်ပါသည် သဘာပတိ ဆရာတော်ကြီးနှင့် အမှတ် (၁၁)နိုင်ငံတော် သီးခြားဝိနည်းမှုခိုင်ရုံး ဆရာတော်ကြီးများ ဘုရား။

*ရှိသေလေးမြတ်စွာဖြင့်* -

*လျှောက်ထားစောဒနာသူများ*

. . . . . . . . . . . . .

(၁)အရှင်ဝိလာသ (သာသနဓဇဓမ္မာစရိယ) ၆၁-နှစ်၊ ၄၁-ဝါ။
မဇ္ဈိမာရုံတောရကျောင်းတိုက်၊ တောကျွဲအင်းမြို့၊
ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း။ (ရွှေကျင်)

. . . . . . . . . . . . .

(၂) အရှင်သောဘဏ (သာသနဓဇဓမ္မာစရိယ) (အမျိုးသားပထမကျော်)
၅၄-နှစ်၊ ၃၄-ဝါ။
မိဂဒါဝုန်ကျောင်းတိုက်၊ မြို့မ-ရပ်ကွက်၊ ညောင်လေးပင်မြို့၊
ပဲခူးတိုင်း။ (သုဓမ္မာ)

. . . . . . . . . . . . .

(၃) အရှင်စိန္တိတာဘိဝံသ (သာသနဓဇသိရီပဝရဓမ္မာစရိယ)
(မဟာဂန္ထဝါစကပဏ္ဍိတ) ၄၅-နှစ်၊ ၂၅-ဝါ
ရွှေကျင်တောင်ပရိယတ္တိစာသင်တိုက်၊ ဖြူးမြို့၊ ပဲခူးတိုင်း။ (ရွှေကျင်)

. . . . . . . . . . . . .

(၄) အရှင်ခန္တိဓမ္မ (ကမ္မဋ္ဌာနာစရိယ) ၄၂-နှစ်၊ ၂၅-ဝါ
မြို့မသာသနာ့ရိပ်သာကျောင်းတိုက်၊ ပဲနွယ်ကုန်းမြို့၊
ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း။ (သုဓမ္မာ)

http://www.dhammadownload.com



## ရည်ရွယ်ချက်-တာဝန်နှင့်သာသနာ့မှတ်ကျောက်များကို လျှောက်ထားခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား---

ဘုရားတပည့်တော်များ နိဒါန်းစကား လျှောက်ထားပြီးနောက် ယခု စမ်းကလေး ဆရာတော်၏ သောတာပန်အတုနှင့် ရောင်ခြည်တော်အတု ဟောစဉ် ကျင့်စဉ်အယူဝါဒသည် (မိစ္ဆာဝါဒ၊ အဓမ္မဝါဒ) ဖြစ်ပါကြောင်း စောဒနာ ချက်ကို တင်ပြလျှောက်ထားပါတော့မည် ဘုရား။

## ထားအပ်သောရည်ရွယ်ချက်

ထိုသို့ လျှောက်ထားရာ၌ တပည့်တော်များ ထားရှိသည့်ရည်ရွယ်ချက်ကို လျှောက်ထားပါဦးမည်ဘုရား။ တပည့်တော်များထားရှိသည့် အဓိကရည်ရွယ် ချက်မှာ---

(က) သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းစာအုပ်၊ စာမျက်နှာ(၁၄) အခန်း (၂)၊ အပိုဒ်-၁၂ (က) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန်ဖြစ်သည်။

(ခ) ယင်းစည်းမျဉ်းအခန်း (၂)၊ အပိုဒ်-၁၂ (ဂ) ပရိယတ္တိသာသနာ-တော် တိုးတက်စည်ပင်ပြန့်ပွားစေရန် ကူညီထောက်ပံ့၍ ပိဋကတ်တော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန် ဖြစ်သည်။

(ဂ) ယင်းစည်းမျဉ်းအခန်း (၂)၊ အပိုဒ်-၁၂ (ဃ) ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင်ပြန့်ပွားစေရန် ဖြစ်သည်ဟူသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များကို အလေးအနက် ရည်စူးချက်ထား၍---
၁။ သာသနာတော် (က) သန့်ရှင်း (ခ) တည်တံ့ (ဂ) ပြန့်ပွားမှု သုံးမျိုးတို့တွင် (မသန့်ရှင်းသော) သာသနာ (တည်တံ့၊ ပြန့်ပွား) လျှင် သာသနာတော်အတွက်ရော၊ သာသနာဆိုင်ရာ ရဟန်းရှင် လူများအတွက်ပါ လွန်စွာအကျိုးမဲ့ ဖြစ်နိုင်ပါသည်။

http://www.dhammadownload.com



(သန့်ရှင်းသော) သာသနာ (တည်တံ့ပြန့်ပွား) မှသာလျှင် သာသနာရော သာသနာဆိုင်ရာ ရဟန်းရှင်လူများအတွက်ပါ လွန်စွာ အကျိုးစီးပွား ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ထိုသုံးမျိုးအနက် အရေးကြီးသော သာသနာတော်သန့်ရှင်းမှု ဖြစ်စေလိုသောကြောင့် လည်းကောင်း။

၂။ ဗုဒ္ဓ၏ထေရဝါဒသာသနာတော်နှင့် ဆန့်ကျင်သော(ဗုဒ္ဓဝါဒ-အတုအယောင်) မိစ္ဆာဝါဒများ ပပျောက်စေလိုသောကြောင့် လည်းကောင်း။

၃။ ပရိယတ္တိနှင့်ညီညွတ်သော ပဋိပတ္တိသာသနာတော်တိုးတက် စည်ပင်ပြန့်ပွားစေလိုသောကြောင့် လည်းကောင်း။

ဤဆန္ဒမွန်အကြောင်း သုံးချက်ကို အလေးအနက်ရည်ရွယ် ချက်ထား၍ ထိုစမ်းကလေး (မိစ္ဆာဝါဒကြီး) ကို ရှင်းလင်း လျှောက်ထား စောဒနာရခြင်း ဖြစ်ပါသည်ဘုရား။

## ဗုဒ္ဓပေးအပ်ခဲ့သောတာဝန်

ဘုရားတပည့်တော်များ(စမ်းကလေးမိစ္ဆာဝါဒ)ကို တင်ပြလျှောက်ထားရာ၌ အောက်ပါ ပါဠိတော် အဋ္ဌကထာများလာ ဟောကြားဖွင့်ဆိုချက်များအရ ဗုဒ္ဓသာသနာတော်ကို ချစ်မြတ်နိုးကြသော ဘုရားတပည့်သားတော် ပီသသူတိုင်း မလွဲမသွေ လိုက်နာဆောင်ရွက်သင့်သည့် (ဗုဒ္ဓပေးအပ်ခဲ့သော တာဝန်ဝတ္တရားကို) အလေးအနက် ဦးထိပ်ရွက်ပန်ဆင်၍ ရှင်းလင်းတင်ပြလျှောက်ထားပါမည်ဘုရား။ အောက်ပါကျမ်းဂန်များကို ရှုတော်မူပါဘုရား---

(က) မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿ ဝါ အဝဏ္ဏံ ဘာသေယျုံ၊ သံဃဿ ဝါ အဝဏ္ဏံ ဘာသေယျုံ။ တတြ တုမှေဟိ အဘူတံ-အဘူတတော နိဗ္ဗေဌေတဗ္ဗံ "ဣတိပေတံ အဘူတံ ဣတိပေတံအတစ္ဆံ၊ နတ္ထိ စေတံ အမှေသု၊ န စ ပနေတံ အမှေသု သံဝိဇ္ဇတီ" တိ (ဒီ၊ ၁။ ၃)

(ခ) တုမှာကံ သတ္ထာ န သဗ္ဗညူ၊ ဓမ္မော ဒုရက္ခာတော၊ သံဃော-ဒုပ္ပဋိပန္နောတိ အာဒီနိ သုတွာ န တုဏှီ ဘဝိတဗ္ဗံ၊ ဧဝံ ပန

http://www.dhammadownload.com



ဝတ္တဗ္ဗံ "ဣတိပေတံ အဘူတံ၊ ယံ တုမှေဟိ ဝုတ္တံ၊ တံ ဣမိနာပိ ကာရဏေန အဘူတံ၊ ဣမိနာပိ ကာရဏေန အတစ္ဆံ၊ နတ္ထိ စေတံ အမှေသု န စ ပနေတံ အမှေသု သံဝိဇ္ဇတီ၊ သဗ္ဗညုယောဝ အမှာကံ သတ္ထာ၊ သွာက္ခာတော ဓမ္မော၊ သုပ္ပဋိပန္နော သံဃော တတြ ဣဒဉ္စိဒဉ္စ ကာရဏန္တိ။ (ဒီ၊ ဋ္ဌ၊ ၁။ ၅၃)

## မြန်မာပြန်

(က) ရဟန်းတို့ သူတပါးတို့သည် ငါ၏အပြစ်ကိုဖြစ်စေ၊ တရား၏ အပြစ်ကိုဖြစ်စေ၊ သံဃာ၏အပြစ်ကိုဖြစ်စေ ပြောကြရာ၌ ဤစကားသည် ဤအကြောင်းကြောင့်လည်းမဟုတ်၊ ဤ အကြောင်းကြောင့်လည်း မမှန် စင်စစ်အားဖြင့် ဤအပြစ် သည် ငါတို့၌ ထင်ရှားမရှိဟု မဟုတ်သည်ကို မဟုတ်သည့် အတိုင်း သင်တို့ ဖြေရှင်းရမည်။

(ခ) သင်တို့၏ဆရာသည် အလုံးစုံကို သိသောသဗ္ဗညူမဟုတ်၊ တရား တော်သည် မကောင်းသဖြင့် ဟောအပ်သောတရားဖြစ်၏။ သံဃာတော်သည် မကောင်းသဖြင့် ကျင့်သူဖြစ်၏။ ဤသို့ အစရှိ သော(ကဲ့ရဲ့ရှုတ်ချသော) စကားတို့ကို ကြားရလျှင် ဆိတ်ဆိတ် (ငြိမ်)မနေရ၊ သင်တို့ပြောအပ်သော စကားသည် ဤအကြောင်း ကြောင့်မမှန်၊ ဤအကြောင်းကြောင့်မဟုတ်၊ ဤအကြောင်းအရာ သည် ငါတို့၌ ထင်ရှားမရှိ။ငါတို့၏ဆရာသည် အလုံးစုံကို သိနိုင်သောသဗ္ဗညူဖြစ်၏။ တရားတော် သည်ကောင်းစွာ ဟော အပ်သော တရားဖြစ်၏။ သံဃာတော်သည် ကောင်းစွာ ကျင့်သူဖြစ်၏။ ဤသို့ ထိုသဗ္ဗညူစသည်ဖြစ် ကြောင်းကို ဖြေရှင်း ရာ၌ဤအကြောင်းဤအကြောင်းသည် အကြောင်းမှန်ပင် ဖြစ်၏ ဟု ပြောဆိုဖြေရှင်းရမည်။

http://www.dhammadownload.com



သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား---

ယခုစမ်းကလေးဆရာတော်၏ ဟောပြောချက်များကို ဖြေရှင်းနေရခြင်းမှာ အထက်ပါ ပါဠိတော်အဋ္ဌကထာများနှင့်အညီ ဖြေရှင်းရခြင်း ဖြစ်ပါကြောင်းကို အနည်းငယ်လျှောက်ထားပါရစေဘုရား၊ ယခုတပည့်တော်များ ရှင်းလင်း တင်ပြနေသည့် (၁၃၅၉-ခု၊ ကဆုန်လပြည့် တရားတိတ်ခွေ တစ်နေရာ၌ စမ်းကလေးဆရာတော်က အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်ဘုရား-

××××× အော် လောကတံထွာ ဓမ္မတာအားဖြင့် မှတ်စိတ်ပေးမယ်ဆိုရင်၊ မှတ်စိတ်ပေးမယ်ဆိုရင်။ သဿတ+ဥစ္ဆေဒလွတ်အောင် သင်တို့ မှတ်နိုင်လိမ့် မည်မဟုတ်ပါ။ ×××××

[ဘီဆိုက် (၅) မိနစ်ခန့်နေရာ]

စမ်းကလေးဆရာတော်၏ ဆိုလိုရင်းမှာ ယခုခေတ်သာသနာလောက- ပဋိပတ္တိတရားပြဌာနတို့၌ ဟောကြားပြသနေသည့်အတိုင်း သတိပဌာန် ကျင့်စဉ် စသော(သီလ, သမာဓိ, ပညာ) ကျင့်စဉ်များကို ရှုမှတ်ပွားများ ပါကသဿတ ဒိဋ္ဌိ+ဥစ္ဆေဒဒိဋ္ဌိ မလွတ်နိုင် (ဝါ) သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတွေသာ စွန်းငြိစွဲယူ နေမိပေလိမ့်မည်ဟု ဆိုလိုပါသည်ဘုရား။

စမ်းကလေးဆရာတော်၏ ထိုဟောပြောချက်မှာ ဘုရား, တရား, သံဃာသုံးမျိုးလုံးကို အပြစ်တင်ရှုတ်ချရာ ရောက်ပါသည်ဘုရား၊ ထိုဆရာတော်၏ ဆိုလိုရင်းအရ---

(က) ဗုဒ္ဓမြတ်စွာ၏ (သီလ, သမာဓိ, ပညာ) ကျင့်စဉ်အတိုင်း ရှုမှတ် ကျင့်ပွားနေလျှင်သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ စွန်းငြိစွဲယူနေမိလိမ့်မည် ဆိုသဖြင့် ဗုဒ္ဓမြတ်စွာ၏ (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိအစွန်းနှစ်ဘက်မှ လွတ်သော) မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို အပြစ်တင်ကဲ့ရဲ့ လိုက်ရာ ရောက်ပါသည်။

(ခ) ဗုဒ္ဓ၏တရားတော်ကို အပြစ်တင်လိုက်ခြင်းဖြင့် ထိုတရားတော်ကို ဟောတော်မူသော မြတ်စွာဘုရားကိုလည်း သဿတ+ဥစ္ဆေဒ- အစွန်းလွတ်အောင် မဟောတတ်သူဟု အပြစ်တင်ကဲ့ရဲ့လိုက်ရာ ရောက်ပါသည်။

http://www.dhammadownload.com



( ၈) တရားတော်ကို အပြစ်ကင်လိုက်ခြင်းဖြင့် (စမ်းကလေးမှတပါး) တခြား ဗုဒ္ဓ၏သီလ, သမာဓိ, ပညာ ကျင့်စဉ်တို့ကို ကျင့်သုံးနေကြသော သံဃာတော်များကို သဿတ ဥစ္ဆေဒမလွတ်တဲ့ တရားတွေကို ကျင့်နေသူ (မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တွေ) ဟု အပြစ်တင်ကဲ့ရဲ့လိုက်ရာ ရောက်ပါသည်ဘုရား။ (ဤကိစ္စကို နောက်ပိုင်းစောဒနာချက် ရှင်းတမ်းများမှာ အကျယ်ရှင်းထားပါသည်။)

အထက်ပါစမ်းကလေးဆရာတော်၏ ဆိုလိုချက်အရ ဗုဒ္ဓ၏တရားတော်ကို သူ့တရားလို သဿတ၊ ဥစ္ဆေဒလွတ်သော တရားမဟုတ်၊ ဗုဒ္ဓကို (သူ့လို သဿတ၊ ဥစ္ဆေဒလွတ်အောင် မဟောတတ်သူ၊ သူမှတပါး တခြားသံဃာများကို သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ သမားတွေဟု "ဘုရားထက်တစ်ဝါကြီး ဘုရားကြီးကိုယ်တော်"လို့ ဆိုရမလောက် ဟိတ်ဟန်တွေထွား၊ အကြွားသန်လွန်းသော စမ်းကလေးဆရာတော်၏ ဟောကွက်, ကျင့်ကွက် (မိစ္ဆာဝါဒကြီး)ကို အထက်ပါ ပါဠိအဋ္ဌကထာများအရ ဗုဒ္ဓ၏ ပေးအပ်ခဲ့သော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သည့်အနေဖြင့် ရှင်းချက်ထုတ် တင်ပြလျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား။

## လက်စွဲ သာသနာ့မှတ်ကျောက်ကြီး (၄) ခု

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား---

အထက်ပါ ပါဠိတော်အဋ္ဌကထာများနှင့်အညီ တာဝန်သိသူများအနေဖြင့် (စမ်းကလေးမိစ္ဆာဝါဒ) ကို ရှင်းပြလျှောက်ထား စောဒနာရာ၌ တပည့်တော်များ၏ ဉာဏ်အမြင် အထင်မျှလောက်လေးဖြင့် တင်ပြလျှောက်ထား၊ စောဒနာမှာ မဟုတ်ဘဲ အောက်ပါအဋ္ဌကထာလာ ထေရဝါဒ သာသနာ့မှတ်ကျောက်ကြီး(၄) ခုနှင့် တိုက်ဆိုင်ညှိနှိုင်း၍ ဤဒေသနာအရ (လွဲ)နေပါသည်။ဤအချက်က ဤဒေသနာအရ (ချော်)နေပါသည် စသည်ဖြင့် ရှင်းလင်း တင်ပြလျှောက်ထား စောဒနာမှာ ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



(က) စတုဗ္ဗိဓံ ဟိ ဝိနယံ၊ မဟာထေရာ မဟိဒ္ဓိကာ။
နီဟရိတွာ ပကာသေသုံ၊ မေ့သင်္ဂါဟကာ ပုရာ။

( ခ) ကတမံ? စတုဗ္ဗိဓံ၊ သုတ္တံ သုတ္တာနုလောမံ အာစရိယဝါဒံ **အတ္တနောမတိန္တိ**။ (ပါ၊ ဋ္ဌ၊ ၁။ ၁၉၅-၁၉၆)

## မြန်မာပြန်

(က) **(သုတ် ဝိနည်း အဘိဓမ္မာကို သဘောတူရာပေါင်း၍) သံဂါယနာ** တင်တော်မူကြသော တန်ခိုးကြီးမား အရှင်မဟာကဿပ အစရှိသော ရှေးမထေရ်မြတ်တို့သည် (ဝိနည်း) တရား ၄-ပါးကို(ပရိယတ္တိ)ပါဠိတော်မှ ထုတ်ဖော်၍ ထင်ရှားပြကုန်၏။

( ခ) ထို (၄)ပါးကား---

၁။ သုတ္တ = ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော တရားတော်များ။

၂။ သုတ္တာနုလောမ = ဘုရားဟောတရားတော်နှင့် မဆန့်ကျင်သော သာဓကဘာသိတ တရားတော်များ။

၃။ အာစရိယဝါဒ = သံဂါယနာတင် မထေရ်စဉ်ဆက်တို့ မိန့်မြွက်ခဲ့သော တရားတော်များ၊ အဋ္ဌကထာ ဆရာကြီးများ၏ ဖွင့်ဆိုချက် အဋ္ဌကထာကျမ်းများ။

၄။ အတ္တနောမတိ = သုတ္တ သုတ္တာနုလောမ အာစရိယဝါဒတို့ကို နည်းမှီ၍ ဋီကာ-အနု-မဓု-ဂဏ္ဌိ-ယောဇနာဆရာကြီးများ စသော ရှေးရှေးဆရာတော်ကြီးများ မိမိဉာဏ်စွမ်းရှိသမျှ ဆုံးဖြတ်ခဲ့သော ဖြတ်ထုံးများ။

ဤသို့ သာသနာ့မှတ်ကျောက်ကြီး (၄) မျိုး ရှိပါသည်။

http://www.dhammadownload.com



ဤသည်မှာ ဆရာတော်ကြီးများ သိတော်မူပြီးဖြစ်သော သာသနာ့မှတ်ကျောက်ကြီး (၄)မျိုးဖြစ်ပါသည်ဘုရား။ သာသနာရေးအရှုပ်ပြဿနာ အဓိကရုဏ်းပေါ်ပေါက်လာလျှင် အဆိုပါမှတ်ကျောက်ကြီး (၄)ခုတွင် တစ်ခုခုနှင့် ညီညွတ်လျှင် (အမှန်)၊ မညီညွတ်လျှင် (အမှား) ဤသို့ ရှေးရှေး အာစရိယ ဆရာ့ဆရာကြီးများ ဆုံးဖြတ်တော်မူခဲ့သော ဖြတ်ထုံးများကို နှလုံးမူ အတုယူလျက် ယခုစမ်းကလေး ဆရာတော်၏ (မိစ္ဆာဝါဒ) ဟောစဉ်, ကျင့်စဉ်များကို (ထိုသာသနာ့မှတ်ကျောက် ၄-ခုဖြင့်) တိုက်ဆိုင်ကာ ညှိနှိုင်းကာ မဝေဖန် စိစစ်ကာ ရှင်းလင်းတင်ပြ လျှောက်ထားပါတော့မည် ဘုရား။

-------------

http://www.dhammadownload.com



## အမှတ် (၁) လျှောက်ထားစာဒနာချက်

**စမ်းကလေးမိစ္ဆာဝါဒ သောတာပန်နှင့် ဗုဒ္ဓ၏ သမ္မာဝါဒသောတာပန်တို့၏ ခြားနားချက်ကို လျှောက်ထားခြင်း။**

**သဘာပတိ ဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား ---**

ရွှေဦးစွာ စမ်းကလေးဆရာတော်၏ မိစ္ဆာဝါဒကျင့်စဉ်လာ (သောတာပန်အတုနှင့်) ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော် သမ္မာဝါဒကျင့်စဉ်လာ (သောတာပန်အစစ်)တို့၏ ခြားနားချက်ကို တင်ပြလျှောက်ထားပါမည် ဘုရား။ အောက်ပါတို့မှာ စမ်ကလေး မိစ္ဆာဝါဒ သောတာပန်၏ တရား စွမ်းရည်ပါဘုရား---

(က) xxxxx တရားအပေါ်မှာ ဝမ်းသာကြည်လင်တဲ့စိတ်ကလေး သဒ္ဓါ ပီတိ ကျတယ်ခေါ် xxxxx ၊ သောတာပန်အငယ်စား xxxxx သတ္တက္ခတ္တုပရမ သောတာပန်ခေါ်တယ်။
(၁၃၅၉-ခု၊ ကဆုန်လပြည့်နေ့ တရားတိတ်ခွေ၊ ဘီဆိုဒ်-၁၀-မိနစ်ခန့်နေရာ)

(ခ) xxxxx သောတာပန်အလတ်စား ကောလံကောလ သောတာပန် xxxxx ကြက်သီးကလေးက အသိအမှတ်ပြုသွားတာနဲ့ မတူဘူးလား xxxxx အဲ--ကောလံ ကောလသောတာပန် xxxxx။
(၁၃၅၉-ခု၊ ကဆုန်လပြည့်တရားတိတ်ခွေ၊ ဘီဆိုဒ်-၂၂-မိနစ်ခန့်နေရာ)

(ဂ) xxxxx ကြက်သီးထတာအစ xxxxx မျက်လုံးဝင်းကနဲအဆုံး အဲဒါ ဖိုလ်ဇောနော် xxxxx အဲဒါ သောတာပန်အကြီးစား xxxx ဧကဗီဇ သောတာပန်ခေါ်တယ်။
(၁၃၅၉-ခုနှစ်၊ ကဆုန်လပြည့်တရားတိတ်ခွေ၊ ဘီဆိုဒ်-၂၂-မိနစ်ခန့်နေရာ)

http://www.dhammadownload.com



အထက်ပါစမ်းကလေးဆရာတော်၏ ဟောပြောချက်အရ သူ့ရဲ့မိစ္ဆာဝါဒ သောတာပန်အတု၏ တရားစွမ်းရည်မှာ ဝမ်းသာကြည်လင်သောစိတ် (သဒ္ဓါ+ပီတိ)၊ ကြက်သီးထခြင်း (ပီတိ)၊ အလင်း ရောင်မြင်ခြင်း (ဩဘာသ)၊ ရင်ထဲကအေးခြင်း (ပဿဒ္ဓိ) ဟူသော ဝိပဿနုပက္ကိလေသတွေသာ ပြည့်စုံ သူများကို သောတာပန်ဟု ဆိုပါသည်။

**မှတ်ချက်။** အမှန်တကယ်လည်း ထိုသူတို့သည် ဝိပဿနုပက္ကိလေသ တရား များပင် ပြည့်စုံသူတွေ မဟုတ်ကြပါ၊ နောက်ပိုင်းကျတော့ အကျယ် လျှောက်ထားပါမည် ဘုရား။

ဆက်လက်လျှောက်ထားပါမည်ဘုရား---

အောက်ပါတို့မှာ ဗုဒ္ဓ၏ သမ္မာဝါဒ သောတာပန် (အစစ်)၏ တရားစွမ်း ရည်ပါဘုရား။

(က) သောတော သောတောတိ“ ဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမော နု ခေါ သာရိပုတ္တ သောတော တိ” ။
အယမေဝ ဟိ ဘန္တေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သောတော သေယျထိဒံ? သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မ- န္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာ- ဓီတိ။ သာဓု သာဓု သာရိပုတ္တ။ အယမေဝ ဟိ သာရိပုတ္တ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သောတော။ (သံ၊ ၃။ ၃၀၂ )

## မြန်မာပြန်

(က) သာရိပုတြာ“ သောတ သောတ” ဟူ၍ ဤစကားကိုဆိုအပ်၏၊ သာရိပုတြာ သောတ ဟူသည်-အဘယ်နည်း။
အရှင်ဘုရားအင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်သည်ပင် သောတမည်ပါ၏။ ဤအရိယာမဂ်သည်ကား အဘယ်နည်း၊ မှန်ကန်သော အမြင် သမ္မာဒိဋ္ဌိ၊ မှန်ကန်သောအကြံအစည် သမ္မာသင်္ကပ္ပ၊မှန်ကန်သောစကားသမ္မာဝါစာ၊ မှန်ကန်သော အလုပ် သမ္မာ ကမ္မန္တ၊ မှန်ကန်သော အသက်မွေးမှု သမ္မာအာဇီဝ၊

http://www.dhammadownload.com



မှန်ကန်သော လုံ့လ သမ္မာဝါယာမ၊ မှန်ကန်သော အောက်မေ့မှု သမ္မာသတိ၊ မှန်ကန်သော တည်ကြည်မှု သမ္မာသမာဓိ၊ တို့ပါတည်း။

သာရိပုတြာ ကောင်းပေစွ ကောင်းပေစွ၊ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်သည်ပင် သောတမည်၏။

( ခ ) "သောတာပန္နော သောတာပန္နော"တိ ဟိဒံ သာရိပုတ္တ ဝုစ္စတိ။ ကတမော နု ခေါ သာရိပုတ္တ သောတာပန္နောတိ၊ ယော ဟိဘန္တေ ဣမိနာ အရိယေန အဋ္ဌင်္ဂိကေန မဂ္ဂေန သမန္နာဂတော၊ အယံ ဝုစ္စတိ သောတာပန္နော၊ သွာယံ အာယသ္မာ ဧဝံ နာမော ဧဝံ ဂေါတ္တောတိ၊ သာဓု သာဓု သာရိပုတ္တ၊ ယော ဟိ သာရိပုတ္တ-ဣမိနာ အရိယေန အဋ္ဌင်္ဂိကေန မဂ္ဂေန သမန္နာဂတော၊ အယံ ဝုစ္စတိ သောတာပန္နော။ (သံ၊ ၃။ ၃၀၂)

မြန်မာပြန်

( ခ ) သာရိပုတြာ"သောတာပန် သောတာပန်"ဟု ဤစကားကိုဆို၏၊ သာရိပုတြာ သောတာပန်ဟူသည်အဘယ်နည်းဟု မိန့်တော်မူ၏၊ အရှင်ဘုရား အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်နှင့် ပြည့်စုံ သောသူကို သောတာပန်ဟု ဆိုအပ်ပါ၏။ ထိုအရှင်သည် ဤသို့သော အမည် ဤသို့သောအနွယ် ရှိပါသည်ဟု လျှောက်၏။ သာရိပုတြာ ကောင်းပေစွ ကောင်းပေစွ၊ သာရိပုတြာ အင်္ဂါရှစ်ပါး ရှိသော အရိယာမဂ်နှင့် ပြည့်စုံသောသူကို သောတာပန်ဟု ဆိုအပ်၏။

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော် သီးခြားဝိနည်းမှုခိုရ် ဆရာတော်ကြီးများ ဘုရား။

အထက်ပါ အထောက်အထားအရ (သောတ) ဟူသည် အရိယာမဂ္ဂင် ရှစ်ပါးကို ခေါ်၍ (သောတာပန်)ဟူသည် အရိယာမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသော သူကို ခေါ်သည်ဟု ဆိုလိုပါသည် ဘုရား။ ဤအဓိပ္ပာယ်အရ သောတာပန် အစစ်ဖြစ်သူသည် အရိယမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသူ ဖြစ်ရပါမည်။

http://www.dhammadownload.com



(ဤအရိယမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံရန်မှာ ပုဗ္ဗဘာဂမဂ်ဟု ခေါ်သော လောကီမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံရပါမည်။ ထိုပုဗ္ဗဘာဂမဂ်ဟု ခေါ်သော လောကီ မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံရန်မှာ ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ သီလ, သမာဓိ, ပညာ ကျင့်စဉ်များကို ကျင့်ပွားရပါမည်ဘုရား။)

## သောတာပန်ချင်းခြားနားချက်

(က) စမ်းကလေး၏ဒေသနာအရ သောတာပန်ဟူသည် (အရိယမဂ္ဂင် ရှစ်ပါးနှင့် ပြည့်စုံသူမဟုတ်ဘဲ) အရိယမဂ္ဂင်ရှစ်ပါး ရရေးအတွက် အနှောင့်အယှက်ဖြစ်သော (သဒ္ဓါ, ပီတိ, ဩဘာသ, ပဿဒ္ဓိ) ဟူသော ဝိပဿနာညစ်ညူးကြောင်း တရားနှင့်ပင် မပြည့်စုံသူကို ခေါ်သည်။ (အမှန်လည်း ထိုသူတို့သည် ထိုဝိပဿနာညစ်ညူးကြောင်း တရား တကယ်ပြည့်စုံသူများ မဟုတ်ကြပါ။)

(ခ) ဗုဒ္ဓ၏ ဒေသနာအရ သောတာပန်ဟူသည် အရိယမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသူကို ခေါ်သည်။

ဤနှိုင်းယှဉ်ချက်အရ စမ်းကလေးဆရာတော်၏ သောတာပန် ဟောစဉ် ကျင့်စဉ်သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် (လုံးဝ) လွဲချော်မှားယွင်းနေသော မိစ္ဆာဝါဒ, အဓမ္မဝါဒဖြစ်ကြောင်း လွန်စွာ ထင်ရှားပါသည်ဘုရား။

ထိုသို့ဖြစ်ပါသောကြောင့် စမ်းကလေးဆရာတော်၏ ထိုမိစ္ဆာဝါဒ, အဓမ္မဝါဒကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်း ပေးတော်မူပါရန် တင်ပြလျှောက်ထား စောဒနာ အပ်ပါသည်ဘုရား။

-------------

http://www.dhammadownload.com



## အမှတ် (၂) လျှောက်ထားစာဒနာချက်

### စမ်းကလေးဆရာတော်၏ သောတာပန်ဖြစ်ကြောင်း (မိစ္ဆာဝါဒ) ကျင့်စဉ်နှင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ အရိယာ ဖြစ်ကြောင်း (သမ္မာဝါဒ)ကျင့်စဉ်တို့၏ ခြားနားခြင်းကို နှိုင်းယှဉ်တင်ပြ လျှောက်ထားစာဒနာခြင်း။

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား---

ရှေးဦးစွာ စမ်းကလေးဆရာတော်၏ သောတာပန်ဖြစ်ကြောင်း (မိစ္ဆာဝါဒ) ကျင့်စဉ်နှင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ အရိယာဖြစ်ကြောင်း (သမ္မာဝါဒ) ကျင့်စဉ်တို့၏ ခြားနားချက်ကို နှိုင်းယှဉ် ဖော်ပြပါဦးမည်ဘုရား။

စမ်းကလေးဆရာတော်၏ ၁၃၅၉-ခု၊ ကဆုန်လပြည့်တရားတိတ်ခွေ၌ ထိုဆရာတော်ကိုယ်တိုင်ဟောပြောထုတ်ပြထားသော သူ့ဝါဒလမ်းစဉ် အကျဉ်းကို လျှောက်ထားပါမည်ဘုရား၊ အောက်ပါအတိုင်း ရှုတော်မူပါဘုရား-

(က)×××× ၁။ သီလအစ-သမာဓိအလယ်၊ (စိပဿနာ) ပညာအဆုံး၊ ဒိဋ္ဌိပယ်ဖြတ်နိုင်တဲ့-လမ်းရှည်-လမ်းစဉ်ထုံး×××××

၂။ သီလအစ-သဒ္ဓါအလယ်၊ပညာအဆုံး ၊ ဒိဋ္ဌိပယ်ဖြတ်နိုင်တဲ့-လမ်းတို-လမ်းစဉ်ထုံး။(အဆိုဒ်-၂၀-မိနစ်ခန့်နေရာ)

(ခ)×××× ၁။ သီလအစ-သဒ္ဓါအလယ်ဆိုတာ ရှေ့ကျင့်ကွက်တက်တော့ အဓိဂမသီလကို တည်မယ်နော်××××× အဲဒါ သီလ-အစမင်္ဂပေါက်ဖိုလ်ပေါက် သစ္စာ သီလ၊ အဓိဂမသီလ၊ကျင့်သီလ၊ ဒါ မိမိလိုက်တဲ့လမ်း၊ ဘုန်းကြီးပေးတဲ့လမ်း၊ သာသနာနောက်ပိုင်း ဝိမုတ္တိတစ်ပြန်မှာ သုံးလို့ ရတဲ့နည်း×××××အခု-ပြောပြတာ အဓိဂမသီလ၊ ကျင့်သီလ၊ သစ္စာကို သုတ်သုတ် ရောက်တဲ့သစ္စာ၊ သီလရှိကျတော့ နော်၊ အဲဒါ သီလ အစမဟုတ်လား။

(အဆိုဒ်-၂၈-မိနစ်ခန့်နေရာ)

http://www.dhammadownload.com



၂။ ××××  သဒ္ဓါ-အလယ်ဆိုတော့---အခု---ရောင်ခြည်တော်လွှတ်ခြင်းနှင့်တကွရဟန်းရှင်လူ သူတော်စင်တို့က ယုံကြည်တဲ့သဒ္ဓါနဲ့လာတာမဟုတ်လား၊ အဲဒါ ယုံကြည်တဲ့သဒ္ဓါ၊ အပြင်သဒ္ဓါ၊ နောက်အတွင်းသဒ္ဓါ၊ အဓိဂမသဒ္ဓါ ပြောင်းမယ်- သဒ္ဓါအလယ်နော်×××××

(ဘီဆိုဒ်-၂၉-မိနစ်ခန့်နေရာ)

××××  အဲ့အပြင်သဒ္ဓါမှ အတွင်းသဒ္ဓါရွှေ့လိုက်တယ်၊ ရွှေ့ထားတာဘယ်လိုတုံး××××မိမိတို့သည် မျက်စိ,နား,နှာခေါင်း,ပါးစပ်,ကိုယ်တွေ××××  အဲ့ဒီလုံခြုံခြင်းသည် အဓိဂမသဒ္ဓါကောက်၊ ကျင့်သံဒ္ဓါကောက်။

(ဘီဆိုဒ်-၄-မိနစ်ခန့်နေရာ)

၃။ နောက်ပညာအကျိုးတရား မင်ပြောတာ၊ အဲဒါသီလအစ၊ သဒ္ဓါအလယ်၊ ပညာအဆုံး၊ ဒိဋ္ဌိပယ်ဖြတ်နိုင်တဲ့ လမ်းတို-လမ်း စဉ်ထုံး။

(အေဆိုဒ်-၂၉-မိနစ်ခန့်နေရာ)

အထက်ပါတို့မှာ စမ်းကလေးဆရာတော်ကိုယ်တိုင် ချမှတ်ပြတဲ့ သူ့ရဲ့ဝါဒလက်သစ် (လမ်းတို) ကျင့်စဉ် ဖြစ်ပါသည်ဘုရား၊ စမ်းကလေးဆရာတော်က ဗုဒ္ဓ၏ကျင့်စဉ်ကို (သီလ, သမာဓိ, ပညာ) လမ်းရှည်ကျင့်စဉ်လို့ သတ်မှတ်ပါသည်ဘုရား။ သူ့ရဲ့ဝါဒလမ်းတို ကျင့်စဉ်ကိုတော့ (သီလ, သဒ္ဓါ, ပညာ) လမ်းတို ကျင့်စဉ်လို့ သတ်မှတ်ပါသည်)

စမ်းကလေးဆရာတော်၏ (လမ်းတို) ကျင့်စဉ်အရ-

(၁) သီလဟူသည် (တိတ်ခွေနောက်နား-ဘီဆိုဒ် ၂ -မိနစ်ခန့်နေရာ၌ ပြောထားသည့်အတိုင်း) မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ထိုင်နေသော ရုပ်ခန္ဓာ (အဓိဂမသီလ) ဖြစ်ပါသည်။

(၂) သဒ္ဓါဟူသည် ယုံကြည်တဲ့သဒ္ဓါနှင့် မျက်စိ, နား, နှာခေါင်း, ပါးစပ် ကိုယ် (စိတ်) လုံခြုံခြင်း အဓိဂမသဒ္ဓါဖြစ်ပါသည်။

http://www.dhammadownload.com



(၃) ပညာဟူသည် အကျိုးတရား-မဂ်ပညာဖြစ်ပါသည်။

ဤသို့လျှင် စမ်းကလေးဆရာတော်၏ လက်သစ်ကျင့်စဉ်ဟူသည် (သီလ, သဒ္ဓါ, ပညာ) အကျဉ်းချုပ် (၃)မျိုးဖြစ်ပါသည် ဘုရား။

ဗုဒ္ဓ၏ကျင့်စဉ် အကျဉ်းချုပ်ကို တင်ပြလျှောက်ထားပါဦးမည် ဘုရား။

ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာကျင့်စဉ် ဟောစဉ်မှာ (၁) သီလကျင့်စဉ် (၂)သမာဓိကျင့်စဉ် (၃) ပညာကျင့်စဉ်ဟူ၍ အကျဉ်း (၃) မျိုးဖြစ်ပါသည်။ ထိုသို့ အကျဉ်း (၃)မျိုးသာ ရှိနိုင်ကြောင်း အောက်ပါ အထောက်အထားများအရ သိရပါသည်ဘုရား ---

(က) ယာစာဝုသော ဝိသာခ သမ္မာဝါစာ၊ ယော စ သမ္မာကမ္မန္တော ယော စ သမ္မာအာဇီဝေါ၊ ဣမေ ဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ။
ယော စ သမ္မာဝါယာမော၊ ယာ စ သမ္မာသတိ၊ ယော စ သမ္မာသမာဓိ၊ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိတာ။
ယာ စ သမ္မာဒိဋ္ဌိ၊ ယော စ သမ္မာသင်္ကပ္ပေါ၊ ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ။ (မ၊ ၁။ ၃၇၅)

## မြန်မာပြန်

ဒါယကာဝိသာခ၊ မှန်သောစကား=သမ္မာဝါစာ၊ မှန်သောအမှု=သမ္မာကမ္မန္တ၊ မှန်သောအသက်မွေးမှု=သမ္မာအာဇီဝ၊ ဤတရားတို့ကို သီလအစု=သီလက္ခန္ဓာ၌ သိမ်းယူရကုန်၏။

မှန်သောအားထုတ်မှု=သမ္မာဝါယာမ၊ မှန်သောအောက်မေ့မှု=သမ္မာသတိ၊ မှန်သောတည်ကြည်မှု=သမ္မာသမာဓိ၊ ဤတရားတို့ကို တည်ကြည်မှုအစု=သမာဓိက္ခန္ဓာ၌ သိမ်းယူရကုန်၏။

မှန်သောအယူ=သမ္မာဒိဋ္ဌိ၊ မှန်သောအကြံအစည်=သမ္မာသင်္ကပ္ပ ဤတရားတို့ကို အပြားအားဖြင့် သိမှုအစု=ပညာက္ခန္ဓာ၌ သိမ်းယူရကုန်၏။

http://www.dhammadownload.com



(ခ) တထာ ဟိ ဝိနယပိဋကေ ဝိသေသေန အဓိသီလသိက္ခာ ဝုတ္တာ၊ သုတ္တန္တပိဋကေ အဓိစိတ္တသိက္ခာ၊ အဘိဓမ္မပိဋကေ အဓိပညာ သိက္ခာ။ (ဝိ၊ ဋ္ဌ။ ၁/မ။ ၁၈/ဒီ၊ ဋ္ဌ၊ ၁။ ၂၀/ ဒီ၊ ဋ္ဌ၊ ၁၊ ၂၂)

## မြန်မာပြန်

ထိုစကားကို ချဲ့ဦးအံ့၊ (အဓိစိတ္တ၊ အဓိပညာသိက္ခာတို့မှ) ထူးသော အားဖြင့် ဝိနည်းပိဋကတ်၌ အဓိသီလသိက္ခာကို ဟောတော်မူ အပ်၏၊ (အဓိသီလ-အဓိပညာသိက္ခာတို့မှ) ထူးသောအားဖြင့် သုတ္တန်ပိဋကတ်၌ အဓိစိတ္တသိက္ခာကို ဟောတော်မူအပ်၏။ (အဓိသီလ အဓိစိတ္တသိက္ခာတို့မှ)ထူးသောအားဖြင့် အဘိဓမ္မာ ပိဋကတ်၌ အဓိပညာသိက္ခာကို ဟောတော်မူအပ်၏။

(ဂ) ဘုရားအဖြစ်သို့ရောက်တော်မူ၍ (၄၅)ဝါကာလပတ်လုံး ဟော-ကြားတော်မူအပ်သော ပိဋကတ်သုံးပုံကို အဆီညစ် အနှစ်သာရ ကို ထုတ်ယူသည်ရှိသော် ဗောဓိပက္ခိယတရား (၃၇)ပါးရ၏၊ ထိုဗောဓိပက္ခိယတရား (၃၇)ပါးသည် ပိဋကတ်သုံးပုံ၏ အဆီ အနှစ်တည်း၊ တစ်ဖန် ဗောဓိပက္ခိယတရား (၃၇)ပါးကို အကျဉ်းချုံး ပြန်သည်ရှိသော် ဝိသုဒ္ဓိ (၇)ပါးဖြစ်၏၊ တစ်ဖန် ဝိသုဒ္ဓိ (၇)ပါးကို အကျဉ်းချုံးပြန်သည်ရှိသော် (သီလ, သမာဓိ, ပညာ) သုံးပါးဖြစ် ၏။ သိက္ခာသုံးပါးဟုလည်း ခေါ်၏။

(လယ်တီဒီပနီပေါင်းချုပ်ပထမတွဲ၊ ဗောဓိပက္ခိယဒီပနီ၊ စာမျက်နှာ-၂၆၆)

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းခုံရုံ ဆရာတော်ကြီးများဘုရား---

အထက်ပါ ပါဠိတော် အဋ္ဌကထာနှင့် လယ်တီဒီပနီကျမ်းတို့၏ အနှစ်ချုပ် ထုတ်ပြချက်အရ ဗုဒ္ဓရှင်တော်မြတ်၏ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အားလုံးကို အနှစ်ချုပ်သည်ရှိသော်-

http://www.dhammadownload.com



(က) (၁) အဓိသီလသိက္ခာ (၂) အဓိစိတ္တသိက္ခာ (၃) အဓိပညာ သိက္ခာ ဟု (သီလ, သမာဓိ, ပညာ) သိက္ခာ-ကျင့်စဉ် (၃)မျိုး ဖြစ်ပါသည်။

(ခ) ထိုသုံးမျိုးသော သိက္ခာ-ကျင့်စဉ်သည်ပင် (၁)သီလမဂ္ဂင် (၂) သမာဓိမဂ္ဂင် (၃) ပညာမဂ္ဂင်ဟု မဂ္ဂင်သုံးမျိုး ဖြစ်ပါသည်။

(ဂ) ထိုသုံးမျိုးသော မဂ္ဂင်သည်ပင် (၁) သီလသာသနာ (၂)သမာဓိသာသနာ (၃)ပညာသာသနာဟု သာသနာတော်ကြီး သုံးမျိုးဖြစ်ပါသည်။

(ဃ) (၁) ထိုသီလသိက္ခာ၊ သီလမဂ္ဂင်၊ သီလသာသနာဟူသည် ဝိနည်း ဒေသနာတော်အားလုံး ဖြစ်ပါသည်။
(၂) သမာဓိသိက္ခာ၊ သမာဓိမဂ္ဂင်၊ သမာဓိသာသနာဟူသည် သုတ္တန်ဒေသနာတော်အားလုံး ဖြစ်ပါသည်။
(၃) ပညာသိက္ခာ၊ ပညာမဂ္ဂင်၊ ပညာသာသနာဟူသည် အဘိဓမ္မာ ဒေသနာတော်အားလုံး ဖြစ်ပါသည်။

ဤသို့လျှင် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ကျင့်စဉ်ဟူသည် (သီလ, သမာဓိ, ပညာ) ဟု အကျဉ်းချုပ် (၃)မျိုး ဖြစ်ပါသည်ဘုရား။

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား ---

ယခု ဆက်လက်၍ စမ်းကလေး (လမ်းတို) ဆရာတော်၏ (သီလ, သမာဓိ, ပညာ)ကျင့်စဉ် (၃)ခုနှင့် ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ (သီလ, သမာဓိ, ပညာ)ကျင့်စဉ် (၃)ခုတို့၏ အသီးအသီးခြားနားချက်ကို အကျယ်ရှင်းလင်း လျှောက်ထားပါဦးမည် ဘုရား။

http://www.dhammadownload.com



ရှေးဦးစွာ (လမ်းတို) ဆရာတော်၏ သီလကျင့်စဉ်နှင့် ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ သီလကျင့်စဉ်တို့ကို နှိုင်းယှဉ် တင်ပြလျှောက်ထားပါမည် ဘုရား။

## (၁) စမ်းကလေး (လမ်းတို) ဆရာတော်၏ ကျင့်စဉ်

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ ဘုရား---

စမ်းကလေး (လမ်းတို) ဆရာတော်၏ သီလကျင့်စဉ်ဟူသည်ကို ရှေးဦးစွာ လျှောက်ထားပါမည်ဘုရား၊ ထိုသို့ လျှောက်ထားရာ၌ စမ်းကလေး (လမ်းတို) ဆရာတော်ကိုယ်တိုင် ၁၃၅၉-ခု။ ကဆုန်လပြည့် တရားတိတ်ခွေ၌ ဟောထားပုံမူရင်း ကောက်နုတ်ချက်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်ဘုရား။

(က) xxxx ခန္ဓာကိုယ် မယိမ်းမယိုင် ကျောက်စာတိုင်ထားပါ၊

* မျက်စိကလေးတွေမှိတ်ကြပါ၊

* ပါးစပ်ကလေးတွေက တိတ်ဆိတ်စွာနေပါ (ကျင့်ကွက်အတွင်းမှာ)

* လက်ခြေကလေးတွေကလဲ ငြိမ်သက်စွာ ထားကြပါ။

xxxx သီလ-သဒ္ဓါ-ပညာလမ်းတဲ့၊ ခုနဘာဝနာစခန်းမှာ ပြောသွားတယ်၊ သီလ, သဒ္ဓါ, ပညာ (ပညာကအကျိုးတရား) သီလ-သဒ္ဓါကို ပြင်ပေးတော့မယ်-

သီလ-အစောထဲကနေပြီးတော့ ဆောက်တည်ခဲ့တဲ့ ရှစ်ပါးသီလ ငါးပါးသီလ, ဆယ်ပါးသီလ၊ ရဟန်းသီလ, ရှောင်သီလxxxx ယခု သင်တို့ကို ရဟန်းရောလူရော အကုန် (ကျင့်သီလ) ကိုတင်ထားတယ်။ အဲဒီတော့ ကျင့်သီလဆိုတာ ဘယ်လိုလဲ--သင်တို့ရဲ့ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ထိုင်နေတဲ့ခန္ဓာသည်(အဓိဂမသီလ) (ကျင့်သီလ) သစ္စာကို သုတ်သုတ်ရောက်တဲ့ (သစ္စာ-သီလ) ကို ကောက်xxxx(ဘီဆိုဒ်-၂-မိနစ်ခန့်နေရာ)

http://www.dhammadownload.com



(ခ) ×××× အတိတ်က မိမိတို့ ဒါနပြုလုပ်ခဲ့တယ်၊ ဒါနတစ်ခုလုပ်ခဲ့လို့ရှိယင်ဖြင့် ပုညကြိယကုသိုလ် (၁၀)ပါးဖြစ်ပါတယ်၊ ×××× အဲ့ဒီအတိတ်ကကုသိုလ် (၁၀)ပါးသည်တဲ့၊ အကြောင်းသင်္ခါရ ကမ္မ-ဒါန, သီလ, ဘာဝနာသုံးလုံး။

ပစ္စုပ္ပန် ကိုယ့်ကိုယ်ကိုကြည့်ထုတ်ပြမယ်၊ အတိတ်က ပစ္စုပ္ပန်ကို---ဟို အတိတ်ကဒါန=အကြောင်းသင်္ခါရ၊ ပစ္စုပ္ပန်ပို့ပေးလိုက်တော့(ဘဝတစ်ခု)ဟိုကအကြောင်း ဒီက အကျိုး၊ ဟိုကအတိတ်ကမ္မ+ဒီက ဖလအကျိုး ပစ္စုပ္ပန်၊ ဖလ ခေါ်တဲ့ အကျိုးတရား။ ×××× အတိတ်ကသီလအကြောင်း ဒီမှာကပုံသဏ္ဌာန်ကြီးအကျိုး၊ ယခုထိုင်နေတယ်၊ လောကစကား၊ ပုတယ်, ရှည်တယ်, ဖြူတယ်, မည်းတယ်, ချောတယ်, လှတယ်, ဝတယ်, ပိန်တယ် အဲဒါ က အတိတ်သီလအကျိုးတရား၊ ဒါကြောင့် သင်တို့ မယိမ်းမယိုင် ထိုင်နေတဲ့ခန္ဓာသည် အဓိဂမသီလ-ကျင့်သီလ-သစ္စာသီလ ကောက်လို့ပြောခဲ့ပါတယ်×××× ဟို အတိတ်က ဘာဝနာအကြောင်း သင်္ခါရကမ္မ၊ ပစ္စုပ္ပန်မှာ-သုံးဆယ့်နှစ်ကောဋ္ဌာသအကျိုး တရား×××× ခုနအတိတ်ကအကြောင်းသင်္ခါရကမ္မမှ ပုံသဏ္ဌာန်ကြီး မိမိတို့ထိုင်နေတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒါကြောင့်မို့-အဓိဂမသီလကောက် ကျင့်သီလကောက် သစ္စာသီလကောက်××××(ဘီဆိုဒ်- ၃-မိနစ်ခန့်နေရာ)

အထက်ပါစမ်းကလေး (လမ်းတို) ဆရာတော်၏ (သီလ) ကျင့်စဉ်အရကောက်ပုံလိုရင်းကို ထပ်မံလျှောက်ထားပါဦးမည်ဘုရား။ ထိုဆရာတော်၏ သီလအရကောက်ပုံက---

အတိတ်က ဒါန, သီလ, ဘာဝနာ အကြောင်းသင်္ခါရကမ္မကြောင့်၊ ယခု ပစ္စုပ္ပန်မှာ အကျိုးဖလ ဘဝတစ်ခုအနေရရှိနေသော ပု-ရှည်-ဖြူ-မည်း-ချော-လှ-ဝ-ပိန် ဟူသော အဆင်းသဏ္ဌာန်ရှိသည့် သုံးဆယ့်နှစ်ကောဋ္ဌာသဖြင့် ပေါင်းဖွဲ့ထားသော မယိမ်းမယိုင် ကျောက်စာတိုင်လို မလှုပ်မယှက်ထိုင်နေသည့် (ရုပ်ခန္ဓာကြီး)ကို (အကျိုးခန္ဓာဖြစ်၍) အဓိဂမသီလ, ကျင့်သီလ, သစ္စာသီလ အရကောက်ရသည်ဟု ဆိုလိုပါသည်ဘုရား။

http://www.dhammadownload.com



## (၂) ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ သီလကျင့်စဉ်

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းခုံရုံး ဆရာတော်ကြီးများဘုရား။

စမ်းကလေး (လမ်းတို) ဆရာတော်၏. သီလကျင့်စဉ်အရကောက်ပုံကို ရှင်းလင်း တင်ပြပြီးနောက် ယခု ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ (သီလ) ကျင့်စဉ်အရကောက်ပုံကို တင်ပြလျှောက်ထားပါမည်ဘုရား။ အောက်ပါ ပါဠိတော် အဋ္ဌကထာတို့ကို ရှုတော်မူပါဘုရား။----

(က) တတ္ထ သီလဝိသုဒ္ဓိ နာမ သုပရိသုဒ္ဓံ ပါတိမောက္ခသံဝရာဒိ စတုဗ္ဗိဓံ သီလံ။ (ဝိသုဒ္ဓိ၊ ၂၊ ၂၂၂)

### မြန်မာပြန်

ထို (သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ-ဟူသော) နှစ်ပါးသော ဝိသုဒ္ဓိတို့တွင် သီလဝိသုဒ္ဓိမည်သည်ကား ပါတိမောက္ခသံဝရသီလ စသည် လေးပါးအပြားရှိသော သီလပေတည်း။

(ခ) ကိံသီလန္တိ စေတနာ သီလံ၊ စေတသိကံ သီလံ၊ သံဝရော သီလံ၊ အဝီတိက္ကမော သီလံ။ (ပဋိ၊ သံ။ ၄၃)

### မြန်မာပြန်

သီလဟူသည် အဘယ်နည်း ဟူသောအမေး၌ စေတနာသည် သီလမည်၏၊ စေတသိက်သည် သီလမည်၏၊ စောင့်စည်းခြင်း သည် သီလမည်၏၊ မလွန်ကျူးခြင်းသည် သီလမည်၏။

(ဂ) (၁) တတ္ထ စေတနာ သီလံ နာမ ပါဏာတိပါတာဒီဟိ ဝါ ဝိရမန္တဿ ဝတ္တပဋိပတ္တိံ ဝါ ပူရေန္တဿ စေတနာ။

### မြန်မာပြန်

ထို (ပဋိသမ္ဘိဒါမဂ်) ၌ (ဆိုသော) စေတနာသီလမည်သည်မှာ သတ္တဝါကိုသတ်ခြင်း အစရှိသည်တို့မှ ကြဉ်ရှောင်သောသူ၏ လည်းကောင်း၊ (ဥပဇ္ဈာယ်ဝတ်အစရှိသော) ကျင့်ဝတ်ပဋိပတ် ကို ဖြည့်ကျင့်သောသူ၏ လည်းကောင်း (ကုသိုလ်) စေတနာ ပေတည်း။

http://www.dhammadownload.com



(၂)စေတသိကံ သီလံ နာမ ပါဏာတိပါတာဒီဟိ ဝိရမန္တဿ ဝိရတိ။ အပိ စ စေတနာ သီလံ နာမ ပါဏာတိပါတာဒီနံ ပဇဟန္တဿ သတ္တ ကမ္မပထစေတနာ။

စေတသိကံ သီလံ နာမ အဘိဇ္ဈံ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတီတိအာဒိနာ နယေန ဝုတ္တာ အနဘိဇ္ဈာ အဗျာပါဒသမ္မာဒိဋ္ဌိဓမ္မာ။

## မြန်မာပြန်

စေတသိကသီလမည်သည်မှာ သတ္တဝါကိုသတ်ခြင်း အစရှိသည်တို့မှကြဉ်သောသူ၏ ကြဉ်ရှောင်မှု (ဝိရတီ-စေတသိက် ပေတည်း။

တနည်း ။ ✱စေတနာသီလမည်သည်မှာ သတ္တဝါကို သတ်ခြင်း စသည်တို့ကို ပယ်စွန့်သောသူ၏ ခုနစ်ပါးသော (ကုသိုလ်) ကမ္မပထစေတနာတို့ပေတည်း။

✱စေတသိက သီလမည်သည်မှာ သူတပါးစည်းစိမ်ကို ရလိုမှု၊ ရှေးရှုကြံခြင်းဟူသော အဘိဇ္ဈာကို ပယ်၍ အဘိဇ္ဈာကင်းသော စိတ်ဖြင့်နေ၏။ ဤသို့ အစရှိသောနည်းဖြင့် ဟောထား(အပ်ကုန်) သော အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ တရားတို့တည်း။

(၃) (ကက) သံဝရောသီလန္တိ ဧတ္ထ ပဉ္စဝိဓေန သံဝရော ဝေဒိတဗ္ဗော၊ ပါတိမောက္ခသံဝရော သတိ သံဝရော ဉာဏသံဝရော ခန္တိသံဝရော ဝီရိယသံဝရောတိ။

တတ္ထ ဣမိနာ ပါတိမောက္ခသံဝရေန ဥပေတော ဟောတိ သမုပေတော တိ၊ အယံ ပါတိမောက္ခသံဝရော။

http://www.dhammadownload.com



မြန်မာပြန်

ပိတ်ဆို့စောင့်စည်းခြင်းသည် သီလမည်၏ဟူရာ၌ စောင့်စည်းခြင်း (သံဝရ) သည် (၁) ပါတိမောက္ခ သံဝရ(၂)သတိသံဝရ (၃)ဉာဏသံဝရ (၄)ခန္တိ သံဝရ (၅) ဝီရိယသံဝရ ဟူ၍ ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် ဤပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံ၏။ ကောင်းစွာပြည့်စုံ၏ဟူသောဒေသနာ၌ (လာသော)ဤစောင့်စည်းမှုသည် ပါတိမောက္ခ သံဝရ ပေတည်း။

(ခ ခ) ရက္ခတိ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတီတိ အယံ သတိသံဝရော။

မြန်မာပြန်

စက္ခုန္ဒြေကိုစောင့်ရှောက်၏။ စက္ခုန္ဒြေ၌ ပိတ်ဆို့ စောင့်စည်းခြင်းသို့ ရောက်၏ ဟူသောဒေသနာ တော်၌ (လာသော) ဤစောင့်စည်းမှုသည် သတိ သံဝရပေတည်း။

(ဂ ဂ) ယာနိ သောတာနိ လောကသ္မိံ (အဇိတာတိ ဘဂဝါ သတိ တေသံ နိဝါရဏံ၊ သောတာနံ သံဝရံ)ဗြူမိ၊ ပညာယေတေ ပိဓီယျရေတိ၊ အယံ ဉာဏသံဝ ရော။ (ပစ္စယပဋိသေဝနမ္ပိ ဧတ္ထေဝ သမောဓာနံ ဂစ္ဆတိ)

မြန်မာပြန်

အဇိတ-ဟုခေါ်တော်မူ၍ မြတ်စွာဘုရားက ဟောတော်မူသည်မှာ လောက၌ အကြင် (ကိလေသာ) ရေအလျဉ်တို့သည် (ရှိကုန်၏)ထို

http://www.dhammadownload.com



(ကိလေသာ) ရေအလျဉ်တို့ကို သတိသည် တားမြစ် ပိတ်ပင်နိုင်၏ (တနည်း) ထိုကိလေသာ ရေအလျဉ်တို့ကို တားမြစ်တတ်သောတရားကား အမှတ်ရမှုသတိတည်း။ထိုကိလေသာ ရေအလျဉ်တို့ကို ပိတ်ဆို့စရာကို ပြောပြမည်။ ၎င်းတို့ကို ပညာဖြင့် ပိတ်ဆို့ရာ၏။ ဟူသောဒေသနာ၌ (လာသော) ဤ စောင့်စည်းမှုသည် ဉာဏသံဝရပေတည်း။ (ပစ္စည်းတို့ကို မှီဝဲရာ၌ဆင်ခြင်မှုသည်လည်း ဤ ဉာဏ သံဝရ၌ အတွင်းဝင်၏။)

(ဃဃ) ယော ပနာယံ ခမော ဟောတိ၊ သီတဿ ဥဏှဿာ တိ အာဒိနာ နယေန အာဂတော၊ အယံ ခန္တိသံဝရော နာမ။

မြန်မာပြန်

အအေးကို အပူကိုသည်းခံတတ်၏၊ ဤသို့ အစရှိသော နည်းဖြင့် ဟောထားသော စောင့်စည်းမှုသည်ကား ခန္တိသံဝရမည်ပေ၏။

(င င) ယော စာယံ ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေ တီတိ အာဒိနာ နယေန အာဂတော၊ အယံ ဝီရိယ သံဝရော နာမ။
(အာဇီဝပါရိသုဒ္ဓိပိ ဧတ္ထေဝ သမောဓာနံ ဂစ္ဆတိ)

မြန်မာပြန်

ဖြစ်ပေါ်လာသော ကာမအကြံအစည်ကို လက်မခံ၊ ဤသို့အစရှိသောနည်းဖြင့် ဟောထားသော စောင့်စည်းမှုသည်ကား ဝီရိယသံဝရမည်၏။ (အသက်မွေးမှု စင်ကြယ်ခြင်း)အာဇီဝပါရိသုဒ္ဓိ သီလ သည်လည်း ဤဝီရိယသံဝရအတွင်းဝင်၏။

http://www.dhammadownload.com



(၄) အဝီတိက္ကမော သီလန္တိ သမာဒိန္နသီလဿ ကာယိကဝါစသိကော အနတိက္ကမော။ ကွဒံ တာဝ ကိံသီလ- ပဥ္စဿ ဝိဿဇ္ဇနံ။ (ဝိသုဒ္ဓိ၊ ၁။ ၇-၈။ပဋိသံ၊ ဋ၊၁။ ၂၀၁-၂)

မြန်မာပြန်

မလွန်ကျူးခြင်းသည် သီလမည်၏ ဟူရာ၌ သီလ ဆောက်တည်ထားသောသူ၏ ကိုယ်၌ဖြစ်သော မလွန်ကျူးခြင်း "နှုတ်"၌ဖြစ်သော မလွန်ကျူးခြင်းကို ဆိုသည်။ ဤသို့ဆိုခဲ့သောစကားစုသည် သီလ ဟူသည် အဘယ်နည်းဟူသော မေးခွန်း၏ အဖြေ ဖြစ်သည်။

(ဃ) ယာစာဝုသော ဝိသာခ သမ္မာဝါစာ၊ ယောသမ္မာကမ္မန္တော ယော စ သမ္မာအာဇီဝေါ၊ ဣမေ ဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ (မ၊ ၁။ ၃၇၅)

မြန်မာပြန်

ဒါယကာ ဝိသာခ၊ မှန်သောစကား=သမ္မာဝါစာ၊ မှန်သောအမှု သမ္မာကမ္မန္တ၊ မှန်သောအသက်မွေးမှု=သမ္မာအာဇီဝ၊ ဤတရားတို့ကို သီလအစု (သီလက္ခန္ဓ)၌ သိမ်းယူရကုန်၏။

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်း မှိုရ် ဆရာတော်ကြီးများဘုရား-

အထက်ဖော်ပြပါ ကျမ်းဂန်အထောက်အထားများအရ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သီလ, သရုပ်အရကောက်တို့ကို လိုရင်းထပ်မံလျှောက် ထားပါဦးမည် ဘုရား။

http://www.dhammadownload.com



## သီလသရုပ်

အမှတ်(ခ) အထောက်အထား ပါဠိအရ သီလသည်-

(၁)စေတနာသီလ (၂)စေတသိကသီလ (၃)သံဝရသီလ (၄)အဝီတိက္ကမသီလဟု လေးမျိုးအပြား ရှိပါသည်။ တနည်း-အမှတ် (ဂ) ကျမ်းဂန် အထောက်အထားအရ (၃) (ဂဂ) (ငင)အဋ္ဌကထာအဖွင့်၌ ပစ္စယသန္နိဿိတ သီလကို ဉာဏသံဝရ၌ သွင်းယူ၍ အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယသံဝရ၌ သွင်းယူထားသောကြောင့်----

(၁) (စေတနာသီလ၊ စေတသိကသီလ၊ သံဝရသီလအပြားလာ ပါတိမောက္ခသံဝရနှင့် အဝီတိက္ကမသီလတို့ပါဝင်သော) ပါတိမောက္ခသံဝရသီလ။

(၂) (သတိသံဝရ+ဉာဏသံဝရ+ခန္တိသံဝရ+ဝီရိယသံဝရတို့ ပါဝင်သော ဣန္ဒြိယသံဝရသီလ။

(၃) ဉာဏသံဝရ၌ သွင်းယူထားသော ပစ္စယသန္နိဿိတသီလ။

(၄) ဝီရိယသံဝရ၌ သွင်းယူထားသော အာဇီဝပါရိသုဒ္ဓိသီလဟု တစ်နည်း(၄)မျိုးပြားပါသည်။

## တရားကိုယ်အရကောက်

အထက်ပါ ပါဠိတော် အဋ္ဌကထာကျမ်းဂန် အထောက်အထားများအရ သီလအရ အဘိဓမ္မာသဘော တရားကိုယ်ကောက်လျှင်-----

(၁) စေတနာ၊ ဝိရတီသုံးပါး၊ အလောဘ၊ အဒေါသ၊ ပညာတို့ ဖြစ်ပါသည်။

(၂) ဣန္ဒြိယသံဝရသီလဟူသည် သတိ၊ ပညာ၊ အဒေါသ၊ ဝီရိယတို့ဖြစ်ပါသည်။

(၃) ပစ္စယသန္နိဿိတသီလဟူသည် ပညာဖြစ်ပါသည်။

(၄) အာဇီဝပါရိသုဒ္ဓိသီလဟူသည် ဝီရိယဖြစ်ပါသည်။

အားလုံးခြုံ၍ တူရာပေါင်းလိုက်လျှင် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သီလအရကောက်မှာ စေတနာ+ဝိရတီ (၃) ပါး+ အလောဘ+ အဒေါသ+ ပညာ+ဝီရိယ+သတိတို့ဖြစ်ပါသည်။ တနည်းအားဖြင့် အဘိဓမ္မာသဘောအရ စေတသိက်တို့ မည်သည်မှာ စိတ်ကိုမမှီဝဲဘဲ ဖြစ်ရိုးဓမ္မတာမရှိသဖြင့် ထိုစေ

http://www.dhammadownload.com



တသိက်တို့နှင့်ယှဉ်ဘက် (စိတ်ကိုပါ) အရကောက်ရ၍ ထိုစေတသိက်များ ပြဋ္ဌာန်းသော (စိတ်အပါအဝင်) စိတ္တုပ္ပါဒ်(နာမ်)တရားများဖြစ်ပါသည်။

## (၃) စမ်းကလေး (လမ်းတို)သီလနှင့်ဗုဒ္ဓ၏ သီလတို့ကို နှိုင်းယှဉ်ခြင်း

သဘာပတိဆရာတော်ကြီးနှင့်အမှတ်(၁၁)နိုင်ငံတော်သီးခြား ဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား

စမ်းကလေး(လမ်းတို) ဆရာတော်၏ သီလကျင့်စဉ်နှင့် ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ သီလကျင့်စဉ်တို့ကို နှိုင်းယှဉ်ပြပါမည်ဘုရား။

(က) စမ်းကလေး(လမ်းတို) ဆရာတော်ကြီး၏ သီလကျင့်စဉ်ဟူသည်- ကျောက်စာတိုင်လို မယိမ်းမယိုင် ငုတ်တုတ်ထိုင်နေသော ရုပ်ခန္ဓာကြီးဖြစ်ပါသည်။

(ခ) ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ သီလကျင့်စဉ်ဟူသည်(သီလ-သိက္ခာ+သီလမဂ္ဂင်+ သီလ သာသနာ+ ဝိနည်းပိဋကတ်တော်ကြီး၌ အကျုံးဝင်သော) စေတနာ+ဝိရတီ(၃)ပါး+အလောဘ+အဒေါသ+ ပညာ+ဝိရတီ+သတိစေတသိက်များ ပြဋ္ဌာန်းသော (စိတ်အပါ အပါအဝင်) စိတ္တုပ္ပါဒ် (နာမ်)တရားများဖြစ်ပါသည်။

အထက်ပါနှိုင်းယှဉ်ချက်အရ -

လမ်းတိုကျင့်စဉ်ပိုင်ရှင် (စမ်းကလေးဆရာတော်၏) ကျောက်စာတိုင်လို မယိမ်းမယိုင် ငုတ်တုတ်ထိုင် ရုပ်ခန္ဓာကိုယ်ကြီးကို (အဓိဂ-မသီလ) ကောက်ဟူသော ဟောစဉ်, ကျင့်စဉ်သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် (လုံးဝ)လွဲချော် မှားယွင်းနေသော မိစ္ဆာဝါဒ+အမွေ ဝါဒဆိုးကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သီလ+သိက္ခာ +သီလမဂ္ဂင်+သီလသာသနာ+ဝိနည်း ပိဋကတ် တော်ကြီးအားလုံး ကို (လုံးဝ)ဖယ်ရှား ဖျက်ဆီး နေသော ဧရာမ သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီးဖြစ်ပါသည်ဘုရား။

ထိုသို့ဖြစ်ပါသောကြောင့် ထိုစမ်းကလေး (လမ်းတို) သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး၏(မိစ္ဆာဝါဒ+အမွေဝါဒ)အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ် သုံးသပ် ဆုံးဖြတ်ပယ်ကြဉ် သုတ်သင်ရှင်းလင်း ပေးတော်မူပါရန် (တင်ပြ လျှောက်ထား) စောဒနာအပ်ပါသည်ဘုရား။

http://www.dhammadownload.com



## အမှတ်(၃) လျှောက်ထားစာဒနာချက်

**စမ်းကလေး(လမ်းတို)ဆရာတော်၏ သမာဓိဖြုတ်-သဒ္ဒါအလွဲလုပ်ကျင့်စဉ် နှင့်ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သမာဓိကျင့်စဉ်တို့ကို နှိုင်းယှဉ်ပြခြင်း**

**(၁) စမ်းကလေး (လမ်းတို) ဆရာတော်၏ သမာဓိဖြုတ်၊ သဒ္ဒါအလွဲလုပ် ကျင့်စဉ်**

သဘာပတိဆရာတော်ကြီးနှင့်အမှတ်(၁၁)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။----------

စမ်းကလေး(လမ်းတို)ဆရာတော်၏ သမာဓိဖြုတ်၊သဒ္ဒါအလွဲလုပ်သည့် ကျင့်စဉ်ကို ထိုဆရာတော်ကိုယ်တိုင် ဟောထားသော ၁၃၅၉-ခု၊ ကဆုန် လပြည့် တရားတိတ်ခွေ၌ ဟောထားပုံမူရင်း ကောက်နုတ်ချက်ကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်ဘုရား။

(က) ××××သဒ္ဒါအလယ်ဆိုတော့ အခုရောင်ခြည်တော်လွှတ်ခြင်းနဲ့တကွ ရဟန်းလူရှင် သူတော်စင်တို့က ယုံကြည်တဲ့သဒ္ဒါနဲ့လာတာ မဟုတ် လား၊ အဲဒါ ယုံကြည်တဲ့သဒ္ဒါ အပြင်သဒ္ဒါ၊ နောက်အတွင်း သဒ္ဒါ+ အဓိဂမသဒ္ဒါ-ပြောင်းမယ်၊ သဒ္ဒါအလယ်နော်၊ သစ္စာလည်း တိုးခုတယ်မှတ်ထား။ (အေဆိုဒ် ၂၉ မိနစ်ခန့်နေရာ)

(ခ) ××သဒ္ဒါအတွက် စမ်းကလေးဆရာတော်ကို ကံအသစ်ထပ်ဆင့် သော ပုဂ္ဂိုလ်အစ-အများအဆုံး-အပြင်သဒ္ဒါ၊ အဲဒီအပြင်သဒ္ဒါမှ အတွင်းသဒ္ဒါကို ရွှေ့လိုက်တယ်။ ရွှေ့ထားတာဘယ်လိုတုံး၊ ထို ရဟန်းလူရှင် သူတော်စင် တစ်ခုခုကိုကြည့်၊ တရားခန္ဓာမှာ မိမိတို့သည် မျက်စိ, နား, နှာခေါင်း,ပါးစပ်, ကိုယ်, စိတ်(ဒါကြောင့် ကုန်းရှိမခိုးနဲ့ပြောတာပေါ့)အဲ့ဒီ လုံခြုံခြင်းသည် အဓိဂမသဒ္ဒါ ကောက်၊ ကျင့်သဒ္ဒါကောက်။ (ဘီဆိုက် ၄ မိနစ်ခန့်နေရာ)

(ဂ) အဲဒီ သီလပြည့်စုံပြီးတော့ သမာဓိတစ်နှစ်, နှစ်နှစ်, ဆယ်နှစ် အနှစ် နှစ်ဆယ်, သုံးဆယ် မထူထောင်ရဘူးလား၊ ဒီကြားထဲမှာ မသေဘူး လို့(အသက်ကို) ဘယ်သူတာဝန်ယူမလဲ၊×××××××××

http://www.dhammadownload.com



တစ်မဂ်မရဘဲသေတော့ အပါယ်ကလွတ်ပါ့မယ်လို့ တာပန်ဘယ်သူ-ယူသတုံး။ (အေဆိုဒ် ၂၆ မိနစ်ခန့်နေရာ)

အထက်ပါ စမ်းကလေး(လမ်းတို) ဆရာတော်၏ ဟောပြောချက်အရ သဒ္ဓါအလွဲကောက်ပုံနှင့် သမာဓိပယ်ဖြုတ်ပုံကို လိုရင်းလျှောက်ထားပါဦးမည်ဘုရား။

(က) ထိုဆရာတော်၏ သဒ္ဓါအရကောက်လိုရင်းက ဒီလိုပါတဲ့ဘုရား သဒ္ဓါက အပြင်သဒ္ဓါ+အတွင်းသဒ္ဓါဟု(၂)မျိုးရှိပါသည်တဲ့ဘုရား၊ အပြင်သဒ္ဓါဆိုတာ ရောင်ခြည်တော်လွှတ်ခြင်းနှင့်တကွ ကံအသစ်ထပ်ဆင့်သော ပုဂ္ဂိုလ်တို့၏ ယုံကြည်တဲ့ သဒ္ဓါဖြစ်ပါသည်တဲ့ဘုရား။ အတွင်း သဒ္ဓါဆိုတာကမျက်စိ, နား, နှာခေါင်း, ပါးစပ်, ကိုယ်, စိတ်လုံခြုံခြင်းဖြစ်ပါသည်တဲ့ဘုရား။

( ခ) သမာဓိပယ်ဖြုတ်ပုံက ဒီလိုပါတဲ့ဘုရား။ သမာဓိကို ပွားနေလို့ လွယ်လွယ်နဲ့ တရားမရနိုင် အနှစ်(၂၀) (၃၀) ကြာချင်ကြာမည်၊ အဲ့ဒီကြားထဲ တစ်မဂ်မရဘဲ သေရင် အပါယ်ကျနိုင်သည်၊ အဲဒါကြောင့် သမာဓိကို ဖြုတ်ရပါ သည်တဲ့ဘုရား။

အထက်ပါစမ်းကလေး (လမ်းတို) ဆရာတော်၏ ဟောကွက်, ကျင့်ကွက်များ၌-

(က) ဗုဒ္ဓဒေသနာတော်လာ သဒ္ဓါကို အလွဲကောက်ခြင်း အပြစ်၊
( ခ) သမာဓိကျင့်စဉ်ကို ဖြုတ်ပယ်ခြင်း အပြစ်ဟု အပြစ်(၂)မျိုးပါရှိပါသည်ဘုရား။

**(၂) (က) ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ သဒ္ဓါအရကောက်ပုံ**

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြားဝိနည်းဆရာတော်ကြီးများဘုရား။

အထက်ပါစမ်းကလေး (လမ်းတို) ဆရာတော်၏ ဟောပြောကွက်၌ ဣန္ဒြိယ သံဝရသီလကို အစိဂမသဒ္ဓါဟု အလွဲကောက်ပြပါသည်ဘုရား၊ ဗုဒ္ဓ၏ ဒေသနာတော်၌ ထိုသို့ ကောက်ယူခြင်းမျိုးမရှိပါ၊ အောက်ပါကျမ်းဂန်များကို ရှုတော်မူပါဘုရား။

http://www.dhammadownload.com



(က) သဒ္ဓေါတိ သဒ္ဓါယ သမန္နာဂတော၊ သဒ္ဓါ ပနေသာ အာဂမသဒ္ဓါ, အဓိဂမသဒ္ဓါ, ဩကပ္ပနသဒ္ဓါ, ပသာဒသဒ္ဓါတိ စတုဗ္ဗိဓာ။

## မြန်မာပြန်

သဒ္ဓါဟူသည် ယုံကြည်မှုသဒ္ဓါနှင့် ပြည့်စုံသူဖြစ်၏။
ထိုသဒ္ဓါသည် (၁)အာဂမသဒ္ဓါ (၂) အဓိဂမသဒ္ဓါ (၃)ဩကပ္ပနသဒ္ဓါ
(၄) ပသာဒသဒ္ဓါဟု လေးမျိုးပြား၏။

(ခ) (၁) တတ္ထ သဗ္ဗညုဗောဓိသတ္တာနံ သဒ္ဓါ အဘိနီဟာရတော ပဋ္ဌာယ အာဂတတ္တာ အာဂမသဒ္ဓါ နာမ။
(၂) အရိယသာဝကာနံ ပဋိဝေဓေန အဓိဂတတ္တာ အဓိဂမသဒ္ဓါ နာမ။
(၃) ဗုဒ္ဓေါ ဓမ္မော သံဃောတိ ဝုတ္တေ အစလဘာဝေန ဩကပ္ပနံ ဩကပ္ပနသဒ္ဓါ နာမ။
(၄) ပသာဒုပ္ပတ္တိ ပသာဒသဒ္ဓါ နာမ။
(၅) ဣဓ ဩကပ္ပနသဒ္ဓါ အဓိပ္ပေတာ(အံ၊ဋ္ဌ၊၃။၂၆-၇။မ၊ဋ္ဌ၊၂။၂၂၅)

## မြန်မာပြန်

(ခ) (၁) ထိုလေးမျိုးတို့တွင် သဗ္ဗညုဘုရားအလောင်းတော်တို့၏ သဒ္ဓါသည် ဘုရားဆုပန် ယူတော်မူ သည်မှစ၍ ရရှိလာသောကြောင့် အာဂမသဒ္ဓါမည်၏။
(၂) အရိယာ ပုဂ္ဂိုလ်တို့၏ သဒ္ဓါသည် သစ္စာ(၄)ပါးကို(ပဋိဝေဓ ဉာဏ်ဖြင့်) ထိုးထွင်း သိမြင်တော်မူသည့်အတွက် ရရှိလာခြင်း ဖြစ်သောကြောင့် အဓိဂမသဒ္ဓါမည်၏။
(၃) ဘုရား, တရား, သံဃာ (ဂုဏ်တော်များ) အကြောင်းကို ပြောဆိုအပ်သော် မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါ သည် ဩကပ္ပနသဒ္ဓါမည်၏။
(၄) ဘုရား, တရား, သံဃာ (ဂုဏ်တော်များ) အကြောင်းကို ပြောဆိုအပ်သော်လည်းကောင်း၊ မပြောဆိုအပ်သော်လည်းကောင်း) သာမန်ကြည်ညိုခြင်းဖြစ်ရုံမျှ သဒ္ဓါသည် ပသာဒ သဒ္ဓါမည်၏။

၆၊

http://www.dhammadownload.com



(၅) ဤ (ပဓာနိယင်္ဂ) အရာ၌ ဩကပ္ပနသဒ္ဓါကိုသာ အလိုရှိအပ်၏။

အထက်ပါအထောက်အထားများအရ သဒ္ဓါအရကောက်ပုံကို လိုရင်း ထပ်မံလျှောက်ထားပါဦးမည်ဘုရား။ အထက်ပါ အဋ္ဌကထာအဖွင့်သည် တရားထူးရရန် (ကြိုတင်) ပြည့်စုံရမည် အင်္ဂါ(၅)မျိုး(ပဓာနိယင်္ဂတရားတို့ကို) ပြဆိုသော ပါဠိတော်ကို ဖွင့်ဆိုသော အဖွင့်ဖြစ်ပါသည်ဘုရား၊ ထိုပဓာ နိယင်္ဂတရား(၅)မျိုးတို့တွင် (သဒ္ဓါအရ) (ဩကပ္ပနသဒ္ဓါ)ကို အရကောက် ရမည်ဟု ဖွင့်ပြပါသည်ဘုရား။

## သဒ္ဓါနှိုင်းယှဉ်ချက်

(က) စမ်းကလေး(လမ်းတို) ဆရာတော်၏တရားထူးရရန် ပြည့်စုံရမည့် သဒ္ဓါကား(ကြ္မဿကတာသမ္မာဒိဋ္ဌိ ကို အလွဲကောက်သော) အဓိဂမသဒ္ဓါ ဖြစ်ပါသည်။

(ခ) ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ တရားထူးရရန် ပြည့်စုံရမည့် သဒ္ဓါကား ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော ဩကပ္ပနသဒ္ဓါဖြစ်ပါသည်။

ဤနှိုင်းယှဉ်ချက်အရ စမ်းကလေး (လမ်းတို)ဆရာတော်၏ မျက်စိ, နား နှာခေါင်း, ပါးစပ်,ကိုယ်, စိတ်လုံခြုံခြင်း(ကြ္မဿကတာသမ္မာဒိဋ္ဌိ)ကို သဒ္ဓါအရကောက်သော ဟောကွက် ကျင့်ကွက်သည် ဗုဒ္ဓ၏ထေရ ဝါဒ ဒေသနာတော်နှင့် (လုံးဝ)ဆန့်ကျင်လွဲချော်မှားယွင်းနေသော (မိစ္ဆာဝါဒ+အဓမ္မဝါဒ)ဆိုးကြီး ဖြစ်ပါသည်ဘုရား။

ထို့အပြင် စမ်းကလေး(လမ်းတို) ဆရာတော်၏ သဒ္ဓါအရကောက် သည် သာမန် သဒ္ဓါမဟုတ်ဘဲ (ဘာသစ္စာမျှထိုးထွင်းမသိသူ၊ သူသာဝက တို့အား) (အဓိဂမသဒ္ဓါကို) အရကောက်ပေးလိုက်သဖြင့် ၎င်း၏ဟောကွက် ကျင့်ကွက်သည် အထက်ပါအဋ္ဌကထာ အဖွင့်ရ အရိယာတို့သာ (ပဋိဝေဓ ဉာဏ်ဖြင့်) သစ္စာကိုထိုးထွင်းသိမြင်ခြင်းကြောင့် ရရှိအပ်သော သဒ္ဓါကိုသာ (အဓိဂမသဒ္ဓါ)ဟု ကောက်ယူရသော ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်နှင့် (လုံးဝ) ဆန့်ကျင်လွဲချော်မှားယွင်းနေသော (နှစ်ထပ်ကွမ်း) မိစ္ဆာဝါဒ+ အဓမ္မ ဝါဒဆိုးကြီးသာ ဖြစ်ပြန်ပါသည်ဘုရား။

http://www.dhammadownload.com



စမ်းကလေးဆရာတော်သည် ထိုမိစ္ဆာဝါဒ၊အဓမ္မဝါဒဆိုးကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ သမာဓိ,ကျင့်စဉ် (ပဋိပတ္တိသာသနာတော်) ကို (လုံး၀)ဖယ်ရှားဖျက်ဆီးနေသော(ဧရာမ) သာသနာဖျက်ပုဂ္ဂိုလ်ဆိုးကြီး ဖြစ်ပါသည်ဘုရား။

ထိုသို့ဖြစ်ပါသောကြောင့် ထိုစမ်းကလေး(လမ်းတို) သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး၏ မိစ္ဆာဝါဒ၊အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ် သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ်သုတ်သင်ရှင်းပေးတော်မူပါရန် (တင်ပြလျှောက်ထား) စောဒနာအပ်ပါသည်ဘုရား။

(၂) (ခ)ဗုဒ္ဓ၏ ဒေသနာတော်လာသမာဓိကျင့်စဉ်ကို မဖြုတ်သင့်ပုံ

သဘာပတိဆရာတော်ကြီးနှင့်အမှတ် (၁၁)နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။

စမ်းကလေးလမ်းတိုဆရာတော်သည် တပြည့်တော်များ ရှေ့နား၌ ထုတ်ပြခဲ့သလို သူ့ဟောကြားချက်အတိုင်းအနှစ်(၂၀)(၃၀)သမာဓိ ထူထောင် လို့-မရနိုင်၊ ဘာညာအပြစ်ရှာ၍ သမာဓိကိုဖြုတ်၍ (အလွဲသဒ္ဓါကို အစား ထိုးခဲ့ပါသည်) အမှန်မှာ ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်၌ ထိုသို့ အနှစ် (၂၀)(၃၀)ကြာအောင် သမာဓိထူထောင်ရမည်ဟု မလာရှိပါ၊ မိမိကိုယ်တိုင် လည်း သမာဓိတရားရသည်အထိ အားမထုတ်နိုင်လောက်အောင် ဖျင်း၍ ၊ သူ့သာ၀ကများကလည်း တရားအားထုတ်ရမှာပျင်းသဖြင့် အဖျင်း နှင့်အပျင်းပေါင်းကာ အဆန်းထွင်ဝါဒ လက်သစ်မူအရ သူ့ကိုသာယုံ, သူ့တရား ကိုသာယုံ သောတာပန်ဖြစ်ရမည်ဟု ညာဝါး သြဝါဒပေးနေသော (လမ်းတို)ဆရာကြီးနှင့်သူ့သြဝါဒကို နဖူးမြေကျ လိုက်နာနေကြသော သာ၀က အပျင်းများအတွက်တော့ နှစ်ပေါင်း (၂၀)(၃၀)မက ကမ္ဘာ(၂၀)(၃၀)ကြာလည်း ဘာသမာဓိမှ ရနိုင်မည်မဟုတ်ပါဘုရား။ ဗုဒ္ဓ၏ဒေသနာတော်လာ သမာဓိ တရားမှာ ထိုဆရာတော်ကြီးရမ်းတော ဟောသလိုမဟုတ်ကြောင်းကို ဆက် လက်လျှောက်ထားပါဦးမည်ဘုရား။ ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ သမာဓိကျင့်စဉ်အကြောင်း သိကောင်းစရာများကို အောက်ပါကျမ်းဂန် ဒေသနာများနှင့်အညီ တင်ပြလျှောက်ထားပါဦးမည်ဘုရား။

http://www.dhammadownload.com



(က) စိတ္တဝိသုဒ္ဓိနာမ သဥပစာရာ အဋ္ဌသမာပတ္တိယော၊ တာပိ စိတ္တသီသေန ဝုတ္တသမာဓိနိဒ္ဒေသေ သဗ္ဗာကာရေန ဝိတ္ထာ-ရိတာဝ၊ တသ္မာ တာ တတ္ထ ဝိတ္ထာရိတနယေနေဝ ဝေဒိ-တဗ္ဗာ (ဝိသုဒ္ဓိ၊၂။၂၂၂)

မြန်မာပြန်

စိတ္တဝိသုဒ္ဓိမည်သည်ကား ဥပစာရသမာဓိနှင့်တကွ ရှစ်ပါးသော သမာပတ်တို့ပေတည်း။ ထိုသမာပတ်တို့ကို လည်း စိတ်ကို ပဓာနပြု၍ ဟောထားသော(သမာဓိ)ကို အကျယ်ပြရာ(သမာဓိနိဒ္ဒေသ)၌ ခပ်သိမ်းသော အခြင်း အရာအားဖြင့် အကျယ်ချဲ့၍ ပြအပ်ပြီးသည်သာလျှင် တည်း။ထိုသို့သမာပတ်တို့ကို အကျယ်ပြခဲ့ ပြီးသော ကြောင့် ထို (သမာပတ်)တို့ကို ထို(သမာဓိနိဒ္ဒေသ)၌ အကျယ်ချဲ့၍ ပြခဲ့သောနည်းဖြင့်သာလျှင် သိ(နားလည်၍ပြည့်စုံစေ) အပ်ကုန်၏။

(ခ) ဒုဝိဓောယေဝ ဟယံ ဣမအေဝိပွေတော ဥပစာရသမာဓိ စေဝ အပ္ပနာသမာဓိ စ၊ တတ္ထ ဒသသု ကမ္မဋ္ဌာနေသု အပ္ပနာပုဗ္ဗ ဘာဂစိတ္တေသု စ ဧကဂ္ဂတာ ဥပစာရသမာဓိ။

အဝသေသကမ္မဋ္ဌာနေသု စိတ္တေကဂ္ဂတာ အပ္ပနာ သမာဓိ။ သော ဒုဝိဓောပိ တေသံ ကမ္မဋ္ဌာနာနံ ဘာဝိတတ္တာ ဘာဝိတော ဟောတိ။ (ဝိသုဒ္ဓိ၊၁။၃၆၈)

မြန်မာပြန်

မှန်ပေ၏၊ ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိဟူသော နှစ်ပါး အပြားရှိသော ဤသမာဓိကိုသာလျှင်(စိတ္တံဘာဝယံ) စိတ်ကိုပွားစေသော်ဟူသော ဤအရာ၌ အလိုရှိအပ်ပေ သည်။ ထိုနှစ်ပါးတို့တွင် ဗုဒ္ဓါနုဿတိစသော ဆယ်ပါး သော ကမ္မဋ္ဌာန်းတို့၌လည်းကောင်း၊ အပ္ပနာ၏ ရှေ့အဖို့ ဖြစ်သော စိတ်တို့၌လည်းကောင်း တစ်ခုတည်းသော အာရုံ ရှိသည်၏ အဖြစ်ဟူသော ဧကဂ္ဂတာသည် ဥပစာရသမာဓိ ပေတည်း။

http://www.dhammadownload.com



ကြွင်းသော(၃၀)သော ကမ္မဋ္ဌာန်းတို့၌ စိတ်၏ တစ်ခုတည်းသော အာရုံရှိသည်၏ အဖြစ်ဟူသော ဧကဂ္ဂတာသည် အပ္ပနာသမာဓိပေတည်း။ နှစ်ပါးလုံးသော ထိုသမာဓိသည် (၄၀)သော ကမ္မဋ္ဌာန်းတို့ကို ပွားစေပြီး ဖြစ်သောကြောင့် ပွားစေအပ်ပြီး ဖြစ်လေပြီ။

(ဂ) သမထယာနိကဿ ဟိ ဥပစာရပ္ပနာဘေဒံ သမာဓိံ ဣတရဿ ခဏိကသမာဓိံ, ဥဘယေသမ္ပိ ဝိမောက္ခမုခတ္တယံ ဝိနာ န ကဒါစိပိ လောကုတ္တရာဓိဂမော သမ္ဘဝတိ။တေနာဟ "သမာဓိဉ္စေဝ ဝိပဿနဉ္စ ဘာဝယမာနော"တိ။

(ဝိသုဒ္ဓိ၊ဋီ၊ ၁။၁၅)

မြန်မာပြန်

သမထယာနိကအား ဥပစာ၊ အပ္ပနာအားဖြင့် ကွဲပြားသော သမာဓိနှစ်မျိုးကို ကြဉ်၍ တစ်ရံတစ်ခါမျှလည်း လောကုတ္တရာတရားကို ရခြင်းသည် မဖြစ်နိုင်။

ဝိပဿနာယာနိကအား ခဏိကသမာဓိကိုကြဉ်၍ တရံတခါမျှလည်း လောကုတ္တရာတရားကို ရခြင်းသည်မဖြစ်နိုင်။ သမထယာနိက ဝိပဿနာယာနိက နှစ်ဦးလုံးတို့အားလည်း အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာဟူသော ဝိမောက္ခမုခ သုံးမျိုးကိုကြဉ်၍ တရံတခါမျှလည်း လောကုတ္တရာတရားကို ရခြင်းသည်မဖြစ်နိုင်၊ ထို့ကြောင့် သမာဓိကိုလည်းကောင်း၊ ဝိပဿနာကိုလည်းကောင်း ပွားစေသော်ဟူ၍ အဋ္ဌကထာ၌ ဖွင့်ဆိုတော်မူ၏။

(ဃ) ခဏိကစိတ္တေကဂ္ဂတာတိ ခဏမတ္တဋ္ဌိတိကော သမာဓိ၊ သောပိ ဟိ အာရမ္မဏေ နိရန္တရံ ဧကာကာရေန (ပ)အပ္ပိတော ဝိယ စိတ္တံ နိစ္စလံ ဌပေတိ။ (ဝိသုဒ္ဓိ၊ ဋီ၊၁။၃၄၂)

မြန်မာပြန်

ခဏိကစိတ္တေကဂ္ဂတာဟူသည်ကား ဝိပဿနာစိတ်အခိုက်အတန့်မျှတည်ခြင်းရှိသော တည်ကြည်မှုပေတည်း၊

http://www.dhammadownload.com



မှန်ပေ၏။ထိုဝိပဿနာခဏိကသမာဓိသည်လည်း ရှုမှတ်အပ်သော ရုပ်နာမ်အာရုံ၌ တစ်မျိုးတည်းသော တည်ကြည်ပုံ အခြင်းအရာအားဖြင့် မခြားမပြတ် တစပ်တည်း ဖြစ်လတ်သော် ဆန့်ကျင်ဘက်နီဝရဏက မနှိပ်စက် မနှောင့်ယှက်အပ်သည်ဖြစ်၍ အာရုံ၌သက်ဝင်သော ဈာန်သမာဓိကဲ့သို့ (ဝါ) အပ္ပနာသမာဓိကဲ့သို့ ဝိပဿနာ စိတ်ကို မတုန်မလှုပ် တည်တံ့စွာထားနိုင်၏။

(င) ယော စ သမ္မာဝါယာမော၊ ယာ စ သမ္မာသတိ ယော စ သမ္မာသမာဓိ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိတာ။

(မ၊၁။ ၃၇၅)

## မြန်မာပြန်

မှန်ကန်သောအားထုတ်မှု=သမ္မာဝါယာမ၊ မှန်ကန်သောအောက်မေ့မှု=သမ္မာသတိ၊ မှန်ကန်သောတည်ကြည်မှု=သမ္မာသမာဓိ၊ ဤတရားတို့ကို တည်ကြည်မှုအစု=သမာဓိက္ခန္ဓာ၌ သိမ်းယူရကုန်၏။

သဘာပတိ ဆရာတော်ကြီးနှင့်အမှတ်(၁၁) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား-

အထက်ဖော်ပြပါ ကျမ်းဂန်အထောက်အထားများအရ ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ(သမာဓိ)ကျင့်စဉ် အကြောင်းကို လိုရင်းထပ်မံလျှောက်ထားပါဦးမည်ဘုရား။-------ဗုဒ္ဓ၏ သမာဓိကျင့်စဉ်၌ (၁) ဥပစာရသမာဓိ (၂) အပ္ပနာသမာဓိ (၃) ခဏိကသမာဓိ,ဟု သမာဓိ (၃)မျိုးရှိပါသည်ဘုရား။

(၁) ဥပစာရသမာဓိဟူသည်-------

(က) ဗုဒ္ဓါနုဿတိအစ-မရဏာနုဿတိ အထိ အနုဿတိတရား (၈)ပါး၊ အာဟာရေပဋိကူလသညာ+စတုဓာတု ဝဝတ္ထာန်ဟူသော သမထကမ္မဋ္ဌာန်း(၁၀)တို့တွင် တစ်ခုခုကိုပွားများအားထုတ်သူ သန္တာန်၌ စိတ်၏တစ်ခုတည်းသော အာရုံရှိသည်၏အဖြစ်ဟူသော (ဧကဂ္ဂတာ)သည် ဥပစာရသမာဓိ မည်ပါသည်။

http://www.dhammadownload.com



မှတ်ချက်။ ။ဤအမည်သည်ကား မုချဥပစာရသမာဓိမဟုတ်ပါ။ သဒိသူပစာရအားဖြင့် ဥပစာရသမာဓိ ဟု ခေါ်ခြင်းဖြစ်ပါသည်။

(ခ) ဤ(၁၀)ပါးမှကြွင်းသော ကသိုဏ်း (၁၀)ပါး၊ အသုဘ(၁၀)ပါး ကာယဂတာသတိ၊အာနာပါနဿတိ၊အပ္ပမညာ(၄)ပါး၊အာရုပ္ပ (၄)ပါးဟူသော သမထကမ္မဋ္ဌာန်း(၃၀)တို့တွင် တစ်ခုခုကို ပွားများအားထုတ်သူ၏ သန္တာန်၌ အပ္ပနာစျာန်၏ ရှေ့အဖို့ (အပ္ပနာအနီးအနား)သို့ကပ်ရောက်လျက်ဖြစ်သော စိတ်၏ တစ်ခုတည်းသော အာရုံရှိသည်၏ အဖြစ်ဟူသော(ဧကဂ္ဂ တာ)သည် ဥပစာရသမာဓိမည်ပါသည်။

မှတ်ချက်။ ဤအမည်ကား မုချဥပစာရသမာဓိဖြစ်ပါသည်။

(၂) အပ္ပနာသမာဓိဟူသည်-အထက်ပါကမ္မဋ္ဌာန်း (၃၀)တို့တွင် တစ်ခုခုကို ပွားများအားထုတ်သူ၏ သန္တာန်၌ အပ္ပနာစျာန်အထိ ကပ်ရောက် လျက်ဖြစ်သော စိတ်၏တစ်ခုတည်းသောအာရုံရှိသည်၏ အဖြစ်ဟူ သော(ဧကဂ္ဂတာ)သည် အပ္ပနာ သမာဓိမည်ပါသည်။

(၃) ခဏိကသမာဓိဟူသည်-(ဥပစာရသမာဓိ+အပ္ပနာသမာဓိအဆင့်သို့ ရောက်အောင်)-သမာဓိထူထောင်မှု မပြုတော့ဘဲ ရုပ်နာမ်တရား တို့ကို ဝိပဿနာရှုရာတွင် ရှုမှတ်အပ်သော ရုပ်၊နာမ်အာရုံ၌ တစ်မျိုး တည်းသောတည်ကြည်ပုံအခြင်းအရာအားဖြင့် မခြားမပြတ် တစပ်တည်း ဖြစ်လျက်(အာရုံ၌သက်ဝင်သော အပ္ပနာစျာန် သမာဓိ ကဲ့သို့)ဆန့်ကျင် ဘက် နီဝရဏတို့ မနှိပ်စက်အပ်၊ မနှောင့်ယှက်အပ်ဘဲ ဝိပဿနာစိတ်ကို ဇတုန်မလှုပ် တည်တန့်စွာထားနိုင်သော ဝိပဿနာ စိတ်၏ အခိုက်အတန့်၌ တည်ကြည်သော သမာဓိသည် ခဏိက သမာဓိ မည်ပါသည်။ ဤသို့ သမာဓိ(၃)မျိုးရှိပါသည်ဘုရား။

| | |
|---|---|
| ထိုသမာဓိတို့သည် သိက္ခာကျင့်စဉ်အရ | -သမာဓိသိက္ခာ |
| မဂ္ဂင်ကျင့်စဉ်အရ | -သမာဓိမဂ္ဂင် |
| သာသနာအားဖြင့် | -သမာဓိသာသနာဖြစ်ပါ သည်ဘုရား။ |

http://www.dhammadownload.com



သဘာပတိ ဆရာတော်ကြီးနှင့်အမှတ် (၁၁) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။

သမာဓိမပါဘဲ(လမ်းတို)ကျင့်စဉ်တည်ထောင်သော စမ်းကလေး(လမ်းတို) ဆရာတော်၏လမ်းစဉ် ကျင့်စဉ်အရ သောတာပန်(လုံးဝ) မဖြစ်နိုင်ပုံကို ဆက်၍ လျှောက်ထားပါဦးမည်ဘုရား။

အထက်ပါ(ဂ)အမှတ် မဟာဋီကာအဖွင့်အရ လိုရင်းအဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်ဘုရား-

မဂ်,ဖိုလ်,နိဗ္ဗာန် လောကုတ္တရာတရား ရရေးအတွက်-

(၁) သမထယာနိကလမ်း

(၂) ဝိပဿနာယာနိကလမ်း------ဟုလမ်း(၂)သွယ်ဖြင့် သာကြိုးစားအားထုတ်ရပါသည်ဘုရား။ ထိုလမ်းနှစ်သွယ်တို့တွင်-

(၁) သမထယာနိကလမ်းစဉ်ဖြင့်တရားအားထုတ်သူသည် (ဥပစာရသမာဓိ၊အပ္ပနာသမာဓိ နှစ်မျိုးတို့တွင်) တစ်မျိုးမျိုးသော သမာဓိကို မပွားများဘဲ လောကုတ္တရာ တရားတစ်ခုမျှ မရနိုင်ပါ။

(၂) ဝိပဿနာယာနိကလမ်းစဉ်ဖြင့် တရားအားထုတ်သူသည် (ခဏိကသမာဓိကို) မပွားများဘဲ လောကုတ္တရာ တရားတစ်ခုမျှ မရနိုင်ပါဘုရား။

(၃) သမထယာနိက၊ ဝိပဿနာယာနိကလမ်းစဉ်နှစ်မျိုးဖြင့် တရားအားထုတ်သူတိုင်း ရုပ်၊ နာမ်, သင်္ခါရတရားတို့ကို (အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ) ဟူသော ဝိမောက္ခမုခ-ကျင့်စဉ်များ မပွားများဘဲ လောကုတ္တရာ တရားတစ်ခုမျှ မရနိုင်ပါဘုရား။

(၄) ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ၊ ခဏိကသမာဓိဟူသော သမာဓိ သုံးမျိုးတို့တွင် တစ်မျိုးမျိုးကို (ပွားများကိုပွားများ) (ကျင့်ကို ကျင့်)လျက် ဝိမောက္ခမုခ(၃)ပါးကိုလည်း ကျင့်ပွားမှသာ လောကုတ္တရာတရားကို ရနိုင်ပါသည်ဘုရား။

http://www.dhammadownload.com



စမ်းကလေး(လမ်းတိုး)ဆရာတော်လို သမာဓိဖြုတ်၊ သဒ္ဓါကို အလွဲလုပ်သော မဟုတ်တရုတ် ကျင့်စဉ်မျိုးဖြင့်ကား မည်သည့်လောကုတ္တရာ တရားထူးကိုမျှရနိုင်မည် မဟုတ်ပါဘုရား။

ယခုထုတ်ပြသော ကျမ်းဂန်အထောက်အထားများအရ ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ (မပွားလျှင်ဖြစ်ကို မဖြစ်သော) သမာဓိတရား ပါဝင်သော သီလပညာကျင့်စဉ်တို့ကို (ဖြုတ်ထားမှု +ချန်ထားမှု+ အလွဲအချော်ပြုမှုမရှိဘဲ)အပြည့်အစုံကျင့်ပွားလျှင်(အချိန်မကြာဘဲ) လောကုတ္တရာတရားထူးရနိုင်ပုံကို လျှောက်ထားပါဦးမည်ဘုရား။ အောက်ပါပါဠိတော် အဋ္ဌကထာများကို ရှုတော်မူပါဘုရား။

(က) ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဥပါဒိ-သေသေ အနာဂါမိတာ။(ပ)

## မြန်မာပြန်

(က) ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်(၄)ပါးတို့ကို ခုနစ်နှစ်တို့ပတ်လုံး ဤဟောပြောသောနည်းဖြင့် ပွားငြား အံ့၊ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရ ဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာ ဂါမိဖိုလ် ဖြစ်စေ ဤဖိုလ်(၂)ပါးတို့တွင် တစ်ပါးပါးသော ဖိုလ်ကို အမှန်ရပေမည်ဟု အလိုရှိအပ်၏။(ပ)

(ခ) တိဋ္ဌတု ဘိက္ခဝေ အဓုမာသော၊ ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝ ဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

http://www.dhammadownload.com



## မြန်မာပြန်

ရဟန်းတို့ ခုနစ်နှစ်ကိုထားဘိဦး၊ (၆)နှစ်(၅)နှစ်(၄)နှစ် (၃)နှစ်(၂)နှစ်(၁)နှစ် (၇)လ (၆)လ (၅)လ (၄)လ (၃)လ (၂)လ (၁)လကို ထားဘိဦး၊ ရဟန်းတို့လခွဲကိုထားဘိဦး၊ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤ သတိပဋ္ဌာန်(၄)ပါးတို့ကို ခုနစ်ရက် ပတ်လုံး ဤဟောသောနည်းဖြင့် ပွားများအံ့၊ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ် ဖြစ်စေ၊ ဥပါဒါန်အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ ဤဖိုလ် နှစ်ပါးတို့တွင် တစ်ပါးပါးသော ဖိုလ်ကို အမှန်ရပေ မည် ဟု အလိုရှိအပ်၏။

(ဂ) သဗ္ဗမ္ပိ စေတံ မဇ္ဈိမသော ၀ နေယျပုဂ္ဂလဿ ဝသေန ဝုတ္တံ၊ တိက္ခပညံ ပန သန္ဓာယ ပါတော အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ၊ သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတီ” တိ ဝုတ္တံ။ (မ၁။၉၀၊ဒီ၂။၂၅၁၊၂၅၂ ၊မဋ္ဌ၁။ ၃၀၅၊ဒီ၊ ဋ္ဌ၂။၃၉၅)

## မြန်မာပြန်

(ခုနစ်နှစ်ပတ်လုံးမှ ခုနစ်ရက်ပတ်လုံးအထိ) ဤအလုံးစုံကို အလတ်စားပညာရှိသော နေယျပုဂ္ဂိုလ်၏ အစွမ်းဖြင့်ဆိုအပ် ၏။ ထက်သောပညာရှိသော နေယျပုဂ္ဂိုလ်ကိုရည်ရွယ်၍“နံ နက်အခါဆုံးမအပ်သူသည် ညချမ်းအခါ တရားထူးရလိမ့်မည်၊ ညချမ်းအခါ ဆုံးမအပ်သူသည် နံနက်အခါ တရားထူး ရလိမ့် မည်”ဟု ဆိုအပ်၏။

(ဃ) သာယမနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတီတိ အတ္ထင်္ဂတေ သူရိယေ အနုသိဋ္ဌော အရုဏုဂ္ဂမနေ ဝိသေသံ အဓိဂမိဿတိ။

ပါတမနုသိဋ္ဌော သာယန္တိ အရုဏုဂ္ဂမနေ အနုသိဋ္ဌေ သူရိယတ္ထင်္ဂမနဝေလာယံ။အယဉ္စ ပန ဒေသနာ နေယျပုဂ္ဂလ- ဝသေန ဝုတ္တာ၊ ဒန္ဓညော ဟိ နေယျပုဂ္ဂလော သတ္တဟိ

http://www.dhammadownload.com



ဒိဝသေဟိ အရဟတ္တံ ပါပုဏာတိ။တိက္ခပညော ဧကဒိဝသေန၊ သေသဒိဝသေ မဇ္ဈိမပညာဝသေန ဝေဒိတဗ္ဗံ။ (မ႒၊၂။၂၂၆)

## မြန်မာပြန်

ညချမ်းအခါဆုံးမအပ်သူသည် နံနက်အခါ တရားထူးရလိမ့် မည်ဟူသည်ကား-နေဝင်သည်ရှိသော် ဆုံးမအပ်သူသည် အရုဏ်တက်သည်ရှိသော် တရားထူးရလိမ့်မည်။

နံနက်ဆုံးမအပ်သူသည် ညချမ်းအခါတရားထူးရလိမ့်မည် ဟူသည်-အရုဏ်တက်သည်ရှိသော် ဆုံးမအပ်သူသည် နေဝင်ချိန်၌ တရားထူးရလိမ့်မည်။

ဤဒေသနာတော်ကို နေယျပုဂ္ဂိုလ်၏ အစွမ်းဖြင့်ဟောအပ်၏၊ မှန်ပေသည်၊ ပညာနုံ့သော နေယျပုဂ္ဂိုလ်သည် ခုနစ်ရက်တို့ဖြင့် အရဟတ္တဖိုလ်သို့ရောက်၏။ ပညာထက်သော နေယျပုဂ္ဂိုလ်သည် တစ်ရက်ဖြင့်(အရဟတ္တဖိုလ်သို့ရောက်၏) ကြွင်းသော နေ့တို့ကို အလတ်စား ပညာရှိသော နေယျပုဂ္ဂိုလ်၏ အစွမ်းဖြင့်သိအပ်၏။

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)နိုင်ငံတော်သီးခြား ဝိနည်းမိုရ်ဆရာတော်ကြီးများဘုရား-

အထက်ပါ ပါဠိတော် အဋ္ဌကထာအရ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ(သမာဓိ)ပါဝင်သော သီလ၊ ပညာ-ကျင့်စဉ်ကို(ဗုဒ္ဓ၏ ဟောနည်းအတိုင်း) အပြည့်အစုံ အမှန်အကန်ကျင့်ပွားပါလျှင် ခုနစ်နှစ်မှ တစ်ရက်အတွင်း ရဟန္တာ (သို့မဟုတ်) အနာဂါမ်အထိဖြစ်နိုင်သည်ဟု ဗုဒ္ဓရှင်တော်မြတ်ဟောထားကြောင်း ထင်ရှားပါသည်ဘုရား။

သီလကိုရန်လုပ်၊ သမာဓိကိုဖြုတ်၊ ပညာကိုအလွဲအချော်လုပ်၍ လမ်းတိုဝါဒလက်သစ်ဖြင့်စီးပွားရေးလုပ်နေသော စမ်းကလေး(လမ်းတို)ဆရာတော်နှင့် သူတပည့်သာဝကတို့ကား (၇)နှစ်သာမက ကမ္ဘာ(၇)သိန်း ကြာလည်း တရားထူး ရနိုင်မည်မဟုတ်ပါဘုရား။

http://www.dhammadownload.com



**(၃) စမ်းကလေးသမာဓိဖြုတ်ကျင့်စဉ်နှင့် ဗုဒ္ဓ၏သမာဓိပွားကျင့်စဉ် တို့ကို နှိုင်းယှဉ်ခြင်း**

**သဘာပတိဆရာတော်ကြီးနှင့်အမှတ်(၁၁)နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာ တော်ကြီးများဘုရား-**

စမ်းကလေး(လမ်းတို)ဆရာတော်၏ သမာဓိဖြုတ်၊ သဒ္ဓါကို အလွဲလုပ်သောကျင့်စဉ်နှင့်ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သမာဓိကို အခိုင်အမာ ပြုကျင့်ပွားရသော ကျင့်စဉ်တို့ကို နှိုင်းယှဉ်ပြပါဦးမည်ဘုရား။

အထက်ပါကျမ်းဂန် ဇွထောက်အထားများအရ နှိုင်းယှဉ်ပြရပါသော် **အောက်ပါအတိုင်း** ဖြစ်ပါသည်ဘုရား။

**နှိုင်းယှဉ်ချက်(၁)**

(က) စမ်းကလေး(လမ်းတို)ဆရာတော်၏ လမ်းတိုကျင့်စဉ်က(သမာဓိကို လုံးဝဖြုတ်) သဒ္ဓါကို အလွဲလုပ်ထားသော ကျင့်စဉ် ဖြစ်ပါသည်။

(ခ) ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာကျင့်စဉ်က ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ၊ ခဏိကသမာဓိဟူသော သမာဓိတရားကို အခိုင်အမာပြု၍ ကျင့်ပွားရသောကျင့်စဉ်ဖြစ်ပါသည်ဘုရား။

**နှိုင်းယှဉ်ချက်(၂)**

(က) စမ်းကလေး(လမ်းတို)ဆရာတော်၏ လမ်းတိုကျင့်စဉ်၌ (သမာဓိ) ရှုပွားစရာမလို(သဒ္ဓါ)ရှိရုံဖြင့် တရားထူးရနိုင်သည်ဟု ဆိုပါသည်။

(ခ) ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်၌ (သဒ္ဓါ)ရှိရုံမျှဖြင့် တရားထူး မရနိုင်၊ သမာဓိ,ရှိကိုရှိမှ၊ သမာဓိကျင့်စဉ်ကိုကျင့်မှ တရားထူးရနိုင်သည်ဟုဆိုပါသည်။

**မှတ်ချက်။** ဗုဒ္ဓလက်ထက်၌ တရားနာရုံဖြင့် တရားရသူတို့နှင့် မနှိုင်းယှဉ်သင့်၊ ထိုသို့ မနှိုင်းသင့်ကြောင်း နောက်ပိုင်းစာမျက်နှာ (၉၇)၌ အကျယ်ရှင်းပြထားပါသည်ဘုရား။

http://www.dhammadownload.com



## နှိုင်းယှဉ်ချက်(၃)

(က) စမ်းကလေး(လမ်းတို)ဝါဒလက်သစ်လို သမာဓိကိုဖြုတ်၊ သဒ္ဓါ ကို အလွဲလုပ် အကျင့်မျိုးဖြင့်ကား နှစ်ပေါင်း(၂၀)(၃၀)မကကမ္ဘာပေါင်း(၂၀)(၃၀)ကြာလည်း တရားထူးရနိုင်မည်မဟုတ် ပါဘုရား။

( ခ) ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်၌ သမာဓိတရားကို အခိုင်အမာပြု၍ (သီလပညာ)ကျင့်စဉ်တို့ကို (ဖြုတ်ထားမှု-တလွဲတချော်လုပ်မှုမရှိဘဲ)အပြည့်အစုံ ကျင့်ပွားပါက တရားထူးရဖို့ အနှစ် (၂၀) (၃၀) မကြာပါ၊ (နံနက်ကျင့်ပွားလျှင် ညချမ်းတရား ထူးရ၊ ညချမ်းကျင့်ပွားလျှင် နံနက်တရားထူး ရနိုင်သည်ဟု ဆိုပါသည်ဘုရား။

မှတ်ချက်။ စမ်းကလေး (လမ်းတို) ဝါဒလက်သစ်လို သမာဓိကိုဖြုတ်၊ သဒ္ဓါကိုအလွဲလုပ် အကျင့်မျိုးဖြင့်ကား နှစ်ပေါင်း (၂၀) (၃၀)မက ကမ္ဘာပေါင်း (၂၀) (၃၀) ကြာလည်း တရားထူးရနိုင်မည် မဟုတ်ပါ ဘုရား။

အထက်ပါနှိုင်းယှဉ်ချက်အရ---သမာဓိလမ်းက ကြာသည်ဟု သမာဓိကို ရန်လုပ်ဖြုတ်ပယ်ထားခဲ့၍ သမာဓိကျင့်စရာမလိုဘဲ သူကိုယုံမှု သဒ္ဓါမျှဖြင့် တရားထူးရနိုင်သည်၊ ဘုန်းကြီးလမ်းစဉ်က သဒ္ဓါပြတ်လမ်း, သဒ္ဓါပြတ်လမ်းဟု ဖြီးဖြန်းရမ်းတော အော်ကျယ်အော်ကျယ်ဟောနေသော စမ်းကလေး(လမ်းတို) ဆရာတော်၏ဟောကွက် ကျင့်ကွက်သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် (လုံး၀)ဆန့်ကျင်လွဲချော် မှားယွင်းနေသော(မိစ္ဆာဝါဒ၊ အဓမ္မဝါဒ)ဆိုးကြီးဖြစ်ပါသည်ဘုရား။

စမ်းကလေး(လမ်းတို)ဆရာတော်သည် ထိုမိစ္ဆာဝါဒ၊ အဓမ္မဝါဒဆိုးကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သမာဓိသိက္ခာ၊ သမာဓိမဂ္ဂင်၊ သမာဓိသာသနာ၊ သုတ္တန်ပိဋကတော်ကြီးအားလုံးကို(လုံး၀)ဖယ်ရှားဖျက်ဆီးလိုက်သော(ဇရာမ)သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီးဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



ထိုသို့ဖြစ်ပါသောကြောင့် ထိုစမ်းကလေး (လမ်းတို) ပုဂ္ဂိုလ်ဆိုးကြီး၏ မိစ္ဆာဝါဒ, အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ်ဆုံးဖြတ် ဖယ်ကြဉ်သုတ်သင် ရှင်းလင်းပေးတော်မူပါရန် တင်ပြလျှောက်ထား စောဒနာ အပ်ပါသည်ဘုရား။

**အမှတ် (၄) လျှောက်ထား (စောဒနာ) ချက်**

**စမ်းကလေး (လမ်းတို) ဆရာတော်၏ (ပညာ)ကျင့်စဉ်နှင့် ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ (ပညာ) ကျင့်စဉ်တို့ကို နှိုင်းယှဉ်ပြခြင်း**

**(၁) စမ်းကလေး (လမ်းတို) ဆရာတော်၏ (ပညာ)ကျင့်စဉ်**

သဘာပတိဆရာတော်ကြီးနှင့်အမှတ်(၁၁)နိုင်ငံတော် သီးခြားဝိနည်း- ဓိုရ် ဆရာတော်ကြီးများဘုရား---

စမ်းကလေး (လမ်းတို) ဆရာတော်၏ (ပညာ)ကျင့်စဉ်ကို ထိုဆရာ တော် ဟောထားသော ၁၃၅၉-ခု၊ ကဆုန်လပြည့်တရားတိတ်ခွေ (အေဆိုဒ်- ၂၉-မိနစ်၊ ဘီဆိုဒ် ၁-မိနစ်ခန့်နေရာ) တို့၌ ဟောထားပုံမူရင်း ကောက်နုတ်ချက် ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်ဘုရား---

xxxxx နောက်ပညာက-အကျိုးတရား၊ မဂ်ပြောတာxxxxx ပညာက အကျိုးတရား xxxxx

စမ်းကလေး (လမ်းတို) ဆရာတော်သည် "သီလအစ, သဒ္ဓါအလယ်, ပညာအဆုံး ဒိဋ္ဌိပယ်ဖြတ်နိုင်တဲ့ (လမ်းတို) လမ်းစဉ်ထုံး"ဟူသော ဆောင်ပုဒ် ကို အော်ကျယ် အော်ကျယ် ရွတ်ဆို၍ သူ့ရဲ့လမ်းတို ကျင့်စဉ်အ ကြောင်းကို ရှင်းပြရာ၌ ငုတ်တုတ်သီလနှင့်သဒ္ဓါ (အလွဲ) အကြောင်းတို့ကိုသာ အနည်းငယ်မျှ အလွဲရှင်းပြ၍ (ပညာ)ကိုတော့ အကျယ်မပြောတော့ဘဲ (နောက်ပညာအကျိုးတရား-မဂ်ပြောတာ)ဟု အကျဉ်းဆုံး (အလွဲ) ရှင်းပြကာ သူ့ရဲ့လမ်းတို အကျင့်လွဲကြီးကို နိဂုံးချုပ်လိုက်ပါသည်ဘုရား။

စမ်းကလေးဆရာတော်ရဲ့ ဆိုလိုရင်းက-ပညာ-အဆုံးဆိုတာ ကျင့်ပွား အားထုတ်ရမည့်တရားမျိုးမဟုတ်၊ သူ (အလွဲအချော်) နုတ်က ပြုပြင်ပေးတဲ့ အဓိဂမသီလ၊ အဓိဂမသဒ္ဓါဟူသော အကြောင်းနှစ်မျိုးနှင့် ပြည့်စုံလျှင် နောက်နား၌ သူသတ်မှတ်ပေးမည့်--သောတာပတ္တိ (မဂ်-ပညာ) ဟာ အလိုလို ပြည့်စုံ လာရမည့် (အကျိုးတရား)ဟု ဆိုလိုပါသည်ဘုရား။

-----------

http://www.dhammadownload.com



**(၂) ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ (ပညာ) ကျင့်စဉ်**

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား---

စမ်းကလေး (လမ်းတို) ဆရာတော်၏ (ပညာ)ကျင့်စဉ် အရကောက် ပုံကို ရှင်းပြပြီးနောက် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ (ပညာ)ကျင့်စဉ် အရကောက်ပုံကို အောက်ပါကျမ်းဂန် အထောက်အထားများအရ တင်ပြ လျှောက်ထားပါမည်ဘုရား---

(က) ပဉ္စိမာနိ ဘိက္ခဝေ ပဓာနိယင်္ဂါနိ။ ကတမာနိ ပဉ္စ? ဣဓ ဘိက္ခဝေ ဘိက္ခု သဒ္ဓေါ ဟောတိ၊ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ (ပ) xxxx ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ၊ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ပဓာနိယင်္ဂါနိ။ (အံ၊၂။ ၅၇-၅၈။မ-၂၊ ၂၉၈)

မြန်မာပြန်

ရဟန်းတို့ (ကမ္မဋ္ဌာန်း)အားထုတ်သော ပုဂ္ဂိုလ်၏ (ပြည့်စုံရမည့်) အကြောင်းအင်္ဂါတို့သည် ဤ (၅) မျိုးတို့တည်း၊ အဘယ် (၅)မျိုးတို့နည်းဟူမူ---

ပညာရှိ၏၊ ဖြစ်မှုပျက်မှုကိုသိ၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ခန်းရာ (နိဗ္ဗာန်)သို့ကောင်းစွာ ရောက်စေတတ်သော မြတ်သောပညာနှင့် ပြည့်စုံ၏။

(ခ) ဥဒယတ္ထဂါမိနိယာတိ ဥဒယဉ္စ အတ္ထဉ္စ ဂန္တုံ ပရိစ္ဆိန္ဒိတုံ သမတ္ထာယ၊ ဧတေန ပညာယလက္ခဏပရိဂ္ဂါဟိကံ ဥဒယ-ဗ္ဗယဉာဏံ ဝုတ္တံ။

* အရိယာယာတိ ပရိသုဒ္ဓါယ။

* နိဗ္ဗေဓိကာယာတိ နိဗ္ဗိဒ္ဓပုဗ္ဗေ လောဘက္ခန္ဓာဒယော နိဗ္ဗိဇ္ဈိတုံ သမတ္ထာယ။

* သမ္မာဒုက္ခက္ခယဂါမိနိယာတိတဒင်္ဂဝသေန ကိလေသာနံ

http://www.dhammadownload.com



ပဟီနတ္တာ ယံ ဒုက္ခံ ခီယတိ၊ တဿ ဒုက္ခဿ ခယဂါမိနိယာ။
(မ၊ ဋ္ဌ၊ ၃။ ၂၂၅/ အံ၊ ဋ္ဌ၊ ၃။ ၂၇)

မြန်မာပြန်

* ဥဒယတ္ထဂါမိနိယာဟူသည်ကား အဖြစ်ကိုလည်းကောင်း၊ အပျက်ကိုလည်းကောင်း သိခြင်းငှာ ပိုင်းခြားခြင်းငှာ စွမ်းနိုင်သော (ပညာနှင့်ပြည့်စုံ၏။)
* ဤ(ဥဒယတ္ထဂါမိနိယာ-ဟူသော) ပါဠိဖြင့်(၅၀)သော လက္ခဏာတို့ကို သိမ်းဆည်းတတ်သော ဥဒယဗ္ဗယဉာဏ်ကို ဆိုအပ်၏။
* အရိယာဟူသည်ကား စင်ကြယ် မွန်မြတ်သော (ပညာနှင့်ပြည့်စုံ ၏။)
* နိဗ္ဗေဓိကာယဟူသည်ကား ရှေးက မဖောက်ခွဲခဲ့ဖူးသော လောဘအစိုင်အခဲ အစရှိသော ကိလေသာ အစိုင်အခဲတို့ကို ဖောက်ခွဲခြင်းငှာ စွမ်းနိုင်သော (ပညာနှင့် ပြည့်စုံ၏။)
* သမ္မာဒုက္ခက္ခယဂါမိနိယာ ဟူသည်ကား တဒင်္ဂပဟာန်၏ အစွမ်းဖြင့် ကိလေသာတို့ကို ပယ်အပ်သည်၏ အဖြစ်ကြောင့် ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာရောက်စေတတ်သော (ပညာနှင့် ပြည့်စုံ၏။)

(ဂ) ဣတိ သဗ္ဗေဟိပိ ဣမေဟိ ပဒေဟိ ဝိပဿနာပညာဝ ကထိတာ။ ဒုပ္ပညဿ ဟိ ပဓာနံ န ဣဇ္ဈတိ၊ ဣမာနိ စ ပဉ္စ ပဓာနိယင်္ဂါနိ လောကိယာနေဝ ဝေဒိတဗ္ဗာနိ။ (မ၊ဋ္ဌ၊၃။၂၂၅ အံ၊ဋ္ဌ၊၃။၂၇)

မြန်မာပြန်

ဤသို့လျှင် ဤအားလုံးသောပုဒ်တို့ဖြင့်(ဝိပဿနာပညာကိုသာ) ဆိုအပ်၏။ မှန်ပေသည်။ ဝိပဿနာ ပညာမရှိသူအား ကမ္မဋ္ဌာန်းအားထုတ်မှု (အကျိုးထူး တရားထူး) မပြည့်စုံနိုင်။

ဤကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်၏ ပြည့်စုံရမည့် အကြောင်းအင်္ဂါ(၅)မျိုး တို့ကို (လောကီတရားတို့ဟူ၍သာလျှင်)သိအပ်ကုန်၏။

(ဃ) * သပ္ပညောတိ ကမ္မဇတိဟေတုကပဋိသန္ဓိပညာယ ပညဝါ။
* စိတ္တံ ပညဉ္စ ဘာဝယန္တိ သမာဓိဉ္စေဝ ဝိပဿနဉ္စ ဘာဝယမာနော။

http://www.dhammadownload.com



* စိတ္တသီသေန ဟေတ္တ သမာဓိနိဒ္ဒိဋ္ဌော၊ ပညာနာမေန စ ဝိပဿနာတိ။
* နိပကောတိ နေပက္ကံ ဝုစ္စတိ ပညာ၊ တာဃ သမန္နာဂတောတိ အတ္တော။
* ဣမိနာ ပဒေန ပါရိဟာရိကပညံ ဒဿေတိ။ (ဝိသုဒ္ဓိ၊၁။၃။)

မြန်မာပြန်

* သပ္ပညော ဟူသည်ကား တိဟိတ် ပဋိသန္ဓေ၌ ပါဝင်သော ကံကြောင့် ဖြစ်သော ပညာ(အလို)အားဖြင့် ပညာနှင့် ပြည့်စုံသူကို ဆိုသည်။
* စိတ္တံ ပညဉ္စ ဘာဝယံ ဟူသည်ကား သမာဓိကိုလည်းကောင်း၊ ဝိပဿနာကို လည်းကောင်း ပွားစေသော်။
* မှန်ပေ၏။ ဤဂါထာ၌ ဦးခေါင်းပဓာနပြု၍ သမာဓိကိုညွှန်သည်။ ပညာဟူသော အမည်ဖြင့်လည်း (ဝိပဿနာ)ကို ညွှန်ပြထားသည်။
* နိပကောဟူသည်ကား (ပညာကို) ရင့်ကျက်စေသူဖြစ်ကြောင်းဟု ဆိုအပ်၏။ ထိုရင့်ကျက်ကြောင်းပညာနှင့် ပြည့်စုံသည်။ (ဤကား-အနက်) ဤပုဒ်ဖြင့် ပါရိဟာရိကပညာကို ပြ၏။

(င) ဣမဿိဉ္စ ပဉ္စာဗျာကရဏေ တိက္ခတ္တုံ ပညာ အာဂတာ၊ တတ္ထ ပဌမာ ဇာတိပညာ ၊ ဒုတိယာ ဝိပဿနာပညာ ၊ တတိယာ သဗ္ဗကိစ္စပရိဏာယိကာ ပါရိဟာရိကပညာ။ (ဝိသုဒ္ဓိ၊၁။၃။)

မြန်မာပြန်

အမေးပြဿနာ၏ အဖြေဖြစ်သော ဤဂါထာ၌ ပညာသည် (၃)ကြိမ်တိုင်တိုင် ပါဝင်လျက်ရှိ၏။ ထိုတွင် ပဌမအကြိမ် ပညာသည် ပဋိသန္ဓေပညာဖြစ်သည်။ ဒုတိယအကြိမ် ပညာသည် (ဝိပဿနာ) ပညာဖြစ်သည်။ တတိယအကြိမ်ပညာသည် အလုံးစုံသော ကိစ္စတို့ကို ပိုင်းခြားဆုံးဖြတ်၍ ဆောင်ရွက်တတ်သော ပါရိဟာရိက ပညာဖြစ်သည်။

(စ) ယာ စ သမ္မာဒိဋ္ဌိ၊ ယော စ သမ္မာသင်္ကပ္ပေါ၊ ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ (မ၁။၃၇၅။)

မြန်မာပြန်

မှန်သောအယူ = သမ္မာဒိဋ္ဌိ၊ မှန်သောအကြံအစည်=သမ္မာသင်္ကပ္ပ၊

http://www.dhammadownload.com



ဤတရားတို့ကို အပြားအားဖြင့် သိမှုအစုဖြစ်သော ပညာက္ခန္ဓာ၌ သိမ်းယူရကုန်၏။

(ဆ) * ဝိပဿနာယ သမန္နာဂတောတိ သတ္တဝိဓာယ အနုပဿနာယ ယုတ္တော၊

* သတ္တဝိဓာ အနုပဿနာ နာမ အနိစ္စာနုပဿနာ "ဒုက္ခာနုပဿနာ"

အနတ္တာနုပဿနာ "နိဗ္ဗိဒါနုပဿနာ" "ဝိရာဂါနုပဿနာ" "နိရောဓာ နုပဿနာ" "ပဋိနိဿဂ္ဂါနုပဿနာ"တိ(မဋ္ဌ၊၁။၁၆၁)

မြန်မာပြန်

ဝိပဿနာယ သမန္နာဂတော ဟူသည်ကား ခုနစ်ပါး အပြားရှိသော အနုပဿနာဉာဏ်နှင့် ယှဉ်ရမည်(အားထုတ်ရမည်)

* (၁) ရုပ်နာမ် သင်္ခါရ တို့ကို မမြဲဟု အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ။

(၂) ရုပ်နာမ် သင်္ခါရတို့ကို ဆင်းရဲဟု အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ၊

(၃) ရုပ်နာမ် သင်္ခါရတို့ကို အလိုအတိုင်းမဖြစ်ဟု အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ၊

(၄) ရုပ်နာမ် သင်္ခါရတို့၌ ငြီးငွေ့သော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ၊

(၅) ရုပ်နာမ် သင်္ခါရတို့၌ တပ်စွဲခြင်းကင်းသော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ၊

(၆) ရုပ်နာမ် သင်္ခါရတို့၏ ချုပ်ခြင်းကို အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ၊

(၇) ရုပ်နာမ် သင်္ခါရတို့၌ စွဲလမ်းသော ကိလေသာတို့ကို တဖန် စွန့်လွှတ်သော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာဟု (၇)ပါး အပြားရှိ၏။

(ဇ) * ဝိပဿနာယ သမန္နာဂတောတိ ဧတ္ထာဝတာ အဓိပညာသိက္ခာ (မဋ္ဌ၊၁။၁၆၂)

မြန်မာပြန်

ဝိပဿနာယ သမန္နာဂတော ဟူသောစကားဖြင့် အဓိပညာသိက္ခာကို (ဆိုအပ်၏)။

http://www.dhammadownload.com



**သဘာပတိ ဆရာတော်ကြီးနှင့် အမှတ် (၁၁)နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား---**

အထက်ဖော်ပြပါ ကျမ်းဂန်အထောက်အထားများအရ ဗုဒ္ဓ၏ ထေရဝါဒ သာသနာတော်လာ (ပညာ)ကျင့်စဉ် အကြောင်းကို လိုရင်း ထပ်မံလျှောက်ထားပါဦးမည်ဘုရား။

ဗုဒ္ဓ၏ သောတာပတ္တိမဂ်ဉာဏ် အစရှိသော လောကုတ္တရာ တရားထူးကို ရစေနိုင်သော ပညာကျင့်စဉ်ဟူသည် (ဇာတိပညာ၊ ပါရိဟာရိကပညာ အပါအဝင်)ပညာမဂ္ဂင်,အဓိပညာသိက္ခာဟု ဆိုအပ်သောဝိပဿနာ (လောကီ)ပညာ ဖြစ်ပါသည်။

ဝိပဿနာပညာဟူသည်---

(၁) ရုပ်နာမ် သင်္ခါရတို့၏ အဖြစ်အပျက်ကို ပိုင်းခြားသိနိုင်စွမ်းခြင်း
(၂) စင်ကြယ်မှန်မြတ်ခြင်း
(၃) ကိလေသာ အစိုင်အခဲတို့ကို ဖောက်ခွဲခြင်းငှာ စွမ်းနိုင်ခြင်း
(၄) ဆင်းရဲကုန်ခန်းရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်လာနိုင်ခြင်း
(၅) ရုပ်နာမ် သင်္ခါရတို့ကို မမြဲဟု အဖန်ဖန် ရှုမြင်သိစွမ်းနိုင်ခြင်း
(၆) ရုပ်နာမ် သင်္ခါရတို့ကို ဆင်းရဲဟု အဖန်ဖန် ရှုမြင်သိစွမ်းနိုင်ခြင်း
(၇) ရုပ်နာမ် သင်္ခါရတို့ကို အလိုရှိတိုင်းမဖြစ်ဟု အဖန်ဖန် ရှုမြင် သိစွမ်းနိုင်ခြင်း
(၈) ရုပ်နာမ် သင်္ခါရတို့၌ ငြီးငွေ့သော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုမြင် သိစွမ်းနိုင်ခြင်း
(၉) ရုပ်နာမ် သင်္ခါရတို့၌ တပ်စွဲခြင်းကင်းသော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုမြင် သိစွမ်းနိုင်ခြင်း
(၁၀) ရုပ်နာမ် သင်္ခါရတို့၌ ချုပ်ခြင်းကို အဖန်ဖန် ရှုမြင် သိစွမ်းနိုင်ခြင်း
(၁၁) ရုပ်နာမ် သင်္ခါရတို့၌ စွဲလမ်းသော ကိလေသာတို့ကို အဖန်ဖန် စွန့်လွှတ်သော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုမြင် သိစွမ်းနိုင်ခြင်း။

ဤသို့ အစရှိသော များလှစွာသော ဂုဏ်အရည်အချင်းတို့နှင့် ပြည့်စုံသည့် (ပညာမဂ္ဂင်) (အဓိပညာသိက္ခာ)ဖြစ်သော (ဝိပဿနာပညာ) ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



ဤဝိပဿနာပညာသည် (အကျိုးလောကုတ္တရာပညာ မဟုတ်ပါ) အထက်ပါ ကျမ်းဂန်အထောက်အထားများအရ (အကြောင်း, လောကီ, ပညာသာ)ဖြစ်ပါသည်ဘုရား။

-------------------

## (၃) စမ်းကလေး (လမ်းတို) ဆရာတော်၏ ပညာကျင့်စဉ်နှင့် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ ပညာကျင့်စဉ် နှိုင်းယှဉ်တင်ပြခြင်း

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁)နိုင်ငံတော်သီးခြား ဝိနည်းမိုရ် ဆရာတော်ကြီးများ ဘုရား---

စာမတတ်ပေမတတ် မှန်းဟော ရမ်းဟောနေသော စမ်းကလေး (လမ်းတို) ဆရာတော်၏ (ပညာ)ကို တလွဲတချော်လုပ်သော ဗရုတ်သုက္ခ ကျင့်စဉ်နှင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ (ပညာ) ကျင့်စဉ်တို့၏ ခြားနားချက်ကို အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည် ဘုရား---

### နှိုင်းယှဉ်ချက်

(က) စမ်းကလေး(လမ်းတို) ဆရာတော်၏ ပညာကျင့်စဉ် ဟူသည်မှာ အကျိုးလောကုတ္တရာ(မဂ်)ပညာ ဖြစ်ပါသည်။

( ခ) ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ (ပညာ) ကျင့်စဉ်က (ပညာမဂ္ဂင်)၊ (အဓိပညာသိက္ခာ)အမည်ရသောအကြောင်း (လောကီ) ဝိပဿနာပညာ ဖြစ်ပါသည်။

အထက်ပါ နှိုင်းယှဉ်ချက်အရ ထေရဝါဒ ဒေသနာတော်လာ အကြောင်း လောကီဝိပဿနာပညာကို အကျိုးလောကုတ္တရာ-မဂ်ပညာဟု (တလွဲလုပ်၍) ပညာကျင့်စဉ်ကို အားထုတ်စရာမလို ကျင့်ပွားစရာမလိုဘဲ ငါ့ကိုသာယုံ၊ ငါ့တရားကိုသာနာ၊ တစ်မဂ်ဆိုတာ မျက်စိတစ်ခဏအတွင်း ရနိုင်သလေး ဘာလေး ညာသံပေး၍ စွာကျယ်စွာကျယ် (ကံဆင့်အလှူရှင်များကြက်သီးထအောင်)ဟောနေ,ပြောနေသော စမ်းကလေး (လမ်းတို) ဆရာတော်၏ ဟောကွက် ကျင့်ကွက်သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့်

http://www.dhammadownload.com



(လုံး၀) ဆန့်ကျင်လွဲချော်မှားယွင်းနေသော (မိစ္ဆာဝါဒ အဓမ္မ ဝါဒ) ဆိုးကြီးသာ ဖြစ်ပါသည်ဘုရား။

စမ်းကလေး လမ်းတို ဆရာတော်သည် ထိုမိစ္ဆာဝါဒ အဓမ္မ ဝါဒဆိုးကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ ပညာသိက္ခာ,ပညာမဂ္ဂင်,ပညာသာသနာ အဘိဓမ္မပိဋကတော်ကြီး အားလုံးကို (လုံး၀) ဖယ်ရှားဖျက်ဆီးနေသော (ရောမ) သာသနာဖျက် ပုဂ္ဂိုလ်ကြီးသာ ဖြစ်ပါသည်ဘုရား။

ထိုသို့ ဖြစ်ပါသောကြောင့် ထိုစမ်းကလေး(လမ်းတို) ပုဂ္ဂိုလ်ဆိုးကြီး ကို မိစ္ဆာဝါဒ+အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ် ဖယ်ရှားသုတ်သင်ရှင်းလင်း ပေးတော်မူပါရန် တင်ပြလျှောက်ထား စောဒနာ အပ်ပါသည်ဘုရား။

ယခု တပည့်တော်များ ရှည်လျားစွာတင်ပြ လျှောက်ထားခဲ့သော အမှတ်(၁၊၂၊၃၊၄) လျှောက်ထားစောဒနာချက်များ၌ တင်ပြလျှောက်ထား စောဒနာချက်များအရ စမ်းကလေး(လမ်းတို)ဆရာတော်သည် သူ၏ (သီလ,သဒ္ဓါ,ပညာ)ဟူသော (လမ်းတို-လက်သစ်)မိစ္ဆာဝါဒ+အဓမ္မဝါဒ-ကျင့်စဉ်ဆိုးကြီးဖြင့် ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ သိက္ခာ(၃)ပါး၊ မဂ္ဂင် (၈)ပါး၊ သာသနာတော်သုံးရပ်၊ ပိဋကတ်(၃)ပုံ၊ ဓမ္မခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ဟူသော သာသနာတော်တစ်ရပ်လုံးကို နောက်ထပ် ဘယ်သူမျှ ဖျက်ဆီးစရာမကျန်လောက်အောင် ရက်စက်ယုတ်မာစွာ ဖျက်ဆီးလိုက်သော (ရောမ)သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး ဖြစ်ပါသည်ဘုရား။

ထိုသို့ ဖြစ်ပါသောကြောင့် ထိုစမ်းကလေး(လမ်းတို) သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး၏ ထိုမိစ္ဆာဝါဒ+အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ် ဖယ်ရှားသုတ်သင် ရှင်းလင်းပေးတော်မူပါရန် တင်ပြလျှောက်ထား စောဒနာအပ်ပါသည် ဘုရား။

မှတ်ချက်။ စမ်းကလေးဆရာတော်၏ သိက္ခာသုံးပါး၊ မဂ္ဂင်ရှစ်ပါး၊ သာသနာသုံးရပ်တို့ကို ဖျက်ဆီးပုံအကြောင်းကို နောက်ဆက်တွဲ(ခ)အဖြစ် တင်ပြထားသော ဦးပြုံးစင်၏ လျှောက်ထားလွှာကို သက်သေအဖြစ် တင်ပြအပ်ပါသည်။

http://www.dhammadownload.com



## အမှတ်(၅)လျှောက်ထား (စာဒနာ)ချက်
## စမ်းကလေး (လမ်းတို)ဆရာတော်၏ ဗုဒ္ဓ၏ သီလ, သမာဓိ, ပညာ,ကျင့်စဉ် တို့ကို ခေတ်မမီတော့ကြောင်း စွပ်စွဲမှုကို တင်ပြလျှောက်ထားခြင်း

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁)နိုင်ငံတော် သီးခြား ဝိနည်းခုံရုံး ဆရာတော်ကြီးများ ဘုရား---

စမ်းကလေး(လမ်းတို)ဆရာတော်က ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ, ကျင့်စဉ် အတိုင်း ယခုခေတ်လူများကျင့်၍ တရားထူးမရနိုင်ကြတော့ဟု ဗုဒ္ဓ၏ တရားတော်များ ခေတ်မမီတော့ကြောင်း စွပ်စွဲပုံကို တင်ပြလျှောက်ထား ပါဦးမည် ဘုရား။

ရှေးဦးစွာ ၁၃၅၉-ခု၊ ကဆုန်လပြည့် တရားတိတ်ခွေ၌ စမ်းကလေး (လမ်းတို) ဆရာတော်ကိုယ်တိုင် ဟောထားသော ကောက်နုတ်ချက် ဟောကွက်ပြောကွက်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်ဘုရား။

×××××သီလ-အစ၊ သမာဓိ-အလယ်၊ပညာ-အဆုံး၊ ဒိဋ္ဌိပယ်ဖျက်နိုင်တဲ့ လမ်းရှည်လမ်းစဉ်သုံး-----မှန်တယ် မှန်တယ်-မှန်ပင်မှန်ငြားသော်လည်း ဘုရားလက်ထက်က သမ္ပတ္တိနော်၊ အသက်ကလည်းရှည်တယ်၊ အနာ ကလည်းကင်းတယ်၊ အစားကလည်းပေါတယ်၊ လောကကြီးကလည်း ညီတယ်၊ လူတွေကလည်း ပယောဂသမ္ပတ္တိ အားထုတ်မှုပြင်းတယ်။

××××ယခု ပယောဂ ဝိပတ္တိနည်းနည်းလေး အားထုတ်တယ်၊ များများ လိုချင်တယ် ဖြစ်ပါ့မလား၊ အဲဒီတော့ သီလ,သမာဓိ, ပညာ လမ်းကမှန် သော်လည်း ကာလတွေ ပြောင်းရွှေ့လာတယ်၊ ဟိုလူတွေက ဒီလူတွေ မဟုတ်ဘူး၊ ဘုရားသာသနာလက်ထက်က ဟိုလက်ထက်လူတွေက အဲဒီ လူတွေ၊ ဒီလူတွေက ဒီလူတွေပေါ့နော်၊ ဒီလောက်ပြောရင် မရိပ်မိဘူးလား။

×××× ယခုအသက်ကလည်းတိုတယ်၊ အနာကများ၊ အစာကလည်း ရှားတယ်၊ လောကကြီးကလည်း လောကကြီးဆိုတော့ သီလ-အစ၊ သမာဓိ-အလယ် လမ်းမှန်ပါသော်လည်း လုပ်ဖို့လွယ်ပါ့မလား၊××××

စမ်းကလေး(လမ်းတို)ဆရာတော်၏ အထက်ပါ ဟောကွက်အရ ဗုဒ္ဓ၏ သီလ,သမာဓိ, ပညာ ကျင့်စဉ်တွေ ဒီခေတ်မှာကျင့်လို့(တရားထူးမရတော့ဘူး)

http://www.dhammadownload.com



ခေတ်မမီတော့ဘူး၊ ဒါကြောင့် သူ့ရဲ့ (သီလ,သမာဓိ,ပညာ)လမ်းတိုကို ခေတ်မီအောင်တည်ထွင်ရတာပါဟု ဆိုလိုပါသည်ဘုရား။ ထိုဆိုလိုချက်ဖြင့် စမ်းကလေး(လမ်းတို)ဆရာတော်သည်------

ဗုဒ္ဓရှင်တော်မြတ်ကို သူ့လောက်မတော်ကြောင်း၊ သူ့လို ခေတ်မီအောင် တရားမဟောတတ်ကြောင်း၊ ဗုဒ္ဓကို မိုက်ရိုင်းစွာ စော်ကားလိုက်ခြင်းပါဘုရား။

ပြီးတော့ ဗုဒ္ဓ၏ ယခုလက်ရှိတရားတော်တို့ကို ခေတ်မမီတော့ဘူး၊ အဟောင်းအဆွေးဖြစ်နေပြီ၊ ဘာမှ အသုံးမကျတော့ဘူးလို့ တရားတော်များကိုလည်း အလွန်မိုက်ရိုင်းစွာ စော်ကားလိုက်ခြင်းပါဘုရား၊ ဗုဒ္ဓ၏ မဂ္ဂင်ကျင့်စဉ် တရားစာပေ စာအုပ်တွေကို ရေထဲမျှောပစ်ရန်အထိ စမ်းကလေး သာဝကများကလည်း ဆရာသံယောင်လိုက် မိုက်ရိုင်းစွာ ပြောလာကြပါပြီ ဘုရား။

ပြီးတော့ ယခုခေတ် ပရိယတ်,ပဋိပတ်,ဝန်ထမ်း သံဃာတော် များကိုလည်း ခေတ်နောက်ကျသူတွေ၊ လူရိုးလူအတွေ၊ ဟောင်းနွမ်း၍ ခေတ်မမီတော့သော တရားတွေကို ကုန်းရုန်းထမ်းဆောင်နေသူတွေလို့ သံဃာတော်များကိုလည်း အလွန်မိုက်ရိုင်းစွာ စော်ကားလိုက်ခြင်း ဖြစ်ပါသည် ဘုရား။

ထိုဆရာတော် ယခုလို ဟောပြောလိုက်သော စကားအသုံး အနှုန်းသည် (နီတတ္ထ-နည်းအားဖြင့်)တိုက်ရိုက်မဆိုသော်လည်း (နေယျတ္ထ-နည်းအားဖြင့်) ဆောင်ယူအပ်သော အဓိပ္ပါယ်မှာ ဗုဒ္ဓ,ဓမ္မ,သံဃဟူသော ရတနာ(၃)ပါးကို စော်ကားမော်ကား ပြောလိုက်ခြင်းပင် ဖြစ်ပါသည်ဘုရား။

ထိုလမ်းတို ကိုယ်တော်ကြီး ရမ်းကားစွပ်စွဲသလို မဟုတ်ကြောင်း အောက်ပါကျမ်းဂန်များကို ထောက်ထား၍ တင်ပြလျှောက် ထားအပ်ပါ သည် ဘုရား။

(က) သိယာ ခေါ ပနာနန္ဒ တုမှာကံ ဧဝ မဿ"အတီတသတ္ထုကံ ပါဝစနံ၊ နတ္ထိ နော သတ္ထာ" တိ။
န ခေါ ပနေတံ အာနန္ဒ ဧဝံ ဒဋ္ဌဗ္ဗံ။ ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။(ဒီ၊၂။၁၂၆-၁၂၇)

**မြန်မာပြန်**

တရားစကားတော်သည် ဟောကြားသော ဆရာ (ဘုရား)မှ ကင်းကွာ

http://www.dhammadownload.com



ခဲ့လေပြီ၊ ငါတို့၏ ဆရာ(ဘုရား)သည် မရှိတော့ပြီဟု သင်တို့အား ဤသို့သော ထင်မှတ်ခြင်း ဖြစ်သော်လည်း ဖြစ်ရာ၏။

အာနန္ဒာ၊ ဤအရာကို ဤသို့ မမှတ်အပ်၊ အာနန္ဒာ၊ ငါဟောကြား ပညတ်ထားသော (သုတ် အဘိဓမ္မာ)တရားတော်နှင့် ဝိနည်းတော်သည် ငါကွယ်လွန်သော အခါ၌ သင်တို့၏ ဆရာ(ဘုရား)ပင် ဖြစ်ပေ၏။

(ခ) ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ(ဒီ၊၂။၁၂၅။)

မြန်မာပြန်

သုဘဒ္ဒ ဤရဟန်းမြတ် (တစ်ကျိပ် နှစ်ယောက်)တို့သည် မှန်စွာ (အဆင့်ဆင့်ဟောပြောလျက်) နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းသည်သာ ဖြစ်ရာ၏။

(ဂ) * ဣမေ စ သုဘဒ္ဒါတိ ဣမေ ဒွါဒသ ဘိက္ခူ။

* သမ္မာ ဝိဟရေယျုံတိ တွေ----သောတာပန္နော အတ္တနော အဓိဂတဋ္ဌာနံ အညဿ ကထေတွာတံ သောတာပန္နံ ကရောန္တော သမ္မာ ဝိဟရတိ နာမ၊ သေနယော- သကဒါဂါမိအာဒီသု။

* သောတာပတ္တိမဂ္ဂဋ္ဌော အညမ္ပိ သောတာပတိမဂ္ဂဋ္ဌံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ သေနယော သေသမဂ္ဂဋ္ဌေသု၊

* သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကော အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကံ ကရောန္တော သမ္မာ ဝိဟရတိ နာမ၊ သေနယော သေသမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကေသု ဣဒံ သန္ဓာယာဟ "သမ္မာဝိဟရေယျုံ" န္တိ။

* အသုညော လောကော အရဟန္တေဟိ အဿာတိ နဠဝနံ သရဝနံ ဝိယ နိရန္တရော အဿ။(ဒီ၊ဋ္ဌ၊၂။၁၈၁)

မြန်မာပြန်

ဣမေ စ သုဘဒ္ဒ ဟူသည်ကား -(မဂ်၄-ပါးအကျိုး၄-ပါး တရားအားထုတ် သော အာရဒ္ဓဝိပဿက ရဟန်း၄-ပါး၊ မဂ်၌တည်သော ရဟန်း၄-ပါး၊ ဖိုလ်၌ တည်သော ရဟန်း၄-ပါး ဟူသော)တစ်ကျိပ် နှစ်ယောက်သော ရဟန်းတို့သည်။

http://www.dhammadownload.com



* သမ္မာဝိဟာရေယျ-ဟူသောပုဒ်၌---
သောတာပန် ဖြစ်ပြီးသော ရဟန်းသည် မိမိရပြီးသော တရားကို အခြားသူအား ဟောပြ၍ သောတာပန်ဖြစ်အောင် ပြုသော် ကောင်းစွာ နေသည်မည်၏။(သကဒါဂါမိ စသည်တို့၌လည်း ဤနည်း အတိုင်းပင် ဖြစ်၏။)
* သောတာပတ္တိမဂ်၌တည်သော ပုဂ္ဂိုလ်သည် အခြားသူ သောတာပတ္တိ မဂ်၌ တည်အောင်ပြုသော် ကောင်းစွာနေသည် မည်၏။
(ကြွင်းသော မဂ္ဂဋ္ဌာန်တို့၌လည်း ဤနည်းအတိုင်းပင် ဖြစ်၏။)
သောတာပတ္တိမဂ်အကျိုးငှာ အားထုတ်နေသော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်သည် မိမိလေ့ကျင့်ပွားများနေသော ကမ္မဋ္ဌာန်းကို ဟောပြ၍ အခြားသူကို သောတာပတ္တိမဂ်အကျိုးငှာ အားထုတ်သော အာရဒ္ဓဝိ-ပဿက ဖြစ်အောင်ပြုသော် ကောင်းစွာနေသည်မည်၏။
(ကြွင်းသော မဂ်အကျိုးငှာ အားထုတ်သော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ် တို့၌လည်း ဤနည်းအတိုင်းပင် ဖြစ်၏။)

ဤသို့ အဆင့်ဆင့်ဟောပြောနေခြင်းကို ရည်ရွယ်၍ (သမ္မာဝိဟာရေယျ) ဟု ဆိုသည်။

* အသုညော လောကော အရဟန္တေဟိ အဿ ဟူသည်ကား-ကျူတော၊ ကိုင်းတောကဲ့သို့ အကြားမရှိ ဖြစ်ရာ၏။

အထက်ပါ ကျမ်းဂန်အထောက်အထားများ လိုရင်း ထပ်မံ လျှောက်ထား ပါဦးမည်ဘုရား။

အမှတ် (က) အထောက်အထားအရ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံဝင်ကာ နီးအချိန်၌ အရှင်အာနန္ဒာအား (ပစ္ဆိမဝါစာ) နောက်ဆုံးစကားအနေဖြင့် ဟောကြားခဲ့သော ဒေသနာမှာ ဗုဒ္ဓ၏ဆိုလိုရင်းက ဒီလိုပါဘုရား---

အာနန္ဒာ၊ ငါဘုရားဟောကြားခဲ့သော တရားတော်သည် ဟောသူဆရာ (ဘုရား)နှင့် ကင်းနေပြီ။ ငါတို့ရဲ့ဆရာ(ဘုရား) မရှိတော့ဘူးလို့ မထင်မှတ်ကြနှင့်၊ ငါဘုရား ပညတ်ဟောကြားခဲ့သော (သုတ်-အဘိဓမ္မာ) တရားတော်နှင့် ဝိနည်းတရားတော်သည် ငါကွယ်လွန်တဲ့အခါ သင်တို့ရဲ့ ဆရာအနေ ငါဘုရား ကိုယ်စား -သင်တို့အား ဟောပြဆုံးမနေလိမ့်မည်၊ ငါဘုရား သက်တော် ရှိစဉ်

http://www.dhammadownload.com



အခါမှာ တစ်ပါးတည်းသာ သင်တို့အား ဆုံးမနေရ၏။ ငါဘုရားမရှိသောအခါ ငါဟောခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့က သင်တို့ရဲ့ ဆရာဘုရားအနေ ဆုံးမပေလိမ့်မည်-ဟု ဆိုလိုပါသည် ဘုရား။

အကယ်၍ စမ်းကလေးလမ်းတိုကိုယ်တော်ကြီး မှန်းပြောသလို ဘုရား မရှိတော့တဲ့ နောက်ကာလတွေမှာ နှောင်းလူများ ဒီတရားတွေ ကျင့်လို့မရနိုင် မှာဖြစ်လျှင်---

အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်စံတော့မည်၊ ငါဘုရား (၄၅)ဝါကာလပတ်လုံး ကိုယ်ပင်ပန်းခံဟောကြားခဲ့သော (သုတ်+ အဘိဓမ္မာ+ဝိနည်း) တရား အားလုံး ဟာ နောင်လာနောင်သားများ အတွက် (တရားထူး ရရန်) အသုံးဝင်မှာ မဟုတ်တော့ဘူး။

ဒါကြောင့် ငါဘုရား မရှိတဲ့အခါ နောင်လာနောင်သားများ (တရားထူး ရရန်)ငါဟောထားခဲ့သော တရားများကို အသုံးမပြုတော့ဘဲ သင်တို့ ဘာသာသင်တို့(တရား-လမ်းတို-လမ်းသစ်တွေ) တည်ထွင် ဟောကြား ပြီး မသိနားမလည်သူတို့အထံမှ(ကံဆင့်ပွဲတွေပြုလုပ်ကာ)လာဘ-သက္ကာရ- သိလောကတွေ သိမ်းကျုံးယူငင်ပြီး မီလျံနာသူဌေးကြီးတွေဖြစ်အောင် လုပ်စားရစ်ကြလို့ မှာကြားခဲ့မည်မှာ သေချာပါသည်ဘုရား၊ ယခု ထိုသို့ မမှာကြားခဲ့ဘဲ တရားတော်များကိုပင် ဂုဏ်တင်၍ (တရားတော်တွေဟာ- ငါဘုရားပင် ဖြစ်သည်ဟု)ပင် မှာတမ်းဟောထားခဲ့ပါသည်ဘုရား။

အမှတ်(ခ-ဂ)ကျမ်းဂန်အထောက်အထားကို လိုရင်း ထပ်မံလျှောက်ထား ပါဦးမည်ဘုရား။ အမှတ်(ခ-ဂ)ကျမ်းဂန်အရဆိုလိုရင်းမှာ-အာရဒ္ဓဝိပဿက ရဟန်း(၄)ပါး၊ မဂ်၌တည်သော ရဟန်း(၄)ပါး၊ ဖိုလ်၌တည်သော ရဟန်း(၄)ပါး တစ်ကျိပ်နှစ်ပါးသော ရဟန်းတို့သည်------

* တရားအားထုတ်နေသူ အာရဒ္ဓဝိပဿက ရဟန်းက တခြား တရားအားမထုတ်သူတို့အား မိမိလို အာရဒ္ဓဝိပဿကဖြစ်အောင်-
* မဂ်၌တည်သောရဟန်းက မဂ်၌ မတည်သေးသောသူတို့အား မိမိလို မဂ်၌ တည်သူဖြစ်အောင်-
* ဖိုလ်၌ တည်သောရဟန်းက အခြား ဖိုလ်၌ မတည်သေးသူတို့အား- မိမိလို ဖိုလ်၌ တည်အောင် အဆင့်ဆင့်ဟောပြောသင်ပြနေသမျှ

http://www.dhammadownload.com



(ကျူတော-ကိုင်းတောကြီးများ၌ ၁-ပင်မှ ၂-ပင်၊ ၃-ပင်မှ၊၄-ပင်၊၅-ပင် စသည့် ပွားများလာသကဲ့သို့)
ထို့အတူ---အာရဒ္ဓဝိပဿကရဟန်း(၁)ပါးက အာရဒ္ဓဝိပဿက ရဟန်းပေါင်းများစွာကို ဖြစ်ပေါ်စေ၍----

* မဂ်၌ တည်သော ရဟန်း(၁)ပါးက မဂ်၌ တည်သော ရဟန်းပေါင်း များစွာ-
* ဖိုလ်၌ တည်သော ရဟန်း(၁)ပါးက ဖိုလ်၌ တည်သော ရဟန်းပေါင်း များစွာကို ဖြစ်ပေါ်စေခြင်းအားဖြင့်(သမ္မာဝိဟာရေယျ)အရ ကောင်းစွာ နေထိုင် ကျင့်ပွားကြလျှင် ဤလောက၌ (သောတာပန် မဆိုထားနှင့်) ရဟန္တာတွေပင် များစွာ ဖြစ်ပေါ်နေမည်ဟု ဆိုလိုပါသည်ဘုရား။

ဤဆိုလိုချက်အရ-စမ်းကလေး(လမ်းတို) ကိုယ်တော်ကြီး မှန်းတီးဟောပြောနေသကဲ့သို့ ခေတ်တွေ ကာလတွေ ဟိုခေတ်လူတွေ ဒီခေတ် လူတွေ -ဟု ခေတ်ကာလအချိန်တွေ- လူတွေရွေးနေစရာ မလိုဘဲ (သမ္မာဝိဟာရေယျ)ဖြစ်အောင်သာ ကျင့်ပွားနေကြလျှင် ဘုရားလက်ထက်ဖြစ်စေ ဘုရား မရှိတော့တဲ့အခါဖြစ်စေ အကျိုးတရားရခြင်းအတူတူသာ ဖြစ်နိုင် သည်မှာ ထင်ရှားပါသည်ဘုရား။

သမ္မာဝိဟာရေယျ-ဖြစ်အောင်တော့မကျင့်ဘဲ စမ်းကလေး(လမ်းတို) ကိုယ်တော်ကြီးလို တရားအားမထုတ်သူကို တရားအားထုတ်သူဖြစ်အောင် တိုက်တွန်းရမည့်အစား တရားအားထုတ်သူပင် တရားအားမထုတ်ချင်အောင် သီလ,သမာဓိ,ပညာ,ကျင့်စဉ်တွေကို ယခုခေတ်လူများ ကျင့်မရတော့သလိုလို ဟိန်း-ဟောက်-ခြိမ်း-ခြောက် ပေါက်ကရ ဟောပြောခြင်းမျိုးဖြင့်ကား (ရဟန္တာ ဖြစ်ပေါ်ဖို့ဆိုတာ ဝေလာဝေး) သောတာပန်ပင် (အစစ်မဖြစ်ဘဲ) (အတု)သာ ဖြစ်နိုင်လိမ့်မည်ဟု ဆိုလိုပါသည်ဘုရား။

တပည့်တော်များ ယခုထုတ်ပြလျှောက်ထားခဲ့သော ကျမ်းဂန် အထောက်အထားများအရ စမ်းကလေး(လမ်းတို)ဆရာတော်၏ ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ,ကျင့်စဉ်ကို ဒီခေတ်လူတွေ ကျင့်မရနိုင်သော ခေတ်မမီ ဒေသနာမျိုး ဖြစ်အောင် ဟောပြောလိုက်ခြင်းသည်---(သားရေပေါ်အိပ်

http://www.dhammadownload.com



သားရေအနားကို ကိုက်စားသော သတ္တဝါကဲ့သို့လည်းကောင်း၊ အရိပ်ခို၍ အခက်ချိုးသော ကျေးဇူးကန်းသူကဲ့သို့လည်းကောင်း)သာသနာ့တော်၌ မှီခိုနေသူဖြစ်လျက် ဗုဒ္ဓကိုရော၊ ဓမ္မကိုရော၊ သံဃာကိုရော ထိပါးစော်ကား လွန်းသော မိုက်ရိုင်းလွန်းသော ကျေးဇူးကန်းလွန်းသော ဟောကွက် ပြောကွက်သာ ဖြစ်ပါသည် ဘုရား။

စမ်းကလေး (လမ်းတို)ဆရာတော်၏ ထိုဟောပြောမှုသည် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်နှင့် (လုံးဝ) ဆန့်ကျင်လွဲချော်-မှားယွင်းနေသော မိစ္ဆာဝါဒ၊ အဓမ္မဝါဒဆိုးကြီးသာ ဖြစ်ပါသည် ဘုရား။

စမ်းကလေး (လမ်းတို)ဆရာတော်သည် ထိုမိစ္ဆာဝါဒ၊ အဓမ္မ ဝါဒဆိုးကြီး ဖြင့် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ သီလ,သမာဓိ,ပညာ, ကျင့်စဉ် တရားတို့ကို (ခေတ်မမီဟု အကြောင်းပြကာ) (လုံးဝ)ဖယ်ရှား ဖျက်ဆီးပစ်နေ သော (ဧရာမ)သာသနာဖျက်ပုဂ္ဂိုလ်ဆိုးကြီး ဖြစ်ပါသည် ဘုရား။

ထိုသို့ ဖြစ်ပါသောကြောင့် ထိုစမ်းကလေး(လမ်းတို) သာသနာဖျက် ပုဂ္ဂိုလ် ဆိုးကြီး၏ မိစ္ဆာဝါဒ၊ အဓမ္မဝါဒ အယူဆိုးကြီးကိုဓမ္မ၊ ဝိနယနှင့်အညီ စိစစ် သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်းပေးတော်မူပါရန် တင်ပြ လျှောက်ထား (စောဒနာ)အပ်ပါသည် ဘုရား။

**အမှတ်(၆) လျှောက်ထား စောဒနာချက်**

**စမ်းကလေး (လမ်းတို)ဆရာတော်၏ ဗုဒ္ဓ၏ သီလ-သမာဓိ-ပညာ- ကျင့်စဉ်တို့ကို သဿတဉစ္ဆေဒအစွန်း မလွတ်ကြောင်း စွပ်စွဲမှုကို တင်ပြ လျှောက်ထားခြင်း**

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ ဘုရား---

စမ်းကလေး (လမ်းတို)ဆရာတော်က ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ, ကျင့်စဉ်အတိုင်း ကျင့်ပွားလျှင် (သဿတ, ဉစ္ဆေဒ-အစွန်းမလွတ်ကြောင်း)စွပ်စွဲ ပုံကို တင်ပြလျှောက်ထားပါဦးမည် ဘုရား။

ရှေးဦးစွာ ၁၃၅၉-ခု၊ ကဆုန်လပြည့် တရားတိတ်ခွေ၌-စမ်းကလေး (လမ်းတို) ဆရာတော်ကိုယ်တိုင် ဟောထားသော ကောက်နုတ်ချက် ဟောကွက် ပြောကွက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် ဘုရား။

http://www.dhammadownload.com



(က) ×××××× မေးစရာရှိ-ဘာမှတ်ရမလဲလို့××××× ရိပ်သာတွေကလည်း ဒီမှာ အများကြီး၊ ဘုန်းကြီးကလည်း အဲဒီကတက်လာတယ်၊ တချိန်က ရိပ်သာဘုန်းကြီးပါပဲ၊

ဘာမှတ်ရမလဲ မေးစရာရှိ-အစောပလ္လင်ပေါ်ရောက်ကတည်းက ဘုန်းကြီးဟောကြားသော တရားသည်တဲ့၊ ခန္ဓအဘိဓမ္မကမ္မဖလတရား ဖြစ်ပါတယ်တဲ့၊ ဒီတရားလေးကို (ဇကောဓမ္မော)စိုက်ပြီးတော့ နားထောင်ထားပါ။

**အစောကတည်းကမှတ်စရာပေးပြီးသား ဖြစ်နေတယ်။**
**(ဘီဆိုက်-၅-မိနစ်ခန့်နေရာ)**

(ခ) ××××××ဩဘ် လောကတံထွာ ဓမ္မတာအားဖြင့်-မှတ်စိတ်ပေးမယ်ဆိုရင် (သဿတ, ဥစ္ဆေဒ)သင်တို့ လွတ်အောင်မှတ်နိုင်လိမ့်မည်မဟုတ်ပါ၊ မဂ်စွန်း-ဖိုလ်စွန်းလည်း လွတ်အောင်မှတ်နိုင်လိမ့်မည်မဟုတ်ပါ၊

(ဘီဆိုက်-၆-မိနစ်ခန့် နေရာ)

စမ်းကလေး(လမ်းတို)ဆရာတော်၏ အထက်ပါဟောကွက်အရ ဆိုလိုရင်းကို ထပ်မံ လျှောက်ထားပါဦးမည်။

ထိုဆရာတော်က အများလောကတံထွာ ရှုမှတ်နေကျ ဗုဒ္ဓ၏ သီလ, သမာဓိ,ပညာ,ကျင့်စဉ်အတိုင်း ရုပ်+နာမ် သင်္ခါရတို့ကို ရှုမှတ်နေလျှင် (သဿတ, ဥစ္ဆေဒိဋ္ဌိ)အစွန်းမလွတ်နိုင်(ဝါ)သဿတ ဥစ္ဆေဒဒိဋ္ဌိ အယူဝါဒစွဲယူနေရာ ရောက်နိုင်သည်။ ဒါကြောင့် အဲဒီလိုရှုမှတ်မနေဘဲ သူတောပြော-တောင်ပြော ပေါက်ကရပြောနေသောခန္ဓအဘိဓမ္မကမ္မဖလ-ဆိုတာကိုသာ နားစိုက်နေရင် တရားရှုမှတ်မှုပြီးရော -ဒီလိုနားစိုက်နေခြင်းသည်ပင် တရားရှုမှတ်မှု ဖြစ်တော့သည်-ဟု ဆိုလိုပါသည်ဘုရား။

ဤသို့ဆိုလိုက်ခြင်းသည် (**ကျောက်သဘော်ာ ထေရုပ္ပတ္တိနှင့် တရားတော်များ နှာ-၂၉၈-လာ ပြုတ်အောင်တော့သွား မဖြုတ်နဲ့ကုန်အောင် သွား မလှုပ်နဲ့၊ သွားဖြုတ်လျှင် တပ်လျက်သားကြီး ဖြစ်နေမယ်) ဟူသော ကျောက်သဘော်ာ အဓမ္မဝါဒီစကား** နှင့် ထပ်တူဆိုလိုချက်ပါဘုရား။

အဓိပ္ပါယ်မှာ-သက္ကာယဒိဋ္ဌိဖြုတ်ဖို့ သီလ,သမာဓိ,ပညာ,ကျင့်စဉ်အရ ရုပ်နာမ် သင်္ခါရတို့ကို မရှုမှတ်လိုက်လေနှင့်၊ ရှုမှတ်လိုက်လျှင် သက္ကာယဒိဋ္ဌိကြီး

http://www.dhammadownload.com



စွဲမိလျက်သား ဖြစ်နေသည့်အပြင် သဿတ-ရော၊ ဥစ္ဆေဒပါ ထပ်စွက် ငြိစွမ်း လာနိုင်ပေသည်ဟု ဆိုလိုပါသည်ဘုရား။

ဒီစကားအရကို ကောက်ချက်ချလျှင် စမ်းကလေး(လမ်းတို) ဆရာတော်သည် သေသွားပြီးသူကို ဖုတ်သက်သွင်းသကဲ့သို့ **အဓမ္မဝါဒအဖြစ်ဖြင့် သေလေပြီးသော ကျောက်သဘော်ဝါဒကို သူ့ရဲ့လမ်းတို-ဝါဒလက်သစ်ဖြင့် ဖုတ်သက်သွင်းလိုက်ခြင်းပါ ဘုရား။**

ဤသို့ အဓမ္မဝါဒဖုတ်သက်သွင်းခြင်း ပြစ်မှုကို ကျူးလွန်နေသော **စမ်းကလေး(လမ်းတို) ဆရာတော်အား အဓမ္မဝါဒဆိုင်ရာ ပြည်သူ့လွှတ်တော်** ဥပဒေအရ အရေးယူသင့်ပါသည် ဘုရား။

စမ်းကလေး(လမ်းတို) ဆရာတော်သည် ဤသို့ ဟောပြောလိုက်ခြင်းဖြင့်-

(၁) ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့သော တရားတော်အားလုံးသည် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ-အစွန်းမလွတ်သော(မိစ္ဆာဒိဋ္ဌိ)တရားတွေ ဖြစ်သည်ဟု တရားတော်ကို မိုက်ရိုင်းစွာ စွပ်စွဲလိုက်ရာ ရောက်ပါသည်။

(၂) ဗုဒ္ဓမြတ်စွာကို သူ့လို(သဿတ, ဥစ္ဆေဒဒိဋ္ဌိ အစွန်း,လွတ်အောင်) မဟောတတ်သူ သူ့ထက်ညံ့သူဖြစ်သည်ဟု-မိုက်ရိုင်းစွာပင် စွပ်စွဲလိုက်ရာ ရောက်ပါ သည်။

(၃) * ထို့အပြင် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်အရ ကျင့်သုံးကာ အရိယာ ဖြစ်သွားကြကုန်သော အဂ္ဂသာဝက၊ မဟာသာဝကကြီးများ အပါအဝင် အရိယာသံဃာအားလုံးကို သဿတ, ဥစ္ဆေဒဒိဋ္ဌိ မလွတ်သေးကြကုန်သော ပုထုဇဉ်စာရင်းဝင်ဖြစ်အောင် ပြောဆိုစွပ်စွဲ ရာ ရောက်သည့်အပြင် အရိယူပဝါဒကံကြီး ထိုက်သူ အဖြစ်သို့ လည်း ရောက်သွားပါတော့သည် ဘုရား။

* ဗုဒ္ဓတရားတော်တွေကို ကျင့်ပွားနေကြသော (စမ်းကလေး)မှ တစ်ပါး အခြား သံဃာတော်များကိုလည်း (သဿတ, ဥစ္ဆေဒ) အစွန်းမလွတ်တဲ့ အကျင့်ကို ကျင့်နေသူ(တိတ္ထိ)-တွေဟု မိုက်ရိုင်းစွာပင် စွပ်စွဲရာလည်းရောက်ပါသည်ဘုရား၊ ဤသို့လျှင် စမ်းကလေး (လမ်းတို)ဆရာတော်သည် ဗုဒ္ဓ, ဓမ္မ, သံဃ, ရတနာ(၃)ပါးလုံးကို မိုက်ရိုင်းစွာ စော်ကားမော်ကား စွပ်စွဲလိုက်ခြင်းဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



ဤသို့ စွပ်စွဲလိုက်ခြင်းမှာ "သူခိုးက လူလူဟစ်" ဆိုတာလို သူကိုယ်တိုင်က မိစ္ဆာဝါဒ၊ အစမွဲဝါဒကြီးကို စွဲယူထားပြီး သူ့ရဲ့ မိစ္ဆာဝါဒ၊ အစမွဲဝါဒကြီးကို ဖုံးလိုဖိလိုတဲ့အတွက် (ခွေးသေကို ဆင်ရေနဲ့ဖုံးတဲ့အနေနဲ့)ဗုဒ္ဓ၏ တရားတော်နှင့် သံဃာတော်တို့ကိုပါ သဿတဉစ္ဆေဒ- မလွတ်လေး ဘာလေး ဟစ်ကြွေးအော်လိုက်ခြင်းပါပဲဘုရား။ ခွေးသေကို ဆင်ရေနဲ့ ဖုံးပေမယ့် စမ်းကလေးဝါဒခွေးသေကြီးက ပုပ်လွန်းနေလို့ ဖုံးလို့ မလုံတော့ပါ ဘုရား။ သူ့ရဲ့ လမ်းတို-အယူဝါဒ ပုပ်စော်နံကြီးဟာ အနံ့မခံနိုင်အောင် နံစော်နေပါပြီ ဘုရား။

ဗုဒ္ဓ၏ တရားတော်များဟာ ထို(လမ်းတို)ကိုယ်တော်ကြီး မှန်းတီးရမ်းဖြီးစွပ်စွဲသလိုမဟုတ်ကြောင်းကို အောက်ပါကျမ်းဂန်များကို ထောက်ထား၍ တင်ပြလျှောက်ထားပါဦးမည်ဘုရား။

* (က) တတ္ထအဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏန္တိ ဧဝံ ဗီဇဿ အင်္ကုရာဒိဘာဝေန ရုက္ခဘာဝပ္ပတ္တိ ဝိယ သန္တာနာနုပစ္ဆေဒေါ ဧကတ္တနယော နာမ။ ယံ သမ္မာ ပဿန္တော ဟေတုဖလသမ္ဗန္ဓေန သန္တာနဿ အနုပစ္ဆေဒါ-ဝဗောဓတော ဥစ္ဆေဒဒိဋ္ဌိံ ပဇဟာတိ။ (ဝိသုဒ္ဓိ၊၂။၂၂၀)

## မြန်မာပြန်

ထို(၄)ပါးသော နည်းတို့တွင် အဝိဇ္ဇာ-ဟူသော အကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကြသည်။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဉ် ဖြစ်သည်။ ဤသို့ အစရှိသောနည်းဖြင့် အညှောင့်စသည်၏ အဖြစ်ဖြင့် မျိုးစေ့မှ အပင်အဖြစ်သို့ ရောက်ခြင်းကဲ့သို့ ရုပ်နာမ် အစဉ်၏ မပြတ်စဲခြင်းသည် ဧကတ္တနည်းမည်၏။ ယင်းဧကတ္တနည်းကို မှန်စွာမြင်သော ပုဂ္ဂိုလ်သည် အကြောင်းနှင့်အကျိုး၏ ဆက်စပ်ခြင်းအားဖြင့် ရုပ်နာမ် အစဉ်သန္တာန်၏ မပြတ်စဲခြင်းကို သိခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်၏။

* (ခ) အဝိဇ္ဇာဒီနမ္ပန ယထာသကံ လက္ခဏာဝဝတ္ထာနံနာနာတ္တနယောနာမ ယံ သမ္မာ ပဿန္တော နဝနဝါနံ ဥပ္ပါဒဒဿနတော သဿတဒိဋ္ဌိံ ပဇဟာတိ။ (ဝိသုဒ္ဓိ၊၂။၂၂၀)

http://www.dhammadownload.com



### မြန်မာပြန်

ထိုမှတစ်ပါး အဝိဇ္ဇာစသည်တို့၏ မိမိနှင့်ဆိုင်သော သဘောလက္ခဏာကို ပိုင်းခြားခြင်းသည် နာနာတ္တနည်းမည်၏။ ယင်းနာနာတ္တနည်းကို မှန်စွာ မြင်သောပုဂ္ဂိုလ်သည် အသစ်အသစ်ဖြစ်သော တရားတို့၏ ဖြစ်ခြင်းကို မြင်ခြင်းကြောင့် သဿတဒိဋ္ဌိကို ပယ်၏။

* (ဂ) အဝိဇ္ဇာယ သင်္ခါရာ မယာ ဥပ္ပါဒေတဗ္ဗာ၊ သင်္ခါရာနံ ဝါ ဝိညာဏံ အမှေဟီတိ ဧဝမာဒိဗျာပါရာဘာဝေါ အဗျာပါရနယော နာမ၊ ယံ သမ္မာ ပဿန္တော ကာရကဿအဘာဝါဝဗောဓတော အတ္တဒိဋ္ဌိံ ပဇဟာတိ။ (ဝိသုဒ္ဓိ၊ ၂။ ၂၂၀)

### မြန်မာပြန်

အဝိဇ္ဇာအား သင်္ခါရတို့ကို ငါသည် ဖြစ်စေအပ်ကုန်၏ဟူ၍လည်းကောင်း၊ သင်္ခါရတို့အားလည်း ဝိညာဉ်ကို ငါတို့သည် ဖြစ်စေအပ်ကုန်၏ ဟူ၍ လည်းကောင်း၊ ဤသို့အစရှိသော ကြောင့်ကြ ပြုခြင်းသည် အဗျာပါရ နည်းမည်၏။ ယင်းအဗျာပါရနည်းကို မှန်စွာ မြင်သောပုဂ္ဂိုလ်သည် ပြုတတ်သော အတ္တ၏ မရှိခြင်းကိုယူခြင်းကြောင့် အတ္တဒိဋ္ဌိကို ပယ်၏။

* (ယ) ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သီလဝါ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ယောနိသော မနသိ-ကရောန္တော သောတာပတ္တိဖလံ သစ္ဆိကရေယျာတိ။ (သံ၊ ၂။ ၁၃၆။)

### မြန်မာပြန်

ငါ့ရှင် သီလရှိသောရဟန်းသည် ဤဥပါဒါနက္ခန္ဓာ(၅)မျိုးတို့ကို မမြဲဟူ၍(ပ)အနှစ်သာရ မရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းသည် ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရာသောအကြောင်းသည် ရှိသည်။

* (င) ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သောတာပန္နော ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော(ပ) အနတ္တတော ယောနိသော မနသိကရောန္တော သကဒါဂါမိဖလံ သစ္ဆိက ရေယျာတိ။ (သံ၊ ၂။ ၁၃၆။)

http://www.dhammadownload.com



## မြန်မာပြန်

ငါ့ရှင် သောတာပန်အဖြစ်သို့ ရောက်သောရဟန်းသည် ဤဥပါဒါ-နက္ခန္ဓာ(၅)မျိုးတို့ကို မမြဲဟူ၍(ပ) အနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းသည် ရှိသော် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရာသော အကြောင်းသည်ရှိ၏။

* (စ) ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သကဒါဂါမီ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော (ပ) အနတ္တတော ယောနိသော မနသိကရောန္တော အနာဂါမိဖလံ သစ္ဆိကရေ-ယျာတိ။ (သံ၊ ၂။၁၃၆။)

## မြန်မာပြန်

ငါ့ရှင် သကဒါဂါမိရဟန်းသည် ဤဥပါဒါနက္ခန္ဓာ(၅)မျိုးတို့ကို မမြဲဟူ၍ (ပ) အနှစ်သာရမရှိဟူ၍ အသင့်အားဖြင့် နှလုံးသွင်းသည်ရှိသော် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရာသော အကြောင်းရှိ၏။

* (ဆ) ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သကဒါဂါမီဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော(ပ) အနတ္တတော ယောနိသော မနသိကရောန္တော အနာဂါမိဖလံ သစ္ဆိကရေ-ယျာတိ။ (သံ၊ ၂။၁၃၇။)

ငါ့ရှင် သကဒါဂါမိရဟန်းသည် ဤဥပါဒါနက္ခန္ဓာ(၅)မျိုးတို့ကို မမြဲဟူ၍ (ပ) အနှစ်သာရမရှိ ဟူ၍ အသင့်အားဖြင့် နှလုံးသွင်းသည်ရှိသော် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရာသော အကြောင်းရှိ၏။

အထက်ပါ ကျမ်းဂန်အထောက်အထားများကို လိုရင်း ထပ်မံ လျှောက်ထားပါဦးမည် ဘုရား။

အမှတ်(က-ခ-ဂ)ကျမ်းဂန်များအရ ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ, ကျင့်စဉ်အတိုင်း ဝိပဿနာတရားရှုပွားသူသည် ပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်း ပဋိစ္စသမုပ္ပါဒ်ရှုနည်းအရ ရှုပွားရ၏။

http://www.dhammadownload.com



* ကေတ္တနည်းကို အမှန်မြင်လျှင်----ဥစ္ဆေဒဒိဋ္ဌိ-ကို ပယ်နိုင်၍
* နာနာတ္တနည်းကို အမှန်မြင်လျှင်---- သဿတဒိဋ္ဌိ-ကို ပယ်နိုင်ပြီး
* အဗျာပါရနည်းကို အမှန်မြင်လျှင်-အတ္တဒိဋ္ဌိ-(သက္ကာယဒိဋ္ဌိ)ကို ပယ်နိုင်သည်ဟု ဆိုလိုပါသည် ဘုရား။

ဤကျမ်းဂန်ဆိုလိုချက်အရ ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ, ကျင့်စဉ်များ အတိုင်း ဝိပဿနာတရား ကျင့်ပွားပါလျှင် အကြောင်းကြောင့် အကျိုးဖြစ်နေ၏။ ပဋိစ္စသမုပ္ပါဒ် ဘဝစက်ကို ပိုင်းပိုင်းခြားခြား သိမြင်လျက် သဿတ၊ ဥစ္ဆေဒ၊ သက္ကာယ-ဒိဋ္ဌိများကို ပယ်ခွာနိုင်၍ သောတာပန် အဆင့်ဆင့်ဖြစ်ကာ သံသရာ ဘဝဒုက္ခမှ လွန်မြောက်နိုင်သည်မှာ အလွန်ပင် ထင်ရှားပါသည်ဘုရား။

ထိုသို့ ထင်ရှားပါလျက် ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ, ကျင့်စဉ်များ အတိုင်း ကျင့်လျှင် သဿတ၊ ဥစ္ဆေဒ အစွန်းမလွတ်ဘူးလေး-ဘာလေး ဟောပြော ကျင့်သုံးနေသော စမ်းကလေး(လမ်းတို)ဆရာတော်၏ ကျင့်စဉ်မှာ အလွန် လွဲမှားသော ကျင့်စဉ်ဖြစ်သည်မှာ သေချာပါသည် ဘုရား။ ဤသို့ လွဲမှားသည့် စမ်းကလေးကျင့်စဉ်မျိုးဖြင့်ကား အိပ်မက်ထဲ၌ပင် သောတာပန်စသည် မဖြစ် နိုင်ပါဘုရား။ ထိုသို့ မဖြစ်နိုင်ကြောင်းကို (ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ-စာမျက်နှာ-၂၂၁-၌) အောက်ပါအတိုင်း ဖွင့်ဆိုမိန့်မှာထားပါသည် ဘုရား။

* ဘဝစက္ကမပဒါလေတွာ၊ အသနိဝိစက္ကမိပ နိစ္စနိမ္မထနံ။
  သံသာရဘယ မတီတော၊ န ကောစိ သုပိနန္တရေပျတ္ထိ။

## မြန်မာပြန်

ဤဘဝစက်ကို မဖောက်ခွဲမူ၍ မိုးကြိုးစက်ကဲ့သို့ အမြဲနှိပ်စက်တတ်သော သံသရာဘေးကို ကျော်လွန်သောသူသည် (အိပ်မက်၌သော်လည်း) တစ်စုံ တစ်ယောက်မျှ မရှိ။

* အမှတ်(ယ-င-စ-ဆ)ကျမ်းဂန်များအရ---
* ပုထုဇဉ် သီလဝန္တ ပုဂ္ဂိုလ်သည်(သောတာပန်-ဖြစ်လိုလျှင်) ဥပါဒါနက္ခန္ဓာ(၅)ပါးကို အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာယာဉ် (၃)ပါး ထင်အောင်-မြင်အောင် နှလုံးသွင်းရှုပွားရမည်။

http://www.dhammadownload.com



* သကဒါဂါမ် ဖြစ်လိုသော(သောတာပန်-ပုဂ္ဂိုလ်သည်)
* အနာဂါမ် ဖြစ်လိုသော(သကဒါဂါမ် ပုဂ္ဂိုလ်)သည်
* ရဟန္တာ ဖြစ်လိုသော (အနာဂါမ် ပုဂ္ဂိုလ်)သည်လည်း (နောက်ထပ်နည်းသစ်ရှာစရာ-ထည့်သွင်းစရာမလိုဘဲ) သောတာပန်ဖြစ်ရန် သီလဝန္တ-ပုထုဇဉ်ဘဝ၌ ရှုမှတ်ပွားများခဲ့သော ဥပါဒါနက္ခန္ဓာ(၅)မျိုးကိုပင် အနိစ္စ-ဒုက္ခ-အနတ္တ-လက္ခဏာယာဉ်(၃)ပါး ထင်အောင်-မြင်အောင် အသင့်အားဖြင့် နှလုံးသွင်း ရှုပွားရမည်ဟု ဆိုလိုပါသည်ဘုရား။

ဤအမှတ်(ဃ-င-စ-ဆ)ကျမ်းဂန်ဆိုလိုချက်ကို ကြည့်ပါလျှင် ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ,ကျင့်စဉ်အတိုင်း ရုပ်နာမ် သင်္ခါရတို့ကို ရှုမှတ် ပွားများပါလျှင် သဿတ-ဥစ္ဆေဒဒိဋ္ဌိ မစွန်းငြိသည့်အပြင် တခြားသက္ကာယဒိဋ္ဌိ စသော ကိလေသာအားလုံးကိုပင် အစွန်းအငြိမရှိတော့ဘဲ ရဟန္တာအဖြစ်ပင် ရောက်ရှိနိုင်မည်မှာ ထင်ရှားလှပါသည်ဘုရား။

ယခု တပည့်တော်များ ထုတ်ပြခဲ့သော ကျမ်းဂန်များအရ ဗုဒ္ဓ၏ သီလ, သမာဓိ,ပညာ,ကျင့်စဉ်အတိုင်း ကျင့်ပွားလျှင် သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ မစွန်းငြိနိုင်သည်မှာ ထင်ရှားပါလျက် ထိုဗုဒ္ဓ၏ကျင့်စဉ်အတိုင်း ရှုမှတ်ပွားများလျှင် သဿတဥစ္ဆေဒ အစွန်းမလွတ်နိုင်ဟု ဟောပြောလိုက်ခြင်းမှာ-----

(သားရေပေါ်အိပ် သားရေနားစားသော သတ္တဝါကဲ့သို့လည်းကောင်း၊ အရိပ်ခို၍ အခက်ချိုးသော ကျေးဇူးကန်းသူကဲ့သို့လည်းကောင်း)

သာသနာတော်၌ မှီခိုနေလျက် ဗုဒ္ဓကိုရော,ဓမ္မကိုရော,သံဃာကိုရော ထိပါး စော်ကားလွန်းသော-မိုက်လွန်း- ရိုင်းလွန်းသော ကျေးဇူးကန်းလွန်းသော ဟောပြောကွက်သာ ဖြစ်ပါသည်ဘုရား။

စမ်းကလေး(လမ်းတို)ဆရာတော်၏ ထိုဟောပြောမှုသည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့်(လုံးဝ)ဆန့်ကျင်လွဲချော် မှားယွင်းနေသော မိစ္ဆာဝါဒအဓမ္မဝါဒဆိုးကြီးသာ ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



စမ်းကလေး(လမ်းတို)ဆရာတော်သည် ထိုမိစ္ဆာဝါဒ-အဓမ္မဝါဒဆိုးကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သီလ,သမာဓိ,ပညာ,ကျင့်စဉ် တရားတို့ကို (သဿတ+ဥစ္ဆေဒ-အစွန်းမလွတ်ဟု စွပ်စွဲပုတ်ခတ်ကာ) (လုံး၀) ပယ်ရှားဖျက်ဆီးနေသော (ဧရာမ)သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး ဖြစ်ပါသည် ဘုရား။

ထိုသို့ ဖြစ်ပါသောကြောင့်-စမ်းကလေး(လမ်းတို)သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး၏ မိစ္ဆာဝါဒ-အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်း ပေးတော် မူပါရန် တင်ပြလျှောက်ထား(စောဒနာ)အပ်ပါသည်ဘုရား။

## အမှတ်(၇) လျှောက်ထား(စောဒနာ)ချက်

**ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ သီလ,သမာဓိ,ပညာ,ကျင့်စဉ်တို့ကို စွဲချက် အမျိုးမျိုးဖြင့် နုတ်ပယ်ဖြည့်စွက်ပြီး မဂ္ဂင်(၈)ပါး ကျင့်စဉ်များကို ဖျက်ဆီးလိုက်သော စမ်းကလေး (လမ်းတို)-ကျင့်စဉ်ဖြင့် သောတာပန် မဖြစ်နိုင်ပုံ ရှင်းလင်း တင်ပြခြင်း**

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြား ဝိနည်းမိုရ် ဆရာတော်ကြီးများ ဘုရား--

စမ်းကလေး (လမ်းတို) ဆရာတော်သည် တပည့်တော်များ ယခင် လျှောက်ထား(စောဒနာ)ချက်များ၌ လျှောက်ထားခဲ့သည့်အတိုင်း ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သီလ,သမာဓိ,ပညာ,ကျင့်စဉ်တို့ကို စွပ်စွဲချက် အမျိုးမျိုးပြ၍ ဖြုတ်နုတ်-ဖြည့်စွက်-ပြင်ဆင်ပြုလုပ်၍ သူ၏ (သီလ-သဒ္ဓါ-ပညာ) ဟူသော လမ်းတို လက်သစ်ဝါဒဖြင့် အစားထိုးကာ ဗုဒ္ဓ၏ မဂ္ဂင်(၈)ပါး ကျင့်စဉ်များကို ဖျက်ဆီးလိုက်ပြီး သူ၏လက်ဖြစ် (နှုတ်ဖြစ်)စမ်းကလေးဝါဒ-မဂ္ဂင်(၈)ပါး ဟူသည်ကို တည်ထွင်ကြံဆဟောနေပါသည်။

အောက်ပါတို့မှာ-စမ်းကလေးဆရာတော်၏ လက်ရုံးတပည့်ကြီးများ ဖြစ်သော ပဲခူးမှ စမ်းကလေးဓမ္မသာကစ္ဆာဆရာ ပန်းချီဦးအောင်ကို၊ ဦးအောင်သူတို့ ဟောပြောသော စမ်းကလေးတည်ထွင် မဂ္ဂင်(၈)ပါးတို့ ဖြစ်ပါသည် ဘုရား။

http://www.dhammadownload.com



## စမ်းကလေးတည်ထွင်-မဂ္ဂင်(၈)ပါး

(၁) ယုံကြည်သဒ္ဓါ၊
(၂) ကြည်ညိုသဒ္ဓါ၊
(၃) အဓိဂမသဒ္ဓါ ဟူသော သဒ္ဓါမဂ္ဂင်(၃)ပါး။
(၄) ဒုသီလ၊
(၅) သုသီလ၊
(၆) အဓိဂမသီလ ဟူသော သီလမဂ္ဂင်(၃)ပါး။
(၇) ဝိနည်းမဂ္ဂင် (၁)ပါး၊
(၈) သိက္ခာမဂ္ဂင် (၁)ပါးပေါင်း (၈)ပါး ဖြစ်ပါသည်-တဲ့။

(၁) ယုံကြည်သဒ္ဓါ = မိမိနေအိမ်မှ (စမ်းကလေး ဆရာတော်ကို သွားဖူးမည်ဟု) ထွက်ခွါခဲ့လျှင် ယုံကြည်သဒ္ဓါ တစ်ချက်ကို ရပါပြီ၊ ၎င်းသည် သဒ္ဓါမဂ္ဂင်မှ ပထမဆုံး ယုံကြည်သဒ္ဓါမဂ္ဂင် ဖြစ်ပါသည်တဲ့။

(၂) ကြည်ညိုသဒ္ဓါ = စမ်းကလေးဆရာတော်ကျောင်းသို့ ရောက်တာနဲ့ သူသူငါငါ ကြည်ညိုနေကြတာကို ကြည့်ပြီး ကြည်ညိုစိတ်တွေ ဖြစ်လာရင် ကြည်ညိုသဒ္ဓါ မဂ္ဂင် ဖြစ်ပါသည်တဲ့။

(၃) အဓိဂမသဒ္ဓါ = တရားနာယူနေစဉ် ဣန္ဒြေ(၆)ပါး လုံခြုံအောင် ထိန်းထားခြင်းသည် **အဓိဂမသဒ္ဓါ** ဖြစ်ပါသည်တဲ့။

(၄) ဒုသီလ = စမ်းကလေးသာသနာမှအပ မိမိတို့နေထိုင်ရာ အရပ်ဒေသတို့၌ နေစဉ် ဒုသီလဖြစ်၏။ ဒုသီလ မဂ္ဂင် ဖြစ်ပါသည်တဲ့။

(၅) သုသီလ = စမ်းကလေးဆရာတော်ကျောင်းသို့ ရောက်လျှင် အပြောကလေးတွေ ဆင်ခြင်လာသည့်အတွက် သုသီလမဂ္ဂင် ဖြစ်ပါသည်တဲ့။

http://www.dhammadownload.com



(၆) အဓိဂမသီလ = ဟောကွက်-ကျင့်ကွက် နှစ်ဖြာတွဲလျက် ရှိသည့် အနက်မှ ကျင့်ကွက် (၁၅)မိနစ်အတွင်း မလှုပ် မယှက် ငြိမ်ငြိမ်ကလေး ထိုင်နေခြင်းတို့သည် **အဓိဂမသီလမဂ္ဂင်** ဖြစ်ပါသည်တဲ့။

(၇) ဝိနည်းမဂ္ဂင် = (၁၅) မိနစ်ကျင့်ကွက်တွင် ဘယ်ညာတစောင်း မပြောင်းရန်၊ ကိုယ်ကိုတည့်မတ်စွာထားရန်၊ ဆရာတော် ဟောသော အသံတစ်ခုတည်း အပေါ်၌သာ အာရုံစူးစိုက် နေခြင်းတို့သည် **ဝိနည်းမဂ္ဂင်** ဖြစ်ပါသည်တဲ့။

(၈) သိက္ခာမဂ္ဂင် = အထက်ပါ ဝိနည်းမဂ္ဂင်အကျင့်ကို (၁၅)မိနစ် လုံးလုံး ငြိမ်သက်စွာ ထိန်းသိမ်းစောင့်ရှောက် ခြင်းသည် **သိက္ခာမဂ္ဂင်** ဖြစ်ပါသည်တဲ့။

အထက်ပါ စမ်းကလေးဆရာတော်၏ မဂ္ဂင်(၈)ပါးအတု လက်သစ်ဝါဒ ဖြင့် သောတာပန်မဖြစ်နိုင်ပုံကို အောက်ပါကျမ်းဂန်များ ထောက်ထား၍ လျှောက်ကြားပါဦးမည်ဘုရား။

(က) တတ္ထ ပရိယတ္တိဓမ္မေ၊ တာဝ သွာက္ခာတော အာဒိမဇ္ဈပရိယော- သာနကလျာဏတ္တာ သာတ္ထသဗျဥ္ဇနကေဝလပရိပုဏ္ဏပရိသုဒ္ဓ- ဗြဟ္မစရိယပ္ပကာသနတ္တာ စ။ (ဝိသုဒ္ဓိမဂ္ဂ-၅-၁-၂၀၆၊ ၇။)

## မြန်မာပြန်

ထိုတွင် ပရိယတ်တရားတော်သည် အစ-အလယ်-အဆုံး သုံးပါးလုံး ကောင်းသည်၏အဖြစ်ကြောင့်ရင်း၊ ပြည့်စုံကောင်းမြတ်သော အနက်နှင့်၊ ပြည့်စုံကောင်းမြတ်သော သဒ္ဒါရှိသည့်အပြင်၊ အလုံးစုံအကြွင်းမဲ့ပြည့်စုံ၍ ထက်ဝန်းကျင်စင်ကြယ်သော ဗြဟ္မစရိယခေါ်အမြတ်ကို ပြတတ်သည်၏ အဖြစ်ကြောင့်ရင်း၊ ကောင်းစွာဟောအပ်သော (သွာက္ခာတ)တရားမည်ပေ၏။

(ခ) * ဥပနေတဗ္ဗဿ အဘာဝတော သကလပရိပုဏ္ဏဘာဝေန ကေဝလပရိပုဏ္ဏံ။

http://www.dhammadownload.com



* အပနေတဗ္ဗသ အဘာဝတော နိဒ္ဒေါသဘာဝေန ပရိသုဒ္ဓံ။
(ဝိသုဒ္ဓိ၊ ၁။ ၂၀၈)

မြန်မာပြန်

* ဖြည့်စွက်ဖွယ် ထည့်သွင်းဖွယ် မရှိခြင်းကြောင့် အလုံးစုံ အကြွင်းမဲ့ ပြည့်စုံသောအားဖြင့် (ကေဝလပရိပုဏ္ဏ) အလုံးစုံ အကြွင်းမဲ့ ပြည့်စုံပေ၏။

* နုတ်ပယ်စရာမရှိခြင်းကြောင့် အပြစ်ကင်းသည်၏အဖြစ်ဖြင့် (ပရိသုဒ္ဓ) ထက်ဝန်းကျင် စင်ကြယ်ပေ၏။

(ဂ) * သီလေန စ သာသနဿ အာဒိကလျာဏတာ ပကာသိတာ ဟောတိ။

* သမာဓိနာ မဇ္ဈေကလျာဏတာ ပကာသိတာ ဟောတိ။

* ပညာယ သာသနဿ ပရိယောသာနကလျာဏတာ ပကာ-သိတာ ဟောတိ။ (ဝိသုဒ္ဓိ၊ ၁။ ၄)

မြန်မာပြန်

* သီလဖြင့် သာသနာတော်၏ အစ၌ကောင်းခြင်း ရှိသည်၏အဖြစ်ကို ပြ၏။

* သမာဓိဖြင့် သာသနာတော်၏ အလယ်၌ကောင်းခြင်း ရှိသည်၏ အဖြစ်ကို ပြ၏။

* ပညာဖြင့် သာသနာတော်၏ အဆုံး၌ကောင်းခြင်း ရှိသည်၏ အဖြစ်ကို ပြ၏။

အထက်ပါ ကျမ်းဂန်အထောက်အထားများအရ လိုရင်းထပ်မံ လျှောက်ထားပါဦးမည်ဘုရား။

(က) ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော (ပရိယတ်)တရားတော်သည်---

http://www.dhammadownload.com



(၁) အစ၏ကောင်းခြင်း

(၂) အလယ်၏ကောင်းခြင်း

(၃) အဆုံး၏ကောင်းခြင်း

(၄) ပြည့်စုံကောင်းမြတ်သော အနက်ရှိခြင်း

(၅) ပြည့်စုံကောင်းမြတ်သော သဒ္ဒါရှိခြင်း

(၆) အလုံးစုံ အကြွင်းမဲ့ပြည့်စုံခြင်း

(၇) ထက်ဝန်းကျင် စင်ကြယ်ခြင်း

(၈) မြတ်သော ဗြဟ္မစရိယကို ပြတတ်ခြင်း---ဤဂုဏ်အရည်အချင်း (၈)မျိုးနှင့် ပြည့်စုံသောကြောင့် (သွာက္ခာတ)အမည်ရပါသည်။

(ခ) ထို သွာက္ခာတ--ဂုဏ်နှင့်ပြည့်စုံသော ဗုဒ္ဓ၏တရားတော်တို့၌ လိုနေသေးသည်၊ မပြည့်စုံသေးဘူးဟူ၍ ဖြည့်စွက်ဖို့လည်းမလို၊ ပိုနေသည် အသုံးမကျတော့ဟု ဖယ်ရှားဖြုတ်ပစ်ဖို့လည်းမလို ပြည့်စုံသန့်ရှင်းပြီးသော တရားတော်များ ဖြစ်ပါသည်။

(ဂ) * သီလအကျင့်ကို ကျင့်သုံးရခြင်းသည် တရားတော်၏ အစ၌ ကောင်းခြင်း မည်၏။

* သမာဓိအကျင့်ကို ကျင့်သုံးရခြင်းသည် တရားတော်၏ အလယ်၌ ကောင်းခြင်း မည်၏။

* ပညာအကျင့်ကို ကျင့်သုံးရခြင်းသည် တရားတော်၏ အဆုံး၌ ကောင်းခြင်း မည်၏။

အထက်ပါကျမ်းဂန် ဆိုလိုရင်းအရ ဗုဒ္ဓ၏တရားတော်များသည် ဖြည့်စရာ၊ ပြုပြင်စရာ ဘာမျှမလိုသော အလွန်ပြည့်စုံ စင်ကြယ် သန့်ရှင်းပြီးသော တရားတော်များ ဖြစ်ပါလျက် ဗုဒ္ဓ၏သာသနာ့ တံခွန် သက်နှင်းအရေခြုံထားပြီး ဗုဒ္ဓကို ရန်လုပ်နေသော ဘုရားသားတော် အတုအယောင် သာသနာ့အတွင်း

http://www.dhammadownload.com



ရန်သူ သာသနာဖျက်ကြီး စမ်းကလေး (လမ်းတို)ဆရာတော်သည် တပည့်တော်များ ရှေ့ပိုင်းလျှောက်ထားချက် များ၌ အပြည့်အစုံတင်ပြ လျှောက်ထားခဲ့သည့်အတိုင်း----

(၁) ဗုဒ္ဓ၏ သီလကျင့်စဉ်ကို မယိမ်းမယိုင် ငုပ်တုပ်ထိုင်-အဓိဂမသီလ ဟူသော အဓမ္မကျင့်စဉ် လက်သစ်ဖြင့် ပြုပြင်ခြင်း။

(၂) ဗုဒ္ဓ၏ သမာဓိကျင့်စဉ်ကို (လမ်းရှည်တယ်)ဟူသော စွပ်စွဲချက်ဖြင့် ပယ်ဖြုတ်ထားခြင်း။

(၃) ဗုဒ္ဓ၏ သမာဓိကျင့်စဉ်နေရာ၌ (ဣန္ဒြိယသံဝရသီလ-ကို-အလွဲအရ ကောက်ထားသော) အဓိဂမသဒ္ဓါဟူသည့် (အဓမ္မ)ကျင့်စဉ်ဖြင့် အစားထိုးထားခြင်း။

(၄) ဗုဒ္ဓ၏ ပညာကျင့်စဉ်ကို (ကျင့်စရာမလို-အကျိုးမဂ်ပညာဖြစ်သည်) ဟူသော အဓမ္မကျင့်စဉ် လက်သစ်ဖြင့် တလွဲတချော် ပြုပြင်ခြင်း။

(၅) မဂ္ဂင် (၈)ပါး ကျင့်စဉ်လက်သစ်ကို (အလွဲ)တည်ထွင်ခြင်း။

၎င်းသာသနာဖျက် လုပ်ငန်းကြီး (၅)ခုကို သဲသဲမဲမဲကြိုးစားပြုလုပ်နေပါသည်ဘုရား၊ ၎င်းသို့ပြုလုပ်လိုက်ခြင်းကြောင့် ဗုဒ္ဓရှင်တော်မြတ်၏ သီလ, သမာဓိ,ပညာ ဟူသော မဂ္ဂင်ကျင့်စဉ်ကြီးကိုလဲ (လုံး၀) ဖျက်ဆီးလိုက်ပါသည်ဘုရား။ ထိုသို့ (မဂ္ဂင်) ကျင့်စဉ်ကြီးကို ဖျက်ဆီးလိုက်ခြင်းကြောင့် အောက်ပါကျမ်းဂန်များအရ စမ်းကလေး လမ်းတိုလက်သစ်ဝါဒ၌ သောတာပန် စသော အရိယာများ (လုံး၀) ဖြစ်နိုင်ခွင့်မရှိပါဘုရား။

(က) ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ န ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ န ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ။

(ဒီ၊ ၂။ ၁၂၄-၁၂၅)

http://www.dhammadownload.com



## မြန်မာပြန်

သုဘဒ္ဒ အကြင်တရားသဖြင့် ဆုံးမရာ သာသနာ၌ အရိယာဖြစ်ကြောင်း ကောင်းမြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို မရအပ်။ ထိုသာသနာအယူဝါဒ ၌ ပဌမသောတာပန် ရဟန်းကိုလည်း မရအပ်၊ နှစ်ပါးမြောက် သကဒါဂါမ်၊ သုံးပါးမြောက်အနာဂါမ်၊ လေးပါးမြောက် ရဟန္တာရဟန်းကိုလည်း မရအပ်။

(က) ယသ္မိံ စ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ သမဏော ဥပလဗ္ဘတိ။

(ဒီ၊ ၂။ ၁၂၅)

## မြန်မာပြန်

သုဘဒ္ဒ အကြင်တရားသဖြင့် ဆုံးမရာ သာသနာ၌ အရိယာဖြစ်ကြောင်း ကောင်းမြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို ရအပ်၏။ ထိုသာသနာ (အယူဝါဒ၌) ပဌမသောတာပန် ရဟန်းကိုလည်း ရအပ်၏၊ နှစ်ပါးမြောက် သကဒါဂါမ်ရဟန်း၊ သုံးပါးမြောက်အနာဂါမ်ရဟန်း၊ လေးပါးမြောက် ရဟန္တာ ရဟန်းကိုလည်း ရအပ်၏။

(ဂ) ဣမသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ ဣဓေဝ သုဘဒ္ဒ သမဏော ဣဓ ဒုတိယော သမဏော၊ ဣဓ တတိယော သမဏော၊ ဣဓ စတုတ္ထော သမဏော သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟိ။

(ဒီ၊ ၂။ ၁၂၅)

## မြန်မာပြန်

သုဘဒ္ဒ တရားသဖြင့် ဆုံးမရာ ငါဘုရား၏ ဤသာသနာတော်၌ အရိယာဖြစ်ကြောင်း ကောင်းမြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို ရအပ်၏။ (ထို့ကြောင့်) ဤငါဘုရား၏ သာသနာတော်၌သာ ပဌမသောတာပန် ရဟန်းကို လည်းကောင်း၊ နှစ်ပါးမြောက် သကဒါဂါမ်ရဟန်းကိုလည်းကောင်း၊ သုံးပါးမြောက်အနာဂါမ်ရဟန်းကိုလည်းကောင်း၊ လေးပါးမြောက် ရဟန္တာ

http://www.dhammadownload.com



ရဟန်းကိုလည်းကောင်း ရအပ်၏၊ တခြားသော တတ္ထိတို့၏ အမျိုးမျိုးသော ဝါဒတို့သည် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတို့မှ ကင်းဆိတ်ကုန်၏။

အထက်ပါကျမ်းဂန်အရ လိုရင်းထပ်မံ လျှောက်ထားပါဦးမည်ဘုရား။

(က) မဂ္ဂင်ရှစ်ပါးမရှိသော ဘာသာ, သာသနာအယူဝါဒ၌ သောတာပန်လည်း မရှိနိုင်၊ သကဒါဂါမ် အနာဂါမ် ရဟန္တာလည်း မရှိနိုင်။

(ခ) မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားရှိသော ဘာသာ, သာသနာအယူဝါဒ၌သာ ထိုသောတာပန် စသော အရိယာပုဂ္ဂိုလ် (၄)မျိုးရှိနိုင်သည်။

(ဂ) ဤမြတ်စွာဘုရား၏ သာသနာတော်၌ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရား အပြည့်အစုံရှိသောကြောင့် ဤဘုရားရှင်၏ သာသနာတော်၌သာ သောတာပန် စသော အရိယာပုဂ္ဂိုလ် (၄)မျိုး ရှိနိုင်သည်။

(အခြား တိတ္ထိတို့၏ အမျိုးမျိုးသော အယူဝါဒတို့၌ ဤအရိယာပုဂ္ဂိုလ် (၄)မျိုး (လုံးဝမရှိနိုင်) ဤသို့ ဆိုလိုပါသည်ဘုရား။

ဤကျမ်းဂန်ဆိုလိုချက်အရ နှိုင်းယှဉ်ပြပါမည် ဘုရား။

(၁) စမ်းကလေး လမ်းတိုကျင့်စဉ်က သီလမဂ္ဂင်, သမာဓိမဂ္ဂင်, ပညာမဂ္ဂင် ဟူသော မဂ္ဂင်အားလုံးကို ဖျက်ဆီးဖယ်ရှား၍ ဘာမဂ္ဂင်မျှအားမထုတ်ဘဲ ငုတ်တုပ်ထိုင်တရားနာရုံဖြင့် သောတာပန် ဖြစ်နိုင်သည်ဟု ဆိုပါသည်။

(၂) ဗုဒ္ဓ၏ ထေရဝါဒဒေသနာက မဂ္ဂင်ရှစ်ပါး အပြည့်အစုံ(၁-ပါးမျှမလျှော့စေဘဲ) (ကျင့်ကိုကျင့်မှ) သောတာပန် စသော အရိယာများ ဖြစ်နိုင်သည် ဟု ဆိုပါသည်။

ဤနှိုင်းယှဉ်ချက်အရ---

ဗုဒ္ဓ၏ မဂ္ဂင်(၈)ပါး ကျင့်စဉ်အစစ်ကို ဖျက်ဆီး၍ မဂ္ဂင်(၈)ပါး ကျင့်စဉ်အတုကို အစားထိုးလျက် ငုပ်တုပ်ထိုင် တရားနာရုံဖြင့် သောတာပန်

http://www.dhammadownload.com



ဖြစ်သည်ဟု စမ်းကလေး(လမ်းတို)ဆရာတော်၏ လမ်းတိုဝါဒ ကျင့်စဉ်သည် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်နှင့်(လုံးဝ)ဆန့်ကျင် လွဲချော် မှားယွင်း နေသော (မိစ္ဆာဝါဒ၊ အဓမ္မဝါဒ)ဆိုးကြီးသာ ဖြစ်ပါသည်။

စမ်းကလေး လမ်းတိုဆရာတော်သည် ထိုမိစ္ဆာဝါဒ၊ အဓမ္မဝါဒဆိုးကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ (မဂ္ဂင်ရှစ်ပါးရှိမှ အရိယာရှိနိုင်သည်) ဟူသော ဒေသနာတော်ကြီးကို (လုံး၀)ဖယ်ရှားဖျက်ဆီးနေသော (ဧရာမ) သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး ဖြစ်ပါသည်ဘုရား။

ထိုသို့ဖြစ်ပါသောကြောင့် ထိုစမ်းကလေး(လမ်းတို)သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး၏ ထိုမိစ္ဆာဝါဒ၊ အဓမ္မဝါဒအယူဆိုးကြီးကို ဓမ္မဝိနယ နှင့်အညီ စိစစ်သုံးသပ်ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်းပေးတော်မူပါရန် တင်ပြ လျှောက်ထား (စောဒနာ)အပ်ပါသည်ဘုရား။

**မှတ်ချက်** - မဂ္ဂင်(၈)ပါး အစားထိုးပုံကို နောက်ဆက်တွဲ (ခ) သက်သေ အဖြစ် တင်ပြထားသော လျှောက်ထားလွှာ၌ ရှုတော်မူပါ။ အမှတ် (၇)သက်သေခံ တရားတိတ်ခွေကိုလည်း နားထောင် ကြည့်တော်မူပါ။ နောက်ဆက်တွဲ(ခ)သက်သေလျှောက်ထားလွှာရှင် ဦးပြုံးခင် ကိုလည်း သက်ရှိ သက်သေအဖြစ် တင်ပြပါသည်။

## အမှတ် (၈)လျှောက်ထား (စောဒနာ)ချက်
## စမ်းကလေး (လမ်းတို)ဆရာတော်၏ သာဝကများ မဂ္ဂင်-ရှစ်ပါး မကျင့်ပွါးဘဲ ဟောရုံ-နာရုံ-ငုတ်တုပ်ထိုင်ရုံဖြင့် (တရားထူး)မရနိုင်ပုံ တင်ပြ လျှောက်ထားခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းမှုခိုရ် ဆရာတော်ကြီးများဘုရား--

စမ်းကလေး (လမ်းတို)ဆရာတော်သည် အထက်ပါ (မဂ္ဂင်ရှစ်ပါး မရှိလျှင် အရိယာမရှိနိုင်)ဟူသော ဗုဒ္ဓ၏ဒေသနာတော်ကို ပြောင်ပြောင်ပင် အရွဲ့ တိုက်လျက် မဂ္ဂင်ရှစ်ပါး မရှိလည်းနေပါစေ၊ သူ့စကားသာနားထောင် တစ်မဂ်-ရဖို့ သူက ရဲရဲတာဝန်ယူကြောင်း အာပေါင် အာရင်းသန်သန်ဖြင့် (ငါ့မြင်း

http://www.dhammadownload.com



ငါစိုင်း စစ်ကိုင်းရောက်ရောက်)ဆိုတာလို ရောက်တတ်ရာရာဟော ပြောနေပြန်ပါသည်ဘုရား။

ထိုသို့ ဟောပြောနေပုံ ကောက်နုတ်ချက်ကို-ထိုဆရာတော်ကိုယ်တိုင် ၁၃၅၉-ခု၊ ကဆုန်လပြည့်တရားတိတ်ခွေ၌ ဟောထားသည့်အတိုင်း အောက်တွင် ဖော်ပြလိုက်ပါသည်ဘုရား--

(က) × × × ×ပြောစကားသာ နားထောင်၊ ယုံတဲ့သဒ္ဓါရှိပါစေ-အခုထဲကပြောမယ်၊ လောကဘေးနဲ့အပါယ်ဘေးက လွတ်ကြောင်းတစ်မဂ်ကို အခါ-၂၀-ရဲရဲဏာဝန်ယူတယ်။

(အေ-ဆိုက်-၁၇-မိနစ်ခန့်နေရာ)

( ခ) × × × ×ပြောစကားသာ နားထောင်ပစေ၊ အပါယ်လောက်တစ်မဂ်လောက်တော့ ရဲရဲတာဝန်ယူတယ်၊ အခါ-၂၀-ဆိုတာ နဲသေးတယ်နော်။

(အေ-ဆိုက်-၁၇-မိနစ်ခန့်နေရာ)

( ဂ) × × ×ဘုန်းကြီးဟောတဲ့တရားလေးကို စိုက်နားထောင်နေရင်၊ နီဝရဏ ကွာမနေဘူးလား၊ အဲဒီစိုက်နားထောင်နေတဲ့အချိန်လေး-သစ္စာမဂ် တစ်ခုကျနိုင်တယ်။

(အေ-ဆိုက်-၈-မိနစ်ခန့်နေရာ)

(ဃ)× × × × ×အဲဒီသဒ္ဓါကလေးပြည့်စုံတဲ့အတိုင်းသောတာပန်ဘယ်အစားမှန်းတော့မသိဘူး၊ အပါယ်ကလုံးဝလွတ်တယ်၊ ဘုန်းကြီးရဲရဲအခါ- ၂၀-တာဝန်ယူတယ်-အားလုံးကြေငြာပါတယ်။

(ဘီ-ဆိုက်-၂၂-မိနစ်ခန့်နေရာ)

အထက်ပါ စမ်းကလေး (လမ်းတို)ဆရာတော်၏ ဟောကွက်ကိုကြည့်ပါလျှင်----

တစ်မဂ်ရဖို့-သောတာပန်ဖြစ်ဖို့-မဂ္ဂင်(၈)ပါး ကျင့်စဉ် ကျင့်ရန်အချက်လုံးဝမပါရှိပါ။ ယုံပါစေ-ရောက်ပါစေ-ရောက်လာသူအားလုံးကို-အပါယ်လွတ်တဲ့ တစ်မဂ်လောက်တော့ တာဝန်ယူတယ်-တာဝန်ယူတယ်-ဟုသာ (ဆေးညာရောင်းသော လူလိမ်လူညာကဲ့သို့) တစာစာဟစ်အော်၍ တရား

http://www.dhammadownload.com



ညာရောင်းနေသည်မှာ ယိုသူမရှက်သော်လည်း မြင်ရသူ သူတော်ကောင်းများ အော့နှလုံးနာစရာ မသတီစရာ ထွီစရာဖြစ်လို့ မျက်နှာလွှဲရမလို ဖြစ်နေပါသည် ဘုရား။

ထိုဆရာတော် ကြွားလုံး-ဝါလုံးထုတ် ဖြီးဖြန်းညာနေသလို အမှန်မဖြစ်နိုင်ပုံကို အောက်ဖော်ပြပါ ကျမ်းဂန်များအရ တင်ပြလျှောက်ထားပါဦးမည်ဘုရား။

* (က) ၁။ ကတမော စ ပုဂ္ဂလော ဥဃ္ဃဋိတညူ၊ ယဿ ပုဂ္ဂလဿ သဟ ဥဒါဟဋဝေလာယ ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ဥဃ္ဃဋိတညူ။ (အဘိ၊ ၃။ ၁၄၇)

* (က) ၂။ အယံ ဝုစ္စတီတိ အယံ စတ္တာရော သတိပဋ္ဌာနာတိ အာဒိနာ နယေန သံခိတ္တေန မာတိကာယ ဌပိယမာနာယ ဒေသနာ နုသာရေန ဉာဏံ ပေသေတွာ အရဟတ္တံ ဂဏှိတုံ သမတ္ထော ပုဂ္ဂလော ဥဃ္ဃဋိတညူတိ ဝုစ္စတိ။ (အဘိ၊ ဋ၊ ၃။ ၇၃)

မြန်မာပြန်

(က-၁) အကျဉ်းဟောပြကာမျှဖြင့် မဂ်ဖိုလ်ကိုရသော"ဥဃ္ဃဋိတညူ" ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်အား (အကျဉ်း) ထုတ်ဆောင်ဟောပြအပ်သောအခါနှင့်တပြိုင်နက်(သစ္စာ-၄-ပါး တရားကို)ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။ ဤပုဂ္ဂိုလ်ကို အကျဉ်းဟောပြကာမျှဖြင့် မဂ်ဖိုလ်ကိုရသော"ဥဃ္ဃဋိတညူ" ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

မြန်မာပြန်

(က-၂) အယံ ဝုစ္စတိ '-ဟူသည်ကား သတိပဋ္ဌာန်တရားတို့သည် (၄)ပါးတို့တည်း၊ ဤသို့အစရှိသောနည်းဖြင့် အကျဉ်း-မာတိကာထားအပ်သည်ရှိသော် ဟောအပ်သော ဒေသနာတော်ကို အစဉ်အတိုင်းဉာဏ်ဖြင့် စေလွှတ်သုံးသပ်လျက် အရဟတ္တဖိုလ်ဉာဏ်ကို ယူခြင်းငှာစွမ်းနိုင်သော ဤပုဂ္ဂိုလ်ကို "ဥဃ္ဃဋိတညူ"ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



* (ခ-၁) ကတမော စ ပုဂ္ဂလော ဝိပဉ္စိတညူ၊ ယဿ ပုဂ္ဂလဿ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထေ ဝိဘဇိယမာနေ ဓမ္မာဘိသမယော ဟောတိ၊ အယံ ဝုစ္စတိ ပုဂ္ဂလော ဝိပဉ္စိတညူ။ (အဘိ၊ ၃။၁၄၇)

* (ခ-၂) အယံ ဝုစ္စတီတိ အယံ သံခိတ္တေန မာတိကံ ဌပေတွာ ဝိတ္ထာရေန အတ္ထေ ဘာဇိယမာနေ အရဟတ္တံ ပါပုဏိတုံ သမတ္ထော ပုဂ္ဂလော ဝိပဉ္စိတညူတိ ဝုစ္စတိ။

(အဘိ၊ဋ္ဌ၊ ၃။ ၇၃)

## မြန်မာပြန်

* (ခ-၁) အကျယ်ဟောပြကာမှုဖြင့် မဂ်-ဖိုလ်ကိုရသော"ဝိပဉ္စိတညူ" ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်အား အကျဉ်း အားဖြင့် ဟောအပ်ပြီးသော ဒေသနာအနက်ကို အကျယ် အားဖြင့် ဝေဖန်အပ်သည်ရှိသော် (သစ္စာ-၄-ပါး)တရားကို ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏၊ ဤပုဂ္ဂိုလ်ကို အကျယ်ဟော ပြကာမှုဖြင့် မဂ်-ဖိုလ်-ကိုရသော "ဝိပဉ္စိတညူ"ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

* (ခ-၂) အယံ ဝုစ္စတိဟူသည်ကား၊ အကျဉ်းအားဖြင့် မာတိကာ ထား၍ အကျယ်အားဖြင့် အနက်အဓိပ္ပါယ်ကို ဝေဖန် အပ်သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာစွမ်းနိုင် သော ဤပုဂ္ဂိုလ်ကို "ဝိပဉ္စိတညူ"ဟူ၍ ဆိုအပ်၏။

* (ဂ-၁) ကတမော စ ပုဂ္ဂလော နေယျော။ယဿ ပုဂ္ဂလဿ ဥဒ္ဒေသ-တော ပရိပုစ္ဆတော ယောနိသော မနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော ပယိရုပါသတော ဧဝံ အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော နေယျော။(အဘိ၊ပု။ ၁၄၇)

* (ဂ-၂) အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတီတိ အနုက္ကမေန အရဟတ္တပတ္တိ။ (အဘိ၊ဋ္ဌ၊ ၃။၇၃။)

http://www.dhammadownload.com



မြန်မာပြန်

* (ဂ-၁) ဥဒ္ဒေသစသည်ဖြင့် ဆောင်ပြ၍ တဖြည်းဖြည်းနောက်မှ မဂ်ဖိုလ်ကိုရသော နေယျပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ အကြင်ပုဂ္ဂိုလ်အား အကျဉ်း(ပါဠိ)အားဖြင့်လည်းကောင်း၊ အကျယ်(အဋ္ဌကထာ)အားဖြင့်လည်းကောင်း၊ သင့်လျော်လျောက်ပတ်စွာ နှလုံးသွင်းသောအားဖြင့် လည်းကောင်း၊ မိတ်ဆွေကောင်းတို့ကို မှီဝဲဆည်းကပ် ချဉ်းကပ်သောအားဖြင့် လည်းကောင်း၊ဤသို့ အစဉ်အတိုင်း(သစ္စာ- ၄-ပါး)တရားကို ထိုးထွင်း၍သိခြင်းသည် ဖြစ်၏။ ဤပုဂ္ဂိုလ်ကို ဥဒ္ဒေသစသည်ဖြင့် ဆောင်ပြ၍ တဖြည်းဖြည်းနောက်မှ မဂ်ဖိုလ်ကို ရသော နေယျပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(ဂ-၂) အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ-ဟူသည်ကား အစဉ်အတိုင်း(သစ္စာ-၄-ပါးကို ထိုးထွင်းသိ၍)အရဟတ္တဖိုလ်သို့ ရောက်ခြင်းတည်း။

* (ဃ-၁) ကတမော စ ပုဂ္ဂလော ပဒပရမော။ ယဿ ပုဂ္ဂလဿ ဗဟုမ္ပိ သုဏတော ဗဟုမ္ပိ ဘဏတော ဗဟုမ္ပိ ဓာရယတော ဗဟုမ္ပိ ဝါစယတော န တာယ ဇာတိယာ ဓမ္မာဘိသမယော ဟောတိ အယံ ဝုစ္စတိ ပုဂ္ဂလော ပဒပရမော။(အဘိ၊ပု။၁၄၇)

* (ဃ-၂) န တာယ ဇာတိယာ ဓမ္မာဘိသမယော ဟောတီတိ န အတ္တဘာဝေန ဈာနံ ဝါ ဝိပဿနံ ဝါ မဂ္ဂံ ဝါ ဖလံ ဝါ နိဗ္ဗတ္တေတုံ သက္ကောတီတိ အတ္ထော။ (အဘိ။ဋ္ဌ၊၃။၇၄)

မြန်မာပြန်

* (ဃ-၁) ပုဒ်ဗျည်းမျှသာ အတိုင်းအရှည်ရှိသောပဒပရမ-ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း-အပြင်ပုဂ္ဂိုလ်အား အကြိမ်များစွာ နာကြားသော်လည်း အကြိမ်များစွာပြောဟောရွတ်ဆိုသော်လည်း၊ အကြိမ်များစွာဆောင်ပြသော်လည်း၊ အကြိမ်များစွာ

http://www.dhammadownload.com



သရဖျာယ်သော်လည်း၊ ထိုကိုယ်၏အဖြစ်၌ (သစ္စာ-၄-ပါး) တရားကို ထိုးထွင်း၍သိခြင်းသည်မဖြစ်၊ ဤပုဂ္ဂိုလ်ကို ပုဒ်ဗျည်းမျှသာ အတိုင်းအရှည်ရှိသောပဒပရမပုဂ္ဂိုလ် ဟူ၍ ဆိုအပ်၏။

* (ဃ-၂) န တာယ ဇာတိယာ ဓမ္မာဘိသမယော ဟောတိ-ဟူသည် ကား ထိုခန္ဓာအတ္တဘော၌ ဈာန်ကိုငှသော်လည်းကောင်း၊ ဝိပဿနာကိုသော်လည်းကောင်း၊ မဂ်-ကိုသော်လည်း ကောင်း၊ ဖိုလ်-ကိုသော်လည်းကောင်း၊ ဖြစ်စေခြင်းငှာမစွမ်း နိုင်၊ ဤကားအနက်အဓိပ္ပါယ်တည်း။

အထက်ပါ ကျမ်းဂန်အထောက်အထားများအရ လိုရင်းထပ်မံ လျှောက် ထားပါဦးမည်ဘုရား။ ဤကျမ်းဂန်များအရ------

(၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ် (၂) ဝိပဉ္စိတညူပုဂ္ဂိုလ်

(၃) နေယျ ပုဂ္ဂိုလ် (၄) ပဒပရမ ပုဂ္ဂိုလ်-ဟူ၍

တရားရမှုမရမှု၊ တရားရမြန်မှုနှေးမှု နှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်(၄)မျိုးရှိကြောင်း သိရပါသည်ဘုရား။

ထိုလေးမျိုးတို့တွင်----

(၁-၂) ဥဂ္ဃဋိတညူဝိပဉ္စိတညူ-ပုဂ္ဂိုလ် (၂)မျိုးတို့သာ သီးခြား အချိန်ယူ တရားရှုမှတ်ပွားများ-အားထုတ်မှုမပြုဘဲ (တရားနာရုံဖြင့်) တရားထူး ရနိုင်ကြပါသည်၊ တရားနာရုံ ဖြင့်ဆိုသော်လည်း- နားနှင့်အသံကြားရုံမျှဖြင့် တရားရကြသည်မဟုတ်ပါ။ နာကြားရသောတရားကို အစဉ် အတိုင်း ဉာဏ်ဖြင့် စူးစိုက်ဆင်ခြင်၍ ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ-ဟူသော သတိပဋ္ဌာန်(၄)ပါးတို့တွင် တစ်ပါးပါးကို သုံးသုပ်ပွားများ မှသာ (တရားထူး)ရကြရပါသည်။

ထိုသို့ဖြစ်ကြောင်းကို ယခုတပည့်တော်များ ထုတ်ပြခဲ့သော အမှတ်(က-၂) အထောက်အထား ကျမ်းဂန်လာ---

http://www.dhammadownload.com



(၁) ဒေသနာနုသာရေန ဉာဏံ ပေသေတွာ -ဟူသော အဖွင့် ကို ထောက်ထား၍လည်းကောင်း။

(၂) (မူလ-ပဏ်-ဌ-၁-နှာ-၂၇၇၊ သုတ်မဟာဝါ-ဌ-နှာ-၃၇၉) လာ----ဣမံ ဂါထံ သုတွာ သောတာပတ္တိဖလေ ပတိဋ္ဌိတာ၊ ယသ္မာ ပန ကာယဝေဒနာစိတ္တဓမ္မေသု ကိဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ၊ တသ္မာ တေပိ ဣမိနာဝ မဂ္ဂေန သောကပရိဒေဝေ သမတိက္ကန္တာတိ ဝေဒိတဗ္ဗာ-ဟူသောအဋ္ဌကထာ အဖွင့်ကို ထောက်ထား၍လည်းကောင်း---သိနိုင်ပါသည် ဘုရား။

## (၂) မြန်မာပြန်

ဤဂါထာကို နာကြားရ၍ သောတာပတ္တိဖိုလ်၌ ...ည်၏၊ ထိုသို့တည်သော်လည်း ကာယဝေဒနာစိတ္တဓမ္မေတို့တွင် တစ်ခုခုသောတရားကိုမျှ ဉာဏ်ဖြင့် သုံးသပ်မှုမပြုဘဲ ဘာဝနာမည်သည် မဖြစ်နိုင်သောကြောင့် (ထိုသန္တတိ အမတ်ကြီးနှင့် ပဋာစာရာ)တို့သည် ဤသတိပဋ္ဌာန် ကျင့်စဉ်လမ်းဖြင့်သာလျှင် (သောတာပန်ဖြစ်၍)သောကပရိဒေဝတို့ကို လွန်မြောက်ကြ သည်ဟု သိအပ်ကုန်၏။

ဤအထောက်အထားများအရ စမ်းကလေး(လမ်းတို)ဆရာတော်၏ (ဗုဒ္ဓ၏ ဒေသနာတော်အတိုင်းမဟုတ်ဘဲ) ရောက်တတ်ရာရာ ပေါက်ကရဟောစဉ်မျိုးဖြင့်လည်းကောင်း။

သူဟောသောတရားက (ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ)ဟူသော ဟောစဉ်မျိုး မဟုတ်၍ တရားနာသူတို့ကလည်း(မည်သည့်-ကာယ-ဝေဒနာ-စိတ္တ-ဓမ္မ)၌မျှ ဉာဏ်ဖြင့် သုံးသပ်နိုင်မှုမရှိဘဲ ငုပ်တုပ်ထိုင်လျက်(နားရှိလို့သာ ကြားရသည့်) နာယူမှုမျိုးဖြင့်လည်းကောင်း။

ထိုစမ်းကလေး လမ်းတို ဆရာတော်၏ သာဝကတို့မှာ(ဉဂ္ဃဋိတညူ) (ဝိပဉ္စိတညူ)ပုဂ္ဂိုလ်အတန်းအစား၌ ပါဝင်နိုင်သူများ မဟုတ်ကြသောကြောင့်

http://www.dhammadownload.com



ရင်းတို့ သောတာပန်ဖြစ်ကြသည်ဆိုသည်မှာ (အစစ်-မဖြစ်နိုင်ဘဲ)အတု အယောင်-အလိမ်-အညာ-သောတာပန်သာ ဖြစ်နိုင်ပါသည်ဘုရား။

ယခုတပည့်တော်များ ဝေဖန်ရှင်းပြနေသည်မှာ စမ်းကလေးလမ်းတို သာဝကတို့ကသူတို့နှင့် မတန်မရာ သူတို့လည်းအထက်တန်းစား-(ဥဃဋိတညူ, ဝိပဉ္စိတညူ) ပုဂ္ဂိုလ်တွေ ဖြစ်ပါသည်ဟု (ဘုရားယောင်ကိုယ်တော်ကြီးရဲ့ တပည့်တွေပီပီ) သံယောင်လိုက်လာမှာ မြင်ယောင်လို့ ထိုသို့မဖြစ်နိုင်ကြောင်း ကြိုတင်ရှင်းပြခြင်း ဖြစ်ပါသည်ဘုရား။

အမှန်မှာ-ယခုခေတ်အချိန်၌ ထိုအထက်တန်းစား (ဥဃဋိတညူ, ဝိပဉ္စိတညူ) ပုဂ္ဂိုလ်မျိုးတွေ(တစ်ဦးတလေမျှမရှိနိုင်တော့ပါဘုရား၊ အောက်ပါ လယ်တီဆရာတော်ဘုရားကြီး၏- အဆုံးအဖြတ်ကို ရှုတော်မူပါဘုရား။

ဒီပနီ၌××××"ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် အနှစ်(၁)ထောင်မှ နောက် ကာလ၌ ဤသာသနာတော်သည် (နေယျပုဂ္ဂိုလ်+ပဒပရမပုဂ္ဂိုလ်-၂-မျိုးတို့၏) ခေတ်သမယသာ ဖြစ်၏၊ ယခုအခါ၌ သာသနာတော်တွင်းမှာ ထိုပုဂ္ဂိုလ်(၂)မျိုး သာရှိကြတော့သည်" ဟု မိန့်ဆိုထားပါသည်။

(ဒီပနီပေါင်းချုပ်-ပထမတွဲ-ဗောဓိပက္ခိယဒီပနီ-နှာ-၂၅၈)

ပါဠိ၊ မြန်မာဒီပနီကျမ်းပေါင်းမြောက်မြားစွာကို ရေးသားတော်မူစွမ်းနိုင်၍ (ပရိယတ်စွမ်းရည်, ပဋိပတ်စွမ်းရည်) မြန်မာကျော်၊ ကမ္ဘာကျော် ဖြစ်တော်မူ သော၊ မြန်မာပြည် သာသနာလောက၌(အဋ္ဌကထာဆရာကြီးများအလား) လေးစားကြည်ညိုမှုကို ထိုက်ထိုက်တန်တန်ခံယူတော်မူရသည့် လယ်တီဆရာ တော်ကြီး၏ ဤအဆုံးအဖြတ်တော်ကို(နမော တဿ ဘဂဝတော)ကိုပင် ကျမ်းဂန်နှင့်ညီအောင်မဖတ်တတ်သောစမ်းကလေး (လမ်းတို) ကိုယ်တော်ကြီး က ငြင်းပယ်သည့်အနေဖြင့်---

သူ့သာဝကတို့အား(နာရုံဖြင့် တရားထူးရနိုင်သူ)ဥဃဋိတညူ၊ ဝိပဉ္စိတညူ ပုဂ္ဂိုလ်အတန်းအစားထဲ အတင်းထည့်သွင်းလျက်(တစ်)မဂ်တာဝန်ယူတယ်၊ တစ်-မဂ်တာဝန်ယူတယ်ဟု အာကျယ်အာကျယ် ဟောနေ, ပြောနေသော (အကျင့်ဆိုးကြီးတို့) ရပ်တန်းကရပ်၊ အမြစ်ပါပြုတ်အောင် မှတ်လောက် သားလောက် ဆုံးမပေးတော်မူသင့်ပါပြီဘုရား။

http://www.dhammadownload.com



**အမှန်မှာ-စမ်းကလေး(လမ်းတို)ကိုယ်တော်ကြီးရဲ့သာဝကများမှာ အထက်တန်းစား(ဥဃ္ဃဋိတညူ+ဝိပဉ္စိတညူ)ပုဂ္ဂိုလ်ဖြစ်ဖို့ ဝေလာဝေး အလယ်တန်းစားနေယျပုဂ္ဂိုလ်နှင့်အညံ့စား ပဒပရမပုဂ္ဂိုလ်ပင် (လုံးဝ)မဖြစ်နိုင် ပါဘုရား။** မဖြစ်နိုင်ပုံလေး ဆက်လက်လျှောက်ထားပြပါ ဦးမည်ဘုရား။

အထက်ပါပုဂ္ဂိုလ် (၄)မျိုးတို့တွင်

(၁) နေယျ-ပုဂ္ဂိုလ်ဟူသည်မှာ ပါဠိ,အဋ္ဌကထာကျင့်စဉ်ဆိုင်ရာ တရားတို့ကို အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ မိတ်ကောင်း ဆည်းကပ်ခြင်း စသည် ပြည့်စုံရမည့်အင်္ဂါများ စုံလင်စွာဖြည့်ကျင့်ပါမှ အစဉ်အတိုင်း(သစ္စာ-၄-ပါး) တရားကို ထိုးထွင်း သိမြင်နိုင်သူ ဖြစ်ပါသည်။

(၂) ပဒပရမပုဂ္ဂိုလ်ဟူသည်မှာ-မည်မျှပင်တရားတွေနာ၊ တရားတွေဆောင်၊ တရားတွေရွတ်၊ တရားတွေသင်၊ တရားတွေပို့ချ၊ တရားတွေအား ထုတ်ပါသော်လည်း ပုဒ်-ဗျည်း အက္ခရာမျှ၌သာ အသိလမ်းဆုံး၍ တစုံတရာ (တရားထူး)မရနိုင်သူ ဖြစ်ပါ **သည်။** (သို့ပါသော်) ထိုသို့ ကြိုးစားအားထုတ်ခြင်းကြောင့် **နောက်** နောက်ဘဝ တရားထူးရရေးအတွက် မျိုးစေ့ကောင်း ဖြစ်နိုင်ပါသည်)

**စမ်းကလေး(လမ်းတို)ကိုယ်တော်ကြီး၏သာဝကတို့မှာ--ဗုဒ္ဓ၏ မည်သည့် သီလ, သမာဓိ, ပညာ,ကျင့်စဉ်တို့ကိုမျှ နာကြားမှု သင်ယူ, ရွတ်ဆို, ဆောင်ထား ကျင့်ပွားမှုမပြုဘဲ** သူတို့ဆရာတော် (ဦးနန္ဒောဘာသ)၏ ပါးစပ်ပြော၌သာ ကျင့်စဉ်ဆုံးနေကြသူများ ဖြစ်သဖြင့် အထက်ပါ နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ် အတန်းအစားများပင် မဖြစ်နိုင်ကြပါဘုရား။

ထိုသို့ နေယျ, ပဒပရမ ပုဂ္ဂိုလ်အတန်းအစားမျှပင် မဖြစ်ကြသူ သာဝကတို့အား အထက်တန်းစား ဥဃ္ဃဋိတညူ, ဝိပဉ္စိတညူ-ပုဂ္ဂိုလ်မြတ်တို့သာ ရနိုင်-ရောက်နိုင်သည့် (တရားနာရင်း သောတာပန်ဖြစ်မှုကိစ္စကို)ဟောပေးနေသော စမ်းကလေး(လမ်းတို)ဆရာတော်(ဦးနန္ဒောဘာသ)၏ ဟောကွက်ပြောကွက် ကျင့်စဉ်သည် ဗုဒ္ဓ၏ထေရဝါဒဒေသနာတော်နှင့်(လုံးဝ) ဆန့်ကျင်လွဲချော်မှားယွင်းနေသော မိစ္ဆာဝါဒ+အဓမ္မဝါဒ ဆိုးကြီးသာဖြစ်ပါသည်။

http://www.dhammadownload.com



စမ်းကလေး(လမ်းတို)ဆရာတော် (ဦးနန္ဒောဘာသ)သည် ထိုမိစ္ဆာဝါဒ, အဓမ္မဝါဒ အယူဆိုးကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ ပုဂ္ဂိုလ်(၄)မျိုး အလိုက်ထိုက်သလို တရား(ထူး)ရပုံ ဟောပြထားသော ပုဂ္ဂလပညတ် အဘိဓမ္မာ ဒေသနာ တော်ကြီးကို (လုံး၀)ဖယ်ရှားဖျက်ဆီး နေသော(ရောမ) သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး ဖြစ်ပါသည်ဘုရား။

ထိုသို့ဖြစ်ပါသောကြောင့်ထိုစမ်းကလေး(လမ်းတို)သာသနာဖျက်ပုဂ္ဂိုလ် ဆိုးကြီး၏ မိစ္ဆာဝါဒ၊ အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်းပေးတော်မူပါရန် တင်ပြလျှောက်ထား (စောဒနာ)အပ်ပါသည်ဘုရား။

## အမှတ်(၉) လျှောက်ထား(စောဒနာ)ချက်
## စမ်းကလေး(လမ်းတို)သာဝကတို့ အင်္ဂါမပြည့်စုံ၍ သောတာပန်မဖြစ်နိုင်ပုံ တင်ပြလျှောက်ထားခြင်း

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်း ဓိုရ် ဆရာတော်ကြီးများဘုရား---

စမ်းကလေး(လမ်းတို)ဆရာတော်၏ သာဝကတို့သည် သောတာပန် ဖြစ်နိုင်သည့် အရည်အချင်းမရှိကြသောကြောင့် သူတို့၏ လမ်းတိုဆရာတော် က တစ်-မဂ်ရဖို့အခါ-၂၀-တာဝန်ယူတယ်၊ တာဝန်ယူတယ်၊ အာကျယ် အာကျယ် အမောဆို့အောင် ပြောပေး ဟောပေးနေသော်လည်း သောတာပန် အစစ် မဖြစ်နိုင်ပုံကို အောက်ဖော်ပြပါ ကျမ်းဂန်အထောက် အထားများအရ တင်ပြလျှောက်ထားပါဦးမည်ဘုရား။

* (က) * စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ၊ ကတမေ စတ္တာရော သပ္ပုရိသူပသံသေဝေါ၊ သဒ္ဓမ္မဿဝနံ ယောနိသော မနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိ။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ဓမ္မာ ဘာဝိတာ ဗဟုလီကတာ သောတာ ပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။

http://www.dhammadownload.com



* သကဒါဂါမိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။
* အနာဂါမိဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။
* အရဟတ္တဖလသစ္ဆိကိရိယာယ သံဝတ္တန္တိ။(သံ၊ ၃။၃၅၉)

## မြန်မာပြန်

ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွားများအပ်-ကြိမ်ဖန်များစွာ ပြုအပ်ကုန်သည်ရှိသော်-သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။ အဘယ်(၄)ပါးတို့နည်း-----

* သူတော်ကောင်းကို မှီဝဲခြင်း
* သူတော်ကောင်းတရားကို ကြားနာခြင်း
* သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း
* တရားအားလျော်စွာ အကျင့်ကိုကျင့်ခြင်း--တို့တည်း။

ရဟန်းတို့ ဤတရား(၄)ပါးတို့ကို ပွားများအပ်-ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော်----

* သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။
* သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။
* အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။
* အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။

(ခ) တဿ သင်္ခေပတော ဒွေ အင်္ဂါနိ ဗာဟိရံ အဇ္ဈတ္တိကဉ္စ၊ တတ္ထ ဗာဟိရံ သပ္ပုရိသူပနိဿယော သဒ္ဓမ္မဿဝနာ၊ အဇ္ဈတ္တိကံ ပန ယောနိသော မနသိကာရော၊ ဓမ္မာနုဓမ္မပဋိပတ္တိ စ။ (က္ကတိဝုတ်၊ ၄။ ၃၀၉)

## မြန်မာပြန်

ထိုသောတာပန်ဖြစ်ခြင်း၏ အင်္ဂါတို့သည် ဗာဟိရအင်္ဂါ၊ အဇ္ဈတ္တိကအင်္ဂါ ဟု အကျဉ်းအားဖြင့် (၂)မျိုးတို့တည်း၊ ထို(၂)မျိုးတို့တွင်-- သူတော်ကောင်းကို မှီဝဲခြင်း၊ သူတော်ကောင်းတရားကို ကြားနာခြင်းသည် ဗာဟိရ အင်္ဂါမည်၏၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားအားလျော်စွာ အကျင့်ကို ကျင့်ခြင်း သည် အဇ္ဈတ္တိကအင်္ဂါမည်၏။

http://www.dhammadownload.com



(ဂ) တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။(ဓမ္မ။ ၅၂)

မြန်မာပြန်

သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့၊ ဘုရားရှင်တို့သည် (လမ်းမှန်ကို)ညွှန်ကြားရုံမျှဖြစ်ကုန်၏။ ကျင့်ကြကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သူတို့သည်သာ မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏။

(ဃ) ဣဒါနိ တုမှေဟိ ကိလေသာနံ အာတာပနေန အာတပ္ပန္တိသင်္ခါတံ၊ တဿ အဓိဂမတ္ထာယ သမ္မပ္ပဓာနဝီရိယံ ကိစ္စံ ကရဏီယံ၊ ကေဝလညှိ အက္ခာတာရောဝ တထာဂတာ။ ။တသ္မာ တေဟိ အက္ခာတဝသေန ယေ ပဋိပန္နာဒွိဟိ ဈာနေဟိ ဈာယိနော၊ တေ တေဘူမကဝဋ္ဋသင်္ခါတာ မာရဗန္ဓနာ ပမောက္ခန္တီတိ အတ္ထော။ (ဓမ္မ၊ ဋ၊ ၂။ ၂၅၄)

မြန်မာပြန်

ယခုအခါ သင်တို့သည် အရိယာမဂ်ကို ရခြင်းအကျိုးငှာ ကိလေသာတို့ကို ပူလောင်စေတတ်သောကြောင့် (အာတပ္ပ)ဟု ခေါ်ဆိုအပ်သော သမ္မပ္ပဓာန်ဝီရိယဟူသော အားထုတ်မှုလုပ်ငန်းကိစ္စကို (သင်တို့ကိုယ်တိုင်) ပြုလုပ်ကြမှန်ပေသည်၊ မြတ်စွာဘုရားတို့သည် ဟောကြားရုံသက်သက်သာ ဟောကြားကုန်၏။ မြတ်စွာဘုရားတို့ ဟောကြားတော်မူအပ်သော နည်းအတိုင်း (အာရမ္မဏူပနိဇ္ဈာနဈာန်၊ လက္ခဏူပနိဇ္ဈာနဈာန်-ဟူသော) ဈာန် (၂)မျိုးတို့ဖြင့် ကြိုးစား-ကျင့်ကြံကြ- ရှို့မြိုက်ကြကုန်သော သူတို့သည် ဘုံသုံးပါး ဝဋ်ဆင်းရဲဟု ဆိုအပ်သော မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကြရ ကုန်၏။ဤကား အနက်အဓိပ္ပါယ်တည်း။

အထက်ပါကျမ်းဂန်အထောက်အထားများအရ စမ်းကလေး(လမ်းတို့) ဆရာတော်ကြီးနှင့် ၎င်း၏သာဝကတို့ အခြေအနေကို တင်ပြလျှောက်ထားပါဦးမည်ဘုရား။

အမှတ်(က-ခ) အထောက်အထားများအရ သောတာပန် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ရန် ပြည့်စုံရမည့်အင်္ဂါတို့သည် အကျဉ်း အားဖြင့်---

http://www.dhammadownload.com



(၁) * သူတော်ကောင်းကို မှီဝဲခြင်း၊
* သူတော်ကောင်းတရားကို နာကြားခြင်း ဟူသော-ဗာဟိရ အင်္ဂါ(၂)ပါး၊

(၂) * သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊
* တရားအားလျော်စွာ အကျင့်ကိုကျင့်ခြင်းဟူသော အဇ္ဈတ္တိက အင်္ဂါ(၂)ပါးအားဖြင့် အင်္ဂါ(၄)ပါး ဖြစ်ပါသည်။

ထို (၄)ပါးတို့တွင် သောတာပန်စသည်ဖြစ်ရေးအတွက် သူတော်ကောင်းကိုမှီဝဲခြင်းဟူသည် အောက်ပါ အဋ္ဌကထာများလာ ဆရာကောင်း, သမားကောင်း, မိတ်ကောင်းများကို ဆိုလိုပါသည်။

* (က) (ဇဝံ ဝိသုဒ္ဓသီလေန ပန ဥပဋ္ဌိတ္တပလိဗောဓေန စ ဣဒံ ကမ္မဋ္ဌာနံ ဥဂ္ဂဏှန္တေန ဣမိနာ၀ ကမ္မဋ္ဌာနေန စတုတ္ထဇ္ဈာနံ နိဗ္ဗတ္တေတွာ ဝိပဿနံ ဝဍ္ဎေတွာ)

* အရဟတ္တံ ပတ္တဿ ဗုဒ္ဓပုတ္တဿ သန္တိကေ ဥဂ္ဂဟေတဗ္ဗံ။
* တံ အလဘန္တေန အနာဂါမိဿ။
* တမ္ပိ အလဘန္တေန သကဒါဂါမိဿ၊
* တမ္ပိ အလဘန္တေန သောတာပန္နဿ။
* တမ္ပိ အလဘန္တေန အာနာပါန စတုတ္ထဇ္ဈာနလာဘိဿ။
* တမ္ပိ အလဘန္တေန ပါဠိ[illegible] အဋ္ဌကထာယ စ အသမ္မူဠ္ဟဿ ဝိနိစ္ဆယာ စရိယဿ သန္တိကေ ဥဂ္ဂဟေတဗ္ဗံ။(ဝိ၊ ဋ္ဌ၊ ၂။ ၂၁-၂၂)

### မြန်မာပြန်

(ဆက်ဦးအံ့၊ ဤဆိုအပ်ပြီးသောနည်းဖြင့် စင်ကြယ်သော သီလရှိသည် ဖြစ်၍လည်းကောင်း၊ ဖြတ်အပ်ပြီးသော ပလိဗောဓ ရှိသည်ဖြစ်၍ လည်းကောင်း၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်းကို သင်ယူသောရဟန်းသည် ဤအာနာပါနဿတိကမ္မဋ္ဌာန်းဖြင့်ပင် စတုတ္ထစျာန်ကိုဖြစ်စေ၍ ဝိပဿနာကို တိုးပွားစေ၍)

* အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ရဟန္တာဆရာ၏အထံ၌ သင်ယူရာ၏။

http://www.dhammadownload.com



* ရဟန္တာဆရာကို မရသည်ရှိသော် အနာဂါမ်ဆရာထံ၌ သင်ယူရာ၏။
* အနာဂါမ်ဆရာကို မရသည်ရှိသော် သကဒါဂါမ်ဆရာထံ၌ သင်ယူရာ၏။
* သကဒါဂါမ်ဆရာကို မရသည်ရှိသော် သောတာပန် ဆရာထံ၌ သင်ယူရာ၏။
* သောတာပန်ဆရာကို မရသည်ရှိသော် အာနာပါနစတုတ္ထစျာန် ရပြီးသော ဆရာထံ၌ သင်ယူရာ၏။
* အာနာပါနစတုတ္ထစျာန်ရပြီးသောဆရာကို မရသည်ရှိသော်ပါဠိတော် အဋ္ဌကထာ၌ မတွေဝေဘဲ ဆုံးဖြတ်တတ်သော ဆရာ၏ အထံ၌ သင်ယူရာ၏။

* (ခ-၁) ဣတိ ဣမံ ဒုဝိဓမ္ပိ ကမ္မဋ္ဌာနံ ယော ဒေတိ၊ အယံ ကမ္မဋ္ဌာန ဒါယကော နာမ။

* (ခ-၂)* သမ္မာသမ္ဗုဒ္ဓေါယေဝ သဗ္ဗာကာရသမ္ပန္နော ကလျာဏမိတ္တော၊ တသ္မာ တသ္မိံ သတိ တဿေဝ ဘဂဝတော သန္တိကေ ဂဟိတကမ္မဋ္ဌာနံ သုဂဟိတံ ဟောတိ----(ပ)----
  * တသ္မိံ အသတိ(ပ)ခီဏာသဝဿ သန္တိကေ ဂဟေတဗ္ဗံ။
  * တသ္မာ သစေ ခီဏာသဝံ လဘတိ၊ ဣစ္စေတံ ကုသလံ၊ နော စေ လဘတိ အနာဂါမိသကဒါဂါမိသောတာပန္န ဈာန လာဘီ ပုထုဇ္ဇနတိပိဋကဓရဒွိပိဋကဓရ ဧကပိဋကဓရေသု ပုရိမဿ ပုရိမဿ သန္တိကေ။
  * ဧကပိဋကဓရေပိ အသတိယဿ ဧကသင်္ဂီတိပိ အဋ္ဌကထာယ သဒ္ဓိံ ပဂုဏာ၊ အယဉ္စ လဇ္ဇီ ဟောတိ၊ တဿ သန္တိကေ ဂဟေတဗ္ဗံ။ (ဝိသုဒ္ဓိ၊ ၁၊ ၉၄-၉၅)

## မြန်မာပြန်

(ခ-၁) ဤသို့လျှင် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းပါရိဟာရိယ ကမ္မဋ္ဌာန်းဟူသော ဤကမ္မဋ္ဌာန်း(၂)မျိုးကို ပေးတတ်သော ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းပေးသူ(ဆရာ)မည်၏။

http://www.dhammadownload.com



(ခ-၂) * မြတ်စွာဘုရားသည်သာလျှင် အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော မိတ်ဆွေကောင်းမည်ပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားရှိတော်မူလျှင် ထိုမြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကို ယူခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။

* မြတ်စွာဘုရားမရှိသော်ရဟန္တာ(ဆရာ)၏အထံ၌ (ကမ္မဋ္ဌာန်း) ယူရာ၏။

* ထို့ကြောင့် အကယ်၍ ရဟန္တာဆရာကိုရငြားအံ့ ဤသို့ရခြင်းသည် ကောင်း၏၊ အကယ်၍ ရဟန္တာ(ဆရာ)ကို မရငြားအံ့၊

* အနာဂါမ်ဆရာ၊ သကဒါဂါမ်ဆရာ၊ သောတာပန်ဆရာ။

* ဈာန်ရပုထုဇဉ်ဆရာ၊ ပိဋကသုံးပုံဆောင်ဆရာ၊ ပိဋက၂-ပုံဆောင်ဆရာ။

* ပိဋက ၁-ပုံဆောင်ဆရာတို့တွင် ရှေးရှေးဆရာ၏အထံ (ကမ္မဋ္ဌာန်း) ယူရာ၏။

* ပိဋက ၁-ပုံဆောင်ဆရာမရှိသော် နိကာယ်(၁)ခုမျှသော်လည်း အဋ္ဌကထာနှင့်တကွ ကျေပြွန်စွာလေ့လာထား၍ (လဇ္ဇီ) ပုဂ္ဂိုလ်လည်း ဖြစ်သောဆရာ၏အထံ၌ (ကမ္မဋ္ဌာန်းကို) သင့်ယူရာ၏။

အထက်ပါကျမ်းဂန်အထောက်အထားများအရ သောတာပန်ဖြစ်ကြောင်း အင်္ဂါ(၄)ပါးတို့တွင်၊ သူတော်ကောင်းကို မှီဝဲခြင်း- ဟူရာ၌ အောက်ပါဆရာကောင်း, သမားကောင်းများကို ဆိုလိုပါသည်ဘုရား။

ကမ္မဋ္ဌာန်းဆရာဖြစ်ထိုက်သူများ-

* *သဗ္ဗတ္ထက ကမ္မဋ္ဌာန်း၊ ပါရိဟာရိယကမ္မဋ္ဌာန်း(၂)မျိုးကို ပြသပေးစွမ်းနိုင်သော ဆရာသည်-----

(၁) မြတ်စွာဘုရား (၂) ရဟန္တာ (၃) အနာဂါမ်

(၄) သကဒါဂါမ် (၅) သောတာပန် (၆) ဈာနလာဘီပုထုဇဉ်

(၇) ပိဋက(၃)ပုံဆောင် (၈) ပိဋက(၂)ပုံဆောင်(၉) ပိဋက(၁)ပုံဆောင်

(၁၀)အာဂုံဆောင်နိုင်သော်လည်း ပါဠိတော်,အဋ္ဌကထာတို့ကို ကျေပြွန်

http://www.dhammadownload.com



စွာလေ့လာထားသော ဝိနိစ္ဆယဉာဏ်ရင့်သန်သည့်(လင္ဂီ)ရဟန်းဟု ဆရာ(၁၀) မျိုးသာ ကမ္မဋ္ဌာန်းဆရာဖြစ်ထိုက်ပါသည်ဘုရား။

ယခုကျမ်းဂန်လာ သောတာပန်ဖြစ်ရန် အင်္ဂါ(၄)ပါးတို့ဖြင့် စမ်းကလေး (လမ်းတို)ဆရာတပည့်တို့တတွေကို တိုင်းတာသုံးသပ်ပြပါဦးမည်ဘုရား။

(၁) သောတာပန်ဖြစ်စေသတည်းဟု မန်းမှုတ်နေသော စမ်းကလေး (လမ်းတို)ဆရာကြီးသည် မသိမလိမ္မာသူလူတစ်စုတို့၏ ဆရာကြီး(၁)ဆူ လုပ်၍ ညာလှိုင်းနေသော်လည်း အထက်နားမှာ တပည့်တော်များ ထုတ်ပြခဲ့သည့် (နံပါတ် ၁-မှ-၁၀ အထိသော)ဆရာကောင်း သမားကောင်း မဟုတ်သည့်အပြင် သဗ္ဗတ္ထကကမ္မဋ္ဌာန်း၊ ပါရိဟာရိယကမ္မဋ္ဌာန်း(၂)မျိုးကိုလည်း ပြပေးနေသူမဟုတ်ပါ။ ဆရာ(၁၀)မျိုးတို့တွင် အညံ့စားနံပါတ်(၁၀) ဆရာမျိုးပင် မဟုတ်နိုင်ပုံမှာ သူ့စကားသာနားထောင် သူ့ကိုသာယုံသူ့တရားကိုနာ- တစ်မင်္ဂတာဝန်ယူသလေး ဘာလေး-ညာသံပေး၍ ဗရုတ် သုက္ခ ပေါက်ကရ စကားတွေသာ တောပြောတောင်ပြော ပြောနေခြင်းက သက်သေပြနေပါသည်ဘုရား။ သို့ဖြစ်ပါ၍ (စမ်းကလေးပါးစပ်ပေး သောတာပန်တို့မှာ) နံပါတ်-၁-အင်္ဂါ ဖြစ်သော သူတော်ကောင်းကို မှီဝဲရခြင်း ဟူသည့် သောတာပန်ဖြစ်ရန် (ပဌမ)အင်္ဂါနှင့် မညီညွတ်တော့ပါ။

(၂) စမ်းကလေး(လမ်းတို)ကိုယ်တော်ကြီး(သောတာပန်ဖြစ်အောင် ဟောပေးနေသောတရားမှာ) ဗုဒ္ဓဒေသနာတော်လာ(သဒ္ဓမ္မ) အမည်ရသော တရားမျိုးမဟုတ်ဘဲ သူထင်ရာမြင်ရာ(လမ်းသရဲသီချင်းဆိုသမားလို)ဟောချင်ရာဟော-ပြောချင်ရာပြော-အော်ချင်ရာအော်-ဟစ်ချင်ရာဟစ် နေသော တရားမျိုးဖြစ်၍ သူ့တရားနာယူကြသော သာဝကတွေမှာ သူတော်ကောင်း တရားနာကြားရခြင်းဟူသော သောတာပန်ဖြစ်ရန်(ဒုတိယ)အင်္ဂါနှင့်လည်း မညီညွတ်တော့ပါ။

(၃) ဟောနေကျ-နာနေကျသောတရားက(သဒ္ဓမ္မ)အမည်ရသော တရားမျိုးမဟုတ်ဘဲ-ဗုဒ္ဓဒေသနာတော်နှင့် အလွဲအချော်ဖြစ်သော(အသဒ္ဓမ္မ) တရားဖြစ်နေ၍ စမ်းကလေး(လမ်းတို)သာဝကတို့မှာ မည်သို့မျှနည်းမှန်လမ်းမှန် နှလုံးမသွင်းနိုင်ကြသဖြင့် -သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း ဟူသော သောတာပန်ဖြစ်ရန် (တတိယ)အင်္ဂါနှင့်လည်း မညီညွတ်တော့ပါ။

http://www.dhammadownload.com



(၄) စမ်းကလေး(လမ်းတို)ဆရာတော်ကြီးက သူ့ကိုယုံ၊ သူ့တရားကိုနာ၊ (လမ်းတို)ဖြင့် တစ်-မဂ် ကို သုတ်သုတ်ရောက်အောင်ပို့ဖို့ အခါ(၂၀)ရဲရဲတာဝန်ယူသည်ဟူသော အာမခံချက်ကြီးကြောင့် သူ့သာဝကတို့မှာ (ဆရာတော်၏) အာမခံချက်ကို ယုံမှတ်၍ ကိုယ်ရော-စိတ်ပါ ပုံအပ်ထားမိသဖြင့် ငါတို့ဆရာကြီးက(ကံဆင့်ခဖြင့်) ပြန်ပေးသော သောတာပန် အကြီးစားကြီးဖြစ်နေပြီ၊ (တရားအားထုတ်စရာမလိုတော့) ဟု အထင်ရောက်ကာ မည့်သည့် တရားကိုမျှ ကျင့်ပွားအားထုတ်မှုမပြုတော့သဖြင့် တရားအားလျော်စွာ အကျင့်ကို ကျင့်ရမည်-ဟူသော သောတာပန်ဖြစ်ရန် (စတုတ္ထ)အင်္ဂါနှင့်လည်း မညီညွတ်တော့ပါ။

ယင်းသို့ (စတုတ္ထ)အင်္ဂါနှင့် မညီညွတ်ခြင်းသည် အထက်နား၌ တပည့်တော်များ ဖော်ပြခဲ့သော (တုမှေဟိ ကိစ္စမာတပ္ပံ) အစရှိသော ဂါထာနှင့် ၎င်း၏ အဖွင့်အဋ္ဌကထာလာ ဟောကြားဖွင့်ဆိုချက်များနှင့်လည်း မညီညွတ်တော့ပါ။ မညီညွတ်ပုံကို ဆက်လက်လျှောက်ထားပါဦးမည်ဘုရား။

(၁) ဗုဒ္ဓမြတ်စွာက တုမှေဟိ ကိစ္စမာတပ္ပံ- အစချီသော ဂါထာဖြင့် ငါဘုရားက ဟောပြပေးမည်၊ နည်းမှန်ကို ညွှန်ကြားပေးမည်၊ သင်တို့က (ငါဟောတာကို နာရုံမျှနဲ့ ကျေနပ်မနေကြနဲ့) ကြိုးစားကြ၊ အားထုတ်ကြ၊ သင်တို့ကိုယ်တိုင် ကြိုးစားမှပဲ မာရ်၏ အနှောင်အဖွဲ့ ဝဋ်ဆင်းရဲက လွတ်ကြလိမ့်မည်-ဟု လမ်းညွှန်ချက်ပေးတော်မူပါသည်။

(၂) ဗုဒ္ဓ၏ ဗဟိုလမ်းညွှန်ချက်ကို အဋ္ဌကထာ ဆရာတော်ကြီးက ဤသို့ ထပ်မံဖွင့်ဆို လမ်းညွှန်ပြန်ပါသည်

* ပါဠိတော် အာတပ္ပံ-အရကို သမ္မပ္ပဓာနဝီရိယကို ကောက်၍ (က) အရိုးကြွင်းစေ (ခ) အရေကြွင်းစေ (ဂ) အကြောကြွင်းစေ (ဃ) အသားအသွေးတွေ ခန်းခြောက်ပါစေ- ဒီတရားမရယင် ငါမနေဟူသော ပြင်းထန်သော ဝီရိယမျိုးဖြင့် ကြိုးစားအားထုတ်ရမည်ဟု ထပ်မံလမ်းညွှန်ပါသည်။

(၃) ပါဠိတော်-အက္ခာတာရော-ကို (အက္ခတာရော၀)ဟု ဧဝ-သဒ္ဒါ

http://www.dhammadownload.com



ထည့်ဖွင့်လျက် ဘုရားရှင်တော်မြတ်က ဟောရုံ (သာ) ဟောကြားပေးတာ (ဘုရားဟောတာကို နာကြားရုံနဲ့ သင်တို့မဂ်ရဖို့ ဘာမျှတာဝန်မယူ) မဂ်ရအောင် သင်တို့ကိုယ်တိုင် ဘုရားဟောသောတရားကို အားထုတ်ကြရမည်-ဟု ထပ်မံ လမ်းညွှန်ပြန်ပါသည်။

(၄) ပါဠိတော်-ဈာယိနော-ကို ဒွိဟိ ဈာနေဟိ ဈာယိနော-ဟု ဖွင့်ဆိုလျက် သင်တို့ (မဂ်) ရချင်လျှင် အာရမ္မဏူပနိဇ္ဈာဈာန်ဟူသော (သမာဓိ-ကျင့်စဉ်) လက္ခဏူပနိဇ္ဈာ ဈာန်ဟူသော (ပညာကျင့်စဉ်) တရားတို့ဖြင့် ကိလေသာတို့ကို ပြာကျအောင်ရှို့မြှိက်၍ ရှပ်ရှပ်ချွန်ချွန် ကြိုးစားအားထုတ်ကြရမည်၊ (သမာဓိ ကို ရန်လုပ်ဖြုတ်၊ ပညာ-ကို တလွဲတချော်လုပ်၍-ဒါတွေကျင့်စရာမလို × × × ပြောစကား နားထောင်ပစေ၊ အပါယ်လောက်-တစ်-မဂ်-လောက်တော့- ရဲရဲတာဝန်ယူတယ်-ဆိုတာမျိုးလောက်နဲ့ ဘာမဂ်မျှ ရနိုင်လိမ့်မည်မဟုတ်ဟု ထပ်မံ လမ်းညွှန်ပြန်ပါသည်။)

ယခု တပည့်တော်များ ရှည်လျားစွာထုတ်ပြခဲ့သော ကျမ်းဂန် အထောက်အထားများအရ စမ်းကလေးသာဝကတို့မှာ သောတာပန်ဖြစ်ရန် မည်သည့်အင်္ဂါနှင့်မျှ မညီညွှတ်ပါဘဲလျက်-ယုံကြည်ပါစေ၊ ရောက်ပါစေ၊ တရားနှင့်တွေ့နာယူနိုင်ပါစေ၊ တစ်မဂ်-တစ်ဖိုလ် ဧကန်ရရန် ဘုန်းကြီးရဲရဲ တာဝန်ယူပါတယ် စသည်ဖြင့် စမ်းကလေး(လမ်းတို)ဆရာတော် ဟောကြားပြောဆိုချက်တို့သည် ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်နှင့် (လုံးဝ)ဆန့်ကျင် လွဲချော်မှားယွင်း နေသော မိစ္ဆာဝါဒအဓမ္မဝါဒဆိုးကြီးဖြစ်ပါသည်။

စမ်းကလေး(လမ်းတို)ဆရာတော်သည် ထိုမိစ္ဆာဝါဒ အဓမ္မဝါဒ ဆိုးကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာသောတာပန် ဖြစ်ရန် အချက်အလက် တိုက်တွန်းချက်- ကျင့်စဉ်တို့ကို (လုံးဝ)ဖယ်ရှား ဖျက်ဆီး နေသော (ဓရာမ) သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး ဖြစ်ပါသည်။

ထိုသို့ဖြစ်ပါသောကြောင့်

ထိုစမ်းကလေး (လမ်းတို)သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး၏ မိစ္ဆာဝါဒ အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်းပေးတော်မူပါရန် တင်ပြလျှောက်ထား (စောဒနာ) အပ်ပါသည် ဘုရား။

-------------

http://www.dhammadownload.com



## အမှတ်(၁၀) လျှောက်ထား (စောဒနာ)ချက် ဗုဒ္ဓကဲ့သို့ ကထာစဉ်တရား မဟောကြားဘဲ ရောက်တတ်ရာရာအမြီးမောက် မတည့်သော တရားများ ဟော၍(ဗုဒ္ဓလက်ထက်ကကဲ့သို) တရားနာမှုအဆုံး၌ သောတာပန် ဖြစ်သည်-ဟူသော စမ်းကလေး (လမ်းတို)ကိုယ် တော်ကြီး၏အယူဝါဒ လွဲမှားကြောင်း ရှင်းလင်းတင်ပြခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)နိုင်ငံတော် သီးခြား ဝိနည်းမှိုရ် ဆရာတော်ကြီးများဘုရား-

စမ်းကလေး(လမ်းတို) ဆရာတော်က ဗုဒ္ဓလက်ထက်တော် အခါ ဗုဒ္ဓ၏ တရားပွဲ အဆုံး၌ ရသင့်ရထိုက်သော မဂ်-ဖိုလ်တရားများရခဲ့ကြရပုံကို အားကျဟန်တူပါသည်၊ မတန်မရာ မတုအပ်-မတုထိုက်-မနှိုင်းအပ်- မနှိုင်း ထိုက်သော ဗုဒ္ဓကိုတုနှိုင်းတာ သူ့တရားပွဲပြီးဆုံးတိုင်း-ပြီးဆုံးတိုင်း သောတာ ပန်(အတု)ဘွဲ့ထူးတွေ နှုတ်ပါးစပ်က ဖောဖောသီသီ ပေးနေပါတော့သည် ဘုရား။

ထိုသို့(လက်မှတ်မဟုတ်)နှုတ်မှတ်ဖြင့် ပေးနေသောသောတာပန်ဟူသမျှ တို့သည် (လေကိုဖမ်း၍ ဒန်းစီးလျှင် မဖြစ်နိုင်သကဲ့သို့)စမ်းကလေးဆရာကြီး၏ ပါးစပ်မှ လေမှုတ်၍ပေးလိုက်သော သောတာပန်(လေသံ)သည် (တရား မဟုတ်)မတရားနာသူ သူ့သာဝကတို့ထံသို့ မရောက်ဘဲ လေထဲတွင်ပင် ပျောက်ကုန် သောကြောင့် (အစစ်မဖြစ်)၊ အတုတွေသာ ဖြစ်ကုန်ပါတော့ သည်ဘုရား။ ထိုသို့ အစစ်မဖြစ် အတုသာဖြစ်နိုင်ပုံကို အောက်ပါ ကျမ်းဂန် အထောက်အထားများအရ သိရှိနိုင်ပါသည်ဘုရား။

(က) ဇကမန္တံ နိသိန္နဿ ခေါ ယသဿ ကုလပုတ္တဿ ဘဂဝါ အနုပုဗ္ဗိံ ကထံ ကထေသိ၊ သေယျထိဒံ?ဒါနကထံ သီလကထံ သဂ္ဂကထံ ကာမာနံ အာဒီနဝံ ဩကာရံ သံကိလေသံ နေက္ခမ္မေ အာနိသံသံ ပကာသေသိ။

(ဝိ၊ ၃။ ၂၂)

### မြန်မာပြန်

ထိုင်နေသော ယသတို့သားအား မြတ်စွာဘုရားသည် အစဉ်အတိုင်း

http://www.dhammadownload.com



ဖြစ်သော တရားတော်ကို ဟောကြားတော်မူသည်မှာ- ဒါနအကြောင်းကို လည်းကောင်း၊ သီလအကြောင်းကိုလည်းကောင်း၊ နတ်ပြည်လမ်းကြောင်း နတ်ပြည် အခြင်းအရာကို လည်းကောင်း၊ ကာမဂုဏ်တို့၏ အပြစ်ကို လည်းကောင်း၊ ယုတ်ညံ့သည်ကိုလည်းကောင်း၊ ညစ်နွမ်းသည်ကို လည်းကောင်း၊ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း၌ အကျိုးကိုလည်းကောင်း ဟောကြားတော်မူသည်။

(ခ) ယဒါ ဘဂဝါ အညာသိ ယသံ ကုလပုတ္တံ ကလ္လစိတ္တံ မုဒုစိတ္တံ ဝနီဝရဏစိတ္တံ ဥဒဂ္ဂစိတ္တံ ပသန္နစိတ္တံ ။ (ဝိ၊ ၃။၂၂)

## မြန်မာပြန်

ထို့နောက် မြတ်စွာဘုရားသည် ယသသတို့သားကို တရားရမှု၌ ခံ့သော စိတ်၊ နူးညံ့သောစိတ်၊ အပိတ်အပင် နီဝရဏတို့မှ ကင်းသောစိတ်၊ တက်ကြွ ရွှင်လန်းသောစိတ်၊ ကြည်လင်သောစိတ် ရှိသည်ကို သိတော်မူ၏။

(ဂ) အထ ယာ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ၊ တံ ပကာသေသိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ ။ (ဝိ၊ ၃။ ၂၂)

## မြန်မာပြန်

ထို့နောက် မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သိမြင်ထုတ်ဖော်အပ် သော ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ, ဟူသော သစ္စာ (၄)ပါး တရားတော်ကို ဟောကြားပြသတော်မူပြီ။

(ဃ) သေယျထာပိ နာမ သုဒ္ဓံ ဝတ္ထံ အပဂတကာဠကံ သမ္မဒေဝ ရဇနံ ပဋိဂ္ဂဏှေယျ၊ ဧဝ မေဝ ယသဿ ကုလပုတ္တဿ တသ္မိံ ယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ" န္တိ။ (ဝိ၊ ၃၊၂၂)

## မြန်မာပြန်

ဥပမာအားဖြင့် အညစ်အကြေးကင်း၍ သန့်ရှင်းစင်ကြယ် ဖြူဖွေး သော အဝတ်သည်ဆိုးရေကို ကောင်းစွာယူနိုင်သကဲ့သို့ (ဖြူစင်သော အဝတ်၌ ဆိုးရေစွဲ၍ ခိုင်မြဲသကဲ့သို့) ထို့အတူသာလျှင် ယသသတို့သားအား ထိုနေရာ ၌ပင်လျှင် ဖြစ်ခြင်းသဘောရှိသော ခပ်သိမ်းသော သင်္ခတ တရားသည် ချုပ်ပျောက်ခြင်း သဘောရှိတော့သည်သာဟူ၍ ရာဂစသော ကိလေသာ

http://www.dhammadownload.com



မြူကင်းသော၊ ဒိဋ္ဌိဝိစိကိစ္ဆာ စသော အညစ်အကြေးကင်းသော ဓမ္မစက္ခုတည်းဟူသော သောတာပတ္တိမဂ်ဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာလေသည်။

*မှတ်ချက်။ ။ ဗုဒ္ဓမြတ်စွာသည် ဤကထာစဉ်ဒေသနာကို ယသအား ဟောကြားတော်မူသကဲ့သို့----

(၁) ဝိ-မဟာဝါ-ပါ-၂၃-၌ ယသ၏ဖခင်အားလည်းကောင်း။

(၂) ။ ၂၄-၌ ယသ၏ မိခင်နှင့် ဇနီးဟောင်း အားလည်းကောင်း။

(၃) ။ ၂၆-၌ ယသ၏သူငယ်ချင်း (၄)ဦးတို့ အားလည်းကောင်း။

(၄) ။ ၂၇-၌ ယသ၏ သူငယ်ချင်း (၅၀)ဦးတို့ အားလည်းကောင်း။

(၅) ။ ၃၁-၌ ဘဒ္ဒဝဂ္ဂီညီနောင် (၃)ကျိပ်တို့ အားလည်းကောင်း။

(၆) ။ ၄၇-၌ ဗိမ္ဗိသာရ အမှူးရှိသော-မဂဓ တိုင်းသား(၁)သိန်း (၂)သောင်း တို့အား လည်းကောင်း။

ဤကထာစဉ်တရားကို ဟောကြားခဲ့ပါသေးသည်ဘုရား။

အထက်ပါ ကျမ်းဂန်အထောက်အထားအရ- ကထာစဉ်တရားများ အကြောင်းနှင့် ယသသတို့သားစသော ဗုဒ္ဓသာဝကတို့ သောတာပန်ဖြစ်ပုံကို ဆရာတော်ကြီးများ သိပြီးဖြစ်ပါသော်လည်း အနည်းငယ် အကျယ်ချဲ့၍ လျှောက်ထားပါဦးမည်ဘုရား။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့ တရားထူးရရှိရေးအတွက် တရားဟောကြားရာ၌ အပိုင်း (၂)ပိုင်းခွဲ၍ ဟောကြားတော်မူလေ့ရှိပါသည့်ဘုရား။

(၁) ပထမပိုင်းမှာ အနုပုဗ္ဗိကထာကိုဟော၍ (၂) ဒုတိယပိုင်းမှာ သာမုက္ကံသိက (သစ္စ) ကထာကို ဟောကြားတော်မူပါသည်ဘုရား။ ယခု ယသ သတို့သား အစ ဗိမ္ဗိသာရမင်း အမှူးရှိသော-မဂဓတိုင်းသား (၁)သိန်း (၂)သောင်း အဆုံးရှိသော သာဝကတို့ အား တရားဟောရာ၌ ဤကထာ အစဉ်အတိုင်း ပင် ဟောကြားတော်မူခဲ့ပါ သည်ဘုရား။

http://www.dhammadownload.com



## (၁) ပထမပိုင်း။ အနုပုဗ္ဗိကထာကို ဟောကြားပုံ

ဗုဒ္ဓမြတ်စွာသည် တရားဟောတော်မူရာ၌ - - -

(၁) ဒါနကထာ (၂) သီလကထာ (၃) သဂ္ဂကထာ (၄) ကာမာ ဒီနဝကထာ (၅) နေက္ခမ္မေအာနိသံသကထာ-ဟူသောကထာ(၅)မျိုးကို ရှေးဦးစွာ ဟောတော်မူပါသည်။

**မှတ်ချက်။** ။ အမှတ် (ဃ-င) ကထာ (၂)မျိုးကို ပေါင်း၍ (မဂ္ဂကထာ) ဟု ခေါ်ဆိုနိုင်သဖြင့် တနည်း ကထာ (၄)မျိုး ဖြစ်ပါသည်။

ထို ကထာစဉ်တို့တွင် - ရှေးဦးစွာ

(က) ဒါနကထာ အနေဖြင့် = ဒါနကုသိုလ်၏ ပေးစွမ်းနိုင်သော အကျိုးများကို ဟောပါသည်။

( ခ) သီလကထာ အနေဖြင့်= သီလကုသိုလ်၏ ပေးစွမ်းနိုင်သော အကျိုးများကို ဟောပါသည်။

( ဂ) ထို့နောက် သဂ္ဂကထာ အနေဖြင့် နတ်ပြည် နတ်ဘဝအကြောင်း- နတ်ပြည် နတ်ဘဝ၌ ရနိုင်သည့် စည်းစိမ်ချမ်းသာများ အကြောင်းကို ဟောပါသည်။

(ဃ) ထို့နောက် - ကာမာဒီနံဝ ကထာအနေဖြင့် (ဆင်ကြီးတစ်ကောင်ကို အလှဆုံးဖြစ်အောင် တန်ဆာဆင်ပြီးမှ ထိုဆင်ကြီး၏နှာမောင်းကို တိကနဲ ဖြတ်ချလိုက်သကဲ့သို့ )

နတ်ပြည်စည်းစိမ် ချမ်းသာတို့၏ မမြဲပုံ မခိုင်ခံ့ပုံ သာယာဖွယ် တစ်ရွေးသားလောက်သာရှိ၍ အပြစ်တွေက မြင်းမိုရ်တောင်လောက်များပုံ ဒီလို ကာမဂုဏ် ချမ်းသာမျိုးကို သူမြတ်တို့ မမှီဝဲဘဲ သူယုတ်တို့သာ မှီဝဲပုံ၊ ထို ကာမဂုဏ်တရားတို့က သတ္တဝါတို့အား အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ပုံ၊ အပူ တိုက်ပုံ ကာမဂုဏ်တို့၏ အပြစ်များကို အကျယ်တဝင့် ဟောကြားတော်မူပါသည်။

( င) ထို့နောက် -နေက္ခမ္မေ အာနိသံသကထာ အနေဖြင့် = ကာမဂုဏ်တို့မှ ထွက်မြောက်ရာ ရှင်ရဟန်းအဖြစ်မှစ၍ နိဗ္ဗာန်တိုင်အောင်သော နေက္ခမ္မတရား ၌ ရနိုင်သော အကျိုးများကို ဟောကြားပါသည်။

http://www.dhammadownload.com



ဤသို့ ပထမပိုင်းကထာစဉ်ကို ဟောကြားတော်မူသောအခါ ယသသတို့သား အစရှိသော ဗုဒ္ဓသာဝကတို့၏ စိတ်ဓာတ်များမှာ ဂုဏ်အရည်အချင်း (၅)မျိုးနှင့် ပြည့်စုံလာပါသည်ဘုရား။

**ဂုဏ်အရည်အချင်း (၅) မျိုး**

(က) မသဒ္ဓါခြင်း-အသဒ္ဓိယ၊ ပျင်းရိခြင်း-အလသျ၊ မေ့လျော့ခြင်း-ပမာဒ၊ ပျံ့လွင့်ခြင်း-ဥဒ္ဓစ္စ၊ တွေဝေခြင်း-မုဋ္ဌ တည်းဟူသော စိတ်၏ အပြစ်ဒေါသများ ကင်းစင်သွားသဖြင့်- သစ္စာ(၄) ချက် နက်နဲသောတရားကို နာယူနိုင်လောက်သော ခန့်ငြားသည့် စိတ်ထားဖြင့်နေခြင်း။ **(ဤသည်မှာ ကလ္လစိတ္တဂုဏ် ဖြစ်ပါသည်။)**

(ခ) ဒိဋ္ဌိမာန အစရှိသော ကိလေသာများ (တဒင်္ဂ) ကင်းစင်နေသဖြင့် ဇမ္ဗူရာဇ်ရွှေစင်ပမာ ဆွဲတိုင်းထင်-ငင်တိုင်းရ နူးညံ့သောစိတ်ထားဖြင့်နေခြင်း။ **(ဤသည်မှာ - မုဒုစိတ္တဂုဏ်- ဖြစ်ပါသည်)**

(ဂ) ကာမစ္ဆန္ဒ စသော နီဝရဏများလည်း (တဒင်္ဂ) ကင်းရှင်းနေခြင်း **(ဤသည်မှာ- ဝိနီဝရဏဂုဏ် ဖြစ်ပါသည်)**

(ဃ) နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အကျင့်လမ်းစဉ်၌ အလွန်တက်ကြွ ဝမ်းမြောက်သော ပီတိပါမောဇ္ဇ တရားတို့နှင့် ယှဉ်သော စိတ်ဖြစ်နေခြင်း။ **(ဤသည်မှာ - ဥဒဂ္ဂစိတ္တ-ဂုဏ်ဖြစ်ပါသည်)**

(င) ဘုရားရှင်နှင့် တရားတော်ကိုယုံကြည်သော သဒ္ဓါတရား ပြည့်စုံသဖြင့် အလွန်ပင် ကြည်လင်သော စိတ်တွေ ဖြစ်နေခြင်း။ **(ဤသည်မှာ- ပသန္န-စိတ္တဂုဏ်ဖြစ်ပါသည်)**

ဤသည်တို့မှာ ယသ အစရှိသော ဗုဒ္ဓသာဝကတို့ ပထမကထာစဉ်ကို နာကြားရပြီးသောအခါ ရရှိပြည့်စုံလာသော ဂုဏ်အရည်အချင်းများ ဖြစ်ပါသည်ဘုရား။

**(၂) ဒုတိယ၊ သာမုက္ကံသိက (သစ္စ) ကထာကိုဟောပုံ**

ဗုဒ္ဓမြတ်စွာသည် ပထမ အနုပုဗ္ဗိကထာကို ဟောပြီးလို့ သာဝကများ ထိုဂုဏ်အရည်အချင်း (၅)မျိုးနှင့် ပြည့်စုံလာသောအခါ ဒုတိယ သာမုက္ကံ-သိကကထာလို့ခေါ်တဲ့သစ္စကထာကို ဟောတော်မူလိုက်ပါသည် ဘုရား။

http://www.dhammadownload.com



ဥပမာ- - - အညစ်အကြေး လိမ်းထေးညစ်ပေနေသော အဝတ် တစ်ထည်ကို ကျောက်ပျဉ်၌ တင်ကာ ရေဖြင့်ဆွတ်လျက် ဆွတ်လျက် အညစ်အကြေး စွဲငြိရာအရပ်၌ ဆပ်ပြာ အမျိုးမျိုး တို့ဖြင့် ပွတ်တိုက် ဖွတ်လျှော်၍ စင်ကြယ်သွားသော အဝတ် အထည်ကို အလိုရှိရာ ဆိုးရည်မျိုးဖြင့် ဆိုးလိုက်လျှင် (ထို အဝတ်သည်)အရောင်တလက်လက် ထွက်လာသကဲ့သို့- -

ထို့အတူ ကိလေသာ အညစ်အကြေး လိမ်းထေးညစ်ပေနေသော ယသ သတို့သား စသူတို့၏ စိတ်အစဉ်တည်းဟူသော အဝတ်အထည်ကို အနုပုဗ္ဗိ ကထာတရားဟောစဉ် ကျောက်ပြင်၌ တင်ထားပြီး -သဒ္ဓါတရားတည်းဟူ သော ရေစင်ဖြင့် ဆွတ်ကာ ဆွတ်ကာ၊ သတိ, သမာဓိ, ပညာ, ဆပ်ပြာ(၃)မျိုး ဖြင့် ပွတ်တိုက် ဖွတ်လျှော်တော်မူ၍ နီဝရဏကိလေသာ အညစ်အကြေး ကင်းဝေးစင်ကြယ်သောအခါ သစ္စာ (၄)ပါး တရားဆိုးရည်ကို ထပ်ဆိုးသော အားဖြင့် ဟောကြားလိုက်လျှင် ယသ သတို့သား စသူတို့၏ စိတ်အစဉ်တည်း ဟူသော အဝတ်အထည်မှာ (သောတာပတ္တိမဂ်ဉာဏ်)ဟူသော အဆင်း ရောင် ပြောင်လက်တောက်ပလာပါတော့သည်ဘုရား။

ဤသည့်တို့မှာ ယသသတို့သား အစရှိသော ဗုဒ္ဓသာဝကတို့အား ဗုဒ္ဓ မြတ်စွာက ကထာစဉ်တရား ဟောကြားပုံနှင့် ဗုဒ္ဓသာဝကများ (သောတာပန် အစစ်) ဖြစ်ကြပုံ- ဖြစ်ပါသည်ဘုရား။

ယသသတို့သား အစရှိသော ဗုဒ္ဓသာဝကများ (သောတာပန်-အစစ်) ဖြစ်ပုံနှင့် စမ်းကလေး (လမ်းတို) ကိုယ်တော်ကြီး၏ သာဝကတို့ (သောတာပန် အတု) ဖြစ်ပုံကို အကျဉ်းချုပ် လျှောက်ထားပါဦးမည်ဘုရား။

(၁) ဗုဒ္ဓရှင်တော်မြတ်က ယသ သတို့သား စသော ဗုဒ္ဓ သာဝက တို့အား တရားဟောရာ၌ သစ္စကထာ ဒေသနာ မဟောမီ ကလ္လ စိတ္တစသော ဂုဏ် အရည်အချင်း (၅)မျိုးနှင့် ပြည့်စုံရေးအတွက် ဒါနကထာ စသော အနုပုဗ္ဗိကထာစဉ်တရားကို ကျကျနန ပီပီပြင်ပြင် ဟောပြပါသည်။

http://www.dhammadownload.com



စမ်းကလေး (လမ်းတို) ကိုယ်တော်ကြီးက သူ့သာဝကတွေကို ဗုဒ္ဓဟောသော ကထာစဉ်မျိုး ပီပီပြင်ပြင် မဟောပါ၊ ယခု တင်ပြထားသော သက်သေခံ (၁) ကဆုန်လပြည့် တရားခွေကို နာကြည့်လျှင် သိနိုင်ပါသည် ဘုရား၊ အခြား တရားခွေအချို့မှာ ဒါနကထာလေး နဲနဲပါးပါး ဟောလေ့ရှိသော်လည်း ဗုဒ္ဓဟောသလို မဟုတ်ဘဲ သူ့ကို သိမ်ထပ်ကံဆင့်တဲ့ ဒါနခန်းလေးလောက်သာ ဟိုပြော ဒီပြော ဟောတတ်တာ ဖြစ်ပါတယ်။

သီလကထာလဲ သူ့ရဲ့ မဟုတ်တရုတ် ငုတ်တုပ်ထိုင်နေသော ခန္ဓာကိုယ်ကြီးကို အဓိဂမသီလ၊ သစ္စာသီလ-ဘာညာရမ်းဖြီးတာမှ တပါး ဗုဒ္ဓ၏ သီလကျင့်စဉ် ပီပီ ပြင်ပြင် မဟောဘဲ၊ ဒီသီလတွေက ရှောင်သီလတွေ၊ ဒီနေရာမှာ ဒါမလိုဘူး ဟူ၍ ဗုဒ္ဓ၏ သီလကျင့်စဉ် အားလုံးကို ဖယ်ရှားထားခဲ့ပါသည်။

သဂ္ဂကထာကိုလည်းသင်တို့သောတာပန်ဖြစ်ပြီ၊ အပါယ်မကျတော့ဘူး၊ လူနတ်အလယ်သံသရာမှာ ချမ်းချမ်းသာသာခံစားစံစားရတော့မှာ ဘာညာရောက်တတ်ရာရာ ဖြီးဖြန်းတာမှတပါး ဘာမျှပီပီပြင်ပြင် မဟောပါ။

မဂ္ဂကထာ၏ ကထာပွားဖြစ်သော-ကာမာဒီနဝကထာ-ကိုတော့ သူတို့ဆရာတပည့်တွေက သောတာပန်လက်မှတ်အတုကလေးကိုင်ပြီး လူ-နတ်ကာမဂုဏ်တွေကို စုံစုံလင်လင်ကြီး ခံစားစံစားနေချင်နေကြတာ ဖြစ်၍ (ထိုကထာကို) လုံးဝမဟောတော့ဘဲ အဝေးကြီးက ရှောင်ကွင်းနေခဲ့ ပါသည်။

နောက်ထပ်မဂ္ဂကထာ၏ ကထာပွားဖြစ်သော နေက္ခမ္မေအာနိသံသကထာကိုလဲ သူတို့တွေ သောတာပန်အတုဘဝနဲ့ လူ့ဘဝ နတ်ဘဝမှာပဲ ကာမဂုဏ်မှန်သမျှ ဘာကမျှမကျန်အောင် ခံစားခံစား ပျော်မြူးနေချင်ကြတာ ဖြစ်၍ ဝိသာခါကို နမူနာပြပြီး သားသမီးတွေမြေးတွေ များများရရေးသာ လမ်းညွှန်တာမှတပါး (ထိုကထာကို) လုံးဝမဟောဘဲ ပို၍ဝေးစွာ ရှောင်ကွင်းခဲ့ပါသည်ဘုရား။

သို့ဖြစ်ပါ၍ ဗုဒ္ဓ၏ ကထာစဉ်တရားတော်နှင့် စမ်းကလေး (လမ်းတို) ဆရာ၏ တောပြောတောင်ပြော ပေါက်ကရတရားကထာသည် မြင်းမိုရ်တောင်နှင့် မစင်ပုံလောက် အခြေအနေ ကွာခြားလှကြောင်း သိရှိနိုင်ပါသည်ဘုရား။

http://www.dhammadownload.com



ထိုသို့ ကထာစဉ်မကျ ပေါက်ကရတရားကို နာယူရသော သူ့သာဝက တွေ၏ စိတ်အစဉ်မှာ ဘယ်လိုနည်းနှင့်မျှ (ကလ္လစိတ္တ) စသော အရည်အချင်း များ မပြည့်စုံနိုင်တော့ပါ။ စမ်းကလေး သာဝက ကံဆွေမျိုးတွေ၏ အခြေအနေ ကို သက်သေခံ (၁) ကဆုန်လပြည့် တရားခွေကိုနာ၍ နဲနဲ အကဲခတ်ကြည့် တော်မူပါ ဘုရား၊ က္ကန္ဓေသိက္ခာမရှိလို့ လမ်းတိုဆရာကြီးက ခဏခဏ ဘရိတ်အုပ်ရတာတွေ၊ မငြိမ်မသက် ရုန်းရုန်း ရုန်းရုန်းဖြစ်လို့ ဟိန်းရ ဟောက်ရ တာတွေ ကြားသိရပါမည်။ ဒီလို ရုန်းရုန်း ရုန်းရုန်း တရားနာသူတွေ၏ စိတ် အစဉ်မှာ ဘယ်နည်းဘယ်ပုံမျှ (ကလ္လစိတ္တ) စသော ဂုဏ်အရည်အချင်းများ မရှိနိုင်ဘူးဆိုတာ အလွန်ပင်ထင်ရှား သိသာလှပါသည်ဘုရား။

(၂) ဗုဒ္ဓရှင်တော်မြတ်က ကထာစဉ် ဒေသနာတော်ပြီးလို့ သာဝက များ၏ (ကလ္လစိတ္တ) စသော ဂုဏ်အရည်အချင်းတွေနှင့် ပြည့်စုံနေခြင်းကို ဗုဒ္ဓဉာဏ်တော်ဖြင့် အသေအချာအတတ်သိတော့မှ သာမုက္ကံသိက အရိယ သစ္စကထာကို ဟောကြားတော်မူလိုက်ပါသည်။ ဒီအခါမှာ သာဝကတွေဟာ သူတို့၏ သာဝက ပါရမီဉာဏ်အားလျော်စွာ သောတာပန်စသော အရိယာ (အစစ်) များ ဖြစ်သွားကြရပါသည်။

စမ်းကလေး(လမ်းတို) ကိုယ်တော်ကြီးကတော့ သူ့သာဝကတို့၏ စိတ်ဓာတ်ကိုသိနိုင်သော ဘာဉာဏ်မျှမရှိဘဲ သူ့အရာမဟုတ်ဘဲ (ဘာမှ နား မလည်ဘဲ) သစ္စာတရားလေး ဘာလေးညာလေး ဖြီးဖြန်းဟောပြောပြီး (ကလ္လ- စိတ္တ)စသော ဘာအရည်အချင်းမျှမရှိသည့် ဗရုတ်သုက္ခ ပရိသတ်အား သောတာပန် (အတု) လက်မှတ်ကြီး ပေးလိုက်တော့သည်ဘုရား၊ (နောက်ပိုင်း ရှင်းပြချက်များ၌ ပိုမိုထင်ရှားစွာ သိရပါမည်ဘုရား)

ထိုသို့ သောတာပန်ပင် (အစစ်) မဖြစ်နိုင်တဲ့ အခြေအနေ ဖြစ်နေပါလျက် ဘုရားရှင်ကိုတု၍ သစ္စကထာပြောသော (ဘဲမလေး ဘာဖြစ်ဖြစ် မလျှော့ဘူး) ဟူသော အယူရှိသည့် ဘုရားယောင် (လမ်းတို) ဆရာကြီးက ကြွေးကြော်ပါသေး သည်၊ သူ့ကို ယုံကြည်တဲ့ သဒ္ဓါနဲ့ရောက်လာကြသူ (ကံဆွေမျိုး) အားလုံးကို (တစ်ယောက်မကျန်) သောတာပန်ဖြစ်ရန် ရဲရဲအခါ(၂၀) တာဝန်ယူပါသတဲ့ ဘုရား။ ဗုဒ္ဓဘုရားရှင်က တရားနာပရိတ်သတ်အားလုံး သောတာပန် ဖြစ်စေရ မည်ဟု တာဝန်မယူခဲ့ဘူးကြောင်း ဆရာတော်ကြီးများ သိတော်မူပြီး ဖြစ်ပါ

http://www.dhammadownload.com



သည်ဘုရား။ ဗိမ္ဗိသာရမင်းကြီး သောတာပန်ဖြစ်တဲ့ တရားပွဲမှာ တရားနာ ပရိတ်သတ် (၁)သိန်း (၂)သောင်း ဖြစ်သော်လည်း ဗိမ္ဗိသာရမင်းကြီး နှင့်တကွ ပရိသတ်(၁)သိန်း (၁)သောင်းသာ သောတာပန်ဖြစ်ကြပြီး ကျန်(၁)သောင်း ကတော့(သောတာပန်မဖြစ်ဘဲ)ဥပါသကာအဖြစ်သာ ခံယူကြပါသည်ဘုရား။

ဗုဒ္ဓပင်လျှင် ရောက်လာသမျှ ပရိသတ်အားလုံးကို သောတာပန် ဖြစ်အောင် မပြုလုပ်ပေးနိုင်ပါဘဲလျက်စမ်းကလေး (လမ်းတို) ဘုန်းကြီးက ဘုရားရှင်တောင် တာဝန်မယူတာကို တာဝန်ယူပြောနေ လုပ်နေတာဖြစ်တော့ (ထို စမ်းကလေးလမ်းတို ဘုန်းကြီးကို ) ဘုရားထက်ကြီးသော "ဘုရားကြီးဘုန်းကြီး" ဟု အမည်ပေးရမလို ဖြစ်နေပါတော့သည်ဘုရား။

ဗုဒ္ဓရှင်တော်မြတ်နှင့် စမ်းကလေး (လမ်းတို) ဘုန်းကြီး၊ ဗုဒ္ဓသာဝကနှင့် စမ်းကလေးသာဝကတို့၏ ခြားနားချက်ကို ဒီမျှဖြင့် ထင်ရှားစွာ သိတော်မူလောက်ပါပြီဘုရား။

ယခုဆက်လက်၍ စမ်းကလေး (လမ်းတို) ဘုန်းကြီး၏ မတုအပ် မနှိုင်းအပ်သော ဗုဒ္ဓရှင်တော်မြတ်ကို တုနှိုင်း၍ သစ္စကထာ (အလွဲ) ပေးပုံကို အောက်ပါ အဋ္ဌကထာများကို ထောက်ထား၍ တင်ပြလျှောက်ထားပါဦးမည် ဘုရား။

သာမုက္ကံသိကာတိ သာမံ ဥက္ကံသိကာ အတ္တနာယေဝ ဥဒ္ဓရိတ္ဝာ ဂဟိတာ။ သယမ္ဘုဉာဏေန ဒိဋ္ဌာ အသာဓာရဏာ အညေသန္တိ အတ္ထော။ ကာ ပန သာတိ၊ အရိယသစ္စဒေသနာ။ (အံ၊ ဋ္ဌ၊ ၃။ ၂၁၄/မ၊ ဋ္ဌ၊ ၂။ ၆၅)

## မြန်မာပြန်

သာမုက္ကံသိကာ ဟူသည်ကား- မိမိကိုင်တိုင်သာလျှင် ထုတ်ဆောင်ပြအပ်သော (ဘုရားမှတပါး)အခြား မည်သည့်ပုဂ္ဂိုလ်တို့နှင့်မျှ (လုံးဝ) ဆက်ဆံမှုမရှိသော သဗ္ဗညုတဉာဏ်(သယမ္ဘုဉာဏ်)ဖြင့် မြင်သိအပ်သော ဒေသနာတော်တည်း ဤကားအနက်။ထိုဒေသနာတရားဟူသည် အရိယသစ္စာဒေသနာတော်ပင် ဖြစ်၏။

http://www.dhammadownload.com



ဆိုလိုရင်း ထပ်မံလျှောက်ထားပါဦးမည်ဘုရား။ သာမုက္ကံသိက ဒေသနာကထာဟုဆိုအပ်သော အရိယသစ္စဒေသနာကထာ- ဟူသည်မှာ ရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် သယမ္ဘူဉာဏ်ဖြင့် သိမြင်တော်မူ၍ ထုတ်ဖော်ဟောကြားအပ်သော ဒေသနာတော်(သာ)ဖြစ်ပါသည်၊ ဒုက္ခနှင့်သမုဒယကို အကြောင်း သစ္စာ၊ မဂ္ဂနှင့် နိရောဓကို အကျိုးသစ္စာဟု (သက်သေခံ-၁ ကဆုန်လပြည့် တရားခွေ-ဘီဆိုက်-၅-မိနစ်ခန့် နေရာ၌) တလွဲတချော် သစ္စာထုတ်ပြကာ စမ်းကလေး (လမ်းတို) ဘုန်းကြီးလို ဘာဉာဏ်မျှမရှိသော ပုဂ္ဂိုလ်များနှင့် လားလားမျှ သက်ဆိုင်ခြင်းမရှိသော ဒေသနာတော်ဖြစ်သည်ဟု ဆိုလိုပါသည်ဘုရား။

စမ်းကလေး (လမ်းတို) ဆရာ သစ္စာထုတ်တလွဲတချော်ဖြစ်ပုံကို အောက်ပါ ဋီကာကို ထောက်ထား၍ လျှောက်ထားပါဦးမည်ဘုရား။

တာနိ ပန သံကိလိဋ္ဌာသံကိလိဋ္ဌဖလဟေတုဝ သေန စတုဗ္ဗိဓာနီတိ အာဟ "စတ္တာရိ အရိယသစ္စာနိတျာဒိ" (ဝိဘာဝိနီ၊ ၂၃၁)

## မြန်မာပြန်

ထိုအရိယသစ္စာတို့သည် ညစ်နွမ်းသော အကျိုးအကြောင်း မညစ်နွမ်းသော အကျိုးအကြောင်းတို့၏ အပြားအားဖြင့် (၄)ပါး ပြားကုန်၏။ ထို့ကြောင့် (စတ္တာရိ အရိယသစ္စာနိ)အစရှိသော စကားကို အရှင် အနုရုဒ္ဓါမထေရ် ဆိုခဲ့ပြီ။

ဤဋီကာလာ-သစ္စာ (၄)ပါး ကျိုး-ကြောင်း ခွဲပုံနှင့် စမ်းကလေး (လမ်းတို) ဘုန်းကြီး ဦးနန္ဒောဘာသ၏ ကျိုး-ကြောင်းခွဲပုံကို နှိုင်းယှဉ်လျှောက်ထာပါဦးမည်ဘုရား။

ဋီကာကျော်-ဆရာကြီးက၊

(၁) သစ္စာ (၄)ပါးတို့တွင်--------

(က) ဒုက္ခသစ္စာနှင့် သမုဒယသစ္စာက ညစ်နွမ်းသော သံကိလိဋ္ဌ သစ္စာ၊ ထိုတွင် ဒုက္ခသစ္စာသည် အကျိုး=ဖလသစ္စာ၊ သမုဒယသစ္စာသည် အကြောင်း=ဟေတုသစ္စာ-ဟု ဖွင့်ဆိုပါသည်။

(ခ) နိရောဓသစ္စာနှင့် မဂ္ဂသစ္စာက မညစ်နွမ်းသော အသံကိလိဋ္ဌ

http://www.dhammadownload.com



သစ္စာတို့တွင် နိရောဓသစ္စာသည် အကျိုး=ဖလသစ္စာ။ မဂ္ဂသစ္စာသည် အကြောင်းဟေတု သစ္စာဟု ဖွင့်ဆိုထားပါ သည်ဘုရား။

၂ - ရပ် ပေါင်းလိုက်ပါသော်-

၁။ သမုဒယသစ္စာနှင့် မဂ္ဂသစ္စာသည် အကြောင်းသစ္စာ၊

၂။ ဒုက္ခသစ္စာနှင့် နိရောဓသစ္စာသည် အကျိုးသစ္စာ-ဟု ဖြစ်ပါသည်ဘုရား။

စမ်းကလေး (လမ်းတို) ဘုန်းကြီးကတော့

၁။ အကျိုးဒုက္ခသစ္စာကို အကြောင်းသမုဒယသစ္စာနှင့် ပေါင်း၍ (ဒုက္ခနှင့် သမုဒယ) ကို အကြောင်း-သစ္စာဟု အလွဲပြောပါသည်။

၂။ အကြောင်း- မဂ္ဂသစ္စာကို အကျိုး နိရောဓသစ္စာနှင့်ပေါင်း၍ (မဂ္ဂနှင့် နိရောဓသစ္စာ )ကို အကျိုးသစ္စာ-ဟု အလွဲအချော် ပြုလုပ်ပြောဆိုပါသည် ဘုရား။

သို့ဖြစ်ပါ၍ စမ်းကလေး(လမ်းတို) ဘုန်းကြီး၏ ဗုဒ္ဓ၏ကထာစဉ် တရားမျိုး ဟောကြားခြင်း မရှိပါဘဲလျက် သူ၏တရားကို နာပြီးသည့်အဆုံး၌ သောတာပန်ဖြစ်သည်ဟု ဟောကြားချက်သည်လည်းကောင်း၊ အကြောင်း-အကျိုး၊ အကောင်းအဆိုး ဘာမျှနားမလည်ဘဲ ရမ်းဟော မှန်းဟောနေသော ထိုသစ္စာအခွဲ ဟောပြောချက်သည်လည်းကောင်း၊ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့်(လုံးဝ) ဆန့်ကျင်လွဲချော် မှားယွင်းနေသော မိစ္ဆာဝါဒ အဓမ္မဝါဒ ဆိုးကြီးသာ ဖြစ်ပါ သည်ဘုရား။

စမ်းကလေး (လမ်းတို) ဘုန်းကြီးသည် ထို မိစ္ဆာဝါဒ အဓမ္မဝါဒ ဆိုးကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သစ္စကထာ ဒေသနာတို့ကို ဖျက်ဆီးနေသော (ရောမ) သာသနာဖျက် ပုဂ္ဂိုလ်ဆိုးကြီး ဖြစ်ပါသည်ဘုရား။

ထိုသို့ ဖြစ်ပါသောကြောင့် -ထိုစမ်းကလေး (လမ်းတို) ဘုန်းကြီးဆိုးကြီး ၏ မိစ္ဆာဝါဒ အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်း ပေးတော်မူပါရန် တင်ပြလျှောက်ထား (စောဒနာ) အပ်ပါသည်ဘုရား။

http://www.dhammadownload.com



## အမှတ် ၁၁ လျှောက်ထား (စောဒနာ) ချက် စမ်းကလေး (လမ်းတို) ဆရာတော်၏ ဝိပဿနာ ညစ်ညူးကြောင်း တရားမျှ မဖြစ်ဘဲ မဂ်-ဖိုလ် ဟု (အလွဲ) သတ်မှတ်ပုံ တင်ပြလျှောက်ထားစောဒနာခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်များဘုရား-

စမ်းကလေး (လမ်းတို) ဆရာတော် ဦးနန္ဒောဘာသသည် (ငါ့လှေ ငါထိုး- ပဲခူးရောက်ရောက် ) ဟူသော အတန်းအစားဖြစ်မည် ထင်ပါသည်။ ဘုရား တပည့်တော်များ လျှောက်ထားချက်အစမှ အမှတ် (၁၀) လျှောက်ထားချက် အထိ ထုတ်ပြခဲ့သော ကျမ်းဂန် အထောက်အထားများအရ လမ်းတို ကျင့်စဉ် လက်သစ်ဖြင့် (ဗုဒ္ဓ၏-သီလ-သမာဓိ-ပညာ-ကျင့်စဉ်တို့ကို) အားလုံး ဖျက်ဆီး ပြီး ဖြစ်သောကြောင့် သီလ- သမာဓိ- ပညာ-မဂ္ဂင်အကျင့် ဖြင့်သာ ရနိုင်သော သောတာပန် အဆင့်အတန်းသို့ သူ၏တရားနာသာဝကများ ဘယ်နည်း နှင့်မျှ မရောက်နိုင်ပါဘဲလျက်-ကံဆင့်ပွဲကြီးတွေမှ ရလာသော ပစ္စည်းများအတွက် တန်ရာ တန်ဖိုးပေးသည့်အနေဖြင့် သောတာပန် (အတု) ဆုကြီး အလကား ပေးလိုက်သည်မှာ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် လွဲချော်နေကြောင်း ဆက်လက်လျှောက်ထားပါဦးမည်ဘုရား။

အောက်ပါတို့မှာ ၁၃၅၉-ခု၊ ကဆုန်လပြည့် တရားတိတ်ခွေ၌ စမ်းကလေး (လမ်းတို) ဆရာတော် ဦးနန္ဒောဘာသ ကိုယ်တိုင် ပါးစပ်မှ ထုတ်ဖော် မိန့်မြွက်တော်မူခဲ့သော သောတာပန်ဘွဲ့ပေး အခမ်းအနား မိန့်ခွန်းပါဘုရား။

(က) သောတာပန် အငယ်စား လက်မှတ်။ ×××× အားလုံး ရဟန်း ရှင်- လူသူတော်စင်တို့ တရား နာစဖြစ်ဖြစ်၊ တရားနာ လယ်က ဖြစ်ဖြစ် (ပရိသတ်ကလဲ များတော့) တရားနာ နောက်ဆုံးကပဲဖြစ်ဖြစ်၊ တရား အပေါ်မှာ ဝမ်းသာ ကြည်လင်တဲ့စိတ်ကလေး ရှေ့ကယောဂီတွေ တစ်စက္ကန့်လောက်လေးများ ဝမ်းမသာကြဘူးလား၊ အလယ်က ယောဂီများကော ဟို နောက်နောက် ဘေး ဘီက ယောဂီများကော နောက်ရဟန်းရှင်-လူများကော- ဝမ်းမသာကြဘူး လား ---- (ဝမ်းသာပါတယ်ဘုရား----- ဖြေကြ)

http://www.dhammadownload.com



× × × × × အဲဒါက တရားအပေါ်မှာ ဝမ်းသာကြည်လင်တဲ့ စိတ်ကလေး (သဒ္ဓါပီတိကျတယ် ခေါ် သောတာပန် အငယ်စား) အပါယ်လေးပါးက လုံးဝလွတ်ယင် လူ-နတ်- အလယ်သံသရာမှာ (၇) ဘဝကောင်းကောင်း နေ၍ နိဗ္ဗာန်ဝင်မဲ့ (အငယ်စား) သတ္တက္ခတ္တုပရမ သောတာပန်ခေါ်တယ်။

(ဘီဆိုက်- ၁၇-မိနစ်ခန့် နေရာ)

(ခ) **သောတာပန်အလတ်စား လက်မှတ်။** သောတာပန် အလတ်စားကို ပြောမယ် အားလုံး ရဟန်း-လူ-ရှင် သူတော်စင်တို့ တရားနာ စ-နာလယ်-အဆုံး တစ်ခုခုမှာ ကြက်သီးကလေး လက်က ကိုယ်က ခေါင်းက ဖြတ်ကနဲ ဖြန်းကနဲ လာတတ်တယ်၊ ရှေ့က ယောဂီတွေ တွေ့ဖူးသလား၊ ဟိုနောက်က ယောဂီတွေ တွေ့ဖူးသလား၊ နောက်က ရဟန်း ရှင် လူများကော (---တွေ့ဖူးပါတယ် ဘုရား--- ဖြေကြ)

×××× စကားနဲ့တရား ဆက်စပ်ပေးတာနော် -အခုန ကြက်သီးကလေးက သဒ္ဓါဇော ××× ကြက်သီးကလေးက အသိအမှတ်ပြုသွားတာနဲ့ မတူဘူးလား၊ အဲဒါ ကောလံကောလ သောတာပန်၊ အပါယ်ကလုံးဝ လွတ်ပြီးတော့ လူနတ်သံသရာ အလယ်သံသရာမှာ နှစ်ဘဝ သုံးဘဝ၊ အများဆုံး ခြောက်ဘဝ ကောင်းကောင်းနေပြီး နိဗ္ဗာန်ဝင်တဲ့ (အလတ်စား) ကောလံ ကောလ သောတာပန်ခေါ်တယ်။ မှတ်ထားနော်-တထစ်ချမှတ်ထား အနေကန် မဟုတ်ဘူး၊ ကေန်×××× (ဘီဆိုက်-၂၀- မိနစ်ခန့်နေရာ )

(ဂ) **သောတာပန်အကြီးစား။** သောတာပန် အကြီးစားဆိုတာက သူကလဲ ကြက်သီးထတတ်တယ်တဲ့၊ လက်က-ကိုယ်က-ခေါင်းက တစ်ကိုယ်လုံးက-ကိုယ်တစ်ခြမ်းထဲက အမျိုးမျိုးပေါ့နော်၊ ကိုယ်ကြီးများ တခါထဲ မြောက်တက်ပြီးတော့ သွားသလို ချမ်းတော့ချမ်းသာတယ်၊ တစ်ယောက်နဲ့တစ်ယောက် မတူဘူး၊ လိုက်မတိုင်းနဲ့၊ ဖြစ်စဉ်ကလေး ဘုန်းကြီးပြောပြနေတာ မျက်စိထဲမှာ မှောင်ကနဲဖြစ်ပြီးတော့ ဖြတ်ကနဲ လင်းကနဲဖြစ်သွားတတ်တယ်နော် ဖြတ်ဖြတ် ဖြတ်ဖြတ် ဝင်းဝင်း ဝင်းဝင်းလဲ ဖြစ်တတ်တယ်၊ တစ်ဦးနဲ့တစ်ဦး မတူဘူး။

အဲဒီလိုဖြစ်ပြီး ရင်ထဲမှာအေး-----လေအေးတာနဲ့မတူဘူးနော် ရေအေးတာနဲ့ မတူဘူးနော်၊ ရှေ့ကယောဂီတွေ တစ်စက္ကန့်လောက် တွေ့ဖူးလား၊

http://www.dhammadownload.com



အလယ်က ယောဂီတွေရော တွေ့ဖူးလား။ ဘေးဘီက ယောဂီ တွေရော၊ နောက်က ရဟန်းရှင်-လူများရော (----တွေ့ဘူးပါတယ်-ဖြေကြ)

×××× ကြက်သီးထတာ အစ-မျက်လုံးဝင်းကနဲ ဝင်းကနဲ အဆုံး အဲဒါက မဂ်ဇောခေါ်တယ်၊ မဂ်ကြီးနော်၊ အခုန မဂ်သေးသေးတွေ၊ ဒါကမဂ်ကြီး××× ရင်ထဲမှာအေး-အဲဒါဖိုလ်ဇောနော်-×××× အဲဒါ သောတာပန်အကြီးစား-တစ်ဘဝတည်းနေပြီးတော့ နိဗ္ဗာန်ဝင်မဲ့ (အကြီးစား) ဧကဗီဇသောတာပန် ခေါ်ပါတယ်။ (ဘီဆိုက်- ၂၂- မိနစ်ခန့်နေရာ)

စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသ၏ သောတာပန်ရှင်းတမ်း မိန့်ခွန်း အရှုပ်ကို လိုရင်းထပ်မံ လျှောက်ထားပါဦးမည်ဘုရား။

(၁) တရားနာနေစဉ် ဝမ်းသာကြည်လင်တဲ့စိတ်ကလေး တစ်စက္ကန့်လောက် ဖြစ်သူကို- သတ္တက္ခတ္တုပရမ သောတာပန်ဟုခေါ်သည်။

(၂) တရားနာနေစဉ် တစ်စက္ကန့်လောက် ကြက်သီးဖြန်းကနဲထသူကို ကောလံကောလသောတာပန်ဟု ခေါ်သည်။

(၃) တရားနာနေစဉ် ကြက်သီးထခြင်း၊ ကိုယ်မြောက်တက်သလို ဖြစ်သွားခြင်း မျက်စိထဲ၌ ဝင်းကနဲဝင်းကနဲ အရောင်တွေ့ခြင်း ရင်ထဲမှာ အေးကနဲ ဖြစ်ခြင်း၊ ဤသို့ဖြစ်သူကို ဧကဗီဇသောတာပန်ဟု ခေါ်သည်။
ဤသို့လိုရင်း ဆိုလိုပါသည်။

စမ်းကလေး (လမ်းတို) ဘုန်းကြီး ဦးနန္ဒောဘာသ၏ ဤသို့ သောတာပန် အမည်သုံးမျိုး သတ်မှတ် ဟောပြောနေခြင်းမှာ-

(က) မဂ်ယောင် မဂ်တုဖြစ်သော ဝိပဿနာ ညစ်ညူးကြောင်း တရားမျှပင် ဖြစ်သည်မဟုတ်သော သ္ဃသာဝကတို့အား (မဂ်-အစစ်) အနေ သတ်မှတ်ဟောပြောနေခြင်း ဖြစ်ပါသည်။

(ခ) တစ်ဖန်-မဂ်အစစ်ကျသည် မဟုတ်ပါဘဲလျက် (မဂ်-အစစ်)ကျသော သောတာပန်တို့အတွက် ဗုဒ္ဓ၏အမည် သတ်မှတ်ချက် သုံးမျိုးတို့ကို (အလွဲအမှား) သတ်မှတ်နေပြန်ခြင်းလည်း ဖြစ်ပါသည်။

http://www.dhammadownload.com



(က) ထိုသို့ ဝိပဿနာ ညစ်ညူးကြောင်းမျှပင် ဖြစ်သည်မဟုတ်သော သူ့သာဝကတို့အား (မဂ်-ကျတာ)ဟု သတ်မှတ်ပေးသော်လည်း ထိုလမ်းတို ဘုန်းကြီး--ဦးနန္ဒောဘာသ၏ ကျင့်စဉ်အရ ဗုဒ္ဓ၏ (သီလ+သမာဓိ+ပညာ) ကျင့်စဉ်တို့ကို (ဘာတစ်ခုမျှ မကျင့်ကြသောကြောင့် )သူ၏ သာဝကတို့ သန္တာန်၌ (၁၅)မိနစ်၊ (၁၀)မိနစ်ကျင့်ကွက်မျှဖြင့် ဝိပဿနာ ညစ်ညူးကြောင်း တရားများပင် အမှန် တကယ် ဖြစ်သည်မဟုတ်ဘဲ ဆရာနှင့်တပည့်တို့ အပြန်အလှန် ပြောင်ပြောင် လိမ်၍ သောတာပန် အပေးအယူ လုပ်နေခြင်း ဖြစ်ပါကြောင်းကို ဆက်လက် လျှောက်ထားပါမည်ဘုရား။

စမ်းကလေး (လမ်းတို) ဆရာ၏ တပည့်သာဝကတို့ (မဂ်ကျဖို့ ဝေလာဝေး) ဝိပဿနာညစ်ညူးကြောင်း တရားများမျှပင် မဖြစ်နိုင်ပုံကို အောက်ပါ ကျမ်းဂန်အထောက်အထားများနှင့် လျှောက်ထားပါဦးမည်ဘုရား။

(က) * ဩဘာသောတိ ဝိပဿနောဘာသော။
* ပီတီတိ ဝိပဿနာ ပီတိ။
* ပဿဒ္ဓီတိ ဝိပဿနာ ပဿဒ္ဓိ၊
* အဓိမောက္ခောတိ သဒ္ဓါ။ ဝိပဿနာသမ္ပယုတ္တာယေဝ ဟိဿ စိတ္တစေတသိကာနံ အတိသယပသာဒဘူတာ ဗလဝတီ သဒ္ဓါ ဥပ္ပဇ္ဇတိ။

(ဝိသုဒ္ဓိ၊ ၂။ ၂၇၀-၂၇၂)

## မြန်မာပြန်

(ဩဘာသ) အရောင်အလင်းဟူသည် ဝိပဿနာစိတ်ကြောင့် ဖြစ်သော အရောင်အလင်းတည်း။

ပီတိ-ဟူသည်ကား ဝိပဿနာဉာဏ်နှင့် ယှဉ်သော ပီတိတည်း။

(ပဿဒ္ဓိ) ငြိမ်းအေးခြင်းဟူသည် ဝိပဿနာဉာဏ်နှင့် ယှဉ်သော ကိုယ်စိတ်၏ ငြိမ်းအေးမှု-ပဿဒ္ဓိ-ပေတည်း။

(အဓိမောက္ခ) ဆုံးဖြတ်ခြင်းဟူသည်ကား-ယုံကြည်မှု ကြည်လင်မှု သဒ္ဓါ-တရား တည်း။ မှန်ပေသည်၊ ထိုယောဂီအား ဝိပဿနာဉာဏ်နှင့်

http://www.dhammadownload.com



ယုဉ်သည်သာလျှင် ဖြစ်သော စိတ်စေတသိက်တို့ကို အလွန်အကဲ ကြည်လင်စေတတ်သော အားကြီးသော ယုံကြည်မှုသဒ္ဓါတရားသည် ဖြစ်ပေါ်လာ၏။

(ခ) ဝိပဿနုပက္ကိလေသာ ဟိ ပဋိဝေဓပ္ပတ္တဿ အရိယသာဝကဿ စေဝ ဝိပ္ပဋိပန္နကဿ စ နိက္ခိတ္တ ကမ္မဋ္ဌာနဿ ကုသီတပုဂ္ဂလဿ နုပ္ပဇ္ဇန္တိ။ (ဝိသုဒ္ဓိ၊ ၂။ ၂၆၉)

မြန်မာပြန်

မှန်ပေ၏- ဝိပဿနာ ညစ်ညူးကြောင်း ဥပက္ကိလေသတို့သည်-----

* မဂ်-ဖိုလ်-နိဗ္ဗာန်ဟူသော ပဋိဝေဓသို့ ရောက်ပြီးသော အရိယာသာဝက အားလည်းကောင်း၊
* ဖောက်ပြန်မှားယွင်းစွာ ကျင့်သော ပုဂ္ဂိုလ်အားလည်းကောင်း၊
* ကမ္မဋ္ဌာန်းကို ချထား၍ ရပ်နား၍နေသော ပုဂ္ဂိုလ်အားလည်းကောင်း၊
* ပျင်းရိစွာ အားထုတ်နေသော ပုဂ္ဂိုလ်အားလည်းကောင်း- ဤပုဂ္ဂိုလ် (၄)မျိုးတို့အား မဖြစ်ပေါ်ကုန်။

(ဂ) သမ္မာပဋိ ပန္နကဿ ပန ယုတ္တ ပယုတ္တဿ အာရဒ္ဓဝိပဿကဿ ကုလ ပုတ္တဿ ဥပ္ပဇ္ဇန္တိယေဝ။ (ဝိသုဒ္ဓိ၊၂။ ၂၆၉)

မြန်မာပြန်

အမှန်အားဖြင့်သော်ကား နည်းလမ်းမှန်စွာ ကျင့်သည်ဖြစ်၍ မပြတ်မစဲ အားထုတ်နေသော (ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သည့်တိုင်အောင်) အားထုတ်ပြီးသော ဝိပဿနာရှုသူဖြစ်သော အမျိုးကောင်းသားအား ဖြစ်ပေါ်ကုန်သည် သာလျှင်တည်း။

(ဃ) အယံ ပန ဝိပဿနုပက္ကိလေသော ယေဘုယျေန သမထဝိပဿနာ လာဘိနော ဥပ္ပဇ္ဇတိ၊ (ဝိသုဒ္ဓိ၊၂။ ၂၇၀)

မြန်မာပြန်

ဤဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသသည် သမထနှင့် ဝိပဿနာ (၂) ပါးလုံးကို ရသောသူအား အများအားဖြင့် ဖြစ်တတ်၏။

http://www.dhammadownload.com



အထက်ပါ ကျမ်းဂန် အထောက်အထားများအရ စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသ၏ တပည့်သာဝကတို့ (သောတာပတ္တိမဂ်-ရဖို့ဆိုတာ ဝေလာဝေး) ဝိပဿနာ ညစ်ညူးကြောင်း တရားမျှပင် အမှန်တကယ် မဖြစ်နိုင် ပုံကို ဆက်လက်လျှောက်ထားပါဦးမည်ဘုရား။

**အမှတ်(က)ကျမ်းဂန် အထောက်အထားအရ-ပီတိပဿဒ္ဓိတို့သည် ဝိပဿနာဉာဏ်နှင့် ယှဉ်သောစိတ်ကြောင့် ဖြစ်ပေါ်လာရသော တရားဖြစ်ပါသည်။**

စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသသည် သီလ-သမာဓိကို အခြေခံ၍ ဝိပဿနာ ပညာကျင့်ပွားရမည့် ဗုဒ္ဓ၏ ဒေသနာကျင့်စဉ်များကို စွပ်စွဲပုတ်ခတ်မှု အမျိုးမျိုးဖြင့် ဖယ်ရှားခဲ့ပြီး ဖြစ်သောကြောင့် (လမ်းတို) ကျင့်စဉ် လက်သစ်အရ သူ၏ တပည့်သာဝကတို့မှာ မည်သည့် သမထ ဝိပဿနာတရားမျှ မကျင့်ကြ၍ ဝိပဿနာဉာဏ်နှင့် ယှဉ်သော ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော (ပီတိ-ပဿဒ္ဓိ-သဒ္ဓါ-ဩဘာသ)တို့ ဖြစ်နိုင်ခွင့် မရှိပါ။

မဂ်ယောင် မဂ်တုဖြစ်သော ပီတိ-ပဿဒ္ဓိ-သဒ္ဓါ-ဩဘာသမျှပင် အမှန်တကယ် ဖြစ်ခွင့်မရှိသော (လုံးဝ-မဖြစ်ကြသော) သူ၏သာဝကတို့အား (ဆရာဦးနန္ဒောဘာသက) မဂ်-အစစ်အနေ သတ်မှတ်ပေးခြင်းသည်(ဝ-မရှိဘဲ ဝိ-လုပ်၍)ပေးနေခြင်းဖြစ်သောကြောင့် ဆရာက တပည့်ကို နှုတ်ကပေး၊ တပည့်တို့ကလိမ်ပြီး စိတ်ဖြင့်ယူသည့် ဆရာညာ တပည့်လိမ်တို့၏ သောတာပန်-အတု-လိမ်ညာမှုကြီးသာ ဖြစ်နေပါတော့သည်ဘုရား။

အမှတ် (ခ+ဂ) ကျမ်းဂန် အထောက်အထားများအရ ။ ပီတိ-ပဿဒ္ဓိ-စသော ဉပက္ကိလေသ တရားတို့သည်

* အရိယာဖြစ်သော ပုဂ္ဂိုလ်များ၊
* ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ကျင့်စဉ်နှင့် ဆန့်ကျင်လွဲချော် ကျင့်သော ပုဂ္ဂိုလ်များ၊
* ကမ္မဋ္ဌာန်း တရားအား မထုတ်ဘဲ (ကျောက်စာတိုင်လို ငုတ်တုတ်ထိုင်သော အကျင့်ကိုသာ) ကျင့်နေသော ပုဂ္ဂိုလ်များ ၊
* မကျင့်ချင် ကျင့်ချင် ပျင်းရိစွာ တရားကျင့်နေသော ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့၏ သန္တာန်၌ (လုံးဝ) ဖြစ်နိုင်ခွင့်မရှိပါ။

http://www.dhammadownload.com



နည်းလမ်းမှန်ကန်သော ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာသည့် အတိုင်းသမထဝိပဿနာတရား ကျင့်ပွားကြ၍ (ဥဒယဗ္ဗယဉာဏ်အစ)ရှိသော ဉာဏ်နုအဆင့်သို့ ရောက်ရှိသော (တရုဏဝိပဿက ပုဂ္ဂိုလ်များ) သန္တာန်၌ သာ ထိုပီတိ-သဒ္ဓါ-စသော ဥပက္ကိလေသတရားများ ဖြစ်နိုင်ခွင့် ရှိကြပါသည် ဘုရား။

ထို အထောက်အထားများအရ စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသ၏ လူလိမ် သာဝကတို့သည်------

(၁) ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် ဆန့်ကျင်လွဲမှားသော (လမ်းတို) ဟူသော ဗလချာ အကျင့်ကိုသာ ကျင့်နေကြသော ကြောင့် လည်းကောင်း၊

(၂) ကမ္မဋ္ဌာန်း တရားအားထုတ်မှုကို အပြင်းအထန်ရှုတ်ချသော (လမ်းတို) ဆရာညာကို ယုံမှတ်၍ ကိုယ်ရောစိတ်ပါ ပုံအပ်ထား ပြီး ဘာတရားမျှ အားမထုတ်ဘဲ ငုတ်တုတ်ထိုင် အလုပ်ကိုပင် ဆရာ၏ စိတ်တိုင်းကျ မထိန်းနိုင်ကြသောကြောင့် လည်းကောင်း (တိပ်ခွေ၌ ဆရာညာက တပည့်တို့အား ဆူပူနေရသည်ကို ထောက်။)

(၃) ကမ္မဋ္ဌာန်းတရားအားထုတ်ဖို့ အပျင်းထူလှသော ဆရာညာ၏ နှုတ်ဖြင့် ပေးသမျှကို ဟုတ်လှပြီထင်နေကြသော အချောင် သမားများဖြစ်ခြင်းကြောင့် လည်းကောင်း မင်ယောင်-မင်တု ဖြစ်သော (ပီတိ-သဒ္ဓါ)စသော ဥပက္ကိလေသ တရားများပင် အမှန် တကယ်ဖြစ်ခွင့် မရှိ (လုံးဝမဖြစ်ကြ)ပါဘဲလျက်-----

ဝမ်းမသာဘဲ သာတယ်-ညာ၊ ကြက်သီးမထဘဲ ထတယ်-လိမ်၊ ရင်ထဲ မအေးဘဲ အေးတယ်၊ ဖြီးဖြန်းပြီး ဆရာညာကြီးက နှုတ်မှပေး တပည့် လိမ်တို့ကစိတ်ဖြင့် ယူသည့်(သောတာပန်အတု-ညာလိမ်မှု)သာ ဖြစ်နေ ပါတော့သည်ဘုရား။

တပည့်တော်များ ယခုတင်ပြလျှောက်ထားခဲ့သော ကျမ်းဂန်အထောက် အထားများအရ မင်-တု၊ မင်ယောင်ဖြစ်သော (ပီတိ-သဒ္ဓါ-ပဿဒ္ဓိ-ဩဘာသ)

http://www.dhammadownload.com



ဟူသော ဥပက္ကိလေသ တရားများပင်(လုံးဝ)မဖြစ်ကြသော တပည့်လိမ် တပည့်ညာတို့အား ဆရာလိမ် ဆရာညာဖြစ်သော စမ်းကလေး(လမ်းတို) ဦးနန္ဒောဘာသက ပါပိစ္ဆာစိတ်ထားဖြင့် ဝါကြွားပြီးသတ်မှတ်ပေးနေသော သောတာပန်လုပ်ငန်းကျင့်စဉ်ဝါဒကြီးသည် ဗုဒ္ဓ၏ ထေရဝါဒ၊ ဒေသနာတော်နှင့် (လုံးဝ) ဆန့်ကျင်-လွဲချော်-မှားယွင်းနေသော (မိစ္ဆာဝါဒ၊ အဓမ္မဝါဒ) ဆိုးကြီး ဖြစ်ပါသည်။

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

စမ်းကလေး (လမ်းတို)ဘုန်းကြီး ဦးနန္ဒောဘာသ၏ သောတာပန်သုံးမျိုး အမည်အလွဲပေးပုံ ဆက်လက်တင်ပြလျှောက်ထားပါဦးမည် ဘုရား။ စမ်းကလေး (လမ်းတို)ဆရာ-ဦးနန္ဒောဘာသသည် အထက်ပါ လျှောက်ထား ချက်များအရ (မဂ်-အစစ်ဆိုတာ ဝေလာဝေး)မဂ်တု-မဂ်ယောင်ဖြစ်သော ပီတိ-သဒ္ဓါစသော ဥပက္ကိလေသ တရားများပင် ဖြစ်ခွင့်မရှိသော (လုံးဝ)မဖြစ် နိုင်သောသူရဲ့ လူလိမ်-ရှင်လိမ်-သာဝကတို့အား သောတာပန် အမည် ၃-မျိုး ခွဲပြနေပြန်ပါသည် ဘုရား။

**သတ်မှတ်ပေးပုံ**

(၁) ဝမ်းသာကြည်လင်မှု ပီတိ-သဒ္ဓါ ဖြစ်ခြင်းကြောင့် သတ္တက္ခတ္တုပရမ သောတာပန်ဟုခေါ်၏။

(၂) ကြက်သီးထမှု (ပီတိ) ကြောင့် ကောလံကောလ သောတာပန်-ခေါ် သည်။

(၃) ကြက်သီးထခြင်း-ကိုယ်မြောက်ကြွသလိုဖြစ်ခြင်း (ပီတိ)ဖြစ်မှု၊ အလင်းရောင် မြင်ခြင်း (ဩဘာသ)ဖြစ်မှု၊ ရင်ထဲအေးခြင်း (ပဿဒ္ဓိ) ဖြစ်မှုကြောင့် ဧကဗီဇ သောတာပန်ဟု ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူပြီးဖြစ်ကြသော မည်သည့် သဗ္ဗညုတဘုရားရှင်မျှ (ဤသို့ ပီတိ-သဒ္ဓါ စသည်ဖြစ်မှုကြောင့် သောတာပန်အမည်သုံးမျိုး တွဲပြား ချခြင်းဖြစ်သည်ဟု) သတ်မှတ်ပေးခြင်း မရှိပါဘဲ ဘုရားတုဘုရား ယောင် အမည်ခံယူချင်နေသော စမ်းကလေး (လမ်းတို) ဦးနန္ဒော-ဘာသက အဆန်းထွင်သတ်မှတ်ပေးနေပြန်ပါသည်။

http://www.dhammadownload.com



ဤသို့သတ်မှတ်ပေးနေခြင်းမှာ-ပါပိဋ္ဌာ တိမ်သလာဖုံး၊ အမြင်မှုန် ဉာဏ်မျက်လုံးကန်းလွန်းလှသူ၏ ရမ်းကားသော လုပ်ရပ်သာ ဖြစ်ပါသည်ဘုရား။

ထိုအကြောင်းကို အောက်ပါကျမ်းဂန်များ ထောက်ထား၍ လျှောက်ကြပါဦးမည် ဘုရား။

(က-၁) ကတမော စ ပုဂ္ဂလော သတ္တက္ခတ္တုပရမော၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ၊ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော၊ သော သတ္တက္ခတ္တုံ ဒေဝေ စ မာနုသေ စ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော သတ္တက္ခတ္တုပရမော။ (အဘိ၊ပု။၁၁၈)

## မြန်မာပြန်

အလွန်ဆုံး-ခုနစ်ဘဝသာ ပဋိသန္ဓေနေသော သတ္တက္ခတ္တုပရမပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏။ အပါယ် (၄)ပါးသို့ ကျရောက်ခြင်းသဘောမရှိ၊ကိန်းသေမြဲ၏၊ အထက်မဂ်(၃) ပါးလျှင်လဲလျောင်းရာရှိ၏။ ထိုပုဂ္ဂိုလ်သည် ခုနစ်ကြိမ် နတ်ပြည်၌ လည်းကောင်း၊ လူ့ပြည်၌ လည်းကောင်း၊ ကျင်လည်ပြေးသွား၍ ဆင်းရဲ၏ အဆုံးကိုပြု၏။ ဤပုဂ္ဂိုလ်ကို အလွန်ဆုံး(၇)ဘဝသာ ပဋိသန္ဓေနေသော သတ္တက္ခတ္တုပရမပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(က-၂) သတ္တက္ခတ္တုပရမာ ဘဝူပပတ္တိ အတ္တဘာဝဂ္ဂဟဏံ အဿ တတော အဋ္ဌမံ ဘဝံ နာဒိယတီတိ သတ္တက္ခတ္တုပရမာ။(အဘိ၊ဌ၊ ၃။၄၅)

## မြန်မာပြန်

ထိုပုဂ္ဂိုလ်အား အလွန်ဆုံး(၇)ကြိမ် ဘဝဖြစ်ခြင်း-အတ္တဘောကို ယူခြင်း ရှိ၏၊ ထို(၇)ဘဝမှ နောက်(၈)ခုမြောက် ဘဝကို မယူ-ထို့ကြောင့် သတ္တက္ခတ္တုပရမ ပုဂ္ဂိုလ်မည်၏။

http://www.dhammadownload.com



(က-၃) အယံ ပန ကာလေန ဒေဝလောကဿ ကာလေန မနုဿလောကဿ ဝသေန မိဿကဘာဝေန ကထိတောတိ ဝေဒိတဗ္ဗော။(အဘိ၊ဋ္ဌ၊၃။၄၆)

## မြန်မာပြန်

ဤသတ္တက္ခတ္တုပရမပုဂ္ဂိုလ်ကို ရံခါ နတ်ဘဝ၊ ရံခါ လူ့ဘဝ၏ အစွမ်းဖြင့် နတ်ဘဝ၊ လူ့ဘဝ၊ မိဿက ဘဝဖြင့်ဆိုအပ်၏၊ ဤသို့ သိအပ်၏။

(ခ- ၁) ကတမော စ ပုဂ္ဂလော ကောလံကောလော၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော၊ သော ဒွေ ဝါ တီဏိ ဝါ ကုလာနိ သန္ဓာဝိတွာ ဒုက္ခဿန္တံ ကရောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ကောလံ ကောလော။ (အဘိ၊ ပု။ ၁၁၈)

## မြန်မာပြန်

နှစ်ဘဝ သုံးဘဝစသည် တစ်မျိုးမှ တစ်မျိုး၌ဖြစ်၍ ပဋိသန္ဓေနေသော ကောလံ ကောလ ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏၊ အပါယ်လေးပါးသို့ ကျခြင်းသဘောမရှိ ကိန်းသေမြဲ၏၊ အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိ၏၊ ထိုပုဂ္ဂိုလ်သည် နှစ်ဘဝလည်းကောင်း၊ သုံးဘဝလည်းကောင်း အမျိုးတို့၌ ကျင်လည်ပြေးသွား၍ ဆင်းရဲ၏ အဆုံးကိုပြု၏၊ ဤပုဂ္ဂိုလ်ကို နှစ်ဘဝသုံးဘဝစသည် တစ်မျိုးမှ တစ်မျိုး၌ဖြစ်၍ ပဋိသန္ဓေနေသော ကောလံကောလ ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(ခ-၂) ကုလတော ကုလံ ဂစ္ဆတီတိ ကောလံကောလော၊ သောတာပတ္တိဖလသစ္ဆိကိရိယတော ဟိ ပဋ္ဌာယ နီစေ ကုလေ ဥပပတ္တိ နာမနတ္ထိ၊ မဟာဘောဂကုလေသုယေဝ နိဗ္ဗတ္တတီတိ အတ္ထော။

(အဘိ၊ဋ္ဌ၊၃။၄၆)

## မြန်မာပြန်

အမျိုးတစ်ခုမှ အမျိုးတစ်ခုသို့ ပြေးသွားတတ်သောကြောင့် ကောလံကောလမည်၏။ ဆက်ဦးအံ့-(ထိုကောလံကောလပုဂ္ဂိုလ်သည်) သောတာ

http://www.dhammadownload.com



ပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီးသည်မှစ၍ နိမ့်ကျ(ယုတ်ညံ့)သော အမျိုး၌ ပဋိသန္ဓေအားဖြင့် ဖြစ်ရခြင်းမည်သည် မရှိ၊ ကြီးကျယ်သော စည်းစိမ်ရှင် အမျိုးတို့၌သာ ဖြစ်ရ၏၊ ဤကား အနက်အဓိပ္ပါယ်တည်း။

(ခ- ၃) ဒွေ ဝါ တီဏိ ဝါ ကုလာနိတိ ဒေဝမနုဿဝသေန ဒွေ ဝါ ဘဝေ၊ ဣတိ အယံပိ မိဿကဘာဝေနေဝ ကထိတော။(အဘိ၊ဋ္ဌ၊၃။၄၆)

## မြန်မာပြန်

ဒွေ ဝါ တီဏိ ဝါ ကုလာနိ ဟူသည်ကား နတ်လူတို့၏အစွမ်းဖြင့် နှစ်ဘဝ သုံးဘဝတို့ကို (ကျင်လည်ပြေးသွား၍)ဤသို့လျှင် ဤကောလံကောလကို လည်း နတ်ဘဝ လူ့ဘဝ မိဿကဘာဝဖြင့်သာ ဆိုအပ်၏။

(ခ- ၄) ဒေသနာမတ္တမေဝ စေတံ "ဒွေ ဝါ တီဏိ ဝါတိ။ ယာဝ ဆဋ္ဌဘဝါ သံသရန္တောပိ ပန ကောလံကောလောဝ ဟောတိ။

(အဘိ၊ဋ္ဌ၊၃။၄၆)

## မြန်မာပြန်

ဆက်ဦးအံ့ - ဒွေ ဝါ တီဏိ ဝါ ဟူသော ဤစကားရပ်သည် ဒေသနာ သဘော ဟောတော်မူသာတည်း။ (ထို့ကြောင့်) ၆-ဘဝတိုင်အောင် ကျင်လည် ပြေးသွားရသူသည်လည်း ကောလံကောလသာဖြစ်၏။

(ဂ- ၁) ကတမော စ ပုဂ္ဂလော ဧကဗီဇီ၊ ဣဓေကစ္စော ပုဂ္ဂလော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သောတာပန္နော ဟောတိ အဝိနိပါတ ဓမ္မော နိယတော သမ္ဗောဓိပရာယနော၊ သော ဧကံယေဝ မာနုသကံ ဘဝံ နိဗ္ဗတ္တေတွာ ဒုက္ခဿန္တံ ကရောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော ဧကဗီဇီ။ (အဘိ၊ပု။၁၁၉)

## မြန်မာပြန်

တစ်ဘဝသာ ပဋိသန္ဓေမျိုးစေ့ရှိသော"ဧကဗီဇီ"ပုဂ္ဂိုလ်ဟူသည် အဘယ် နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏၊ အပါယ်လေးပါးသို့ ကျရောက်ခြင်း သဘောမရှိ၊ ကျိန်းသေမြဲ၏။ အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိ၏။ ထိုပုဂ္ဂိုလ်သည် တစ်ကြိမ်သာလျှင်(လူ့)ဘဝ၌ ဖြစ်၍ ဆင်းရဲ၏အဆုံးကို ပြု၏၊ ဤပုဂ္ဂိုလ်ကို တစ်ဘဝသာ ပဋိသန္ဓေမျိုးစေ့ရှိသော "ဧကဗီဇီ"ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

http://www.dhammadownload.com



(ဂ- ၂) ကောဓိဇိ နိဒ္ဒေသေ ခန္ဓဗီဇံ နာမ ကထိတံ၊ ယဿ ဟိ သောတာ ပန္နဿ ဧကံယေဝ ခန္ဓဗီဇံ အတ္ထိ၊ ဧကံ အတ္တဘာဝဂ္ဂဟဏံ၊ သော ဧကဗီဇီ နာမ။ (အဘိ၊ဋ္ဌ၊၃။၄၆)

## မြန်မာပြန်

ကောဗီဇီကို အကျယ်ပြရာ၌ ခန္ဓာမျိုးစေ့မည်သည်ကို ဆိုအပ်၏။ မှန်ပေသည်။ တစ်ဘဝသာ ခန္ဓာမျိုးစေ့ရှိသောအတ္တဘောတစ်ခုကိုသာ ရခြင်းရှိသော သောတာပန်ပုဂ္ဂိုလ်သည် ကောဗီဇီမည်၏။

(ဂ- ၃) မာနုသကံ ဘဝဉ္စ ဣဒံ ပနေတ္ထ ဒေသနာမတ္တမေဝ၊ ဒေဝဘဝံ နိဗ္ဗတ္တေတီတိပိ ပန ဝတ္တုံ ဝဋ္ဋတိယေဝ။ (အဘိ၊ဋ္ဌ၊၃။၄၆)

## မြန်မာပြန်

ဤကောဗီဇီနိဒ္ဒေသ-၌ မာနုသကံ ဘဝံ ဟူသော ဤစကားသည် ဒေသနာ သဘော ဟောကာမျှသာတည်း။ စင်စစ်သော်ကား နတ်ဘဝ၌လည်း ဖြစ်၏ ဟူ၍ ဆိုခြင်းငှာ သင့်သတည်း။

(ဃ) * ဘဂဝတော ဂဟိတနာမဝသေနေဝ စေတာနိ ဧတေသံ နာမာနိ
* ဧတ္တကံ ဌာနံ ဂတော သတ္တက္ခတ္တုပရမော နာမ ဟောတိ၊
* ဧတ္တကံ ကောလံ ကောလော၊
* ဧတ္တကံ ကောဗီဇီတိ ဘဂဝတော ဧတေသံ နာမံ ဂဟိတံ။

(အဘိ၊ဋ္ဌ၊၃။၄၆)

ဆက်ဦးအံ့ --- ဤသောတာပန်(၃)မျိုးတို့၏ ဤအမည်တို့သည် မြတ်စွာ ဘုရားသည် စွဲယူမှည့်ခေါ်အပ်သော အမည်၏ အစွမ်းဖြင့်သာ လျှင် ဖြစ်ကုန်၏။

* ဤမျှခုနစ်ဘဝ လူ-နတ်လောက ဌာနတို့၌ သွားလာကျင်လည် ရသော သောတာပန်သည်-သတ္တက္ခတ္တုပရမ-ပုဂ္ဂိုလ်ဖြစ်၏။
* ဤမျှ နှစ်ဘဝမှ ခြောက်ဘဝအထိ လူ-နတ်လောက ဌာနတို့၌ သွားလာကျင်လည်၍ နေရသော သောတာပန်သည် ကောလံ ကောလ ပုဂ္ဂိုလ်ဖြစ်၏။

http://www.dhammadownload.com



* ဤမျှ တစ်ဘဝသာ လူ-နတ် လောကဌာနဌ် သွားလာကျင်လည်ရသော သောတာပန်သည် ကောဇိဇိ ပုဂ္ဂိုလ်ဖြစ်၏-ဟု မြတ်စွာဘုရားသည် ထိုသောတာပန်တို့၏ အမည်ကို စွဲယူမှည့်ခေါ်အပ်၏။

(င) * တိဏ္ဏံ မဂ္ဂါနံ ဝိပဿနာ နိယမေတီတိ ဝါဒေါ ပန ယုဇ္ဇတိ။

* သစေ ဟိ ဥပရိ တိဏ္ဏံ မဂ္ဂါနံ ဝိပဿနာ ဗလဝတီ ဟောတိ ကောဇိဇိ နာမ ဟောတိ။

* တတော မန္ဒတရာယ ကောလံ ကောလော။

* တတော မန္ဒတရာယ သတ္တက္ခတ္တုပရမောတိ။(အဘိ၊ဋ္ဌ၊၃။၄၇)

## မြန်မာပြန်

ဝိပဿနာဉာဏ်သည် အထက်မဂ်(၃)ပါးတို့အား သတ်မှတ်ပေး၏ ဟူသောဝါဒသည်ကားသင့်လျော်ပေ၏။*ချဲ့ပြဦးအံ့။အကယ်၍(သောတာပန်ပုဂ္ဂိုလ်သည်) အထက်မဂ်(၃)ပါးတို့အတွက် ဝိပဿနာအလုပ် အားထုတ်ရာ၌ သဒ္ဓါစသော ဣန္ဒြေ(၅)ပါးသည် အားအကြီးဆုံး ဖြစ်အံ့၊ ကောဇိဇိ မည်၏။

* ထိုအောက်သဒ္ဓါစသော ဣန္ဒြေ(၅)ပါး အားနည်းသောကြောင့် ကောလံကောလ မည်၏။

* ထိုအောက်သဒ္ဓါစသော ဣန္ဒြေ(၅)ပါး အားနည်းသောကြောင့် သတ္တက္ခတ္တုပရမ မည်၏ဟု ဆိုသိအပ်၏။

အထက်ပါ အထောက်အထား ကျမ်းဂန်များ၏ လိုရင်းအဓိပ္ပါယ်ထပ်မံလျှောက်ထားပါဦးမည်ဘုရား။

အမှတ်(က-၁)မှ အမှတ်(ဃ)အထိ ပါဠိတော် အဋ္ဌကထာများအရ---

- သတ္တက္ခတ္တုပရမ- စသော သောတာပန်အမည် သုံးမျိုးဖြစ်ရ(ကွဲပြားရ)ခြင်းသည် ဤသို့ ဖြစ်ပါသည်။

မြတ်စွာဘုရားက သောတာပန် ပုဂ္ဂိုလ်တို့၏ ဖြစ်ရမည့် ဘဝအလားကို သိမြင်တော်မူသောကြောင့်-

(၁) သောတာပန်ဖြစ်ပြီးနောက် လူ့ပြည်-နတ်ပြည်၌ ခုနစ်ဘဝအလွန်ဆုံးဖြစ်ပြီး ရဟန္တာ ဖြစ်ရမည့်သူကို- သတ္တက္ခတ္တုပရမ သောတာပန်ဟုလည်းကောင်း။

http://www.dhammadownload.com



(၂) သောတာပန်ဖြစ်ပြီးနောက် လူ့ပြည်-နတ်ပြည်၌ နှစ်ဘဝမှ ခြောက်ဘဝအထိ အလွန်ဆုံးဖြစ်၍ ရဟန္တာဖြစ်မည့်သူကို ကောလံ ကောလ သောတာပန်ဟုလည်းကောင်း။

(၃) သောတာပန်ဖြစ်ပြီးနောက်- နောက်ထပ်လူ့ပြည် နတ်ပြည် (၁-ကြိမ်သာ)ဖြစ်၍ ရဟန္တာဖြစ်မည့်သူကို ဧကဗီဇီ သောတာပန်ဟု လည်းကောင်း။

အသီးသီး အမည်ပေး သတ်မှတ်တော်မူခြင်းကြောင့် ဤအမည် (၃)မျိုးကွဲ ပြားလာရခြင်း ဖြစ်ပါသည်။ စမ်းကလေး(လမ်းတို) ဘုန်းကြီးမှန်းတောရမ်းဟောသလို စိတ်ကလေးကြည်လင်တာ ကြက်သီးထတာတွေဘာတွေ စသည်ကြောင့် ဤအမည်(၃)မျိုးကွဲပြားလာရခြင်း မဟုတ်ပါဘုရား။

**တနည်း အမှတ် (င) အဋ္ဌကထာအရ-** သတ္တက္ခတ္တုပရမ သောတာပန် အမည်(၃)မျိုး ကွဲပြားရခြင်းသည်။

ဤသို့ဖြစ်ပါသည်ဘုရား -

(၁) သောတာပန်ဖြစ်ပြီးနောက်- အထက်မဂ်(၃)ပါးရရေး အတွက် ဝိပဿနာတရားပွားများ အားထုတ်ရာ၌ သဒ္ဓိန္ဒြေစသော ဣန္ဒြေ (၅)ပါး အားအကောင်းဆုံး သောတာပန်သည်- ဧကဗီဇီ သောတာပန်မည်၏။

(၂) သောတာပန်ဖြစ်ပြီးနောက်-အထက် မဂ် (၃)ပါးရရေး အတွက် ဝိပဿနာတရားအားထုတ်ရာ၌- သဒ္ဓိန္ဒြေ စသော ဣန္ဒြေ ၅-ပါး အလတ်စားအားကောင်းသော သောတာပန်သည် ကောလံကောလ သောတာပန်မည်၏။

(၃) သောတာပန်ဖြစ်ပြီးနောက် - အထက်မဂ်(၃)ပါးရရေးအတွက် သဒ္ဓိန္ဒြေစသော ဣန္ဒြေ(၅)ပါး အားအနည်းဆုံး သောတာပန်သည်သတ္တက္ခတ္တုပရမ သောတာပန်မည်၏။

ဤသို့ ဝိပဿနာရှုပွားရာ၌ ဣန္ဒြေအားကောင်း မကောင်းအကြောင်းပြု၍ ဤအမည်(၃)မျိုးကွဲပြားလာရခြင်း ဖြစ်ပါသည်ဘုရား။ မှန်းတီးရမ်းဖြိုးနေသော စမ်းကလေး (လမ်းတို)ဘုန်းကြီး ဦးနန္ဒောဘာသ ပြောသလို စိတ်ကြည်လင်လာရတာ မဟုတ်ပါဘုရား။

http://www.dhammadownload.com



ယခု တပည့်တော်များ ထုတ်ပြလျှောက်ထားခဲ့ပါသော ကျမ်းဂန် အထောက်အထားများအရ စမ်းကလေး(လမ်းတို့) ဦးနန္ဒောဘာသ၏ ဟောစဉ် ဟောကွက် ကျင့်စဉ် ကျင့်ကွက်များဖြင့် သူ့သာဝကများ ဘယ်နည်း နှင့်မျှ သောတာပန် မဖြစ်နိုင်သည်မှာ သေချာနေပါလျက် အမည်(၃)မျိုး သတ်မှတ်ပေးကာ မတန်မရာ သောတာပန်ဘွဲ့ထူးသတ်မှတ်ပေးနေခြင်းမှာ "အမဲရိုးက-ဟင်းအိုးမှ အားမနာ" ဆိုသလို ဖြစ်နေပါတော့သည်ဘုရား ခြင်္သေ့ ဆီတို့ မည်သည်မှာ သိင်္ဂီရွှေခွက်၌သာတည်နိုင်၍၊ သူတောင်းစားတို့၏ ခွက် အစုတ်ပလုပ်၌ မတည်နိုင်ပါဘုရား။

ထို့အတူ ခြင်္သေ့ဆီနှင့် တူသော သောတာပန် အရိယာတို့၏ ဂုဏ် အရည်အချင်းများမှာ ဗုဒ္ဓ၏ တရားတော်ကို ပုန်ကန်ကြကုန်သော စမ်းကလေး (လမ်းတို့) ဦးနန္ဒောဘာသနှင့် သူ၏ သာဝကတို့၏ ကိလေသာ ဗျစ်ထူသူတို့၏ နှလုံးသားမှာ (လုံးဝ)တည်နိုင်ခွင့်မရှိပါဘုရား။

သို့ဖြစ်ပါလျက်-ခြင်္သေ့ဆီနှင့်တူသော သောတာပန် အရိယာ သူတော် ကောင်းတို့၏ သတ္တက္ခတ္တုပရမ-စသော အမည်(၃)မျိုးကို သူ၏တပည့် တို့အား ဖေါ်ဖေါ်သီသီ သတ်မှတ်ပေးနေသော စမ်းကလေး (လမ်းတို့) (လော ဘုမ္မတ္တက၊ မာနုမ္မတ္တက)ဦးနန္ဒောဘာသ၏ သောတာပန်ဖြစ်ရေး ညာသံပေး ဟောတွက် ကျင့်ကွက် ပြုလုပ်ချက်တို့သည် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော် နှင့်(လုံးဝ)ဆန့်ကျင်လွဲချော် မှားယွင်းနေသော (နှစ်ထပ်ကွမ်း မိစ္ဆာဝါဒ၊ အဓမ္မ ဝါဒ)ဆိုးကြီး ဖြစ်ပါသည်ဘုရား။

စမ်းကလေး (လမ်းတို့)ဦးနန္ဒောဘာသသည် ထိုမိစ္ဆာဝါဒ အဓမ္မဝါဒဆိုးကြီး ဖြင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ဝိသုဒ္ဓိကျင့်စဉ်ကြီးနှင့် ပုဂ္ဂလ ပညတ် အဘိဓမ္မာကျင့်စဉ်တို့ကို (လုံးဝ)ဖယ်ရှား ဖျက်ဆီးနေသော (ဧရာမ) သာသနာ ဖျက် ပုဂ္ဂိုလ်ဆိုးကြီး ဖြစ်ပါပေသည်ဘုရား။

ထိုသို့ဖြစ်ပါသောကြောင့် စမ်းကလေး (လမ်းတို့) သာသနာဖျက် ပုဂ္ဂိုလ် ဆိုးကြီး၏ (မိစ္ဆာဝါဒ၊ အဓမ္မဝါဒ) အယူဆိုးကြီးကို ဓမ္မဝိနယနှင့် အညီ စိစစ် သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင် ရှင်းလင်းပေးတော်မူပါရန် တင်ပြ လျှောက်ထား (စာဒနာ)အပ်ပါသည်ဘုရား။

http://www.dhammadownload.com



## အမှတ်(၁၂)လျှောက်ထား(စောဒနာ)ချက်
## စမ်းကလေး(လမ်းတို)ဆရာတော်၏ ဓမ္မနိဒါန်းလွှာ စာအုပ်ပါ ရေးသား ချက်များလည်း မိစ္ဆာဝါဒ-အဓမ္မဝါဒပင် ဖြစ်ကြောင်း တင်ပြ လျှောက်ထားခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်း ဆရာတော်ကြီးများ ဘုရား-

ယခုဆက်လက်၍ သက်သေခံအမှတ်(၂)အဖြစ် တင်ပြထားသော ဓမ္မနိဒါန်းလွှာအမည်ရှိသည့်(တိတ်တိတ်ပုံး ရိုက်ထုတ်ထားသော) စာအုပ်ပါ ရေးသားချက်များ အကြောင်းကို လျှောက်ထားပါဦးမည်ဘုရား။ ထိုစာအုပ်မှာ ပုံနှိပ်သူ ထုတ်ဝေသူ၏အမည် အမှတ်မပါ၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်မပါ၊ လိပ်စာမပါဘဲ နိုင်ငံတော်အစိုးရ၏ စာအုပ်စာတမ်းပုံနှိပ်ထုတ်ဝေခြင်း ဥပဒေကို ရှောင်ကွင်း၍ ခိုးကြောင်ခိုးဝှက် ထုတ်ဝေထားသော မှောင်ခိုစာအုပ် ဖြစ်ပါ သည်။

ထိုစာအုပ်ပါ ရေးသားချက်များမှာ အောက်ပါအဋ္ဌကထာ ဖွင့်ဆိုချက်အရ အရှူးခြင်းတောင်းပါ မစင်နွားချေးနှင့်တူသော မိစ္ဆာဝါဒ အဓမ္မဝါဒ ရေးသား ချက်များသာ ဖြစ်ပါသည်ဘုရား-

(က) အယံ ဒိဋ္ဌိဂတိကော အတ္တနာယေဝ အတ္တနော ဝါဒံ ဘိန္ဒတိ၊ ဒိဋ္ဌိဂတိကဿ ဒဿနံ နာမ န နိဗဒ္ဓံ၊ ကုသရာသိမှိ နိခါတခါဏုဝိယ စဉ္စလံ၊ ဥမ္မတ္တကပစ္ဆိယံ ပူဝခဏ္ဍဂူထဂေါမယာဒီနိ ဝိယ စေတ္ထ သုန္ဒရမ္ပိ အသုန္ဒရမ္ပိ ဟောတိယေဝါတိ ဝုတ္တံ။(ဒီ၊၁၌၊နှာ-၉၈)

### မြန်မာပြန်

ဤမိစ္ဆာအယူရှိသောပုဂ္ဂိုလ်သည် မိမိသည်ပင် မိမိအယူဝါဒကို ဖျက်ဆီး ၏၊ မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်၏ အယူမည်သည်ကား အမြဲမရှိ၊ ဖွဲပုံပေါ်၌ စိုက်အပ် သော သစ်ငုတ်ကဲ့သို့ တုန်လှုပ်တတ်၏။

သူရူးတို့၏ ခြင်းတောင်း၌ မုံ့ပဲ-လူမစင် နွားချေးစသည်တို့ ကဲ့သို့ ဤမိစ္ဆာ အယူ၌ ကောင်းသည်လည်း ရှိ၏။ မကောင်းသည်လည်း ရှိ၏၊ ဤသို့ ဆိုအပ်၏။

(ခ) တေသု ဝါဒေ ကိဉ္စိ သာသနာနုလောမမ္ပိ အတ္ထိ၊ အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယေဝ ဇာတာ။ (ဒီ-၁၌၊နှာ-၁၅၁)

http://www.dhammadownload.com



## မြန်မာပြန်

ထိုနာဠပုတ္တ၏ ဝါဒ၌ စိုးစဉ်းအနည်းငယ်သော သာသနာတော်နှင့် လျော်ခြင်းသည်လည်းရှိ၏၊ ထိုသို့ ရှိငြားသော်လည်း မစင်ကြယ်သောအယူ ရှိသည်၏ အဖြစ်ကြောင့် အလုံးစုံသော အယူသည် မိစ္ဆာအယူသည်သာလျှင် ဖြစ်၏။

အထက်ပါ အထောက်အထား အဋ္ဌကထာ၏ လိုရင်းအဓိပ္ပာယ်မှာ ဆရာတော်ကြီးများ သိတော်မူပြီးသည့်အတိုင်း-မိစ္ဆာအယူဝါဒရှိသော ပုဂ္ဂိုလ်မည်သည် ရှေ့နောက်စကား မညီတတ်၊ မိမိကိုယ်တိုင် ရှေ့ကပြောပြီးသား စကားကို နောက်နားကျတော့ ပြန်ဖျက်ဆီးသလို ပြောကြားတတ်၏၊ ထိုမိစ္ဆာအယူဝါဒ ရှိသူ၏ အမြင်မှာ ဖွဲပုံပေါ်စိုက်ထားသော သစ်ငုတ်ကဲ့သို့ ခိုင်မြဲမှုမရှိ၊ လှုပ်ရှား တတ်၏။

အရှူးတစ်ယောက်၏ ခြင်းတောင်းထဲ၌ မုံ့ပဲသွားရေစာ-မစင်နွားချေးရောထွေးစုပေါင်း ကောင်းမကောင်း အစုံပါသကဲ့သို့ ဤမိစ္ဆာအယူဝါဒ၌လည်း ကောင်းသောအရာများလည်း အနည်းငယ်ပါရှိ၍ မကောင်းသော အရာတို့သာ များစွာပါရှိတတ်ပါသည်။

ထိုသို့အနည်းငယ် ကောင်းသောအရာပါရှိသော်လည်း မစင်ကြယ်သော အယူဝါဒများသောကြောင့် ထိုအယူဝါဒအားလုံးကို မိစ္ဆာအယူဝါဒဟူ၍သာ ဆိုရမည်ဟု ဆိုလိုပါသည်ဘုရား။

ထိုစာအုပ်၌ အရှူးခြင်းတောင်းပါ မစင်နွားချေးနှင့်တူသော မိစ္ဆာဝါဒ အစမ္မဝါဒ ရေးသားချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် ဘုရား---

(၁) (က) လောကဘေးအပေါင်းမှ ကင်းလွတ်သော "မေတ္တာဘာဝနာ တရားတော်"

(ခ) အပါယ်ဘေးဆိုးကြီးမှ လုံးဝဧကန်လွတ်မြောက်သော သစ္စာဉာဏ်တရားတော်မြတ်ကို ဟောကွက်၊ ကျင့်ကွက် နှစ်ဖြာတွဲလျက် ဟောကြားပေးနေပါကြောင်း(ဓမ္မနိဒါန်းလွှာ၊ နှာ-၁)

(၂) ဆရာတော်ဘုရားကြီး ချီးမြှင့်သော တရားသည် သဒ္ဓါဖြတ်တရားဖြစ်သည် ကမ္မဋ္ဌာန်းတရားပေးသည်မဟုတ် (နှာ-၆)

http://www.dhammadownload.com



(၃) စိတ်နှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီးမှ ဤသို့ ဩဝါဒပေးပါသည်။"စိတ်ဆိုသည် အရှင်-အသေမဟုတ်ဘူး၊ ဘုန်းကြီးတို့ဒီမှာက သမာဓိလမ်းမဟုတ်တဲ့ အတွက် (၁) နာရီလုံးလုံး တရားသံပေါ်မှာ အာရုံရောက်နေရမယ်လို့ မဆိုလိုဘူး၊ ဒါကြောင့်မို့ သူ့ဖာသာထွက်တဲ့ စိတ်ထွက်ပါစေ၊ ကိစ္စမရှိဘူး၊ ဘုန်းကြီးတို့ ဓမ္မပရိယာယ်နှင့် ပြန်ခေါ်ယူမယ်။ (နှာ-၈)

(၄) စမ်းကလေးဆရာတော်ဘုရားကြီးမှ ဟောကြားတော်မူသည့် "အပါယ်ဘေးဆိုးကြီးမှ လုံးဝ ကေန်လွတ်မြောက်သော"ကမ္မဖလ ခန္ဓ အဘိဓမ္မသစ္စာဉာဏ် တရားတော်မြတ်ကို နာယူရရှိသော သစ္စာ ကံဆွေမျိုး ရဟန်း-ရှင်-လူ-သူတော်စင်အပေါင်းတို့သည်---

(၁) ဗုဒ္ဓါနုဿတိ ဘာဝနာဆောင်ထားပါ

(၂) နေ့စဉ် နံနက်ညနေ(၆)နာရီတိုင်းတွင် စမ်းကလေးဆရာတော်ကြီးမှအထူးပို့သသော ဩဒိဿမေတ္တာတော်မြတ်ကို ခံယူသာဓု ခေါ်ကြပါ။

ထိုဗုဒ္ဓါနုဿတိဘာဝနာနှင့် ဩဒိဿမေတ္တာသည် လောကဘေးအပေါင်းမှ ကင်းလွတ်သော မေတ္တာဘာဝနာတရားတော်မြတ် ဖြစ်သည်။ (နှာ-၉)

(၅) **အထူးမှတ်ချက်**

**စမ်းကလေးဆရာတော်ကြီးသည်-**

အနုဿတိ (၁၀)ပါးမှ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပေးခြင်း မဟုတ်ပါ။

- ✱ လက်ပုတီးစိပ်ရန်အတွက် မဟုတ်ပါ
- ✱ တရားထိုင်ရန်အတွက် မဟုတ်ပါ
- ✱ နှုတ်တက်ဖွဖွ ရွတ်ဆိုရန် မဟုတ်ပါ-သို့သော် ရွတ်မှအားရသူများအတွက် ရွတ်နိုင်ပါသည်။
- ✱ လှူတိုင်း ဆောင်ထားရန်အတွက် မဟုတ်ပါ။

http://www.dhammadownload.com



* အပါယ်ဘေးမှ လုံးဝကေန်လွတ်ပြီးသူတို့ နှလုံးသွင်းဆင်ခြင်ရန် အတွက်သာ ဖြစ်ပါသည်။ (နှာ-၁၀)

**(၆) စမ်းကလေးဆရာတော်ဘုရားကြီး၏ ဩဝါဒ**

အပါယ်တံခါး ပိတ်ပြီဆိုပြီး မလုပ်သင့်တာကို မလုပ်နှင့်၊ မဖြစ်သင့်တာ ဖြစ်လိမ့်မယ်၊ အပါယ်ကိုတော့ ပြန်ပြီးမကျတော့သော်လည်း မလုပ်သင့်တာ လုပ်တဲ့သူကို လောဘဘေးက လွတ်လိမ့် မယ်လို့ ဘုန်ကြီးက တာဝန်မယူဘူး။ (နှာ-၁၀)

**(၇) သောတာပတ္တိသံယုတ်၊ သာရိပုတ္တသုတ်**

ချစ်သားသာရိပုတ္တရာ သပ္ပုရိသနှင့် တွေ့လျှင် ဘယ်လိုဆိုချင်သလဲဟု ဘုရားရှင်ကမေးတော့ သာရိပုတ္တရာက-

မြတ်စွာဘုရား သပ္ပုရိသနှင့် တွေ့လျှင် မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ကိစ္စ တစ်ဝက်ပြီးပြီလို့ ဆိုချင်ပါတယ်ဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရားက ချစ်သားသာရိပုတ္တရာ ဒီလိုမဆိုနဲ့၊သပ္ပုရိသနှင့်တွေ့လျှင် မဂ်ဖိုလ်နိဗ္ဗာန်ရပြီလို့ ဆိုလိုက်-

**သပ္ပုရိသဆိုတာ တစ်ထိုင်တည်းနှင့် မဂ်-ဖိုလ်-နိဗ္ဗာန်ကို ပေးနိုင်သူကိုခေါ်တယ်တဲ့၊ (နှာ-၁၀/၁၂)**

**(၈) စမ်းကလေးဆရာတော်ဘုရားကြီး၏ ဩဝါဒ**

ယုံကြည်ပါစေ၊ ရောက်ပါစေ၊ တရားနှင့်တွေ့ နာယူနိုင်ပါစေ၊ တစ်ထိုင်တည်းနဲ့ အပါယ်လွတ်တဲ့ (တစ်)မဂ်၊ (တစ်) ဖိုလ်လောက်တော့ ဧကန်ရရန် ဘုန်းကြီးရဲရဲ တာဝန်ယူပါတယ်။ (နှာ-၁၂)

(၉) အဲဒီလိုရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဓမ္မဒိဋ္ဌာန်အနေနဲ့ သစ်သီးလေး (တစ်) လုံးပဲပါပါ၊ပန်းကလေး (တစ်)ပွင့်ပဲပါပါ၊ ဘာမှမပါနဲ့ လက်အုပ်ချီမိုးရှိခိုးတာဘဲပါပါ။ ပစ္စယာနုဂ္ဂဟအနေနဲ့ သူ့တာဝန်ကျေပြီး နောက်---ဘုန်းကြီးဘက်က ဓမ္မာနုဂ္ဂဟ အနေနဲ့ ပြန်လည်ချီးမြှင့်တာက---

မအို-မနာ-မသေမီ လောကထဲမှာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ ဘေးတွေအမျိုးမျိုး ရန်ဇတွေအမျိုးမျိုး ဒုက္ခတွေအမျိုးမျိုးမှ လွတ်မြောက်စေသော မေတ္တာ

http://www.dhammadownload.com



ဘာဝနာ တရားတော် (တစ်)ခုနှင့် သေလျှင် အပါယ်က လုံးဝကေန်လွတ်တဲ့ သစ္စာ (တနည်း) တစ်မဂ်ကို ဘုန်းကြီး ရဲရဲတာဝန်ယူချီးမြှင့်ပါတယ်။

ဘယ်လို ပုဂ္ဂိုလ်ကို ဘယ်လိုတာဝန်ယူသလဲဆိုရင် ယုံကြည်မှု သဒ္ဓါ တရားနှင့်အတူ တရားပွဲကို တရားနာယူနည်း နိဿရည်းနှင့်အညီ နာယူနိုင် ကြပါစေ၊ ဘုန်းကြီးရဲရဲ တာဝန်ယူတယ်။ (နှာ-၁၃/၁၄)

(၁၀) ဓမ္မောမဂ် (လေး)တန်၊ ဖိုလ် (လေး)တန် နိဗ္ဗာန်ဟု ဆိုအပ်သော ကိုးပါးသော တရားတော်မြတ်သည် (ဝါ) **ကမ္မဖလခန္ဓ အဘိဓမ္မ သစ္စာဉာဏ် တော်မြတ်သည်။** (နှာ-၁၅)

+++++++++++++

ယခုထုတ်ပြခဲ့သော နံပါတ် (၁)မှ (၁၀)ထိ အချက်အလက်တို့မှာ စမ်းကလေး (လမ်းတို) ဆရာတော်ကြီး၏ အရှုးခြင်းတောင်းနှင့် တူသော ဓမ္မနိဒါန်းလွှာအမည်ရှိ မှောင်ခိုစာအုပ်ပါ-လူမစင် နွားချေး ရေးသားချက်များ ကို လိုရင်းထပ်မံလျှောက်ထားပါဦးမည်ဘုရား။

(၁) အမှတ်(၁)ကောက်နုတ်ချက်လာ လောကဘေးအပေါင်းမှ ကင်းလွတ် ရန် အပါယ်ဘေးဆိုးကြီးမှ လုံးဝ ကေန်လွတ်မြောက်ရန်ဟူသော ကြော်ငြာ စာသည် လိမ်ညာဝါကြွား ပြောစကားသာ ဖြစ်ပါသည်။ ရောင်းဈေးသွက်ရန် ဆေးကြော်ငြာ ကုန်ပစ္စည်းကြော်ငြာခြင်းမျိုးသာ ဖြစ်ပါသည်။ သူ့တရား ခွေများ နားထောင်ကြည့်တော်မူပါ၊ တိပ်ခွေအချိန်မရတော့လို့ ဘာလို့ စသည့် အကြောင်းပြ၍ မေတ္တာဆိုင်ရာဘာမျှမဟောဘဲ နံနက်ညနေ (၆)နာရီ မေတ္တာ သာဓုခေါ်ရန်သာ ညွှန်းလိုက်ပါသည်။

အပါယ်လွတ်ရန် တရားဟူသည်မှာလည်း (ပြောနေကျဟောနေကျ အတိုင်း) လမ်းတို ကျင့်စဉ် အမှားနှင့်သောတာပန် (၃)မျိုး (တလွဲ) သတ်မှတ် ခြင်းသာဖြစ်၍ ဘာသစ္စာဉာဏ်တရားမျှ ဟောပြောနိုင်ခြင်း မရှိပါ။

ထို့ကြောင့်--ဤအမှတ်(၁) ရေးသားချက်သည် လူမစင်နွားချေး မိစ္ဆာ ဝါဒ အဓမ္မဝါဒ ရေးသားချက်သာ ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



(၂) အမှတ်(၂)ကောက်နုတ်ချက်လာ-သဒ္ဓါဖြတ်တရားဖြစ်သည်၊ ကမ္မဋ္ဌာန်းတရားပေးသည်မဟုတ် ဟူသော ရေးသားချက်အရ စမ်းကလေး ဘုန်းကြီးသည် ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ ကမ္မဋ္ဌာန်းကျင့်စဉ်များကို ကိုယ်တိုင်လည်း ကျင့် သာဝကတို့အားလည်း ဟောပြောပြသပေးခြင်းဖြင့် သာသနာပြုနေသည်မဟုတ်ဘဲ ဘုရားရှင်မဟောတာတွေ ဟော၊ ဘုရားရှင်၏ ကျင့်စဉ်မဟုတ်တာတွေကို ကျင့်၍ သာသနာဖျက်နေသည်ကို ဆိုလိုပါသည်။

ထို့ကြောင့် ဤအမှတ်(၂) ရေးသားချက်သည်လည်း လူမစင် နွားချေးမိစ္ဆာဝါဒ အဓမ္မဝါဒ ရေးသားချက်ပင် ဖြစ်ပါသည်ဘုရား။

(၃) အမှတ် (၃) ကောက်နုတ်ချက်အရ ဗုဒ္ဓ၏ သာမာဓိကျင့်စဉ်ကို စမ်းကလေး (လမ်းတို) လက်သစ်မှု၌ **အသုံးမပြု** သမာဓိရဖို့ (စိတ်တည်ကြည်ဖို့ တပည့်များက ကြိုးစားစရာမလို သမာဓိမရှိ၍ ထွက်သွားသောစိတ်ကို စမ်းကလေးဘုန်းကြီးက ဓမ္မပရိယာယ်ဖြင့် ပြန်ခေါ်ပေးမည်ဟု ဆိုလိုပါသည်။ သူတစ်ပါးစိတ်ကို ပြန်ခေါ်ပေးဖို့အသာထား ကိုယ့်စိတ်ကိုပင် (သမာဓိ-မရှိဘဲ) ခေါ်လို့ရမလား၊ စမ်းကလေးလမ်းတို) ဦးနန္ဒောဘာသအား မေးမြန်းသင့်ပါသည်ဘုရား။

ဗုဒ္ဓမြတ်စွာက ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (နှာ-၁၂) ၌---

**သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော ယထာဘူတံ ပဇာနာတိ။**

(ရဟန်းတို့ သမာဓိတရားကို-သင်တို့ကိုယ်တိုင်-ပွားများကြ၊ သမာဓိရအောင်ကြိုးစားကြ) သမာဓိရှိသူသည်သာ ခန္ဓာ (၅)ပါးတို့၏ဖြစ်ခြင်း ပျက်ခြင်းသဘောကို, အမှန်အတိုင်း သိနိုင်မည်ဟု ဟောထားခြင်းကို ထောက်ထားသော်--- အထက်ပါ စမ်းကလေး၏ ရေးသားချက်တို့မှာ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် (လုံးဝ) ဆန့်ကျင် လွဲချော်မှားယွင်းနေပါသည်။

ထို့ကြောင့် ဤအမှတ် (၃) ရေးသားချက်သည်လည်း လူမစင် နွားချေးမိစ္ဆာဝါဒ အဓမ္မဝါဒ ရေးသားချက်ပင် ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



(၄) အမှတ် (၄) ကောက်နုတ်ချက်မှာလည်း အမှတ် (၁) ရေးသားချက်ကို ထပ်ချဲ့ရေးသားခြင်း ဖြစ်သောကြောင့် လူမစင် နွားချေး (မိစ္ဆာဝါဒ အဓမ္မဝါဒ) ရေးသားချက်ပင် ဖြစ်ပါသည်။

(၅) အမှတ် (၅) ကောက်နုတ်ချက်မှာ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာကျမ်းဂန်များမှ (ဗုဒ္ဓါနုဿတိ) ဟူသော စကားလုံးကို ထုတ်ဆောင်သုံးစွဲထားပြီး ကမ္မဋ္ဌာန်းပေးခြင်းမဟုတ်၊ ပုတီးစိပ်ခြင်း၊ တရားရှုပွားခြင်းမဟုတ်ဟု ဗုဒ္ဓ၏ အနုဿတိ ကျင့်စဉ်ကို ဖျက်ဆီးလိုက်ခြင်း ဖြစ်ပါသည်။ တစ်နည်း-ဗုဒ္ဓါနုဿတိသည် ဗုဒ္ဓဟောတော်မူသော ကမ္မဋ္ဌာန်း ဗုဒ္ဓါနုဿတိ၊ ငါဟောသော (ကမ္မဋ္ဌာန်း မဟုတ်သည့်) ဗုဒ္ဓါနုဿတိ-ဟု နှစ်မျိုးရှိကြောင်း ဗုဒ္ဓကိုဆန့်ကျင်နည်းသစ်ထွင်လိုက်ခြင်း ဖြစ်ပါသည်။ စမ်းကလေးကိုယ်တော်သည် ဘုရားရှင်၏ ကျင့်စဉ် ဟောစဉ်အတိုင်း မကျင့်လို မဟောလိုလျှင် ဘုရားရှင်၏ ကျမ်းဂန်-ဒေသနာတို့မှ မည်သည့် ပါဠိဝေါဟာရကိုမျှ ထုတ်ဆောင်ရွက်ဆိုရေးသား အသုံးမပြုသင့်ပါ။ ကိုယ်ပိုင်တရား ကိုယ်ပိုင်ဝေါဟာရထွင်၍ ဟောသင့် ပြောသင့်ပါသည်-

သို့ပါလျက် စမ်းကလေး (ပေါက်ကရ ) တရားကို ဗုဒ္ဓတရားဟု ထင်ယောင်ထင်မှားဖြစ်အောင် ဗုဒ္ဓကျမ်းဂန်မှ ဝေါဟာရစကားတို့ကို ခုတုံးလုပ်၊ နာမည်အလွဲသုံးစားလုပ်၍ ပရိသတ်တို့အား လှည့်စားလိမ်ညာနေခြင်းသည် မသိ မလိမ္မာသူ၊ အသိဉာဏ်အားနည်းသူတို့အား မသနားမညှာတာ အများဗလချာဖြစ်အောင် ပြုလုပ်နှိပ်စက်နေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဤအမှတ် (၅) ရေးသားချက်သည်လည်း လူမစင် နွားချေး မိစ္ဆာဝါဒ အဓမ္မဝါဒ ရေးသားချက်ပင် ဖြစ်ပါသည်ဘုရား။

(၆) အမှတ် (၆) ကောက်နုတ်ချက်အရ စမ်းကလေး (လမ်းတို) ဆရာကြီးသည် သူတပည့်များ သောတာပန် သင်တန်းဆင်းသူတို့အား မလုပ်သင့်တာမလုပ်ဖို့ သောတာပန်ဟူသော အမည်နှင့်လိုက်လျောအောင် နေထိုင်ကျင့်သုံးဖို့ မှာတမ်းတော်ထားလိုက်ခြင်း ဖြစ်ပါသည်။

ဘုရားရှင်၏ စကားတော်ကိုပင် ထော်လော်ကန့်လန့်လုပ်ကြသောသူ့ရဲ့ သောတာပန်သင်တန်းဆင်း ပုဂ္ဂိုလ်တို့မှာ ဆရာကြီးမှာစကားကို

http://www.dhammadownload.com



ဘယ်နား ညှပ်ထားလိုက်သည်မသိ၊ အရပ်တကာတို့၌ မလုပ်သင့်တာလုပ် မပြောသင့်တာပြော၍ မဖြစ်သင့်တာဖြစ်ကုန်သည်မှာ ဒု-ဒေး တက်နေပါသည်။

အခုစမ်းကလေး ဆရာကြီးကိုယ်တိုင်ပင် မလုပ်သင့်တာလုပ်၊ မပြောသင့်တာပြော၍ (ဖုံးသမျှကုန်းမှပေါ်လောပေါ်ကာ) တိုင်းသိ ပြည်သိ ဘုန်းကြီးလိမ်-ဘုန်းကြီးညာကြီးအဖြစ် မဖြစ်သင့်တာဖြစ်ရပါတော့မည်ဘုရား။

ထို့ကြောင့် ဤအမှတ်(၆) ရေးသားချက်သည်လည်း လူ့မစင်နွားချေး မိစ္ဆာဝါဒ အဓမ္မဝါဒ ရေးသားချက်ပင် ဖြစ်ပါသည်ဘုရား။

(၇) အမှတ် (၇) ကောက်နုတ်ချက်အရ သောတာပတ္တိသံယုတ်၊ သာရိပုတ္တသုတ်ဟု ဗုဒ္ဓဒေသနာတရား ခေါင်းစဉ်ကို ဟိတ်ဟန်ထုတ်ဝါကြွား ရေးသားထားသော်လည်း စာသားပါစကားတို့မှာ ထိုသံယုတ်လာတရား (လုံး၀) မဟုတ်ဘဲ (လိမ်-ညာ-ထားသော) စမ်းကလေး (လမ်းတို) တရားသာဖြစ်နေပါသည်။

သပ္ပုရိသ-ဆိုတာ "တစ်ထိုင်တည်းနှင့် မဂ်-ဖိုလ်-နိဗ္ဗာန် ပေးနိုင်သူကိုခေါ်တယ်"တဲ့ ဟူသော စကားက တခြားဘာသုတ္တန်မှမဟုတ် (လမ်းတို-သုတ္တန်) ဖြစ်သည်ဟု ထောက်ခံနေပါသည်။ အမှန်မှာ---သောတာပတ္တိ-သံယုတ်၌ ပထမ ဒုတိယ သာရိပုတ္တသုတ် နှစ်သုတ်လာရှိပါသည်။ ပထမသုတ်၌ အင်္ဂါ (၄)ပါးနှင့် ပြည့်စုံသောကြောင့် (သောတာပန်မည်ကြောင်းကို) ရှင်အာနန္ဒာက မေးလျှောက်၍ ရှင်သာရိပုတ္တရာက ပြန်ဖြေကြားထားသည်ကို ဆိုပါသည်။

ဒုတိယသုတ်၌ သောတာပန်ဖြစ်ကြောင်းအင်္ဂါ (၄)ပါးနှင့် သောတ-အရ (သောတာပန္န)-အရ ကောက်ပုံတို့ကို ဘုရားရှင်မေး၍ ရှင်သာရိပုတ္တရာကြီး ပြန်ဖြေကြားထားသည်ကို ဆိုပါသည်။

စမ်းကလေး (လမ်းတို) ဆရာကြီး၏ အရှူးခြင်းတောင်း စာအုပ်၌ ဆိုထားသလိုမဟုတ်ပါ၊ ဤ (၇)နံပါတ် ရေးသားချက်မှာ ဘုရားရှင်၏ တရားခေါင်းစဉ်ကို ခိုးယူထားသော (တရားသူခိုး) လုပ်ရပ်ဖြစ်သည်။

http://www.dhammadownload.com



တစ်နည်းအားဖြင့် ဥက္ကဌ အမည်ကိုအလွဲသုံးစားပြုသော အဖွဲ့ဝင် လူလိမ်တို့၏ လုပ်ရပ်ကဲ့သို့---ဘုရားရှင်၏ တရားတော်ကို အလွဲသုံးစား လုပ်နေသော ရဟန်းလိမ် လူလိမ်တို့လုပ်ရပ် ဖြစ်ပါသည်ဘုရား။

ဤသို့ လိမ်ညာမှုမျိုးကား စမ်းကလေးဆရာတပည့်တို့အဖို့ ရိုးနေသော အလုပ်မျိုးဖြစ်ပါသည်ဘုရား၊ ရောင်ခြည်တော် အကြံအဖန်လုပ်လွှတ်၍ (ဘုရားအတု) လုပ်ဖို့ပင် ကြိုးစားနေကြသဖြင့် တရားအတုလုပ်မှုကား (သူတို့အတွက်) အသေးအမွှားပင် ဖြစ်နေပါပြီဘုရား။

ထို့ပြင် (သပ္ပုရိသ-ဆိုတာ တစ်ထိုင်တည်းနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးနိုင်သူကိုခေါ်တယ်တဲ့)ဟူသော စကားသည် စမ်းကလေးဆရာကြီးကို သူကောင်းပြုလုပ်သော စကားဖြစ်၍ (အပြန်အားဖြင့်) စမ်းကလေးမှတပါး တခြားသံဃာတို့အား အသပ္ပုရိသ (သူတော်မဟုတ်-သူယုတ်တို့သာဖြစ်၏)ဟု တခြားသံဃာတို့အား စော်ကားမော်ကား ပြုလိုက်ခြင်းဖြစ်ပါသည်။ ဗုဒ္ဓရုပ်ပွားတော်ကို စမ်းကလေးဘုန်းရိပ် ကံရိပ်အောက်၌ စမ်းကလေးဓာတ်ကူး၍ ထုလုပ်ခြင်းဖြင့် ဘုရားရှင်အား စော်ကားမော်ကား လုပ်လာသည်အထိ မိုက်လှရိုင်းလှသော စမ်းကလေးဆရာတပည့်တို့တတွေမှာ ယခုလို သံဃာတော်အား စော်ကား မော်ကားပြုမှုမျိုး လောက်တော့ (နွားသတ်သမား ငါးသတ်သကဲ့သို့) အသေးအမွှားဟုပင် ထင်မှတ်ကြပါမည်ဘုရား။
(နောက်ဆက်တွဲ-ဃ-သက်သေရှုတော်မူပါ။)

ထို့ကြောင့် ဤအမှတ် (၇) ရေးသားချက်မှာလည်း လူ့မစင် နွားချေး မိစ္ဆာဝါဒ အဓမ္မဝါဒ ရေးသားချက်ပင် ဖြစ်ပါသည်ဘုရား။

(၈) အမှတ်(၈)ကောက်နုတ်ချက်အရ စမ်းကလေးဆရာကြီးသည် မည်သည့်ဘုရားရှင်မျှ တာဝန်ယူလေ့မရှိသည်ကို တာဝန်ယူလျက် ဦးနှောက်ချောင်နေသူတို့၏ စကားမျိုးကို ပြောဆိုနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဤအမှတ် (၈) ရေးသားချက်မှာလည်း လူ့မစင် နွားချေး မိစ္ဆာဝါဒ၊ အဓမ္မဝါဒ ရေးသားချက်ပင် ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



(၉) အမှတ် (၉) ကောက်နုတ်ချက်အရမှာ-လူပုဂ္ဂိုလ်အချင်းချင်း (ရုပ်ဝတ္ထု) အပြန်အလှန် လက်ဆောင်ပေးသည့် ပုံမျိုးဖြင့် ရုပ်ဝတ္ထု ပစ္စည်းလှူဒါန်းသူတို့အား (နာမ်ဝတ္ထု)ဖြစ်သည့် မဂ် ဖိုလ်တရားကို ပြန်, ချီးမြှင့်လိုက်မည်ဟု (မသိ-မလိမ္မာ အသိဉာဏ်လည်း နည်းပါးသူတို့အား) ဝါကြွားလိမ်ညာ၍ နောက်တခါ လာလှူချင်အောင် ချူလိုက်ခြင်းဖြစ်ပါသည်။

ရုပ်ဝတ္ထုကို အပြန်အလှန် ပေးကမ်းလို့ အမှန်ရနိုင်သော်လည်း (နာမ်-ဝတ္ထု-မဂ်-ဖိုလ်တရားတို့ကို) စမ်းကလေးဆရာကြီးက (ရောမသဒ္ဒါကြီးဖြင့်) ပေးလိုက်-ချီးမြှင့်လိုက်သည်ဟု နှုတ်ကပြောသော်လည်း ပစ္စယာနုဂ္ဂဟရှင်တို့မှာ ဘာမဂ်ဖိုလ်မျှ (အမှန်အစစ်) မရနိုင်ကြပါ (ရသည်ဆိုလျှင်) အတုသာ ဖြစ်ပါမည်။

ထို့ကြောင့် ဤအမှတ် (၉)ရေးသားချက်မှာလည်း လူမစင် နွားချေး မိစ္ဆာဝါဒ အဓမ္မဝါဒ ရေးသားချက်ပင် ဖြစ်ပါသည်ဘုရား။

(၁၀) အမှတ် (၁၀) ကောက်နုတ်ချက်အရ သုတ္တနိပါတ်အဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ ၂၉၃ လာ (ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိ-နံ) ဂါထာပါ (ဓမ္မော)ကို အနက်မြန်မာပြန်ရာ၌ မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ကိုးပါးသောတရားတော်မြတ်သည်ဟု အဖြောင့်အမှန် ပြန်ပြီးကာမှ (အကောက်+အမှား) ပြန်ဆိုလိုက်ပြန်ပါသည်။

ဤသည့်မှာ ဉာဏ်နီ ဉာဏ်နက်၊ ဉာဏ်ပုပ်ဉာဏ်ယုတ်တွေ ကြွယ်ဝလှသော စမ်းကလေး (လမ်းတို)ဆရာတပည့်တို့၏ ဗုဒ္ဓရှင်တော်မြတ်၏ အဖိုးထိုက်တန်လှသော ဓမ္မရတနာ-ကို ကမ္ဘဖလခန္ဓ အဘိဓမ္မ-လူမစင် နွားချေး တို့ဖြင့် သုတ်လိမ်းလိုက်ခြင်း ဖြစ်ပါသည်ဘုရား။

ထို့ကြောင့်-ဤအမှတ် (၁၀) ရေးသားချက်မှာလည်း၊ လူမစင် နွားချေး မိစ္ဆာဝါဒ အဓမ္မဝါဒ ရေးသားချက်ပင် ဖြစ်ပါသည်ဘုရား။

အထက်ပါ ထုတ်ပြချက် သုံးသပ်ချက်များအရ စမ်းကလေး (လမ်းတို) ဆရာတပည့်တို့၏ ဓမ္မနိဒါန်းလွှာ အရှုံးခြင်းတောင်း စာအုပ်၌လာရှိသော ယခု

http://www.dhammadownload.com



ထုတ်ပြပါ ရေးသားချက် (၁၀)ချက်တို့မှာ လူမစင် နွားချေး (မိစ္ဆာဝါဒ+အဓမ္မဝါဒ) ဆိုးကြီးသာ ဖြစ်ပါသည်ဘုရား။

ဓမ္မနိဒါန်းလွှာ-အရှုးခြင်းတောင်း စာအုပ်ကို အမည်ရေးထိုး ထုတ်ပြန်သော စမ်းရတနာ သစ္စာမြေမှ (အရှင်ဓမ္မပါလ) ရဟန်း, ဦးတင်ရွှေ (သက်နှင်း-ကျွန်း) နှင့် ဆရာကြီး စမ်းကလေးဆရာတော်တို့အား ခေါ်ယူစစ်ဆေး၍) ထိုမိစ္ဆာဝါဒ ဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်းပေးတော်မူပါရန် တင်ပြလျှောက်ထား (စောဒနာ)အပ်ပါသည်ဘုရား။

## အမှတ် (၁၃) လျှောက်ထား (စောဒနာ) ချက်
## (က) စမ်းကလေး-ရောင်ခြည်တော်လွှတ်မှု-မိစ္ဆာဝါဒ ရှင်းတမ်းအပိုင်း (၁) ကို တင်ပြ လျှောက်ထားခြင်း
## စမ်းကလေးဆရာတော်နှင့်ဂေါပကအဖွဲ့တို့(အလိုတူအလိုပါ)ရောင်ခြည်တော် လိမ်ညာလွှတ်မှု-လွှတ်ခိုင်းမှုကို တင်ပြခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းခိုရ်-ဆရာတော်ကြီးများ ဘုရား---

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာ၊ အရှေ့ကျောင်း ဆရာတော် ဦးနန္ဒောဘာသနှင့် တပည့်သာဝက ဂေါပကတို့သည် (အလိုတူအလိုပါ) လိမ်ညာကြလျက် (ဦးနန္ဒောဘာသ၏) ခန္ဓာကိုယ်မှ--- ၁၃၅၈-ခု၊ တပေါင်းလဆန်း (၁)ရက်နေ့မှစ၍ ဗုဒ္ဓရောင်ခြည်တော် (၆)သွယ် ကွန့်မြူးထွက်ပေါ်လာသည်ဟု ကောလာဟလ (အုတ်အုတ်ကျက်ကျက်) စားကွက်ထွင် နေကြပါသည်ဘုရား။

ထိုသို့ စမ်းကလေးဦးနန္ဒောဘာသ၏ ခန္ဓာကိုယ်မှ ဗုဒ္ဓ၏-ရောင်ခြည်တော် (၆)သွယ်ကွန့်မြူး ထွက်ပေါ်နေသည်ဟူသော အကြောင်းအရာကိစ္စများ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် ဆန့်ကျင်လွဲချော် မှားယွင်းနေပုံကို တင်ပြ လျှောက်ထားပါမည်ဘုရား။

ဤရောင်ခြည်တော်ကိစ္စ လျှောက်ထားရာ၌ အဓိကအားဖြင့် ယခု တပည့်တော်များ သက်သေခံ (အမှတ်-၃) စမ်းကလေးဂေါပကအဖွဲ့၏ ရောင်

http://www.dhammadownload.com



ခြည်တော် ကြော်ငြာတိတ်ခွေ၊ သက်သေခံ (အမှတ်-၄) ဖဒိုနှိုးဆော်စာ-စာရွက်နှင့် စမ်းကလေးဆရာတော်၏ နှုတ်ထွက်စကားတို့ကို အခြေခံပြုပြီး လျှောက်ထားမှာ ဖြစ်ပါသည်ဘုရား။

ဤတိတ်ခွေများနှင့်-ဖဒိုနှိုးဆော်စာ စာရွက်လာရောင်ခြည်တော် ကြော်ငြာမှု ကိစ္စမှာ စမ်းကလေးဆရာတော်ကိုယ်တိုင် ကြော်ငြာပြောဆိုခြင်း တော့မဟုတ်ပါဘုရား။ ထိုဆရာတော်ကိုယ်တိုင် သူ၏နှုတ်ဖြင့် တိုက်ရိုက် ပြောဆိုကြော်ငြာခြင်း မဟုတ်သော်လည်း ထိုဆရာတော် အဖူးမြော်ခံရန် အချိန်၌ ရွှေပိုင်း၊ နာရီပိုင်း-မိနစ်ပိုင်း အလိုလေးတွင် ဆရာတော်အဖူးမြော်ခံ မည့် ပလ္လင်နားမှ ကြော်ငြာနေခြင်းဖြစ်၍ ဤကြော်ငြာမှုကိစ္စကို ဆရာတော် ကိုယ်တိုင် သဘောတူ ခွင့်ပြုထားသည်မှာ သေချာပါသည်ဘုရား။

အကယ်၍ ထိုကိစ္စကို ဆရာတော်သဘောမတူဘဲ ဒကာများ၏ ဆန္ဒ အတိုင်းပြုလုပ် နေသည်ဆိုလျှင် ဆရာတော်က ထိုသို့မပြုလုပ်ရန် မကြော်ငြာ ရန် တားမြစ်ထိုက်ပါသည်၊ ထိုသို့တားမြစ်ထိုက်လျက်-မတားမြစ်ဘဲ သဘောတူ ခွင့်ပြုထားခြင်းသည်ပင်လျှင် ဆရာတော်ကိုယ်တိုင် ပြောဆိုပြုလုပ် ကြော်ငြာ နေရာ ရောက်နေပါတော့သည်။ ထို့အပြင် ဤသို့ကြော်ငြာခြင်းမှာ (တစ်)ကြိမ် (တစ်)ခါ (တစ်)နေ့ (တစ်)ရက်သာမဟုတ်ဘဲ အကြိမ်အခါပေါင်း များစွာ နေ့ ပေါင်းများစွာ ရက်ပေါင်းများစွာ ကြော်ငြာနေခြင်းဖြစ်၍ ဤကိစ္စမှာ စမ်းကလေး ဆရာတော်ကိုယ်တိုင် အလိုတူအလိုပါ ဖြစ်နေသည်မှာ အလွန် သေချာ နေပါသည် ဘုရား။

ထိုသို့ အလိုတူအလိုပါ သဘောတူနေခြင်းကြောင့် ထိုတိတ်ခွေ၌ ကြော်ငြာနေသော အကြောင်းအရာ စကားရပ်များနှင့် ဖဒိုနှိုးဆော်စာလာ စကားရပ်တို့ကို စမ်းကလေးဆရာတော်ကိုယ်တိုင် ပြောနေခြင်း၊ ကြော်ငြာ နေခြင်းဟုပင် ဆိုနိုင်ပါသည်၊ ဆိုထိုက်ပါသည်၊ ဆိုရပါမည်ဘုရား။

ထိုသို့ဖြစ်ပါသောကြောင့် ထိုဒကာများ ကြော်ငြာနေသည့် ရောင်ခြည် တော် (၆)သွယ်ပေါ်မှုကိစ္စကို စမ်းကလေးဆရာတော်က ဝန်ခံရာရောက်ပါ သည်ဘုရား။

အောက်ပါကျမ်းဂန် အထောက်အထားများဖြင့် ထပ်မံလျှောက်ထား ပါသည်ဘုရား----

http://www.dhammadownload.com



ယထာ ဟိ ရာဇယုတ္တေဟိ လိခိတံ ပဏ္ဏံ ယာဝရာဇမုဒ္ဒိကာယ
န လဉ္ဆိတံ ဟောတိ၊ န တာဝရာဇပဏ္ဏန္တိ သင်္ချံ ဂစ္ဆတိ။
လဉ္ဆိတမတ္တံ ပန ရာဇပဏ္ဏံ နာမ ဟောတိ။ (မ၊ ဋ္ဌ။ ၂။ ၂၆၉)

## မြန်မာပြန်

ဥပမာ ဆောင်ထင်အောင်ပြဦးအံ့-မင်းမှုထမ်းတို့ ရေးသွင်းအပ်သော အမိန့်စာသည် မင်းတံဆိပ်ရိုက်နှိပ်မှု မပြုရသေးသမျှမင်းရေးသော အမိန့်စာ အဖြစ် မခေါ်ဝေါ်နိုင်သေး၊ မင်းတံဆိပ်ရိုက်နှိပ်လိုက်လျှင်ကား မင်းရေးအမိန့်စာ မည်တော့သကဲ့သို့။

အထက်ပါ ကျမ်းဂန်အထောက်အထားအရ ဆရာတော်ကြီးများ သိတော်မူသည့်အတိုင်း မင်းမှုထမ်းက ရေးသွင်းသော အမိန့်စာသည် မင်းတံဆိပ်မရိုက်မီ (လက်မှတ်မထိုးမီ) မင်းရေးအမိန့်စာဟု မဆိုနိုင်သော်လည်း မင်းတံဆိပ်ရိုက်နှိပ်(လက်မှတ်ထိုး)သဘောတူလိုက်လျှင် မင်းမှုထမ်းရေး အမိန့်စာဟု မဆိုရတော့ဘဲ မင်းကိုယ်တိုင် ရေး အမိန့်စာဟုပင် ဆိုရပါတော့သည်ဘုရား၊ ထို့အတူပင်--- ယခုလည်း စမ်းကလေးဂဝါပက အဖွဲ့၏ ရောင်ခြည်ဆိုင်ရာ (လိမ်ညာမှု ) လုပ်ငန်းကိစ္စ အဝဝသည် စမ်းကလေး ဆရာတော်၏ ကိုယ်ရော,နှုတ်ရော,စိတ်ပါ သဘောတူကျေနပ် ခွင့်ပြုအပ်သော လုပ်ငန်းဖြစ် သောကြောင့် စမ်းကလေး ဆရာတော်ကိုယ်တိုင် နှုတ်က ပြောဆို လက်ကရေးသား ကိုယ်ဖြင့် ပြုလုပ်နေသော လုပ်ငန်းပင် ဖြစ်ပါတော့သည်ဘုရား။

ထိုမှတစ်ပါး---စမ်းကလေးဆရာတော်ကိုယ်တိုင် ဤရောင်ခြည်တော်ကိစ္စကို ပြောဆိုခဲ့သော နှုတ်ထွက်စကား အထောက်အထားများလည်း ရှိနေပါသေးသည် ဘုရား။

------------

http://www.dhammadownload.com



အောက်ပါတို့ကို ရှုတော်မူပါဘုရား။

**စမ်းကလေးဆရာတော်ကိုယ်တိုင် သက်သေခံ(၁) ၁၃၅၉-ခုနှစ် ကဆုန်လပြည့် တရားတိတ်ခွေ**

(က) xxxxx ဒီနေရာမှာ (ရောင်ခြည်တော်) ဘုဉ်းပေးတဲ့အခါမဟုတ်ဘူး၊ xxxxx (ရောင်ခြည်တော်) ဖူးတာ-ဒီနေရာမှာ မျက်လုံးဖွင့်ထား၊ ကျောင်းဒကာ ကြီးက ဒါမှတွေ့မယ်၊ ပိတ်မထားနဲ့ ခင်ဗျားတို့ xxxxx(စသည်ဖြင့်ပြောတယ်)။ (အေ-ဆိုက်-၉-မိနစ်ခန့်နေရာ)

(ခ) သဒ္ဓါအလယ်ဆိုတော့-(အခု ရောင်ခြည်တော် လွှတ်ခြင်းနှင့်တကွ) ရဟန်းရှင်လူ သူတော်စင်တို့က ယုံကြည်သဒ္ဓါနဲ့လာတယ် မဟုတ်လား။ (အေ-ဆိုက်၊ ၂၉-မိနစ်ခန့်နေရာ)

**စမ်းကလေးဆရာတော် ကိုယ်တိုင်ဟော-သက်သေခံ (၅) တိတ်ခွေမှ**

(က) xxxxx ရောက်ကြပါလို့- အခုရောင်ခြည်တော်များ xxxx အော်xx ဒါတွေ အကျယ်တော့မပြောဘူး xx ကျောင်းဒကာကြီး ပြောဖို့ သင့်တာပေါ့ xxx အခုန သူပြောတယ် မပြောတယ်တော့မသိဘူး အဲဒါ မနေ့က လောလောဆယ်ကို တွေ့သွားပါတယ်၊ နောင်ကိုလည်း အချိန်မရွေး တွေ့ပါလိမ့်မယ်။ ရောင်ခြည်တော် နောက် (တစ်)ကြိမ် (တစ်)ခါ ဖူးရုံ-တွေ့ရုံမျှဖြင့် (၉၁)ကမ္ဘာ (၉၂)ကမ္ဘာ အပါယ် မလားဘူး စာတတ်တဲ့ ဘုန်းကြီးတွေသိတယ်၊ သွားမေးကြည့်ပါ။

(အေ-ဆိုက်၊ ၂-မိနစ်ခန့်နေရာ)

(ခ) * အဲဒါကြောင့်မို့ နောက်မကျစေနဲ့ ခုရောင်ခြည်တော်လေးတွေ ရှိတဲ့ အချိန်မှာ ----နောက်မကျစေနဲ့ xxxxx

* အခုရောင်ခြည်တော်ဆိုရင် -မနေ့က-အခုနက ကျောင်းဒကာကြီး ပြောလား မပြောလားတော့မသိဘူး၊ မနေ့က ညနေကဆိုလို့ရှိရင်ဖြင့် ဟိုအောက်ပလ္လင်ပေါ်မှာ ဓမ္မာရုံမှာ ဒီပေါ်ကလူတွေ အကုန်တွေ့ရ တယ်၊ အခုမနက်လာတဲ့လူတော့ မတွေ့ရဘူး။

http://www.dhammadownload.com



အဲဒါကလည်းဘဲ ဒီရောင်ခြည်တော် စစ်စစ်ဟာ (တစ်)ကြိမ် (တစ်)ခါ တွေ့ရှိမှုနဲ့ (၉၁)ကမ္ဘာ (၉၂)ကမ္ဘာ အပါယ်မလားဘူး။

(အေ-ဆိုက်၊ ၄- မိနစ်ခန့် နေရာ)

မှတ်ချက်။ ထို့အပြင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်မှ ဦးပြုံးစင်၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လျှောက်ထားသော လျှောက်ထားလွှာ၌လည်း စမ်းကလေးဆရာတော်ကိုယ်တိုင် ရောင်ခြည်တော် ကွန့်မြူးမှုကို ပြောဆိုခဲ့ကြောင်း တင်ပြထားပါသည်။ **ထိုလျှောက်ထားလွှာရှင် ဦးပြုံးစင်ကိုလည်း သက်ရှိ သက်သေခံ အဖြစ် တင်ပြပါသည်ဘုရား။**

ထိုလျှောက်ထားချက်ကို ဖတ်ရှုလေ့လာနိုင်ရန်အတွက် နောက်ဆက်တွဲ (ခ) သက်သေခံအဖြစ် တင်ပြထားပါသည်။

ဂေါပကအဖွဲ့ ရောင်ခြည်တော်ကြော်ငြာတိတ်ခွေမှ

(က) မျက်စိဖွင့်ပြီးတော့ ဆရာတော်ဘုရားကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖြန့်ပြီးတော့ဖူးပါ၊ ဖြန့်ပြီးတော့မျှော်ပါ၊ ဒီနေရာမှာကတော့ ဆရာတော် ခွင့်ပြုထားပါတယ် (နော်) မျက်စိဖွင့်ပါ။

(အေ-ဆိုက်၊ ၄-မိနစ်ခန့်နေရာ)

(ခ) နောက်(တစ်)ခုက (ဆရာတော်ဘုရား၏ ဩဝါဒအတိုင်း)နဲ့ ပြောရ မယ်ဆိုရင် ဒီရောင်ခြည်တော်(၆)သွယ်ဟာ အင်မတန် လျှင်မြန် တယ်၊ အင်မတန်နူးညံ့တယ်၊ အင်မတန် သိမ်မွေ့တယ်၊ အဲဒါ ကြောင့်မို့လို့နော် (အေဆိုက်- ၇-မိနစ်ခန့်နေရာ)

(ဂ) တိုက်ကျောင်းကလေး မဆန့်တော့တာနဲ့ (ဆရာတော်ဘုရားကြီး)ကလဲxxxx ဝေယျာဝစ္စ အကျိုးဆောင်အဖွဲ့) ဂေါပကအဖွဲ့ကို ဩဝါဒပေးပြီးတော့ ဒီအပေါ် ဒီအပြင်မှာ ပလ္လင်ကို ဆင်ပြီးတော့ xxxxx ဒီအစီအစဉ်ကို ကျင်းပရခြင်းဖြစ်ပါတယ်။ (ဘီ-ဆိုက်၊ ၁၀-မိနစ်ခန့်နေရာ)

http://www.dhammadownload.com



(ဃ) မဖူးရသေးတဲ့လူကလည်း စိတ်မပျက်ပါနဲ့ နေ့လည်(၁) နာရီ တစ်ခါ၊ ညနေ (၅)နာရီတစ်ခါ---ဒါမှ မဖူးရသေးရင် နောက်နေ့ နောက်နေ့တွေမှာလဲ ရှိပါတယ်၊(အားမငယ်ပါနဲ့ ဆရာတော် ပြောပါတယ်)

(ဘီ-ဆိုက်၊ ၁၅-မိနစ်ခန့်နေရာ)

အထက်ပါအထောက်အထားများအရ ရောင်ခြည်တော်ကိစ္စနှင့် ပတ်သက်၍ စမ်းကလေးဆရာတော်ကိုယ်တိုင် သူ့ခန္ဓာကိုယ်မှ ရောင်ခြည် တော်ထွက်တာကို (ဝန်ခံ) ပြီး ထိုရောင်ခြည်တော်သတင်း ပြန့်နှံ့ရေးလုပ်ငန်း တွေမှာလည်း ကိုယ်တိုင်ပါဝင် စီမံဆောင်ရွက်နေကြောင်း သိသာထင်ရှားလှ ပါသည်ဘုရား။

အောက်ပါတို့မှာ ထိုထက်ခိုင်လုံထင်ရှားသော (ဝန်ခံ) ချက်ဖြစ်ပါ သည်-

(က) ××× ၁၃၅၈-ခုနှစ်၊ တပေါင်းလဆန်း(၁) ရက်နေ့မှစ၍ ယခု အချိန်အထိ နေ့စဉ် နေ့လယ် (၁)နာရီတစ်ကြိမ်၊ ညနေ (၅)နာရီ တစ်ကြိမ်၊ တစ်နေ့ (၂) ကြိမ် ထူးကဲသော ကုသိုလ်တရား လိုအပ် ၍ ရောက်ရှိလာကြသော ဖူးမြော်၍မဝနိုင်သော ရောင်ခြည် တော် (၆)သွယ်နှင့် ဆရာတော်ဘုရားကြီးအား ဖူးမြော်ရန် ပရိသတ်ကြီးအား အဖူးမြော် အကြည်ညိုခံလျက်ရှိပါသည်။

[သက်သေခံ (၄) ဖဒို-နှိုးဆော်ဖိတ်ကြားလွှာ]

(ခ) အထက်ပါနှိုးဆော်ဖိတ်ကြားလွှာမှာ ပါရှိသည့်အတိုင်းပင် နေ့စဉ် (တစ်) နေ့ (၂)ကြိမ် ပလ္လင်ပေါ်၌ ငုတ်တုတ်ထိုင်လျက် စမ်းကလေးဆရာတော်ကိုယ်တိုင် အဖူးမြော်အကြည်ညိုခံနေခဲ့ ပါသည်။

အထက်ပါအထောက်အထား (၂)ခု အရ ယခုရောင်ခြည်တော် ကိစ္စမှာ-

http://www.dhammadownload.com



၁။ သူ့ခန္ဓာကိုယ်မှ ရောင်ခြည်တော် ထွက်ပေါ်အောင် အကြံအဖန်လုပ်မှုကိုရော

၂။ ထိုရောင်ခြည်တော်သတင်း ပြန့်နှံ့အောင် သတင်းဖြန့်ချိရေးလုပ်ငန်းမှာရော စမ်းကလေးဆရာတော်ကိုယ်တိုင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း (မငြင်းနိုင်အောင်) ထင်ရှားလှပါသည်။

(က) ဤသို့ရောင်ခြည်တော်ထွက်ပေါ်အောင် လုပ်ကြံမှုမျိုး

(ခ) နေ့စဉ်(တစ်)နေ့ (နှစ်)ကြိမ် (ကိုယ်ဟန်ပြမယ်ပုံစံမျိုးဖြင့်) ပလ္လင်ပေါ် ငုတ်တုတ်ထိုင်လျက် အဖူးမျှော်ခံမှုမျိုး

(ဂ) ရောင်ခြည်တော်သတင်း (လိမ်ညာ) ဖြန့်ချိရေးလုပ်ငန်းမျိုးတို့ကို သာမန်မျှ အရှက်မရှိသူရဟန်း(တစ်)ပါးပါးကပင် ပြုလုပ်ရဲမည် မဟုတ်ပါဘုရား။

စမ်းကလေးကိုယ်တော် ကြီးမှာ-

(သက်တော်ကြီး) (ရဟန်းဝတ်နှင့်မတန်လောက်အောင်) အလွန့်အလွန်အရှက်မရှိသူ ဖြစ်၍သာ (ဤမျှရှက်စရာကောင်းသော အလုပ်ကို ဤသို့ပြုလုပ်နေသည်ဟု ဆိုရပါတော့မည်ဘုရား(ဆိုသင့်ဆိုထိုက်လှပါတော့သည်ဘုရား။)

ဗုဒ္ဓပွင့်တော်မူချိန်မှစ၍ ယနေ့ခေတ်အထိ သာသနာ့သမိုင်းမှာ မည်သည့်သူတော်ကောင်း ရဟန်းမှ မပြုလုပ်ခဲ့ဖူးသော ဘုရားအရာဖြစ်သော ရောင်ခြည်တော်(၆) သွယ်လွှတ်မှုကို သာသနာ့သမိုင်း မြန်မာ့သမိုင်း အမဲကွက်ကြီးဖြစ်အောင် ပြုလုပ်နေခြင်းမှာ ထိုဆရာတော်၏ စိတ်သည် ပင်ကိုယ်စိတ်မှ ဟုတ်ပါသေးရဲ့လား စိတ္တဇရောဂါအထူးကု ပါရဂူဖြင့် စိတ်ကျန်းမာရေးစစ်ဆေးကြည့်စေရမလို ဖြစ်နေပါတော့သည်ဘုရား။

ဆရာတော်ကြီးများ သိတော်မူပြီးသည့်အတိုင်း (ရောင်ခြည်တော်(၆)သွယ်လွှတ်သည်) ဟူသော ဝေါဟာရစကားကို ကြားလိုက်ရလျှင် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအားလုံးတို့ဟာ (ဘာပိဋကတ် စာပေမျှ တတ်ကျွမ်း

http://www.dhammadownload.com



စရာမလိုဘဲ) ဗုဒ္ဓရှင်တော်မြတ်၏ ခန္ဓာကိုယ်မှသာ ထွက်ပေါ်တတ်သော (အရောင်) ဟု ချက်ချင်းနားလည် သိရှိနိုင်ကြပါသည်ဘုရား။

ယခု စမ်းကလေးဆရာတော်နှင့်သူ့တပည့်သား သာဝကတို့မှာ လည်း ဗုဒ္ဓဘာသာဝင်တွေ ဖြစ်နေကြလို့ ရောင်ခြည်တော်(၆) သွယ် ထွက်တယ်ဆို တာဟာ မြတ်စွာဗုဒ္ဓနှင့်သာ ဆိုင်သောအရာဖြစ်သည်ဟု သိဖို့ကောင်းပါ လျက်နှင့် ယခုလို (မကြားကောင်းမနာသာ) ဘုန်းကြီးက ရောင်ခြည်တော် လွှတ်သည်ဟု အကြံအဖန် ပြုလုပ်နေခြင်းမှာ စမ်းကလေး ဆရာတပည့် တတွေသည် ဗုဒ္ဓဘာသာဝင် (မစစ်) သူများဖြစ်လေရော့သလား၊ (သို့မဟုတ်) ထိုသို့မသိနိုင်လောက်အောင် အသိဉာဏ်တုံးနေကြသည်မှာ ၎င်းတို့၏နှလုံး မှာ လာဘသက္ကာရ-သိလောက တွေကို မက်မောလွန်းသော လောဘ-ကိလေသာတွေ (မိမိတို့) နှင့် ရော၍ ဖုံးလွှမ်းနေသဖြင့် ထူပိန်းနေကြလို့သာ ဖြစ်လေမလား စဉ်းစားတွေးတောစရာတွေ ဖြစ်နေပါတော့သည်ဘုရား။

(ခ ) စမ်းကလေး-ရောင်ခြည်တော်လွှတ်မှု-မိစ္ဆာဝါဒရှင်းတမ်းအပိုင်း (၂)ကို တင်ပြလျှောက်ထားခြင်း

**(စမ်းကလေး) ရောင်ခြည်တော်လွှတ်မှု-မိစ္ဆာဝါဒရှင်းတမ်း (အပိုင်း ၂) စမ်းကလေးဆရာတပည့်တို့၏ ရောင်ခြည်တော် (မုသာဝါဒ) ကြော်ငြာ ကောက်နုတ်ချက်ကို တင်ပြခြင်း**

**သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာဓတော်များဘုရား-**

ဆရာတော်ကြီးများ သိတော်မူပြီးဖြစ်ပါသော်လည်း ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ရောင်ခြည်တော်အကြောင်း သိကောင်းစရာများကို ထုတ်ပြ၍ စမ်းကလေး (ဘုရားယောင်) ကိုယ်တော်၏ (သာသနာတော်နှင့် မလျော်သော)ရောင်ခြည်တော်လုပ်ရပ်တို့ကို သုံးသပ်ဝေဖန် လျှောက်ထား ပါဦး မည်ဘုရား။

ရှေးဦးစွာ စမ်းကလေး (ဘုရားယောင်) ဆရာနှင့်တပည့်တို့၏ ရောင်ခြည်တော်ဆိုင်ရာ (မုသာဝါဒ) လုပ်ရပ်များကို သက်သေခံ (၃)တိတ်ခွေ

http://www.dhammadownload.com



နှင့် သက်သေခံ(၄) ကြော်ငြာစာရွက်တို့လာအတိုင်း ကောက်နုတ်ဖော်ပြပါဦး မည်ဘုရား။

(၁) နှစ်ပေါင်း ၂၅၀၀ ကျော် ပျောက်ကွယ်နေပြီဖြစ်သော ရောင်ခြည် တော်(၆)သွယ်အား ဖူးမြော်လို၍ ရောက်ရှိလာကြကုန်သော ဆွေတော် မျိုးတော်များခင်ဗျား။ (တိတ်ခွေ-အေ-အစ)

(၂) ရောင်ခြည်တော်(၆)သွယ်နှင့် အတူ အနန္တဂုဏ်အင် ကျေးဇူးရှင် စမ်းကလေး ဆရာတော်ကြီးအား ဖူးမြော်လို၍ ရောက်ရှိလာကြသော သာသနာ့ ဆွေတော်မျိုးတော်တို့ ခင်ဗျား။

(တိတ်ခွေ-ဘီ-၉-မိနစ်ခန့်နေရာ)

(၃) မျက်စိဖွင့်ပြီးတော့ ဆရာတော်ဘုရားကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖြန့်ပြီးတော့ ဖူးပါ၊ ဖြန့်ပြီးတော့မျှော်ပါ× × × ဒီနေရာမှာကတော့ (ဆရာတော်) ခွင့်ပြုထားပါတယ်နော်၊ မျက်စိဖွင့်ပါ။

(တိတ်ခွေ၊ အေဆိုက်-၄-မိနစ်ခန့်နေရာ)

(၄) ဆရာတော်ဘုရားကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖြန့်ပြီးတော့ အားရ ပါးရဖူးပါ၊ ဖြန့်ပြီးတော့အားရပါးရမျှော်ပါ၊ တချို့ပုဂ္ဂိုလ်တွေဟာ ဆရာတော်ဘုရားကြီးရဲ့ ဦးခေါင်းတော်မှာ အရောင်အဆင်းတွေ ဖြာထွက်နေ တာကို ဖူးရတတ်ပါတယ်၊ တချို့ပုဂ္ဂိုလ်တွေကတော့ ဒီနဖူးနဲ့ ဒီဆံပင်ကြားထဲမှာ ပေါ့ (သင်းကျစ်တော်မှာ) ဖူးရတတ် ပါတယ်။

(တိတ်ခွေ-အေဆိုက်၊ ၅-မိနစ်ခန့်နေရာ)

(၅) တချို့က နဖူးတော်မှာ ဝါဝင်းတဲ့အရောင်တော် ဖူးရတတ်တယ်၊ အချို့က နီသောအရောင်ဖူးရတတ်တယ်၊ တစ်ချို့က ပတ္တမြားအရောင် ဖူးရ ကတတ်တယ်၊ တစ်ချို့ကလဲ (နားတော်တွေမှာ) ဖူးရတတ်ပါတယ်၊ တစ်ချို့ ကလဲ ညာဘက်ပါးတော်မှာ၊တချို့ကလဲ(ဘယ်ဘက် ပါးတော်မှာ) ပါးပြင်မှာ အကွင်းလိုက်အကွင်းလိုက် အဝိုင်းလိုက် အဝိုင်းလိုက် အရောင်မျိုးစုံပေါ့။

(တိတ်ခွေ-၆-မိနစ်ခန့်နေရာ)

http://www.dhammadownload.com



(၆) သူကအဝါရောင် ငါက(အစိမ်းရောင်) သူက (အပြာရောင်) သူကျ တော့ ညိုမှိုင်းတဲ့အရောင်၊ ဒီလိုလည်း ဖူးရတတ်ပါတယ်၊ တချို့ပုဂ္ဂိုလ် တွေမှာ ဆရာတော်ဘုရား၏ ပါးစပ်တော်မှာဖူးရတယ်၊ တချို့ပုဂ္ဂိုလ် တွေ ဆရာတော်ဘုရား၏ လည်ပင်းတော်မှာဖူးရတယ်၊ တချို့က လဲ ပခုံးတော်တွေမှာ ဒီသက်န်းရုံထားတဲ့(သက်န်းတော်ပေါ်မှာ ဖူး ရတတ်တယ်။

အသားတော်မှာ ဖူးရတာများပါတယ်၊ အဲတော့ ဘယ်လက်ကောက် ညာလက်ကောက်၊ ခြေထောက်တော်မှာလဲ ဖူးရတယ်။

(တိတ်ခွေ အေဆိုက်(၆) မိနစ်ခန့်နေရာ)

(၇) တချို့ကလူတွေက ဆရာတော်ရဲ့(မျက်နှာတော်ကို) အာရုံစိုက်ပြီး တော့ ဖူးတဲ့အချိန်မှာ (လက်မှာ)ဖြာကနဲ့ဖြစ်တာကိုလဲ ဒီလိုဖြစ်တတ် တယ်၊ ခြေထောက်တော်ကို ဖူးတဲ့အခါမှာ ခေါင်းတော်ကနေပြီးတော့ မှ ဖူးရတာ ရှိတတ်တယ်၊ အဲဒီတော့ တင်စားပြီး ပြောရမယ်ဆိုရင် (မျက်တောင်မခတ်ဘဲနဲ့) ဘာဖြစ်လဲဆိုရင် ကိုယ်ကဖူးရတဲ့ အခါ မျက်တောင်ခတ်တာနဲ့ တိုက်ဆိုင်လိုက်ယင် ကိုယ်ကမသိလိုက်ဘူး။

(တိတ်ခွေ အေဆိုက် (၇) မိနစ်ခန့်နေရာ)

(၈) နောက်(၁)ခုက (ဆရာတော်ဘုရား၏) ဩဝါဒအတိုင်းနဲ့ပြော ရမယ်ဆိုရင် ဒီရောင်ခြည်တော်(၆) သွယ်ဟာ အင်မတန်လျှင်မြန် တယ်၊ အင်မတန်နူးညံ့တယ်၊ အင်မတန်သိမ်မွေ့တယ်၊ အဲဒါကြောင့်မို့ လိုနော်-

(တိတ်ခွေ-အေ-ဆိုက်၊ ၈-မိနစ်ခန့်နေရာ)

(၉) ကျွန်တော်တို့စာအုပ်တွေထဲမှာ တွေ့တယ်၊ လူကြီးသူမတွေ- ရှေးလူကြီးတွေလဲပြောတယ်၊ ကိလေသာကင်းစင်တဲ့ပုဂ္ဂိုလ်ဟာ သူ့အသားရောင်က ကိုယ်ပေါ်မှာ အရောင်ထွက်တယ်တဲ့××× ဒီလောက်မရှိသလောက် ရှားတဲ့အရိယာသူတော်ကောင်း ကိလေ သာကင်းစင်တဲ့ သံဃာအစစ် သံဃာအမှန် ကျွန်တော်တို့ ယခု မျက်ဝါးထင်ထင် ကျွန်တော်တို့ ဖူးရတော့မယ်၊ ဒါ-ပထမအနေနဲ့ ဝမ်းသာတတ်ဖို့ ဝမ်းသာအောင်လို့ နှိုးဆော်စကားလေး အသိပေးပါ တယ်။ (တိတ်ခွေ-အေဆိုက်။ ၁၀-မိနစ်ခန့်နေရာ)

http://www.dhammadownload.com



(၁၀) ××× အခုလဲပဲ ဝိမုတ္တိတစ်ပြန်မှာ ××× ကျေးဇူးရှင် စမ်းကလေးဆရာတော်ဘုရားကြီးဟာ သတ္တဝါတွေကို ကယ်ဖို့အတွက် (ဘုရားရဲ့တရားဗျာဒိတ်နဲ့) အခုပေါ်လာပြီနော်×××××
×××× ဒီရောင်ခြည်တော် (၆)သွယ်ကို ဖူးမြော်ရမယ်××××ရောင်ခြည်တော် (၆)သွယ်နဲ့ ဆရာတော်ဘုရားကြီးကို ဖူးချင်တယ်ဆိုတဲ့ ဒီစိတ်ကလေးဟာ ဘယ်လောက်စင်ကြယ်သလဲ××××××

(တိတ်ခွေ၊ အေ-ဆိုက်၊ ၁၁-မိနစ်ခန့်နေရာ)

(၁၁) ဝိမုတ္တိယုဂခေတ်မှာ ဝိမုတ္တိတစ်ပြန်မှာ ဆရာတော်ဘုရားဟာ သတ္တဝါကိုကယ်ဖို့ (--ပွင့်--)တော်မူလာတဲ့ ဆရာတော် (တစ်ဆူ)ပါလို့ ဒါဟာဝမ်းသာအောင်လို့×××××××စိတ်ကလေးက သက်တော်ထင်ရှား မြတ်စွာဘုရားကိုယ်တော်တိုင် ကြွမြန်းဘိသကဲ့ သို့ ဘုရားရှင်ကိုယ်တော်မြတ်၏ ရောင်ခြည်တော်(၆)သွယ်ကို ဖူးရပါလို၏ဆိုတဲ့ နှလုံးသွင်းလေးနဲ့ ရိုရိုသေသေ လေးလေးစားစား လိုက်နာ××××
(တိတ်ခွေ-အေဆိုက်၊ ၁၂-မိနစ်ခန့်နေရာ)

(၁၂) အခုဓာတ်တော်တွေကွန့်မြူးတယ်ဆိုတဲ့ ဥစ္စာဟာ ဒီပြင်ဟာကြောင့်ကွန့်မြူးတာမဟုတ်ဘူး၊×××××ဘုရားနှစ်ပေါင်း ၂၅၀၀-ကျော်ကျော် ဘုရားမရှိတဲ့အခါကျတော့ မြတ်စွာဘုရားရဲ့ သာသနာကြီးကို အခုလိုပဲ ရှင်ရဟန်းအဖြစ်နဲ့ ပရိဘောဂစေတီကြီးကို တပ်ဆင်၊ ဓမ္မစေတီကြီးကို ဦးခေါင်းမှာထား၊ ဘာဝနာတရားကို ကိလေသာတွေမိမိခန္ဓာမှာ စင်ကြယ်အောင်ဆိုပြီးတော့ ပွားလိုက်တဲ့အခါကျတော့ မိမိတို့ကို ကိလေသာစင်ကြယ်အောင် ပွားလိုက်တော့ ပွားရင်းပွားရင်းနဲ့ အခုလိုဓါတ်တော်တွေ ကွန့်မြူးလာတယ်၊××× ဓာတ်တော်ကလေးတွေ ကိန်းဝပ်လာတာလေးတွေ တွေ့ရတယ်ဆိုတော့။

(တိတ်ခွေ၊ အေ-ဆိုက်၊ ၂၈-မိနစ်နေရာနှင့်ဘီဆိုက်အစ)

(၁၃) ရောင်ခြည်တော်(၆)သွယ်ဟာ တပေါင်းလဆန်း(၁)ရက်နေ့ ညနေ(၅)နာရီကျော် အချိန်ကစတင်ပြီးတော့ ကျေးဇူးရှင်ဆရာတော်ကြီး၏ခန္ဓာကိုယ်သို့ ကြွမြန်းပြီးတော့ ကြွမြန်းပြီး အဖူးမြော် အကြည်ညိုခံရခြင်းဖြစ်ပါတယ်။ (တိတ်ခွေ ဘီဆိုက်၊ (၉) မိနစ်ခန့်နေရာ)

http://www.dhammadownload.com



(၁၄) လဆန်း(၁)ရက်နေ့ကထဲက နေ့တိုင်း နေ့တိုင်း အချိန်တိုင်း အချိန်တိုင်း ဆိုသလို×××××××××တိုက်ကျောင်းကလေး မဆန့်တော့တာနဲ့ (ဆရာတော်ဘုရားကြီးက) ×××××ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့ ဂေါပကအဖွဲ့ကို ဩဝါဒပေးပြီးတော့ ဒီအပေါ် ဒီအပြင်မှာ ပလ္လင်ကို ဆင်ပြီးတော့မှ×××××ဒီအစီအစဉ်ကို ကျင်းပရခြင်းဖြစ်ပါတယ်။

(တိတ်ခွေ-ဘီဆိုက်-၁၀-မိနစ်ခန့်နေရာ)

(၁၅) ×××တချို့ကလဲ ခန္ဓာကိုယ်မှာ လက်ကနဲ လင်းကနဲ ဒီလိုတွေရတာ လဲရှိတယ်၊ ဥပမာဆောင်-ထင်အောင်ပြောရမယ်ဆိုရင်ဓာတ်ပုံရိုက်တဲ့ အခါမှာ ကင်မရာတွေက ခလုပ်နှိပ်လိုက်တဲ့အခါ ဖြတ်ကနဲနဲ့ လင်းသွားတာ ဒီလိုတွေ့ရတတ်ပါတယ်၊××××တချို့(ပါးစပ်)တော်မှာ ရွှေရောင်တွေ ဝင်းနေတာကို ဖူးရပါတယ်၊ ကျေးဇူးရှင် ဆရာတော်ကြီးဟာ ရွှေသွားမရှိပါဘူး×××××ဘယ်ဘက်, ညာလက်-ခြေထောက်(ခြေမ)တွေမှာ နီရဲနေတာတို့၊ လက်(၂)ချောင်းမှာ၊ လက်မ(၂)ခုမှာ နီရဲနေတာတို့ဖူး ရတတ်တယ်။(တိတ်ခွေ ဘီဆိုက်၊ ၁၄-မိနစ်ခန့်နေရာ)

(၁၆) မဖူးရသေးတဲ့လူတွေကလဲ စိတ်မပျက်ပါနဲ့၊ နေ့လယ် (၁)နာရီမှာ တစ်ခါ၊ ညနေ (၅)နာရီမှာ တစ်ခါ၊ အဲဒါမှမဖူးရသေးရင် နောက်နေ့ နောက်နေ့တွေမှာလဲ ရှိပါသေးတယ်၊ (အားမငယ်ပါနဲ့ ဆရာတော်ပြောပါတယ်) (တိတ်ခွေ၊ ဘီဆိုက်၊ ၁၄-မိနစ်ခန့်နေရာ)

(၁၇) နှစ်ပေါင်း ၂၅၀၀-ကျော် ဘုရားပရိနိဗ္ဗာန်ပြုသွားပြီးတဲ့ နောက်ပိုင်းမှာ ကိုယ်တိုင်ကိုယ်ကျ မည်သူ (တစ်)ဦး (တစ်)ယောက်မျှ ဖူးရတာမရှိဘူး၊ ဒီတော့-အင်မတန်ရှားပါး၊ အင်မတန်ခက်ခဲတဲ့ ရောင်ခြည်တော် (၆) သွယ်ကို××× ဒီစမ်းကလေး မြေကိုနင်းပြီးတော့ ဆရာတော်ဘုရားကြီး၏ ရှေ့မှောက်သို့ ရောက်လာပြီးတော့ ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင်တွေ့ရတော့မယ်။

(တိတ်ခွေ-ဘီဆိုက်၊၁၅-မိနစ်ခန့် နေရာ)

(၁၈) ××× (၅) နာရီနဲ့ (၆) နာရီကြားမှာ တွေ့ရတာများတယ်၊ တစ်ဦးနဲ့ တစ်ဦးတွေ့ရတာ မြင်ရတာတူတယ်၊ အဲဒီဟာကတော့ဘာလဲဆိုရင်

http://www.dhammadownload.com



ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဒီပလ္လင်ကနေ တိုက်ကျောင်းထဲကို ပြန်ကြွတဲ့အခါ အဲဒီဆရာတော်ရဲ့ နောက်ကျောမှာ အလင်းရောင်တွေ ပါသွားတာကိုလဲဖူးရတတ်တယ်၊ ပိုပြီးတော့ ထူးခြားတာက ဒီတိုက်ကျောင်းမှာ ဆရာတော်အထဲသွားပြီဆိုရင် တိုက်ကျောင်းရဲ့ ခေါင်မိုး ပေါ်မှာ ကြည့်မြင်လို့ရမဲ့နေရာကို ထွက်ခွာပြီး တိုက်ကျောင်း ခေါင်မိုးပေါ် ဖူးပါ၊ ဒီတိုက်ကျောင်းရဲ့ ခေါင်မိုးပေါ်မှာ အလင်းရောင်တွေဟာ အထွေးလိုက် အထွေးလိုက်၊ အလိပ်လိုက် အလိပ်လိုက်၊ အကွင်းလိုက် အကွင်းလိုက်၊ သရေကွင်းလို၊ ကွင်းလိုက်ကွင်းလိုက် အလုံးကြီးကြီး ငယ်ငယ် အပြွတ်လိုက်အပြွတ်လိုက် ခေါင်မိုးပေါ်ကို ပြန်တက် သွားတာကို အရောင်မျိုးစုံနဲ့ ဖူးရတတ်တယ်၊ တွေ့ရတတ်ပါတယ်၊ သူက(၁၅)မိနစ် နာရီဝက်လောက်ကြာတယ်၊ တစ်ယောက်နဲ့ တစ်ယောက် တွေ့မြင်တာလဲတူတယ်။

(တိတ်ခွေ၊ ဘီဆိုက်၊ ၁၆-မိနစ်ခန့်နေရာ)

(၁၉) နောက် (၁)ခု ခေါင်မိုးပေါ်က အလင်းတန်းကြီးဟာ (၅)နာရီကျော် နေမင်းကြီးဆီကို ပြေးသွားတာကို တွေ့ရတယ်၊ နေမင်းကိုသာမန် မျက်စိနဲ့ကြည့်တဲ့အခါ နေထဲမှာ အရောင်အဆင်းတွေ အမျိုးမျိုး ဝမ်းမြောက်ဝမ်းသာဖြစ်စေရာ အရောင်တွေအမျိုးမျိုးပေါ့ဗျာ၊ သိပ်မြန်တယ်၊ ချာလည်ပတ်လည်လည်ကြီးလိုက် သေးလိုက် ကျဉ်းလိုက် ကျယ်လိုက် အမျိုးမျိုး ဖူးရတတ်တယ်။

(၂၀) လဆန်း (၁၂)ရက်နေ့က အရှေ့ဘက်မှာ အဲဒီအချိန်ကလမင်းကြီးရှိတယ်၊ နေမင်းက-လမင်းကိုကူးလိုက်၊ လမင်းကနေမင်းကို ကူးလိုက်၊ နေမင်းကနေ ကျောင်းခေါင်မိုးပေါ်ကူးလိုက်၊ဒီ(၃)နေရာကို ဖိုခနောက်ဆိုင်ကူးနေတာကို ထူးထူးဆန်းဆန်း တွေ့ရပါတယ်။

(တိတ်ခွေ-ဘီဆိုက်၊ ၁၈-မိနစ်ခန့်နေရာ)

(၂၁) ဒီရောင်ခြည်တော် (၆)သွယ်ကွန့်မြူးတယ်ဆိုတာကိုက ဒါအားလုံး တစ်ခုလေးသတိထားဖို့ကောင်းတယ်၊ ××× ဘုရားအစစ်၊ ဘုရား အမှန် တရားအစစ် တရားအမှန်၊ သံဃာအစစ်၊ သံဃာအမှန်ဆိုတာ

http://www.dhammadownload.com



လူတိုင်းနားထဲမှာ ကြားပြီးသား ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးဟာ နှစ်ပေါင်း (၂၀)ကျော်ပါပြီ သံဃာအစစ် သံဃာအမှန်နဲ့ ဘုရား၏ တရားအစစ်တရားအမှန်ကို သာသနာပြုနေပါတယ်၊ ရောင်ခြည်တော် (၆)သွယ် ကွန့်မြူးတဲ့အကြောင်းက နေပြီးတော့မှ အကဲခတ်သင့်ပါတယ်။ (တိတ်ခွေ-ဘီဆိုက်၊ ၁၉-မိနစ်ခန့်နေရာ)

(၂၂) ဆရာတော်ဘုရားကြီး ဆုံးမပါတယ် ××× အခုရောင်ခြည်တော် (၆)သွယ်ဆိုတာ ဓာတ်စေတီပါ ××× ဒီရောင်ခြည်တော် (၆)သွယ် အင်မတန် အရေးကြီးတယ်၊ ဖူးမြော်ရမယ်၊ ကြည်ညိုရမယ်၊ လောကီအကျိုးအများကြီး ခံယူရမယ်။(တိတ်ခွေ-ဘီဆိုက်၊ ၂၂-မိနစ်ခန့်နေရာ)

(၂၃) ဘုရားကလဲ သူ့ဆွေမျိုးတွေ တွန်းပို့နေသလား မသိဘူး

* ဘုရားတွေ လက်တွေလှုပ်တယ်

* ညောင်ရွက်တွေကြွေတယ်

* တိတ်ခွေထဲမှာ နတ်လိုဟောတဲ့ဟာတွေ ပေါ်လာတယ်၊

* အခုရောင်ခြည်တော် (၆)သွယ် ပေါ်လာပါပြီ။

(တိတ်ခွေ-ဘီဆိုက်၊ ၂၃-မိနစ်ခန့်နေရာ)

(၂၄) အခုဝိမုတ္တိတစ်ပြန်မှာ ဂေါတမမြတ်စွာဘုရားရဲ့ကံ ဆွေမျိုးကိုသိမ်းဖို့ ဘုရားရဲ့ စကားနဲ့ တိတိကျကျ (ပွင့်) တော်မူလာတဲ့ ကျေးဇူးရှင် စမ်းကလေး ဆရာတော်ဘုရားကြီးနဲ့ တွေ့လိုက်တဲ့အချိန် အခါမှာလဲ ဘုရား လက်ထက်တုန်းကလို အကျိုးခံသက်သက်ပါ၊ ဒီဆရာတော်နဲ့ တွေ့တဲ့ပုဂ္ဂိုလ်အားလုံးဟာ အကျိုးခံသက်သက်ပါ။

(တိတ်ခွေ-ဘီဆိုက်၊ ၂၄-မိနစ်ခန့်နေရာ)

(၂၅) မြတ်စွာဘုရား၏ ရောင်ခြည်တော်နှင့် ဆရာတော်ဘုရားကြီးအား ဖူးမြော်လိုသော သူတော်ကောင်း အပေါင်းတို့အား နောက်မကျသင့်ကြောင်း၊ မြန်မာပြည်အနှံ့အပြားနှင့် နိုင်ငံခြားမှ ဧည့်သည်တော်များ နေ့စဉ်မပြတ် ရောက်ရှိလျက်ရှိကြောင်း အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။ [သက်သေခံ (၄) ဖဒိုနှိုးတော်စာရွက်မှ]

http://www.dhammadownload.com



**(ဂ) စမ်းကလေး-ရောင်ခြည်တော်လွှတ်မှု-မိစ္ဆာဝါဒရှင်းတမ်း-အပိုဒ် (၃)ကို တင်ပြလျှောက်ထားခြင်း**

**စမ်းကလေး-ရောင်ခြည်တော်လွှတ်မှု မိစ္ဆာဝါဒရှင်းတမ်းအပိုင်း (၃) ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော် ရောင်ခြည်တော် (အစစ်) အကြောင်း သိကောင်း စရာများကို တင်ပြခြင်း**

သဘာပတိဆရာတော်ကြီးနှင့် နိုင်ငံတော်သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား-

စမ်းကလေး ကိုယ်တော်ကြီး၏ ရောင်ခြည်တော်ဆိုင်ရာ (မုသာဝါဒ) လုပ်ငန်းရပ်ကောက်နုတ်ချက်များကို ဖော်ပြခဲ့ပြီးပါပြီ ဘုရား။ ယခုဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ရောင်ခြည်တော်အကြောင်း သိကောင်းစရာ များကို ထုတ်ပြလျှောက်ထားပါဦးမည် ဘုရား။

**ဗုဒ္ဓ၏ ရောင်ခြည်တော် (အစစ်) ၃-မျိုး**

(၁) ဗျာမပ္ပဘာရောင်ခြည်တော်

ဤရောင်ခြည်တော်မှာ မြတ်စွာဘုရား (အကျွန်ုပ်တို့ ဂေါတမဘုရား) ၏ ပကတိကိုယ်တော်မှ အမြဲထွက်ကြွ၍ ကိုယ်တော်၏ ပတ်ဝန်းကျင်တွင် တစ်လံမျှအတိုင်း အရှည်ရှိသော အလွန်ထူးကဲ၍ ဘုရားရှင်၏ ကိုယ်တော် နှင့်ဝေခွဲ၍ မရနိုင်အောင် တစ်ခဲနက်သော ရောင်ခြည်တော်ဖြစ်သည်၊ လျှပ်စစ် ဓာတ်မီးပွင့်ကို ဝါးတစ်ရိုက်ခန့်လောက်မှကြည့်လျှင် မီးတောက်လုံးဟု ထင်ရ သည့် အရောင်ဝန်းရှိ၏။အနားကပ်၍စေ့စေ့စပ်စပ်ကြည့်မှ ပကတိ မီးတောက် ၏ ကွေ့ကွေ့ကောက်ကောက် ပုံကလေးကို မြင်ရသည်။

ထို့အတူပင် မြတ်စွာဘုရား၏ ကိုယ်တော်မှာလည်း (တစ်-လံမျှ) လောက်သော ရောင်ခြည်တော် အဝန်းရှိသည်၊ ထိုရောင်ခြည်တော်ကို-- ဗျာမပ္ပဘာ ရောင်ခြည်တော်ခေါ်၏။ အလွန်ထူထဲ တစ်ခဲနက်သော ရောင်ခြည်ဝန်း ဖြစ်သည်။

**(၂) အသီတိနိစ္စလောဘာသရောင်ခြည်တော်**

ဤရောင်ခြည်တော်သည်ကား ဗျမပ္ပဘာရောင်ခြည်တော်မှ သန္တာန် ဆက်ကာ (အတောင်-၈၀-အရပ်တိုင်အောင်) ဖြာ၍ ထွက်လာသော ပကတိ ကိုယ်တော်ရောင်ပင်ဖြစ်သည်။

http://www.dhammadownload.com



## (၃) ဒိသာဖရဏာရောင်ခြည်တော်

ဤရောင်ခြည်တော်မှာ ပဋ္ဌာန်းတရားကို သုံးသပ်သောအခါ-

* ယမိုက်ပြာဋိဟာ ပြတော်မူသောအခါ-စသည်တို့၌ သွေးတော်စသည်တိုး၍ ကြည်လင်သောကြောင့် အနန္တစကြဝဠာသို့ ပျံ့နှံ့ ၍ထွက်သော ရောင်ခြည်တော်ဖြစ်သည်။

### ရောင်ခြည်တော်(၂) မျိုးအထူး

(က) လူ-နတ်-ဗြဟ္မာ သတ္တဝါတို့ မျက်စိဖြင့်မြင်ကောင်းသည့် မြတ်စွာဘုရား၏ ရုပ်ပုံအဆင်း ဝဏ္ဏဓာတ်အထူးကို ဤအရာ၌ ရောင်ခြည်တော် ဟုခေါ်သည်။

အဘိဓမ္မာသဘောအရ ဗျာမပ္ပဘာ ရောင်ခြည်တော်နှင့် အသီတိနိစ္စလောဘာသ ရောင်ခြည်တော်တို့ကို (ကမ္မဇ) ရောင်ခြည်တော်(သို့ မဟုတ်) (ကမ္မပစ္စယဥတုဇ) ရောင်ခြည်တော်ဟူ၍ ဆိုရပေမည်။ အကြောင်းကား- ထိုရောင်ခြည်တော်(၂)မျိုးလုံးပင် ရှေးကံလျှင် အကြောင်းရင်းရှိသော ကြောင့်တည်း။

(ခ) ဒိသာဖရဏာရောင်ခြည်တော်ကိုစိတ်တော်ကြည်ခြင်းလျှင် အကြောင်းရင်းရှိသောကြောင့် (စိတ္တဇ) ရောင်ခြည်တော် (သို့မဟုတ်)(စိတ္တ ပစ္စယဥတုဇ) ရောင်ခြည်တော်ဟူ၍ ခေါ်ရပေမည်။ ဤသို့ ရောင်ခြည်တော် အထူးကို သိမှတ်ရာ၏။ (မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏မဟာဗုဒ္ဓဝင်-ပထမတွဲ၊ ဒုတိယပိုင်း-နှာ-၅၇၆)

အထက်ပါ ရောင်ခြည်တော်(၃)မျိုး၊ (၂)မျိုးကို ဆရာတော်ဘုရားကြီးများ သိတော်မူပြီးဖြစ်ပါသော်လည်း လိုရင်းထပ်မံလျှောက်ထားပါဦးမည် ဘုရား။

ဗုဒ္ဓရှင်တော်မြတ်၏ ရောင်ခြည်တော်(အစစ်)မှာ------

(က) ပကတိကိုယ်တော်မှ (မထွက်ပေါ်ရန် အဓိဋ္ဌာန်မှုမပြုလျှင်) အမြဲထွက်ပေါ်နေသော ဗျာမပ္ပဘာနိစ္စလောဘာသ-ရောင်ခြည်တော်

(ခ) * ပဋ္ဌာန်းတရားတော်ကြီးကို ဆင်ခြင်သုံးသပ်တော်မူရာ အခါ၊

* ယမိုက်ပြာဋိဟာပြတော်မူရာအခါ စသည်တို့၌ (ဗုဒ္ဓ၏သဗ္ဗညုတ

http://www.dhammadownload.com



ဉာဏ်တော်ကြီး၏ စွမ်းရည်ကြောင့်)ကွန့်မြူးထွက်ပေါ်လာရသော ဒိသာဖရဏ ရောင်ခြည်တော်။

ဤသို့-ဘုရားရှင်တို့၏ ခန္ဓာကိုယ်တော်မှထွက်ပေါ် ကွန့်မြူးနိုင်သော ရောင်ခြည်တော်(၂)မျိုး လိုရင်းအကျဉ်းချုပ်သိမှတ်တော်မူနိုင်ပါသည်ဘုရား။

**ဗုဒ္ဓ၏ ရောင်ခြည်တော်(အစစ်) ၂-မျိုး ထွက်ပေါ်ရခြင်းအကြောင်း**

(က) တတြ ရသ္မိဝေမတ္တံ အဇ္ဈာသယပဋိဗဒ္ဓံ၊ ယော ယတ္တကံ ဣစ္ဆတိ၊ တဿ တတ္တကံ သရီရပ္ပဘာ ဖရတိ။ မင်္ဂလဿ ပန နိစ္စမ္ပိ ဒသ သဟဿိလောကဓာတုံ ဖရတူတိ အဇ္ဈာသယော အဟောသိ။ ပဋိဝိဒ္ဓ ဂုဏေသု ပန ကဿစိ ဝေမတ္တံ နာမ နတ္ထိ။ (ဒီ၊ ဋ္ဌ၊ ၂၊ ၁၈)

## မြန်မာပြန်

ထိုဝေမတ္တတရားတို့တွင် ရောင်ခြည်တော်၏ ထူးခြားခြင်းသည် ပါရမီဖြည့်စဉ်အခါ ပန်ထွာတောင့်တအလိုရှိခဲ့သော အဇ္ဈာသယနှင့် စပ်ခြင်းရှိ၏။ ထိုမျှလောက် ကိုယ်ရောင်ပျံ့နှံ့ရပါလို၏ဟု ပါရမီဖြည့်စဉ်အခါ အလိုရှိခဲ့ တောင့်တခဲ့သည့်အတိုင်း ကိုယ်တော်ရောင်သည် ပျံ့နှံ့၏။ မင်္ဂလမြတ်စွာ ဘုရားသည်ကား အမြဲတမ်း တစ်သောင်းသော စကြဝဠာ လောကဓါတ်ကို ကိုယ်ရောင်ပျံ့နှံ့စေသတည်းဟု ပါရမီဖြည့်စဉ်အခါ ပန်ထွာတောင့်တအလိုရှိသော အဇ္ဈာသယ ရှိခဲ့လေ၏။ ထိုးထွင်း၍ သိတော်မူအပ်သော သဗ္ဗညုတဉာဏ် စသောဂုဏ်တော်တို့၌ မည်သည့်ဘုရားရှင်မျှ မတူထူးခြား ကွဲပြားခြင်း မည်သည် မရှိ။

(ခ-၁) တဿ စတုဝီသတိ သမန္တပဋ္ဌာနံ သမ္မသန္တဿ ကောန္တတော သဗ္ဗညုတ ဉာဏံ မဟာပကရဏေယေဝ ဩကာသံ လဘိ၊

ယထာ ဟိ တိမိရပိင်္ဂလမဟာမစ္ဆာ စတုရာသီတိ ယောဇန သဟဿ ဂမ္ဘီရေ မဟာသမုဒ္ဒေယေဝ ဩကာသံ လဘတိ။

ဧဝမေဝ သဗ္ဗညုတဉာဏံ ကောန္တတော မဟာပကရဏေယေဝ ဩကာသံ လဘိ။ (အဘိ၊ဋ္ဌ၊၁။၁၄)

http://www.dhammadownload.com



## မြန်မာပြန်

အားထုတ်တော်မူရာ ထိုအခါ၌ ၂၄-ပါးသော သမန္တပဋ္ဌာန်းကို အားထုတ် တော်မူသော မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော် သည် စင်စစ်အားဖြင့် ပဋ္ဌာန်းကျမ်းကြီး၌သာလျှင် ကျက်စားခွင့်ရလေ၏။

ဥပမာ ဆောင်ထင်အောင်ပြဦးအံ့။ တိမိရပိင်္ဂလ မည်သော ဝေလငါး ကြီးသည် ယူဇနာပေါင်း (၈)သောင်း (၄) ထောင် အနက်ရှိသော သမုဒ္ဒရာကြီး၌ သာလျှင် ကျက်စားခွင့်ကို ရသကဲ့သို့--ထို့အတူ သဗ္ဗညုတဉာဏ်တော်သည် စင်စစ်အားဖြင့် ပဋ္ဌာန်းကျမ်းကြီး၌သာလျှင် ကျက်စားခွင့်ရလေပြီ။

(ခ-၂) သတ္ထု ဧဝံ လဒ္ဓေါကာသေန သဗ္ဗညုတညာဏေန ယထာသုခံ သဏှ သုခုမဓမ္မံ သမ္မသန္တဿ သရီရတော နီလပိတလောဟိတောဒါတ မဉ္ဇိဋ္ဌပဘာဿရဝသေန ဆဗ္ဗဏ္ဏရသ္မိယော နိက္ခမိံ သု။(အဘိ၊ဋ္ဌ၊၁၁၄)

## မြန်မာပြန်

မြတ်စွာဘုရားသည် ဤသို့ရအပ်သော အခွင့်ရှိသော သဗ္ဗညုတ ဉာဏ်တော်ဖြင့် အလိုရှိတိုင်း သိမ်မွေ့နူးညံ့သောတရားတော်ကို သုံးသပ်တော် မူလတ်သော် ကိုယ်တော်မှ ညိုသော ရောင်ခြည်တော်, ရွှေသောရောင်ခြည် တော်၊ နီသောရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်, မောင်းသော ရောင် ခြည်တော်, ပြိုးပြိုးပြက်ထွက်သော ရောင်ခြည်တော်တို့၏ အပြားအားဖြင့် (၆)ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် ထွက်တော်မူကြကုန် ပြီ။

(ခ-၃) အယဉ္စ နေဝ ဗုဒ္ဓါနံ အဓိဋ္ဌာနိဒ္ဓိ, န ဘာဝနာမယိဒ္ဓိ။ သဏှသုခုမဓမ္မံ ပန သမ္မသတော လောကနာထဿ လောဟိတံ ပသီဒိ၊ ဝတ္ထုရူပံ ပသီဒိ၊ ဆဝိဝဏ္ဏောပသီဒိ၊ စိတ္တသမုဋ္ဌာနာ ဝဏ္ဏဓာတု သမန္တာ အသီတိ ဟတ္ထမတ္တေ ပဒေသေ နိစ္စလာဝ အဋ္ဌာသိ။

(အဘိ၊ဋ္ဌ၊၁။၁၅)

http://www.dhammadownload.com



## မြန်မာပြန်

**ဆက်ဦးအံ့၊** ဤတန်ခိုးတော်သည် ဘုရားရှင်၏ အဓိဋ္ဌာန်ခြင်းကြောင့် **ဖြစ်သော** တန်ခိုးတော်လည်းမဟုတ်၊ ဘာဝနာကြောင့်ဖြစ်သော တန်ခိုးတော်လည်းမဟုတ်၊ အဟုတ်သော်ကား သိမ်မွေ့နူးညံ့သော သမန္တပဋ္ဌာန်းကို သုံးသပ်တော်မူသော သတ္တလောက၏ ကိုးကွယ်ရာ မြတ်စွာဘုရား၏ သွေးတော်သည် ကြည်လင်ပြီး ဟဒယဝတ္ထု ရုပ်သည် ကြည်လင်ပြီး၊ စိတ်ကြောင့်ဖြစ်သော (ဝါ) စိတ်လျှင် အကြောင်းရင်းရှိသော ဥတု ကြောင့်ဖြစ်သော အဆင်းဓာတ်တော်သည် ထက်ဝန်းကျင်အတောင် (၈၀) အတိုင်းအရှည် ရှိသော အရပ်၌ မတုန်မလှုပ်သာလျှင် တည်လေပြီ။

(ဂ) ဣမ တထာဂတော ယမကပါဋိဟီရံ ကရောတိ အသာဓာရဏံ သာဝကေဟိ၊ ဥပရိမကာယတော အဂ္ဂိက္ခန္ဓော ပဝတ္တတိ၊ ဟေဋ္ဌိမကာယတော ဥဒကဓာရာ ပဝတ္တတိ---(ပ) --- ဆန္နံ ဝဏ္ဏာနံ နီလာနံ ပီတကာနံ လောဟိတကာနံ ဩဒါတာနံ မဉ္ဇိဋ္ဌာနံ ပဘဿရာနံ၊ ဘဂဝါ စင်္ကမတိ။

(ပဋိ၊ သံ။၁၂၀-၁၂၁)

## မြန်မာပြန်

ဤသာသနာတော်၌ မြတ်စွာဘုရားသည် (သာဝကတို့နှင့် မဆက်ဆံသော) ရေ-မီး- အစုံတန်ခိုးပြာဋိဟာကို ပြတော်မူ၏။ အထက်ဖြစ်သော ကိုယ်တော်မှ မီးအလျှံဖြစ်၏။ အောက်ဖြစ်သော ကိုယ်တော်မှ ရေအယဉ်ဖြစ်၏။

--- (ပ) --- ညို+ရွှေ+နီ+ဖြူ+မောင်း+ပြိုးပြိုးပြက်ရှိကုန်သော ရောင်ခြည်တော် (၆)မျိုးတို့၏ (အလယ်၌) မြတ်စွာဘုရားသည် စင်္ကြံကြွတော်မူ၏။

တပည့်တော်များယခု ထုတ်ဆောင်ပြခဲ့သော အထောက်အထား ကျမ်းဂန်များ၏ ဆိုလိုရင်းကို ထပ်မံ လျှောက်ထားပါဦးမည်ဘုရား။

ဘုရားတပည့်တော်များ အထက်နား၌ ကိုယ်တော်မှထွက်တော်မူသော ရောင်ခြည်တော်သည်

(၁) ပကတိရောင်ခြည်တော်

(၂) ဒိသာဖရဏရောင်ခြည်တော်-ဟု ရောင်ခြည်တော်(၂)မျိုးရှိကြောင်း လျှောက်ထားခဲ့ပြီး ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



ယခုဆက်လက်၍ အထက်ပါကျမ်းဂန် အထောက်အထားများအရ ထိုရောင်ခြည်တော် (၂) မျိုး ထွက်ပေါ်ရခြင်းအကြောင်းများကို လျှောက်ထားပါဦးမည်ဘုရား။

(၁) အမှတ်(က) အထောက်အထားဖြင့် ပကတိရောင်ခြည်တော် ထွက်ပေါ်ရခြင်း အကြောင်းကို ပြပါသည်ဘုရား။

ဆိုလိုသည်မှာ- ဗုဒ္ဓမြတ်စွာတို့၏ ပကတိကိုယ်တော်မှ အမြဲထွက်လေ့ရှိသော ရောင်ခြည်တော်သည် (ပစ္စုပ္ပန်ဘဝတန်ခိုးတော် စသော အကြောင်း တစ်ခုခုကြောင့် ဖြစ်ပေါ်လာသည်မဟုတ်) ထိုဘုရားရှင်တို့၏ အတိတ်ဘဝ ဘဝ ပါရမီဖြည့်စဉ်ကာလ၌ ပြုလုပ်အားထုတ်တော်မူခဲ့သော ကုသိုလ်ကံနှင့် ပန်ထွာ တောင်းဆုပြုတော်မူခဲ့သော အလိုအဇ္ဈာသယ တို့ကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်ဘုရား။

(အတိတ်ကံကြောင့် ဖြစ်ပေါ်လာရသည်ဟု ဆိုလိုပါသည်)

(၂) အမှတ်(ခ) အထောက်အထား (၃)မျိုးနှင့် အမှတ်(ဂ)အထောက် အထားအရ မြတ်စွာဘုရားများ၏ ဒိသာဖရဏရောင်ခြည်တော် ထွက်ပေါ် ရခြင်း အကြောင်း ကို ပြပါသည်ဘုရား။

ဆိုလိုသည်မှာ-ဗုဒ္ဓမြတ်စွာတို့၏ ဒိသာဖရဏရောင်ခြည်တော်သည် အလွန် ကြီးမားသော ဝေလငါးကြီးများသည် မဟာသမုဒ္ဒရာ၌သာ ကျက်စားနိုင်ခွင့် ရသကဲ့သို့ ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ် တော်ကြီးသည်မဟာပဋ္ဌာန်းကျမ်းတော်ကြီး၌သာ ကျက်စား ခွင့်ရသဖြင့် အလွန်ကြီးကျယ်သော သဗ္ဗညုတ ဉာဏ်တော် ကြီးဖြင့် အလွန်ကြီးကျယ်သော မဟာပဋ္ဌာန်း ကျမ်းတော် ကြီးကို သုံးသပ် ဆင်ခြင် တော်မူသောအခါ (ရေ+မီး+အစုံ တန်ခိုးပြာဋိဟာ ပြတော်မူသောအခါ)စသည်တို့၌ ဗုဒ္ဓမြတ်စွာ ၏ အသွေးတော် နှင့် ဟဒယဝတ္ထု-ရုပ်- အဆင်း ဓါတ်တော် တို့ အဆင့်ဆင့် ကြည်လင်လာခြင်းကြောင့် ညို+ရွှေ+နီ+ ဖြူ+ မောင်း + ပြိုးပြိုး ပြက်ပြက် တစ်ခဲနက်သော ရောင်ခြည်တော် တို့ ထွက်ပေါ် ကွန့်မြူးလာရပါသည်ဘုရား။

http://www.dhammadownload.com



(အခြား-အဓိဌာန်ခြင်း-ဘာဝနာတရားအားထုတ်ခြင်း စသော အကြောင်းများကြောင့် ထွက်ပေါ်ကွန့်မြူးရခြင်း မဟုတ်ဘဲ ကိလေသာဖြစ်ထူ သာမန်အူတူတူ ပုဂ္ဂိုလ်မျိုးကို မဆိုထားနှင့် ကိလေသာလုံးဝကင်းစင်ပြီးသော အဂ္ဂသာဝက မဟာသာဝက စသော အခြားသာဝကများနှင့် လုံးဝ) မဆက်ဆံ မသက်ဆိုင်သော သဗ္ဗညုတဉာဏ်တော်ကြီး၏ စွမ်းရည်သတ္တိကြောင့်သာ ထွက်ပေါ်ကွန့်မြူးရသည်ဟု ဆိုလိုပါသည်ဘုရား)

ဒိသာဖရဏရောင်ခြည်တော် (၆)မျိုး အဓိပ္ပါယ်အကျဉ်းကို ဆရာတော်ကြီးများ သိတော်မူပြီး ဖြစ်ပါသော်လည်း ဆက်လက်လျှောက်ထားပြပါဦးမည်ဘုရား။

ထို ဒိသာဖရဏရောင်ခြည်တော် (၆)မျိုး အဓိပ္ပါယ်အကျဉ်းကို (ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ-စာမျက်နှာ-၁၃။ အဋ္ဌသာလိနီ အဋ္ဌကထာ စာမျက်နှာ-၁၄။ ၁၅ လာ ရောင်ခြည်တော်(၆)မျိုး အဖွင့်ကို ထောက်ထား၍လည်းကောင်း၊ ၂၀-ရာစု အဋ္ဌကထာဆရာကြီးဟုပင် သာသနာတော်လောက၌ ထင်ရှားကျော်ကြားတော်မူသော ဘာသာဋီကာကျမ်းပေါင်းများစွာကို ရေးသား ဖွင့်ဆိုတော်မူခဲ့သည့် အမရပူရမြို့ မဟာဂန္ဓာရုံတိုက် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီး၏ ရတနာ့ဂုဏ်ရည်ကျမ်းစာအုပ်၊ စာမျက်နှာ(၅၆၊၇)၌ ရေးသားဖွင့်ဆိုချက်များကို ထောက်ထား၍လည်းကောင်း တင်ပြလျှောက်ထားမှာ ဖြစ်ပါသည်ဘုရား။

## ရောင်ခြည်တော်(၆)ပါး အဓိပ္ပါယ်အကျဉ်း

(၁) **နီလရောင်ခြည်တော်။** ဘုရားရှင်၏ ဆံတော်မုတ်ဆိတ်တော်နှင့်မျက်လုံးတော်အတွင်းက မျက်နက်ဝန်းတော် တို့သည် အညိုရောင်တောက်ပ၍ တင့်တယ်တော်မူကြကုန်၏။ ထိုကဲ့သို့ ပင်ကိုအားဖြင့် ညိုမှောင်နေသော ကိုယ်အင်္ဂါတော်၏ အစိတ်အပိုင်းမှ နီလရောင်ခြည်တော်များ ထွက်တော်မူကြသည်။ ဤနီလရောင်ခြည် ထွက်တော်မူသောအခါ ဣန္ဒနီလာ ကျောက်ရတနာအဆင်း ရွှဲညိုအဆင်း, တဖိတ်ဖိတ်တောက်ပ သော ဖဲပုဝါ ညိုအဆင်း ကြာညိုပွင့်ချပ်အဆင်း, မြရတနာဖြင့် ပြုအပ်သော ယပ်တောင်အဆင်း စသည်နှင့်တူစွာ အလွန်ကြည်နူးဖွယ်ကောင်းသော ညိုညိုမှောင်မှောင် အရောင်တို့သည် ရှင်တော်ဘုရား၏ ဝဲ-ယာ ဘက်နှင့် အထက်အောက် (ထက်ဝန်းကျင်) အရပ်တို့၌ အိမ်လုံး-တောင်လုံးခန့်မျှ

http://www.dhammadownload.com



လည်းကောင်း၊ ထိုထက်ကြီးမားစွာလည်းကောင်း အထူးကျက်သရေရှိစွာ အနှံ့အပြား ပျံ့သန်းကွန့်မြူးကာ ထွက်ပေါ်တော်မူလာကြပါသည်။

(၂) ပီတရောင်ခြည်တော်။ ဘုရားရှင်၏ ကိုယ်အရေတော်နှင့် မျက်လုံးတော်အထက်က မျက်ခွံတော်စသော အရေတော်တို့သည် ဝါဝါဝင်းဝင်း ရွှေအဆင်းကဲ့သို့ လွန်မင်းစွာ တင့်တယ်ကြကုန်၏။ ထိုသို့ ပင်ကိုအားဖြင့် ရွှေအဆင်းရှိနေသော ကိုယ်အင်္ဂါအစိတ်အပိုင်းမှ ပီတရောင်ခြည်တော်များ ထွက်ပေါ်တော်မူကြသည်။ ဤပီတရောင်ခြည် ထွက်တော်မူသောအခါ "သိင်္ဂါနိက်ဟု ခေါ်သော သိင်္ဂီရွှေစင် ရွှေနှစ်အဆင်း၊ ရွှေပြား ရွှေထည်အဆင်း တသွင်သွင်စီးသွားသော ရွှေရည်အဆင်း၊ ရွှေပန်းအဆင်း စသည်နှင့်တူစွာ အလွန်ကြည်နူးဖွယ်ရှိသော ဝါရွှေသောအရောင်တို့သည် ရှင်တော်ဘုရား၏ ဝဲယာဘက်နှင့် အထက်အောက် (ထက်ဝန်းကျင်) အရပ်တို့၌ အိမ်လုံး တောင်လုံးခန့်မျှ ၎င်းတို့ထက်ကြီးမားစွာလည်းကောင်း၊ အထူးကျက်သရေရှိစွာ အနှံ့အပြား ပျံ့သန်းကွန့်မြူးကာ ထွက်ပေါ်တော်မူလာ ကြပါသည်။

(၃) လောဟိတရောင်ခြည်တော် ။ ဘုရားရှင်၏ အရေတော် အတွင်းက အသားတော်၊ အသွေးတော်နှင့် နှုတ်ခမ်းတော် စသည်တို့မှာ လွန်စွာနီမြန်းပါပေကုန်၏။ ထိုကဲ့သို့ ပင်ကိုယ်အားဖြင့် နီနီထွေးထွေး ဟင်္သပြဒါးသွေးနှင့်တူသော ကိုယ်အင်္ဂါအစိတ်အပိုင်းမှ လောဟိတရောင်ခြည်တော်များ ထွက်တော်မူကြသည်။ ဤလောဟိတရောင်ခြည် ထွက်တော်မူသောအခါ ကမ္ဗလာနီအဆင်း "သန္တာ"ဟု ခေါ်အပ်သော ရတနာနီအဆင်း ကြာနီပွင့်အဆင်း စသည်တို့နှင့်တူစွာ အလွန်ကြည်နူးဖွယ် ကောင်းသော အနီရောင်တို့သည် ရှင်တော်ဘုရား၏ ဝဲ-ယာဘက်နှင့် အထက်အောက် (ထက်ဝန်းကျင်) အရပ်တို့၌ အိမ်လုံး၊ တောင်လုံးခန့်မျှလည်းကောင်း၊ ထိုထက်ကြီးမားစွာလည်းကောင်း၊ အထူးကျက်သရေရှိစွာ အနှံ့အပြား ပျံ့သန်း ကွန့်မြူးကာ ထွက်ပေါ်တော်မူလာကြပါသည်။

(၄) ဩဒါတရောင်ခြည်တော်။ ဘုရားရှင်အသားတော်အတွင်း၌ ရှိသော အရိုးတော် သွားတော် မျက်ဖြူတော် စသည်တို့မှာ လွန်စွာဖြူဝင်းသန့်ရှင်း တင့်တယ်ပါပေကုန်၏။ထိုသို့ ပင်ကိုယ်

http://www.dhammadownload.com



အားဖြင့် ဖြူဝင်းသော ကိုယ်အင်္ဂါတော် အစိတ်အပိုင်းမှ ဩဒါတ ရောင်ခြည်တော်များ ထွက်တော်မူကြသည်။

ဤသို့ ဩဒါတရောင်ခြည်တော် ထွက်တော်မူသောအခါ ငွေအရောင်တောက်ပသော၊ လရောင်အဆင်း၊ ငွေပြားငွေထည်အဆင်း၊ ကူးသန်းသွားလာသော ငွေရည်အယဉ်- ငွေပန်းဆိုင်း စသည်တို့နှင့်တူစွာ အလွန်ကြည်နူးဖွယ်ရှိသော ဖြူဝင်းသောအရောင်တို့သည် ရှင်တော်ဘုရား၏ ဝဲ-ယာဘက်နှင့် အထက်အောက် (ထက်ဝန်းကျင်) အရပ်တို့၌ အိမ်လုံးတောင်လုံးခန့်မျှလည်းကောင်း၊ ထို့ထက်ကြီးမားစွာလည်းကောင်း၊ အထူးကျက်သရေရှိစွာ အန္တံ့ အပြား ပျံ့သန်းကွန့်မြူးကာ ထွက်ပေါ်တော် မူလာကြပါသည်။

(၅) မဉ္ဇိဋ္ဌရောင်ခြည်တော်။ မောင်းသော အဆင်းရှိသော မဉ္ဇိဋ္ဌရောင်ခြည်တော်များကားအဝါဘက်လည်းမကျ အနီရင့်ဘက်လည်းမကျ နီကြင်ကြင် ဝါကြင်ကြင်ရှိသော ကိုယ်အင်္ဂါတော်၏ ထိုထိုအရပ်မှ ထွက်တော်မူကြသည်။ ဤမဉ္ဇိဋ္ဌ ရောင်ခြည်တော် ထွက်တော်မူသောအခါ အချို့အရပ်တို့၌ရှိသော ထန်းကျစ်ပင် (သို့မဟုတ်) "နီပဆေး"ဟု ခေါ်အပ်သော သစ်ပင်၏ အတွင်းသားအဆင်းကဲ့သို့ အဝါရင့်ပန်းရောင်အစု, အနီနုပုံသဏ္ဌာန်စသည်တို့နှင့် တူစွာ အလွန်ကြည်နူးဖွယ်ရှိသော မောင်းသော ရောင်ခြည်တို့သည်ရှင်တော်ဘုရား၏ ဝဲ-ယာဘက်နှင့် အထက်အောက် (ထက်ဝန်းကျင်) အရပ်တို့၌ အိမ်လုံး တောင်လုံးခန့်မျှ လည်းကောင်း၊ ထို့ထက်ကြီးမားစွာ လည်းကောင်း၊ အထူးကျက်သရေရှိစွာ အန္တံ့အပြား ပျံ့သန်းကွန့်မြူးကာ ထွက်ပေါ်တော်မူလာကြပါသည်။

(၆) ပဘဿရရောင်ခြည်တော် ။ ပြိုးပြိုးပြက်ထွက်သော"ပဘဿရ" ရောင်ခြည်တော်၏ အဆင်းကား ရှေးရောင်ခြည်တော်(၅)သွယ်၏ အဆင်းပင်ဖြစ်သည်၊ ထွက်တော်မူပုံထူးသော ကြောင့် ရောင်ခြည်တော် တစ်ပါးဟုခွဲထား ရသည်။ ရှေးရောင်ခြည်တော်များမှာ အဆက်မပြတ်ဘဲ အိမ်လုံး-တောင်လုံးခန့်-စသည်ဖြင့် (ကြီးကြီး

http://www.dhammadownload.com



မားမား ကျယ်ဝန်းစွာ) ပျံ့နှံ့ ကွန့်မြူးလျက် ထွက်တော်မူကြသည်။ ဥပမာ-ညိုသော ရောင်ခြည်တော်ဆိုလျှင် လကွယ်သန်းခေါင် အခါ၌ ညိုမှောင်နေသကဲ့သို့ တစ်ဆက်တည်း ညိုမှောင်နေသည်။

ဤ "ပဘဿရ " ရောင်ခြည်တော်ကား တစ်ဆက်တည်းမဟုတ်၊ ကောင်းကင်ဝယ် လျှပ်စစ်ပြက်သလို ပြိုးကနဲ ပြက်ကနဲ လက်ကနဲဖြစ်ကာ အရောင်အမျိုးမျိုးဖြာလျက် တစ်မျိုးအားဖြင့် ကျက်သရေရှိစွာ ထွက်တော်မူကြသည်။

ယင်းကဲ့သို့ လင်းကနဲ လက်ကနဲနှင့် ပြိုးပြိုးပြက် ထွက်တော်မူရာဝယ် "ပိုးစုန်းကြူး" ဟု ခေါ်အပ်သော ပိုးကောင်ကလေးများ ညအခါ၌ လက်သလို (သေးသေးသိမ်သိမ် မဟုတ်) မှန်အပြင် ကြေးမုံအပြင်ပေါ်မှာ လရောင် ဓာတ်မီးရောင်ဟတ်သကဲ့သို့ ကတ်ကတ်သပ်သပ် မထင်မရှားဖြင့် မလင်းတလင်း မျိုးလည်းမဟုတ်။ ကြီးကြီးမားမား ထင်ရှားစွာ ထွက်တော်မူကြပါသည်။

အထက်ပါ ဖော်ပြချက်တို့မှာ ဗုဒ္ဓမြတ်စွာ၏ ရောင်ခြည်တော် (အစစ်) အကြောင်း သိကောင်းစရာများ ဖြစ်ပါသည်ဘုရား။ ဤဗုဒ္ဓ၏ ရောင်ခြည်တော်(အစစ်)များ၏ သဘောထား အခြေအနေနှင့် ရွှေနားမှာ တပည့်တော်များ ဖော်ပြခဲ့သော စမ်းကလေးဘုန်းကြီး၏ လုပ်ကြံ ရောင်ခြည်တော် ဆိုသည်များနှင့် တိုက်ဆိုင်နှိုင်းယှဉ်ကြည့်ပါလျှင် စမ်းကလေးအဖွဲ့၏ ရောင်ခြည်တော် လုပ်ရပ်သည် အတုအယောင် အလိမ်အညာသာ ဖြစ်ကြောင်း ထင်ရှားစွာ သိနိုင်ပါသည်ဘုရား။ ပို၍ထင်ရှားစွာသိရအောင် အနည်းငယ်ချဲ့ကာ နှိုင်းယှဉ်တင်ပြ လျှောက်ထားပါဦးမည်ဘုရား။

---

http://www.dhammadownload.com



## (ယ) စမ်းကလေး-ရောင်ခြည်တော်လွှတ်မှု-မိစ္ဆာဝါဒ၊ ရှင်းတမ်း အပိုင်း-၄-ကို တင်ပြလျှောက်ထားခြင်း

## စမ်းကလေး-ရောင်ခြည်တော်လွှတ်မှု-မိစ္ဆာဝါဒ-ရှင်းတမ်း၊ အပိုင်း (၄) ဗုဒ္ဓ၏ ရောင်ခြည်တော် (အစစ်)နှင့် စမ်းကလေးဘုန်းကြီး၏ ရောင်ခြည်တော် (အတု)ကို နှိုင်းယှဉ်ပြခြင်း

သဘာပတိဆရာတော်ကြီးနှင့် နိုင်ငံတော် သီခြားဝိနည်းဓိုရ် ဆရာ တော်ကြီးများဘုရား-

အထက်ပါ တပည့်တော်များ အထောက်အထားများဖြင့် ထုတ်ပြခဲ့သော ဗုဒ္ဓ၏ ရောင်ခြည်တော် (အစစ်သဘော)များနှင့် စမ်းကလေးဘုန်းကြီး၏ ရောင်ခြည်တော် (အတု)တို့ကို နှိုင်းယှဉ်သုံးသပ် လျှောက်ထားပြပါဦးမည်ဘုရား။

ရှေးဦးစွာ ရှေ့နား၌ တပည့်တော်များထုတ်ပြခဲ့သော(စမ်းကလေး ဂေါပက အဖွဲ့ ရောင်ခြည်တော် ကြော်ငြာတိတ်ခွေ)နှင့် နှီးဆော်စာများပါ တို့ကို ထပ်မံ လိုရင်းအကျဉ်းချုပ် ပြပါမည်ဘုရား-

စမ်းကလေးရောင်ခြည်တော် ကြော်ငြာကောက်နုတ်ချက် (၂၅)ချက်ကို ထပ်မံ လိုရင်း အနှစ်ချုပ်သော် -------

(၁) စမ်းကလေး-ကိုယ်တော်ကြီး၏ ခန္ဓာကိုယ်မှထွက်ပေါ်နေသောအရောင်တို့မှာ (စုန်းမရောင်-သူရဲရောင်-လျှပ်စစ်မီးရောင် မဟုတ်) (သူတို့၏ စကားအသုံးအနှုန်းအရ) ဘုရားရှင်၏ ရောင်ခြည်တော်(၆)သွယ် ကွန့်မြူး ပေါ်ထွက်နေတာဖြစ်သည်ဟု ပြောဆိုနေကြခြင်းဖြစ်ကြောင်း ကောက်ချက် ဖော်ပြလို့ရပါသည်။

(၂) ထိုစမ်းကလေး-လုပ်ကြံ-ရောင်ခြည်တော်တို့မှာ ထိုစမ်းကလေး ဘုန်းကြီး၏ သင်္ကန်းရုံအပြင်၌ ပေါ်နေသော ဦးခေါင်းပိုင်း ခြေ, လက်, အင်္ဂါတို့ ၌ (တစ်ခါတရံ သင်္ကန်းပေါ်၌ ) ဟိုတစ်ပြောက် ဒီတစ်ပြောက် ဟိုတစ်ကွက် ဒီတစ်ကွက် ပိုးစုန်းကြူး လက်သလို (မျက်တောင်တစ်ခတ်အချိန်ပင် မကြာဘဲ)ခဏလေး ပျောက်ပျောက်သွားတတ်သော မထင်မရှား ဝိုးတိုးဝါးတား အရောင်မျှသာ ဖြစ်သည်ဟု ကောက်ချက် ဖော်ပြလို့ရပါသည်။

http://www.dhammadownload.com



(၃) ယခုလို စမ်းကလေးကိုယ်တော်ကြီး၏ ခန္ဓာကိုယ်မှ ရောင်ခြည်တော် (၆)သွယ် ထွက်ပေါ်လာရခြင်း အကြောင်းမှာ -

(ဂေါပက အပြောအရ) ထိုကိုယ်တော်ကြီးသည် တစ်ချိန်က တောတောင် ကန္တာရများ၌ လှည့်လည်၍လည်းကောင်း၊ ရွာပစ်၊ ကျောင်းပစ်၊ (တစ်-လ ကြီးများ ကြာအောင် ) တရားရှာထွက်၍ လည်းကောင်း၊ ဘာဝနာတရားတွေ ပွားများ အားထုတ်လို့ အရိယာသူတော်ကောင်း ကိလေသာကင်းစင်သည့် သံဃာစစ်, သံဃာမှန် (ရဟန္တာ) ဖြစ်သွားတာကြောင့် ဗုဒ္ဓရှင်တော်မြတ်၏ ဓါတ်တော်များ စမ်းကလေးဘုန်းကြီး၏ ခန္ဓာကိုယ်၌ ကိန်းဝပ်တည်လာပြီး ရောင်ခြည်တော် (၆)သွယ်မက (ဂေါပကအပြောအရ) အပြာရောင် အစိမ်းရောင်များ ရောင်ခြည် တော်(၈)သွယ် ကွန့်မြူးထွက်ပေါ်နေတာ ဖြစ်သည်ဟု ကောက်ချက် ဖော်ပြ လို့ရပါသည်။

(၄) (က) ရွှေနားစာမျက်နှာ (၁၂၆)၌ ထုတ်ပြခဲ့သော (မုသာဝါဒ) ရောင်ခြည်တော် ကြော်ငြာကောက်နုတ်ချက် အမှတ်(၄) ပါ (သင်းကျစ်တော်မှာ) ဟူသော စကား၊

(ခ) အမှတ်-၁၁-ကောက်နုတ်ချက်လာ (ပွင့်တော်မူ) ဆရာတော် တစ်-ဆူ ဟူသော စကားသုံး (ဘုရားကိုယ်တော်တိုင် ကြွမြန်း လာဘိသကဲ့သို့ နှလုံးသွင်းလေးနဲ့ )ဟူသော စကားသုံး၊

(ဂ) အမှတ်(၂၄) ကောက်နုတ်ချက်လာ (တိတိကျကျ ပွင့်တော်မူလာ) ဟူသော စကားသုံးများနှင့်

(ဃ) ရောင်ခြည်တော်ကြော်ငြာ-အစ-အဆုံးအထိ (ရောင်ခြည် တော်-၆သွယ်) (မြတ်စွာဘုရား၏ ရောင်ခြည်တော်) ဟူသော အသုံးအနှုန်းများကို ထပ်ကာတလဲလဲ သုံးနှုန်းပြောဆို နေကြခြင်းများကို ထောက်ထား၍ စမ်းကလေး ကိုယ်တော်ကြီးကို ဘုရားအဖြစ်သို့ ရောက်အောင် တင်မြှောက်သည့် အနေ (ဆရာတပည့်တို့ အလိုတူလိုပါ) ကြော်ငြာနေခြင်း ဖြစ်ကြောင်း ကောက်ချက်ချလို့ရပါသည်။

http://www.dhammadownload.com



(၅) အမှတ်(၂၃) ကောက်နုတ်ချက်ကြော်ငြာ၌ ယခင်ရှေးနှစ်ပိုင်းများက စမ်းကလေးကျောင်းမှာ -------

* ဘုရားလက်တွေလှုပ်တယ်
* ညောင်ရွက်တွေလှုပ်တယ်
* တိတ်ခွေထဲမှာ နတ်လိုဟောတဲ့ ဟာတွေပေါ်လာတယ်-

ဟူသောကောလဟာလတွေကြောင့် လူတွေ ရှုန်းရှုန်းရှုန်းရှုန်း သွားလာဝင်ထွက် (ဖြစ်ခဲ့ဖူး)တာကို ရည်ညွှန်းပြောဆို၍ အခုရောင်ခြည် တော်(၆) သွယ် ပေါ်လာပါပြီဟု ပြောဆိုကြော်ငြာခြင်းသည်လည်း (ယခင် လုပ်ရပ်များ နည်းတူ) လူတွေ ရှုန်းရှုန်း ရှုန်းရှုန်း ဝင်ထွက်သွားလာမှုတွေ များသည်ထက် များလာအောင် ကောလာဟလစကားတွေလွှင့် လိမ်-ညာမှု ပြုလုပ်နေတာ ဖြစ်သည်ဟု ကောက်ချက်ဖော်လို့ရပါသည် ဘုရား။

မှတ်ချက်။ ။ နတ်လိုဟောတဲ့ဟာတွေ ပေါ်လာတယ်ဟူသော အချက်နှင့် ပတ်သက်၍ နောက်နားစာမျက်နှာ (၁၆၃)၌ ရှင်းလင်း လျှောက်ထားပါမည်။

### ရောင်ခြည်တော်-စောဒနာ (၁)

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

အထက်နား၌ တပည့်တော်များထုတ်ပြခဲ့ပြီးသော ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ဗုဒ္ဓမြတ်စွာတို့၏ ပကတိရောင်ခြည်တော်ဟူသည်မှာ--

(က) လူ-နတ်-ဗြဟ္မာ-သတ္တဝါတို့ (ဘာဘုန်းကံ ပါရမီမျှမလို) ပကတိမျက်စိဖြင့်ပင် မြင်ရလောက်သည့် ပကတိ ကိုယ်တော် မှ(အချိန်ပိုင်းမဟုတ်) အမြဲတမ်းတက်ကြွနေသော အလွန် ထူထဲသော ဘုရားရှင်၏ကိုယ်တော်နှင့် ဝေခွဲ၍ပင် မရနိုင် လောက်အောင် တစ်ခဲနက်ထွက်ပေါ်နေသော (လျှပ်စစ်

http://www.dhammadownload.com



မီးလုံးနှင့် ထိုမီးလုံးပြန့်နှံ့ရာ အရောင်ဝင်းသကဲ့သို့ ) ဘုရားရှင် ကြွတော်မူလေရာသို့ အမြဲလိုက်ပါ ဝင်းထိန်နေသည့် (ဂေါတမ ဗုဒ္ဓမြတ်စွာ၌) (တစ်)လံမျှလောက် အတိုင်းအရှည် အထိ လည်းကောင်း၊ အတောင်(၈၀) အတိုင်းအရှည်အထိ လည်းကောင်း၊ (ဗုဒ္ဓက အဓိဋ္ဌာန်မှုမပြုသမျှ) မပျောက်မကွယ် လင်းထိန်နေသော ဗုဒ္ဓမြတ်စွာ၏ ရှုပါရုံအဆင်း-ဝဏ္ဏဓာတ် အထူးဖြစ်ပါသည် ဘုရား။

(ခ) ယခု စမ်းကလေးကိုယ်တော်ကြီး၏ ရောင်ခြည်တော် ဟူ သည်မှာ လူတိုင်းမတွေ့ရ (ပါရမီကံထူး ရှိသူ) ကံ-ဆွေမျိုး ဆိုသူများမှသာ တွေ့တတ်ပါသည်တဲ့)။

တချို့ ပကတိမျက်စိဖြင့်မမြင်ရဘဲ နေမင်းကို အရင်ကြည့်ပြီး နောက် ထိုဘုန်းကြီးကိုကြည့်လိုက်မှ မြင်ရတတ်ပါသည်တဲ့။ အချိန်တိုင်းလည်း မဖူးရ နေ့ (၁း၀၀)နာရီ (တစ်)ကြိမ်၊ ညနေ (၄း)နာရီ (တစ်)ကြိမ်၊ (တစ်)ကြိမ်လျှင် (၁၅)မိနစ်၊ မိနစ်(၂၀) ခန့်၊ အချိန်သာ ဖူးတွေ့ခွင့်ရပါသည်တဲ့ (ဒါလည်း လူတိုင်း မဟုတ်) တစ်ချို့တလေသာ ဖူးတွေ့ရပါသည်တဲ့။

(အမြဲတမ်း မပျောက်မကွယ် တစ်ခဲနက် လင်းထိန်နေခြင်းလဲ မဟုတ်) စမ်းကလေးဘုန်းကြီး ပလ္လင်ပေါ်နေခိုက် ခဏသာ ထွက်ပေါ်ခြင်းဖြစ်ပါသည်တဲ့၊ ဒါတောင် မျက်တောင်(တစ်) ခက်အတွင်း ပျောက်ပျောက်သွားလေ့ရှိသော ဟို(တစ်) ပျောက် ဒီ(တစ်)ပျောက် မထင်မရှား ဝိုးတိုးဝါးတားသာ ဖြစ်ပါ သည်-တဲ့၊ ဘုန်းကြီးလဲ ပလ္လင်ပေါ်မှ အောက်ကိုဆင်း ရောင်ခြည်တော်လဲ ကွယ်ပျောက်ပါသည်တဲ့။ ထွက်ပေါ် သည့် ရောင်ခြည် အတိုင်းအရှည်ကလဲ (တစ်)လံမျှ၊ အတောင် (ရှစ်ဆယ်)မျှ အရောင်ဖြန့်ဖို့ဝေးစွ၊ စမ်းကလေး ကိုယ်တော်၏ ပတ်ဝန်းကျင် (တစ်-လက်မမျှပင်) မပြန့်နှံ့ပါ- တဲ့ ဘုရား။

http://www.dhammadownload.com



မှတ်ချက်။ ။ ကျောင်းခေါင်ပေါ်က ထွက်သောအရောင်များ နေလသို့ ကူးယှက် ပျံ့သန်းနေသည်ဟူသော အရောင်တို့ကိုကား စမ်းကလေး ကိုယ်တော်၏ခန္ဓာမှ ထွက်ပေါ်ခြင်းမဟုတ်၍ နှိုင်းယှဉ် မပြလိုတော့ပါ။

ယခု တပည့်တော်များ နှိုင်းယှဉ်ပြချက်အရ- စမ်းကလေးကိုယ်တော်ကြီး ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည်ဆိုသော အရောင်သည် ဗုဒ္ဓမြတ်စွာ၏ (ဗျာမပ္ပဘာ+အသီတိနိစ္စလောဘာသ-ဟူသော) ပကတိကိုယ်တော် ရောင်မျိုး (အစစ်)မဟုတ်နိုင်ပါ၊ စမ်းကလေးဆရာတပည့်တို့ စားပေါက်လမ်းထွင် အကြံ အဖန် ပြုလုပ်ထားသော ရောင်ခြည်တော်(အတု) အယောင် အလိမ်အညာ သာ ဖြစ်နိုင်ပါသည်ဘုရား။

ထိုသို့ ဖြစ်ပါသောကြောင့် -

စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသ၏ ခန္ဓာကိုယ်မှ ရောင်ခြည်တော် (၆)သွယ် ထွက်ပေါ်နေပါသည်ဟူသော စမ်းကလေး ဆရာတပည့်တို့အဖွဲ့ အလိုတူ အလိုပါ ကြော်ငြာမှု ရေးသားမှု လုပ်ငန်းအရပ်ရပ်တို့သည် -

ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်နှင့် လုံးဝဆန့်ကျင် လွဲချော်မှားယွင်း နေသော မိစ္ဆာဝါဒ-အဓမ္မဝါဒဆိုးကြီး ဖြစ်ပါသည်ဘုရား။

ထိုသို့ ဖြစ်သောကြောင့် ထိုစမ်းကလေးဆရာတော်၏ ထိုမိစ္ဆာဝါဒ အဓမ္မဝါဒဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်း ပေးတော်မူပါရန် တင်ပြလျှောက်ထား (စောဒနာ) အပ်ပါ သည် ဘုရား။

--------------------

http://www.dhammadownload.com



## ရောင်ခြည်တော် ဓောဒနာလွှာ (၂)

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

အထက်နား၌ တပည့်တော်များထုတ်ပြခဲ့ပြီးသော ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ဘုရားရှင်များ၏ ဒိသာဖရဏ အမည်ရသော ရောင်ခြည် တော် ခြောက်သွယ်ဟူသည်မှာ-

(က) သဗ္ဗညုတ ဉာဏ်တော်ကြီး၏ စွမ်းရည်သတ္တိကြောင့်

(ခ) ပဋ္ဌာန်းဒေသနာတော်ကြီးကို ဆင်ခြင်သုံးသပ်တော်မူခြင်း မှ စတင်၍

(ဂ) ယမိုက်ပြာဋိဟာ ပြရာအခါ စသည် (ဗုဒ္ဓရှင်တော်မြတ်က ကွန့်မြူး စေလိုသော စိတ်ဆန္ဒတော် ဖြစ်ပေါ်ရာအခါ)တို့၌ ထွက်ပေါ် ကွန့်မြူးရသော ရောင်ခြည်တော်များဖြစ်ပါသည်။

(ဘုရားမှတစ်ပါး အခြားမည်သည့် သာဝကများနှင့်မျှ မဆက်ဆံ မသက်ဆိုင်သော ဘုရားရှင်တို့၏ ခန္ဓာကိုယ်မှသာ (ထွက်ပေါ် ကွန့်မြူးနိုင်သည့်) ရောင်ခြည်တော်ပျံ့နှံ့မှု အတိုင်းအတာအားဖြင့် အထက်ဘဝဂ်တိုင်အောင် ဖီလာ စကြဝဠာ အနန္တတိုင်အောင် ထိုအတွင်း၌ လရောင်, နေရောင်, ကြယ်ရောင်, နတ်တို့၏ အရောင် လောကဓာတ် ကုဋေတစ်သိန်း လင်းထိန်နိုင်သည့် ပြဟ္မာကြီးတို့၏ အရောင်ဟူသော အရောင်အားလုံးတို့ကို လွှမ်းမိုးနိုင်စွမ်းရှိသည့် ရောင်ခြည်တော်ထူးကြီး ဖြစ်ပါသည်။

ယခု ရောင်ခြည်တော်လွှတ်သည်ဆိုသော စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသသည်-------

(က) သဗ္ဗညုတ ဉာဏ်တော်မြတ်ကြီးကို ရရှိသူဖြစ်ဖို့ဝေးစွ၊ ရောင်ခြည် တော်ဟူသည် ဘုရားအရာလော သာဝကအရာ လော ဟုပင် ခွဲခြားသိနိုင်လောက်သော ဉာဏ်ပညာ မရှိသူ အဖျင်းကြီးဖြစ် နေသောကြောင့် လည်းကောင်း၊

http://www.dhammadownload.com



(ခ) ထိုသို့ ဉာဏ်ပညာဖျင်းလွန်းလှသူ စမ်းကလေးကိုယ်တော်ကြီးသည် မဟာသမုဒ္ဒရာနှင့် နှိုင်းရလောက်အောင် ကျယ်ဝန်းနက်နဲသော မဟာပဋ္ဌာန်းတော်ကြီးကို အပြည့်အစုံ ဆင်ခြင်သုံးသပ်နိုင်ဖို့ ထားလိုက်ပါကဦး၊ ဟေတုပစ္စယောဟူသော ပဋ္ဌာန်းအစ အက္ခရာ(၅)လုံးမျှသာရှိသော ပါဠိကလေး၌ အကျုံးဝင် မြုပ်နေသော အဓိပ္ပါယ် သဘာဝများကိုပင် (အမှန်အတိုင်း) ဆင်ခြင်သုံးသပ်နိုင်မှု မရှိခြင်းကြောင့်လည်းကောင်း၊

(ဂ) ယခု စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသ၏ခန္ဓာ၌ ရောင်ခြည်တော်ခြောက်သွယ် ပေါ်ထွက်နေသည်ဟု ကြော်ငြာနေခြင်း အခြေအနေမှာ ဘုရားရှင်၏ တာဝတိံသာသို့ ကြွခါနီး တိတ္ထိများကို နှိမ်နင်းဘို့ ရေမီးအစုံ တန်ခိုးပြာဋိဟာ ပြခြင်းမျိုးဖြစ်ဖို့ဝေးစွ၊ (အလိမ်ပေါ်မှာစိုး၍ သုတ်သီးသုတ်ပြာ) (၁၅)မိနစ်၊ မိနစ် (၂၀)ခန့် ပလ္လင်ပေါ် ငုတ်တုတ်ထိုင်ပြပြီး (ထောက်လှမ်းရေး-ကြောက်လို့) မြန်မြန်ကျောင်းထဲ ပြန်ဝင်ပြီး ပြေးရသော အခြေအနေမျိုး ဖြစ်သောကြောင့် လည်းကောင်း၊

(ဃ) ယခု စမ်းကလေးကိုယ်တော်ကြီး၏ ရောင်ခြည်တော်ဟူသည်မှာ အထက်ဘဝဂ် ဗိလာ စကြာဝဠာအနန္တ ပျံ့နှံ့၍ နေ, လ, နတ်ပြဟ္မာကြီးများ၏အရောင်ကို လွှမ်းမိုးနိုင်ဖို့ဝေးစွ၊ သူ့ခန္ဓာကိုယ်ပတ်ဝန်းကျင် တစ်လက်မခန့်မျှ မပျံ့နှံ့ဘဲ၊ မျက်တောင်တစ်ချက်ခတ်လိုက်မိရင်ပင် မမြင်ရတော့လောက်အောင် မှေးမှိန်လွန်းလှသဖြင့် ပိုးစုန်းကြူးရောင်ကိုပင် (အဘ) ခေါ်ရလောက်အောင် သေးသိမ်လွန်းသောကြောင့် လည်းကောင်း ---------

စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသ၏ ခန္ဓာကိုယ်၌ ပေါ်ထွက်နေသည်ဆိုသော ရောင်ခြည်တော် ဆိုသည်မှာ ဗုဒ္ဓမြတ်စွာ၏ ဒိသာဖရဏ ရောင်ခြည်တော်ခြောက်သွယ် မဟုတ်နိုင်ပါ၊ စားပေါက်လမ်းထွင် အကြံအဖန် လုပ်ထားကြသော ရောင်ခြည်တော် အတုအယောင် အလိမ်အညာသာ ဖြစ်နိုင်ပါသည်ဘုရား။

http://www.dhammadownload.com



ထိုသို့ ဖြစ်ပါသောကြောင့် စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသ၏ ခန္ဓာကိုယ်၌ ရောင်ခြည်တော်ခြောက်သွယ် ပေါ်ထွက်နေသည် ဟူသော စမ်းကလေး ဆရာတပည့်တို့အဖွဲ့ (အလိုတူ အလိုပါ) လိမ်ညာ၍ ကြော်ငြာမှု ရေးသားမှု လုပ်ငန်းအရပ်ရပ်တို့သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် (လုံး၀) ဆန့်ကျင်လွဲချော်မှားယွင်းနေသော မိစ္ဆာဝါဒ၊အဓမ္မဝါဒကြီး ဖြစ်ပါသည် ဘုရား။ ထိုသို့ဖြစ်ပါသောကြောင့် စမ်းကလေးဆရာတော်၏ ထိုမိစ္ဆာဝါဒ အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်းပေးတော်မူပါရန် တင်ပြလျှောက်ထား စောဒနာအပ်ပါ သည်ဘုရား။

## ရောင်ခြည်တော် စောဒနာ-၃

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

အထက်နား၌ တပည့်တော်များ ထုတ်ပြခဲ့သော ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်လာ ဗုဒ္ဓမြတ်စွာတို့၏ ပကတိရောင်ခြည်တော်နှင့် ဒိသာဖရဏ ရောင်ခြည်တော်များ ထွက်ပေါ်လာခြင်း အကြောင်းတို့မှာ---

(က) ဗုဒ္ဓမြတ်စွာတို့၏ ပကတိကိုယ်တော်ရောင်တို့သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း ပါရမီကုသိုလ်တို့ကို ဖြည့်ကျင့်အားထုတ်၍ မိမိ၏ အဇ္ဈာသယ အားလျော်စွာ ဆုတောင်းပန်ထွာပြုခဲ့ခြင်းကြောင့် (ပန်ထွာခဲ့သောဆု အလိုက်ထိုက်သလို) ဖြစ်ပေါ်လာရသော အရောင်တော်ဖြစ်ပါသည်။

(ခ) မြတ်စွာဘုရားတို့၏ ဒိသာဖရဏ ရောင်ခြည်တော်သည် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် မဟာပဋ္ဌာန်းကျမ်းတော်ကြီးကို ဆင်ခြင်သုံးသပ်ခြင်းကြောင့် (စတင်ထွက်ပေါ်လာကာ) နောင်အခါလည်း ထိုသဗ္ဗညုတ ဉာဏ်တော်စွမ်းရည်၏ စွမ်းရည်သတ္တိ အရှိန်ဆက်ကာ အကြောင်းအားလျော်စွာ(အလိုတော်ရှိတိုင်း) ထွက်ပေါ်ကွန့်မြူးရသော အရောင်တော်ဖြစ်ပါသည်။

http://www.dhammadownload.com



ယခု စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသ၏ခန္ဓာ၌ ရောင်ခြည်တော် ထွက်ပေါ်ရခြင်းအကြောင်းမှာ ထိုကိုယ်တော်ကြီး တောတောင်ကန္တာရ လှည့်လည်သွားလာ၍လည်းကောင်း၊ ကျောင်းပစ်ရွာပစ် (တစ်လကြီးမျှ ကြာအောင်) တရားရှာထွက်၍လည်းကောင်း၊ ဘာဝနာတရားတွေ အားထုတ်ခဲ့ခြင်းကြောင့် အရိယာသူတော်ကောင်း ကိလေသာကင်းစင်သော သံဃာအစစ် သံဃာအမှန် (ရဟန္တာ)ဖြစ်သည့်အတွက် ဗုဒ္ဓမြတ်စွာ၏ ဓါတ်တော်တွေ လာရောက်ကိန်းဝပ်ပြီး ရောင်ခြည်တော် ကွန့်မြူးနေတာ ဖြစ်သည်ဟု ဂေါပက ကြော်ငြာသည့်အတိုင်းဆိုပါက-

(က) ရောင်ခြည်တော်ထွက်နိုင်ဖို့ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီ (ဆုပန်၍) ပါရမီကုသိုလ်လည်း ဖြည့်စရာမလို၊ သဗ္ဗညုတဉာဏ်ရအောင် တရားကျင့်စဉ်များကိုလည်း ကျင့်စရာမလိုဘဲ မသိနားမလည် သူ သာဝကပရိသတ်များထံမှ လာဘ, သက္ကာရ သိလောကတွေ လှိုင်လှိုင်ရအောင် သောတာပန် ပါးစပ်ပေး(မ) တရားကလေးဟောပြီး စီးပွားရှာရင်း စီးပွားရှာရင်း (ငွေစက္ကူတွေ ကြီးပွားလာသလို) ဉာဏ်တော်ပါ ကြီးပွားလာပြီး ဓာတ်တော်များ ကိန်းဝပ်လျက် ရောင်ခြည်တော်များ ထွက်ပေါ်လာရတာဟု ဆိုရပါမည်ဘုရား။

(ခ) ဤသို့သာ-အရိယာ(တု)သူတော်မဟုတ်၊ ကိလေသာဖြစ်ထူ၊ သံဃာ (မစစ်) သံဃာ(လိမ်) စမ်းကလေးဘုန်းကြီးကပင် ရောင်ခြည်တော် ထွက်ပေါ်ရသည်ဆိုလျှင် ထိုစမ်းကလေး ဘုန်းကြီးထက် အဆပေါင်းများစွာ ဂုဏ်ရည်သာသော အရိယာ(အစစ်) သူတော်ကောင်း (အစစ်) ကိလေသာ စင်ကြယ်သူ (အစစ်) သံဃာအစစ်အမှန် ဖြစ်တော်မူသော လွန်စွာတန်ခိုး ကြီးမားပြီး နန္ဒောပနန္ဒ နဂါးမင်းကြီးကိုပင် မာန်စွယ်ကျိုးအောင် နှိမ်နင်းနိုင်စွမ်း ရှိတော်မူသော ဇေတဒဂ်ရဘွဲ့ရ တန်ခိုးရှင်ကြီး အရှင်မဟာမောဂ္ဂလာန် မထေရ်ကြီး၏ခန္ဓာမှ ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူး စရာ ကောင်း

http://www.dhammadownload.com



ပါသည်။ သို့ပါသော် ရောင်ခြည်တော်သည် သာဝကအရာ မဟုတ်သောကြောင့် မထွက်ပေါ် မကွန့်မြူးခဲ့ပါ၊ သို့ပါလျက် နဂါးမင်းကို အသာထား၊ တီကောင်ကိုပင် (ဆား) မပါဘဲ နိုင်အောင် မနှိမ်နင်းနိုင်သော (ဘာတန်ခိုးမျှ မရှိသူ) စမ်းကလေး ဘုန်းကြီး၏ခန္ဓာမှ ရောင်ခြည်တော် ထွက်ပေါ်နေသည်ဆိုခြင်းမှာ လိမ်မှု ညာမှုသာဖြစ် နိုင်ပါသည်ဘုရား။

ထို့အပြင် ဘာဝနာပွား၍ ဓာတ်တော် ကိန်းဝပ်လာကာ ရောင်ခြည်တော် ထွက်ပေါ်ရပါသည်ဟု (ဂေါပကစကားအရ) ဆိုပါလျှင်လည်း ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် သာသနာတော်အတွက် အလွန်ပင် ကျေးဇူးများ၍ ဗုဒ္ဓ၏ ဘရင်းအနီးဆုံး တပည့် ကြီးဖြစ်တော်မူသော (ဘာဝနာတရားများ၊ မအိပ်မနေ အားထုတ်တော် မူခဲ့သော) ဓေတဒဂ် ငါးတန်ဘွဲ့ရ ဓမ္မဘဏ္ဍာဂါရိက အရှင် အာနန္ဒာ၏ ကိုယ်တော်၌ ဘုရားဓာတ်တော်များ ကိန်းဝပ်၍ ရောင်ခြည်တော် ထွက်ပေါ်စရာ ကောင်းပါသည်။ သို့ပါသော် ဘုရားဓာတ်တော်ဟူသည် လူ့ပုဂ္ဂိုလ်၌ မကိန်း၊ ရောင်ခြည်တော်ဟူသည် ဘုရားအရာသာဖြစ်သောကြောင့် အရှင်အာနန္ဒာ၏ ခန္ဓာ၌ ဓာတ်တော်ကိန်း၍ ရောင်ခြည်တော်မထွက်ပေါ်ခဲ့ဖူးပါ **(ဓာတ်တော်ဟူသည် လူမှာကိန်းမှ ရောင်ခြည်လွှတ်သည် မဟုတ်၊ လူကသာ ဓာတ်တော်ကိုမှီ၍ စီးပွား ရှာချင်ရှာမည်)**

သို့ဖြစ်ပါလျက် ဘာဓေတဒဂ်မှလဲမရ ၊ သာသနာအတွက်လည်း ဘာတစ်ခုမှ ကျေးဇူးမပြု ၊ ဗုဒ္ဓ၏ကျင့်စဉ်မှန်တရား တို့ကိုလည်း ဘာမျှဖြစ်မြောက်အောင် အားမထုတ်၊ တရားဟောစားသည့် အလုပ်ဖြင့် သာသနာဖန်းပြ၍ လာဘသက္ကာရ သိလောကတွေသာ(မသိနားမလည်သူများ)ထံမှ လိမ်ညာယူ၍ သာသနာ ဖျက်နေသော စမ်းကလေးဘုန်းကြီး၏ ခန္ဓာကိုယ်၌ (ခြေထောက်၊ ခြေမ၊ နေရာများ၌ပါ) ဓာတ်တော်များ ကိန်းဝပ်၍ ရောင်ခြည်တော်ခြောက်သွယ်မက (အစိမ်း၊ အပြာ အပိုထည့်၍) ရောင်ခြည်တော်ရှစ်သွယ် ထွက်ပေါ်နေသည်ဆို ခြင်းမှာ လိမ်မှုညာမှု လိမ်ညာမှုသာ ဖြစ်နိုင်ပါသည်။

မကြားကောင်းမနာသာ ဗုဒ္ဓ၏ဓာတ်တော်များ စမ်းကလေးဘုန်းကြီး၏

http://www.dhammadownload.com



ခြေထောက်, ခြေမများ၌ပါ ကိန်းဝပ်သည်ဆိုခြင်းဖြင့် ဗုဒ္ဓ၏ ဓာတုစေတီတော်ကြီးကို ဂုဏ်ရည်နှိမ့်ချ မတော်မတရား စော်ကားလိုက်ခြင်းလည်း ဖြစ်ပါသည်ဘုရား။

ထိုသို့ဖြစ်ပါသောကြောင့် စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသ၏ ခန္ဓာကိုယ်မှာ ဓာတ်တော်များ ကိန်းဝပ်၍ ရောင်ခြည်တော် ရှစ်သွယ်ကွန့်မြူးထွက်ပေါ်နေသည်ဟူသော စမ်းကလေးဆရာ တပည့်တို့အဖွဲ့ (အလိုတူအလိုပါ) လိမ်ညာ၍ ကြော်ညာမှု ရေးသားမှု အရပ်ရပ်တို့သည်-----

ဗုဒ္ဓ၏ထေရဝါဒ ဒေသနာတော်နှင့် (လုံး၀) ဆန့်ကျင်လွှဲချော် မှားယွင်းနေသော မိစ္ဆာဝါဒ၊ အဓမ္မဝါဒကြီး ဖြစ်ပါသည်ဘုရား၊ ထိုသို့ ဖြစ်ပါသောကြောင့် စမ်းကလေးဆရာတော်၏ ထိုမိစ္ဆာဝါဒ၊ အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်း ပေးတော်မူပါရန် တင်ပြလျှောက်ထား စောဒနာအပ်ပါသည်ဘုရား။

## ရောင်ခြည်တော်စောဒနာ-၄

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

ဆရာတော်ကြီးများ သိတော်မူပြီးသည့်အတိုင်း ဘုရားတပည့်တော်များ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်ကြီး၌ ဗုဒ္ဓရှင်တော်မြတ်နှင့် သာဝကတို့ဆိုင်ရာ အခေါ်အဝေါ်များ မတူတာရှိပါသည်ဘုရား---

ဥပမာ-

(က) ဘုရားအလောင်းတော် (တစ်ပါး) တရားရှုပွား၍ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းကို (ဘုရားပွင့်) သည်ဟုခေါ်ဝေါ်သုံးစွဲရပါသည်။ သာဝကတစ်ပါး တရားရှုပွား၍ ရဟန္တာဖြစ်သည်ကို (ရဟန္တာပွင့်သည်) ဟု ခေါ်ဝေါ်သုံးစွဲ၍မရှိပါ(ရဟန္တာဖြစ်သည်)ဟုသာ ခေါ်ဝေါ်သုံးစွဲရပါသည်။

(ခ) ဗုဒ္ဓမြတ်စွာတို့၏ အရေအတွက်ကို ခေါ်ဝေါ်သုံးစွဲရာ၌ ဘုရားတစ်ပါး ဘုရားနှစ်ပါး စသည်မသုံးစွဲရပါ၊ဘုရားတစ်ဆူ ဘုရားနှစ်ဆူ၊ စေတီတစ်ဆူ၊ ရုပ်ပွားတော်နှစ်ဆူ စသည် သုံးစွဲရပါသည်။

http://www.dhammadownload.com



(ဆူ)ဟူသော ဝေါဟာရသည် ဘုရားဖြစ်ပြီးသူ သက်တော် ထင်ရှားနှင့် စေတီရုပ်ပွားတို့ ဆိုင်ရာ၌သာ သုံးစွဲရပါသည်။ ဘုရားအလောင်းတော်ကိုပင် ဘုရားမဖြစ်မီ အလောင်းတော် (တစ်ဆူ)ဟု မသုံးစွဲရဘဲ အလောင်းတော်တစ်ပါးဟုသာ သုံးစွဲရပါသည်။ သာဝကတို့၏ အရေအတွက်ကို သုံးစွဲရာ၌လည်း ဆရာတော်တစ်ဆူ ဆရာတော်နှစ်ဆူစသည် မသုံးစွဲရပါ၊ ဆရာတော်တစ်ပါး ဆရာတော်နှစ်ပါးစသည်ဖြင့် သုံးစွဲရပါသည်။ [ရဟန်းရှင်လူ နတ်၊ ဗြဟ္မာများအားလုံး ပါဝင်သည့်အသုံး၌ အရိယာ(ဂ)ယောက်၊ ပုထုဇဉ် (၄)ယောက်စသည် သုံးစွဲနိုင်ပါသည်]

(ဂ) မြန်မာပြည် မြန်မာစာ အသုံးအနှုန်း ဝေါဟာရများမှာလည်း အရာဌာနအလိုက် ရည်ညွှန်းချက်မတူပါ။

ဥပမာ----------

ပရိနိဗ္ဗာန်စံသည်ဆိုလျှင် (ဘုရား, ရဟန္တာ)တို့ကို ရည်ညွှန်းသုံးစွဲခြင်းဖြစ်ပါသည်။

* ပျံလွန်တော်မူသည်ဆိုလျှင် တခြားရဟန်းများကို ရည်ညွှန်းသုံးစွဲခြင်း ဖြစ်ပါသည်။
* နတ်ရွာစံသည်ဆိုလျှင် ရှင်ဘုရင်, မိဖုရားများကို ရည်ညွှန်းသုံးစွဲခြင်း ဖြစ်ပါသည်။
* သေသည်ဆိုလျှင်, ဆုံးသည်ဆိုလျှင် သာမန်လူသားနှင့် တိရစ္ဆာန်များကို ရည်ညွှန်းသုံးစွဲခြင်းဖြစ်ပါသည်။

(ဃ) အရောင်နှင့်ပတ်သက်၍လည်း ဘုရားနှင့်မဆိုင်သော တခြားအရောင် ဆိုင်ရာ၌ နေရောင်, လရောင်, မီးရောင်တောက်သည်စသည် သုံးစွဲရ၍ ဘုရားနှင့်ဆိုင်ရာ၌ အရောင်တော်, ရောင်ခြည်, ရောင်ခြည်တော်ဟု(အထူးပြု) သုံးစွဲရပါသည်။

ယခု စမ်းကလေးဘုန်းကြီးနှင့် တပည့်ဂေါပကတို့သည် မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာနေ၊ မြန်မာစကား, စာဝေါဟာရအသုံးအစွဲ ကွဲပြားမှုကို ခွဲခြားသိနိုင်ကြပါလျက် တပည့်များက (ဆရာ) စမ်းကလေးဘုန်းကြီးကို အနေကန် မဟုတ်၊ ဧကန်ဘုရားဖြစ်ပြီဟု ဘုရားဘွဲ့ထူးခံယူစေချင် (စမ်းကလေး ဘုန်းကြီးကိုယ်

http://www.dhammadownload.com



တိုင်ကလည်း ဘုရားဘွဲ့ထူးခံယူချင်) ကြသောကြောင့်

(၁) ဆရာတော်ဘုရားကြီး၏ (သင်းကျစ်တော်)ဟူ၍လည်းကောင်း၊

(၂) ဆရာတော်(တစ်ဆူ) (ပွင့်တော်မူ)လာသည်ဟူ၍လည်းကောင်း၊

(၃) ဆရာတော်ဘုရား၏ခန္ဓာကိုယ်မှ(ရောင်ခြည်တော်ခြောက်သွယ်) ထွက်ပေါ်ကွန့်မြူးလာသည်ဟူ၍လည်းကောင်း၊

ဗုဒ္ဓမြတ်စွာနှင့်သာဆိုင်သော ဝေါဟာရများကို စမ်းကလေး (ဘုရားယောင်)ကိုယ်တော်ကြီးအတွက်အသုံးပြုခဲ့ ခေါ်ဝေါ်ခဲ့ကြပါသည်။

ဥပမာ-------

ရှင်ဘုရင်တို့သာ ဝတ်ဆင်ပိုင်ခွင့်ရှိသော (မင်းမြောက်တန်ဆာ)ကို သချိုင်းကုန်းက သူတောင်းစားကို ဝတ်ဆင်ပေးလိုက်ခြင်းနှင့်တူလှပါတော့သည် ဘုရား။

ထိုသို့ ဝတ်ဆင်ပေးလိုက်ခြင်းကြောင့် သချိုင်းကုန်းလည်း နန်းတော်မဖြစ်လာ၊ သူတောင်းစားလည်း(သူတောင်းစားသာဖြစ်၍)ရှင်ဘုရင် ဖြစ်မလာနိုင်ပါ၊ ဖြစ်ပါသည်ဆိုလျှင် နန်းတော်အတု ရှင်ဘုရင်အတုသာဖြစ်ရပါမည်။

ထိုအတူ ဘုရားနှင့်သာ ဆိုင်သော (သင်းကျစ်တော်) (တစ်ဆူ) (ပွင့်တော်မူ) (ရောင်ခြည်တော်) စသော ဝေါဟာရတို့ကို စမ်းကလေးဘုန်းကြီးအတွက် အသုံးပြုလိုက်သဖြင့် စမ်းကလေး (ဓမ္မာရုံ)ပေါ်က လူလုပ်ပလ္လင်ကလည်း အပရာဇိတာ ပလ္လင် မဖြစ်လာနိုင်ဘဲ စမ်းကလေးဘုန်းကြီးလည်း (ဘုရားယောင်သာ) ဖြစ်၍ ဘုရား (အစစ်)ဖြစ်မလာနိုင်ပါဘုရား၊ ဖြစ်လာနိုင်သည်ဆိုလျှင်လည်း အပရာဇိတာ ပလ္လင်(အတု) ဘုရား(အတု)သာ ဖြစ်ရပါမည်ဘုရား။

စမ်းကလေးဘုန်းကြီးကလည်း (ဘာပါရမီမှ မဖြည့်ကျင့်ရဘဲ) အချောင် ဘုရား ဖြစ်ချင် ဆင်ဖြူတော်ကိုမှီ၍ ကြံစုပ်ချင်ကြသော ရိုက်စား, ညာစား ဂေါပက များကလည်း သူတို့ ဆရာသမားကို ဘုရားအဆင့်အထိ သိဒ္ဓိတင် ပေးချင်တာကြောင့် ဘုရားအရာ ဝေါဟာရတို့ကို ဘုန်းကြီးအတွက် အသုံးပြုလျက် စမ်းကလေး ဘုန်းကြီး ဘုရား(ယောင်)ဖြစ်ရေး ညာသံပေး ပြုလုပ်နေကြသော စမ်းကလေး ဆရာတပည့်တို့အဖွဲ့ (အလိုတူအလိုပါ)လိမ်ညာ၍ ကြော်ငြာမှု ရေးသားမှုလုပ်ငန်း အရပ်ရပ်တို့သည်-

ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် (လုံးဝ)ဆန့်ကျင် လွဲချော်မှားယွင်းနေသော မိစ္ဆာဝါဒ၊ အဓမ္မဝါဒကြီး ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



ထိုသို့ဖြစ်ပါသောကြောင့် စမ်းကလေးဆရာတော်၏ ထိုမိစ္ဆာဝါဒ၊ အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ်ဆုံးဖြတ် ဖယ်ကြဉ်သုတ်သင် ရှင်းလင်းပေးတော်မူပါရန် တင်ပြလျှောက်ထား စောဒနာအပ်ပါသည်ဘုရား။

## ရောင်ခြည်တော်စောဒနာ -၅

သဘာပတိဆရာတော်ကြီးနှင့်အမှတ်(၁၁)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

စေတီတော် တန်ခိုးပြခြင်း (၃)မျိုးနှင့် စမ်းကလေးခန္ဓာကိုယ်၌ ဓာတ်တော်မကိန်းနိုင်ပုံ ရှင်းလင်းတင်ပြလျှောက်ထားပါဦးမည်ဘုရား-

စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသ၏ ခန္ဓာကိုယ်၌ ဓာတ်တော်တွေကိန်းဝပ်၍ ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူး ရပါသည်ဟူသော ရောင်ခြည်ကြော်ငြာ ကောက်နုတ်ချက်(၁၂) (သက်သေခံ-၃)၊ တိတ်ခွေ အေဆိုက်-မိနစ်ခန့်နေရာ၊ ဘီဆိုက်အစ) လာ စကားနှင့်စပ်လျဉ်း၍ စေတိယပါဋိဟာရိယ သုံးမျိုးအကြောင်းကို အောက်ပါ မိလိန္ဒပဉှာပါဋ္ဌိတော်နှင့် မဟာဂန္ဓာရုံဆရာတော်ကြီး၏ အဆုံးအဖြတ်များကို ထောက်ထား၍ တင်ပြလျှောက်ထားပါမည်ဘုရား။

(က) တိဏ္ဏန္နံ မဟာရာဇ အညတရဿ အဓိဋ္ဌာနာ ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။ ကတမေသံ တိဏ္ဏန္နံ့ဣဓ မဟာရာဇ အရဟာ ဒေဝမနုဿာနံ အနုကမ္ပာယ တိဋ္ဌန္တောဝ အဓိဋ္ဌာတိ "ဧဝံ နာမ စေတိယေပါဋိဟီရံ ဟောတူတိ၊ တဿ အဓိဋ္ဌာနဝသေန စေတိယေ ပါဋိဟီရံ ဟောတိ၊ ဧဝံ အရဟာတော အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။"(မိလိန္ဒ။၂၉၇)

## မြန်မာပြန်

မင်းမြတ်၊ သုံးယောက်သော သူတို့တွင် တစ်ယောက်သောပုဂ္ဂိုလ်၏ အဓိဋ္ဌာန် ကြောင့် ပရိနိဗ္ဗာန် စံတော်မူပြီးသောဘုရားရှင်၏ စေတီတော်၌ တန်ခိုး ပြာဋိဟာသည်ဖြစ်၍ အဘယ်သုံးယောက်သောသူဂ္ဂိုလ်တို့နည်း ဟူမူ---

မင်းမြတ် ဤဒေသနာတော်၌ ရဟန္တာပုဂ္ဂိုလ်တို့သည် နတ်လူတို့အား အစဉ်သနားသဖြင့် ရပ်တော်မူလျက် ဤမည် ဤမည်သော တန်ခိုးပြာဋိဟာသည် "စေတီ၌ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်၏။ ထိုရဟန္တာ၏ အဓိဋ္ဌာန်အစွမ်းကြောင့်

http://www.dhammadownload.com



စေတီတော်၌တန်ခိုးပြာဋိဟာသည် ဖြစ်၏။ ဤသို့လျှင် ရဟန္တာပုဂ္ဂိုလ်၏ အဓိဋ္ဌာန် ပြုသည်၏အစွမ်းဖြင့် ပရိနိဗ္ဗာန် စံတော်မူပြီးကုန်သော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

(ခ) ပုန စ ပရံ မဟာရာဇ ဒေဝတာ မနုဿာနံ အနုကမ္ပာယ ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဒဿေန္တိ"ဣမိနာ ပါဋိဟီရေန သဒ္ဓမ္မော နိစ္စံ သမ္ပဂ္ဂဟိတော ဘဝိဿတိ၊ မနုဿာ စ ပသန္နာ ကုသလေန အဘိဝဍ္ဎိဿန္တီ"တိ၊ ဧဝံ ဒေဝတာနံ အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။ (မိလိန္ဒ။ ၂၉၇)

## မြန်မာပြန်

မင်းမြတ်၊ နောက်တစ်မျိုးကား နတ်တို့သည် လူတို့အားအစဉ်သနားသဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏ စေတီတော်၌ "ဤတန်ခိုးပြာဋိဟာဖြင့် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်သည် အမြဲ ချီးမြှောက်အပ်သည် ဖြစ်လတ္တံ့၊"လူတို့သည်လည်း ကြည်ညိုကုန်သည် ဖြစ်၍ ကုသိုလ်ကောင်းမှု တိုးပွားကုန်လတ္တံ့" ဤသို့လျှင် နတ်တို့အဓိဋ္ဌာန်၏ အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။"

(ဂ) ပုန စပရံ မဟာရာဇ ဣတ္ထီဝါ ပုရိသော ဝါ သဒ္ဓေါ ပသန္နော ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဗုဒ္ဓိသမ္ပန္နော ယောနိသော စိန္တယိတွာ ဂန္ဓံ ဝါ မာလံ ဝါ ဒုဿံ ဝါ အညတရံ ဝါ ကိဉ္စိ အဓိဋ္ဌဟိတွာ စေတိယေ ဥက္ခိပတိ "ဧဝံနာမဟောတူ"တိ တဿပိ အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ၊ ဧဝံ မနုဿာနံ အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။ (မိလိန္ဒ။ ၂၉၇)

## မြန်မာပြန်

မင်းမြတ်၊ နောက်တစ်မျိုးကား မိန်းမမူလည်းဖြစ်စေ၊ ယောက်ျားမူလည်း ဖြစ်စေ၊ ယုံကြည်မှု-သဒ္ဓါအားရှိသော ရတနာ(၃)ပါး၌ ကြည်ညိုတတ်

http://www.dhammadownload.com



သော ပညာရှိသော လိမ္မာသော ထိုးထွင်းနိုင်သော ပညာရှိသော အသိဉာဏ်နှင့် ပြည့်စုံသောသူသည် သင့်လျော်သောအားဖြင့် ကြံစည်၍ နံ့သာကိုလည်းကောင်း၊ ပန်းကိုလည်းကောင်း၊ အဝတ်ပုဆိုးကိုလည်းကောင်း၊ တစ်ခုခုသော လျှုဖွယ်ဝတ္ထုတစ်စုံတစ်ရာကို လည်းကောင်း "ဤသို့သော တန်ခိုးပြာဋိဟာ မည်သည်ဖြစ်ပါစေသတည်း"ဟု အဓိဋ္ဌာန်၍ စေတီတော်၌ တင်မြှောက်၏။ ထိုသူ၏ အဓိဋ္ဌာန်အစွမ်းဖြင့်လည်း ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏ စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏၊ ဤသို့လျှင် လူတို့၏ အဓိဋ္ဌာန်အစွမ်းဖြင့် ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏ စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

(ဃ) ဣမေသံ ခေါ မဟာရာဇ တိဏ္ဏန္နံ အညတရဿ အဓိဋ္ဌာနဝသေန ပရိနိဗ္ဗုတဿ စေတိယေ ပါဋိဟီရံ ဟောတိ။

ယဒိ မဟာရာဇ တေသံ အဓိဋ္ဌာနံ န ဟောတိ၊ ခီဏာသဝဿပိ ဆဠဘိညဿ စေတောဝသိပ္ပတ္တဿ စေတိယေ ပါဋိဟီရံ န ဟောတိ။(မိလိန္ဒ။၂၉၈)

## မြန်မာပြန်

မင်းမြတ်၊ ဤသို့လျှင် သုံးယောက်သော ပုဂ္ဂိုလ်တို့တွင် တစ်ယောက်ယောက်သော ပုဂ္ဂိုလ်၏ အဓိဋ္ဌာန်အစွမ်းဖြင့် ပရိနိဗ္ဗာန် စံတော် မူပြီးသော ဘုရားရှင်၏ စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

မင်းမြတ်၊ ထိုပုဂ္ဂိုလ်တို့၏ အဓိဋ္ဌာန်ပြုခြင်းသည် အကယ်၍မဖြစ်ငြားအံ့၊ အဘိညာဉ်(၆)ပါးနှင့် ပြည့်စုံသော စိတ်၏ ဝသီဘော်သို့ ရောက်ပြီးသော အာသဝေါကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်၏လည်း စေတီတော်၌ တန်ခိုးပြာဋိဟာသည် မဖြစ်။

အထက်ပါ ပါဠိတော်+မြန်မာပြန်လာ မိလိန္ဒမင်းကြီးက မေးလျှောက်၍ အရှင်နာဂသေန ရဟန္တာမထေရ်မြတ်ကြီးက မိန့်ကြားတော်မူသော စကားရပ်တို့ကို လိုရင်းထပ်မံလျှောက်ထားပါဦးမည်ဘုရား။

(၁) ရဟန္တာတစ်ပါးသည် ပရိနိဗ္ဗာန်စံတော်မမူမီကပင် လူနတ်တို့ကို သနားတော်မူသောကြောင့် ဤစေတီတော်မှ မည်သည့်တန်ခိုးမျိုး

http://www.dhammadownload.com



ထွက်ပေါ်စေသတည်းဟု အဓိဋ္ဌာန်တော်မူတတ်၏။ ထိုအဓိဋ္ဌာန်တော်မူချက်ကြောင့်လည်း စေတီတော်မှ (ရောင်ခြည်တော်စသော) တန်ခိုးများ ပေါ်ထွက်တတ်ပါသည်။

(၂) သာသနာအကျိုးကို များစွာလိုလားသော နတ်တို့သည်"စေတီတော်၌ တန်ခိုးပြလျှင် သာသနာတော်ကို ပိုမို၍ ကြည်ညိုကြလိမ့်မည်၊ ကြည်ညိုသူတို့မှာ ကုသိုလ်တရား တိုးပွားလိမ့်မည်ဟု ကောင်းမြတ်သော ဆန္ဒဖြင့် တန်ခိုးပြတတ်ကြ၏။ ထိုသို့ နတ်များ၏ တန်ခိုးပြမှုကြောင့်လည်း စေတီတော်မှ(ရောင်ခြည်တော်စသော) တန်ခိုးများ ပေါ်ထွက်ပါသည်။

(၃) သဒ္ဓါတရားထက်သန်သော အမျိုးသား အမျိုးသမီးလူကြီးလူကောင်းတို့သည် ပန်းနံ့သာ အဝတ်စသောလှူဖွယ်ပစ္စည်းများကို စေတီတော်သို့ တင်လှူလျက် "မည်သည့်တန်ခိုးများ ဖြစ်ပါစေသတည်း"ဟု အဓိဋ္ဌာန်တတ်ကြ၏၊ ထိုသို့ သဒ္ဓါထက်သန် သူတို့၏ ထူးခြားသော အဓိဋ္ဌာန်ကြောင့်လည်း စေတီတော်မှ (ရောင်ခြည်တော်စသော)တန်ခိုးတော်ထွက်ပေါ်တတ်ပါသည်။

(၄) အထက်ပါ ပုဂ္ဂိုလ်သုံးမျိုးတို့၏ အဓိဋ္ဌာန်မှု ပြုခြင်းမရှိခဲ့လျှင် ရဟန္တာပုဂ္ဂိုလ်တို့၏ (ဓာတ်တော်ကိန်းရာ) စေတီတော်တို့၌ သော်လည်း (ရောင်ခြည်တော်စသော)တန်ခိုးပြာဋိဟာများ မဖြစ်ပေါ်နိုင်ပါ။

(၅) **အမရပူရ-မဟာဂန္ဓာရုံ ဆရာတော်အရှင်ဇနကာဘိဝံသ ဆရာတော်ကြီး၏ အဆုံးအဖြတ်များ (ရတနာ့ဂုဏ်ရည် စာအုပ်၊ နှာ-၇၊ ၈၊ ၉)**

(က) ဤအမိန့်တော်ကို ထောက်ထားလျှင် ဘုရားရှင်နှင့် ရဟန္တာများ၏ အထူးအဓိဋ္ဌာန်ထားချက် မရှိသော (စေတီတော်မှ) (ရောင်ခြည်တော်များ)ထွက်ဖို့ရန် မဖြစ်နိုင်၊ အကယ်၍ ရောင်ခြည်တော်ထွက်ရိုးမှန်လျှင်လည်း (ဆိုင်ရာနတ်)များ ဆောင်ပြခြင်းသာ ဖြစ်ရာ၏။ ဘုရားရှင်၏ အဓိဋ္ဌာန်တော်မူချက်ကြောင့် ××××× မဟာဗောဓိပင်မှ လည်းကောင်း၊

http://www.dhammadownload.com



×××အရိုးဓာတ်တော်များမှ လည်းကောင်း (ရောင်ခြည်တော်များ)ခမ်းနားစွာ ကွန့်မြူးကြောင်း------၊

( ခ) သာသနာကွယ်ပသောအခါ ဓာတ်တော်များအားလုံး စုရုံး၍ (ဘုရားရှင်ပွင့်တော်မူရာ မူလမဟာဗောဓိပင်သို့) ကြွတော်မူပြီးလျှင် (ရောင်ခြည်တော်များ) ကွန့်မြူးကြလိမ့်မည်ဖြစ်ကြောင်း ဤမျှသာ ကျမ်းဂန်၌လာသည်။

( ဂ) သူက, ငါက လုပ်၍ပြသော (အတု-ရောင်ခြည်-တော်များကို (ဘုရားရောင်ခြည်တော်) ဟု မထင်မှားမိပါစေနှင့်။

(ဃ) (ရောင်ခြည်တော်)ဟူသည် ဘုရားရှင်၏ ကိုယ်ခန္ဓာ၌တည်ရှိသော အဆင်းတော်နှင့်တူစွာ အတွင်းစိတ်တော်၏ကြည်လင်သန့်ရှင်းမှုကြောင့် (စိတ်)တန်ခိုးဣဒ္ဓိပါဒ်တော်အစွမ်းဖြင့် အဆက်ဆက်ဖြာ၍ထွက်သော အရောင်များပင်ဖြစ်သည်။

ယခုအခါ (လရောင်၊ ဓာတ်မီးရောင်)စသည်တို့ ဟပ်သဖြင့် ဘုရားနှင့်စပ်သော အရာဝတ္ထုများ၌ တစ်ခုခုအရောင်ကလေးတွေ့လျှင်(တကယ်ရောင်ခြည်တော်ပဲ)ဟု ပြောကြဆိုကြ ကောလာဟလဖြစ်နေကြသည်မှာ (ဘာသာခြားလူမျိုးတို့ ပြက်ရယ်ပြောင်လှောင်စရာ) ဖြစ်သောကြောင့် အဆင်ခြင်နည်းပါး အချို့လူများအတွက် ဘုရားရှင်ကိုယ်တော်မြတ်မှာ (ဂုဏ်မတက်ဘဲ ဂုဏ်ပျက်ဖွယ်သာ ရှိသဖြင့်) ဝမ်းနည်းဖွယ် ကောင်းလှချေသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်က ရွှေသည်များ၏ ပယောဂ ကြောင့် မန္တလေး မဟာမြတ်မုနိရုပ်ပုံတော်မှ ခဏခဏ ရောင်ခြည်တော် လွှတ်နေကြောင်းကို မင်းတရားကြီးကြားသိတော်မူ၍ "ယနေ့ကစပြီးဘုရားက ရောင်ခြည်တော် မလွှတ်စေနှင့်"ဟု တားမြစ်ရဖူးသတဲ့။

အထက်ပါအထောက်အထားများအရ

(၁) စမ်းကုလေးဘုန်းကြီး၏ ခန္ဓာကိုယ်၌ ဘုရားဓာတ်တော်များ ကိန်းနေသည်ဟု ပြောလာသည်ဖြစ်စေ၊

(၂) ထိုဓာတ်တော်တို့မှ ဘုရားရောင်ခြည်တော် ကွန့်မြူးလွှတ်တာပါဟု ပြောလာသည် ဖြစ်စေ၊

http://www.dhammadownload.com



(၃) ဓာတ်တော်မကိန်းဘဲ စမ်းကလေးကိုယ်တော်ကြီး၏ ခန္ဓာကိုယ်မှ (သူ့ရဲ့ စွမ်းရည်ကြောင့်) ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးရတာပါဟု ပြောလာကြသည် ဖြစ်စေ၊

ထိုသို့ပြောဆိုချက်အားလုံးတို့သည် (လုံး၀)မမှန်၊ အကြံအဖန် လိမ်ညာမှုသာဖြစ်သည်ဟု ပညာရှိများ သိနိုင်ပါသည်ဘုရား။

စမ်းကလေးဘုန်းကြီး ခန္ဓာကိုယ်၌ ဘုရားရှင်၏ဓာတ်တော်များ မကိန်းနိုင်ယုတ္တိတစ်ခုလျှောက်ထားပြပါဦးမည်ဘုရား။

ရောင်ခြည်တော် ကြော်ငြာကောက်နုတ်ချက်အမှတ်(၁၅)၌ စမ်းကလေး၏ (ခြေထောက်၊ ခြေမ)တို့၌ နီရဲနေတဲ့အရောင်များ ဖူးရတာပါလို့ (ဂေါပက ဦးအော်ကေးပြောဆိုတာ)ပါရှိပါသည်။ ဗုဒ္ဓ၏ ဓာတ်တော်များ စမ်းကလေးဘုန်းကြီး၏ (ခြေထောက်မှာ)ကိန်းဝပ်နေသည်ဟု ဆိုရာရောက်ပါသည်ဘုရား။

ဗုဒ္ဓရှင်တော်မြတ်၏ ဓာတ်တော်မွေတော်များသည် ယုတ်ညံ့သောနေရာ၌ မကိန်းဝပ်ကြဟု ဗုဒ္ဓဘာသာဝင် ရဟန်းရှင် လူတိုင်းသိကြပါသည်ဘုရား။ ယခုစမ်းကလေးဘုန်းကြီး၏ အယုတ်ညံ့ဆုံးခြေထောက်၌ ကိန်းဝပ်သည်ဟု ဆိုသဖြင့် ဗုဒ္ဓမြတ်စွာကို စမ်းကလေးအောက် ယုတ်ညံ့သွားအောင် လုပ်လိုက်ရာ ရောက်ပါသည်။

စမ်းကလေး၏ ခြေထောက်မှာ ဓာတ်တော်ကိန်းသည်ဟုသာ ပြောခြင်း၊ အခြားမတော်မရာမှာ ကိန်းဝပ်သည်ဟု မပြောခြင်းကိုပင် ကျေးဇူး တင်ရမည် ဖြစ်ပါသည်။ သို့သော် တစ်ကိုယ်လုံးမှာ ကိန်းဝပ်သည်ဟု ဆိုသဖြင့် အခြားနေရာမှာလည်း ဓာတ်တော်ကိန်းသည်ဟုပင် ပြောရာရောက် ပါသည်ဘုရား။

အထက်ပါ လျှောက်ထားချက်အထောက်အထားအရ ဤ၍ ဤမျှသူတော်ကောင်းများ မကြားဝံ့မနာသာ ထင်ရာမြင်ရာ မိုက်ရိုင်းစွာ ပြုမူပြောဆိုလုပ်ကိုင်နေကြသော စမ်းကလေးဘုန်းကြီးနှင့် တပည့်သာဝက ဂေါပကတို့ (အလိုတူအလိုပါ) ရောင်ခြည်တော်ဆိုင်ရာ ပြောဆိုပြုလုပ်သမျှ လုပ်ငန်းရပ်အားလုံးတို့သည် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ ကျမ်းဂန်များ၊ ရှေး

http://www.dhammadownload.com



ဆရာတော်ကြီးများ၏ အဆုံးအဖြတ်များနှင့် (လုံး၀)ဆန့်ကျင်လွဲချော် မှားယွင်းနေသော မိစ္ဆာဝါဒ၊ အဓမ္မဝါဒဆိုးကြီး ဖြစ်ပါသည်ဘုရား။

ထိုသို့ ဖြစ်ပါသောကြောင့် စမ်းကလေးဆရာတော်၏ ထိုမိစ္ဆာဝါဒ အဓမ္မဝါဒ အယူဆိုးကြီးကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်းပေးတော် မူပါရန် တင်ပြလျှောက်ထား စောဒနာ အပ်ပါသည်ဘုရား။

## အမှတ် (၁၄) လျှောက်ထား စောဒနာချက်
## စမ်းကလေး နတ်တရားလိမ် ရောင်ခြည်တော်လိမ် တန်ခိုးစွက် သာသနာဖျက်ပုံ လျှောက်ထားခြင်း

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား -

ဗုဒ္ဓမြတ်စွာက သံယုတ်ပါဠိတော်၊ ပထမတွဲ၊ လာဘသက္ကာရ သံယုတ်၊ မိဠှကသုတ်၊ နှာ-၄၂၆(သံ-မြန်-ပ-နှာ-၄၁၅)၌ လာဘသက္ကာရနှင့် ပတ်သက်၍ ဟောတော်မူခဲ့သော အကြောင်းအရာတို့ကို တင်ပြလျှောက်ထားပါဦးမည် ဘုရား။

(က) ရဟန်းတို့၊ ဥပမာသော်ကား ကျင်ကြီးကိုစားသော မစင်ပိုးသည် ကျင်ကြီးဖြင့် ပြည့်နှက်၏၊ ထိုပိုး၏ရှေ့မှာလည်း ကျင်ကြီးပုံကြီး သည် ရှိ၏။ ထိုကျင်ကြီးစားသော မစင်ပိုးသည် ထိုကျင်ကြီးဖြင့် တပါးသော မစင်ပိုးတို့ကို----

* ငါသည် ကျင်ကြီးကိုစား၏၊ ကျင်ကြီးဖြင့် ပြည့်နှက်၏။

* ငါ၏ ရှေ့မှာလည်း ကျင်ကြီးပုံကြီးသည်ရှိ၏ဟု မထေမဲ့မြင်ပြု၏၊

(ခ) ရဟန်းတို့၊ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော ရဟန်းသည် လာဘ်ပူဇော်သကာ အကျော်အစော နှိပ်စက် အပ်သည်၊ သိမ်းကျုံးယူငင်အပ်သောစိတ်ရှိသည်ဖြစ်၍ နံနက် အခါ၌ ကောင်းစွာဝတ်ရုံလျက် သပိတ်သင်္ကန်းကို ဆောင်ယူပြီး လျှင် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ ဆွမ်းအလို့ငှာ ဝင်၏-----

* ထိုရဟန်းသည် ထိုရွာ၌ အလိုရှိတိုင်း ဆွမ်းစားပြီးသည်လည်း ဖြစ်၏။

http://www.dhammadownload.com



* နက်ဖန်စားရန်အလို့ငှာ ဖိတ်အပ်သောဆွမ်းလည်းရှိ၏။
* ထိုရဟန်းအား သပိတ်ပြည့်သောဆွမ်းလည်းရှိ၏။
ကျောင်းအရံသို့သွား၍ ရဟန်းအပေါင်းအလယ်၌ ကြုံးဝါး၏--
* ငါသည်ဆွမ်းကို အလိုရှိတိုင်း စားပြီးပြီ။
* နက်ဖန်စားရန်အလို့ငှာ ဖိတ်ထားသော ဆွမ်းလည်းရှိသေး၏၊
* သပိတ်ပြည့်သောဆွမ်းလည်းရှိ၏။
* သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာ သူနာတို့၏ အထောက်အပံ့ဆေး အသုံးအဆောင်တို့ကိုလည်းရ၏။

တစ်ပါးကုန်သော ဤရဟန်းတို့သည်ကား---
* နည်းသော ဘုန်းကံ ရှိကုန်၏။
* နည်းသော တန်ခိုး ရှိကုန်၏။
* သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာနေရာ သူနာတို့၏ အထောက်အပံ့ဆေးအသုံးအဆောင်တို့ကို မရကုန်---
ဟု ကြုံးဝါး၏။

ထိုရဟန်းသည် ထိုလာဘ်ပူဇော်သက္ကာရအကျော်အစောဖြင့် နှိပ်စက်အပ်သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ သီလရှိကုန်သော အခြား ရဟန်းတို့ကို မထေမဲ့မြင်ပြု၏။

ရဟန်းတို့ ထိုသို့ မှတ်ထင်ခြင်းသည် မင်္ဂဖိုလ်မှ အချည်းအနှီးဖြစ်သော ယောကျ်ားအား ရှည်စွာသော နေ့ညဥ့်တို့ပတ်လုံးအစီးအပွား မရှိခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်၏။

အထက်ပါဖော်ပြခဲ့သော မိဠှကသုတ္တန်မှာ နမူနာမျှသာဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာက လာဘသက္ကာရ သံယုတ်အစမှ အဆုံးအထိ၌ လည်းကောင်း၊ အခြားသော စပ်ဆိုင်ရာ ဒေသနာများ၌ လည်းကောင်း လာဘသက္ကာရ သိလောက၏ မကောင်းကျိုးတွေကို အကြောင်းပေါ်တိုင်း (ကဲ့ရဲ့)ဟောပြောတော်မူလေ့ရှိပါသည် ဘုရား။

ယခု မိဠှကသုတ္တန်ကား စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသ၏ လက်ရှိအခြေအနေနှင့် လွန်စွာ တူနေသောကြောင့် အမည်ပြောင်း၍ (စမ်းကလေးသုတ္တန်)ဟုပင် အမည်ပေးဖို့ သင့်လျော်နေပါသည် ဘုရား။ ထို

http://www.dhammadownload.com



(မီဠှကသုတ္တန်)ကို (စမ်းကလေးသုတ္တန်)အဖြစ် ဆီလျော်အောင် မြန်မာပြန်ရလျှင် ဤသို့ ပြန်ဆိုသင့်ပါသည်ဘုရား။

စမ်းကလေးသုတ္တန် မြန်မာပြန်

(က) ရဟန်းတို့၊ ဥပမာသော်ကား ကျင်ကြီးကိုစားသော မစင်ပိုးသည် ကျင်ကြီးဖြင့် ပြည့်နှက်၏။ ထိုပိုး၏ရှေ့မှာလည်း ကျင်ကြီးပုံရှိ၏။ ထိုကျင်ကြီးစားသော မစင်ပိုးသည် ထိုကျင်ကြီးဖြင့် တစ်ပါးသော မစင်ပိုးတို့ကို-

* ငါသည် ကျင်ကြီးကို စား၏၊ ကျင်ကြီးဖြင့် ပြည့်နှက်၏။
* ငါ၏ ရှေ့၌လည်း ကျင်ကြီးပုံသည် ရှိ၏ဟု မထေမဲ့မြင်ပြု၏။

(ခ) ရဟန်းတို့ ဤအတူသာလျှင် ဤသာသနာတော်၌ ဝင်ရောက်မှီခိုလျက် သက်န်းဝတ်နေသော စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသသည် လာဘ်ပူဇော်သက္ကာအကျော်အစော နှိပ်စက်အပ်သည်၊ သိမ်းကျုံးယူငင်အပ်သော စိတ်ရှိသည်ဖြစ်၍ သီလရှိကုန်သော အခြားရဟန်းတို့ကို (ဤသို့)မထေမဲ့မြင်ပြု၏။

* ငါသည် ယနေ့လည်း ကံဆင့်ပွဲမှာ လာဘ်ရခဲ့ပြီ၊
* နောက်နေ့နောက်နေ့ တွေမှာလည်း ကံဆင့်ပွဲကြီးပွဲငယ်များမှ (လာဘ်)တွေ ရဦးမည်။
* ရှိုးကေ့စ်ဘီရိုကြီးနှင့် ဘဏ်တိုက်တို့မှာလည်း ပစ္စည်း တွေ၊ ငွေစက္ကူတွေ သုံးမကုန် ဖြုန်းမကုန် ပေါများလှ၏။
* ငါ့ကို (ဘုရားအမှတ်) ကိုးကွယ်သော အရာရှိကြီး, ငယ်, သူဌေးသူကြွယ်တွေ ပေါများလှ၏။
* ငါ့မှာ ဒီလိုပစ္စည်းအင်အား, ရာထူးအင်အား,လူထု အင်အားတွေ တောင့်တင်းလှလေ၏။ ငါဘယ်သူ့ကို အရေးစိုက်ရမလဲ၊ ပြောချင်ရာ ပြောမည်၊ ငါလုပ်ချင်ရာ လုပ်မည်၊ သတ္တိရှိရင် ငါ့လိုပြောကြ, လုပ်ကြစမ်းဟု ကြုံးဝါး၏။

ထိုလာဘ,သက္ကာရ သိလောက အားကိုးဖြင့်--

* ငါမှတစ်ပါး အခြား ရဟန်းတို့သည် (ငါ့လိုလာဘ်မများ, ကိုးကွယ်သူမများ) ဘုန်းကံနည်းပါးကြကုန်၏။

http://www.dhammadownload.com



* (ငါ့လို ရောင်ခြည်တော်မလွှတ်နိုင်) တန်ခိုးနည်းပါးကြကုန်၏။

ဤသို့ စသည်ဖြင့် သီလရှိကုန်သော ရိုးသားဖြောင့်မတ်ကြကုန်သော ပရိယတ္တိ ပဋိပတ္တိ အကျော်အမော်ဆရာတော်ကြီးများကိုပင် မထေမဲ့မြင်ပြုကာ (ရောင်ခြည်တော်လွှတ်သည်ဟု လိမ်ညာလျက်) (ဘုရားအတု) လုပ်လာသည် အထိ ရမ်းကားလှပေ၏။

ရဟန်းတို့၊ စမ်းကလေးဘုန်းကြီး ဦးနန္ဒောဘာသသည် (ဤသို့သော ရမ်းကားစွာပြောဆို ပြုလုပ်မှုမျိုးကြောင့်) ရှည်စွာသော နေ့ညဉ့်တို့ပတ်လုံး အစီးအပွား မရှိခြင်းငှာ ဆင်းရဲခြင်းငှာ ဖြစ်ပေလိမ့်မည်။

ဤသို့ပင် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူသေးလျှင် ဟောကြားတော်မူမည်မှာ သေချာလှပါသည် ဘုရား။

စမ်းကလေး ဘုန်းကြီးနှင့် စားဖော်သောက်ဖက် ဂေါပကဆိုသူတို့သည် အထက်ပါ စမ်းကလေး သုတ္တန်၌ လာသည့်အတိုင်း(ထို့ထက်အလွန်ပင်) တခြား ရဟန်းရှင်လူတို့အား မထေမဲ့မြင်ပြု၍ ရမ်းရမ်းကားကား စော်ကားမော်ကား ပြုနေ ပြောနေကြပါသည်။

ထိုသို့ တခြား ရဟန်းရှင်လူတို့အား ရမ်းရမ်းကားကား စော်ကားမော်ကား ပြုနိုင် ပြောနိုင်ဖို့ အတွက် အဓိက အထောက်အကူ ဖြစ်သော (စီးပွား ရှာ ဘော်ချက်လုပ်ငန်း)များကို အောက်ပါ လာဘဂရဟ ဇာတ်လာ နည်းပေမ်း အတိုင်း ပြုလုပ်အားထုတ်နေကြပါသည်။

ဇာတကပါဠိတော် (ပဌမတွဲ)၊ စာမျက်နှာ(၈၆)၊ လာဘဂရဟ ဇာတ်၌ ဗုဒ္ဓ မြတ်စွာက အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်။

×××××နာနုမ္မတ္တော နာပိသုဏော၊ နာနဋော နာကုတူဟလော
မူဠှေသု လဘတေ လာဘံ၊ ဧသော တေ အနုသာသနီ။ ။

**အဓိပ္ပါယ်အကျဉ်း လိုရင်း**

မတရားသဖြင့် လာဘ်ပေါ်များချင်သူတို့သည်---

(၁) (လာဘ်လာဘရမည်ဆိုလျှင်) မိမိ၏ ဟိရီ၊ ဩတ္တပ္ပ စသော

http://www.dhammadownload.com



ကိုယ်ကျင့်တရားများကို ဖျက်ဆီးပြီး မရှုးသော်လည်း အရှူးလို လုပ်ပြရမည်။

(၂) (လာဘ်လာဘရမည်ဆိုလျှင်) မိမိ၏ ဟိရီ၊ ဩတ္တပ္ပ စသော ကိုယ်ကျင့်တရားများကိုဖျက်ဆီးပြီး ပင်ကိုဂုံးမတိုက်တတ်သော်လည်း ဂုံးတိုက်စကား ပြောကြားရမည်။

(၃) (လာဘ်လာဘရမည်ဆိုလျှင်) မိမိ၏ ဟိရီ၊ ဩတ္တပ္ပ စသော ကိုယ်ကျင့်တရားများကို ဖျက်ဆီးပြီး ကချေသည် မဟုတ်သော်လည်း ကခုန်ဆိုတီး လုပ်ပြရမည်။

(၄) (လာဘ်လာဘ ရမည်ဆိုလျှင်) မိမိ၏ ဟိရီ၊ ဩတ္တပ္ပ စသော ကိုယ်ကျင့်တရားများကို ဖျက်ဆီးပြီးပင်ကိုကအုတ်အုတ်ကျက်ကျက် မလုပ်တတ်သော်လည်း လူတွေတရုန်းရုန်းလာအောင် အုတ်အုတ်ကျက်ကျက် ကောလာဟလ စကားမျိုးတွေ စကွဲကြဲသလို လွှင့်ထုတ်ပြောကြားပေးရမည်။

ဤအရာ (၄)မျိုးအနက် တစ်မျိုးမျိုး ပြုလုပ်သော သူတို့သည် သူမိုက်၊ သူဖျင်း၊ သူအ၊ သူန (မသိမလိမ္မာသူတို့ထံမှ) ပစ္စည်းလာဘ်တွေ ဖောဖောသီသီ ရရှိလိမ့်မည်။

စမ်းကလေးဆရာတော်နှင့် တပည့်ဂေါပကတို့သည် ၎င်းတို့၏ ဘော်ချက်လုပ်ငန်းအတွက် အထက်ပါ လာဘဂရုဟ ဇာတ်လာ နည်းလမ်းတစ်ခုကို လက်တွေ့ အသုံးချသည့်အနေဖြင့် ရှေးနှစ်ပေါင်းများစွာကပင် အုတ်အုတ်ကျက်ကျက် လူတွေ့,ရှင်တွေ တရုန်းရုန်း ဝင်ထွက်သွားလာဖို့ တမင် ဖန်တီးလျက်---

(၁) ဘုရားတွေ လက်လှုပ်အောင် အကြံအဖန် လုပ်ခဲ့ကြပါသည်။

(၂) ထိုနည်းတူ ညောင်ရွက်တွေကြွေအောင်လည်း အကြံအဖန် လုပ်ခဲ့ပါသည်။

(၃) ထိုနည်းတူ တိတ်ခွေမှာ နတ်တရားဆိုတာတွေ ပေါ်လာအောင် အကြံအဖန် လုပ်ခဲ့ကြပါသည်။

ထိုနတ်တရား အကြံအဖန်လုပ်ခဲ့မှုကို ကွင်းဆက်လိုက်ပြီး စုံစမ်း လေ့လာ

http://www.dhammadownload.com



သောအခါ ယခု တပည့်တော်များ တင်ပြထားသည့် သက်သေခံ(၆) တရား တိတ်ခွေကို ရရှိခဲ့ပါသည်။

ထိုတိတ်ခွေ(အေနှင့်ဘီဆိုက်)အရှေ့ပိုင်း၌ စမ်းကလေးဆရာတော်၏ မူလအသံဖြင့် ဟောထားသော တရားများ ပါရှိပါသည်။(ဘီဆိုက်)နောက်ပိုင်းနား၌ ထွက်ပေါ်လာသော အသံများမှာ (အသံက စမ်းကလေးဆရာတော်နှင့် တူသော်လည်း) စကားလုံးများမှာ မြန်မာလို နားမလည်သော (မည်သည့် ဘာသာ စကားဟု မမှန်းဆနိုင်သော ) စကားများ ဖြစ်နေပါသည်ဘုရား။ ဒီလို မြန်မာလို နားမလည်သော စကားသံများ ပေါ်လာခြင်းကိစ္စကို စမ်းကလေးဆရာတော်အား (သူ့သာဝကတို့က) လျှောက်ထား မေးမြန်း ကြည့်သောအခါ နတ်ပြည်မှာဟောတဲ့တရားလို့ အမိန့်ရှိတဲ့အကြောင်း သတင်းစကား ပြန့်ကားသွား၍ အုတ်အုတ်ကျက်ကျက် ဖြစ်လာပါသည်တဲ့ ဘုရား။

ထိုသတင်း ပြန့်ကားလာ၍ ထိုနတ်တရားကိစ္စကို လူတချို့ စိတ်ဝင်စား လာကြပြီး တိတ်ခွေများကို ဟိုကကူး ဒီကကူးဖြင့် ပြန့်နှံ့သွားပါသည်။ ထိုပြန့်နှံ့ သွားသော တိတ်ခွေများတွင် ယခု တပည့်တော်များ တင်ပြထားသော (သက်သေခံ-၆)တိတ်ခွေကို အကြောင်းအားလျော်စွာ တပည့်တော်များ ရရှိခဲ့ ပါသည်။

ထိုတိတ်ခွေကို တပည့်တော်များ ဖွင့်နားထောင်ကြည့်သောအခါ မြန်မာလို နားမလည်သော စကားကို အသေအချာ နားထောင်ကြည့်ရာ၌ အသံက စမ်းကလေးဆရာတော်၏ အသံနှင့်တူသော်လည်း စကားလုံးကို မည်သည့် ဘာသာဖြစ်မည်ဟု ဝေခွဲမရဖြစ်နေ၍ ဘာ ဘာသာဖြစ်လေမလဲလို့ လက်လှမ်း မီရာ ပုဂ္ဂိုလ်တို့အား မေးမြန်းစုံစမ်းခဲ့ပါသည်။

ဤသို့ မေးမြန်းရင်း စုံစမ်းရင်း လေ့လာရင်းဖြင့် အကြောင်းအားလျော်စွာ စက်ကရိယာ(သို့မဟုတ်)တိတ်ခွေချွတ်ယွင်းလို့ တိတ်ကြိုးလိမ်သွားလျှင် ဒီအသံမျိုးထွက်လာတတ်ကြောင်း အတွေ့အကြုံရှိသူ ပုဂ္ဂိုလ်တစ်ယောက်၏ ပြောပြချက်အရ သဲလွန်စရ၍ တပည့်တော်များ လက်တွေ့သုတေသနပြု ကြိုးစားကြည့်ပါသည်ဘုရား။ ကြိုးစားကြည့်ပုံက ဤသို့ ဖြစ်ပါသည်။

တိတ်ခွေတစ်ခု နောက်ပိုင်းတစ်နေရာ၌ ဖြတ်၍ ရှေ့ပိုင်းနှင့် ဆန့်ကျင်ဘက်

http://www.dhammadownload.com



ပြောင်းပြန်လှန်ပြီး ပြန်ဆက်ကာ ဖွင့်လိုက်တော့ ရှေ့ပိုင်း၌ လူအသံ မဟုတ်တော့ဘဲ (စမ်းကလေး,နတ်တရားဆိုသော အသံကဲ့သို့)မြန်မာလို နားမလည်သော အသံများ ထွက်ပေါ်လာပါတော့သည် ဘုရား။

ထိုသို့ သုတေသနပြုခြင်းဖြင့် ထွက်ပေါ်လာသော အဖြေအရ စမ်းကလေး နတ်တရားတိတ်ခွေမှာပါသော မြန်မာလို နားမလည်သော စကားများမှာ မတော်တဆတိတ်ခွေလိပ်သွား၍လည်းကောင်း(ပို၍ဖြစ်နိုင်သည်မှာ လိမ်ညာလိုသောကြောင့်) ကျွမ်းကျင်သူတစ်ဦးက တမင်တိတ်ခွေကို ပြောင်းပြန်လှန်လုပ်ကြံ ဖန်တီး၍ လည်းကောင်း ထွက်ပေါ်လာသော မြန်မာလို နားမလည်သောအသံများကို အခြားတိတ်ခွေများ၌ ထည့်သွင်းယူလိုက်ပြီး (ဒါဟာ နတ်လိုဟောတဲ့တရားဟု ကောလာဟလပြုလိုက်ခြင်း ဖြစ်နိုင်ကြောင်း) အဖြေမှန်ပေါ်လာပါတော့သည်ဘုရား။

**တိတ်ခွေတစ်ခွေကို လက်တွေ့ စမ်းသပ်ကြည့်တော်မူပါသည်ဘုရား**

တပည့်တော်များ ယခု တင်ပြလျှောက်ထားနေသော (နတ်တရား) ဆိုင်ရာကိစ္စကို တပည့်တော်များက တတ်သလောက်မှတ်သလောက် သုတေသနပြု စမ်းသပ်မှုလေးမျှဖြင့်အထောက်အထား ခိုင်လုံပြီဟု မဆိုသာတော်လည်း ဂေါပကအဖွဲ့ ကြော်ငြာတိတ်ခွေနှင့် ယခု နတ်တရားဟူသော တိတ်ခွေတို့ကို ဆက်စပ်ကြည့်သောအခါ (တိတ်ခွေထဲမှာ နတ်လိုဟောတဲ့ဟာတွေ ပေါ်လာတယ်)ဟူသော နတ်တရားခွေမှာ ယခု တပည့်တော်များ တင်ပြထားသော (သက်သေခံ-၆) တရားတိတ်ခွေပင် ဖြစ်ရမည်ဟု ကောက်ချက်ချနိုင်ပါသည် ဘုရား။

ယခုတိတ်ခွေမှာ မူရင်းတိတ်ခွေတော့ မဟုတ်နိုင်တော့ပါ။ အဆင့်ဆင့်ကူးထားသော အခွေ ဖြစ်နိုင်ပါသည်။ (ဘီ)ဘက်၌ ရှေ့အသံမပျောက်ဘဲ ထပ်သွင်းထားသလို ဖြစ်နေသောကြောင့် မူလအခွေ မဟုတ်ကြောင်း ယူဆနိုင်ပါသည်။ တိတ်ခွေမှာ မူလအခွေ မဟုတ်နိုင်သော်လည်း မူလအခွေမှ အဆင့်ဆင့် ကူးယူထားခြင်းဖြစ်၍ တရားမှာတော့ မူလတရားပင် ဖြစ်နိုင်ပါသည်ဘုရား။

http://www.dhammadownload.com



**မှတ်ချက်။ ။ ပို၍အထောက်အထားခိုင်လုံအောင် (ထောက်လှမ်းရေး အကူအညီဖြင့်) နတ်တရား ကြော်ငြာသော ဂေါပက လူညာ ဦးအော်ကေးအား ခေါ်ယူမေးမြန်း စစ်ဆေး သင့်ပါသည် ဘုရား။**

ယခုတပည့်တော်များ တင်ပြလျှောက်ထားခဲ့သောသုတေသနပြု ရှင်းလင်း တင်ပြချက်အရ တိတ်ခွေမှာ နတ်လိုဟောတဲ့ဟာတွေ ပေါ်လာတယ် ဟု ကြော်ငြာ၍ လူတွေ အုတ်အုတ်ကျက်ကျက် စမ်းကလေးရောက်အောင် ပြုလုပ်ပြီး ထိုရောက်လာကြသူ (မသိမလိမ္မာသူ, အသိဉာဏ် နည်းပါးသူ) တို့ထံမှ တဆင့် ပွဲတွေပြုလုပ်ကာ လာဘသက္ကာရ သိလောကတွေ ရသမျှ သိမ်းကြုံး ယူငင်ကာ (စီးပွားရှာနေကြသော) စမ်းကလေးဘုန်းကြီး ဦးနန္ဒော-ဘာသနှင့် တပည့်သာဝက ဂေါပကတို့သည် ဗုဒ္ဓသာသနာတော်ကိုဗန်းပြ စီးပွားရေး ဘော်ချက်လုပ်ငန်းတွေ အမျိုးမျိုးတည်ထွင်လုပ်ကိုင်ကြလျက် (မသိမလိမ္မာသူ, အသိဉာဏ် နည်းပါးသူများထံမှ)(ဝိသမလောဘ အကြီး စားကြီးဖြင့်) လိမ်၍ ညာ၍ လှည့်ပတ်၍ ရိုက်စားညာစား ပြုလုပ်နေကြသော ဘုန်းကြီးလိမ်, ဘုန်းကြီးညာ လူလိမ်လူညာများသာ ဖြစ်ကြပါသည်။

**မှတ်ချက်။ ။** ဤနတ်တရား ဆိုင်ရာ ကိစ္စနှင့် ပတ်သက်၍ သာသနာ တော် အပေါ်သံယောဇဉ်ရှိသူ၊ ရန်ကုန် ကမာရွတ် မြို့နယ်မှ ဒကာဦးထွန်းဝင်း၏ နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ထံ လျှောက်ထားသော လျှောက်လွှာနှင့် တိတ်ခွေကို ဖတ်ရှုနာကြား လေ့လာတော်မူနိုင်ရန် နောက် ဆက်တွဲ(၈) သက်သေခံအဖြစ် တင်ပြထားပါသည် ဘုရား။ ထိုလျှောက်လွှာရှင် ဦးထွန်းဝင်းကိုလည်း သက်ရှိ ထင်ရှား သက်သေအဖြစ် တင်ပြအပ်ပါသည် ဘုရား။

(၄) ယခုတစ်ဖန် ရောင်ခြည်တော်ခြောက်သွယ် လွှတ်သည်ဟု အကြံ အဖန် လုပ်ကြံကြပြန်ပါပြီ။ ဤသို့ ရှေးကလည်း(နတ်လို)တန်ခိုးပြ၊ ယခုလည်း ရောင်ခြည်တော်လွှတ်သည်ဟု (ဘုရားလို)တန်ခိုးပြ၍ အကြံအဖန် ပေါင်းများစွာ ပြုလုပ်ကြလျက် မတရားသော နည်းလမ်းတို့ဖြင့် မသိမလိမ္မာကြသူများထံမှ လာဘ, သက္ကာရ,

http://www.dhammadownload.com



သိလောကများများရအောင် ရိုက်စား ညာစား အရှက်မဲ့စွာ ပြုလုပ်နေကြသည်မှာ ဗုဒ္ဓဘာသာဝင်အားလုံးနှင့် သာသနာတော် တစ်ရပ်လုံးကို လူမျိုးခြား ဘာသာခြားများက အထင်သေး အမြင်သေးကဲ့ရဲ့စရာ ဖြစ်နေပါတော့သည်ဘုရား။

ဤသို့ စမ်းကလေးဘုန်းကြီး ဦးနန္ဒာဘာသနှင့် အပေါင်းပါ တပည့်တစ်သိုက်တို့၏ နတ်တန်ခိုး(အတု) ရောင်ခြည်တော် တန်ခိုး (အတု) ပြလျက်အုတ်အုတ်ကျက်ကျက် လုပ်ကိုင်ဆောင်ရွက် ဘော်ချက်နေမှု မှန်သမျှတို့သည် အောက်ဖော်ပြပါ ဒေသနာတော်များအရ သာသနာပြုနေခြင်းမဟုတ်ဘဲ သာသနာညစ်နွမ်းအောင် မစင်ဖြင့် သုတ်လိမ်းနေသကဲ့သို့ ပြုနေသော ဗုဒ္ဓကဲ့ရဲ့တော်မူအပ်သော လုပ်ရပ်များသာ ဖြစ်ပါသည် ဘုရား။

(က) တီဏိ ခေါ ဣမာနိ ကေဝဋ္ဋ ပါဋိဟာရိယာနိ မယာ သယံ-အဘိညာ သစ္ဆိကတွာ ပဝေဒိတာနိ။
ကတမာနိ တီဏိ၊ ဣဒ္ဓိပါဋိဟာရိယံ အာဒေသနာ ပါဋိဟာရိယံ အနုသာသနီပါဋိဟာရိယံ။(ဒီ၊၁။၂၀၆)

## မြန်မာပြန်

ကေဝဋ္ဋ၊ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ငါဟောကြားထားသော ဤပြာဋိဟာတို့သည် သုံးပါးရှိကုန်၏။ သုံးပါးတို့ဟူသည် အဘယ်နည်း။ တန်ခိုးပြာဋိဟာ (ဣဒ္ဓိပါဋိဟာရိယ) အတတ်ဟောခြင်း ပြာဋိဟာ (အာဒေသနာပါဋိဟာရိယ)နှင့် ဆုံးမခြင်းပြာဋိဟာ(အနုသာသနီပါဋိ ဟာရိယ) တို့ပေတည်း။

(ခ) တေသု ဣဒ္ဓိပါဋိဟာရိယ အာဒေသနာပါဋိဟာရိယာနိ သဥပါရမ္ဘာနိ သဒေါသာနိ အဒ္ဓါနံ န တိဋ္ဌန္တိ၊ အဒ္ဓါနံ အတိဋ္ဌနတော န နိယျန္တိ။

## မြန်မာပြန်

ထိုသုံးမျိုးတို့တွင် တန်ခိုးပြာဋိဟာ အတတ်ဟောခြင်း ပြာဋိဟာတို့သည် နှိပ်စက်ခြင်း ရှိကုန်၏။ အပြစ်နှင့်တကွ ဖြစ်ကုန်၏။ အခွန့်ရှည်ကြာစွာ မတည်နိုင်ကုန်။ အခွန့်ရှည်စွာ မတည်နိုင်သောကြောင့် ဝဋ်မှ မလွတ်နိုင်ကုန်။

http://www.dhammadownload.com



(ဂ) အနုသာသနီပါဋိဟာရိယံ အနုပါရမ္ဘံ နိဒ္ဒေါသံ အဒ္ဒါနံ တိဋ္ဌတိ အဒ္ဒါနံ တိဋ္ဌနတော နိယျာတိ။ (ဒီ၊ဋ၊၁။၃၂၃)

## မြန်မာပြန်

အနုသာသနီ(ဆုံးမခြင်း) ပြာဋိဟာသည် နှိပ်စက်မှုမရှိ၊ အပြစ်ကင်း၏၊ အစွန့်ရှည်စွာ တည်နိုင်၏၊ အစွန့်ရှည်စွာ တည်နိုင်သောကြောင့် ဝဋ်မှ လွတ်မြောက်နိုင်၏။

(ဃ) တသ္မာ ဘဂဝါ ဣဒ္ဓိပါဋိဟာရိယဉ္စ အာဒေသနာ ပါဋိဟာရိယဉ္စ ဂရဟတိ၊ အနုသာသနီပါဋိဟာရိယံ ယေဝ ပသံသတိ။ (ဒီ၊ဋ၊၁။၃၂၃)

## မြန်မာပြန်

ထို့ကြောင့် မြတ်စွာဘုရားသည် ဣဒ္ဓိပါဋိဟာရိယ အာဒေသနာ ပါဋိဟာရိယတို့ကို ကဲ့ရဲ့တော်မူ၏။ အနုသာသိနီ ပါဋိဟာရိယတို့ကိုသာ ချီးမွမ်းတော်မူ၏။

အထက်ပါကျမ်းဂန်များ၏ ဆိုလိုရင်းကို ထပ်မံလျှောက်ထားပါဦးမည် ဘုရား။

၁။ အမှတ်(က) အထောက်အထားမှာ ဗုဒ္ဓရှင်တော်မြတ်က တန်ခိုးသုံးမျိုး အကြောင်းကို ဒါယကာ ကေဝဋ္ဋအား ဟောကြားထားခြင်း ဖြစ်ပါသည်။ ဒါယကာ ကေဝဋ္ဋအား ထိုတန်ခိုးသုံးမျိုးအကြောင်းကို ဟောပြရခြင်း အတ္ထုပ္ပတ္တိကို ဆရာတော်ကြီးများသိတော်မူပြီး ဖြစ်ပါသော်လည်း အကျဉ်းချုပ် လျှောက်ထားပါဦးမည်ဘုရား။

တန်ခိုးပြာဋိဟာ (၃)မျိုး အစိပ္ပါယ် အကျဉ်းကို လျှောက်ထားပါဦးမည် ဘုရား-

**(၁) ဣဒ္ဓိပါဋိဟာရိယ**

တစ်ယောက်က နှစ်ယောက်ဖြစ်ခြင်း၊ မြေလျှိုးမိုးပျံနိုင်ခြင်း စသောတန်ခိုးအမျိုးမျိုးကို ပြခြင်းကို ဣဒ္ဓိပါဋိဟာရိယဟု ခေါ်ပါသည်။

**(၂) အာဒေသနာပါဋိဟာရိယ**

သင်၏စိတ်သည် ဤသို့ဖြစ်၏။ သင်၏ စိတ်အကြံသည် ဤသို့ အခြင်းအရာရှိ၏ စသည်ဖြင့် အခြား ပုဂ္ဂိုလ်သတ္တဝါတို့၏ စိတ်ဖြစ်ပုံ

http://www.dhammadownload.com



စေတသိတ် ဖြစ်ပုံ အကြံအစည် စသည်တို့ကို အတပ်ပြောခြင်းကို အာဒေသနာပါဋိဟာရိယဟု ခေါ်ပါသည်။

(၃) **အနုသာသနီပါဋိဟာရိယ**

နေက္ခမ္မဝိတက်စသည်ကို၊ ကြံစည်ကြ၊ ကာမဝိတက်စသည်ကို မကြံစည်ကြနှင့်၊ အနိစ္စ စသည်ကို နှလုံးသွင်းကြ၊ နိစ္စစသည်ကို နှလုံးမသွင်းကြနှင့်၊ မဂ်ဖိုလ်နိဗ္ဗာန် လောကုတ္တရာတရားနှင့် ပြည့်စုံအောင် ကြိုးစားကြ စသည်ဖြင့် ဟောကြားပြောဆိုဆုံးမခြင်းကို အနုသာသနီပါဋိဟာရိယဟု ခေါ်ပါသည်။

သဘာပတိ ဆရာတော်ကြီးများနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများ ဘုရား---

တန်ခိုးပြာဋိဟာ (၃)မျိုးတို့တွင်--

(၁) ဣဒ္ဓိပါဋိဟာရိယ တန်ခိုးပြ သာသနာပြုခြင်းသည် လောကီဂန္ဓာရီ အတတ်ပညာမျိုးနှင့် ရောထွေးလျက် သာသနာပျက်နိုင်သောကြောင့် လည်းကောင်း၊

(၂) အာဒေသနာပါဋိဟာရိယ တန်ခိုးပြသာသနာပြုခြင်းသည် လောကီ စိန္တာမဏိအတတ်မျိုးနှင့် ရောထွေးလျက် သာသနာပျက်နိုင်းခြင်းကြောင့် လည်းကောင်း၊

ထိုတန်ခိုးပြာဋိဟာ နှစ်မျိုးတို့ကို ပြုလုပ်ခြင်းသည် သာသနာတော်ကို နှိပ်စက်ရာရောက်၏။ သာသနာတော်ကို ကျက်သရေမဲ့အောင် ရှက်စရာဖြစ်အောင် ပြုလုပ်ရာရောက်၏။ သာသနာတော်ကို မစင်ဖြင့် သုတ်လိမ်းရာရောက်၏ဟု ကဲ့ရဲ့ရှုတ်ချတော်မူပါသည်။

၂။ အမှတ်(က၊ဂ၊ဃ)အထောက်အထား၌ အဋ္ဌကထာဆရာကြီးကလည်း-

(က) ဣဒ္ဓိပါဋိဟာရိယ၊ အာဒေသနာပါဋိဟာရိယ နှစ်မျိုးတို့ကို သာသနာတော်ကို နှိပ်စက်ခြင်း အပြစ်တွေများခြင်း၊ အခွန့်ရှည်စွာ မတည်နိုင်ခြင်း ဝဋ်မှ မလွတ်နိုင်ခြင်းကြောင့် ဘုရားရှင်က ကဲ့ရဲ့ ရှုတ်ချတော်မူသည်ဟု လည်းကောင်း-

(ခ) အနုသာသနီပါဋိဟာရိယကို သာသနာတော်ကို မနှိပ်စက်

http://www.dhammadownload.com



ခြင်း အပြစ်ကင်းစင်ခြင်း, အစွန့်ရှည်စွာ တည်နိုင်ခြင်း, ဝဋ်မှ လွတ်မြောက်နိုင်ခြင်းကြောင့်ဘုရားရှင်က ချီးမွမ်းတော် မူသည်ဟု လည်းကောင်း ဖွင့်ဆိုတော်မူခဲ့ပါသည် ဘုရား။

၅ကျမ်းဂန်အထောက်အထားများအရ စမ်းကလေးဆရာတော်၏ နတ်လို တရားဟောသည်ဟု လည်းကောင်း၊ ရောင်ခြည်တော် လွှတ်သည်ဟုလည်းကောင်း၊ နတ်လို တန်ခိုး(အတု)ပြ ဘုရားလို တန်ခိုး(အတု)ပြလျက် အနာဂတ် ဓမ္မသသနာ့ရိပ်သာကြီး တည်ဆောက်၍ သာသနာပြုသည်ဟူသော လုပ်ရပ် တို့သည် အထက်ပါ ကေဝဋ္ဋသုတ္တန် ကျမ်းဂန်ဒေသနာတော်ကြီးနှင့် မညီညွတ်သော မိစ္ဆာဝါဒ၊ အဓမ္မမိစ္ဆာဝါဒ လုပ်ငန်းရပ်သာ ဖြစ်ပါသည်ဘုရား။

ထိုသို့ ဖြစ်ပါသောကြောင့် ထိုစမ်းကလေးဆရာတော်၏ မိစ္ဆာဝါဒ၊ အဓမ္မဝါဒ လုပ်ရပ်တို့ကို ဓမ္မဝိနယနှင့်အညီ စိစစ်သုံးသပ် ဆုံးဖြတ်ဖယ်ကြဉ် သုတ်သင်ရှင်းလင်းပေးတော်မူပါရန် တင်ပြလျှောက်ထား စောဒနာ ပါသည် ဘုရား။

**အမှတ်(၁၅)လျှောက်ထား (စောဒနာ)ချက်**

**စမ်းကလေးဘုန်းကြီး လမ်းတိုဝါဒလက်သစ်ထူထောင် ကျင့်သုံးခြင်း သူခိုးကြီးနှင့်တူနေကြောင်း တင်ပြ လျှောက်ထားခြင်း**

သဘာပတိ ဆရာတော်ကြီးနှင့် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အမှတ်(၁၁) ဆရာတော်ကြီးများ ဘုရား-----

ဘုရားတပည့်တော်များ စမ်းကလေးဆရာတော် ဦးနန္ဒောဘာသ၏ သောတာပန်(အတု)နှင့် ရောင်ခြည်တော်(အတု)ဆိုင်ရာ မိစ္ဆာဝါဒ၊ အဓမ္မဝါဒကြီးကို ကျမ်းဂန် အထောက်အထားပေါင်းများစွာ ထုတ်ပြလျက် သုတ္တစသော မှတ်ကျောက်ကြီး(၄)ခုဖြင့် တိုက်ဆိုင်စိစစ်၍ ရှည်လျားစွာ တင်ပြလျှောက်ထားခဲ့ပြီး ဖြစ်ပါသည်ဘုရား။

ထိုလျှောက်ထားချက်လာ သောတာပန်(အတု) ရောင်ခြည်တော်(အတု)မိစ္ဆာ ဝါဒ၊ အဓမ္မ ဝါဒကြီးကို ဟောပြော ကျင့်သုံးနေခြင်းကြောင့် စမ်းကလေး ဆရာတော် ဦးနန္ဒောဘာသသည် လူဆိုး,သူခိုးနှင့် တူနေကြောင်း လျှောက်ထားပါဦးမည် ဘုရား။

http://www.dhammadownload.com



## ဘုန်းကြီးဆိုးကြီး-စမ်းကလေး ဆရာတော်

စမ်းကလေး(လမ်းတို)ဆရာတော် ဦးနန္ဒောဘာသသည်သောတာပန် ဖြစ်ရန်အတွက် ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ,ကျင့်စဉ်မျိုးဖြင့် ယခုခေတ်အခါ မရနိုင် တော့ကြောင်း (သောတာပန်ဆိုင်ရာ ရှင်းတမ်းများမှာ တပည့်တော်များ ရှင်းလင်းလျှောက်ထားခဲ့သည့်အတိုင်း) အကြောင်းတွေ အမျိုးမျိုးပြ၍ ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ,ကျင့်စဉ်များကို ဖယ်ရှားပြီး (သီလ-သဒ္ဓါ-ပညာ)ဟူသော (လမ်းတို)ဝါဒသစ်နှင့် ဒုသီလ၊ သုသီလ၊ အဓိဂမသီလ၊ ဝိနည်း၊ သိက္ခာ ဟူသော မဂ္ဂင်ရှစ်ပါး အတုတည်ထွင်ကာ (စမ်းကလေး အနာဂတ် ဓမ္မ သာသနာ ပြုအဖွဲ့)ဟူသော အဖွဲ့ကြီး ဖွဲ့စည်းလျက် ဗုဒ္ဓ၏ထေရဝါဒ ဒေသနာ တော်နှင့် ဆန့်ကျင်သော ဟောမှုပြောမှုလုပ်ရပ်များကို ပြုလုပ် နေပါသည် ဘုရား။ ထိုစမ်းကလေး(လမ်းတို)ဆရာတော်သည်---

(၁) ဘုရားဟော သီလ ကျင့်စဉ်ကိုဖြုတ်

(၂) ဘုရားဟော ဓမ္မကျင့်စဉ်ကိုနုတ်

(၃) ဘုရားဟော ပညာကျင့်စဉ်ကို တလွဲလုပ်၍

(၄) ဘုရားမဟောသော သဒ္ဓါကျင့်စဉ် ဆိုတာကို အစွဲထုတ်ပြီး မဂ္ဂင်ရှစ်ပါး အတု မဟုတ်တရုတ်လုပ်လျက် သောတာပန် အမည်တွေ ပေးနေ ခြင်းဖြင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ဝိနည်း-သုတ္တန်-အဘိ ဓမ္မာ တရားတော်ကြီးများကို ဖျက်ဆီး၍ အလွန်မှားယွင်းစွာ ကျင့်သုံး ဟောပြောလိုက်ခြင်းဖြစ်ပါသည်။ထိုသို့ ဗုဒ္ဓ၏တရားတော် များကိုဖယ်ရှားဖျက်ဆီးလျက် သူဟောပြောကျင့်သုံးသော တရား သည် ပိဋကတ်တော်၌ မပါ သူကိုယ်တိုင် တရားကျင့်၍ သိထားသော တရား (အဘူတဓမ္မ)ဘယ်တုံးကမှ မဖြစ်ပေါ်ဖူးသေးသောတရား ဖြစ်သည် ဟုဆိုသဖြင့် တရားသူခိုးကြီး ပြုလုပ်လိုက်ခြင်းလည်း ဖြစ်ပါ သည် ဘုရား။ (သက်သေခံအမှတ် (၇)တရားတိတ်ခွေ နားထောင် ကြည့်တော်မူပါ)

ထိုသို့ တရားသူခိုးပြုလုပ်လျက် ကျင့်သုံးဟောပြောနေခြင်းကြောင့် ထိုစမ်းကလေး (လမ်းတို) ကိုယ်တော်ကြီးသည် မိမိကိုယ်ကို ဒုသီလအဖြစ် မိစ္ဆာဒိဋ္ဌိအဖြစ်အရှုံးအဖြစ်သို့ရောက်အောင် ပြုလုပ်နေသူဖြစ်သည့်အပြင် (လူ့

http://www.dhammadownload.com



လောကလူဆိုး သူခိုးကဲ့သို့) သာသနာတော်၌ ဘုန်းကြီးဆိုး ဘုန်းကြီးသူခိုး ကြီးဖြစ် အောင် ပြုလုပ်နေသူဖြစ်ပါသည်ဘုရား။

အောက်ပါကျမ်းဂန်များကို ထောက်ထား၍ လျှောက်ကြားပါဦးမည် ဘုရား---

(က) ဝိနယေ ပန ဒုပ္ပဋိပန္နော အနုညာတသုခသမ္ဖဿအတ္ထရဏပါဝုရဏာဒိဖဿသာမညတော ပဋိက္ခိတ္တေသု ဥပါဒိန္နကဖဿာ ဒီသု အနဝဇ္ဇသညီ ဟောတိ (ပ) တတော ဒုဿီလဘာဝံ ပါပုဏာတိ။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၀)

## မြန်မာပြန်

ဝိနည်းတရားတော်၌ (မှားယွင်းစွာ) မကောင်းသဖြင့် ကျင့်သော ရဟန်းသည် ခွင့်ပြုတော်မူအပ်သော ကောင်းသောအတွေ့ရှိသော အခင်း အခြုံ အစရှိသည်တို့၏ အတွေ့နှင့် တူကုန်သည်၏ အဖြစ်ကြောင့် ပယ်မြစ်တော် မူအပ်ပြီးကုန်သော ဥပါဒိန္နကဖြစ်သော မာတုဂါမ၏ အတွေ့အစ ရှိသည်တို့၌ အပြစ်မရှိဟု မှတ်ထင်ခြင်းရှိသည်၏ အဖြစ်ကြောင့် (ထိုသိက္ခာပုဒ်ကိုလွန်ကျူး၍) ဒုဿီလအဖြစ်သို့ ရောက်ရ၏။

(ခ) သုတ္တေ ဒုပ္ပဋိပန္နော "စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ"တိ အာဒီသု အဓိပ္ပါယံ အဇာနန္တော ဒုဂ္ဂဟိတံ ဂဏှာ (ပ) တတော မိစ္ဆာဒိဋ္ဌိတံ ပါပုဏာတိ။ (ဝိ၊ဋ္ဌ၊၁။၂၀)

## မြန်မာပြန်

သုတ္တန်တရားတော်၌ (မှားယွင်းစွာ) မကောင်းသဖြင့် ကျင့်သော ရဟန်းသည် - ရဟန်းတို့ (၄)ယောက်ကုန်သော ဤပုဂ္ဂိုလ်တို့သည် လောက၌ ထင်ရှားရှိကုန်၏။ ဤသို့အစရှိသော ပါဠိရပ်တို့၌ ဘုရား ရှင်၏ အလိုတော်ကို မသိသည်ဖြစ်၍ မကောင်းသဖြင့် (မှားမှားယွင်း ယွင်း) ယူအပ်သည် မည်လောက်အောင် ယူစွဲမိသောကြောင့် မိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်ရ၏။

(ဂ) အဘိဓမ္မေ ဒုပ္ပဋိပန္နော ဓမ္မစိန္တံ အတိဓာဝန္တော အစိန္တေယျာနိပိ စိန္တေတိ၊ တတော စိတ္တက္ခေပံ ပါပုဏာတိ။ (ဝိ၊ ဋ္ဌ၊ ၁။ ၂၀)

http://www.dhammadownload.com



မြန်မာပြန်

အဘိဓမ္မာတရားတော်၌ (မှားမှားယွင်းယွင်း မကောင်းသဖြင့် ကျင့်သော ရဟန်းသည် သဘာဝဓမ္မကို စဉ်းစားကြံစည်ခြင်းကို ကျော်လွန်ပြေးသွားသည်ဖြစ်၍ မကြံအပ် မကြံထိုက်သော အကြောင်းအရာတို့ကိုလည်း ကြံစည်မိခြင်းကြောင့် စိတ်ပျံ့လွင့်ခြင်း (စိတ်ကတောက်ကတက်ဖြစ်ခြင်း၊ စိတ်ပင်ပန်းရှုးသွပ်ခြင်း) အဖြစ်သို့ ရောက်ရ၏။

(ဃ) ဓဝမေတေသု ဒုပ္ပဋိပန္နော ယထာက္ကမေန ဣမံ ဒုဿီလဘာဝ မိစ္ဆာဒိဋ္ဌိတာ စိတ္တက္ခေပဘာဝံ ဝိပတ္တိံ ပါပုဏာတိ။ (က-ခ-ဂ-ဃပါဌ်များ အဘိ- ဋ၊ ၁၊ ၂၅ နှင့် ဒီ-ဋ ၁၊ ၂၂/၂၃တို့၌လည်းရှုတော်မူကြပါကုန်။)

မြန်မာပြန်

ဤသို့လျှင် ဤသုံးပုံသော ပိဋကတ်တို့၌ (မှားမှားယွင်းယွင်း) မကောင်းသဖြင့် ကျင့်သောရဟန်းသည် အစဉ်အားဖြင့် ဒုဿီလ အဖြစ်မှားသော အယူရှိသူ၏ အဖြစ် စိတ်ပျံ့လွင့် (ရှုးသွပ်) ခြင်းအပြားရှိသော ဤပျက်စီးခြင်းသို့ ရောက်ရ၏။

( င ) တသ္မာ အယံ ဘိက္ခု ဗုဒ္ဓေန အကထိတံ ကထေတိ။ ဇိနစက္ကေ ပဟာရံ ဒေတိ၊ ဝေသာရဇ္ဇဉာဏံ ပဋိဗာဟတိ၊ သောတုကာမံ ဇနံ ဝိသံ ဝါဒေတိ၊ အရိယပထေ တိရိယံ နိပတိတွာ မဟာဇနဿ အဟိတာယ ဒုက္ခာယ ပဋိပန္နော။ (မ၊ ဋ၊ ၂။ ၂၀၅)

မြန်မာပြန်

ထို့ကြောင့် ဤသာတိမည်သော ရဟန်းသည် ရှင်တော်မြတ်ဘုရား မဟောကြားသော (အဓမ္မဝါဒ) တရားမျိုးကို (ဓမ္မဝါဒကဲ့သို့ပြုလုပ်၍) ဟောတတ်၏။ ဇိနစက်ဟုဆိုအပ်သော ဘုရားရှင်၏ သာသနာတော် အားပုတ်ခတ်စော်ကား၏၊ ဗုဒ္ဓရှင်တော်မြတ်၏ ဝေသာရဇ္ဇဉာဏ်တော်ကြီးကို တားမြစ်၏။ တရားနာလိုသူ လူအပေါင်းကို အလွဲလွဲ အချော်ချော် အမှားမှား အယွင်းယွင်းပြောဆိုစေ၏။ အရိယဖြစ်ကြောင်း ကျင့်စဉ်လမ်းစဉ်၌ ကန့်လန့်ဖြတ်ပိတ်ဆို့၍ လူအများ၏ စီးပွားမဲ့ရန်အလို့ငှာ ဆင်းရဲခြင်းအလို့ငှာ (အဓမ္မဝါဒကို) ကျင့်သုံးနေ၏။

http://www.dhammadownload.com



( စ ) အဘိဓမ္မ ပဋိဗာဟေန္တော ကမ္မသို ဇိနစက္ကေ ပဟာရံ ဒေတိ၊ သဗ္ဗညုတ ညာဏံ ပဋိဗာဟတိ၊သတ္ထု ဝေသာရဇ္ဇဉာ ဏံ ပဋိနိဝတ္တေတိ၊ သောတုကာမံ ပရိသံ ဝိသံဝါဒေတိ၊ အရိယမဂ္ဂေ အာဝရဏံ ဗန္ဓတိ။ (အဘိ၊ ဋ၊ ၁။ ၃၀)

## မြန်မာပြန်

အဘိဓမ္မာပိဋကတ်ကို တားမြစ်သောပုဂ္ဂိုလ်သည် ဤမြတ်စွာဘုရား၏ သာသနာဟူသောစက်၌ ပုတ်ခတ်ခြင်းကို ပေးရာရောက်၏။ သဗ္ဗညုတညာဏ်ကို တားမြစ်ရာရောက်၏။ မြတ်စွာဘုရား၏ ဝေသာရဇ္ဇညာဏ်တော်ကို ဆုတ်နစ်စေ၏။ တရားနာလိုသူ ပရိသတ်ကိုအလွဲလွဲအချော်ချော် အမှားမှား အယွင်းယွင်း ပြောဆိုစေ၏။ အရိယာဖြစ်ကြောင်း လမ်းစဉ်၌ ပိတ်ဆည်းကြောင်းဖြစ်သောစည်း (ရိုး)ကို နှောင်ဖွဲ့၏။

(ဆ) ယထာ နာမ ရညော ရဋ္ဌေ မဟာစောရော ဥပ္ပဇ္ဇမာနော မဟာဇနဿ အဟိတာယ ဒုက္ခာယ ဥပ္ပဇ္ဇတိ၊ ဧဝံ ဇိနသာသနေ စောရော ဟုတွာ မဟာဇနဿ အဟိတာယ ဒုက္ခာယ ဥပ္ပန္နောတိ ဝေဒိတဗ္ဗော။ (မ၊ ဋ၊ ၂။ ၂၀၅-၂၀၆)

## မြန်မာပြန်

ဥပမာသည်ကား-မင်း၏ တိုင်းပြည်၌ လူဆိုးသူခိုးတစ်ယောက် ဖြစ်ပေါ်လာသော် တိုင်းသူပြည်သား များ၏ စီးပွားမဲ့ရန်အလို့ငှာ၊ ဆင်းရဲခြင်း အလို့ငှာ ဖြစ်ရသကဲ့သို့---

ဤအတူ ရှင်ဟော်ဘုရား၏ သာသနာတော်၌ လူဆိုးသူခိုးကြီး ဖြစ်၍ သာသနာကို ကိုးကွယ်သူ လူများအပေါင်း၏ စီးပွားမဲ့ရန်အလို့ငှာ၊ ဆင်းရဲ ခြင်းအလို့ငှာ ဖြစ်သည်ဟု သိအပ်၏။

( ဇ ) အယံ ပရိသံ လဘိတွာ သာသနမ္ပိ အန္တရဓာပေယျ၊ ယာဝပကွံ န လဘတိ၊ တာဝဒေဝ နံ ဒိဋ္ဌိဂတာ ဝိမောစေမာတိ သုတသုတ ဌာနတော ယေဝ အဋ္ဌတွာ အနိသီဒိတွာ ဥပသင်္ကမိံသု။ (မ၊ဋ၊၂။ ၂၀၆)

http://www.dhammadownload.com



## မြန်မာပြန်

ဤသာတိရဟန်းသည် (အကျင့်တူ-ဝါဒတူ အဓမ္မဝါဒီ) ပရိသတ်ကို ကျောထောက်နောက်ခံ ရရှိလတ်သော် ဘုရားသာသနာတော်ကိုလည်း ကွယ်ပျောက်စေနိုင်ရာ၏။ (ထိုရဟန်းနှင့် အကျင့်တူ ဝါဒတူ အဓမ္မဝါဒီ) အသင်းသား အဖွဲ့သားများကို မရရှိသေးမီ အချိန်၌ ထို (မိစ္ဆာဝါဒီ၊ အဓမ္မဝါဒီ) သာတိရဟန်းကို ထို(မိစ္ဆာဝါဒ၊ အဓမ္မဝါဒ) အယူမှားမှ လွတ်မြောက်စေ၍ (အယူမှန်သို့) ရောက်စေကုန်အံ့ဟု (ဇနပုဒ်၌ သီတင်းသုံးကုန်သော ပိဋကပါတ် ခုတင်ဆောင်) ရဟန်းတို့သည် ကြားရာ၊ ကြားရာအရပ်၌သာလျှင် ရပ်တံ့မနေ ထိုင်ကြမူ၍ ဘုရားရှင်အထံတော်မြတ်သို့ (အလျင်အမြန်) ချဉ်းကပ် ကြွလာကြကုန်၏။

အထက်ပါ ကျမ်းဂန်အထောက်အထားများအရ စမ်းကလေး (လမ်းတို) ဆရာတော်၏ မိစ္ဆာဝါဒအဓမ္မဝါဒ မကောင်းမှုဆိုးကြီးကြောင့် ရနိုင်မည့် မကောင်းကျိုးတို့ကို နံပါတ်ထိုးဖော်ပြပါဦးမည် ဘုရား။

(၁) အမှတ် (က-ခ-ဂ-ဃ) ကျမ်းဂန် အထောက်အထားများအရ---

(က) စမ်းကလေး (လမ်းတို) ဆရာတော်သည် ဗုဒ္ဓ၏ စေတနာ ဝိရတီ-စသော စေတသိက်များပြဋ္ဌာန်းသည့် စိတ္တုပ္ပါဒ် (နာမ် တရားတို့ကို) အရကောက်ရသော (၅)ပါး (၈)ပါး (၁၀)ပါး အာဇီဝဋ္ဌမက၊ ရဟန်းသီလ-ဟူသည် တို့ကို မယိမ်းမယိုင် ကျောက်စာတိုင်လို ငုတ်တုတ်ထိုင်နေသော ရုပ်ခန္ဓာကိုယ်ကြီး ကို သီလ (ဝါ) အဓိဂမသီလ-ဟု အရကောက် (အစားထိုး လျက်) ဗုဒ္ဓ၏ သီလကျင့်စဉ် (ဝိနည်းဒေသနာတော်)၌ (မှားမှားယွင်းယွင်း) မကောင်းသဖြင့်ကျင့်သော ဝိနယဒုပ္ပဋိ- ပန္နပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့် သီလကို အရေးမထား ဖောက်ဖောက်ပြားပြား ကျူးလွန်၍ (ဒုဿီလကြီး) အဖြစ် သို့ ရောက်ရတော့မည့် အခြေအနေမျိုး ဖြစ်နေပါပြီဘုရား။

(ခ) စမ်းကလေး (လမ်းတို) ကိုယ်တော်ကြီးသည် ဗုဒ္ဓ၏ သမာဓိ ကျင့်စဉ်အားလုံးကို ဖြုတ်ပယ်ပစ်၍ မျက်စိ-နား-နှာခေါင်း- ပါးစပ်-ကိုယ်စိတ် လုံခြုံခြင်း (ဣန္ဒြိယသံဝရသီလကို အဓိဂမ

http://www.dhammadownload.com



သဒ္ဒါဟု (တလွဲ) အရကောက်လျက် ဗုဒ္ဓ၏ သမာဓိကျင့်စဉ် သုတ္တန်ဒေသနာ တော်၌ (မှားမှားယွင်းယွင်း) မကောင်းသဖြင့် ကျင့်သော သတ္တန္တ ဒုပ္ပဋိပန္န ပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့် ဗုဒ္ဓဟောတော်မူသော ဒေသနာ တို့၌ ဗုဒ္ဓဆိုလိုရင်း အဓိပ္ပာယ်ကို ဘာမသိ ညာမသိ ထင်မိထင်ရာ အလွဲလွဲ အမှားမှား ယူစွဲမိ၍ (မိစ္ဆာဒိဋ္ဌိကြီး) အဖြစ်သို့ ရောက်ရတော့ မည့်အခြေ အနေမျိုး ဖြစ်နေပါပြီဘုရား။

(ဂ) စမ်းကလေး (လမ်းတို) ဆရာကြီးသည် ဗုဒ္ဓ၏ ဝိပဿနာ-ပညာ ကျင့်စဉ်ကို (ပညာဆိုတာ အကျိုးတရား မဂ်ပြောတာ)ဟု (လမ်းတို ဝါဒလက်သစ်မူအရ) ပညာကျင့်စဉ်အရ ဝိပဿနာ ပညာအရမကောက်ဘဲ မဂ်ပညာကို ကောက်ယူဟောပြောလျက် ဗုဒ္ဓမြတ်စွာ၏ ပညာကျင့်စဉ် (အဘိဓမ္မာ ဒေသနာ တော်)၌ (မှားမှားယွင်းယွင်း) မကောင်းသဖြင့် ကျင့်နေသော အဘိဓမ္မဒုပ္ပဋိပန္နပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့် ဗုဒ္ဓ၏ သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့် သိတော်မူ၍ ဟောကြားထားသော တရားတို့ကို ဒေဝဒတ်ဉာဏ်လို ဉာဏ်မျိုးမျှလောက်ဖြင့် ဘုန်းကံကြီးရေး နာမည်ကြီးရေး လူလာ လူသွားများရေးကို အလေးပေးလျက်---

- ✱✱ ပညာဆိုတာ မဂ်ကို ပြောတာ၊
- ✱✱ သတ္တက္ခတ္တုပရမ သောတာပန်ဆိုတာ-စိတ်ကလေးကြည်လင်မှုကြောင့်ဖြစ်တာ၊
- ✱✱ ကောလံကောလ သောတာပန်ဆိုတာ-ကြက်သီးထခြင်းကြောင့်ဖြစ်တာ၊
- ✱✱ ဧကဗီဇသောတာပန်ဆိုတာ ကြက်သီးထခြင်း အလင်းရောင်မြင်ခြင်း၊ ရင်ထဲအေးခြင်းတို့ကြောင့် ဖြစ်တာဟု (ဘုရားအရာကိုကိုယ့်အရာလုပ်၍) ဟိုတွေးဒီကြံ မမှန်မကန် မကြံစည်အပ်၊ မကြံစည်ရာကြံစည်နေ၍ (ဘုန်းကြီးရှူးကြီး) အဖြစ်သို့ ရောက်ရတော့မည့် အခြေအနေမျိုး ဖြစ်နေ ပါပြီဘုရား။

http://www.dhammadownload.com



(၂) ဤသို့အဘိဓမ္မာ ဒေသနာတော်၌ မကြံစည်အပ်မကြံစည်ရာ (မှားမှား ယွင်းယွင်း) ကြံစည်ကျင့်သုံးနေသဖြင့် ဘုန်းကြီးရှူးအဖြစ်သို့ ရောက်ရသော စမ်းကလေး(လမ်းတို့) ကိုယ်တော်ကြီးကို (အဘိ-ဋ္ဌ-၁၊နှာ-၃၀)၌-

** ဥက္ကေ့ပနိယကမ္မတဇ္ဇနီယကမ္မာရဟော ဟောတိ၊ တံ တံ ကမ္မံ ကတွာ ဥယျော ဇေတဗ္ဗော"ဂစ္ဆ ဝိဟာသာဒေါ ဟုတွာ ဇီဝိ-ဿသီတိ-"

ဟူ၍အဋ္ဌကထာဆရာကြီး ဖွင့်ပြထားသည်နှင့်အညီ---ဥက္ကေ့ပနိယ ကံလည်းပြု တဇ္ဇနီယကံ လည်းပြုလျက် "သွားတော့ သင်ဒီသာသနာတော်မှာ မနေနဲ့တော့ ရှော့ယူ-အင်္ကျီကုတ်ပြုလုံချည်ကွဲကို ဝတ်တော့၊ ခွက် အစုတ်(တစ်ခု)ကို ကိုင်ထား၊ စားကြွင်းစား သူတောင်းစားဘဝနဲ့ အသက်မွေးတော့"ဟု သာသနာမှ အပြီးတိုင် နှင်ထုတ်ပစ်ရန် သင့်မသင့် ဝေဖန်စဉ်းစားစရာ ကောင်းလှပါသည်ဘုရား။

ဘုရားတပည့်တော်များကတော့-သာသနာခေတ်သမိုင်းတစ်လျှောက်၌ ဝိနည်းဓိုရ် ဆရာကြီးတို့၏ ဆရာထက်ဆရာဖြစ်တော်မူသော အရှင်မဟာဗုဒ္ဓဃောသဆရာကြီးကိုယ်တော်တိုင် (အထက်ပါအတိုင်း) ထုတ်ပြန်ခဲ့သော ဤအမိန့်ပြန်တမ်းကြီးကို စမ်းကလေး (လမ်းတို့) ဆရာအနေဖြင့် လေးစားလိုက်နာလျက် သင်္ကန်းကိုချွတ်၊ ** အင်္ကျီကုတ်ပြု လုံချည်ကွဲဝတ်၊ ** သပိတ်ကိုစွန့်ထားခဲ့၊ ** ခွက်အစုတ် တစ်လုံးကိုပိုက်၊ **ခေါင်းငိုက်စိုက်ပုံအသွင်ဖြင့်၊ ** အိမ်စဉ်လှည့်သွား၊ ** သူတောင်းစားလုပ်၊ ** ခပ်ကုတ်ကုတ် အသက်မွေးသင့်ပါကြောင်း အဋ္ဌကထာဆရာကြီးအား ထောက်ခံလိုပါသည်ဘုရား။

(၃) အမှတ် (င-စ-ဆ) ကျမ်းဂန် အထောက်အထားများအရ---

စမ်းကလေး (လမ်းတို့) ဆရာ(ဇရာမ)သူခိုးကြီးဖြစ်နေကြောင်းကို လျှောက် ထားပါမည်ဘုရား။ ထိုအမှတ် (င-စ-ဆ)များမှာ ဆရာတော်ကြီးများ သိတော် မူပြီးသည့်အတိုင်း သင်္ကန်းဝတ်ထားလျက် ဒိဋ္ဌိအယူ ယူနေသော နာမည်ကျော် (ဦးသာတိ ရဟန်း-၏) လုပ်ရပ်နှင့် ပတ်သက်၍ ဖွင့်ဆိုတော်မူထားခြင်းပါ ဘုရား။ ဦးသာတိ-ရဟန်းနှင့်ပတ်သက်၍ ဖွင့်ဆိုထားချက်

http://www.dhammadownload.com



ဖြစ်ပါသော်လည်း စမ်းကလေး ဦးနန္ဒောဘာသ လုပ်ရပ်ကိစ္စနှင့်ပါ အကျုံး ဝင်နေပါသဖြင့် ထိုသုတ္တန်ကို(စမ်းကလေးသုတ္တန်)အဖြစ်ပါ သတ်မှတ် ၍(ဦးသာတိ-နှင့် ဦးနန္ဒောဘာသ) ၂-ပါးလုံးအတွက် ဖွင့်ဆိုထားသည်ဟု ဆိုသင့် ဆိုထိုက်လှပါသည်ဘုရား။

မှတ်ချက်။ အမှတ် (စ) ကျမ်းဂန်အဖွင့်မှာ သာတိရဟန်းနှင့်စပ်လျဉ်း၍ (တိုက်ရိုက်)ဖွင့်ဆိုထားခြင်း မဟုတ်သော်လည်း (ဦးသာတိ-ရဟန်းရော+ဦးနန္ဒောဘာသပါ) အဘိဓမ္မာကို ပစ်ပယ်သူ များ ဖြစ်ကြ၍ အဓိပ္ပာယ်သက်ဆိုင်သောကြောင့် အထောက် အထား ထုတ်ပြထားခြင်း ဖြစ်ပါသည်။

ဆက်လက်လျှောက်ထားပါမည်ဘုရား---

(က) * ဗုဒ္ဓရှင်တော်မြတ်က ဝိညာဉ်စိတ်သည် အကြောင်းရှိမှ ဖြစ်ပေါ်၍ အကြောင်းမရှိလျှင် မဖြစ်ဟု ဟောတော်မူ၏။

* ဦးသာတိရဟန်းက ဝိညာဉ်ဟူသည် မချုပ်မပျက်ဘဲ ထိုဘဝ-၌ ဘဝ ပြေးသွားကျင်လည်နေရသည်ဟု ပြော၏။ ထို့ကြောင့် ဦးသာတိ ရဟန်းသည် ဘုရားမဟောသည်ကို ဟောလျက် ဗုဒ္ဓ ရှင်တော်မြတ်၏ သာသနာတော်ဓမ္မစက်ကို ဖျက်ဆီးပုတ်ခတ်၏။

( ခ) * ဗုဒ္ဓရှင်တော်မြတ်က သီလ သမာဓိ ပညာ ကျင့်စဉ်မှန်ကို ဟောပြ၏။

* ဦးသာတိ ရဟန်း၏ နောက်လိုက်တပည့်များ ဖြစ်သော စမ်းက လေး (လမ်းတို)ဦးနန္ဒောဘာသက ဗုဒ္ဓရှင်တော်မြတ် ဟောထားတော် မူသော (သီလ, သမာဓိ, ပညာ, )ကျင့်စဉ်များကို ဖျက်ဆီး ၍ ဘုရား မဟောသော (သီလ,သဒ္ဓါ, ပညာ,လမ်းတို) ကျင့်စဉ်ကို(အစားထိုး) ဟောပြော၏။ ဗုဒ္ဓ၏ သမ္မာဒိဋ္ဌိစသော မဂ္ဂင် (ရှစ်)ပါး ကျင့်စဉ်ကို ဖျက်ဆီး၍ သူ၏လက်ဖြစ် နှုတ်ဖြစ် ယုံကြည် သဒ္ဓါ စသော မဂ္ဂင် ရှစ်ပါး အလွဲအမှားဖြင့် (အစားထိုး) ဟောပြော၏။

ထို့ကြောင့် စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသသည် ဘုရား မဟောသည်ကို ဟောလျက် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော် ဓမ္မစက်ကို ဖျက်ဆီးပုတ်ခတ်၏(အမရပူရ မဟာဂန္ဓာရုံ ဘာသာဋီကာဆရာတော်ကြီး၏

http://www.dhammadownload.com



ဖွင့်ဆိုချက်အရ ပြောရပါသော် သာသနာတော်စက်ကြီးကို တင်းပုတ်ဖြင့် ထုနှက်ဖျက်ဆီး၏-ဟု ဆိုရပါမည်ဘုရား။)

ထိုသို့ သာသနာစက်ကြီးကို ဖျက်ဆီးပုတ်ခတ်လိုက်ခြင်းသည် ဗုဒ္ဓရှင်တော်မြတ်၏ သဗ္ဗညုတဉာဏ်တော် ဝေသာရဇ္ဇဉာဏ်တော်မြတ်ကြီးကိုလည်း တားမြစ်ရာ ဆုတ်နစ်စေရာ ရောက်ပါသည်ဘုရား။

(ဂ) ဦးသာတိ ရဟန်းနှင့် (၎င်းနောက်လိုက်) စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသတို့သည် အဘိဓမ္မာ (အလွဲ)တရားကို ဟောကြားခြင်း သီလ,သဒ္ဓါ,ပညာ (လမ်းတို) ကျင့်စဉ် သာသောတာပန် ဖြစ်ကြောင်း ကျင့်စဉ်ဟု (အလွဲအမှား) ဟောကြားခြင်း၊ ယုံကြည်သဒ္ဓါစသော မဂ္ဂင် ရှစ်ပါး (အလွဲအမှား)ကို ဟောကြားခြင်း (ဟောကြားစေခြင်း) တို့ကြောင့် တရား(မှန်)ကို နာလိုသူတို့အား အဘိဓမ္မာ (အမှန်)တရား၊ ဗုဒ္ဓ၏ သီလ,သမာဓိ,ပညာ,ကျင့်စဉ်အမှန်တရား ဗုဒ္ဓ၏ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်မှန်တရားတို့ကို အမှားမှားအယွင်းယွင်း အလွဲလွဲ အချော်ချော် ပြောကြားစေရာ ရောက်ပါသည်ဘုရား။

(ဃ) ထိုသို့ ဦးသာတိရဟန်းနှင့် နောက်လိုက်တပည့် စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသတို့သည် တရားစစ်တရားမှန် နာယူလိုသူတို့အား အလွဲလွဲအမှားမှား (မ) တရားတို့ကို ဟောပြနေသဖြင့် ထို (မ)တရားတို့ကို နာယူရသူတို့မှာ (ကျင့်စဉ်မှန်တရားတို့ကို နာယူကျင့်ပွားမှု မပြုကြရ၍) ရုပ်နာမ် သင်္ခါရတရားတို့ကို ဝိပဿနာဉာဏ်အဆင့်အဆင့်ဖြင့် အမှန်သိနိုင်မှုမရှိသောကြောင့် ထို (မ) တရားကို နာယူသူတို့အတွက် အရိယာအစစ်ဖြစ်ကြောင်း ကျင့်စဉ်လမ်းမှန်၊ လမ်းကောင်း၌ စည်းရိုးကြီး ပိတ်ဆို့တားဆီးထားလိုက်ရာ ရောက်ပါသည်။ ဝါ-ထို (မ)တရားနာယူသူတို့အတွက် အရိယာ (အစစ်) ဖြစ်ခွင့်မရအောင် ကျင့်စဉ်, လမ်းမှန် လမ်းကောင်း၌ ဦးသာတိ ရဟန်းနှင့် စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသတို့က ခန္ဓာကိုယ်ထွားထွားကြီးများဖြင့် ကန့်လန့်ဖြတ် တုံးလုံးလှဲ ပိတ်ဆို့ထားလိုက်ရာ ရောက်ပါသည်ဘုရား။

http://www.dhammadownload.com



( င) ထိုသို့ အရိယာ (အစစ်) ဖြစ်ကြောင်း ကျင့်စဉ်လမ်းမှန် လမ်းကောင်းတို့ကို ပိတ်ဆို့တားဆီးလိုက်ခြင်းကြောင့် ဦးသာတိရဟန်းနှင့် စမ်းကလေး (လမ်တို) ဦးနန္ဒောဘာသတို့သည် (သူတို့ကို အားထားကြည်ညိုနေသူများ၏ အစီးအပွား ချမ်းသာမဲ့ဖြစ်ဖို့အလို့ငှာ၊ ဆင်းရဲဒုက္ခတွေများဖို့အလို့ငှာ (မတရားအနိုင်ကျင့်) တိုက်တွန်းပေးရာ ရောက်ပါသည်ဘုရား။

ဉပမာအားဖြင့်-----

ရှင်ဘုရင်တစ်ပါးအုပ်ချုပ်နေရာ တိုင်းပြည်၌ လူဆိုးသူခိုးကြီးတစ်ယောက် ပေါ်ပေါက်လာလျှင် ထိုလူဆိုးကြီးပေါ်ပေါက်လာခြင်းကြောင့် တိုင်းသူပြည်သားအများတို့မှာ လွန်စွာစီးပွားချမ်းသာမဲ့ဖို့၊ လွန်စွာ ဆင်းရဲဒုက္ခတွေများဖို့သာ ဖြစ်သကဲ့သို့ ထို့အတူပင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော် (နိုင်ငံတော်အတွင်း)၌ ဦးသာတိရဟန်းနှင့် နောက်လိုက်တပည့် စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသဟူသော ရဟန်းဆိုး ရဟန်းသူခိုး၊ ဘုန်းကြီးဆိုး ဘုန်းကြီးသူခိုးကြီးများပေါ်ပေါက်လာခြင်းကြောင့် (သူတို့ကို ယုံမှတ်ပြီး ကိုယ်ရော, စိတ်ပါ ပုံအပ်၍ ကိုးကွယ်ကြည်ညိုနေကြသူ) ရှင်လူအများတို့မှာ မျက်မှောက်သံသရာ စီးပွားချမ်းသာမဲ့ဖို့ရာ ဆင်းရဲဒုက္ခတွေများဖို့သာ ဖြစ်ကြရပါတော့သည်ဘုရား။ ဤမျှလျှောက်ထားချက်ဖြင့် ဗုဒ္ဓလက်ထက်နာမည်ကျော် ဦးသာတိရဟန်းနှင့် ထပ်တူတပ်မျှပင် ယခုစမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသသည်လည်း ဗုဒ္ဓရှင်တော်မြတ်ကိုလည်း ထိပါး စော်ကား၊ သာသနာတော်မြတ်ကိုလည်း ဖျက်ဆီး၍ လူများအပေါင်း၏ အကျိုးစီးပွားမဲ့ဖို့ ဆင်းရဲဒုက္ခတွေများဖို့ ကျင့်သုံးဟောပြောနေကြောင်း ထင်ရှားစွာ သိရလောက်ပါပြီဘုရား။

(၄) ယခုဆက်လက်၍ အမှတ် (၈) ကျမ်းဂန်အထောက်အထားအရ ယခုခေတ်ရဟန်းသံဃာများ အတုယူကျင့်သုံးဖွယ်ကို အထူးလျှောက် ထားပါဦးမည်ဘုရား---

ဗုဒ္ဓလက်ထက် ဇနပုဒ်နေ ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းတော်တို့ သည် ဦးသာတိရဟန်း၏ (မိစ္ဆာအယူဝါဒ၊ အဓမ္မဝါဒ) သတင်းကို ကြားသိသောအခါ

http://www.dhammadownload.com



ကြားရာ၊ ကြားရာအရပ် ဌာနဒ္ဓသာ (ကိုယ်နှင့်မဆိုင် သကဲ့သို့)အေးအေး ဆေးဆေး ရပ်မနေ, ထိုင်မနေ, အိပ်မနေကြဘဲ သာသနာ တော် တစ်ရပ်လုံး အတွက် အလွန်အရေးကြီးသော ကိစ္စကြီးဟု သတ်မှတ် ကြကာ ဤဦးသာတိ ရဟန်းသည် သူနှင့်အယူ တူ, ဝါဒတူ (သူ့အယူဝါဒကို ကြိုက်နှစ်သက်ကြ သူတွေ)ကျောထောက် နောက်ခံရရှိလာလျှင် သာသနာတော်ကြီး ကွယ် ပျောက်အောင် လုပ်လာပေလိမ့်မည်၊ ယခုထိုသို့ ကျောထောက်နောက်ခံ အင်အား မများသေးမီ အချိန်မှာ ထိုဦးသာတိ ရဟန်းအား (ထိုမိစ္ဆာ၊ အဓမ္မအယူဆိုး)ကို စွန့်လွှတ်စေရအောင် ငါတို့ဝိုင်းဝန်းကြိုးပမ်းကြ မည်"ဟု ဘုရားရှင်အထံတော်သို့ အလျှင်အမြန်ကြွရောက်တော် မူကြပါသည်တဲ့ ဘုရား။

ယခုလည်း စမ်းကလေး (လမ်းတို) ဆရာတော် ဦးနန္ဒောဘာသသည် စမ်းကလေးအနာဂတ် ဓမ္မသာသနာအဖွဲ့ကြီးဖွဲ့၍ (သူ၏ လမ်းတို မိစ္ဆာဝါဒ၊ အဓမ္မဝါဒ၊ မဂ္ဂင် ကျင့်စဉ်မှားကြီးဖြင့်) သောတာပန်ဖြစ်ဖို့ တာဝန်ယူကြောင်း ကြော်ငြာကာ ကျောထောက်နောက်ခံ အင်အားများရအောင် (လူအား, အာဏာအား, ငွေစက္ကူအား) အမျိုးမျိုးအသုံးပြု၍ သာသနာဖျက်လုပ်ငန်းကြီး ကို ပြုလုပ်နေပါပြီ။

ထိုစမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသ၏ ထိုမိစ္ဆာဝါဒ၊ အဓမ္မဝါဒ ကျင့်စဉ်အမှားကြီးဖြင့် သာသနာဖျက်နေသော မကောင်းသတင်းကို ကြားသိ ရသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရဟန်းသံဃာတော်များသည်လည်း ဗုဒ္ဓ လက်ထက်တော်အခါ ဇနပုဒ်နေ ပိဏ္ဍပါတ်ဓုတင်ဆောင် ရဟန်းများကဲ့သို့ပင် "ဒီအရေးဟာ သာသနာတော် တစ်ရပ်လုံးနှင့်ဆိုင်သော အရေး၊ ဒို့အရေးပဲ" ဟု နှလုံးပြုတော်မူကြလျက် ကြားရာအရပ် ကြားရာအရပ် မိမိတို့ကျောင်းကန်ဌ္ဌ သာ (ကိုယ်နှင့်မဆိုင်သလို) အေးအေးဆေးဆေး မနေကြဘဲ ထိုစမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသ၏ မိစ္ဆာဝါဒ၊ ဓမ္မဝါဒ ယူစွဲနေမှုကို စွန့်လွှတ်စေ၍ ထိုအယူဝါဒအမှားကြီး သာသနာတော်မှ ပျောက်ကွယ်သွားအောင် သုတ် သင်ရှင်းလင်းပစ်ဖို့ရာ (သူ့အင်အား အလွန်မကောင်းမီ) (လက်ရှိ သာသနာ တော်၏အဆင့်အမြင့်ဆုံးဖြစ်သော) နိုင်ငံတော်သီးခြား ဝိနည်းမိုရ် ဆရာတော် ကြီးများအထံတော်သို့ အလျှင်အမြန် ချဉ်းကပ်ကြ၍ ဖြစ်နိုင်သောနည်းလမ်း များဖြင့် ဝိုင်းဝန်းကြိုးပမ်းသင့်ပါကြောင်း ယုံကြည် ယူဆကြပါသဖြင့် (ဗုဒ္ဓ

http://www.dhammadownload.com



လက်ထက် ပိဋကပါတ်မှတင်ဆောင် ရဟန်းတော်များကို အတုယူကာ ဤစာဒနာချက် စာတမ်းရှည်ကြီးကို ဆရာတော်ကြီးများထံ တင်ပြလျှောက်ထား စောဒနာလိုက်ခြင်း ဖြစ်ပါသည်ဘုရား။

ယခုတပည့်တော်များ ရှည်လျားစွာဖင်ပြခဲ့သော ကျမ်းဂန် အထောက် အထားများအရ သူခိုးအကြီးစား စမ်းကလေး (လမ်းတို) ဦးနန္ဒောဘာသသည်-

* ဝိနယဒုပ္ပဋိပန္န (ဒုဿီလပုဂ္ဂိုလ်)

* သုတ္တန္တဒုပ္ပဋိပန္န (မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်)

* အဘိဓမ္မဒုပ္ပဋိပန္န (စိတ္တဝိက္ခေပ,ဥမ္မတ္တက) ပုဂ္ဂိုလ်ကြီးဖြစ်သည့် အပြင် ဗုဒ္ဓရှင်တော်မြတ်အား စော်ကား မော်ကားပြုလုပ်၍ သာသနာတော်ကိုရော မသိမလိမ္မာသူ ရဟန်းရှင်လူ ဒကာ ဒကာမများကိုရော (မျက်မှောက်+ သံသရာဆင်းရဲတွေများဖို့) အယူမှန် အကျင့်မှန် ပျက်စီးအောင် ဖျက်ဆီးနေသူ ဘုန်းကြီးဆိုး ဘုန်းကြီး သူခိုးကြီး ဖြစ်ပါသောကြောင့် ဓမ္မဝိနယ ဥပဒေစည်းမျဉ်းအရ စမ်းကလေး အယူဝါဒကို မိစ္ဆာဝါဒ+အဓမ္မဝါဒအဖြစ် လည်းကောင်း၊ ထိုစမ်းကလေး ဝါဒီတို့ကို မိစ္ဆာဝါဒီ,အဓမ္မဝါဒီအဖြစ်လည်းကောင်း၊ ထိုက်သလို စိစစ်သုံးသပ် ဆုံးဖြတ်ပေးတော်မူပါရန် တင်ပြလျှောက်ထား စောဒနာ အပ်ပါသည်ဘုရား။

## အမှတ်(၁၆) နိဂုံးချုပ် လျှောက်ထားချက်

**ငရဲမီးသေးသေး၊ စမ်းကလေးဝါဒ အနိဋ္ဌဖလအကြောင်း လျှောက်ထားခြင်း**

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်းမှုရုံး ဆရာတော်ကြီးများဘုရား---

ဘုရားတပည့်တော်များ စမ်းကလေး ဆရာတော် ဦးနန္ဒောဘာသ သောတာပန်(အတု) ရောင်ခြည်တော်(အတု)ဆိုင်ရာ (မိစ္ဆာဝါဒ၊ အဓမ္မဝါဒ) အကြောင်းကို နိဒါန်းအစမှ အမှတ်(၁၅)စောဒနာလွှာ လျှောက်ထားချက် အညီ အကျယ်တဝင့် ရှင်းလင်းလျှောက်ထား၍ ပြီးဆုံးပါပြီဘုရား။ ဤမျှအထိ နာကြားတော်မူပြီးသော နိုင်ငံတော် သီးခြားဝိနည်းမှုရုံး ဆရာတော်ကြီးများ အနေဖြင့် စမ်းကလေး မိစ္ဆာဝါဒ၊ အဓမ္မဝါဒ၏ သာသနာတော်အတွက် အန္တရာယ်များပုံကို သိတော်မူကြပြီး ဖြစ်ကြပါမည်ဘုရား။

http://www.dhammadownload.com



ဤသို့ ကျိုးကြောင်း စုံလင်စွာ မသိကြသူတို့က စမ်းကလေး၏ မိစ္ဆာ ဝါဒအမွေဝါဒကို အသေးအမွှား အရေးထားစရာမဟုတ်၊ စမ်းကလေးဘုန်းကြီး သေဆုံးလျှင် သူ၏အယူဝါဒလည်း အလိုလို ပျောက်သွားလိမ့်မည်၊ အလုပ်ရှုပ်ခံပြီး ရှင်းစရာ လင်းစရာမလို၊ သုံးသပ်စရာ၊ ဆုံးဖြတ်စရာမလိုဟု ပေါ့ပေါ့တန်တန် သဘောထား ပြောကြား နေကြပါသည်ဘုရား။ ဘုရားတပည့်တော်များ အမြင် ကတော့ တခြားသူများအထင်နှင့်မတူ ကွဲပြားခြားနားပါသည်။

စမ်းကလေးဘုန်းကြီး သေဆုံးသော်လည်း သူ၏အယူဝါဒများပျောက် သွားလိမ့်မည်မဟုတ်ပါ၊ လူသေလူဖြစ်၊ ကျောက်သင်္ဘော စသော အမွေအယူ ဝါဒများ၌ မူလဆရာမရှိတော့သော်လည်း တပည့်အဆက်ဆက်တို့က ဆက် လက်ယူစွဲကြသကဲ့သို့ပင် ထို့အတူ စမ်းကလေးဆရာတော် သေဆုံးလျှင်လည်း သူ၏တပည့်အဆက်ဆက်တို့က ထိုစမ်းကလေး အယူဝါဒကို စွန့်လွှတ်ကြလိမ့် မည်မဟုတ်ဘဲ၊ ၎င်းတို့ဝါဒ တည်တံ့ပြန့်ပွားရေးအတွက် ဆက်လက်ပြုမူနေကြ မည်မှာ သေချာလှပါသည်။

စမ်းကလေး၏ အနာဂတ်မွေသာသနာရိပ်သာအဖွဲ့၌---

(၁) ပင်ရင်း စမ်းကလေး ဂေါပကစည်းရုံးရေး မွေသာကစ္ဆာ၊

(၂) ဖဒို-ရန်ကုန် ပဲခူး စသော ထိုထိုအရပ်ဒေသတွင် နယ်ဝါဒ ဖြန့်ချိ စည်းရုံးရေး မွေသာကစ္ဆာအဖွဲ့များနှင့်

(၃) ဒေသတိုင်း၌ သီးခြားတစ်ဦးချင်း ဝါဒဖြန့်ချိ စည်းရုံးရေးမှူး များက စမ်းကလေးဝါဒကို ကျယ်ပြန့်သည်ထက် ကျယ်ပြန့် အောင် စည်းရုံးလှုံ့ဆော် နေကြသည်ကို ထောက်ရှုပါက တပည့်တော်များ အယူဆ မမှားကြောင်း သိသာလှပါသည် ဘုရား။

မှတ်ချက်။ လပြည့်-လကွယ်-သီတင်း နေ့တိုင်း ထက်-အောက် ဒေသ အသီးသီးမှ စာတမ်းကြီးငယ်များ ကား၌ ချိတ်ဆွဲ၍ ကားကြီး ကားငယ်အသွယ်သွယ်ဖြင့် စမ်းကလေးသို့ ပရိသတ်ပေါင်း ထောင်-သောင်းများစွာ ရောက်လာခြင်းကိုထောက်ရှုလျှင် စမ်းကလေးမွေဝါဒ စည်းရုံးရေးအင်အားမသေးငယ်ကြောင်း ထင်ရှားသိနိုင်ပါသည်။

http://www.dhammadownload.com



အနည်းငယ်, ဆက်လက်လျှောက်ထားပါရစေဘုရား၊ စမ်းကလေးမိစ္ဆာဝါဒ၊ ဓမ္မဝါဒကို (ငရဲမီးသေးသေး)ဟု ဥပမာပြုလိုပါသည်ဘုရား။ ဆရာတော်ကြီးများ သိတော်မူပြီးသည့်အတိုင်း မိလက္ခတိသမထေရ်ဝတ္ထု၌ ပိုးစုန်းကြူးမျှလောက် ငရဲမီးလေးက အလွန်ကြီးမားသော သစ်သားအစိုအပုံကြီးကို ခဏချင်းပြာကျသွားအောင် လောင်ကျွမ်းနိုင်စွမ်းရှိပါသည်။

ထိုနည်းတူစွာ စမ်းကလေး၏ မိစ္ဆာဝါဒ၊ အဓမ္မဝါဒသည်လည်း သာမန်အားဖြင့်ဆိုသော် အရေးမထားစရာ၊ အသေးအမွှားသာဖြစ်သည်ဟုဆိုနိုင်သော်လည်း သာသနာဖျက်စွမ်းအားကတော့(ငရဲမီးအလား)ကြီးမားလှပါသည်ဘုရား။

ထိုစမ်းကလေး သောတာပန်(အတု) မိစ္ဆာဝါဒ၊ အဓမ္မဝါဒဆိုးကြီး ပေါ်ပေါက်လာခြင်းကြောင့် ထိုစမ်းကလေးဝါဒကို ယုံကြည်လက်ခံသူတို့မှာ ဗုဒ္ဓဒေသနာတော်လာ သီလ,သမာဓိ, ပညာကျင့်စဉ်(မှန်)တို့ကို မကျင့်ကြတော့သဖြင့်---

(က)* စမ်းကလေးဝါဒ ပျံ့နှံ့ရာဒေသတို့၌ သီလပျက်သူ ဒုသီလတွေ တိုးပွားလာနေပါပြီ(ပျက်ပြီးသူများ ပိုပျက်နေကြပါပြီ) (သောတာပန်အမည်ခံ- အရက်သမား-ငါးသတ်-ကြက်သတ်-ဝက်သတ် သမားတွေ များနေပါပြီ၊)

* သမာဓိပျက်သူ စိတ်ထင်ရာ ရမ်းကားသူတွေ များပြားလာပါပြီ၊

* ပညာပျက်သူ, အသိဉာဏ်ညံ့ဖျင်းသူတွေ ပေါများလာပါပြီ။ ပင်ရင်း စမ်းကလေး သောတာပန်နယ်မြေ၌ (အတွင်းကျကျ) လေ့လာကြည့်ပါလျှင် အထက်ပါတင်ပြချက်များမှန်ကန်ကြောင်း သိနိုင်ပါသည်ဘုရား)

ထိုသီလ, သမာဓိ, ပညာပျက်သူတွေ များပြားလာပါက တိုင်းပြည်၏ သာသနာရေး, ဘာသာရေး, လူမှုရေး, စီးပွားရေး, ပညာရေး ကိစ္စတို့၌ မလိုလားအပ်သော အနိဋ္ဌအကျိုးများဖြစ်ပွားမည်ကို ဆရာတော်ကြီးများ သိတော်မူပြီး ဖြစ်ပါသည်ဘုရား။ အနိဋ္ဌဖလများ၏ အခြေခံအကြောင်းမှာ လူမိုက်များဖြစ်သဖြင့်

http://www.dhammadownload.com



သောတာပန်အတုများသည် အလွန်အန္တရာယ်ကြီးသော လူမိုက်ကြီးများ ဖြစ်လာနိုင်ပါသည်။ အကြောင်းမှာ--

ဤလောက၌ လိမ္မာသူတို့ကို သရုပ်ခွဲသည်ရှိသော်---

(၁) သူ၏ဇီဇကိုက မမိုက်ချင်သူ၊ လိမ္မာသူ။

(၂) ကောင်းကျိုးကိုမျှော်ကိုး၍ လိမ္မာသူ။

(၃) ဆိုးပြစ်ကိုကြောက်၍ လိမ္မာသူ ဟူ၍ သုံးမျိုးရှိရာတွင် အမှတ်

(၁)လိမ္မာသူမှာ အရှားဆုံးဖြစ်၍ အမှတ်(၃)လိမ္မာသူမှာ အများဆုံး ဖြစ်နိုင်ပါသည်ဘုရား။

စမ်းကလေး သောတာပန်တို့သည် သူတို့ကိုယ် သူတို့ အပါယ်လေးပါး(ဆိုးပြစ်များ)လွတ်ပြီးသားဟု သူတို့ဆရာစကားအရ ယုံကြည်ပြီးသားဖြစ်နေကြသဖြင့် "မည်သည့်မိုက်မဲမှု(ဒုစရိုက်)ကို မျှ ရှောင်ရန်မလို၊ ကျုပ်တို့ဆရာတော်ကကာကံဖြတ်ပေးပြီးသား"ဟု ပြောနေကြပါသည်ဘုရား။

လောကပြစ်(လောကဥပဒေအရ ရနိုင်သည့်အပြစ်)ကလွဲ၍ သံသရာအပြစ်များဆိုသည်မှာ စမ်းကလေးသာဝကတို့အတွက် မရှိနိုင်တော့ပါသဖြင့် စမ်းကလေးသောတာပန်တို့သည်--

(၁) လောကဥပဒေကိုလည်း နည်းမျိုးစုံဖြင့် ရှောင်ကွင်းကာ ချိုးဖောက်ဖို့ ဝန်မလေးသူများ၊

(၂) ဗုဒ္ဓ၏ ဥပဒေကိုတော့ သူတို့ဆရာကြီးက ကံဖြတ်ပေးပြီးသား ဖြစ်၍ ထည့်တွက်ရန်ပင်မလိုတော့သူများဖြစ်ကြရာ သာသနာအတွက်လည်းကောင်း၊ တိုင်းပြည်အတွက် လည်းကောင်း ငရဲမီးအစစ်ဖြစ်ပါကြောင်း ကောင်းကောင်းကြီး သိနိုင်ကြပါသည် ဘုရား။

(ခ) ထို့ပြင် စမ်းကလေးဝါဒကို လက်မခံသူတို့မှာလည်း စမ်းကလေး (လမ်းတို)ဝါဒအရ သောတာပန်အမည်ခံ သူတို့၏ မတော်မတရား ပြောဆိုပြုလုပ်နေမှုကြောင့် ဒေါမနဿတွေပွား အကုသိုလ်တွေများကြရပြန်ပါသည်ဘုရား။

http://www.dhammadownload.com



(ဂ) အထူးအားဖြင့် ဆင်ဖြူတော်မှီ၍ကြံစုပ်နေကြသော ဂေါပက ဆိုသူများမှာ---

* ဘုန်းတန်ခိုးကြီးသော စမ်းကလေးဆရာတော်ကို အားကိုး၍ လည်းကောင်း၊
* ဘုန်းတန်ခိုးကြီးသူထံ ဆည်းကပ်ကိုးကွယ်ကြသော အင်အား ဗလရှိသူများကို အားကိုး၍လည်းကောင်း၊
* ဘုန်းတန်ခိုးကြီးသူကြောင့် ရရှိလာသော ငွေစက္ကူများကို အားကိုး ၍ လည်းကောင်း--

ရှူးချင်တိုင်းရှူး(တချို့ မူးချင်တိုင်းမူး) ရိုင်းချင်တိုင်းရိုင်း ရမ်းချင်တိုင်းရမ်း ကားနေကြပါသည်ဘုရား။

ညောင်လေးပင်နှင့် နီးစပ်ရာနယ်ပယ်၌ ထိုဂေါပကဆိုသူ မူး,ရှူး, ရိုင်း,ရမ်း ပုဂ္ဂိုလ်များ၏ (ဖိအားကြောင့်) စမ်းကလေးဝါဒများကြောင်း ကိုမျှ မပြောရဲဝံ့, ပြောရဲဝံ့ ရွံ့တွန့်တွန့်ဖြစ်နေရသည်အထိ (ပိပြား)ခံနေ ကြပါသည်ဘုရား။

(ဃ) ထူးသည်ထက် ထူးသောအားဖြင့် ဂေါပကအကြီးဆုံး ဥက္ကဋ္ဌ ဦးအော်ကေးကား---

* အမိုက်တကာ့ထိပ်သီး၊
* အရိုင်းတကာ့ထိပ်သီး၊
* အရမ်းတကာ့ ဗိုလ်ကြီး ဖြစ်ပါတော့သည်ဘုရား။

ဦးအော်ကေး(အထက်ပါ အင်အားကြီးသုံးခုကို အားကိုး၍) ဗုဒ္ဓဘာသာ သာသနာနှင့်ပတ်သက်ပြီး မိုက်+ရိုင်း ရမ်းကားစော်ကားပုံ မှာ တပည့်တော်များ ယခုတင်ပြထားသော သက်သေခံအမှတ်(၉) တိတ်ခွေနှင့် ကျောက်တံခါးမြို့နယ် သံဃနာယကအဖွဲ့အား တင်ပြ လျှောက်ထားသော လျှောက်ထားလွှာအတိုင်းပင် ဖြစ်ပါသည်ဘုရား။ (ထိုလျှောက်ထားလွှာကို ရှုတော်မူပါ)

မှတ်ချက်။ ။ထို တင်ပြလျှောက်ထားလွှာမိတ္တူကို နောက်ဆက်တွဲ(ဃ)အဖြစ် တင်ပြထားပါသည်ဘုရား။

http://www.dhammadownload.com



ထိုလျှောက်ထားလွှာပါ--ဦးအော်ကေး၏ ရမ်းကားပုံကို နမူနာ လျှောက်ထားပြပါဦးမည်ဘုရား----

(က) ဒီနေ့ ဒီအချိန်ခါမှာ-- ကမ္ဘာပေါ်မှာ ဘုန်းကြီးအပါး-သုံးသိန်း ကျော်ရှိတယ်၊ ဗမာနိုင်ငံမှာ (ကမ္ဘာပေါ်မှာမဟုတ်ဘူးနော်) အဲဒီ တော့ ဒီသုံးသိန်းကျော်ထဲမှာ ရောင်ခြည်တော်ဟာ×××××အဲဒီ တော့ ရောင်ခြည်တော်--ခြောက်သွယ်ဟာ တခြားဘုန်းကြီးဆီ မှာ သွားပြီးတော့ မကွန့်မြူးဘဲနဲ့၊ ဘာဖြစ်လို့ စမ်းကလေး ဆရာတော်ဆီမှာ လာကွန့်မြူးသလဲ ဒါထူးတာ မထူးတာ စဉ်းစားတတ်ဖို့။

(ခ) နောက်တခုက တရားဟောတဲ့နေရာမှာလဲ-ယုံပါစေ၊ ရောက် ပါစေ၊ ဘုန်းကြီးတရားကိုနာပြီးလို့ရှိရင်နော် သောတာပန်ဖြစ် တယ်ဆိုတဲ့စကား---အဲဒီ--ငါ့တရားကို နာပြီးလို့ရှိရင် သောဟာ ပန်ဖြစ်တယ်ဆိုတဲ့စကားဟာ၊ အဲဒီစကားကို ပြောမယ်ဆိုရင်လေ၊ န-ဝ-တ မှာလဲ လျှောက်လွှာသွားတင်စရာမလိုဘူး၊ ခ-ဝ-တ၊ တ-ဝ-တ သာသနာရေးဝန်ကြီးဌာနမှာလဲ သွားပြီး လျှောက်လွှာ တင်စရာမလိုဘူး၊ သတ္တိရှိတဲ့လူတိုင်း မည်သူမဆို ပြောလို့ ရတယ်နော်။

(ဂ) အဲဒီတော့ မည်သူမဆို ပြောလို့ရတဲ့စကားကို ကျန်တဲ့ဘုန်းကြီး တွေ၊ သို့မဟုတ်မည်သည့်ပုဂ္ဂိုလ်မဆို သတ္တိရှိရင်ပြောလေ××× ဒီလိုမှ တခြားလူတွေမှ ပြောရဲတဲ့လူမရှိတာ။

အထက်ပါတို့မှာ ၃၀-၈-၉၇ နေ့ ဖဒိုတရုပ်ဘုရားကျောင်း ဂေါပက အစည်း အဝေး၌ ဦးအော်ကေး သံဃာများအား စော်ကားမော်ကား ပြောစကား ဖြစ်ပါသည်။

ဤသို့ မည်သည့် ဗုဒ္ဓဘာသာဝင်(အစစ်) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ပြောဆိုဖို့မဆိုထားနှင့် စိတ်ဖြင့်ကြံစည်မှုပင် မပြုဝံ့သော သံဃာတော်တို့အား စော်ကားမော်ကားပြောဆိုမှုကြောင့် ပြောဆိုသူ ဦးအော်ကေးမှာလည်း စမ်းကလေးဝါဒစွဲ သံဃာများနှင့် အခြားသံဃာတော်များ စိတ်ဝမ်းကွဲပြား

http://www.dhammadownload.com



အောင် လှုံ့ဆော်ရာရောက်သဖြင့် သံဃဘေဒက ပဉ္စာနန္တရိယကံလောက် နီးနီး ကြီးမားသော ဝစီဘေဒ အကုသိုလ်အပြစ်တွေဖြစ်ရခြင်း။

ထိုသို့ ပြောဆိုမှုသတင်းဆိုးကို မကြားကောင်းမနာသာ ကြားကြရသော ဗုဒ္ဓဘာသာဝင်(အစစ်)ရဟန်းရှင်လူအားလုံးတို့မှာလည်း မိမိတို့၏ နှလုံးသားကို အစိပ်စိပ်အမွှာမွှာ ခုတ်လှီးထုချေ ခံလိုက်ရသည်ထက် အဆပေါင်း များစွာ ပြင်းထန်သော ခံစားမှုများ၊ နာကျည်းမှုများ ဖြစ်ကာ ဒေါမနဿပွား အကုသိုလ်များကြရပါသည်ဘုရား။

ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကိုရှာပါသော် စမ်းကလေး(မိစ္ဆာဝါဒ၊ အဓမ္မဝါဒ) (ငရဲမီး)မှာ မူလအခြေခံအကြောင်းရင်းပင် ဖြစ်ပါသည်ဘုရား။

ယခုတင်ပြသော လျှောက်ထားခဲ့သည်မှာ စမ်းကလေးမိစ္ဆာဝါဒ အဓမ္မဝါဒ ငရဲမီးသေးသေးလေး၏ အစွမ်းကြောင့် နီးစပ်ရာ ရဟန်းရှင်လူများ လောလော ဆယ် အပူလောင်ခံနေရပုံ နမူနာဖြစ်ပါသည်ဘုရား။

စမ်းကလေးဝါဒီတို့မှာ ဤငရဲမီး (စမ်းကလေး မိစ္ဆာဝါဒ+အဓမ္မဝါဒ)မငြိမ်း မချင်း ရှေ့ဆက်၍ မည်၍မည်မျှ လောင်ကျွမ်းခံနေကြရဦးမည်ဟု အတိအကျ မသိနိုင်ပါဘုရား။ သေပြီးနောက် အဝီစိရောက်အောင် လောင်ကျွမ်းခံရလိမ့် မည်ဟု ခန့်မှန်းရပါသည်။

ဤငရဲမီး (စမ်းကလေး၏ မိစ္ဆာဝါဒ၊ အဓမ္မဝါဒ)၏ ဆိုးကျိုးအခြေအနေကို မျက်မှောက်တွေ့နေသိနေရသောတပည့်တော်များမှာ စမ်းကလေးဝါဒ လက်ခံသူ၊ လက်မခံသူ နှစ်မျိုးတို့၏ ခံစားနေရဆဲ ခံစားကြရလတ္တံ့ မျက်မှောက် သံသရာ ဆင်းရဲဒုက္ခအမျိုးမျိုး သက်သာရာရနိုင်သမျှ ရစေတော့ဟု မေတ္တာ ပြုလျက် စွမ်းနိုင်သလောက် ငရဲမီးကိုကူညီငြိမ်းသတ်ရာ ရောက်အောင်ဟု သဘောရိုးဖြင့်---

(၁) အဓမ္မဝါဒီတို့၏ အမုန်းခံရခြင်း၊

(၂) ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်း ဖြစ်ရခြင်း၊

(၃) ကိုယ်ပိုင် သမဏဓမ္မ လုပ်ငန်းကိစ္စများ အပျက်ခံရခြင်း၊

စသော မိမိတို့အတွက် ထိခိုက်နစ်နာမှုကို လျစ်လျူရှု၍ ဤစောဒနာလွှာ စာတမ်းကြီးကို တင်ပြလျှောက်ထားလိုက်ရပါသည်ဘုရား။

http://www.dhammadownload.com



ဤသို့ နိုင်ငံတော် သာသနာတော်၏ အဆင့်အမြင့်ဆုံး သီးခြားဝိနည်းခိုရ် ဆရာတော်ကြီးများထံ ဤစောဒနာလွှာစာတမ်းကြီးကို တင်ပြလျှောက်ထား ရသည်အထိ ကိစ္စကြီးကျယ်လာရခြင်းကြောင့် စမ်းကလေးဆရာတပည့်များ **ကေန်တွေ့ကြုံရတော့မည့်မကောင်းကျိုးများကို** စဉ်းစားတွေးမိကြ၍ ၎င်းတို့ အပေါ် ငဲ့ညှာထောက်ထား သနားကရုဏာသက်မိကြပါသည်ဘုရား။

ထို့ကြောင့် (သာသနာ့အကြီးအကဲ ဆရာတော်ကြီးများထံ မတင်ပြ မလျှောက်ထားမီကပင်) မိမိတို့နှင့်တကွ နိုင်ငံတော်နှင့်သာသနာ့အကြီးအကဲ များလည်း အလုပ်မရှုပ်စေတော့၊ သူတို့ခမျာလည်း ပျားအုံကို မီးနှင့်ရှို့မြိုက်ခံ ရသောပမာ အထိမနာစေတော့ဟူသောသဘောဖြင့်--

* ပထမအကြိမ်အဖြစ် စမ်းကလေးအဖွဲ့နှင့် ပုဂ္ဂိုလ်ရေးအလွတ်သဘော တွေ့ဆုံကာ မေတ္တာရပ်ခံ၍ အမှားပြင်စေရန် စီမံခဲ့ကြပါသည်။

**(စမ်းကလေး ဆရာ,ဒကာတို့ ငွေ, အာဏာ, မာနကြီး ခေါင်ခိုက်နေ၍)** မအောင်မြင်ခဲ့ပါ။

* တဖန် ဒုတိယအကြိမ်အဖြစ် စမ်းကလေးဆရာတပည့်များ သူတို့ကိုယ် တိုင်ပိတ်၍ အပါယ်တွင်း၌ ပိတ်မိနေသည်ကို ဖွင့်ပေးသောအလား သနား သဖြင့် ဝန်ချတောင်းပန်ကာ အမှားပြင်ဆင်ကြရန် မေတ္တာရပ်ခံစာပို့ခဲ့ကြ ပြန်ရာ (**စမ်းကလေး ဆရာ, ဒကာတို့ ငွေ,အာဏာ, မာနကြီး ဘဝင်ခိုက်အောင် တက်နေ၍**) မြွေပွေးကို သနားသဖြင့် နို့တိုက်မိသူပမာ ပေးစာကိုပင်မယူ၊ မခြေမင် ပြန်ပြောကာ နို့တိုက်မိသူများအား)ကိုက်လိုက်ကြပါသည်ဘုရား။

* တတိယအကြိမ် ညောင်လေးပင်နှင့် ကျောက်တံခါးမြို့နယ် သံဃ နာယကများထံ(စမ်းကလေးဆရာတပည့်တို့အား)ဆုံးမပေးရန် လျှောက်ထား လွှာ တင်ခဲ့ကြပြန်ပါသည်။

ထိုတင်ပြလျှောက်ထားစာများအရ ကျောက်တံခါးမြို့နယ် ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃနာယကအဖွဲ့မှ စမ်းကလေး ဂေါပကဥက္ကဋ္ဌ ဦးအော်ကေးအား ဆုံးမရန်အတွက် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌမှ တဆင့် သုံးကြိမ်တိုင်တိုင် ဆင့်ခေါ်စေခဲ့သော်လည်း(ဦးအော်ကေး)မှ အကြောင်းအမျိုး မျိုးပြ၍ သံဃာ့မျက်မှောက်သို့ ရောက်မလာဘဲ ရှောင်တိမ်းနေခဲ့ပါသည်။

http://www.dhammadownload.com



မြို့နယ်၌ ဆုံးမပေးရန်လျှောက်ထားလွှာတင်ပြခြင်းမှာ အောက်ခြေဒေသ၌ ဦးအော်ကေး၏ ရမ်းကားမှု(ဘေး)သင့်သလောက် ငြိမ်းအေးစေရန် ရည်ရွယ်တင်ပြရခြင်းဖြစ်သော်လည်း ဤစမ်းကလေးကိစ္စသည်(သာမန်ကြက်ခိုးမှုကိစ္စမျိုးမဟုတ်) တိုင်းသိ, ပြည်သိ, ကမ္ဘာကသိအောင် လုပ်ရမည့်ကိစ္စမျိုး ဖြစ်သည်ဟုယုံကြည်မိပါသဖြင့် စတုတ္ထအကြိမ်အဖြစ် ယခုဆရာတော်ကြီးများထံ တင်ပြလျှောက်ထားစောဒနာလိုက်ရခြင်း ဖြစ်ပါသည်ဘုရား။

ဘုရားတပည့်တော်များသည် ဤကိစ္စကို လုပ်လက်စဖြင့် ဆက်လုပ်နေကြရပါသော်လည်း မိစ္ဆာဝါဒီ၊ အဓမ္မဝါဒီ တို့၏ အခြေအနေကို လေ့လာရင်းဖြင့် အခြေအနေမှန်ကို(တောက်တီးတောက်တဲ့ပုဂ္ဂိုလ်များ)ဟု သိလာရသောအခါ တပည့်တော်များ၏ ဆောင်ရွက်ချက်သည်---

အရှူးနှင့် ရန်ဖြစ်နေရသကဲ့သို့ လည်းကောင်း၊

အနူနှင့် နပမ်းချရသကဲ့သို့ လည်းကောင်း၊

ခရုကို ခါးတောင်းကြိုက်ဖမ်းနေရသကဲ့သို့လည်းကောင်း

ဖြစ်များဖြစ်နေပြီလောဟု တွေးတောမိနေကြပါသည်ဘုရား။

သို့ပါသော်လည်း အရှူးအရှူးနဲ့ အိမ်ဦးမစင်စွန့်ဆိုသလိုဖြစ်နေတာကလည်း ရှိပြန်တော့ ဤသို့မလုပ်ရင် မရှင်းလင်းရင်မဖြစ်တော့သလိုဖြစ်နေပြန်တာကြောင့် ဤသို့ ရှင်းနေလင်းနေရခြင်းဖြစ်ပါသည် ဘုရား။ မရှင်းလင်း၍မဖြစ်သလို အကြောင်းများ ဆက်လက် လျှောက်ထားပါဦးမည် ဘုရား။

တပည့်တော်များ တင်ပြထားသော သက်သေခံအမှတ်(၇)တရားတိတ်ခွေ၌ သောတာပန်(အတု)အကြောင်း မကောင်းသတင်းကို (အင်္ဂလိပ်လိုပြော၍ပင်) ကမ္ဘာသိကြော်ငြာနေပါသည်ဘုရား။ (တိတ်ခွေနားထောင်ကြည့်တော်မူပါ)ထိုသောတာပန်(အတု) လုပ်ငန်းအကြောင်း ကမ္ဘာက သိသွားလျှင် မြန်မာပြည်၏ "ထေရဝါဒ ဒေသနာကျင့်စဉ်ဆိုတာ ဒါပဲလား"ဟု ကမ္ဘာအလယ်မှာ ထေရဝါဒသာသနာ မျက်နှာမလှ ဖြစ်သွားနိုင်ပါသည်ဘုရား။ (ဤသည်လည်း အကြောင်းတစ်ရပ်ပါ။)

ထို့ပြင် သောတာပန်အစစ်မှန်လျှင် မလုပ်သင့်သည်ကို (သတ်မည်ပြောပြီး ခိုင်းတောင်မှ) လုပ်မည်မဟုတ်သည်ကို ဆရာတော်ကြီးများ သိတော်မူပြီး ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



သို့သော်လည်း သူတို့၏ ဓမ္မနိဒါန်းလွှာစာအုပ်တွင် အဓမ္မဝါဒီ စမ်းကလေး ဆရာကြီးက အပါယ်တံခါးပိတ်ပြီဆိုပြီး မလုပ်သင့်တာမလုပ်ကြနဲ့ မဖြစ်သင့်တာ ဖြစ်လိမ့်မည်ဟု ဩဝါဒပေးထားသည်ကိုထောက်၍ သူတို့၏ ဓမ္မလက်သစ်အရ ဖြစ်လာကြသော (သောတာပန်အတုတို့မှာ) မလုပ်သင့်တာလုပ်ကြဦးမည့် သောတာပန်တို့သာဖြစ်ကြောင်း (ငြင်းမရနိုင်အောင်) ထင်ရှားနေပါသည်ဘုရား။

ကမ္ဘာပေါ်တွင် မည်သည့်ဘာသာဝင်မဆို သူတို့ပုံစံနှင့်သူတို့ အပါယ်ငရဲဆိုတာ (ဆိုးပြစ်၊ ဆိုးဒဏ်၊ အပြစ်)ရှိနေကြပါသည်။ လူသားတို့သည် သောတာပန်အစစ် မဖြစ်သေးပါက အပါယ်ငရဲကိုကြောက်သောကြောင့်သာ ယေဘုယျအားဖြင့် ယခုအချိန်အထိ ထိန်းထိန်းသိမ်းသိမ်းနှင့် မလုပ်သင့်တာကိုမလုပ်ပဲ လိမ္မာတန်သမျှ လိမ္မာနေကြခြင်း ဖြစ်ပါသည်ဘုရား၊ ဤသို့ သဘောရှိကြသည်ကို မည်သူမဆို ကိုယ်နှင့်နှိုင်းကြည့်က သိရပါမည်ဘုရား။

(၁) အကြင်သူသည် (မှားသောအားဖြင့်)သူ့ကိုယ်သူ သောတာပန်ဖြစ်၍ အပါယ်လွတ်ပြီဟု အပိုင်တွက်ထားငြားအံ့၊

(၂) ထိုသူသည် ပုထုဇဉ်အလျောက် ဒုစရိုက် (မလုပ်သင့်တာ)ကို လုပ်ချင်လာငြားအံ့၊

(၃) ထိုသူသည် သတ်ချင်တိုင်း သတ်၊ ခိုးချင်တိုင်း ခိုး၊ အကွပ်အထိမ်းမဲ့စွာဖြင့် ဆိုးချင်တိုင်းဆိုးတော့မှာ ဧကန္တ ဖြစ်ပါသည်။ ယခုပင် ဆိုးသူများ ဆိုးနေကြပြီဟု ကြားရသိနေရပါတော့သည်ဘုရား။ မယုံပါလျှင် စမ်းကလေးနယ်မြေသို့ စားတတ်သည့် ပါးစပ်မပါသော (စ)သုံးလုံးကို စုံစမ်းခိုင်းကြည့်တော်မူပါဘုရား) (ဤသည်လည်း အကြောင်းတစ်ရပ်ပါ)

ဤသို့ ထိုသို့သောအကြောင်းအမျိုးမျိုးကြောင့် အရှူးနှင့်ရန်ဖြစ် အနူနှင့်နပမ်းချကာ ခရုကိုခါးတောင်းကြိုက်ဖမ်းသည့်အနေဖြင့် ဤစမ်းကလေး မိစ္ဆာဝါဒ အဓမ္မဝါဒအကြောင်း (မကောင်းသောအရာမျိုးစုံ)ကို သာသနာအတွက် တိုင်းပြည်အတွက် စမ်းကလေးဆရာတပည့်များအပါအဝင် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအားလုံးတို့အတွက် အလွန်စိတ်မကောင်းဖြစ်လျက်ပင် အရှင်

http://www.dhammadownload.com



ဆရာတော်ကြီးများအား ရှည်လျားစွာတင်ပြလျှောက်ထားရခြင်း ဖြစ်ပါသည် ဘုရား။ ထိုသို့ဖြစ်ပါသောကြောင့်--

ယခု တပည့်တော်များ တင်ပြလျှောက်ထားသည်ကို သိရှိတော်မူကြသော အရှင် နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ် ဆရာတော်ကြီးများအနေဖြင့်---

(၁) စမ်းကလေးဆရာတော်နှင့်ဝါဒအယူ တူမတူ ရဟန်းရှင်လူ အားလုံးတို့၏မျက်မှောက်သံသရာ အပူမီးဒုက္ခများမှ ကယ်မ တော်မူသောအားဖြင့်လည်းကောင်း၊

(၂) မြန်မာပြည်၏ ထေရဝါဒသာသနာ့သမိုင်း အမဲကွက်ကြီး တစ်ခုကို သန့်ရှင်းသုတ်သင်သော အနေအားဖြင့်လည်းကောင်း-

စမ်းကလေးဆရာတော် ဦးနန္ဒောဘာသ၏ (ငရဲမီး) မိစ္ဆာဝါဒ၊ အဓမ္မဆိုးကြီးကို (အမှိုက်ကစ ပြာသွာဒ်မီးမလောင်ခင်)အပြီးတိုင် (လုံးဝ)ချုပ်ငြိမ်းအောင် ဓမ္မဝိနယနှင့်အညီ အလျင်အမြန်ငြိမ်းသတ်ပေးတော်မူပါရန် ရိုသေလေးမြတ်စွာ ဦးခိုက်၍ (နိဂုံးချုပ်)တင်ပြလျှောက်ထားအပ်ပါသည် သာသနာ့ထိပ်ခေါင်တင် အရှင် နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ် ဆရာတော်ကြီးများဘုရား။

ဆရာတော်ကြီးများနှင့်တကွ သာသနာတော်ကို ချစ်မြတ်နိုးကြသော ရဟန်းရှင်လူ သတ္တဝါအပေါင်းတို့ မိစ္ဆာဒိဋ္ဌိဘေးကြီးမှ ကင်းဝေးကြ၍ ကိုယ် စိတ်နှစ်ဖြာကျန်းမာချမ်းသာတော်မူကြပါစေဘုရား။

**မိစ္ဆာဝါဒ တိုက်ဖျက်ကြလော့**

* **မိစ္ဆာဝါဒ၊ ပေါ်လာကလျှင်၊ ကမ္ဘာသကာ၊ လူဗိုလ်ပါတို့၊ ငါနှင့်မဆိုင်၊ မတတ်နိုင်ဟု၊ မပြိုင်ခင်ရှုံး၊ စိတ်နှလုံးကို၊ ဒုံးဒုံးကြီးချ၊ ရှိချေကမူ၊ ဗုဒ္ဓသာသနာ၊ ကွယ်ပျောက်ရာ၏။**

[ ရန်ကုန် ဝိသုဒ္ဓါရုံဆရာတော် သဗ္ဗမင်္ဂလာစာအုပ်ကို မှီးသည်]

* မြတ်ဗုဒ္ဓ၏၊ ဓမ္မအနှစ်၊ တရားစစ်တို့၊ နွမ်းညစ်သေးသိမ်၊ မမှေးမှိန်ခင်၊

* အလိမ်အညာ၊ မှားမိစ္ဆာတို့၊ များစွာထောင်သောင်း၊ အားမကောင်းခင်၊

* ဘက်ပေါင်းစုံမှ၊ နည်းလမ်းချ၍၊ ဝါဒမှားယွင်း၊ အမိုက်သင်းကို ပယ်ရှင်းချေမှုန်း၊ ပပျောက်သုဉ်းဖို့၊ အားလုံးတာဝန်၊ ရှိကြပါသည်၊ ညီညာ တက်ကြွ၊ ဖွဲ့လုံ့လဖြင့်၊ စုကြ-စည်းကြ၊ ကြိုးစာကြလော့။

[ရေစကြို ဦးဒေဝိက၏ ထေရဝါဒ ဗုဒ္ဓဘာသာစာအုပ်ကို မှီးသည်]

http://www.dhammadownload.com



(မိစ္ဆာဝါဒ-အဓမ္မဝါဒ ကျဆုံးပါစေ)

ရှိသေလေးမြတ်စွာဖြင့်-

၁။ အရှင်ဝိလာသ (သာသနဓဇ ဓမ္မာစရိယ) ၆၁-နှစ်၊ ၄၁-ဝါ၊ မဇ္ဈိမာရုံတောရစာသင်တိုက်၊ တောကျွဲအင်းမြို့၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း (ရွှေကျင်)

၂။ အရှင်သောဘန (သာသနဓဇ ဓမ္မာစရိယ) (အမျိုးသားပဋ္ဌာနမကျော်) ၅၄-နှစ်၊ ၃၄-ဝါ၊ မိဂဒါဝုန်ကျောင်းတိုက်၊ မြို့မ(၂)ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်း (သုဓမ္မာ)

၃။ အရှင်စိန္တိတာဘိဝံသ (သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ၄၅-နှစ်၊ ၂၅-ဝါ၊ ရွှေကျင်တောင် ပရိယတ္တိစာသင်တိုက်၊ ဖြူးမြို့၊ ပဲခူးတိုင်း (ရွှေကျင်)

၄။ အရှင်ခန္တိဓမ္မ (ကမ္မဋ္ဌာနာစရိယ) ၄၂-နှစ်၊ ၂၂-ဝါ၊ မြို့မသာသနာ့ရိပ်သာကျောင်းတိုက်၊ ပဲနွယ်ကုန်းမြို့၊ ပဲခူးတိုင်း (သုဓမ္မာ)

မူရင်းသက်သေခံပစ္စည်းများ, နောက်ဆက်တွဲ သက်သေခံများနှင့် မြို့နယ်သံဃနာယကများ၏ ထောက်ခံစာများကို ပူးတွဲဆက်ကပ်ပါသည်။

## မူရင်းသက်သေခံများ

| | | | |
|---|---|---|---|
| ၁။ | မူရင်းသက်သေခံ | (၁) ၁၃၅၉-ခု ကဆုန်လပြည့်တရားခွေ | (၁)ခွေ |
| ၂။ | ။ | (၂) ဓမ္မနိဒါန်းလွှာစာအုပ် | (၁)အုပ် |
| ၃။ | ။ | (၃) ရောင်ခြည်ကြော်ငြာတိတ်ခွေ | (၁)ခွေ |
| ၄။ | ။ | (၄) ဖဒိုကြော်ငြာစာ | (၁)ရွက် |
| ၅။ | ။ | (၅) ၁၃၅၉-ခု သီတင်းကျွတ်လကွယ်ခွေ | (၁)ခွေ |
| ၆။ | ။ | (၆) ၁၃၅၆-ခု တန်ခူးလပြည့် (နတ်) | (၁)ခွေ |
| ၇။ | ။ | (၇) ၁၃၅၈-ခု တပေါင်းလပြည့်ခွေ | (၁)ခွေ |
| ၈။ | ။ | (၈) ၁၃၅၈-ခု တပေါင်းလပြည့်ခွေ | (၁)ခွေ |
| ၉။ | ။ | (၉) ဦးအောင်ကေး မိန့်ခွန်းတိတ်ခွေ | (၁)ခွေ |

http://www.dhammadownload.com



၁။ နောက်ဆက်တွဲ (က) မူရင်းအထောက်အထား သက်သေခံပစ္စည်းများ
၂။ နောက်ဆက်တွဲ (ခ) သက်သေဦးပြုံးစင်နှင့်ဝင်း၏ တင်လျှောက်လွှာ
၃။ နောက်ဆက်တွဲ (ဂ) သက်သေဦးထွန်းဝင်းနှင့် ရင်းတင်ပြသော တင်လျှောက်လွှာနှင့် တိတ်ခွေ(၁)ခွေ
၄။ နောက်ဆက်တွဲ (ဃ) သက်သေ ကျောက်တံခါးမြို့နယ် သံဃနာယက အဖွဲ့သို့ တင်လျှောက်လွှာ။

**မြို့နယ်သံဃနာယကအဖွဲ့ ထောက်ခံစာများ**

၁။ ညောင်လေးပင်၊ တောင်ငူ၊ ဖြူး၊ ကျောက်တံခါး၊ အုတ်တွင်း (၅)မြို့နယ် သံဃနာယကအဖွဲ့(၉)ဖွဲ့၏ ထောက်ခံစာမူရင်း(၉)ရွက်

----------------

**၁၃၅၉-ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက် (၅-၂-၉၈) ကြာသပတေးနေ့ ၅-၂-၉၈ နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ အပရဂေါယာန ကျောင်းဆောင်၌ (စမ်းကလေး)ဝါဒကို ဓမ္မအဓမ္မအဖြစ် ကြားနာစစ်ဆေးရန် ဖွင့်လှစ်သော နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၁၁)**

**ရုံးတော်ဖွင့်အခမ်းအနားအစီအစဉ်**

၁။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ ဆရာတော်များက မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ဖတ်၍ ရုံးတော်ကိုဖွင့်လှစ်ရန်၊

၂။ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၁၁/၉၈) သဘာပတိ ဆရာတော်၏ ကြိုတင်သတိပေး မိန့်ခွန်းကို ဖတ်ကြားရန်၊

၃။ စမ်းကလေးဝါဒကို ဖြန့်ဖြူးရေးသားဟောပြောနေခြင်းမှာ ဘုရားဟော ထေရဝါဒ ပိဋကတ်တော်နှင့် မဆန့်ကျင်၍ ဓမ္မဝါဒဖြစ်ကြောင်း ပဲခူး တိုင်း၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးအရှေ့ကျေးရွာကျောင်း၊ စမ်းကလေးဆရာတော်နှင့် ဦးဓမ္မပါလ၊ ဦးအော်ကေး၊ ဦးဘိုးစိန်၊ ဦးတင်မြင့်၊ဦးတင်ရွှေ (သက်န်းကျွန်း)စသော စမ်းကလေး ဂေါပက

http://www.dhammadownload.com



အဖွဲ့တို့က ပြန်လည်တင်သွင်းသည့် သောဓနာလွှာကို ဖတ်ကြား လျှောက်ထားရန်။

၄။ အခမ်းအနားပြီးဆုံးကြောင်း ကြေငြာရန်။

---

## သဘာပတိဆရာတော်၏
## ကြိုတင်သတိပေးမိန့်ခွန်း
## (၅-၂ - ၉၈)

ယခုအချိန်ကစပြီး နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁/၉၈)ရုံးကို ဖွင့်ပါပြီ။

၉-၁-၉၈ နေ့က စောဒနာပုဂ္ဂိုလ်များ စောဒနာလွှာ တင်သွင်းတဲ့ကိစ္စပြီးခဲ့ ပါပြီ၊ ယနေ့ စုဒိတကပုဂ္ဂိုလ်များ သောဓနာလွှာတင်သွင်းဖို့ အချိန်ရောက်ပါပြီ၊ အဲဒီသောဓနာလွှာ တင်သွင်းတဲ့နေရာမှာ စောဒနာတင်ထားတဲ့ (၁၆)ချက်နှင့် မပတ်သက်တဲ့ စကားများပါနေရင် ဒီနေရာမှာ ထည့်သွင်းလျှောက်ထားခွင့် ရမှာမဟုတ်ပါဘူး၊ စောဒနာ(၁၆)ချက်နှင့် ပတ်သက်တဲ့ ချေပလွှာများကိုသာ ဒီရုံးကလက်ခံမယ်လို့ နဂိုကရပ်တည်ချက်မှာ ကြေငြာပြီးသားဖြစ်ပါတယ်။ အားလုံးနှလုံးသွင်းဖို့ကိစ္စဟာ သာသနာတော်တစ်ရပ်လုံးနဲ့ သက်ဆိုင်တဲ့ကိစ္စ ဖြစ်လို့ အလွန်အရေးကြီးပါတယ်၊ ဒါကြောင့် အရှုံး/အနိုင် ဟူ၍ သဘော မထားဘဲ အမှန်အမှား (ဓမ္မ , အဓမ္မ)ဆုံးဖြတ်ဖို့ ခံယူတာပဲလို့ အောက်မေ့ နှလုံးသွင်းပြီးထားကြဖို့ ဘုန်းကြီးက မေတ္တာရပ်ခံကြိုတင်သတိပေးပါတယ်။

ဒါပြီး သောဓနာလွှာ(ချေပလွှာ)မှာ ပိဋကတ်တော်မှာမပါဘဲ ပါတယ်လို့ အဲ့ဒီလို တင်ပြလျှောက်ထားလို့ရှိရင်လည်းပဲ အဲဒါကို ဘုန်းကြီးတို့ဝိနည်းဓိုရ် များအနေနဲ့ ဖတ်ကြားတဲ့ပုဂ္ဂိုလ်တွေကို အနည်းအကျဉ်းပြန်ပြီး မေးရပါလိမ့် မယ်၊ ဘယ်မှာပါတယ်ပြပါလို့ မေးရပါလိမ့်မယ်၊ ဒီနေရာမှာ စောဒကပုဂ္ဂိုလ် များရော စုဒိတကပုဂ္ဂိုလ်များပါ စုံညီစွာရောက်ရှိနေကြတဲ့အတွက် ၎င်းတို့ အနေနဲ့ ဓမ္မစောဒကအင်္ဂါ, ဓမ္မစုဒိတကအင်္ဂါများကို သိရှိထားကြဖို့အထူးမှာ ကြားလိုပါတယ်၊ ၈-၁-၉၈ ရက်နေ့ စောဒနာလွှာ တင်သွင်းတဲ့နေ့ကလည်း

http://www.dhammadownload.com



သဘာပတိ၏ခံယူချက်မိန့်ခွန်းမှာ မိန့်ကြားခဲ့ပြီးလည်း ဖြစ်ပါတယ်၊ ယခုတစ်ဖန် ထပ်မံ၍ သတိပေးသွားပါဦးမည်။

စောဒနာများအနေနဲ့ ယခင်ကတင်သွင်းခဲ့တဲ့ စောဒနာလွှာတွင် ပုဂ္ဂလ မိဋ္ဌာန်ပုတ်ခတ်ပြောဆိုသော, မယဉ်ကျေးသောစကားများ တွေ့ရှိရပါတယ်။ ယင်းစကားများကို ဝိနည်းဓိုရ်ဆရာတော်များအနေဖြင့် လက်ခံအသိအမှတ်ပြု မည်မဟုတ်ပါကြောင်း အတိအလင်းပြောလိုပါတယ်။

ယခုစုဒိတကများအနေနဲ့လည်း စုဒိတကေနုပါလိ ဘိက္ခုနာ ဒွီသု ဓမ္မေသု ပတိဋ္ဌာတဗ္ဗံ သစ္စေ စ အကုပ္ပေ စာတိ။ (ဝိ-၄၊ ၄၃၉)၊ (ဝိ-၅၊ ၂၈၃) ဤပါဠိတော် နှင့်အညီ စုဒိတကပုဂ္ဂိုလ်များသည် ဓမ္မစုဒိတက အင်္ဂါ(၂)ချက်ဖြစ်သည့်--

(၁) လွန်ကျူးမိလျှင် လွန်ကျူးမိကြောင်း စသည်ဖြင့် အမှန်အတိုင်း ထွက်ဆိုခြင်း၊

(၂) စောဒကပုဂ္ဂိုလ်၌လည်းကောင်း၊ အမှုစစ်ဆေးသည့် ဝိနည်းဓိုရ် ဆရာတော်အပေါ်၌လည်းကောင်း၊ တရားခွင်သို့ လာရောက် နားထောင်ကြသည့် သံဃာပရိသတ် လူပရိသတ်၌လည်းကောင်း ဒေါသအမျက်မထွက်မိစေရန် သတိဖြင့် စောင့်ထိန်းခြင်းတို့၌ တည်၍ သောခနောလွှာ(ချေပလွှာ)တင်ပြကြပါ။

ယခုအချိန်ကစပြီး သောခနောချက်များကို ဖတ်ကြားတော့မှာဖြစ်တဲ့ အတွက် စောဒကပုဂ္ဂိုလ်များ အနေနဲ့အထူးအာရုံစိုက် နားထောင်ကြရန် တိုက်တွန်းပြောကြားရင်း ဘုန်းကြီး၏ ကြိုတင်သတိပေးမိန့်ခွန်းကို နိဂုံးချုပ် လိုက်ပါတယ်။

(ဘဒ္ဒန္တမေဓိယ)
အဂ္ဂမဟာပဏ္ဍိတ
သဘာပတိဆရာတော်
နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁)

http://www.dhammadownload.com



ဆတ်ကပ်အပ်ပါသည်ဘုရား----

သဘာပတိဆရာတော်
အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့
အပရဂေါယာနကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

နေ့စွဲ။ ၁၃၅၉-ခု၊ တပို့တွဲလဆန်း (၃)ရက်
၁၉၉၈-ခု ဇန်နဝါရီလ (၃၀) ရက်

အကြောင်းအရာ။ ။(၈-၁-၉၈) နေ့တွင် အမှတ်(၁၁)၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့သို့ တင်ပြလျှောက်ထား စောဒနာသူများ ဖြစ်ကြသော-

(၁) အရှင်ဝိလာသ (သာသနဓဇ ဓမ္မာစရိယ)
(၂) အရှင်သောဘန (သာသနဓဇ ဓမ္မာစရိယ)
(၃) အရှင်စိန္တိတာဘိဝံသ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)
(၄) အရှင်ခန္တိဓမ္မ (ကမ္မဋ္ဌာနာစရိယ)

အထက်ပါစောဒနာသူ(၄)ပါးတို့သည် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့ နယ်၊ စမ်းကလေး အရှေ့စု ကျေးရွာကျောင်း၊ စမ်းကလေး ဆရာတော် နှင့် ဦးဓမ္မပါလ၊ ဦးအော်ကေး၊ ဦးဘိုစိန်၊ ဦးတင်မြင့်၊ ဦးတင်ရွှေ (သယ်န်းကျွန်း) စသော စမ်းကလေးဂေါပကအဖွဲ့ကို မိစ္ဆာဝါဒ၊ အဓမ္မဝါဒအဖြစ်စောဒနာတင်သွင်းလျှောက်ထား မှုကို ဓမ္မဝိနယဖြစ်ပါကြောင်း ပြန်လည်တင်သွင်း သောခေါ်လျှောက်ထားခြင်း။

အကြောင်းပြန်ဒိန်းလွှာ

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား---

http://www.dhammadownload.com



ဘုရားတပည့်တော်သည် လွန်ခဲ့သောနှစ်ပေါင်း(၃၀)ခန့်ကမှ ဇေယျာသိဒ္ဓိ ကသစ်ပိုင် ဆရာတော်ဘုရားကြီး၏ နည်းနာနိသျကိုခံယူ၍ (၃)နှစ်ခန့် ဝိပဿနာတရားရိပ်သာစခန်းများကို ဖွင့်လှစ်၍ သီလ-သမာဓိ-ပညာ သိက္ခာ သုံးပါး အကျင့်အားလျော်စွာ ယောဂီများအား တရားပြသ ဆောင်ရွက်ခဲ့ပါ သည်ဘုရား။

ထိုသို့ဆောင်ရွက်ပြသရာမှ မဟာသတိပဋ္ဌာနသုတ်လာ သီလ-သမာဓိ-ပညာ သာသနာ(၃)ရပ်၊ သိက္ခာ(၃)ပါး အားလျော်စွာကျင့်ကြံ ကြိုးကုတ် အားထုတ်၍ မိမိကိုယ်တိုင် သံသရာမှ လွတ်မြောက်မှု အကျိုးတရားကို ခံစားခဲ့ရပါသည်ဘုရား။ ထိုသို့ အားထုတ်ခဲ့စဉ်ကာလအတွင်း အနာဂတ် ဓမ္မသာသနာတော်ကြီးအတွက် ဘုရားစကားများအား သိရှိခဲ့ရပါသည် ဘုရား။

ဗုဒ္ဓမြတ်စွာလက်ထက် ရှေ့ပိုင်းသာသနာ ပါရမီခေတ် သမ္ပတ္တိကာလ ကြီး၌ သီလ-သမာဓိ-ပညာ သိက္ခာသုံးပါး၊ သာသနာသုံးရပ်ဖြင့် သံသရာမှ ထွက်မြောက်သွားခဲ့ကြသော ဗုဒ္ဓဝေနေယျများစွာတို့ ရှိခဲ့ကြပါသည် ဘုရား။ ယခုအခါ နောက်ပိုင်း အနာဂတ်သာသနာ သစ္စာခန်းလာ ဝိပတ္တိကာလကြီး၌ သံသရာမှ ထွက်မြောက်ရန် ဘုရားအမျိုးဟု ဆိုအပ်သော သာဝက ဝေနေယျ များ ကျန်ရှိနေသေးပါသည်ဘုရား။ ထိုသူများမှာ ဘုရားရှင်လက်ထက် ပါရမီ ခန်းလာ ဗုဒ္ဓဝေနေယျများကဲ့သို့ သီလ-သမာဓိ-ပညာစခန်းဖြင့် ကျင့်ဆောင် အားထုတ်ပါက ကာလ၏မပြည့် စုံမှု (ကာလဝိပတ္တိ)ကြောင့် ထွက်မြောက် နိုင်သူ အရေအတွက် လွန်စွာ နည်းပါးပါလိမ့်မည်ဘုရား--။

သို့အတွက်ဘုရား-တရား-သံဃာ ရတနာမြတ်သုံးပါးအပေါ် မတုန် မလှုပ် ကြည်ညိုသော သဒ္ဓါတရားကို အဓိပတိတပ် ရှေ့ဆောင်ခြင်းဖြင့် သံသရာဝဲဩဃမှလွတ်မြောက်သော ဝိမုတ္တိယုဂ တစ်ပြန်အဖြစ် အနာဂတ် ဓမ္မသာသနာတော်မြတ်ကြီးကို ပြုပေးရန် ဘုရား၏ ဗျာဒိတ်စကားကို (စာဘုရား) ဓမ္မစေတီနှင့်အတူ သိရှိခဲ့ပါသည် အရှင်သူမြတ်တို့ဘုရား-။

## (စာဘုရား) ဓမ္မစေတီ

(စာဘုရား) ဓမ္မစေတီအရ မြတ်စွာဘုရား ညွှန်ပြဆုံးမသော နိဗ္ဗာန်၏ လမ်းကြောင်း နိဗ္ဗာန်အစကို ဖော်ပြပါမည်ဘုရား။

http://www.dhammadownload.com



၁။ ဂရု ။ ဟုဆိုအပ်သော မြတ်စွာဘုရား၏ ကရုဏာ တော်ဖြင့်၊

၂။ ဘုံလောက ။ ဟုဆိုအပ်သော လောကသုံးပါး ဘုံသုံးပါးမှ ကေန်ထုတ်ချောက်လွတ် မြောက်သော၊

၃။ ဓမ္မ ။အနာဂတ်ဓမ္မသာသနာတော်ကြီးအတွက် သစ္စာတရားတော်ကြီး၊

၄။ ခန္ဓာကိုယ် သာသနာကိုက် ။ဟုဆိုအပ်သော တရားနာယူသူ ယောဂီတို့၏ သန္တာန်အား အကျိုးမဂ်သို့ သုတ်သုတ်ရောက်စေနိုင်သော အတိတ်-ပစ္စုပ္ပန်မှန်သော အကြောင်း အဆုံးအမတို့ဖြင့် ပြည့်စုံကိုက်ညီစေလျက်၊

၅။ မဂ္ဂင်ရှစ်ပါးနဲ့လိုက် ။ ဟုဆိုအပ်သော အကျိုးမဂ်တစ်ခု ရရှိရန်အတွက်ပစ္စုပ္ပန် မှန်သောအကြောင်းတရား အင်္ဂါရှစ်ပါးနှင့် ကျင့်ဆောင်စေပါသည် ဘုရား။

----------

http://www.dhammadownload.com

# ဓမ္မစေတီ

## (စာဘူရား)

ခန္ဓာကိုယ်သာသနာကိုက်

ဂရုဓမ္မဘုံလောက

အဖျားကိုသတ်

အငုတ်ကိုဖိ

အရင်းကိုခုတ်

မဂ္ဂင်ရှစ်ပါးနှင့်လိုက်ရပါသည်

# မဇ္ဈိမပဋိပဒါ သတိပဋ္ဌာန်

## အလယ်လမ်း

### သောတာပန်တည်ခန်း

http://www.dhammadownload.com



မည်ကဲ့သို့ ကျင့်ဆောင်ရမည် ဆိုရာ၌-

၆။ အရင်းကိုခုတ် ။ ဟုဆိုရာ၌ အတိတ်သီလအကြောင်းက ပို့လိုက်သော ကမ္မဖလအကျိုးခန္ဓာ အိမ်ကြီးတွင် အနမတဂ္ဂသံသရာ တစ်ခွင်က ငုပ်၍ ပါလာသော ပျက်စီးတတ်သည့် ခန္ဓာအတွင်း ကမ္မဝိပါက် အတိတ်ကံဟောင်းများအပေါ် သဠာရအမှု မပြုတော့ဘဲ စောင့်ရှောက် ထိန်းသိမ်းစေလိုက်ပါသည်။ ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ခြင်းကြောင့် ခန္ဓာတွင်း ပူအေးလှုပ်ရှ သင်္ခါရတွေ ထင်ရှားဖြစ်ပေါ်မှုကို ခံစားလာရပြီး ယင်းသည်ပင် အတိတ်ဥပါဒါန်အားဖြင့် အဝိဇ္ဇာဦးစီး၍ ပြုခဲ့သော ပုညကြိယာ ဆယ်ပါး၏ အထောက်အပံ့ဖြစ်၍ ဥပါဒါန်မပြတ် ကံမပြတ်ခဲ့လို့ ရလာတဲ့ ခန္ဓာရဲ့ ဆင်းရဲခြင်း အမှန်ကို သိမြင်သော ဒုက္ခသစ္စာအဖြစ် ကောက်ယူပြီး အတွင်း ဥပါဒါန်မှ ဖြစ်ပေါ်လာသော သင်္ခါရ အား အရိယာများကဲ့သို့ မိမိ၏ ခန္ဓာ ကိုယ်ကို အကြီးအမှူးပြု စောင့်ရှောက် ထိန်းသိမ်း၍ အကြောင်းဖြတ်ထားခြင်းတည်း ဟူသော"အမိဂမသီလ"ဝိနည်း ကို "အရင်းကိုခုတ်" ဟုဆိုအပ်ပေသည်။

၇။ အငုတ်ကိုဖိ ။ ဟုဆိုရာ၌ အတိတ်ဘာဝနာအကြောင်းကြောင့် ပို့လိုက်သော မျက်စိ, နား, လျှာ, ကိုယ်, စိတ်ဟုဆိုအပ်သော အကျိုးဣန္ဒြေ (၆) ပါးတွင် ပစ္စုပ္ပန်ကံသစ်ကြမ္မာ ဝိပါက်တဏှာအသစ်များ မပေါက်ဖွားရအောင် ဣန္ဒြိယသံဝရသီလဖြင့် လုံခြုံစွာ စောင့်ရှောက် သိမ်းဆည်းစေခဲ့ပါသည်။ ယင်းဣန္ဒြေ (၆)ပါးသည်အတိတ်ကောင်းမှု ပုညကြိယာဆယ်ပါး ပြုစဉ်မှာလဲပဲ အာရုံ(၆)ပါးကို မသိမ်းဆည်း မစောင့်ရှောက်နိုင်ခဲ့ခြင်း တည်းဟူသော အတိတ် ဥပါဒါန်-ကံ-အဝိဇ္ဇာ အကြောင်းရင်းခံခဲ့လို့ ဖြစ်ပါတယ်။ အဲဒီ

http://www.dhammadownload.com



အကြောင်းရင်းခံကြောင့် ပစ္စုပ္ပန် ကမ္မခန္ဓာအိမ်ကြီး ရရှိပြီး ဆင်းရဲခြင်းသို့ ရောက် ခဲ့တယ်။ ဒါကြောင့် အာရုံ(၆)ပါး၊ ဒွါရ(၆)ပေါက်အပေါ်မှာ မစောင့် ရှောက်နိုင်ခြင်း တည်းဟူသော ဆင်းရဲကြောင်း အမှန် သဘောကို သိမြင်ရခြင်းအပေါ် သမုဒယသစ္စာ အဖြစ်ကောက်ယူပြီး ထိုက္ကန္ဒြိယသံဝရသီလ ဇောကို ကျင့်ကွက်အတွင်း အရိယာများကဲ့သို့ ယုံကြည်မှု သဒ္ဓါ ဇောစိတ်များဖြင့် အကြီးအမှူးပြု ထိန်းသိမ်း စောင့်ရှောက်ခြင်း တည်းဟူသော "အဓိဝမသဒ္ဓါ" သိက္ခာအား "အငုတ်ကို ဖိ"ဟု ဆိုအပ်ပေသည်။

ဂ။ အဖျားကိုသတ်= ဟူသည်မှာ ဟောကွက်ဖြင့် ယောဂီတို့၏ ခန္ဓာ အစဉ်၌ ရှိသင့်သော ကံ၏အကျိုးတရား (ကမ္မ- ဖလ)အပေါ် သိသင့်သော ဉာဏ်၏အကျိုး တရား (ဉာဏ ဖလ) ဖြင့် အတိတ် ပစ္စုပ္ပန် ကုန်စင် အောင် အမှန်သိပြ၍ ဖြစ်ပေါ်လာသော သဒ္ဓါဇော စိတ်ကို ကျင့်သင့်သောပညာ၏ အကျိုးတရား (ပညာဖလ) အရ ကျင့်ကွက်ဖြင့် မဂ်ဇော ဝီထိစဉ် ဖြစ်အောင် ဓမ္မပရိယာယ်ဖြင့် နိရောဓ၊ မဂ္ဂနှင့်တကွ ကောင်းမြတ်သော မြတ်နိဗ္ဗာန်၏အကျိုး (သမ္ဗဖလ)က ပို့ဆောင် ပြသမှုအား "အဖျားကို သတ်"ဟု ဆိုခြင်းဖြစ်ပါသည်ဘုရား။

ထိုသို့မြတ်စွာဘုရား၏ ညွှန်ပြသည့်လမ်းကောင်း လမ်းမြတ်အမှန် သီလ-သဒ္ဓါ-ပညာ စခန်း(သိက္ခာ ၃-ပါး)အရ ပရိယတ္တိလမ်းညွှန်မှုမျိုး မဟုတ်ဘဲ ခန္ဓပဋိပတ္တိဖြစ်သည့် "မဇ္ဈိမပဋိပဒါ သတိပဋ္ဌာန်အလယ်လမ်း သောတာပန်တည်ခန်း"ဟု ဟောကွက်( ဝိဇ္ဇာဉာဏ်)၊ ကျင့်ကွက် (စရဏ)နှစ် ဖြာတွဲ၍ ဝိဇ္ဇာစရဏသမ္ပန္နအရ တစ်မဂ်စခန်း တက်လှမ်း၍ ကေန်ရောက် အောင် (ပေါပေး) ဟောကြားပြသ အရောက်ပို့ဆောင် ပေးနေခဲ့ပါသည် အရှင်သူမြတ်တို့ဘုရား။

http://www.dhammadownload.com



ထို့ကြောင့် ဗုဒ္ဓ၏ ဒေသနာတော် ဟောစဉ်ကျင့်စဉ်များအတိုင်း (သံ-၃၊ သောတာပတ္တိသံယုတ်၊နှာ-၃၀၂ လာ) သောတာပတ္တိအင်္ဂါ(၄)ပါးနှင့် အညီ ဟောကြားပြသ၍ (မူလ၊ပ၊ ၄-၁၊ နှာ-၂၃၇၊ သုတ်မဟာဝါ၊ ၄၊နှာ-၃၃၉)လာ "ဣမံ ဂါထံ သုတွာ သောတာပတ္တိဖလေ ပတိဋ္ဌိတာ"စသည့် ဒေသနာ အရ နာကြားသူယောဂီပရိသတ်များအား မိမိတို့၏ရင်တွင်းဖြစ်ပေါ်မှု ဝန်ခံချက် သဒ္ဓါပီတိ၊ သဒ္ဓါဝီထိ၊ မဂ်ဝီထိအရ သောတာပန် အငယ်စား၊ သောတာပန် အလတ်စား၊ သောတာပန် အကြီးစားတို့ကို မွေမိဋ္ဌာန် ပိုင်းခြား ဝေဖန်ပေးခြင်း ဖြစ်ပါသည်ဘုရား။

တရားနာယူသူသည် ယုံကြည်မှုသဒ္ဓါတရားနှင့် ပြည့်စုံမှ တရား၏ အကျိုးကို ရနိုင်ပါသည်ဘုရား။ ထို့ကြောင့် တရားနာယူသူများအား "ယုံကြည်ပါစေ၊ တရားနှင့်တွေ့ နာယူနိုင်ပါစေ" ဟူသော အချက် (၂)ချက် နှင့်အညီ ညီညွတ်သူတိုင်း တရားရပြီး သောတာပန်ဖြစ်ရန် တာဝန်ခံ ခြင်းဖြစ်ပါသည်။ ယင်းဝန်ခံချက်သည် ဝံ့ဝါလိုခြင်း၊ ကြွားဝါလိုခြင်း အလျှင်းမရှိဘဲ ဤဆောင်ရွက်ချက် ကျင့်ကွက်ဟောကွက်အပေါ် မေးမြန်း လိုသူများရှိလျှင် ဖြေဆိုရန် အသင့်ရှိပါကြောင်း ရဲရဲဝံ့ဝံ့ ဟောကြားခြင်း ဖြစ်ပါသည်အရှင်ဘုရား မိမိဟောကြားသော တရားအပေါ်၌ မိမိ တာဝန် ယူကြောင်းကို ယောဂီအများသိစေရန် ဟောကွက်၌ ထည့်သွင်း၍ နားလည်လွယ်အောင် ပြောကြားခြင်း ဖြစ်ပါသည်ဘုရား။ တရားဂုဏ်တော် (၆)ပါးအရ တရားအပေါ်ပြတ်သား တိကျမှုကို ပေါ်လွင်စေမှုအရ မေတ္တာ ကရုဏာ၊ စေတနာ အရင်းခံဖြစ်ပြီး ပုဂ္ဂိုလ် ကို ရည်စူး၍ စိမ်ခေါ်နေခြင်း မဟုတ်ပါဘုရား။ ယခု စောဒနာအချိန်အတွင်း၌ တရားအပေါ် စိစစ် မေးမြန်းလိုပါက ဖြေဆိုမည် ဖြစ်ပါသည် အရှင်သူမြတ်တို့ဘုရား။

၁၃၅၉-ခု၊ ကဆုန်လပြည့်နေ့၊ ဟောစဉ် တရားတိတ်ခွေအပေါ် ထုတ် နုတ်၍ အက္ခရာစဉ်တပ် စောဒနာထားမှု ထင်မြင်ချက်များကို လက်တွေ့ ဆောင်ရွက်မှုဖြင့် ရှင်းလင်းလျှောက်ထား သောနေ့တင်သွင်းပါသည်ဘုရား-။

**စာမျက်နှာ(၄) စောဒနာအတွက်ဖြေရှင်းချက်**

**(က) ဖြေရှင်းချက်**

ဗုဒ္ဓဒေသနာတော်အလာ ပါဠိတော်များကို ရွတ်ဆို ဟောပြောရာ၌ တရားတော်လာ အမှန်ဖြစ်ကျင့်စဉ်များကို

http://www.dhammadownload.com



ထိန်ချန် မြှုပ်ထားတတ်သူ၊ မရိုးသားသူ၊ မဖြောင့်မတ်သူဟု သုံးသပ်မှုမှာ-

တကယ်လက်တွေ့ ဟောစဉ်များတွင် ဘုရားအလိုကျ ဘုရားစကားအတိုင်း အကျိုးတရားကို တိုက်ရိုက် ပို့ဆောင်ရာ၌ အများသုံး စကားလုံးများကို ခြုံ၍ အဓိကကို သာ ဟောဖော် ညွှန်ပြခဲ့ခြင်း ဖြစ်ပါသည် ဘုရား။

(ခ) ဖြေရှင်းချက်

ဗုဒ္ဓဒေသနာတော်လာ ကျင့်စဉ်မှန်ကို အများရှင်လူ များအား လွယ်ကူသောအကျင့်၊ လျင်မြန်သော အသိဖြင့် စောင့်ရှောက်ပေခြင်းသာ ဖြစ်ပါကြောင်း၊ လာဘ သက္ကာရ သိလောက ရေးရာ မဟုတ်ကြောင်း ဟောစဉ်တရားများဖြင့် တင်ပြအပ်ပါသည် ဘုရား။

(ဂ) ဖြေရှင်းချက်

ဒေသနာစဉ်အရ မြတ်စွာဘုရားသခင်၏ တပည့်သား သံဃာသည်(၂၂၇)သွယ်သော သိက္ခာဖြင့် တဏှာသတ်လမ်းမှ (သီလ-သမာဓိ-ပညာ) ကျင့်စဉ်ဖြင့် သံသရာမှ လွတ်မြောက်နိုင် သော်လည်း လူပုထုဇဉ်များမှာ သီလအရာ (၅)ပါး၊ (၈)ပါး၊ (၉)ပါးသာ သီလအရာ ရှိပါသဖြင့် သာသနာ၏ အဆုံးအမဖြင့် အပါယ်သံသရာမှ လွတ်မြောက်ရာကို သဒ္ဓါဖြင့် ဦးဆောင်၍ တရားရရှိစေခြင်းကို ဘုရားအလိုကျ ဆောင်ရွက်ကြောင်း ဟောစဉ်တိတ်ခွေဖြင့် သောတာပန်ဖြစ်ကြောင်းကို သဒ္ဓါ အဓိကအဖြစ် ဖော်ပြပါသည် အရှင်ဘုရား။

(ဃ) ဖြေရှင်းချက်

ဘုရားနှင့်နှိုင်းယှဉ်၍ ရိုင်းပြခြင်းဖြစ်သည်ဟု စောဒနာ ခြင်းသည် မဟုတ်မှန်ကြောင်း တိတ်ခွေဖြင့် ပူးတွဲ တင်ပြအပ်ပါ သည် ဘုရား။ (ပူးတွဲအခွေနံပါတ်-၃)

http://www.dhammadownload.com



(င) ဖြေရှင်းချက်

ဘုရားအရာကိုပင်(တု)လာသည်ဟု စောဒနာခြင်းမှာ လုံးဝ မှားကြောင်း (ဃ)အရ တိတ်ခွေဖြင့် ပူးတွဲတင်ပြအပ် ပါသည် အရှင်ဘုရား။ (ပူးတွဲ အခွေနံပါတ်-၃)

(စ) ဖြေရှင်းချက်

နိုင်ငံခြားသားအဖွဲ့များ လာရောက် တရားနာယူကြသည်မှာ မည်သူကမျှ ဖိတ်ကြားခြင်း မပြုခဲ့ပါ။ တစ်ယောက်စ နှစ်ယောက်စမှ အစပြု၍ နေ့ကြီးရက်ကြီးများတွင် အစုအဖွဲ့များ ရောက်ရှိ နေပြီး တရားတော်ကို မြန်မာဘာသာဖြင့် ဟောကြားပေးသော်လည်း နာယူသူများက ရင်းတွင်း၌ ဖြစ်ပေါ်လာသော ရတနာသုံးပါးအပေါ် ယုံကြည်ခြင်းဖြင့် ဝမ်းမြောက် ကျေနပ်သွားကြလျက် ဘုရားအလိုကျ သာသနာ မြန်မာပြည်တွင် ရှိသည်ဟုပင် ပြောကြားပါသည်ဘုရား။

(ဆ) ဖြေရှင်းချက်

မီးတုတ်တစ်ခုကို ရရှိထားသော မျောက်ကြီးတစ်ကောင် အိမ်တိုင်းကို မီးရှို့ ပြာကျအောင် ပြုလုပ်သည်ဟု စောဒနာခြင်းသည် ပုံခိုင်းရာ၌ ဘုရားအဆူဆူတိုင်း၏ ဩဝါဒပါတိမောက် ပထမ အဆုံးအမနှင့် မကိုက်ညီရာ ရောက်ပါသည် အရှင်ဘုရား။ဘုရားအလိုကျ တရားဂုဏ်တော် (၆)ပါးနှင့်အညီ ရင်တွင်း တရားရရှိသူများမှာ အေးချမ်းမှုသဘာဝ ဖြစ်ကြရပါသည်အရှင်ဘုရား။ ဘုရား၊ တရား၊ သံဃာဟူသည် ရတနာ မြတ်သုံးပါးကို လူတိုင်း အသိအမှတ်ပြုခြင်း ဣဋ္ဌကို အနိဋ္ဌအရာ တိရစ္ဆာန်မျောက်ကြီး ဟု သုံးနှုန်းထားပါသည်ဘုရား။ သမဏ-သာရုပ္ပ မဖြစ်ပါကြောင်း မေတ္တာရှေ့ရှု သောခနောပြုအပ် ပါသည်ဘုရား။

(ဇ) ဖြေရှင်းချက်

ဘုရားအလိုကျ ဘုရားစကားတော်အတိုင်း ရင်းတွင်း အေးငြိမ်းမှု မဂ်အကျိုးဖြင့် စောင့်ရှောက်ရာ၌ အများပြည်သူ

http://www.dhammadownload.com



အေးချမ်းသာယာမှုသည် တစ်ဦးချင်းမှ အစပြုလျက်ငြိမ်းချမ်းကြောင်း ကောင်းမြတ်သောတရား၏ အကျိုးသည် အဆိုးသဘော မဖြစ်နိုင်ပါကြောင်း သောနေ့အပ်ပါသည် အရှင်ဘုရား။

(ဈ) ဖြေရှင်းချက်

အစုအဖွဲ့များဟူသည် အကောင်းကုသိုလ် အရာ၌လည်းတူရာရှိသလို အဆိုးအကုသိုလ်အရာ၌လည်း အစုအဖွဲ့ဖြစ်တတ်ပါသဖြင့် လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များ တရားနာကြပြီးသူအမြောက်အများ ရှိပါသည်။ ထို့ကြောင့် ဘုရားတပည့်တော်များ၏ သောနေ့ကို တစ်ဖက်မှ စောဒနာ နှင့် ယှဉ်တွဲလျက်မည်သည့်ဘက်မှ ဒေါသ၊ မည်သူကအဒေါသဟူသည်ကို နှိုင်းဆဆင်ခြင်နိုင်ရန် အဓမ္မ-မိစ္ဆာဝါဒ ဟု စောဒနာထားချက်ကို ဓမ္မဝိနယဖြစ်ကြောင်း အလေးအမြတ် ပြု၍ သောနေ့လွှာကို ရှင်းလင်း တင်ပြရပါကြောင်း လျှောက်ထားအပ်ပါသည် သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား။

ရိုသေလေးမြတ်စွာဖြင့်--

လျှောက်ထား သောနေ့သူများ-

(၁) စမ်းကလေးဆရာတော်၊ သက်တော်(၇၄)နှစ်၊ ဝါတော်(၄၉)ဝါ (သုဓမ္မာ)ဦးနန္ဒောဘာသ၊ စမ်းကလေးအနာဂတ်ဓမ္မ သာသနာ့ရိပ်သာကျောင်း၊ စမ်းကလေးအရှေ့စုကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

(၂) ဦးဓမ္မပါလ၊ (၃၁)နှစ်၊ (၄)ဝါ [သုဓမ္မာ] စမ်းကလေးအနာဂတ်ဓမ္မသာသနာ့ရိပ်သာကျောင်း၊ စမ်းကလေးအရှေ့စု ကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

(၃) ဦးဘိုစိန်(ဥပါသကာ)
စမ်းကလေး အနာဂတ်ဓမ္မသာသနာ့ရိပ်သာကျောင်း၊ လက်ပံဘုကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

http://www.dhammadownload.com



(၄) ဦးအော်ကေး(ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့)
စမ်းကလေးအနာဂတ်ဓမ္မသာသနာ့ရိပ်သာကျောင်း၊ ဖဒိုမြို့၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း။

(၅) ဦးတင်မြင့် (ဓမ္မဒူတ)
စမ်းကလေးအရှေ့စုကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

(၆) ဦးတင်ရွှေ (ဓမ္မဃောသက)
အမှတ် (၆၃-ခ)၊ သုဒဿန(၁)လမ်း၊ ၁၆/၂-ရပ်ကွက်၊ သယ်္ဃန်းကျွန်း

**ရည်ရွယ်ချက်၊ တာဝန်နှင့် သာသနာ့မှတ်ကျောက်များကို လျှောက်ထား ခြင်း**

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ ဘုရား---

ဘုရားတပည့်တော် အကြောင်းပြ နိဒါန်းစကား လျှောက်ထားပြီး ဘုရားအလိုတော်ကျဖြစ်သော သောတာပန်အစစ်ဖြစ်ကြောင်း (သမ္မာဒိဋ္ဌိ-ဓမ္မဝိနယ) ဖြစ်ပါကြောင်း သောခနောချက်ကို တင်ပြလျှောက်ထားပါမည် အရှင်ဘုရား။

**ရည်ရွယ်ချက်**

ယင်းကဲ့သို့ လျှောက်ထားရာတွင် ထားရှိအပ်သည့် အဓိကရည်ရွယ်ချက်မှာ မြတ်စွာဘုရား၏စကား ဦးထိပ်ထား၍ (သံဃာ့အဖွဲ့အစည်း၏ အခြေခံစည်းမျဉ်း ကိုလည်း မပစ်ပယ်မူ၍)

(က) ဘုရားစကားတော်လာ ကထာစဉ်နှင့် ထေရဝါဒမူအရ သာသနာတော်အတွင်း ကိုယ်တိုင်ကျင့်ကြံအားထုတ်၍သိသော မဂ်နှင့် ဖိုလ်တိုင်ရောက်အောင် ပို့ဆောင် ဟောကြား၍ သာသနာ တည်တံ့ ပြန့်ပွားစေရန် ကြိုးစားနေခြင်းသာ ဖြစ်ပါသည်အရှင်ဘုရား။

(ခ) ပရိယတ္တိသာသနာ(လမ်းညွှန်မှု ဟောကွက်)။ ပဋိပတ္တိသာသနာ (အကျိုးတရား ရရန် ကျင့်ကြံအားထုတ်မှု ကျင့်ကွက်)၊ ပဋိဝေဓ သာသနာ(မဂ်ဖိုလ် အကျိုးတရား ရရှိခြင်း) တည်းဟူသော သာသနာ သုံးရပ်နှင့် တပေါင်းတည်း ညီညွတ်မှုဖြင့် ဟောပေးခြင်းဖြစ်ပါသည် အရှင်ဘုရား။

http://www.dhammadownload.com



(ဂ) မြန်မာနိုင်ငံ၏ သာသနာရေးဟူသည် ပရိယတ္တိ-ပဋိပတ္တိ သာမက ပဋိဝေဓအထိ တည်ရှိနေပါကြောင်း အလေးအနက် ရည်စူးပါသည်ဘုရား။

(ဃ) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားစေခြင်း၊ စစ်မှန်သော အကျိုးကို သာသနာနှင့် ရဟန်းရှင်လူများအတွက် ဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့်ရဟန်းရှင်လူ ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ ဘုရားအလိုကျ စစ်မှန်ခြင်း၊ (အစစ်အမှန်) ဖြစ်ကြောင်း တာဝန်ခံ၍ ဟောကြားပေးနေခြင်းဖြစ်ပါသည် အရှင်ဘုရား။

ဤဆန္ဒမှန် အကြောင်း(၃)ချက်ကို အလေးအနက် ရည်ရွယ်လျက် မိစ္ဆာဝါဒ မဟုတ်၊ သမ္မာဒိဋ္ဌိ (ဓမ္မ+ဝိနယ) သာ ဖြစ်ကြောင်း ရှင်းလင်းလျှောက်ထား သော နောအပ်ပါသည် အရှင်ဘုရား။

**ဗုဒ္ဓပေးအပ်ခဲ့သောတာဝန်**

ဘုရားတပည့်တော်သည် “ စမ်းကလေးဝါဒ” ဟု မည်သည့်အချိန်မည်သည့် ပုဂ္ဂိုလ် ကိုမှ ဟောပြောခဲ့ခြင်း မရှိသည့်အပြင် ဗုဒ္ဓလမ်းစဉ်မှတိမ်းချော်လွဲမှားမှုမရှိဘဲ ဘုရားခိုင်းသည့် အတိုင်း ဘုရားအလိုကျဖြင့်သာ မဂ်ဖိုလ်အကျိုးကို ရရန်၊ ရောက်ရန် ရည်ရွယ်ဆောင်ရွက်၍ “ ဟောကွက်”၊ “ကျင့်ကွက်” ဖြင့် ဟောကြားပေးခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဘုရား-တရား- သံဃာရတနာမြတ်သုံးပါး၌ ယုံကြည်ကိုးကွယ် ဆည်းကပ် လေးမြတ်နိုင်ခြင်း တည်းဟူသော အကျိုးတရားရရှိရန် အကြောင်းခံ ဖြစ်သော ဘုရားဂုဏ်-တရားဂုဏ်- သံဃာဂုဏ်တို့ကို ဖော်ညွှန်း ချီးကျူး၍ သရဏဂုံကို မဖောက်မပြန်သော တည်ကြည်မှုဖြင့် ယုံကြည်လေးမြတ်သူ သောတာပန်အဖြစ် ပို့ဆောင်ပြီး ကူးတို့ ဖောင်သဖွယ် မိမိကိုယ်ကိုသတ်မှတ် ခံယူလျက် ဘုရားအလိုကျ ဟောစဉ်၊ ကျင့်စဉ်ဖြင့်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်ဘုရား။

**စာမျက်နှာ-၉ (က)**

မေတ္တာအားဖြင့် မှတ်စိတ်ဟူသည် ဥပါဒါန်နှင့် သညာမှလွတ်အောင် လောကတံထွာအရ မမှတ်နိုင်ကြောင်းကို ထင်ရှားစေလိုသဖြင့် သဿတ၊ ဥစ္ဆေဒ နှစ်ပါးမှ

http://www.dhammadownload.com



လွတ်အောင် ပုထုဇဉ်တို့ မလွယ်ကူကြောင်းကို ဟောကြားပေးခြင်းသည် မည်သည့် ကမ္မဋ္ဌာန်းဉာဏနှင့် လောကသာသနာ၏ ကျင့်စဉ်ကိုမျှ ထိပါးရှုတ်ချခြင်း မဟုတ်ပါ ဘုရား။

စာမျက်နှာ-၉ (ခ)

ဘုရားနှင့် သာဝကရဟန်းများက "ဆရာအရာ"၊ လူဒါယိကာများက"တပည့် နေရာ" ဖြစ်ကြောင်းကို သိလွယ်ရန် အလို့ငှာ---သက်တော်ထင်ရှား ဘုရားရှင် လက်ထက်ကကဲ့သို့ သားတော် ရှင်ရဟန်းများကို ကမ္မဋ္ဌာန်းပေး အားထုတ်စေခြင်း "သီလ-သမာဓိ-ပညာလမ်းစဉ်"သည် ရဟန်းလမ်းဖြစ်၍၊ လူတို့အရာသည် လူတို့သဒ္ဓါဖြင့် သရဏဂုံ တည်မြဲစေခြင်း သီလ-သဒ္ဓါ-ပညာလမ်းစဉ်သည် လူလမ်းဖြစ်ကြောင်းကို လမ်းစဉ်နှစ်ခု ခွဲခြား သတ်မှတ် ဟောကြားရခြင်းဖြစ်ပါသည်။

၁၃၅၅-ခု နယုန်လဆန်း(၁၁)ရက်၊ နံနက် ၈-နာရီ ရန်ကုန်-ကမ္ဘာအေးကုန်းမြေ၌ ဟောကြားပေးခဲ့သော"(အဆိုက်၏ ၃-မိနစ်ခန့်တွင်ဟောကြားခဲ့သော) "ရဟန်းလမ်းဖြစ်သော 'လမ်းရှည်' (သီလ-သမာဓိ-ပညာ) နှင့် လူလမ်းဖြစ်သော 'လမ်းတို' (သီလ-သဒ္ဓါ-ပညာ)---"လူက သောတာပန်(သောတာပတ္တိမဂ်-သောတာ ပတ္တိဖိုလ်)၊ ရဟန်းက (အရဟတ္တမဂ်-အရဟတ္တဖိုလ်) " စသည့် အသိဉာဏ်ဖြစ်ပေါ် စေလို၍ အမြင်မှန် သမ္မာဒိဋ္ဌိ (သို့မဟုတ်)မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြင့် အစွန်းနှစ်ဘက်ကို ပြသသွန်သင်သော ဟောစဉ်ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်အား အပြစ်တင်ကဲ့ရဲ့မှု မဖြစ်နိုင်ကြောင်း သောနောအပ်ပါသည်ဘုရား။

စောဒနာဘက်မှ တင်သွင်းသောတိတ်ခွေများကို အပြည့်သော ကုသိုလ်စိတ်ဖြင့် နှလုံးသွင်း ဆင်ခြင် ဆုံးဖြတ်နိုင်ပါသည်အရှင်ဘုရား။ ကိုယ်တိုင်မေးမြန်းမည် ဆိုပါကလည်း ယခုအချိန်မှာပင် တင်ပြရှင်းလင်းပေးနိုင်ပါသည်၊ ဟိတ်ဟန်ထွေပြား အကြွားသန်ခြင်းမဟုတ်ပါ။ ဘုရားပေးသော တာဝန်ကို ကျေပွန်ခြင်းသာဖြစ်ကြောင်း လျှောက်ထားအပ်ပါသည် သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) သီးခြား ဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား---။

လက်စွဲ သာသနာ့ မှတ်ကျောက်ကြီး(၄)ခု

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)၊ သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား---

http://www.dhammadownload.com



ထေရဝါဒ၏ ပါဠိတော်၊ အဋ္ဌကထာများနှင့် ညီ, မညီကို အောက်ပါ အဋ္ဌကထာလာ ထေရဝါဒ သာသနာ့မှတ်ကျောက်(၄)ခုနှင့် တိုက်ဆိုင်ညှိနှိုင်း၍ စိစစ်ပေးပါရန် စာဒနာတင်သွင်းမှုအပေါ် သောနောလ္လာဖြင့် ရှင်းလင်းတင်ပြအပ်ပါသည် အရှင်ဘုရား။

သုတ်၊ ဝိနည်း၊ အဘိဓမ္မာကို တူရာစုပေါင်း၍ သင်္ဂါယနာ တင်တော်မူခဲ့ကြသော ရှင်မဟာကဿပ အစရှိသော ရှေးမထေရ်မြတ်တို့သည် (ဝိနည်းတရား ၄-ပါးကို)-

၁။ သုတ္တံ = ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော သုတ္တန်ကို ဖော်ညွှန်းပြ၍ ဆုံးမအပ်ပါသည်။ (ဥပမာ-ရဋ္ဌပါလသုတ္တ၊ အင်္ဂုလိမာလသုတ္တ၊ အာဠာဝကဘီလူး၊ ပုဏ္ဏပသုကပြိတ္တာ သားအမိဝတ္ထု၊ ဘဒ္ဒကလျာဏီဝတ္ထု--စသည့် သုတ္တန်ဝတ္ထုများ ပါဝင်သော ဟောစဉ်တရားများဖြင့် သက်သေပြအပ်ပါသည်။

[ပူးတွဲတိတ်ခွေ (၄)ပါရှိ]

၂။ သုတ္တာနုလောမ = ဘုရားဟောတရားတော်နှင့် မဆန့်ကျင်သော သာဝကဘာသိက တရားတော်များအဖြစ် အရှင်သာရိပုတ္တရာ၏ မယ်တော်ကျေးဇူးဆပ်ခြင်းတရားတော်၊ ကာဠုဒါယီလျှောက်ထုံး--စသည်များ ပါဝင်သော ဟောစဉ်တရားများ။ [ပူးတွဲတိတ်ခွေ ( ၅ ) ပါရှိ]

၃။ အာစရိယဝါဒ = မြတ်ဗုဒ္ဓ၏ မဂ်ဖိုလ်အကျိုးအတွက် အာစရိယဝါဒ ဓမ္မစေတီ( စာဘုရား)၏ လမ်းညွှန်မှု အတိုင်း ဆောင်ရွက်ပါသည်။

၄။ အတ္တနောမတိ = သုတ္တ-သုတ္တာနုလောမ-အာစရိယဝါဒတို့ကို နည်းမှီ၍ အနုမစု ဋီကာဂန္ထ ယောဇနာ ဆရာတော်ကြီးများကဲ့သို့ (သုတ်-ဝိနည်း-အဘိဓမ္မာ) ကထာစဉ် အတိုင်း ဟောကြား နေရပါကြောင်း အထက်ပါဟောစဉ်များနှင့် တင်ပြပါသည်။

http://www.dhammadownload.com



ဤကဲ့သို့(၄)ခုသော အင်္ဂါရပ်နှင့်ညီညွတ်စွာဟောကြားနေပါလျက်အယောနိ-သောမနသိကာရဖြင့် စောဒနာခြင်းကို အထက်ပါမှတ်ကျောက်မူအရ သက်သေတိတ်ခွေများနှင့်အတူ သောဓနာလွှာတင်သွင်း၍ မိစ္ဆာဝါဒီ မဟုတ်ပါကြောင်း ဝေဖန်စိစစ် ရှင်းလင်းတင်ပြ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

## အကြောင်းပြ နိဒါန်းလွှာ

၁၃၅၈-ခု၊ တပေါင်းလပြည့်နေ့

"သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်တရားတော်"

အပ္ပကာ တေ မနုဿေသု၊ ယေဇနာ ပါရဂါမိနော။
အထာယံ ဣတရာ ပဇာ၊ တီရမေဝ နုဓာဝတိ။

| | | |
|---|---|---|
| မနုဿေသု | = | လူရော နတ်ပါ ဗြဟ္မာမလပ် လူသုံးရပ်တို့၌၊ |
| ယေဇနာ | = | အကြင်လူတို့သည်၊ |
| ပါရဂါမိနော | = | နိဗ္ဗာန်ထွန်းပေါက် စခန်းရောက်အောင် ကူးမြောက်နိုင်ကြကုန်၏။ |
| တေဇနာ | = | ထိုလူတို့သည်၊ |
| အပ္ပကာ | = | တွေ့ကြုံခဲလှ အလွန်နည်းပါး ကြကုန်၏။ |
| ဣတရာ | = | နိဗ္ဗာန်ထွန်းပေါက် စခန်းရောက်အောင် ကူးမြောက်နိုင်သောသူမှ တစ်ပါးကုန်သော၊ |
| အယံပဇာ | = | ကြွင်းကျန်ရစ်ကြောင်း ဤလူအပေါင်းသည်၊ |
| တီရမေဝ | = | သက္ကာယဒိဋ္ဌိ စွန်းညိမကွာ ဤမှာဘက်ကမ်းသို့သာလျှင်၊ |
| အနုဓာဝတိ | = | အိုနာသေရေး ဒုက္ခဘေးနှင့် ဆင်းရဲဖန်ခါ တွေ့ကြုံရရှာလေရာသတည်း။ |

အဲဒီဂါထာလေးကို အသာထားလိုက်ဦးမယ်--၊ အဲဒီဂါထာလေး အသာထားပြီးတော့ ကမ္မဖလ အနတ္တတရားလေး တင်စားပြီးတော့ ဘုန်းကြီး ဟောပေးမယ်။"

http://www.dhammadownload.com



အားလုံးရဟန်းလူ သူတော်စင်အပေါင်းများ၊ စမ်းကလေးဆရာတော်အား ကဲဆင့်သော ပုဂ္ဂိုလ်အစ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်လှူသော ပုဂ္ဂိုလ်အဆုံး တရားနာလာသောပုဂ္ဂိုလ်များ မိမိတို့က ပစ္စယသင်္ဂဟ အနေနဲ့ ထောက်ပံ့တဲ့ နေရာမှာ ဘုန်းကြီးက ဓမ္မသင်္ဂဟအနေဖြင့် အခုနက ပြောခဲ့တဲ့အတိုင်း အနတ္တတစ်လုံး (အဟမ်း၊ အဟမ်း) ကမ္မဖလအနတ္တတစ်လုံး တင်စားပြီးတော့ လောကသံသရာ ဘေးနှစ်ဖြာကို ချီးမြှင့်မယ်၊ ပလ္လင်ခံစကားလေး ပြောတဲ့နေရာမှာ နားထောင်ပြီး ကြည့်ကြနော်--"။ (မှန်လှပါဘုရား)

မိမိတို့ လောကဘေး လွတ်ရာလွတ်ကြောင်း မေတ္တာဘာဝနာတရား၊ အပါယ် လေးပါးမှ လုံးဝ လွတ်တဲ့သစ္စာတရား တစ်မဂ်ဟာ အကြောင်းလား၊ အကျိုးလား"။ (အကျိုးပါဘုရား)

"အကျိုး ဘယ်ကပေးမလဲ" (အကြောင်းကပေးပါမယ်ဘုရား)။ "အဲဒီ အကြောင်းက ပေးမှာကို အကြောင်းလေး ပြင်ဆင်တဲ့နေရာမှာ ကျကျနန ပညာရှိ နားထောင်ကြ၊ ပညာရှိဆိုပေမယ့် အဲဒီစကားလေးတော့ ထားပေါ့၊ လောကီပညာရှိ- -သိပ်မလွယ်ဘူးနော်" (မှန်ပါ့ဘုရား)၊ ထား-ထား---မလွယ်တာထား၊ ဘုန်းကြီးက ရောက်အောင်ပို့မယ်ဆိုတော့ ဘုန်းကြီးဒီလို ဟောပေးပါသော်လည်း---ဒါ ပြင်စကားဆင်စကားနော်" (မှန်ပါဘုရား)။

"မိမိတို့က တရားနာ၊ တရားနာယူ နှစ်ခုမှာ လောကတံထွာ တရားနာပုံနှင့် ဖြစ်ပါမလား" (မဖြစ်ပါဘုရား)။ "နာယူမှာပေါ့နော်" (မှန်ပါ့ဘုရား)။ "ဘုန်းကြီးက အဲဒီလို ဟောတာမဟုတ်ဘူး၊ ဟောပေးပါသော်လည်း မိမိတို့က တရားနာရုံ နာရင်တော့ ဓမ္မဿဝနကုသိုလ်ရတယ်လို့ပြောရမှာပေါ့၊ မိမိတို့လိုချင်တာက အပါယ်လေးပါးမှ လုံးဝလွတ်တဲ့ သာသနာ့အမွေ စစ်ပြီဆိုလျှင် အနည်းဆုံး တစ်မဂ်နော်" (မှန်ပါ့ဘုရား)။ "လောကုတ္တရာတရား ၉-ပါးထဲက တစ်မဂ်မရလျှင် အဲဒီအမွေစစ်ပါ့မလား" (မစစ်ပါဘုရား)။ အဲဒါ အမွေဆိုးပဲ၊ ဘုရား ပရိနိဗ္ဗာန်ပြုပြီးမှ အမွေဆိုးကို အမွေကောင်း ထင်နေတယ်နော်" (မှန်ပါဘုရား)။

"ရဲရဲ တာဝန်ယူတယ်၊ ဘုန်းကြီးတို့--ယုံတာလေးပါပါစေ၊ တရားပွဲရောက်ပါစေ၊ အပါယ်လေးပါးလွတ်ကြောင်းကိုတော့ အခါ(၂၀) ရဲရဲတာဝန်ယူတယ် ရဲရဲ

http://www.dhammadownload.com



အခုတည်းက ပြောတယ်" (မှန်ပါ့မလား)။ "ဘုန်းကြီးသိပ်ဝမ်းသာတယ်၊ ဘဝက ကံမျိုးတွေလေ" (မှန်ပါဘုရား)။ သို့သော်ငြားလည်း သနားလည်းသနားတယ် သနားတာတော့ ထုတ်မပြော တော့ဘူး၊ ဒီလူတွေမဟုတ်ပါဘူး" (မှန်ပါဘုရား)။ "လောကတံထွာပေ့၊ ကဲ---ဒါဖြင့် မိမိတို့တရားနာ တရားယူ ပြင်ပေးနေတာ နားထောင်၊ နာယူပုံလေးဆိုတော့ အပါယ်လေးပါးက လုံးဝလွတ်တယ်ဆို တော့ ခုနက ဘာရမှာလဲဆိုတော့--(တစ်မဂ်ရမှာပါဘုရား)။ "အဲဒီ တစ်မဂ်ရအောင် ရင်တွင်းမှာပုထုဇဉ်လူတိုင်း, နတ်တိုင်း, ဗြဟ္မာတိုင်း ရင်တွင်းမှာ ရန်သူရှိတယ်နော်" (မှန်ပါဘုရား)။ "အဲဒီမဂ်တရား၊ ဖိုလ်တရား ဈာန်တရားကို ပိတ်ပင်ဆီးတား စေတတ်သော ရန်သူ---အဲဒါလေးကိုသိအောင် ပြတာ၊ ဘယ်သူလဲဆိုရင်" နီဝရဏ" တရား၊ ကြားဖူးတယ်၊ အဲဒါ သိပ်ကျယ်ကျယ် မပြောဘူး၊ အသိလေးနဲ့ သိရုံလေးနဲ့ နောက်---ဘုန်းကြီးပြောပြမယ်၊ အဲဒီ နီဝရဏ၅-ပါးသည် မဂ်တရားကို ပိတ်ပင် ဆီးတားစေတတ်သော ရန်သူတွေပဲ၊ အဲဒါတွေကို မသိလို့ရှိရင်ကော ဖြစ်ပါ့မလား" (မဖြစ်ပါဘုရား)။

"အေး---ယခုလို တရားနာတဲ့ အချိန်ကလေးမှာ ဒေါသလေးတစ်လုံးမရှိစေနဲ့၊ ခပ်တိုတိုနဲ့ မသိ သိသိ၊ ဘုန်းကြီးနောက်ပြောပေးမယ်နော်" (မှန်ပါဘုရား)။ "ထိန, မိဒ္ဓ-အိပ်ငြည်းခြင်း၊ ငိုက်မြည်းခြင်း မရှိကြနဲ့နော်" (မှန်ပါဘုရား)။ မဖြစ်စေနဲ့။ "ဥဒ္ဓစ္စ, ကုက္ကုစ္စ-စိတ်တွေ့ ပြန့်လွင့်တာကို ဖြစ်မထားနဲ့" (မှန်ပါဘုရား)။ "နောက်တော့ ဘုန်းကြီး ပြောပြမယ်၊ ဝိစိကိစ္ဆာ-ဆရာအပေါ်မှာ၊ တရားအပေါ်မှာ မိမိခန္ဓာပေါ်မှာ နည်းနည်းပါးပါး စာလေးဘာလေး တတ်ထားတော့ တောင်တွေး တောတွေး ဟင်-(မှန်ပါဘုရား)"ဘုန်းကြီးကိုမေး၊ သူများကိုမမေးနဲ့" (မှန်ပါဘုရား)။ " အဲဒါ ဝိစိကိစ္ဆာ ခေါ်တယ်" (မှန်ပါဘုရား)။ "အဲဒီအလုံးရှိနေရင် အဲဒါ ရန်သူပဲ၊ ဘယ်တော့မှ မဂ်မတည်းခိုဘူးဟင်---" (မှန်ပါဘုရား)။ "အဲဒါလေး ရင်ထဲ ထည့်မထားဖို့ လွယ် ပါ့မလား" (မလွယ်ပါဘုရား)။ "ကိုင်း-လွယ်ပုံပြောမယ်"

"ဘုန်းကြီးဟောကြားပေးတာက ခန္ဓအဘိဓမ္မာ ကမ္မဖလ အနတ္တလေးနော်" (မှန်ပါဘုရား)။ အဲဒီတရားလေးကို အဘိဓမ္မာသစ္စာဉာဏ်ဖြင့် မိမိတို့က နားထောင်၊ အဘိဓမ္မာတွေ တို့ကမသိဘူး၊ သစ္စာတွေ တို့မသိဘူး၊ ဥပမာ-ဉာဏ်တွေ တို့ကမသိဘူး ဆိုပါတော့၊ ဒီတရားလေးကို ဇကော-ဒီတရားလေးကို၊ ဓမ္မော-အာရုံလေး ကြားနေရင် နီဝရဏ ကွာမနေဘူးလား" (ကွာနေပါတယ်ဘုရား)။ "အဲဒါ

http://www.dhammadownload.com



အများအသိ၊ တစ်ချက်တစ်ချက် ထွက်တဲ့စိတ် ထွက်ပါစေ၊ ဘုန်းကြီးတို့ ကောင်းကောင်း ကျွမ်းကျင်တယ်၊ သိတယ် အဲဒီလို နိဝရဏ ကွာနေတဲ့ အချိန်လေးကို အကျိုးပေးနိုင်တဲ့ အချိန်ပဲလို့၊ အဲဒီလောက် မှတ်ထားပါ။ ဒါဖြင့် မိမိတို့က ဘုန်းကြီး ဟောကြားပေးသော ခန္ဓာ အဘိဓမ္မာ ကမ္မဖလ အနတ္တလေးတရားပေါ်မှာ ဘယ်လိုလုပ်ရမလဲ၊ ကောဓမ္မော ဆိုတာ ဒီတရားလေးပေါ်မှာ စိုက်နားထောင် နေလို့ ပြောတာ" (မှန်ပါဘုရား)။ အဓိပ္ပာယ် အနက်ကြီးပဲနော် (မှန်ပါဘုရား) "ဒါတွေ လျှောက်ပြောနေရင် ရှည်မှာစိုးလို့ ပြင်ပုံ ဆင်ပုံလေး၊ အဲဒါလေးနားထောင်ထား၊ အဲတော့ အချိန်လေး ကြားတိုင်းကြားတိုင်း နိဝရဏကွာမနေဘူးလား" (ကွာနေပါတယ်ဘုရား)။ "ကွာတဲ့အချိန် အကျိုး ရောက်မည့်အချိန်ပဲနော်"(မှန်ပါဘုရား) ။ "ကဲ-ဒါဖြင့် ဒါနလေးနဲ့ တွဲပြထားတာမို့ ဒါနကံတော့ မပါဘူး၊ (အဟမ်း--)"

"ခုနက ဂါထာပြခဲ့တယ်၊ မပါသော်လည်းဘဲ လောကသံသရာ ဘေးနှစ်ဖြာ လွတ်ဖို့ အရေးကြီးတယ်ဆိုတော့ ဘာဝနာခန်းလေးနဲ့ တွဲပေးရမယ်၊ အသစ်တွေ အသစ်တွေအတွက်--၊ ဘာဝနာခန်းလေး ဟောတဲ့အချိန်လေးမှာ မျက်လုံးတော့ မှိတ်ထား။ ဟိုဘက် ဒီဘက် ပြောင်းရွှေ့မယ်ဆိုရင် ပြောင်းနိုင်တယ်၊ တရားလိုတော့ သခ်ီရတွေ ဖောက်ပြန်နေလို့၊ စကားလိုတော့ ညောင်းကိုက်နေလို့ ပေါ့နော်"(မှန်ပါဘုရား)။ ရှေ့ပိုင်းမှာ ပြောင်းနိုင်ပါတယ်၊ နေနိုင်ရင် ပိုကောင်းတယ်၊ မနေနိုင်ရင် (ပြောင်းရွှေ့လို့ ရပါတယ်ဘုရား) " နောက်ပိုင်းကျတော့ ကျင့်ကွက် ပေးတော့ ၁၅-မိနစ်လောက် မပြောင်းနဲ့တော့လို့ ဘုန်းကြီး ပြောပေးမယ်နော်" (မှန်ပါဘုရား)။ "အဲဒီတော့ ကျကျနနမှတ်ထား" (မှန်ပါဘုရား)။ "တစ်ကြိမ်တစ်ခါ တည်းနဲ့ သံသရာဝဋ် ကျွတ်သွားတတ်သော အလုပ်တွေ" (မှန်ပါဘုရား)။ "ပေါ့ပေါ့ဆဆ မအောက်မေ့ လိုက်နဲ့"(မှန်ပါဘုရား)။ "အဲဒီရှေ့ပိုင်းမှာ ပြောင်းမယ်ဆိုရင်ပြောင်းနိုင်တယ်၊နေနိုင်တဲ့ ပုဂ္ဂိုလ်အတွက်ပိုကောင်းတာပေါ့" (မှန်ပါဘုရား)။ "မနေနိုင်ရင် ပြောင်း၊ မျက်လုံးတော့ ဣန္ဒြေရပါစေ၊ နောက် ကျင့်ကွက်ရောက်တော့ ကျင့်ကွက်ရောက်ပြီလို့ ဘုန်းကြီး ပြောပေးမယ်" (မှန်ပါဘုရား)။

"အေး-အဲဒါလေး ဆက်မိသွားပြီ ခုနဂါထာလေးက နိဗ္ဗာန်ရောက်သော ပုဂ္ဂိုလ် များ အင်မတန်နည်းသတဲ့၊ ကြွင်းကျန်နေသော ပုဂ္ဂိုလ်က အင်မတန် များသတဲ့နော်" (မှန်ပါဘုရား)။ "ဘာကြောင့်များသလဲဆိုတော့ "တီရမေဝ.သက္ကာယဒိဋ္ဌိ စွန်းညိမကွာ

http://www.dhammadownload.com



ဤမှာဘက်ကမ်းသို့သာလျှင် အနုစာဝတီ-အိုနာသေရေး ဒုက္ခဘေးနှင့် ဆင်းရဲဖန်ခါ တွေ့ကြုံရတာ ဘယ်သူ့အတွက်ကြောင့်လဲ"(သက္ကာယဒိဋ္ဌိ မပြုတ်လို့ပါဘုရား)။ "သက္ကာယဒိဋ္ဌိ မပြုတ်လို့နော်၊ ဒါပဲ-ဒီတရားပွဲမှာ သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင် သစ္စာလေးပါးတရားတော် ခေါင်းစည်းတတ်ထားတယ်နော်" (မှန်ပါဘုရား)။ "သက္ကာယပေါ်မှာ ဒိဋ္ဌိပြုတ်ဖို့ အရေးကြီးတယ် မဟုတ်လား" (မှန်ပါဘုရား)။ "ဘုရား လည်း ဟောတယ်၊ နောက်တော့ လာလိမ့်မယ်၊ ကဲဒီတော့ ဘုန်းတော်ကြီးသော မြတ်စွာဘုရား- လူပြည်လောက လူသားတို့သည်--ခေါင်းစည်း လေး တန်းထားပေး တာ တွေ့လား" (မှန်ပါဘုရား)။ "ခေါင်းစည်းလေးက ဘယ်လိုတန်းထားလဲ" သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန် မြင်ပါဘုရား)။ "အဲဒီခေါင်းစည်းလေးနဲ့ တန်အောင် အလုပ်လုပ်သွားမယ်၊ အပြောမဟုတ်ဘူးနော်" (မှန်ပါဘုရား)။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား---တပည့်တော်တို့ လူသားတို့သည် (လောကလူသားတို့သည်) အသက်ကလည်းတို၊ အဆင်းကလည်းအို၊ အနာကလည်းများ ကြပါသည် မြတ်စွာ ဘုရား၊ သို့ ဖြစ်ပါသောကြောင့် မြတ်စွာဘုရား---လူပြည်လူလောကသားတို့သည် အသက်တွေရှည်အောင်၊ အဆင်းတွေလှအောင်၊ အနာတွေကင်းအောင် ကာမရာဂကို ပယ်ဖျက်ဖို့ အရေးမကြီးကြောင်းပါလား ဘုရား" လို့ ပြဟ္မာကြီးက-

"သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
ကာမရာဂ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ"

ဒါနဲ့ အဓိပ္ပာယ်က ခုနကအတိုင်းပဲ၊ ပြဟ္မာကြီးလျှောက်တာ၊ "မြတ်စွာဘုရား- လူပြည်လူလောကသားတို့သည် အသက်တွေရှည်အောင်၊ အဆင်းတွေလှအောင်၊ အနာတွေကင်းအောင် ကာမရာဂကို အရေးတကြီး ပယ်ဖြတ်ဖို့ မသင့်ပါလား ဘုရားလို့--၊ အဲဒီလိုလျှောက်တော့-ဘုရားက "ပြဟ္မာကြီး--လူပြည် လူလောက သားတို့သည် အသက်တွေရှည်အောင်၊ အဆင်းတွေလှအောင်၊ အနာတွေ ကင်းအောင် ကာမရာဂကို ပယ်ဖြတ်ဖို့ရာထက် အပါယ်နှင့် အမြဲဆက်သွယ်လျက် ရှိသော သက္ကာယပေါ်မှာ ဒိဋ္ဌိဖြုတ်ဖို့ ထို့ထက် အရေးကြီးတယ်လို့ ဘုရားက-

"သတ္တိယာ ဝိယဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ"

သတ္တိယာ = အသွားနှစ်ဖက် မြမြထက်တဲ့ လှံသွားကြီးဖြင့်

http://www.dhammadownload.com



ဩမဒ္ဒော = လည်မျိုရင်ဝ စူးနေသော လူတစ်ယောက်သည်၊

ပဟာနာယ = စူးသောလှံကို အမြန်နုတ်ဖို့ရာ အလို့ငှာ၊

ပရိဗ္ဗဇေတိဝိယ = အရေးတကြီး ပြုလုပ်ဘိသကဲ့သို့လည်းကောင်း၊

မတ္ထကေ = ဦးခေါင်း၌၊

ဍယှမာနော = အလျှံတပြောင်ပြောင် မီးလောင်နေသော လူတစ်ယောက်သည်၊

ပဟာနာယ = လောင်သောမီးကို အမြန် ငြိမ်းသတ်ဖို့ရာ အလို့ငှာ၊

ပရိဗ္ဗဇေတိဝိယ - အားထုတ်ဘိသကဲ့သို့လည်းကောင်း၊

သက္ကာယဒိဋ္ဌိ ပဟာနာယ- အပါယ်နှင့် အမြဲဆက်သွယ်လျက်ရှိသော သက္ကာယအပေါ် ဒိဋ္ဌိပြုတ်ဖို့ရန် အလို့ငှာ၊ သတော-သတိနှင့် ပြည့်စုံသော။ ဘိက္ခုရဟန်း ရှင်လူ သူတော်စင်တစ်ဦးသည်၊ ပရိဗ္ဗဇေ-အသက်ခန္ဓာ မငဲ့ညှာဘဲ ရက်စက်စွာ ပြုကျင့်အားထုတ်ကြရာသတည်း။ (သာဓု-သာဓု-သာဓုပါဘုရား)

"ဘုရားပေးသော ဥပမာ၊ ဒါ ဘုရားပေးသော ဥပမာနော်" (မှန်ပါဘုရား)။ "လူတစ်ယောက်ဟာ ရင်ဝမှာ စူးတဲ့လှံကြီးဟာလည်း ပေါ့ပေါ့လေး မဟုတ်ဘူး၊ ဟိုဘက် ဒီဘက် ပေါက်လျက် ဦးခေါင်းမှာ လောင်တဲ့ မီးဟာလည်း ခေါင်းအပြည့်ပေါ့နော်" (မှန်ပါဘုရား)"ဒီမီးနဲ့ ဒီလှံကို နုတ်ဖို့ အရေး မကြီးဘူးလား" (ကြီးပါတယ်ဘုရား)။ "ဒီထက် အရေးကြီးတာက-သက္ကာယ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလှံကြီးကို နုတ်ဖို့ နောက်ကျနေမယ်ဆိုရင် တစ်ဘဝ သေရင် သေပါလိမ့်မယ်နော်" (မှန်ပါဘုရား)။ "သက္ကာယ ပေါ်မှာ ဒိဋ္ဌိမပြုတ်လို့ နောင်တစ်ခါ အပါယ်ကျမယ်ဆိုရင် အဲ-အပါယ်မှာစူးမဲ့ လှံတွေ၊ လောင်မဲ့မီးတွေ ဖြစ်ခြင်းကြောင့် ယောဂီတို့ နားရှင်းရဲ့လား" (နားရှင်းပါဘုရား)။

"သက္ကာယဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ၊ သတော. . . သတိနှင့်ပြည့်စုံသော ဘိက္ခု၊ ရဟန်း ရှင်လူ သူတော်စင်တစ်ဦးသည်။ ပရိဗ္ဗဇေ-အသက်ခန္ဓာ မငဲ့ညှာဘဲ ရက်စက်စွာ ပြုကျင့်အားထုတ်ကြရာသတည်း" (သာဓု-သာဓု-သာဓုပါဘုရား)။

http://www.dhammadownload.com



"အဲဒါ လောကအကြောင်းမှာဆိုရင် ဒီထက် အရေးကြီးတာ ရှိပါ့မလား" (မရှိပါဘုရား)။ "ကဲ-ဒါဖြင့် အရေးတကြီး ဒီထက်အရေးကြီးတာ မရှိလို့ ဘယ်လိုများ အားထုတ်မလဲလို့ မေးဖို့ရှိရင် ဘယ်လိုလုပ်ဖြေကြမတုံး" (မလွယ်ပါဘုရား)။ "မလွယ်ဘူး၊ သက္ကာယအပေါ် ဒိဋ္ဌိမပြုတ်လို့ နောင်အခါ အပါယ် ကျမယ်ဆိုရင်ဖြင့် အဲဒီစူးမယ့်လှံတွေ၊ လောင်မယ့်မီးတွေ အပါယ် မှာလေ" (မှန်ပါဘုရား)။ "အဲဒါ ကြောက်လွန်းလို့ ဘုရားက အရေးတကြီးလုပ်ပါလို့ ဘုရားက ပြောသွားပါသော်လည်းပဲ ဘယ်နည်းဘယ်ပုံ လုပ်မလဲ မေးရင်ဖြေဖို့ လွယ်ပါ့မလား" (မလွယ်ပါဘုရား)။ "နည်းနည်း မလွယ်ဘူးလား၊ များများ မလွယ်ဘူးလား" (များများပါဘုရား)။ "များများ မလွယ်ဘူးလို့ ဘုန်းကြီးတို့ ပြောချင်တယ်၊ နက်ဖန်ခါစကား မနက်ဖြန်ခါပြောမှာမို့ အခုပြောလိုက်ချင် တယ်၊ မလွယ်တာရှိရင် လွယ်တာမရှိဘူးလား"(ရှိပါတယ်ဘုရား)။"သို့သော် လွယ်တယ်လို့တော့ မဟုတ်ဘူးနော်" (မှန်ပါဘုရား)။

နောက်တစ်ဦး လျှောက်တယ်။ "မြတ်စွာဘုရား. . . ဘုန်းတော် နေဝန်း ထွန်းလင်းတောက်ကြွားမြတ်စွာဘုရား- (ဒါက ဝိသာခဒကာက လျှောက် တယ်)။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိနဲ့ မြတ်စွာဘုရား သက္ကာယဆိုတာ ဘာကို ခေါ်ပါသလဲ၊ ဒိဋ္ဌိဆိုတာ ဘာကို ခေါ်ပါသလဲ"လို့ ဝိသာခဒကာ လျှောက်တဲ့ အခါ ဘုရားက-

"ပဉ္စခေါ ဣမေ အာဝုသော ဝိသာခ၊ ဥပါဒါနက္ခန္ဓာ သက္ကာယော ဝုတ္တော ဘဂဝါ. . ."

| | |
|---|---|
| အာဝုသော ဝိသာခ | - ငါ့ရှင် ဝိသာခ၊ |
| ဥပါဒါနက္ခန္ဓာ | - ဥပါဒါန်ကပ်လျက်ရှိသော ခန္ဓာတို့သည် ပဉ္စ၊ ငါးပါးတို့ တည်း။ |
| ဣမေ ခေါ ပဉ္စ | - ဤငါးပါးတို့ကို၊ |
| သက္ကာယော | - သက္ကာယဟူ၍၊ |
| ဘဂဝတော | - ဘုန်းတော်ခြောက်စုံတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူ သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ |
| ဝုတ္တော | - ဟောတော်မူအပ်၏။ |

http://www.dhammadownload.com



"ငါ့ရှင် ဝိသာခ. . ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးသည် သက္ကာယပဲ၊ ဘုရား အမိန့်ရှိတယ်နော်"(မှန်ပါဘုရား)။ "ယောဂီတို့က ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးကို ဘာခေါ်မလဲ" (သက္ကာယပါဘုရား)။ "သက္ကာယခေါ်မယ်နော်"(မှန်ပါဘုရား)။ "သက္ကာယဆိုတာ ဘာကို ခေါ်တာလဲ" (ခန္ဓာငါးပါးပါဘုရား)။"ခန္ဓာငါးပါးကို နော်"(မှန်ပါဘုရား)။"သက္ကာယနှင့်ဒိဋ္ဌိ ခွဲပေးနေတာ၊ဒါက ခန္ဓာငါးပါးကို သက္ကာယဆိုတာ ခန္ဓာငါးပါး ခေါ်ပြီးတဲ့နောက် ဒိဋ္ဌိဆိုတာက (သံဝိဇ္ဇမာနော ကာယောသက္ကာယော တေဘူမိက ခန္ဓ ပဥ္စကဿသန္တာမာ မိစ္ဆာဝသေနဒိဋ္ဌိ) သက္ကာယဒိဋ္ဌိ-သက္ကာယနှင့် ဒိဋ္ဌိခွဲပေးနေတာပဲ" (မှန်လှပါဘုရား)။

"ခုနက ဂါထာက မိမိတို့ ခေါင်းစီးကဘာပြသလဲ" (သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်ပါဘုရား)။မိမိတို့ကကော နိဗ္ဗာန်ကို မြင်ချင်လို့ အပါယ်က လွတ်တယ်ဆိုတာ တစ်မဂ်ရတာဆိုတော့ တစ်မဂ်ကို လိုချင် လို့ ဆိုပါတော့ နော်" (မှန်လှပါဘုရား)။သာသနာအမွေစစ်သည်ဆိုရင်ကော သက္ကာယ အပေါ်မှာ ဒိဋ္ဌိပြုတ်မှဆိုတော့ သက္ကာယနှင့်ဒိဋ္ဌိကို ခွဲပေးနေတာ၊ ပြုတ်တယ်ဆို တာ တော်ရုံပြုတ်တာမဟုတ်ဘူးနော် " (မှန်ပါဘုရား)။"အဲဒါသက္ကာယနှင့်ဒိဋ္ဌိ ပြုတ်တဲ့နေရာမှာတော်ရော်ပြုတ်တာမဟုတ်ဘူးနော် ၊သက္ကာယနှင့် ဒိဋ္ဌိ တစ်လုံးစီခွဲပေးမယ်"(မှန်ပါဘုရား)။ "တစ်လုံးစီကွဲသွားလို့ရှိရင် သမ္မာဒိဋ္ဌိ စစ်စစ်မဖြစ်ဘူးလား" (ဖြစ်ပါတယ်ဘုရား)။ "စကားပြော တာကြည့်နော်၊ စစ် စစ်ရှိလျှင်"(မစစ်တာရှိပါတယ်ဘုရား)။ ဒါတွေ မကြားဖူးဘူး၊ ဘုရား ပရိနိဗ္ဗာန် ပြုပြီးမှ ဘာမှမကြားဖူးဘူး၊ ဒါတွေ. . . " (မှန်ပါဘုရား)။ စကားလောက်ပဲ သွားနေကြတာ၊ သက္ကာယနှင့် ဒိဋ္ဌိတစ်လုံးစီ ခွဲပေးမယ်နော်" (မှန်ပါဘုရား)။ မသိတာက သက္ကာယဒိဋ္ဌိ ကွဲသွားလို့ရှိရင် သမ္မာဒိဋ္ဌိ ဖြစ်မသွားဘူးလား" (မှန်ပါဘုရား)။"အစစ်မဖြစ်သွားဘူး လား"(ဖြစ်ပါတယ်ဘုရား)"။"တစ်ဆင့် တက်လာပြီနော်"(မှန်ပါဘုရား)။ မကွဲသေးဘူး၊ မကွဲသေးဘူး၊ ခွဲပေးလို့ ရှိရင် ပြောမယ်"(မှန်ပါဘုရား)။"သမ္မာဒိဋ္ဌိ ဖြစ်ပြီးတဲ့နောက် သမ္မာဒိဋ္ဌိနဲ့ပြီးပါ့မလား" (မပြီးပါဘုရား)။"အရိယာအဆင့် အနတ္တသမ္မာဒိဋ္ဌိကူးပေးမယ်"(မှန်ပါဘုရား)။ "မှတ်ထား မခွဲပေးသေးဘူး နော်" (မှန်ပါဘုရား)။ "ခုနကသက္ကာယဆိုတာ ဘာခေါ်သလဲ" (ခန္ဓာငါးပါးပါ ဘုရား) ခန္ဓာငါးပါးကို ဘာခေါ်သလဲ" (သက္ကာယပါဘုရား)။

http://www.dhammadownload.com



ဒိဋ္ဌိကို ပြောမယ်။

**"သန္တော သံဝိဇ္ဇမာနော ကာယော သက္ကာယော။
တေဘူမိက ခန္ဓပဉ္စကဿ သန္တာမာ မိစ္ဆာဝသေနဒိဋ္ဌိ သက္ကာယဒိဋ္ဌိ"**

| | | |
|---|---|---|
| သန္တော သံဝိဇ္ဇမာနော | - | အထင်အရှားရှိသော၊ |
| ကာယော | - | ရုပ်နာမ်နှစ်ခုတို့၏အပေါင်းသည်၊ |
| သက္ကာယော | - | သက္ကာယမည်၏။ |
| တေ | - | ထိုသက္ကာယဟူသော အမည်သည်၊ |
| တေဘူမိက ခန္ဓပဉ္စကဿ | - | ဘုံသုံးပါး၌ အထင်အရှားရှိသော ရုပ်နာမ် နှစ်ဖြာ ခန္ဓာငါးပါးတို့၏၊ |
| နာမံ | - | အမည်တည်း။ |

"အတူတူပဲ၊ ဘုံသုံးပါးမှာ တကယ်ရှိတဲ့ ခန္ဓာငါးပါး နာမ် ရုပ်နှစ်ပါးကို သက္ကာယခေါ်ကြောင်းဒါပဲရှိသေးတယ်နောက်ပြီးတော့-

| | | |
|---|---|---|
| သက္ကာယ | - | ရုပ်နာမ်နှစ်ဖြာခန္ဓာငါးဖြာ အထင်အရှား ရှိသော ကိုယ်ကြီး၌၊ |
| မိစ္ဆာဝသေန | - | ချွတ်ယွင်းဖောက်ပြန်သည်၏ အစွမ်းဖြင့်၊ |
| ဒိဋ္ဌိ | - | မှားသောအားဖြင့် ယူဆခြင်း၊ ထင်မှားခြင်း သည် သက္ကာယဒိဋ္ဌိမည်၏။ |

"ချုံးလိုက်၊သက္ကာယက အမှန်ရှိ ခန္ဓာငါးပါးနော်" (မှန်ပါဘုရား)။ "ခန္ဓာငါးပါး အပေါ်မှာ အမှန်မသိတာက" (ဒိဋ္ဌိပါဘုရား)။ "ဟော---နည်းနည်း စကွဲလာပြီ၊ ခန္ဓာငါးပါးနာမ်ရုပ်နှစ်ပါးအပေါ်မှာ အမှန်မသိတာက ဒိဋ္ဌိ၊ အမှန် သိရင် သမ္မာဒိဋ္ဌိနော်" (မှန်ပါဘုရား)။"အမှန်သိတဲ့နေရာ ပစ္စုပ္ပန် ဆတ်ဆတ် သိပုံတစ်မျိုး၊ အတိတ်ကုန်စင်အောင် သိပုံကတစ်မျိုး၊ အဲဒါစစ်စစ်ခေါ်တယ်၊ ပစ္စုပ္ပန် ဆတ်ဆတ် သိတာက တစ်ပိုင်းတစ်စခေါ်တယ်။ (မှန်ပါ့ဘုရား)။ "မိမိ တို့က တစ်မင်္ဂလိုချင်တယ် မဟုတ်လား" (မှန်ပါ့ဘုရား)။"သက္ကာယအပေါ်မှာ ဒိဋ္ဌိ ပြုတ်ချင်တယ် မဟုတ်လား" (မှန်ပါ့ဘုရား)။"အတိတ်နဲ့ပစ္စုပ္ပန်မှန်မှ အနာ ဂတ်အကျိုးတရား. . ." (မှန်ပါ့ဘုရား)။"ပစ္စုပ္ပန်ဆတ်ဆတ်မှန်ရုံနဲ့ အတိတ်

http://www.dhammadownload.com



မကုန်စင်ရင် မဂ်ဝေးတယ်နော်" (မှန်ပါ့ဘုရား)။ "ဝေးတတ်တယ်၊ ဘယ်လောက်ဝေးမယ်ထင်သလဲ" (အတိုင်းအဆမရှိပါဘုရား)။ "အတိုင်းအတာမရှိဘူး၊ ဒီကြားထဲအပါယ်ကျရင် ဘယ်လိုလုပ်မတုံး" (မှန်ပါ့ဘုရား)။ "ဒါကြောင့် မိမိတို့အတွက် အတိတ်နှင့် ပစ္စုပ္ပန်မှန်အောင် အလုပ်လုပ်ပုံကို ပညာရှိသတိထား၊ ပညာရှိဆိုလည်း လောကပညာရှိ သိပ်မလွယ်ဘူး" (မှန်ပါ့ဘုရား)။"အနာဂတ်ပညာရှိမှ၊ ယောဂီတို့ ပြောင်းနိုင်တယ်နော်" (မှန်ပါ့ဘုရား)။ " ပြောင်းနိုင်တယ်နော်၊ နောက်ကျင့်ကွက်ရောက်မှ ဒုက္ခဖြစ်နေဦးမယ်၊ နေနိုင်ရင် ပိုကောင်းတယ်ပေ့ါ၊ သို့သော် သိပ်လည်းအလိုမလိုက်နဲ့နော်" (မှန်ပါ့ဘုရား)။ "အခုပဲ သက္ကာယခေါ်တဲ့ ခန္ဓာငါးပါးပေါ်မှာ တဏှာတွေ အားလုံး ဒိဋ္ဌိ (အော်) အဲဒီလို အမှတ်မှားခဲ့လို့လေ" (မှန်ပါဘုရား)။"ငါညောင်းတယ်၊ ငါကိုက်တယ်၊ ငါပူတယ် မဟုတ်လား" (မှန်ပါ့ဘုရား)။"ငါပေါ်မှာ ဘာဖြစ်နေလဲ" (ဒိဋ္ဌိပါဘုရား)။". . . ဥပါဒါန်ဖြစ်လို့၊ အင်း အများကြီးပဲ ပြောရမှာဆိုရင်ဖြင့်၊ ကဲ. . . ဒါဖြင့်ရင် ခုနက သက္ကာယ ခန္ဓာငါးပါးနော်" (မှန်ပါ့ဘုရား)။"အဲဒီအပေါ်မှာ အမှန်မသိတာက" (ဒိဋ္ဌိပါဘုရား)။"ဒါပဲ၊ သက္ကာယကို ဖြုတ်ရမှာလား၊ (ဒိဋ္ဌိကို ဖြုတ်ရမှာပါဘုရား)။"မှတ်ထား ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးက အပါယ်မချဘူး၊ အပါယ်ချမှာက ဘယ်သူ" (ဒိဋ္ဌိပါဘုရား)"အဲဒါပဲ၊ လက်သည်ကို ကိုင်ရမှာပေ့ါနော်"(မှန်ပါဘုရား)။"အဲဒီ ဒိဋ္ဌိကလည်း ဘုန်းကြီးတို့ စကားလေးတွေ ထိုင်ပြောချင်တယ်၊ လောကီပညာဆိုတဲ့ အကောင်တွေ ထိုင်ပြောချင်တယ်၊ အခု ဒီမှာ ပြောလို့ တိတ်မရှိတော့ဘူး၊ တစ်နာရီထက် ဟိုဘက်သွားလို့ မရဘူး၊ ဘာဖြစ်လို့လဲ၊ တိတ်ကလည်း ဟိုမှာ ဆုံးသွားမယ်၊ နောက်ပြီးတော့ သက္ကာယပေါ်မှာ ဒိဋ္ဌိဖြုတ်ရမယ်၊ ကြာတဲ့အခါကျတော့ ညောင်းမလာ ဘူးလား"(မှန်ပါဘုရား)။"အဲဒီ သက္ကာယပေါ်မှာ ဒိဋ္ဌိထပ်ဖြစ်ဦး မယ်၊ကံထပ်ဖြစ်ဦးမယ်၊ သိပ်ကြာကြာမထားဘူး၊ ကြာကြာထားတာက လောကီတရား"(မှန်ပါဘုရား)။ "လောကီတရား၊ဒီမှာက အကျိုးတရား"(မှန်ပါ့ ဘုရား)။" 'တောက်' ဒါတွေကိုလည်း ကဲ. . . ထားပါတော့၊ အခုနက ဘာကိုဖြုတ်ရမတဲ့"(ဒိဋ္ဌိပါဘုရား)။"အေး. . . ဒိဋ္ဌိကို ဖြုတ်ရမယ် ဆိုရင်တော့ အော်. . . ဘုရား ဘုရား သိလည်း သိစေချင်လို့ ပြောပြန်တော့ ဘုန်းကြီးတို့က နာရီလေးနဲ့ကိုက်၊ အချိန်လေးနဲ့ ကိုက်သွားရတယ်၊ တစ်မျိုးဖြုတ်ပေးမယ်၊ ဒါဖြုတ်တာ မဟုတ်ဘူးနော်၊ ဒီဥစ္စာ ခွဲပေးနေတာ

http://www.dhammadownload.com



နော်"(မှန်ပါဘုရား)။"ဒိဋ္ဌိနှင့် သက္ကာယ၊ သက္ကာယနှင့် ဒိဋ္ဌိခွဲပေးနေတာ၊ အခု သိတယ်၊ နောက်ပြန်ပြန်ပြီးတော့ သိစေချင်လို့ပြောတော့ သိပ်ခေါက်တုန့် ခေါက်ပြန် မဖြစ်ဘူးနော်" (မှန်ပါ ဘုရား)။"ကဲ. . . ဒိဋ္ဌိခွဲပုံကလေး အားလုံး ရဟန်းလူရှင် သူတော်စင်တို့ အတိတ်က ဒါ နည်းနည်းလေး စိုက်နားထောင်၊ နားမလည်သည်ဖြစ်စေ၊ နားလည်သည်ဖြစ်စေနော်"(မှန်ပါဘုရား)။ "အဲဒါ သိရုံမျှသိတာ၊ အဲဒါဉာဏ်စိတ်ပဲ၊ ရှေ့မှာ ပညာသွားမယ်၊ သူက အတိတ်က ဒါန မလုပ်ခဲ့ဘူးလား" (လုပ်ခဲ့ပါဘုရား)။ "သက္ကာယပေါ်မှာ အမှန်သိပုံ ပြောပြမယ်နော်"(မှန်ပါဘုရား)။အတိတ်က ဒါနတစ်ခုပြုလုပ်ခဲ့လျှင် ပုညကိရိယာ ၁၀-ပါး မပြည့်သွားဘူးလား" (ပြည့်သွားပါဘုရား)။ "ဒါတွေ လျှောက်ရွတ်နေလို့ ရှည်မယ်၊ သရုပ်ခေါ်တယ်၊ အဲဒါက . . . (မှန်ပါဘုရား)။" ၁၀-ပါး၊ အဲဒီ၁၀-ပါးကို တူရာပေါင်းလိုက်ရင် ဒါန၊ သီလ၊ ဘာဝနာ ဘယ်နှစ်လုံးရ" (သုံးလုံးရပါဘုရား)။"ကဲ. . . ကုသိုလ် ၁၀-ပါးကို တူရာပေါင်းလိုက်လျှင် ဒါန၊ သီလ၊ ဘာဝနာ သုံးလုံးရတယ်၊ အတိတ်က လုပ်ခဲ့တဲ့ ကမ္မအကြောင်း ခေါ်တယ်၊ ပစ္စုပ္ပန်ဖလ ပို့ပြမယ်နော်" (မှန်ပါဘုရား)။"ဟိုက ဒီကို၊ ဟိုကဆိုတာ ဘာပြောတယ်" (အတိတ်ပါဘုရား) "ဒီမှာဆိုတာ ဘာပြောလဲ" (ပစ္စုပ္ပန်ပါဘုရား)။"အဲ. . . ပူးပြမယ်၊ အဲဒီလို မှန်မှအနာဂတ်မဂ်တစ်ခု ဖျက်ခနဲ ရနိုင်တယ်လို့ တစ်ထစ်ချ မှတ်ပါ၊ အတိတ် ဘာမှန်းမှမသိဘဲနဲ့ ဘယ်မဂ်လာလို့ ဖြစ်မှာတုံး" (မှန်ပါဘုရား)။"အခုနက ဒါန၊သီလ၊ဘာဝနာ အတိတ်ကလုပ်ခဲ့တဲ့ ဒါနအကြောင်းနော်"(မှန်ပါဘုရား)။ " ပစ္စုပ္ပန်ဖလ ပို့ပြမယ်၊ ဒါနအကြောင်းက အခုနက ပစ္စုပ္ပန်ပို့ပြတော့ ဘာဝတစ်ခု မရဘူးလား"(ရပါ ဘုရား)။"ဟိုက အကြောင်း သင်္ခါရကမ္မ၊ဒီကပစ္စုပ္ပန်ဘာဝတစ်ခုဖလ ကမ္မဖလ ဟုတ်ပြီလား" (မှန်ပါဘုရား)။ "အတိတ်အကြောင်း သင်္ခါရကမ္မ၊ အခုနက သုံးလုံးထဲက လေ၊ ပစ္စုပ္ပန်ပို့လိုက်တော့ မိမိတို့ခန္ဓာကြီး အခုရှေ့နားကျတော့သွားလိမ့်မယ်၊ ကျင့်ကွက်ကို ရှေ့နားကတော့ မိမိတို့ ယခု ခန္ဓာကြီးလောကစကား၊ မဲတယ်၊ဖြူတယ်၊ ရှည်တယ်၊ပုတယ်၊ ချောတယ်၊ လှတယ်၊ဝတယ်၊ ပိန် တယ်၊ မရှိဘူးလား"(ရှိပါတယ်ဘုရား)။"အဲဒါ အတိတ်ကအကြောင်းသင်္ခါရ သီလမှ မြင့်တင်၍ ရရှိတဲ့အကျိုးရုပ်ကြီး၊တရားကဘယ်မှာဲ" (ခန္ဓာမှာပါဘုရား)။ "ခန္ဓာ အဘိဓမ္မာကမ္မဖလတရား ပြောထားတယ်နော်" (မှန်ပါဘုရား) "အဲဒါ သီလ အတွက် အတိတ်မှာ ဘာရှိတုံး"(ဘာဝနာပါဘုရား)။"အတိတ်က ဘာဝနာ

http://www.dhammadownload.com



အကြောင်း သင်္ခါရကမ္မမှ မြင့်တင်တော့ ကိုယ့်ကိုယ်ကိုကြည့်ခေါင်း၊ ကိုယ်၊ခြေ၊ လက် ၃၂-ကောဋ္ဌာသ မရှိဘူးလား" (ရှိပါတယ်ဘုရား)။ "အဲဒါ အတိတ်က ဘာဝနာအကျိုးပဲ၊ ဟိုကဒီကို ဟိုကဒီကို အကြောင်းနှင့်အကျိုး မပို့ပြဘူးလား"(ပို့ပြပါတယ်ဘုရား)။"အေး. . . ပို့ပြီးတဲ့နောက် လုံးလိုက်တော့ ဒါဖြင့် ဒီခန္ဓာကြီးကိုဘယ်လိုကောက်မယ်၊မကောက်တဲ့ပုဂ္ဂိုလ်များကငါ့ခန္ဓာဆို တော့ လွတ်ပါ့မလား" (မလွတ်ပါဘုရား)။"ငါ့ခန္ဓာဆိုတော့ တွယ်ရာမရောက် ဘူးလား"(ရောက်ပါတယ်ဘုရား)။"အစွန်းလွတ်ပါ့မလား"(မလွတ်ပါဘုရား)။ "အေး. . . လွတ်အောင် ကောက်ယူပြမယ်၊အခုနကအတိတ်ကုသိုလ်၁၀-ပါး အကြောင်း တစ်ခုစီ ပို့ပြီးပြီနော်"(မှန်ပါဘုရား) ။"အကြောင်းသင်္ခါရမှ ဖလ ကုသိုလ်၁၀-ပါး စုစည်းထားသောအကျိုးတရားကြီးမဟုတ်ဘူးလား" (ဟုတ်ပါ ဘုရား)။"အတိတ်က ကုသိုလ် အကြောင်းသင်္ခါရကမှ ပစ္စုပ္ပန်ဖလ အကျိုး စုစည်းထားတာကြီး မဟုတ်ဘူးလား"(ဟုတ်ပါဘုရား)။"ဘာတွေစုစည်း ထားလဲ"(ကုသိုလ်တွေပါဘုရား)။"အဲဒါ ငါလို့ ကောက်ရဦးမလား" (မကောက် ပါဘုရား)။"ပယ်စရာကော လိုသေးလား"(မလိုပါဘုရား)။"အဲဒါ သတိပဋ္ဌာန် အလယ်လမ်းပဲ"(မှန်ပါဘုရား)။"အဲဒီလို ဘုရားပရိနိဗ္ဗာန်ပြုပြီးမှ ဘာမှ မသိနိုင်ဘူး"(မှန်ပါဘုရား) ။"အဲဒါ သရုပ်ပဲသိမှာပဲ၊ သရုပ်လည်းဟုတ်တယ်၊ စာလည်းဟုတ်တယ်နော်" (မှန်ပါဘုရား) ။ "မိမိတို့ကမဂ်ကို သွားတဲ့အခါ ကျတော့ သရုပ်နဲ့သွားလို့ မရဘူး"(မှန်ပါဘုရား) ။ "ဘာနဲ့သွားမလဲ"(အဟုတ်နဲ့ သွားပါ့မယ်ဘုရား)။"ကဲ. . . ဒါဖြင့် ခန္ဓာကို ကောက်တတ်ပြီနော်" (မှန်ပါ့ ဘုရား) ။ "အဲလိုသိသွားတော့ အတွင်းကျအောင် သိတဲ့အခါကျတော့ သမ္မာ ဒိဋ္ဌိဆို" (မှန်ပါဘုရား) ။ "သမ္မာဒိဋ္ဌိဆို" (မှန်ပါဘုရား)။ "သမ္မာဒိဋ္ဌိ အဆင့်လေး၊ မှတ်ထားလိုက်၊ အစောကမသိတဲ့ ဉစ္စာက သက္ကာယဒိဋ္ဌိ နော်" (မှန်ပါဘုရား)။ "အခု အတိတ်နဲ့ ပစ္စုပ္ပန်မှန်အောင် အရင်းကျအောင် သိပုံလေးလည်း မှတ်ထားဦး" (မှန်ပါဘုရား)။ "ပစ္စုပ္ပန် အသိမဟုတ်ဘူးလို့ တို့သိတဲ့ ဉစ္စာက အရင်းကျအောင် သိခြင်းကြောင့် အဲဒါကုန်အောင် ဆုံးအောင်သိတယ်၊ အဲဒါ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိက ပစ္စုပ္ပန်သက်သက်သိတဲ့ သမ္မာဒိဋ္ဌိက မကုန်စင်သော ကြောင့် မဂ်တာဖြစ်တတ်တယ်" (ဧတတ် ပါတယ်တုရား)။ "အဲ--- အခု အတိတ်နဲ့ ပစ္စုပ္ပန် မှန်ခြင်းကြောင့် မဂ်ဟာ အနာဂတ်" (မှန်လှပါ ဘုရား)။ "အော်---သိပ်ပြောချင်တာပဲ၊ စကားလေးတွေက အဲဒီလိုပဲ သိထားကြပါ

http://www.dhammadownload.com



'အပါယ ဂါမိက ကမ္မာနိနာမ သက္ကာယဒိဋ္ဌိယာ သတိယေဝ ဝိပ္ပဇ္ဇန္တိနော အသတိယာ' "

| | | |
|---|---|---|
| အပါယဂါမိကကမ္မာနိ နာမ | = | အပါယ်ပစ်ချနိုင်တဲ့ အကုသိုလ်ကံ တို့သည် |
| သက္ကာယဒိဋ္ဌိယာ | = | သက္ကာယဒိဋ္ဌိသည် |
| သတိယေဝ | = | ရှိတော့သာလျှင်(ဝါ) ရှိ မှသာလျှင် |
| ဝိပ္ပဇ္ဇန္တိ | = | အပါယ်ကျအဖြစ်ဖြင့် အကျိုးပေးကုန်၏ |
| အသတိယာ | = | သက္ကာယအပေါ်မှာ ဒိဋ္ဌိမရှိခဲ့သည်ရှိသော် |
| နောဝိပ္ပဇ္ဇန္တိ | = | အပါယ်ကျအဖြစ်ဖြင့် ဘယ်သောအခါမှ အကျိုးမပေးနိုင်တော့သည် သာလျှင် တည်း။ (သာဓု၊ သာဓု၊ သာဓုပါ ဘုရား)။ |

"အဲဒီလို သက္ကာယဒိဋ္ဌိကွဲသွားတော့ သမ္မာဒိဋ္ဌိနော်" (မှန်ပါဘုရား)"အနတ္တ သမ္မာဒိဋ္ဌိ ကူးမပေးရဘူးလား" (ကူးပေးရပါဘုရား)။"အဆင့်လေးတွေ တက်လာတာ ယောဂီတို့ မမှတ်မိဘူးလား"(မှတ်မိပါဘုရား)။"တရားကို မမှတ်မိစေကာမူ ဆုံးတော့ လုံးပြီးတော့ သိတာက သက္ကာယဒိဋ္ဌိ၊အခု ခွဲပြီးတော့ သိသွားတာက ဘုန်းကြီးပြောခဲ့တဲ့ အတိုင်းနော်"(မှန်ပါ့ဘုရား)။"သမ္မာဒိဋ္ဌိ အဆင့်တက်လာတယ်၊အဲဒီသမ္မာဒိဋ္ဌိမှ ရှေ့အရိယာစခန်း အနတ္တ။"သမ္မာဒိဋ္ဌိကို ပို့ရမယ်။ (မှန်ပါ့ဘုရား)။ "အဲဒီ မဂ်၊ အနတ္တသမ္မာဒိဋ္ဌိဆိုတာ မဂ်ကိုပြောတာ နော်" (မှန်ပါ့ဘုရား)။"အဲဒီလိုမဂ်ကို ပြောတဲ့အခါ ပါးစပ်နဲ့ ပြောလို့ဖြစ်ပါ့ မလား"(မဖြစ်ပါဘုရား)။ "ကျင့်ကြက်နဲ့သွားမှဖြစ်မှာ မဟုတ်ဘူးလား" (ဟုတ်ပါ့ဘုရား)။" ကဲ. . . ဒီလိုဆိုရင်ဖြင့် အနတ္တသမ္မာဒိဋ္ဌိ၏ အပါယ်လေးပါး လုံးဝ လွတ်လိုသောဆန္ဒရှိသူတိုင်း နေရာပြောင်းကြ၊ နေရာပြောင်းကြ၊ ၁၅-မိနစ်ခန့် ကျုံ့ကျုံ့ လေးလေးစားစား၊ လူတွေကြပ်တယ်၊ ကိုယ့်ကိုယ်ကို ထိုင်နေပြီးတာပဲ၊ မများဘူး၊ ဒိဋ္ဌိခန္ဓာကြီး သိပ်မငဲ့နဲ့၊ သိပ်မငဲ့နဲ့၊ မများဘူး၊ မများဘူး၊ သူကလည်း ငြိမ်အောင်ထိုင်နေတယ်၊ ငါကလည်းငြိမ်အောင်ထိုင်နေ တယ်ဆိုရင် ဘယ်လိုပင် ကြပ်ပေမယ့် လူတွေက ခေါင်းချည်းပဲ တွေ့နေရတယ်၊ ကဲ. . . အားလုံးပဲ အဲသလို နေရာလေးတွေ ပြောင်းပြီးတော့ မများပါဘူး၊

http://www.dhammadownload.com



တိတ်ကြ၊ တိတ်ကြ၊ ခန္ဓာကိုယ် မယိမ်း မယိုင် ကျောက်စာတိုင်ထားပါ၊ မျက်စိလေးတွေ မှိတ်ကြပါ၊ပါးစပ်လေးတွေက တိတ်ဆိတ်စွာနေပါ၊ လက်ခြေလေးတွေကလည်း ကျင့်ကွက်အတွင်းမှာ ငြိမ်သက်စွာထားကြပါ၊ သတိပဋ္ဌာန်အလယ်လမ်း သောတာပန်တည်ခန်းသည် အကြောင်းပြင်၊ အကြောင်းချတဲ့နေရာမှာ အရှည်အတို အများကြီး ရှိပါသော်လည်းဘဲ ဒီမှာက တိတ်တစ်ခုနဲ့အချိန်နဲ့ တွဲသွားရတာမို့ အကျဉ်းနဲ့ပြောင်းမယ်၊သင်တို့ကို အဲဒီ အကျဉ်းနဲ့ပြောင်းတဲ့အခါမှာလည်း အတူတူပါပဲ၊သီလ၊သဒ္ဓါ၊ ပညာ၊ သီလနဲ့ သဒ္ဓါ သင်တို့ကို ရွေ့မယ်၊ကဲ. . . အဲဒါလေးကို ကြပ်ကြပ်နားထောင်၊ မသိသည်ဖြစ်စေ၊ သိသည်ဖြစ်စေ၊ သီလနှင့်သဒ္ဓါကို ရွေ့မယ်တဲ့၊ ပညာက အကျိုးတရား၊သီလ သဒ္ဓါ ပညာလမ်း၊ သီလ သမာဓိပညာလမ်း၊ ဘုန်းကြီးတို့ လုပ်ခဲ့တယ်၊ ရိပ်သာလုပ်ခဲ့တယ်၊အဲဒါ အကြောင်းတွေ၊ အခု မဟုတ်ပါဘူး၊ သီလသဒ္ဓါ ပညာလမ်း၊ သီလ သဒ္ဓါကို ရွေ့မယ်၊ ပညာကအကျိုးတရားပြောင်းမယ်၊ ဘယ်လိုပြောင်းမလဲ၊သီလ သဒ္ဓါကို ဆိုတော့ အားလုံး ရဟန်းလူရှင် သူတော်စင်တို့ အခုနကဆောက်တည်ခဲ့တဲ့ ငါးပါးသီလ၊ရှစ်ပါးသီလ၊ ကိုးပါး၊ ဆယ်ပါး၊ ရဟန်းသီလအကုန် ရှောင်သီလချည်းပဲ၊ အခု အကျင့်သီလကို တင်ထားတယ်၊ဘယ်လိုတင်သလဲ၊ အဓိဂမသီလ၊အတိတ်က ဆောင်ပြီးခုနကပြောခဲ့ပြီးပြီ၊ အတိတ်ကဆောင်ပြီး ယူတဲ့သီလ၊ အဓိဂမသီလ၊ဘယ်လို ဆောင်ယူသလဲဆိုတော့ခုနကပြောခဲ့တဲ့ အတိတ်ကအကြောင်း သဒ္ဓါရသီလမှ မြင့်တင်၍ ရရှိတဲ့ပုံဟန်သဏ္ဌာန် ကြီးတဲ့၊မယိမ်းမယိုင်၊ ဒါဘုန်းကြီး အကျဉ်းထပ်ပြောတာ၊အကျယ်ချဲ့စရာ မလိုတော့ဘူး၊ သီလကို ကောက်ပုံလည်း သတိထားပါ၊ အဲဒါအဓိဂမသီလ ကောက်၊ကျင့်သီလကောက်၊ သစ္စာသီလကောက်၊ သစ္စာကိုသုတ်သုတ်ရောက်တဲ့ သစ္စာသီလကောက်၊ အဲဒီအဓိဂမသီလသည် သင်ရဟန်းလူရှင် သူတော်စင်တို့အား ဘာအကျိုးပြုမလဲဆိုရင် ရဟန်းရှင်လူသူတော်စင်တို့ ရင်တွင်းမှာ နောင်ကို အပါယ်ကျစေနိုင်သော အကုသိုလ်ကံဟောင်း အနန္တကို အဓိဂမသီလက အကြောင်းဖြတ်တယ်၊ ဒုက္ခသစ္စာတစ်ခုရတယ်၊ ခဏထား၊ အဲဒါသီလအတွက် ပေးပြီးတော့ သဒ္ဓါအတွက် စမ်းကလေး

http://www.dhammadownload.com



ဆရာတော်အား ကံဆင့်တဲ့ပုဂ္ဂိုလ်အစ တရားနာလာကြတဲ့ ပရိတ်သတ်တွေ အဆုံး ယုံကြည်တဲ့ သဒ္ဓါနဲ့လာတာ၊ အလုပ်လုပ်ကြတယ်၊ အဲဒီသဒ္ဓါမှ အတွင်း သဒ္ဓါကို ပြောင်းမယ်၊ ပြောင်းရင် ဘယ်လိုတုံး၊ ရဟန်းလူရှင် သူတော်စင်တို့ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ကိုယ်၊ စိတ် ကျင့်ကွက်တွင်းမှာ အကျဉ်းအားဖြင့် လုံခြုံနေခြင်းသည် အဓိဂမသဒ္ဓါကောက်၊ ကျင့်သဒ္ဓါ ကောက်၊ အဲဒီ အဓိဂမ သဒ္ဓါသည် သင်ရဟန်းလူရှင် သူတော်စင်တို့အား ဘာအကျိုးပြုမလဲဆိုရင် ရဟန်းလူရှင် သူတော်စင်တို့ ရင်တွင်းမှာအလယ် သံသရာကို လည်စေနိုင်တဲ့ ကုသိုလ်ကို အကြောင်းဖြတ်တယ်၊ သမုဒယသစ္စာတစ်ခု ရတယ်၊ ရင်တွင်းမှာ ပါရှိခဲ့သော ပုထုဇဉ်တိုင်း အကုသိုလ်ကံဟောင်း၊ ကံသစ်၊ ကုသိုလ်ကံသစ်တွေ ကို ဒီမှာ ဖြတ်ခဲ့တယ်၊ နောင်ကို အလျဉ်းသင့်လျှင် ပြောပေးဦးမယ်၊မဂ်တစ်ခု လိုချင်ရင် ဒီပရုတ်သုက္ခထဲမှာ မဂ် မတည်းခိုဘူး၊ ဒါကြောင့်မို့ရှင်းခဲ့တယ်၊ ဘယ်လိုရှင်းခဲ့ သလဲ၊ ဘယ်လို သီလနဲ့ ရှင်းခဲ့သလဲ၊ ဘယ်လိုရှင်းခဲ့ပြီး သစ္စာ တွေ ဘယ်လိုတုံးခု ခဲ့သလဲ၊သိဖို့ အင်မတန်လိုပါတယ်၊ ဒါလေးတွေ အထူးသိဖို့ လိုပါတယ်၊ အကျယ်ရှေ့ကို ရောက်လို့ရှိရင် ဘုန်းကြီးပြောပေးမယ်၊ အကြောင်း ခံခဲ့တာ အဓိဂမသီလကနေပြီးတော့ ကံဟောင်းကိုဖြတ်၊ အဓိဂမသဒ္ဓါက အလယ် သံသရာလည်စေနိုင်တဲ့ ကံသစ်ကိုဖြတ်၊ အကြောင်းဖြတ်ခေါ်တယ်၊ တစ်နည်းအားဖြင့် အဲဒီဥစ္စာ သဒ္ဓါပြတ်ခေါ်တယ်၊ ရှေ့မှာပညာပြတ်ရှိတယ်၊ဒါ ဥပါဒါန်နှင့် ရှေ့မှာ ကံဖြတ်ရှိတယ်၊ အဲဒါ ယူစရာအများကြီး၊ ယူစရာတွေ ရှိတယ်၊ ဒါက ပညာရှိများသိချင်ရင် နောက် ဘုန်းကြီးများကိုမေးပါ၊ နောက်လက္ခဏာသုံးပါးနှင့် ပတ်သက်၍လည်း မေးပါ၊ အဲဒီတော့ ဘယ်လို ဘုန်းကြီး ဒီမှာရပ်နေတာက နည်းနည်းလည်း စဉ်းစားရတယ်၊ ပြောချင်တယ်၊ ကြပ်ကြပ်သိချင်ရင် မေးပါ၊ ကျေးဇူးတင်တယ်၊လက္ခဏာကြီးတွေ ဘယ်မှာပါပါ မိမိတို့သိတဲ့ လက္ခဏာက သဘာဝအနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ၊ ကမ္မအနိစ္စ၊ ဒုက္ခ၊ အနတ္တမသိလို့ မင်းဝေးနေတာ၊ သိလို့သုတ်သုတ်ရတယ်၊ မှတ်သား ထားပါ၊ အဲဒီ တော့ ဒီမှာ ပြောမနေတော့ ဂုဏ်ဖြစ်တတ်တယ်၊ ကဲ. . . ဒါဖြင့် အဓိဂမသီလ၊ အဓိဂမသဒ္ဓါအကြောင်းခံတယ်၊ တစ်နည်း အဓိဂမသီလ၊ အဓိဂမ သဒ္ဓါက ကံတွေကိုဖြတ်ပြီးတော့ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ

http://www.dhammadownload.com



အကြောင်း ခံထားတယ်၊ တစ်နည်း တုံးခုထားတယ်၊ နိရောဓမဂ္ဂက ဖြတ်ခန် လာတတ်တယ်၊ ယခု ပလ္လင်ပေါ် ရောက်ကတည်းကနေပြီးတော့ ကမ္မဖလခန္ဓ အဘိဓမ္မာတရားကို မိမိတို့က အဘိဓမ္မာသစ္စာဉာဏ်နဲ့ အများသိက ကောဓမ္မော ကော-ဟောဒီတရားပေါ်ကို၊ ဓမ္မော- အာရုံလေးတစ်ခုသာ စိုက်ထားပါ၊ အများသိလို့ ပြောခဲ့ပါတယ်၊ အဲဒါမှတ်စိတ်ပါ၊ အော်. . . လောကတံထွာ ဓမ္မတာအားဖြင့် မှတ်စိတ်ပေးမယ်ဆိုရင် သဿတ-ဥစ္ဆေဒ လွတ်အောင် သင်တို့ မှတ်နိုင်လိမ့်မည် မဟုတ်ပါ၊ မင်္ဂစွန်းဖိုလ်စွန်း လွတ်အောင် မှတ်နိုင်လိမ့်မည် မဟုတ်ပါ၊ ဤစကားက အားကြီးအဖိုးတန်တယ်၊ ဒါကြောင့်မို့ ဘုန်းကြီးတို့စကားလေးကိုကွယ်ပြီးတော့ဟောဒီတရားလေးကိုသာ နားထောင် ထား၊ အဲဒါ မင်္ဂစွန်းဖိုလ်စွန်း လည်းလွတ်တယ်၊ သဿတ၊ ဥစ္ဆေဒလွတ်တယ်၊ ဒါကြောင့်မို့ အကုန်လုံးပြည့်စုံခြင်းကြောင့် မင်္ဂအလွယ်လေး ကျနိုင်တယ် ဆိုတာ သိစေချင်ပါတယ်၊ကဲ. . . ပြောမယ်၊ ဘုန်းကြီး ဟောကြားသော ကမ္မာဖလ ခန္ဓအဘိဓမ္မတရားလေးကို ဓမ္မအာရုံလေးသာ စိုက်ထား ပါတဲ့"

**ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာ ပိ ယေ ဣမ။**
**ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။**

ယောဂိနော- အကြင်ရဟန်း လူရှင် သူတော်စင်တို့သည်၊ သုဒ္ဓိကာမာပိ- မင်္ဂဝင် နိဗ္ဗာန်မြင်၊ ဖိုလ်ဝင် နိဗ္ဗာန်မြင်တာတွေကို အလွန်လိုချင် နှစ်သက်စုံမက် ကုန်၍သာလျှင်၊ ဝါယမန္တာပိ- အသားအရေ ခန်းခြောက်၍ သွားပါစေဟု အင်္ဂါတစ်ခု အရေမျှကျန်လျှင် တော်ပြီဆိုတဲ့၊ အင်္ဂါတစ်ခု အကြောကျန်ရင် တော်ပြီဆိုတဲ့ အင်္ဂါတစ်ခု ဤ ဝီရိယအင်္ဂါလေးပါးနှင့်အညီ ဘယ်လို အားထုတ် ကြပါကုန်သော်လည်း၊ ယထာဘူတ အဇာနန္တာ- နည်းမှန်လမ်းမှန်တွေ ယခုလို မသိသည့်အတွက်ကြောင့် (ဝါ) မသိကြသလားဆိုလျှင်၊ ဝိသုဒ္ဓိ- မိမိတို့လိုချင် တဲ့ မင်္ဂတရား၊ ဖိုလ်တရား၊နိဗ္ဗာန်တရားတွေကို၊ နာဓိဂစ္ဆန္တိ- ဘယ်နည်းနှင့်မှ ရလိမ့်မည် မဟုတ်ပေ၊ စဉ်းစားဖို့ကောင်းတယ်၊ လောကီပညာရှိတွေ ပြောဖို့ မလို၊ အဲဒီတော့ အမှန်နည်းမှန်လမ်းမှန်တွေ သိဖို့လည်းမလွယ်ပါ၊သိပြန်တော့လည်း အရိုးကြေကြေ အရေခန်းခန်း လုပ်ဖို့လည်းမလွယ်သောကြောင့် သာသနာနောက် ဘုရားလက်ထက်

http://www.dhammadownload.com



နောက်ပိုင်း သောတာပန်၊ သကဒါဂါမိ၊ အနာဂါမ် စသည်ရှားနေကြသည်၊ ဒါကြောင့် 'ယေသံ ယောဂီနံ ရဟန်းလူရှင်သူတော် စင်တို့အား သုဒ္ဓိမဂ္ဂ၊ မဂ်ဝင် နိဗ္ဗာန်မြင်၊ ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်တဲ့ လမ်းစဉ် လမ်းကောင်းတရားစစ် တရားအမှန်တွေကို။ ဒေသေဿာမိ၊ ကရုဏာသန်သန်ထား မေတ္တာများများဖြင့် ဟောကြားဆုံးမ ပေးရာသတည်း"(သာဓု သာဓု သာဓုပါ ဘုရား)။

"ဘုန်းကြီးတို့ သာဓကကလေး တစ်ခု ဝတ္ထုတိုတိုလေးထိုးပြမယ်၊အဲဒီ ထိုးပြတဲ့နေရာမှာ တရားဟောရတာက သိပ်ကျဉ်းမြောင်းတာပဲ၊အလုပ်လုပ်တဲ့ နေရာက အဲဒီတော့ ဝတ္ထုလေး ထိုးပြတဲ့နေရာမှာ ဟိုတစ်ချိန်က သိပ်ရှည်နေလို့ မရဘူး၊ ဘီလုံးငှက် သားအမိနှစ်ကောင်ရှိတယ်၊ အမေနှင့်သားကလေးနဲ့ ဘီလုံးငှက်ဆိုတာ အင်မတန်မှ သေးတယ်၊သားအမိ နှစ်ကောင်ရှိတယ်တဲ့၊ အကောင်ကသေးတော့ သူက ရန်သူအင်မတန်များတယ်၊အကောင်က ငယ်တော့ အဲဒီတော့ ကျွဲခြေရာခွက်၊နွားခြေရာခွက် ပတ်ကြားအက်ထဲမှာ သူတို့ နေတယ်၊ရန်သူတွေကြောင့် ရှောင်သောအားဖြင့် အဲဒီမှာနေတော့ တစ်နေ့တော့ မိခင်က သားလေးကို ဆုံးမတယ်၊ ကဲ. . . ကဲ ကလေး၊ ငါ့သား အမေ အစာရှာသွားဦးမယ်၊ငါ့ သားလေးအတွက် အစာရှာသွားဦးမယ်၊ ကလေးအတွက် အစာရှာသွားဦး မယ်၊အမေမှာတဲ့အတိုင်း နားထောင်နော်သားရဲ့၊ ဟောဒီကျွဲခြေရာခွက်ထဲမှာ၊ ဟောဒီ ပတ်ကြားအက်ထဲမှာနေနော်၊ အမေပြောသကွယ့် သားရဲ့၊ငါ့သား လေးရဲ့ ဟောဒီ အာကာသကောင်းကင်ကြီးဟာ အင်မတန်ပျော်စရာကောင်းတယ်ကလေး၊ အဲဒါ ရန်သူ့နယ်မြေနော်၊ ငါ့သားနားထောင်၊ အမေမှာတဲ့စကားနားထောင်၊ ဟောဒီမှာ ကျစ်ကျစ်လစ်လစ်ကလေးနေနော်၊အေး. . . ဟောဒီ အမေတို့ ပြောတာ ခြေရာခွက်ထဲမှာပဲ၊ အမေပြန်လာရင်တော့ ငါ့သားလေး အစာဝဝ စားရလိမ့်လို့ မှာသွားတယ်၊ အဲဒီတော့ မှာပြီးတော့ အစာရှာသွားတဲ့၊ သားငယ်လေးက နောက်က၊ အော်. . . အမေတော့ မှာသွားတယ်၊ငါ့သား အမေပြန်လာရင် ငါ့သာလေး အစာစားရမယ်၊ ဟောဒီ အမေတို့ပျော်တာ ဟောဒီနေရာမှာ နေလို့ပြောတယ်၊ဟောဒီ ပတ်ကြားအက်ထဲမှာ အမေတို့ နေရာလို့ ပြောတယ်၊ ကျစ်ကျစ်လစ်လစ် နေလို့လည်း ပြောတယ်၊ အာကာသကောင်းကင်ပြင် ကျယ်ကြီးဟာ ပျော်စရာကောင်းတယ်လို့လည်းပြောတယ်၊ ရန်သူ့နယ်လို့လည်း ပြောတယ်၊ရန်သူ့နယ်လို့လည်း ပြောတယ်၊ ဥပမာလေး မှတ်ထား"

http://www.dhammadownload.com



ဟောဒီ မြေပြန့်လေးကို မတက်နဲ့လို့လည်း ပြောတယ်၊ဒီမြေပြန့်လေးကို တက်လို့ရှိရင် ဘာများဖြစ်တတ်ပါလိမ့်၊ ငါ တက်ကြည့်စမ်းမယ်၊ အမေ့စကား နားမထောင်တဲ့ သဘောဖြင့်အဲဒီကို တက်လိုက်တဲ့ အခါမှာ ဟိုး. . ကောင်းကင်က သိန်းငှက်ကြီးက အစာကိုတွေ့တော့ ထိုးသုတ်လိုက်ပါသတဲ့၊ အဲဒီလို သုတ်လိုက်တဲ့အခါမှာ ဘီလုံးငှက်ကလေးသည် သိန်းငှက်ကြီး၏ ခြေထောက်ထဲ ပါသွားပြီးတော့ အဲဒီလို ပါသွားပြီးတော့မှ အမေက ဒါကြောင့် မို့ ဒီကောင်းကင်ပြင်ကျယ်ကြီးက ပျော်စရာကောင်းတယ်လို့လည်းပြောတယ်၊ ရန်သူ့နယ်မြေလို့လည်း ပြောတယ်၊ မြေပြန့်လေးကို မတက်လိုက်နဲ့လို့လည်း ပြောတယ်၊ ငါ အမေ့စကား နားမထောင်လို့ ဖြစ်ရလေခြင်း၊ အမေ့စကား နားထောင်ရင် ဒီလိုဖြစ်လိမ့်မယ် မဟုတ်ဘူးလို့ ညည်းတွားတဲ့အခါ ငှက်ကြီး က ကြားသွားတယ်၊ အံမယ် နင်တို့အမေဥပမာလေး မှတ်ထား၊ နင်အမေ စကား နားထောင်လို့ နင်တို့နေရာမှာ နေတော့ကော ဘာတတ် နိုင်မလဲ၊ ကဲ. . . ငါပြန်ပို့မယ်၊ငါပြန်ပို့မယ်၊ ငါကအားကြီးတယ်၊ ထိုးသုတ်ရမှာပဲ ဆိုပြီး ပြန်ပို့ပါတယ်၊ အဲဒီလို ပြန်ပို့တဲ့အချိန်လေးမှာ ငှက်ကလေးက အမေမှာတဲ့ အတိုင်း ကျစ်ကျစ်လစ်လစ်ကလေး နေလိုက်တဲ့အခါ ငှက်ကြီးကဒေါသ၊ မာနနဲ့ ကောင်းကင်ကနေပြီး တရှိန်တည်းထိုးသုတ်လိုက်သောအခါ- ဒုတိယ အဲသလို ထိုးသုတ်လိုက်တော့ ငှက်ကလေးထံ မရောက်ပါဘဲ မြေစိုင်ခဲနှင့် ရင်ဘတ်နဲ့ဆောင့်၊အဲဒီမှာ သေသွားပါတယ်၊ ဥပမာကလေး မှတ်ထား၊အဲသလို သေသွားတဲ့အခါ ငှက်ကလေးက ဥဒါန်းကျူးတယ်"

**"ယောဟံ နယေန သမ္ပန္နော၊ ပေတ္တိကေ ဂေါစရေ ရတော။**
**အပေတ သတ္တုမောဒမ္ဟိ၊ သမ္ပဿံ အတ္တမတ္တနော"။**

| | | |
|---|---|---|
| ယော အဟံ | = | အကျွန်ုပ်သည်၊ |
| အတ္တနော | = | မိမိ၏၊ |
| အတ္ထံ | = | ရန်ကိုအောင်ကြောင်း အကျိုးကောင်းကို၊ |
| သမ္ပဿံ သမ္ပဿန္တော | = | အချက်ပိုင်ပိုင် တွေ့မြင်နိုင်သည်ဖြစ်၍၊ |
| ပေတ္တိကေ | = | မိရိုးဖလာဖြစ်သော၊ |
| ဂေါစရေ | = | ထွန်တုံး ထွန်ခဲ အကျိုအကြားထဲ၌၊ |

http://www.dhammadownload.com



ရတော = မွေလျော် ပျော်ပါး အခုအခံကွယ်နေပေ၏၊

သောအဟံ = ထိုအကျွန်ုပ်သည်၊

နယေန = ဥပါယ်တံမျည် ကြံလည်ကြံ့တောင်း နည်းလမ်းကောင်းနှင့်၊

သမ္ပန္နော = ပြည့်စုံသည်ဖြစ်၍၊

အပေတ သတ္တု = ရန်ကိုမောင်းနှင် အောင်ပွဲဆင်လျက်၊

မောဒမ္ဟိ = အန္တရာယ်မထိ ရန်မငြိဘဲ စိတ်ရှိတိုင်းရောက် ကြံတိုင်းပေါက်၍ ဝမ်းမြောက်နှစ်သိမ့် ကြရပေသတည်း။ (သာဓု၊ သာဓု၊ သာဓု ဘုရား။)

"အဲဒါ ဥပမာလေး၊ ရှိကုန်းမခိုးနဲ့မလှုပ်နဲ့လို့ ပြောထားတာကိုး၊အော်. . . လူတွေ၊လူတွေ၊ရှိကုန်းမခိုးနဲ့၊ ခန္ဓာကို တည်ထားတယ်၊အော်. . . ဘုရား၊ ဘုရား၊ ခုနက ဥပမာလေးကို ခန္ဓာကို မယိမ်းမယိုင်၊ တစ်ခါတလေနာဖူးတော့ ဖြစ်တတ်တယ်လို့၊ သို့သော် မှားတော့ မမှားပါဘူး၊ မမှန်တာတစ်ခုပါပဲ၊ အခုန ဥပမာလေးကို ဥပမေယျ ပြမယ်ဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘီလုံးငှက်နဲ့ တူတယ်၊ သားငယ်နှင့် ရဟန်းလူရှင်သူတော်စင်တို့နှင့် တူတယ်၊ တစ်နည်း လူနတ်ပြဟ္မာ သတ္တဝါတို့နှင့် တူတယ်၊ခြေရာခွက်နှင့် သတိပဋ္ဌာန်နှင့် တူတယ်၊မြေပြန့်နှင့် အာရုံငါးပါးနှင့်တူတယ်၊ သိန်းငှက်နှင့် အပါယ်လေးပါးနှင့် တူတယ်၊ ရဟန်းလူရှင် သူတော်စင်တို့ နှစ်ခုပေါင်း ပြောလိုက်မယ်၊ပုထုဇဉ်တည်းဟူသော သားငယ်ကို ကလေးဒီမှာနေနော် ပြောခဲ့သလိုပဲ အဲဒီလိုမှာ ထားခဲ့ပါသော်လည်းပဲ အန္ဓပုထုဇဉ်တည်းဟူသော ဘီလုံးငှက်တို့သည် အမိစကား နားမထောင်ခဲ့တဲ့သဘော၊ မြေပြန့်ကို တက်လိုက်ပလားဆိုလျှင် ခုနက သိန်းငှက်ကြီးထိုးသုတ်သလို အာရုံငါးပါးကာမတရား လိုက်စားခြင်းကြောင့် အပါယ်လေးပါးတည်းဟူသော အခုန သိန်းငှက်ကြီး ခြေရာထဲမှာပဲ သံသရာတစ်လျှောက်လုံးထဲမှ နေခဲ့တော့၊ ဒုတိယငှက်ကြီး ပြန်ပို့တော့ ကျစ်ကျစ်လစ်လစ် နေလိုက်သလို ဒုတိယ ရဟန်းလူရှင် သူတော်စင်တို့က ကျင့်ကွက်ထဲမှာ ခြေရာခွက်လည်း မှန်သွားပြီ၊ မြေပြန့်ပေါ်လည်း မတက်တော့ဘူး၊ ဒါကြောင့် သိန်းငှက်ကြီး ရင်ကွဲသလို အပါယ်လေးပါး လွတ်တာနဲ့ တူတယ်"

http://www.dhammadownload.com



ကရုဏာ သန်သန်ထား၊ မေတ္တာများများဖြင့် ဟောကြားသည်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ကြပါစေကုန်သတည်း"(သာဓု၊ သာဓု၊ သာဓု ပါဘုရား)။

"အဲဒါ တရားမဆုံးသေးဘူး၊ကုန်းသာ ရှိခိုးချင်နေတာပဲ၊ ခိုးရပါတော့မယ်၊ ဘုန်းကြီး မာန်တာ မဟုတ်ဘူးနော်" (မှန်ပါဘုရား)။ "ကျင့်ကြွက်ဖြုတ်တော့ ဟိုဘက်ဒီဘက် ပြောင်းလို့ရပါသည်၊နောက်ကို သတိထားကြ၊ တစ်ကြိမ် တစ်ခါ ရောက်ဖူးတဲ့အခါ ဘုန်းကြီးကပြောသော်လည်း ဟိုကဘုန်းကြီးတို့ အကျိုးတရားကို အကုန်လုံး ပြင်ပြီးတော့ ဘုရားရှင်လက်ထက်က တန်ခိုးတော်ဖြင့် ဆင်ပြီး မဟောဘူးလား" (ဟောပါဘုရား)။ "အခုပြင်ဟောတာ" (မှန်ပါဘုရား)။" အဲဒီလို လှုပ်လှုပ်ရွရွ လုပ်လို့ရှိရင် သဘာဝအတိုင်း ဖြစ်သွားမှာ ပေါ့"(မှန်ပါဘုရား)။" ဣန္ဒြေ ဒီမှာ ပျက်မသွားဘူးလား" (ပျက်သွားပါဘုရား)။ "အဲဒီလို ဖြစ်တယ်၊ ဒါတွေကို သိပ်မသိသေးဘူး၊ကဲ. . . အဲဒီလို တရား ကျင့်ကြွက်ပြီးရင် ပြောင်းနိုင်ပါတယ်" (မှန်ပါဘုရား)။ "အကျိုးလေးကို ဆက်နားထောင်၊ ခုနက ဥပမာနှင့် ဥပမေယျ လေး နှစ်ခုကို နားရှင်းရဲ့လား" (ရှင်းပါ့ဘုရား)။ "အဟောင်းတွေကတော့ ရှင်းပါ့ဘုရား ဖြစ်မှာပေါ့၊ ခုနက ဘုန်းကြီးတို့ ဘီးလုံးငှက်မက သားငယ်လေး ဆုံးမတဲ့စကားလေး ပြန်ပြောလို့ အချိန်မရဘူးနော်" (မှန်ပါ့ဘုရား)။ "မှာသွားသော်လည်း သားငယ်က အမေစကား နားမထောင်လို့ မြေပြန့်ပေါ် တက်တာနဲ့ မတူဘူးလား" (တူပါ့ဘုရား)။ "သံသရာ တစ်လျှောက်လုံးလေ (တင့်ပါ့ဘုရား)။ "အဲဒီလို တက်သလို မြေပြန့်နှင့် အာရုံငါးပါးနှင့် မပေးထားဘူးလား" (ပေးထားပါတယ် ဘုရား)။ အဲဒီတော့ ပြန်ပြောရင် ရှည်မှာစိုးလို့ နောက်တစ်ခါ မိမိတို့ ကျင့်ကြွက်ထဲရောက်တော့ သတိပဋ္ဌာန်လမ်း မမှန်သွားဘူးလား" (မှန်သွားပါ့ ဘုရား)။ "ငှက်ကြီးနောက်တစ်ခါ ပြန်ပို့တော့ ငှက်ကလေး ကျစ်ကျစ်လစ်လစ် နေလိုက်တာနဲ့ မိမိတို့ ကျင့်ကြွက်ထဲမှာ ဣန္ဒြေငါးပါးလုံးခြုံတာနဲ့ မတူဘူး လား" (တူပါ့ဘုရား)။ "ပြီးသွားမှ နောက်တစ်ခါ ပြန်ပြီး ငှက်ကြီးထိုးလိုက်တော့ ငှက်ကြီး ရင်ကွဲသွားတယ်နော်" (မှန်ပါ့ဘုရား)။ ဘုန်းကြီးတို့က အင့်ခနဲ အသံကြားလိုက်ရင် စိတ်က အဲဒီဘက်ကို ရောက် သွားရော၊ အဲဒီလို ဖြစ်တတ်ပါတယ်၊ ဒီမှာခြေရာမှန်သွားပြီ၊ မြေပြန့်ပေါ်လည်း မတက်တော့ဘူး၊

http://www.dhammadownload.com



နောက်တစ်ခါငှက်ကြီး ရင်ကွဲတာနဲ့ အပါယ်လေးပါး လွတ်တာနဲ့ ဥပမာ မပေးထားဘူးလား"(ပေးထားပါဘုရား)။"ကဲ. . ကဲ. . . ကဲဒီလောက်ပဲထား၊ အားလုံး ရဟန်းလူရှင် သူတော်စင်တို့ကျင့်ကြံ တက်တဲ့နေရာမှာ အခုနက သက္ကာယဒိဋ္ဌိနော်" (မှန်ပါဘုရား)။ "သက္ကာယနှင့် ဒိဋ္ဌိကွဲသွားတော့ ဘာအဆင့် လဲ" (သမ္မာဒိဋ္ဌိအဆင့်ပါဘုရား)။ "သမ္မာဒိဋ္ဌိဆိုတာကို ကြည့်နော်၊ အရမ်းတတ် တာမဟုတ်ဘူး၊ တတ်ပုံကို သတိထား" (မှန်ပါ ဘုရား)။" ဘုရားပရိနိဗ္ဗာန်ပြုပြီးမှ ပါးစပ်နဲ့ ဖြုတ်နေကြတယ်" (မှန်ပါဘုရား)။"ဒီမှာအလုပ်" (မှန်ပါဘုရား)။"ပါးစပ် နှင့် သဘောကြောင်းလေးတွင် သွားနေကြတယ်နော်။ ဓမ္မမိဗ္ဗာန်ပြောခြင်း ဖြစ်ပါတယ်၊ သမ္မာဒိဋ္ဌိဆိုပေမယ့် စစ်တာရှိသလို မစစ်တာလည်းရှိတယ်နော်" (မှန်ပါဘုရား)။"ဒီမှာ သမ္မာဒိဋ္ဌိစစ်စစ် အခု အနတ္တ သမ္မာဒိဋ္ဌိ ကူးပေးတယ်" (မှန်ပါဘုရား)။"ဘုန်းကြီးမရှင်းရင် လင်းပါ့မလား"(မလင်းပါဘုရား)။"အနတ္တ- သမ္မာဒိဋ္ဌိဆိုတာ မဂ်ကိုပြောတာနော်"(မှန်ပါဘုရား)။ "အရိယာစခန်းကို အားလုံး ရဟန်းလူရှင်သူတော်စင်တို့ ကျင့်ကြံတက်တဲ့နေရာမှာ ကံပဟောင်း သံသရာလည်စေတဲ့ ကုသိုလ်လုပ်တဲ့နေရာမှာ ဗရုတ်သုက္ခ ကံသစ်တွေ မတွေ့ ဖူးဘူးလား"(တွေ့ဖူးပါတယ်ဘုရား)။

"မိမိတို့လည်း မသိတော့ အတိတ်က လုပ်ခဲ့တာတွေ မပါဘူးလား"(ပါပါ့ ဘုရား)။ "အဲဒါ သံသရာလည်စေတတ်တဲ့ ကုသိုလ်"(မှန်ပါဘုရား)။ "အခု လိုချင်တာက အဲဒီကုသိုလ်လား"(မဟုတ်ပါဘုရား)။ "အဲဒါကြောင့်မို့ အကု သိုလ်ကိုလည်း ဖြတ်ရမယ်၊ အကြောင်းဖြတ်၊ ကုသိုလ်ကိုလည်း အကြောင်း ဖြတ်"(မှန်ပါဘုရား)။"အဲဒါ ကံဖြတ်တရားတွေ(မှန်ပါဘုရား)။"ကံ မဖြတ်ရင် ဥပါဒါန်မပြတ်၊ ဥပါဒါန်မပြတ်ရင် ဇာတိမပြတ်ဘူး၊ ဘဝမပြတ်ဘူး (မှန်ပါ ဘုရား)။ "ဒါတွေဟာကြားဖူးတာ စာသရုပ်အသိသာသိနေတာ၊ အလုပ်မသိ ဘူး"(မှန်ပါဘုရား)။ "ပြောချင်တယ်၊ပညာရှိတွေ ဖိတ်တယ်၊ပညာရှိ မေးလို့ရှိရင် အားလုံးကို ကျေးဇူးတင်တယ်၊ဘုန်းကြီးဆုချမယ်၊ဘုန်းကြီးတို့က မှားခဲ့မယ် ဆိုရင်နော်"(မှန်ပါဘုရား)။"ဆုချမယ်၊ ဆုအများကြီးချမယ်၊ ဆုနည်းနည်းလေး မဟုတ်ဘူး၊မှားရင်တော့ အမာန်ခံရမှာပဲ၊ ဘုန်းကြီးတို့ကတော့ ဘာမှမလုပ်

http://www.dhammadownload.com



ဘူး၊ကဲ. . . ဒါဖြင့် ရဟန်းလူရှင် သူတော်စင်တို့ တိတ်ကလေးတစ်ခု ချိန်သွား ရတာမို့ အကျိုးကို ဒီမှာ ပြောတော့မယ်နော်” (မှန်ပါဘုရား)။“ အားလုံးရဟန်း လူရှင် သူတော်စင်တို့ တရားနာစကဖြစ်ဖြစ်၊ နာလည်ကဖြစ်ဖြစ်၊ နာဆုံးက ဖြစ်ဖြစ် တရားပေါ်မှာ အင်မတန် ဝမ်းသာ ကြည်လင်တဲ့ သဒ္ဓါစိတ် ယောဂီတို့ မတွေ့ဖူးဘူးလား” (တွေ့ဖူးပါဘုရား)။“အေး. . . ဒါတွေ ပြန်ပြောလို့မရတော့ ဘူးနော်”(မှန်ပါဘုရား)။“ကံတွေလည်းအကုန် အကြောင်းဖြတ်ခဲ့ တယ်၊ ဒုက္ခ သစ္စာနှင့် သမုဒယသစ္စာကို အကြောင်းမခံခဲ့ဘူးလား” (ခံခဲ့ပါ ဘုရား)။“အဲဒါ ရမ်းခံတာမဟုတ်ဘူး၊ ဝမ်းထဲကနေပြီး သဒ္ဓါအကြောင်းတွေ ဖြတ်ပြီးပြီနော်” (မှန်ပါဘုရား)။ “ဒါတွေ ပြန်ပြောချိန် မရဘူး၊ ဘုန်းကြီးကလည်း ပြောပေးချင် ပါတယ်”(မှန်ပါဘုရား)။ “နိရောဓဂါမိနီကဘာလဲ” (အကျိုးတရားပါဘုရား)။ “အဲဒီအကျိုးတရားက မျက်တောင်တစ်ဖျတ်ကို ရောက်နိုင်တယ်၊ ပြောမယ်၊ ခုနက သဒ္ဓါပီတိတရားပေါ်မှာ နှစ်သက်တဲ့ ပုဂ္ဂိုလ်တွေ နိရောဓဂါမိ ပေါင်းစပ် တယ်၊ သစ္စာလေးပါး ဆုံးမသွားဘူးလား” (ဆုံးသွားပါတယ်ဘုရား)။ “မသိ လိုက်ဘူး၊ ဘာသိလဲ”(ဝမ်းသာတာပဲ သိပါတယ်ဘုရား) “သဒ္ဓါပီတိကျ တယ်ခေါ်တယ်၊အကြောင်းတွေ ပြည့်စုံလို့ကျတာ”(မှန်ပါဘုရား)။“ အကြောင်း မပြည့်စုံဘဲကျရင် ကုသိုလ်ပဲရမယ်”(မှန်ပါဘုရား)။“အကြောင်းတွေပြည့်စုံ တဲ့အတွက်ကြောင့်မို့ အဲဒါ သောတာပန်အငယ်စား အပါယ်ကလုံးဝလွတ် ပြီးတော့ အလယ်သံသရာမှာ ခုနစ်ဘဝ ကောင်းကောင်းနေပြီးတော့ နိဗ္ဗာန် ဝင်မယ့် သတ္တက္ခတ္တုပရမ သောတာပန်ခေါ်တယ်၊ ဒီလောက်ပဲပြောမယ်၊ အလတ်စားကိုပြောမယ်၊ အားလုံး ရဟန်းလူရှင် သူတော်စင်တို့၊ တရား နာစ၊ နာလယ်၊နာဆုံး တစ်ခုခုမှာ မိမိတို့လက်က ဖြန်းခနဲ ခေါင်းကကိုယ်က အဲဒီလို လာတတ်တယ်၊ တွေ့ဖူးလား” (တွေ့ဖူးပါတယ်ဘုရား)။

“နောက်ကရဟန်းလူရှင်တွေကော”(တွေ့ဖူးပါတယ်ဘုရား)။ “စမ်းကလေး ဆရာတော်ကိုကံဆင့်သောပုဂ္ဂိုလ်မှအစ သစ်သီးပန်းမာလ်လှူသောပုဂ္ဂိုလ် အဆုံး ဒါနဇောမပါဘူးလား” (ပါပါတယ်ဘုရား)။ သီလဆောက်တည်ရမယ်၊ သီလဇောမပါဘူးလား၊ အပါယ်လေးပါး လွတ်စေတဲ့တရား နာရတော့မယ် ဆိုတဲ့ဘာဝနာဇောကောမပါဘူးလား”(ပါပါတယ်ဘုရား)။“ကြက်သီးကလေး က ဇောနော်၊ ဘာဇောလဲ” (သဒ္ဓါဇော ပါဘုရား)။ ကြက်သီးဖြန်းခနဲ အဲဒီလို

http://www.dhammadownload.com



ဖြစ်လာရင် အခုန ပူနေတာတွေ၊ ကိုက်နေတာတွေ ပျောက်မသွားဘူးလား" (ပျောက်သွားပါတယ်ဘုရား)။ "တစ်နည်းကျတော့ပျောက်သွားတယ်လို့ပဲ ပြောပေါ့နော်" (မှန်ပါဘုရား)။ "ခဏချုပ်သွားတာပေါ့၊ သခ်ီရနိရောဓော" (နိဗ္ဗာန်ပါဘုရား)။ "အဲဒီထဲကနေပြီး" (မှန်ပါဘုရား)။ "ခုနက ဇောကျပြီးတဲ့ အခါကျတော့ ဣန္ဒြေခြောက်ပါး မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ကိုယ်၊ စိတ် ခဏတန့်ပေးလိုက် တယ်၊ အဲဒါက ပီထိခေါ်တယ်၊ ဉာဏ်စိတ်ကလေးပေါ့ နော်" (မှန်ပါဘုရား)။ "အဲ--သောတာပန် အလတ်စား ကောလံ ကောလ သောတာပန်ခေါ်တယ်" (မှန်ပါဘုရား)။ "အပါယ်လေးပါးက လုံးဝလွတ်ပြီး အလယ်သံသရာမှာ တစ်ဘဝ၊ နှစ်ဘဝ၊ အများဆုံးခြောက်ဘဝ ကောင်း ကောင်းနေပြီး နိဗ္ဗာန်ဝင်မယ့် ကောလံ ကောလ သောတာပန်ခေါ်တယ်၊ ဒီလောက်ပဲထားနော်၊ ဘာကျန်သေးလဲ" (အကြီးစားကျန်ပါသေးတယ် ဘုရား)။ "ကဲ. . . အကြီးစားရတတ်တယ်၊ ပြောစကား နားထောင်တဲ့ပုဂ္ဂိုလ် တိုင်း မလွဲမသွေ တစ်ထစ်ချ ဘုန်းကြီးအစောထဲက အာမခံပြီး အကြီးစား ပြောမယ်၊ အဲဒီအကြီးစားကလည်း မိမိတို့လက်က ဖြစ်ဖြစ်၊ ခေါင်းကဖြစ်ဖြစ်၊ ကိုယ်တစ်ခြမ်းကဖြစ်ဖြစ်၊ တစ်ကိုယ်လုံးကဖြစ်ဖြစ်၊ အောက်ပိုင်းကဖြစ်ဖြစ် ကြက်သီးသေးသေး၊ ကြီးကြီးမားမားလာတတ်သည်မှတ်ထား၊ တစ်ယောက်နဲ့ တစ်ယောက်မတူဘူး၊ အဲဒီကြက်သီးလာပြီးကိုယ်ကြီးများ ကြွသလိုရွသလိုလည်း ဖြစ်တတ်တယ်၊ အင်မတန်ပေါ့ပါးတယ်ခေါ်တယ်၊ အဲဒီလိုဖြစ်ပြီးတော့ မျက်လုံးထဲမှာလည်း ဝင်း-ဝင်း-ဝင်း-ဝင်းနဲ့ ဖြစ်တတ်တယ်၊ ဝင်းခနဲ တစ်ချက် တည်း လည်းဖြစ်တတ်တယ်၊ ဖြစ်ပြီးတဲ့နောက် ရင်ထဲမှာ အေးသလိုလိုလဲ ဖြစ်တတ်တယ်၊ အခုဘုန်းကြီးပြောတဲ့အတိုင်း ရှေ့ကယောဂီတွေ မြင်ဖူးရဲ့လား (မြင်ဖူးပါတယ်ဘုရား)။ "အလယ်ကယောဂီတွေရော" (မြင်ဖူးပါ တယ်ဘုရား)။ "ဟိုနောက်နောက်ကယောဂီတွေကော"(မြင်ဖူး ပါတယ်ဘုရား) "အော်--- တော်တော်များသာပဲ ဘေးဘီက ယောဂီများကော" (မြင်ဖူးပါတယ် ဘုရား)။ "ဟို---နောက်ကရဟန်းလူရှင်များတွေကော" (မြင်ဖူးပါတယ်ဘုရား)။ "အေး- အဲဒါလေးကို ပြောရမယ်၊ တရားကိုစကားနဲ့ ရှင်းနေတာကို" (မှန်ပါဘုရား)။ "အဲဒီဟာကမင်္ဂကြီးပဲ၊ ခုနကကိုယ်မှာ ကြက်သီးကနေပြီး မျက်လုံး ထဲမှ ဝင်းခနဲအစုံ တစ်ယောက်နဲ့တစ်ယောက် မတူဖူးနော်" (မှန်ပါဘုရား)။ "အဲဒါက မင်္ဂဇောခေါ်တယ်၊ အဲဒါဘာဇောလဲ" (မင်္ဂဇောပါဘုရား)။ "အဲဒီလို

http://www.dhammadownload.com



မဂ်ဇောကျတဲ့နေရာမှာ မိမိတို့ခန္ဓာမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊စိတ် ဝတ္ထုရုပ် ခြောက်ပါးမရှိဘူးလား" (ရှိပါတယ်ဘုရား)။ အဲဒီဝတ္ထုရုပ်ခြောက်ပါးမှာ သံသရာလည်စေတတ်တဲ့ ကုသိုလ်တွေကို ခဏတားပေးလိုက်တယ်၊ အဲဒါ မဂ်စိတ်နော်" (မှန်ပါဘုရား)။ "ခဏတားပေးလိုက်တာက ဘာစိတ်လဲ" (မဂ်စိတ်ပါဘုရား)။ "ကုသိုလ်ကို တားပေးလိုက်တာက မဂ်စိတ်၊ အကြွင်းမဲ့ ဖျက်ပေးလိုက်တာက မဂ်ဉာဏ်" အကြွင်းမဲ့ ဖျက်ပေးလိုက်တာက (မဂ်ဉာဏ် ပါဘုရား)။ "အဲဒါကုသိုလ်အတွက် ရင်ထဲအေးဆို" (မှန်ပါဘုရား)။ "အဲဒါ ဖိုလ်ဇောနော်၊ အဲဒါ ဘာဇောလဲ" (ဖိုလ်ဇောပါဘုရား)။ "အဲဒီဖိုလ်ဇောကျတဲ့ နေရာမှာ မိမိတို့ ခုနလိုပဲ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ကိုယ်၊ စိတ် အတိတ်က ကံဟောင်းကို ခဏတားပေး လိုက်တာက ဖိုလ်စိတ်၊ ကံဟောင်းအနန္တကို တားပေးလိုက်တာက ဘာစိတ်လဲ" (ဖိုလ်စိတ်ပါဘုရား)။ "ကံဟောင်း အနန္တကို အကြွင်းမဲ့ ဖြတ်ပေးလိုက်တာက ဖိုလ်ဉာဏ်၊ ဘာဉာဏ်လဲ" (ဖိုလ်ဉာဏ်ပါ ဘုရား)။ "နားရှင်းပြီးလား" (ရှင်းပါဘုရား)။ "နားရှင်းပြီးလား"(ရှင်းပါဘုရား)။ "အဲဒါ သောတာပန် အကြီးစားတစ်ဘဝတည်းနေပြီး နိဗ္ဗာန်ဝင်မယ့် ဧကဗီဇ သောတာပန် ခေါ်ပါတယ်" (မှန်ပါဘုရား)။ "နားရှင်းပြီးလား"(ရှင်းပါဘုရား)။ "ကဲ---ရဟန်းလူရှင် သူတော်စင်တို့ တချို့မဖြေနိုင်တဲ့သူရှိတယ်နော်၊ အဲဒီ မဖြေနိုင်တဲ့ ပုဂ္ဂိုလ်များဟာ သဒ္ဓါယုံကြည်တာလေး ပါ၊မပါ ကိုယ့်ဟာကို မေးကြည့် နော်" (မှန်ပါဘုရား)။ "ကိုယ့်ဟာကိုယ်အသိဆုံးပဲ၊ ပါသောပုဂ္ဂိုလ် တိုင်း ရဲရဲတာဝန်ယူတယ်၊ဘုန်းကြီးမဖြေတတ်လို့ သူတို့ ဟိုဘုရားလက် ထက်က မဟာ နန် မင်းကြီးဟာ သောတာပန် အကြီးစား မဟုတ်ဖူးလား" (ဟုတ်ပါတယ်ဘုရား)။ "သူ့ကိုယ်သူသိသလား" (မသိပါဘုရား)။ အဲ---အခု ၃-စား၊ အငယ်စား မသိနိုင် ဘူး၊ အကြီးစားတောင် လူတိုင်းမသိနိုင်ဘူး၊ အဲ---ယုံသာဘာ ပါလို့ရှိရင်တော့ စိတ်သာချ၊ ရဲရဲဘုန်းကြီး တာဝန်ယူတယ်၊ မေးချင်တဲ့ပုဂ္ဂိုလ်မေး၊ ပညာရှိအမည်ခံထားတဲ့ ပုဂ္ဂိုလ်တွေ" (မှန်ပါဘုရား)။ "အားလုံးရဟန်းလူရှင် သူတော်စင် တို့ သောတာပန်အကြီးစား (သို့မဟုတ်) အငယ်စား (သို့မဟုတ်) အလတ်စား ဖြေကြတဲ့အတိုင်း မိမိတို့ အမှားဖြေလို့ ရပါမလား"(မရပါဘုရား)။ "အဲဒီပုဂ္ဂိုလ်၃-စားစလုံး အပါယ်ကျဦးမလား" (မကျပါဘုရား)။ "တစ်ခဏလား၊ အစဉ်လား" (အစဉ်ပါဘုရား)။ "သမုစ္ဆေဒ နော်"(မှန်ပါဘုရား)"သမုစ္ဆေဒအစဉ်တဲ့၊ သိချင်ရင် နောက်ဘုန်းကြီးတို့ကိုမေး"

http://www.dhammadownload.com



(မှန်ပါဘုရား)။ "ဒါက အပါယ်လေးပါး လုံးဝလွတ်တဲ့ သစ္စာတရားနော်" (မှန်ပါဘုရား)။ "တရားပွဲပြီးရင် ဘယ်ပြန်"(အိမ်ပြန်ပါဘုရား)။ "အိမ်ပြန်ရင် သောတာပန်အငယ်စား၊ အလတ်စားတို့သည် ကိုယ့်ကိုယ်ကို သောတာပန် မှန်း မသိတာကြောင့် ကာယကံ၊ ဝစီကံ အမှားလေးတွေ လွန်ကျူး တတ်သည်၊ အပါယ်ကျမှာတော့ မဟုတ်ပါဘူးနော်"(မှန်ပါဘုရား)။ "သို့သော်လည်း အဲဒါလေးတွေ ပြန်ဆေးကြောဖို့ 'ဗုဒ္ဓါနုဿတိ' အိမ်ကိုယူသွားပါ၊ "ဘာကိုယူသွားမယ်" (ဗုဒ္ဓါနုဿတိ)။ "အဲဒါ ဗုဒ္ဓါနုဿတိလေး တချက်ပွားတော့ ဟိုက ကံအမှားလေး၊ လေးငါးခုပျောက် မသွားဘူးလား" (ပျောက်သွားပါတယ်ဘုရား)။ "မနက် ၆-နာရီ၊ ည ၆-နာရီ သစ္စာသမ္မာယုတ်နှင့် ပို့တဲ့ ဩဒိဿမေတ္တာ ကို သာဓုခေါ် ပေးကြနော်" (မှန်ပါဘုရား)။ "ဗုဒ္ဓါနုဿတိနှင့် သာဓုခေါ်တာ လေးက လောကအပေါင်း၊ ရန်အပေါင်း ကပ်အပေါင်းမှ လွတ်ကြောင်း မေတ္တာ ဘာဝနာတရား" (မှန်ပါဘုရား)။ "မလုပ်သင့်တာမလုပ်နဲ့" (မှန်ပါဘုရား)။ "တစ်လုံးတည်းတိုးတိုးလေး မှာလိုက်မယ်၊ မလုပ်သင့်တာမလုပ်နဲ့"(မှန်ပါဘုရား)။ "မလုပ်သင့်တာ လုပ်ရင်ဘာဖြစ်မလဲ" (မဖြစ်သင့်တာဖြစ်မှာပါဘုရား)။ "အဲ-လုပ်သင့်တာက ဘုန်းကြီးတို့လောကမှာ ကောင်းသော ကုန်သွယ်ခြင်း ကောင်းသော ရောင်းဝယ်ခြင်း လယ်လုပ်ခြင်းအတူပေါ့ လုပ်သင့်တယ် ဒီလောက်ပဲထားပေါ့" (မှန်ပါဘုရား)။ "ဒါဖြင့်ခုနက သောတာပန် ၃-စားက အပါယ်ကလုံးဝလွတ်တဲ့ သစ္စာတရား ဗုဒ္ဓါနုဿတိနှင့် ဘုန်းကြီးပို့တဲ့မေတ္တာက မေတ္တာဘာဝနာတရား ယောဂီတို့ရကြရဲ့လား၊" (ရပါတယ်ဘုရား)။ "သို့သော် ကိုယ့်ကိုကိုယ် အကောင်တော့ ပြောင်းမသွားဘူးနော်" (မှန်ပါဘုရား)။ ဒီထက် တိုးပြောဖို့ အချိန်မရတော့ဘူး၊ မေတ္တာပို့ဖို့လဲ အချိန်မရတော့ဘူး၊ နေ့တိုင်း နေ့တိုင်း ပို့တဲ့ မေတ္တာကို ခံယူကြပေတော့နော်" (မှန်ပါဘုရား)။ "ဒါဖြင့်ကရုဏာ သန်သန်ထား မေတ္တာများများဖြင့်ဟောကြားသည်ကို ခေါင်းစည်းလေးက ဘာတဲ့" (သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်ပါဘုရား)။ "ပထမသက္ကာယနှင့်ဒိဋ္ဌိ ပုထုဇဉ်တို့ လုံးနေတယ်၊ နောက်တစ်ခုစီခွဲသွားလို့ သမ္မာဒိဋ္ဌိ အဆင့်မရောက်သွားဘူးလား" (ရောက်သွားပါတယ်ဘုရား)။ "အခု သောတာပန် တစ်စားစားက နေပြီးတော့ အနတ္တသမ္မာဒိဋ္ဌိ မဟုတ်ဘူးလား" (ဟုတ်ပါတယ်ဘုရား)။ "နားမှရှင်းရဲ့လား" (ရှင်းပါတယ်ဘုရား)။ "အဲဒီလိုဖြစ်ပါတယ်၊ ဒါကြောင်မို့ သက္ကာယဒိဋ္ဌိပြုတ်လျှင်" (နိဗ္ဗာန်မြင်ပါဘုရား)။ "အဲဒါ

http://www.dhammadownload.com



နိဗ္ဗာန်ကြီးပဲမဟုတ်လား"(ဟုတ်ပါတယ်ဘုရား)။ "သောတာပန်အကြီးစား လည်း မြင်နိဗ္ဗာန်ပဲ၊ အလတ်စား အသေးစားလည်းမြင် နိဗ္ဗာန်ပဲနော်" (မှန်ပါ ဘုရား)။ "မြင်ပြီးတော့" (ဝင်ရမှာပါဘုရား)။ "အဲဒါ တစ်ထစ်ချမှတ်ပေရှော့၊ ကရုဏာသန်သန်ထား၊ မေတ္တာများများဖြင့် ဟောကြားသည်ကို ဝမ်းမြောက် ဝမ်းသာ ရှိခဲ့ပါက တရားတော်ကိုလည်း ချီးကျူးသော အားဖြင့် ၃-ကြိမ် သာဓု ခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု-သာဓု-သာဓုပါဘုရား)

--------------

## ၁၃၅၉-ခု၊ကဆုန်လပြည့်နေ့

## သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်တရားတော်

အဘဂ္ဂါတေ မနုဿောတု ယေဇနာ ပါဒဂါမိနော အထာယံ အိတြာဘဂ္ဂါ သီရမေဝ အနုဓာဝတိ။

| | | |
|---|---|---|
| မနုဿောတု | - | လူရော နတ်ပါ ဗြဟ္မာမလပ် လူသုံးရပ်တို့၌၊ |
| ယေဇနာ | - | အကြင်လူတို့သည်၊ |
| ပါဒဂါမိနော | - | နိဗ္ဗာန်ထွန်းပေါက် စခန်း ရောက်အောင်ကူးမြောက် နိုင်ကြကုန်၏။ |
| တေ ဇနာ | - | ထိုလူတို့သည်၊ |
| အဘဂ္ဂါ | - | တွေ့ကြုံခဲလှ အလွန်နည်းပါးကြကုန်၏။ |
| အိတြာ | - | နိဗ္ဗာန်ထွန်းပေါက် စခန်းရောက်အောင် ကူးမြောက်နိုင်သောသူမှ တစ်ပါးကုန်သော၊ |
| အယံ ဘဇာ | - | ကြွင်းကျန်ရစ်ကြောင်း ဤလူအပေါင်းသည်၊ |
| သီရိမေ ဝါ | - | သက္ကာယဒိဋ္ဌိ စွန်းညိမကွာ ဤမှာဘက်ကမ်းသို့သာလျှင်၊ |
| အနုဓာဝတိ | - | အိုနာသေရေး ဒုက္ခဘေးနှင့် ဆင်းရဲဖန်ခါ တွေ့ကြုံရရှာလေရာသတည်း။ |

(သာဓု၊ သာဓု၊ သာဓု)

http://www.dhammadownload.com



"အဲဒီဂါထာအဓိပ္ပါယ်က နိဗ္ဗာန်ရောက်သော ပုဂ္ဂိုလ်များသည် အင်မတန်မှ နည်းပါးသတဲ့၊ နိဗ္ဗာန်မရောက်ဘဲနဲ့ ကြွင်းကျန်သော ပုဂ္ဂိုလ်များကတော့ အင်မတိအင်မတန် များပါတယ်တဲ့၊ ဒါဟာဖြင့် ဘာကြောင့်လဲဆိုရင် သက္ကာယ ဒိဋ္ဌိစွန်းငြိမကွာ ဤမှာဘက်ကမ်းသို့သာလျှင် သက္ကာယပေါ်မှာဒိဋ္ဌိမပြုတ်လို့လို့ လိုရင်းအဓိပ္ပါယ် ဒီလိုရပါတယ်နော်" (မှန်ပါဘုရား) ။ "ဒါဖြင့် ယနေ့၊ ယနေ့ ဆိုတော့ ဘုန်းကြီးတို့တရားဟောစရာက နည်းနည်းများတယ်၊ ရွေးလို့ကိုမရဘူး၊ သို့သော် လည်းပဲ ဒီခေါင်းစီးလေးပြထားနတော့ သက္ကာယ ဒိဋ္ဌိမပြုတ်လို့ ခုနက နိဗ္ဗာန်ကို အရနည်းသည်လို့ဆိုတော့ ခေါင်းစီးလေးမှာ ကနေ့ ကနေ့ ကမ္မဖလ အနတ္တ၏ ကုန်ဆုံးရာ ကုန်ဆုံးခြင်း၊ တစ်နည်း ကမ္မဖလအနတ္တ၏ချုပ်ငြိမ်းရာကို ဘုန်းကြီးတို့ အရင်းပြုပြီးတော့ရောက်ရှိသော အားလုံးပုဂ္ဂိုလ်များ ဒီခေါင်းစီး လေးဟာ ဒီဂါထာအရဆိုလျှင် သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်လို့ ဓမ္မ သဘင်အစည်းအဝေး၏ခေါင်းစီးလေးတပ်ထားနော်"(မှန်ပါဘုရား)။ "သက္ကာယ ဒိဋ္ဌိ ပြုတ်တဲ့ နေရာမှာ ဘုန်းကြီးတို့ ပုံစံလေးတွေအမျိုးမျိုးရှိတယ်၊ ကနေ့ တစ်ပုံစံ ပေါ့၊ခေါင်းစီး လေး တပ်ထား၊ တပ်ထား၊ သက္ကာယဒိဋ္ဌိပြုတ်လျှင်" (နိဗ္ဗာန်မြင်ပါဘုရား)။ "အေး. . . အခုနက နိဗ္ဗာန်ရသော ပုဂ္ဂိုလ်နည်းပြီးတော့ ကြွင်းကျန်သောပုဂ္ဂိုလ်များတာဘာကြောင့်တဲ့. . " (သက္ကာယဒိဋ္ဌိ မပြုတ်လို့ပါ ဘုရား) ။ "ဒိဋ္ဌိမပြုတ်လို့ ဆိုတော့ အရေးအကြီးဆုံးပေါ့နော်"(မှန်လှပါဘုရား)။ "အေး. တရားမဟော သေးမီ ရှေးက ပလ္လင်ခံကလေးကို အားလုံးရဟန်း ရှင်လူသူတော်စင်တို့ ပရိတ် သတ်ကလည်း တစ်သိန်းနဲ့ နှစ်သိန်းကို ဒီထက် မလျော့ဘူး၊ ဒီတော့ ကျဉ်းလည်းကျဉ်းမြောင်းတယ်၊ နည်းနည်း ဘုန်းကြီး တွေခဲ့တယ်၊ ရပ်ဝေးကနေရာကို ဘယ်ပုံစံမှမရလို့ ဟုတ်အဝေးကြီးမှာ နေကြ တယ်၊ သို့သော် နည်းနည်းဝေးတဲ့ နေရာဖြစ်သော်လည်းပဲ တရားသံကြား တယ်၊ ပေါ့ပေါ့ဆဆ မအောက်မေ့ လိုက်နဲ့နော်" (မှန်ပါဘုရား) ။ "ဘုန်းကြီး ယခု ဟောကြားပေးမယ့် တရားသည် ကမ္မဖလအနတ္တ၏ ကုန်ဆုံးရာမှ လောကမှာ ဘေးရန်အပေါင်း လွတ်ရာလွတ်ကြောင်း မေတ္တာ ဘာဝနာတရား တစ်ခု၊ အပါယ်လေးပါး လုံးဝလွတ်တဲ့ သစ္စာတရားတစ်ခု လောက သံသရာ ဘေးနှစ်ဖြာကို ချိုးမြှင့်မယ်နော်" (မှန်ပါ ဘုရား) ။ "ယနေ့ ကံဆင့်သော ပုဂ္ဂိုလ်များ မနေ့က အတူတူပါပဲ၊ ပစ္စယသင်္ဂဟ အနေနဲ့က စမ်းကလေး ဆရာတော်ကို ကံအသစ်ထပ်ဆင့်သော ပုဂ္ဂိုလ်များ၊ ဘုန်းကြီးက အဲဒီပုဂ္ဂိုလ်အစ

http://www.dhammadownload.com



အများအဆုံး ဓမ္မသင်္ဂဟသာသနာ့အမွေစစ်စစ်ကို ချီးမြှောက်ရမယ်" (မှန်ပါဘုရား)။ "ဓမ္မအမွေစစ်စစ်ဆိုတာက မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် ကိုးပါးသော တရားထဲက အနည်းဆုံး တစ်မဂ်မရလျှင် ဓမ္မအမွေစစ်ပဲ့မလား" (မစစ်ပါ့ဘုရား)။ "အဲဒီတော့ တရားဟောတဲ့နေရာ ခုနက အနတ္တ၏ကုန်ဆုံး ရာမှ အကြောင်း ခံပြီးတော့တရားဟောပေးမယ်၊ဒီထဲမှာ ပေလာယျအများကြီး ပါသွားပြီနော်၊ ပေလာယျဆိုတာက သင်တို့ကို စကားနည်းနည်းနှုးထောင်၊ တရားဟောတာ မဟုတ်ဘူး၊ ဟောပေးပါသော်လည်း မိမိတို့က တရားနာယူ၊ လောကမှာ ရှိတယ်၊ တရားနာဆိုတာကတော့ အထူးပြောစရာ မလိုဘူး၊ ကိုယ်တိုင် အဲဒါ တရားနာတဲ့ နေရာမှာ နောက်လှည့်ကြည့်၊ ဝပ်၊ ဆေးလိပ် သောက်၊ ကွမ်းစား၊ အဲဒါ တရားနာလို့ ခေါ်တယ်၊ အလကားတော့မဖြစ်ဘူး၊ ဓမ္မဿဝနကုသိုလ်ရတယ်လို့ ပြောရမှာပေါ့နော်" (မှန်ပါဘုရား)။ "ရောက်ရှိသော ပုဂ္ဂိုလ်များ ဘုန်းကြီးတို့ ရဟန်းဒကာတွေ ဆိုပါတော့၊ အဲဒီ ပုဂ္ဂိုလ်တွေအစ ရောက်ရှိလာသော ပုဂ္ဂိုလ်များ အဲဒီလောက် ကုသိုလ်ကို လိုချင်လို့လား၊ ဒါ အပါယ်က လုံးဝ လွတ်ချင်လို့လား" (အပါယ်လေးပါး လွတ်ချင်လို့ပါဘုရား)။

"ဝေးသောပုဂ္ဂိုလ်တွေ နားမှတ်ထားနော်" (မှန်ပါ့ဘုရား) ။ "အဲဒီလို လွတ်ချင်တဲ့ အပါယ်လေးပါးက လုံးဝလွတ်မှ သာသနာ့အမွေကောင်းဆိုတော့ ပေါ့ပေါ့လေး မအောက်မေ့လိုက်နဲ့၊ သင်တို့အတွက်" (မှန်ပါဘုရား)။ "တရားနာယူပုံကလေး ပြင်ပေးနေတာ၊ ပြင်ပေးနေတာ၊ တရားနာ၊ တရားနာယူနှစ်ခုမှာ တရားနာဆိုတာသိပြီး မိမိတို့လောကဘက်မှာ ယခုလို တရားနာတဲ့အချိန် လေးမှာ နည်းနည်းမှတ်ထား၊ တရားနာပရိသတ်တွေက အင်မတိအင်မတန် များတယ်၊ သိပ်ကျယ်ကျယ်ပြောလည်းမသိဘူး၊ သိသလောက်ပြောမယ်၊ တရားကိုယ်အားဖြင့် လောဘ၊ လောဘလေးတစ်လုံးကို ယခု တရားနာဆဲကို မရှိစေနဲ့၊ ရင်ထဲမှာနော်" (မှန်ပါဘုရား)။ "အဲဒီစကားက အဓိပ္ပါယ်အများကြီးပဲ၊ နောက်တော့ပြောမယ်၊ ဒါ တရားကိုယ်ပဲ၊ ဒေါသလေးတစ်လုံးကို ရင်ထဲမှာ မထားနဲ့နော်၊ တရားနာဆဲကို အိပ်ချင်ခြင်း၊ ငိုက်မြည်းခြင်း၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ စိတ်တွေ ကစဉ့်ကရဲ တောရောက်တောင်ရောက် စိတ်ကိုပြစ်မထားနဲ့၊ ဘုန်းကြီးပြောမယ်၊နောက်တော့ ပြစ်မထားလို့မလွယ်ဘူးနော်" "ဝိစိကိစ္ဆာတရား ပေါ်မှ ဆရာ့ပေါ်မှာ၊ မိမိခန္ဓာပေါ်မှာ၊ ပါရမီရှိမှ ရှိပဲ့မလား၊ တီဟိတ်ဟုတ်မှ ဟုတ်ပဲ့မလား၊ အဲဒီစကား အဓိပ္ပါယ်ရှိတယ်နော်" (မှန်ပါ့ဘုရား)။ "အဲဒီလို

http://www.dhammadownload.com



ဝိစိကိစ္ဆာဒီအလုံးကလေးတစ်လုံး ရင်ထဲမှာမထားနဲ့၊ လွယ်ပါ့မလား" (မလွယ်ပါဘုရား)။ "အဲဒါ မဂ်ချာန်တရားတွေကို ပိတ်ပင်ဆီးတားစေတတ်သော နီဝရဏခေါ် အညစ်အကြေးတွေ တရားအစုခေါ်တယ်၊ အဲဒါ ရင်ထဲမှာ မထားဖို့ သိပ်မလွယ်ဘူး၊ လွယ်တဲ့နည်းပြောမယ်၊ သင်ပေးနေတာနော်" (မှန်ပါ့ဘုရား) ။ "ဘုန်းကြီးဟောကြားပေးသော တရားသည် ခန္ဓာအဘိဓမ္မာ ကမ္မဖလ ကုန်ဆုံးရာ တရားနဲ့ ဒါက ဒီတရားတွေကို အဘိဓမ္မာသစ္စာဉာဏ်နဲ့ ဒါလူတိုင်းမသိဘူး၊ အဘိဓမ္မာတွေ တို့မသိဘူး၊ သစ္စာတွေ တို့မသိဘူး၊ ဉာဏ်တွေ တို့မသိဘူး၊ ဆိုပါတော့မောင်၊ အများသိ ဘုန်းကြီးဟောကြား ပေးသော ခန္ဓာအဘိဓမ္မာ ကမ္မဖလတရားကို ကော-ဒီတရားလေးကို မွှေ-အာရုံလေး နားမှာဆင်ထား၊ စိုက်ထားရင် နီဝရဏ ကွာမနေဘူးလား" (မှန်ပါ့ဘုရား)။"အဲဒါ အများအသိနော်" (မှန်ပါဘုရား)။ "အရေးကြီးဆုံးကိစ္စကို ပြောပေးနေတာ၊ တရားမဟောသေးဘူး၊ ပြင်ပေးနေတာ၊ ပြင်ပေးနေတာ၊ မိမိတို့လိုချင်တဲ့ လောကဘေးအပေါင်း လွတ်ကြောင်း၊ မေတ္တာဘာဝနာတရား၊ အပါယ်လေးပါးမှ လွတ်တဲ့သစ္စာ တရားဟာ အကြောင်းလား၊ အကျိုးလား" (အကျိုးပါဘုရား)။ "အဲ. . အကြောင်းလေးတွေ ပြင်ပေးတာကို အကျိုးက ဘယ်ကပေး" (အကြောင်းက ပေးပါတယ်ဘုရား)။ "ကြပ်ကြပ်စဉ်းစား၊ သိပ်ကျယ်ကျယ်တော့ မပြောဘူး၊ ဒီလောက်ပဲ၊ ဒါဖြင့် နီဝရဏကွာပုံလေးကို ဘုန်းကြီးဟောကြားပေးသော တရားလေးကို စကားနှင့်ဆိုရန်စိုက် နားထောင်နေရင် ကွာမနေဘူးလား" (ကွာနေပါတယ်ဘုရား)။ "အဲဒီ စိုက်နားထောင် နေတဲ့အချိန်လေးမှာ သစ္စာမဂ် တစ်ခု ကျနိုင်တယ်နော်" (မှန်ပါဘုရား)။ "ဒီလောက်ပဲထား၊ သို့သော် ဒီမှာက ရှေ့ပိုင်းမှာ သတ္တာယဒိဋ္ဌိ ပြုတ်လျှင်" (နိဗ္ဗာန်မြင်ပါဘုရား)။ "ခေါင်းစီးပေးထား သော်လည်း ရှေ့ပိုင်းမှာ ဘာဝနာခန်းလေးဟောပေးမယ်၊ ပြင်ပေးနေတာ၊ ပြင်ပေးနေတာ၊ အဲဒီဘာဝနာ ခန်းလေးဟောပေးသော်လည်း မျက်လုံးလေးတော့ မှိတ်ထားနော်" (မှန်ပါ့ဘုရား)။ "ဘာဝနာခန်းလေးဟောတဲ့နေရာမှာ ညောင်းကိုက်ဆင်းရဲ နေမယ်ဆိုရင် ဟိုဘက်ဒီဘက်တော့ ပြောင်းနိုင်တယ်၊ လေးလေးစားစားတော့ ကျုံ့ကျုံ့နှင့် လူရှင် ရဟန်းအကုန်လုံး ပြောင်းမယ်ဆိုရင် ပြောင်းနိုင်တယ်၊ နောက်ကျင့်ကွက် ရောက်တော့ ဘုန်းကြီးပြောပေးမယ်၊ နောက်ပိုင်း ရောက်တော့ ကျင့်ကွက် ရောက်ပြီ၊ မပြောင်းနဲ့တော့လို့ ၁၅-မိနစ်ခန့် ပြောပေး

http://www.dhammadownload.com



မယ်နော်" (မှန်ပါ့ဘုရား)။ "အခုပြောင်းတာမဟုတ်ဘူး၊ ဒီမှာပြင်ပေး နေတာ၊ ကျင့်ကွက်မရောက်သေးဘူး၊ အခုပြောကတည်းကိုက သူတို့မှာ လုနေတယ်၊ ရှေ့ပိုင်းကအသိအလိမ္မာ ဘာ၀နာ တရားလေး ဟောပေးမယ်၊ နောက်ပိုင်း ရောက်တော့ ကျင့်ကွက်ရောက်ပြီလို့ ဘုန်းကြီးပြောပေးမယ်၊ အခု တရားတော့ မဟောရသေးဘူး၊ ဟိုကပြောင်း နေပြီး၊ အဲဒီလိုဆို စိုက်နားထောင်ထား၊ သို့သော် ရှေ့ဘာ၀နာခန်းမှာ နေနိုင် ရင်ပိုကောင်းတယ်၊ မနေနိုင်ရင် ဟိုဘက် ဒီဘက် ပြောင်းရွှေ့ပေါ့၊ သိပ်လည်း သက်သာမခိုနဲ့၊ ဒီခန္ဓာကိုယ်ကိုနော်" (မှန်ပါဘုရား)။ "ကဲ. . ဒီလောက်ပဲထား၊ မျက်လုံးအခုကတည်းက ဖွင့်ထားပြီး၊ ဟောဒီ သံဃာ တွေကလည်း လိုတယ်၊ မျက်လုံးမှိတ်ထား၊ ပြောလည်းဖွင့် နေတာပဲ၊ အဲဒါကြောင့်မို့ တရားဟောရတာ က မျက်လုံးမှိတ်ထား၊ ဒီနေရာမှာ ရောင်ခြည်တော်ဖူးတွေတဲ့ အခါမဟုတ်ဘူး၊ ရောင်ခြည်တော်ဖူးတွေတဲ့နေရာမှာ မျက်လုံးဖွင့်ထား၊ ကျောင်းဒကာကြီးက ဒါမှတွေ့ရမယ်၊ ပိတ်မထားနဲ့၊ ခင်ဗျားတို့ ပိတ်ထားရင် ဘာမှမတွေ့ဘူး၊ သစ္စာတရား ဟောတဲ့နေရာမှာတော့ သောတာပန်ဖြစ်အောင် အကျိုး တရားရအောင် သွားတဲ့နေရာမို့ ပိတ်ထား ရတယ်ဗျ၊ စသည် သူပြောတယ်၊ အခုမျက်လုံးပိတ်ထား၊ ဘုန်းကြီးပြောတယ်၊ ဖွင့်မိအောင် ဖွင့်တယ်၊ ရှေ့ကရဟန်း တွေက ပိုသည်းတယ်၊ အဲဒီတော့ မာန်တာမဟုတ်ပါဘူးနော်"(မှန်ပါဘုရား)။ "ဆူတာပေါ့၊ မှတ်ထား ရှေ့ပိုင်းက ဘာ၀နာခန်းလေး သက္ကာယဒိဋ္ဌိ ပြုတ်လျှင် နိဗ္ဗာန်မြင်လို့ဆိုတော့ သက္ကာယအပေါ်မှာ ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်ကို မြင်မှာ မဟုတ် လား" (မှန်ပါဘုရား)။ "နိဗ္ဗာန်မြင်မှ သောတာပန်ဖြစ်မယ်၊ သောတာပန်ဆိုတာ မြင်နိဗ္ဗာန်၊ နိဗ္ဗာန်ကိုမြင်မှာ၊ မြင်ပြီးရင် ၀င်ရမယ်၊ အဲဒါလေးတွေ၊ အဲဒါလေးတွေ၊ ကဲ. . ဒါဖြင့် ရှေ့ပိုင်းမှာ ယောဂီတို့နားရှင်းရဲ့လား" (ရှင်းပါ့ဘုရား)။ "ရှေ့ပိုင်း ဘာ၀နာခန်းလေး ဟောတဲ့အချိန်မှာ မတတ်နိုင်လို့ ပြောင်းလို့ရှိရင် သို့သော် သိပ်လည်းပဲ ခန္ဓာကို ကျုံ့ကျုံ့လေးတွေထိုင်ကြ၊ မျက်လုံးလေးတွေ မှိတ်ထားကြ၊ ပြောင်းနိုင်ပါတယ်တဲ့၊ ဟိုး. . နောက်နာရီ၀က်ကျတော့ ကျင့်ကွက်ရောက်တော့ ဘုန်းကြီးပြောပေးမယ်၊ မပြောင်းနဲ့တော့လို့ နားရှင်းရဲ့ လား" (ရှင်းပါ့ဘုရား)။ "အေးအေး--ရှေ့ပိုင်းမှာ၊ ပြောင်းခွင့်ရှိတဲ့နေရာမှာ

http://www.dhammadownload.com



မပြောင်းဘဲနဲ့ နောက်ပိုင်း သွားပြောင်းမှာ စိုးလို့ ၊ ပြောရတာက ဒီလိုပါ" (အဟမ်းဟမ်း) "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ လူ့ပြည်လူ့လောက လူသားတို့သည် အသက်ကလည်းတို၊ အဆင်းကလည်းအို၊ အနာကလည်း များကြပါသည် မြတ်စွာဘုရား၊ သို့ဖြစ်ပါ သောကြောင့် မြတ်စွာဘုရား လူ့ပြည် လူ့လောက လူသားတို့သည် အသက်တွေရှည်အောင်၊ အဆင်း တွေလှအောင်၊ အနာတွေကင်းအောင်၊ ကာမရာဂကို ပယ်ဖျက်ဖို့ အရေးမကြီးကြောင်းပါလား ဘုရားလို့ ဗြဟ္မာကြီးက--

"သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
ကာမရာဂပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ"

အဲဒိပ္ပာယ်က ခုနကအတိုင်းပါပဲ၊ မြတ်စွာဘုရား လူ့ပြည် လူ့လောက လူသား တို့သည် အသက်တွေ ရှည်အောင်၊ အဆင်းတွေလှအောင်၊ အနာတွေ ကင်းအောင် ကာမရာဂကို ပယ်ဖျက်ဖို့ အရေးမကြီး ကြောင်းပါလား ဘုရားလို့ ဗြဟ္မာကြီးက လျှောက်တော့ ဘုရားက---

"ဗြဟ္မာကြီး၊ လူ့ပြည် လူ့လောက လူသားတို့သည် အသက်တွေရှည် အောင်၊ အဆင်းတွေ လှအောင်၊ အနာတွေ ကင်းအောင်၊ ကာမရာဂကို ပယ်ဖျက် ဖို့ရာထက် အပါယ်နှင့်အမြဲ ဆက်သွယ်လျက်ရှိတဲ့ သက္ကာယ အပေါ်မှာ ဒိဋ္ဌိဖြုတ်ဖို့ ဒီထက် အရေးကြီးတယ်လို့ ဘုရားက----

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ (သံ-၁၊ ၁၂)

| | |
|---|---|
| သတ္တိယာ | = အသွားနှစ်ဘက် မြမြထက်တဲ့ လှံသွား ကြီးဖြင့်၊ |
| ဩမဋ္ဌော | = လည်မျိုရင်ဝ စူးနေသော လူတစ်ယောက်သည်၊ |
| ပဟာနာယ | = စူးသောလှံကို အမြန်နုတ်ဖို့ရန် အလို့ငှာ၊ |
| ပရိဗ္ဗဇေ | = အရေးတကြီး အားထုတ်ဘိသကဲ့သို့ လည်း ကောင်း၊ |
| မတ္ထကေ | = ဦးခေါင်း၌၊ |
| ဍယှမာနော | = အလျှံပြောင်ပြောင် မီးလောင်နေသောလူ တစ်ယောက်သည်၊ |

http://www.dhammadownload.com



| | |
|---|---|
| ပဟာနာယ | = အဲဒီမီးကို အမြန်ငြိမ်းသတ်ဖို့ရန် အလို့ငှာ၊ |
| ပရိဗ္ဗဇေတိဗိယ | = အားထုတ်ဘိသကဲ့သို့ လည်းကောင်း၊ |
| သက္ကာယဒိဋ္ဌိပဟာနာယ | = အပါယ်နှင့် အမြဲဆက်သွယ်လျက်ရှိတဲ့ သက္ကာယအပေါ်မှာ ဒိဋ္ဌိပြုတ်ဖို့ရာ အလို့ငှာ၊ |
| သတော | = သတိနှင့် ပြည့်စုံသော၊ |
| ဘိက္ခု | = ရဟန်းလူရှင် သူတော်စင်တစ်ဦးသည်၊ |
| ပရိဗ္ဗဇေ | = အသက်ခန္ဓာ မငဲ့ညှာဘဲ ရက်စက်စွာ ပြုကျင့် အားထုတ်ကြရာသတည်း။ |

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

"အဲဒါ ဘုရားပေးတဲ့ ဥပမာ၊ ကုန်း ရှိမခိုးနဲ့နော်၊ ကုန်းရှိမခိုးနဲ့ ရှိခိုးတာတော့ အပြစ်မရှိဘူး၊ ဒီမှာပေးတာက တစ်မျိုး၊ အသစ်တွေ၊ ဒီတော့ ဒီတော့ ကုန်း ရှိမခိုးနဲ့ အခုဟာက အဲဒါရိုးရာ၊ သို့သော် ရှိခိုးခြင်းအားဖြင့် အပြစ်တော့ မရှိဘူး၊ လိုရာ သွားရမှာက ရှေ့ကို သစ္စာခန်းကို ရောက် အောင်၊ နောက် ရှိမခိုးနဲ့၊ ရှိမခိုးနဲ့၊ ဣန္ဒြေကာယိန္ဒြေ ပျက်သွားမယ်၊ ဒါက ဘုရားပေးတဲ့ ဥပမာ၊ လူ တစ်ယောက်ဟာတဲ့ ရင်ဝမှာ စူးနေသော ဟိုဘက်သည်ဘက် ပေါက်လောက် အောင် စူးနေသော လှံချက်ကြီးကို နှုတ်ဖို့ အရေးမကြီးဘူးလား" (အရေးကြီး ပါတယ်ဘုရား)။ "မိမိမှာ မီးအပြည့်လောင်နေသော ပုဂ္ဂိုလ်၊ ဒီ မီးငြိမ်းဖို့ အရေးမကြီးပါလား" (အရေးကြီးပါတယ် ဘုရား)။ "အေး--ဘုရားရှင် ကိုယ်တော်မြတ်က အပါယ်နဲ့ အမြဲဆက်သွယ်လျက်ရှိတဲ့ သက္ကာယအပေါ်မှာ ဒိဋ္ဌိပြုတ်ဖို့ အရေးကြီးတယ်၊ ဘာကြောင့်လဲဆိုရင် အဲဒီ လှံကြီးကို မနှုတ်မိလို့ သေရင် တစ်သက် သေပါလိမ့်မယ်၊ ဦးခေါင်းမှာ လောင်နေသော မီးကို ငြိမ်းသတ်ဖို့ရာ နောက်ကျနေမယ်ဆိုရင် သေရင် တစ်သက်သာ သေပါ လိမ့်မယ်၊ အပါယ်နဲ့ ဆက်သွယ်လျက်ရှိသော သက္ကာယအပေါ်မှာ ဒိဋ္ဌိမပြုတ်လို့ နောင်တစ်ခါ အပါယ်ကျမယ်ဆိုရင် အဲဒီ အပါယ်မှာ စူးမယ့် လှံတွေ၊ လောင်တဲ့ မီးတွေ အနန္တဖြစ်ခြင်းကြောင့် (အဟမ်းဟမ်း)" (မှန်ပါဘုရား)။ "ယောဂီတို့ နားရှင်းရဲ့လား" (ရှင်းပါဘုရား)။

သက္ကာယဒိဋ္ဌိပဟာနာယ သတော ဘိက္ခု ပရိဗ္ဗဇေ

သတော = သတိနှင့် ပြည့်စုံသော၊

http://www.dhammadownload.com



ဘိက္ခု = ရဟန်းလူရှင် သူတော်စင်တစ်ဦး သည်၊

ပရိဗ္ဗဇေ = အသက်ခန္ဓာမငဲ့ညှာဘဲ ရက်စက်စွာ ပြုကျင့်
အားထုတ်ကြရာသတည်း။
(သာဓု၊ သာဓု၊ သာဓုပါဘုရား)

"စကားလေး နည်းနည်း နည်းနည်း ပြသွားတယ်နော်" (မှန်ပါ ဘုရား)။ "ရင်ဝလုံ့စူး ဦးခေါင်း မီးလောင်တဲ့ အရေးကြီးတဲ့ သက္ကာယ အပေါ်မှာ ဒိဋ္ဌိဖြုတ်ဖို့ ဒီထက် အရေးကြီးတယ်ဆိုတော့ လောက ဒီထက် အရေးကြီးတာများ လောကမှာ ရှိပါ့မလား" (မရှိပါဘုရား)။ "ယောဂီတို့ ကြပ်ကြပ်စဉ်းစားနော" (မှန်ပါ့ဘုရား)။ "ကြပ်ကြပ်စဉ်းစားနော" (မှန်ပါ့ဘုရား)။ "ကဲ--ဒါဖြင့် အရေးကြီးပြီဆိုပြီးတော့ ဒီသက္ကာယအပေါ်မှာ ဒိဋ္ဌိပြုတ်ချင်လွန်းလို့ အသက်နဲ့ခန္ဓာ မငဲ့ညှာဘဲ လုပ်ပါဆိုတော့ မေးကြည့် ချင်တယ်၊ ဘယ်လိုများ လုပ်မလဲလို့၊ ဟင်--"(မှန်ပါ့ဘုရား)။ "မေးကြည့်ချင်တယ်၊ ဘယ်လိုများ လုပ်မလဲလို့၊ အဖြေ လွယ်ပါ့မလား"(မလွယ်ပါဘုရား)။" "အဖြေလွယ်ပါ့မလား"(မလွယ်ပါ ဘုရား)။ "အေး-အင်မတန် ခက်တယ်၊ မလွယ်တာရှိရင် ဘာရှိမလဲ" (လွယ်တာရှိပါတယ် ဘုရား)။ "အေး-- လွယ်တော့ မလွယ်ဘူး၊ လွယ်တဲ့နည်း ပေးလိုက်တာ၊ နားသာ ထောင်ပေရော့၊ စကားလေး နည်းနည်း ပြထားတယ်နော်၊ ကြပ်ကြပ်လည်း စဉ်းစား၊ တရားသမားတွေ လောက ပေါတယ်နော်၊ သို့သော် တရားရှင် ရှားတယ်နော်" (မှန်ပါ့ ဘုရား)။ "တရားသမား ပေါတယ်၊ တရားရှင် ရှားတယ်နော်၊ အဲဒါလေးက အဓိပ္ပါယ် တစ်မျိုးပဲ၊ (အဟမ်းအဟမ်း)၊ နောက်တစ်ဦးက လျှောက်တယ်၊ 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိနဲ့ မြတ်စွာဘုရား၊ သက္ကာယဆိုတာ ဘယ်ဟာ ခေါ်၍ ဒိဋ္ဌိဆိုတာ ဘယ်ဟာခေါ်ပါသလဲ'လို့ အဲဒီလို ဝိသာခဒကာ လျှောက်တဲ့အခါ ဘုရားက--

ပဉ္စ ခေါ ဣမေ အာဝုသော ဝိသာခဥပါဒါနက္ခန္ဓာ သက္ကာယော ဝုတ္တော ဘဂဝတာ။

အာဝုသော ဝိသာခ = ငါ့ရှင် ဝိသာခ၊

ဥပါဒါနက္ခန္ဓာ = ဥပါဒါန်စွဲကပ်လျက်ရှိသော ခန္ဓာတို့သည်။ ပဉ္စ၊ ငါးပါးတို့သည်။

http://www.dhammadownload.com



| | | |
|---|---|---|
| က္ကမေခါ | = | ဤ ပဉ္စရှိငါးပါးတို့ကို၊ |
| သက္ကာယော | = | သက္ကာယဟူ၍၊ |
| ဘဂဝတာ | = | ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်။ |
| ဝုတ္တော | = | ဟောတော်မူအပ်၏ ငါ့ရှင်ဝိသာခ၊ |

"ဤခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟာ သက္ကာယပဲမှတ်ထားနော်" (မှန်ပါ့ဘုရား)။ "ခန္ဓာပါးပါး နာမ်ရုပ်နှစ်ပါးကို ဘာခေါ်တယ်" (သက္ကာယ ပါဘုရား)။ "သက္ကာယဆိုတာ ဘာခေါ်လဲ"(ခန္ဓာငါးပါးပါဘုရား)။ "ခန္ဓာပါးပါးပါပဲ၊ အတိုကတော့နော်" (မှန်ပါ့ဘုရား)။ "အေး--ခန္ဓာငါးပါးကို သက္ကာယ ခေါ်ကြောင်း၊ သက္ကာယဆိုတာ ခန္ဓာငါးပါးကိုခေါ်ကြောင်း သိပြီနော်" (မှန်ပါ့ဘုရား)။ "ဒိဋ္ဌိကို ပြောမယ်၊ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ ခွဲပေးနေတာနော်" (မှန်ပါ့ဘုရား)။

(သန္တော သံဝိဇ္ဇမာနော ကာယော သက္ကာယော
တေဘူမိကခန္ဓပဉ္စကသ္သ သန္တာနမိစ္ဆာဝသေန ဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိ။)

"သက္ကာယနဲ့ ဒိဋ္ဌိ တစ်လုံးစီ ရှင်းပေးနေတာနော" (မှန်ပါ့ဘုရား)။ "သက္ကာယဆိုတာ ဘာကိုခေါ်တယ်" (ခန္ဓာငါးပါးပါဘုရား)။ "ခန္ဓာငါးပါးကို ခေါ်တယ်နော" (မှန်ပါ့ဘုရား)။ "ခန္ဓာငါးပါးကိုလည်း ဘာခေါ်တယ်" (သက္ကာယပါဘုရား)။ "အဲ-- အဲဒါ သက္ကာယ သိသွားပြီ၊ ဒိဋ္ဌိကို ပြောမယ်"

| | | |
|---|---|---|
| သန္တော သံဝိဇ္ဇမာနော | = | အထင်အရှားရှိသော။ |
| ကာယော | = | ရုပ်နာမ်နှစ်ခုတို့၏ အပေါင်းသည်။ |
| သက္ကာယော | = | သက္ကာယမည်၏။ |
| တေသံ | = | ထိုသက္ကာယဟူသော အမည်သည်၊ |
| တေဘူမိကခန္ဓပဉ္စကဿ | = | ဘုံသုံးပါး၌ အထင်အရှားရှိသော ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး၏။ |
| နာမံ | = | အမည်တည်း။ အတူတူပဲ၊ |

ဘုံသုံးပါးမှာ တကယ်ရှိတဲ့ ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးကို သက္ကာယ ခေါ်ကြောင်း ဒါပဲ ရှိသေးတယ်၊ နောက်ပြီးတော့--

http://www.dhammadownload.com



သက္ကာယေ = ထိုရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး အထင်ရှား ရှိသော၊
မိစ္ဆာဝသေန = ချွတ်ယွင်းဖောက်ပြန်သည်၏ အစွမ်းဖြင့်၊
ဒိဋ္ဌိ = မှားသောအားဖြင့် ထင်ခြင်း၊ မြင်ခြင်း၊ ယူဆခြင်းသည် သက္ကာယဒိဋ္ဌိမည်၏။ ချဲ့လိုက်---

"ဘုံသုံးပါး၌ အထင်အရှားရှိသော သက္ကာယအပေါ်မှာ အမှန် မသိ တာက" (ဒိဋ္ဌိပါဘုရား)။ "နားရှင်းရဲ့လား" (ရှင်းပါဘုရား)။ "ဘုံသုံးပါးမှာ တကယ်ရှိတဲ့ ဘုံသုံးပါးအပေါ်မှာ တကယ်ရှိသော ခန္ဓာငါးပါး(တစ်နည်း) နာမ်ရုပ်နှစ်ပါး သက္ကာယ မှန်ရှိနော်" (မှန်ပါ့ဘုရား)။ "အဲဒီ အမှန်ရှိတဲ့ သက္ကာယ အပေါ်မှာ အမှန်မသိတာက" (ဒိဋ္ဌိပါဘုရား)။ "ဒါက သက္ကာယနဲ့ ဒိဋ္ဌိတစ်လုံးစီ ရှင်းပေးနေတာနော်" (မှန်ပါ့ဘုရား)။"ဒါဖြင့် လောကမှာ ခုနက ဂါထာက လည်းပြောခဲ့တယ်၊ ခေါင်းစီးလည်း တန်းထားတယ်၊ သက္ကာယဒိဋ္ဌိပြုတ်လျှင်" (နိဗ္ဗာန်မြင်ပါဘုရား)။ ဒါဖြင့် သက္ကာယဒိဋ္ဌိ မပြုတ်လို့ရှိရင် သံသရာမှာ ခုန ဂါထာက ပြောခဲ့တယ် နော်"(မှန်ပါ့ဘုရား)။ "ဒါဖြင့်လူတွေက သက္ကာယ ဒိဋ္ဌိမပြုတ်လို့" အပါယ်ကျတယ်၊သံသရာရှည်တယ် ဆိုတော့ သိသောပုဂ္ဂိုလ် ရှိသော် လည်း လူတိုင်း သက္ကာယက အပါယ်ချမှန်း မသိ၊ ဒိဋ္ဌိက အပါယ် ချမှန်း မသိ (ဟင်) " (မှန်ပါ့ဘုရား)။ "လူတိုင်း သိပ့်မလား" (မသိနိုင်ပါဘုရား)။ "သက္ကာယခန္ဓာငါးပါး အမှန်ရှိ တရားကိုယ်က အပါယ်မချနိုင်ပါဘူး၊ အပါယ်ချတဲ့ လက်သယ်က ဘယ်သူ"(ဒိဋ္ဌိပါဘုရား)။ "ဒိဋ္ဌိနော" (မှန်ပါ့ဘုရား)။ "ဒါဖြင့် သက္ကာယကို ဖြုတ်ရမှာလား၊ ဒိဋ္ဌိကိုဖြုတ်ရမှာလား" (ဒိဋ္ဌိဖြုတ်ရမှာ ပါဘုရား)။ "(အဟမ်းအဟမ်း) စကားလေးတွေ တစ်လုံးတစ်လုံး ပြပေးထား ပြီးနော်" (မှန်ပါ့ဘုရား)။ "ဘုန်းကြီးကို ကျင့်ကွက်မပေးသေးဘူး၊ အင်မတန် အဖိုးတန်တယ်၊ ဒီလိုနေနိုင်ရင် မနေနိုင်တဲ့အခါကျတော့ ပြောင်းနိုင်ပါတယ်တဲ့၊ နေနိုင်ရင် သိပ်ကောင်း တာပေါ့၊ ရွှေပိုင်း ဘာဝနာခန်းမှာလည်း သစ္စာရနိုင်တယ်၊ ဒီလောက်ထိ ထုတ်မပြောဘူးနော်"(မှန်ပါ့ဘုရား)။ "ပြောစကားသာ နားထောင်၊ ပြောစကားသာနားထောင်၊ ယုံကြည်တဲ့ သဒ္ဓါသာ ပါပစေ၊ အခု ကတည်းက ပြောမယ်၊ လောကဘေးနဲ့ အပါယ်ဘေးက လွတ်ကြောင်း တစ်မဂ်ကို အကြိမ် နှစ်ဆယ် ရဲရဲတာဝန်ယူတယ်" (မှန်ပါ့ ဘုရား)။ "ရဲရဲတာဝန်ယူတယ်၊ မယုံသော ပုဂ္ဂိုလ်ကိုဖြင့် ဘယ်လိုမှ ဘုန်းကြီး တာဝန်ယူလို့ မရဘူး၊ ဘုရားကော ရပ့်မလား" (မရပါဘူးဘုရား)။ "ဘာဖြစ်လို့ ပါလိမ့်" (မယုံလို့ပါဘုရား)။ "အေး---

http://www.dhammadownload.com



သဒ္ဓါပြတ်လို့ ခုနကပြောသွားတယ်၊အသဒ္ဓိမိဖုရားကြီး သဒ္ဓါပြတ်နဲ့ သောတာပန် တည်သလို ဆုမပေးသွားဘူးလား" (ပေးသွားပါတယ်ဘုရား)။ "အဲဒါယုံတာ လေးပါပါစေ၊ ပြောစကားနားထောင်ပစေ၊ အပါယ်လောက် တစ်မင်္ဂလောက် တော့ ရဲရဲတာဝန်ယူတယ်၊နှစ်ဆယ်ဆိုတာနည်းသေးတယ်နော" (မှန်ပါ့ဘုရား)။ "အဲဒါ ယုံယုံကြည်ကြည်နဲ့ သာလိုက်ပါ၊ ဘယ်လောက်မှ မပင်ပန်းဘူး၊ တစ်နာရီ လေးဟာ ဖြစ်ချင် သလို ဖြစ်ပစေ၊ ဒီခန္ဓာဟာ တစ်သံသရာလုံး ပြောချင်တယ်၊ စကားလေး တွေက ရှည်မှာစိုးလို့၊ ဒါဖြင့် ဘယ်သူ့ကို ဖြုတ်ရမယ်" (ဒိဋ္ဌိကို ပါဘုရား)။"သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်၊မပြုတ်လို့ သံသရာလည်တော့ ဘယ်သူ့ကို ဖြုတ်ရမှာလည်း " (ဒိဋ္ဌိကိုပါဘုရား)။ "ဒိဋ္ဌိကိုဖြုတ်ရမယ်နော်၊ ဒါဖြင့်လမ်း တစ်ခုပြမယ်၊ ဒိဋ္ဌိပြုတ်သော လမ်းစဉ်၊ အဲဒါလေးမှတ်ထားနော" (မှန်ပါ့ဘုရား)။ "သက္ကာယဒိဋ္ဌိ ပြုတ်လျှင် နိဗ္ဗာန်မြင်"ဆိုတဲ့ နေရာမှာ ခေါင်းစီး ချင်းတူသော်လည်း ဟောကွက်မတူအောင် အကျိုးချင်းတော့ တူတယ်နော်" (မှန်ပါ့ဘုရား)။ ဒါဖြင့်ရင် ဒီမှာ ဆောင်ပုဒ်ကလေး နည်းနည်းမှတ်ထား၊ "သီလအစ သမာဓိအလယ် ဝိပဿနာအဆုံး၊ ဒိဋ္ဌိပယ်ဖြုတ်နိုင်တဲ့ လမ်းရှည်လမ်းစဉ် သုံး" မှတ်ထား၊ သီလအစ သမာဓိအလယ် ဝိပဿနာပညာအဆုံး ဒိဋ္ဌိပယ်ဖြုတ် နိုင်တဲ့ လမ်းရှည် လမ်းစဉ်သုံး၊ လမ်းရှည်နော်" (မှန်ပါ့ဘုရား)။ "နောက်တစ်ခု "သီလအစ သဒ္ဓါ အလယ် ပညာအဆုံး ဒိဋ္ဌိပယ်ဖြုတ်နိုင်တဲ့ လမ်းတိုလမ်းစဉ်ထုံး" လမ်း၊ ဘယ် နှစ်လမ်းလည်း" (နှစ်လမ်းပါဘုရား)။ "ဒိဋ္ဌိဖြုတ်တဲ့ လမ်းစဉ်သည် နံပါတ်(၁)လမ်းရှည်၊ နံပါတ် (၂) လမ်းတို မှတ်ထားနော်၊ ပြန်ပြောမယ်၊ လမ်းရှည်၊ သီလအစ သမာဓိအလယ် ပညာအဆုံး ဝိပဿနာပေ့ါနော်" (မှန်ပါ့ဘုရား)။ "ဒိဋ္ဌိပယ်ဖျက်နိုင်တဲ့ လမ်းရှည်လမ်းစဉ်သုံး၊ လမ်းရှည်နော်" (မှန်ပါ့ ဘုရား)။ "နောက်တစ်ခု သီလအစ သဒ္ဓါအလယ်ပညာအဆုံး ဒိဋ္ဌိပယ်လမ်းတို လမ်းစဉ် ထုံး၊ မှတ်မိပလား" (မှတ်မိပါပြီဘုရား)။"သီလအစ သမာဓိအလယ် ပညာအဆုံး ဝိပဿနာ အတူတူပါပဲနော်" (မှန်ပါ့ဘုရား)။ "ဒိဋ္ဌိပယ်ဖျက်နိုင်တဲ့ လမ်းရှည် လမ်းစဉ်သုံး၊ လမ်းရှည်၊ နောက်တစ်ခုလမ်းတို၊ သီလအစ သဒ္ဓါ အလယ် ပညာ အဆုံး၊ ဒိဋ္ဌိပယ်ဖျက်နိုင်တဲ့ လမ်းတိုလမ်းစဉ်ထုံး၊ မှတ်မိပြီနော်" (မှတ်မိပါပြီ ဘုရား)။ အဲဒါရှင်းတမ်းလေးအနည်းငယ် ရှင်းမဲ့ ရှင်းတမ်းလေး (မှန်ပါ့ဘုရား) "ဘုန်းကြီးတို့ဒီမှာ နှစ်ပိုင်းခွဲပြီးတော့ သိလည်းသိစေချင်တယ်၊ မိမိတို့လည်း

http://www.dhammadownload.com



သက်သာရာရအောင်လို့ ကျင့်ကွက်လေးကို သေးသေးပဲ ပေးတဲ့ နေရာမှာ သိပ်ရှည်တိုင်းလည်း မရဘူး၊ ဒါကြောင့် သီလအစ သမာဓိအလယ် ပညာအဆုံး လမ်းရှည် ရှင်းတမ်းလေးနော" (မှန်ပါ့ဘုရား)။ "နည်းနည်း မှတ်ထား၊ ယောဂီတွေက ဒီမှာတရားအားထုတ်သော ယောဂီတွေပုဂ္ဂိုလ်များ နည်းနည်းများကြပါတယ်၊ ဘုန်းကြီးတို့ကလည်း အဲဒီက တက်လာတာပါပဲ၊ ရိပ်သာနော်၊ အဲဒါကြောင့် ဒီတရားလေးကို လမ်းရှည်နဲ့လမ်းတိုလေး အသိပေးပါတယ်၊ ဒါဖြင့်ရင် လမ်းရှည်ရှင်းတမ်းလေး မကျဉ်းမကျယ်ပေါ့၊ နံပါတ် (၁) သီလအစ၊ နံပါတ်(၂) သမာဓိအလယ်၊နံပါတ် (၃) ပညာအဆုံးနော်" (မှန်ပါ့ဘုရား)။ "အဲဒါ လမ်းရှည်ဆိုတော့ သီလ သမာဓိ ပညာလမ်းပေါ့၊ အင်မတန် မှန်တယ်နော်" (မှန်ပါ့ဘုရား)။ "နားထောင်ထား၊ နားထောင်ထား၊ အင်မတန် မှန်တယ်၊ အဲဒီလမ်းလ မှန်ပင်မှန်ပါငြားသော်လည်းပဲ အားထုတ်တော့မယ် ဆိုပါတော့" (မှန်ပါ့ဘုရား)။ "အစောကနေ ပြီးတော့ ရင်ဝလှံစူး ထိပ်ဦးမီးလောင် လုပ်တော့မယ်ဆိုပါတော့နော်" (မှန်ပါ့ဘုရား)။ နည်းနည်းစကားလေး ဆက်စပ် ထား၊ အခု ပြောင်းမယ်ဆိုရင် ပြောင်းနိုင်တယ်၊ အိပ်တော့ မငိုက်နဲ့နော်" (မှန်ပါ့ဘုရား)။ "နံပါတ် (၁) သီလအစဆို နံပါတ် (၂)" (သမာဓိအလယ်ပါဘုရား)။ "နောက်နံပါတ် (၃)" (ပညာအဆုံးပါဘုရား)။ "နံပါတ်(၁) ဒီကအစ တက်ရတယ်၊ သူက လမ်းရှည်ကိုး၊ လူဆိုရင် လူသီလ လုံခြုံရမယ်နော်"(မှန်ပါ့ဘုရား)။ "ရှစ်ပါးသီလ၊ အာဇီဝဋ္ဌမကသီလ၊ ဣန္ဒြိယသံဝရသီလ၊ လေ့ကျင့်ရဦးမယ်၊ မျက်စိ၊နား၊ နှာခေါင်း၊ ပါးစပ်၊ ကိုယ်၊ စိတ် ဣန္ဒြေရအောင် တစ်ရက်တည်း လေ့ကျင့်လို့ ဖြစ်ပါ့မလား" (မဖြစ်ပါဘူး ဘုရား)။ တစ်လလေ့ကျင့် လို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) "အာဇီဝဋ္ဌမကသီလ၊ ရှစ်ပါး သီလ၊ ခုနပြောတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ကိုယ်၊ စိတ်ကို သိမ်မွေ့အောင် ဒါလေးတွေကလည်း တစ်လကော ဖြစ်ပါ့ မလား" (မဖြစ်ပါဘုရား)။ "ဒါ သီလပဲ ရှိသေးတယ်နော်" (မှန်ပါ့ဘုရား)။ "တစ်နှစ်ကော ဖြစ်ပါ့မလား" (မဖြစ်ပါ ဘုရား)။ "မဟုတ်ဘူး၊ တောက်လျှောက်ကျင့်ရမယ်လေ၊ အဲဒီသီလ အစကတည်းကိုက လွယ်ပါ့မလား" (မလွယ်ပါ့ဘုရား)။ "တစ်ရက်ကလေးဆောက်တည်လိုက်၊ ခုနစ်ရက်လောက် ရိပ်သာဝင်လိုက်၊ ဓမ္မဓိဋ္ဌာန် ဘုန်းကြီးတို့လည်း ရိပ်သာဘုန်းကြီး၊ တစ်ချိန်က နောက်ပြန်သွား ဒီလိုမဟုတ်ဘူး၊ တွန်းရမယ်၊ သူက တဏှာသတ်နော်၊ မှတ်ထား၊ ဘုန်းကြီးပေးတာက ဝိသာခါတို့၊ အနာထပိဏ်တို့ အိုးနဲ့အိမ်နဲ့

http://www.dhammadownload.com



နေတာ၊ သောတာပန်မဟုတ်ဘူးလား၊ အဲဒါ သဒ္ဓါပြတ်၊ လှူကိုပေးတာ၊ သဒ္ဓါပြတ်လေးမဂ်လေးဖိုလ်ဝင်တဲ့ တဏှာသတ် မဟုတ်ဘူး၊ သီလ သမာဓိ ပညာလမ်းက တဏှာသတ်" (မှန်ပါ့ဘုရား)။ "တဏှာထဲကနေ ပြီးတော့ သတ်ကြ၊ သတ်ကြ၊ အဲဒီ အိုးနဲ့အိမ်နဲ့ ဝိသာခါ၊ အနာထပိဏ် စသည်အများကြီး" (မှန်ပါ့ဘုရား)"လူတွေအများကြီး၊ အိုးနဲ့ အိမ်နဲ့ ထိုက်တန်တာက သဒ္ဓါပြတ်" (မှန်ပါ့ဘုရား)။ "နောက်တစ်ဆင့်မှ နိဗ္ဗာန်ဝင်၊ နားရှင်းရဲ့လား၊ အင်း-- နောက်မျက်လုံးလေး ဣန္ဒြေရပစေ၊ လူတွေ၊ လူတွေ၊ မှိတ်ပြန်တော့လည်း အိပ်သွားဦးမယ်၊ သူတို့ဘက်က နည်းနည်းဆင်းရဲခံလိုက်ပါနော်၊ဘုန်းကြီးတို့ ဘဝါဘဝက ကံမျိုးများ လောကဘေးလွတ်ဖို့ လူတစ်ယောက်၊ ရဟန်းတစ်ပါး မလွယ်ဘူးနော်" (မှန်ပါ့ဘုရား)။ အပါယ်ဘေးလွတ်ဖို့ရာက ထို့ထက်မလွယ်ဘူးနော်" (မှန်ပါ့ဘုရား)။ "ဒီနှစ်ခု ဘေးအပေါင်းလွတ်ရုံလေး တစ်နာရီကျင့်ကွက်လေးလည်း ရှေ့မှာ နည်းနည်း လေးပဲရှိပါတော့တယ်၊ နည်းနည်း ဆင်းရဲခံကြ၊ မဖြစ်လောက်ဘူး၊ အခု ပြောနေတယ်၊ လမ်းရှည်ကို လုပ်နေ ကြတာပဲ၊ သီလက တစ်ရက်၊ နှစ်ရက်တည်း မဟုတ်ဘူး၊ တောက်လျှောက် သူကတွန်းရမယ်၊ ဘယ်နှယ် တွန်းနိုင်ပါ့မလား" (မတွန်းနိုင်ပါဘုရား)။ "နို့အသက်နဲ့ကိုယ် မငဲ့ဘဲနဲ့ လုပ်မယ်ဆို" (မှန်ပါ့ဘုရား)။ "ဒီစကား ဒီမှာ ခပ်ကျယ်ကျယ် ပြောတာ၊ အဓိပ္ပာယ်ရှင်းရဲ့လား" (ရှင်းပါတယ် ဘုရား)။ "အခုန ရင်ဝလှံစူး ဂါထာလေးပြခဲ့တယ်၊ ဦးခေါင်းမီးလောင်တဲ့ပုဂ္ဂိုလ် အရေးတကြီးဒီထက် မရှိဘူးဆို၊ နို့ လုပ်ပြီလေ၊ တရားအားထုတ် ပြီလေ၊ ဘယ့်နှယ်လဲ၊ ယောဂီတွေ၊ အဖြေနည်းလှချည်လား၊ ပင်ပန်းနေ ကုန်ပလား၊ အော်--- စိတ်ပါလက်ပါလေးနဲ့ အဖြေနည်းတာက သဒ္ဓါလျှော့ရဲ တယ်ခေါ်တယ်၊ ဘုန်းကြီးတို့တရား ဟောခဲ့တာ အင်မတန်ကြာခဲ့တော့ မျက်လုံး မှိတ်ထားပေမယ့် နားမှာက ဒီစကားလေး ဆက်စပ် အောင် ပြောခဲ့တာ၊ သူတို့ သိပ်ပြီးတော သဘောမဝင်ဘူး၊ သို့သော် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေတော့ သိတယ်၊ အဲဒီစကားလေး တစ်လုံးကို ဟိုနားကတစ်လုံး၊ ဒီနားက တစ်လုံး ဆက်စပ်ပြီးတော့ ယူတတ်အောင်လို့ ပြောခဲ့တာ၊ သင်တို့သိပ်မသိဘူး၊ တိတ်ထဲမှာ နားထောင်၊ အခုပြောင်းနိုင်ပါသေးတယ်နော်" (မှန်ပါ့ဘုရား)။ သီလ အစပဲရှိသေးတယ်၊ နံပါတ် (၁)၊ သမာဓိတောင် မတက်ရသေးဘူးလေ" (မှန်ပါ့ဘုရား)။"ဒါပေမယ့် ဒီသီလက ဘယ်နှစ်ရက် လုံရမှာလဲ၊ တောက်လျှောက် လုံရမှာ၊ အဲဒီသီလနဲ့ ပြည့်စုံပြီးတော့ သမာဓိ၊ တစ်နှစ်၊ နှစ်နှစ်၊ ဆယ်နှစ်၊ အနှစ်

http://www.dhammadownload.com



နှစ်ဆယ်၊ သုံးဆယ် မထူထောင်ရဘူးလား" (ထူထောင်ရပါတယ်ဘုရား)။ "အဲဒီကြားထဲမှာ မသေဘူးလို့ အသက်ကို ဘယ်သူက တာဝန်ယူမလဲ" (မယူနိုင်ပါဘုရား)။ "တစ်မဂ်မရဘဲနဲ့ သေတော့ အပါယ်ကလွတ်ပါမယ်လို့ ဘယ်သူက တာဝန်ယူသတုံး" (မယူနိုင်ပါဘုရား)။

အရေးတကြီးလုပ်တဲ့ ပုဂ္ဂိုလ်တွေ ကြပ်ကြပ်သတိထား၊ ဒါကြောင့်မို့ ဘုန်းကြီးများ အရေးတကြီး နောက်တော့ပြောမယ်၊ အရေးတကြီး တစ်ခဏတည်းနဲ့ တစ်နာရီမှာလဲပဲ မဂ်တစ်ခုကျတယ်ဆိုတာ မျက်တောင်တစ်ခတ်၊ ဒါကြောင့်မို့ ဒီလိုနေကြ၊ ဒီလိုထိုင်ကြ၊ ဒီလိုထိုင်ကြ၊ ဒီလိုနေကြလို့ အကုန်လုံး သင်တို့မသိဘူး၊ ပညာရှိများ နောက်ကိုတိုင်ပင်ပါ၊ အဲဒါ သီလအစကတည်းကိုက လွယ်ပါ့မလား" (မလွယ်ပါဘုရား) ။"အဲဒါ မလွယ်ရင် ခက်လို့ပေါ့ " (မှန်ပါဘုရား) ။" နောက် သမာဓိပညာတွေ ရှိသေးတယ် မဟုတ်လား" (မှန်ပါဘုရား)။ "လမ်းရှည်၊ သီလအစ သမာဓိအလယ် ဝိပဿနာအဆုံး ဒိဋ္ဌိ ပယ်ဖျက်နိုင်တဲ့ လမ်းရှည် လမ်းစဉ်သုံး၊ မှန်တယ်၊ မှန်တယ်၊ မှန်ပင်မှန်ငြားသော်လည်းပဲ ဘုရားလက်ထက်က သမ္ပတ္တိနော်၊ အသက်ကလည်း ရှည်တယ်၊ အနာကလည်း ကင်းတယ်၊ အစာကလည်းပေါတယ်၊ လောကကြီးကလည်း နေလို့ အင်မတန်မှကောင်းတယ်၊ လူတွေကလည်း နည်းနည်း လေး ပယောဂ သမ္ပတ္တိ၊ အားထုတ်မှု ပြင်းထန်တယ်ခေါ်တယ်၊ အခု ပယောဂ ဝိပ္ပတ္တိ၊ လူတွေ ကလည်း နည်းနည်းလေး အားထုတ်တယ်၊ များများလိုချင်တယ်၊" (မှန်ပါ့ဘုရား)။ "ဖြစ်ပါ့ မလား (မဖြစ်ပါဘူးဘုရား)။ "အဲဒီတော့ သီလ သမာဓိ ပညာလမ်းမှန်သော် လည်း ကာလတွေ ပြောင်းရွှေ့လာတယ်၊ ဟိုလူတွေက ဒီလူတွေမဟုတ်ဘူး" (မှန်ပါ့ဘုရား)။ "ဘုန်းကြီးတို့ ဟိုး သာသနာလက်ထက်က လူတွေက ဒီလူတွေမဟုတ်ဘူး၊ ဒီလောက်ပြောရင် မရိပ်မိ ဘူးလား" (ရိပ်မိပါတယ်ဘုရား)။ "အခု အသက်ကလည်းတိုတယ်၊ အနာကလည်းများတယ်၊ အစာကလည်းရှားတယ်၊ လောကကြီးကလည်း လောကကြီးဆိုတော့ သီလ အစ သမာဓိအလယ် လမ်းမှန်ပါသော်လည်း လုပ်ဖို့လွယ်ပါ့မလား" (မလွယ်ပါဘုရား)၊ "မလွယ်ရင် ဘုရားဆွေတော်မျိုးတော်တွေ အပါယ်ကလွတ်ဖို့ လွယ်ပါ့မလား" (မလွယ်ပါ ဘုရား)။ "မလွယ်ရင် လွယ်တာရှိတယ်" (မှန်ပါ့ဘုရား)။ "သိပ်တော့မပေါဘူး၊ နားရှင်းရဲ့လား" (ရှင်းပါတယ်ဘုရား)။ "အဲဒါ သီလအစ သမာဓိ အလယ် ဝိပဿနာအဆုံး ဒိဋ္ဌိပယ်သတ်နိုင်တဲ့ လမ်းရှည်လမ်းစဉ်ထုံး၊

http://www.dhammadownload.com



နားရှင်းရဲ့လား၊ အဲဒါလုပ်ကြ၊ အဲဒါလုပ်ကြ၊ နောက်တစ်ခု သီလအစ သဒ္ဓါ အလယ် အခုန ခက်ပြီကိုး" (မှန်ပါ့ဘုရား)။ "နောက်လမ်းတိုမရှိဘူးလား" (ရှိပါတယ်ဘုရား)။"မှတ်ထားဦး၊ လမ်းတို သူက သီလအစ သဒ္ဓါအလယ် ပညာ အဆုံး ဒိဋ္ဌိပယ်ဖျက်နိုင်တဲ့ လမ်းတိုလမ်းစဉ်သုံး၊ သီလအစ သဒ္ဓါအလယ် ပညာ အဆုံး ဒိဋ္ဌိပယ်ဖျက်နိုင်တဲ့လမ်းတိုလမ်းစဉ်ထုံး၊နည်းနည်းလေးရှင်းမယ်၊ ဒါယောဂီ တို့ အဟောင်းတွေ သိပြီးသား၊ သီလအစ သဒ္ဓါအလယ်ဆိုတာ ရှေ့ကျင့်ကွက် တက်တော့ အဓိဂမသီလကိုတည်မယ်နော မှန်ပါ့ဘုရား)။"အဟောင်းတွေ ပိုပြီး တော့ သိသွားတာပေ့ါ၊ မှတ်ထား" (မှန်ပါ့ဘုရား)။ "အဲဒါ သီလအစ မဂ်ပေါက် ဖိုလ်ပေါက် သစ္စာသီလ၊ အဓိဂမသီလကို၊ ကျင့်သီလ၊ ဟိုဥစ္စာက ရှောင်သီလ၊ အဲဒါရှောင်ကြ၊ ရှောင်ပြီး တော့မှကျင့်၊ ယောဂီတို့ နားလည်ရဲ့လား၊ ရှေ့ကျင့်ကွက် တက်တော့ သီလ၊ သဒ္ဓါ၊ ပညာလမ်းအတိုနော်၊ ဒါမိမိတို့လိုက်တဲ့လမ်း၊ ဘုန်းကြီး တို့ ပေးတဲ့လမ်း" (မှန်ပါ့ဘုရား)။ "သာသနာနောက်ပိုင်း ဝိမုတ္တိတစ်ပြန်မှာ သုတ်သုတ်ရတဲ့နည်း၊ အဲဒါသီလအစဆိုတော့ နောက်ကျင့်ကွက် တက်မယ်၊ မတက်သေးဘူး၊ အခု ပြောပြတာ၊ အဓိဂမသီလ၊ ကျင့်သီလ သစ္စာသီလ ရှေ့ကျတော့နော်" (မှန်ပါ့ဘုရား)။ "သဒ္ဓါအလယ်ဆိုတော့ အခုရောက် ရှိသော အလျှုရှင်နှင့်တကွ ရဟန်းလူရှင် သူတော်စင်တို့ဟာ ယုံကြည်တဲ့သဒ္ဓါနဲ့ လာတာ မဟုတ်လား၊ (မှန်ပါ့ဘုရား)၊ "အဲဒါ ယုံကြည်တဲ့ သဒ္ဓါ၊ အပြင်သဒ္ဓါမှ အတွင်း သဒ္ဓါ အဓိဂမသဒ္ဓါပြောင်းမယ်၊ သဒ္ဓါ အလယ်နော်" (မှန်ပါ့ဘုရား)။ "သစ္စာနဲ့ ခုတုံးခုမယ်၊ မှတ်ထား" (မှန်ပါ့ဘုရား)။ "ပညာက အကျိုးတရား မဂ်ပြောတာ" (မှန်ပါ့ဘုရား)။ "သီလအစ သဒ္ဓါအလယ် ပညာအဆုံး ဒိဋ္ဌိပယ်ဖျက်နိုင်တဲ့ လမ်းတိုလမ်းစဉ်ထုံး၊ အလုပ်လုပ်ပုံကလေး၊ ရှေ့ကျတော့ လုပ်မယ်နော်" (မှန်ပါ့ ဘုရား)။

**"အပါယ ဂါမိက ကမ္မာနိနာမ သက္ကာယဒိဋ္ဌိယာ**
**သတိယေဝ ဝိပစ္စန္တိနော အသတိယာ။**

**အပါယဂါမိကကမ္မာနိနာမ** =အပါယ်ပစ်ကျနိုင်သောအကုသိုလ်ကံတို့သည်၊

**သက္ကာယဒိဋ္ဌိယာ** = သက္ကာယဒိဋ္ဌိတွေ၊

**သတိယေဝ** = ရှိတာ့သာလျှင် (ဝါ) ရှိမှသာလျှင်၊

http://www.dhammadownload.com



**ဝိပစ္စန္တိ** = အပါယ်ကျအဖြစ်ဖြင့် အကျိုးပေးနိုင်ကြ ကုန်၏၊
**အသတိယာ** = သက္ကာယအပေါ်မှာ ဒိဋ္ဌိမရှိခဲ့သည်ရှိသော်၊
**နေဝဝိပစ္စန္တိ** = အပါယ်ကျအဖြစ်ဖြင့် ဘယ်တော့ကမှ အကျိုးမပေးနိုင်တော့လျှင်သတည်း။

(သာဓု၊ သာဓု၊ သာဓုပါ )

"ကုန်းရှိမခိုးကြနဲ့နော်၊ ရှေ့ကို ကျင့်ကွက်ပေးတော့ ပိုအရေးကြီးတယ်၊ ဒီလောက်ပြောလို့မှ နားမရှင်းရင်လည်း သဘောပဲ၊ ကုန်းရှိမခိုးနဲ့၊ ဒီမှာ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ကိုယ်၊ စိတ် အာရုံခြောက်ပါး သိမ်းဆည်းထားတာ၊ ပျက်သွားလို့ နားမထောင်နိုင်ရင် ဘုန်းကြီးတို့တာဝန် မယူဘူး၊ ဒါ ခဏ ခဏ ပြောနေတာတောင် သဘောပေါက်၊ အော်----ဒါဖြင့် အခုနက လမ်းတိုကို ဘုန်းကြီးပြောပြီးတဲ့နောက် အခု မလုပ်ရတော့ဘူးလား" (လုပ်ရပါသည်ဘုရား)။ "အခုနက သီလအစ၊ သဒ္ဓါအလယ်၊ ပညာအဆုံး ဒိဋ္ဌိပယ်ဖျက်နိုင်တဲ့ လမ်းတို လမ်းစဉ်ထုံးက အပြော၊ အလုပ်အသိနော်" (မှန်ပါ့ဘုရား)။

"အရှိမပေးရဘူးလား" (ပေးရပါသည်ဘုရား)။ "ကျင့်ကွက်မပါလို့ ဟောကွက် ကျင့်ကွက်နှင့်ဘုန်းကြီးယူတယ်၊ ဒါကြောင့်မို့ ကျင့်ကွက်မပါရင် ဖြစ်ပါ့မလား" (မဖြစ်ပါဘုရား)။ "အဲ--- ခုကျင့်ကွက်ပေးတော့မယ်၊ ပြောင်းထားကြတော့၊ ဟိုဘက်ဒီဘက် ကျုံ့ကျုံ့ကလေး၊ မများဘူး၊ မများဘူး၊ ၁၅-မိနစ်ခန့်ပဲ၊ ပြောင်းရင် ခုကတည်းက ပြောင်း၊ မျက်လုံးပိတ်၊ ရဟန်းတွေက ခပ်သုတ်သုတ်၊ ပရိသတ်ကြပ်တယ်၊ဘုန်းကြီးခပ်တိုတိုလေးပဲ ပေးပါ့မယ်၊ ခပ်တိုတိုလေးပဲ၊ ကျင့်ကွက် သိပ်မရှည်ပါဘူး၊ အားလုံးပဲ ငြိမ် ပြီးတော့ သူ့နေရာနှင့်သူ၊ ခန္ဓာကိုယ် မယိမ်းမယိုင် ကျောက်စာတိုင်ထားပါ ၊ မျက်စိလေးတွေက မှိတ်ထားပါ ၊ ပါးစပ်ကလေးတွေက တိတ်ဆိတ်စွာနေပါ၊ လက်ခြေ လေးတွေကလည်း ငြိမ်သက်စွာထားကြပါ၊ သတိပဋ္ဌာန် အလယ်လမ်း သောတာပန် တည်ခန်းသည် အကြောင်းပြင်တဲ့နေရာမှာ အရှည်အတိုအများကြီးရှိပါသော်လည်းပဲ ဒီမှာ ဘာဝနာခန်းနှင့်တွဲပေးရတာမို့ ရဟန်းလူရှင် သူတော်စင်တွေကလည်းပဲ ငဲ့ရတာမို့ ဟိုတုန်းကတော့ သင်တို့ တစ်နာရီပေးပါတယ်၊နောက် နာရီဝက်ပေးပါတယ်၊အခုဆိုရင် ၁၅-မိနစ်ခန့်လောက်ပဲဖြစ်ပါလိမ့်မယ်၊ခန္ဓာကိုယ်ကို မယိမ်းယိုင်ကျောက်စာတိုင်ထားပါ၊ မျက်စိလေးတွေမှိတ်ထားပါ၊

http://www.dhammadownload.com



ပါးစပ်လေးတွေက တိတ်ဆိတ်စွာနေပါ၊ ကျင့်ကွက်အတွင်းမှာ လက်ခြေလေးတွေက ငြိမ်သက်စွာထားပါ။ သီလ၊ သဒ္ဓါ၊ ပညာ လမ်းတဲ့၊ ယခုနက ဘာဝနာခန်းမှာ ပြောသွားတယ်၊ သီလ၊ သဒ္ဓါ ပညာလမ်း ခုနက ဘာဝနာခန်းမှာ ပြောသွားသလို သီလ၊ သဒ္ဓါ၊ ပညာ၊ ပညာက အကျိုးတရား သီလက ပြင်ပေးတော့မယ် အစောက ဆောက်တည်ခဲ့တဲ့ ရှစ်ပါးသီလ၊ ငါးပါးသီလ၊ ၁၀-ပါးသီလ ရှောင်သီလ၊ ခု သင်တို့ကို ရဟန်းကော လူကော ကျင့်သီလကို တင်ထားတယ်၊ အဲဒီတော့ ကျင့်သီလဆိုတော့ ဘယ် လိုလဲ။ မယိမ်းမယိုင် ကျောက်စာတိုင်လို ခန္ဓာသည် အဓိဂမသီလ၊ ကျင့်သီလ၊ သစ္စာကို သုတ်သုတ်ရောက်တဲ့ သီလ ခေါ်တယ်၊ ဘာကြောင့် ကောက်သလဲ၊ ဟိုက ပညာရှိကလာမယ်၊ နည်းနည်း ပြောရမယ်၊ ဒါလေးက နည်းနည်း ပြောရ မယ် အဓိဂမသီလကောက်ပုံ၊ ခန္ဓအဘိဓမ္မာကမ္မဖလတရား၊ အဲဒါ နည်းနည်းလေးတော့ ရှင်းရမယ်။ အတိတ်က မိမိတို့ ဒါနကို ပြုလုပ် ခဲ့တယ်။ ဒါနတစ်ခုကို လုပ်ခဲ့လို့ရှိရင်ဖြင့် ပုညကိရိယာကုသိုလ် ၁၀-ပါးပြည့်တယ်။ ဒါတွေ တိုတိုနဲ့ပဲ သွားပါရစေ။ ရှည်တိုင်းလည်း မရဘူး။ အဲဒါ အကြောင်းသင်္ခါရ အတိတ်က လုပ်ခဲ့တဲ့ ကုသိုလ်ကမ္မခေါ်သည်။ အဲဒီ ကုသိုလ်ကမ္မကို အတိတ်ကုသိုလ်ကံ ပညာရှိသတိထား၊ အင်မတန်လိုတယ်၊ ဒါတွေဟာ အဓိကကျသော အချက်တွေ မဂ်တစ်ခုကျတယ်ဆိုတာ အတိတ်နဲ့ ပစ္စုပ္ပန်မှန်မှ အနာဂါတ် အကျိုးတရား၊ မဂ်တစ်ခုကျရင် ကာလသုံးပါး ခဏလွတ်တယ်။ ကာလသုံးပါးက လွတ်သွားအောင် အတိတ်နဲ့ ပစ္စုပ္ပန်မှန်အောင် ဆရာက မပေးဘဲနဲ့ မဂ်ကို ဘယ်လိုလုပ်မလဲ၊ အဲဒါ စဉ်စားဖို့ အထူးလိုတယ်။ ပညာရှိများ အဲဒီအတိတ်က ကုသိုလ် ၁၀-ပါးသည်တဲ့ အကြောင်းသင်္ခါရ၊ ကမ္မ၊ ဒါန၊ သီလ၊ ဘာဝနာသုံးလုံး၊ ပစ္စုပ္ပန်မှာ ကိုယ့်ကိုယ်ကိုကြည့်၊ ပို့ပြမယ်၊ အတိတ်က ပစ္စုပ္ပန်ကို အတိတ်က ဒါနအကြောင်းသင်္ခါရ၊ ပစ္စုန်ပ္ပန်ပို့လိုက်တော့ ဘဝတစ်ခု၊ ဟိုကအကြောင်း ဒီကအကျိုး၊ ဟိုက အတိတ်ကမ္မ၊ ဒီက ဖလအကျိုး၊ ပစ္စုပ္ပန်ဖလခေါ်တယ်၊ အကျိုးတရား အတိတ်က သီလအကြောင်း၊ ဒီမှာက ကိုယ့်သန္တာန်ကြည့် အကျိုး၊ ယခု ထိုင်နေတယ်၊ လောကစကား၊ ပုတယ်၊ ရှည်တယ်၊ ဖြူတယ်၊ မည်းတယ်၊ ချောတယ်၊ လှတယ်၊ ဝတယ်၊ ပိန်တယ်။ အဲဒါ အတိတ်က သီလအကျိုးတရား၊ ဒါကြောင့် သင်တို့ကို မယိမ်းမယိုင်ထိုင်နေတဲ့ ခန္ဓာသည် အဓိဂမသီလ ကျင့်သီလသစ္စာ သီလ

http://www.dhammadownload.com



ကောက်ပြောခဲ့ပါတယ်။ ဟိုအတိတ်က ဘာဝနာအကြောင်း သင်္ခါရမှ ပစ္စုပ္ပန်မှာ (၃၂) ဖြာ ကောဋ္ဌာသ အကျိုးတရား၊ ချုံလိုက် ခုနက အတိတ် အကြောင်းသင်္ခါရ သီလကမ္ဗမှ မြင့်တင်၍ ရရှိတဲ့ ပုံဟန် သန္တာန်ကြည့်၊ မိမိတို့ ထိုင်နေတဲ့ ကိုယ့်ကိုယ်ကို၊ အဲဒါကြောင့်မို့ အဓိဂမသီလကောက်၊ ကျင့်သီလ ကောက်၊ သစ္စာသီလကောက်၊ အဲဒီ အဓိဂမသီလသည် သင်၊ ရဟန်း၊ လူရှင်၊ သူတော်စင်တို့အား ဘာအကျိုးပြုမလဲဆိုရင် ရဟန်း၊ လူရှင်၊ သူတော်စင်တို့၏ ရင်တွင်းမှာ နောက်နောင် အလျဉ်းသင့်လျှင် အပါယ်ကျစေနိုင်သော အကုသလဝိပါက်၊ အကုသိုလ်ကံဟောင်း အနန္တကို အဲဒီ အဓိဂမသီလက အကြောင်းဖြတ်တယ်၊ ဒုက္ခသစ္စာ တစ်ခုရတယ်၊ သီလ အတွက် ပြီးပြီ၊ သဒ္ဓါအတွက် စမ်းကလေး ဆရာတော်ကို ကံအသစ် ထပ်ဆင့် သော ပုဂ္ဂိုလ်အစ အများအဆုံး အပြင်သဒ္ဓါ၊ အဲဒီ အပြင်သဒ္ဓါမှ အတွင်းသဒ္ဓါ ရွေလိုက်တယ်၊ ရွှေ့ထားတာ ဘယ်လိုတုန်း၊ ကိုယ့်ကိုယ်ကိုကြည့်၊ တရားက ခန္ဓာမှာ၊ မိမိတို့သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဒါကြောင့် ကုန်းရှိ မခိုးနဲ့လို့ ပြောတာ၊ အဲဒီလုံ့ခြုံခြင်းသည် အဓိဂမသဒ္ဓါကောက်၊ ကျင့်သဒ္ဓါ ကောက်၊ အဲဒီအဓိဂမ သဒ္ဓါသည် သင်၊ ရဟန်း၊ ရှင်လူ၊ သူတော်စင်တို့အား ဘာအကျိုးပြု မလဲဆိုရင် ရဟန်းရှင်လူ၊ သူတော်စင်တို့၏ ရင်တွင်းမှာ အလယ် သံသရာ လည်စေ နိုင်သော ကုသိုလ်ကို အကြောင်းဖြတ်တယ်၊ သမုဒယသစ္စာ တစ်ခုရတယ်၊ အချိန်ရရင် နောက်ကျယ်ကျယ်လေး ပြောပေးမယ်၊ ရင်ထဲမှာ ပါရှိခဲ့သော အကုသိုလ်အဟောင်း အနန္တကို ဟိုက အဓိဂမသီလက အကြောင်းဖြတ် ဒုက္ခသစ္စာတစ်ခုရ၊ အလယ်သံသရာ လယ်စေနိုင်သော ကုသိုလ်တွေ ရင်ထဲမှာ ပါလာတယ်၊ အဓိဂမသဒ္ဓါက အကြောင်းဖြတ်၊ သမုဒယသစ္စာ တစ်ခုရ သင်တို့ကို ရင်ထဲမှာ ကံဟောင်းနှင့် ကံသစ် ဗလုံးဗထွေး ဖြစ်နေတာကို အကုန်လုံး ဒီမှာ သီလ၊ သဒ္ဓါနှင့် ရှင်းဖြတ်ပြီးတော့ သစ္စာ လေးပါးမှာ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ခုတုံးခုခဲ့တယ်၊ စဉ်းစားဖို့ အထူး လိုတယ်၊ နိရောဓမဂ္ဂ အကျိုးတရား၊ မျက်စိတစ်ခတ်တင် အကျိုးရနိုင်ပါတယ်၊ မေးစရာရှိတယ်၊ ဘာမှတ်ရမလဲလို့ ရိပ်သာတွေကလဲ ဒီမှာ အများကြီး၊ ဘုန်းကြီး ကလဲ အဲဒီက တက်လာတာ၊ တစ်ချိန်က ရိပ်သာဘုန်းကြီးပါပဲ၊ ဘာမှတ်ရမလဲ မေးစရာ ရှိတယ်၊ အစောက ပလ္လင်ပေါ် ရောက်ကတည်းက သင်တို့ကို ဘုန်းကြီး ဟောကြားသော တရားသည် ခန္ဓအဘိဓမ္မာ ကမ္မဖလတရား ဖြစ်ပါတယ်၊

http://www.dhammadownload.com



ဒီတရားလေးကို ကောဓမ္မော စိုက်ပြီးတော့သာ နားဆင်ထားပါ။ အစောထဲက မှတ်စိတ်က ပေးပြီးသားဖြစ်နေတယ်၊ အော်-- လောကတံထွာ ဓမ္မတာအားဖြင့် မှတ်စိတ်ပေးမယ်ဆိုရင် သဿတ ဥစ္ဆေဒ သင်တို့ လွတ်အောင် မှတ်နိုင်လိမ့်မယ် မဟုတ်ပါ။ မဂ်စွန်း၊ ဖိုလ်စွန်းလည်း လွတ်အောင် မှတ်နိုင်လိမ့်မည် မဟုတ်ပါ။ သို့ဖြစ် ပါသောကြောင့် ဖော်တော့မပြဘူး၊ သုတ်သုတ်မဂ်ရအောင်လို့ သဿတ ဥစ္ဆေဒလဲ လွတ်အောင် အတွင်းမဂ်စွန်း၊ ဖိုလ်စွန်းလဲ လွတ်အောင် ဆရာကတော့ ပေးခဲ့တယ်၊ အတွင်း အကုန်မဖော်ပြဘူး၊ ခန္ဓအဘိဓမ္မာ ကမ္မဖလ အတွင်းထဲမှာတော့ ထည့်သွင်းတယ်၊ အဲဒီ တရားလေးကို ကောဓမ္မော နားထောင်ပါတဲ့။

အပါယ ဂါမိက ကမ္မာနိနာမ သက္ကာယဒိဋ္ဌိယာ
သတိယေဝ ဝိပစ္စန္တိ နော အသတိယာ။

| | | |
|---|---|---|
| **အပါယဂါမိကကမ္မာနိနာမ** | = | အပါယ်ပစ်ကျနိုင်သော အကုသိုလ်ကံတို့သည်၊ |
| **သက္ကာယဒိဋ္ဌိယာ** | = | သက္ကာယဒိဋ္ဌိတွေ၊ |
| **သတိယေဝ** | = | ရှိတော့သာလျှင် (ဝါ) ရှိမှသာလျှင်၊ |
| **ဝိပစ္စန္တိ** | = | အပါယ်ကျအဖြစ်ဖြင့် အကျိုးပေးနိုင်ကြကုန်၏၊ |
| **အသတိယာ** | = | သက္ကာယအပေါ်မှာ ဒိဋ္ဌိမရှိခဲ့သည်ရှိသော်၊ |
| **နောဝိပစ္စန္တိ** | = | အပါယ်ကျအဖြစ်ဖြင့် ဘယ်တော့မှ အကျိုးမပေးနိုင်တော့လျှင် သတည်း။ |

(သာဓု၊ သာဓု၊ သာဓုပါ )

အားလုံးပဲ ရဟန်း၊လူရှင်၊ သူတော်စင်တို့ သင်တို့လဲ ဘယ်လိုမှ မရပါလားနော်၊ ဘုန်းကြီးတို့ ဥပမာလေးတစ်ခု သက္ကာယအပေါ်မှာ မပြုတ်တဲ့ဥစ္စာ ပြုတ်တာလေးနဲ့ တစ်တွဲတည်းပါသွားတဲ့ဥစ္စာ၊ အဲဒါ သာကေလေးတစ်ခု ဖော်ပြပေးပါ့မယ်၊ ပြောတုန်းပြောဆဲ နားသာဆင်ထား၊ မသိသည်ဖြစ်စေ၊ သိသည်ဖြစ်စေ၊အဖိုးတော့ အင်မတန်တန်တယ်၊နောက်တော့တိတ် နားထောင်တဲ့ အခါကျတော့ ပိုပေါ်လွင်ပါလိမ့်မယ်၊ ဟိုး သာဝတ္ထိမြို့တော်ကုန်သည် တစ်ယာက်။ ကုန်သည်တစ်ယောက် ရာဇဂြိုဟ်မြို့တော်ကို ကုန်သွားရောင်းတယ်၊ ဥပမာ

http://www.dhammadownload.com



ဥပမေယျ နောက်တော့ လာလိမ့်မယ်၊ သုတ်သုတ်လေး အချိန်က ဘုန်းကြီးတို့ တစ်နာရီ တိတ်ချိန် ဟောရတာ၊ သိပ်မလွယ်ဘူး၊ ဆက်စပ်မိ အောင်လဲ သွားရတယ်၊ လွယ်အောင်လဲ အလုပ်လုပ်ရတယ်၊ ကုန်သည် ဆိုတော့ သုတ်သုတ် ကုန်ရောင်းလိုက်တော့ ကုန်ပြီဆိုပါတော့၊ အဲဒါကုန်တွေ ကုန်တော့ ကုန်ထုပ်မှ ငွေထုတ်ဖြစ်လာတယ်၊ ကုန်ထုပ်မှ ငွေထုပ်ဖြစ်ပြီး တော့ ပြန်တော့မယ် မှတ်ထား၊ မှတ်ထား၊ ပြန်တော့ မယ်လို့ဆိုရော ဟို---- လူဆိုးတစ်စုက ရှိတယ်၊ အဲဒီမှာ ထောက်လှမ်းတယ်၊ ဟ--- ဒါကတော့ ကုန်သည်ကွ၊ ကုန်တွေ ရောင်းကောင်းလို့ ကုန်ထုပ်မှ ငွေထုပ်ဖြစ်လာတယ်၊ လူဆိုးတွေ၊ အဲဒါ ဒီငွေထုပ်တော့ တို့ယူမှပဲ၊ ဒီလိုယူလို့တော့ မဖြစ်ဘူးကွယ့်၊ လမ်းခရီး သဲကန္တာရ၊ တောကန္တာရကြားမှာ တို့ကြိုက်သလို ရိုက်နှက်ပုတ်ခတ်မှပဲ ဆိုတဲ့ သဘောနဲ့ နောက်ယောင်ခံပြီးတော့ ကုန်သည်ကတော့ ငွေထုပ်ကြီး ပိုက်ပြီး၊ နောက်က လူဆိုးတွေ နောက်ယောင်ခံပြီး လိုက်လာတယ်၊ ခုနက ကန္တာရခရီးထဲ ရောက်တော့ အနီးနားက ဇာဖြည်းဖြည်း ကပ်လာတော့ လူရိပ်တွေတွေ့တယ်၊ လူရိပ်တွေ့တော့ ကုန်သည် စဉ်းစားတယ်၊ ဟာ--- မဖြစ်ဘူး၊ ငါကဲ့သို့ ခရီး သွားတော့ ဟုတ်တန်ရာမထင်၊ ငါ့မှာ မုချ ပါလာသော ငွေထုပ်ကို ယူမယ့် လူဆိုးတွေသာ ဖြစ်တန်ရာ၏လို့ အကဲခတ်တယ်၊ ဒီတော့ အသက်နှင့်စာတော့ ငွေထုပ်ကို စွန့်ရမယ်ပေါ့လေ၊ နားထောင်ထား၊ အင်မတန်မှစုံမက် သောလောက ထဲ၊ ဒီစကားလေးတွေ အင်မတန်မှ အကျုံးဝင်တယ်၊ အရှည်သဖြင့် မရလို့ ရွှေငွေ။ ကျောက်သံပတ္တမြား အင်မတန် မက်သော်လည်း အင်မတန်မက်လို့ ရှာနေကြတယ်၊ အသက်နဲ့စာတော့ အဲဒီငွေကို စွန့်ရလိမ့်မယ်၊ အသက်ကို ကြောက်တော့ အမောင်တို့ ခုနက ကုန်သည်၊ ကုန်သည်အမောင်တို့ လိုချင်တဲ့ ငွေထုပ် ဟောဒီမှာကြည့်တော့၊ ယူတော့လို့ သူတို့မြင်လောက်တဲ့ အရပ်မှာ ငွေထုပ်ချပြီးတော့ လက်တွေ၊ ခြေတွေ ခါပြီးတော့ သူမှာ ဘာမှ မပါတော့ဘူး၊ အကုန်လုံး ထားရစ်ခဲ့တယ်လို့ ငွေထုပ်ထားစဉ်နဲ့ ငွေထုပ်နဲ့ လူနဲ့ ခွာစဉ်ကို သတိထားကြ၊ နောက်တော့ အဓိပ္ပာယ်လာလိမ့်မယ်၊ အဲဒီ ခွာပြီးတော့ သွားတော့ ချထားခဲ့တဲ့အခါမှာ လူဆိုးတွေ ငွေထုပ်ကိုဝိုင်းပြီးတော့ ကျန်နေခဲ့ တယ်၊ ကုန်သည်ကြီးပဲ ချမ်းချမ်းသာသာနဲ့ သာဝတ္ထိမြို့ကို ရောက် ရပါတယ်၊ အဲဒါကို ဥပမေယျ၊ ယခုနက ကုန်သည်နဲ့ ပုထုဇဉ်များနဲ့တူတယ်၊ ကန္တာရ ခရီး

http://www.dhammadownload.com



ကြီးနဲ့ သံသရာကြီးနဲ့ တူတယ်၊ ခုနက ငွေထုပ်နဲ့ ဒိဋ္ဌိနဲ့ တူတယ်၊ လူဆိုးတွေနဲ့ အပါယ်လေးပါးနဲ့တူတယ်၊ ပုထုဇဉ်တည်းဟူသော ကုန်သည်တို့သည် ဒိဋ္ဌိတည်းဟူသော ငွေထုပ်ကို သံသရာ တစ်လျှောက်လုံး ထမ်း လာခဲ့ ကြတယ်၊ ဒါ့ကြောင့် အပါယ်လေးပါး လူဆိုးတွေ အမြဲလိုက်သတ်နေကြတယ်၊ စဉ်းစား စဉ်းစား၊ အဲဒါက စကားတစ်လုံး၊ နောက်တော့ ခုနက ဥပမာလေး ပြန်ကောက်ရမယ်၊ ကုန်သည်က လူဆိုးမှန်းသိတော့ အမောင်တို့ ကြိုက်တဲ့ ပစ္စည်း ဟောဒီမှာ ကြည့်လော့လို့ ပြောပြီးတော့ လူနဲ့ ငွေထုပ်နဲ့ ခွဲလိုက်တဲ့ နေရာမှာ လူဆိုးတို့သည် ငွေထုပ်ကို ဝိုင်းပြီးတော့ ကျန်နေခဲ့တယ်၊ မိမိတို့ ရှေ့ကျ တော့ ဘုန်းကြီးတို့ ဆက်စပ်ပေးပြီးတော့ သောတာပန်စခန်းကို တက်လိုက်တာနဲ့ ကုန်သည် ချမ်းချမ်းသာသာနဲ့ မိမိတို့ ရပ်ရွာမြို့ ပြန်ရောက်တာနဲ့တူတယ်၊ အပါယ်လေးပါး လုံးဝလွတ်တာနဲ့ ခုနက လူဆိုးတွေ ဝိုင်းကျန်နေခဲ့တာနဲ့တူတယ်။

**အပါယ ဂါမိက ကမ္မာနိနာမ သက္ကာယဒိဋ္ဌိယာ**
**သတိယေဝ ဝိပစ္စန္တိ နော အသတိယာ။**

**အပါယဂါမိကကမ္မာနိနာမ** = အပါယ်ပစ်ကျနိုင်သော အကုသိုလ်ကံတို့သည်၊

**သက္ကာယဒိဋ္ဌိယာ** = သက္ကာယဒိဋ္ဌိတွေ၊

**သတိယေဝ** = ရှိတော့သာလျှင် (ဝါ )ရှိမှသာလျှင်၊

**ဝိပစ္စန္တိ** = အပါယ်ကျအဖြစ်ဖြင့် အကျိုးပေးနိုင်ကြကုန်၏၊

**အသတိယာ** = သက္ကာယအပေါ်မှာ ဒိဋ္ဌိမရှိခဲ့သည် ရှိသော်၊

**နောဝိပစ္စန္တိ** = အပါယ်ကျအဖြစ်ဖြင့် ဘယ်တော့ကမှ အကျိုး မပေးနိုင်တော့လျှင် သတည်း။ (သာဓု၊ သာဓု၊ သာဓုပါ )

တရားမဆုံးသေးဘူးနော်၊ ဒီမှာ ကျင့်ကွက်ဖြုတ်တယ်၊ တရားမပြီးသေးဘူး နော်၊ စကားပြောလို့လဲ ကောင်းအောင်လို့ ခုနက ဥပမာလေးက ရိပ်မိလိုက်လား၊ တော်တော်ရိပ်မိစရာကောင်းတယ်၊ သိပ်ရိပ်မိစရာကောင်း

http://www.dhammadownload.com



တယ်၊ ဒီဥစ္စာက အခုနက သက္ကာယဒိဋ္ဌိ မပြုတ်လို့ အပါယ်ကျတဲ့နေရာနဲ့ နောက် ဒီတိတ် နားထောင်နော်၊ ဘုန်းကြီးတို့ ဒီမှာ စကားပြောချင်တိုင်း မရဘူး၊ အချိန်ကိုက် သွားရတာ၊ အခု ခုနက ဥပမာ ဥပမေယျနဲ့ ဘုန်းကြီးတို့ တရားဟောလို့ မရဘူး၊ အဲဒီလို မျက်လုံး ဖွင့်ဖွင့်ပြီးတော့ နောက်ကို နောက်မှာ သွားကြပါ၊ အခုထပြီး သွားကြပါ၊ လူကြီးတွေ မသိမှ တယ်ဆိုးတာကိုး၊ နောက်ကို ခေါ်သွားပါ၊ အော်---ဒုက္ခ ဒုက္ခ၊ "ခေါင်းစည်းက ဘယ်လို တပ်ထားလဲ" (သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်ပါဘုရား) အေး-- နားမထောင်တဲ့ ပုဂ္ဂိုလ်ကတော့ ဘယ်တတ်နိုင်မလဲ၊ ဘုရားလဲ တတ်နိုင်မှာ မဟုတ်ဘူး၊ သက္ကာယ ဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်ဆိုတော့ ဘုန်းကြီး ပြန်ဆက်စပ် မေးမယ်နော်၊ ဒီမှာ ရှင်းတမ်းကလေး ရှိသေးတယ်၊ မရဘူး အချိန်က၊ အားလုံး ရဟန်း၊ လူရှင်၊ သူတော်စင်တို့ တရားနာစကဖြစ်ဖြစ်၊ တရားနာလယ်ကဖြစ်ဖြစ် ပရိသတ် ကလဲများတော့ တရားနာ နောက်ဆုံးမှာပဲဖြစ်ဖြစ် တရားအပေါ်မှာ ဝမ်းသာ ကြည်နူးတဲ့စိတ်၊ "ရှေ့က ယောဂီများ တစ်စက္ကန့်လောက်လေးများ ဝမ်းမသာ ကြဘူးလား" (သာပါတယ်ဘုရား)၊ "အလယ်က ယောဂီများကော (သာပါတယ်ဘုရား)။ "ဟိုး---နောက်နောက်က ယောဂီများရော" (ဝမ်းသာ ပါတယ်ဘုရား)။ "နောက်က ရဟန်းလူရှင်များကကော" (ဝမ်းသာပါတယ် ဘုရား)။ အေး---အေး ဒါက ရှင်းတမ်းပေါ့နော်၊ ဘုန်းကြီးတို့ လောကသံသရာ ဘေးနှစ်ဖြာ လွတ်ကြောင်း မရှင်းလို့ ဖြစ်ပါ့မလား။

"အဲဒါကြောင့်မို့လို့ တရားပေါ်မှာ ဝမ်းသာတဲ့ စိတ်ကလေးဟာ အခုနက မိမိတို့ ရင်ခွင်မှာ ကျင့်ကွက်တက်စဉ်မှာ အကုသိုလ်ကံဟောင်း၊ ကုသိုလ်ကံသစ် သံသရာလည်စေတတ်တဲ့ ကံတွေကိုလည်း သီလ၊သဒ္ဓါနဲ့ မရှင်းခဲ့ဘူးလား" (ရှင်းခဲ့ပါတယ်ဘုရား)။ သစ္စာလေးပါးမှာ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ခုတုံးမခုခဲ့ဘူးလား၊ အဲဒါ စဉ်းစား၊ အင်မတန်အဖိုးတန်တယ်၊ ပညာရှိသည် ပင်လျှင် လောကီပညာရှိ ပစ္စုပ္ပန်ပညာရှိ သိပ်မလွယ်ဘူး၊ အနာဂတ် ပညာရှိမှ သိတယ်၊ ဘုန်းကြီးတို့ တစ်နာရီထဲကို ရောက်အောင်ပို့တာ၊ ရှည်တယ် တစ်နာရီ ဟာ၊ တကယ်ယုံကြည်တဲ့သဒ္ဓါသာ ပါပစေ၊ ဘုန်းကြီး တို့ ရဲရဲတာဝန်ယူတယ်၊ ခုနလို ပြောလို့ နားမထောင်တဲ့ ပုဂ္ဂိုလ်ကတော့ မတတ်နိုင်ဘူးပေါ့နော်၊ သို့သော် များသောအားဖြင့်တော့ ယုံကြည်သဒ္ဓါတွေ ရှိကြပါတယ်၊ အဲ--အဲဒါက တရား အပေါ်မှာ ဝမ်းသာကြည်နူးတဲ့ စိတ်ကလေး သဒ္ဓါပီတိကျတယ်လို့ ခေါ်တယ်၊

http://www.dhammadownload.com



သောတာပန် အငယ်စား၊ အပါယ်လေးပါးမှ လုံးဝ လွတ်၍ လူ၊ နတ်အလယ် သံသရာမှာ ခုနဘဝ ကောင်းကောင်းနေ၍ နိဗ္ဗာန်ဝင်မယ့် အငယ်စား သတ္တက္ခတ္တုပရမ သောတာပန်ခေါ်တယ်၊ အဲဒါ အငယ်စား၊ သိပ်ပြီးတော့ သွားလို့ မရတော့လို့၊ သောတာပန်အလတ်စားကို ပြောမယ်၊ အားလုံး ရဟန်း၊ လူရှင်၊ သူတော်စင်တို့ ဥပမာ ကြက်သီးလေး လက်က၊ ကိုယ်က၊ ခေါင်းကဖြတ်ခနဲ ဝင်လာတတ်တယ်၊ "ရှေ့ကယောဂီတွေ တွေ့ဖူးသလား" (တွေ့ဖူးပါတယ်ဘုရား)။ "ဟိုးနောက်က ယောဂီတွေ တွေ့ဖူး သလား" (တွေ့ဖူးပါတယ်ဘုရား)။ "နောက်က ရဟန်း၊ လူရှင်များရော" (တွေ့ဖူး ပါတယ်ဘုရား)။

"ကဲ--အဲဒီလောက်ပဲ ထားပေါ့၊ စမ်းကလေးဆရာတော်ကို ကံအသစ် ထပ်ဆင့်သော ပုဂ္ဂိုလ်အစ၊ သစ်သီး ပန်းမာလ်လှူသော ပုဂ္ဂိုလ်အဆုံး ဒါနဇော ကလေးတွေ မပါဘူးလား" (ပါ ပါတယ်ဘုရား)။ "သီလဆောက်တည်ရတော့ မယ်လို့ သီလဇောရော မပါဘူးလား" (ပါပါတယ်ဘုရား)။ "အပါယ်လေးပါး လုံးဝလွတ်တဲ့ သစ္စာတရား နာရတော့မယ်လို့ ဘာဝနာဇောရော မပါဘူးလား" (ပါ ပါတယ်ဘုရား)။ "စကားနဲ့ စီက ဆက်စပ်ပေးတာနော်" (မှန်ပါဘုရား)။ "ခုနက ကြက်သီးလေးက သဒ္ဓါဇော၊ ဘာဇောလဲ" (သဒ္ဓါဇောပါဘုရား)။ "သဒ္ဓါဇော --- သဒ္ဓါဇော ဒါလေးတွေက သိသည်ဖြစ်စေ၊ မသိသည် ဖြစ်စေ နားသာထောင်ထား၊ အဲဒါ ဘာဇောလဲ" (သဒ္ဓါဇော ပါဘုရား)။ "သဒ္ဓါဇောများ လွန်ကဲလာလို့ ဖြန်းဖြန်း--- ဖြန်းဖြန်း----ဖြန်းဖြန်း---ကြက်သီးလေးများ ဖြစ်လိုက်ရင် ခုနက အိုက်တာတွေ၊ ပူတာတွေ၊ ဘာတွေ ညာတွေ ငြိမ်းမသွားဘူးလား" (ငြိမ်းသွားပါတယ်ဘုရား)။ "ခဏလေး ရပ်မသွားဘူးလား" (ရပ်သွားပါတယ်ဘုရား)။ "စကားနဲ့ ဒီ ပူတယ်၊ အိုက်တယ်၊ ညောင်းတယ်၊ ခဲတယ်ဆိုတာ သင်္ခါရ မဟုတ်လား" (ဟုတ်ပါတယ်ဘုရား)။ "ခုန ရပ်မသွား ဘူးလား" (ရပ်သွားပါတယ် ဘုရား)။ "သင်္ခါရ နိရောဓော" (နိဗ္ဗာန်ပါဘုရား)။ "အဲဒါ မြင်ပြီး မြင် နိဗ္ဗာန်ခေါ်တယ်၊ ဟိုမှာက စာနဲ့ ခန္ဓာနဲ့ အင်မတန်ကိုက်တယ်" (မှန်ပါ့ဘုရား)။ "သင်္ခါရ နိရောဓော"(နိဗ္ဗာန်ပါဘုရား)။ "အဲဒါ မြင်နိဗ္ဗာန် သောတာ ပန် အလတ်စား၊ ဒါက ဟိုက သဒ္ဓါ၊ အဲဒီလို အချိန်ကလေးမှာ မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ စိတ်ကံ ခဏဖြတ်ပေး လိုက်တယ် နော်" (မှန်ပါ့ ဘုရား)။ "ခုနက

http://www.dhammadownload.com



သဒ္ဓါဇောနော်၊ တားပေးလိုက်တယ်နော်" (မှန်ပါ့ဘုရား)။ "ခုနက သဒ္ဓါဇောနော်" (မှန်ပါ့ဘုရား)။ "ဒါက ဉာဏ်စိတ်ကလေး ဝီထိ၊ သောတာပန် အလတ်စား၊ ကောလံကောလ သောတာပန်ခေါ်တယ်" (မှန်ပါ့ဘုရား)။"မသိသိသိသိ နားထောင်နော်"(မှန်ပါ့ဘုရား)။ "ကြက်သီး လေးက အသိအမှတ် ပြုသွားတာနဲ့ မတူဘူးလား" (တူပါတယ်ဘုရား)။ "အဲဒါဘာအစားလဲ" (အလတ်စားပါ ဘုရား)။ "ကောလံကောလ သောတာပန် အပါယ်က လွတ်ပြီးတော့ လူ့, နတ် သံသရာ၊ အလယ်သံသရာမှာ နှစ်ဘဝ၊ သုံးဘဝ အများဆုံး ခြောက်ဘဝ ကောင်းကောင်းနေပြီး နိဗ္ဗာန်ဝင်မယ့် အလတ်စား ကောလံကောလ သောတာပန်ခေါ်တယ်၊ မှတ်ထားနော်" (မှန်ပါ့ ဘုရား)။ "တစ်ထစ်ချ မှတ်ထား" (မှန်ပါ့ဘုရား)။ "အနေကန် မဟုတ်ဘူး ဧကန်၊ ဘာကျန်သေးလဲ" (အကြီးစားပါ ဘုရား)။

ကဲ-ကဲ-ကဲ သုတ်သုတ်ပြောရမယ်၊ အကြီးစားတဲ့၊ သောတာပန်အကြီးစား ဆိုတာက သူကလဲ ကြက်သီးထတတ်တယ်၊ လက်က၊ ကိုယ်က၊ ခေါင်းက၊ တစ်ကိုယ်လုံးက၊ ကိုယ်တစ်ခြမ်းထဲက အမျိုးမျိုးပေါ့နော်" (မှန်ပါ့ ဘုရား)။ "ကိုယ်ကြီးများ မြောက်တက်သွားကြ၊ ချမ်းတော့ချမ်းသာတယ်၊ တစ်ယောက်နှင့် တစ်ယောက် မတူဘူး၊ လိုက်မတိုင်းနဲ့ ဖြစ်စဉ်လေး ဘုန်းကြီး ပြောပြနေတာ၊ မျက်စိထဲမှာ မှောင်ခနဲ ဖြစ်ပြီးတော့ လင်းခနဲ ဖြစ်သွား တတ်တယ်၊ ဖြတ်--ဖြတ်---ဖြတ်--ဖြတ် ဝင်း----ဝင်း---ဝင်း---ဝင်းလဲ ဖြစ်တတ် တယ်၊ တစ်ဦးနဲ့ တစ်ဦး မတူဘူး၊ အဲသလိုဖြစ်ပြီးတော့ ရင်ထဲမှာ အေး၊ လေ အေးတာနဲ့ မတူဘူးနော်၊ ရေအေးတာနဲ့ မတူဘူးနော်၊ "ရှေ့က ယောဂီတွေ တစ်စက္ကန့် လောက် တွေ့ဖူးသလား" (တွေ့ဖူးပါတယ်ဘုရား)။ "အလယ်က ယောဂီများ ကော" (တွေ့ဖူးပါတယ်ဘုရား)။ ဘေးဘီက ယောဂီတွေကော" (တွေ့ဖူးပါတယ် ဘုရား)။ "နောက်က ရဟန်း၊ လူရှင်များရော" (တွေ့ဖူးပါတယ် ဘုရား)။ "လိမ်လို့ ရပါ့မလား" (မရပါဘုရား)။ "အဲဒါရှင်းတမ်းလေး ကြပ်ကြပ် နားထောင်နော်၊ အဲဒီ အခု ပြောခဲ့ရတာက စကားလို လုပ်ပြောနေရတာ၊ ကြက်သီးထတာက အစ မျက်လုံးထဲ ဝင်းခနဲ အဆုံး အဲဒါက မဂ်ဇောခေါ်တယ်၊ မဂ်ကြီးနော်" (မှန်ပါ့ဘုရား)။ "အဲဒါ ဘာဇောလဲ" (မဂ်ဇောပါဘုရား)။ "မဂ်ကြီး ခုနက မဂ်သေးလေးတွေ၊ အဲသလို မဂ်ဇောကျတဲ့ အချိန်မှာလေ မိမိတို့ ခန္ဓာမှာ

http://www.dhammadownload.com



မျက်စိ၊နား၊နှာခေါင်း။ကိုယ်၊ စိတ်ဝတ္ထု ရုပ်ခြောက်ပါး မရှိဘူးလား" (ရှိပါတယ်ဘုရား)။ "အဲဒီ ဝတ္ထု ရုပ်ခြောက်ပါးကို ခဏတားပေးလိုက်တာ မဂ်စိတ်၊ အလယ်သံသရာကို ကုသိုလ်ကို ခဏတားပေးလိုက်တာ မဂ်စိတ်၊ ကုသိုလ်ကို ခဏတားပေး လိုက်တာ ဘာစိတ်လဲ" (မဂ်စိတ်ပါဘုရား)။ "ကုသိုလ်ကို အကြွင်းမဲ့ ဖြတ်ပေးလိုက်တာက မဂ်ဉာဏ်၊ မှတ်မိသလား" (မှတ်မိပါတယ် ဘုရား)။ "ရင်ထဲမှာ အေး၊ အဲဒါ ဖိုလ်ဇောနော်" (မှန်ပါဘုရား)။ "နာရီမရှိ တော့လို့ သုတ်သုတ်ပြောရတယ်၊ အဲဒါ ဘာဇောလဲ" (ဖိုလ်ဇောပါဘုရား)။ "အဲဒီဖိုလ်ဇော ကျတဲ့အချိန်မှာ ခုနလိုပဲ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ ကိုယ်၊ စိတ် ဝတ္ထုရုပ်ခြောက်ပါး ခုနကလိုပဲ အကုသိုလ်ကံဟောင်း အနန္တကို ခဏ တားပေးလိုက်တာ ဖိုလ်စိတ်နော်" (မှန်ပါဘုရား)။ "အခုနက ကုသိုလ်" (မှန်ပါ ဘုရား)။

"အခုဟာက အကုသိုလ်ဘက်ကနော်၊ ကုသိုလ်နဲ့ အကုသိုလ် ခဏရပ် သွားတာ မဂ်ခေါ်တယ်မဟုတ်လား၊ အဲဒီ ခဏဖြတ်ပေး လိုက်တာက ဘာ စိတ်လဲ၊ ဖိုလ်စိတ်နော်၊ အကုသိုလ်ကံ ဟောင်း အနန္တကို အကြွင်းမဲ့ ဖြတ်ပေး လိုက်တာက ဖိုလ်ဉာဏ်" (မှန်ပါဘုရား)။ "ရှင်းပြီးလား" (ရှင်းပါပြီဘုရား)။ "အဲဒါ သောတာပန် အကြီးစား၊ တစ်ဘဝထဲနေပြီးတော့ နိဗ္ဗာန်ဝင်မယ့် အကြီးစား ဧကဗီဇ သောတာပန် ခေါ်တယ်၊ အားလုံး ရဟန်း၊ လူရှင် သူတော်စင်တို့ ဒီမှာ အကြီးစားကိုလဲ ဖြေတယ်၊ အလတ်စားကိုလည်း ဖြေတယ်၊ အငယ်စား ကိုလည်းဖြေတယ်၊ ဘာစားပဲဖြစ်ဖြစ် အဲဒီတော့ အကြီးစား တစ်ဘဝထဲနဲ့ နိဗ္ဗာန်ဝင်မယ်၊ အငယ်စား ခုနစ်ဘဝနဲ့ နိဗ္ဗာန်ဝင်မယ်၊ အလတ်စား ဒီကြားထဲမှာ အပါယ်ကတော့ လုံးဝလွတ်တာ တူတာနော်" (မှန်ပါ ဘုရား)။ "တစ်ခဏ လွတ် တာလား၊ အစဉ်လွတ်တာလား" (အစဉ်ပါဘုရား)။ "ကေန်သမုဒ္ဒေနော်၊ အကြွင်းမဲ့၊ သို့သော် မဂ်စကား၊ ဖိုလ်စကား ပြောစရာရှိလို့ ပြောရတာ၊ အားကြီးသိစေချင်တယ်၊ ပြောစရာရှိလို့ ပြောတာ၊ ပညာရှိများအတွက် ယုံကြည်တဲ့သဒ္ဓါလေး ရှိမရှိ ဗိုက်ထဲမေးကြည့်နော်" (မှန်ပါဘုရား)။ "အဲဒါ ကြပ်ကြပ်မှတ်ထား၊ ဆရာ့အပေါ်မှာ၊ တရားအပေါ်မှာ၊ မိမိခန္ဓာအပေါ်မှာ ယုံကြည်တဲ့ ပုဂ္ဂိုလ်၊ အဲဒီသဒ္ဓါလေး ပြည့်စုံတဲ့သူတိုင်း အပါယ်က လုံးဝလွတ် တယ်၊ ဘုန်းကြီးအခါနှစ်ဆယ် တာဝန်ယူတယ်၊ အားလုံးကြေညာ ပါတယ်"

http://www.dhammadownload.com



(မှန်ပါ့ဘုရား)။ "အခုနက မင်္ဂစကား၊ ဖိုလ်စကားတွေ ပြောစရာရှိလို့ ပြောတာ၊ မသိဘူး၊ဘာဝက ကံမျိုးတွေ ရောက်လာရင် တော်ပြီ၊ သို့သော် ယုံတာလေးတော့ ပါပစေနော်၊ ဗိုက်ထဲမှာ ယုံတဲ့ ပုဂ္ဂိုလ်တိုင်း အပါယ်က ဘယ်လိုလဲ" (လွတ်ပါတယ်ဘုရား)။"ယူတယ်ယူတယ်၊ အဲဒါ--ဒါဖြင့် ကရုဏာသန်သန်ထား၊ မေတ္တာများများဖြင့် တရားပွဲပြီးရင် ဘယ်ပြန်ကြ" (အိမ်ပြန်ရမှာပါဘုရား)။ "အိမ်ပြန်ရင် သောတာပန် အငယ်စား၊ အလတ်စားတို့သည် ကိုယ့်ကိုယ်ကို မသိသည့်အတွက်တာကြောင့် ကာယကံ၊ ဝစီကံ အမှားလေးတွေ မနောကံ ဖြစ်တတ်တယ်၊ အပါယ်ကျမယ့် ကံတော့ မဟုတ်ပါဘူးနော်၊ သုတ်သုတ်ပြော တာ၊တိတ်မရှိတော့လို့ အဲဒီကံလေးတွေကို ပြန်ဖြတ်ပေးဖို့ရာ အတွက် မှတ်ထား ပါနော်၊ ဗုဒ္ဓါနုဿတိလေးတွေ အိမ်ကို ယူသွားကြပါနော်" (မှန်ပါဘုရား)။ "ဘာယူသွားမယ်" (ဗုဒ္ဓါနုဿတိပါဘုရား)။

"အဲဒီ အလုံးလေးကို ပွားလိုက်တော့ ကံအသေးလေးတွေ ငါးခု၊ ခြောက်ခု ပြောင်းမသွားဘူးလား"(ပြောင်းသွားပါတယ်ဘုရား)။ "အပါယ်ကျမဲ့ ကံကလဲ ဒီမှာ သစ္စာနဲ့ဖြတ်၊ ကံအသေးလေးတွေ ဖြစ်တိုင်း ဖြစ်တိုင်း ဒီမှာ ဘာဝနာနဲ့ ဖြတ်တော့ ကံအသစ်၊ ကံဟောင်းရှိသလား" (မရှိပါဘုရား)။ "ကဲ- သောတာပန် အကြီးစား၊ အငယ်စား၊ အလတ်စား မှတ်ပါနော်" (မှန်ပါဘုရား)။ "မနက် ခြောက်နာရီထိုးရင်၊ ညခြောက်နာရီထိုးရင် ဘုန်းကြီးပို့သော ဩဒိဿ မေတ္တာကို သာခုခေါ်ပေးပါနော်၊ အဲဒီ ဗုဒ္ဓဂုဏ်လေး တစ်လုံးနဲ့ ဘုန်းကြီးပို့တဲ့ ဩဒိဿမေတ္တာ သာခုခေါ်တာလေးက လောကဘေးအပေါင်း လွတ်ကြောင်း မေတ္တာဘာဝနာ တရားတစ်ခု၊ ယခု သောတာပန်အကြီးစား သို့မဟုတ် အလတ်စား သို့မဟုတ် အငယ်စားက အပါယ်က လုံးဝလွတ်တဲ့ သစ္စာတရား တစ်ခု၊ လောကသံသရာ ဘေးနှစ်ဖြာ၊ ချိုးမြှင့်ပြီးပြီလား" (ချိုးမြှင့်ပြီးပါပြီဘုရား)။ "ကရုဏာသန်သန်ထား မေတ္တာများများဖြင့် ဟောကြားသည်ကို ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ပါက တရားတော်ကိုလည်း ချီးကျူးသောအားဖြင့် သုံးကြိမ် သာခု ခေါ်နိုင်ကြပါစေကုန်သတည်း"

(သာဓု၊ သာဓု၊ သာဓုပါဘုရား)

-------------

http://www.dhammadownload.com



## အသစ်တီထွင်သော ဝါဒတစ်ရပ်မဟုတ်ကြောင်းနှင့် ဘုရားရှင်၏ အဆုံးအမ၌ တည်သော တပည့်သားသံဃာ၏ ကြွင့ဖလအကြောင်း လျှောက်ထား သောစနောလ္ဒာ တင်သွင်းခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ နိုင်ငံတော်သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား. . .

ဘုရားတပည့်တော်အပေါ် စောဒနာပြုချက်များအားလုံး စုစည်းရာဖြစ်သော ၁၃၅၉-ခုနှစ်၊ ကဆုန်လပြည့်တရား တိပ်ခွေမှ ဟောစဉ်များကို အသံသွင်း၍ ခွေနှင့်တကွ စာသားအဖြစ် တင်ပြရခြင်းမှာ တစ်ဘက်ဆရာတော်များ၏ ထင်မြင်ချက်အရ ဒေသနာနှင့် မညီညွတ်ဟု စောဒနာပြုခဲ့သောကြောင့် ဓမ္မဝိနယ ညီညွတ်ပါကြောင်းကို ယခု သောစနောလ္ဒာ တင်သွင်းလျှောက်ထားပါမည် အရှင်ဘုရား။ တရားဟောပေးသူနှင့် တရားနာ ယူသူတို့ တရားခွင် အလုပ်လုပ်ပုံကို ကျင့်ကွက်၊ ဟောကွက်ဖြင့် ဖြည့်စွက် ပါဝင်နေပါသည်။

မျက်စိအမြင် ဉာဏ်အမြင် ထိုနှစ်ခုတွင် တရားကျင့်ကွက် အတွင်း၌ အမြင်ဗဟိဒ္ဓက ငုတ်တုတ်ထိုင်နေသည်ကိုသာ ပြောနိုင်ပါသည် မြင်နိုင်ပါသည် အရှင်ဘုရား၊ အဇ္ဈတ္တအသွင် ဉာဏ်ဖြင့်မြင်ရန် ဟောစဉ်၏စာများ၊ စကားများတွင် သိနိုင်ပါသည်။ တရားစတင်မဟောမီ ကာယ-ဝစီဖြစ်သော ငါးပါး-ရှစ်ပါး စသော သီလဖြင့် ဆောက်တည်စေပြီး တရားခွင်ကျင့်ကွက်အစတွင် ယင်းငါးပါး ရှစ်ပါး (လူ့သီလ)၊ ၂၂၇-သွယ် (ရဟန်းသီလ) ကို ရှောင်ကြဉ်ရမည့် သီလ အဖြစ်မှ ကျင့်သီလဖြစ်အောင် တရားအားထုတ်မှု ပုံသဏ္ဌာန် မတုန်မလှုပ် ငြိမ်သက်စွာ နေစေပြီး သစ္စာလေးပါးနှင့်လျော်စွာ ဆင်းရဲခြင်း အမှန်ရှိ-ဒုက္ခသစ္စာ၊ ကြွေလုံခြုံမှုဖြင့် သမုဒယသစ္စာအဖြစ် ရောက်ရှိအောင် အကြောင်း ချ ဟောပြသွန်သင်ပြီး၊ သင်္ခါရ၏ အထောက်အပံ့များကို ဉာဏ်၌ထင်စေ ခဲ့ပါသည်။

ဤသည်ကို သီလအစ သဒ္ဓါအလယ်ဟု လမ်းစဉ်ပြဆိုပြီး ဘုရားဂုဏ်တော်များအပေါ် အကြောင်းပြသုတ္တန်နှင့် ဟောပြောပေးစဉ် ကျေနပ်နှစ်သက်ခြင်း၊ ဝမ်းမြောက်မှု-ပီတိ ကျစေပါသည်။ ထိုအခိုက် သင်္ခါရ (ပုညာဘိသင်္ခါရ)၊ (အပုညာဘိသင်္ခါရ)၊ (အာနဉ္ဇာဘိသင်္ခါရ) အားလုံးချုပ်၍ သင်္ခါရ

http://www.dhammadownload.com



ချုပ်သည်ကို သင်္ခါရနိရောဓော အခိုက်မဂ္ဂင်အင်္ဂါ ပြည့်စုံစေပါသည်။ သစ္စာလေးချက် ဆုံခိုက်သည် သဒ္ဓါကြောင့် သဒ္ဓါပီတိ၊ ယင်းပီတိဖြစ်ခိုက် ဝေဒနာချုပ်၊ သင်္ခါရချုပ်၊ တဏှာချုပ် တစ်ပြိုင်နက် မဂ်ဇောမှ မဂ်စိတ်၊ မဂ်စိတ်မှ ဖိုလ်စိတ်ဖြစ်ခြင်းကို တရားနာသူက သူသိသည်မှာ ဝမ်းမြောက်မှု-ဝီထိစဉ်နှင့် ကြက်သီးအပေါ် တွင်သာ သိနိုင်ပါသည်။ ၎င်းတို့၏ ဝမ်းသာမှုကို မေး၍ တရားနာသူက သူ၌ ဖြစ်သော ဝေဒနာကို ပီတိ- ဝီထိအလိုက် ဖြေဆိုပါမှ သောတာပန်သုံးမျိုးကို အမည်ပေးခြင်းဖြစ်ပါသည်။

ထို့ကြောင့် သီလအစ- သဒ္ဓါအလယ်- ဝိပဿနာအဆုံးဟု အမည်ပေးရခြင်း ဖြစ်ပါသည်။ မဂ်အခိုက် (သီလ+သမာဓိ+ပညာ) အင်္ဂါရှစ်ပါး အကျိုးတရား ပြည့်စုံကြပါသဖြင့် လမ်းနှစ်သွယ် ခွဲဟောခြင်းဖြစ်ပါသည်ဘုရား။

**ယေသံ သဒ္ဓါစ သီလဉ္စ၊ ပသာဒေါ ဓမ္မဒဿနံ။**
**တေ ဝေ ကာလေန ပစ္စေန္တိ၊ ဗြဟ္မစရိယောဂဓံ သုခံတိ။**

(ပါဠိတော်၊ သံ-၃၊ နှာ-၂၉၉၊ ဗြဟ္မစရိယောဂဓသုတ္တ)

## မြန်မာပြန်

ယုံကြည်မှု (သဒ္ဓါ)၊ ကျင့်သုံးမှု (သီလ)၊ ကြည်ညိုမှု (ပသာဒ) နှင့် တရားတော်ကို သိမြင်မှု (ဓမ္မဒဿန) ရှိကြသော ပုဂ္ဂိုလ်တို့သည် အကျင့်မြတ်၏ အတွင်းသို့ ဝင်၍ တည်သော (အထက်မဂ်နှင့် ယှဉ်သော)၊ ချမ်းသာသို့ သင့်လျော်သောအခါ၌ စင်စစ်အားဖြင့် ရောက်နိုင်ကုန်၏ဟု မိန့်တော်မူ၏။

(မဟာဝဂ္ဂမြန်မာပြန်-သံ-၃-နှာ-၃၀၁)

အထက်ပါ အထောက်ထားများဖြင့် အသစ်တီထွင်သော ဝါဒတစ်ရပ် မဟုတ်ကြောင်းကို ရိုသေလေးမြတ်စွာဖြင့် သောနောတင်သွင်း အပ်ပါသည် သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ နိုင်ငံတော် သီးခြား ဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား------

---

http://www.dhammadownload.com

ပဲခူးတိုင်း

ညောင်လေးပင်မြို့နယ်၊ စမ်းကလေးအရှေ့ကျေးရွာ၊

စမ်းကလေး အနာဂတ်ဓမ္မသာသနာ ရိပ်သာကျောင်း

မဇ္ဈိမပဏ္ဍိပဒါ သတိပဋ္ဌာန်အလယ်လမ်း

သောတာပန်တည်ခန်း

ဓမ္မဝိနယ

# သောစနောလွှာ

(နောက်ဆက်တွဲ)

## ပါဠိတော်နှင့် တိုက်ဆိုင်ညှိနှိုင်း

## သောစနောပြုချက်

( အကျဉ်းမျှ )

သာသနာသက္ကရာဇ်-၂၅၄၁ ခုနှစ်

ကောဇာသက္ကရာဇ် - ၁၃၅၉-ခု၊ တပို့တွဲလဆန်း (၃) ရက်

http://www.dhammadownload.com

# အမှတ် (၁)လျှောက်ထား သောမနောချက်

## တပည့်တော်၏ သောတာပန်နှင့် ဗုဒ္ဓ၏ သမ္မာဝါဒ သောတာပန်တို့ ခြားနားမှု မရှိဘဲ ဗုဒ္ဓ၏ အလိုတော်နှင့် ထပ်တူဖြစ်ကြောင်း လျှောက်ထားခြင်း။

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-တပည့်တော်၏ သောတာပန်ကျင့်စဉ်မှာ ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော် သမ္မာဝါဒကျင့်စဉ်နှင့် ထပ်တူဖြစ်ကြောင်း တင်ပြ လျှောက်ထားပါမည်ဘုရား။

တပည့်တော်၏ သောတာပန်ကျင့်စဉ်မှာ မဇ္ဈိမပဋိပဒါ သတိပဋ္ဌာန် အလယ်လမ်း သောတာပန်တည်ခန်းဟု ခေါ်ဝေါ်သမုတ်ထားခြင်းကို ထောက် ရှု ခြင်းအားဖြင့် ဗုဒ္ဓဘုရားရှင်၏ မဟာသတိပဋ္ဌာနသုတ္တန်လာ မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါလမ်းမှ သွေဖည်ခြင်းမရှိပဲ ဗုဒ္ဓဒေသနာတော်အတိုင်း ထပ်တူဖြစ်ပါ သည် အရှင်ဘုရား။စာပေပရိယတ္တိကို ဝေဒနာ-သညာနှင့်သာ လေ့လာ မှတ် သားလေ့ရှိသော ပရိယတ္တိ စာပေပညာရှင်တို့၏ နှလုံးသွင်း မှတ်ယူပုံနှင့် ခန္ဓာကို ဉာဏ်နှင့်လိုက်လေ့ရှိသော ပဋိပတ္တိပညာရှင်တို့၏ နှလုံးသွင်းဆင်ခြင်ပုံ ခြားနားမှုရှိကြသည်ကို ဆရာတော်ဘုရားကြီးများ နှလုံးသွင်း ဆင်ခြင်တော် မူကြစေလိုပါသည် အရှင်ဘုရား။ သာဓကအားဖြင့် ရေကိုမြင်၍ ရေဟုသိခြင်း၊ မြေကိုမြင်၍ မြေဟုသိခြင်းမျိုးမှာ ပရိယတ္တိ စာပေပညာရှင်တို့၏ သညာသိ ဖြစ်၍ ရေကိုမြင်လျှင် ရေ၏ သဘောကို ထိုးထွင်းသိမြင်ခြင်း၊ မြေကိုမြင်လျှင် မြေ၏ သဘောကို ထိုးထွင်းသိမြင်ခြင်းသည် ခန္ဓာကို ဉာဏ်နှင့်လိုက်၍ ဆင်ခြင်တတ်သော ပဋိပတ္တိပညာရှင်တို့၏ ပညာသိမျိုး ဖြစ်ပါသည် အရှင် ဘုရား။

http://www.dhammadownload.com



ဆက်လက်၍ တင်ပြလျှောက်ထားလိုပါသည် အရှင်ဘုရား-

(သံ-၃၊ သောတာပတ္တိသံယုတ်-နှာ-၃၀၂) တွင် လာရှိသော-

(က) "သောတော သောတောတိ" ဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမော နု ခေါ သာရိပုတ္တ သောတောတိ။ အယမေဝ ဟိ ဘန္တေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သောတော။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓီတိ။ သာဓု သာဓု သာရိပုတ္တ၊ အယမေဝ ဟိ သာရိပုတ္တ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သောတော။

## မြန်မာပြန်

(က) သာရိပုတ္တရာ "သောတ၊ သောတ" ဟူ၍ ဤစကားကို ဆိုအပ်၏။သာရိပုတ္တရာ "သောတ" ဟူသည် အဘယ်နည်း။ အရှင်ဘုရား အင်္ဂါရှစ်ပါးသော ဤအရိယာမဂ်သည်ပင် သောတမည်ပါ၏။ ဤသည်ကား အဘယ်နည်း။ အစွန်းနှစ်ပါးမှ လွတ်အောင် မှန်ကန်သောအမြင် သမ္မာဒိဋ္ဌိ၊ အစွန်းနှစ်ပါးမှ လွတ်အောင် မှန်ကန်သော စကား သမ္မာဝါစာ၊ အစွန်းနှစ်ပါးမှ လွတ်အောင် မှန်ကန်သောအလုပ် သမ္မာကမ္မန္တ၊ အစွန်းနှစ်ပါးမှ လွတ်အောင် မှန်ကန်သော အသက်မွေးမှု သမ္မာအာဇီဝ၊ အစွန်းနှစ်ပါးမှ လွတ်အောင် မှန်ကန်သော လုံ့လ သမ္မာဝါယာမ၊ အစွန်းနှစ်ပါးမှ လွတ်အောင် မှန်ကန်သော အောက်မေ့မှု သမ္မာသတိ၊ အစွန်းနှစ်ပါးမှ လွတ်အောင် မှန်ကန်သော တည်ကြည်မှု သမ္မာသမာဓိ တို့ပါတည်း။ သာရိပုတ္တရာ ကောင်းလေစွကောင်းလေစွ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ပင် သောတ မည်၏။

(ခ) "သောတာပန္နော သောတာပန္နော"တိ ဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမော နု ခေါ သာရိပုတ္တ သောတာပန္နောတိ။ ယော ဟိ ဘန္တေ ဣမိနာ အရိယေန အဋ္ဌင်္ဂိကေန မဂ္ဂေန သမန္နာဂတော၊ အယံ ဝုစ္စတိ သောတာပန္နော၊ သွာယံ

http://www.dhammadownload.com



အာယသ္မာ ဧဝံ နာမော ဧဝံဂေါတ္တောတိ။ သာဓု သာဓု သာရိပုတ္တ၊ ယော ဟိ သာရိပုတ္တ ဣမိနာ အရိယေန အဋ္ဌင်္ဂိကေန မဂ္ဂေန သမန္နာဂတော၊ အယံ ဝုစ္စတိ သောတာပန္နော"

## မြန်မာပြန်

(ခ) သာရိပုတ္တရာ (သောတာပန် သောတာပန်) ဟူ၍ ဤစကားကို ဆို၏။ သာရိပုတ္တရာ သောတာပန်ဟူသည် အဘယ်နည်း ဟု ဗုဒ္ဓဘုရားရှင် မိန့်တော်မူ၏။

အရှင်ဘုရား အင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်နှင့် ပြည့်စုံသောသူကို သောတာပန်ဟု ဆိုအပ်ပါ၏။ ထိုအရှင်သည် ဤသို့သောအမည်၊ ဤသို့သော အနွယ် ရှိပါသည်ဟု လျှောက်၏။

သာရိပုတ္တရာ- ကောင်းလေစွ ကောင်းလေစွ၊ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်နှင့် ပြည့်စုံသောသူကို သောတာပန်ဟု ဆိုအပ်၏။

သဘာပတိ ဆရာတော်ကြီးများနှင့် အမှတ် (၁၁) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။

ဤပါဠိတော်လာ (သောတ) ဟူသော စကား၏အနက်မှာ (နား) လည်း ခေါ်၏။ (ရေစီးကြောင်း)လည်း ခေါ်၏။ ဤပါဠိတော်၌ နိဗ္ဗာန်တည်း ဟူသော ပင်လယ်သို့ စီးဆင်းသော ရေစီးကြောင်းကို ဆိုလိုပါသည်။ ဤနေရာ ၌ ဗုဒ္ဓရှင်တော်သည် နိဗ္ဗာန်သို့ ဦးတည်ရှေးရှုရာ အရိယာ မဂ္ဂင်ရှစ်ပါးကို ရေစီးကြောင်း သောတနှင့် တင်စားမိန့်ဆိုထားတော်မူခြင်း ဖြစ်ပါသည်။ ဤပါဠိတော် အရ (သောတ ) သည် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ် (ဝါ) အရိယာ မဂ္ဂင်ရှစ်ပါးကို ဆိုလိုပါသည် အရှင်ဘုရား ထို့ကြောင့် (သောတာပန်) ဆိုသည်မှာ နိဗ္ဗာန်တည်းဟူသော ပင်လယ်သို့ စီးဆင်းရာ အရိယာမဂ္ဂင်ရှစ်ပါး ရေစီးကြောင်းသို့ ဆိုက်ရောက်သူ (ဝါ) အရိယာမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသူဟူ၍ ဖြစ်ပါသည်။ စာတွင်လာရှိသော မဂ္ဂင်ရှစ်ပါးမှာ ဤပါဠိတော်အရ အကျိုးမဂ္ဂင် ရှစ်ပါးသာဖြစ်၍ အကြောင်း မဂ္ဂင် ရှစ်ပါး မဟုတ်ကြောင်း ဆင်ခြင်ကြည့်တော် မူပါဘုရား။ မင်္ဂဇော ရင်ထဲ ကိန်းအောင်းမှ မဂ်စိတ်နှင့်ယှဉ်သော စေတသိက်

http://www.dhammadownload.com



ရှစ်ပါးကို ခေါ်ခြင်း ဖြစ်ပါ သည်။ တပည့်တော်သည် အကျိုးတရား ဖြစ်သော ဤအရိယာ မဂ္ဂင်ရှစ်ပါး ပြည့်စုံစေရန် ဟောကွက်၊ ကျင့်ကွက်နှင့် တရားတော်ကို ချီးမြှင့်ရာ အကြောင်း မဂ္ဂင်ရှစ်ပါးကို အကြောင်းခံပါသည်။ စာအလိုအရ ပုဗ္ဗဘာဂမဂ် (အရိယာမဂ် ရရန် ရှေ့ပြေးအကြောင်းခံမဂ်)ဟု ဆိုလိုပါသည် အရှင်ဘုရား။ စာသိပညာရှင် နှင့် ခန္ဓာသိ ပညာရှင်တို့ ဝေါဟာရ အသုံးအနှုန်း ကွဲသည်မှာ ပြဿနာ တစ်ရပ် မဟုတ်ပါ အရှင်ဘုရား။

ဗုဒ္ဓဒေသနာတော်လာ သောတာပန်နှင့် တပည့်တော်၏ တရားအဆုံးအမအရ ဖြစ်လာသော သောတာပန်မှာ ဗုဒ္ဓအလိုကျဖြစ်၍ မခြားနားပါ။ သီလ၊ သမာဓိ၊ ပညာတည်းဟူသော ရဟန္တာဖြစ်အောင် အားထုတ်ကျင့်ကြံကြသည့် တဏှာသတ်လမ်းစဉ်(လမ်းရှည်)နည်းအရ သမာဓိကို ထူထောင်ရာ၌ ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိရအောင် အားထုတ်သော ယောဂီ၌ သမာဓိအား ကောင်း၍ ဝိပဿနာ ဒုတိယဉာဏ်စဉ် (ဥဒယဗ္ဗယဉာဏ်) အရောက်တွင် ဝိပဿနာ ညစ်ညူးကြောင်း သဒ္ဓါ၊ ပီတိ၊ ဩဘာသ၊ ပဿဒ္ဓိ ဖြစ်တတ်သည်မှာ မှန်ပါ၏။ ရင်ထဲ မဂ်တစ်ခု ကိန်းအောင်းလျှင် မဂ်ဇော ဝီထိစဉ်ဖြစ်ပါ၏။ ထို ဖြစ်စဉ်၌လည်း သဒ္ဓါ၊ ပီတိ၊ ဩဘာသ၊ ပဿဒ္ဓိ ဖြစ်တတ်ပါ၏။ ဝမ်းမြောက် ကြည်နူးမှု ဖြစ်ခြင်းကို သဒ္ဓါပီတိ၊ ကြက်သီးဖြန်းပြီး ရင်ထဲအေးသလို ခံစားရမှု မျိုးကို သဒ္ဓါဝီထိ၊ အလင်းရောင် ပြိုးပြက်လက်ပြီး ခန္ဓာကိုယ် ပေါ့ပါးကြွတက်သလို ခံစားရမှုမျိုးကို မဂ်ဝီထိဟူ၍ ခန္ဓာဉာဏ်ရောက်တရားကို လူတို့နားလည်အောင် စကားဖြင့် ရှင်းလင်းကာ ယောဂီပုဂ္ဂိုလ်တို့၏ ခံစားမှုကိုလိုက်၍ သောတာပန်သုံးစား ခွဲထားခြင်း ဖြစ်ပါသည်။ စာသိပညာရှင်နှင့် ခန္ဓာသိ ပညာရှင်တို့ စကားအသုံးအနှုန်းကို လိုက်၍ စောဒနာမပြုသင့်ပါကြောင်း စာပရိယတ္တိမှာ အရန်သဘော ကျေးဇူးပြု၍ ခန္ဓာမှာ အမှန်ဖြစ်ကြောင်း နှလုံးသွင်း ဆင်ခြင်တော် မူကြပါ သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။ စောဒကပုဂ္ဂိုလ်များ၏ တပည့်တော် ဟောပေးသော တရားအပေါ် မိစ္ဆာဝါဒဟု စွပ်စွဲချက်ကို အောက်ပါအတိုင်း ချေပ ရှင်းလင်း သောနေပါမည် အရှင်ဘုရား။

http://www.dhammadownload.com



(က) တရားအပေါ်မှာ ဝမ်းသာကြည်လင်တဲ့ စိတ်ကလေးကို သဒ္ဓါပီတိကျတယ်ခေါ် သောတာပန် အငယ်စား ×××× သတ္တက္ခတ္တုပရမ သောတာပန်ခေါ်တယ်။ ×××× ဟု တပည့်တော် ဟောထားသည်မှာ မှန်ပါ သည် အရှင်ဘုရား။ ရင်ထဲတွင် မဂ်တစ်ခု ကိန်းအောင်းချိန်၌ မဂ်ဇောဝီထိစဉ် ဖြစ်ပါသည် အရှင်ဘုရား။ မဂ်စိတ်နှင့်အတူယှဉ်ဖော်ယှဉ်ဖက် ပညိန္ဒြေ ဝိတက် စသော မဂ္ဂင်တရားကိုယ် စေတသိက် ရှစ်ပါးနှင့် သဒ္ဓါ၊ ပီတိ၊ ပဿဒ္ဓိစသော စေတသိက် များ ယှဉ်တတ်ပါသည်။ သဒ္ဓါ ပီတိ စေတသိက်တို့၏ အစွမ်း ကြောင့် ဝမ်းမြောက်ကြည်နူးမှုမျိုး ဖြစ်ခြင်းကို သတ္တက္ခတ္တု ပရမ သောတာပန် အငယ်စားဟု ကောက်ယူ၍ လောက လူတို့ နားလည်လွယ်အောင် တရားကို စကားဖြင့် ဖော်ပြခြင်း ဖြစ်ပါသည်။

(ခ) သဒ္ဓါအားကြီး၍ ဖြစ်ပေါ်လာသော သဒ္ဓါနှင့်ယှဉ်သည့် ဇောစိတ္တုပ္ပါဒ်ကို သဒ္ဓါဝီထိဟုဆိုခြင်း ဖြစ်ပါသည်။ယင်းအစွမ်း ကြောင့် ဖြစ်ပေါ်လာသော ကြက်သီးကလေး ထခြင်းမျိုးကို ကောလံကောလ သောတာပန် အလတ်စားဟု လောကလူ တို့ နားလည်လွယ်အောင် တရားကို စကားဖြင့် ရှင်းလင်း ခြင်း ဖြစ်ပါသည်။

(ဂ) မဂ်ဇောကျစဉ် သဒ္ဓါ၊ ပီတိ၊ ပဿဒ္ဓိနှင့်ယှဉ်ကာ မဂ်ဇောဝီထိ ဖြစ်ရာ၌ သဒ္ဓါအား၊ ပီတိအဟုန် ကြီးမားလွန်း၍ မဂ်ဇော နောက်တွင် ဖိုလ်ဇောများလိုက်ခြင်း၊ စိတ္တုပ္ပါဒ်အစွမ်းကြောင့် ကြက်သီးထရုံမက မျက်လုံးဝင်းကနဲ၊ ရင်ထဲ အေးသလို ဖြစ်ပေါ်ခြင်းကို ကေဝီဇသောတာပန် အကြီးစား၊ မဂ်ကြီး ကျသည်ဟု တရားကို စကားဖြင့် ရှင်းလင်းခြင်းဖြစ်ပါသည် အရှင်ဘုရား။

ထိုသို့ သောတာပန် သုံးစားခွဲ၍ သတ်မှတ်ပေးခြင်းမှာ တပည့်တော်၏ ကိုယ်ပိုင်ဆုံးဖြတ်ချက် မဟုတ်ပဲ တရားနာယူသူ ပရိတ်သတ်တို့အား မေးမြန်း

http://www.dhammadownload.com



စစ်ဆေး၍ ယောဂီပုဂ္ဂိုလ် အသီးသီး၏ ခံစားဖြစ်ပေါ်မှု ဝန်ခံချက် ကိုလိုက်၍ သတ်မှတ်ပေးခြင်းသာ ဖြစ်ပါသည် အရှင်ဘုရား။

၁။ (၁) ဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။
(၂) တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။
(၃) သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။
(၄) မကျိုးကုန်သော ၊ ပ၊ "တည်ကြည်မှုသမာဓိကို" ဖြစ်စေဟတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော (သီလ) တို့နှင့် ပြည့်စုံ၏။

၂။ ရဟန်းတို့- ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော အထက်မဂ်သုံးပါးလျှင် လဲလျောင်းရာရှိသော သောတာပန် ဖြစ်၏။

၃။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏။ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်သည်။

၄။ ယုံကြည်မှု (သဒ္ဓါ)၊ ကျင့်သုံးမှု (သီလ)၊ ကြည်ညို မှု (ပသာဒ) နှင့် တရားတော်ကို သိမြင်မှု (ဓမ္မဒဿန) ရှိကြသော ပုဂ္ဂိုလ်တို့သည် အကျင့်မြတ်၏ အတွင်းသို့ဝင်၍ တည်သော (အထက်မဂ်နှင့်ယှဉ်သော) ချမ်းသာသို့ သင့်လျော်သောအခါ၌ စင်စစ်အားဖြင့် ရောက်နိုင်ကုန်၏ဟု မိန့်တော်မူ၏။

(မဟာဝဂ္ဂ၊ သံ-၃၊ နှာ-၃၀၀/ ၃၀၁) မြန်မာပြန်။

သဘာပတိ ဆရာတော်ကြီးနှင့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား၊ တပည့်တော်၏ အမှတ် (၁)၊ ချေပလျှောက်ထား သောနောချက်ကို ဤတွင် နိဂုံးချုပ်အပ်ပါသည် အရှင်ဘုရား။

အမှတ် (၂) လျှောက်ထား သောနောချက်

တပည့်တော်၏ သောတာပန်ဖြစ်ကြောင်း (သမ္ဘာဝါဒ) ကျင့်စဉ်နှင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ အရိယာဖြစ်ကြောင်း (သမ္ဘာဝါဒ) ကျင့်စဉ်တို့

http://www.dhammadownload.com



ခြားနားခြင်းမရှိ၊ ထပ်တူဖြစ်ကြောင်း နှိုင်းယှဉ်တင်ပြ လျှောက်ထား သောဓနော ဖြစ်ပါသည် အရှင်ဘုရား။

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။ တပည့်တော်၏ သောတာပန်ဖြစ်ကြောင်း (ဗုဒ္ဓ အလိုတော်ကျ သမ္မာဝါဒ) ကျင့်စဉ်နှင့် ဗုဒ္ဓရှင်တော်ဘုရား၏ ထေရဝါဒ ဒေသနာတော်လာ အရိယာဖြစ်ကြောင်း (သမ္မာဝါဒ) ကျင့်စဉ်တို့ ခြားနားမှု လုံးဝမရှိဘဲ တစ်သားတည်း ဖြစ်ကြောင်း နှိုင်းယှဉ်ဖော်ပြပါမည် အရှင်ဘုရား။

၁၃၅၉-ခုနှစ်၊ ကဆုန်လ ပြည့် တရားတိတ်ခွေကို သက်သေခံထားလျက် စောဒကပုဂ္ဂိုလ်တို့၏ အဓမ္မစွပ်စွဲချက်ကို ဓမ္မလမ်းကြောင်းနှင့်အညီ သောဓနော ပြုပါသည် အရှင်ဘုရား။ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူသော ဒေသနာတော်တို့သည် ဝါဒမဟုတ်ပါ။ ဝါဒဆိုသည်မှာ တက္ကဗေဒနည်းဖြင့် ကြောင်းကျိုးဆက်စပ် ဆင်ခြင်တွေးခေါ်၍ ကောက်ချက်ချသော ဒဿန အယူအဆ ကစ်ရပ်သာ ဖြစ်ပါသည်။

ဗုဒ္ဓဒေသနာတော်သည် ဝါဒမဟုတ်၊ ဓမ္မသာသနာသာ ဖြစ်သကဲ့သို့ ဗုဒ္ဓ၏ အလိုတော်ကျ ဘုရားစကားကို ဦးထိပ်ပန်ဆင်လျက် ဆောင်ရွက်နေသော သောတာပန်ဖြစ်ကြောင်း အကျင့်လမ်းသည် အနာဂတ် ဓမ္မသာသနာပြု လုပ်ငန်းစဉ်ဖြစ်ပါသည်။ ဗုဒ္ဓ၏ ဓမ္မသာသနာသည် ဝါဒတစ်ရပ်မဟုတ်သကဲ့ သို့ ဗုဒ္ဓရှင်တော်၏ အလိုကျ သာသနာပြုနေသော အနာဂတ် ဓမ္မသာသနာ သည်လည်း ယခုမှအသစ်ပြုပြင်လိုက်သော ဝါဒလမ်းစဉ် မဟုတ်ပါ။ ဗုဒ္ဓ ရှင်တော် ကိုယ်တိုင် ဝိသာခါ၊ အနာထပိဏ်၊ ဗိမ္ဗိသာရ စသော အိုးအိမ် တည်ထောင်သူတို့မှာ တရားတစ်ပွဲမှာပင် သောတာပန်တည်ကြကုန်သည်မှာ အထင်အရှား ဖြစ်ပါသည်ဘုရား။ ဤအချက်ကိုပင် တပည့်တော်က (သီလ၊ သဒ္ဓါ၊ ပညာ) လမ်းစဉ်ကို (ဝါ) လူလမ်း၊ (ဝါ) သဒ္ဓါပြတ်လမ်းဟု သုံးထားခြင်း ဖြစ်ပါသည်။ သမာဓိကို အထူးကျင့်ရန်မလိုဘဲ သဒ္ဓါရှေ့ဆောင် အခြေခံ၍ မဂ်တစ်ခုကျဖို့ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိထိအောင် အားထုတ်မှုမဟုတ် ဘဲ ခဏိကသမာဓိလောက်နှင့် မဂ်ကျအောင် ဆောင်ရွက်ခြင်း ဖြစ်ပါသည် အရှင်ဘုရား။ ဗုဒ္ဓရှင်တော်လက်ထက်နှင့် ပရိနိဗ္ဗာန်ပြုပြီး နှစ်ငါးရာပထမဝိ- မုတ္တိယုဂ ကာလတွင် ရဟန်းလမ်း လမ်းရှည် သီလ-သမာဓိ-ပညာ ရှေ့ဆောင်

http://www.dhammadownload.com



ကျင့်စဉ်ဖြင့် ကျွတ်တမ်းဝင်သွားသော ဘိက္ခုရဟန်း (ဓမ္မာနုသာရီ) ပုဂ္ဂိုလ် အရေအတွက် သောင်းဂဏန်းအထိ ရေတွက်၍ရနိုင်သော်လည်း သဒ္ဓါ ရှေ့ဆောင် သဒ္ဓါနုသာရီ လူနတ်ပြဟ္မာ အရေအတွက်မှာမူ မရေတွက်နိုင် လောက်သော အသင်္ချေမျှရှိပါသည် အရှင်ဘုရား။ ဤသည်ကို ထောက်ရှုခြင်း ဖြင့် လူလမ်း (လမ်းတို) သီလ၊ သဒ္ဓါ၊ ပညာ ကျင့်စဉ်ဖြင့် သောတာပန် ဖြစ်သွား သော ဦးရေမှာ အသင်္ချေမျှ ရှိပါသည် အရှင်ဘုရား။

တပည့်တော် လမ်းတိုကျင့်စဉ်အရ (၁) သီလဟူသည် မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ နေသော ရုပ်ခန္ဓာကို အဓိဂမသီလဟု ကောက်ပုံကို ရှင်းလင်းပါမည် အရှင်ဘုရား။

အခု ပစ္စုပ္ပန် ရရှိလာသော အကျိုးသင်္ခါရ ရုပ်နာမ်ခန္ဓာကြီးသည် အတိတ် က ဒါန၊ သီလ၊ ဘာဝနာ စသော ပုညကြိယာ ကုသိုလ်(၁၀)ပါးတည်းဟူသော အကြောင်းကုသိုလ်ကံ သင်္ခါရကြောင့် ရရှိလာခြင်းဖြစ်ပါသည် အရှင်ဘုရား။ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ သီလပိုင်းတွင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ လူသီလ၊ ရဟန်းသီလ စေတနာသီလ စေတသိကသီလ စသည်ဖြင့် သီလ ပိုင်းကို မည်မျှပင် အကျယ်ဖွင့် ဆိုထားစေကာမူ မူလဆိုလိုရင်း အနက်မှာ ကာယကံ ဝစီကံ နှစ်ပါးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင် ဖြစ်၏။ မဂ်မရမီ ရှေ့အဖို့ သီလဝိသုဒ္ဓိ ဖြစ်ရမည်ဟု ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတွင် ပြဆိုရာ၌ ရှေးအဖို့ ဆိုသည်ကို ကာလပညတ်အားဖြင့် ယူမည်ဆိုပါက မဂ်မရမီ ရှေ့ရက်ပိုင်း လပိုင်း နှစ်ပိုင်း အကန့်အသတ်မရှိ မှတ်ယူ၍ရသည်။ မဂ္ဂဝီထိစဉ်၌ မဂ်ဇော၏ ရှေ့ဇောစိတ်တို့တွင် သီလဝိသုဒ္ဓိ ဖြစ်ရုံနှင့်လည်း မဂ်ကျနိုင်သည်ကိုမူ ခန္ဓာဉာဏ် စိုက် ပညာဖြင့် မဆင်ခြင်မိကြဘဲ သီလစင်ကြယ်အောင် လပိုင်း နှစ်ပိုင်းချီ၍ အားထုတ်ရမည်ဟုပင် စွဲမှတ်ယူနေကြပါသည်။ ကျမ်းဂန်လာ သာဓကတစ်ခု ပြရသော် အင်္ဂုလိမာလလူဆိုးကြီးကို ကြည့်ပါဘုရား။ လူပေါင်း ထောင်ချီ၍ သတ်သည်၊ မိခင်ကို သတ်ဖို့ကြံသည်။ နောက်ဆုံး ဘုရားကို သတ်ဖို့အထိ ကြံသည်။ ဘုရားရှင်နှင့် တွေ့၍ တရားဟောလျှင်ပင် တရား အဆုံး၌ သောတာပန် ဖြစ်သွားလေသည်။

ဗုဒ္ဓ၏ ဒေသနာတော်အရ မဂ်မရမီ ရှေ့အဖို့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ရမည်ဟု ဆိုပါသည်။ အင်္ဂုလိမာလ သောတာပန်

http://www.dhammadownload.com



ဖြစ်ပုံကို အမှုမဲ့ အမှတ်မဲ့ကြည့်ပါမူ ယင်းအကြောင်းခံ ဝိသုဒ္ဓိများ မပါဟု ထင်ရမည်။ သို့သော် ဤသို့မဟုတ်ပါ ဗုဒ္ဓဒေသနာတော်နှင့် ညီညွတ်ပါသည် အရှင်ဘုရား။ နှစ်ရှည်လမျှား ဘာသီလမျှ မစင်ကြယ်ခဲ့သော်လည်း ဘုရားရှင်၏ တရားနာယူစဉ် သောတာပတ္တိမဂ်ဇော မကျမီ ရှေ့ဇောများ၌ ဘုရားရှင်ကို ကြည်ညိုသော သဒ္ဓါဇောကြောင့် စိတ္တဝိသုဒ္ဓိ၊ ကာယကံ၊ ဝစီကံ စသည့် ဣန္ဒြေတို့ကို ငြိမ်သက်စွာ လုံခြုံအောင် ထိန်းသိမ်းထားသောကြောင့် သီလဝိသုဒ္ဓိ ဖြစ်နေပါသည်။ ဘုရားရှင်၏ ဓမ္မသာသနာမှာ အကြောင်းမှ အကျိုးသို့ သွားခြင်း ဖြစ်ပါသည်။ အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကျိုး ပစ္စုပ္ပန်အကြောင်းမှန်ကုန်စင်အောင် ကောက်တတ်မှ အနာဂတ်အကျိုးပေး တည့်မတ်မှန်ကန်မည်။ တရားအားထုတ်သည့် ကာလအတိုအရှည်နှင့် မဆိုင်။ နှစ်ပေါင်း ထောင်ချီ၍ အားထုတ်သော်လည်း တရားစစ်တရားမှန်နှင့် မကြုံ၍ အကြောင်းနှင့် အကျိုး မတည့်လျှင် ဇောဝမ္မော မဖြစ်ပါမူ အကျိုးမဂ်မရနိုင်ပါ။ ဆရာစစ် ဆရာမှန်ကို အမှီပြု၍ မိမိဘက်မှ သဒ္ဓါအကြောင်းခံပြီး အကြောင်းအကျိုးတည့်၍ ဇောဝမ္မောဖြစ်ပါမူ အကျိုးမဂ်ကို စက္ကန့်ပိုင်း မိနစ်ပိုင်းလည်း ရနိုင်သည်ဟု တရားဂုဏ်တော် (၆)ပါးတွင် အထင်အရှားရှိပါသည် အရှင်ဘုရား။ အခါမလင့် အကျိုးမဂ်ရနိုင်သည်ဟု ဆိုထားသော "အကာလိကော"ဂုဏ်ပုဒ်ကို ထောက်ချင့် ဆင်ခြင်တော်မူပါဘုရား။

သဘာပတိ ဆရာတော်ကြီးနှင့်ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား၊ အတိတ်က ဒါန- သီလ- ဘာဝနာအကြောင်း သင်္ခါရကမ္မကြောင့် ယခုပစ္စုပ္ပန်မှာ အကျိုးဖလ ဘဝတစ်ခုအဖြစ် ရရှိနေသော- ပု၊ ရှည်၊ ဖြူ၊ မည်း၊ ချော၊လှ၊ ဝ၊ ပိန် ဟူသော အဆင်းသဏ္ဌာန်ရှိသည့် သုံးဆယ့်နှစ်ကောဋ္ဌာသဖြင့် ပေါင်းဖွဲ့ထားသော မယိမ်းမယိုင် ကျောက်စာတိုင်လို မလှုပ်မယှက်ထိုင်နေသည့် (ရုပ်ခန္ဓာကြီး)သည် (အကျိုးခန္ဓာ) ဖြစ်၍ အဓိဂမသီလ၊ ကျင့်သီလ၊ သစ္စာသီလ၊ အရကောက်ရသည်"ဟု တပည့်တော် ဟောပြောရခြင်းကို ရှင်းလင်း လျှောက်ထားပါမည် အရှင်ဘုရား။

တပည့်တော်၏ ဟောကွက် ကျင့်ကွက်နှင့်တကွ ချီးမြှင့်သော တရားပွဲ၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စသော ဣန္ဒြေတို့ကို ငြိမ်သက်စွာ ထားလိုက်ခြင်းသည် မဂ်မကျမီ ရှေ့အဖို့ ကာယကံ ဝစီကံတို့ကို လုံခြုံစွာ ထိန်းသိမ်း

http://www.dhammadownload.com



ပြီး ဖြစ်၍လည်းကောင်း၊ မဂ်တစ်ခုကျစေရန် အကြောင်းခံတစ်ခုဖြစ်၍လည်း ကောင်း၊ သစ္စာဉာဏ် ရရှိစေရန် အကြောင်းခံဖြစ်၍လည်းကောင်း အဓိဂမ သီလ (ဝါ) ကျင့်သီလ (ဝါ) သစ္စာသီလဟူ၍ တပည့်တော်ကောက်ယူခြင်း ဖြစ်ပါသည် အရှင်ဘုရား။

ကာယကံ ဝစီကံတို့ကို တစ်စက္ကန့်မျှ လုံခြုံအောင် ထိန်းသိမ်းနိုင်လျှင် တစ် စက္ကန့်မျှ သီလမြဲသည်ဟု ဆိုရာ၏။ ဤနည်းအတိုင်း တစ်နှစ် တစ်ရက် တစ်လ ကြာအောင် ထိန်းသိမ်းနိုင်သည့်ကာလအလျောက် သီလမြဲ၏ဟု ဆိုရာ၏။ အင်္ဂုလိမာလ သောတာပန်ဖြစ်သည်ကို ကြည့်ပါက "တရားတော်ကို မနာယူမီ ကာလတစ်လျှောက်လုံး မည်သည့်သီလမျှ လုံခြုံခြင်းမရှိသည့် အပြင် အမိကိုသတ်မည် ဘုရားကိုသတ်မည်ဟု အကုသိုလ် ဂရုကံကြီး ထိုက်မည့် ဆဲဆဲတွင်ရှိနေသော အင်္ဂုလိမာလသည် ဘုရားရှင်၏ တရားတော်ကို သဒ္ဓါဖြင့် စတင်နာယူချိန်၌ ကန္ဒြေတို့ ကို လုံခြုံအောင် ထိန်းသိမ်းလိုက်ခြင်းကြောင့် မဂ်မရမီ ရှေ့အဖို့ အကြောင်းခံ လိုက်သော အဓိဂမသီလ ဖြစ်ပါသည်။ မဂ်မရမီ ရှေ့အဖို့၌ စက္ကန့်ပိုင်း မိနစ်ပိုင်း တွင် သီလဝိသုဒ္ဓိဖြစ်သွားသည်ဟု ဆိုရပါသည် အရှင်ဘုရား။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန် (ပထမတွဲ) သီလနိဒ္ဒေသပိုင်း (နှာ-၁၂-၁၃) တွင် လာရှိသော "သီလဟူသည်ကား သူ့အသက်ကို သတ်ခြင်း အစရှိသည်ကို ကြဉ်ရှောင်သောသူ၏ လည်းကောင်း၊ ကျင့်ဝတ် ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏ လည်းကောင်း စေတနာအစရှိသော တရားတို့သည် သီလမည်၏။ (နှာ-၄၃)

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ (ကိံ သီလန္တိ စေတနာ သီလံ၊ စေတသိကံ သီလံ၊ သံဝရော သီလံ၊ အဝီတိက္ကမောသီလန္တိ) ဟူ၍ ဟောတော်မူလေသည်။

အဓိပ္ပာယ်ကား- အဘယ်သဘောတရားသည် သီလမည်သနည်းဟူမူ စေတနာသည် သီလမည်၏။ စေတသိကတို့သည် သီလမည်၏။ ပိတ်ဆို့ စောင့်ရှောက်ခြင်း သံဝရတရားတို့သည် သီလမည်၏။ မလွန်ကျူးခြင်းသည် သီလမည်၏ဟူ၍ ပဋိသမ္ဘိဒါမဂ်၌ ဆိုထားပါသည် အရှင်ဘုရား။

http://www.dhammadownload.com



ထို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌" စေတနာသည် သီလမည်၏" ဆိုသည်ကား သူ့အသက်ကိုသတ်ခြင်း အစရှိသည်တို့မှ ကြဉ်ရှောင်သူ၏ လည်းကောင်း၊ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏ လည်းကောင်း စေတနာသည် စေတနာသီလ မည်၏။စေတသိကသီလဆိုသည်ကား-သူ့အသက်သတ်ခြင်း အစရှိသည်မှ ကြဉ်ရှောင်သော ဝိရတီစေတသိက်ကို ဆိုထား ပါသည် အရှင်ဘုရား။

ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ မြန်မာပြန် (ပထမတွဲ) သီလနိဒ္ဒေသပိုင်း (နှာ၁၅) တွင် လာရှိသော (အဘယ်အနက်သဘောကြောင့် သီလဟူ၍ ခေါ်သနည်း) ဆိုသော် "သီလန" အနက်သဘောရှိသောကြောင့် သီလဟူ၍ ခေါ်လေသည်။ "သီလန" အနက်ဆိုသည်ကား ကာယကံ၊ ဝစီကံတို့ကို သိမ်းသိမ်း ဆည်းဆည်း ကောင်းစွာ သိုထားခြင်းသည်လည်း သီလနအနက်မည်၏။ ကာယကံ အစရှိသည်တို့ စင်ကြယ်ကောင်းမွန်သော သီလရှိသောသူ၏ ဖရိုဖရဲ မကြဲခြင်းကို ဆိုလိုပါသည် အရှင်ဘုရား။

အထက်ဖော်ပြပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန် (ပထမတွဲ)သီလနိဒ္ဒေသ ပိုင်းကို အကိုးအကားပြု၍ လျှောက်ထားလိုပါသည် အရှင်ဘုရား။ ကာယကံ ဝစီကံ ကမ္မဒွါရတို့ကို လုံခြုံအောင် ထိန်းသိမ်းခြင်းကို အဓိဂမသီလဟု တပည့်တော်၏ အချိန်ကိုက် တရားဟောစဉ်အတွင်း၌ စကားကျယ်မည်စိုး၍ အတိုချုံ့ ပြောရသော်လည်း ချန်ထားသော ပေယျာလများရှိပါ၏။ ကာယကံ ဝစီကံတို့ကို လုံခြုံအောင် ထိန်းသိမ်းထားခြင်းကို ကမ္မဋ္ဌယသံဝရသီလဟုခေါ်၏။ ယင်း သီလကို ထိန်းသိမ်းသူ၏ ထိန်းသိမ်းလိုသော စေတနာသည် စေတနာ သီလ မည်၏။ သူ့အသက်သတ်ခြင်း အစရှိသော ငါးပါးသီလကို ကြဉ်ရှောင်သော ဝိရတီစေတသိက် (၃)ပါးသည် စေတသိကသီလမည်ပါသည် အရှင် ဘုရား။

ဤအခြင်းအရာ အကြောင်းပြချက်တို့ကို ထောက်ရှုခြင်းအားဖြင့် စောဒက ပုဂ္ဂိုလ်များ၏ မယိမ်းမယိုင် ကျောက်စာတိုင်လို မလှုပ်မယှက် ထိုင်နေသည့် (ရုပ်ခန္ဓာကြီး) ကို "အဓိဂမသီလ" ကောက်သည်ဟု စွပ်စွဲစောဒနာချက်များမှာ မမှန်ကန်ကြောင်း လျှောက်ထားသောနောအပ်ပါသည် အရှင်ဘုရား။

သဒ္ဓါနှင့် ပတ်သက်၍ ရှင်းလင်းပါမည်ဘုရား၊ သဒ္ဓါသည် စိတ်ကို ကြည် လင်စေ၊ တည်ငြိမ်စေသော သဘောရှိ၏။ ဝိစိကိစ္ဆာ (သံသယ)ကို ပယ်ဖျောက်

http://www.dhammadownload.com



တတ်၏။ သို့ဖြစ်၍ သဒ္ဓါတရား ရင်ထဲကိန်းအောင်းနေခိုက် ဝိစိကိစ္ဆာကင်းနေသဖြင့် ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်၏။ ထို့အပြင် သဒ္ဓါတရားသည် ကောင်းသောအာရုံတစ်ခုကို စူးစိုက်စေသော ဧကဂ္ဂတာ ဇောအရှိန် ဆက်တိုက်ဖြစ်စေခြင်းသဘောကို ဆောင်တတ်သောကြောင့် သမာဓိဖြစ်ဖို့ရန် အထောက်အပံ့များလည်း ဖြစ်၏။ ယင်းသဒ္ဓါသည် မဂ်မရမီ ရှေ့အဖို့ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်စေရန်လည်းကောင်း ကျေးဇူးပြုပါသည်။ ထိုသို့ မဂ်မရမီ ရှေ့အဖို့ မဂ်ရဖို့ ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိဖြစ်ရန် အကြောင်းခံဖြစ်သော သဒ္ဓါကို အတွင်းသဒ္ဓါ (ဝါ) အဓိဂမသဒ္ဓါဟု တပည့်တော် ကောက်ယူခြင်း ဖြစ်ပါသည်ဘုရား။

ပညာနှင့် ပတ်သက်၍ ရှင်းလင်းပါမည် ဘုရား-

အဓိဂမသီလ အခိုက်၌ အတိတ်အကြောင်း ပစ္စုပ္ပန်အကြောင်းတို့ကို ကုန်စင်အောင်ကောက်ပြီး ဟောကွက်ကျင့်ကွက်ဖြင့် ဟောပေးသောတရားစဉ် တစ်လျှောက် သဒ္ဓါဇောစိတ်ဖြင့် တရားအာရုံတစ်ခုတည်းကို စ လယ်-ဆုံးတိုင် စူးစိုက်လိုက်ပါခြင်း (ဧကောဓမ္မော) ဖြင့် ဟောကွက်အတွင်း၌ဖြစ်စေ၊ ကျင့်ကွက်အတွင်း၌ဖြစ်စေ၊ တရားအဆုံး၌ဖြစ်စေ မဂ်ဇောကျပါသည်။

မဂ်ဇောနှင့်အတူ ယှဉ်ဖော်ယှဉ်ဖက် တစ်ပြိုင်တည်းဖြစ်သော ပညိန္ဒြေ၊ ဝိတက်၊ ဝိရတီသုံးပါး၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ စသော စေတသိက်တရားတို့ကို သမ္မာဒိဋ္ဌိ အစရှိသော အရိယာမဂ္ဂင်ရှစ်ပါးဟူ၍ ခေါ်ပါသည်။ ကျမ်းဂန်တွင်ပြသော ထိုအရိယာမဂ္ဂင်ရှစ်ပါးမှာ အကျိုးမဂ္ဂင်ဖြစ်ပါသည်။ မဂ္ဂင်+အင်္ဂ=မဂ္ဂင်ဆို သည်မှာ မဂ်ရဖို့ ကျင့်ဆောင်ရသော အကြောင်းအင်္ဂါ မဟုတ်ပါ။ မဂ်တစ်ခုရမှ သာလျှင် ရရှိစေသော အကျိုးအင်္ဂါသာ ဖြစ်သည်ကို ခန္ဓာဉာဏ်ထောက် နှလုံးသွင်းနိုင်ပါသည် အရှင်ဘုရား။

ခန္ဓာမှ အမှန်ကိုမပျောက်ပျက်ရန် မှတ်တမ်းတင်ခဲ့သော စာပရိယတ္တိအရန်တို့မှာ အမှန်မပျောက်အောင် အရန်သဘောဖြင့် ကျေးဇူးပြုပါ၏။ သို့သော်အရန်သဘော ကျေးဇူးပြုသော ပရိယတ္တိစာပေကို မိမိတို့ လိုသလို ကောက်ယူဆင်ခြင် နှလုံးသွင်းပုံကို လိုက်၍ အယူအဆအမျိုးမျိုး အထွေထွေ ကွဲပြားပြီးဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း(၂၀၀)ကျော်ခန့်လောက်တွင် ဂိုဏ်းကွဲပေါင်းတစ်ဆယ့်ရှစ်ဂိုဏ်း ပေါ်လာရပါသည်။ (မောင်အံ့၊ မဟာဝိဇ္ဇာ၊ ဘုံဘော၊

http://www.dhammadownload.com



သာသနာ ၂၅၀၀-ခရီးမှ) ခေတ်အဆက်ဆက် အမျိုးမျိုး ပြောင်းတိုင်းလည်း ပရိယတ္တိစာအပေါ် ပုဂ္ဂိုလ်တို့ နှလုံးသွင်း ကောက်ချက်ကိုလိုက်၍ အယူ အဆ အမျိုးမျိုး ကွဲပြားကာ ရွှေကျင်၊ သုဓမ္မာ၊ ငှက်တွင်း၊ ဘာသာရေး ဂိုဏ်းများသည် ယခုခေတ်တွင် ပေါ်နေပါသည်။ ခန္ဓာမှ ဖော်ပြသော အမှန်တို့ကို မပျောက်ပျက်အောင် မှတ်တမ်းတင်ခဲ့သော အရန်သဘော ကျေးဇူးပြုသည့် ပရိယတ္တိစာတို့သည် ခေတ်အဆက်ဆက် ပုဂ္ဂိုလ်တို့၏ နှလုံးသွင်းမှုကိုလိုက်၍ အယူအဆအမျိုးမျိုး ဖြစ်ပေါ်လာရာ ယနေ့ဆိုလျှင် ဗုဒ္ဓရှင်တော်၏ ခန္ဓာအဘိဓမ္မာ ဆိုလိုရင်းအမှန်တရား စစ်စစ်တို့မှာ ပရိယတ္တိစာအပေါ် သညာသီ၊ သိရုံမျှပင် မထင်ရှားနိုင်ပါ။ ပဋိပတ္တိကျင့်စဉ်ဖြင့် ခန္ဓာဉာဏ်ထောက် နှလုံးသွင်း ဆင်ခြင်ကြည့်မှသာ ထင်ရှားပါသည် အရှင်ဘုရား။ ခန္ဓာမှပြသော အမှန်တရား ဓမ္မတို့မှာ ခန္ဓာဉာဏ်ရောက် သိမြင်သူအတွက် အမှန်အတိုင်း မြင်သော်လည်း သူတစ်ပါးကို ထုတ်ယူပြ၍မရ။ စကားရပ် ပရိယတ္တိစာပေတို့ဖြင့်သာ ရှင်းလင်း၍သာ ရ၏။ စကားရပ် ပရိယတ္တိစာပေတို့သည် အမှန်ကို ဒိဋ္ဌ မြင်နိုင်အောင် မပြနိုင်၊ ဉာဏ်ကြီးသူအတွက် မှန်းဆသိရှိနိုင်ရုံမျှသာ စွမ်းနိုင်၏။ အမှန်ကို အမှန်အတိုင်းသိအောင် စကားရပ် ပရိယတ္တိစာတို့နှင့် ရှင်းရာ၌ နာကြားရသူမှာ သညာအမှတ်မှား၍ နှလုံးသွင်းမှား ကောက်ချက်ချ လွဲတတ်ပါ၏။ ဤနည်းအားဖြင့် ဗုဒ္ဓရှင်တော်၏ ဆိုလိုရင်း မူရင်းအမှန်တရား ဓမ္မတို့ ခေတ်အဆက်ဆက် ပုဂ္ဂိုလ်အမျိုးမျိုး နှလုံးသွင်းကောက်ချက်ချ မှားယွင်းမှုကိုလိုက်၍ ဝါဒအမျိုးမျိုး ဂိုဏ်းအမျိုးမျိုးကွဲပြားလာသည်မှာ ယနေ့တိုင်ဖြစ်၏။ ဗုဒ္ဓ၏ ခန္ဓာတွင်း အမှန်တရား ဓမ္မတို့မှာ ခေတ်ကိုလိုက်၍ ပုဂ္ဂိုလ်ကိုလိုက်၍ မပြောင်းလဲပါ။ ခေတ်အဆက်ဆက်ပုဂ္ဂိုလ်တို့၏ နှလုံးသွင်းမှားမှုကြောင့် အမျိုးမျိုး ပြောင်းလွဲ ယူဆလာခြင်းသာဖြစ်သည်ကို သံဝေဂယူ ဆင်ခြင်နှလုံးသွင်းမိပါသည် အရှင်ဘုရား။

ဤတွင် တပည့်တော်၏ အမှတ် (၂)လျှောက်ထား သောနေ့ချက် နိဂုံးချုပ် အပ်ပါသည် အရှင်ဘုရား။

## အမှတ် (၃) လျှောက်ထားသောနေ့ချက်

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော် သီးခြားဝိနည်းမှုခိုရ် ဆရာတော်များဘုရား- တပည့်တော်သည် သမာဓိလမ်းကို ပယ်ဖျက်ရှုံချခြင်း

http://www.dhammadownload.com



မပြုဘဲ၊ သဒ္ဓါလမ်း ကျင့်စဉ်နှင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သမာဓိ ကျင့်စဉ်ကို နှိုင်းယှဉ် ဖော်ပြပါမည် အရှင်ဘုရား။

အမှတ် (၂) သောနေ့ချက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း သီလ၊ သဒ္ဓါ၊ ပညာလမ်းသည် ဒိဋ္ဌိပြုတ်၍ အပါယ်တံခါး အပြီးအပိုင် ပိတ်စေသော သောတာပန်ဖြစ်ရန် လူလမ်း၊ (လမ်းတို) နည်းဖြစ်၏။ သဒ္ဓါကို အခြေခံ၍ အိုးအိမ်တည်ထောင် လူပုဂ္ဂိုလ်တို့ကို ဤလမ်းစဉ်ဖြင့် သောတာပန်ဖြစ်ရန် ဘုရားရှင်ကိုယ်တော်တိုင် ဆောင်ရွက်တော်မူသည်ကို ပါဠိတော် (သံ-၃၊ နှာ-၂၉၉၊ ဖြဟ္မစရိယောဂဓသုတ္တ)

"ယေသံ သဒ္ဓါ စ၊ သီလဉ္စ၊ ပညာဒေါ စမ္မဒဿနံ။

ဌာ ဝေ ကာလေန ပစ္စေန္တိ၊ ဗြဟ္မစရိယောဂဓံ သုခန္တိ-အရ သိရှိနိုင်ပါသည် အရှင် ဘုရား။

လမ်းရှည်ကျင့်စဉ်သည် ရဟန္တာဖြစ်အောင် ကျင့်ရသော တဏှာ သတ် လမ်းစဉ်ဖြစ်သည့် သီလ၊ သမာဓိ၊ ပညာလမ်းကိုတပည့်တော်အနေဖြင့် ပယ်ဖျက်ရှုံ့ချခြင်းမပြုပါ၊ ယခုလို (ဝိပတ္တိကာလ) လူပုဂ္ဂိုလ်တို့အတွက် အပ္ပနာ-သမာဓိ မဆိုထားနှင့် ဥပစာရသမာဓိပင် ထူထောင်ဖို့ မလွယ်ကူကြောင်း လူပုဂ္ဂိုလ်တို့အနေဖြင့် သမာဓိလမ်းကိုလိုက်ရင်း သမာဓိကို နှစ်ရှည်လများ အားထုတ်သော်လည်း ဥပစာရ သမာဓိပင် ရဖို့မလွယ်ကူပေ။ သို့ဖြစ်၍ မဂ်မရဘဲ သမာဓိကို နှစ်ရှည်လများ အားထုတ်နေစဉ် သေသွားပါက အပါယ် လွတ်နိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် အိုးအိမ်တည်ထောင် လူပုဂ္ဂိုလ်တို့ကို မေတ္တာ၊ ကရုဏာရှေ့ထား၍ ဗုဒ္ဓရှင်တော်၏ မူရင်းဆောင်ရွက်ချက်နှင့်အညီ တရားတစ်ပွဲ၌ သဒ္ဓါကိုအခြေခံ၍ သီလ၊ သဒ္ဓါ၊ ပညာဖြစ်အောင် ဟောကွက်၊ ကျင့်ကွက် စနစ်တကျ ပိုင်းခြားပြီး တပည့်တော်မှ သောတာပန်ဖြစ်အောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ သဒ္ဓါကိုအခြေခံ၍ လုပ်ပေးသော လမ်းတို ကျင့်စဉ်ဖြစ်၍ သဒ္ဓါမပါသူများအတွက် တပည့်တော်အနေဖြင့် တာဝန်မယူပါ။ ဗုဒ္ဓ၏ ထေရဝါဒသာသနာတော်တွင် "သဒ္ဓါ"သည် အဓိကနှင့် အခြေခံ အကျ ဆုံး တရားဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်၏ အဝင်လမ်းဖြစ်ပါသည်။ သူတော်ကောင်းတရား (၇)ပါး၊ သူတော်ကောင်း ဥစ္စာ ရတနာ (၇)ပါး၊ ဗိုလ် ငါးပါး၊ ဣန္ဒြေငါးပါး စသည်တို့၌ "သဒ္ဓါ"သည် အစဦးစွာ အကြောင်းခံ၍

http://www.dhammadownload.com



"ပညာ"သည် အဆုံးမှ အကျိုး (သဒ္ဓါဖြတ်၊ ပညာဖြတ်) ဖြစ်ရပါသည် အရှင်ဘုရား။

သဒ္ဓါမပါဘဲ၊ ဒါနကုသိုလ် မပြုနိုင်ပါ၊ သဒ္ဓါကင်းပြီး သီလကုသိုလ် မဆောက်တည်နိုင်ပါ၊ သဒ္ဓါကိုလွတ်၍ သမထ ဘာဝနာ၊ ဝိပဿနာ ဘာဝနာ မပွားနိုင်ပါ။ သဒ္ဓါကို အကြောင်းမခံဘဲ မဂ်တစ်ခုလဲ မရနိုင်ပါ။ သဒ္ဓါကို အကြောင်းခံမှ ပညာရရှိနိုင်ပါ၏။လောကစကားနှင့်ဆိုရသော် ဆရာနှင့် ဆရာ၏ သင်ကြားလမ်းညွှန်မှုကို ယုံကြည်မှသာ ထိုဆရာထံမှ သင်ပေးသော ပညာရနိုင်၏။ ခန္ဓာပဋိပတ်ကို စာပရိယတ်နှင့် ညှိနှိုင်းကြည့်နိုင်ပါသည် အရှင်ဘုရား၊ တပည့်တော် အနေဖြင့် အိုးအိမ်တည်ထောင် လူပုဂ္ဂိုလ်တို့အား မေတ္တာကရုဏာရှေ့ထား၍ စေတနာမှန်ဖြင့်သာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဗုဒ္ဓရှင်တော် ကိုယ်တိုင်လည်း အိုးအိမ်တည်ထောင် လူပုဂ္ဂိုလ်တို့အတွက် ဤနည်းအတိုင်းသာလျှင် ဆောင်ရွက်တော်မူခဲ့ကြောင်း ပိဋကတ်သုံးပုံတို့၌ သာဓကများ ထင်ရှားရှိပါသည် အရှင်ဘုရား။

ဤသာသနာပြုလုပ်ငန်းကို လာဘ်လာဘမျှော်ကိုးခြင်း၊ ဂုဏ်လိုလားခြင်း မရှိဘဲ မေတ္တာကရုဏာဖြင့် ဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်ဘုရား။ ယခု ဝိမုတ္တိယုဂ တစ်ပတ်ပြန်ကျော့လာပြီဖြစ်၍ ဘုရားရှင်လက်ထက်ကကဲ့သို့ သာသနာအစွမ်းကုန် ကမ္ဘာအနှံ့ပြန့်ပွားပွင့်ထွန်းပြီး သောတာပန်မှုလိုပေါက်ရမည့် ခေတ်အခါအချိန်ကျရောက်နေပါပြီ အရှင်ဘုရား၊ ဤသို့ ဗုဒ္ဓ၏ မူရင်းဓမ္မသာသနာ ပြန်လည်ထွန်းကား ပြန့်ပွားရေးကို ဆောင်ရွက်နေသည် ဖြစ်ပါသဖြင့် ဘုရားတပည့်တော် (ဓမ္မ + ဝိနယ )ထုံး နှစ်လုံးမူလျက် သောခနော တင်သွင်းလျှောက်ထားအပ်ပါသည် သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား။

ဤတွင် တပည့်တော်၏အမှတ် (၃) သောခနောချက်ပြီးဆုံးကြောင်း လျှောက်ထားအပ်ပါသည် သဘာပတိ ဆရာတော်ကြီးနှင့် ဝိနည်းမိုရ် ဆရာတော်ကြီးများ ဘုရား။

-------------

http://www.dhammadownload.com



## အမှတ် (၄) လျှောက်ထား သောစနောချက်

### စာမျက်နှာ (၃၉) စောဒနာချက်ကို ရည်ညွှန်း

**တပည့်တော်၏ (ပညာ)ကျင့်စဉ်နှင့် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ(ပညာ)ကျင့်စဉ်တို့ကို ဖော်ပြခြင်း။**

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော် သီးခြားဝိနည်းခိုရ် ဆရာတော်ကြီးများဘုရား။

၁၃၅၉-ခု၊ ကဆုန်လပြည့် တရားခွေ (အေဆိုက် ၂၉ မိနစ်၊ ဘီဆိုက် ၁-မိနစ်ခန့် နေရာ) တွင် ဟောထားသည့် (ပညာက အကျိုးအရေး၊ မင်ပြောတာ ပညာက အကျိုးတရား) ဟူ၍ ဆောင်ပုဒ်သို့တန်ကို သီလအစ သဒ္ဓါအလယ် ပညာအဆုံး ဒိဋ္ဌိပယ်ဖြတ်နိုင်တဲ့ လမ်းတိုလမ်းစဉ်ထုံးဟူသော အသုံးအနှုန်းများမှာ ကိုယ်တိုင်ပြောသည် ဖြစ် ကြောင်း မှန်ကန်ပါသည်။

သို့ရာတွင် သီလအစ၊ သဒ္ဓါအလယ်၊ပညာအဆုံးဟု ဟောချိန်တွင် တရားနာ ရှင်လူ ရဟန်းများသည် အားထုတ်မှု ကျင့်ကွက်ဖြင့် ရှိနေပါသည်။ ယင်းကျင့်ကွက်၌ တရားနာယူသူ ယောဂီများသည် ဥပုသ်နေ့ရက်ကြီး ဖြစ်ပါက ရှစ်ပါးသီလ ဆောက်တည်ပြီး ဖြစ်ပါသည်။ ယင်းသို့ သီလအစ စတင်ခံယူ၍ (ကာယ-ဝစီ) နှစ်ပါး လုံခြုံနေစဉ် သဒ္ဓါတည်း ဟူသော ဆရာနှင့် တရားအပေါ် ယုံကြည်ခြင်း၊ ကြည်ညိုစိတ် ဖြစ်ခြင်း၊ လေးစားသမှု ဂါရဝဖြင့် ဣန္ဒြေ လုံခြုံမှုများ ဖြစ်နေရခြင်းကို သဒ္ဓါအလယ်ဟု ကောက်ပြည္ဆွန်းဆိုခြင်းဖြစ်ပါသည်။ ပညာအဆုံးဟူသော ဟောစဉ်၌ လောကီပညာကို အကောက်အယူမပြုဘဲ အမောဟကို ပညာဟု ထင်စေလို၍ အဝိဇ္ဇာအကြောင်းမခံသော ဝိဇ္ဇာတည်း ဟူသော မဂ်နှင့်ယှဉ်သော ဖိုလ်နှင့်ယှဉ်သော အကျိုးတရားကိုသာ သိစေရှိစေလို၍ ပညာကို အကျိုးတရားအဆုံး၌ ပြရခြင်း ဟောရခြင်း ဖြစ်ပါသည်။

ကျင့်ကွက် ဟောကွက်ဖြင့် ဘုရားအလိုကျ တရားနာယူစဉ် ကျင့်နေဆဲအခိုက် ပညာဝိမုတ္တိဖြင့် မဂ်စိတ် ဖိုလ်စိတ်ကိုသာ အဓိကရည်ရွယ်ရင်း ဖြစ်ပါသည်။ ထို့ကြောင့် လိုအပ်ပါလျှင် အကျိုးတရား ဟောကွက် ကျင့်ကွက်အပေါ် မေးမြန်းမည် ဆိုပါက ရှင်းလင်းတင်ပြနိုင်ပါသည် အရှင်ဘုရား။

http://www.dhammadownload.com



မဂ်ဖိုလ်အကျိုး ငြိမ်းအေးမှုအပေါ် ဝမ်းသာကြည်နူးတတ်ပါမှ ကျင့်ကွက်အပေါ် အမိပွာယ်သိပြီး၊ ကျင့်ကြံမှုကို ပြုလာနိုင်ပါမည်။

အကျင့်မပါ၊ အကျင့်စရဏ မလိုကြောင်း စကားတစ်လုံးမျှ မဟောကြားပါ၊ ထိုတိတ်ခွေတို့ကို ဖွင့်၍ စိစစ်နိုင်ပါသည်။

"ဝိဇ္ဇာစရဏသမ္ပန္နေဝ" (ဝိဇ္ဇာစရဏယှဉ်တွဲမှ သုံးဖြာသုခ၊ စုံပြည့်ဝ" တိတ်ခွေကို ရည်ညွှန်းပါသည် အရှင်ဘုရား။

"သမ္မာဒုက္ခက္ခယဂါမိနိယာတိ တဒင်္ဂ ဝသေန ကိလေသာနံ ပဟီနတ္တာ ယံ ဒုက္ခံ ခီယတိ၊ တဿ ဒုက္ခဿ ခယဂါမိနိယာ။"

(မဇ္ဈိမ-ပ-၄-နှာ-၂၂၅၊ အံ-၄-၃၊ နှာ-၂၇)

## မြန်မာပြန်

ဥဒယတ္ထဂါမိနိယာ ဟူသည်ကား အဖြစ်ကိုလည်းကောင်း၊ အပျက်ကိုလည်းကောင်း သိခြားငှာပိုင်းခြားခြင်းငှာ စွမ်းနိုင်သော (ပညာနှင့် ပြည့်စုံ၏။)

ဤဥဒယတ္ထဂါမိနိယာဟူသော ပါဠိဖြင့် (၅၀)သော လက္ခဏာတို့ကို သိမ်းဆည်းတတ်သော ဥဒယဗ္ဗယဉာဏ်ကို ဆိုအပ်၏။ အရိယာယ ဟူသည်ကား စင်ကြယ်မွန်မြတ်သော (ပညာနှင့်ပြည့်စုံ၏။)

နိဗ္ဗေဓိကာယ ဟူသည်ကား ရှေးက မဖောက်ခွဲခဲ့ဖူးသော လောဘ အစိုင်အခဲ အစရှိသော ကိလေသာ အစိုင်အခဲတို့ကို ဖောက်ခွဲခြင်းငှာ စွမ်းနိုင်သော (ပညာနှင့်ပြည့်စုံ၏။)

သမ္မာဒုက္ခက္ခယဂါမိနိယာ ဟူသည်ကား တဒင်္ဂပဟာန်၏ အစွမ်းဖြင့် ကိလေသာတို့ကို ပယ်အပ်ကုန်သည်၏ အဖြစ်ကြောင့် ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော (ပညာဖြင့် ပြည့်စုံ၏။)

-------------

http://www.dhammadownload.com



## ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ (ပညာ)မဂ္ဂင် ကျင့်စဉ် ရှင်းလင်းချက်

သဘာပတိ ဆရာတော်ကြီးနှင့်အမှတ် (၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။

တပည့်တော်၏ ပညာဝိမုတ်မဂ္ဂင်ကို-

(က) ပဉ္စိမာနိ ဘိက္ခဝေ ပဓါနိယင်္ဂါနိ။ ကတမာနိ ပဉ္စ? ဣဓ ဘိက္ခဝေ ဘိက္ခု သဒ္ဓေါ ဟောတိ၊ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ (ပ) ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယ ဂါမိနိယာ။ ဣမာနိခေါ ဘိက္ခဝေ ပဉ္စ ပဓါနိယင်္ဂါနီတိ။

(အံ-၂-နှာ-၅၇/၅၈၊ ဒ-၂၊ ပါ၊ နှာ-၂၉၈/၂၉၉)

### မြန်မာပြန်

ရဟန်းတို့ (ကမ္မဋ္ဌာန်း) အားထုတ်သော ပုဂ္ဂိုလ်၏ ပြည့်စုံရမည့် အကြောင်း အင်္ဂါတို့သည် ဤ (၅)မျိုးတို့တည်း။ အဘယ် (၅)မျိုးတို့နည်းဟူမူ-

ပညာရှိ၏ ဖြစ်မှု ပျက်မှုကိုသိ၍ ကိလေသာတို့ကို ဖောက်ခွဲနိုင်သည့် ဆင်းရဲကုန်ခန်းရာ (နိဗ္ဗာန်)သို့ ကောင်းစွာ ရောက်ရှိတတ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။

(ခ) ဥဒယတ္ထဂါမိနိယာတိ ဥဒယဉ္စ အတ္ထဉ္စ ဂန္တုံ ပရိစ္ဆိန္ဒိတုံ သမတ္ထာယ ဧတေန ပညာသလက္ခဏပရိဂ္ဂါဟိကံ ဥဒယဗ္ဗယဉာဏံ ဝုတ္တံ။ အရိယာယာတိ ပရိသုဒ္ဓါယ။ နိဗ္ဗေဓိကာယာတိ အနိဗ္ဗိဒ္ဓပုဗ္ဗေ လောဘက္ခန္ဓာဒယော နိဗ္ဗိဇ္ဈိတုံ သမတ္ထာယ။

(ဂ) ဣတိ သဗ္ဗေဟိပိ ဣမေဟိ ပဒေဟိ ဝိပဿနာပညာဝ ကထိတာ ။ ဒုပ္ပညဿ ဟိ ပဓာနံ န ဣဇ္ဈတိ။ ဣမာနိ စ ပဉ္စ ပဓာနိယင်္ဂါနိ လောကိယာနေဝ ဝေဒိတဗ္ဗာနိ။

(မဇ္ဈိမ-ပံ-ဋ္ဌ၊ နှာ-၂၂၅၊ အံ-ဋ္ဌ-၃၊ နှာ-၂၇)

### မြန်မာပြန်

ဤသို့လျှင် ဤအားလုံးသော ပုဒ်တို့ဖြင့် (ဝိပဿနာပညာကိုသာ) ဆိုအပ်၏။ မှန်ပေသည်။ ဝိပဿနာ ပညာမရှိသူအား ကမ္မဋ္ဌာန်းအားထုတ်မှု (အကျိုးထူး တရားထူး) မပြည့်စုံနိုင်။

http://www.dhammadownload.com



ဤကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်၏ ပြည့်စုံရမည့် အကြောင်းအင်္ဂါ (၅)မျိုးတို့ကို (လောကီတရားတို့ဟူ၍ သာလျှင်) သိအပ်ကုန်၏။

(ယ) သပ္ပညောတိ ကမ္မဇတိဟေတုကပဋိသန္ဓိပညာယ ပညာဝါ။ စိတ္တံ ပညဉ္စ ဘာဝယန္တိ သမာဓိဉ္စေဝ ဝိပဿနဉ္စ ဘာဝယမာနော၊ စိတ္တသီသေန ဟေတ္ထ သမာဓိ နိဒ္ဒိဋ္ဌော၊ ပညာနာမေန စ ဝိပဿနာတိ။ နိပကောတိ နေပက္ကံ ဝုစ္စတိ ပညာ၊ တာယ သမန္နာ ဂတောတိ အတ္ထော။ ဣမိနာ ပဒေန ပါရိဟာရိက ပညံ ဒဿေ တိ။(ဝိသုဒ္ဓိမဂ္ဂ-ဌ-၁၊ နှာ-၃)

(၆) ရုပ် + နာမ်သင်္ခါရတို့၏ ချုပ်ခြင်းကို အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ။

(၇) ရုပ် + နာမ်သင်္ခါရတို့၌ စွဲလမ်းသော ကိလေသာတို့ကို အဖန်ဖန် စွန့်လွှတ်သော အခြင်းအရာအားဖြင့် အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာဟု (၇)ပါး အပြားရှိ၏။

(၈) ဝိပဿနာယ သမန္နာဂတောတိ တွောဝတာ
အဓိပညာသိက္ခာ။ (မူလပံ-ဌ-၁၊နှာ-၃)

## မြန်မာပြန်

ဝိပဿနာယ သမာန္နာဂတောဟူသော ဤစကားဖြင့် အဓိပညာသိက္ခာကို (ဆိုအပ်၏။) အထက်တင်ပြထားသော ကျမ်းစာ ပရိယတ်အဆိုများနှင့် ခန္ဓ အဘိဓမ္မာ သစ္စာဉာဏ် ဖြစ်ပုံကို တရားနာယူသူနှင့် တရားဟောပေးသူ ပုဂ္ဂိုလ် နှစ်ဦးတို့၏ နေရာကို ခွဲခြား ဖြေဆိုရပါမည်။

ဟောပေးသူ ဆရာနေရာ၊ နာယူသူ တပည့်ဒါယကာ နေရာသည် သိမှု ဉာဏ်အရ မတူညီနိုင်ပါသောကြောင့် ဘုရားအလိုကျ ဆောင်ရွက်မှုဖြစ်သော ကျင့်ကွက်၊ ဟောကွက်နှစ်ခုဖြင့် စိတ်စင်ကြယ်ပုံနှင့် စောင့်စည်းမှု (ကာယဝစီ) သီလမှ အဆင့်ဆင့်သော မနောသီလနှင့် မြင့်တင်မှုများကို ဓေကာဓမ္မော လိုက်ရင်းမှ ခန္ဓာတွင်း သစ္စာဖြစ်ပုံကို ထိုမှ စိတ်စင်ကြယ်မှုဖြင့် ဝေဒနာ၊ သင်္ခါရ

http://www.dhammadownload.com



ချုပ်၍ လောကုတ္တရာသစ္စာ နိရောဓ-မဂ္ဂ ယှဉ်ပုံတို့၏ ထိုအခိုက် နာယူသူ၏ ဇောစိတ် အဆင့်ဆင့် ပြောင်းလျက် ငြိမ်းချမ်းသာ အေးချမ်းသာကို ကိုယ်တိုင် သိမြင်သည် ဖြစ်၍ လောကုတ္တရာ သရဏဂုံတည်ပြီး ရတနာသုံးပါး အပေါ် ယုံကြည်မှုမြဲစေခြင်း စသည့်အကျိုးများဖြစ်ရပါသည်။

## သဘာဝယုတ္တိဖြင့် ဥပမာပြုခြင်း

ကြက်မနှင့် ကြက်ဥ ဖြစ်စဉ်တွင် ဥမှ အကောင်ပေါက်ခြင်းကို ကြက်ဥက အကောင်ပေါက်သည် အထိ ကြက်မကြီး၏ လုံ့လ ပယောဂဖြစ်သော အငွေ့ရ ရန် ဥဝပ်ခြင်း၊ ကြက်အနံ့ ထုံပေးခြင်း၊ ကြက်သံပေးခြင်း စသည့်ဆောင်ရွက်မှု ရာခိုင်နှုန်း အများဆုံးဖြစ်လျက် ကြက်ဥက အကျိုးခံသဘောမျှ အလုပ် အနည်းဆုံးဖြင့် အုမှပေါက်ခဲ့ရပုံကို ပုံဆောင်၍လည်းကောင်း၊ သာဓကဆောင် ဥပမာတစ်ခုအဖြစ် ဆရာသည် ခမည်းတော်မင်းကြီးနှင့်တူပြီး ဝေနေယျ တပည့်ဒါယကာတို့သည် မင်းသားများကဲ့သို့ မင်းကြီးပွဲတော်စာ သုံးဆောင် နေစဉ် မိမိစားနေကျပမာဏအတိုင်း ထမင်းလုပ်ဆုပ်၍ မင်းသားငယ်တို့အား ကျွေးမွေးခွံ့၍ပေးလေသည်။ မင်းသားတို့ကလည်း မိမိ၏ခံတွင်းပမာဏ အလျောက် စားသုံးကြသကဲ့သို့ ဆရာ၏ တရားဒေသနာ ထမင်းလုပ်ကြီးမှ တရားနာယူသူ ဝေနေယျတို့က မိမိ၏ ရှေးကောင်းမှု ဥပနိဿယ အလိုက် အကျိုးတရား ခံယူနိုင်ကြခြင်းဖြင့် ဥပမာ ဥပမေယျ တင်ပြသောနောအပ်ပါ သည်ဘုရား။

(ဟောစဉ်တရား တိပ်ခွေ-၁၃၅၉-ခု၊ ကဆုန်လပြည့် ဟောစဉ်၏ ကျမ်းညွှန်း မဟာဗုဒ္ဓဝင် ပထမတွဲ၊ စာမျက်နှာ-၁၅၉၊ ၁၆၀၊ ကြောင်းရေ ၁၆ မှ ၂၈ အထိ)

ဤအကြောင်းပြချက်အပေါ် စောဒနာ အမေးရောက်ခဲ့ပါက ကိုယ်တိုင် အဖြေပေးမည် ဖြစ်ပါကြောင်း သောနောအဖြစ် လျှောက်ထားအပ်ပါသည် သဘာပတိ ဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော် သီးခြား ဝိနည်းမှုရုံ ဆရာတော်ကြီးများ ဘုရား။

## မြန်မာပြန်

သပဥ္စောဟူသည်ကား တိဟိတ်ပဋိသန္ဓေ၌ ပါဝင်သောကံကြောင့် ပညာ (အလို)အားဖြင့် ပညာနှင့် ပြည့်စုံသူကို ဆိုသည်။

http://www.dhammadownload.com



စိတ္တံပညဉ္စ ဘာဝယံ ဟူသည်ကား သမာဓိကိုလည်းကောင်း၊ ဝိပဿနာကို လည်းကောင်း ပွားစေသော (ဤကားအနက်) မှန်ပေ၏။ ဤဂါထာ၌ စိတ်ကို ဦးခေါင်း ပဓာနပြု၍ သမာဓိကို ညွှန်ပြသည်။ ပညာဟူသော အမည်ဖြင့် (ဝိပဿနာ)ကို ညွှန်ပြထားသည်။

နိပကော ဟူသည်ကား (ပညာကို) ရင့်ကျက်စေသူဖြစ်သောကြောင့်ဟု ဆိုအပ်၏။ ထို ရင့်စေကြောင်းပညာနှင့် ပြည့်စုံသည်။ (ဤကားအနက်) ဤပုဒ်ဖြင့် ပါရိဟာရိကပညာကို ပြ၏။

(င) ဣမသ္မိံဥ္စ ပညာဗျာကရဏေ တိက္ခတ္တုံ ပညာ အာဂတာ။ တတ္ထ ပဌမာ ဇာတိပညာ၊ ဒုတိယာ ဝိပဿနာပညာ၊ တတိယာ သဗ္ဗကိစ္စ ပရိဏာယိကာ ပါရိဟာရိကပညာ။

(ဝိသုဒ္ဓိမဂ်-ဋ္ဌ-၁၊ နှာ-၃)

## မြန်မာပြန်

အမေးပြဿနာ၏ အဖြေဖြစ်သော ဤဂါထာ၌ ပညာသည် (၃)ကြိမ်တိုင်တိုင် ပါဝင်လျက် ရှိ၏။ ထိုတွင် ပထမအကြိမ် ပညာသည် ပဋိသန္ဓေ ပညာဖြစ်သည်။ ဒုတိယအကြိမ် ပညာသည် (ဝိပဿနာ) ပညာဖြစ်သည်။ တတိယအကြိမ် ပညာသည် အလုံးစုံသော ကိစ္စတို့ကို ပိုင်းခြားဆုံးဖြတ်၍ ဆောင်ရွက်တတ်သော ပါရိဟာရိက ပညာဖြစ်သည်။

(စ) ယာ စ သမ္မာဒိဋ္ဌိ၊ ယော စ သမ္မာသင်္ကပ္ပေါ၊ ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ။(မူလပဏ္ဏာ၊ နှာ-၃၇၅)

## မြန်မာပြန်

မှန်သောအယူ (သမ္မာဒိဋ္ဌိ)၊ မှန်သောအကြံအစည် (သမ္မာသင်္ကပ္ပ) ဤတရားတို့ကို အများအားဖြင့် သိမ္မအစု ပညာက္ခန္ဓာ၌ သိမ်းယူရကုန်၏။

(ဆ) ဝိပဿနာယ သမန္နာဂတောတိ သတ္တဝိဓာယ အနုပဿ နာယ ယုတ္တော၊ သတ္တဝိဓာ အနုပဿနာ နာမ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာ နိဗ္ဗိဒါနုပဿနာ၊ ဝိရာဂါနုပဿနာ နိရောဓာနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာတိ။ (မူလပဏ္ဏာ-ဋ္ဌ-၁၊ နှာ-၁၆၁)

http://www.dhammadownload.com



## မြန်မာပြန်

ဝိပဿနာယ သမန္နာဂတောဟူသည်ကားခုနစ်ပါးအပြားရှိသော အနု - ပဿနာဉာဏ်နှင့် ယှဉ်ရမည် (အားထုတ်ရမည်)။

အနုပဿနာဉာဏ်မည်သည်ကား-

(၁) ရုပ်နာမ်သင်္ခါရတို့ကို မမြဲဟု အဖန်ဖန်ရှုမြင်ခြင်း ဉာဏ်ပညာ။

(၂) ရုပ်နာမ်သင်္ခါရတို့ကို ဆင်းရဲဟု အဖန်ဖန်ရှုမြင်ခြင်း ဉာဏ်ပညာ။

(၃) ရုပ် နာမ်သင်္ခါရတို့ကို အလိုအတိုင်း မဖြစ်ဟု အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ။

(၄) ရုပ်နာမ်သင်္ခါရတို့၌ ငြီးငွေ့သော အခြင်းအရာအားဖြင် အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ။

(၅) ရုပ်နာမ်သင်္ခါရတို့၌ ကပ်ငြိခြင်းကင်းသော အခြင်းအရာ အား ဖြင့် အဖန်ဖန် ရှုမြင်ခြင်း ဉာဏ်ပညာ။

-----------

http://www.dhammadownload.com



## အမှတ်(၅) လျှောက်ထားသောခနောချက်

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)၊ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

တပည့်တော်သည် ဗုဒ္ဓရှင်တော်၏ သီလ၊ သမာဓိ၊ ပညာကျင့်စဉ် တို့ကို ခေတ်မမီတော့ကြောင်း စွပ်စွဲခြင်း မရှိခဲ့ဘူးပါ အရှင်ဘုရား။ ဤအကြောင်းခြင်း ရာနှင့် ပတ်သက်၍ အရှေ့ပိုင်း သောခနောချက်များတွင်လည်း ရှင်းလင်း လျှောက်ထားခဲ့ပြီး ဖြစ်ပါသည်အရှင်ဘုရား။

စောဒကပုဂ္ဂိုလ်များက တပည့်တော်၏ ၁၃၅၉-ခု၊ ကဆုန်လပြည့် တရား တိတ်ခွေကို အထောက်ထားပြု၍ ဗုဒ္ဓရှင်တော်၏သီလ၊ သမာဓိ၊ ပညာကျင့်စဉ် တို့ကို ခေတ်မမီတော့ကြောင်း စောဒနာပြုထားပါသည် အရှင်ဘုရား။ ယင်း တိတ်ခွေတရားအရ တပည့်တော်သည် ဘုရားရှင်လက်ထက်က ကာလ သမ္ပတ္တိ၊ ပယောဂသမ္ပတ္တိဖြစ်ပုံနှင့် ယနေ့ခေတ် ကာလဝိပတ္တိ၊ ပယောဂဝိပတ္တိ ဖြစ်ပုံကို နှိုင်းယှဉ်ကာ ကာလအပြောင်းအလဲဖြစ်ခြင်း၊ လုံ့လစိုက်ထုတ်မှု လျှော့နည်းခြင်း စသည်တို့ကို ပေါ်လွင်အောင် ရှင်းလင်းဖော်ပြပြီး ယခုလို ခေတ်အခါ သီလ၊ သမာဓိ၊ ပညာကျင့်စဉ် လမ်းရှည်နည်းအရ ရဟန်းလမ်းဖြင့် အိုးအိမ်တည်ထောင် လူပုဂ္ဂိုလ်များ မဂ်-ဖိုလ်ရရန် မလွယ်ကူကြောင်းကိုသာ မေတ္တာ-ကရုဏာ ပြဌာန်း၍ ဟောပေးခြင်းသာဖြစ်ပါသည်။ ဤရဟန်းလမ်း လမ်းရှည်နည်းဖြင့် တရားထူးမရတော့ဟု မဆိုခဲ့ပါဘုရား။ ရဖို့မလွယ်ကူ ခဲယဉ်းကြောင်း တစ်ထောင်တစ်ယောက်၊ တစ်သောင်းတစ်ယောက်တော့ ရနိုင်ကြောင်းကို သမ္ပတ္တိကာလနှင့် ဝိပတ္တိကာလအပြောင်းအလဲကို လိုက်၍ နှိုင်းယှဉ်ဖော်ပြခြင်းသာဖြစ်ကြောင်း ဗုဒ္ဓ၏ သီလ၊ သမာဓိ၊ ပညာကျင့်စဉ် လမ်းကို ခေတ်မမီတော့ဟုဆိုကာ ပယ်ခဲ့ခြင်းမရှိပါ အရှင်ဘုရား။

"ဗုဒ္ဓရှင်တော်မြတ်ကို သူ့လောက် မတော်ကြောင်း၊ သူ့လိုခေတ်မီအောင် တရား မဟောတတ်ကြောင်း ဗုဒ္ဓကိုမိုက်ရိုင်းစွာစော်ကား လိုက်ခြင်း ဖြစ်သည် ဟု" စောဒကပုဂ္ဂိုလ်များက တပည့်တော်အပေါ် စောဒနာ ပြုထားပါသည် ဘုရား။ ဗုဒ္ဓဘုရားရှင်၏ အလိုတော်အတိုင်း တစ်သဝေမတိမ်း အနာဂတ် ဓမ္မသာသပြု လုပ်ငန်းကို ဝိမုတ္တိယုဂတစ်ပြန်တွင် ကျွတ်တမ်းဝင်ရမည့်

http://www.dhammadownload.com



ဝေနေယျသတ္တဝါများအပေါ် မေတ္တာ၊ ကရုဏာပြဋ္ဌာန်း၍ ဆောင်ရွက်နေသော တပည့်တော်အား ပုဂ္ဂိုလ်ရေးအရ ပုတ်ခတ်စော်ကားရာ ရောက်ရုံသာမက ဗုဒ္ဓဘုရားရှင်၏စကား ဦးထိပ်ပန်ဆင်၍ ဆောင်ရွက်နေသော အနာဂတ် ဓမ္မသာသနာကိုပါ ဖျက်ဆီးရာကြပြီး တပည့်တော်နှင့် ပတ်သက်ရာ ပတ်သက်ကြောင်းဖြစ်သော တပည့်တော် ဒါယကာ ဒါယိကာမ အစရှိသော ရဟန်းရှင်လူ ပရိသတ်အပေါင်းကိုလည်း အကျိုးမဲ့အောင် ဆောင်ရွက်ရာကြပါသည်အရှင်ဘုရား။

ဗုဒ္ဓဘုရားရှင်၏ ဗောဓိပင်ရင်း ရွှေပလ္လင်ထက်၌ အမှန်အရှိကို အမှန်အရှိတိုင်း ရှိနေသော ခန္ဓာတွင်း ဓမ္မတို့ကို ဗုဒ္ဓဘုရားရှင်က ဝေနေယျသတ္တဝါတို့ အကျိုးငှာ ဝေါဟာရ ပညတ်တင်၍ အသံထွက်စကားလုံးဖြင့် ဟောပြောဆုံးမခဲ့ပါသည်ဘုရား။ ယင်းတို့ မပျောက်ပျက်ရအောင် ပထမသင်္ဂါယနာတင်ချိန်မှစ၍ ယခုထက်တိုင် ဗုဒ္ဓ၏ အမှန်ဓမ္မကို မှတ်တမ်းထင်ထားသော ကျမ်းဂန်စာပေ စာအုပ်တွေကို ပစ်ပယ်ခြင်း မရှိခဲ့ပါဘုရား။

ယခုခေတ် ပရိယတ် ပဋိပတ် သံဃာတော်များကိုလည်း ခေတ်နောက်ကျသူတွေ၊ လူရိုး၊ လူအတွေ၊ ဟောင်းနွမ်း၍ ခေတ်မမီတော့သော တရားတွေကို ကုန်းရုန်းထမ်းဆောင်နေသူတွေလို့ သံဃာတော်များကိုလည်း အလွန်ရိုင်းပျစွာ စော်ကားလိုက်ခြင်းဖြစ်ပါသည်ဟု စောဒကပုဂ္ဂိုလ်များ၏ စောဒနာအရ တပည့်တော် မည်သည့်အခါကမျှ ပြောဆိုဘူးခြင်းမရှိခဲ့ပါအရှင်ဘုရား။

တပည့်တော်သည် ဗုဒ္ဓရှင်တော်၏ စကားကို ဦးထိပ်ထားပြီး အနာဂတ်သာသနာပြုခြင်းကို ဆောင်ရွက်နေသူဖြစ်ရကား ဗုဒ္ဓကိုသော်လည်းကောင်း၊ ဗုဒ္ဓ၏ ဓမ္မဒေသနာစစ်အတိုင်း ကျင့်ကြံအားထုတ်၍ တရားစစ် တရားမှန် ဓမ္မတို့ကို တစ်ဦးမှ တစ်ဦး လက်ဆင့်ကမ်း၍ ခေတ်အဆက်ဆက် ခန္ဓာစဉ် ဉာဏ် သွင်းကာ ဆောင်ကျဉ်းလာကြကုန်သော ပရိယတ် ပဋိပတ်နှစ်ပါး။ ဂန္ထဓုရ၊ ဝိပဿနာဓုရရှုနှစ်ဖြာ ပြည့်စုံသော သုတဗုဒ္ဓ အမည်ရ သံဃာစစ် သံဃာမှန် တို့ကိုလည်းကောင်း အမြဲတစေ ရိုသေလေးမြတ် ဂါရဝတရားထား၍ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းလျက်ရှိပါသည်။ မည်သည့်အခါမျှ ပုတ်ခတ်စော်ကားခြင်းများ မပြုခဲ့ပါအရှင်ဘုရား။

http://www.dhammadownload.com



ဟောစဉ်တရားခွေ ။ "ဗုဒ္ဓရတနာအစပေါ် မြတ်အမွန်တရားတော်" အခွေနှင့် ယှဉ်တွဲ၍ သောတနော့ပါသည် အရှင်ဘုရား။

(ဒီ-၂ မဟာပရိနိဗ္ဗာန၊ နှာ-၁၂၅) တွင် လာရှိသော ပါဠိတော်ကို ကိုးကား ထုတ်ပြလျှောက်ထား သောနော့ပါဦးမည် အရှင်ဘုရား။

ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ။

## မြန်မာပြန်

သုဘဒ္ဒ ဤရဟန်းမြတ် တစ်ကျိပ်နှစ်ယောက်တို့သည် မှန်ကန်စွာ အဆင့်ဆင့် ဟောပြောလျက် နေကုန်ကြအံ့။ လောကသည် ရဟန္တာတို့မှ မဆိတ်မသုန်းသည်သာဖြစ်ပါ၏။

(ဒီ-၂-ဋ္ဌ-နှာ-၁၈၁)တွင် လာရှိသော ပါဠိတော်ကို ကိုးကားလျှောက်ထား သောနော့ပါရစေ အရှင်ဘုရား။

* ဣမေ စ သုဘဒ္ဒါတိ ဣမေ ဒွါဒသ ဘိက္ခူ။
* သမ္မာဝိဟရေယျုံတိ တွေ----သောတာပန္နောယ အဓိဂတဋ္ဌာနံ အညဿ ကထေတာ တံ သောတာပန္န ကရောန္တော သမ္မာ ဝိဟရတိ နာမ၊ သေနယော သကဒါဂါမိအာဒီသု။
* သောတာပတ္တိမဂ္ဂဋ္ဌော အညမ္ပိ သောတာပတ္တိမဂ္ဂဋ္ဌံဒီ ကရောန္တော သမ္မာဝိဟရတိ နာမ၊ သေ နယော သသမဂ္ဂဋ္ဌေ။
* သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကော အတ္တနော ပဂုဏ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကံ ကရောန္တော သမ္မာ ဝိဟရတိ နာမ၊ သေနယော သေသမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကေသု ဣဒံ သန္ဓာယာဟ သမ္မာ ဝိဟရေယျုန္တိ။
* အသုညော လောကော အရဟန္တေဟိ အဿာတိ နဠဝနံ သရဝနံ ဝိယ နိရန္တရော အဿ။(ဒီ-၂-ဋ္ဌ-နှာ-၁၈၁)

## မြန်မာပြန်

ဣမေ စ သုဘဒ္ဒ အစရှိသောပုဒ်၌ မဂ်လေးပါး အကျိုးငါ့ တရား အားထုတ် သော အာရဒ္ဓဝိပဿက ရဟန်းလေးပါး၊ မဂ်၌တည်သော ရဟန်းလေးပါး၊

http://www.dhammadownload.com



ဖိုလ်၌တည်သော ရဟန်းလေးပါးဟူ၍ တစ်ကျိပ်နှစ်ယောက်သော ရဟန်း တို့သည်-

သမ္မာဝိဟရေယျုံ အစရှိသောပုဒ်၌ သောတာပန်ဖြစ်ပြီးသော ရဟန်း သည် မိမိရပြီးသော တရားကို အခြားသူအား ပြောပြ၍ သောတာပန် ဖြစ်အောင်ပြုသော် ကောင်းစွာနေသည် မည်၏။ သကဒါဂါမိ စသော အရိယာပုဂ္ဂိုလ်တို့၌လည်း ဤနည်းအတိုင်းပင်ဖြစ်၏။

သောတာပတ္တိမဂ်၌တည်သော ပုဂ္ဂိုလ်သည် အခြားသူအား သောတာ ပတ္တိမဂ်၌ တည်အောင်ပြုသော် ကောင်းစွာနေသည်မည်၏။ ကြွင်းသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၌လည်း ဤနည်းအတိုင်းပင်ဖြစ်၏။

သောတာပတ္တိမဂ် အကျိုးငှာ အားထုတ်နေသော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်သည် မိမိလေ့ကျင့်ပွားများနေသော ကမ္မဋ္ဌာန်းကို ဟောပြ၍ အခြား သူကို သောတာပတ္တိမဂ် အကျိုးငှာ အားထုတ်သော အာရဒ္ဓဝိပဿက ဖြစ်အောင် ပြုသော် ကောင်းစွာနေသည် မည်၏။

(ကြွင်းသောမဂ်အကျိုးငှာ အားထုတ်သော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ် တို့လည်း ဤနည်းအတိုင်းပင် ဖြစ်၏။)

ဤသို့အဆင့်ဆင့် ဟောပြောနေခြင်းကို ရည်ရွယ်၍ "သမ္မာဝိဟရေယျုံ" ဟုဆို၏။

အသုညော လောကော အရဟန္တေဟိ အဿ-ဟူသည်ကား ကျူတော၊ ကိုင်းတောကဲ့သို့ အကြားမရှိ ဖြစ်စေရာ၏။

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁)၊ နိုင်ငံတော် သီးခြားဝိနည်းခုံရုံ ဆရာတော်ကြီးများဘုရား တပည့်တော်သည် (ဒီ-၂-မဟာပရိနိဗ္ဗာန၊ နှာ-၁၂၅) မှာလာရှိသော ပါဠိတော် ဗုဒ္ဓရှင်တော်၏ စကားကို ဦးထိပ်ထားလျက်-

ဣမေ စ သုဘဒ္ဒ-အစရှိသောပုဒ်လာ ဗုဒ္ဓဘုရားရှင်၏ စကားနှင့်အညီ မဂ်လေးပါးအကျိုးငှာ တရားအားထုတ်ရသော အာရဒ္ဓဝိပဿက ရဟန်း အဖြစ် ဆိတ်ငြိမ်ရာ တောတွင်းဂူအောင်း၍ ငါးနှစ်ဆက်တိုက် တရားအား ထုတ် ကျင့်ကြံခဲ့ဖူးပါသည် အရှင်ဘုရား။

သမ္မာဝိဟရေယျုံ အစရှိသောပုဒ်၌ လာရှိသော ဗုဒ္ဓရှင်တော်၏ စကားနှင့်အညီ မိမိကိုယ်တိုင် အရိယာပုဂ္ဂိုလ်ဖြစ်အောင်လုပ်ပြီး အခြားသူ

http://www.dhammadownload.com



တို့ကိုလည်း အရိယာပုဂ္ဂိုလ်ဖြစ်အောင် ဟောကြွက် ကျင့်ကြွက်နှင့်တကွ ဟောပေးနေပါသည် အရှင်ဘုရား။ မိမိကိုယ်ကို အရိယာမဂ်၌ တည်သော ပုဂ္ဂိုလ်ဖြစ်အောင်လုပ်ပြီး အခြားသူတို့အားလည်း အရိယာမဂ်၌ တည်အောင် ပြပေးနေပါသည် အရှင်ဘုရား။

မိမိလေ့ကျင့် ပွားများအားထုတ်ခဲ့ဖူးသော တရားတော်အတိုင်း ဟောပြော နည်းလမ်းပြ၍ သူတို့ကိုလည်း သောတာပတ္တိမဂ်အကျိုးငှာ အားထုတ်သော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်ဖြစ်အောင် ဆောင်ရွက်ခဲ့ပါသည် အရှင်ဘုရား။

ယင်းပါဠိတော်လာ ဘုရားစကားနှင့်အညီ တစ်ခုမကျန်ဆောင်ရွက် ကြောင်းကို ခန္ဒာညာဏ်ရောက် စကားတို့ဖြင့် စစ်ဆေး မေးမြန်းပါမူ ရဲဝံ့စွာ ဖြေဆိုလျှောက်ထားပါမည် အရှင်ဘုရား။

သို့ဖြစ်၍ စောဒကပုဂ္ဂိုလ်တို့ အမွေစွပ်စွဲသလို "အာနန္ဒာ-ငါဘုရား ပရိနိဗ္ဗာန်စံတော့မည်၊ ငါဘုရား (၄၅) ဝါ ကာလပတ်လုံး ကိုယ်ပင်ပန်းခံ ဟောကြားခဲ့သော (သုတ်၊ ဝိနည်း၊ အဘိဓမ္မာ) တရားအားလုံးဟာ နောင်လာ နောင်သားများအတွက် တရားထူးရရန် အသုံးဝင်မှာမဟုတ်တော့ဘူး"

"ဒါကြောင့် ငါဘုရားမရှိတော့တဲ့အခါ နောင်လာနောင်သားများ တရားထူး ရရန် ငါဟောထားခဲ့သော တရားများကို အသုံးမပြုတော့ဘဲ သင်တို့ ဘာသာသင်တို့ တရားလမ်းတို-လမ်းသစ်တွေ တီထွင်ဟောကြားပြီး မသိ နားမလည်သူတို့ထံမှ ကံဆင့်ပွဲတွေ ပြုလုပ်ကာ လာဘသက္ကာရသိလော ကတွေ သိမ်းကြုံးယူငင်ပြီး မီလျှံနာသူဌေးကြီးတွေဖြစ်အောင် လုပ်စား ရစ်ကြလို့ မှာကြားခဲ့မည်မှာ သေချာပါသည်ဘုရား" ဟူ၍ စောဒကပုဂ္ဂိုလ် တို့၏ အတ္တနောမတိအားဖြင့် စောဒနာထားချက်များကို အထက်တွင် ဖော်ပြခဲ့ သော သောဓနာချက်များအရ ဖြေကြားလျှောက်ထားအပ်ပါသည် သဘာ ပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော် ကြီးများဘုရား။

## အမှတ်(၆) ချေပလျှောက်ထား သောဓနာချက်

သဘာပတိ ဆရာတော်ကြီးနှင့်အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား-

http://www.dhammadownload.com



တပည့်တော်သည် ဗုဒ္ဓရှင်တော်၏ သီလ-သမာဓိ-ပညာကျင့်စဉ်တို့ကို သဿတ-ဥစ္ဆေဒ အစွန်းမလွတ်ကြောင်း စွပ်စွဲမှုမျိုးသက်သက်ကို မပြုခဲ့ကြောင်းပါဘုရား။

ဗုဒ္ဓရှင်တော်၏ အိုးအိမ်တည်ထောင် လူပုဂ္ဂိုလ်တို့ကို တရားရအောင် ဆောင်ရွက်ပေးသော နည်းဖြင့်သာ ဝိပတ္တိကာလခေတ် ဝိမုတ္တိယုဂတွင် သောတာပန် မှိုလိုပေါက်နိုင်ကြောင်း ဤလမ်းကို လူတွေအတွက် တရားပွဲအတွင်း တရားထူးရအောင် ဆောင်ရွက်နည်းဖြစ်၍ ယခုခေတ်ကာလလောကလူတို့ နားလည်လွယ်အောင် လူလမ်း(လမ်းတို) နည်းဟု ခေါ်ဝေါ်သုံးနှုန်းခြင်းသာ ဖြစ်ပါသည်။ ယခုလို ဝိပတ္တိကာလတွင် ရဟန်းလမ်း၊ တဏှာသတ်တမ်း (လမ်းရှည်) ကျင့်စဉ် သီလ-သမာဓိ-ပညာဖြင့် သွားပါက လူတို့၏ ကာလဝိပတ္တိ ပယောဂဝိပတ္တိကြောင့် ဉာဏ်အားနည်းပါးမှုကြောင့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိအစွန်းလွတ်အောင် အားထုတ်နိုင်ဖို့ မလွယ်ကူလှကြောင်း ဓမ္မမိဋ္ဌာန်အားဖြင့် ပြောဆိုခဲ့ပါသည်။ ဤကျင့်စဉ်လမ်းဖြင့် အားထုတ်လျှင် ကျိန်းသေပေါက် သဿတ-ဥစ္ဆေဒ အစွန်းမလွတ်ဟူ၍ မဆိုဘူးပါ။ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အားနည်းမှုကြောင့် အစွန်းမလွတ်ဖြစ်တတ်ကြောင်းကိုသာ ဓမ္မမိဋ္ဌာန်ကျကျ ဆိုလိုရင်းဖြစ်ပါသည် အရှင်ဘုရား။ ဗုဒ္ဓမြတ်စွာ ဟောထားခဲ့သော တရားတော်တို့ကို သဿတ-ဥစ္ဆေဒ အစွန်းမလွတ်သော မိစ္ဆာဒိဋ္ဌိတရားတွေဖြစ်သည်ဟု မည်သည့်အခါကမျှ ယောင်၍ပင် မစွပ်စွဲခဲ့ဘူးပါ အရှင်ဘုရား။ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်အရ ကျင့်သုံးကာ အရိယာဖြစ်ပြီး သွားကြကုန်သော အဂ္ဂသာဝက မဟာသာဝကကြီးများ အပါဝင် အရိယာသံဃာ အားလုံးကို သဿတ ဥစ္ဆေဒဒိဋ္ဌိ မလွတ်သေးကြကုန်သော ပုထုဇဉ်စာရင်းဝင်ဖြစ်အောင် ပြောဆို စွပ်စွဲခြင်းလည်း ယောင်၍ပင် မဆိုခဲ့ဘူးပါ အရှင်ဘုရား။

အရိယာပုဂ္ဂိုလ်တို့ကို အဓမ္မစွပ်စွဲ ပုတ်ခတ်ထိပါးတိုက်ခိုက်၍ အရိယူပဝါဒကံကြီးထိုက်သူမှာ စောဒကပုဂ္ဂိုလ်ဖြစ်မည်လော၊ စုဒိတက ပုဂ္ဂိုလ်ဖြစ်မည်လော ဆိုသည်ကို မည်သည့်ပုဂ္ဂိုလ်က အဆုံးအဖြတ်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ ဗုဒ္ဓရှင်၏ ယခုဝိမုတ္တိယုဂ ဓမ္မသာသနာတော်က ဒိဋ္ဌဓမ္မ ထင်ရှားစွာပြတော့မည်ကို တပည့်တော် ယုံကြည်ပြီး ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



တပည့်တော်သည် ဘုရားစကား ဦးထိပ်ထား၍ အနာဂတ်ဓမ္မသာသနာပြု လုပ်ငန်းမှတစ်ပါး လောကရေးရာကိစ္စများတွင် တစ်လုံးတစ်ပါဒမျှ ပြောကြားခြင်းမရှိပါ။ ပုဂ္ဂိုလ်ရေးရာ ကိစ္စများကိုမူ ယောင်၍ပင် နှလုံးမသွင်းမိပါ။ ထို့ကြောင့် အခြားသံဃာတော်များကို သဿတ၊ ဥစ္ဆေဒ အစွန်းမလွတ်သော အကျင့်ကို ကျင့်နေသူ တိတ္ထိတွေဟု ပုဂ္ဂိုလ်ရေးအရ စွပ်စွဲပုတ်ခတ်မှုမျိုး တစ်ခါမျှ မလုပ်ခဲ့ဘူးပါ အရှင်ဘုရား။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတည်းဟူသော တပည့်တော်၏ ဦးထိပ်ပန်ဆင် သရဖူဦးသျှောင်ကို အဘယ်မှာလျှင် ခြေဖြင့် နင်းခြေဖျက်ဆီးအံ့ပါနည်း အရှင်ဘုရား။ ပရိယတ်-ပဋိပတ် ပညာရှင် ဝိနည်းဓိုရ်ဆရာတော်ကြီးများ နှလုံးသွင်း ကြောင်းကျိုးဆင်ခြင် သုံးသပ်တော်မူကြပါကုန်အရှင်ဘုရား။

သီလ၊ သမာဓိ၊ ပညာ ရဟန်းလမ်း (ဝါ) တဏှာသတ်လမ်း(ဝါ) ရဟန္တာဖြစ်အောင် အပြတ်အားထုတ်သော လမ်းရှည်ကျင့်စဉ်နည်းအရ အိုးအိမ်တည်လူပုဂ္ဂိုလ်တို့ ကျင့်ကြံပွားများ အားထုတ်ပါက သီလအား၊ သမာဓိအား ပညာအား၊ နုံ့နဲ့မှုကြောင့် အကြင်ယောဂီပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိကိုခွာဖို့ ရုပ်နာမ်တို့ကို ရှုမှတ်ဆင်ခြင်ရာရုပ်နာမ်တို့ ဆက်ကာဆက်ကာဖြစ်နေသည်ဟု သညာဖြင့်အမှတ်မှားယူဆတတ်သောကြောင့် ထိုယောဂီပုဂ္ဂိုလ်မှာ သဿတဒိဋ္ဌိအစွန်းသို့ ငြိတတ်ပါသည်။

ထိုမှ တဖန် သက္ကာယမှ ဒိဋ္ဌိကိုခွာဖို့ ရုပ်နာမ်တို့ကို ရှုမှတ်ဆင်ခြင်ရာ၌ ယောဂီပုဂ္ဂိုလ်သည် ရုပ်နာမ်တို့၏ အဖြစ်ကို မရှုမိဘဲ ရုပ်နာမ်တို့၏ အပျက်သဘောကိုသာ အရှုသန်သွားပါမူ ရုပ်နာမ်တို့ ဆက်ကာဆက်ကာ ပျက်နေသည်ဟုသညာဖြင့် အမှတ်မှားယူဆတတ်သောကြောင့် ထိုယောဂီပုဂ္ဂိုလ်မှာ ဥစ္ဆေဒဒိဋ္ဌိအစွန်းသို့ ငြိတတ်ပါသည်။

ဤအခြင်းအရာကိုဉာဏ်ဖြင့် ရှုထောက်၍ ရဟန်းလမ်းစဉ်ဖြစ်သော သီလ၊ သမာဓိ၊ ပညာလမ်းဖြင့် သီလအား သမာဓိအား၊ ပညာအား နုံ့နည်းသော အိုးအိမ်တည်ထောင် လူပုဂ္ဂိုလ်တို့ ကျင့်ကြံအားထုတ်ပါက သဿတဒိဋ္ဌိအစွန်းလွတ်ဖို့ မလွယ်ကူလှကြောင်း၊ တစ်ထောင်တစ်ယောက်၊ တစ်သောင်းတစ်ယောက်တော့ ရှားရှားပါးပါး ဖြစ်တတ်ကြောင်း ကရုဏာပြဋ္ဌာန်း၍ တပည့်တော် ဆိုလိုရင်းဖြစ်ပါတယ်။ သီလ သမာဓိ ပညာလမ်းသည် သဿတဒိဋ္ဌိစွန်းတို့မှ မလွတ်ဟု ဒိဋ္ဌိစွဲမှတ်၍ အတိအကျကေန် ဆိုလိုခြင်း မဟုတ်ကြောင်း ချေပသောစနာပါသည်ဘုရား။

http://www.dhammadownload.com



သို့ဖြစ်၍ တပည့်တော် ဟောပြောချက်များသည် ဗုဒ္ဓ၏ ဓမ္မဒေသနာတော်နှင့် မဆန့်ကျင်သဖြင့် စောဒကပုဂ္ဂိုလ်တို့ စွပ်စွဲသလို အဓမ္မဝါဒမဟုတ်ဘဲ ဖြစ်ကြောင်းကို ပရိယတ် ပဋိပတ်ဆောင် အရှင်ဘုရားတို့ဉာဏ်ဖြင့် ဆင်ခြင်ထောက်ချင့် သုံးသပ်ဆုံးဖြတ်တော်မူကြပါအရှင်ဘုရား။

ဤတွင် တပည့်တော်၏ အမှတ်(၆) လျှောက်ထားသော သောစနာချက်ကို နိဂုံးချုပ်အပ်ပါသည် သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ ဘုရား။

-------------

## အမှတ်(၇) လျှောက်ထား သောစနာချက်

### ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်အရ (သီလ-သမာဓိ-ပညာ)ကျင့်စဉ် အကျိုးမဂ္ဂင်ကို ပယ်နုတ်ဖြည့်စွက်ခြင်း အလျဉ်းမရှိဘဲ အကြောင်းမဂ် (အကြောင်းမှ အကျိုး)ဖြင့် သောတာပန် ဖြစ်နိုင်ပုံကို ရှင်းလင်းတင်ပြခြင်း

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

တပည့်တော်သည် စောဒနာသူများ၏ လျှောက်ထားချက်အရ ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ (သီလ-သမာဓိ-ပညာ) အပေါ် တစ်စုံတစ်ရာ ဖြုတ်နုတ်၊ ဖြည့်စွက်၊ ပြင်ဆင်ခြင်း လုံးဝမပြုလုပ်ဘဲ တရားနာယူသူကိုသာ အကြောင်းပြင်ဆင်ပေး၍ ရလာသောအကျိုးကို ယောဂီနှုတ်ဖြင့် ဝန်ခံချက်အပေါ် ဝေဖန်ပိုင်းခြား ဟောကြားပေးခြင်းသာဖြစ်ကြောင်း လျှောက်ထားသောစနာလွှာ တင်သွင်းအပ်ပါသည်။

အကြောင်းမဂ်၊ အကျိုးမဂ် အကောက်အယူကို သိလိုသမျှ မေးမြန်းပါက (ပဋိပတ်ကျင့်ကွက်) အရ ကိုယ်တိုင်ဖြေဆိုပါမည်ဘုရား။

မဂ္ဂင် အတု-အစစ်နှင့် ပတ်သက်၍ အောက်ပါကျမ်းဂန်များ ထောက်ထား၍ လျှောက်ကြား သောစနာပါမည်ဘုရား။

(က) တတ္ထ ပရိယတ္တိဓမ္မော တာဝ သွာက္ခာတော့
အာဒိမဇ္ဈပရိယောသာနကလျာဏတ္တာ သာတ္ထသဗျဉ္ဇန
ကေဝလ ပရိပုဏ္ဏ ပရိသုဒ္ဓ ဗြဟ္မစရိယပကာသနတ္တာ စ။
(ဝိသုဒ္ဓိမဂ္ဂ-ဌ-၁-၂၀၆)

http://www.dhammadownload.com



## မြန်မာပြန်

ထိုတွင် ပရိယတ်တရားတော်သည် အစ-အလယ်-အဆုံး သုံးပါးသော ကောင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပြည့်စုံကောင်းမြတ်သော အနက်နှင့် ပြည့်စုံကောင်းမြတ်သော သဒ္ဒါရှိသည့်အပြင် အလုံးစုံ အကြွင်းမဲ့ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော ဗြဟ္မစရိယခေါ် အမြတ်ကို ပြတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကောင်းစွာဟောအပ်သော (သွာက္ခာတ) တရားမည်ပေ၏။

(ခ) ဥပနေတဗ္ဗဿ အဘာဝတော သကလ ပရိပုဏ္ဏ ဘာဝေန ကေဝလပရိပုဏ္ဏံ။

အပနေ တဗ္ဗဿ အဘာဝတော နိဒ္ဒေါသဘာဝေန ပရိသုဒ္ဓံ။

(ဝိသုဒ္ဓိမဂ္ဂ-၅-၁-၂၀၈)

## မြန်မာပြန်

ဖြည့်စွက်ဖွယ်၊ ထည့်သွင်းဖွယ် မရှိခြင်းကြောင့် အလုံးစုံ အကြွင်းမဲ့ ပြည့်စုံသောအားဖြင့် (ကေဝလ ပရိပုဏ္ဏ) အလုံးစုံအကြွင်းမဲ့ပြည့်စုံပေ၏။ နုတ်ပယ်စရာမရှိခြင်းကြောင့် အပြစ်ကင်းသည်၏အဖြစ် (ပရိသုဒ္ဓ) ထက်ဝန်း ကျင် စင်ကြယ်ပေ၏။ နုတ်ပယ်စရာမရှိခြင်းကြောင့် အပြစ်ကင်းသည်၏ အဖြစ်ဖြင့် (ပရိသုဒ္ဓ) ထက်ဝန်းကျင်စင်ကြယ်ပေ၏။

* သီလေန စ သာသနဿ အာဒိကလျာဏတာ ပကာသိတာ၊
* သမာဓိနာ မဇ္ဈေကလျာဏတာ ပကာသိတာ ဟောတိ။
* ပညာယ သာသနဿ ပရိယောသာနကလျာဏတာ ပကာသိတာ ဟောတိ။(ဝိသုဒ္ဓိမဂ္ဂ- ၅-၁-၄)

## မြန်မာပြန်

သီလဖြင့် သာသနာတော်၏အစ၌ ကောင်းခြင်းရှိသည်၏ အဖြစ်ကိုပြ၏။ သမာဓိဖြင့် သာသနာတော်၏အလယ်၌ ကောင်းခြင်းရှိသည်၏ အဖြစ်ကို ပြ၏။ ပညာဖြင့် သာသနာတော်၏ အဆုံး၌ ကောင်းခြင်းရှိသည်၏ အဖြစ်ကို ပြ၏။

http://www.dhammadownload.com



အထက်ပါကျမ်းဂန် အထောက်အထားများအရ လိုရင်းထပ်မံ ချောက် ...ပါဦးမည်ဘုရား။

(က) ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူအပ်သော (ပရိယတ်) တရားတော်သည်

(၁) အစ၏ကောင်းခြင်း၊
(၂) အလယ်၏ ကောင်းခြင်း၊
(၃) အဆုံး၏ ကောင်းခြင်း၊
(၄) ပြည့်စုံကောင်းမြတ်သော အနက်ရှိခြင်း၊
(၅) ပြည့်စုံကောင်းမြတ်သော သဒ္ဒါရှိခြင်း၊
(၆) အလုံးစုံ အကြွင်းမဲ့ ပြည့်စုံခြင်း၊
(၇) ထက်ဝန်းကျင် စင်ကြယ်ခြင်း၊
(၈) မြတ်သော ဗြဟ္မစရိယကို ပြခြင်း၊
(၉) ဤဂုဏ်အရည်အချင်းမျိုးနှင့် ပြည့်စုံသောကြောင့် (သွာက္ခာတ) အမည် ရပါသည်။

(ခ) ထို သွာက္ခာတဂုဏ်နှင့်ပြည့်စုံသော ဗုဒ္ဓ၏တရားတော်၌ မပို မလို ပြည့်စုံပြီး ဖြည့်စွက်ခြင်း နုတ်ပယ်ခြင်းလည်းမပို၊ သန့်ရှင်း ပြည့်စုံပြီးသား၊ တရားတော်များဖြစ်သည်မှာ လေးမြတ် မှန်ကန်စွာ ယုံကြည်ပြီးလည်း ဖြစ်ပါသည်။

(ဂ) သီလအကျင့်ကို ကျင့်သုံးရခြင်းသည် အစ၏ ကောင်းခြင်း၊ သမာဓိအကျင့်ကို ကျင့်သုံးရခြင်းသည် အလယ်၏ ကောင်းခြင်း၊ ပညာအကျင့်ကို ကျင့်သုံးရခြင်းသည် အဆုံး၏ ကောင်းခြင်း။ အထက်ပါ ကျမ်းဂန်ဆိုလိုရင်းအရ ဗုဒ္ဓ၏ တရားတော်များသည် ဖြည့်စရာပယ်စရာ ပြုပြင်စရာ ဘာမျှ မလိုသော လွန်စွာပြည့်စုံစင်ကြယ်သန့်ရှင်းပြီးသော တရားတော်များ ဖြစ်ပါသည်။ ဗုဒ္ဓ၏ သာသနာ့တံခွန်သက်နှင်း ဆင်ယင်လျက် ဗုဒ္ဓအလိုကျ အစစ်အမှန်ဖြစ်သော တရား

http://www.dhammadownload.com



ဓမ္မနှင့်အညီ ကျင့်ဝတ် ဝိနည်း သိက္ခာများကို မပေါက်မကျိုး မကြားမကွက်စေရန် ကျင့်သုံးပြီးစောင့်ရှောက်လျက် သာသနာပြုခြင်းကိစ္စဖြစ်သော ဟောစဉ်ကျင့်စဉ်များနှင့် မဂ်ဖိုလ်အကျိုးကို ဆောင်ရွက်လျက်ရှိနေဆဲ ဖြစ်ပါသည်။ သို့အတွက်-

(၁) ဗုဒ္ဓ၏ သီလကျင့်စဉ်ကို မယိမ်းမယိုင်စေဘဲ လောကီသီလမှ လောကုတ္တရာသီလ၊ အဓိဂမသီလအထိ စောင့်ရှောက်ဆောက်တည်စေခြင်း ကိုယ်တိုင်လည်း ကျင့်သုံးခြင်း၊

(၂) ဗုဒ္ဓ၏ သမာဓိကျင့်စဉ်ကို သာဝကများဖြစ်သော ရဟန်းများအရာထားလျက် စောင့်ရှောက်စေခြင်း၊

(၃) ဗုဒ္ဓ၏ သမာဓိကျင့်စဉ်၌ ရဟန်းတရားအရာ၊ တပည့်ဒကာများအတွက် သဒ္ဓါတရားကျင့်စဉ်ဖြင့် ဝေဖန်ပိုင်းခြားဟောကြားပေးခြင်းသည် အဓမ္မဝါဒမဟုတ်ကြောင်း၊

(၄) ဗုဒ္ဓ၏ ပညာကျင့်စဉ်ကို ပညာကျင့်စဉ်အတိုင်း မပြုပြင်ခြင်း၊

(၅) မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို လူပုဂ္ဂိုလ်တို့အတွက် အကြောင်းမဂ်ဖြင့် လိုက်၍ အကျိုးမဂ် (မဂ္ဂင်ရှစ်ပါး)သို့ ဆိုက်ရောက်စေခြင်းစသည့် အထက်ပါငါးချက်ဖြင့် သာသနာပြုလုပ်ငန်းကို အထောက် အကူဖြစ်စေအပ်ပါသည်။ မည်သည့်လမ်းစဉ်ကိုမျှ မဖျက်မဆီးဘဲ အပါယ်ဘေးဆိုး မှ လွတ်မြောက်ရေးကို ဦးစားပေး ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

(က) ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ နဉပလဗ္ဘတိ၊ သမဏောပိတတ္ထ နဉပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော န ဉပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော န ဉပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထသမဏော န ဉပလဗ္ဘတိ။(ဒီ-၂။မဟာပရိနိဗ္ဗာန-နှာ ၁၂၄-၁၂၅)

http://www.dhammadownload.com



## မြန်မာပြန်

သုဘဒ္ဒ အကြင်တရားသဖြင့် ဆုံးမရာ သာသနာ၌ အရိယာဖြစ်ကြောင်း ကောင်းမြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကို မရအပ်။ ထိုသာသနာအယူဝါဒ၌ ပထမ သောတာပန်ရဟန်းကိုလည်း မရအပ်။ နှစ်ပါးမြောက် သကဒါဂါမ်၊ သုံးပါးမြောက် အနာဂါမ်၊ လေးပါးမြောက် ရဟန္တာကိုလည်း မရအပ်။

(ခ) ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ ဥပလဗ္ဘတိ၊ ဒုတိယောပိတတ္ထ သမဏော ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ သမဏော ဥပလဗ္ဘတိ။ (ဒီ-၂-၊ မဟာပရိနိဗ္ဗာန၊ နှာ -၁၂၅)

## မြန်မာပြန်

သုဘဒ္ဒ၊ အကြင်တရားသဖြင့် ဆုံးမရာ သာသနာ၌ အရိယာဖြစ်ကြောင်း ကောင်းမြတ်သော အင်္ဂါရှစ်ပါးရှိသောမဂ်ကို ရ၏။ ထိုသာသနာအယူဝါဒ၌ ပထမ သောတာပန်ရဟန်းကိုလည်း ရအပ်၏။ နှစ်ပါးမြောက် သကဒါဂါမ် ရဟန်း၊ သုံးပါးမြောက် အနာဂါမ်ရဟန်း၊ လေးပါးမြောက် ရဟန္တာ ကိုလည်း ရအပ်၏။

(ဂ) ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိ ကော မဂ္ဂေါ ဥပလဗ္ဘတိ၊ ဣဓေဝ သုဘဒ္ဒ သမဏော၊ ဣဓ ဒုတိယော သမဏော၊ ဣဓ တတိယော သမဏော၊ ဣဓ စတုတ္ထော သမဏော။ သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟိ။ (ဒီ-၂- မဟာပရိနိဗ္ဗာန၊ နှာ-၁၂၅)

## မြန်မာပြန်

သုဘဒ္ဒ၊ တရားသဖြင့် ဆုံးမရာဝါဒရား၏ သာသနာတော်၌ အရိယာ ဖြစ်ကြောင်း ကောင်းမြတ်သော အင်္ဂါ(၈)ပါးရှိသောမဂ်ကိုရ၏။ ထို့ကြောင့် ဤဝါဒရား၏ သာသနာတော်၌သာ ပထမသောတာပန် ရဟန်းကို လည်းကောင်း၊ နှစ်ပါးမြောက် သကဒါဂါမ်ရဟန်းကိုလည်းကောင်း၊သုံးပါး

http://www.dhammadownload.com



မြောက် အနာဂါမ်ရဟန်းကိုလည်းကောင်း၊ လေးပါးမြောက်ရဟန္တာကို လည်းကောင်း ရအပ်၏။ အခြားသော တိတ္ထိတို့၏ အမျိုးမျိုးသော ဝါဒတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့မှ ကင်းဆိတ်၏ အထက် ကျမ်းဂန် ပါဠိလာရှိသည်နှင့်အညီ-

(က) မဂ္ဂင်ရှစ်ပါးရှိသော သာသနာ၊ ဘာသာ၌ သောတာပန်များ ရှိနိုင်ပါသည်။

(ခ) မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရား မရှိလျှင် သောတာပန် အစ ရှိသည် မဖြစ်နိုင်ပါ။

(ဂ) မြတ်စွာဘုရား၏ သာသနာတော်၌ မဂ္ဂင်ရှစ်ပါး အကျင့်မြတ် တရား အပြည့်အစုံရှိသောကြောင့် ဤဘုရားရှင်၏ သာသနာတော်၌သာ သောတာပန်စသော အရိယာပုဂ္ဂိုလ် လေးမျိုး ရှိနိုင်သည်။ အခြားတိတ္ထိတို့၏ အမျိုးမျိုးသော အယူဝါဒတို့၌ ဤအရိယာ ပုဂ္ဂိုလ်လေးမျိုး မရှိနိုင်၊ ဤသို့သော ကျမ်းဂန်ပါဠိလာရှိသည်နှင့်အညီ အကြောင်း ညီညွတ်သဖြင့် အကျိုး တရားဖြစ်ပေါ်၍ သောတာပန် ဖြစ်နိုင်ကြောင်း တာဝန်ယူရခြင်းဖြစ်ပါသည်။ နှာ (၆၆) (၂)- ဗုဒ္ဓ၏ ထေရဝါဒဒေသနာကား မဂ္ဂင်ရှစ်ပါးအပြည့်အစုံ (အကြောင်းမှန်၍ အကျိုးမှန်သဖြင့် ကျင့်ကြံအားထုတ်မှု-ကျင့်ကွက်)- အသိ ဉာဏ်ဖြစ်ပေါ်မှု (ဟောကွက်) ဖြင့် ဝိဇ္ဇာစရဏ ပြည့်စုံပြီး သောတာပန် ဖြစ်သည်ဟု ဆိုရခြင်း ဖြစ်ပါသည်။ ဟောစဉ်တိတ်ခွေ "ဝိဇ္ဇာစရဏယှဉ်တွဲမှ သုံးဖြာသုခ စုံပြည့်ဝအခွေ" (၁၃၅၈-ခု၊ တပေါင်း လပြည့်ကျော် ၈-ရက်) ဖြင့် ပူးတွဲတင်ပြထားပါသည်။ (အခွေအမှတ်စဉ်-၆)

ဤနိုင်းယှဉ်ချက်အရ စောဒနာ၏ ငုတ်တုတ်ထိုင် တရားနာရုံသက်သက် ဆိုသည်မှာ မဟုတ်ကြောင်း သောခနောတင်းသွင်းလျက် စမ္မဝါဒသာ ဖြစ်ကြောင်း၊ မဂ္ဂင်ရှစ်ပါး ပါဝင်သဖြင့် သာသနာပြုရာရောက်ကြောင်း သောခနောတင်အပ်ပါသည်။ စောဒနာ၏ မှတ်ချက်အရ ၎င်းတို့တင်သွင်းသော တိတ်ခွေသည် ဘုရားတပည့်တော်ကိုယ်တိုင် ဟောကြားသော တိတ်ခွေ ဖြစ်ပါက ဟောစဉ်တွင် ပါဝင်သော တရားသားများအပေါ် အမေးရှိက ဖြေဆိုမည်ဖြစ်ကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

http://www.dhammadownload.com



အထက်ဖော်ပြပါ သောခနောတင်သွင်းချက်များအရ ဗုဒ္ဓ၏ သောတာပတ္တိမဂ်သန္တာန်သည် သာသနာရှေ့ပိုင်း ဘုရားကိုယ်တိုင် ချေချွတ်ခဲ့သည်ဖြစ်ပြီး၊ ယခု သာသနာနောက်ပိုင်းတွင် သက်တော်ထင်ရှားမြတ်ဘုရား မရှိတော့သဖြင့် တရားနှင့် ချေချွတ်ပြီး မဂ်ပညာဖြစ်ရပါသည်။

ပညာဟူသည်-

(၁) ရုပ်နာမ်သင်္ခါရတို့ကို ပိုင်းခြားသိစွမ်းနိုင်ခြင်း၊

(၂) စင်ကြယ်မွန်မြတ်ခြင်း၊

(၃) ကိလေသာကို ဖောက်ခွဲခြင်းငှာ စွမ်းခြင်း၊

(၄) ဆင်းရဲကုန်ရာ နိဗ္ဗာန်ကို မြင်နိုင်ခြင်း၊

(၅) ရုပ်နာမ် သင်္ခါရတို့ကို မမြဲဟု သိစွမ်းနိုင်ခြင်း၊

(၆) ရုပ်နာမ် သင်္ခါရတို့ကို ဆင်းရဲဟု သိစွမ်းနိုင်ခြင်း၊

(၇) ရုပ်နာမ် သင်္ခါရတို့ကို အလိုအတိုင်းမဖြစ်ဟု အဖန်ဖန် ရှုမြင်သိစွမ်း နိုင်ခြင်း၊

(၈) ရုပ်နာမ် သင်္ခါရတို့ကို ငြီးငွေ့သော အခြင်းအရာအားဖြင့် ရှုမြင်သိစွမ်း နိုင်ခြင်း၊

(၉) ရုပ်နာမ် သင်္ခါရတို့၏ ကပ်စွဲခြင်းကင်းသော အခြင်းအရာကို ရှုမြင် သိစွမ်းနိုင်ခြင်း၊

(၁၀) ရုပ်နာမ် သင်္ခါရတို့ကို ချုပ်ခြင်းကို ရှုမြင်သိစွမ်းနိုင်ခြင်း၊

(၁၁) ရုပ်နာမ် သင်္ခါရတို့ကို စွဲလမ်းသော ကိလေသာတို့ကိုစွန့်ခွာသော အားဖြင့်-

စသည်ဖြင့် ပြည့်စုံခြင်းကြောင့် အကြောင်းဝိပဿနာ မဟုတ်ပါ။ တပည့်တော်၏ ဆောင်ရွက်မှုသည် အကျိုးကို ရောက်အောင်ပို့သော ပညာဝိမုတ်စခန်းဖြစ်ပါသည်။

အထက်ပါ နှိုင်းယှဉ်ချက်အရ လက်ရှိဆောင်ရွက်နေသော သာသနာပြုမှုသည် ဘုရားအလိုတော်အတိုင်း ဖြစ်ပါသည်။

စောဒနာ၏ ရှိုးစွပ်သော မိစ္ဆာဝါဒ, ။ အဓမ္မဝါဒ အယူဆိုး မဟုတ်ပါကြောင်း သောခနောအပ်ပါသည် အရှင်ဘုရား။

http://www.dhammadownload.com



ပူးတွဲတင်ပြသော (ဦးပြုံးစင်၏ လျှောက်ထားလွှာ) အရ လူတို့၏ စကားသာ ဖြစ်သဖြင့် တပည့်တော် ရဟန်းအနေဖြင့် လျစ်လျူရှုအပ်ပါသည်။ သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းမှုခိုင်ရုံး ဆရာတော်ကြီးများ ဘုရား။

---------------

**အမှတ်(၈) လျှောက်ထား သောဓနောချက် စောဒနာပုဂ္ဂိုလ်များ၏ စမ်းကလေး (လမ်းတို့) ဆရာတော်၏ သာဝကများ၊ မဂ္ဂင်ရှစ်ပါးမကျင့်ပွားဘဲ၊ ဟောရုံနာရုံ၊ ငုတ်တုတ်ထိုင်ရုံဖြင့် (တရားထူး) မရနိုင်ပုံ တင်ပြလျှောက်ထား စောဒနာခြင်းကို စုဒိတကပုဂ္ဂိုလ် စမ်းကလေး ဆရာတော်မှ ပြန်လည်ရှင်းလင်း သောဓနာခြင်း။**

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ နိုင်ငံတော် သီးခြားဝိနည်းမှုခိုင်ရုံး ဆရာတော်ကြီးများ ဘုရား-

တပည့်တော်သည် စောဒနာပုဂ္ဂိုလ်များ စွပ်စွဲထားသည့်အတိုင်းစမ်းကလေး (လမ်းတို့) ဆရာတော်မဟုတ်ပါ။ ဝိပတ္တိကာလ ဝိမုတ္တိယုဂ ဗုဒ္ဓရှင်တော်၏ ဓမ္မသာသနာတော်အတွင်း ကျွတ်တမ်းဝင်ရန်ကျန်နေကြကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့ လွယ်ကူသောအကျင့် လျင်မြန်သော အသိဉာဏ်ဖြင့် လွယ်ကူစွာ မဂ်ကျိုးဖိုလ်ကျိုးရရှိစေရန်အလို့ငှာ မေတ္တာ ကရုဏာ ပြဋ္ဌာန်းသော ကောင်းမြတ်သည့် စေတနာအရင်းခံဖြင့် ယောဂီပုဂ္ဂိုလ်များအား မဂ်ဖိုလ်ရ ကြောင်း တရားကောင်းကို ဟောပေးချီးမြှင့်ခြင်း၊ အသိအလိမ္မာ ဘာဝနာ တရားများ ဟောပြော၍ ကာယကံ ဝစီကံ မနောကံတို့ကို ကောင်း မြတ်စွာ ထိန်းသိမ်းစောင့်ရှောက်ရန် ဩဝါဒပေး ဆုံးမခြင်းအားဖြင့် အနာဂတ် ဓမ္မ သာသနာပြုခြင်း အမှုကို ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

စောဒနာပုဂ္ဂိုလ်များ စွပ်စွဲထားသလို (မဂ္ဂင်ရှစ်ပါး မရှိလျှင် အရိယာမရှိနိုင်) ဟူသော ဗုဒ္ဓဘုရားရှင်၏ဒေသနာတော်ကို အရွဲ့တိုက်လျက် မဂ္ဂင်ရှစ်ပါး မရှိ လည်း နေပါစေဟူ၍ တစ်ခါမျှ မပြောဆိုခဲ့ဖူးပါ။(ငါ့မြင်းငါ့စိုင်း စစ်ကိုင်းရောက် ရောက်)ဆိုတာလို ရောက်တတ်ရာရာဟောပြောနေခြင်းလည်း မဟုတ်ပါဘုရား။

(က) ပြောစကားသာ နားထောင်၊ ယုံကြည်တဲ့ သဒ္ဓါရှိပါစေ အခုထဲက ပြောမယ်။ လောကဘေးနှင့် အပါယ်ဘေးက လွတ်ကြောင်း တစ်မင်္ဂကို အခါနှစ်ဆယ် ရဲရဲတာဝန်ယူတယ်။

http://www.dhammadownload.com



(ခ) ပြောစကားသာ နားထောင်ပါစေ။ အပါယ်လောက် တစ်မက်လောက်တော့ ရဲရဲတာဝန်ယူတယ်။ အခါနှစ်ဆယ်ဆိုတာ နည်းသေးတယ်နော်။

(ဂ) ဘုန်းကြီးဟောခဲ့တဲ့ တရားလေးကို စိုက်နားထောင်နေရင် နိဗ္ဗာန်ဝေးကွာမနေဘူးလား။ အဲ့ဒီ စိုက်နားထောင်နေတဲ့ အချိန်ကလေး သစ္စာမဂ်တစ်ခု ကျနိုင်တယ်။

(ဃ) အဲဒီသဒ္ဓါကလေး ပြည့်စုံတဲ့အတိုင်း သောတာပန် ဘယ်အစားမှန်းတော့ မသိဘူး။ အပါယ်က လုံးဝလွတ်တယ်၊ ဘုန်းကြီးရဲရဲ အခါနှစ်ဆယ် တာဝန်ယူတယ်၊ အားလုံးကြေညာပါတယ်။

သဘာပတိ ဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြား ဝိနည်းခုံရုံ ဆရာတော်ကြီးများဘုရား။

တပည့်တော် အထက်ပါအတိုင်း တရားပွဲ၌ ဟောပေးနေသည်မှာ အမှန်ဖြစ်ပါသည်။ သောတာပန် ဖြစ်နိုင်ရန် အင်္ဂါလေးပါးရပ်ရှိရာ "သပ္ပုရိသသံသေဝ" ဆရာစစ် ဆရာမှန်ကို အမှီပြုရခြင်းသည် ရှေးဦးပထမ အဓိကဖြစ်၏။ ယောဂီပုဂ္ဂိုလ်တို့အား သဒ္ဓါကို အကြောင်းခံ၍ မဂ်အကျိုးဖိုလ်အကျိုး ရရှိစေနိုင်ရန် တရားဟောပြောချီးမြှင့်ပေးနိုင်သော ဆရာစစ် ဆရာမှန်တို့၏ အင်္ဂါနှင့်အညီ အကြောင်းကံ ပြည့်စုံသဖြင့် "သဒ္ဓါ" သာ ပါပါစေ။ အပါယ်က လုံးဝလွတ်တဲ့ သောတာပန်လောက်တော့ ဘုန်းကြီး ရဲရဲကြီးတာဝန်ယူတယ်-ဆိုသော စကားကို ပြောဆိုခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ဝါကြွားလို၍ မဟုတ်ဘဲထုတ်ဖော်ပြောဆိုဖို့ အကြောင်းဖန်လာ၍ ထုတ်ဖော်ပြောဆိုရခြင်း ဖြစ်ပါသည်။

ဤအကြောင်းတို့ကို လူပုဂ္ဂိုလ်တို့အား မပြောကောင်း၍ ဘယ်သောအခါမျှ မပြောခဲ့ပါ။ ရဟန်းပုဂ္ဂိုလ်အချင်းချင်း စောဒကတက် မေးမြန်း လာလျှင် တပည့်တော် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဖြေဆိုပါမည်။

အရှင်ဘုရားတို့ မေးသမျှကိုတပည့်တော် ဖြေဆိုပါမည်။(အမေး ငါးထွေ၊ အဖြေ လေးပါး) ဟု ဆိုစကားအရ အရှင်ဘုရားတို့ မေးမြန်းသော မေးခွန်းကို တပည့်တော်ဘက်က အကုန်အစင် ဖြေဆိုပါမည်။ ဗုဒ္ဓဘုရားရှင်၏ သာသနာ နောက်ပိုင်း ယခု ခေတ်တွင် မဂ်လေးပါး ဖိုလ် လေးပါး နိဗ္ဗာန်ဟူသော

http://www.dhammadownload.com



ဓမ္မအမွေအစစ် လောကုတ္တရာတရား ကိုးပါးတို့မှာ စာနှင့် ပါးစပ်တွင် လမ်းဆုံးနေကြသည်ကို ပရိယတ်ပညာရှင် အရှင်ဘုရားတို့ နှလုံးသွင်းဆင်ခြင်မိကြလိမ့်မည်ထင်ပါသည်။ ကျွတ်တမ်းဝင်ရန် ကျင့်နေကြကုန်သော ဝေနေယျ သတ္တဝါတို့အကျိုးငှာ မဟာကရုဏာတော်ဖြင့် ဗုဒ္ဓဘုရားရှင် ခန္ဓပရိနိဗ္ဗာန် ပြုတော်မူပြီးနောက်ပိုင်း သာသနာတော် နှစ်ငါးထောင် ထားရစ်ခဲ့သည်။ ပထမဝိမုတ္တိယုဂ နှစ်ငါးရာအတွင်း သောတာပန်အစ ရဟန္တာအဆုံး အရိယာပုဂ္ဂိုလ်တို့ မှိုလိုပေါက်ခဲ့ကြပါသည်။ ယခု ဒုတိယတစ်ပတ်လည်း ဝိမုတ္တိယုဂတွင်လည်း သောတာပန်တို့ မှိုလိုပေါက်ရပါမည်။ ယခု ဝိမုတ္တိယုဂအတွင်း အသချေ်နှင့်ချီ၍ ကျွတ်တမ်းဝင်ရန် ကျန်ရှိနေသော ဝေနေယျသတ္တဝါတို့ တစ်ယောက်မကျန် ဧကန် ကျွတ်တမ်းဝင်ရပါမည်။ တစ်ယောက် တစ်လေကပ်ကျန်နေ၍ မရပါ။ သို့စေကာမူ ဓမ္မသာသနာတော်သည် အရှိန်သာရှိ၍ အချိန်သိပ်မရှိတော့ပါ။ တစ်ယောက်မကျန် အသချေ်နှင့်ချီ၍ ကျွတ်တမ်းဝင်ရမည့် ဝေနေယျသတ္တဝါတို့ ဘယ်ပုံဘယ်နည်း ကုန်စင်အောင် ကျွတ်တမ်းဝင်ကြပါမည်နည်း။ အရှင်ဘုရားတို့ စဉ်းစားဆင်ခြင်ကြည့်တော်မူကြပါ အရှင်ဘုရား။

တပည့်တော်သည် ဘုရားစကား ဦးထိပ်ထား၍ ဘုရားရှင်၏ အဆုံးအမနှင့်အညီ ရဟန်းတို့၏ ဝိနည်းသိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ပြီး ဘုရားရှင်၏ ဓမ္မအမွေစစ် အမွေကောင်းကို ဝေနေယျ သတ္တဝါတို့အား ရရှိစေရန် မဂ်ဖိုလ်ရကြောင်း၊ လောကုတ္တရာကြောင်း ဓမ္မသာသနာပြုခြင်း အမှုကိုသာ တစ်စိုက်မတ်မတ် ဆောင်ရွက်လျက် ရှိပါသည်။ လောက အကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဆောင်ရွက်မှု လုံးဝ မပြုပါ။ စောဒက ပုဂ္ဂိုလ်များ၏ တပည့်တော် အပေါ် သီလ-သမာဓိ- ပညာ မဂ္ဂင်ရှစ်ပါး အကျင့်လမ်းကို ပြစ်ပယ်၍ လမ်းတိုနည်းထွင်ခြင်း၊ စွပ်စွဲခြင်းနှင့် ပတ်သက်၍ ရှေးရှုသော စောဒနာချက်များတွင်လည်း ထပ်တလဲလဲ အပ်ကြောင်းထပ်အောင် တပည့်တော် ရှင်းလင်းခဲ့ပြီး ဖြစ်ပါသည်။ စောဒကပုဂ္ဂိုလ်များ စွပ်စွဲသလို တပည့်တော်သည် ဆေးလိမ်ညာရောင်းသော လူလိမ်လူညာ တစ်ယောက် မဟုတ်ပါ။ ရောဂါဇစ်မြစ်ကို ဒိဋ္ဌသိမြင်ပြီး ရောဂါအမြစ်ပြတ် ပျောက်ကင်းစေရန် အနာနှင့် ဆေးတည့်အောင် ပေးတတ်သည့် သုံးလူထွတ်ထား၊ ဆေးဆရာကြီး ဗုဒ္ဓရှင်တော်ဘုရား၏ ဆေးကုနည်း နိဿယကို နှစ်ရှည်လများ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာသင်ယူခဲ့သော တပည့်သားရင်း ဆေးဆရာတစ်-

http://www.dhammadownload.com



ယောက်ပိပိ လူနာယောဂီများအား လိမ်းဖို့ရန် လိမ်းဆေး၊ သောက်ရန်၊ စားရန်စားဆေး စသည်ဖြင့် အနာနှင့်ဆေးတည့်အောင်ပေးနေသော အစစ်အမှန် ဆေးဆရာတစ်ယောက်ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင် ပေးတော်မူခဲ့သော ဆေးတို့ကို မရောင်းဘဲ၊ မေတ္တာ ကရုဏာဖြင့် လူနာယောဂီပုဂ္ဂိုလ်များအား အခမဲ့ပေးဝေနေခြင်း ဖြစ်ပါသည် အရှင်ဘုရား။

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ နိုင်ငံတော် သီးခြားဝိနည်းခုံရုံး ဆရာတော်ကြီးများဘုရား-

ဟောရုံနာရုံ ငုတ်တုတ်ထိုင်ရုံဖြင့် မဂ်ဖိုလ် တရားထူး ရနိုင်သည်ဟု တစ်ကြိမ်တစ်ခါမျှ မဆိုခဲ့ဖူးပါ။

ဆရာ့အပေါ်၊ တရားအပေါ်မှာ မတုန်မလှုပ် ယုံကြည်မှု (အစလသဒ္ဓါ)ကို အခြေခံ၍ ဟောကွက် ကျင့်ကွက် အတွင်း၌ မျက်စိမှိတ်မလှုပ် မယှက် ဂရုဂါရဝထား ငြိမ်သက်စွာနေပြီး ဆရာ၏ တရားအသံ အပေါ်၌ ဝေဒနာ သညာ အစွမ်းကြောင့်ဖြစ်သော မှတ်စိတ်ဖြင့် နားထောင်ခြင်းမဟုတ်ပါ။ ဉာဏ်နားဖြင့် တရားအသံအပေါ် စ-လယ်- ဆုံး (ကောဓမ္မော) လိုက်၍ အကျိုးတရားထူးရအောင် တရားနာယူခြင်း၊ ဟောပေးသော ဆရာဘက်က လည်း မျက်စိကိုမှိတ်၊ မလှုပ်မယှက် ငြိမ်သက်စွာနေပြီး၊ အဝိဇ္ဇာ တဏှာ မဖြစ်အောင် သညာသိ-ဝေဒနာကို ဥပေက္ခာပြု၍ ဗီဇနိယာမဖြင့် အကျိုးတရား ထူးရအောင် ဟောပေးခြင်းဖြင့် မဇ္ဈိမပဋိပဒါ သတိပဋ္ဌာန်းအလယ်လမ်း သောတာပန်တည်ခန်းကို ဘုရားစကားနှင့်အညီ တိတိကျကျ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း လျှောက်ထား သောနေပါသည် အရှင်ဘုရား။

(အဘိ-ပုဂ္ဂလပညတ်-ပါ-နှာ-၁၄၇) ပါဠိတော်တွင် လာရှိသော-

(က) ၁။ ကတမောစ ပုဂ္ဂလော ဥဃ္ဃဋိတညူ၊ ယဿ ပုဂ္ဂလဿ
သဟ ဥဒါဟဋဝေလာယ ဓမ္မာဘိသမယော ဟောတိ။
အယံ ဝုစ္စတိ ပုဂ္ဂလော ဥဃ္ဃဋိတညူ။
(ပဉ္စပကရဏ- ပုဂ္ဂလပညတ်အဋ္ဌကထာ-နှာ ၇၃)တွင်
တွင်လာရှိသော-

(က) ၂။ အယံ ဝုစ္စတီတိ အယံ စတ္တာရော သတိပဋ္ဌာနာတိ
အာဒိနာ။ နယေန သံခိတ္တေန မာတိကာယ ထပိယ

http://www.dhammadownload.com



မာနယ ဒေသနာ-နသာရေန ဉာဏံ ပေသေတွာ အရဟတ္တံ ဂဏှိတုံသမတ္ထောပုဂ္ဂလော ဉဂ္ဃါဋိတညူတိ ဝုစ္စတိ။

မြန်မာပြန်

(က) ၁။ အကျဉ်းဟောပြကာမျှဖြင့် မဂ်ဖိုလ်ကိုရသော ဉဂ္ဃါဋိတညူ ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ အကြင် ပုဂ္ဂိုလ်အား (အကျဉ်း) ထုတ်ဆောင် ဟောပြအပ်သောအခါနှင့် တစ်ပြိုင်နက် (သစ္စာလေးပါး) တရားကို ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

ဤပုဂ္ဂိုလ်ကို အကျဉ်းဟောပြောကာမျှဖြင့် မဂ်ဖိုလ်ကို ရသော (ဉဂ္ဃါဋိတညူပုဂ္ဂိုလ်) ဟူ၍ ဆိုအပ်ပါ၏။

မြန်မာပြန်

(က) ၂။ အယံ ဝုစ္စတိ ဟူသည်ကား သတိပဋ္ဌာန်တရားတို့သည် (၄)ပါးတို့တည်း။ ဤသို့အစရှိသော နည်းဖြင့် အကျဉ်း- မာတိကာ ထားအပ်သည်ရှိသော် ဟောအပ်သော ဒေသနာတော်ကို အစဉ်အတိုင်း ဉာဏ်ဖြင့် စေလွှတ် သုံးသပ်လျက် အရဟတ္တဖိုလ်ဉာဏ်ကို ယူခြင်းငှာ စွမ်းနိုင် သော ပုဂ္ဂိုလ်ကို (ဉဂ္ဃါဋိတညူ) ဟူ၍ ဆိုအပ်၏။

( ခ) ၁။ ကတ မော စ ပုဂ္ဂလော ဝိပဥ္စိတညူ၊ ယဿ ပုဂ္ဂလဿ သံခိတ္တေန-ဘာသိတဿဝိတ္ထာရေန အတ္ထေ ဝိဘဇိယမာ- နေ ဓမ္မာဘိသမယော ဟောတိ။အယံ ဝုစ္စတိ ပုဂ္ဂလော ဝိပဥ္စိတညူ။(ပဥ္စပကရဏ-ပုဂ္ဂလပညတ် အဋ္ဌကထာ-နှာ- ၇၃)တွင် လာရှိသော-

( ခ) ၂။ အယံဝုစ္စတီတိ အယံ သံခိတ္တေန မာတိကံဌပေတွာ ဝိတ္ထာရေန အတ္ထေ ဘာဇိယမာနေ အရဟတ္တံ ပါပုဏိတုံ သမတ္ထော ပုဂ္ဂလော ဝိပဥ္စိတညူတိ ဝုစ္စတိ။

မြန်မာပြန်

( ခ) ၁။ အကျယ်ဟောကာမျှဖြင့် မဂ်ဖိုလ်ကိုရသော (ဝိပဥ္စိတညူ) ပုဂ္ဂိုလ်ဟူသည်အဘယ်နည်း အကျဉ်းအားဖြင့် ဟောအပ်

http://www.dhammadownload.com



ပြီးသော ဒေသနာ အနက်ကို အကျယ်အားဖြင့် ဝေဖန် အပ်သည်ရှိသော်(သစ္စာ၄-ပါး)တရားကို ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။ ဤပုဂ္ဂိုလ်ကို အကျယ်ဟောကာ မျှဖြင့် မဂ်ဖိုလ်ရသော ပုဂ္ဂိုလ် (ဝိပဉ္စိတညူ) ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(ခ) ၂။ အယံ ဝုစ္စတိ-ဟူသည်ကား အကျဉ်းအားဖြင့် မာတိကာ ထား၍ အကျယ်အားဖြင့် အနက်အဓိပ္ပာယ်ကို ဝေဖန်အပ် သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ စွမ်းနိုင် သော ဤပုဂ္ဂိုလ်ကို (ဝိပဉ္စိတညူ) ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

အထက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ် (၂) ဦးတို့ကို ဗုဒ္ဓဘုရားရှင်၏ သာသနာနှစ် ငါးရာ ဝိမုတ္တိယုဂ အတွင်းသာ ရရှိနိုင်၏။ သာသနာနှစ်ငါးရာ ဝိမုတ္တိယုဂနောက်ပိုင်းတွင် မရရှိနိုင်ပါ။

ယခုသာသနာတစ်ဝက်ကျိုး၊ ဒုတိယနှစ် ၂၅၀၀-၏ ဒုတိယတစ်ပတ်လည် ဝိမုတ္တိယုဂနှစ် ငါးရာ၊ ဟောပေးနာယူဖြင့် ဘုရားရှင် လက်ထက်ကကဲ့သို့ လွယ်လင့်တကူ ကျွတ်တမ်းဝင်နိုင်သော ကာလတစ်ဖန်ကျရောက်နေပြီ ဖြစ်သောကြောင့် ဤပုဂ္ဂိုလ်နှစ်ဦးတို့ ရရှိနိုင်ပါ၏။ ဝိမုတ္တိယုဂ သာသနာ နှစ်ငါးရာ နောက်ပိုင်းတွင် ဧ ယျနှင့်ပဒပရမပုဂ္ဂိုလ်သာ ရရှိနိုင်သည်ကို ပရိယတ္တိပညာရှင် ဆရာတော်ကြီးများ သတိပြုဆင်ခြင်တော်မူကြပါ အရှင်ဘုရား။

ထပ်မံ၍ ရှင်းလင်းလျှောက်ထား သောနော့ပါဦးမည် ဆရာတော်ကြီးများ ဘုရား။

တပည့်တော်၏ မဇ္ဈိမပဋိပဒါ သတိပဋ္ဌာန်အလယ်လမ်း သောတာပန် တည်ခန်းတွင် ယောဂီပုဂ္ဂိုလ်ကို မဂ်ကျိုး ဖိုလ်ကျိုးရရှိအောင် ဆောင်ရွက်ရာ၌ သဒ္ဓါကို အခြေခံ၍ မျက်စိ၊ နား၊ နှာစသော ဣန္ဒြေတို့ မလှုပ်မယှက် ငြိမ်သက်စွာထားပြီး ဟောကွက် ကျင့်ကွက် တရားဟောစဉ်တစ်လျှောက် စ-လယ်-အဆုံးတိုင် ဝေဒနာသညာမှတ်စိတ်ဖြင့် မသွားဘဲ တရားအပေါ် အထူးသတိထား၍ ဉာဏ်စိုက်လိုက်ရပါသည်။ တပည့်တော်၏ ညွှန်ကြားမှု အတိုင်း တိကျစွာလိုက်နာသော သဒ္ဓါတရားနှင့်ပြည့်စုံသည့် ယောဂီပုဂ္ဂိုလ်

http://www.dhammadownload.com



အားသာလျှင် မင်္ဂကျိုး ဖိုလ်ကျိုး ရရှိနိုင်ကြောင်း အာမခံရဲရဲဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

တရားနာယူသူမှန်သမျှ တရားနာရုံနှင့် တရားထူးရနိုင်သည်ဟု မည်သည့်အခါမျှ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မဆိုခဲ့ဘူးပါ။

တပည့်တော် ဟောကြားပေးသမျှ တရားခွေများကို ဖွင့်နားထောင်ကြည့်ပါက ထင်ရှားစွာသိနိုင်ပါသည်။ ဣန္ဒြေတို့ကို လုံခြုံငြိမ်သက်အောင်ထားပြီး တရားကို စလယ်ဆုံးတိုင် မှတ်စိတ်ဖြင့်မသွားဘဲ ဉာဏ်စိတ်နှင့်လိုက်မိဖို့ အထူးသတိထား၍ ဆောင်ရွက်ရသည်ဖြစ်သောကြောင့် ဗုဒ္ဓဒေသနာတော်လာ သတိပဋ္ဌာန်လမ်းစဉ် ဖြစ်ပါသည်။ တပည့်တော် ညွှန်ကြားသည့်အတိုင်း အထူးသတိပြု ဉာဏ်စိုက်ခြင်းဖြင့် နီဝရဏကွာ၍ သဿတ၊ ဥစ္ဆေဒ အစွန်းနှစ်ပါးမှ လွတ်သောကြောင့် မဇ္ဈိမပဋိပဒါ အလယ်လမ်းတည့်တည့်လည်း ကျသဖြင့် ဗုဒ္ဓဘုရားရှင်၏ သာသနာအဆုံးအမနှင့်လည်း ညီပါသည်။ သန္တတိအမတ်ကြီးနှင့် ပဋာစာရီတို့သည် ဘုရားရှင်၏ ဤနည်းလမ်းစဉ်အတိုင်း နာယူ၍ တရားအဆုံးတွင် သောတာပန်တည်သွားကြသည်မှာ ကျမ်းဂန်တွင် အထင်အရှားရှိပါသည်။

ဤအထောက်အထားများအရ တပည့်တော်သည် ဘုရားရှင်၏ဒေသနာစဉ် အဆုံးအမနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း ရှင်းလင်းတင်ပြ သောခနော အပ်ပါသည် ပရိယတ္တိပညာရှင်ဆရာတော်များဘုရား။

ဆင်ကို မမြင်ဖူးရှာသော မျက်မမြင်ပုဂ္ဂိုလ်များ ခြောက်ယောက်တို့ (ခန္ဓာဉာဏ်စိုက် တရားမတွေ့ မသိမမြင်ဖူးသူများ) သည် ဆင် (ခန္ဓာတွင်းဓမ္မ) ကိုစမ်းသပ်ကြည့်မိရာ၌ (ခန္ဓာတွင်းဓမ္မကို သိရှိရန် ရံထားသော ပရိယတ္တိကိုသညာဖြင့် လေ့လာသင်ယူမှတ်သားခြင်း) နှာမောင်းကို စမ်းသပ်မိသောပုဂ္ဂိုလ်များသည် ဆင်ဆိုသည်မှာ မြွေနှင့် တူပါတကားဟုလည်းလည်းကောင်း၊ အစွယ်ကို စမ်းသပ်မိသူပုဂ္ဂိုလ်များက ဆင်ဆိုသည်မှာ လှံနှင့်တူပါသည်တကားဟုလည်းကောင်း။ နားရွက်ကို စမ်းသပ်မိသူပုဂ္ဂိုလ်များက ဆင်ဆိုသည်မှာယပ်တောင်ကြီးနှင့်တူပါတကားဟုလည်းကောင်း၊ အမြီးကို စမ်းသပ်မိသူကဆင်ဆိုသည်မှာ ကြိုးနှင့်တူပါတကားဟုလည်းကောင်း၊ ခြေထောက်ကိုစမ်းသပ်မိသူပုဂ္ဂိုလ်များက ဆင်ဆိုသည်မှာ ကျွန်းတိုင်ကြီးနှင့် တူပါတကားဟု

http://www.dhammadownload.com



လည်းကောင်း၊ ကိုယ်လုံးကို စမ်းမိသူပုဂ္ဂိုလ်များက ဆင်ဆိုသည်မှာ နံရံကြီးနှင့် တူပါတကားဟုလည်းကောင်း၊ ဆင်၏ အကောင်အထည် ဒြပ်သဏ္ဍာန်အမှန် (ခန္ဓာတွင်း အမှန်တရားဓမ္မ) ကို မမြင်ဖူးရှာ၍ မိမိတို့အသီးသီး စမ်းသပ်မိရာ အရံအစိတ်အပိုင်း (မိမိတို့အသီးသီး သညာဖြင့် သင်ယူမှတ်သားထားသော ပရိယတ္တိအစိတ်အပိုင်း) ကို မိမိတို့ ထင်သလို စွဲယူအမှတ်များကာ၊ ဆင်၏ အမှန်သဘောမှ လွဲချော်ကာ ဆင်ကို ကြိုးဟုလည်းကောင်း၊ မြွေဟု လည်းကောင်း၊ လုံဟုလည်းကောင်း၊ ယပ်တောင်ဟုလည်းကောင်း၊ ကျွန်းတိုင် ဟုလည်းကောင်း၊ နံရံဟုလည်းကောင်း အသီးသီး စွဲမှတ် အယူများကာ (ပရိယတ္တိသာ သင်ယူတတ်မြောက်သူ အချင်းချင်း အယူအဆကွဲပြားမှု) ၎င်းတို့ အချင်းချင်း အငြင်းပွားကြကုန်သကဲ့သို့ ခန္ဓာတွင်း ဓမ္မအမှန်တရားကို ပဋိပတ္တိဉာဏ်ဖြင့် မသိရှာကုန်ကြသော ပရိယတ္တိပညာရှင် အချင်းချင်း အယူအဆကွဲပြားကာ အငြင်းပွားကြကုန်၏။ ဆင်ကို မမြင်ဖူးသော မျက်မမြင်ကို၊ ဆင်မြင်ဖူးသူ (ခန္ဓာတွင်းဓမ္မကို သစ္စာဉာဏ်ဖြင့်သိသူ) က ၎င်းတို့မှန်းဆ မြင်နိုင်အောင် အထင်အရှားယူပြခြင်းငှာ မစွမ်းနိုင်။ ၎င်းတို့ မှန်းဆမြင်နိုင်ရုံမျှ ဉပမာ ဉပမေယျလောက်နှင့်သာ ရှင်းလင်း နိုင်ပေသည်။ မျက်မမြင်ပုဂ္ဂိုလ်များတို့ ကိုယ်တိုင်မျက်စိမြင်နိုင်စွမ်းရှိမှသာ ဆင်၏ ပင်ကိုယ်ပုံဟန် သဏ္ဍာန်ကို ထင်ရှားတွေ့ရမည်သာ ဖြစ်ပါသည်။

ဤပုံဆောင်သာဓကမှာ ပြဆိုသကဲ့သို့ တပည့်တော်နှင့် တပည့်တော်၏ သာဝကများအပေါ် သောတာပန်အတုများ၊ အလိမ်အညာ သောတာပန် များဟု စွပ်စွဲပုတ်ခတ်နေသော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တည်း ဟူသော ဘုရားရှင်၏ ဓမ္မအမွေအစစ်၊ လောကုတ္တရာ တရားကိုးပါးကို စာနှင့် ပါးစပ်တွင်သာ သိကြသော (ငါမှာမသိ၊ စာမှာသိ၊ ဂဟာကိုက်တတ်သည်) နှင့်အညီ ရှိနေကြသော စောဒနာပုဂ္ဂိုလ်တို့သည် သောတာပန်အတု အလိမ် အညာဟု စွပ်စွဲ နေကြခြင်းမှာ သောတာပန်အစစ်ဆိုသည်ကို မည်သည့်ပေတံ မည်သည့်ပြဒါးတိုင်နှင့်တိုင်း၍ ပြောပါသနည်း။ ဆင်ကို ကိုယ်တွေ့မျက်မြင် တွေ့ရှိထားသောသူကို မျက်စိအမြင်မရှိဘဲ လက်ဖြင့် စမ်းသပ်တွေ့ရှိပြီး မှားယွင်းစွာ စွဲမှတ်ထားသူတို့က ပြန်လည်စွပ်စွဲသကဲ့သို့ အလားတူနေပါသည်။

သောတာပန် ဟုတ်မဟုတ် စစ်မစစ်ကို အထက်ထက်အရိယာပုဂ္ဂိုလ် အသီးသီးတို့၏ ဓမ္မစက္ခုအမြင်ဖြင့်သာ သိနိုင်ပါသည်။

http://www.dhammadownload.com



ပရိယတ္တိစာပေနှင့် တိကျစွာ မတိုင်းနိုင်ပါ၊ မှန်းဆ ရမ်းဆ၍သာ တိုင်းနိုင်ဖွယ်ရှိပါသည်။

ပရိယတ္တိစာပေအသိနှင့် သောတာပန် စစ်မစစ်တိုင်းတာကြည့်သူသည် ဆင်ကို ယပ်တောင်နှင့်လည်းကောင်း၊ ဆင်ကို မြွေနှင့်လည်းကောင်း၊ ဆင်ကို ကြိုးနှင့်လည်းကောင်း၊ ဆင်ကို ကျွန်းတိုင်နှင့်လည်းကောင်း၊ ဆင်ကို နံရံနှင့်လည်းကောင်း မတူ၍ စွပ်စွဲသကဲ့သို့ ဖြစ်နေပါသည် အရှင်ဘုရား။

စောဒကပုဂ္ဂိုလ်များ၏ အမှန်မှာ ယခုအချိန်၌ အထက်တန်းစား (ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ)ပုဂ္ဂိုလ်မျိုးတွေ(တဦးတလေမျှမရှိနိုင်တော့ပါဘုရား) ဟု အစချီကာ (ဒီပနီပေါင်းချုပ်၊ ပထမတွဲ၊ ဗောဓိပက္ခိယဒီပနီ-နှာ ၂၅၈)တွင် ရေးသားထားသော လယ်တီဆရာတော် ဘုရားကြီး၏ အဆုံးအဖြတ်ကို မေးလိုသည်မှာ လယ်တီဆရာတော်ဘုရားကြီး တပည့်အနေဖြင့် အဆုံးအဖြတ်ကို အထောက်အထားပြု ကိုးကားထားရာ ဗုဒ္ဓဘုရားရှင်အဆုံးအဖြတ်ဖြစ်ကြောင်း မည်သို့ကိုးကားထောက်ထား ညွှန်ပြပါမည်နည်း. . . . တပည့်တော်သည် ဘုရားစကားကို ခေါင်းပေါ်တင်၍ ဘုရားရှင်လမ်းညွှန်ဆုံးမသည့် ဒေသနာတော်နှင့်အညီ ယခုဝိမုတ္တိယုဂကာလအတွင်း ဝေနေယျသတ္တဝါတို့ ဘုရားရှင်၏ ဓမ္မအမွေစစ် အမွေကောင်းဖြစ်သော မဂ် (၄)ပါး၊ ဖိုလ် (၄) ပါး၊ နိဗ္ဗာန်၊ လောကုတ္တရာ(၉) ပါး ရရှိစေရန် အကျိုးငှာ မေတ္တာကရုဏာ ပြဋ္ဌာန်းသော ကောင်းမြတ်သည့် စေတနာအရင်းခံဖြင့် လောကကြောင်း လုံးဝမပါ လောကုတ္တရာအကြောင်း သက်သက်ဖြင့် အနာဂတ်ဓမ္မသာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည် အရှင်ဘုရား။

ယခု ဝိမုတ္တိယုဂခေတ်အခါ၌ ရဟန္တာများ မဆိတ်သုဉ်းသေးပါ။ သောတာပန်အဆင့်လောက်ရှိ ပုဂ္ဂိုလ်များမှာမူ မှိုလိုပေါက်အောင် ပေါများရှိး မည်ကို ပရိယတ္တိပညာရှင်တို့ စောဒကမတက်နိုင်ပါ၊ သောတာပန်မှိုလိုပေါက်ဖို့ရန်မှာလည်း သီလ-သမာဓိ-ပညာဟူသော တဏှာသတ်ရဟန်းလမ်း၊ လမ်းရှည်ကျင့်စဉ်ဖြင့် ရနိုင်မည် မဟုတ်သည်ကိုလည်း ပရိယတ္တိ ပညာရှင်တို့ စောဒကမတက်နိုင်ပါ၊ ဆရာစစ်-ဆရာမှန်ကို အမှီပြု၍ သဒ္ဓါကို အကြောင်းခံကာ လွယ်ကူသော အကျင့်၊ လျင်မြန်သော အသိဉာဏ်ဖြင့် မဂ်ဖိုလ်အကျိုးရရှိအောင် ဗုဒ္ဓဘုရားရှင်လက်ထက်ကကဲ့သို့ တရားတစ်ပွဲတည်းမှာပင်

http://www.dhammadownload.com



ဆောင်ရွက်ပေးမှသာလျှင် သောတာပန် မှီလိုပေါက်နိုင်မည်မှာ ဧကန် ဖြစ်ကြောင်း နှလုံးသွင်း ဆင်ခြင်တော်မူကြပါဘုရား။

(နမော တဿ ဘဂဝတော) ကို ကျမ်းဂန်နှင့်အညီ မဖတ်တတ်ဟု အတိဒေါသမြောက်သော စကားလုံးမျိုးဖြင့် စောဒနာပုဂ္ဂိုလ်များက စွပ်စွဲ ပုတ်ခတ်သည်ကို တပည့်တော် သည်းခံပါသည် အရှင်ဘုရား။

(နမော တဿ ဘဂဝတော) ကို ကျမ်းဂန်နှင့်အညီ ရွတ်ဖတ်တတ်သော ပရိယတ္တိပညာရှင်တို့ (ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ) ဂုဏ်ဆောင် ဗုဒ္ဓဘုရားရှင်၏ လမ်းညွှန်အဆုံးအမနှင့် အညီ မိမိတို့ကိုယ်တိုင် မဂ်ဖိုလ်စသော လောကုတ္တရာ ဓမ္မအမွေစစ်ကို ရပြီးပါပြီလား-----ရအောင် ကျင့်ကြံအားထုတ်နေပါသလား----မိမိတို့ကို ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်းနေကြကုန်သော ပစ္စယာနုဂ္ဂဟ ကျေးဇူးရှင်များကို မဂ်ဖိုလ်အကျိုး ရအောင် ဓမ္မာနုဂ္ဂဟဖြင့် ပြန်လည် ကျေးဇူးဆပ်ပါရဲ့လား-----ထိုသို့မဟုတ်ဘဲ အာမိသအမွေဒါန သီလကထာစဉ်မှာပင် အပြန်ပြန်-အလှန်လှန် ခေါက်တုန့် ခေါက်ပြန် လျှောက်လှမ်းနေရုံဖြင့် ဗုဒ္ဓဘုရားရှင်၏ တပည့်သာဝက သံဃာ အစစ်ဖြစ်ပါ့မလား--- ဟု တပည့်တော် မေးမြန်းလျှောက်ထားသည်ကို သည်းခံတော်မူကြပါ အရှင်ဘုရား---(မပြောလည်း မသိ-ပြောပြန်လည်းငြိ) ဆိုသကဲ့သို့ တပည့်တော် မပြောဘဲထားသော ဘုရားစကားများ ရင်ထဲတွင် အပြည့်ရှိနေပါသည်။ အကယ်၍ အရှင်ဘုရားတို့ မေးမြန်းမည်ဆိုပါက လောကလူတို့ကို မပြောကောင်း၍ တစ်ခါမျှ မပြောခဲ့ဘူးသော ဘုရား စကားများကို ရဟန်းအချင်းချင်း ပွင့်လင်းစွာ ဖွင့်ဟပြောဆိုဖို့ အဆင်သင့် ရှိနေပါသည် အရှင်ဘုရား---အရှင်ဘုရားတို့ မေးသမျှ တပည့်တော် ဘက်မှ အဖြေရှိပါသည်။ တပည့်တော် မေးသည်ကိုလည်း အရှင်ဘုရားတို့ လှည့်ပတ်မှု မာယာမပါဘဲ အတိအလင်း ဖြေဆိုဖို့ တပည့်တော် လျှောက်ထားအပ်ပါသည် အရှင်ဘုရား----။

တပည့်တော်ကို စာမတတ် ပေမတတ်ဟူ၍ စောဒနာပုဂ္ဂိုလ်တို့ **စွပ်စွဲ** သည့်အတိုင်း ဟုတ်မှန်သည်ဟုပင် ထားပါတော့၊ တပည့်တော်မေး**ပါရစေ** ပရိယတ္တိသည် အကျိုးမှန် ပဋိဝေဓသို့ရောက်ရန် လမ်းညွှန်**ဆိုင်းဘုတ်** ဖြစ်ပါသည်။ ပဋိပတ္တိမှာ သွားရမဲ့လမ်း ဖြစ်ပါသည်၊ လမ်းညွှန်ဆိုင်း**ဘုတ်ကို** ဖတ်တတ်သော်လည်း လမ်းညွှန်သည့်အတိုင်း ပဋိပတ္တိလမ်းကို **မလျှောက်** ပါက လိုရာခရီး ပဋိဝေဓသို့ ရောက်မည်မဟုတ်ပါ။

http://www.dhammadownload.com



စာမတတ်၍ လမ်းညွှန်ဆိုင်းဘုတ်ကို မဖတ်တတ်စေကာမူ ဤခရီးကို ရောက်ဖူးသူတစ်ယောက်က ဤလမ်းက သွားရသည်ဟု နှုတ်ဖြင့်လမ်းညွှန် သည့်အတိုင်း မိမိကလည်း ယုံယုံကြည်ကြည်ဖြင့် ညွှန်ရာလမ်းအတိုင်း သွားပါက လိုရာခရီးကို ဧကန်ဆိုက်ရောက်မည် မလွဲပါ၊ လမ်းညွှန်ဆိုင်းဘုတ် ဖတ်တတ်ပြီး ဆိုင်းဘုတ်အောက်တွင်သာ ရပ်နေသူနှင့် လမ်းညွှန်ဆိုင်းဘုတ် မဖတ်တတ်သော်လည်း ဆရာကနှုတ်ဖြင့် လမ်းညွှန်သည့် လမ်းအတိုင်းသွား၍ ရောက်သူထိုနှစ်ဦးတို့တွင် မည်သူက သာလွန်ပါသနည်း။ ဤအဖြေကို အရှင် ဘုရားတို့ကိုယ်တိုင်သာ ရှုကြည့်တော်မူကြပါတော့ အရှင်ဘုရား။

စာဒနာပုဂ္ဂိုလ်များ အဓမ္မစွပ်စွဲသကဲ့သို့ မိစ္ဆာဝါဒ-အဓမ္မဝါဒအယူဆိုး ကြီးဖြင့် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ ပုဂ္ဂိုလ် (၄)မျိုးအလိုက်ထိုက် သလို တရားထူးရပုံကို ဟောပြောထားသော ပုဂ္ဂလပညတ် အဘိဓမ္မာ ဒေသနာတော်ကြီးကို လုံးဝဖယ်ရှားဖျက်ဆီးခြင်း မဟုတ်ရုံသာမက ဘုရားရှင် ၏ စ-လယ်-ဆုံးကောင်းခြင်းနှင့် ပြည့်စုံသော သာသနာ(၃)ရပ်နှင့်အညီ ဆောင်ရွက်ပြီးသည်များ ရှိသလို ဝေနေယျ သတ္တဝါတို့ အကျိုးငှာ အနာဂတ်ဓမ္မ သာသနာပြု လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ဆဲလည်း ဖြစ်ပါသည် အရှင်ဘုရား။

သို့ဖြစ်သောကြောင့် တပည့်တော်သည် ဘုရားရှင်၏ စကားတော်ကို စာနှင့် ပါးစပ်တွင် လမ်းဆုံးနေသူ မဟုတ်ဘဲ ဘုရားရှင်စကား ဦးထိပ်ထား၍ ဘုရားရှင်ညွှန်သည့်လမ်းအတိုင်း လျှောက်လှမ်းနေရုံသာမက ထိုလမ်းအတိုင်း ဝေနေယျ သတ္တဝါအပေါင်းတို့အား လမ်းညွှန်ဆွဲခေါ်နေသော ဓမ္မ+ဝိနယနှင့် အညီ ဆောင်ရွက်နေသည့် အမွေကောင်း အနာဂတ် ဓမ္မသာသနာပြု ပုဂ္ဂိုလ် တစ်ဦးဖြစ်ကြောင်း ရှင်းလင်း လျှောက်ထားရင်း ဤသောဓနာချက်ကို နိဂုံး ချုပ်ပါသည် အရှင်ဘုရား။

ဤတွင် တပည့်တော်၏ အမှတ်(၈)သောဓနာချက် ပြီးဆုံးကြောင်း လျှောက်ထားအပ်ပါသည် သဘာပတိဆရာတော်ကြီးနှင့် ဝိနည်းဓိုရ်ဆရာ တော်ကြီးများဘုရား။ ။

-----------

http://www.dhammadownload.com



## အမှတ်(၉) လျှောက်ထား သောစနောချက်
## အင်္ဂါပြည့်စုံ၍ သောတာပန် ဖြစ်နိုင်ပုံကို တင်ပြလျှောက်ထား သောစနောခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းခိုရုံ ဆရာတော်ကြီးများဘုရား---

ဘုရားတပည့်တော်၏ ဘုရားအလိုကျ ဘုရားခိုင်းသမျှ အတိအကျ ရှက်ဆောင်နေသော တရားပွဲ၌ ဟောကွက်-ကျင့်ကွက် နှစ်ဖြာတွဲလျက် တရားဟောပေးမှုကြောင့် တရားနာယူသူများသည် သောတာပန် အငယ်စား အလတ်စား အကြီးစားဖြစ်ရန် တရားနာသူ၏ရင်၌ဖြစ်သော သဒ္ဓါပီတိ၊ သဒ္ဓါ ဝီထိ မဂ်ဝီထိကို ဝေဖန်ပိုင်းခြား၍ ဝန်ခံချက်အလိုက် သောတာပန်အစစ် ဖြစ်နိုင်ခြင်းကို တရားအပေါ် သံသယကင်းစွာဖြင့် အာမခံချက် တစ်ကြိမ်မက အကြိမ်နှစ်ဆယ်အထိ တာဝန်ယူကြောင်း တိုးတိုးတိတ်တိတ် မဟုတ်ဘဲ မူလအသံအတိုင်း ဟောခဲ့သည်မှာ မှန်ကန်ပါသည် အရှင်ဘုရား။

တရားအလိုက်ဆောင်ရွက်ခြင်းကို ကျမ်းဂန်အထောက်အထားများဖြင့်ပင် တင်သွင်း လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

(က) စတ္တာရောမေ ဘိက္ခဝေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ-
သောတာပတ္တိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။ ကတမေ
စတ္တာရော သပ္ပုရိသ သံသေဝေါ သဒ္ဓမ္မဿဝနံ ယောနိ
သောမနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိ၊ ဣမေ ခေါ ဘိက္ခဝေ
စတ္တာရောဓမ္မာ ဘာဝိတာ ဗဟုလီကတာ သောတာပတ္တိ-
ဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ----။
သကဒါဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။
အနာဂါမိဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။
အရဟတ္တဖလ သစ္ဆိကိရိယာယ သံဝတ္တန္တိ။
( သောတာပတ္တိဖလသံယုတ်၊ နှာ-၃၅၉)

### မြန်မာပြန်

ရဟန်းတို့ ဤလေးပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုအပ် ကုန်သည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုခြင်းငှာ ဖြစ်ကုန်၏။

http://www.dhammadownload.com



အဘယ်လေးပါးတို့နည်း။

* သူတော်ကောင်းကို မှီဝဲခြင်း။
* သူတော်ကောင်းတရားကို ကြားနာခြင်း။
* သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း။
* တရားအားလျော်စွာ အကျင့်ကိုကျင့်ခြင်းတို့တည်း။

ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ မြဲအပ်ကုန်သည်ရှိသော်-----

* သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏။
* သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏။
* အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏။
* အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏။

(ခ) တဿ သမ္ပဇာနော ဒွေအင်္ဂါနိ ဗာဟိရံ အဇ္ဈတ္တိကဉ္စ၊ တတ္ထ ဗာဟိရံ သပ္ပုရိသူပနိဿယော သဒ္ဓမ္မဿဝနဉ္စ၊ အဇ္ဈတ္တိကံ ပန ယောနိသောမနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိစ။

(ဣတိဝုတ်၊ ဋ္ဌ၊ နှာ-၃၀၉)

## မြန်မာပြန်

ထိုသောတာပန်ဖြစ်ခြင်း၏ အင်္ဂါတို့သည် ဗာဟိရအင်္ဂါ၊ အဇ္ဈတ္တိက အင်္ဂါ အကျဉ်းအားဖြင့် နှစ်မျိုးတို့တည်း။ ထိုနှစ်မျိုးတို့တွင် သူတော်ကောင်းကို မှီဝဲခြင်း၊ သူတော်ကောင်း တရားကို ကြားနာခြင်းသည် ဗာဟိရအင်္ဂါ မည်၏။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားအားလျော်စွာ အကျင့်ကို ကျင့်ခြင်းသည် အဇ္ဈတ္တိကအင်္ဂါ မည်၏။

(ဂ) တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

( ဓမ္မပဒ၊ ပါ၊ မဂ္ဂဝဂ်၊ နှာ - ၅၂)

http://www.dhammadownload.com



## မြန်မာပြန်

သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့ သည် လမ်းမှန် ကို ညွှန်ကြားရုံမျှ ဖြစ်ကုန်၏။ ကျင့်ကြကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သူတို့သည်သာ မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏။

(ယ) ဣဒါနိ တုမှေဟိ ကိလေသာနံ အာတာပနေန အာတပ္ပန္တိ သင်္ခံ ဂတံ၊တဿ အဓိဂမတ္ထာယ သမ္မပ္ပဓာန ဝီရိယံ ကိစ္စံ၊ ကရဏီယံ ကေဝလဥ်၊အက္ခာတာရောဝ တထာဂတာ။ တသ္မာ တေဟိ အက္ခာ တဝသေန ပဋိပန္နာဒီဟိစျာနေဟိ တေ ဈာယိနော၊ တေဘူမက ဝဋ္ဋ သင်္ခါတာ၊မာရဗန္ဓနာ ပမောက္ခန္တီတိ အတ္ထော။ (ဓမ္မပဒ၊ ဋ္ဌ၊ဒု၊ နှာ-၂၅၄)

## မြန်မာပြန်

ယခုအခါ သင်တို့သည် အရိယာမဂ်ကို ရခြင်းအကျိုးငှာ ကိလေသာကို ပူလောင်စေတတ်သောကြောင့် (အာတပ္ပဟု ခေါ်ဆိုအပ်သော သမ္မပ္ပဓာန်) ဝီရိယဟူသော အားထုတ်မှုလုပ်ငန်းကိစ္စကို (သင်တို့ကိုယ်တိုင်) ပြုလုပ်ကြမှ မှန်ပေသည်။ မြတ်စွာဘုရားတို့သည် ဟောကြားရုံသက်သက်သာ ဟောကြားကုန်၏။မြတ်စွာဘုရားတို့ ဟောကြားတော်မူအပ်သောနည်းအတိုင်း-(အာရမ္မဏူပနိဇ္ဈာန်၊ လက္ခဏူပနိဇ္ဈာန်ဟူသော) ဈာန် ၂-မျိုးတို့ဖြင့် ကြိုးစား ကျင့်ကြံ ရှို့မြိုက်ကြကုန်သော သူတို့သည် ဘုံသုံးပါး ဝဋ်ဆင်းရဲဟု ဆိုအပ်ကုန်သော မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ကြရကုန်၏။ ဤကား အနက် အဓိပ္ပာယ်တည်း။

အထက်ပါကျမ်းဂန် အထောက်အထားများအရ အင်္ဂါပြည့်စုံ၍ သောတာပန်ဖြစ်နိုင်ကြောင်းကို တင်ပြလျှောက်ထားပါဦးမည်ဘုရား။

အမှတ်(က+ခ) အထောက်အထားများအရ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်ရန် ပြည့်စုံရမည့် အင်္ဂါတို့သည် အကျဉ်းအားဖြင့် (၁) သူတော်ကောင်းကို မှီဝဲခြင်း၊ သူတော်ကောင်းတရားကို နာကြားရခြင်း ဟူသော ဗာဟိရအင်္ဂါနှစ်ပါး၊(၂) သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားအားလျော်စွာ အကျင့်ကိုကျင့်ခြင်း ဟူသော အဇ္ဈတ္တိက အင်္ဂါနှစ်ပါး အားဖြင့် အင်္ဂါလေးပါးဖြစ်ပါသည်။

http://www.dhammadownload.com



ထိုလေးပါးတို့တွင် သောတာပန် စသည်ဖြစ်ရေးအတွက် သူတော်ကောင်းကို မှီဝဲခြင်းဟူသည် အောက်ပါ အဋ္ဌကထာများသာ ဆရာကောင်း သမားကောင်း မိတ်ကောင်းများဟု ဆိုလိုပါသည်။

(က) ဇဝံ ဝိသုဒ္ဓိသီလေန ပန ဥပစ္ဆိန္နပလိဗောဓေနေစ ဣဒံ ကမ္မဋ္ဌာနံ ဥဂ္ဂဏှန္တေန ဣမိနာဝ ကမ္မဋ္ဌာနေန စတုတ္ထဇ္ဈာနံ နိဗ္ဗတ္တေတွာ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပတ္တဿ ဗုဒ္ဓပုတ္တဿ သန္တိကေ ဥဂ္ဂဟေတဗ္ဗံ။ တမ္ပိ အလဘန္တေန အနာဂါမိဿ။ တမ္ပိ အလဘန္တေန သကဒါဂါမိဿ။ တမ္ပိ အလဘန္တေန သောတာပန္နဿ။ တမ္ပိ အလဘန္တေန အာနာပါန စတုတ္ထဇ္ဈာန လာဘိဿ။ တမ္ပိ အလဘန္တေန ပါဠိယာ အဋ္ဌကထာယ စ အသမ္မူဠ္ဟဿ ဝိနိစ္ဆယာ စရိယဿ သန္တိကေ ဥဂ္ဂ ဟေတဗ္ဗံ။ (ဝိ- ဋ္ဌ-၂ နှာ-၂၁၊၂၂)

မြန်မာပြန်

(ဆက်ဦးအံ့- ဤသို့ဆိုအပ်ပြီးသော နည်းဖြင့် စင်ကြယ်သောသီလ ရှိသည်ဖြစ်၍လည်းကောင်း၊ ပလိဗောဓ ကင်းသည်ဖြစ်၍လည်းကောင်း၊ ဤအာနပါနဿတိကမ္မဋ္ဌာန်းကို သင်ယူသောရဟန်းသည် ဤအာနာပါနဿတိကမ္မဋ္ဌာန်းဖြင့် စတုတ္ထဈာန်ကို ဖြစ်စေ၍ ဝိပဿနာကို တိုးပွားစေ၍-

* အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ရဟန္တာဆရာ၏ထံ၌ သင်ယူရာ၏။
* ရဟန္တာဆရာကို မရသည်ရှိသော် အနာဂါမ် ဆရာထံ၌ သင်ယူရာ၏။
* အနာဂါမ်ဆရာကို မရသည်ရှိသော် သကဒါဂါမ် ဆရာထံ၌ သင်ယူရာ၏။
* သကဒါဂါမ်ဆရာကို မရသည်ရှိသော် သောတာပန်ဆရာထံ၌ သင်ယူရာ၏။
* သောတာပန်ဆရာကို မရသည်ရှိသော် အာနာပါန စတုတ္ထဈာန် ရပြီးသော ဆရာထံ၌ သင်ယူရာ၏။
* အာနာပါန စတုတ္ထဈာန် ရပြီးသော ဆရာကို မရသည်ရှိသော် ပါဠိတော် အဋ္ဌကထာ၌ မတွေဝေဘဲ ဆုံးဖြတ်တတ်သော ဆရာထံ၌ သင်ယူရာ၏။

http://www.dhammadownload.com



(ခ-၁) ဣတိ ဣမံ ဒုဝိဓမ္ပိ ကမ္မဋ္ဌာနံယော ဒေတိ၊ အယံကမ္မဋ္ဌာနဒါယကောနာမ။

(ခ-၂) သမ္မာသမ္ဗုဒ္ဓေါယေဝ သဗ္ဗာကာရသမ္ပန္နော ကလျာဏမိတ္တော။ တသ္မာ တသ္မိံ သတိတသောဝ ဘဂဝတော သန္တိကေ ဂဟိတကမ္မဋ္ဌာနံ သုဂဟိတံ ဟောတိ။ ပရိနိဗ္ဗုတေ ပန (ပ) တသ္မိံ အသတိယာ ခီဏာသဝဿ သန္တိကေ ဂဟေတဗ္ဗံ ၊ တသ္မာ သစေ ခီဏာသဝံ လဘတိ၊ ဣစ္စေတံ ကုသလံ၊ နော စေ လဘတိ၊ အနာဂါမိသကဒါဂါမိသောတာပန္န ဈာနလာဘီပုထုဇ္ဇန တိပိဋကဓရ ဒွိပိဋကဓရ ဧကပိဋကဓရေသု ပုရိမဿ ပုရိမဿ သန္တိကေ။ ဧကပိဋကဓရေပိ အသတိ ယဿ ဧကသင်္ဂီတိပိအဋ္ဌကထာယ သဒ္ဓိံပဂုဏာ၊ အယဉ္စ လဇ္ဇီ ဟောတိ၊ တဿ သန္တိကေ ဂဟေတဗ္ဗံ။ ( ဝိသုဒ္ဓိမဂ္ဂ ဋ္ဌ- ၁ နှာ ၉၄/ ၉၅)

## မြန်မာပြန်

(ခ-၁) ဤသို့လျှင် သဗ္ဗတ္ထကမ္မဋ္ဌာန်း- ပါရိဟာရိယ ကမ္မဋ္ဌာန်းဟူ သော ဤ ကမ္မဋ္ဌာန်းနှစ်မျိုးကို ပေးတတ်သော ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းပေးသူ (ဆရာ)မည်၏။

(ခ-၂) မြတ်စွာဘုရားသည်သာလျှင် အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော မိတ်ဆွေကောင်း မည်ပေသည်၊ ထို့ကြောင့် မြတ်စွာဘုရားရှိတော်မူလေလျှင် ထိုမြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကို ယူခြင်းသည် အကောင်းဆုံး ဖြစ်ပေသည်။

* မြတ်စွာဘုရား မရှိသော် ရဟန္တာ (ဆရာ) ၏ အထံ၌ (ကမ္မဋ္ဌာန်း)ယူရာ၏။
* ထို့ကြောင့် အကယ်၍ ရဟန္တာဆရာကို ရငြားအံ့၊ ဤသို့ရခြင်းသည် ကောင်း၏။ အကယ်၍ ရဟန္တာ(ဆရာ)ကို မရငြားအံ့။
* အနာဂါမ်ဆရာ၊ သကဒါဂါမ်ဆရာ၊ သောတာပန်ဆရာ၊ ဈာန်ရပုထုဇဉ်ဆရာ၊ ပိဋကတ်သုံးပုံဆောင်ဆရာ၊ ပိဋကတ် နှစ်ပုံဆောင်

http://www.dhammadownload.com



ဆရာ၊ ပိဋကတ် တစ်ပုံဆောင်ဆရာ တို့တွင် ရှေးရှေးဆရာ၏ အထံ၌ (ကမ္မဋ္ဌာန်း) ယူရာ၏။

* ပိဋကတစ်ပုံဆောင် ဆရာမရှိသော် နိကာယ် (တစ်ခု)မျှသော်လည်း အဋ္ဌကထာနှင့်တကွ ကျေပွန်စွာ လေ့လာထား၍ (လဇ္ဇီ)ပုဂ္ဂိုလ်လည်း ဖြစ်သော ဆရာ၏ထံ၌(ကမ္မဋ္ဌာန်း)ကို သင်ယူရာ၏။

* အထက်ပါကျမ်းဂန် အထောက်အထားများအရ သောတာပန် ဖြစ်ကြောင်း အင်္ဂါလေးပါးတို့တွင် သူတော်ကောင်းကို မှီဝဲခြင်းဟူ ရာ၌ အောက်ပါဆရာကောင်း သမားကောင်းများကို ဆိုလိုပါသည် အရှင်ဘုရား။

## ကမ္မဋ္ဌာန်းဆရာဖြစ်ထိုက်သူများ

သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ပါရိဟာရိယကမ္မဋ္ဌာန်းနှစ်မျိုးကို ပြသပေးစွမ်းနိုင် သော ဆရာသည်-------

(၁) မြတ်စွာဘုရား၊

(၂) ရဟန္တာ၊

(၃) အနာဂါမ်၊

(၄) သကဒါဂါမ်၊

(၅) သောတာပန်၊

(၆) စျာနလာဘီပုထုဇဉ်၊

(၇) ပိဋကသုံးပုံဆောင်၊

(၈) ပိဋကနှစ်ပုံဆောင်၊

(၉) ပိဋကတ်တစ်ပုံဆောင်၊

(၁၀) အာဂုံမဆောင်နိုင်သော်လည်း ပါဠိတော် အဋ္ဌကထာတို့ကို ကျေပွန်စွာ လေ့လာထားသော ဝိနိစ္ဆယဉာဏ် ရင့်သန်သည့် (လဇ္ဇီ) ရဟန်းဟု ဆရာဆယ်မျိုးသာ ကမ္မဋ္ဌာန်းဆရာ ဖြစ်ထိုက်ပါ သည် အရှင်ဘုရား၊

http://www.dhammadownload.com



ကျမ်းဂန်လာ သောတာပန်ဖြစ်ရန် အင်္ဂါလေးပါးတို့ဖြင့် သုံးသပ်ပြဆိုသော သောစနာလ္ဘာ တင်လျှောက်အပ်ပါသည် အရှင်ဘုရား။

(၁) သောတာပန်ဖြစ်စေသတည်းဟု မန်းမှုတ်၍ ဆောင်ရွက်ခြင်း မရှိပါ။ အထက်ပါဆိုခဲ့သော အာဂုံမဆောင်နိုင်သော်လည်း ပါဠိတော် အဋ္ဌကထာတို့ကို ခန္ဓာနှင့် တိုက်ဆိုင်လျက် ဝိနိစ္ဆယ ဉာဏ်ရင့်သန်သည့် (လင်္ဂီ) ရဟန်းတစ်ပါး အနေဖြင့် ဘုရားစကားကို လိုက်နာသောအားဖြင့် ဆရာ ကောင်းနေရာတွင်ရပ်တည်လျက် ကိုယ်တိုင်ကျင့်ကြံသိရှိပြီးမှ ဟောကြားပေး ခြင်းသာ ဖြစ်ပါသည်။ ပါးစပ်ပေး သောတာပန် မဟုတ်ကြောင်းနှင့် သူတော် ကောင်းကို မှီဝဲရခြင်းကြောင့် ဖြစ်ရသော သောတာပန်ဖြစ်ပါသည် အရှင် ဘုရား။

(၂) ဟောစဉ်တွင် သီလအခြေခံ၍ ခန္ဓာတွင် သစ္စာလေးပါး ပေါင်းစုံရန် အကြောင်းရှင်းပြသည်ဖြစ်၍ သဒ္ဓမ္မဿဝန ဒုတိယအင်္ဂါနှင့် ညီညွတ်သဖြင့် ရအပ်သော သောတာပန် ဖြစ်ပါသည်။

(၃) နာကြားသူ၏ သင့်တင့်သော နှလုံးသွင်းမှုကြောင့် တရားအပေါ် အေးချမ်းသည်၏ အဖြစ်ကို ကိုယ်တိုင် သိရှိဝန်ခံချက်ဖြင့် သောတာပန်ဖြစ်ရ ပါသည်။ ထို့ကြောင့် တတိယ အင်္ဂါနှင့် ညီညွတ်ပါသည်။

(၄) တရားအားလျော်စွာ ကျင့်ရသော အကျင့်(ကျင့်ကွက်) လည်းပါ သည်၏ အဖြစ်ကြောင့် စတုတ္ထအင်္ဂါနှင့်လည်း ညီညွတ်ပါသည်ဘုရား။

တုမှေဟိ ကိစ္စမာတပ္ပံ အရ ။ ၎င်း၏ အဖွင့် အဋ္ဌကထာလာ ဟောကြား ဖွင့်ဆိုချက်များနှင့် ညီညွတ်ကြောင်း၊ အမေးရှိက ကိုယ်တိုင်ဖြေကြားပါမည် အရှင်ဘုရား။

(၁) ဗုဒ္ဓက တုမှေဟိ ကိစ္စ မာတပ္ပံအစရှိသော ဂါထာဖြင့် ငါဘုရား က ပြောပြပေးမည်။ သင်တို့က (ငါ ဟောတာကို နာယူရုံမျှဖြင့် ကျေနပ် မနေကြနဲ့၊ ကြိုးစားကြ၊ အားထုတ်ကြ၊ သင်တို့ကိုယ်တိုင် ကြိုးစားမှပဲ မာရ်၏ အနှောင်အဖွဲ့ ဝဋ်ဆင်းရဲက လွတ်ကြလိမ့်မည်ဟု လမ်းညွှန်ပေးသည့်အတိုင်း လောကုတ္တရာ သမ္မဒါလေးပါးဖြင့် ဟောထားသော တရားခွေအမှတ်(၇)ဖြင့် တင်ပြသက်သေ ထူအပ်ပါသည် အရှင်ဘုရား။

http://www.dhammadownload.com



(၂) ဗုဒ္ဓ၏ ဗဟိုရ်ညွှန်ချက်ကို အဋ္ဌကထာဆရာကြီးက ဤသို့ ထပ်မံဖွင့်ဆို လမ်းညွှန်ပြရမည်။

ပါဠိတော် အာတပ္ပံအရ သမ္မပ္ပဓာန ဝီရိယကိုကောက်၍---(က) အရိုးကြွင်းစေ၊ (ခ) အရေကြွင်းစေ၊ (ဂ) အကြော ကြွင်းစေ၊ (ဃ)အသား အသွေးတွေ ခြောက်ခန်းပါစေ၊ ဒီတရားမရလျှင် ငါမနေဟူသော ပြင်းထန်သော ဝီရိယမျိုးဖြင့် ကြိုးစားအားထုတ်ရမည်ဟု လမ်းညွှန်ချက်အတိုင်း ရဟန်း(ဆရာ)ဖြစ်သူက ဆောင်ရွက်ခဲ့ကြောင်း၊ ခန္ဓာတွင်း သက်သေထူ ဖြေဆိုနိုင်ပါသည်။

(၃) ပါဠိတော် အက္ခာတာရောကို (အက္ခာတာရော၀)ဟု ဝေသဒ္ဒါထည့်ဖွင့်လျှက် ဘုရားရှင်တော်မြတ်ကဟောရုံသာ ဟောကြားပေးတာပါဘုရား။

(၄) ပါဠိတော် ဈာယိနောကိုဒွိဟိဈာနေဟိ ဈာယိနောဟု ဖွင့်ဆို လျှက်သင်တို့မဂ်ရချင်လျှင် အာရမ္မဏူပဈာန်ဟူသော သမာဓိကျင့်စဉ်၊ လက္ခ ဏူပနိဇ္ဈာန်ဟူသော (ပညာကျင့်စဉ်) တရားတို့ဖြင့် ကိလေသာတို့ကို ပြာကျအောင်ရှို့မြှိုက်၍ ရွပ်ရွပ်ချွံချွံ ကြိုးစား အားထုတ်ကြရမည်ဟု အဓိပ္ပါယ် ဖွင့်ချက်အပေါ်ကိုယ်တိုင်ဟောစဉ်ဖြင့် မည်သို့ပါဝင်နေကြောင်း (တိတ်ခွေ အာရုံ ခြောက်ပါးဖြင့်) သက်သေပြအပ်ပါသည်။ အမေးရှိလျှင်လည်း ကိုယ်တိုင်နှုတ်ဖြင့်ဖြေကြားပေးပါမည်ဘုရား။

ထို့ကြောင့် အနိမ့်ဆုံး သောတာပန်လောက်ဖြစ်ရန် ရဲရဲတာဝန်ယူခြင်းဖြစ်ပါသည်။

အထက်ပါသောတာပန်ဖြစ်ရန် အင်္ဂါများနှင့် ညီညွတ်ကြောင်း အခြေခံအဖြစ် ယုံကြည်ပါစေ။ ရောက်ပါစေ၊ တရားနဲ့တွေ့ နာယူနိုင်ပါစေဟူသောရည်ရွယ်ချက်ဖြင့် ပြောခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိစ္ဆာဝါဒ မဟုတ်ကြောင်းသောနောလျှာ တင်သွင်းလျှောက်ထားအပ်ပါသည် သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)၊ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။

-----------

http://www.dhammadownload.com



## အမှတ်(၁၀)လျှောက်ထားသော သောမနောချက်

## တပည့်တော်တရားဟောကွက်များ၌ ဝိနည်းတော်လာ ကထာစဉ် အတိုင်း ဟောကြားခဲ့ကြောင်း (ပူးတွဲတိတ်ခွေဖြင့်) ရှင်းလင်းချက်

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြား ဝိနည်းမှုရုံ ဆရာတော်ကြီးများဘုရား။

တပည့်တော်သည်- ဗုဒ္ဓသားတော် ရဟန်းဖြစ်၍ဖခင်အား ဦးထိပ်ထား သော သားပမာ၊ အားကျကြည်ညိုခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။ တုပခြင်း မဟုတ်ကြောင်းကို ဟောစဉ်တရားခွေ(၈)တွင် အကဲခတ် သိရှိနိုင်ပါသည်။ ထိုပြင်ကာလ၏ ကွာဟမှုကြောင့် သာသနာ့ရှေ့ပိုင်း သာဝကများကို ဘုရား ကိုယ်တိုင် ချေချွတ်ခဲ့ပြီး ယခုကာလ ၂၅၀၀ နှစ်အလွန် နောက်ပိုင်း သာသနာ တွင် တရားက ချေချွတ်ကြောင်း၊ ထိုတရားကို သံဃာက ဟောပေးကြောင်း တပည့်တော် တရားခွေ (၈)၌ ကြားသိနိုင်ပါသည်။ ထို့ကြောင့် နာယူကြသူ တပည့်ဒကာများ အကြောင်း ညီညွတ်ခဲ့ပါလျှင် ရင်၌ ဖြစ်သော တရားအပေါ် ယုံကြည်မှုဆရာအပေါ် လေးမြတ်မှုဖြင့် သဒ္ဓါနုသာရီသောတာပန်ဖြစ်ကြောင်း၊ နှုတ်ကပေးတာ မဟုတ်ကြောင်း သဒ္ဓါဝိမုတ္တကို အဘိဓမ္မာပိဋကတ်၊ ပုဂ္ဂလ ပညတ် ပါဠိတော်မြန်မာပြန်၌ နှာ ၁၉၊ အပိုဒ် ၃၀ ကို ကိုးကား၍ သောမနော အပ်ပါသည်ဘုရား။

(က) ဧကမန္တံ နိသိန္နဿ ခေါ ယသဿ ကုလပုတ္တဿ
ဘဂဝါ အနုပုဗ္ဗိံ ကထံ ကထေသိ၊ သေယျထိဒံ၊
ဒါနကထံ သီလကထံ သဂ္ဂကထံ ကာမာနံ အာဒီနဝံ၊ ဩကာရံ
သံကိလေသံ၊ နေက္ခမ္မေ အာနိသံသံ ပကာသေသိ။
( ဝိနည်း - မဟာဝါ - ပါ- နှာ - ၂၂ )

### မြန်မာပြန်

ထိုင်နေသော ယသ သတို့သားအား မြတ်စွာဘုရားသည် အစဉ်အတိုင်း ဖြစ်သော တရားတော်ကို ဟောကြားတော်မူသည်မှာ - ဒါနအကြောင်းကို လည်းကောင်း၊ သီလအကြောင်းကိုလည်းကောင်း၊ နတ်ပြည်လမ်းကြောင်း၊ နတ်အခြင်းအရာကိုလည်းကောင်း၊ ကာမဂုဏ်တို့၏ အပြစ်ကိုလည်းကောင်း၊

http://www.dhammadownload.com



ယုတ်ညံ့သည်ကိုလည်းကောင်း ညစ်နွမ်းသည်ကိုလည်းကောင်း၊ ကာမဂုဏ်တို့မှ ထွက်မြောက်ခြင်း ဤအကျိုးကိုလည်းကောင်း၊ ဟောကြားတော်မူသည်။

(ခ) ယဒါ ဘဂဝါ အညာသိ ယသံ ကုလပုတ္တံ၊
ကလ္လစိတ္တံ မုဒုစိတ္တံ ဝိနီဝရဏစိတ္တံ ဥဒဂ္ဂစိတ္တံ ပသန္နစိတ္တံ၊
( ဝိနည်း - မဟာဝါ - ပါ - နှာ - ၂၂)

## မြန်မာပြန်

ထို့နောက် မြတ်စွာဘုရားသည် ယသ သတို့သားကို တရားရမှု၌ ခံ့သောစိတ်၊ နူးညံ့သောစိတ်၊ အပိတ်အပင် နီဝရဏတို့မှ ကင်းသောစိတ်၊ တက်ကြွရွှင်လန်းသောစိတ်၊ ကြည်လင်သောစိတ် ရှိသည်ကို သိတော်မူ၏။

(ဂ) အထ ယာ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ
တံ ပကာသေသိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ။
(ဝိနည်း - မဟာဝါ - ပါ - နှာ - ၂၂)

## မြန်မာပြန်

ထို့နောက် မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သိမြင်ထုတ်ဖော်အပ်သော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါး တရားတော်ကို ဟောပြော ပြသတော်မူပြီ။

(ဃ) သေယျထာပိ နာမ သုဒ္ဓံ ဝတ္ထံ အပဂတကာဠကံ
သမ္မဒေဝ ရဇနံ ပဋိဂ္ဂဏှေယျ ဧဝမေဝ ယသဿ
ကုလပုတ္တဿ တသ္မိံ ယေဝ အာသနေ ဝိရဇံ ဝီတမလံ
ဓမ္မစက္ခုံ ဥဒပါဒိ" ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ
နိရောဓဓမ္မန္တိ။ ( ဝိနည်း-မဟာဝါ-ပါ-နှာ-၂၂)

## မြန်မာပြန်

ဥပမာအားဖြင့် အညစ်အကြေးကင်း၍ သန့်ရှင်းစင်ကြယ်ဖြူဖွေးသော အဝတ်သည် ဆိုးရေကို ကောင်းစွာ ယူနိုင်သကဲ့သို့ (ဖြူစင်သော အဝတ်၌ ဆိုးရေစွဲ၍ ခိုင်မြဲသကဲ့သို့ )ထို့အတူသာလျှင် ယသ သတို့သားအား ထိုခဏ၌

http://www.dhammadownload.com



ပင်လျှင် ဖြစ်ခြင်းသဘောရှိသော ခပ်သိမ်း သော သခ်ဲတတရားသည် ချုပ်ပျောက်ခြင်း သဘောရှိတော့သည်သာဟူ၍ ရာဂစသော ကိလေသာ မြူကင်းသော ဒိဋ္ဌိ ဝိစိကိစ္ဆာစသော အညစ်အကြေး ကင်းသော ဓမ္မစက္ခုတည်းဟူသော သောတာပတ္တိ မဂ်ဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာလေ၏။

မှတ်ချက် ။ ။ ဗုဒ္ဓမြတ်စွာသည် ဤကထာစဉ် ဒေသနာတော်ကို ယသ သတို့သားအား ဟောကြားတော်မူ သကဲ့သို့

(၁) ဝိနည်း မဟာဝါ / ပါ/နှာ ၂၃ ၌ ယသ၏ ဖခင်အားလည်းကောင်း။

(၂) ဝိနည်း မဟာဝါ / ပါ /နှာ၂၄ ၌ ယသ၏ မိခင်နှင့် ဇနီးဟောင်းအား လည်းကောင်း။

(၃) ဝိနည်း မဟာဝါ /ပါ / နှာ ၂၆ ၌ ယသ၏ သူငယ်ချင်းလေးဦးအားလည်းကောင်း။

(၄) ဝိနည်း မဟာဝါ/ ပါ/ နှာ ၂၇ ၌ ယသ၏ သူငယ်ချင်းငါးဆယ်ဦးတို့အားလည်းကောင်း။

(၅) ဝိနည်း မဟာဝါ / ပါ/ နှာ ၃၁ ၌ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့အားလည်းကောင်း။

(၆) ဝိနည်း မဟာဝါ / ပါ /နှာ ၄၇ ၌ ဗိမ္ဗိသာရ အမှူးရှိသော မဂဓတိုင်းသား တစ်သိန်းနှစ်သောင်း တို့အားလည်းကောင်း ဤကထာစဉ် တရားကို ဟောကြားခဲ့ပါသေးသည်ဘုရား။

အထက်ပါ ကျမ်းဂန်အထောက်အထားအရ ကထာစဉ်တရားအကြောင်းများနှင့် ယသ သတို့သားစသော ဗုဒ္ဓသာဝကတို့ သောတာပန် ဖြစ်ပုံကို ဆရာတော်ကြီးများ သိပြီးသားဖြစ်ပါသော်လည်း အနည်းငယ် အကျယ်ချဲ့၍ လျှောက်ထားသလို ဘုရားတပည့်တော်လည်း သောနောတင်သွင်းပါမည်ဘုရား။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့ တရားထူးရရေးအတွက် တရားဟောကြားရာ၌ အပိုင်းနှစ်ပိုင်းခွဲ၍ ဟောကြားတော်မူလေ့ ရှိပါသည်ဘုရား။

(၁) ပထမပိုင်းမှာ အနုပုဗ္ဗိကထာကို ဟော၍

http://www.dhammadownload.com



(၂) ဒုတိယပိုင်းမှာ သာမုက္ကံသိက သစ္စကထာကို ဟောကြားတော်မူပါ သည်ဘုရား။

ယခု ယသသတို့သားအစ ဗိမ္ဗိသာရမင်း အမှူးရှိသော မဂဓတိုင်းသား တစ်သိန်းနှစ်သောင်း အဆုံးရှိသော (အထက်မှတ်ချက် လျှောက်ထားခဲ့သော) သာဝကတို့အား တရားဟောရာ၌ ဤကထာစဉ်အတိုင်းပင် ဟောကြားတော်မူခဲ့သည်မှာ မှန်ပါသည်။

၁။ ပထမပိုင်း အနုပုဗ္ဗိကထာကို ဟောကြားတော်မူပုံ

ဗုဒ္ဓမြတ်စွာသည် တရားဟောတော်မူရာ၌ (၁) ဒါနကထာ၊ (၂)သီလကထာ၊ (၃) သဂ္ဂကထာ၊ (၄) ကာမာနံအာဒီနဝကထာ၊ (၅) နေက္ခမ္မအာနိသံသကထာဟူသော ကထာငါးမျိုးကို ရှေးဦးစွာ ဟောတော် မူပါသည်။ (မှတ်ချက် ။ ။ အမှတ် (ယ - င)ကထာနှစ်မျိုးကို ပေါင်း၍ မဂ္ဂကထာဟု ခေါ်ဆိုနိုင်သဖြင့် တစ်နည်း ကထာလေးမျိုးဖြစ်ပါသည်။) ထိုကထာစဉ်တို့တွင် ရှေးဦး-----------

(က) ဒါနကထာအနေဖြင့် = ဒါနကုသိုလ်၏ ပေးစွမ်းနိုင်သော အကျိုးများကို ဟောပါသည်။

(ခ) သီလကထာအနေဖြင့် = သီလကုသိုလ်၏ ပေးစွမ်းနိုင်သော အကျိုးများကို ဟောပါသည်။

(ဂ) ထို့နောက် သဂ္ဂကထာအနေဖြင့် နတ်ပြည်နတ်ဘဝအကြောင်း နတ်ပြည် နတ်ဘဝ၌ ရနိုင်သည့် စည်းစိမ်ချမ်းသာအကြောင်းကို ဟောပါသည်။

(ဃ) ထို့နောက် ကာမာနံအာဒီနဝကထာအနေဖြင့် = (ဆင်ကြီးတစ်ကောင်ကို အလှဆုံးဖြစ်အောင် တန်ဆာဆင်ပြီးမှ ထိုဆင်ကြီး၏ နှာမောင်းကို တိကနဲ ဖြတ်ချလိုက်သကဲ့သို့) နတ်ပြည်ချမ်းသာတို့၏ မမြဲပုံ+မခိုင်ခံ့ပုံ+သာယာဖွယ် တစ်ရွေး သားလောက်သာ ရှိ၍ အပြစ်တွေက မြင်းမိုရ်တောင်လောက် များပုံ+ ဒီလိုကာမဂုဏ် ချမ်းသာမျိုးကို သူမြတ်တို့ မမှီဝဲဘဲ သူယုတ်တို့သာ မှီဝဲပုံ + ထိုကာမဂုဏ် တရားတို့က သတ္တဝါတို့အား

http://www.dhammadownload.com



အမျိုးမျိုးညှည်းပန်း နှိပ်စက်ပုံ အပူတိုက်ပုံ၊ ကာမဂုဏ် တရားတို့၏ အပြစ်များကို အကျယ်တဝင့် ဟောကြား တော်မူပါသည်။

(င) ထို့နောက် နေက္ခမ္မ အာနိသံသကထာအနေဖြင့် ။ ကာမဂုဏ်တို့မှ ထွက်မြောက်ရာ -ရှင် - ရဟန်း အဖြစ်မှစ၍ နိဗ္ဗာန် တိုင်အောင် နေက္ခမ္မတရား၌ ရနိုင်သော အကျိုးများကို ဟောကြားပါသည်။

ဤသို့ ပထမပိုင်း - ကထာစဉ်ကို ဟောကြားတော်မူသောအခါ ယသသတို့သားအစရှိသော ဗုဒ္ဓသာဝကတို့၏ စိတ်ဓါတ်များမှာ ဂုဏ်အရည်အချင်း ငါးမျိုးနှင့် ပြည့်စုံလာပါသည်ဘုရား။

## ဂုဏ်အရည်အချင်း (၅) မျိုး

(က) မသဒ္ဓါခြင်း - အသဒ္ဓိယ - ၊ ပျင်းရိခြင်း - အလသျ၊ မေ့လျော့ခြင်း - ပမာဒ၊ ပျံ့လွင့်ခြင်း - ဥဒ္ဓစ္စ၊ တွေဝေခြင်း - မုစ္ဆာ တည်းဟူသောစိတ်၏ အပြစ်ဒေါသများ ကင်းစင်သွားသဖြင့် သစ္စာလေးချက် နက်နဲသော တရားကို နာယူနိုင်လောက်သော ခန့်ညားသော စိတ်ထားဖြစ်နေခြင်း၊ (ဤသည်မှာ - ကလ္လစိတ္တဂုဏ် ဖြစ်ပါသည်။)

(ခ) ဒိဋ္ဌိ မာနအစရှိသော ကိလေသာများ တဒင်္ဂကင်းစင်နေသဖြင့် ဇမ္ဗူရာဇ်ရွှေစင်ပမာ ဆွဲတိုင်းထင် -ငင်တိုင်းရ နူးညံ့သော စိတ်ထား ဖြစ်နေခြင်း၊ (ဤသည်မှာ - မုဒုစိတ္တဂုဏ်ဖြစ်ပါသည်။)

(ဂ) ကာမစ္ဆန္ဒစသော နီဝရဏဂုဏ်ဖြစ်ပါသည်။

(ဃ) နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအကျင့်လမ်း၌ အလွန်တက်ကြွဝမ်းမြောက်ကြသော ပီတိပါမောဇ္ဇတရားတို့နှင့် ယှဉ်သောစိတ်ဖြစ်နေခြင်း (ဤသည်မှာ - ဥဒဂ္ဂစိတ္တဂုဏ်ဖြစ်ပါသည်။)

(င) ဘုရားရှင် တရားတော်ကို ယုံကြည်သော သဒ္ဓါတရား ပြည့်စုံသဖြင့် အလွန်ကြည်လင်သော စိတ်တွေ ဖြစ်နေခြင်း (ဤသည်မှာ ပသန္နစိတ္တဂုဏ်ဖြစ်ပါသည်။)

ဤသည်တို့မှာ - ယသအစရှိသော ဗုဒ္ဓသာဝကတို့ ပထမ ကထာစဉ်ကို နာကြားရပြီးသောအခါ - ရရှိပြည့်စုံလာသော ဂုဏ်အရည်အချင်းများ ဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



## ၂။ ဒုတိယပိုင်း သာမုက္ကံသိက(သစ္စ)ကထာကို ဟောပုံ

ဗုဒ္ဓမြတ်စွာသည် ပထမ အနုပုဗ္ဗိကထာကို ဟောပြီးလို့သာဝကများကို ဂုဏ်အရည်အချင်း ငါးမျိုးနှင့် ပြည့်စုံလာသော ဒုတိယသာမုက္ကံသိကကထာလို့ ခေါ်တဲ့ သစ္စကထာကို ဟောတော်မူလိုက်ပါသည်ဘုရား။

ဥပမာ --အညစ်အကြေး လိမ်းထေးညစ်ပတ်နေသော အဝတ်တစ်ထည်ကို ကျောပြင်၌ တင်ကာ ရေဖြင့် စွပ်လျက်အညစ်အကြေး စွဲငြိရာ အရပ်၌ ဆပ်ပြာအမျိုးမျိုးတို့ဖြင့် ပွတ်တိုက်လျှော်ဖွပ်၍ စင်ကြယ်သွားသော အဝတ်အထည်ကို အလိုရှိရာ ဆိုးရည်မျိုးဖြင့် ဆိုးလိုက်လျှင် ထိုအဝတ်သည် အရောင်တလက်လက် ထွက်လာသကဲ့သို့ ထို့အတူ ကိလေသာ အညစ်အကြေး လိမ်းထေးညစ်ပတ်နေသော ယသ သတို့သား စသည်တို့၏ စိတ်အစဉ်တည်းဟူသော အဝတ်အထည်ကို အနုပုဗ္ဗိကထာ တရားဟောစဉ် ကျောပြင်၌ တင်ထားသည့် သဒ္ဓါတရားတည်းဟူသော ရေစင်ဖြင့် ဆွတ်ကာ "ဆွတ်ကာ သတိ၊ သမာဓိ၊ ပညာ ဆပ်ပြာသုံးမျိုးဖြင့် ပွတ်တိုက် လျှော်ဖွပ်တော်မူ၍ နီဝရဏ ကိလေသာ အညစ်အကြေး ကင်းစင်ဝေး၍ စင်ကြယ်သော အခါ သစ္စာလေးပါးတရား ဆိုးရေကို ထပ်မံဆိုးသောအားဖြင့် ဟောကြားလိုက်လျှင် ယသ သတို့သား စသူတို့၏ စိတ်အစဉ်တည်းဟူသော အဝတ်အထည်မှာ (သောတာပတ္တိမဂ်ဉာဏ်)ဟူသော အလင်းရောင် ပြောင်လက်တောက်ပ လာပါတော့သည်ဘုရား။

ဤသည်မှာ ယသ သတို့သား အစရှိသော ဗုဒ္ဓသာဝကများ သောတာပန်ဖြစ်ကြပုံများ ဖြစ်ပါသည်ဘုရား။

ဤကား - သာသနာ ရှေ့ပိုင်း ဗုဒ္ဓသာဝကများ သောတာပန်ဖြစ်ကြပုံ ဖြစ်ပါသည်ဘုရား။

ယခုကာလ သာသနာ့နောက်ပိုင်း ဖြစ်သော်လည်း ဟောစဉ်မှာ - ကထာစဉ်အတိုင်းသာ ပြောကြားကြောင်း အမြဲတန်း မဟုတ်သော်လည်း ကိုယ်တိုင်ဟော တရားခွေ (၉)ဖြင့် စစ်ဆေးခံ သက်သေတင်သွင်း သောနော အပ်ပါသည်အရှင်ဘုရား။ထေရဝါဒ၏ သီလမှန်သမျှ မည်သည့်သီလမျှ ဖယ်ရှားခြင်းမပြုပါဘုရား။ သဂ္ဂကထာစဉ်ကို အပါယ်သံသရာ၊ လူနတ် စည်းစိမ်၊ စသည်တို့ ပြ၍ သံဝေဂဖြစ်စေလျှက် အာဒီနဝကထာစဉ်အရ

http://www.dhammadownload.com



ဘုံသုံးဆယ့်တစ်ဘုံမှ လွတ်မြောက်ရေးအတွက် ချမ်းသာဟူသည် မဂ်ဖိုလ် သာလျှင် ဖြစ်ကြောင်း၊ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ၏ အကျိုးကိုပြ၍ ဟောစဉ်များ ရှိပါသည်။

ဟောစဉ်(၉) တရားကို တင်ပြအပ်ပါသည်။ ထို့ပြင် နေကွမ္မအာနိသံသ ကထာကို သံဝေဂ ဟောစဉ်များရှိပါသည်။ ဟောစဉ် သံဝေဂ ၁-၂-၃ အခွေဖြင့် သက်သေထူ သောခနောအပ်ပါသည်။ အထက်ပါဟောစဉ်များကြောင့် ကလ္လ စိတ္တဖြစ်နေစဉ်သာ သာမုက္ကံသိက အရိယသစ္စကထာကို ဟောကြားကြောင်း ဟောစဉ် အခွေများတွင် ပါဝင်ကြောင်း သိသာရန် စစ်ဆေးကြားနာနိုင်ပါသည် အရှင်ဘုရား။

သဒ္ဓါနှင့် ရောက်ကြသူ ကံမျိုးအားလုံးကို သောတာပန်ဖြစ်ရန် တာဝန်ယူ ခြင်းဖြစ်ပါသည်။ တရား၌ ယုံကြည်ခြင်းကိုထောက်ထား၍ အကြိမ်နှစ်ဆယ် တာဝန်ယူခြင်းသာ ဖြစ်ပါသည်။ စောဒနာတွင် ပါဝင်သော ( တစ်ယောက် မကျန် )ဟု ဆိုသည်မှာ မမှန်ကန်ကြောင်း တရားတိတ်ခွေတိုင်း၌ စစ်ဆေးနိုင် ပါသည် အရှင်ဘုရား။

သာမုက္ကံသိကာတိ သာမံ ဥက္ကံသိကာ အတ္တနာယေဝ
ဥဒ္ဓရိတွာ ဂဟိတာ၊ သယမ္ဘုဉာဏေန ဒိဋ္ဌာ အသာဓာရဏာ
အညေသန္တိ အတ္ထော။ ကာ ပန သာတိ အရိယသစ္စဒေသနာ။
( အံ -၄ + ၃ - နှာ ၂၁၄၊ ) ( ပဏ် -၂၊ ၄၊ ၆၅ )

## မြန်မာပြန်

သာမုက္ကံသိကာဟူသည် မိမိကိုယ်တိုင်သာလျှင် ထုတ်ဆောင်ပြအပ်သော အခြားမည်သည့် ပုဂ္ဂိုလ်တို့နှင့်မျှ ဆက်ဆံမှုမရှိသော သဗ္ဗညုတဉာဏ် (သယမ္ဘူဉာဏ်)ဖြင့် မြင်သိအပ်သော ဒေသနာဖြစ်ကြောင်း သိရှိပြီး ဖြစ်ပါသည်။ ထို့ကြောင့် သဗ္ဗညုတဉာဏ် အရာကို မည်သည့် အချိန်ကမျှ တုနိုင်ခြင်း မရှိပုံကို ဟောစဉ် (၈)ကိုတင်ပြ၍သောခနောအပ်ပါသည်။

တာနိ ပန သံကိလိဋ္ဌ ဖလ ဟေတု ဝသေန
စတုဗ္ဗိဓာနီတိအာဟ “စတ္တာရိ အရိယသစ္စာနီတျာဒိ”
( အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာ ( ဋီကာကျော် ) ဆဋ္ဌမူ - နှာ ၂၃၁)

http://www.dhammadownload.com



ထိုအရိယာသစ္စာတို့သည် ညစ်နွမ်းသော အကျိုးအကြောင်း မညစ်နွမ်း အကျိုးအကြောင်းတို့၏ အပြားအားဖြင့်လေးပါးပြားကုန်၏။ ထို့ကြောင့် (စတ္တာရိအရိယသစ္စာနိ) အစရှိသောစကားကို (အရှင်အနုရုဒ္ဓါမထေရ်) ဆို ခဲ့သည်။

"တပည့်တော်၏ သစ္စာခွဲပုံမှာ"
ကမ္မဖလ ခန္ဓအဘိဓမ္မာ သစ္စာဉာဏ် ကောက်ယူပုံကို
ပူးတွဲတိတ်ခွေ (သစ္စာလေးပါး ဟောစဉ်တရားခွေ) တွင် ကိုယ်တိုင် ဟောကြားခဲ့ပါသည်။
အမေးရှိက ကိုယ်တိုင် ဖြေဆိုပါမည်ဘုရား။

ထို့ကြောင့် မိစ္ဆာဝါဒ+အဓမ္မဝါဒ အယူဆိုးကြီးဟု စောဒနာခြင်းကို မဟုတ်ပါကြောင်း သမ္မာဝါဒ +ဓမ္မဝါဒသာဖြစ်ကြောင်း သောစနော အပ်ပါသည် သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြား ဝိနည်းမိုရ် ဆရာတော်များဘုရား။

---------------

## အမှတ်(၁၁)လျှောက်ထားသော သောစနောချက်

ဟောကြားသော တရားတော်၌ ဖြစ်သော ပီတိသည် ဝိပဿနာ ညစ်ညူးကြောင်းတရား မဟုတ်ဘဲ မဂ်ဖိုလ်လက္ခဏာ ဖြစ်ပုံကို တင်ပြ လျှောက်ထား သောစနောခြင်း။

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁) နိုင်ငံတော်သီးခြား ဝိနည်းမိုရ် ဆရာတော်များဘုရား-

တပည့်တော်၏ သောတာပန်ဖြစ်ကြောင်း ဟောစဉ်၏ပြဆိုသော သဒ္ဓါပီတိ- သဒ္ဓါဝီထိ- မဂ်ဝီထိများမှ ပီတိစိတ်များသည် ဝိပဿနာညစ်ညူး ကြောင်းမှ ပီတိလည်း မဟုတ်ပါ၊ ဈာန် (၅)ပါးတွင် ပါဝင်သော ပီတိကိုလည်း- မကောက်ယူပါဘုရား၊ အောက်ဖော်ပြပါ သင်္ဂြိုဟ်လာအတိုင်း ဈာန်နှင့်မယှဉ် သော လောကုတ္တရာ စိတ်အကျဉ်းမှ ဝေဒနာပိုင်းတွင် ပြသော သောမနဿ မှ ပီတိကို ကောက်ယူပါသည် အရှင်ဘုရား။ ထို့ကြောင့် စောဒနာတင်ပြချက် ဖြစ်သော ပီတိများ မဟုတ်ကြောင်းကို အောက်ပါ ပါဠိတော်နှင့်တင်ပြ သောစနောပြုအပ်ပါသည်။

http://www.dhammadownload.com



လောကုတ္တရာစိတ်အကျဉ်း (၈) ပါးအနက်-

- မဂ်စိတ် (၄)ပါး
- သောတာပတ္တိမဂ္ဂစိတ္တံ၊
- သကဒါဂါမိမဂ္ဂစိတ္တံ၊
- အနာဂါမိမဂ္ဂစိတ္တံ၊
- အရဟတ္တမဂ္ဂစိတ္တဉ္စေတိ၊
-ဣမာနိ စတ္တာရိပိ လောကုတ္တရ ကုသလ စိတ္တာနိနာမ

(အဘိဓမ္မတ္ထသင်္ဂဟပါဠိတော်-ဆဋ္ဌမူ-နှာ- ၁၃--ပုဒ်ရေ-၃၁)

အောက်ပါတို့မှာ တပည့်တော် ဟောကြားမှုဖြင့် ၁၃၅၉-ခု၊ ကဆုန်လပြည့် တရားတိပ်ခွေမှ ဟောစဉ်အသုံးအနှုန်းများဖြစ်ကြောင်း ဝန်ခံပါသည်။

(က) သောတာပန်အငယ်စား သတ်မှတ်ပုံ ။ ။အားလုံး ရဟန်းရှင် လူ သူတော်စင်တို့ တရားနာစကဖြစ်ဖြစ် တရားအပေါ်မှာ ဝမ်းသာကြည်လင်တဲ့ စိတ်ကလေး ရှေ့ကယောဂီတွေ တစ်စက္ကန့်လောက်လေးများ ဝမ်းမသာကြဘူးလား။ အလယ်က ယောဂီများကော၊ ဟိုးနောက်နောက်က ယောဂီများကော၊ ဘေးဘီကယောဂီများကော၊ နောက်ရဟန်းရှင်လူများကော ဝမ်းသာမှုရှိရဲ့လား-

အဲ့ဒါက တရားအပေါ်မှာ ဝမ်းသာကြည်လင်တဲ့စိတ်ကလေး (သဒ္ဓါပီတိကျတယ်၊ သောတာပန် အငယ်စား၊ အပါယ်လေးပါးက လုံးဝလွတ်၍ လူ-နတ် အလယ်သံသရာမှာ (၇)ဘဝကောင်းကောင်းနေ၍ နိဗ္ဗာန်ဝင်မဲ့ (အငယ်စား) သတ္တက္ခတ္တုပရမ သောတာပန်ခေါ်တယ်။

( ခ ) သောတာပန် အလတ်စားသတ်မှတ်ပုံ ။ ။အားလုံးသော ရဟန်းရှင်လူသူတော်စင်တို့တရားနာစ - နာလယ် နာဆုံး တစ်ခုခုမှာ ကြက်သီးကလေးတွေ လက်က၊ ကိုယ်က၊ ခေါင်းက၊ ဖြတ်ကနဲ - ဖြန်းကနဲ လာတတ်တယ်၊ ရှေ့ကယောဂီတွေ တွေ့ဘူးလား၊ ဟိုနောက်ကယောဂီတွေ တွေ့ဘူးလား၊ နောက်ကရဟန်းရှင် - လူများကော- စကားနဲ့ တရားဆက်စပ်ပေးတာနော် အခုနက ကြက်သီးကလေးက သဒ္ဓါဖော၊ ကြက်သီးကလေးက

http://www.dhammadownload.com



အသိအမှတ် ပြုသွားတာနဲ့ မတူဘူးလား၊ အဲဒါ ကောလဟာလသောတာပန်၊ အပါယ်ကလုံးဝလွတ်ပြီး၊ လူ - နတ် သံသာရာ အလယ်သံသရာမှာ (၂) ဘဝ၊ (၃)ဘဝ၊ အများဆုံး (၆)ဘဝ ကောင်းကောင်းနေပြီး နိဗ္ဗာန်ဝင်တဲ့ (အလတ်စား) ကောလ်ကောလံ သောတာပန်ခေါ်တယ်။

( ဂ ) သောတာပန်အကြီးစားသတ်မှတ်ပုံ ။ သောတာပန်အကြီးစား ဆိုတာက သူကလဲ ကြက်သီးထတတ်တယ်၊ လက်က - ခေါင်း - တစ်ကိုယ်လုံးက - ကိုယ်တစ်ခြမ်းထဲက အမျိုးမျိုးပေါ့နော် ကိုယ်ကြီးများ တစ်ခါတည်း မြောက်တက်ပြီးတော့ သွားသလို ချမ်းတော့ ချမ်းသာတယ်၊ တစ်ယောက်နဲ့ တစ်ယောက် မတူဘူး။ လိုက်မတိုင်းနဲ့ ဖြစ်စဉ်ကလေး ပြောပြနေတာ၊ ဖြတ်ဖြတ် ဖြတ်ဖြတ်၊ ဝင်းဝင်း ဝင်းဝင်းလည်း ဖြစ်တတ်တယ်၊ တစ်ဦးနဲ့ တစ်ဦး မတူဘူး။

အဲ့ဒီလိုဖြစ်ပြီး ရင်ထဲမှာအေး - လေအေးတာနဲ့ မတူဘူးနော်၊ ရေအေး တာနဲ့ မတူဘူးနော်၊ ရှေ့က ယောဂီတွေ တစ်စက္ကန့်လောက် မတွေ့ဘူးလား၊ အလယ်က ယောဂီတွေရော၊ နောက်က ရဟန်းရှင်လူများရော---ကြက်သီးထ တာအစ မျက်လုံးထဲမှာ ဝင်းခနဲ၊ ဝင်းခနဲ အဆုံး၊ အဲဒါကမဂ်ဇောခေါ်တယ်၊ မဂ်ကြီးနော် ရင်ထဲမှာ ရင်ထဲမှာ အေး-- အဲဒါဖိုလ်ဇောနော်၊ အဲဒါ သော တာပန်အကြီးစား၊ တစ်ဘဝတည်း နေပြီးတော့ နိဗ္ဗာန်ဝင်မဲ့ သောတာပန် အကြီးစား ဧကဗီဇသောတာပန် ခေါ်ပါသည်။

ဟောကွက်တွင် ဟောခဲ့သော အထက်ပါတရားများမှာ လိုရာသို့ အချိန် နည်းနည်းဖြင့် ခရီးရောက်ရန် ရည်ရွယ် ဟောပြောခဲ့သည်ဖြစ်၍ တိပ်ခွေ စကားများမှာ မှန်ကန်ပါသည်။ ကိုယ်တိုင်လည်းဟောခဲ့သည်ဖြစ်၍ အထက် စကားနှင့် ပတ်သက်ပြီး ( စောဒနာလွှာ စာမျက်နှာ ၉၆၊ အပိုဒ် -၁၊ ၂၊ ၃၊ အပိုဒ်ခွဲ (က)၊ (ခ)--စစ်ဆေးမည်ဆိုပါက နှုတ်ဖြင့်ပင် ဖြေကြားပါမည် ဘုရား) အမေးရှိခဲ့ပါလျှင် ကိုယ်တိုင် ခန္ဓပဋိပတ်နှင့်တွဲ၍ ဘုရားလမ်းညွှန် ချက်အတိုင်း ဖြေကြားမည်ဖြစ်ပါကြောင်း သောမနော တင်သွင်းလျှောက်ထား အပ်ပါသည် ဘုရား။

http://www.dhammadownload.com



(က) ဩဘာသောတိ ဝိပဿနောဘာသော။
ပီတီတိ ဝိပဿနာ ပီတိ။
ပဿဒ္ဓီတိ ဝိပဿနာ ပဿဒ္ဓိ။
အဓိမောက္ခောတိ သဒ္ဓါ။ ဝိပဿနာ သမ္ပယုတ္တာယေဝ ဟိဿ စိတ္တစေတသိကာနံ အတိသယ ပသာဒဘူတာ ဗလဝတီသဒ္ဓါ ဥပ္ပဇ္ဇတိ။ ( ဝိသုဒ္ဓိ မဂ္ဂ-ဋ္ဌ-၂-၂၇၀-၂၇၂ )

## မြန်မာပြန်

(ဩဘာသ) အရောင်အလင်းဟူသည် ဝိပဿနာစိတ်ကြောင့်ဖြစ်ရသော အရောင်အလင်းတည်း။ ပီတိဟူသည်ကား ဝိပဿနာဉာဏ်နှင့် ပီတိတည်း။ (ပဿဒ္ဓိ) ငြိမ်းအေးခြင်းဟူသည် ဝိပဿနာနှင့် ယှဉ်သော ကိုယ်စိတ်၏ ငြိမ်းအေးမှု - ပဿဒ္ဓိပေတည်း။

(အဓိမောက္ခ)ဆုံးဖြတ်ခြင်းဟူသည်ကား- ယုံကြည်မှု ကြည်လင်မှု သဒ္ဓါတရားလည်း မှန်ပေသည်။ ထိုယောဂီအား ဝိပဿနာဉာဏ်နှင့် ယှဉ်သည်သာလျှင်ဖြစ်သော စိတ်စေတသိက်တို့ကို အလွန်အကဲ ကြည်လင်စေတတ်သော အားကြီးသော ယုံကြည်မှု သဒ္ဓါတရားသည် ဖြစ်ပေါ်လာ၏။

(ခ) ဝိပဿနုပက္ကိလေသာ ဟိ ပဋိဝေဓပ္ပတ္တဿ အရိယသာဝကဿ စေဝ ဝိပ္ပဋိပန္နကဿ စ နိက္ခိတ္တကမ္မဋ္ဌာနဿ ကုသီတ ပုဂ္ဂလဿ နုပ္ပဇ္ဇန္တိ။ ( ဝိသုဒ္ဓိမဂ်-ဋ္ဌ-၂-၂၆၉)

## မြန်မာပြန်

မှန်ပေ၏ - ဝိပဿနာ ညစ်ညူးကြောင်း ဥပက္ကိလေသတို့သည် -

* မဂ် - ဖိုလ် - နိဗ္ဗာန် ဟူသော ပဋိဝေဓသို့ ရောက်ပြီးသော အရိယသာဝကအားလည်းကောင်း၊
* ဖောက်ပြန်မှားယွင်းစွာကျင့်သော ပုဂ္ဂိုလ်အားလည်းကောင်း၊
* ကမ္မဋ္ဌာန်းကိုချထား၍ ရပ်နား၍ နေသော ပုဂ္ဂိုလ်အားလည်းကောင်း၊
* ပျင်းရိစွာအားထုတ်နေသော ပုဂ္ဂိုလ်အားလည်းကောင်း၊

ဤပုဂ္ဂိုလ် (၄) ဦးတို့အား မဖြစ်ပေါ်ကုန်။

http://www.dhammadownload.com



(ဂ) သမ္မာပဋိပန္နကဿ ပန ယုတ္တ ပယုတ္တဿ အာရဒ္ဓဝိပဿကဿ ကုလပုတ္တဿ ဥပ္ပဇ္ဇန္တိယေဝ။

## မြန်မာပြန်

အမှန်အားဖြင့်သော်လည်းကောင်း နည်းလမ်းမှန်စွာကျင့်သည်ဖြစ်၍ မပြတ်မစဲ အားထုတ်နေသော (ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သည့်တိုင်အောင်) အားထုတ်ပြီးသော ဝိပဿနာရှုသူ ဖြစ်သော အမျိုးကောင်းသားအား ဖြစ်ပေါ်ကုန်သည်သာလျှင်တည်း။

(ဃ) အယံ ပန ဝိပဿနုပက္ကိလေသော ယေဘုယျေန သမထ ဝိပဿနာ လာဘိ နော ဥပ္ပဇ္ဇတိ။

( ဝိသုဒ္ဓိမဂ္ဂ- ၌၊ ၂- ၂၇၀)

## မြန်မာပြန်

ဤဝိပဿနာ ညစ်ညူးကြောင်း ဥပက္ကိလေသသည် သမထနှင့် ဝိပဿနာ (၂)ပါးလုံးကို ရသောသူအား အများအားဖြင့် ဖြစ်တတ်၏။

ထို့ကြောင့် တပည့်တော်၏ တပည့်သာဝကတို့သည် သောတာပတ္တိမဂ် ရရှိဖို့ရာသည် အမှန်တကယ် ဖြစ်နိုင်ပါသည်အရှင်ဘုရား။ အထက်ဖော်ပြပါ အကြောင်းတို့ကို သဂြိုဟ်စိတ်ပိုင်းတွင် ပြဆိုသော စိတ်အကျဉ်း (၈၉) စိတ်အကျယ် (၁၂၁)၏ မတူကွဲပြားခြားရခြင်းသည် စျာန်ယှဉ်ခြင်း မယှဉ် ခြင်းကြောင့် ဖြစ်ပါသည်ဘုရား။

အကျဉ်းတွင် မည်သည့်စျာန်တရားမျှ မပါဝင်ဘဲ ဝေဒနာပိုင်းတွင် သောမနဿနှင့် ဥပေက္ခာတို့သာပြဆိုထားပါသည်။ ထို့ကြောင့် လောကုတ္တရာစိတ် လေးမဂ်လေးဖိုလ်တွင် သောမနဿ အမည်ရသော ဝမ်းမြောက်ရမှု ပီတိကိုသာ ညွှန်းဆိုအပ်ပါသည် အရှင်ဘုရား။

တပည့်တော်တို့၏ တရားဟော တရားနာ မဟုတ်ဘဲ တရားဟော ပေးခြင်း၊ တရားနာယူခြင်း၊ ဝိသေသ စကားကိုထောက်၍ တရားနာယူသူ

http://www.dhammadownload.com



များ၏ ဟဒယတွင် မှီ၍ ဖြစ်သော သတ္တက္ခတ္တု ကောလ်ကောလ ဇေဗိဇ ပုဂ္ဂိုလ်တို့၏ ဉာဏ်အနုံအထက်အလိုက် သောတာပန် သုံးစားခွဲ၍ သတ်မှတ် ရခြင်း ဖြစ်ပါသည် အရှင်ဘုရား။

ထို့ကြောင့် အထက်ဖော်ပြပါ အာဂမယုတ္တိကျမ်းကို ဒေသနာစဉ် သဘာ ဝယုတ္တိ ဥပမာတို့ကြောင့် သောတာပန် အစစ်ဖြစ်ကြောင်းကို တင်ပြလျှောက် ထားသောစနောအပ်ပါသည် သဘာပတိဆရာတော်ကြီးနှင့်အမှတ်(၁၁)နိုင်ငံ တော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

**နတ်တရားသံများနှင့်ပတ်သက်သော လျှောက်ထားသောစနောချက်**

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)၊ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်များဘုရား

၁၃၅၆-ခုနှစ်၊တန်ခူးလပြည့်နေ့၊သင်္ကြန်အကျနေ့ နံနက် (၈)နာရီ အသိ အလိမ္မာဟောစဉ်ဖြစ်သော တရားနာနည်း နိဿျည်း တရား တော်ကို အသံဖမ်း(ကက်ဆက်)ဖြင့် ဖမ်းယူပြီးသိမ်းဆည်း ထားခဲ့ပါ သည်။ ထို့နောက် သင်္ကြန်တရားခြောက်ပွဲ(၃)ရက်အပြီးတွင် တရား နာယူကြသူ ဒါယကာများ၏ ဆန္ဒအားလျော်စွာ တိပ်ခွေများ ပူဇော်လိုကြောင်း မေတ္တာရပ်ခံချက်အရ ညောင် လေးပင်မြို့၊ ဆန်း- တေးသံသွင်းဆိုင်သို့ အပ်နှံကူးယူစေခဲ့ပါသည်။

ထိုဆိုင်မှ ကူးသွားခဲ့သော တိပ်ခွေများထဲမှ တစ်ခွေမှာ စမ်းကလေး ဆရာတော်ဘုရား၏အသံတော်ဖြင့် မြန်မာလို ဟောကြားပေးမှုကို နာယူ နေရင်း ဘီဆိုက်၏အစတွင် ဆရာတော်ဘုရား၏ 'သင်တုန်းဓားပေါ်မှ ပျားရည်စက်ဥပမာပြ တရားဟောသံ'၏ နောက်မှမပီမသဖြင့် မြန်မာလို မဟုတ်သော အသံတစ်ခုယှဉ်တွဲ၍ ဖြစ်ပေါ်လာပါသည်။ (၎င်းအခွေဘီ ဆိုက်) တရား တော်အဆုံး အလှူရှင်အမည်စာရင်း ကြေငြာပြီး နောက်တွင် (၈မိနစ်)ခန့်အထိ မြန်မာလိုမဟုတ်သော ယင်းအသံမှာ ထင်ထင်ရှားရှားဖြင့် ဆက်လက်ဖြစ်ပေါ် နေခဲ့ပါသည်။ (ပူးတွဲတိပ်ခွေဖြင့် တင်ပြအပ်ပါသည်။)

(အခွေအမှတ်-၁၀)

http://www.dhammadownload.com



အထက်ပါ ထူးခြားသော အသံတိပ်ခွေဖြင့် ဆန်းတေးသံသွင်းဆိုင်သို့ အသံကူးပေးရန် ထပ်မံအပ်နှံရာ မူရင်းအခွေထက် နောက်ခံအသံ (မာဂဓ ဘာသာ)သည် မိနစ် ၂၀-ခန့်အထိ ထပ်မံ ထူးခြားစွာပေါ် ပေါက်ခဲ့ပြန်ပါသည်။ (ပူးတွဲတိပ်ခွေဖြင့် တင်ပြအပ်ပါသည်။) (အခွေအမှတ်စဉ်-၁၀)

ထိုကဲ့သို့ မြန်မာလိုမဟုတ်သည့်အသံကို တပည့်တော်အား လာရောက် ဖွင့်ပြပြီး မေးမြန်းကြရာမှ ဟိုတစ်ချိန် ဆရာတော်ဘုရား တရားရှာခဲ့စဉ်က တွေ့ကြုံခဲ့သော အသိအရပြောရသော် ဒီအသံတွေ နတ်ပြည်တွင် ဆရာ တော်ဘုရားကိုယ်တိုင် ဟောကြားခဲ့သော အသံတော်များ ဖြစ်တယ်ဟုဖြေ ကြားခဲ့ပါသည်။ နောက်ပိုင်းတွင် ၎င်းအသံတော်များသည် ကံဆွေမျိုး သာဝက များ၏ အိမ်များတွင်ရှိရင်း ယခင်အခြားခွေများ၌လည်း တိတ်ခွေဖြင့် တရားနာ ယူစဉ် အလိုအလျောက် ဖြစ်ပေါ်လာခြင်း၊ အလိုအလျောက် ပျောက်ကွယ် သွားခြင်းစသည့် အမျိုးမျိုးသောထူးခြားမှုများ မြို့ရွာဒေသအနှံ့ဖြစ်ပေါ်နေကြောင်း လာရောက် အကြောင်းကြား သိရှိရပါသည်။ ထိုမှသည် တစ်ဦးနှင့် တစ်ဦး၊ တစ်အိမ်နှင့်တစ်အိမ် ဆင့်ပွားကူးယူ ပူဇော်နေကြကြောင်းကို ဘုရား တပည့်တော်၏ ကြားသိရသမျှ နတ်တရားသံ တိပ်ခွေ အကြောင်း သောခနော အပ်ပါသည် သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား။

သက်သေအရာ လူပုဂ္ဂိုလ်များကို အမည်၊ နေရပ်နှင့်တကွ ဖော်ပြအပ်ပါသည် အရှင်ဘုရား။

၁။ မောင်အေးထွန်း (ဇီးကန်အနောက်ရွာ) ညောင်လေးပင်မြို့နယ်။

၂။ ဦးအုန်းကျော် (လက်မှတ်စစ်အုပ်) မြန်မာ့မီးရထား၊ ညောင်လေးပင်ဘူတာ/ကုန်ရုံ။

၃။ ဦးထွန်းရီ (ရွှေနေ) စတားမိတ္တူ၊ ၉-ရပ်ကွက်၊ တောင်ဥက္ကလာပ။

၄။ ကိုမြင့်အောင် (မင်းရဲကျော်စွာလမ်း၊ တောင်ငူမြို့။)

၅။ ဒေါ်ခင်စန်းငွေ (အမှတ်-၆၉၁၊ မေတ္တာလမ်း၊ ၁၂-ရပ် ကွက်၊ တောင်ဥက္ကလာပမြို့။

http://www.dhammadownload.com



## အမှတ်(၁၂) စောဒနာချက်ကိုလျှောက်ထားသောစနောချက်

ဓမ္မနိဒါန်းလွှာအမည်ရှိသည့် (တိတ်တိတ်ပုန်းရိုက်နှိပ်ထုတ်ဝေထားသော) စာအုပ်ပါရေးသားချက်အကြောင်းကို လျှောက်ထားသောစနောခြင်း။

သဘာပတိဆရာတော်ကြီးနှင့်၊ အမှတ်(၁၁)နိုင်ငံတော်သီးခြားဝိနည်းမိုရ်ဆရာတော်ကြီးများဘုရား။

အမှတ်(၁၂)စောဒနာချက်မှ အမှတ်(၇)ကို သောစနာလျှောက်ထားအပ်ပါ မည်ဘုရား၊

တပည့်တော်သည် ဗုဒ္ဓဘာသာသာသနာကို လေးစားရိုသေကိုင်းရှိုင်း၍ တန်ဖိုးထားသောမိကောင်းဖခင်သားသမီးပီသစွာဖြင့် ငယ်ရွယ်စဉ်အခါ မှစ၍ တပည့်တော်တို့နေထိုင်ရာရပ်ကွက်အတွင်း၌၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာကိစ္စများကို တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်ဘုရား။ မြန်မာပြန်ဗုဒ္ဓစာပေများ နာမည်ကြီးဆရာတော်များမှ ထုတ်ဝေသော တရား စာအုပ်များကိုလည်း လက်လှမ်းမှီသမျှ လေ့လာဆည်းပူးခဲ့ပါသည် ဘုရား။

ဗုဒ္ဓဘာသာ၊ သာသနာ၌ ထိုမျှနှင့်ပင်အားမရသေးဘဲ၊ ၁၃၅၅-ခု တန်ခူးလဆန်း (၃)ရက်နေ့တွင် တစ်ဆင့်တက်၍ သာသနာ့ဘောင်သို့ ရှင်ရဟန်းအဖြစ် ကူးပြောင်းခဲ့ပါသည်အရှင်ဘုရား။

ရဟန်းဘဝကို ရလာသောအခါ ပစ္စည်းလေးပါး အထောက်အပံ့ရသော ဒါယကာ၊ ဒါယိကာမများကို ပြန်လည်ကျေးဇူးတုန့်ပြန်သောအားဖြင့် မိမိလေ့လာ၍ သိထားသောတရားအသိများကို သိစေချင်သောဆန္ဒများ ဖြစ်ပွားမိပါသည်ဘုရား။

ထို့ကြောင့် တပည့်တော် လေ့လာ စုဆောင်းထားသော ဘာသာရေးစာပေအသိနှင့် စမ်းကလေးဆရာတော်၏ ဩဝါဒတစ်ချို့အား ပေါင်းစပ်၍ အိတ်ဆောင် စာအုပ်ငယ်အဖြစ် ရိုက်နှိပ်ကာ အခမဲ့ဓမ္မဒါနပြုခြင်းဖြစ်ပါသည် အရှင်ဘုရား။

ထိုသို့ ဓမ္မဒါနပြုရာတွင်လည်း တပည့်တော်၏ ပင်ကိုစိတ်နှင့်ရေးသားပြုစု၍ ဤဓမ္မဒါနပြုလုပ်ခြင်း မဟုတ်ပါဘုရား။

http://www.dhammadownload.com



နမ္မားဆရာတော် အရှင်ဉာဏဟောကြားပြသတော်မူသော "မင်္ဂပန်းလေးပွင့်၊ ဖိုလ်သီးဆင့်၊ တရားဒေသနာ စာအုပ်၊ ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် -၂၅၀၊ ထုတ်ဝေသည့်နေ့ ၀၉၈၅ခုနှစ် ဩဂုတ်လတွင်ထုတ်စာမျက်နှာ (၃၀)၌ ပါရှိလာသော "သပ္ပုရိသဆိုတာ"ခေါင်းစဉ်ပါဖော်ပြချက်အား တပည့်တော်သဘောကျ နှစ်ခြိုက်မိ၍ ဓမ္မနိဒါန်းလွှာစာအုပ်ငယ်တွင်ကူးယူတင်ပြရာ၌ ကျမ်းညွှန်းကိုမေ့လျော့မှားယွင်းစွာ ဖော်ပြမိခြင်းဖြစ်ပါကြောင်း ရိုးသားစွာ ဝန်ခံနိုင်သော်လည်း အပြစ်ဟု ဆိုဖွယ်ရာမရှိကြောင်းကိုပုံနှိပ်ထုတ်ဝေပြီးသည့်နောက်မှ၊ အမှားပြင်ဆင်ချက်ဟူသော စာမျက်နှာအပိုဖြင့်မွမ်းမံဖြည့်ဆည်းပေးရသော အခြားစာအုပ်အမျိုးပေါင်းမြောက်များစွာကိုသာဓကထား၍ ကြည့်ခြင်းဖြင့် သိနိုင်ပါသည်ဘုရား။ ထို့အပြင် ဘာသာရေးဆိုင်ရာခွင့်ပြုချက်ဖြင့် နမ္မားဆရာတော် အရှင်ဉာဏတင်ပြရေးသား ပုံနှိပ်ထုတ်ဝေ ထားသည့် တရားကို တင်ပြချက်ဖြစ်သော-

"ချစ်သား သာရိပုတ္တရာ၊ သပ္ပုရိသနှင့်တွေ့လျှင် ဘယ်လိုဆိုချင်သလဲလို့" ဘုရားရှင်ကမေးတော့ ရှင်သာရိပုတ္တရာက -

မြတ်စွာဘုရား သပ္ပုရိသနှင့်တွေ့လျှင် မင်္ဂဖိုလ်နိဗ္ဗာန်ရဖို့ကိစ္စတစ်ဝက် ပြီးပါပြီလို့ ဆိုချင်ပါတယ်ဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရားက ချစ်သားသာရိပုတ္တရာ ဒီလိုမဆိုနဲ့ သပ္ပုရိသနှင့်တွေ့လျှင် မင်္ဂဖိုလ်နိဗ္ဗာန်ကို ရပြီလို့ဆိုလိုက်၊ သပ္ပုရိသဆိုတာ တစ်ထိုင်တည်းနှင့် မင်္ဂဖိုလ်နိဗ္ဗာန်ကိုပေးနိုင် တဲ့သူကိုခေါ်တယ်တဲ့ဟူသောဖော်ပြချက်မှာမှားယွင်းမည်မဟုတ်ပါဘုရား ၎င်းအပြင်စောဒကပုဂ္ဂိုလ်များ၏ စောဒနာချက်အတိုင်းစမ်းကလေးမှတစ်ပါး အခြားသော သံဃာတို့အား အသပ္ပုရိသလို့ မဆိုလိုပါ ရေးသားဖော်ပြခြင်းမျိုးလည်းမရှိသည့်ကြားမှ စောဒက ပုဂ္ဂိုလ်များသည် လိုရာဆွဲယူစွပ်စွဲ၍ ရဟန်း သိက္ခာလေးဝါပင်ရှိသေးသော (လောကစကားဖြင့် လေးနှစ်သားအရွယ်သာရှိသေးသော) တပည့်တော်အား နိုင်ငံတော်ဝိနိစ္ဆယရုံးတော်သို့ရောက်အောင်ပို့ဆောင်ပေးသောကြောင့် စောဒကပုဂ္ဂိုလ်ကြီးများကို အထူးပင်ကျေးဇူးတင်မိသော်လည်းဝိနည်းဓိုရ် ဆရာတော်ကြီးများကိုဖြင့် တပည့်တော်ဓမ္မပါလ အားနာ၍မဆုံးတော့ပါဘုရား။

http://www.dhammadownload.com



သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)နိုင်ငံတော်သီးခြားဝိနည်းမိုရ်ဆရာတော်ကြီးများဘုရား

အမှတ် (၁၂) စောဒနာချက်မှ ကောက်နုတ်ချက်အမှတ် (၁၀)တွင် ပါရှိလာသော သုတ္တနိပါတ်၊ အဋ္ဌကထာ၊ ဒုတိယစာမျက်နှာ (၂၉၃)၊ (မဗ္ဗော လောကေ၊ သမုပ္ပန္နော၊ သုခါယသဗ္ဗပါဏိနံ) ဂါထာပါ (ဓမ္မော) ကိုအနက်ဘာသာပြန်ရာ၌ မင်္ဂလေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော (၉)ပါးသော တရားမြတ်သည်ဟု အဖြောင့်အမှန်ဖော်ပြပြီးကာမှ (ဝါ) ကမ္မဖလခန္ဓအဘိဓမ္မာသစ္စာဉာဏ်တရားတော်မြတ်သည်ဟုရေးသားရခြင်းမှာ - ကျေးဇူးတော်ရှင်စမ်းကလေးဆရာတော်ဘုရားကြီးထံမှ တစ်သက်နှင့်တစ်ကိုယ် သံသရာနှင့်ချီ၍ ကြားတောင့်ကြားခဲ၊ နာတောင့်နာခဲ၊ ရတောင့်ရခဲလှစွာသော တရားထူးတရားမြတ်ကိုရရှိထားသော တပည့်သာဝကရင်းပီပီ ဆရာ့ကိုကျေးဇူးဆပ်သည့်အနေဖြင့် ဆရာတော်၏ခန္ဓာဉာဏ်ရောက်သုံးနှုန်းသောစကားကို ဖော်ပြခြင်းဖြစ်ပါသည်။

ဤစကားရပ်၏အဓိပ္ပာယ်မှာလည်း ကျမ်းဂန်လာ (ဓမ္မော)၏ အနက်နှင့်အတူတူပင်ဖြစ်ပါသည်။ ရှင်းလင်းပြပါမည်အရှင်ဘုရား -

ကမ္မဖလ - အတိတ်ကုသိုလ်ကံ သင်္ခါရအကြောင်းကြောင့်
ဖြစ်ပေါ် ရရှိလာသောအကျိုးတရားဖြစ်သည်။

ခန္ဓအဘိဓမ္မာ - ခန္ဓာ (၅)ပါးအတွင်းရှိ တကယ့်စစ်မှန်သာလွန်
မြင့်မြတ်သော အမှန်ရှိ(အဟုတ်ရှိ) ဓမ္မ (သင်္ခတ ဓမ္မ)တို့ကို

သစ္စာဉာဏ် - ဒုက္ခကို ဒုက္ခဟုအမှန်အတိုင်းသိသော ဒုက္ခသစ္စာ ဉာဏ်၊
ဒုက္ခဖြစ်ကြောင်း သမုဒယကို သမုဒယဟု
အမှန်အတိုင်းသိသော သမုဒယသစ္စာဉာဏ်။

စမ်းကလေးဆရာတော်ကြီး၏ ကျင့်ကွက်အတွင်း၌ ဆရာညွှန်ကြားလမ်းညွှန်သည့်အကြောင်း မဂ္ဂင်ရှစ်ပါးအတိုင်း ဆင်ခြင်ပွားများတတ်သော မဂ္ဂင် သစ္စာဉာဏ်သောတာပတ္တိမဂ်ကျ၍၊ ဒိဋ္ဌိနိရောဓ၊ ဝိစိကိစ္ဆာနိရောဓနိဗ္ဗာန် (အသင်္ခတ မြင်နိဗ္ဗာန်)ကိုလှမ်းမြင်ရသော နိရောဓသစ္စာဉာဏ် ကျေးဇူးတော်ရှင်

http://www.dhammadownload.com



စမ်းကလေးဆရာတော်ကြီး၏ "ကမ္မဖလခန္ဓအဘိ ဓမ္မာ သစ္စာဉာဏ်" ဆိုသည့် စကားရပ်မှာ ပရိယတ္တိပညာရှင်နှင့် ပဋိပတ္တိ ပညာရှင်တို့စကား အသုံး အနှုန်းလွဲစေကာမူ အမှန်တကယ်အနက်သဘောမှာ အတူ တူပင်ဖြစ်ပါသည်။

ဘုရားရှင်ကို ပါဠိတော်မှာ (ဗုဒ္ဓ) ဟုခေါ်ထားပါလျက် ယခုခေတ် ရဟန်း ရှင်လူတို့ (ဘုရား)ဟုလည်းကောင်း၊ ရဟန်းကိုပါဠိတော်၌ ဘိက္ခုဟု ခေါ်ထား ပါလျက် ယခုခေတ် (ရဟန်း) (ဘုန်းကြီး)၊ (ဦးပဥ္စင်း)၊ (ပဥ္စင်း)ဟု လည်းကောင်း၊ ပါဠိတော်လာ "ဓမ္မကို" ယခုခေတ် "တရား" ဟုလည်းကောင်း ခေါ်ဝေါ် နေကြခြင်းမှာလည်း မူရင်းပါဠိနှင့်မကိုက်ညီပါ။ ယခုခေတ်သုံး မြန်မာ စကား သည်ပင်လျှင် အထက်အညာဒေသနှင့် အောက်အရပ်ဒေသသုံးစကား တို့ ကွဲလွဲချက်ရှိနေကြပါသည်။ စကားနှင့်တရားမရောထွေးကြစေလိုပါအရှင် ဘုရား။ စမ်းကလေးဆရာတော်ကြီး၏ ဉာဏ်အရာစကားဖြစ်၍ တပည့်တော် အကောက်မမှားပါ။ စောဒကပုဂ္ဂိုလ်တို့သာ အထောက်အထားမှားနေခြင်း ဖြစ်သည်ကို သောဓနာလွှာတင်သွင်းလျှောက်ထားအပ်ပါသည် အရှင်ဘုရား။

-----------

http://www.dhammadownload.com



## အမှတ်(၁၂) လျှောက်ထားသောခနောချက် "ဓမ္မနိဒါန်းလွှာ" စာအုပ်ပါရေးသားချက်များမှာ သမ္မာဝါဒ ဓမ္မနိဒါန်းလွှာပင်ဖြစ်ကြောင်း လျှောက်ထားခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား -

သက်သေခံအမှတ်(၂) အဖြစ် တင်ပြထားသော ဓမ္မနိဒါန်းလွှာ အမည်ရှိသည့် စာအုပ်မှာ တိတ်တိတ်ပုန်း ရိုက်နှိပ်ထုတ်ဝေ၍ လက်သိပ်ထိုး ရောင်းစားနေသည်မှာ လုံးဝ မဟုတ်ပါဘုရား၊ ဓမ္မနိဒါန်းလွှာ စာအုပ်ပါနောက် ကျောစာမျက်နှာတွင်ပါရှိသော အချက်များကို ဖတ်ရှုခြင်းအားဖြင့် သိရှိနိုင်ပါသည်ဘုရား၊ ဤအိတ်ဆောင်စာအုပ်ငယ်သည် -

(၁) အခကြေးငွေဖြင့်ရောင်းချရန်မဟုတ်။

(၂) ပုဂ္ဂိုလ်မရွေး၊ ဒေသမရွေးဝေငှရန်မဟုတ်။

(၃) "သစ္စာဉာဏ်မြတ်တရား"ကိုနာယူပြီးသူ ဓမ္မမိတ်ဆွေကံမျိုးများအတွက်သာလျှင် ဓမ္မဒါနလှူရန်ဖြစ်သည်။

(၄) အကျွန်ုပ်၏ခွင့်ပြုချက်မရှိဘဲ ဤစာအုပ်ငယ်အား ဆင့်ပွားကူးယူဖြန့်ဝေခြင်း မပြုရဟု ဖော်ပြထားပါသည်ဘုရား။

အထက်ပါအချက် (၄)ချက်ကို ကြည့်ရှုခြင်းအားဖြင့် မှောင်ခိုထုတ်ခြင်း၊ ခိုးကြောင်ခိုးဝှက် ထုတ်ဝေခြင်းဟူသော စွပ်စွဲချက်သည် မှန်-မမှန် သိရှိနိုင်ပါသည်ဘုရား။

တပည့်တော်တို့သည် "စမ်းကလေးဆရာတော်ကြီး ဟောကြားပေးသော ကမ္မဖလခန္ဓအဘိဓမ္မာသစ္စာဉာဏ်တရားတော်မြတ်ကို" အကြောင်း ပြည့်စုံစွာဖြင့် နာယူရရှိပြီးသော တပည့်ဒါယကာ ဒါယိကာမများက ဆရာတော်၏ သစ္စာဉာဏ်မြတ်တရားကို ရရှိပြီးကုန်သော ဓမ္မမိတ်ဆွေ ကံဆွေမျိုးအပေါင်းတို့အား "အရှိကိုအသိနှင့်လိုက်" ဟူသော ဆရာတော်၏ ဆုံးမဩဝါဒနှင့်အညီ ကံမျိုးများ အသိဉာဏ်ကို တိုးပွားစေရန် ရည်သန်၍ အနာဂတ် ဓမ္မသာသနာ အလင်းကို ဆောင်ရန်အလို့ငှာ ထိုသို့ သမ္မာဆန္ဒဖြင့် အခမဲ့ ဓမ္မဒါနပြုလုပ်ပုံနှိပ်ထုတ်ဝေ ဖြန့်ချီလှူဒါန်းခြင်းသာလျှင် ဖြစ်ပါသည် အရှင်ဘုရား။

http://www.dhammadownload.com



ဤအိတ်ဆောင်စာအုပ်ငယ်လောက် စာပေရေးသားထုတ်ဝေမှုကို ထုတ်ဝေခွင့်ဥပဒေနှင့်အညီလုပ်ရကောင်း မှန်းမသိရိုးအမှန်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်မှုကြောင့် ထိုစာအုပ်မှာ ပုံနှိပ်သူထုတ်ဝေသူ၏ အမည်မပါသည် ဟု စောဒနာအမှတ် (၁၂)လျှောက်ထားချက်အရ ဓမ္မနိဒါန်းလင်္ကာစာအုပ်၏ နောက်ကျောအောက်ဆုံးပိုဒ်တွင် (ဤစာအုပ်ငယ်ဖြစ်မြောက်ရေးအတွက်အစ အဆုံးကူညီဆောင်ရွက်ပေးသော ဦးတင်ရွှေ (သယ်န်းကွန်း)အား အထူးကျေးဇူး တင်ပါသည်)ဟုပါရှိသော အကြောင်းအရာအရ တပည့်တော်မှ စဆုံးကူညီ ဆောင်ရွက်ပေးသူဖြစ်ပါသောကြောင့် ထုတ်ဝေသူအမည်ပါရှိပြီး၊ ပုံနှိပ် ထုတ်ဝေခွင့်လိုင်စာ မပါ နိုင်ငံတော်အစိုးရ၏ စာအုပ်စာတမ်းပုံနှိပ်ထုတ်ဝေခြင်း ဥပဒေအကြောင်းအရ အရေးယူဆောင်ရွက်မည် ဆိုပါက တပည့်တော်အနေ ဖြင့်ဤသာသနာတော်အတွက် နောက်ထပ်ဓမ္မဒါနပြုရာ ရောက်သည်ဟု ယောနိသော မနသိကာရ သင့်တင့်လျှောက်ပတ်စွာ အကောင်းမြင်ဝါဒဖြင့် နှလုံးသွင်းဆင်ခြင်ပြီး ပေးသည့်အရေးယူမှုကို ကျေနပ်စွာဖြင့် ဖြေရှင်း ဆောင်ရွက်ရန် တင်ပြလျှောက်ထားအပ်ပါသည်အရှင်ဘုရား။

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။

တပည့်တော်ရိုသေလေးမြတ်စွာဖြင့် လက်ဆယ်ဖြာဦးထိပ်ထား၍ ရှိခိုး ပူဇော်မာန်လျှော့ကန်တော့အပ်ပါသည် အရှင်ဘုရား၊ တပည့်တော် ယခု လျှောက်ထားသော သောစနောလျှောက်ထားချက်တွင် တပည့်တော်တို့ ရင်တွင်းခံစားမှုနှင့် လောကပစ္စုပ္ပန်ချမ်းသာမှု သန္ဒိဋ္ဌိက ဖြစ်မှုကိုလျှောက်ထား အပ်ပါသည်ဘုရား၊ တပည့်တော်ကဲ့သို့သော သစ္စာဉာဏ်တရားရရှိပြီးသော ကံဆွေမျိုးများရာထောင်ချီရှိနေသည်ကို ထောက်ခြင်းအားဖြင့်လည်းကောင်း၊ လောကအလယ်တွင် အေးငြိမ်းချမ်းသာဖြစ်ခြင်းကို ကာယကံရှင်မိဘနှစ်ပါး စိတ်ချမ်းသာမှု၊ ဆွေမျိုးမိတ်သင်္ဂဟများ စိတ်ချမ်းသာမှုအပြည့်အဝရှိနေကြခြင်း ကို ထောက်ခြင်းအားဖြင့်လည်းကောင်း၊ ဆရာအပေါ်၊ တရားအပေါ်၊ သဒ္ဓါ မကြဲ ယုံကြည်ရင်းစွဲ ရှိမြဲရှိလျက်ပင်ဖြစ်သည် အရှင်ဘုရား။

တပည့်တော်သည်လောကီအတန်းပညာအားဖြင့် (၁၀)တန်းဖြစ်ပါ သည်အရှင်ဘုရား။ လောကတွင်အဆိုးအကောင်းကို ခွဲခြားဝေဖန်နိုင်သော်

http://www.dhammadownload.com



လည်း ကုသိုလ်၊ အကုသိုလ်တို့၏ အရင်းအမြစ်ကို အမှန်တကယ်မသိရှိပါ။ ကုသိုလ် ဆိုတာ လှူဒါန်းခြင်း၊ဒါနတစ်ခုဟု သိရသလို ငါးပါး၊ ရှစ်ပါးသီလ ဆောက်တည်ခြင်းတို့ကို သီလဟုသာသိရှိခဲ့ရပါသည်၊ ဗုဒ္ဓဘာသာဟု အမေ မြန်မာဗုဒ္ဓ ဘာသာ၊ အဖေမြန်မာဗုဒ္ဓဘာသာမှ မွေးဖွားလာသောသားဖြစ်သူ တပည့် တော်မှာလည်း ဗုဒ္ဓဘာသာအမည်ခံဖြင့် လောကအလယ်တွင်နေထိုင် ရှာဖွေ စားသောက်ခဲ့လည်း ဘုရားဟောတရားအရ သောတာပတ္တိမဂ်မှ မရ လျှင် အပါယ်ကို ကျဖို့ရာ ရာခိုင်နှုန်း ၉၉. ၉၉ လောက်ရှိမည်ကို သိခဲ့ရပါ သည်။ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှ ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်မည် ဆိုသော် လည်း တပည့်တော်တို့မှာ စားဝတ်နေရေးအတွက် လောဘ၊ ဒေါသ၊ မောဟ တွေ ရောထွေးဖုံးလွှမ်းပြီး ရှာဖွေစားသောက်ရသော်လည်း လောက်ပြေည့်စုံမှု အပြည့်အဝ မရှိခဲ့ပါ။

ဘာကြောင့်မရရှိခဲ့ရတာလဲလို့ မိမိကိုယ်မိမိ ဆန်းစစ်ကြည့်မိပါသည်၊ ပခုံး နှစ်ဖက်ကြား ခေါင်းပေါက်တာခြင်းအတူတူ ဘာကြောင့် အစစအရာရာ ကွာခြားမှုရှိနေတာလဲ၊ ပြည့်စုံမှုခြင်းကွာခြားတာလဲဟု စဉ်းစားခဲ့ရာ အတိတ် အကြောင်းကိုမစဉ်းစားဘဲ ပစ္စုပ္ပန်မှာပဲ ကြည့်နေပြီး၊ သူများချမ်းသာရင် ကိုယ်လဲချမ်းသာရမယ်၊ သူများလှူဒါန်းနိုင်ရင် ကိုယ်လည်းလှူဒါန်းနိုင်ရမှာပဲ ဆိုတဲ့စိတ်နဲ့ လောဘကိုလောဘမှန်းမသိ၊ ဒေါသကို ဒေါသမှန်းမသိ မောဟကို မောဟမှန်းမသိနှင့် သမာသောနည်းဖြင့်ဖြစ်စေ၊ မသမာသောနည်းဖြင့်ဖြစ်စေ၊ ရှာဖွေစုဆောင်းခဲ့ပြီး ဒါနအမှု၊ သီလအမှုတို့ကိုသာ ပြုလုပ်ခဲ့ပါသည်။

"ဒါနံ နိဿာယ မဂ္ဂံ ဥပ္ပါဒေတိ
ဒါနတစ်ခုအကြောင်းပြု၊ မဂ်မှာအကျိုးစု၊"
"သီလံ နိဿာယ မဂ္ဂံ ဥပ္ပါဒေတိ
သီလတစ်ခုအကြောင်းပြု၊ မဂ်မှာအကျိုးစု"

ဆိုသောကျမ်းဂန်လာ၊ ဘုရားရှင်၏အဆုံးမ သာသနာတော်နှင့်အညီ၊ အဝိဇ္ဇာဦးစီး၍၊ တဏှာ၊ ဒိဋ္ဌိအကြောင်းခံပြီး "ငါကောင်းဖို့၊ ဘဝကောင်းဖို့" ဟူသော ရည်ရွယ်ချက်ဖြင့်၊ လူချမ်းသာ၊ နတ်ချမ်းသာဘုံဘဝတို့သို့ လားရောက်ဖို့ဆုတောင်းကာ ဒါနကောင်းမှု၊ သီလကောင်းမှုတို့ကို ပြုလုပ်ရင်း၊ အာမိသအမွေဆိုးတို့ကို သိမ်းပိုက်နေခြင်းမှ-

http://www.dhammadownload.com



ဆရာစစ်ဆရာမှန်၊ တရားစစ်တရားမှန်နှင့်တွေ့ပြီး၊ ဒါန၊ သီလတို့ကို အကြောင်းခံ၍ သစ္စာဉာဏ်တရားကို ရရှိနေပြီဖြစ်၍၊ ဘုရားရှင်၏အလိုကျမွေ့ အမွေစစ် အမွေကောင်းကိုရရှိမိသောကြောင့် တစ်သက်နှင့်တစ်ကိုယ် မည်သည့်ဝမ်းသာမှုမျိုးနှင့်မျှ မတူသော ပီတိမျိုးဖြစ်ရပါသည်အရှင်ဘုရား။

မိမိပြုလုပ်သောကံသည် မိမိသာလျှင် အကျိုးခံစားခွင့်ရှိသည်အခြား မည်သူကိုမျှ - မျှဝေခံစားခြင်းမရှိနိုင်သည်ကို တပည့်တော်သည် "အနန္တဂုဏ် အင်ကျေးဇူးတော်အရှင် စမ်းကလေးဆရာတော်ဘုရား၏ကမ္မဖလခန္ဓအဘိ ဓမ္မာတရားမြတ်ကို အကြောင်းပြည့်စုံစွာဖြင့် နာယူရရှိပြီးသည့်အချိန်မှစ၍ သိရှိခဲ့ရပါသည်။ တပည့်တော်သည် ကံ၊ ကံ၏အကျိုးကိုယုံကြည်သော ဗုဒ္ဓ ဘာသာစစ်စစ်တစ်ယောက်အဖြစ် ရောက်သွားသည်ကို မိမိကိုယ်မိမိသိပြီး ရင်တွင်းပီတိဝမ်းသာမှုမှာ ဖော်ပြလို့မရနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်နေ ရပါသည်အရှင်ဘုရား။

တပည့်တော်သည် အသက် (၄၉)နှစ်ကျော်ခဲ့ပါပြီဘုရား။ တပည့် တော်သည် "စမ်းကလေးဆရာတော်ဘုရားကြီးနှင့် စတင်တွေ့ရသော ၁၃၅၆-ခု ပြာသိုလပြည့် တရားပွဲမှစ၍ အကြောင်းပြည့်စုံစွာဖြင့် တရားနာယူရရှိပြီး တပည့်တော် ကိုယ်တိုင် တရားပီတိကို တပည့်တော် ခံစားရပြီး စမ်းကလေးသို့ မရောက်မီ ကာလနှင့် ရောက်ရှိပြီးကာလ၊ တရားနာယူပြီး ရန်ကုန်သို့ပြန်ရောက်ပြီးသော ကာလတို့တွင် တပည့်တော်၏ ပြောင်းလဲမှုကို တပည့်တော်ကို တပည့်တော် မယုံကြည်နိုင်သလို တပည့်တော်၏ဇနီးနှင့် မိဘမောင်နှမဆွေမျိုးများနှင့် အပေါင်းအသင်း မိတ်သင်္ဂဟများပါမကျန် အံ့အားသင့် မယုံကြည်နှင့်လောက် အောင်ပြောင်းလဲခဲ့ရပါသည်အရှင်ဘုရား။

တပည့်တော်သည် ယခုလို ခန္ဓာတွင်းအသိတရားများကို မရရှိခဲ့၍ (၄၅)နှစ် တာအထိ ဘဝရှေ့ရေးအတွက် ကျင်လည်ခဲ့ရသောနေရာတိုင်း၊ နေရာ တိုင်းတွင် ကုသိုလ်ကံနှင့် အကုသိုလ်ကံတို့တွင် များသောအားဖြင့် အကုသိုလ် ကံများ ထုံမွှမ်းပြီး ရှာဖွေစားသောက် လုပ်ကိုင်ခဲ့ရပါသည် အရှင်ဘုရား။

တပည့်တော်သည် မြန်မာပြည်တွင်းမှနေရာဒေသ မြို့နယ်အသီးသီး သို့ တော်တော်များများ ရောက်ခဲ့ဖူးပါသည်။ ငယ်စဉ်အခါမှစ၍ (၄၅)နှစ်ထိ တပည့်တော်မှာ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများစွာတို့၏ဆုံးမမှုများ၊

http://www.dhammadownload.com



မိဘနှစ်ပါးတို့၏ ဆုံးမမှုများကို ရှေ့တွင်မှာတော့ အကုသိုလ်အမှုများကို မလုပ်မကိုင်တော့ပါဟု ပြောပြီး ဝန်ခံခဲ့သော်လည်း ကွယ်ရာရောက်သွားလျှင် လုပ်ချင်ရာလုပ် ကိုင်ချင်ရာကိုင် ကုသိုလ် အကုသိုလ်များ ရောပွမ်း၍ ဆရာကိုဆရာမှန်းမသိ၊ မိဘကိုမိဘမှန်းမသိ၊ (ပြန်မပြောနားမထောင်) ပြောစကားနားမထောင် ကိုယ်ထင်ရာကိုယ်လုပ်ခဲ့သည်မှာ အသက် (၄၅)နှစ်ထိ ဖြစ်ပါသည်အရှင်ဘုရား။

တပည့်တော်သည် "စမ်းကလေးဆရာတော်ဘုရားကြီး၏ တရားကို နာယူရရှိပြီး နောက်ပိုင်း၌ တပည့်တော်၏ ကာယကံအမှု၊ ဝစီကံအမှုတို့ကို ထိန်းသိမ်းပြီး နေထိုင်စားသောက်မှုအလုပ်မျိုးကို လုပ်ကိုင်စားသောက်ခဲ့စဉ်တွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့်အတူ ဇနီး၊ သား၊ သမီးများမှာလည်း တပည့်တော်နှင့်ထပ်တူဝမ်းသာမှုမျိုးများ ဒိဋ္ဌဓမ္မ ခံစားခွင့်ရနေကြပါသည် အရှင်ဘုရား။

တပည့်တော် ယခုကိုယ်စိတ်နှလုံးချမ်းသာမှုမျိုးဖြစ်သလို နီးစပ်ရာမိတ်သင်္ဂဟအပေါင်းမှာလည်း မိမိခံစားရသလို မိမိဝမ်းသာသလို ခံစားမှုမျိုးရနိုင်ရန်အတွက် စမ်းကလေးအနာဂတ် ဓမ္မသာသနာ၏ ဝေယျာဝစ္စအကျိုးကို ဆောင်ရွက်ရာတွင် စီးပွားရေး လုံးဝမပါသော၊ ကိုယ်ကျိုးလုံးဝမပါသော ဆောင်ရွက်မှုကို ခိုးကြောင်ခိုးဝှက် မှောင်ခိုထုတ်နေခြင်းဆိုတဲ့ စွပ်စွဲချက်မှာ လုံးဝမမှန်ကန်ပါကြောင်း တပည့်တော် လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

တပည့်တော်တို့ "ဗုဒ္ဓ၏ဓမ္မသာသနာတော်မြတ်ဖြစ်သည့် ခန္ဓာတွင်း ငြိမ်းအေးမှုမျိုး မဂ်(၄)ပါး၊ ဖိုလ်(၄)ပါး နိဗ္ဗာန်ကိုးပါးသော တရားတော်မြတ်ကို ရရှိရပါလို၏ဘုရားဟု နေ့စဉ်နှင့်အမျှ ရှိခိုးပူဇော်၍ ဆုတောင်းခဲ့သည်မှာ သေဆုံးခြင်းမရောက်မီကာလအထိ ဖြစ်ပါသည်ဘုရား၊ တပည့်တော်တို့ မြန်မာနိုင်ငံတွင် ဘာသာခြား၊ ခရစ်ယာန်ဘာသာ၊ မူစလင်ဘာသာများမှာလည်း မိမိယုံကြည်ရာ၊ ကိုးကွယ်ရာများနှင့် ရှိကြပါသည်။ အချုပ်ဆိုသော် အားလုံးသော ဘာသာတို့သည် ငြိမ်းအေးမှု၊ ချမ်းသာမှု၊ ဘေးအန္တရာယ်ကင်းဖို့ ရည်ရွယ်၍ ကိုးကွယ်ယုံကြည်နေခြင်းသာဖြစ်ပါသည်ဘုရား ယခင့် ယခင်က မတွေ့ဘူးသေးသော မကြုံဘူးသေးသော ကာလက မိမိတို့ဘာသာ မိမိတို့ ကိုးကွယ်မှုများနှင့်သာ နေခဲ့ကြပါသည်။ ယခုစမ်းကလေးဆရာဆရာတော်

http://www.dhammadownload.com



ဘုရားကြီး၏ "ကမ္မဖလ ခန္ဓအဘိဓမ္မာ သစ္စာဉာဏ် တရားတော်မြတ်ကြီး" ပေါ်လာသည့်အခါ အခြားဘာသာဝင်များသည် ဆရာတော်ကြီး၏တရားကို နာယူကြပြီး ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြသော ဘာသာခြားများကို တွေ့ခဲ့ရပါသည်။

ဆရာတော်ဘုရားကြီး၏ တရားတော်မြတ်သည် ယခုမှ ပေါ်ပေါက်လာခြင်းမဟုတ်ပါ။ လွန်ခဲ့သောနှစ်ပေါင်း (၂၀)ကျော်လောက်မှ စတင်၍ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ တပည့်တော်အနေဖြင့် လောကကြောင်းစကားဖြင့် ပြောရမည်ဆိုလျှင် တရားခံ - တရားလိုအမှု ရင်ဆိုင်မှုမျိုးဖြစ်ပါသည် အရှင်ဘုရား၊ တပည့်တော်မှာ တရားခံဖြစ်နေရာမှ ရှိနေပါသော်လည်း စောဒကဆရာတော်များ၏ စောဒနာလွှာကြောင့် တပည့်တော်မှာ တရားခံဖြစ်နေသော်လည်း လောကကြောင်းအရ ဝမ်းနည်းပူဆွေးကြောင့်ကြနေရမည်ဖြစ်သော်လည်း ယခုတပည့်တော်မှာ တပည့်တော်ကိုယ်တိုင်ပါဝင်နေခြင်းကို ဝမ်းသာပီတိ ဖြစ်နေရပါသောကြောင့်စောဒက ဆရာတော်ကြီးများအား အထူးကျေးဇူးတင်လျှက် လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် ရှိခိုးပူဇော်ကန်တော့လိုက်ရပါသည် အရှင်မြတ်တို့ဘုရား။

တပည့်တော်တို့သည် လောကထဲတွင် အိမ်ထောင်ရေး၊ စီးပွားရေး ယရာဝါသတို့နှင့် မကင်းကြသေးပါ ဘုရား၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ သုံးမျိုးသော သံယောဇဉ်ကို ပယ်သတ်နိုင်သော်လည်း လောဘလည်းမကုန်နိုင်သေးပါ၊ ဒေါသလည်းမကုန်နိုင်သေးပါ၊ ဆရာတော်ဘုရားဆုံးမဩဝါဒနှင့်အညီလောကထဲတွင် နေကြရသော တပည့်တော်တို့သည် ကုသိုလ်အမှုကို ကုသိုလ်အမှုမှန်း၊ အကုသိုလ်အမှုကို အကုသိုလ်အမှုမှန်း သိလာကြပါသဖြင့် ကုသိုလ်အမှုတို့ကို လုပ်ဆောင်ကြပြီး၊ အကုသိုလ်အမှုမျိုးကို တတ်နိုင်သရွေ့ ထိန်းထိန်းသိမ်းသိမ်းနေနိုင်သောအဆင့်ထိ ဖြစ်နေကြပါသည်အရှင်ဘုရား၊ သီလပိုင်းမှာတော့ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင်ထိန်းသိမ်းနိုင်သည့်အလျောက် အကုသိုလ် အမှုမျိုးကို ရှောင်တတ်တိမ်းတတ် ကျော်တတ်၊ ခွတတ်ပါသည်အရှင်ဘုရား၊ တပည့်တော် ယခုလို ဝမ်းသာမှုမျိုး တရားအပေါ်သိတတ်မှုမျိုးကို တပည့်တော်တွင်သာမက နီးစပ်ရာအိမ်နီးချင်းများ၊ ရပ်ကွက်တွင်း၊ မြို့နယ်တွင်းမှလူအများရရှိပါက၊ အေးချမ်းသာယာမှုများနှင့် ပြည့်စုံပြီး တစ်ဦးနှင့်တစ်ဦး ကြင်နာတတ်သော နှလုံးသားပိုင်ရှင်များဖြစ်လာကြစေရန်

http://www.dhammadownload.com



အတွက် "အနာဂတ် ဓမ္မသာသနာ"၏ ဝေယျာဝစ္စအကျိုးအတွက် အိတ်ဆောင်စာအုပ်ငယ်အား အခမဲ့ဓမ္မဒါန လှူဒါန်းနိုင်ကြရန် ဆောင်ရွက်ပေးသော အမှုတွင် တပည့်တော်အား အပြစ်ရှိသည့်ဟု ထင်မြင်ယူဆခဲ့ပါက ပေးအပ်သောအပြစ်ကို ခံယူပါမည့်အကြောင်း လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပူဇော်ကန်တော့လိုက်ရပါသည် အရှင်မြတ်တို့ဘုရား။

**"အနန္တဂုဏ်အင်ကျေးဇူးရှင်စမ်းကလေးဆရာတော်ဘုရားကြီးဩဝါဒ"**

- မလုပ်သင့်တာကိုလုပ်ရင် မဖြစ်သင့်တာ ဖြစ်လိမ့်မယ်၊
- လုပ်သင့်တာကိုလုပ်ရင် ဖြစ်သင့်တာကို ဖြစ်လိမ့်မယ်၊

**၁။ ဗုဒ္ဓါနုဿတိ ဘာဝနာ ဆောင်ထားပါ။**

**၂။ နံနက်/ ညနေ (၆)နာရီတိုင်း စမ်းကလေးဆရာတော်ဘုရားကြီး အထူး ပို့သသော ဩဒိဿ မေတ္တာတော် မြတ်ကို ခံယူ၍ သာဓု ခေါ်ကြပါဟု ဩဝါဒပေးပါသည်အရှင်မြတ်တို့ဘုရား။**

သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁)နိုင်ငံတော် သီးခြား ဝိနည်းမိုရ် ဆရာတော်ကြီးများ ဘုရား။

တပည့်တော်အနေဖြင့် နောက်ဆုံးတင်ပြလျှောက်ထားလိုသည်မှာ စီးပွားရေးအရဆိုလျှင် ရန်ကုန်မြို့နှင့် မိုင် (၁၀၀)ကျော်ဝေးသော စမ်းကလေးသို့ (၁၅)ရက် တစ်ခေါက်အပင်ပန်းခံပြီးလာရန် မလိုပါ။ ရန်ကုန်မြို့ကြီးတွင် ဥပဒေနှင့် ကင်းလွတ်သောစီးပွားရေးများ မြောက်မြားစွာရှာဖွေနိုင်ပါသည် အရှင်မြတ်တို့ဘုရား-

စရိုက်မျိုးစုံရောပြွမ်းလျက်ရှိနေသော ဒေသရပ်ကွက်အသီးသီးတို့ အတွင်း၌ အကြောင်းကို အကြောင်းမှန်၊ အကျိုးကို အကျိုးမှန်၊ အမှန်သိလျက်ရှိသော တပည့်တော်တို့ကဲ့သို့သော လူပုဂ္ဂိုလ်များများရှိလျှင် လောဘ၊ ဒေါသနည်းပါးပြီး အေးချမ်းသာယာစွာ နေထိုင်နိုင်ကြမည် ဖြစ်ကြောင်းကို သဘာပတိဆရာတော်ကြီးများနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြားဝိနည်းမိုရ် ဆရာတော်ကြီးများနှင့် စောဒက ဆရာတော် ကြီးများအား လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိ ခိုးဖူးမြော် မာန်လျှော့ ကန်တော့ ခြင်းကို နောက်ဆုံး သောခနာ တင်လျှောက်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

http://www.dhammadownload.com

# အမှတ်(၁၃) လျှောက်ထား သောစနောချက်

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊
စမ်းကလေးအရှေ့ကျောင်း ဆရာတော်ဘုရားကြီး၏ တပည့်
ဒါယကာ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ၊ ဦးအော်ကေးမှ
အရှင်ဝိလာသ (တောကျွဲအင်း)၊
အရှင်သောဘဏ (ညောင်လေးပင်)၊ အရှင်စိန္တိတာဘိဝံသ (ဖြူး)၊
အရှင်ခန္တိဓမ္မ (ပဲနွယ်ကုန်း) တို့၏
တင်သွင်းလျှောက်ထားသော စောဒနာလွှာအား
ပြန်လည်ရှင်းလင်းလျှောက်ထားသည့်
သောစနောတင်သွင်း လျှောက်ထားခြင်း၊

သဘာပတိဆရာတော်ကြီးနှင့်အမှတ် (၁၁)နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများ ဘုရား။

ဘုရားတပည့်တော်သည် ပုဂ္ဂိုလ်ရေးအငြိုးထားမှု၊ အမျက်ဒေါသပွားမှု မပါရှိဘဲ၊ အမှန်တရားကို ရည်သန်စေခြင်းငှာ အမှန်စကားကို တင်ပြသောစနော လွှာ လျှောက်ထားပါသည်ဘုရား။

ကျေးဇူးတော်ရှင် စမ်းကလေးဆရာတော်ဘုရားကြီးနှင့် ဝါဆိုသံဃာ ဦးပဥ္စင်း ဦးဓမ္မပါလအပါအဝင်၊ လူပုဂ္ဂိုလ် လေးဦးတို့အပေါ် စောဒနာလွှာ ပါ - ၄၂ ခုအနက် ဘုရားတပည့်တော်နှင့် ပတ်သက်သော စောဒနာလွှာ များကိုသာ ကောက်နုတ်၍ အမှန်ကို အမှန်အတိုင်း အရှိကို အရှိအတိုင်း အသိသက်သေများ တင်သွင်းကာ၊ လျှောက်ထားသွားပါမည် အရှင်ဘုရား။ စောဒနာလွှာတင်သွင်းသော ဘုန်းတော်ကြီးလေးပါးတို့နှင့် ဘုရားတပည့် တော်သည်၊ ယခင့်ယခင်မှ ယခုအချိန်အထိ ရင်းနှီးမှု မရှိခဲ့သည့်အပြင်၊ စကားဆွေးနွေးခြင်း၊ တရားဆွေးနွေးခြင်း မြင်ဖူးခဲ့ခြင်း၊ တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ပါ။ ပုဂ္ဂိုလ်ရေးအရ အာဃာတထားခြင်းလည်းမရှိခဲ့ပါ။ ဘုရား တပည့်တော်သည် ထိုဘုန်းတော်ကြီး လေးပါးတို့၏ အတွင်းအဇ္ဈတ္တ သန္တာန် အပြင်ဗဟိဒ္ဓသန္တာန်တို့ကို တပည့်တော် မသိရှိနိုင်ခဲ့သလို တပည့်တော်အပေါ် ၌လည်း သိရှိနားလည်နိုင်လိမ့်မည်ဟု မထင်မြင်နိုင်ခဲ့ပါ။ ထို့ကြောင့် ဘုရားတပည့်တော်သည် ကျေးဇူးတော်ရှင်စမ်းကလေးဆရာတော်ဘုရားကြီး

http://www.dhammadownload.com



၏ အနာဂတ်မဗ္ဗသာသနာ ဝေယျာဝစ္စကုသိုလ်များ တိုးပွားစေခြင်းငှာ ဆောင်ရွက်ခြင်းများပေါ်တွင် စေတနာမှန် မေတ္တာမှန် သဒ္ဓါမှန်တို့ကို ထိုဆရာတော်များ၊ မခန့်မှန်း မသိရှိနိုင်၍ ယခုကဲ့သို့ စောဒနာတင်သွင်းခြင်း ဖြစ်သည်ဟု ယူဆမိကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

ဘုရားတပည့်တော်သည် တရုတ်လူမျိုး ဗုဒ္ဓဘာသာ ကြည်ညိုကိုးကွယ်သူတစ်ဦးဖြစ်ပါတယ်ဘုရား။ လွန်ခဲ့သော နှစ်ပေါင်း (၂၀)ကျော်ကာလမှစ၍ ရတနာသုံးပါးကို ကြည်ညိုခြင်း၊ အားကိုးခြင်း၊ ပြင်းပြလာခဲ့သည်မှ စ၍ ကသစ်ဝိုင်နိသျှ သဲအင်းဂူနိသျှ တို့ဖြင့် မိမိ၏ သံသရာလွတ်ရာ လွတ်ကြောင်းကို ရှာမှီးခဲ့ပါသည်ဘုရား။ ထိုကျေးဇူးများကြောင့် ကျေးဇူးတော်ရှင် စမ်းကလေးဆရာတော်ဘုရားကြီး၏ တပည့် သာဝကတစ်ဦး အနေဖြင့် သံသရာဝဋ္ဋဒုက္ခဆင်းရဲခြင်းမှ လွတ်မြောက်ခွင့်ရခဲ့သူ တစ်ဦးဖြစ်ပါသည်။

ထိုကျေးဇူးများကြောင့် စာပေတတ်ကျွမ်းမှုမရှိခဲ့သော ဘုရားတပည့်တော်သည် မိမိရရှိခဲ့သော ကျေးဇူးများကို မိမိရခဲ့သလို မိမိနှင့် ဆက်နွယ် ပတ်သက်နေသော မိတ်ဆွေသင်္ဂဟ ဆွေမျိုးဉာတိများအား စေတနာမှန်၊ သဒ္ဓါမှန်ဖြင့် ကုသိုလ်ဖြစ်စေခြင်းငှာ ဉာဏ်စွမ်းကိုယ်စွမ်းရှိသရွေ့ ဝေငှခဲ့ပါသည်။

ဘုရားတပည့်တော်သည် ၁၃၅၂ ခု၊ ပြာသိုလဆန်း (၇)ရက်နေ့မှစ၍ အတိတ်ကံ၏ ထောက်ပံ့မှု၊ ပစ္စုပ္ပန်ကံ၏ တွန်းပို့မှုကြောင့် သီလ-သမာဓိ-ပညာဖြင့် ပြည့်စုံတော်မူသောကျေးဇူးတော်ရှင် စမ်းကလေးဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ခိုလှုံခွင့်ရှိခဲ့ရာမှ ဆရာတော်ဘုရားကြီး၏ သီလ-သမာဓိ-ပညာကို အနည်းငယ်မျှ သိရှိခွင့် ရခဲ့ခြင်း ကမ္မဖလခန္ဓအဘိဓမ္မာ သစ္စဉာဏ် တရားတော်မြတ်ကို နာယူခဲ့ရာမှ ချမ်းသာအစစ်ကို ဧကန်ရရှိခဲ့ပါသည်ဘုရား။

ဤသို့ခံစားသိရှိလာသောအခါ ဘုရားတပည့်တော်သည် မိမိမြင် သလို၊ မိမိသိသလို၊ အများမြင်နိုင်ရန်အသိ အလိမ္မာတိုးပွားလာစေခြင်းငှာ ကုသိုလ်စိတ်ဖြင့်သာ ပြောပြခဲ့ပါသည်။ စောဒနာလွှာ (နှာ-၁၈၃)ပါ အင်အားကြီး ၃-ရပ်ကို အားကိုး၍ ပြောကြားခြင်းမရှိခဲ့ပါ။

မြတ်ဘုရား၏ သာသနာတွင် အမှန်တရားကို အားကိုးခြင်းမှတစ်ပါး အာဏာဂုဏ်၊ ငွေဂုဏ်နှင့်အခြားဂုဏ်များကို အားကိုးခဲ့ပါလျှင်၊ ဘုရားရှင်

http://www.dhammadownload.com



အလိုတော်ကျမည်မဟုတ်ဘဲ လွဲချော်နေမည်ကို ဘုရားတပည့်တော် ကြိုတင်သိရှိခဲ့ပါသည်ဘုရား။

သဘာပတိဆရာတော်ကြီးဘုရား -

လူတစ်ယောက်သည် ၎င်း၏ ကိုယ်တိုင်ကိုယ်ကျ သိရှိခံစားရသော တွေ့မြင်ခဲ့ရသော အကျိုးကျေးဇူးတို့ကို ထိုလူမှတစ်ပါး အခြားလူများသိရှိ နားလည်နိုင်မည်မဟုတ်ပါ။အများပြော အခြားပြောတို့ဖြင့် ယုံကြည်၍ မဖြစ်နိုင်ပါ။ မိမိကိုယ်တိုင် ခံစားကြည့်မှ သိရှိနိုင်မည်ဖြစ်ပါသည်ဘုရား။ လူတစ်ဦး လူပုဂ္ဂိုလ်တစ်ဦးတို့သည် အခြားတစ်ဦးအား အကြောင်းပြုသိရှိလိုပါက မိမိသည် အကြောင်းပြုခံရသူထက် အဆင့်တူသာလွန်သူဖြစ်မှသာ အဖြေမှန်ကို နားလည်နိုင်ပါလိမ့်မည်ဘုရား။

ကျေးဇူးတော်ရှင် စမ်းကလေးဆရာတော်ဘုရားကြီးမှ တရားပွဲစဉ် တိုင်း လောကီပညာရှိ လောကုတ္တရာ ပညာရှိများအား တရားနှင့် ပတ်သက်၍ ကြိမ်ဖန်များစွာ တိုင်ပင်ဆွေးနွေးနိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပါသော်လည်း စောဒနာ လွှာတင်သွင်းသော ဘုန်းတော်ကြီးများမှာ တစ်ကြိမ်တစ်ခါမှ ကြွရောက် တိုင်ပင် နာယူမေးမြန်းလျှောက်ထားခြင်း မရှိခဲ့ဘဲ ယခုကဲ့သို့ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့သို့ စောဒနာလွှာရေးသား လျှောက်ထားခြင်းမှာ ကံ၊ ကံ၏ အကျိုးပေးမှုသာ ဖြစ်သည်ဟု ယူဆမိကြောင်းပါဘုရား။ အမှားကိုမြင်သော် အပြစ်တင်အရင်မစောသင့်ကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။ ယခုကဲ့သို့ ဖြစ်ပေါ်လာခြင်းမှာ ကံ ကံ၏အကြောင်းတရားကြောင့် ဖြစ်ပါသဖြင့် တပည့်တော်ဘက်မှနေ၍မေတ္တာရှေ့ထား၍ ဉာဏ်စွမ်းရှိသမျှ ဂရု ဂါဝရတရားဖြင့် ရှိသေလေးမြတ်စွာ ဖြေကြားသွားပါမည်ဖြစ်ကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

သဘာပတိဆရာတော်ကြီးဘုရား- တပည့်တော်သည် သာသနာ အပေါ် ကြည်ညိုမိသည်မှစ၍ ဆရာတော် သံဃာတော်ကြီးများထံမှ ဆုံးမ ဩဝါဒ များကို အကြိမ်ကြိမ်အဖန်ဖန် နာယူမှတ်သားခွင့် ရရှိခဲ့ပြီးသူဖြစ်ပါသည်။ တိုင်း နိုင်ငံ ခရိုင်မြို့ရွာတို့တွင် လောကုတ္တရာ အာဇာနည်ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ ပါက လောကီ လောကုတ္တရာ အကျိုးနှစ်ဖြာကို မတောင့်မတ မကြောင့်မကြဘဲ ခံစား စံစားရမည်ကို ယုံကြည်နားလည် သိရှိပြီးဖြစ်ပါသည်။ သာသနာကို

http://www.dhammadownload.com



ခုတုံးလုပ်၍ ကိုယ်ကျိုးရှာပါက ငရဲအထပ်ထပ်တွင် ခံရကြောင်း နေမိမင်းမှ မာတလိနတ်သားအား အင်္ဂါရကာ,သု ငရဲတွင်ကျခံနေရပုံကို မေးမြန်းသော ဝတ္ထုတော်လာအရ သိရှိပြီးသူဖြစ်ပါသည်။ ဘုရားတစ်ဆူ၏ ဂုဏ်တော် ကျေးဇူးတော်များကို ဘုရားတစ်ဆူမှ တစ်ကမ္ဘာပတ်လုံး ချီးကျူး သီကုံး ထောပနာပြု၍မဆုံး ရှိခဲ့ပါသည်။ ထို့အတူ များစွာသော သူတော်ကောင်းကြီး များ၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကို တပည့် သာဝကများမှ အသက်ထက်ဆုံး ကြည်ညိုထောပနာပြုကြသည်ကို အပြစ်ဖြစ်လိမ့်မည်ဟု ဘုရား တပည့်တော် မယူဆခဲ့မိပါ။

ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်အပေါ် ယုံကြည်သဒ္ဓါ၊ ကြည်ညိုသဒ္ဓါ တို့ဖြင့် ကိုးကွယ်သူဖြစ်သည့် အလျောက် အမွေးခွက်တွင် နေ့စဉ်စိမ်ထားသော ကျောက်တုံးလေးကဲ့သို့ ထုံမွှမ်းထားပြီးဖြစ်ရာ သံဃာတော်များ အပေါ်ကိုယ် နှုတ် စိတ် သုံးပါးလုံးဖြင့် ပြစ်မှားရန် ဝန်လေးမိသူဖြစ်ပါသည်။

ဘုရားတပည့်တော်၏ သာသနာတော်အပေါ် ထောက်ပံ့ကူညီမှု ကုသိုလ် စကားများအပေါ် နားလည်မှု လွဲမှားခြင်းသာ ဖြစ်ပါလိမ့်မည်။ မည်သို့ပင်ရှိစေ တပည့်တော်အပေါ် စောဒနာတင်သွင်းခြင်းများနှင့် ပတ်သက်၍ စောဒနာ တစ်ချက်ချင်းအလိုက် ပြန်လည်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

## အမှတ် (၁၃) ရောင်ခြည်တော်ကွန့်မြူးမှုဆိုင်ရာ သောဓနာချက် စောဒနာအမှတ် (၁-၂-၄) ဖြေကြားချက်

သဘာပတိဆရာတော်ကြီးများနှင့် အမှတ်(၁၁)နိုင်ငံတော် သီးခြားဝိနည်း မှုရုံးဆရာတော်ကြီးများဘုရား။

ဘုရားရှင်ကိုယ်တော်မြတ်သည် ကိလေသပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် များကို ပြုပြီးသည့်နောက်ပိုင်း ဓာတုပရိနိဗ္ဗာန်ပြုရန် ကျန်ရှိနေသေးသည်ကို ဘုရား တပည့်တော် ကြားနာ မှတ်သားမိသည့်အလျောက် ၁၃၅၈ ခုနှစ်၊ တပေါင်း လဆန်း (၂)ရက်နေ့တွင် စမ်းကလေးအနာဂတ်မွေ့သာသနာရိပ်သာ ကျောင်း တွင်းရှိ ဆရာတော်ဘုရားကြီး၏ သီတင်းသုံးရာ ကျောင်းတွင်း၌ မြတ်စွာ ဘုရား၏ ဓာတ်တော်ရောင်ခြည်တော်များ စတင်ကွန့်မြူးသည်ကို တပည့်

http://www.dhammadownload.com



တော်ကိုယ်တိုင်နှင့် အခြားတပည့် ဒါယကာများလည်း ကိုယ်တိုင် ကိုယ်ကျ ထပ်တူထပ်မျှ ဖူးမြင်ကြည်ညိုခဲ့ရပါသည်။ ၎င်းနေ့မှစ၍ ရှစ်လကြာမျှ ကျောင်းတွင်းကျောင်းပြင် ပရိဝုဏ် အတွင်း၌လည်းကောင်း၊ ဆရာတော် ဘုရားကြီး၏ မြင်သာသော ခန္ဓာအစိတ်အပိုင်း၌လည်းကောင်း၊ ရောင်ခြည် တော်များအား ပြည်တွင်း ပြည်ပမှ သိန်းပေါင်းများစွာသော ဝေနေယျအပေါင်း တို့ မျက်မြင်ဒိဋ္ဌ ဖူးမြင်ကြည်ညိုရပါသည်ဘုရား။

သို့အတွက်ကြောင့် ဆရာတော်ဘုရားကြီးမှ ဖူးမျှော်ကြည်ညိုနိုင်ရန် အဖူးမြော်ခံခြင်းကို ဘုရားတပည့်တော်မှ အများကြည်ညိုစေ-ဝမ်းမြောက်စေခြင်းငှာ-နေ့စဉ်အဖူးအမြော် ရောက်ရှိကြကုန်သော ပရိသတ်အပေါင်းအား ပြောပြခြင်း၊ ကြေငြာခြင်းအပြင် ဖဒိုမြို့အနာဂတ်ဓမ္မသာသနာဝေယျာဝစ္စ အဖွဲ့မှလည်း ဖဒိုသူ ဖဒိုသားများ ဝမ်းမြောက်ကြည်ညိုနိုင်ရေး၊ ကုသိုလ်ဖြစ်စေရေးတို့အတွက် ဖဒိုနှိုးဆော်စာ (သက်သေခံ -၄)ဖြင့် နှိုးဆော်ခဲ့ပါသည်ဘုရား။ ဤသို့ကြောင့် ကိုယ်တိုင်မြင်တွေ့ရသလို အများမြင်တွေ့ဖူးမြော်နိုင်ရန် ရည်သန်၍ ကုသိုလ်ဖြစ် ဆောင်ရွက်ခြင်းသည် အပြစ်တစ်စုံတစ်ရာဖြစ်မည်ဟု မယုံကြည်ခဲ့ပါဘုရား။

ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ကြည်ညိုခဲ့ရသူများမှ ထင်ရှားသောပုဂ္ဂိုလ်များကို သက်သေအဖြစ် တင်သွင်းပါမည်။

**သက်သေများ**

(၁) ဗိုလ်မှူးအောင်ငွေ (တပ်မှူး)
ထောက်လှမ်းရေး၊ စစ်တွေ၊ ရခိုင်ပြည်နယ်။

(၂) ဦးကြည် (ပုသိမ်ဆရာ)
မြန်မာတိုင်းရင်းသားသမားတော်ကြီး၊
မြောက်ဥက္ကလာပ၊ ရန်ကုန်။

(၃) မစ္စတာတေး၊ မစ္စတာလင်း၊ မစ္စဂျက်ကီ၊ မစ္စစူစန်၊ မလေးရှားနိုင်ငံ။

မြတ်စွာဘုရား၏ ရောင်ခြည်တော် ဓာတ်တော်များကို ၁၃၅၈ -ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်နေ့မှ (၈)လတာ ကာလအတွင်း ပရိသတ် သိန်းပေါင်းများစွာတို့ မျက်မြင် ဖူးမြော်ကြည်ညိုခဲ့ကြပါကြောင်း လျှောက်ထား အပ်ပါ သည်ဘုရား။

http://www.dhammadownload.com



## အမှတ် (၁၃) လျှောက်ထားစောဒနာချက်။

စမ်းကလေး ရောင်ခြည်တော်လွတ်မှု မိစ္ဆာဝါဒ ရှင်းတမ်းအပိုင်း (၁)မှ (နှာ-၁၂၄) စောဒနာအား ရှင်းလင်းလျှောက်ထားပါမည်ဘုရား။

ဘုရားတပည့်တော်နှင့် ကျန်သာဝကတို့မှာ ဗုဒ္ဓဘာသာဝင်စစ်စစ်များ ဖြစ်ကြပါသည်။

ဗုဒ္ဓ၏ရောင်ခြည်တော်ဓါတ်တော်များသည် သာသနာစည်ပင်ရာ၊ သာသနာ ထွန်းကားရာ ဒေသတို့တွင် ကြွရောက်ကွန့်မြူးခြင်း ကြည်ညိုမည့်သူများ ရှိနေသရွေ့ မကွယ်ပျောက်နိုင်ခြင်းတို့ကို မှတ်သားမိသည့်အပြင် အနန္တဂုဏ်အင် ကျေးဇူးရှင်စမ်းကလေးဆရာတော် ဘုရားကြီးသည် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ရာမှ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ကြောင့် ဆရာတော် ဘုရားကြီး၏ ခန္ဓာတွင် သဒ္ဓါတရားပြည့်ဝကြကုန်သော ဝေနေယျ အပေါင်းတို့ အတွက် ဖူးမြော်ကြည်ညိုနိုင်ရန် ကြွရောက်ကွန့်မြူးကြပါသည်။

ကံအရာ ဉာဏ်အရာ ဈာန်အရာဘုရားအရာတို့ကို ဝေဖန်ပိုင်းခြားနိုင်ဖို့ သိမြင်နိုင်ဖို့ဆိုသည်မှာ မလွယ်ကူလှပါ။ ဗုဒ္ဓ၏ ရောင်ခြည်တော်တို့လည်း လူသိန်းပေါင်းများစွာ အမှန်တကယ်ဖူးတွေ့ ကြည်ညိုခဲ့ကြသည်မှာ ယုံမှားသံသရာဖြစ်ဖွယ်ရာ အလျဉ်းမရှိနိုင်ပါ။

သာသနာဗန်းပြခြင်း၊ ခုတုံးလုပ်၍ လာဘသက္ကာယဖြစ်အောင် ရည်ရွယ်၍ လူအများ အုတ်အုတ်ကြွက်ကြွက်ဖြစ်အောင် မလုပ်ခဲ့ပါ။ ကြုံဖူးမှ ယုံဆိုသလို ကြုံ၍ ကြိုက်၍ ဖူးမြော်လိုက်ရသော ဝေနေယျတို့၏ တစ်ဆင့် စကား တစ်ဆင့်နားကြောင့် အမှန်တရားကို ဖုံးကွယ်၍ မရကောင်းသော ကြောင့် နိုင်ငံခြားဧည့်သည်များပါမကျန် ထင်ရှားသော လူပုဂ္ဂိုလ်များ စစ်ဘက် ဆိုင်ရာ ပုဂ္ဂိုလ်များ ကိုယ်တိုင်ဖူးတွေ့ ကြည်ညိုခဲ့ကြပါသည်။

ဆရာတော်ဘုရားကြီး၏ တပည့်သာဝကများတွင်လည်း ပညာတတ် ပုဂ္ဂိုလ်များ၊ အသိပညာ အတတ်ပညာဆိုင်ရာ ပုဂ္ဂိုလ်များ၊ ရဟန်းရှင်လူများ ရှိကြကုန်သည်ဖြစ်၍ လူပြော သူပြောတိုင်း လှုံ့ဆော်ဖန်တီး လုပ်ကြံတိုင်း ယုံကြည်ကြလိမ့်မည်မဟုတ်ပါ။

ထို့ကြောင့် တပည့်တော်မှ ရောင်ခြည်တော်အဖူးမြော်ခံတိုင်း မည်သို့ မည်ပုံ ဖူးမြော်နိုင်ကြောင်းကို သဒ္ဓါဇောဖြင့် ကုသိုလ်အလို့ငှာ ပြောပြခဲ့သလို အများ ဝေနေယျဘက်မှလည်း တပည့်တော်ပြောပြသည့်အတိုင်းဖူးတွေ့ ကြည်ညိုခဲ့ကြရပါသည်ဘုရား။

http://www.dhammadownload.com



သဘာပတိဆရာတော်ဘုရား။

အမှန်တကယ် ကွန့်မြူးသော ရောင်ခြည်တော် ခြောက်သွယ်ကို အမှန် တကယ် ဖူးတွေ့ကြသည်ဖြစ်၍ တပည့်တော်၏ ကြည်ညိုသဒ္ဓါစိတ်ဖြင့် ဗုဒ္ဓ ရောင်ခြည်တော်အား ပူဇော်သက္ကာပြုမိသည်မှာ အပြစ်ဆိုဖွယ်ရာမရှိဟု ယုံကြည်မိကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

## အပိုင်း (၄) ရောင်ခြည်တော်လွှတ်မှု

### (နှာ-၄၂) စာ ၁၉/၄ (ဃ)ပါ အချက်အလက်အရ ဖြေကြားခြင်း

သဘာပတိဆရာတော်ဘုရား။

မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်သွယ်သည် သီလဂုဏ် သမာဓိ ဂုဏ် ပညာဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော စမ်းကလေးဆရာတော် ဘုရားကြီး ၏ ခန္ဓာကိုယ်ပေါ်တွင် ကွန့်မြူးသည်ကို တပည့်တော်အနေဖြင့် ဘုရားနှင့် တရား တစ်ဂိုဏ်းတည်းရှိသလို ရောင်ခြည်တော်နှင့် ဘုရားသည် တစ်ဂိုဏ်း တည်းပင်ဖြစ်၍ ရောင်ခြည်တော်ကြွရောက် ကွန့်မြူးသည်အခါ ဘုရား ကိုယ်တိုင် ကြွရောက်လာသည့်အလား ခံစားကြည်ညို၍ သဒ္ဓါဖြင့် ပြောကြား ခဲ့ခြင်းဖြစ်ပါသည်။ သီရိမ္ဗာသောကမင်းကြီး၏ မိဖုရားဖြစ်သော အသန္ဓိ မိတ္တာမိဖုရားသည် ကရဝိတ်ငှက်မင်း၏ သာယာသောအသံတော်ကို ကြား လိုက်ရချိန်ဝယ် မြတ်စွာဘုရား၏ အသံတော်ကိုကြားနာလိုက်ရလျှင် မြတ်စွာ ဘုရား၏ အသံတော်သည် ကရဝိတ်ငှက်မင်း၏ အသံတော်ထက်ပင် သာယာ နာပျော်ဖွယ်ရှိမည်ဟု နှလုံးသွင်းဆင်ခြင် ကြည်ညိုမိသကဲ့သို့ ရောင်ခြည် တော်ကို ဖူးမြင်လိုက်ရသည်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ကြွရောက် လာဘိသကဲ့သို့ သဒ္ဓါယိုဖိတ်ခဲ့ရပါသည်ဘုရား။ စမ်းကလေး ဆရာတော် ဘုရားကြီးအား ဘုရားအဖြစ် တွန်းပို့ခြင်း၊ နှိုင်းယှဉ်ခြင်းမဟုတ်ပါ။ ဆရာ တပည့် အလိုတူ အလိုပါကြေငြာခြင်းမဟုတ်ကြောင်း လျှောက်ထားပါသည် ဘုရား။

### (နှာ - ၁၄၂ - (၅) အရ ဖြေကြားခြင်း)

ဘုရားလက်တွေလှူပ်သည့်ကိစ္စမှာ ဆရာတော်ဘုရားကြီးငါးနှစ်တိတိ နာမကျန်းဖြစ်နေချိန်တွင် ဖြစ်ပေါ်ခဲ့သည့်ကိစ္စဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးသည် ကသစ်ဝိုင်ဆရာတော်၏ တပည့်ဖြစ်စဉ် ကကသစ်ဝိုင်ကမ္မဋ္ဌာနာစရိယအဖြစ် ကျောက်တံခါးအပါအဝင် ကျောင်းများကို လှည့်လည်ပြီး ကမ္မဋ္ဌာန်းတရား သုံးနှစ်တိုင်တိုင်ပြသခဲ့ပြီးနောက် မျက်စိ အလင်းရောင် ကြည့်မရ။ နားမှအသံကြားမရသည့် ရောဂါငါးနှစ်ဖြစ်ပွားခဲ့စဉ်တွင် ကျောင်း ရှေ့ဘုရားဆောင်တွင် ပူဇော်ထားသော ရုပ်တော်မှဘုရား ဆင်းတုတော်၏လက်တော်များ သူ့အလိုလို လှုပ်ရှားခဲ့ခြင်း ဖြစ်ပါသည် ဘုရား။ စမ်းကလေးနှင့် အနီးပတ်ဝန်းကျင်မှ အသက်အရွယ် ၇၀ ခန့် ရှိသူများ မျက်စိနှင့် ဖူးတွေ့ခဲ့ရသော ကိစ္စဖြစ်ပါသည်ဘုရား။

**အသိသက်သေများ**

(၁) ဦးသန်းလေး (စမ်းကလေးအရှေ့ရွာ)

(၂) ဦးကျော်မောင် (စမ်းကလေးအရှေ့ရွာ)

တို့အား တင်လျှောက်ထားပါသည်ဘုရား။

ပတ်ဝန်းကျင်မြို့များ ရွာများမှလည်း လာရောက်ဖူးမြော်ကြသူများ များစွာရှိ ခဲ့ပါသည်ဘုရား။ ဖဒိုမြို့မှလည်း ဘတ်စ်ကားတစ်စီးဖြင့် လာရောက် ဖူးမြော်ခဲ့ ကြသေးပါသည်ဘုရား။

ထို့အပြင် စမ်းကလေးဆရာတော်ဘုရားကြီးသည် ကမ္မဖလခန္ဓအဘိဓမ္မာတရားတော်မြတ်ကို၊ ဇာတိရွာ လက်ပံဘုကျေးရွာတွင် ရွာဦးညောင်ပင်၌ ဟောကြားရာ ၎င်းအချိန် (၁၃၃၇ ခုနှစ်) အချိန်၌ ညောင်ရွက်များကြွေကျခြင်း၊ တစ်ခြမ်းဝါ၍ တစ်ခြမ်းစိမ်းခြင်း၊ ပန်းများဖူးပွင့်ကြခြင်းတို့ ဖြစ်ကြကြောင်းကို ရှေ့မီနောက်မီ ပုဂ္ဂိုလ်များမှ ပြောပြခဲ့၍ သိရှိခဲ့ရပါသည်ဘုရား။ ယခု သက်တော် ထင်ရှားရှိနေသည့် ညောင်လေးပင်မြို့နယ်၊ ၎က်ပျောတောကျေးရွာ၊ ၎က်ပျောတောကျောင်း ဆရာတော်ဘုရားကြီးမှလည်း တွေ့မြင်သိရှိခဲ့ရပါသည်ဘုရား။ ရွာနီးချုပ်စပ်မှ ကျေးရွာသူ/ကျေးရွာသားများလည်း အမှန်တကယ် တွေ့ရှိသိမြင်ခဲ့ရကြောင်းပါဘုရား။

ယခု ရောင်ခြည်တော်ခြောက်သွယ်အပေါ် ကြည်ညိုသည်ထက် ကြည်ညိုဖူးတွေ့နိုင်ရန်နှင့် သဒ္ဓါထူးများ ဖြစ်ပေါ်စေရန် စေတနာမှန်ဖြင့် ပြောဆိုခြင်းဖြစ်ရာ သဒ္ဓါမှန် ကံမှန်၍သာ အနာဂတ်ဓမ္မသာသနာရိပ်သာကျောင်းကြီးသို့ ပရိသတ်များ ရောက်ရှိလာကြခြင်းသာ ဖြစ်သည်ဟုလျှောက်ထား အပ်ပါသည် ဘုရား။

http://www.dhammadownload.com



အမှတ်(၁၆)နိဂုံးလျှောက်ထားချက်ပါ
နှာ(၁၈၄)အချက်ပါဖြေကြားချက် (က/ခ/ဂ)ပါ ဖြေကြားချက်

သဘာပတိဆရာတော်ဘုရား

တပည့်တော်သည် ဖဒိုမြို့ တရုတ်အမျိုးသားများ၏ ဟုတ်လင်းဗုဒ္ဓ ဘာသာ ဘုရားကျောင်း၏ ဥက္ကဋ္ဌ တစ်ဦးဖြစ်ပါသည်။ တရုတ်ကျောင်းတွင် ဂေါပက (၇)ဦးဖြင့် ဖွဲ့စည်း၍ တရုတ်ကျောင်းကြီးကို ဆောက်လုပ်လျက်ရှိ နေပါသည်။

တပည့်တော်တို့ ဖဒိုမြို့ရှိ တရုတ်လူမျိုးတို့သည် မိမိတို့၏ ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုသာ ယုံကြည်ကိုးကွယ်နေကြသည့် ဗုဒ္ဓဘာသာ အမည်ခံ (မိရိုးဖလာဗုဒ္ဓဘာသာအဆင့်) သာရှိနေကြပါသေးသည်။ ဘုရား အစစ်၊ တရားအစစ်၊ သံဃာအစစ်တို့ကို ကိုးကွယ်အားထားတတ်ရန်နှင့် ဗုဒ္ဓ ဘာသာအပေါ် ယုံကြည်သဒ္ဓါတိုးပွားစေလိုသော ဆန္ဒတပည့်တော်မှာ ဥက္ကဋ္ဌ တစ်ဦးအနေဖြင့် တပည့်တော်သိသလို နားလည်သလို နားလည်သိစေချင်မိ ပါသည်ဘုရား။ သို့အတွက်ကြောင့် ၃၀-၈-၉၇ ရက်နေ့တွင် တရုတ်ဟုတ်လင်း ဗုဒ္ဓဘာသာဘုရားကျောင်း၌ ဦးအောင်ချိန်၊ ဦးအော်ကောက်၊ ဦးသိန်းလွင်၊ ဦးမွေစိန်၊ ဦးအမ်းပိန်၊ ဦးသိန်းနှင့် တပည့်တော်အပါအဝင် ဂေါပက လူကြီး ခုနစ်ယောက်တို့ဖြင့် အစည်းအဝေးကျင်းပကြရာ လူငယ်အဖွဲ့ ဝင် ဦးရဲမြင့်နှင့် လူငယ်တစ်ချို့ပါ တက်ရောက်ခဲ့ကြပါသည်ဘုရား။ (မှတ်ချက် - ဇဂေါပက ဦးအမ်းပိန်နှင့် လူငယ်ခေါင်းဆောင် ဦးရဲမြင့်တို့သည် ကျန်ဂေါပကအားလုံးတို့ အား အမျိုးမျိုးနှောင့်အယှက် ကန့်ကွက်မှုများ လုပ်ဆောင်ကြပါသည်။)

သဘာပတိဆရာတော်ဘုရား

တပည့်တော်သည် ကျောင်းကြီး၏ လုပ်ငန်းဆောင်တာအဝဝနှင့် ညောင်လေးပင်မြို့နေ အလှူ့ရှင်ဦးဝင်းမှ လှူဒါန်းသောမြတ်စွာဘုရားဆင်းတု တော်ကြီးအား စမ်းကလေးကျောင်းတွင် ရောက်ရှိနေသော ပန်းပုဆရာ တစ်ဦးဖြင့် ထုလုပ်ခိုင်းထားသော ရုပ်ထုတော်အား တင်ပြခြင်းပြု၍ မှတ်ချက်ပါ ဦးအမ်းပိန်၊ ဦးရဲမြင့်တို့မှ မပင့်ဆောင်ရန်ပြောပါသည်။ တပည့်တော်မှ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ဖြင့် ပြည့်စုံသော စမ်းကလေးဆရာတော် ဘုရားကျောင်းတော်တွင် ထုလုပ်သောဗုဒ္ဓဆင်းထုတော်ကြီးဖြစ်၍ (ဗုဒ္ဓဂါယာ

http://www.dhammadownload.com



မှပင့်ဆောင်လာသော ညောင်ရွက်များကဲ့သို့ ကြည်ညိုလာနိုင်ရန်) တစ်ကြောင်း ထူးကဲသော အချိန်အခါ၌ မိမိ၏လူမျိုးတို့၏ တရုတ်ကျောင်းနှင့် ဖဒိုနယ်၌ သာသနာထွန်းကားပြန့်ပွားရေးအတွက် ရည်သန်၍ ပင့်ဆောင်ရန် ပြောကြားခဲ့ပါသည်။ သံဃာတွင် သမုတိသံဃာ၊ ပရမတ္ထသံဃာဟူ၍ နှစ်မျိုးရှိကြရာ၊ နှစ်မျိုးစလုံးသည် သံဃာအဖြစ် ယုံကြည်ကိုးကွယ်ထိုက် မပြစ်မှားထိုက်ကြောင်း တပည့်တော် သိပါသည်ဘုရား။ အရိယာပုဂ္ဂိုလ်လေးမျိုးတို့တွင်လည်း ရဟန္တာပုဂ္ဂိုလ်မရှိက အောက်မဂ်ဆိုင်ရာ ပုဂ္ဂိုလ်အနိမ့်အမြင့်အရ ကိုးကွယ်ရပြီး အရိယာပုဂ္ဂိုလ်များမရှိပါက စာတတ်ပုဂ္ဂိုလ်သံဃာများအား အဆင့်ဆင့်ကိုးကွယ်ရမည်ကို သိရှိပြီးဖြစ်ပါသည်။ အရိယာပုဂ္ဂိုလ်ကို ကိုးကွယ်ဆည်းကပ်မိ၍လည်း ကျန်သံဃာများကို မပြစ်မှား၊ မစော်ကားထိုက်ကြောင်း နားလည်သိရှိပါသည်ဘုရား။

ယခုအချိန် စမ်းကလေးဆရာတော်ဘုရားကြီး၏ ခန္ဓာတော်တွင် ရောင်ခြည်တော်များ ဖူးတွေ့ရချိန်ဖြစ်၍ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်အား ကြည်ညိုနိုင်ရန်နှင့် သမုတိသံဃာများအနက်မှ ပရမတ္ထသံဃာတစ်ပါး ပေါ်ထွန်းနေပြီဖြစ်ကြောင်းကို တရုပ်လူမျိုးများ၊ အလွယ်ဆုံး၊ အရှင်းဆုံး နားလည်သိရှိနိုင်ရန် ကြည်ညိုနိုင်ရန် ပြောကြားခဲ့ခြင်းဖြစ်ပါသည်ဘုရား။ ထို့အပြင် စမ်းကလေးဆရာတော်ဘုရားကြီးသည် တရားနာယူရန် လာကြကုန်သော ဝေနေယျတို့ကို တရားနာနည်းနိသျှည်းအရ နာယူသော သောတာပန်ဧကန်ဖြစ်မည်ကို သိစေခြင်းငှာ တရုပ်အမျိုးသားများကို ပြောပြရာမှ ဆရာတော်ကြီးသည် စတုတ္ထပါရာဇိကကံကို ချိုးဖောက်၍ မပြောဘဲ အမှန်တကယ်ယုံကြည်သဒ္ဓါကြည်ညိုသဒ္ဓါတို့ဖြင့် တရားတော်အပေါ် နာယူပါက သောတာပန်ဧကန်ဖြစ်နိုင်ခြင်းကို ပြောလျှင် နားလည်မည်မထင်၍ နားလည်လွယ်သော ဥပမာဖြင့် ပြောဆိုရပါသည်ဘုရား။

ဆရာတော်ဘုရားကြီးမှ အာမခံဖြင့် ရဲရဲဟောကြားပေးနိုင်မှုအပေါ် တရားကိုနာယူနိုင်ရေးအတွက် သဒ္ဓါတရားဖက်ပြီး ရောက်ရှိနိုင်ရန် ရည်ရွယ်ခဲ့ပါသည်ဘုရား။

မဂ်တရား၊ ဖိုလ်တရားတို့ကို မိမိရရှိကြောင်း မပြောရဲကြသလို ဟောပေးနိုင်ကြောင်း ပို၍ပင် ခက်ခဲပါသည်ဘုရား။ ယခုဆရာတော်ဘုရားမှ

http://www.dhammadownload.com



တာဝန်ယူဟောပေးနေသည်ကို ကေန်ဟောနိုင်ကြောင်း အများကျေနပ်ဝမ်းသာမှု ဖြစ်စေရန် ပြောကြားခြင်းသာဖြစ်ကြောင်း လျှောက်ထားပါရစေဘုရား။

သဘာပတိဆရာတော်ကြီးဘုရား -

ဦးအမ်ပိန်၊ ဦးရဲမြင့်ဆိုသူတို့သည် ဘာသာရေးတွင် အားနည်းကြသူများဖြစ်သည့်အလျောက် တပည့်တော်၏ စေတနာ သဒ္ဓါအရ ပြောကြားချက်ကို ဂေါပကအဖွဲ့၏ စည်းမျဉ်းကို ချိုးဖောက်ပြီး ပြင်ပမှ သံဃာတော်များကို ချဉ်းကပ်ပြီး တပည့်တော်နှင့် တပည့်တော်၏ ဆရာတော်ဘုရား- တရားတို့ကို ချိုးဖြတ်စော်ကားနေပါသည်ဘုရား။ ၎င်းသံဃာတော်များမှလည်း ပုဂ္ဂိုလ်ရေးအရ အလွတ်သဘောတွေ့ဆုံရန် တောကျွဲအင်းရွာသို့ဖိတ်ခေါ်ခဲ့ရာ တပည့်တော်နှင့်အချို့သွားရောက်ခဲ့ပါသည်ဘုရား။ တောကျွဲအင်းဆရာတော်မှ မည်သည့်ကိစ္စရှိရှိ သီတင်းကျွတ်လဆုပ် (၈)ရက်နေ့အထိ စောင့်နေမည်ဟု စာဖြင့်ဖိတ်ခေါ်ခဲ့ရာ တပည့်တော်တို့ သီတင်းကျွတ်လဆုတ်(၆) ရက်နေ့တွင် သွားရောက်ခဲ့ပါသည်။

၎င်းဆရာတော်မှာခရီးလွန်နေပြီး ဝ၊ပည့်တော်တို့ နေ့လည် ၂-နာရီအထိစောင့်ပါသော်လည်း ပြန်မကြွလာသည့်အတွက် လွဲခဲ့ရပါသည် ဘုရား။

သက်သေများ-တောကျွဲအင်းရွာမှ ဦးဘသင်၊ ဒေါက်တာကြင်ဝင်း၊
ဦးကြင်လှ၊ ဦးတင်မြင့် (သမဦးစီး-အငြိမ်းစား)

ဒုတိယအကြိမ် တပည့်တော်တို့အား တွေ့ဆုံရန်နှင့် တောင်းပန်ရန်အကြောင်းကြားလာပါသည်ဘုရား။ တောင်းပန်ရန်အတွက် အမှားလုပ်ရန်မရှိဘူးဟု ယူဆထားပါသောကြောင့် မတောင်းပန်ခဲ့ပါဘုရား။

တတိယအကြိမ် တွေ့ဆုံရန် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် တပည့်တော်တို့ကို ဆင့်ခေါ်ခဲ့ပါသည်ဘုရား။ သံဃာဂိုဏ်းပေါင်းစုံမြို့နယ် သံဃာအဖွဲ့အနေဖြင့် ဖိတ်ခေါ်ခဲ့ပါသည်ဘုရား။

တပည့်တော်တို့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံသို့ ရောက်ရှိဆွေးနွေးခဲ့ပါသည်။ မြို့နယ်သံဃနာယက အစည်း

•http://www.dhammadownload.com



အဝေးအဖြစ်ဖိတ်ခေါ်သော်လည်း ဂိုဏ်းပေါင်းစုံသံဃာ့နာယက အစည်းအဝေးအဖြစ် ပြုလုပ်၍ သံဃာအများ စုဝေးရောက်ရှိလာကြပါသည် ဘုရား။

လူပုဂ္ဂိုလ်နှင့် သံဃာအများ အချင်းဖြစ်ရန် ဝန်လေးမိ၍ မ-ယ-က ဥက္ကဋ္ဌမှ တစ်ဆင့်လျှောက်ထားချက်များအား လျှောက်ခိုင်းရပါသည်ဘုရား။ (သက်သေ မ-ယ-က ဥက္ကဋ္ဌမှ ဦးမင်းလွင်-ကျောက်တံခါးမြို့နယ်)

သဘာပတိဆရာတော်ဘုရား-

တပည့်တော်တို့သည် ယခုအခါ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ထံ ရောက်ရှိတွေ့ကြုံရပါပြီဘုရား။ တပည့်တော်သည် ရတနာသုံးပါး အစစ်အမှန်ကို ဗုဒ္ဓအဆုံးအမများဖြင့်အညီ ကိုးကွယ်ဆည်းကပ်ခဲ့ပါသည်။

အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သွားပါမည်ဟု အဓိဋ္ဌာန်ပြုထားပြီးဖြစ်ပါသည်ဘုရား။ ကျေးဇူးရှင် စမ်းကလေးဆရာတော်ဘုရားကြီးရှေ့မှောက်ရောက်ရှိပြီး ပုဂ္ဂိုလ်ထူးမှန်းသိရှိခွင့်ရကာ ဆရာကိုကြည်ညိုခြင်း၊ သာသနာကို ကြည်ညိုခြင်း၊ မိမိသိသလို အများသိစေလိုသော ကုသိုလ်စိတ်များဖြင့်သာ ဆောင်ရွက်ခဲ့ပါသည်။ ဘုရားကိုလည်းကောင်း၊ တရားကိုလည်းကောင်း၊ သံဃာတော်များကိုလည်းကောင်း၊ ကာယကံ-ဝစီကံ-မနောကံများဖြင့် ပြစ်မှားခဲ့ဖူးခြင်း အလျဉ်းမရှိခဲ့ပါ။ နောင်လည်း မရှိနိုင်ပါ။ သို့ပါလျက် ယခုကဲ့သို့ ဆင်းရဲခြင်း ဖြစ်ပေါ်လာရသည်မှာ အတိတ်ကံဟောင်းကြောင့်ဟု နှလုံးသွင်းမိပါသည်ဘုရား။

(ကံပြုသူအသစ်၊ ကံဖြစ်သူအဟောင်း)မို့ တစ်သက်မှာတစ်ခါကြုံရတဲ့ ယခုကိစ္စကြီးကို ဘုရားရှင်ကိုယ်တော်မြတ်နှင့် နတ်ကောင်းနတ်မြတ်တို့ အမှန်အတိုင်း သိမြင်တော်မူနိုင်ကြပါစေဟု ဆုတောင်းရင်း လေးမြတ်သော ဂါရဝဖြင့် အဆုံးသတ်လျှောက်ထားပါသည် သဘာပတိဆရာတော်ကြီးနှင့် အမှတ် (၁၁) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။

-------------

http://www.dhammadownload.com



## အမှတ်(၁၆) နိဂုံးချုပ် လျှောက်ထား သောခနောချက်
## အပါယ်လေးပါးမှ လုံးဝကေန် လွတ်မြောက်စေနိုင်သော ဘုရားအလိုကျ မဂ်အကျိုးပြု ဣဒ္ဓဖလအကြောင်း လျှောက်ထားခြင်း

သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)၊ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား-

ဘုရားတပည့်တော်၏ အပါယ်လေးပါးမှ လွတ်မြောက်စေရန် ကေန် အကျိုးပြုနိုင်သော ဘုရားအလိုတော်ကျ သောတာပန် တစ်မဂ်ခရီးနှင့် ဓမ္မဝိနယခရီးစဉ် တူညီကြောင်း နိဂုံးချုပ်အနေဖြင့် လျှောက်ထား သောခနော အပ်ပါသည်ဘုရား။

ကြောင်းကျိုးစုံလင်စွာ အတိတ်-ပစ္စုပ္ပန် အမှန်သိ သမ္မာဒိဋ္ဌိမှ အနတ္တ သမ္မာဒိဋ္ဌိအထိ အကြောင်းဖြတ် အကျိုးဖြတ် မဂ်တို့၏ သဘာဝဖြစ် သော ဥပါဒါန်ပြတ်-ကံပြတ်တရားတော်ကို အများဝေနေယျ ချမ်းသာ စေလိုသော ဘုရား၏ အဆုံးအမကို နာခံလျက် "ငါ လွတ်မြောက်သလို အများ လွတ်မြောက်ရန်" ၊သူကျိုး ကိုယ်ကျိုး နှစ်ဖြာသော ဆရာဒါယကာ အညီ အညွတ်ဖြင့် တရားဟောပေး-တရားနာယူ၊ လူနတ်အများသာဓုခေါ်ရင်း မဂ်အကျိုးကို ရင်၌ဖြစ်သော သဒ္ဓါပီတိ၊ သဒ္ဓါဝီထိဇောတို့ဖြင့် အပါယ်လေးပါး မှ လုံးဝ ကေန် လွတ်မြောက်စေရန် ဘုရားစကား ဦးထိပ်ထားလျက် တပည့် တော်တို့၏ သာသနာပြုလုပ်ငန်းကို ပြည့်စုံစွာ ဆောင်ရွက်မှုများကို တင်ပြ လျှောက်ထား သောခနောပြီး ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် အဆူဆူသော ဘုရားရှင်တို့၏ အလိုကျ လောကုတ္တရာ ကုသိုလ်။ တစ်မဂ်-တစ်ဖိုလ်ခရီးသည် သာသနာနောက်ပိုင်း ဝိပတ္တိကာလနှင့် အညီ လျှင်မြန်သောအသိ (ဝိဇ္ဇာ)၊ လွယ်ကူသောအကျင့် (စရဏ)ဖြင့် မြင် နိဗ္ဗာန်တိုင် ခရီးပေါက်အောင် ရွက်ဆောင်နိုင်သော အနာဂတ် ဓမ္မသာသနာပြု လုပ်ငန်းကြီးသည် အဆင့်ဆင့် လက်ဆင့်ကမ်း၍ မပျောက်မပျက် အစွန့်ရှည် ကြာစွာ တည်တံ့-ထွန်းကား-ပြန့်ပွားနေမည် ကေန်ဖြစ်ပါသည် အရှင်ဘုရား။

ခန္ဓာအရှိ ဉာဏ်အသိဖြင့် ကိုယ်တိုင်ကိုယ်ကျ သန္ဒိဋ္ဌိကဖြစ်ခဲ့ကြသော တပည့် ဒါယကာ တစ်ဦးမှသည် တစ်ရာအထိလည်းကောင်း၊ တစ်နိုင်ငံမှသည် ကမ္ဘာတစ်ဝှန်းတိုင်အောင် တရား၏စစ်မှန်သော ဧဟိပဿိက ဂုဏ်တော်

http://www.dhammadownload.com



စွမ်းဖြင့် တည်တံ့-ထွန်းကား-ပြန့်ပွားနေခြင်းသာ ဖြစ်ပါသည်ဘုရား။ မည်သူ တစ်ဦး တစ်ယောက်ကိုသော်မျှ စည်းရုံးခြင်း၊ ဝါဒဖြန့်ခြင်း၊ ဓမ္မသာကစ္ဆာ အဖွဲ့များ ဖွဲ့၍ ဆောင်ရွက်ခိုင်းခြင်းများ မရှိခဲ့ပါဘုရား။

ထို့ကြောင့် ရပ်ဝေးရပ်နီး ဒေသအသီးသီးမှ ယောဂီကံမျိုးသူတော်ကောင်းတို့သည် တစ်ဦးအဖွဲ့မှသည် ကားကြီးကားငယ် အသွယ်သွယ်ဖြင့် လပြည့်လကွယ် သီတင်းနေ့တိုင်း၊ တရားတော်နာယူရန် ရောက်ရှိလာကြခြင်းသာ ဖြစ်ပါသည်အရှင်ဘုရား။

သဒ္ဓါပီတိ-သဒ္ဓါဝီထိ-မဂ်ဝီထိဖြင့် သုံးမျိုးခွဲခြား ဆုံးဖြတ်ပေးခဲ့သော် လည်း အဓိက အရင်းကျသော အကျိုးဖြစ်သည့် ငရဲမီးငြိမ်းခြင်း၊ ဧကန် အပါယ် ဇာတ်သိမ်းစေခြင်းသည်သာ လိုရင်းဖြစ်သောကြောင့်-

(၁) မဂ်အကျိုးခံပုဂ္ဂိုလ်များသည် ကံသေးကံမွှားမှအစ ကံကြီးများအထိ အမြဲမပြတ် ကံပြတ်-ဗုဒ္ဓါနုဿတိ မေတ္တာဘာဝနာကို နှလုံးသွင်း ဆင်ခြင်ပွားများနေနိုင်သူများ တိုးပွားလာခြင်း၊

(၂) မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာ(ဗြဟ္မစိုရ်တရားလေးပါး)ဖြင့် မိမိကိုယ်ကို စောင့်ရှောက်လာနိုင်ခြင်းသာမက မိမိ ပတ်ဝန်းကျင်(ကမ္ဘာအနှံ့) ကိုပါ စောင့်ရှောက်ကာ သမ္မတ္တိလောကကြီး ဖြစ်လာနိုင်ခြင်း၊

(၃) သောတာပန်ဟူသည် လောကုတ္တရာကုသိုလ်၏ ဣဋ္ဌဖလ အစွမ်းအားကြောင့် မယဉ်ကျေးသူကို ယဉ်ကျေးစေခြင်း လိမ္မာစေခြင်းဖြင့် လောကတွင် ပညာရှိသူတော်ကောင်း များ (တော်လည်းတော်၊ ကောင်းလည်းကောင်း) များပြားလာနိုင်ခြင်း၊

(၄) ဤလောက၌ လိမ္မာသူကို သရုပ်ခွဲခြင်းထက် အဟုတ်မြဲ သော မဂ်အကျိုးခံပုဂ္ဂိုလ်များသည်-

(က) သူ၏ဗီဇ၌ မမိုက်ချင်၍ လိမ္မာသူ၊
(ခ) ကောင်းကျိုးကို မျှော်ကိုး၍ လိမ္မာသူ၊
(ဂ) ဆိုးသောအပြစ်ကိုကြောက်၍ လိမ္မာသူ၊

http://www.dhammadownload.com



ထိုသုံးမျိုးတို့တွင် တစ်စုတစ်စည်းတည်း ပါဝင်လာနိုင်သော အကျိုးတရားမှာ မဂ်ကျိုး ဖိုလ်ကျိုးသာဖြစ်ပါသည် ဘုရား။

(၅) အဆုံးအမတို့ ခြုံငုံပါဝင်နိုင်သော စကားဖြင့် မလုပ်သင့်သည်ကို မလုပ်ဘဲ၊ လုပ်သင့်သည်ကို လုပ်ကြခြင်းဖြင့် မဖြစ်သင့်သောအပြစ်များ မလွန်ကျူးနိုင်ရန် ကံကို ဉာဏ်ဖြင့်ထိန်းကွပ်စောင့်ရှောက် ကာကွယ်နိုင်ခြင်းဖြင့် အရှက်ကြောက်၊ ဟိရိ-သြတ္တပ္ပတရားနှစ်ပါး ပြည့်စုံလာနိုင်ကြပါသည်။

မသူတော်တရားတို့၏အကျိုးကား ဒေါမနဿသာလျှင် ဖြစ်စေ၏။ သူတော်တရားတို့၏ အကျိုးကား သောမနဿသာလျှင် ဖြစ်စေနိုင်သောကြောင့် ဒုစရိုက်ကိုရှောင်၊ သုစရိုက်ကိုဆောင်မည့် သူတော်ကောင်းတရား (၇)ပါးနှင့်ပြည့်စုံလာနိုင်ကြမည် ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ယုံကြည်ပါစေ၊ တရားနှင့်တွေ့ နာယူနိုင်ပါစေ၊ ထိုနှစ်ချက်နှင့် ပြည့်စုံသူတိုင်းကို အပါယ်သံသရာမှ လုံး၀ လွတ်မြောက်ပြီးသူများ၏ အားထုတ်ရာဖြစ်သော သီလအစ-သမာဓိအလယ်-ပညာအဆုံး (သီလပြည့်စုံစေခြင်းဖြင့် သမာဓိထူထောင်၍ ပညာမဂ္ဂင်ဖြစ်သော မှန်စွာတွေးကြံ၊ အမှန်မြင်သိ ခန္ဓာအရှိအပေါ် ဉာဏ်အသိဖြင့် ကျင့်ကြံအားထုတ်မှုတည်းဟူသော ပညာအကျိုး)ကို အဆင့်ဆင့် တက်လှမ်း၍ ငြိမ်းချမ်းသာ၊ အေးချမ်းသာ၊ တဏှာချုပ်၍ ချမ်းသာခြင်း စသည်များဖြင့် ပြည့်စုံသော သာသနာပြု အမျိုးကောင်းသား-အမျိုးကောင်းသမီးများ ဖြစ်လာနိုင်ကြတော့မည်ဖြစ်ကြောင်း တင်ပြလျှောက်ထားပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် ဘုရားတပည့်တော် လျှောက်ထား သောစနော်ပြုလိုသည်မှာ သီလအစ-သဒ္ဓါအလယ်-ပညာအဆုံး ခရီးလမ်းဖြင့် သောတာပန်အစစ် ဖြစ်နိုင်ကြောင်း မြတ်စွာဘုရားရှင်၏ ဒေသနာစဉ်၌လည်း ပုဂ္ဂလ ပညတ်ပါဠိတော်လာ ကျမ်းကိုးများဖြင့် သဒ္ဓါနုသာရီသောတာပန်၊ ဓမ္မာနုသာရီသောတာပန်ဟူ၍ နှစ်မျိုးနှစ်စားရှိကြောင်းကို ကိုးကားပြဆို လျှောက်ထားပြီးဖြစ်ပါသည်။ ကျင့်ကြံအားထုတ်၍ ရအပ်သော သောတာပန် (ဓမ္မာနုသာရီသောတာပန်)ရှိသလို၊ တရားအပေါ် ယုံကြည်လေးမြတ်သောကြောင့် ရအပ်သော (သဒ္ဓါနုသာရီသောတာပန်)တို့ဟူသည် မည်သည့်အခါမှ အပါယ်သို့ ကျေန် မလားရောက်နိုင်သော မဟာသောတာပန်များအဖြစ် ဓမ္မဝိနယအရ

http://www.dhammadownload.com



ရဲရဲဝံ့ဝံ့ အာမခံ၍ ဟောပေးရခြင်းဖြစ်ပါသည် သဘာပတိ ဆရာတော်ကြီးနှင့် အမှတ်(၁၁)၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား. . .။

ဆက်ကပ်အပ်ပါသည်ဘုရား
သဘာပတိဆရာတော်
အမှတ် (၁၁) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ
အပရဂေါယာနကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

နေ့စွဲ၊ ၂၈-၁-၉၈

အကြောင်းအရာ။ ။ စောဒနာမှုများအပေါ်(ဓမ္မ+ဝိနယ) နှင့်အညီ လျှောက်ထားတင်ပြခြင်း

အထက်ပါကိစ္စနှင့်ပတ်သက်၍ ဘုရားအလိုတော်ကျ ဓမ္မ+ဝိနယနှင့် လျော်ညီစွာ ဘုရားအဆူဆူတို့၏ ဆုံးမခဲ့သော ဩဝါဒ ပါတိမောက်ပါ (သဗ္ဗ ပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊ သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ)ဟူသော ပထမ အဆုံးအမ အားလျော်စွာ မြတ်စွာဘုရားရှင်၏ တပည့်သား သံဃာ့ဂုဏ်ရည်များနှင့်တကွ အကြည်ညိုခံ ရဟန်းသာမဏေ တို့အတွက် ဝစီလွန်ကျူးမှုဖြစ်သော (ကြမ်းတမ်းသော၊ ရုန့်ရင်းသိမ်ဖျင်းသော) စကားများ မလွန်ကျူးရန် (ဓမ္မဝိနယ)ဖြင့် ဆုံးမခဲ့ပါသည်။

ထို့ပြင် သာသနာ့ဦးသျှောင် ဝိနည်းဓိုရ် ဆရာတော်များ၏ ဝိနိစ္ဆယ လုပ်ထုံးပါ စောဒကပုဂ္ဂိုလ်များ ပြည့်စုံရမည့် စည်းကမ်း(၅)ချက်နှင့်လည်း မည်သို့ ညီညွတ်ကြောင်းကို တပည့်တော်များအနေဖြင့် မဆုံးဖြတ်နိုင်ပါ ဘုရား။ တပည့်တော်များ ပြန်လည်လျှောက်ထား သောနောပြုရာ၌ ယင်းတို့ ကဲ့သို့ ပြန်လည်သုံးနှုန်းရန် မဝံ့ရဲသည် ဖြစ်ပါ၍ ကိုယ်တိုင်နားဖြင့် ကြားရမည် ကိုလည်း မြတ်စွာဘုရားရှင်အား ရှက်နိုးသဖြင့် (ဟီရိဩတ္တပ္ပ)ကြောင့်ကြမိ ပါသည် အရှင်ဘုရား။

သို့ပါ၍ သံဃာ့ထိပ်ခေါင် အလေးဂရုပြုအပ်သော သဘာပတိ ဆရာ တော်ကြီးနှင့်တကွ အမှတ်(၁၁)နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီး

http://www.dhammadownload.com



များမှ ဘုရားတပည့်တော်များ မည်သို့ နှလုံးသွင်းဆင်ခြင်ရမည်ကို ပူးတွဲ စာဒနာလွှာပါ ကောက်နုတ်ချက်များအရ သုံးသပ်ဆုံးဖြတ်ပေးပါမည့် အကြောင်း လေးမြတ်ရိုကျိုးစွာ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

(ဦးနန္ဒောဘာသ)
အနာဂတ်ဓမ္မသာသနာ့ရိပ်သာကျောင်း
စမ်းကလေးအရှေ့ကျေးရွာ
ညောင်လေးပင်မြို့နယ်။

-----------

စမ်းကလေး သောတာပန်(အတု)၊ ရောင်ခြည်တော် (အတု)
မိစ္ဆာဝါဒ-အဓမ္မဝါဒ စာဒနာလွှာတွင်

၁။ သာသနာဖျက်ပုဂ္ဂိုလ်ကြီး ဟူ၍လည်းကောင်း၊ စာမျက်နှာ (၂၅) စာကြောင်းရေ (၂၆)

၂။ မိလ္လာနှာ သူဌေးကြီးဟူ၍လည်းကောင်း၊ စာမျက်နှာ (၅၁) စာကြောင်းရေ (၉)

၃။ သားရေပေါ် အိပ်သားရေနားကို ကိုက်စားသော သတ္တဝါဟူ၍လည်းကောင်း၊ စာမျက်နှာ (၅၂) စာကြောင်းရေ (၁၆)

၄။ အဓမ္မဝါဒအဖြစ်ဖြင့် သေလေပြီးသော ကျောက်သဘော်ဝါဒကို သူရဲ့လမ်းတိုဝါဒဖြင့် ဖုတ်သက်သွင်းခြင်း ဟူ၍ လည်းကောင်း၊ စာမျက်နှာ (၅၄) စာကြောင်းရေ (၁၀)

၅။ သူခိုးက လူ-လူဟာစ်၊ ခွေးသေကို ဆင်ရေနဲ့ဖုံး၊ ခွေးသေကြီးက ပုပ်လွန်းနေလို့ဖုံးလို့မလုံ သူရဲ့ လမ်းတို အဓမ္မဝါဒ ပုပ်စော်နံကြီးဟာ အနံ့ မခံနိုင်အောင် နံစော်နေပါပြီ ဟူ၍လည်းကောင်း၊ စာမျက်နှာ (၅၅) စာကြောင်းရေ (၁၃၆)

၆။ အရိပ်ခို၍ အခက်ချိုးသော ကျေးဇူးကန်းသူကဲ့သို့ ဟူ၍လည်းကောင်း၊ စာမျက်နှာ (၅၉) စာကြောင်းရေ (၆)

http://www.dhammadownload.com



| | | |
|---|---|---|
| ၇။ | ဆေးညာရောင်းသော လူလိမ်လူညာကဲ့သို့ ဟူ၍လည်းကောင်း၊ | စာမျက်နှာ (၆၈) စာကြောင်းရေ (၄) |
| ၈။ | တာဝန်ယူသလေး ဘာလေး ညာသံပေး၍ ဗရုတ်သုက္ခ ပေါက်ကရစကား တောပြော-တောင်ပြော ပြောနေခြင်းဟူ၍လည်းကောင်း၊ | စာမျက်နှာ (၈၀) စာကြောင်းရေ (၉) |
| ၉။ | လမ်းသရဲ သီချင်းဆိုသမားလို ဟောချင်ရာဟော ပြောချင်ရာပြော အော်ချင်ရာအော် ဟစ်ချင်ရာဟူ၍လည်းကောင်း၊ | စာမျက်နှာ (၈၀) စာကြောင်းရေ (၁၆) |
| ၁၀။ | ဣန္ဒြေသိက္ခာ မရှိလို့ လမ်းတိုဆရာကြီးက ခဏ-ခဏ ဘရိတ်အုပ်ရတာတွေ မငြိမ်မသက် တရုန်းရုန်းဖြစ်လို့ ဟိန်းရဟောက်ရတာတွေက ဟူ၍လည်းကောင်း၊ | စာမျက်နှာ (၈၉) စာကြောင်းရေ (၂၃) |
| ၁၁။ | ဝ-မရှိဘဲ ဝိလုပ်ပေးနေခြင်းကြောင့် ဆရာက ညာပြီး နှုတ်ကပေး၊ တပည့်တို့က လိမ်ပြီး စိတ်ဖြင့်ယူသည့် ဆရာညာ တပည့်လိမ်တို့၏ ဟူ၍လည်းကောင်း၊ | စာမျက်နှာ (၉၉) စာကြောင်းရေ (၄) |
| ၁၂။ | ပါပိစ္ဆာတိမ်သလာဖုံး အမြင်မှုန် ဉာဏ်မျက်လုံး ကန်းလွှန်းလှသူ ဟူ၍လည်းကောင်း | စာမျက်နှာ (၁၀၁) စာကြောင်းရေ (၉) |
| ၁၃။ | အမဲရိုးက ဟင်းအိုးမှအားမနာ ခြသေ့်ဆီတို့ မည်သည်မှာ သိင်္ဂီရွှေခွက်၌သာ တည်နိုင်၍ သူတောင်းစားတို့၏ အစုတ်ပလုပ်၌ မတည် နိုင်ပါဘုရားဟူ၍လည်းကောင်း၊ | စာကြောင်းရေ (၆) စာမျက်နှာ (၇) |
| ၁၄။ | (ဖုံးသမျှ-ကုန်းမှပေါ်လောပေါ်ကာ) ဘုန်းကြီးလိမ် ဘုန်းကြီးညာကြီးဟူ၍လည်းကောင်း | စာမျက်နှာ (၁၁၄) စာကြောင်းရေ (၁၇) |
| ၁၅။ | ဘုရားရှင်၏ တရားတော်ကို အလွဲသုံးစားလုပ် နေသော ရဟန်းလိမ် လူလိမ်တို့ဟုလည်း ကောင်း၊ တရားသူခိုးတို့ဟူ၍လည်းကောင်း၊ | စာမျက်နှာ (၁၁၅) စာကြောင်းရေ (၈) |

http://www.dhammadownload.com



၁၆။ သံဃာတော်အား စော်ကားမော်ကား ပြုမူမျိုး လောက်တော့ (နွားသတ်သမား-ငါးသတ်သမားကဲ့သို့) ဟူ၍လည်းကောင်း၊ — စာမျက်နှာ (၁၁၅) စာကြောင်းရေ (၂၄)

၁၇။ ဗုဒ္ဓဘုရားရှင်တော်မြတ်ကြီး၏ အဖိုးထိုက်တန်လှသော ဓမ္မရတနာကို ကမ္မဖလ ခန္ဓအဘိဓမ္မာ လူမစင် နွားချေးတို့ဖြင့် သုတ်လိမ်းခြင်း ဟူ၍လည်းကောင်း၊ — စာမျက်နှာ (၁၁၆) စာကြောင်းရေ(၂၂)

၁၈။ သချိုင်းကုန်းလည်း နန်းတော်ဖြစ်မလာ၊ သူတောင်းစားသာဖြစ်၍ ဟူ၍လည်းကောင်း၊ — စာမျက်နှာ (၁၁၆) စာကြောင်းရေ (၁၇)

၁၉။ ဝိသမလောဘအကြီးစားဖြင့် လိမ်၍ညာ၍ လှည့်ပတ်၍ ရိုက်စားညာစား ပြုလုပ်နေကြသော ဘုန်းကြီးလိမ် ဘုန်းကြီးညာ လူလိမ် လူညာ ဟူ၍လည်းကောင်း၊ — စာမျက်နှာ (၁၆၅) စာကြောင်းရေ (၁၂)

၂၀။ လူဆိုး သူခိုးနှင့်ထူကြောင်း ဟူ၍လည်းကောင်း၊ — စာမျက်နှာ (၁၆၉) စာကြောင်းရေ (၁၃)

၂၁။ ဘုန်းကြီးဆိုး၊ ဘုန်းကြီးသူခိုးဟူ၍လည်းကောင်း၊ — စာမျက်နှာ (၁၇၀) စာကြောင်းရေ (၁၂)

၂၂။ သင်္ကန်းကိုချွတ်၊ အကျီကုတ်ပြ၊ သပိတ်ကိုစွန့်ထားခဲ့၊ ခွက်အစုတ်တစ်လုံးကိုပိုက်၊ ခေါင်းငိုက်စိုက် ပုံအသွင်ဖြင့် အိမ်စဉ် လှည့်သွား၊ သူတောင်းစားလုပ်၊ ခပ်ကုတ်ကုတ် အသက်မွေးသင့်သည်ဟူ၍လည်းကောင်း၊ — စာမျက်နှာ (၁၇၅) စာကြောင်းရေ (၁၂)

---------------

http://www.dhammadownload.com



ဆက်ကပ်ပါသည်ဘုရား
သဘာပတိဆရာတော်
အမှတ်(၁၁) နိုင်ငံတော်သီးခြားဝိနည်းမိုရ်ဆရာတော်ကြီးများ
အပရဂေါယာနကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့၊

နေ့စွဲ၊ ၂၈-၁-၉၈

**သဘာပတိဆရာတော်ကြီးနှင့် အမှတ်(၁၁)နိုင်ငံတော် သီးခြား ဝိနည်းမိုရ် ဆရာတော်ကြီးများဘုရား-**

ဘုရားတပည့်တော်သည် ဘုရားအဆုံးအမနှင့် ဘုရားအလိုကျ ဖြစ်သော ဘုရားအမျိုးဟုဆိုအပ်သော သာသနာနောက်ပိုင်း သာဝက ဝေနေယျများကို သဒ္ဓါရှေ့ရှု၍ တရားပွဲသို့ရောက်လာပါက သံသရာမှ လွတ်မြောက်ခြင်းကိုသာ အဓိကတာဝန်ထားလျှက် တရားဟောပေး ခြင်းကို ဆောင်ရွက်နေပါသည် အရှင်ဘုရား၊ တပည့်တော်၏ တရားဖြင့် ထောက်ပံ့ခြင်းအပေါ် ပစ္စယာနုဂ္ဂဟဖြင့် လှူဒါန်းလာသော ဝတ္ထုငွေများ ကိုပင် ဘုရားအဆုံးအမနှင့်အညီ အလုံးစုံ လက်မခံဘဲ သုံးဖို့တစ်ဖို့သာ လက်ခံခဲ့ပါသည်ဘုရား။

ကျောင်းအဆောက်အဦများကိုလည်း တပည့်ဒါယကာများ၏ ညီညွတ်မှုအရသာ ဆောင်ရွက်စေပြီး ဘုရားတပည့်တော်နှင့် မည်သို့မျှ ပတ်သက်မှု မရှိစေပဲ တရားကိစ္စတစ်ခုတည်းကိုသာ ကျင့်ကြံကျိုးကုတ် အားထုတ် ဆောင်ရွက်နေခဲ့ပါသည်။

သို့အတွက် စာစောင်များမှ နိဗ္ဗာန်လမ်းညွှန်အဖြစ် ရေးသားပေးရန် တောင်းဆိုခြင်း ပူဇော်ရန်ပုံတော်များ တရားတိပ်ခွေများဖြန့်ချိရန် ကြော်ငြာ ထားတောင်းပန်ခြင်းနှင့် ဗီဒီယိုရိုက်ကူးခွင့်ကိုပင် ဂုဏ်ဖြစ်မည်စိုး၍လည်း ကောင်း လာဘ်လာဘကို ရှေးရှုခြင်းများ မဖြစ်ရန် ခွင့်ပြုချက်မပေးပဲ အထူး မေတ္တာရပ်ခံခဲ့ပါသည် အရှင်ဘုရား။

ဤသို့ မေတ္တာရပ်ခံခြင်းမှာ သဒ္ဓါမှ လွဲရှောင်စေနိုင်သော လောဘဂုဏ် ဖြစ်လာပါက မဂ်သို့ ဦးမတည်နိုင်ပါ၊ သဒ္ဓါဇောစစ်စစ်ဖြစ်မှသာ မဂ်ဇော မဂ်စိတ် သို့ အကျိုးပြုနိုင်သောကြောင့် ဖြစ်ပါသည် အရှင်ဘုရား။

http://www.dhammadownload.com



အနာဂတ် ဓမ္မသာသနာတော်မြတ်ကြီးအား သံဃာအများစု၏ကိုယ်စား ဘုရားအဆုံးအမအရ ဆောင်ရွက်ရာမှ တရားပေါ် သန္နိဋ္ဌာကဖြစ်၍ ကိုယ်တိုင် ခံစားသိမြင်သွားရသော တပည့်ဒါယကာ များမှ ပေးလှူသော ဆွမ်း၊ သင်္ကန်း စသည်များကိုလည်း ဘုရားသာသနာတော်မြတ်ကြီး အဓွန့်ရှည်တည်တံ့စေ ရန် သည်ပိုးထမ်းရွက်နေသော သံဃာတော်များအတွက် အလေးဂရုပြုသော အားဖြင့် လက်လှမ်းမီရာ တောရကြီးစာသင်တိုက် (ညောင်လေးပင်)၊ ငှက် ပျောတောစာသင်တိုက် (ညောင်လေးပင်)နှင့် တကွ ကြွရောက်လာသော အာဂန္တုသံဃာတော်များအား ရဟန်းဆောင်ပရိက္ခရာများအား စွန့်လွှတ် မှုဝေလျက်ရှိပါသည်ဘုရား။ နိုင်ငံတော် သာသနာရေးဌာနသို့ နှစ်ကြိမ် တိုင်တိုင် ပရိက္ခရာပစ္စည်းများ လှူဒါန်းခဲ့ပါကြောင်းကို (ပူးတွဲဂုဏ်ပြုလွှာ နှစ်စောင်) အထောက်အထားပြုလျက် တင်ပြလျှောက်ထားအပ်ပါသည် အရှင်သူမြတ်ကြီးတို့ဘုရား။

(ဦးနန္ဒောဘာသ)
**အနာဂတ်ဓမ္မသာသနာ့ရိပ်သာကျောင်း**
**စမ်းကလေး အရှေ့ကျေးရွာ**
**ညောင်လေးပင်မြို့နယ်။**

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

# သာသနာပြုအလှူတော်မင်္ဂလာ
# မှတ်တမ်းတင် ဂုဏ်ပြုလွှာ

အမှတ်စဉ် ၁

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ပြည်တွင်း ပြည်ပ သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အပံ့ ဖြစ်စေရန်အတွက် စမ်းကလေး အနာဂတ် ဓမ္မသာသနာရိပ်သာကျောင်း အကျိုးဆောင် ဂေါပကအဖွဲ့ မိသားစုတို့၏ အလှူတော် ငွေကျပ် ဘီနပ် ၁၀၀၊ ယပ် ၁၅၀၊ နှင့် သက်န်းဒွိစုံ (၉၀၀)၊ ထီး (၁၀၀)လက် အလှူပစ္စည်းများကို သာသနာပြုစိတ်ဓာတ် ပြည့်ဝစွာ လှူဒါန်းသဖြင့် ဤ "သာသနာပြု အလှူတော်မင်္ဂလာ မှတ်တမ်းတင် ဂုဏ်ပြုလွှာ" ကို ဂုဏ်ပြုအပ်နှင်းပါသည်။ ပထမအကြိမ် (၁၉. ၉. ၉၆) နေ့၌ လှူဒါန်းသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်

ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီ လ၊ ၁၂ ရက်

.....................

စမ်းကလေး (၂၆)

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

# သာသနာပြုအလှူတော်မင်္ဂလာ
# မှတ်တမ်းတင် ဂုဏ်ပြုလွှာ

အမှတ်စဉ် ၂

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ပြည်တွင်း ပြည်ပ သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထောက်အပံ့ဖြစ်စေရန် အတွက် စမ်းကလေး အနာဂတ် ဓမ္မသာသနာ့ရိပ်သာကျောင်း အကျိုးဆောင် ဂေါပကအဖွဲ့ စီဝိုင်စီသက်န်း (၅၂၅) စုံ၊ ပေါ်ပလင်ယပ် နှင့် သက်န်း (၄၇၅) စုံ၊ ထီး (၁၀၀)စုံ၊ ဘိနပ် (၁၀၀) အလှူပစ္စည်း များကို သာသနာပြုစိတ်ဓာတ် ပြည့်ဝစွာ လှူဒါန်းသဖြင့် ဤ "သာသနာပြု အလှူတော်မင်္ဂလာ မှတ်တမ်းတင် ဂုဏ်ပြုလွှာ" ကို ဂုဏ်ပြုအပ်နှင်းပါသည်။

ဒုတိယအကြိမ် (၂၀. ၇. ၉၇) နေ့၌ လှူဒါန်းသည်။

ခေတ္တ- ညွှန်ကြားရေးမှူးချုပ်
ရက်စွဲ၊ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၂ ရက်

http://www.dhammadownload.com

# ဩဝါဒမေတ္တာရပ်ခံချက်

နေ့စွဲ- ၁၆ - ၁ - ၉၈

ရပ်ဝေး ရပ်နီး အသီးသီးမှ ရဟန်းရှင်လူ သူတော်ကောင်းအပေါင်း တို့အား ဩဝါဒစကား မှာကြားလိုက်ပါသည်။

၁။ ရန်ကုန်သို့ တရားကိစ္စအလို့ငှာ ကြွရောက်သည့်အချိန်အခါ၌ ခန္ဓာမမျှတမှုကြောင့် တရားနာယူခြင်းမှ သီးခံ၍ ပုဂ္ဂလသပွါယဖြင့် ကျေးဇူးတုံ့ဆပ် ပူဇော်ပေးကြပါရန်။

၂။ ခန္ဓာအပေါ်ကြည်ညိုခြင်းမှ မိမိရရှိထားသော တရားအပေါ်ဆင်ခြင်၍ လူစုလူဝေးနှင့် ကင်းလျက် ကာယဝစီ လုံခြုံစွာ သီလစောင့်ထိန်းကြရန် သစ္စာသမ္ပယုတ်ဖြင့် ဩဒိဿမေတ္တာ ဩဝါဒစကား မှာကြားလိုက် ပါသည် သူတော်ကောင်း ဒါယကာ ဒါယိကာမ အပေါင်းတို့ . . . ။

(ဦးနန္ဒာဘာသ)
အနာဂတ်မွေသာသနာ
စမ်းကလေးအရှေ့ကျောင်း
ညောင်လေးပင်မြို့နယ်

http://www.dhammadownload.com

# မေတ္တာရပ်ခံချက်

ရက်စွဲ။ ၁၇ . ၁. ၉၈

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒ မေတ္တာရပ်ခံချက်အရ ကံမျိုးအပေါင်း သူတော်ကောင်း တို့မှ ဆရာတော်ဘုရားကြီး တရားကိစ္စအတွက် ရန်ကုန်သို့ အခါအားလျော်စွာ ကြွရောက်ရာတွင်. . .

၁။ လူစုလူဝေးဖြင့် စုဝေး ရောက်ရှိခြင်း။

၂။ အေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေနိုင်သည့် အပြုအမူများ ဖြစ်ပေါ်စေခြင်း။

စသည်များ မပြုလုပ်ကြပါရန်နှင့် ဩဝါဒအတိုင်း တသွေမတိမ်း တိတိကျကျ လိုက်နာပေးကြပါရန် အထူး မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ
ဂေါပကအဖွဲ့
အနာဂတ်မေ့သာသနာရိပ်သာကျောင်း
စမ်းကလေးအရှေ့ကျေးရွာ

http://www.dhammadownload.com



နေ့စွဲ၊ ၂၃ - ၁ - ၉၈
၁၃၅၉ -ခု၊ ပြာသိုလဆုတ် ၁၁ -ရက်။

သဘာပတိဆရာတော်ကြီးဘုရား--

ဂရုဂါရဝဖြင့် ရိုသေလေးစားစွာ လျှောက်ထားအပ်ပါသည်ဘုရား။ သက်တော် (၇၅)နှစ်ရှိသော စမ်းကလေး ဆရာတော်ဘုရားကြီး ဦးနန္ဒောဘာသသည် နာတာရှည်ကျောက်ကပ်ရောဂါသည် တစ်ပါးဖြစ်ပါသည်ဘုရား။ ဦးနန္ဒောဘာသ၏ ကျန်းမာရေးကို ဘုရားတပည့်တော်သည် ၁၉၉၄-ခုနှစ်မှ စ၍ ကြည့်ရှုစောင့်ကုသခွင့်ရခဲ့ပါသည်ဘုရား။ ကျောက်ကပ်ရောဂါဖြစ်သည်မှာ (၄) နှစ်ခန့်ရှိပါသည်ဘုရား။ ဘုရားတပည့်တော် စမ်းသပ်ကြည့်ရှုစစ်ဆေးသည့်အချိန်တွင် ကျောက်ကပ်ရောဂါနှင့် သွေးတိုးရောဂါများကို ခံစားနေရကြောင်း တွေ့ရှိရပါသည်ဘုရား။ ထို့အတွက် လိုအပ်သည့် ကုသမှု၊ စစ်ဆေးမှုများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ဆရာတော်ဘုရားအား အနီးကပ်စောင့်ရှောက်၊ ကြည့်ရှုနေသော ဒိုက်ဦးမြို့မှ ဒေါက်တာ ဦးအေးကျော်အား ညွှန်ကြားခဲ့ပါသည်ဘုရား။ ၁၉၉၄-ခုနှစ်၊ ဩဂုတ်လတွင် တပည့်တော်၏ အကြံပြုချက်အရ ရန်ကုန်မြို့ရှိ ကျောက်ကပ်ရောဂါ အထူးကု ဆေးရုံကြီးတွင် တစ်ပတ်ခန့် တက်ရောက် ကုသခံယူခဲ့ပါသည်ဘုရား။ ၁၉၉၆-ခုနှစ်တွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် သွေးစစ်အဖြေလွှာများအရ ကျောက်ကပ်သွေးဆိပ်ဖြေရန် **(Hemo Dialysis)** ဆရာဝန်ကြီးများမှ အကြံ ပြုခဲ့ပါသည်။ သို့ပါသော်လည်း အခြေအနေမပေးသည့်အတွက် ပြုလုပ်နိုင်ခဲ့ခြင်းမရှိသည်ကို သိရှိခဲ့ရပါသည်။ ၁၉၉၇-ခုနှစ်၊ စက်တင်ဘာ လပိုင်းလောက်မှစ၍ ဆရာတော် ၏ ကျန်းမာရေးအခြေအနေမှာ ပိုမိုဆိုးဝါး လာပြီး ယခုအချိန်တွင် လုံးဝအနား ယူနေကြောင်းကို သိရှိရပါသည်ဘုရား။ ယခုအခါတွင် ဆရာတော်ကြီးအား အနီးကပ်ပြုစုစောင့်ရှောက် ဆေးဝါးပြုစု ပေးနေသည့် ဆရာဝန်ဦးအေးကျော်၏ ပြောကြားချက်အရ ဆရာတော်ဘုရားကြီး၏ ကျောက်ကပ်ရောဂါ၊ သွေးတိုးရောဂါ၊ဆီးကြိတ်ရောင်ရောဂါနှင့် နှလုံးသွေးကြောကျဉ်းသောရောဂါတို့မှာ သက်သာမှုမရရှိဘဲ၊ အခြေအနေပိုမို၍ ဆုတ်ယုတ် လာသည်ကို သိရှိရပါ သည်ဘုရား။ **(Chromic Renal Failure with Renal Osteodystrophy Hypertension Ischaemic Heart**

http://www.dhammadownload.com



**ease and B.P.H with sevee anaemia HB 40%)** သို့ပါသောကြောင့် ရောဂါအခြေ အနေများအရ ဆရာတော်ကြီးသည် ရုပ်ပိုင်းဆိုင်ရာသော် လည်းကောင်း၊စိတ်ပိုင်းဆိုင်ရာသော်လည်းကောင်း ပင်ပန်းနွမ်းနယ်ခြင်းဒဏ်ကို ခံနိုင်ရည် ရှိမည်ဟု မထင်မှတ်။ မယူဆပါကြောင်း ရိုသေလေးစားစွာ ဦးတင် လျှောက်ထား အပ်ပါသည်ဘုရား။

ပါမောက္ခ ဒေါက်တာဦးမင်းနိုင်
သမားတော်ကြီး
ပြည်သူ့ဆေးရုံကြီး
မန္တလေးမြို့
ဆမ-၂၁၈၀

http://www.dhammadownload.com



ဆက်ကပ်ပါရန်

သဘာပတိဆရာတော်ဘုရားကြီး
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁)
အပရဂေါယာနကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ရန်ကုန်မြို့။

ရက်စွဲ၊ ၁၃၅၉ ခုနှစ်၊ ပြာသိုလဆုတ် (၁၁) ရက်။
၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်။

အကြောင်းအရာ ။ ။တပည့်တော် ဒေါက်တာ အေးကျော်သည် ကျေးဇူးရှင် စမ်းကလေး ဆရာတော်ဘုရား၏ ကျန်းမာရေး အားအနီးကပ် ပြုစုစောင့်ရှောက် ကုသခွင့်ရသူ ဖြစ်ပါသည်ဘုရား။

စမ်းကလေးဆရာတော်ဘုရားသည်၊ ၁၉၉၄-ခုနှစ်၊ ဩဂုတ်မှစတင်၍ ကျောက်ကပ်ရောဂါကို ပြင်းထန်စွာခံစားခဲ့ရပါသည်ဘုရား၊ ထိုလတွင်ပင် အထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာဦးမင်းနိုင်၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့ ကျောက်ကပ်ရောဂါအထူးကုဆေးရုံကြီးတွင် အထူးကုသမားတော်ကြီး ပါမောက္ခ ဦးမောင်မောင်ဝင့်နှင့် ကျောက်ကပ်ရောဂါ အထူးကုသမားတော် ကြီး ဒေါက်တာဦးပိုင်စိုးတို့ဖြင့် တက်ရောက်ကုသမှုကို ခံယူခဲ့ရပါသည်ဘုရား။

၁၉၉၇-ခုနှစ်၊ စက်တင်ဘာလမှစ၍ ကျောက်ကပ်ဝေဒနာကို ပြင်းထန်စွာခံစားခဲ့ရပြီး ယခုအချိန်တွင် လုံးဝအနားယူနေရပါသည်ဘုရား။

ဆရာတော်ဘုရားကြီးသည် ယခုအချိန်တွင် ခေါင်းပြင်းထန်စွာမူးဝေနေခြင်း၊ နှလုံးခုန်နှုန်းမြန်နေခြင်း၊ လမ်းကောင်းစွာမလျှောက်နိုင်သေးခြင်း၊ အထိုင်အထဆက်ခြင်း၊ ဣရိယာပုထ်တစ်ခုတည်းဖြင့် ကြာရှည်စွာ သီတင်းမသုံးနိုင်ခြင်း၊ နားကောင်းစွာမကြားရခြင်း၊ အစရှိသောမမျှတမှုများ ယခုတိုင်အောင် ခံစားနေရခြင်းဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com



စမ်းကလေးဆရာတော်ဘုရားသည် ရောဂါဝေဒနာပြင်းထန်စွာ ခံစားခဲ့ရသော၊ ၁၉၉၇-ခုနှစ်၊ စက်တင်ဘာလမှစ၍ ယနေ့တိုင်အောင် လပြည့်-လကွယ်နေ့များတွင် တရားမဟောပေးနိုင်သည်မှာ သီတင်းပတ် (၈) ပတ် ရှိပါပြီ ဘုရား။

အထက်ဖော်ပြပါအကြောင်းများကြောင့် စမ်းကလေးဆရာတော် ဘုရားအား အမေးအဖြေလုပ်မည့်နေ့တွင်သာ ရုံးတော်သို့ ကြွရောက်ခွင့် ပြုပါရန် နှင့် ရိုသေလေးစားစွာလျှောက်ထား တောင်းပန်အပ်ပါသည် ဘုရား။

ဆရာတော်ဘုရားကြွရောက်သည့်အခါတွင်လည်း ဣရိယာပုထ်မျှတ သလို သီးတင်းသုံးခွင့်ပြုတော်မူပါရန်လည်း ရိုသေလေးစားစွာလျှောက်ထား အပ်ပါသည်ဘုရား။

ရုံးတော်သို့ကြွရောက်လာသည့်အခါ ကွပ်ပျစ်တစ်လုံးနှင့် ကုလားထိုင် တစ်လုံးကိုလည်း ယူဆောင်လာခွင့်ပြုတော်မူပါရန် ရိုသေလေးစားစွာလျှောက် ထားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရားအား အနီးကပ်စောင့်ရှောက်နိုင်ရန်အတွက် တပည့်သံဃာတော်နှစ်ပါးနှင့် တပည့်တော်ဒေါက်တာ အေးကျော်တို့အား လည်း ဆရာတော်ဘုရားကြီးနှင့် တပါတည်းရုံးတော်သို့ လိုက်ပါခွင့်ပြုတော် မူပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

ကျန်းမာရေးအတွက် ခေတ်လှေကားမှ တက်ရောက်ခွင့်ပြုပါရန် ဂရုဂါရဝရှေ့ထား၍ လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရားများ၏ မေတ္တာတော်ကို ခံယူပါသည်ဘုရား၊ ရိုသေ လေးစားစွာဦးတင်လျက် ဂရုဂါရဝဖြင့်-

ဒေါက်တာအေးကျော်
ဒိုက်ဦးမြို့
ညောင်လေးပင်မြို့နယ်
ပဲခူးတိုင်း။

-------------

http://www.dhammadownload.com



**လှူဒါန်းထားသောစာရင်းများ**

..............................

စမ်းကလေးဆရာတော်၊ သက်တော် (၇၄)နှစ်၊ ဝါတော် (၄၉)ဝါ [သုဓမ္မာ]
ဦးနန္ဒောဘာသ၊ စမ်းကလေးအနာဂတ်ဓမ္မသာသနာရိပ်သာကျောင်း
စမ်းကလေးအရှေ့စုကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

..............................

ဦးဓမ္မပါလ၊ (၃၁)နှစ်၊ (၄)ဝါ [သုဓမ္မာ]
စမ်းကလေးအနာဂတ်ဓမ္မသာသနာရိပ်သာကျောင်း
စမ်းကလေးအရှေ့စုကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

..............................

စမ်းကလေးအနာဂတ်ဓမ္မသာသနာရိပ်သာကျောင်း၊ လက်ပံဘုကျေးရွာ
ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

..............................

ဦးအော်ကေး (ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့)
စမ်းကလေးအနာဂတ်ဓမ္မသာသနာရိပ်သာကျောင်း၊
ဖဒိုမြို့၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း။

..............................

ဦးတင်မြင့် (ဓမ္မဒူတ)
စမ်းကလေးအရှေ့စုကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။

..............................

ဦးတင်ရွှေ (ဓမ္မဃောသက)
အမှတ် (၆၃-ခ)၊ သုဒဿန (၁) လမ်း၊ ၁၆/၂ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



## သက်သေခံ တိပ်ခွေနှင့် အထောက်အထားများ

| | | |
|---|---|---|
| ၁။ | ၁၃၅၈-ခုနှစ်၊ တပေါင်းလပြည့်နေ့ | (သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်)။ |
| ၂။ | ၁၃၅၉-ခုနှစ်၊ ကဆုန်လပြည့်နေ့ | (သက္ကာယဒိဋ္ဌိပြုတ်လျှင် နိဗ္ဗာန်မြင်)။ |
| ၃။ | စာမျက်နှာ -၅ (ဃ) (င) | (၁၃၅၃ - ၅၄ သကြိန် အတက်နေ့) တစ်ခွေသာ တင်ပြရန်။ |
| ၄။ | စာမျက်နှာ -ဂ၊ ၁၃၅၅-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက် | (လူလမ်း ရဟန်းလမ်း- ကမ္ဘာအေး) (ရဠ္ဌမာလာ၊ အင်္ဂုလိမာလ၊ အင္ဂဝက ဘီလူး၊ ပုဏ္ဏဗ္ဗသုက ပြိတ္တာ သားအမိ၊ ဘဒ္ဒကလျာဏီ) သုတ္တန် ၅ ခွေ |
| ၅။ | စာမျက်နှာ -၉၊ ၁၃၅၇-ခုနှစ်၊ သကြိန်နောက်ဆုံးနေ့ | (ရှင်သာရိပုတ္တရာပရိနိဗ္ဗာန် ပြုခန်း) (ကာဠုဒါယီအမတ်၊ ဘုရားပင့်ခန်း)။ |
| ၆။ | စာမျက်နှာ -၂၁၊ ၁၃၅၈-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၈)ရက် | (ဝိဇ္ဇာစရဏာယှဉ်တွဲမှ သုံးဖြာသုခ စုံပြည့်ဝ)။ |
| ၇။ | စာမျက်နှာ -၃၂၊ ၁၃၄၈-ခုနှစ် ၁၃၄၇-ခုနှစ် | (လောကုတ္တရာသမ္မဒိ လေးပါး) (အာရုံခြောက်ပါး ကမ္မဖလ) |
| ၈။ | စာမျက်နှာ -၃၃၊ ၁၃၅၈-ခုနှစ်၊သကြိန် | (ပဌာန်း) (ဗုဒ္ဓရတနာ အစပေါ် မြတ်မွန်တရားတော်) |
| ၉။ | စာမျက်နှာ -၃၆၊ | (သံဝေဂ - ၁, ၂, ၃) (၃)ခွေ (ကိုယ်ပိုင်ဥစ္စာမြုပ်နှံရာ)။ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၁၀။ | စာမျက်နှာ -၄၁၊၁၃၅၆-ခုနှစ်၊သကြန် | (နတ်တရားခွေ) တရားနာနည်းနိသျည်း (၂)ခွေ |
| ၁၁။ | ဓမ္မစေတီ (စာဘုရား) | စာမျက်နှာ(၂) နှင့် (၃)ကြား |
| ၁၂။ | သာသနာပြုမှတ်တမ်းတင်ဂုဏ်ပြုလွှာ | (၂) စောင် |
| ၁၃။ | ဆရာတော်ဘုရားကြီး၏ ဩဝါဒမေတ္တာရပ်ခံချက် | (၁)စောင် |
| ၁၄။ | ဝေါပကအဖွဲ့၏မေတ္တာရပ်ခံချက် | (၁) စောင် |
| ၁၅။ | ဆရာတော်ဘုရားကြီး၏ ဆေးစစ်ချက်ထောက်ခံစာ | (၁) စောင် |

http://www.dhammadownload.com



## ပဲခူးတိုင်း၊ ညောင်လေးပင်မြို့၊ စမ်းကလေးကျေးရွာ၊ စမ်းကလေးဆရာတော်၏ စမ်းကလေးဝါဒအပေါ် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) ၏ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ချမှတ်သည့် အခမ်းအနားအစီအစဉ်

အစီအစဉ် (၁) စမ်းကလေးဝါဒအပေါ် ဆုံးဖြတ်ချက်ချမှတ်မည့် နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) ၏ ရုံးတော်ကို နိုင်ငံတော်သီးခြားဝိနည်း ဓိုရ် ဆရာတော်များက မေတ္တာသုတ် ရွတ်ဖတ်၍ဖွင့်လှစ်ရန်။

အစီအစဉ် (၂) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) - သဘာပတိဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူရန်။

အစီအစဉ် (၃) သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က စမ်းကလေး ဝါဒအပေါ် ဆုံးဖြတ်ချက်ချမှတ်တော်မူရန် အတွက် လျှောက်ထားရန်။

အစီအစဉ် (၄) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) ဝိနည်းဓိုရ် ဆရာတော်များက ဝိနိစ္ဆယဆုံးဖြတ်ချက် ချမှတ်တော်မူကြရန်။

အစီအစဉ် (၅) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) သဘာပတိ ဆရာတော်က နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားတော်မူရန်။

အစီအစဉ် (၆) အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းရန်။

-----------

http://www.dhammadownload.com



# စမ်းကလေးဝါဒအပေါ် ဓမ္မ-အဓမ္မ စိစစ်ဆုံးဖြတ်မည့် နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၁၁) သဘာပတိဆရာတော် ၏ ဩဝါဒကထာ

( ၁၆-၃-၉၈ )

နှစ်ဖက်သော စောဒက နှင့် စုဒိတကပုဂ္ဂိုလ်များသည် ဗုဒ္ဓမြတ်စွာ၏ သားတော်များဖြစ်ကြပါသည်။ သားတော်အချင်းချင်းမေတ္တာကရုဏာရှေ့ထား ၍ စောဒနာခြင်း၊ သောဓနာခြင်းများပြုကြသည်ဟု နှလုံးသွင်းကြစေလို ပါသည်။ နိုင်ငံတော်သီးခြားဝိနည်းမိုရ် ဆရာတော်များအနေဖြင့်လည်း မည်သူ့ မျက်နှာကိုမျှမကြည့်၊ သာသနာတော်တစ်ရပ်လုံး သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ကိုသာ အလေးထားကြည့်တော်မူကြ၍ ချစ်ခြင်းကြောင့် ဘက်လိုက်ဆုံးဖြတ် ခြင်း ဆန္ဒာဂတိ၊ မုန်းခြင်းကြောင့် ဘက်လိုက်ဆုံးဖြတ်ခြင်း ဒေါသာဂတိ၊ ကြောက်ခြင်းကြောင့် ဘက်လိုက်ဆုံးဖြတ်ခြင်း၊ ဘယာဂတိ၊ တွေဝေမိန်းမော သဖြင့် ဘက်လိုက်ဆုံးဖြတ်ခြင်း မောဟာဂတိ ဟူသော အဂတိတရားလေးပါး ကင်းရှင်းပြီး ဓမ္မဝိနယနှင့်အညီသာ ဆုံးဖြတ်ချက်ချမှတ်တော်မူကြ ပေတော့ သည်။

စောဒက, စုတိတကများအနေဖြင့် မိမိတို့ ရှုံးမှု၊ နိုင်မှုကို ပဓာနမထားပဲ အမှန်အမှား ( ဓမ္မ-အဓမ္မ ) စိစစ်ဆုံးဖြတ်ခြင်းကိုသာ အဓိကထားခံယူတော်မူ ကြရန် မှာကြားရင်း ဆရာတော်၏ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည်။

( ဘဒ္ဒန္တ မေဓိယ )
အဂ္ဂမဟာပဏ္ဍိတ
သဘာပတိဆရာတော်
နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ် ( ၁၁ )

http://www.dhammadownload.com

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးအပ်သော
# နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁/၉၈) ၏
# ဆုံးဖြတ်ချက်
## ၁၃၅၉ ခု၊ ဓမ္မ၊ အဓမ္မအငြင်းပွားမှု
## ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းအမှတ် (၁/၉၈)

xxxxxxxxxx

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | မြို့ |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တမေဓိယ (သဘာပတိ) (အဂ္ဂမဟာပဏ္ဍိတ) | တူးမောင်းကျောင်းတိုက် | အမရပူရမြို့ |
| ၂။ | ဘဒ္ဒန္တသိဟဗလ (အဖွဲ့ဝင်) (အဂ္ဂမဟာပဏ္ဍိတ) | ထီးလှိုင်ကျောင်း | ရမည်းသင်းမြို့ |
| ၃။ | ဘဒ္ဒန္တကုမာရာဘိဝံသ(အဖွဲ့ဝင်) (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | ဗန်းမော်တိုက် | မန္တလေးမြို့ |
| ၄။ | ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(အဖွဲ့ဝင်) (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | မဟာသုဗောဓာရုံတိုက် | စစ်ကိုင်းမြို့ |
| ၅။ | ဘဒ္ဒန္တအဂ္ဂဓမ္မ (အဖွဲ့ဝင်) (မဟာဂန္ထဝါစကပဏ္ဍိတ) | ဓမ္မရောင်ခြည်ကျောင်း | မြောက်ဥက္ကလာပမြို့ |

xxxxx

http://www.dhammadownload.com



| | |
|---|---|
| * စောဒက | အရှင်ဝိလာသပါ (၄) ပါး၊ မဇ္ဈိမာရုံကျောင်း၊ တောကွဲအင်းရွာ၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း။ |
| * စုဒိတက | ဦးနန္ဒောဘာသပါ (၆) ဦး၊ စမ်းကလေးရွာ၊ အရှေ့ကျောင်း၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။ |
| * အကြောင်းအရာ | စမ်းကလေးအယူဝါဒအပေါ် စွပ်စွဲ၊ အစွပ်စွဲအငြင်းပွားမှု ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်း ။ |
| * ဖွဲ့စည်းသည့်နေ့ | ၁၃၅၉ ခု၊ ပြာသိုလဆန်း (၄) ရက်၊ (၁-၁-၉၈)၊ ကြာသပတေးနေ့။ |
| * ဆုံးဖြတ်ချက်ချသည့်နေ့ | ၁၃၅၉ ခု၊ တပို့တွဲလပြည့်ကျော် ( ၁၃ ) ရက်၊ (၂၄-၂-၉၈)၊ အင်္ဂါနေ့။ |

http://www.dhammadownload.com

# စမ်းကလေး ဝါဒဝိနိစ္ဆယ
# အဖွင့်နိဒါန်း

### နမော ဗုဒ္ဓဿ ဓမ္မဝါဒိနော

**ဗုဒ္ဓဓမ္မ ပေါ်ထွန်းခြင်း**

သစ္စာ လေးတန် တရားမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်သည်၊ "ဗုဒ္ဓ" ဖြစ်သည်။

ဗုဒ္ဓရှင်မြတ်သည် သမ္မာပဋိပဒါကျင့်စဉ်တစ်ရပ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ချမှတ်ကျင့်သုံးပြီး ထူးကဲလွန်မြတ်သော ပဋိဝေဓဉာဏ်, ဒေသနာဉာဏ်တို့ကို ရရှိတော်မူခဲ့သည်၊ သတ္တဝါအများ ချမ်းသာပွားရန်အလို့ငှာ ပဋိဝေဓဉာဏ် တော်ဖြင့် ထိုးထွင်းသိမြင်တော်မူအပ်သော "ဓမ္မ" ကို ဒေသနာဉာဏ်တော်ဖြင့် ဟောကြားဆုံးမတော်မူသည်။

ရှင်တော်ဘုရား ဟောကြားဆုံးမတော်မူအပ်သော တရားတော်သည် ဟောစဉ်အားဖြင့်လည်းကောင်း၊ ကျင့်စဉ်အားဖြင့်လည်းကောင်း အစ, အလယ်, အဆုံးသုံးပါးလုံး ကောင်းမွန်သည့်ဂုဏ်များနှင့် ပြည့်စုံသည့်အပြင် အနက် သဒ္ဒါ စုံလင် ကုန်စင်ပြည့်ဝ သန့်ရှင်းသော "ဗြဟ္မစရိယ"ကို ရှင်းလင်းဖွင့်ဆို ပြသတော်မူသည်။

ဗုဒ္ဓ၏ ဗြဟ္မစရိယသည် သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယဟူ၍ နှစ်မျိုးရှိသည်။ ထိုတွင် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးအကျင့်တရားနှင့် တန္တိဓမ္မခေါ် ဒေသနာတော်သည် သာသနဗြဟ္မစရိယဖြစ်၍ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂဗြဟ္မစရိယဖြစ်သည်။

**တစ်ခုတည်းသော ကျင့်စဉ်**

> " ဧသောဝ မဂ္ဂေါ နတ္ထညော၊
> ဒဿနဿ ဝိသုဒ္ဓိယာ။ "

ဟူသော ဓမ္မပဒဂါထာ (၂၇၄) ဒေသနာတော်နှင့်အညီ မဂ်ဉာဏ်, ဖိုလ်ဉာဏ် အမြင်မှန်၏ စင်ကြယ်မှု "ဒဿနဝိသုဒ္ဓိ" ဖြစ်စေရန်အတွက် ဗုဒ္ဓညွှန်ပြသည့်

http://www.dhammadownload.com



ပြဟ္မစရိယကျင့်စဉ်သည်သာ တစ်ခုတည်းသော ကျင့်စဉ်ဖြစ်ပေသည်။ ထိုကျင့်စဉ်မှလွဲ၍ အခြားသောကျင့်စဉ်တစ်မျိုးမရှိချေ။

ဗုဒ္ဓ၏ပြဟ္မစရိယကျင့်စဉ်ကို အနှစ်ချုပ်ဖော်ပြလျှင် ဗောဓိပက္ခိယ တရား (၃၇) ပါးကို ဖော်ပြရမည်ဖြစ်၏။ ဤဗောဓိပက္ခိယတရား (၃၇) ပါးကိုပင် မုချအားဖြင့် "သာသနာ"ဟု ဆိုအပ်ပေသည်။

ဗုဒ္ဓရှင်တော်၏ အဆုံးအမဖြစ်သည့် ဗောဓိပက္ခိယ ခေါ် ပြဟ္မစရိယ ကျင့်စဉ်နှင့် စပ်လျဉ်းသည့် ဖော်ပြပါဗုဒ္ဓရှင်တော်၏ ဩဝါဒမှာတမ်းကို အလေးအနက်ခံယူကာ လိုက်နာကျင့်သုံးသင့်ပေသည်။

တသ္မာတိဟ ဘိက္ခဝေ ယေ ဝေါ မယာ မ္မော အဘိညာဒေသိတာ၊ သေယျထိဒံ စတ္တာရော သတိပဋ္ဌာနာ, စတ္တာရော သမ္မပ္ပဓာနာ, စတ္တာရော ဣဒ္ဓိပါဒါ, ပဉ္စိန္ဒြိယာနိ, ပဉ္စဗလာနိ, သတ္တဗောဇ္ဈင်္ဂါ, အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗံ ။

" ချစ်သားရဟန်းတို့ ငါသည်ထူးသောဉာဏ်ဖြင့်သိ၍ အကြင်တရားတို့ကို သင်တို့အား ဟောကြားအပ်ကုန်ပြီ၊ ထိုတရားတို့ဟူသည် အဘယ်နည်း၊ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန် (၄) ပါး၊ ဣဒ္ဓိပါဒ် (၄) ပါး၊ ဣန္ဒြေ (၅) ပါး၊ ဗိုလ် (၅) ပါး၊ ဗောဇ္ဈင် (၇) ပါး၊ အရိယမဂ္ဂင်(၈)ပါးတို့တည်း။ ထိုတရားတို့၌ သင်တို့အားလုံးပင် တညီတညွတ်တည်း ဝမ်းမြောက်စိတ်ထား အငြင်းမပွားမူ၍ လိုက်နာကျင့်သုံး ကြရမည်။ "

## ကျင့်စဉ်အငြင်းပွားမှု

ဗုဒ္ဓရှင်တော်က တညီတည်း ချမှတ်ကျင့်သုံးစေသည့် ကျင့်စဉ်နှင့် စပ်လျဉ်း၍ ကျင့်စဉ်ဆိုင်ရာအငြင်းပွားမှုများသည် မဇ္ဈိမဒေသသာသနာဝင်၌လည်းကောင်း၊ မြန်မာနိုင်ငံသာသနာဝင်၌လည်းကောင်း ဖြစ်ပေါ်ခဲ့လေသည်။

ထို့သို့ဖြစ်ပေါ်သည့်အခါ ပရိယတ္တိ ဗဟုသုတ, ပဋိဝေဓဗဟုသုတ ရှိတော်မူကြသည့် သံဃာ့ဦးစီးမထေရ်ကြီးများက အမှန်နှင့်အမှားကို ဒေသနာတော်နှင့် ညှိနှိုင်းခွဲခြားကာ အဆုံးအဖြတ်ပေးတော်မူခဲ့ကြပေသည်။

http://www.dhammadownload.com



**စမ်းကလေးဝါဒကျင့်စဉ်**

မျက်မှောက်ခေတ် မြန်မာ့သာသနာဝင်၌ စမ်းကလေး ဝါဒကျင့်စဉ်သည် ပေါ်ပေါက်လာခဲ့ပြန်ပေပြီ။

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးအရှေ့ရွာ အနာဂတ်ဓမ္မသာသနာ့ရိပ်သာ ဆရာတော်ဦးနန္ဒောဘာသသည် "မဇ္ဈိမပဋိပဒါ သတိပဋ္ဌာန်အလယ်လမ်း သောတာပန်တည်ခန်း" ဟူသောလမ်းတိုကျင့်စဉ်တစ်ရပ်တည်ထွင် ဟောပြောလျက်ရှိသည်၊ စမ်းကလေးကျင့်စဉ်သည် ပရိယတ္တိလမ်းညွှန်မှုမျိုးမဟုတ်ဘဲ ခန္ဓပဋိပတ္တိ ဖြစ်သည်ဟုဆိုသည်။

ဘုရားဗျာဒိတ်တော်အရ သိရှိရသည်ဆိုသော ဓမ္မစေတီ (စာဘုရား) ခေါ် အာစရိယဝါဒ လမ်းညွှန်ချက်မှုသည် စမ်းကလေးဝါဒ၏ အခြေခံဟောကွက်ကျင့်ကွက်ဖြစ်သည်။

ဓမ္မစေတီ (စာဘုရား)

" ဂရု ဓမ္မ ဘုံလောက<br>
ခန္ဓာကိုယ် သာသနာတိုက်<br>
မဂ္ဂင်ရှစ်ပါး နဲ့လိုက်<br>
အရင်းကို ခုတ်<br>
အငုတ်ကို ဖိ<br>
အဖျားကို သတ် "

လမ်းရှည်နှင့်လမ်းတို

( ၁ ) သီလအစ၊ သမာဓိအလယ်၊ ဝိပဿနာအဆုံး၊ ဒိဋ္ဌိပယ်ဖြတ်နိုင်တဲ့ လမ်းရှည်လမ်းစဉ်သုံး၊

( ၂ ) သီလအစ၊ သဒ္ဓါအလယ်၊ ပညာအဆုံး၊ ဒိဋ္ဌိပယ်ဖြတ်နိုင်တဲ့လမ်းတိုလမ်းစဉ်သုံး၊

ဖော်ပြပါ ဟောကွက် ကျင့်ကွက်များဖြင့် သောတာပတ္တိမဂ်၊ ဖိုလ်တရားထူးများကို အချိန်တိုအတွင်းရနိုင်ကြောင်း စမ်းကလေးဆရာတော် ဟောပြောလျက်ရှိသည်။

http://www.dhammadownload.com



## ဓမ္မ, အဓမ္မအငြင်းပွားမှု

စမ်းကလေးဆရာတော်၏ ဟောပြောချက်များ၊ လမ်းတိုကျင့်စဉ်များ နှင့် စပ်လျဉ်း၍ ဓမ္မ, အဓမ္မ အငြင်းပွားမှု ဖြစ်ပေါ်လာခဲ့သည်။

ပဲခူးတိုင်း၊ ကျောက်တံခါးမြို့၊ တောကျွဲအင်းရွာ၊ မဇ္ဈိမာရုံတောရ ကျောင်းဆရာတော် အရှင်ဝိလာသ (ဓမ္မာစရိယ) ဦးဆောင်သော ဆရာတော် (၄)ပါးက စမ်းကလေးဝါဒကျင့်စဉ်သည် ဗုဒ္ဓဒေသနာတော်နှင့် ဆန့်ကျင်သည့်အတွက် အဓမ္မဝါဒဖြစ်ပါသည်ဟု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားခဲ့လေသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် စမ်းကလေးအယူဝါဒ အပေါ် အငြင်းပွားသော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းကို ဝိနည်းတရား တော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာစစ်ဆေးအဆုံးအဖြတ်ပေးရန် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) ကို ၁၃၅၉- ခုနှစ်၊ ပြာသို လဆန်း (၄) ရက် (၁-၁-၉၈) နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။

## ရုံးတော်ဖွင့်လှစ်ကြားနာခြင်း

နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) သည် ၁၃၅၉- ခုနှစ်၊ ပြာသိုလဆန်း (၁၁) ရက် (၈-၁-၉၈) နေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ အပရဂေါယာနကျောင်းဆောင်၌ စမ်းကလေးဝါဒကို ဓမ္မ, အဓမ္မအဖြစ် ကြားနာစစ်ဆေးရန် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) ရုံးတော်ကို ဖွင့်လှစ်ခဲ့သည်။

စောဒက, စုဒိတကအစုံအညီဆင့်ခေါ်ကာ စောဒကများ ဖတ်ကြားတင် သွင်းသော စောဒနာလွှာကို စတင်ကြားနာခဲ့ကြသည်၊ ထို့သို့ကြားနာ ပြီး နောက် စုဒိတကပုဂ္ဂိုလ်များအား ချေပခြင်းပြုမည်, မပြုမည်မေးမြန်းရာ စုဒိ တကပုဂ္ဂိုလ်များက ချေပမည်ဆိုသဖြင့် ရက်ပေါင်း (၂၀) ရက်အချိန်ပေးပြီး သောဓနာ (ချေပ) လွှာကို တင်သွင်းစေသည်။

၁၃၅၉- ခုနှစ်၊ တပို့တွဲလဆန်း (၉) ရက် (၅-၂-၉၈) နေ့တွင် စုဒိတကများ တင်သွင်းသော သောဓနာလွှာကို ကြားနာခဲ့ကြသည်။

http://www.dhammadownload.com



## သုံးသပ် ဆုံးဖြတ်

နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) သည် စောဒကပုဂ္ဂိုလ်များ၏ စောဒနာလွှာနှင့် စုဒိတကပုဂ္ဂိုလ်များ၏ သောစနာလွှာတို့ကို အကြိမ်ကြိမ်အထပ်ထပ် လေ့လာဖတ်ရှုကြသည်။

" ပဒဗျဉ္ဇနာနိ သာဓုကံ ဥဂ္ဂဟေတွာ သုတ္တေ ဩသာရေတဗ္ဗာနိ ဝိနယေ သန္ဒဿေတဗ္ဗာနိ၊ (အံ - ၁၊ ၄၈၇)

" စကားအသုံးအနှုန်း စကားလုံးတို့ကို ကောင်းစွာမှတ်ယူ၍ သုတ္တခေါ် ပိဋကတ်သုံးပုံဒေသနာတော်၌ ချသွင်းကြည့်ရမည့်၊ ဝိရာဂအလို့ငှာ ဖြစ်/မဖြစ်စသော အကြောင်းအချက်များနှင့် တိုက်ဆိုင်ညှိနှိုင်းရမည် "ဟူသော ဗုဒ္ဓညွှန်ပြ မဟာပဒေသနှင့်အညီ စောဒနာလွှာနှင့် သောစနာလွှာ နှစ်ခုလုံးကို ပင် သက်ဆိုင်ရာ ဒေသနာပါဠိတော်များ အဖွင့်အဋ္ဌကထာ ဋီကာများနှင့် အကြိမ် ကြိမ် အထပ်ထပ် ညှိနှိုင်းသုံးသပ်ကြသည်။

ထိုသို့ ညှိနှိုင်းသုံးသပ်သဖြင့် ထွက်ပေါ်လာသည့်အဖြေကို ဓမ္မဝိနယလမ်းကြောင်း မတိမ်းစောင်းစေမူ၍ ဓမ္မဓိဋ္ဌာန်ကျကျဆုံးဖြတ်ချက် ဝိနိစ္ဆယကို ရေးသားကြသည်၊ ထိုသို့ရေးသားရာ၌ -

(က) စောဒကများ၏စောဒနာချက်၊
(ခ) စုဒိတကများ၏သောစနာချက်၊
(ဂ) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၁)၏ သုံးသပ်ချက်၊
(ဃ) ဓမ္မဝိနယနှင့်အညီဆုံးဖြတ်ချက်-

ဟူ၍ အချက် (၄) ချက်ပါဝင်လျက် ရှင်းလင်းရေးသားထားသည်ဖြစ်ရာ ပြည့်စုံလုံလောက်သော ဝိနိစ္ဆယဖြစ်မည်ဟု ယုံကြည်ကြသည်။

## ဓမ္မဝိနယ အတိမ်းအစောင်းမရှိစေရ

ကျင့်စဉ်နှင့် ပဋိဝေဓ ဓမ္မဆိုင်ရာ ဓမ္မ, အဓမ္မအငြင်းပွားမှုသည် လွန်စွာ သိမ်မွေ့သဖြင့် အလေးအနက်ထား ဆောင်ရွက်ဆုံးဖြတ်ရသည့် အဓိကရုဏ်းမှုခင်းမျိုးဖြစ်သည်၊ ကျင့်စဉ်တစ်ရပ်မှားယွင်းချွတ်ချော်ပါက ဤဘဝမှာ သာမက သံသရာမှာပါ ဆုံးရှုံးနစ်နာနိုင်ပေသည်။

http://www.dhammadownload.com



ထို့ပြင် ကျင့်စဉ်နှင့် ပဋိဝေဓ ဓမ္မဆိုင်ရာအငြင်းပွားမှုသည် တစ်ဦးတစ်ယောက်အတွက်သာမက အများအတွက်အကျိုးမဲ့ ဖြစ်စေတတ်သည်။

" အပ္ပမတ္တကော သော အာနန္ဒ ဝိဝါဒေါ၊ ယဒိဒံ အဇ္ဈာဇီဝေ ဝါ အဓိပါတိမောက္ခေ ဝါ။ မဂ္ဂေ ဝါ ဟိ အာနန္ဒ ပဋိပဒါယ ဝါ သံဃေ ဝိဝါဒေါ ဥပ္ပဇ္ဇေယျ၊ သွာဿ ဝိဝါဒေါ ဗဟုဇနာဟိတာယ ဗဟုဇနာသုခါယ ဥပ္ပဇ္ဇမာနော ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ (မ - ၃၊ ၃၃)

" ချစ်သားအာနန္ဒာ အဇ္ဈာဇီဝ အဓိပါတိမောက္ခဖြစ်သော သိက္ခာပုဒ်ဆိုင်ရာ အငြင်းပွားမှုသည် အသေးအဖွဲ့မျှသာဖြစ်သည်၊ ချစ်သားအာနန္ဒာ, ပုဗ္ဗဘာဂမဂ်နှင့် ပုဗ္ဗဘာဂကျင့်စဉ်ဆိုင်ရာ အငြင်းပွားမှုသံဃာ့အတွင်းဖြစ်လာခဲ့ပါမူ ၎င်းအငြင်းပွားမှုသည် အများသူငါ စီးပွားမဲ့ရန်, မချမ်းသာရန်, အကျိုးမဲ့ရန် နတ်လူအများ စီးပွားမဲ့ရန်, ဆင်းရဲရန် ဖြစ်၏ "ဟု ဗုဒ္ဓမြတ်စွာ မိန့်ကြားတော်မူခဲ့သည်။

သို့ဖြစ်သောကြောင့် နိုင်ငံတော်သီးခြားဝိနည်းခိုရ် အဖွဲ့အမှတ် (၁၁) သည် ဤစမ်းကလေးဝါဒ ဓမ္မ, အဓမ္မအငြင်းပွားမှု အဓိကရုဏ်းမှုခင်းကို အလေးအနက်ထားကာ သုံးသပ်ကြသည်၊ ဓမ္မဝိနယအတိမ်းအစောင်း မရှိစေရအောင် အထူးသတိထားကာ ဆုံးဖြတ်ကြသည်။

ကျင့်စဉ်အရာ၌ " ခန္ဓာသိဆိုတိုင်း ပညာသိ "မဟုတ်၍ ခန္ဓာသိဆိုသမျှ မှန်ရမည်ဟု မယူဆကြပေ၊ စာသိဖြစ်စေ, ခန္ဓာသိဖြစ်စေ ဒေသနာတော်နှင့် ညှိရမည်သာဖြစ်၏။

ထို့ကြောင့် အယူဝါဒ ကျင့်စဉ်တစ်ရပ်သည် ဗုဒ္ဓဒေသနာတော်နှင့် ညီညွတ်ခြင်းမရှိပါက ဓမ္မမဟုတ်၊ " အဓမ္မ "ဟုသာ ဆုံးဖြတ်ကြရမည်ဖြစ်သည်။

## သတိပေးတိုက်တွန်းချက်

နိုင်ငံတော်သီးခြားဝိနည်းခိုရ် အဖွဲ့အမှတ် (၁၁) ၏ စမ်းကလေးဝါဒ ဝိနိစ္ဆယသည် ဓမ္မဝိနယနှင့်အညီသာဖြစ်သည်၊ အမှားအမှန်ဝေဖန်သုံးသပ် ဆုံးဖြတ်အပ်သည်ဖြစ်၍ သက်ဆိုင်ရာပုဂ္ဂိုလ်များသည် သန္နိဋ္ဌိပရာမာသီ-မိမိ၏ထင်မြင်

http://www.dhammadownload.com



ချက်ကိုသာ သုံးသပ်ရှုမြင်တတ်သူ အာဒါနဂ္ဂါဟီ=ဤအယူသာအမှန်ဟု ခိုင်မြဲစွာ ဆုပ်ကိုင်တတ်သူ, ဒုပ္ပဋိနိဿဂ္ဂီ=မိမိ၏ အယူဝါဒကို စွန့်နိုင်ခဲသူများ မဖြစ်ကြရန် လိုအပ်ပေသည်။

ဒုပ္ပဋိနိဿဂ္ဂီပုဂ္ဂိုလ်မျိုးသည် အကြောင်းအကျိုးရှင်းပြ၍ " သင်၏ အယူဝါဒ မမှန်၊ လက်မခံနှင့် "ဟု ဆိုစေကာမူ " ဒို့ဆရာက ဒီလိုဟောတာ၊ ဒို့ဒီလိုပဲ ကြားနာခဲ့ရတာ "ဟုဆိုကာ "အစွဲ "ကို မစွန့်ဘဲနေတတ်သဖြင့် သံသရာဆင်းရဲ ကိုယ်ကျိုးနည်းတတ်လေသည်။

ထို့ကြောင့် အမှား (အစွဲ) နှင့် အမှန် (စွဲ) သုံးသပ်ဝေဖန်၍ အမှား (အစွဲ)ကိုစွန့်ခွာ,အမှန်(စွဲ)ကိုသာ လက်ခံကျင့်သုံးကြရန် သတိပေး တိုက်တွန်းအပ်ပါသတည်း ။ ။

နိုင်ငံတော်ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁)
အပရဂေါယာနကျောင်းဆောင်
ကမ္ဘာအေး၊ရန်ကုန်။

xxxxx

http://www.dhammadownload.com



# မဏောမ နှင့် မဋ္ဌိညဘာ၌

၁။ မဟာကာရုဏိကံ ဗုဒ္ဓံ၊ မိစ္ဆာဝါဒ ဝိခံသကံ။
သဒ္ဓမ္မာရိယသံဃဉ္စ၊ ဝန္ဒိယ သန္တစေတသာ။

၂။ ကုမာရော နန္ဒမာလော စ၊ သီဟဗလော စ မေဓိယော။
ဘဒ္ဒန္တော အဂ္ဂဓမ္မော စ၊ မန္တိယေတေ ပုနပ္ပုနံ။

၃။ စမ်းကလေးတိမိစ္ဆာ ဝါဒံ၊ မြမ္မရဋ္ဌေ ကုတူဟလံ။
ဒေသနာခဂ္ဂမာဒါယ၊ ဝိဇဋ္ဋေမ သမူလကံ။

၄။ ပါဠိံ့ အဋ္ဌကထဉ္စေဝ၊ သာဓိပ္ပါယ မသေသတော။
ဩဂယှ အပ္ပမတ္တေန၊ ကရိဿာမ ဝိနိစ္ဆယံ။

xxxxxxxxxx

(၁) မဟာကာရုဏိကံ=သတ္တဝါများ ရင်ဝယ်သားကဲ့သို့၊ သနားရှုမြင် မဟာကရုဏာရှင်ဖြစ်တော်မူထသော၊ ဗုဒ္ဓံ=အနန္တစကြဝဠာ သတ္တဝါသင်္ခါရ သိစရာမှန်သမျှကို တစမကျန် အမှန်မြင်သိ သမန္တစက္ခု၊ သဗ္ဗညုဉာဏ်ရှိတော်မူ ထသော၊ မိစ္ဆာဝါဒဝိခံသကံ=ခြောက်ဆယ့်နှစ်ဖြာ မိစ္ဆာဝါဒဟူသမျှကို တစ မကျန် ပယ်လှန်နိုင်သည့် အစွမ်းသတ္တိရှိတော်မူထသော၊ ဘဂဝန္တံ=ဘုန်းတော် ခြောက်ပါး, ဘုန်းတော်ရှစ်ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို လည်းကောင်း၊ သဒ္ဓမ္မံ=မဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါး သောတရားမြတ်ကိုလည်းကောင်း၊ အရိယသံဃံ=မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်တန် ထင်ပေါ် အရိယာသံဃာတော်ကိုလည်းကောင်း၊ မယံ=ဝိနည်းမိုရ်တာဝန် အားသွန်ကြိုးစားဘုရားတပည့်တော်တို့သည်၊ သန္တစေတသာ=ကြည်လင်သဒ္ဓါ မဟာဥက္ကဋ္ဌ စိတ္တုပ္ပါဒ်ဖြင့်၊ ဝန္ဒာမ=လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပါကုန်၏၊ ဝန္ဒိယ=ရှိခိုးကုန်ပြီး၍-

(၂) ဘဒ္ဒန္တော ကုမာရောစ=မန္တလေးမြို့ ဗန်းမော်တိုက်ကြီး၏ ဦးစီးနာယက ဝင့်သကာ ရွှေတံဆိပ်ရ ပါဠိသိရောမဏိ ဘွဲ့ အော၊ တိပိဋကပါဠိမြန်မာ အဘိ ဓာန်ကျမ်းပြု ဂန္ထကာရက စသည်ဖုံဖုံ ဘွဲ့ထူးဂုဏ်နှင့် ပြည့်စုံသော အရှင်ကုမာ ရာဘိဝံသ မဟာထေရ်လည်းကောင်း၊

ဘဒ္ဒန္တောနန္ဒမာလောစ=သကျယင်စိုးဘွဲ့ သုံးမျိုးဖြင့် အစိုးရပါဠိပါရဂူ+ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စသည်ဖုံဖုံ ဘွဲ့ထူးဂုဏ်နှင့် ပြည့်စုံသော အရှင် နန္ဒမာလာဘိဝံသ မဟာထေရ်လည်းကောင်း၊

http://www.dhammadownload.com



ဘဒ္ဒန္တော သီဟဗလော၊ ရမည်းသင်းမြို့ ထီးလှိုင်ကျေးရွာကျောင်းတိုက်၏ ဦးစီးနာယက ဓမ္မာစရိယ ပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဂန္ထကာရက စသည်ဖုံဖုံ ဘွဲ့ထူးဂုဏ်နှင့် ပြည့်စုံသော အရှင်သီဟဗလ မဟာထေရ်လည်းကောင်း။

ဘဒ္ဒန္တော မေဓိယော၊ အမရပူရမြို့ တူးမောင်းတိုက်ကြီး၏ ဦးစီးနာယက ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ စသည်ဖုံဖုံ ဘွဲ့ထူးဂုဏ်နှင့် ပြည့်စုံသော ဝိနည်း ဓိုရ် အဖွဲ့၏ သဘာပတိ အရှင်မေဓိယမဟာထေရ် လည်းကောင်း။

ဘဒ္ဒန္တော အဂ္ဂဓမ္မော၊ မြောက်ဥက္ကလာပမြို့ ဓမ္မရောင်ခြည်ကျောင်းတိုက် ၏ ဦးစီးနာယက ဓမ္မာစရိယ ဒွိပိဋကဓရ မဟာဂန္ထဝါစက ပဏ္ဍိတ စသည်ဖုံဖုံ ဘွဲ့ထူးဂုဏ်နှင့် ပြည့်စုံသော အရှင်အဂ္ဂဓမ္မမဟာထေရ် လည်းကောင်း၊ က္ကတိ=ဤသို့ ဧတေမယံ၊ ဝိနည်းဓိုရ်တာဝန် အားသွန်ကြိုးစား ထိုတပည့်တော် များ တို့သည်၊ ပုနပ္ပုနံ မန္တေမ၊ ပါဠိအဋ္ဌကထာ ကျမ်းစာအသီးသီး အနည်းနည်း အဖုံဖုံ အဖန်ဖန် ဆွေးနွေးတိုင်ပင်ကြပါကုန်၏။ မန္တိယ၊ ဆွေးနွေးတိုင်ပင်ကြပါ ကုန်ပြီး၍------

(၃) မြမ္မရဋ္ဌေ။ သာသနာရောင် ထွန်းပြောင်ထင်ပေါ် ပြည်ထောင်စု မြန်မာ နိုင်ငံတော်၌၊ ကုတူဟလံ၊ ဓမ္မအရာ လိမ္မာကျွမ်းကျင် ဉာဏ်မြင်ကင်းငြား လူရှင်များတို့ ဝင်စားစိတ်တွင် သိချင်အားသစ် အုတ်အုတ်ကျက်ကျက် ဖြစ်သော၊ စမ်းကလေးတိမိဇ္ဈာဝါဒံ၊ စမ်းကလေးရွာဘုန်းကြီး ဟောကြား သဖြင့် စမ်းကလေးတရားဟူသော အယူမှား မိစ္ဆာဝါဒ အရှုတ်အထွေးကို။ သမူလကံ၊ အမြစ်အရင်းနှင့်တကွ။ ဒေသနာခဂ္ဂံ၊ ပါဠိအဋ္ဌကထာ ဒေသနာစက်သွား သန်လျက်ဓါးကို။ အာဒါယ၊ ကျနပိုင်ပိုင် ဆွဲကိုင်ယူ၍။ ဝိဇဋ္ဋေမ၊ ခုတ်ပယ် ရှင်းလင်းကြပါကုန်အံ့။

(၄) ပါဠိံ စ၊ အုပ်ရေလေးဆယ်ရှိသော ပါဠိတော်ကျမ်းစာကို လည်းကောင်း။ အဋ္ဌကထဉ္စ၊ အုပ်ရေငါးဆယ်ကျော်ရှိသော အဋ္ဌကထာ ကျမ်းစာကိုလည်းကောင်း၊ သာဓိပ္ပါယံ၊ အဓိပ္ပါယ်နှင့်တကွ။ အသေသတော၊ မကျန်မကြွင်းစေပဲ။ ဩဂယှ၊ ဉာဏ်ဖြင့်သက်ဝင်၍။ အပ္ပမတ္တေန၊ မမေ့ မလျော့သော သတိတရားဖြင့်။ ဝိနိစ္ဆယံ၊ ဓမ္မ, အဓမ္မဝေဖန်ပြလျက် ကျနသေသပ် အဆုံးအဖြတ်စာတမ်းကို။ ကရိဿာမ၊ ဝိနည်းဓိုရ်အင်္ဂါ ငါးဖြာ ဆယ်လီ စုံညီမပျက် အချက်ပိုင်စေ ရေးစီရင်ပေကုန်အံ့။ ။

http://www.dhammadownload.com



## ဝိနည်းမိုရ်ဆရာတော်များ၏ ရပ်တည်ချက်

ယခုအခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ရပ်လုံး၏ တစ်သိန်းကျော် သံဃာတော်တို့၏ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၇)၊အပိုဒ်(၅၇) (ပြင်ဆင်ချက်-က)နှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးက စမ်းကလေးဝါဒကို ဓမ္မ, အဓမ္မ စိစစ်ဆုံးဖြတ်ပေးရန် အမှတ် (၁၁) နိုင်ငံတော် သီးခြားဝိနည်းမိုရ် အဖွဲ့ကိုဖွဲ့စည်း တာဝန်ပေးအပ်၍ စောဒက, စုဒိတက နှစ်ဦးနှစ်ဘက်တို့ကို မျက်နှာစုံညီ မိမိတို့စိတ်တိုင်းကျ အကြောင်းပြချက် အဖြာဖြာတို့ဖြင့် စောဒနာလွှာ, သောဓနာလွှာတို့ကို ကျမ်းဂန်အထောက် အထားပြ၍ ရေးသားတင်သွင်းစေခဲ့သည်။

အမှတ် (၁၁) နိုင်ငံတော်သီးခြား ဝိနည်းမိုရ်ဆရာတော်များသည် နှစ်ဘက်သော စောဒက, စုဒိတကတို့၏ စောဒနာလွှာ, သောဓနာလွှာတို့ကို သေချာစွာ အချိန်ယူ လေ့လာကြလျက် ပါဠိ အဋ္ဌကထာဋီကာ ထေရဝါဒ ပိဋကတ်တော်တို့နှင့် ညှိနှိုင်း၍ ဤကား ဓမ္မ, ဤကား အဓမ္မဟု ခွဲခြားပြီး ဝိနိစ္ဆယချမှတ်ဆုံးဖြတ်ကြမည်ဖြစ်ရာ-

ယော ဟိ ဘိက္ခု စတုဗ္ဗိဓဝိနယကောဝိဒေါ တိလက္ခဏာသမ္ပန္နော ဣမာနိ ဆဋ္ဌာနာနိ ဩလောကေတွာ အဓိကရဏံ ဝူပသမေဿတိ၊ တဿ ဝိနိစ္ဆယော အပ္ပဋိဝတ္တိယော၊ ဗုဒ္ဓေန သယံ နိသီဒိတွာ ဝိနိစ္ဆိတသဒိသော ဟောတိ။(ဝိ-၁၊ ၄-၂၀၂)

(က) လေးပါးအပြားရှိသော ဝိနည်း၌ လိမ္မာခြင်း။
(ခ) သုံးပါးသော လက္ခဏာနှင့် ပြည့်စုံခြင်း။
(ဂ) ခြောက်ပါးသောအရာ ဌာနတို့ကို ကြည့်ရှုခြင်း။

ဤ အင်္ဂါသုံးပါးတို့နှင့် အတတ်နိုင်ဆုံး ညီညွတ်အောင် အချိန်ယူကာ ကြိုးစားကြရပေသည်။

ဤ၌ အထက်ပါအချက်များကို ထင်ရှားအောင် ဖော်ပြလိုသေး၏။ အမှတ်(၁၁) နိုင်ငံတော် သီးခြားဝိနည်းမိုရ်ဆရာတော်များသည်---သုတ္တံ သုတ္တာနုလောမံ အာစရိယ ဝါဒံ အတ္တနောမတိန္တိ (ဝိ-၁၊ ၄-၁၉၆)ဟူသော

http://www.dhammadownload.com



အဋ္ဌကထာလာ မဟာပဒေသ စကားအရ-

(၁) သုတ္တ (ခေါ်) ပါဠိတော်ကို လေ့လာခြင်း။

(၂) သုတ္တာနုလောမ (ခေါ်) ပါဠိတော်နှင့် အဓိပ္ပာယ်တူ စကားရပ်များကို လေ့လာခြင်း။

(၃) အာစရိယဝါဒ (ခေါ်) ဗုဒ္ဓမတ္တညူ အဋ္ဌကထာ ဆရာကြီးများ၏ အယူအဆကို လေ့လာခြင်း။

(၄) အတ္တနောမတိ (ခေါ်) (အထက်ဖော်ပြပါ သုံးရပ်ကို မျက်ခြေမပြတ် ကြည့်ရှုဆင်ခြင် သက်ဝင်ညှိနှိုင်း၍) မိမိ အယူအဆကို ဖော်ထုတ်ခြင်း။

ဤသို့ဖြင့် စတုဗ္ဗိဓ ဝိနယကောဝိဒခေါ်သော (က) အမှတ်ပြ ပထမလက္ခဏာနှင့် ကောင်းစွာညီညွတ်စေလျက်--တဖန်--တီကာ ဟီ ဝိနယရေသလက္ခဏာနိ ဣစ္ဆိတဗ္ဗာနိ၊ ယင်းဝိနည်းအဋ္ဌကထာ (ဝိ-၁၊ ၄-၁၉၉) အဋ္ဌကထာလာ စကားအရ-

(၁) သုတ္တခေါ် ပါဠိတော်စကားကို နှစ်ပါးသော အာဂမ သဘာဝ ဝိနိစ္ဆယ ဉာဏ် ရင့်သန်အောင် ကြိုးစားခြင်း။

(၂) ပါဠိတော်၌ ရပ်တည်လျက် ဆွဲဆောင်ရာသို့ မပါအောင် ကြိုးစားခြင်း။

(၃) အာစရိယ ပရမ္ပရနယမှဋ္ဌိရမိ ကျွမ်းကျင်ရှိအောင် ကြိုးစားခြင်း။

ဤလက္ခဏာ သုံးပါးတည်းဟူသော (ခ) အမှတ်ပြ ဒုတိယလက္ခဏာနှင့် ကောင်းစွာ ပြည့်စုံစေကာ-ဆဋ္ဌာနာနိ ဩလောကေတဗ္ဗာနိအရ-

(၁) ဝတ္ထုခေါ် အမှု၏အခြေခံကို မှန်ကန်အောင် ကြည့်ရှုခြင်း။

(၂) မာတိကာခေါ် အစဉ်အဆက် အဖြစ်အပျက်ကို သုံးသပ်ကြည့်ရှုခြင်း။

(၃) ပဒဘာဇနီခေါ် ပတ်ဝန်းကျင်ကို ရှုမြင်ကြည့်ရှုခြင်း။

(၄) တိကပရိစ္ဆေဒခေါ် အစ-အလယ်-အဆုံးကို သိမ်းကျုံးကြည့်ရှုခြင်း။

http://www.dhammadownload.com



(၅) အန္တရာပတ္တိခေါ် အတွင်း၌ သင့်နိုင်သည့် အပြစ်ကို ကြည့်ရှုခြင်း။

(၆) အနာပတ္တိခေါ် အပြစ်လွတ်နိုင်ခွင့်ကို ကြည့်ရှုခြင်း။

ဤကြည့်ရှုခြင်း (၆) ရပ်ဟူသော (၈) အမှတ်ပြတတိယလက္ခဏာနှင့် ကောင်းစွာကုံလုံ ပြည့်စုံနိုင်သရွေ့ ပြည့်စုံစေကြပြီးလျှင် နေ့စဉ်တိုင်ပင်ဆွေးနွေးလျက် တွေးတွေးဆဆ ဝိနိစ္ဆယစာတမ်းကို ကြိုးပမ်းပြုစုကြရပေသည်။

ဆိုခဲ့ပြီးသော (၁) စတုဗ္ဗိဓဝိနယကောဝိဒ (၂) တိလက္ခဏာသမ္ပန္န၊ (၃)ဆဋ္ဌာနာနိ ဩလောကန ဤအင်္ဂါသုံးချက်နှင့် ပြည့်စုံစေ၍ ဖြစ်ပေါ်လာသော အဓိကရုဏ်းကို ငြိမ်းအေးစေပါမူ တဖန်ပြန်၍ မလှုပ်ရှားနိုင်တော့ပြီ၊ အပြီး သတ်ငြိမ်းအေးလေပြီ။ ဘုရားရှင်ကိုယ်တော်တိုင် ထိုင်၍ ဆုံးဖြတ်သည်နှင့် တူပေသည်ဟု မိန့်ဆိုထားလေသည်။

## တစ်နည်း မဟာပဒေသ (၄)ပါး

ရဟန်းတော် တစ်ပါးသည် မြတ်စွာဘုရားထံတော်မှ လည်းကောင်း၊ သံဃာ့ ဦးစီးမဟာထေရ်ကြီးများထံမှ လည်းကောင်း ကျောင်းတိုက်တစ်ခု၌ ဗဟုသုတလည်းရှိ၊ ပါဠိအာဂုံကိုလည်း နှုတ်ငုံဆောင်ထားကြကုန်သော မထေရ်များထံမှ လည်းကောင်း၊ ကျောင်းတိုက်တစ်ခု၌ ဗဟုသုတလည်းရှိ၊ ပါဠိအာဂုံကိုလည်း နှုတ်တက်အာဂုံဆောင်ထားသော မထေရ်တစ်ပါးထံမှ လည်းကောင်း၊ ထို (၄) ဦးတွင် တစ်ဦးဦးထံမှ ကြားနာခဲ့ရပါသည်၊ ဆောင်ထားခဲ့ရပါသည်ဟု ပြောဆိုလာခဲ့သော် ရှေးဦးစွာ လက်ခံမှုကိုလည်း မပြုပါနှင့်ဦး။ တားမြစ်မှုကိုလည်း မပြုပါနှင့်ဦး၊ လက်ခံခြင်း, တားမြစ်ခြင်း မပြုသေးပဲ ပုဒ်, ဗျည်း, အနက်အဓိပ္ပာယ်, အနုသန္ဓေစသည်ကို ကောင်းစွာ မှတ်သား၍ ဘုရားဟော ဒေသနာတော် သုတ္တဝိနယ၌ ချသွင်း ကြည့်ရမည်။

ဘုရားဟော ဒေသနာတော် သုတ္တဝိနယ၌ ချသွင်းကြည့်သော် အံဝင်ခွင်ကျ မဖြစ်ပါမူ ထိုပြောဆိုသောရဟန်း သင်ယူမှတ်သားလာခဲ့သည်မှာ ကောင်းစွာ သင်ယူမှတ်သားလာခဲ့သည် မဟုတ်ဟု ဆုံးဖြတ်ကာ ပယ်စွန့်ပြစ်ရမည်။ဘုရားဟော ဒေသနာတော် သုတ္တဝိနယ၌ ချသွင်းကြည့်၍ အံဝင်ခွင်ကျ ဖြစ်ပါမူ ထိုပြောဆိုသော ရဟန်းသင်ယူမှတ်သားလာခဲ့သည်မှာ ကောင်းစွာ သင်ယူမှတ်သား လာခဲ့ပေသည်ဟု ဆုံးဖြတ်ကာ လက်ခံရပေမည်။ ဒီဃ-၂၊၁၀၂)

http://www.dhammadownload.com



တတ္ထ အယံ ဓမ္မော အယံဝိနယောတိ ဓမ္မဝိနိစ္ဆယေ ပတ္တေ ဣမေ စတ္တာရော မဟာပဒေသာ ပမာဏံ။ယံ တွေ့ သမေတိ တဒေဝ ဂဟေတဗ္ဗံ။ ဣတရံ ဝိရဝန္တဿာပိ န ဂဟေတဗ္ဗံ။ (ဒီ၊ ဋ္ဌ-၂၊ ၁၅၇)

ဓမ္မဟူ၍လည်းကောင်း၊ အဓမ္မဟူ၍ လည်းကောင်း၊ ဝိနယဟူ၍ လည်းကောင်း၊ အဝိနယဟူ၍ လည်းကောင်း၊ အငြင်းအခုံ ဖြစ်လာခဲ့၍ ဝိနိစ္ဆယခုံရုံးသို့ ရောက်ခဲ့သော် ဤမဟာပဒေသလေးပါးသည်သာလိုရင်းဖြစ်သည်။ ဤ မဟာပဒေသလေးပါးနှင့် ကိုက်ညီသော် ဓမ္မဟူ၍လည်းကောင်း၊ ဝိနယ ဟူ၍ လည်းကောင်း လက်ခံယူရမည်။ မကိုက်ညီ သော် အဓမ္မဝါဒီ, ဝိနယဝါဒီ ပုဂ္ဂိုလ်တို့က မည်မျှပင် အပြောသန်သော်လည်း, ဆန့်ကျင်ဘက် ပြုနေသော်လည်း ထိုပုဂ္ဂိုလ်တို့၏စကားကို လက်မခံရဟု မိန့်ဆိုထားလေသည်။

## "ဝိနည်းမှုခိုရ် ပုဂ္ဂိုလ်တို့အတွက် လမ်းညွှန်ချက်"

အသမ္မတ္တံ န ဗျာကာတဗ္ဗံ၊ သမ္မတ္တံ ဓမ္မတော ဝိနယတော န ပရိဟာပေတဗ္ဗံ။ ယေန ဓမ္မေန ယေန ဝိနယေန သတ္ထုသာသနေန တံ အဓိ ကရဏံ ဝူပသမ္မတိ။ တထာ တံ အဓိကရဏံ ဝူပသမေတဗ္ဗံ။ (ဝိ-၅၊ ၂၉၀)

ဝိနည်းမှုခိုရ် ပုဂ္ဂိုလ်များသည် မိမိတို့ထံ မရောက်လာသေးသော အဓိ ကရုဏ်းမှုကို မပြောဆိုအပ်၊ မဆုံးဖြတ်အပ်။ ရောက်လာသော အဓိ ကရုဏ်း မှုခင်းကိုမူ ဓမ္မဝိနယမှ မဆုတ်ယုတ်စေအပ်။ ဓမ္မဝိနယသတ္ထု သာသနဖြင့်သာ ထိုအဓိကရုဏ်းကို ငြိမ်းစေရမည်ဟူသော အမိန့်တော်အရ ဘုရားရှင် ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီသာ ဆုံးဖြတ်ကြမည် ဖြစ်ပေသည်။

ပါဠိအဋ္ဌကထာဋ္ဌေဝ၊ သာမိပ္ပါယ- မသေသတော။
ဩဂယှ အပ္ပမတ္တေန၊ ကရဏီယော ဝိနိစ္ဆယော။
(ဝိ-ဋ္ဌ-၁၊ ၃၄၆)

ပါရာဇိကဏ်အဋ္ဌကထာ အနုသာသနီဂါထာ အတိုင်း သံဃာ့ဘောင် ဟု ဆိုအပ်သော နိုင်ငံတော်သီးခြား ဝိနည်းမှုခိုရ်ရအဖွဲ့ အမှတ်(၁၁) ရုံးတော်သို့ ရောက်လာသော ဤ စမ်းကလေး ဝါဒကို ထေရဝါဒ ပိဋကကတ်တော်လာ အဆိုအမိန့်များကို မကြွင်းကျန်စေရအောင် ဉာဏ်ဖြင့် သက်ဝင် ဆင်ခြင်သုံးသပ်ကြလျက် ဆုံးဖြတ်ခြင်းအမှုကို ပြုကြရပေတော့မည်။

http://www.dhammadownload.com



န စ အာမိသံ နိဿာယ၊ န စ နိဿာယ ပုဂ္ဂလံ။
ဉဘော ဧတေ ဝိ ဝဇ္ဇေတွာ၊ ယထာ ဓမ္မော တထာကရေ ။
(ဝိ-၅၊ ၂၈၄ )

အထက်ပါဂါထာလာ စကားတော်နှင့်အညီ ဝိနည်းခိုရ်ပုဂ္ဂိုလ်တို့သည် သက်နိုးစသော အာမိသကို လည်းကောင်း၊ ပုဂ္ဂိုလ်ကို လည်းကောင်း မငဲ့ကွက် မထောက်ထားမူ၍ (ဝါ) ထိုနှစ်မျိုးကို ငဲ့ကွက် ထောက်ထားမှု ကင်းမေလျက် တရားနည်းလမ်းအတိုင်းသာ ဆုံးဖြတ်ကြရမည် ဖြစ်ပေသည်။

## အဂတိတရား လေးပါး

(၁) ဆန္ဒာဂတိ။ မိမိနှင့်ချစ်ကျွမ်းဝင်သူ, လာဘ်ပေးသူအာမျက်နှာလိုက် ၍ အမှားဟုသိလျက် အမှန်ဟု ဆုံးဖြတ်ခြင်း။

(၂) ဒေါသာဂတိ။ မိမိမုန်းတီးနေသူ ဖြစ်သောကြောင့် အမှန်ဟု သိ-လျက် အမှားဟု ဆုံးဖြတ်ခြင်း။

(၃) မောဟာဂတိ။ အမှားအမှန် ဝေခွဲနိုင်သော ပညာဉာဏ်မရှိသော-ကြောင့် အမှားကို အမှန်၊ အမှန်ကို အမှားဟု ဆုံးဖြတ်ခြင်း။

(၄) ဘယာဂတိ။ လာမည့်ဘေးရန်ကို တွေးကြောက်၍ မိမိအားရန်ရှာနိုင်သူကို အနိုင်ပေး ဆုံးဖြတ်ခြင်း။

(အဘိ -၅- ၂၊ ၄၈၃ )

## အဂတိလေးပါး လိုက်စားပြစ်

ဆန္ဒာဂတိ ဂစ္ဆတော ခတံ ဉပဟတံ အတ္တာနံ ပရိဟရတိ၊ သာဝဇ္ဇောစ ဟောတိ၊ သာနုဝဇ္ဇောစ ဝိညူနံ၊ ဗဟုဉ္စ အပုညံ ပသဝတိ။ ( ဝိ- ၅၊ ၂၉၃)

ကြွင်းသော ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိတို့ အတွက်လည်း နည်းတူဟောထားတော်မူသည်။

အထက်ပါ ဂတိလေးပါးတွင် တစ်ပါးပါးကို လိုက်စားသော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို တူးဖြိုသည် မည်၏။ ဖျက်ဆီးသည်မည်၏။ အပြစ်လည်းရှိ၏။ သိတင်းသုံးဖော် အတူနေ ပုဂ္ဂိုလ်တို့၏ ကဲ့ရဲ့ခြင်းကိုလည်းခံရ၏။များစွာသော-

http://www.dhammadownload.com



မကောင်းမှု အကုသိုလ်တရားသည်လည်း တိုးပွား၏။ ယထာဘတံနိက္ခိတ္တော ဓဝံနိရယေ (ဝိ-၅၊ ၂၄၁) စကားတော်အရ ထိုအဂတိလေးပါးတွင် တစ်ပါးပါးကို လိုက်စားသော ပုဂ္ဂိုလ်သည် ဦးခေါင်းပေါ်, ပခုံးပေါ် တင်ဆောင်လာသော ဝန်ထုတ်ကို ပစ်ချလိုက်ဘိသကဲ့သို့ ငရဲ၌ ကျရောက်ရကြောင်း ဟောထား-တော် မူလေသည်။ ထို့ကြောင့် (အမှတ်-၁၁) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်များသည် အဂတိလေးပါး မလိုက်စားဘဲ ဘုရားရှင် ဟောထား တော်မူခဲ့သောထေရဝါဒဒေသနာတော်နှင့်အညီသာ ဆုံးဖြတ်တော်မူကြမည်။

## စောဒကပုဂ္ဂိုလ်, စုဒိတကပုဂ္ဂိုလ်တို့၏ စောဒနာလွှာ, သောစနာလွှာတို့ကို အကျဉ်းချုပ် ရေးသား၍ ဝိနည်းမိုရ် ဆရာတော်တို့၏ သုံးသပ်ချက်, ဆုံးဖြတ်ချက်များ

### အမှတ် (၁) စောဒနာချက်

ဗုဒ္ဓဒေသနာတော်အရ သောတာပန်ဟူသည် အရိယမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသူကို ခေါ်ပါသည်။ စမ်းကလေးဝါဒအရ သောတာပန်ဟူသည်--- အရိယ-မဂ္ဂင်ရှစ်ပါးရရေးအတွက် အနှောင့်အယှက်ဖြစ်သော သဒ္ဓါပီတိ, ဩဘာသ, ပဿတိဟူသော ဝိပဿနာညစ်ညူးကြောင်း တရားနှင့်ပင် မပြည့်စုံသူကို ခေါ်ပါသည်။ သို့ဖြစ်ပါ၍ စမ်းကလေးဆရာတော်၏ "သောတာပန်" ဟောစဉ်, ကျင့်စဉ်သည် ဗုဒ္ဓ၏ဒေသနာတော်နှင့် လုံးဝလွဲချော် မှားယွင်းသော မိစ္ဆာဝါဒ, အဓမ္မဝါဒဖြစ်ပါသည်ဟု-- သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်၊ ဒုတိယသာရိပုတ္တသုတ် (နှာ-၃၀၂)ကို ကိုးကား၍ စောဒကပုဂ္ဂိုလ်များက စွဲဆို ကြသည်။

### အမှတ် (၁) သောစနာချက်

တပည့်တော်၏ သောတာပန်ကျင့်စဉ်မှာ "မဇ္ဈိမပဋိပဒါ သတိပဋ္ဌာန် အလယ်လမ်း သောတာပန်တည်ခန်း"ဟု ခေါ်ဝေါ်သမုတ်ထားခြင်းကို ထောက်ရှုခြင်းအားဖြင့် ဗုဒ္ဓဘုရားရှင်၏ မဟာသတိပဋ္ဌာန် သုတ္တန်လာ မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါလမ်းမှ သွေဖီခြင်းမရှိပါ၊ ဗုဒ္ဓဒေသနာတော်က သော-တာပန်နှင့် တပည့်တော်၏ တရားအဆုံးအမ အရဖြစ်သော သောတာပန်မှာ ဗုဒ္ဓအလိုကျဖြစ်၍ မခြားနားပါ၊ ထို့ကြောင့် တပည့်တော်၏ သောတာပန် ကျင့်စဉ်မှာ အဓမ္မဝါဒ မဟုတ်ပါဟု-- စုဒိတက ပုဂ္ဂိုလ်က ချေပသည်။

http://www.dhammadownload.com



## အမှတ် (၁) သုံးသပ်ချက်

ဤ၌ စောဒနာချက်အပေါ် ရှေးဦးစွာ သုံးသပ်ပြီးအံ့၊ စောဒကဆရာတော်များ အလို သောတာပန်ဟူသည် သောတာပန္န ပါဠိမှ ဆင်းသက်လာသည်၊ သောတ အာပန္နဟု ပုဒ်ခွဲ၍ သောတအရ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ စသည့် အရိယမဂ္ဂင်ရှစ်ပါး အရကောက်သည်၊အာပန္နအရ (၎င်း မဂ္ဂင်ရှစ်ပါး နှင့်) ပြည့်စုံသော သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်ကို အရကောက်သည်၊မဟာဝဂ္ဂသံယုတ် ဒုတိယသာရိပုတ္တသုတ်လာ-

> သော တော သောတောတိ ဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမော နုခေါ သာရိပုတ္တ သောတောတိ၊ အယမေဝ ဟိ ဘန္တေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သော တော၊ သေယျထိဒံ-သမ္မာဒိဋ္ဌိ (ပ) သမ္မာသမာဓိ။ (သံ-၃၊ ၃၀၂)

ဟူသော ပါဠိတော်ကို ကိုးကားတင်ပြသည်။

> "သောတာပန္နော သောတာပန္နော" တိ ဟိဒံ သာရိပုတ္တ ဝုစ္စတိ၊ ကတမောနုခေါ သာရိပုတ္တ သောတာပန္နောတိ။

စသည့် ယင်း (သံ-၃၊ ၃၀၂) သုတ်လာစကားကိုပင် ကိုးကား၍ သောတာပန်ပုဂ္ဂိုလ်အရ အရိယမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသူသည် သောတာပန်ဖြစ်သည် ဟု မိမိ စကားကို ခိုင်မြဲစေသည်။

ယင်း စကားရပ်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် မေး၍ ပညာအရာ ဧတဒဂ်ရ အရှင်သာရိပုတ္တရာထေရ်က ဖြေကြားသော စကားရပ် ဖြစ်သည်၊ မြတ်စွာဘုရားကိုယ်တော်ကလည်း သာဓု-သာဓု သာရိပုတ္တ၊ စသည်ဖြင့် အရှင်သာရိပုတ္တရာ၏ ဖြေကြားချက်ကို သာဓုခေါ်၍ အတည်ပြု လက်ခံတော်မူသည်။ ထို့ကြောင့် ထိုပါဠိတော် လာတိုင်း သောတ+အာပန္န၊ သောတာပန္န၌ သောတအရ အရိယ မဂ္ဂင်ရှစ်ပါးကိုယူ၍ အာပန္န (သောတာပန္န)အရ ၎င်း အရိယမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသူကို ယူရမည်မှာ သေချာပေသည်။

စုဒိတက စမ်းကလေးဆရာတော်၏ သောနော (၁) ကို သုံးသပ်ပြီးအံ့-

စမ်းကလေးဆရာတော် အလိုမှု သောတာပန္နပုဒ်ကို သောတ အာပန္နပုဒ် ခွဲ၍ သောတအရ သဒ္ဓါ ပီတိ လောမဟံသ ပဿဒ္ဓိ ဩဘာသ (၅) မျိုးကို ယူသည်၊ ထိုတွင်-

http://www.dhammadownload.com



(က) ယောဂီပုဂ္ဂိုလ်သန္တာန်၌ သဒ္ဓါ (ယုံကြည်မှု)နှင့် ပီတိ(ကြည်နူးမှု) ဤ (၂)မျိုးဖြစ်ပေါ်လျှင် သတ္တက္ခတ္တုပရမ သောတာပန်ဟု သတ်မှတ်ပေးသည်။

(ခ) ယောဂီပုဂ္ဂိုလ်သန္တာန်၌ သဒ္ဓါပီတိ (ယုံကြည်မှုနှင့်ယှဉ်သော ဇောစိတ္တုပ္ပါဒ်)နှင့် လောမဟံသ (ကြက်သီးကလေးထခြင်း)ဤ (၂) မျိုး ဖြစ်ပေါ်လျှင် ကောလံ ကောလ သောတာပန်ဟု သတ်မှတ် ပေးသည်။

(ဂ) ယောဂီပုဂ္ဂိုလ်သန္တာန်၌ သဒ္ဓါ (ယုံကြည်မှု) ပီတိ (ကြည်နူးမှု) ပဿဒ္ဓိ (ရင်ထဲမှာ အေးကနဲဖြစ်မှု)နှင့် ဩဘာသ ပဘဿရ (ဝင်းကနဲ အလင်းရောင်လက်မှု) ဤ (၄) မျိုး ဖြစ်ပေါ်လျှင် ဧကဗီဇီ သောတာပန်ဟု သတ်မှတ်ပေးသည်။

သောတ+အာပန္န၌ သောတအရ သဒ္ဓါ-ပီတိ-လောမဟံသ-ပဿဒ္ဓိ-ဩဘာသ (၅) မျိုးကို ယူရမည်ဟူ၍လည်းကောင်း၊ ၎င်း (၅)မျိုးနှင့် ပြည့်စုံသူကို သောတာပန္န သောတာပန်ပုဂ္ဂိုလ် ယူရမည်ဟူ၍လည်းကောင်း- ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ မိန့်ဆိုချက်မရှိ၊ စမ်းကလေးဆရာတော်၏ အယူအဆသာ ဖြစ်သည်။

(က) သဒ္ဓါပီတိနှစ်မျိုးနှင့် ပြည့်စုံသူသည် သတ္တက္ခတ္တုပရမ သောတာပန်မည်၏။ (ခ)သဒ္ဓါ ပီတိ လောမဟံသ (၃)မျိုးနှင့် ပြည့်စုံသူသည် ကောလံ ကောလ သောတာပန်မည်၏။ (ဂ)သဒ္ဓါ ပီတိ ပဿဒ္ဓိ ဩဘာသ (၄)မျိုးနှင့် ပြည့်စုံသူသည် ဧကဗီဇီ သောတာပန်မည်၏ ဟု -ဤကဲ့သို့ သောတာပန် (၃)မျိုး ခွဲခြား ဟောပြောမှု, ခွဲခြားသတ်မှတ်မှုသည်လည်း ပါဠိတော် အဋ္ဌကထာဋီကာ အားလုံးတို့၌မရှိ၊ စမ်းကလေးဆရာတော်၏ အယူအဆသာ ဖြစ်သည်။ (၎င်း သောတာပန် (၃)မျိုးတို့၏ အကျယ်အဓိပ္ပာယ်ကို စောဒနာ အမှတ် (၁၁) ရောက်မှ ရေးသားပြပေအံ့)

စုဒိတက စမ်းကလေးဆရာတော်က သူ၏စကားကို ခိုင်မြဲအောင် မဟာဝဂ္ဂသံယုတ်-၂၉၉ လာ-ဖြဟ္မစရိယောဂဓာသုတ် (မြန်မာပြန်)ကို ကိုးကားပြသည်။၎င်းကိုးကားပြအပ်သော ပါဠိတော်သာဓကစကားနှင့် သူ၏ သာဓကစကားတို့ မစပ်ဟပ်မိချေ၊ ချဲ့ဦးအံ့-

http://www.dhammadownload.com



၎င်း သံယုတ်ပါဠိတော်၌-

" စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော အရိယသာဝကော သောတာပန္နော ဟောတိ၊ (က) ဗုဒ္ဓေ အဝေစ္စပသာဒေန သမန္နာဂတော၊ (ခ) ဓမ္မေ၊ (ဂ) သံဃေ၊ (ဃ) အရိယကန္တေဟိ သီလေဟိ သမန္နာဂတော"

စသည်ဖြင့် ရှေးဦးစွာ သောတာပန်အင်္ဂါ (၄)ပါးကို စုဏ္ဏိယ စကားပြေဖြင့် ဟောပြီး၍-

ယေသံ သဒ္ဓါစ သီလဉ္စ၊ ပသာဒေါ ဓမ္မဒဿနံ။
တေ ဝေ ကာလေန ပစ္စေန္တိ၊ ဗြဟ္မစရိယောဂဓံသုခံ။

ဟု ဂါထာဖြင့် ဟောကြားသည်။

ထိုဂါထာ၌ သဒ္ဓါ, သီလ, ပသာဒ, ဓမ္မဒဿနဟု အင်္ဂါ (၄)မျိုးပါရှိသည်။ ၎င်းကို စုဏ္ဏိယပါဠိနှင့် စပ်ဟပ်၍ ယူသော် "သဒ္ဓါစဖြင့် ဗုဒ္ဓေ အဝေစ္စ-ပသာဒေန သမန္နာဂတော ကို အကျဉ်းပြသည်၊ "သီလဉ္စ"ဖြင့် အရိယ ကန္တေဟိ သီလေဟိ သမန္နာဂတော ကို အကျဉ်းပြသည်၊ "ပသာဒေါ" ဖြင့် သံဃေ အဝေစ္စ ပသာဒေန သမန္နာဂတော ကို အကျဉ်းပြသည်၊ "ဓမ္မဒဿနံ"ဖြင့် ဓမ္မေ အဝေစ္စ ပသာဒေန သမန္နာဂတောကို အကျဉ်း ပြသည်။

ထို့ကြောင့် ဤဂါထာဖြင့် သောတာပန်၏ အင်္ဂါ (၄)မျိုးကို ပြသည်၊ အင်္ဂါ (၄)မျိုးကို အကျဉ်းချုံးလျှင် သဒ္ဓါ သီလ (၂)မျိုးသာ ဖြစ်သည်၊ (သံ-၅-၃၊ ၃၀၈) ဗုဒ္ဓ ဓမ္မ သံဃတို့၌ ယုံကြည်မှုသဒ္ဓါနှင့် ငါးပါးသီလ ဤ (၂)မျိုးသော တရားတို့ သောတာပန်ဖြစ်ပြီး ပုဂ္ဂိုလ်၏ သန္တာန်၌ စွဲစွဲမြဲမြဲ တည်ရှိပြည့်စုံသည်ဟု ဖော်ပြသည်၊ စမ်းကလေးဆရာတော် ဆိုသကဲ့သို့ သဒ္ဓါ ပီတိ လောမဟံသ ပဿဒ္ဓိ ဩဘာသ (၅)မျိုးနှင့် ပြည့်စုံသူသည် သောတာပန်မည်၏ဟု မဖော်ပြချေ၊ ထို့ပြင် သဒ္ဓါ ပီတိ (၂)မျိုးနှင့် ပြည့်စုံလျှင် သတ္တက္ခတ္တုပရမ သောတာပန် ဖြစ်၏၊ စသည့် သောတာပန် (၃)မျိုးကို ခွဲခြားဖော်ပြမှုလည်း မပါရှိ ချေ၊ သို့ဖြစ်၍ စုဒိတကတင်ပြသော ဗြဟ္မစရိယောဂဓာသုတ် (မြန်မာပြန်) သည် သာဓကနှင့်သာဓျ စပ်ဟပ်မှုမရှိ၍ သာ့ဓကမမြောက်ဟု ဝိနည်းမိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

http://www.dhammadownload.com



## အမှတ် (၁) ဆုံးဖြတ်ချက်

ဤ ဖော်ပြခဲ့ပြီးသော သုံးသပ်ချက်များအရ သောတာပန်နှင့် စပ်လျဉ်း၍ စမ်းကလေးဆရာတော်၏ ဟောပြောချက်, ရေးသားချက်များသည် မြတ်စွာဘုရား ဟောကြားအပ်သော တရားမဟုတ်သောကြောင့် အဓမ္မဝါဒများသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

## အမှတ် (၂) စောဒနာချက်

ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ အရိယာဖြစ်ကြောင်း ကျင့်စဉ် ဟူသည် "သီလ, သမာဓိ, ပညာ" ဟူသော သိက္ခာ (၃)မျိုး ကျင့်စဉ် ဖြစ်ပါသည်။ စမ်းကလေးဆရာတော်၏ သောတာပန်ဖြစ်ကြောင်း ကျင့်စဉ်မှာ "သမာဓိ" "ဖြုတ်ပယ်ကာ" "သဒ္ဓါ" ကို အစားထိုးထားသော လမ်းစဉ်တိုကျင့်စဉ် ဖြစ်ပါသည်။

သီလကျင့်စဉ်အရာ၌လည်း ဗုဒ္ဓ၏ထေရဝါဒဒေသနာတော်လာ သီလကျင့်စဉ်ဟူသည် သီလသိက္ခာ, သီလမဂ္ဂင်, သီလသာသနာ ဝိနည်း ပိဋကတ်-ပါဠိတော်ကြီး၌ အကျုံးဝင်သော စေတနာ, ဝိရတီ(၃)ပါး, အလောဘ, အဒေါသ,ပညာ, ဝီရိယ, သတိ, စေတသိက်များ ပြဋ္ဌာန်းသော စိတ်အပါအဝင် စိတ္တုပ္ပါဒ် (နာမ်) တရားများဖြစ်ပါသည်၊ စမ်းကလေးဆရာတော်၏ "သီလကျင့်စဉ်"ဟူသည် ကျောက်စာတိုင်လို မယိမ်းမယိုင် ငုတ်တုတ်ထိုင် နေသော ရုပ်ခန္ဓာကိုယ်ကြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စမ်းကလေးဝါဒ သောတာပန်ဖြစ်ကြောင်းလမ်းကို ကျင့်စဉ်နှင့် သီလကျင့်စဉ်သည် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်နှင့် လုံးဝလွဲချော်မှားယွင်း နေသော မိစ္ဆာဝါဒ, အဓမ္မဝါဒဖြစ်ပါသည်ဟုကျမ်းကိုး သာဓကများဖြင့် စွဲဆိုကြသည်။

## အမှတ်(၂)သောနေချက်

ဗုဒ္ဓ၏ အလိုတော်ကျ ဘုရားစကားကို ဦးထိပ်ပန်ဆင်လျက် ဆောင်ရွက် နေသော သောတာပန်ဖြစ်ကြောင်းအကျင့်လမ်းသည် အနာဂတ် ဓမ္မ သာသနာပြုလုပ်ငန်းစဉ်ဖြစ်ပါသည်။

သီလ, သမာဓိ, ပညာ သိက္ခာ(၃) ပါး ကျင့်စဉ်သည် ရဟန်းတော်များ အတွက် "ရဟန်းလမ်း"၊ "လမ်းရှည်" ကျင့်စဉ်ဖြစ်ပါသည်၊ သီလ, သဒ္ဓါ, ပညာ

http://www.dhammadownload.com



ကျင့်စဉ်သည် လူပုဂ္ဂိုလ်များအတွက် "လူလမ်း"၊ "လမ်းတို" ကျင့်စဉ်ဖြစ်ပါသည်၊ လူပုဂ္ဂိုလ်များအား သဒ္ဓါရှေ့ဆောင်အခြေခံ၍ ခဏိက သမာဓိနှင့်ပင်မဂ် ကျအောင် ဟောပေးပါသည်။

သီလ, သမာဓိ, ပညာကျင့်စဉ်ဖြင့် မဂ်ဖိုလ်ရသူများကို ဓမ္မါနုသာရီပုဂ္ဂိုလ်၊ သီလ,သဒ္ဓါ,ပညာလမ်းတိုကျင့်စဉ်ဖြင့် မဂ်ဖိုလ်ရသူများကို "သဒ္ဓါနုသာရီ (သဒ္ဓါရှေ့ဆောင်)"ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

ရှောင်သီလ, ကျင့်သီလ နှစ်မျိုးဖြင့် သီလဝိသုဒ္ဓိကိုပြည့်စုံစေပါသည်။ ကြည်ညိုသော သဒ္ဓါဖြင့် စိတ္တဝိသုဒ္ဓိကိုပြည့်စုံစေပါသည်။ ၎င်းသဒ္ဓါဖြင့်ပင် ဝိစိကိစ္ဆာ(သံသယ)ကို ပယ်ဖျောက်ပေးသဖြင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိကို ပြည့်စုံစေပါသည်။ ထို့နောက် မဂ်ကျ၍ မဂ်ပညာဖြင့် သောတာပန်(၃)မျိုးတွင် တစ်မျိုးမျိုး ဖြစ်ပါသည်။

ကျမ်းဂန်များတွင်ပြသော အရိယာမဂ္ဂင်ရှစ်ပါးသည် အကျိုးမဂ္ဂင်သာ ဖြစ်ပါသည်။ ပရိယတ္တိစာပေသည် အမှန်ကို ဒိဋ္ဌမြင်အောင်မပြနိုင်၊ ဉာဏ်ကြီးသူတို့အတွက် မှန်းဆသိနိုင်ရုံမျှသာ စွမ်းနိုင်ပါသည်။

သို့ဖြစ်ပါ၍ တပည့်တော်၏ သောတာပန်ဖြစ်ကြောင်း ကျင့်စဉ်သည် ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ ကျင့်စဉ်နှင့် ခြားနားခြင်းမရှိသဖြင့် ဓမ္မဝါဒသာ ဖြစ်ပါသည်ဟု စုဒိတက ပုဂ္ဂိုလ်က ချေပသည်။

## အမှတ်(၂) သုံးသပ်ချက်

အမှတ်(၂)စောဒနာ, သောနောတို့၌ ဗုဒ္ဓ၏ သမ္မာဝါဒကျင့်စဉ် စမ်းကလေးဆရာတော်၏ လမ်းတို ဝါဒကျင့်စဉ်တို့နှင့် စပ်းလျဉ်း၍ စောဒက ပုဂ္ဂိုလ်တို့က ပါဠိတော်အဋ္ဌကထာ အထောက်အထားတို့ဖြင့် စုံလင်စွာ တင်ပြ ထားကြသည့်အတွက် ၎င်းတို့၏ စောဒနာလွှာကို အထူးထပ်မံ၍ မသုံးသပ်တော့ဘဲ စုဒိတက၏ သောနောလွှာကိုသာ အဓိက ထား၍ သုံးသပ် ပြပေအံ့။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သီလ, သမာဓိ, ပညာ လမ်းစဉ် (မဇ္ဈိမပဋိပဒါမဂ္ဂင်ရှစ်ပါးလမ်းစဉ်) သည် ဘုရားရှင် ပဌမဦးဆုံး ဟောကြားတော်မူအပ်သော ဓမ္မစကြာတရားတော် (ဝိ-၃၊၄၊သံ-၃၊ ၃၆၈)၌ လည်းကောင်း၊ အလယ်၌ ဟောကြားအပ်သော မဂ္ဂသံယုတ် မဂ္ဂဝိဘင်း

http://www.dhammadownload.com



ပါဠိတော် (သံ-၃၊၁၊၅၇) စသည်တို့၌လည်းကောင်း၊ နောက်ဆုံး သုဘဒ္ဒ ပရိဗိုဇ်အား ဟောကြားတော်မူအပ်သည့်-

"ယသ္မိံ စ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော
အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ၊ သမဏောပိ ဥပလဗ္ဘတိ"

ဟူသော မဟာပရိနိဗ္ဗာန သုတ် (ဒီ-၂၊ ၁၂၇)၌လည်းကောင်း၊ အထင်အရှား ရှိပေသည်။ မဂ္ဂင်ရှစ်ပါးရှိသည့် အကျင့်လမ်းစဉ်ကို ကျင့်မှသာ သောတာပန် သကဒါဂါမိ စသည့် အရိယာပုဂ္ဂိုလ်ဖြစ်နိုင်သည်။ မဂ္ဂင်ရှစ်ပါးမရှိသည့် အကျင့်လမ်းစဉ်ကို ကျင့်လျှင် သောတာပန် သကဒါဂါမိ စသည် မဖြစ်နိုင်ဟု တိုက်ရိုက် ရှင်းရှင်းလင်းလင်း ဟောတော်မူထားပေသည်။

ယခုစမ်းကလေးဆရာတော်၏ လမ်းစဉ်၌ သီလ, သဒ္ဓါ, ပညာဟု (၃)ပါး ပြထားရာ၊ သမာဓိသိက္ခာ (၃)ပါးဖြစ်သည့် သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိမဂ္ဂင်(၃)ပါး မပါသဖြင့် မဂ္ဂင်(၅)ပါးသာ ရနေသည်။ ထိုမဂ္ဂင် (၅)ပါးတွင်လည်း ပညာအရ အကျိုးအရိယမဂ်ပညာတစ်ပါးကိုသာ ယူထားသဖြင့် အကြောင်းသမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပမဂ္ဂင်(၂)ပါးကို မရတော့ချေ။ ထို့ကြောင့် စမ်းကလေး ဆရာတော်အလိုမူ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော သီလမဂ္ဂင်(၃)ပါးသာ ရနေ၏။ ထိုမဂ္ဂင်(၃)ပါးအပြင် သဒ္ဓါကို ကျင့်စဉ်တွင် ထည့်သွင်းလိုက်၏။

ဎင်းစမ်းကလေးဆရာတော်အလိုအရ သီလဖြင့် သီလဝိသုဒ္ဓိကို ရနိုင်၍ သဒ္ဓါဖြင့် စိတ္တဝိသုဒ္ဓိနှင့် သံသယကင်းပျောက်ကာ ကင်္ခါဝိတရဏဝိသုဒ္ဓိကို ရနိုင်သည်။ ထိုသို့ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ (၃)ပါး နှင့် ပြည့်စုံရကား သောတာပန်(၃)မျိုးတွင် တစ်မျိုးမျိုးဖြစ်သည်ဟု ဖော်ပြထားပေသည်။

စမ်းကလေးဆရာတော်၏ စကားကို စိစစ်ကြည့်သော်-ရှောင်သီလ ကျင့်သီလ(၂)မျိုးဖြင့် သီလဝိသုဒ္ဓိကို ပြသည်ဟုပြောရာ၌ စောဒနာဖွယ်မလို, သီလဝိသုဒ္ဓိကိုပြနိုင်ပေသည်။ သဒ္ဓါဖြင့် စိတ္တဝိသုဒ္ဓိကို ပြနိုင်၏ဟု ကျမ်းဂန်တို့၌ မဆိုချေ၊ စိတ္တဝိသုဒ္ဓိ-စိတ်စင်ကြယ်ဟူသည်လည်း သုတ္တန်ဒေသနာတော်ဖြစ်၍ စိတ်ကိုပဓာနထားပြီးဟောခြင်းဖြစ်သည်။ အမှန်မှာ သမာဓိဝိသုဒ္ဓိဟု ဆိုလိုရင်းဖြစ်သည်၊ ထို့ကြောင့် ဥပစာရသမာဓိ, အပ္ပနာသမာဓိ တစ်ခုခုရှိမှ

http://www.dhammadownload.com



စိတ္တဝိသုဒ္ဓိဖြစ်သည်။ အနည်းဆုံး ခဏိကသမာဓိနှင့် ပြည့်စုံမှ စိတ္တသုဒ္ဓိဖြစ်သည်။ (ဝိသုဒ္ဓိ-၂၊ ၂၂၂) ဤကဲ့သို့ သမာဓိကို ကျင့်စဉ်၌ ဖယ်ရှားလိုက်သဖြင့် မဂ္ဂင်ရှစ်ပါး မပြည့်စုံတော့ချေ၊ သမာဓိမဂ္ဂင်(၃)ပါးလျော့သွားပေသည်။

ထို့ပြင် ပညာအရကိုလည်း အကျိုးမဂ်ပညာကိုသာယူထားသည်။ အကြောင်းဖြစ်သည့် ပုဗ္ဗဘာဂဝိပဿနာ ပညာမဂ္ဂင်မပါရှိချေ၊ အကြောင်းဝိပဿနာပညာမပါရှိပဲ သီလ, သဒ္ဓါ အကြောင်း(၂)ပါးဖြင့် သော် ဘယ်နည်းနဲ့မျှ မဂ်ဖိုလ်ကိုမရနိုင်ပေ၊ စမ်းကလေးဆရာတော်က သူ၏ ဟောကွက်, ကျင့်ကွက်တရား၌ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ဤဝိသုဒ္ဓိ(၃)ပါးဖြင့် မဂ်ဇောကျသည်ဟုဟောပြောထားရာ၊ ၎င်းကျင့်စဉ်၌ ဒိဋ္ဌိဝိသုဒ္ဓိကျင့်စဉ် မပါဝင်ချေ။

လက္ခဏ ရသ ပစ္စုပဋ္ဌာန (ပဒဋ္ဌာန) ဝသေနနာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ-နာမ။ (အဘိဓမ္မတ္ထသင်္ဂဟ -ဝိသုဒ္ဓိ-၂၊ ၂၂၂)

စိတ်စေတသိက်ရုပ်တရားတို့ကို တစ်ခုချင်း လက္ခဏ ရသ ပစ္စုပဋ္ဌာန်(ပဒဋ္ဌာန်) တို့၏ အစွမ်းဖြင့် သိမြင်အောင်နှလုံးသွင်းလေ့လာပြီးမှ ဒိဋ္ဌိကွာ၍ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည်၊ စမ်းကလေးဆရာတော်ဟောသော တရား၌ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံမပါဝင်ချေ၊

ထို့ပြင် စမ်းကလေးထရား၌ သီလ, သဒ္ဓါ, ပညာ (၃)မျိုးတို့တွင် သဒ္ဓါဖြင့်သံသယကို ပယ်ဖျောက်ပြီး ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်၏ဟု ဆိုရာ ကျမ်းဂန်တို့၌ထိုကဲ့သို့ အဆိုအမိန့်မရှိချေ။

နာမရူပဿ ပစ္စယ ပရိဂ္ဂဟဏေန တီသု အဒ္ဓါသု
ကင်္ခံ ဝိတရိတွာ ဋ္ဌိတံ ဉာဏံ ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ။
(ဝိသုဒ္ဓိ-၂၊ ၂၃၃)

နာမ်တရားတို့၏ အကြောင်းဖြစ်သည့် ကံ, စိတ်, ဥတု, အာဟာရ(၄)ပါးတို့ကိုလည်းကောင်း၊ အဝိဇ္ဇာ, သင်္ခါရဝိညာဉ် စသည့် ပဋိစ္စသမုပ္ပါဒ်အကြောင်း(၁၂)ရပ် တို့ကိုလည်းကောင်း၊ ဟေတုပစ္စည်း, အာရမ္မဏပစ္စည်းစသည့် (၂၄)ပစ္စည်းတို့ကိုလည်းကောင်း လေ့လာနှလုံးသွင်း၍ ရုပ်တရား နာမ်တရား

http://www.dhammadownload.com



တို့သည် ၎င်းအကြောင်းတရားတို့ကြောင့် ဖြစ်ပျက်နေသည့် သင်္ခါရသဘော တရားများသာတည်း၊ ပြဟ္မာ ဗိဿနိုးတန်ခိုးရှင်များကြောင့် ဖြစ်ပေါ်နေသည် မဟုတ်ဟု အကြောင်းအကျိုးဆင်ခြင်သဘောပေါက်မှ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဉာဏ်ဖြစ်သည်။ ထို့ကြောင့် စမ်းကလေးဆရာတော်အလို စိတ္တဝိသုဒ္ဓိ, ကင်္ခါ ဝိတရဏဝိသုဒ္ဓိတို့လည်း မဖြစ်နိုင်တော့ချေ။ သီလဝိသုဒ္ဓိတစ်ပါးသာဖြစ်နိုင် တော့သည်ဟု သုံးသပ်တော်မူကြသည်။

သီလကျင့်စဉ်နှင့်ပတ်သက်၍ စုဒိတကစမ်းကလေး၏ဟောပြောမှုတို့ကို တင်ပြ၍ စောဒနာအရာ၌ စောဒကဆရာတော်တို့က ယင်း အကျယ်ရေး သားချက် များအပြင် အကျဉ်းချုပ်အဓိပ္ပါယ်ကောက်ချက်တို့ကိုပါ ဖော်ပြ၍ ပါဠိတော်အဋ္ဌကထာလာ သီလကောက်ယူပုံတို့ကို စုံလင်စွာ ထုတ်ဆောင် ကိုးကားတင်ပြ စောဒနာထားကြသည်။

စုဒိတကစမ်းကလေးကလည်း ၎င်းစောဒနာနှင့် စပ်၍ "တပည့်တော်၏ ဟောကွက်ကျင့်ကွက်နှင့် တကွ ချီးမြှင့်သောတရားပွဲ၌ မျက်စိ, နား, နှာ,လျှာ, ကိုယ်စသော ဣန္ဒြေတို့ကိုငြိမ်သက်စွာ ထားလိုက်ခြင်းသည် မဂ်မကျမီရှေ့အဖို့ ကာယကံ, ဝစီကံတို့ကိုလုံခြုံစွာထိန်းသိမ်းပြီးဖြစ်၍ လည်းကောင်း၊ မဂ်တစ်ခုကျစေရန် အကြောင်းခံတစ်ခုဖြစ်၍လည်းကောင်း၊ သစ္စာဉာဏ်ရရှိစေရန် အကြောင်းခံဖြစ်၍လည်းကောင်း၊ အဓိဂမသီလ (ဝါ) ကျင့်သီလ(ဝါ)သစ္စာသီလ ဟူ၍ဖြစ်ပါသည်"ဟု-သောခနောခဲ့လေ သည်။ (သောခနောလွှာ၊ နောက်ဆက်တွဲနှာ-၅)

သီလ အရကောက်ပုံကို စောဒကဆရာတော်တို့ကပင် ပါဠိအဋ္ဌကထာ တို့မှ ကောက်နုတ်တင်ပြရှင်းလင်းထားသဖြင့် စောဒနာလွှာ၌ လွန်စွာရှင်းလင်း သိသာ၍ နေသည်ကို တွေ့ရသည်။

စုဒိတက စမ်းကလေးဆရာတော်သည် သူ့ဟောစဉ်တရားတိတ်ခွေများ၌ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ထိုင်နေတဲ့ ခန္ဓာကိုယ်ကြီးကို အဓိဂမ သီလကောက်ဟု ဆိုထားပြီးမှ ယခုတစ်ဖန် သောခနောလွှာတွင် မျက်စိ, နား,နှာ, လျှာ, ကိုယ်စသည်တို့ကို ငြိမ်သက်စွာထားခြင်းသည် အဓိဂမသီလ (ဝါ) ကျင့်သီလ(ဝါ) သစ္စာသီလဟု တမျိုးတဖုံ ကောက်ယူပြ ခြင်းဖြစ်သည်။ သောခနောလွှာရှေ့ပိုင်း အကြောင်းပြနိဒါန်းလွှာ (နှာ-၁၇)သက္ကာယဒိဋ္ဌိ

http://www.dhammadownload.com



ပြုတ်လျှင် နိဗ္ဗာန်မြင်တရားတော်၌မူ “ရဟန်းရှင်လူ သူတော်စဉ်တို့ မျက်စိ, နား, နှာခေါင်း, ပါးစပ်, ကိုယ်, စိတ်, ကျင့်ကွက်တွင်းမှာ အကျဉ်းအားဖြင့် လုံခြုံနေခြင်းသည် အမိဂမသဒ္ဓါကောက်၊ ကျင့်သဒ္ဓါကောက် ဟု-ဆိုထား သဖြင့်စကျေစသောဣန္ဒြေတို့လုံခြုံနေခြင်းကို အမိဂမသဒ္ဓါဟု ဖလွဲလွဲ အမှားမှား ကောက်ယူထားသည်ကိုလည်း တွေ့ရပေသည်။

အခါတပါး မြတ်စွာဘုရားသခင် ဂဇင်္ဂလနိဂုံး သုဝေဠုတောအုပ်၌ သီတင်းသုံးနေတော်မူစဉ် မိမိထံသို့ချဉ်းကပ်၍ သင့်လျော်ရာအရပ်၌ ထိုင်နေသော ပါရာသိဝိယပုဏ္ဏားအား၏ တပည့်ဥတ္တရကို “ဥတ္တရ-အဘယ်သို့ လျှင် ပါရာသိဝိယပုဏ္ဏားသည် တပည့်တို့အား ဣန္ဒြေတို့ကို ပွားများ ခြင်းကို ဟောပြောသနည်း” ဟု မေးတော်မူ၏၊ ဥတ္တရလုလင်က -အသျှင် ဂေါတမ- ဤလောက၌ မျက်စိဖြင့် ရူပါရုံကို မရှုအပ် (မကြည့်အပ်)၊ နားဖြင့်သဒ္ဒါရုံကို မကြားအပ်၊ နားမထောင်အပ်၊ အသျှင်ဂေါတမ- ဤသို့လျှင် ပါရာသိဝိယပုဏ္ဏားသည် တပည့်တို့အား ဣန္ဒြေတို့ကိုပွားများ ခြင်းကို ဟောပြော၏-ဟု လျှောက်ထား၏၊ ဥတ္တရ-ပါရာသိ ဝိယပုဏ္ဏား၏ စကားသည် ဤသို့ဖြစ်သော်-ကန်းသောသူသည် ပွားပြီးသောဣန္ဒြေရှိ သည်ဖြစ်လတ္တံ့,“နားပင်းသောသူသည် ပွားပြီးသောဣန္ဒြေရှိသည် ဖြစ်လတ္တံ့၊ ဥတ္တရ-ကန်းသောသူသည် ရူပါရုံကို မမြင်၊ နားပင်းသော သူသည် သဒ္ဒါရုံကိုမကြားဟုမိန့်တော်မူ၏။

(ဥပရိပဏ္ဏာသ မြန်မာပြန်-နှာ-၃၅၂)

ဤဒေသနာ၌ ဘုရားရှင်၏မိန့်လိုရင်းမှာ-မျက်စိဖြင့် ရူပါရုံကိုမကြည့်ဘဲ, နားဖြင့် သဒ္ဒါရုံကိုနားမထောင်ဘဲ နေရုံမျှဖြင့် ဣန္ဒြိယဘာဝနာ မဖြစ်နိုင် ဟုဆိုလိုရင်းဖြစ်သည်။

ထိုမှတပါးလည်း ဒီဃနိကာယ်-သာမညဖလသုတ်မြန်မာပြန်(နှာ-၇၃) ဣန္ဒြိယသံဝရသီလခန်းကို ဟောတော်မူရာ၌ -

မင်းကြီး ဤလောက၌ ရဟန်းသည်မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သော်၊ နားဖြင့်အသံသဒ္ဒါရုံကို ကြားသော်, နှာခေါင်းဖြင့် အနံ့ဂန္ဓာရုံကို နံသော်, လျှာဖြင့် အရသာ ရသာရုံကို လျက်သော် ကိုယ်ဖြင့်အတွေ့ ဖေါဋ္ဌဗ္ဗာရုံကိုထိသော်၊ စိတ်ဖြင့်သဘောဓမ္မာရုံကို သိသော်---(မိန်းမ,

http://www.dhammadownload.com



ယောက်ျားစသော သဏ္ဍာန်) နိမိတ်(လက်ခြေ စသောအင်္ဂါ ပြုံးဟန် ရယ်ဟန်စသောအမူအရာ) အမှတ်လက္ခဏာတို့ကို စွဲယူလေ့မရှိ၊ အကယ်၍ စက္ခုစသောဣန္ဒြေတို့ကို မစောင့်စည်းဘဲနေလျှင် ယင်းဣန္ဒြေ များကြောင့် မက်မောခြင်း "အဘိဇ္ဈာ"၊ နှလုံးမသာခြင်း "ဒေါမနဿ" ဟူသောယုတ်မာသော အကုသိုလ်တရားတို့သည် ထိုမစောင့်စည်းသူကို နှိပ်စက်လာနိုင်သည့်အတွက် စက္ခုဣန္ဒြေစသည်တို့ကို စောင့်စည်း ခြင်းငှာ ကျင့်ရမည်ဟု မိန့်တော်မူသည်။

ဤဒေသနာတော်အရလည်း မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသော ဣန္ဒြေတို့ကို ငြိမ်သက်စွာထားရုံမျှဖြင့် ဣန္ဒြိယသံဝရသီလဟု မဆိုထိုက်ဘဲ တွေ့ကြုံရသော အာရုံကိုအကြောင်းပြု၍ မိမိသန္တာန်၌ (မိန်းမ, ယောက်ျား စသောသဏ္ဍာန်) နိမိတ် (လက်ခြေစသောအင်္ဂါ၊ ပြုံးဟန်ရယ်ဟန် စသော အမူအရာ) အမှတ်လက္ခဏာကို စွဲယူမှုမပြုဘဲ မက်မောခြင်း 'အဘိဇ္ဈာ" နှလုံး မသာယာခြင်း "ဒေါမနဿ"ဟူသော အကုသိုလ်တရားတို့ မဝင်ရောက် မနှိပ် စက်နိုင်အောင် စောင့်စည်း၍ ကျင့်နိုင်မှသာ ဣန္ဒြိယသံဝရ သီလမည်ထိုက် ကြောင်း ထင်ရှားလှပေသည်။

သို့ဖြစ်၍ မယိမ်းမယိုင် ကျောက်စာတိုင်ကြီးကဲ့သို့ ထိုင်နေတဲ့ ခန္ဓာ ကိုယ်ကြီးကို တနည်း မျက်စိ, နား, နှာ, လျှာ, ကိုယ်စသောဣန္ဒြေတို့ကို ငြိမ်သက် စွာထားလိုက်ခြင်းကို အဓိဂမသီလဟုဆိုသော စုဒိတက စမ်းကလေး ၏ ဟောပြောရေးသားချက်သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် ဆန့်ကျင်နေသဖြင့် မှန်ကန်မှုမရှိဟု ဝိနည်းမှုခိုရ်ဆရာတော်များက သုံးသပ် တော်မူကြသည်။

## အမှတ်(၂)ဆုံးဖြတ်ချက်

ဤဆိုအပ်ခဲ့ပြီးသော သုံးသပ်ချက်များအရ စမ်းကလေးဆရာတော်၏ တရား၌ မဂ္ဂင်ရှစ်ပါးမရရှိ၊ သီလမဂ္ဂင်(၃)ပါးသာ ရနိုင်သည်၊ သီလဝိသုဒ္ဓိ တစ်ပါးသာရသည်၊ မဂ်ဖိုလ်နိဗ္ဗာန်ရရေးမှာ မဂ္ဂင်ရှစ်ပါးရရှိမှ၊ ဝိသုဒ္ဓိ(၇)ပါးကျင့် စဉ် ပြည့်စုံမှ ဖြစ်နိုင်ရကား စမ်းကလေးဆရာတော် ဟောသောတရား များသည် ဘုရားဟောတရားတော်မဟုတ်၊ ကျင့်စဉ်မဟုတ်၊ အကြောင်း ကျင့်စဉ်မဟုတ်သဖြင့် ၎င်းဆရာတော်ပြအပ်သော မဂ်ပညာဟူသော

http://www.dhammadownload.com



အကျိုးလည်းမဟုတ်၊ သောတာပန် ဖြစ်သည်၊ အပါယ်တံခါးပိတ်သည် စသော စကားများလည်း မဟုတ်မမှန်၊ ဘုရားဟောမဟုတ်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူ ကြသည်။

## အမှတ်(၃)စောဒနာချက်

ဗုဒ္ဓ၏ထေရဝါဒဒေသနာတော်လာကျင့်စဉ်မှာ သီလ, သမာဓိ, ပညာ သိက္ခာ(၃)ပါး အပြည့်အစုံကျင့်ရသော ကျင့်စဉ်ဖြစ်ပါသည်။ စမ်းကလေး ဆရာတော်၏ကျင့်စဉ်၌မူ သမာဓိဖြုတ်ပယ်ပြီး သဒ္ဓါကိုအစားထိုးထားသော ကျင့်စဉ်ဖြစ်ပါသည်။

ဗုဒ္ဓ၏ထေရဝါဒဒေသနာတော်၌ တရားထူးရရန် ပြည့်စုံရမည့်သဒ္ဓါမှာ ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော ဩကပ္ပနသဒ္ဓါ ဖြစ်ပါသည်။ စမ်းကလေးကျင့်စဉ်၌မူ ဣန္ဒြိယသံဝရသီလကို အဓိဂမသဒ္ဓါ အဖြစ် ကောက်ယူဖော်ပြသည့် အလွဲအမှားသဒ္ဓါဖြစ်ပါသည်။

ဗုဒ္ဓ၏ထေရဝါဒဒေသနာတော်အရ သဒ္ဓါရှိရုံမျှဖြင့် တရားထူးမရ သမာဓိကို ကျင့်ရပါသည်။ စမ်းကလေးကျင့်စဉ်၌မူ သမာဓိကျင့်လျှင်အချိန် ကြာ၍ ကျင့်ဖွယ်မလို၊ သဒ္ဓါရှိရုံမျှဖြင့် တရားထူးရနိုင်သည်။

သို့ဖြစ်ပါ၍ စမ်းကလေးဝါဒ ဟောကွက်, ကျင့်ကွက်သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် လုံးဝဆန့်ကျင်လွဲချော် မှားယွင်းနေသော မိစ္ဆာ ဝါဒ, အဓမ္မဝါဒဖြစ်ပါသည်ဟု ကျမ်းဂန်အကိုးအကား သာဓကများဖြင့် စောဒကပုဂ္ဂိုလ်များက စွဲဆိုကြသည်။

## အမှတ်(၃) သောဓနာချက်

သီလ, သဒ္ဓါ, ပညာ လမ်းသည် ဒိဋ္ဌိပြုတ်၍ အပါယ်တံခါးအပြီးပိုင် ပိတ်စေသော သောတာပန်ဖြစ်ရန် လူလမ်း, လမ်းတိုဖြစ်ပါသည်၊ သဒ္ဓါကို အခြေခံ၍ အိုးအိမ်တည်ထောင် လူပုဂ္ဂိုလ်တို့ကို ဤလမ်းစဉ်ဖြင့် သောတာပန် ဖြစ်ရန် ဘုရားရှင်ကိုယ်တော်တိုင် ဆောင်ရွက်တော်မူခဲ့ပါသည်၊ သီလ, သမာဓိ, ပညာလမ်းမှာ တဏှာသတ် ရဟန်းလမ်း လမ်းရှည်ဖြစ်ပါသည်။

သူတော်ကောင်းတရား (၇)ပါး၊ ဣန္ဒြေ(၅) ပါး၊ ဗိုလ်(၅)ပါးတို့၌ သဒ္ဓါသည် အဦးအစ အကြောင်းဖြစ်ပြီး ပညာက အဆုံးအကျိုးဖြစ်ပါသည်။ သဒ္ဓါ အကြောင်းမခံဘဲ မဂ်တစ်ခုလည်းမရနိုင်ပါ။

http://www.dhammadownload.com



ယခုဝိမုတ္တိယုဂ တစ်ပတ်ပြန်ကျော့လာပြီဖြစ်၍ သောတာပန်တွေ မှိုလိုပေါက်ရမည့်ခေတ်ရောက်ပါပြီ၊ ဗုဒ္ဓ၏ မူရင်းဓမ္မသာသနာ ပြန်လည်ထွန်းကားရေး ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တပည့်တော်၏ ဟောကွက်, ကျင့်ကွက်သည် ဓမ္မဝိနယနှင့်အညီ ဖြစ်ပါသဖြင့် အဓမ္မဝါဒ မဟုတ်ပါဟု စုဒိတကပုဂ္ဂိုလ်က ချေပသည်။

## အမှတ်(၃)သုံးသပ်ချက်

သဒ္ဓါနှင့်ပတ်သက်၍ စောဒကပုဂ္ဂိုလ်များ တင်ပြသည့်အတိုင်း (မ႑ဌ-၃၊ ၂၂၅။ အံ၊ ဌ-၃၊ ၂၆-၇) အဋ္ဌကထာကြီးများ၌ ဖွင့်ဆိုထားရကား အစိဂမသဒ္ဓါ အရ အရိယာပုဂ္ဂိုလ်တို့၏ ပဋိဝေဓဉာဏ်ဖြင့် ရအပ်သော သဒ္ဓါသာ အဓိဂမအမှန်ဖြစ်သည်။ စမ်းကလေးဆရာတော်ပြအပ်သော မျက်စိ, နား, နှာ,လျှာ,ကိုယ်, စိတ်ဟူသောက္ကန္ဓေ(၆)ပါးတို့ကို လုံခြုံစေခြင်းကို "အဓိဂမသဒ္ဓါ" ဟူ၍ အရကောက်ထားခြင်းကား အမှားသာတည်း။ ဤအရကောက်ပုံမျိုး မည်သည့်ကျမ်းဂန်၌မျှ မရှိချေ။ ဣန္ဒြိယသံဝရ သီလအရကို အဓိဂမသဒ္ဓါဟု အလွဲကောက်ပြရကား နှစ်ထပ်ကွမ်းအမှားသာဖြစ်သည်။ ထို့ကြောင့်ပင် သောစနာလွှာ၌ ထိုအချက်ကို စမ်းကလေးဆရာတော်မချေပနိုင်ပေ။

သီလ, သမာဓိ, ပညာလမ်းစဉ်ကား လမ်းရှည်, ရဟန်းလမ်း, တဏှာသတ်လမ်းဖြစ်သည်။ သီလ, သဒ္ဓါ, ပညာလမ်းစဉ်သာ လမ်းတို, လူလမ်း ဒိဋ္ဌိသတ်လမ်းဖြစ်၍ အမြန်ဆုံး အပါယ်တံခါးပိတ်ပြီး အရိယာဖြစ် စေနိုင်သည် ဟူသော ချေပချက်သည်လည်း စမ်းကလေးဆရာတော်ဆိုသည့်အတိုင်း မည်သည့် ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌မျှမရှိချေ။ သူ၏ထင်မြင်ချက်သာ တည်း။ သဘာဝယုတ္တိလည်းမရှိပေ။

ဖော်ပြပါသံယုတ်ပါဠိတော်ကိုကြည့်လျှင်လည်း လူပုဂ္ဂိုလ်၏ အကျင့်နှင့် ရဟန်းပုဂ္ဂိုလ်၏အကျင့် အတူတူပင်။ မဂ္ဂင်ရှစ်ပါးပင်ဟု ဟောကြားတော်မူသည်။

ဂိဟိနော ဝါဟံ ဘိက္ခဝေ ပဗ္ဗဇိတဿ ဝါ သမ္မာပဋိပဒံ ဝဏ္ဏေမိ၊ ဂိဟိဝါ ဘိက္ခဝေ ပဗ္ဗဇိတော ဝါ သမ္မာပဋိပန္နော သမ္မာပဋိပတ္တာဓိကရဏ ဟေတု အာရာဓကော ဟောတိ ဉာယံ ဓမ္မံ ကုသလံ။ပ။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ---သမ္မာသမာဓိ။ (သံ-၃၊ ၁၅ နှာ)

http://www.dhammadownload.com



ထို့ပြင်-သမာဓိ ဘိက္ခဝေ ဘာဝေထ၊သမာဟိတော ဘိက္ခဝေယထာဘူတံ ပဇာနာတိ။(သံ-၂၁၂ ၊၃၀၂။အံ-၂၂၀)ဟု ပါဠိတော်၌လာရာကား-သမာဓိ မရှိသော ပုဂ္ဂိုလ်သည် မည်သည့်နည်းနှင့်မျှ မဂ်ဖိုလ်ကိုမရနိုင်၊ မဂ်ဖိုလ်၏ အကြောင်းရင်းဖြစ်သော ဝိပဿနာဉာဏ်ပင် မဖြစ်နိုင်ဟု သုံးသပ်တော်မူကြ သည်။

ထို့ပြင် "ယခုဝိမုတ္တိယုဂ တပတ်ပြန်ကျော့လာပြီဖြစ်၍ ဘုရားရှင် လက်ထက်ကကဲ့သို့ သောတာပန်တွေ မှိုလိုပေါက်ရမည့်အချိန် ကျပါပြီဟု"- စမ်းကလေး ဆရာတော်က ဟောပြောရာ ၎င်းစကားအရ ဘယ်ကျမ်းမှာ ပါသလဲလို့ မေးတဲ့အခါ မဖြေနိုင်ပါ၊ ဆရာတော်ကြီးများ ပြောသံကြားဖူး တာပါဟု ဖြေသည်။ အမှန်စင်စစ် ၎င်းစကားရပ်၏ မူရင်းအဋ္ဌကထာမှာ (ထေရဋ္ဌ-၂ ၃၆၈)-လာ ယုဂ(၅)မျိုး အဖွင့်ဖြစ်ပါသည်။ ယုဂတစ်မျိုးလျှင်နှစ် (၅၀၀) ဟု ဖွင့်ဆို ချက်မပါဝင်ချေ၊ သာသနာ (၅၀၀၀)နှစ်နှင့် တွက်လျှင် ဝိမုတ္တိယုဂ, သမာဓိယုဂ, သီလယုဂ, သုတယုဂ, ဒါနယုဂဟု-ယုဂ(၅) မျိုးတွင် တစ်မျိုးတစ်မျိုး၌ နှစ်(၁၀၀၀)စီသာ ဖြစ်ဖွယ်ရှိသည်။ ၎င်းနည်းဖြင့်တွက်ပါက ယခုရောက်ဆဲ အချိန်ကာလသည် သီလယုဂဖြစ်သည်။ ဤအယူအဆကို လည်း ပါဠိတော်ကြီးတို့၌ မပါရှိ၊မလာရှိရကား ယေဘုယျ နည်းဟူ၍သာ မှတ်သားသင့်သည်။ အကြောင်းမှာ ဤနည်းအတိုင်း ယူဆပါက ယခုခေတ် သည် သီလယုဂခေတ် ဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန် စျာန်အဘိညာဉ်တရားထူးများ မရနိုင်တော့ဟူသော အဓိပ္ပါယ်သက်ရောက် သွားသောကြောင့်တည်း။

အမှန်မှာ သာသနာနှစ်(၅၀၀၀)ကို (၁၀၀၀)နှစ်စီ (၅) ပုံ ပုံထားပြီး ပဌမနှစ် (၁၀၀၀)သည် ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်ဖြစ်သည်။ ဒုတိယနှစ်(၁၀၀၀)သည် သုက္ခဝိပဿကရဟန္တာခေတ်ဖြစ်သည်၊ တတိယနှစ် (၁၀၀၀) သည် အနာဂါမ် ခေတ်ဖြစ်သည်၊ စတုတ္ထနှစ်(၁၀၀၀) သည် သကဒါဂါမ်ခေတ်ဖြစ်သည်။ ပဉ္စမနှစ် (၁၀၀၀)သည် သောတာပန်ခေတ်ဖြစ်သည်။

ဝဿ သဟဿန္တိ စေတံ ပဋိသမ္ဘိဒါ ပဘေဒပ္ပတ္တခီဏာသဝါနံ ဝသေနေဝ ဝုတ္တံ။ တတော ပန ဉတ္တရိပိ သုက္ခဝိပဿကခီဏာသဝဝသေန ဝဿသဟဿံ၊ အနာဂါမိဝသေန ဝဿသဟဿံ၊ သကဒါဂါမိဝသေန

http://www.dhammadownload.com



ဝဿသဟဿံ၊ သောတာပန္နဝသေန ဝဿသဟဿန္တိ ဇဝံ ပဋ္ဌဝဿ-သဟဿာနိ ပဋိဝေဓသဒ္ဓမ္မော ဌဿတိ။ (အံ-ဋ္ဌ-၃၊ ၂၃၈)

ဤအဋ္ဌကထာအလို ယခုခေတ်သည် အနာဂါမ်အထိဖြစ်နိုင်သောခေတ် တတိယနှစ် (၁၀၀၀) အတွင်း ဖြစ်ပေသည်။

## အမှတ်(၃)ဆုံးဖြတ်ချက်

ဤသုံးသပ်ချက်များနှင့်အညီ စောဒနာအမှတ်(၃)နှင့်ပတ်သက်၍ အဓိဂမ သဒ္ဓါ၌ စမ်းကလေးဆရာတော်၏ အကောက်အယူသည်များသည်၊ လူလမ်း, ရဟန်းလမ်း, လမ်းတို, လမ်းရှည် ခွဲခြားမှုများလည်းကျမ်းဂန်တို့၌ မလာ, မရှိ။ ဝိမုတ္တိယုဂခေတ် အယူအဆလည်း ကျမ်းဂန်လာမဟုတ်၊ ပြောသံကြားဖြင့် ထင်မြင်မှန်းဆ ဟောသောတရားများသာဖြစ်သည်၊ ပါဠိအဋ္ဌကထာလာ မှန်ကန်သော ဓမ္မဝါဒမဟုတ်၊ ကျမ်းဂန်မှအလွတ်စကားဖြစ်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

## အမှတ်(၄) စောဒနာချက်

ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ သိက္ခာ(၃)ပါးတွင် ပါဝင်သည့် ပညာကျင့်စဉ်သည်"အဓိပညာ သိက္ခာ"၊ "ပညာမဂ္ဂင်"ဟုဆိုအပ်သောကြောင့် လောကီဝိပဿနာပညာဖြစ်ပါသည်။

စမ်းကလေးဆရာတော်၏ လမ်းတို ကျင့်စဉ်လာ ပညာကျင့်စဉ်သည် အကျိုး လောကုတ္တရာမဂ်ပညာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စမ်းကလေးဝါဒ လမ်းတိုကျင့်စဉ်လာ ပညာကျင့်စဉ်သည် ဗုဒ္ဓ၏ထေရဝါဒဒေသနာတော်နှင့် လုံးဝလွဲချော် မှားယွင်းနေသော မိစ္ဆာဝါဒ, အဓမ္မဝါဒဖြစ်ပါသည်ဟု ကျမ်းဂန်အထောက်အထား အကိုး သာဓကေ များဖြင့် စောဒက ပုဂ္ဂိုလ်များက စွဲဆိုကြသည်။

## အမှတ် (၄) သောဓနာချက်

ပညာအဆုံးဟူသော ဟောစဉ်၌ လောကီပညာကိုအကောက်အယူ မပြုဘဲ အမောဟကို ပညာထင်စေလို၍ အဝိဇ္ဇာ အကြောင်းမခံသော ဝိဇ္ဇာတည်း ဟူသော မဂ်နှင့်ယှဉ်သော ဖိုလ်နှင့်ယှဉ်သော အကျိုးတရားကိုသာ သိစေလို၍ ပညာကို အကျိုးတရားဟု အဆုံး၌ ပြရခြင်း,ဟောရခြင်း ဖြစ်ပါ

http://www.dhammadownload.com



သည်၊ ကျင့်ကွက်, ဟောကွက်ဖြင့် ဘုရားအလိုကျ တရားနာယူစဉ် ကျင့်နေဆဲ အခိုက် ပညာဝိမုတ္တိဖြင့် မဂ်စိတ်, ဖိုလ်စိတ်ကိုသာ အဓိက ရည်ရွယ်ရင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပညာကျင့်စဉ်အရ အကျိုးလောကုတ္တရာမဂ်ပညာကို ကောက်ယူခြင်းသည် ဒေသနာတော်နှင့် မဆန့်ကျင်သဖြင့် အဓမ္မဝါဒမဟုတ်၊ ဓမ္မဝါဒသာ ဖြစ်ပါသည်ဟု သဘာဝယုတ္တိဖြင့် စုဒိတက ပုဂ္ဂိုလ်ကချေပသည်။

## အမှတ်(၄) သုံးသပ်ချက်

စောဒကဆရာတော်များ တင်ပြသွားသည့် ပဓာနိယင်္ဂ အင်္ဂါ(၅)ပါး ပြ (မ-၂၂၉၈-၉။ထ-၂၅၇-၈) ပါဠိတော်နှင့် ၎င်း၏အဖွင့် (မ၊ဋ္ဌ-၃၊၂၂၅။အံ၊ဋ္ဌ-၃၊၂၇) အဋ္ဌကထာကြီးများ၌ ပညာအရ ဝိပဿနာ လောကီပညာပါဟု တိတိကျကျ ဖွင့်ဆိုထားသည်ကိုလည်းကောင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-၁၊ နှာ-၃၌ လာသော "ပညဉ္စဘာဝယံ"ဝယ် ဝိပဿနာပညာဟူ၍ ဖွင့်ဆိုထားသည်ကို လည်းကောင်း ထောက်၍သီလ, သမာဓိ, ပညာသိက္ခာ(၃)ရပ်၌လည်း ကောင်း၊ ပညာမဂ္ဂင်၌ လည်းကောင်း ပါဝင်သော ပညာသည် ဝိပဿနာ ပညာဖြစ်ကြောင်း ထင်ရှားပေသည်။ စမ်းကလေး ဆရာတော် ယူဆသကဲ့သို့ မဂ်ဖိုလ်ပညာ လောကုတ္တရာ အကျိုး ပညာတစ်ခုတည်းကိုသာ မယူရချေ။ သို့သော်-

> အတ္ထိကသောဝ မဂ္ဂေါ အတ္ထိ ပဋိပဒါ၊ ယထာ ပဋိပန္နော
> သာမံယေဝ ဥ ဿတိ သာမံ ဒက္ခတိ---အယမေဝ အရိယော
> အဋ္ဌင်္ဂိကော မဂ္ဂေါ။ (ဒီ-၁။ ၁၅၆)

မဂ္ဂေါတိ လောကုတ္တရာမဂ္ဂေါ၊ ပဋိပဒါတိ ပုဗ္ဗဘာဂပဋိပဒါ။ ဣဒါနိ တံ ဒုဝိဓံ မဂ္ဂဉ္စ ပဋိပဒဉ္စ ဧကတော ကတွာ ဒဿေန္တော"အယမေဝ အရိယော အဋ္ဌင်္ဂိကော"တိ အာဒိမာဟ။ (ဒီ၊ ဋ္ဌ - ၁၊ ၂၉၁)

ဤပါဠိတော်နှင့် အဋ္ဌကထာတို့၌ မဂ္ဂ အရကို ပုဗ္ဗဘာဂဝိပဿနာ မဂ်နှင့်တကွ လောကုတ္တရာ မဂ်(၂)မျိုးကို ယူရသည်။ သို့အတွက် သီလ, သမာဓိ,ပညာ ကျင့်စဉ်ပါသော ပညာကို ဝိပဿနာ ပုဗ္ဗဘာဂမဂ်ပညာနှင့် တကွ လောကုတ္တရာ ပညာ (၂)မျိုးလုံးကို ယူရမည်ဟု သုံးသပ်တော်မူကြ သည်။

http://www.dhammadownload.com



## အမှတ်(၄)ဆုံးဖြတ်ချက်

ဤဆိုအပ်ခဲ့ပြီးသော သုံးသပ်ချက်များအရ စမ်းကလေးဆရာတော်၏ သီလ,သဒ္ဓါ,ပညာ ကျင့်စဉ်ဝယ် ပညာအရ အကျိုးလောကုတ္တရာမဂ်ဖိုလ် ပညာကို အရကောက်ထားခြင်းသည် အကြောင်း ပုဗ္ဗဘာဂ ဝိပဿနာပညာ မပါဘဲ အကျိုးမဂ်ဖိုလ် မရနိုင်သောကြောင့် အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြသည်။

## အမှတ် (၅) စောဒနာချက်

"သီလ,သမာဓိ, ပညာကျင့်စဉ်တွေ ဒီခေတ်မှာကျင့်လို့ တရားထူးမရတော့ဘူး၊ ခေတ်မမီတော့ဘူး၊ ဒါကြောင့် တရားတစ်ပွဲ အတွင်းမှာ မဂ်ဖိုလ်ရအောင် သီလ,သဒ္ဓါ, ပညာလမ်းတို ကျင့်စဉ်ကို ခေတ်မီအောင် အသစ်တည်ထွင်ရတာပါဟု အဓိပ္ပါယ် သက်ရောက်သည့် စမ်းကလေးဆရာ တော်၏ ဟောပြောချက်သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်လာ သီလ, သမာဓိ, ပညာကျင့်စဉ်တရားတို့ကို ဖယ်ရှားဖျက်ဆီးလိုက်ခြင်းဖြစ်သည့်အပြင် ဒေသနာတော်နှင့် ညီညွတ်ခြင်းမရှိသောကြောင့် မိစ္ဆာဝါဒ,အဓမ္မဝါဒ ဖြစ်ပါသည်ဟု ကျမ်းဂန်သာဓက အကိုးအကားများဖြင့် စောဒကပုဂ္ဂိုလ်များက စွဲဆိုကြသည်။

## အမှတ် (၅) သောစနာချက်

ဗုဒ္ဓ၏ ဒေသနာတော်ကို ခေတ်မမီတော့ကြောင်း စွပ်စွဲမှုတစ်ခါမျှ မရှိခဲ့ပါ၊ ဗုဒ္ဓ၏အလိုတော်အတိုင်း ဝိမုတ္တိယုဂတကျော့ပြန်တွင် ကျွတ်တန်းဝင်ရမည့် ဝေနေယျပုဂ္ဂိုလ်များအပေါ် မေတ္တာ,ကရုဏာထား၍ ဆောင်ရွက်နေခြင်းဖြစ်ပါသည်၊ မိမိကိုယ်တိုင် အရိယာပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ပြီးမှအခြား သူများကိုလည်း အရိယာပုဂ္ဂိုလ်များဖြစ်အောင် ဟောပေးနေခြင်းဖြစ်ပါသည်။ ခန္ဓာဉာဏ်ရောက် စကားတို့ဖြင့် စစ်ဆေးမေးမြန်းပါမူ ရဲဝင့်စွာဖြေဆိုလျှောက်ထားပါမည်၊ သို့ဖြစ်ပါ ၍ စောဒကပုဂ္ဂိုလ်များ၏ အတ္တနောမတိဖြင့် စောဒနာချက်များ မမှန်ပါသဖြင့် တပည့်တော်၏ ဟောပြောချက်များသည် အဓမ္မဝါဒမဟုတ်,ဓမ္မဝါဒဖြစ်ပါသည် ဟု စုဒိတကပုဂ္ဂိုလ်က ချေပသည်။

## အမှတ်(၅)သုံးသပ်ချက်

ဗုဒ္ဓ၏ သီလ, သမာဓိ, ပညာလမ်းစဉ်သည် ခေတ်မမီတော့ကြောင်း တိုက်ရိုက်မစွဲဆိုချေ။ သို့သော်မှန်ပင် မှန်ငြားသော်လည်းဟူ၍ လည်းကောင်း၊ လမ်းမှန် ပါသော်လည်း လုပ်လို့လွယ်ပါမလား-ဟူ၍ လည်းကောင်း၊ ဤသို့

http://www.dhammadownload.com



"သော် လည်းကောင်း - သော်လဲ" ဂရဟာစကားတို့ဖြင့် ဟောပြောထားရကား အတ္တာပန္ဒနည်းအားဖြင့် ပြောဟော စွပ်စွဲရာရောက်သည်။

ထို့ပြင် စမ်းကလေးဆရာတော်၏ သောခနောလွှာ၊ နှာ(၁၅)၌ "မိမိကိုယ်ကို အရိယာပုဂ္ဂိုလ်ဖြစ်အောင်လုပ်ပြီး အခြားသူတို့ကိုလည်း အရိယာပုဂ္ဂိုလ် များဖြစ်အောင် ဟောပြောပေးနေပါသည်" စသည့်စကားရပ် များလည်း ဝိနည်းသိက္ခာပုဒ်နှင့် စိစစ်မေးမြန်းဖွယ်ဖြစ်နေသည်။

ဝိနည်းမိုရ်ပုဂ္ဂိုလ်များက"အရှင်ဘုရား ဘယ်အဆင့်အရိယာ ဖြစ်ပါသလဲ" ဟု မေးသောအခါ- မဂ်အကြောင်း ကိစ္စပြီးပါပြီ၊ ဖိုလ်အကျိုးသာ ကျန်ပါတော့ သည်ဟု မရေမရာဖြေကြားသည်။ စုဒိတက စမ်းကလေးဆရာတော်သည် တပည့်သာဝကတို့အား ကမ္မဖလခန္ဓအဘိဓမ္မာ သစ္စာဉာဏ်တရားဟု အမည် တပ်ကာ အထွဋ် အမြတ်ထား၍ အမြဲမပြတ် ဟောကြားနေသော်ငြား လည်း ပရိယတ္တိစာပေအရာတွင် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကိုမျှ မလေ့လာ,မသင်ကြား ခဲ့ဖူးခြင်းကြောင့်သာ ဤကဲ့သို့ဖြေကြားခြင်း ဖြစ်ပေသည်။

လောကုတ္တရာ အရိယာမဂ်တရားများမှာမဂ်ဇောကျပြီးလျှင် စိတ်တပါးမခြား ဘဲဖိုလ်ဇောကျပါသည်။ အကာလိကော ဂုဏ်တော်အရ မဂ်ဇောသည် ပဉ္စမဖိုလ် ဇောအား အနန္တရာဒိပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။ မဂ်ရပြီးလျှင် ဖိုလ်ရ အောင် အထူးမကျင့်ရတော့ပဲ တစ်ဆက်တည်းဖိုလ် (ဖလဋ္ဌာန်) ပုဂ္ဂိုလ် ဖြစ် သွားရပါသည်။

စုဒိတကစမ်းကလေးနှင့် တပည့်သာဝကများသည် သောခနောလွှာ နောက်ဆက်တွဲ (နှာ-၂) တွင် စာပေပရိယတ္တိမှာ အရန်သဘောသာ ကျေးဇူး ပြု၍ ခန္ဓာမှာအမှန်ဖြစ်ကြောင်း နှလုံးသွင်းဆင်ခြင်တော်မူကြပါဟုလည်း ကောင်း၊ မျက်ကန်းပုဏ္ဏားဥပမာဖြင့် လည်းကောင်း ပရိယတ္တိစာပေ ပညာရှင် များကို ထိပါး ပုတ်ခတ်၍ ချေပထားသည်ကိုလည်း တွေ့ရပေသည်။ ပရိယတ္တိ ပြည့်စုံမှ ပဋိပတ္တိကို နည်းလမ်းမှန်ကန်စွာ ကျင့်နိုင်ပြီး ပဋိဝေဓကို မျက်မှောက် ပြုနိုင်မည် ဖြစ်ကြောင်းကို အောက်ပါကျမ်းဂန် အထောက်အထားများကို ကြည့်ရှု၍ နားလည် သဘောပေါက်သင့်ကြပေသည်။

http://www.dhammadownload.com



## ပရိယတ္တိပြည့်စုံလျှင် ပဋိပတ္တိကိုလည်းကျင့်နိုင်

သာသနဋ္ဌိတိယာ ပန ပရိယတ္တိ ပမာဏံ၊ ပဏ္ဍိတော ဟိ
တေပိဋကံ သုတွာ ဒွေပိ ပူရေတိ။ (ဒီဃ၊ ဋ္ဌ - ၃၊ ၈၂)

ပရိယတ္တိဓမ္မ၌ လိမ္မာကျွမ်းကျင်သော ဆရာကောင်းထံတွင် ကျနစွာသင်ယူနာကြားပြီးသော ပုဂ္ဂိုလ်သည်သာ သာသနာတော်၏ လုပ်ငန်းစဉ်များကို ကောင်းစွာ ဆောင်ရွက်တတ်,ဆောင်ရွက်နိုင်ပေသည်။ သာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ပရိယတ္တိသည်သာ လိုရင်းပဓာနဖြစ်ပေသည်။ ပရိယတ္တိဟူသော နိကာယ်ငါးရပ် ပိဋကသုံးပုံကို ကောင်းစွာသင်ကြားနာယူပြီးသော ပုဂ္ဂိုလ်သည် ပဋိပတ္တိသာသနာကိုလည်း နည်းလမ်းမှန်ကန်စွာ ကျင့်နိုင်၍ မဂ်ဖိုလ်တည်းဟူသော ပဋိဝေဓသာသနာတော်ကိုလည်း ပြည့်စုံစေနိုင်သည်။

## ပရိယတ္တိကွယ်ခဲ့သော် ကျန်နှစ်ပါးလည်းကွယ်

ပရိယတ္တိယာ ဟိ အန္တရဟိတာယ ပဋိပတ္တိ အန္တရဓာယတိ၊
ပဋိပတ္တိယာ အန္တရဟိတာယ အဓိဂမော အန္တရဓာယတိ၊ ကိံ ကာရဏာ
အယံ ဟိ ပရိယတ္တိ ပဋိပတ္တိယာ ပစ္စယော ဟောတိ၊ ပဋိပတ္တိ
အဓိဂမဿ၊ ဣတိ ပဋိပတ္တိတောပိ ပရိယတ္တိ ယေဝ ပမာဏံ။
( နိဒါန - သံ - ဋ္ဌ - ၁၈၇)။

ပရိယတ္တိသာသနာကွယ်ခဲ့သော် ပဋိပတ္တိ (ကျင့်စဉ်လမ်း) သာသနာလည်း ကွယ်တော့၏။ ပဋိပတ္တိသာသနာကွယ်ခဲ့သော် အဓိဂမခေါ် ပဋိဝေဓ သာသနာတော်လည်းကွယ်တော့၏။ အကြောင်းသော် ဘုရားဟော ဒေသနာတော်တည်းဟူသော ပရိယတ္တိသည် ပဋိပတ္တိကျင့်စဉ်မှန်၏ အထောက်အပံ့ ဖြစ်၏၊ ပဋိပတ္တိကျင့်စဉ်မှန်သည် မဂ်ဖိုလ်တည်းဟူသော ပဋိဝေဓ၏ အထောက်အပံ့ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် ပဋိပတ္တိသာသနာတော်ထက် ပရိယတ္တိသာသနာတော်ကသာ လိုရင်းပဓာနဖြစ်ပေသည်။

လောကပမာအားဖြင့်သော် ပရိယတ္တိသည် ခိုင်ခံ့သော ကန်ဘောင်ရိုးနှင့်တူ၏။ ပဋိပတ္တိသည် ရေနှင့်တူ၏။ ပဋိဝေဓသည် ကြာနှင့်တူ၏။ ကန်ဘောင်ရိုး မရှိခဲ့သော်ရေမတည်နိုင်၊ ရေမရှိခဲ့သော် ကြာမရှိနိုင်။ ကန်ဘောင်ရိုး လုံခြုံခဲ့သော် ရေတည်နိုင်၏၊ ရေတည်ရှိ ခဲ့သော် ကြာရှိနိုင်သကဲ့သို့ ထို့အတူ ပရိယတ္တိ သာသနာတော်တည်ရှိမှသာလျှင် ပဋိပတ္တိသာသနာတော်တည်ရှိနိုင်၏။

http://www.dhammadownload.com



ပဋိပတ္တိ သာသနာတော်တည်ရှိမှသာလျှင် ပဋိဝေဓသာသနာတော်တည် ရှိနိုင်၏။

တစ်နည်းအားဖြင့်ရွှေအိုးကို မြေ၌မြှုပ်ထားလိုသောသူသည် အရပ်လေးမျက်နှာ,အရပ်ရှစ်မျက်နှာရှိ သစ်ပင် တည်မြဲသောအဆောက်အဦး စသည်ဖြင့် သေချာစွာမှတ်သား၍ မြှုပ်နှံထားပြီး မှတ်တမ်းမှတ်ရာများကို သုံးခြံစွာ သိမ်းဆည်း ထားရာ ကာလရှည်လျားလတ်သော် ထိုမှတ်တမ်းမှတ်ရာ အက္ခရာ အရေးအသားများ ပျောက်ပျက်သွားခဲ့ပါလျှင် ထိုရွှေအိုးဆုံးရှုံးရဘိ သကဲ့သို့ ပဋိပတ္တိကျင့်စဉ်လမ်းမှန်ကို ညွှန်ပြသော ပရိယတ္တိစာပေများ ကွယ်ပျောက်သွားခဲ့သော် ပဋိဝေဓတည်းဟူသော မဂ်ဖိုလ်တရားများ ဆုံးရှုံးရပေတော့သည်။ ထို့ကြောင့် သာသနာတော် ဆက်လက်တည်တံ့ပြန့် ပွားရေး အတွက် ပရိယတ္တိသည်သာလျှင် လိုရင်းဖြစ်ပေသည်။

ဤသို့ပရိယတ္တိကို ဦးစားပေး၍ မိန့်ဆိုတော်မူကြခြင်းမှာ မြတ်စွာဘုရား၏ သာသနာတော်ကို ထမ်းဆောင်ရာ၌ ပဓာနဖြစ်၍သာ မိန့်ဆိုတော်မူကြခြင်းဖြစ်ပေသည်။ ပဋိပတ္တိကို အားမထုတ်ရန် ပိတ်ပင်တားမြစ်လို၍ မိန့်ဆိုတော်မူကြခြင်း မဟုတ်ပေ။ ပဋိပတ္တိလုပ်ငန်းကို ပစ်ပယ်ထားရမည်လည်း မဟုတ်ပေ။ အမှန်ကား- ပရိယတ္တိကို ကျွမ်းကျင်စွာ တတ်မြောက်စေ၍ ပဋိပတ္တိလုပ်ငန်းစဉ် အမှန်ကို ဆက်လက်လုပ်ကိုင်စေလိုသော အလိုဆန္ဒမျှသာ ဖြစ်ပေသည်။ သဒ္ဓမ္မသုံးဖြာ သာသနာတော်တွင် ပရိယတ္တိသဒ္ဓမ္မကို အခြေခံ၍ ပဋိပတ္တိသဒ္ဓမ္မကို ဆက်လက် ကျင့်ဆောင် အားထုတ်မှသာလျှင် ပဋိဝေဓသဒ္ဓမ္မဟူသော မဂ်ဖိုလ် အကျိုးထူးကို ခံစားရပေလိမ့်မည်။ သို့ဖြစ်၍ စုဒိတက စမ်းကလေးနှင့် တပည့်သာဝကများသည် နောင်ကာလများတွင် ဤကဲ့သို့ ပရိယတ္တိစာပေနှင့် ပညာရှင်များအပေါ် ထိပါးပုတ်ခတ်၍ မချေပသင့်မသောနောသင့်ဟု ဝိနည်းမိုရ်ဆရာတော်များက သဘောတူမျှယူဆတော်မူကြသည်။

ကောယနံ ဇာတိခယန္တဒဿီ၊ မဂ္ဂံ ပဇာနာတိ ဟိတာနု ကမ္ပီ။
ဧတေန မဂ္ဂေန တရိံသု ပုဗ္ဗေ၊ တရိဿန္တိ ယေ စ တရန္တိ ဩဃံ။
(သံ- ၃၊ ၁၄၆။ မဟာနိ- ၃၆၂။ စူဠနိ- ၂၁၂၊ ၂၃၁)

## မြန်မာပြန်

ဇာတိ၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို မြင်တော်မူသော သတ္တဝါတို့၏ စီးပွားကို လိုလားတော်မူသော ဘုရားသခင်သည် တစ်ကြောင်းတည်းသော သတိပဋ္ဌာန်

http://www.dhammadownload.com



မဂ္ဂင် လမ်းစဉ်ကို သိမြင်တော်မူ၏၊ ၎င်းမဂ္ဂင် ခရီးလမ်းဖြင့်ပင် ရှေးရှေးသော ဘုရား ပစ္စေကဗုဒ္ဓါရဟန္တာတို့သည် ဩဃ(၄)ဖြာကို ကူးလည်းကူးမြောက်ခဲ့ကြပြီ၊ အနာဂတ်၌လည်း ကူးမြောက်ကြကုန်လတ္တံ့၊ ယခုလည်း ကူးမြောက်တော်မူကြကုန်ဆဲ။

ဤဒေသနာတော်အရ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ကာလ(၃)ပါး၌ ကျင့်စဉ်တရားများကို ပြင်ဆင်ဖွယ်မလို၊ တစ်မျိုးတည်းသာ(ဧကာယန=တစ်မျိုးတည်းသော လမ်းစဉ်)ဟု ပြတော်မူသည်။

## အမှတ်(၅)ဆုံးဖြတ်ချက်

ဤသုံးသပ်ချက်များအရ မြတ်စွာဘုရား၏ တရားတော်သည်ဖြည့်စွက်ဖွယ်မလို၊ ပယ်နုတ်ဖွယ်မလို၊ အပိုအလိုမရှိ၊ အပြည့်အစုံဟောထားသော တရားတော်ဖြစ်သောကြောင့် စမ်းကလေးဆရာတော်ကဲ့သို့ သီလ, သမာဓိ, ပညာလမ်းစဉ်ကို သီလ, သဒ္ဓါ, ပညာဟု ပြင်ဆင်ဖွယ်မလို၊ ပြင်ဆင်လိုက်လျှင် ဘုရားတရားတော် မဟုတ်တော့ချေ။ ဘုရားတရားတော် မဟုတ်ပါပဲလျက် ဘုရားဟောတရားသဘောမျိုး ဟောပြောသောကြောင့် စမ်းကလေးဆရာတော်သည် အဓမ္မဝါဒီဖြစ်သည်။သူ၏ဟောပြောချက်များသည်လည်း အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူသည်။

xxxxxxxxxxxx

## အမှတ်(၆) စောဒနာချက်

ဗုဒ္ဓ၏ သီလ, သမာဓိ, ပညာလမ်းစဉ်နှင့်အညီ ရုပ်နာမ် ဓမ္မသဘောရတို့ကို ရှုမှတ်နေလျှင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိအစွန်းမလွတ်နိုင်၊ သူ၏ ကမ္မဖလခန္ဓအဘိဓမ္မာ တရားကိုသာ နားစိုက်နေလျှင် ရှုမှတ်မှုပြီးသည်ဟု အဓိပ္ပါယ်သက်ရောက်သော စမ်းကလေးဆရာတော် ဟောပြောချက်များသည် ဓမ္မဝိနယနှင့်ဆန့်ကျင်သော "အဓမ္မဝါဒ" ဖြစ်ပါသည်ဟု ကျမ်းဂန် အကိုးအကားသာကေများဖြင့် စောဒကပုဂ္ဂိုလ်များက စွဲဆိုကြသည်။

## အမှတ်(၆)သောဓနာချက်

သီလ, သမာဓိ, ပညာကျင့်လမ်းစဉ်ဖြင့် အားထုတ်လျှင် ကျိန်းသေ သဿတ ဥစ္ဆေဒအစွန်းမလွတ်ဟု မဆိုဖူးပါ။ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အား

http://www.dhammadownload.com



နည်းမှုကြောင့် အစွန်းမလွတ်ဖြစ်တတ်ကြောင်းကိုသာ ဓမ္မဝိဒ္ဓာန်ကျကျဆိုလိုရင်း ဖြစ်ပါသည်။

သီလ, သမာဓိ, ပညာ ရဟန်းလမ်း, တဏှာသတ်လမ်း လမ်းရှည်ကျင့်စဉ် နည်းအရ လူပုဂ္ဂိုလ်များ ကျင့်ကြံပွားများ အားထုတ်ပါက သီလ, သမာဓိ, ပညာ အားနည်းမှုကြောင့် ရုပ်နာမ်တို့ကို ရှုမှတ်ရင်း ရုပ်နာမ်တွေဆက်ကာ မပြတ် ဖြစ်နေသည်ဟု အမှတ်မှားကာ သဿတဒိဋ္ဌိ အစွန်းငြိတတ်ပါသည်၊ ရုပ်နာမ်တို့၏ အဖြစ်ကို မရှုမိဘဲ အပျက်ကိုသာ အရှုသန်သွားပါက ရုပ်နာမ်တွေ ဆက်ကာဆက်ကာ ပျက်နေသည်ဟု အမှတ်မှားကာ ဥစ္ဆေဒဒိဋ္ဌိအစွန်းငြိတတ် ပါသည်။

သို့ဖြစ်ပါ၍ တပည့်တော်၏ ဟောပြောချက်များသည် ဗုဒ္ဓ၏ဓမ္မဒေသနာ တော်နှင့် မဆန့်ကျင်ပါသဖြင့် အဓမ္မဝါဒမဟုတ်၊ ဓမ္မဝါဒဖြစ်ပါသည်ဟု စုဒိတက ပုဂ္ဂိုလ်က ချေပသည်။

## အမှတ်(၆)သုံးသပ်ချက်

လူပုဂ္ဂိုလ်များ သီလ, သမာဓိ, ပညာကျင့်စဉ်အရ ရုပ်နာမ်တရားတို့ကို ရှုမှတ်ပါက သဿတဥစ္ဆေဒ အစွန်းမလွတ်နိုင်ဟု ယူဆသော စမ်းကလေး ဆရာတော်၏ "အော်လောကတံတွာ ဓမ္မတာအားဖြင့် မှတ်စိတ်ပေးမယ် ဆိုရင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အစွန်းလွတ်အောင် မှတ်နိုင်လိမ့်မည် မဟုတ်ပါ" စသော ဟောပြောချက်သည် ကျမ်းဂန်နှင့် ညီညွတ်ခြင်း မရှိပေ။

စောဒက ဆရာတော်များတင်ပြသည့်အတိုင်း "ရုပ်နာမ်အစဉ်၏ ကြောင်းကျိုးဆက်ကာ မပြတ်မစဲဖြစ်နေခြင်းဟူသောဧကတ္တနည်းကို မှန်ကန်စွာ ရှုမြင်သော ယောဂီပုဂ္ဂိုလ်သည် ကြောင်းကျိုးဆက်သောအားဖြင့် ရုပ်နာမ် အစဉ်၏ မပြတ်မစဲဖြစ်ခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်ခွာနိုင်၏၊ ရုပ်နာမ်ဓမ္မတို့၏ ကိုယ်ပိုင်သဘာဝ လက္ခဏာကွဲပြားခြင်းဟူသော နာနတ္တနည်းကို မှန်ကန်စွာ ရှုမြင်သော ယောဂီပုဂ္ဂိုလ်သည် အသစ်အသစ် ဖြစ်ပေါ်လာသည့် ရုပ်နာမ်တရား တို့၏ ဖြစ်မှုကိုမြင်ခြင်းကြောင့် သဿတဒိဋ္ဌိကို ပယ်ခွာနိုင်၏" ဟူသောဝိသုဒ္ဓိမဂ် အဋ္ဌကထာ (-၂ ၂၂၀)နှင့် အညီရှုမှတ်ပါလျှင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အစွန်းမငြိ နိုင်ပေ။

ထို့ပြင် လောကီသစ္စာ(၄)ပါး ရှိရာ ဒုက္ခသစ္စာကို သိသော ဒုက္ခဉာဏ်သည် သက္ကာယဒိဋ္ဌိကို ဆုတ်နစ်စေနိုင်သည်၊ ဒုက္ခ၏ အကြောင်းကိုသိသော သမုဒယ

http://www.dhammadownload.com



ဉာဏ်သည် ဥစ္ဆေဒဒိဋ္ဌိကို ဆုတ်နစ်စေနိုင်သည်၊ ဒုက္ခ၏ချုပ်ငြိမ်းခြင်းကို သိသော နိရောဓဉာဏ်သည် သဿတဒိဋ္ဌိကို ဆုတ်နစ်စေနိုင်သည်။ ဝိပဿနာမဂ်ကို သိသောမဂ်ဉာဏ်သည် အကိရိယဒိဋ္ဌိကို ဆုတ်နစ်စေနိုင်သည်။

ယံ ပနေတံ လောကိယံ၊ တတ္ထ ဒုက္ခဉာဏံ သက္ကာယဒိဋ္ဌိံ နိဝတ္တေတိ၊ သမုဒယဉာဏံ ဥစ္ဆေဒဒိဋ္ဌိံ၊ နိရောဓဉာဏံ သဿတဒိဋ္ဌိံ၊ မဂ္ဂဉာဏံ အကိရိယဒိဋ္ဌိံ။ (ဝိသုဒ္ဓိ-၂ နှာ-၁၄၂)

ထို့ပြင် အဖြစ်အပျက်ကို ရှုသော ဥဒယဗ္ဗယဉာဏ် ဘင်ဉာဏ်တို့တွင် အဖြစ်ကိုရှုသော ဥဒယဉာဏ်ဖြင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်သည်၊ အပျက်ကိုရှုသော ဝယဉာဏ်ဖြင့် သဿတဒိဋ္ဌိကို ပယ်နိုင်သည်၊ ဝိပဿနာဉာဏ် အရာဖြစ်၍ တဒင် ပဟာန်ဟု အဋ္ဌကထာဆရာ ဖွင့်ပြသည်။

ဥဒယဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ၊ ဝယဒဿနေန သဿတဒိဋ္ဌ ပဟာနံ။ (ဣဒံတဒင်္ဂပဟာနံ နာမ။) (ဝိသုဒ္ဓိ-၂ ၃၃၅)

ဤသို့လျှင် အဖြစ်အပျက်ကို ရှုသော လောကီဝိပဿနာဉာဏ်ဖြင့်ပင် သဿတဒိဋ္ဌိကို ပယ်ခွာနိုင်၏ဟု တိတိကျကျဖွင့်ရကား ဝိပဿနာ ယောဂီများ အဖြစ်အပျက်ကို ရှုမှတ်ရမည်ဟု သုံးသပ်ကြသည်။

သို့မှသာ(သံ-၂ ၁၃၆) သီလဝန္တသုတ္တန်နှင့်အညီ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမှတ်ပြီး လောကုတ္တရာ မဂ်ဖိုလ်ကို ရနိုင်ပေမည်။ အဖြစ်အပျက်ကို ရှုမှတ် ခြင်းသည် သညာမဟုတ်၊ ဝိပဿနာပညာသာဖြစ်သည်။

## အမှတ်(၆) ဆုံးဖြတ်ချက်

ဤသုံးသပ်ချက်များနှင့်အညီ ရုပ်နာမ်တို့၏ ဖြစ်မှု၊ ပျက်မှုကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှသာ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်သောကြောင့် စမ်းကလေးဆရာတော်၏ ရုပ်နာမ်သင်္ခါရတို့ကို ရှုမှတ်လျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အစွန်းမလွတ်နိုင် ဟူသော ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာများနှင့် မညီညွတ်သော အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

## အမှတ်(၇) စောဒနာချက်

ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်အရ မဂ္ဂင်ရှစ်ပါး အကျင့်တရားကို မှန်ကန်စွာ ကျင့်ပွားမှသာ အရိယာဖြစ်နိုင်ပါသည်၊ စမ်းကလေးဆရာတော်၏ လမ်းတို ကျင့်စဉ်၌ မဂ္ဂင်ရှစ်ပါးကို ဖြတ်ပယ်ထားပြီး ငုတ်တုတ်ထိုင် တရားနာရုံဖြင့် သောတာပန်ဖြစ်နိုင်သည်ဟုဆိုပါသည်။

http://www.dhammadownload.com



ဤသို့ ဗုဒ္ဓ၏ မဂ္ဂင်ရှစ်ပါးကျင့်စဉ်အစစ်ကို ဖျက်ဆီး၍ မဂ္ဂင်ရှစ်ပါးကျင့်စဉ် အတုကို အစားထိုးလျက် ငုတ်တုတ်ထိုင်တရားနာရုံဖြင့် သောတာပန်ဖြစ်သည် ဆိုသော စမ်းကလေးဝါဒလမ်းတိုကျင့်စဉ်နှင့် သောတာပန်တို့သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် လုံးဝဆန့်ကျင်လွဲချော် မှားယွင်းနေသော မိစ္ဆာဝါဒ, အဓမ္မဝါဒဖြစ်ပါသည်ဟု ကျမ်းဂန်အကိုးအကား သာဓကများဖြင့် စောဒက ပုဂ္ဂိုလ်များက စွဲဆိုကြသည်။

## အမှတ် (၇) သောဓနာချက်

ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်လာ သီလ, သမာဓိ, ပညာအပေါ်တစ်စုံ တစ်ရာ ဖြုတ်နုတ်ဖြည့်စွက်ပြင်ဆင်ခြင်း လုံးဝမပြုလုပ်ဘဲ တရားထူးနာယူသူ ကိုသာ အကြောင်းပြင်ဆင်ပေး၍ ရလာသောအကျိုးကို ယောဂီပုဂ္ဂိုလ်၏ ဝန်ခံ ချက်နှင့်အညီ ဝေဖန်ပိုင်းခြား ဟောကြားပေးခြင်းသာဖြစ်ပါသည်။

ဗုဒ္ဓ၏ သီလကျင့်စဉ်မယိမ်းယိုင်စေဘဲ လောကီသီလမှ လောကုတ္တရာသီလ အဓိဂမသီလအထိ စောင့်ရှောက်ဆောက်တည်စေပြီး ကိုယ်တိုင်လည်းကျင့်သုံး ပါသည်၊ ဗုဒ္ဓ၏ သမာဓိကျင့်စဉ်ကို ရဟန်းများအရာထား၍ တပည့်ဒါယကာများ အတွက် သဒ္ဓါကျင့်စဉ်ဖြင့် ဝေဖန်ပိုင်းခြား ဟောကြားပေးပါသည်။ ဗုဒ္ဓ၏ပညာ ကျင့်စဉ်ကို မပြုပြင်ပါ။ မဂ္ဂင်ရှစ်ပါးကျင့်စဉ်ကို လူပုဂ္ဂိုလ်တို့အတွက် အကြောင်းမင်္ဂဖြင့် လိုက်၍ အကျိုးမဂ် (မဂ္ဂင်ရှစ်ပါး)သို့ ဆိုက်ရောက်စေပါသည်။

သို့ဖြစ်ပါ၍ တပည့်တော်၏ ကျင့်စဉ်သည် ဗုဒ္ဓ၏ ဒေသနာတော်နှင့် မဆန့် ကျင်သောကြောင့် အဓမ္မဝါဒမဟုတ်၊ ဓမ္မဝါဒဖြစ်ပါသည်ဟု စုဒိတကပုဂ္ဂိုလ်က ချေပသည်။

## အမှတ် (၇) သုံးသပ်ချက်

စမ်းကလေးဝါဒ လမ်းတိုကျင့်စဉ်၌ မဂ္ဂင်အချို့ဖြုတ်ပယ်ထားသည်မှာ စောဒက ဆရာတော်များ တင်ပြသည့်အတိုင်း မှန်ပေသည်။ (အမှတ်-၂ သုံး သပ်ချက်ကြည့်)

ဗုဒ္ဓ၏ မဂ္ဂင်ရှစ်ပါးကျင့်စဉ်အစစ်ကို ဖျက်ဆီး၍ မဂ္ဂင်ရှစ်ပါးကျင့်စဉ်အတု ကို အစားထိုးသည်ဟုဆိုကာ စောဒကဆရာတော်များ တင်ပြထားသော စမ်းကလေးတပည့်တို့၏ မဂ္ဂင်ရှစ်ပါးမှာ ဤသို့ဖြစ်သည်-

(၁) ယုံကြည်သဒ္ဓါ

(၂) ကြည်ညိုသဒ္ဓါ

http://www.dhammadownload.com



(၃) အဓိဂမသဒ္ဓါ
(၄) ဒုဿီလ
(၅) သုသီလ
(၆) အဓိဂမသီလ
(၇) ဝိနည်းမဂ္ဂင်
(၈) သိက္ခာမဂ္ဂင်---တို့ဖြစ်သည်။

ဖော်ပြပါစမ်းကလေးဝါဒမဂ္ဂင်ရှစ်ပါးမှာ စမ်းကလေးဆရာတပည့်တို့၏ အယူအဆသာဖြစ်သည်၊ ဗုဒ္ဓဒေသနာတော်၌ လုံးဝမပါရှိပေ။

ထို့ပြင် ဗုဒ္ဓ၏သမာဓိမဂ္ဂင်နေရာ၌ သဒ္ဓါမဂ္ဂင်(၃)ပါးဖြင့် အစားထိုးထားသည်၊ ပညာမဂ္ဂင်ကို မပြုပြင်ပါဟုဆိုသော်လည်း အကြောင်း ဝိပဿနာမဂ္ဂင်ကို မကောက်ဘဲ အကျိုးမဂ်ဖိုလ် ပညာကိုသာ ကောက်ယူထားသည်။ ဝိပဿနာ တည်းဟူသော အကြောင်းပုဗ္ဗဘာဂမဂ်မရှိလျှင် အကျိုးမဂ်ဖိုလ်ပညာ မရနိုင်ပေ။

မဂ္ဂေါတိ လောကုတ္တရာမဂ္ဂေါ၊ ပဋိပဒါတိ ပုဗ္ဗဘာဂ ပဋိပဒါ၊ဣဒါနိတံ ဒုဝိဓံ မဂ္ဂဉ္စ ပဋိပဒဉ္စ ဧကတော ကတွာ ဒဿေန္တော"အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ" တိ အာဒိမာဟ။ (ဒီ၊ ဌ-၂၊၂၉၁) ဟူသောအဋ္ဌကထာအလို အားဖြင့် အဋ္ဌင်္ဂိက မဂ်အရ ဝိပဿနာ ပုဗ္ဗဘာဂမဂ်နှင့် လောကုတ္တရာ မဂ် နှစ်မျိုးစလုံးကိုပင် ဖွင့်ပြသည်၊သို့ဖြစ်၍ အကျိုးမဂ်ပညာကိုသာ ကောက်ယူ သော စမ်းကလေးဝါဒသည် ကျမ်းဂန်အဆိုနှင့် မညီပေ။

စမ်းကလေးဝါဒလမ်းတိုကျင့်စဉ်၌ ဗုဒ္ဓဒေသနာတော်လာ မဂ္ဂင်ရှစ်ပါးအစစ် အမှန် မပါရှိသဖြင့် "ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ န ဥပလဗ္ဘတိ" စသော မဟာပရိနိဗ္ဗာန်သုတ် (ဒီ- ၂ ၁၂၄) ဒေသနာတော် အရ သောတာပန်ဖြစ်သူ လုံးဝမရှိနိုင်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## အမှတ် (၇) ဆုံးဖြတ်ချက်

ထို့ကြောင့် မဂ္ဂင်ရှစ်ပါးနှင့် စပ်လျဉ်း၍ စမ်းကလေးဆရာတော်၏ ဟောပြောချက်များသည် ဗုဒ္ဓဒေသနာတော် ပါဠိ အဋ္ဌကထာလာတရားများ

http://www.dhammadownload.com



မဟုတ်၊စမ်းကလေးဆရာတော်၏ ထင်မြင်ယူဆချက်များသာ ဖြစ်၍ ဓမ္မဝိနယနှင့် ဆန့်ကျင်သော "အဓမ္မဝါဒ"သာ ဖြစ်သည်။

စမ်းကလေးဝါဒကျင့်စဉ်အတိုင်း တရားနာယူရုံဖြင့်ဖြစ်သော သောတာပန်တို့သည်လည်း ကျမ်းဂန်လာ "သောတာပန်အစစ်" မဟုတ်၊ "သောတာပန်အတု"သာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

-------------------

## အမှတ်(ဂ) စောဒနာချက်

ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်အရ ဥဂ္ဃဋိတညူနှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်တို့သည် အချိန်ယူ တရားအားထုတ်ရန်မလိုဘဲ တရားနာစဉ် တရားပွဲမှာပင် မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကို ရရှိနိုင်ကြပါသည်၊ ထိုသို့ရရှိသည်ဆိုသော်လည်း ဝိပဿနာရှုပွားမှုမရှိဘဲရကြသည် မဟုတ်ပါ။ တရားနာစဉ်အချိန်၌ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူသော ရှုမှတ်ဖွယ် သတိပဋ္ဌာန်အာရုံ(၄)ခုတို့တွင် တစ်ခုခုကို ဝိပဿနာတင် ရှုမှတ်ဆင်ခြင်ပြီးမှသာ တရားထူးရကြခြင်းဖြစ်ပါသည်။ ယခုခေတ်၌ ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုး မရှိတော့ကြောင်း လယ်တီဒီပနီပေါင်းချုပ် ပထမတွဲ၊ စာမျက်နှာ(၂၅၈)၌ မိန့်ဆိုထားပါသည်။

စမ်းကလေးဆရာတော်၏ ရောက်တတ်ရာရာ ပေါက်ကရတရားကိုနာစဉ် သူ၏သာဝကများ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မတို့တွင် တစ်ခုမျှမရှုမမှတ်ဘဲ ငုတ်တုပ်ထိုင် နေရုံမျှဖြင့် သောတာပန်အစစ် မဖြစ်နိုင်ပါ။

သို့ဖြစ်ပါ၍ တရားနာရုံဖြင့် သောတာပန်ဖြစ်သည်ဟူသော စမ်းကလေးဆရာတော်၏ ဟောပြောချက်သည် မိစ္ဆာဝါဒ, အဓမ္မဝါဒသာ ဖြစ်ပါသည်ဟု ကျမ်းဂန်အထောက်အထား များဖြင့် စောဒကပုဂ္ဂိုလ်များက စွဲဆိုကြသည်။

## အမှတ် (ဂ) သောဓနာချက်

"ပြောစကားသာနားထောင်၊ ယုံကြည်သဒ္ဓါရှိပါစေ၊ အခုထဲက ပြောမယ်၊ လောကဘေးနဲ့ အပါယ်ဘေးမှလွတ်ကြောင်း တစ်မင်္ဂကို အခါ(၂၀) ရဲရဲတာဝန်ယူတယ်"ဟု တပည့်တော်ဟောပြောခဲ့သည်မှာ မှန်ပါသည်။

http://www.dhammadownload.com



ဝိမုတ္တိယုဂတစ်ကျော့ပြန်ခေတ်အခါ သောတာပန်တွေ မှိုလိုပေါက်ပြီး အသင်္ချေ နှင့်ချီကာကျွတ်တမ်းဝင်နိုင်ရန်ရှိပါသည်၊ရင်းတို့တစ်ယောက်မကျန် ကျွတ်တမ်း ဝင်နိုင်ရန် ဘုရားရှင်၏ ဗျာဒိတ်စကားနှင့်အညီ တိတိကျကျ ဆောင်ရွက် ပေးနေခြင်း ဖြစ်ပါသည်။

ဆရာ့အပေါ် တရားအပေါ် မတုန်မလှုပ်ယုံကြည်မှု အစလသဒ္ဓါကို အခြေခံ၍ ဟောကွက်, ကျင့်ကွက်အတွင်း၌ မျက်စိမှိတ်, မလှုပ်မယှက် ဂရုဂါရဝ ထား ငြိမ်သက်စွာ နေထိုင်စေပြီး ဆရာ၏ တရားသံအပေါ် ဝေဒနာ သညာမှတ်စိတ်ဖြင့် မသွားဘဲ တရားအပေါ်အထူးသတိထား၍ ဉာဏ်စိုက်ရ ပါသည်။ ဧကော ဓမ္မော လိုက်၍အကျိုးတရားထူး ရအောင် တရားနာယူခြင်း ပေးပြောကြားခြင်း၊ မဇ္ဈိမပဋိပဒါ သတိပဋ္ဌာန်အလယ် လမ်းဖြင့် အားထုတ် စေခြင်းဖြစ်သောကြောင့် တရားပွဲအတွင်းမှာပင် ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူ ပုဂ္ဂိုလ်တို့ သောတာပန်တည်ကြပါသည်၊ ညွှန်ကြားမှုကို တိကျစွာ လိုက်နာသော သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များကိုသာ မဂ်ကျိုး ဖိုလ်ကျိုး ရရန်အာမခံပါသည်၊ ငုတ်တုတ်ထိုင်နေရုံဖြင့် မဂ်ဖိုလ်ရကြသည် မဟုတ်။

ယခုခေတ်၌ ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုး မရှိနိုင်ဟူသော လယ်တီ-ဒီပနီ အဆိုသည် ဘယ်ကျမ်းဂန်ကို ကိုးကား၍ ဆိုပါသနည်း၊ ထိုပုဂ္ဂိုလ်မျိုး ယခုဝိမုတ္တိယုဂ တစ်ကျော့ပြန်ခေတ်မှာ ရနိုင်ပါသည်၊ သောတာပန်တွေ အသင်္ချေမက ကျွတ်တမ်းဝင်နိုင်ရန် လမ်းရှည်ကို သုံး၍မရ၊ လမ်းတိုသုံးမှသာ သဒ္ဓါနုသာရီသောတာပန်များ တရားတစ်ပွဲအတွင်းမှာပင် အများအပြား ပေါ်ပေါက်လာနိုင်ပါသည်ဘုရား။

သို့ ဖြစ်ပါ၍ တပည့်တော်၏ ဟောပြောချက်သည် ဓမ္မဝိနယနှင့်အညီ ဖြစ်ပါသဖြင့် အဓမ္မဝါဒမဟုတ်၊ ဓမ္မဝါဒဖြစ်ပါသည်ဟု စုဒိတကပုဂ္ဂိုလ်က ချေပသည်။

## အမှတ်(၈) သုံးသပ်ချက်

စမ်းကလေးဆရာတော်သည် စောဒကဆရာတော်များ တင်ပြထားသည့် အတိုင်း သူ၏တပည့်သာဝကများအား ရဲရဲကြီး အာမခံချက်ပေးပြီး ဟောပြောနေခြင်းဖြစ်ပေသည်။ ရင်းဟောပြောသည့်အတိုင်း သောတာ-ပန်တွေ တရားပွဲအတွင်းမှာပင် မှိုလိုပေါက် ဖြစ်လာလျှင် အလွန်တရာမှ

http://www.dhammadownload.com



ကောင်းပေမည်၊ တစ်နိုင်ငံလုံး, တစ်ကမ္ဘာလုံး အေးချမ်းသာယာပေမည်၊ စမ်းကလေး၏တရားများမှန်ကန်မှုရှိ/မရှိ၊ ဖြစ်နိုင်/မဖြစ်နိုင် ဝိနည်းဓိုရ် ဆရာတော်ကြီး(၅) ပါးအား စစ်ဆေးပေးရန် နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများက တာဝန်ပေးစေခိုင်းခဲ့ပါသည်၊ တာဝန်အရ သုံးသပ်ချက်, ဆုံးဖြတ်ချက်သည် အောက်ပါအတိုင်းဖြစ်ပါသည်-

စမ်းကလေးဆရာတော်ပြောတဲ့ "ဝိမုတ္တိယုဂ တပတ်ပြန်ကျော့ခေတ်မှာ သောတာပန်တွေမှိုလိုပေါက်ရမည်-စသည်ဖြင့် ဟောပြောရာ "ဝိမုတ္တိယုဂ တပတ်ပြန်ကျော့ခေတ်" ဆိုတဲ့စကား ဘယ်ကျမ်းဂန်မှာပါပါသလဲလို့ မေးတဲ့အခါ ဘယ်ကျမ်းဂန်မှာပါတယ်လို့ သူမသိကြောင်း၊ ဆရာတော်ကြီးများ ပြောသံကြားဖူး၍ ပြောခြင်းဖြစ်ကြောင်း ဝန်ခံသွားသည်။ (ဝိမုတ္တိယုဂခေတ် အကြောင်း စာဒနာလွှာအမှတ်(၃)၌ အကျယ်ရေးခဲ့ပြီ၊ ပြန်ကြည့်ပါ) သူပြော တဲ့ ဝိမုတ္တိယုဂ တပတ်ပြန်ကျော့ခေတ်ဆိုဒါ တကယ်မရှိ၊ ကျမ်းဂန်တို့၌ မပါရှိ ရိပ်သာဆရာတော်အချို့ လေဖမ်းဒန်းစီး သူပြော လူပြော ပြောဟောရာမှ စလာတဲ့စကားသာဖြစ်သည်။ ဤသို့ ဝိမုတ္တိယုဂခေတ် မရှိသည့်အတွက် ထိုခေတ်မှာ "သောတာပန်တွေမှိုလို ပေါက်ရမည်" ဆိုတဲ့စကားလည်း မမှန်နိုင်တော့ချေ၊ စိတ်ကူးယဉ်စကားသာဖြစ်သည်။

ဝိမုတ္တိယုဂခေတ်မရှိလျှင် ထားပါ၊ တရားပွဲအတွင်းမှာပဲ မဂ်ဖိုလ်ရတဲ့ ဥဃ္ဃဋိတညူ, ဝိပဉ္စိတညူပုဂ္ဂိုလ်မျာ. မဖြစ်နိုင်တော့ဘူးလားဟု မေးဖွယ်ရာရှိ၏။ ၎င်းပုဂ္ဂိုလ်(၂) မျိုးတွင် တရားပွဲအတွင်းမှာပင် အကျဉ်း,အကျယ်(၂)မျိုး ဟောရာ အကျဉ်းချုပ်ဟောလိုက်ရုံဖြင့် ရှေးဦးစွာ သောတာပန်ဖြစ်သူသည် ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်ဖြစ်သည်၊ အကျဉ်းချုပ်တရားကို အကျယ်ချဲ့ဟောမှ နောက်မှ သောတာ ပန်ဖြစ်သူသည် ဝိပဉ္စိတညူ ပုဂ္ဂိုလ်ဖြစ်သည်။ ရှေ့ဆင့်နောက်ဆင့် မိနစ်ပိုင်း, နာရီပိုင်းလောက်သာကွာခြားသည်၊ တရားပွဲတစ်ပွဲတည်းမှာပင် သောတာ ပန် ပုဂ္ဂိုလ်များဖြစ်သည်၊ ဤလိုပုဂ္ဂိုလ်မျိုး ယခုခေတ်မှာ ရှိနိုင်ပါရဲ့လား ဟုမေးလျှင် ယခုပြဆိုခဲ့သော ပုဂ္ဂလပညတ်-၁၄၇။ အဋ္ဌကထာ-၇၃တို့၏ ဟောပြောချက်, ဖွင့်ဆိုချက်များဖြင့် ပြတ်ပြတ်သားသား မဖြေနိုင်ပေ။ သို့သော် အရှင်မဟာကစ္စည်းရဟန္တာမထေရ်မြတ် ဟောကြားအပ်သော နေတ္တိပါဠိတော် ပေဋကောပဒေသပါဠိတော် တို့၌ကား အောက်ပါအတိုင်း ဟောကြား ထားသည်။

http://www.dhammadownload.com



ဘဂဝါ ဥဂ္ဃဋိတညုဿ ပုဂ္ဂလဿ သမထံ ဥပဒိသတိ၊ နေယျဿ ဝိပဿနံ၊ သမထဝိပဿနံ ဝိပဉ္စိတညုဿ။ (နေတ္တိ-၁၀၄)

ဥဂ္ဃဋိတညုဿ သမထပုဗ္ဗင်္ဂမာ ဝိပဿနာ၊ နေယျဿ၊ ဝိပဿနာပုဗ္ဗင်္ဂမော သမထော၊ ဝိပဉ္စိတညုဿ သမထဝိပဿနာ ယုဂနဒ္ဓါ။ (ပေဋကော- ၁၃၄)

## မြန်မာပြန်

မြတ်စွာဘုရားသည် ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်အား ဈာန်သမထတရားကို ညွှန်ပြတော်မူ၏။ နေယျပုဂ္ဂိုလ်အား ဝိပဿနာတရားကို ညွှန်ပြတော်မူ၏၊ ဝိပဉ္စိတညူပုဂ္ဂိုလ်အား ဈာန်သမထနှင့် ဝိပဿနာတရားကို ညွှန်ပြတော် မူ၏။

ဥဂ္ဃဋိတညူပုဂ္ဂိုလ်အား သမထရှေ့သွားရှိသော ဝိပဿနာတရားကို ဟောကြားအပ်၏၊ နေယျပုဂ္ဂိုလ်အား ဝိပဿနာရှေ့သွားရှိသော သမထတရားကို ဟောကြားအပ်၏။ ဝိပဉ္စိတညူပုဂ္ဂိုလ်အား သမထနှင့် ဝိပဿနာ ယှဉ်တွဲလျက် ဟောကြားအပ်၏။

ဤပါဠိတော်များအလိုမူ စမ်းကလေးဆရာတော် ဟောကြားအပ်သော တရားသည် ဈာန်သမထရှေ့သွားရှိသော ဝိပဿနာတရား မဟုတ်သောကြောင့် ဥဂ္ဃဋိတညူပုဂ္ဂိုလ်အနေဖြင့် သောတာပန် မဖြစ်နိုင်။

သမထနှင့် ဝိပဿနာယှဉ်တွဲလျက် ဟောကြားသော ယုဂနဒ္ဓတရား မဟုတ်သောကြောင့်လည်း ဝိပဉ္စိတညူပုဂ္ဂိုလ်အနေဖြင့်လည်း သောတာပန် မဖြစ်နိုင်ဟု သုံးသပ်တော်မူကြသည်။ ဘုရားလက်ထက်နောက်ပိုင်းမှာပင် မဂ်ဖိုလ်ရသူနည်းပါးကြောင်း (သံ-၁၊၄၂၂) ၌ ဟောကြားတော်မူသည်။ နှစ်ပေါင်း (၂၅၀၀) ကျော် ယခုအခါ၌ ပို၍နည်းမည်မှာ မျက်မြင်ပင် ဖြစ်ပေသည်-ဟု သုံးသပ်တော်မူကြသည်။

## အမှတ်(၈) ဆုံးဖြတ်ချက်

ဤသုံးသပ်ချက်များအရ နေတ္တိ ပေဋကောပဒေသ ပါဠိတော်တို့နှင့်အညီ သမထပုဗ္ဗင်္ဂမ ဝိပဿနာတရား၊ သမထနှင့် ဝိပဿနာယှဉ်တွဲထားသော ယုဂနဒ္ဓ တရားများ မဟုတ်သောကြောင့် စမ်းကလေးဆရာတော်၏ တပည့်

http://www.dhammadownload.com



သာဝကများ ဥဠုင္ဂိတညူ-ဝိပဉ္စိတညူ သောတာပန်အစစ်များ မဟုတ်ကြ၊ အတုအပများသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

------------------

## အမှတ်(၉) စောဒနာချက်

စမ်းကလေးဆရာတော်၏ သာဝကများသည်-

(၁) ဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း၊

(၂) သစ္စာ(၄) ပါးတရားကို နာယူခြင်း၊

(၃) အနိစ္စ, ဒုက္ခ စသော သင့်လျော်သော အကြောင်းဖြင့် နှလုံးသွင်းခြင်း၊

(၄) နိဗ္ဗာန်တရားအား လျောက်ပတ်သော ပုဗ္ဗဘာဂအကျင့် (သီလ, သမာဓိ, ဝိပဿနာအကျင့်)ကို ကျင့်ခြင်း-

ဟူသော သောတာပန်ဖြစ်ကြောင်း သောတာပတ္တိယင်္ဂတရား(၄) ပါး(သံ-၃၊၃၅၉။ဒီ-၃၊ ၁၉၀။ သံ၊ ဋီ ၊ ၈၅) နှင့် ပြည့်စုံညီညွတ်ခြင်းမရှိကြပါ။

ထိုသို့ သောတာပန်ဖြစ်ရန် မည်သည့်အင်္ဂါနှင့်မျှ မပြည့်စုံပါပဲလျက် “ယုံကြည်ပါစေ၊ ရောက်ပါစေ၊ ကရားနှင့်တွေ့၍ နာယူနိုင်ပါစေ၊ တစ်မင်္ဂတစ်ဖိုလ် ဧကန်ရရန် ဘုန်းကြီး ရဲရဲတာဝန်ယူတယ် စသည်ဖြင့် စမ်းကလေးဆရာတော် ဟောကြားပြောဆိုချက်တို့သည် ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့် လုံးဝဆန့်ကျင် လွဲချော်မှားယွင်းနေသော မိစ္ဆာဝါဒ အဓမ္မဝါဒ ဖြစ်ပါသည်ဟု ကျမ်းဂန်အကိုးအကား သာကေများဖြင့် စောဒကပုဂ္ဂိုလ်များက စွဲဆိုကြသည်။

## အမှတ်(၉) သောခနာချက်

ပါဠိတော် အဋ္ဌကထာတို့ကို နှုတ်ငုံမဆောင်နိုင်သော်လည်း ခန္ဓာနှင့်တိုက်ဆိုင်လျက် ဝိနိစ္ဆယဉာဏ်ရင့်သန်သည့် လင်္ကာရဟန်း တစ်ပါးအနေဖြင့် ဆရာကောင်း နေရာတွင် ရပ်တည်၍ ကိုယ်တိုင်ကျင့်ကြံသိရှိပြီးမှ ဟောကြားပေးခြင်း ဖြစ်သောကြောင့် သောတာပန်ဖြစ်ကြောင်း ပထမအင်္ဂါနှင့်လည်းကောင်း၊

http://www.dhammadownload.com



ဟောစဉ်တွင် သီလအခြေခံ၍ ခန္ဓာတွင်း သစ္စာ(၄)ပါးပေါင်းစုံရန် အကြောင်း ရှင်းပြသည်ကို နာယူရခြင်းကြောင့် သောတာပန်ဖြစ်ကြောင်း ဒုတိယအင်္ဂါနှင့် လည်းကောင်း၊

နာကြားသူ၏ အသင့်အတင့် နှလုံးသွင်းမှုကြောင့်တရား အပေါ် အေးချမ်း သည်၏ အဖြစ်ကို ကိုယ်တိုင်သိရှိသဖြင့် သောတာပန်ဖြစ်ကြောင်း တတိယ အင်္ဂါနှင့် လည်းကောင်း၊

တရားအားလျော်စွာ ကျင့်ရသောအကျင့်, ကျင့်ကွက်လည်း ပါသော ကြောင့် သောတာပန်ဖြစ်ကြောင်း စတုတ္ထအင်္ဂါနှင့်လည်းကောင်း ညီညွတ်ပါ သည်။

အထက်ပါ သောတာပန်ဖြစ်ရန်အင်္ဂါများနှင့် ညီညွတ်ကြောင်း အခြေခံ အဖြစ် "ယုံကြည်ပါစေ၊ ရောက်ပါစေ၊ တရားနဲ့တွေ့ နာယူနိုင်ပါစေ" ဟူသော ရည်ရွယ်ချက်ဖြင့် ဟောပြောခြင်း ဖြစ်သောကြောင့် မိစ္ဆာဝါဒ အဓမ္မဝါဒမဟုတ်ပါ ဟု စုဒိတက ပုဂ္ဂိုလ်က ချေပသည်။

## အမှတ် (၉) သုံးသပ်ချက်

၁။ စမ်းကလေးဆရာတော်သည်(၁၀)ယောက်မြောက် ကမ္မဋ္ဌာန်းဆရာ၏ အင်္ဂါနှင့် မညီညွတ်၊ ပရိယတ်ကျွမ်းကျင်မှု နည်းပါးသည်။

၂။ စမ်းကလေးဆရာတော်၏ တရားများကို နာကြည့်ရာ သစ္စာလေးပါးနှင့် ပတ်သက်သောတရား နည်းပါးသည်၊ တရားနာသူများ ခန္ဓာအပေါ် သစ္စာဉာဏ်မရောက်လောက်ဟု သုံးသပ်ကြသည်။

၃။ ယောနိသောမနသိကာရ အရကို "ဉပါယေန အနိစ္စာဒိတော မနသိ- ကရဏံ"ဟု (သံ၊ ဋီ-၂ ၈၅)၌ ဖွင့်ဆိုရကား အနိစ္စ, ဒုက္ခ, အနတ္တ စသည့် ဝိပဿနာဉာဏ်(၇)မျိုးတို့ဖြင့်နှလုံးသွင်း ရှုမှတ်ရမည်၊ ဤကဲ့သို့သော ရှုမှတ်မှု စမ်းကလေး တရား၌ မပါရှိ။

၄။ ဓမ္မာနုဓမ္မပ္ပဋိပတ္တိ အရ ဓမ္မာနုဓမ္မံ ပုဗ္ဗဘာဂပဋိပဒံ (သံ၊ဋ္ဌ-၃၊ ၃၀၉)။ ဓမ္မဿ နဝ လောကုတ္တရဓမ္မဿ အနုဓမ္မံ သဟ သီလေန ပုဗ္ဗဘာဂပဋိပဒံ (အံ၊ဋ္ဌ-၂ ၉၈၊ ၂၅၂)ဟူ၍ အဋ္ဌကထာကြီးနှစ်စောင်၌ ဖွင့်ရကား လောကုတ္တရာ တရား (၉)ပါးအားလျော်သော ရစေနိုင်သော သီလအကျင့်နှင့်တကွ ပုဗ္ဗဘာဂမဂ်

http://www.dhammadownload.com



(သမာဓိမဂ်+ပညာမဂ်) ဝိပဿနာတရား ကိုကျင့်ရမည်၊ ဤကဲ့သို့ သီလ-သမာဓိ-ပညာ မဂ္ဂင်ရှစ်ပါး စမ်းကလေးတရား၌မပါခဲ့။ သီလ, သဒ္ဓါနှင့် မဂ်ပညာ ဖိုလ်ပညာဖြစ်နေရကား စမ်းကလေးဆရာတော်၏တပည့်များ စတုတ္ထအင်္ဂါနှင့်လည်း မညီညွတ်ကြချေ။ ပထမနှင့် ဒုတိယအင်္ဂါကား ဗာဟိရအင်္ဂါ၊ တတိယနှင့် စတုတ္ထ အင်္ဂါနှစ်ပါးကား အဇ္ဈတ္တိကအင်္ဂါများဖြစ်ကြသည်။ ဤ အင်္ဂါ(၄)ချက်နှင့် ညီညွတ်မှ မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်သည်။ စမ်းကလေးဆရာတော်၏ ဟောပြောမှုနှင့် တပည့်သာဝကများသည် ဤအင်္ဂါ(၄)ချက်နှင့် မပြည့်စုံကြဟု သုံးသပ်တော်မူကြသည်။

## အမှတ်(၉) ဆုံးဖြတ်ချက်

ဤဆိုအပ်ခဲ့ပြီးသော သုံးသပ်ချက်များအရ စမ်းကလေးဆရာတော်၏ တပည့်များသည် အင်္ဂါ(၄)ချက် သောတာပန်ဖြစ်ခြင်း၏ အကြောင်းအင်္ဂါများနှင့် မပြည့်စုံရကား တကယ့် သောတာပန် အစစ်မဖြစ်နိုင်ကြပေ၊ စမ်းကလေးဆရာတော်က သမုတ်ပေးလိုက်သော သောတာပန်အတုများသာဖြစ်ကြပေသည်။ကိုယ်တိုင်တရားမကျင့်ဘဲအခြားပုဂ္ဂိုလ်တစ်ဦးဦးက သမုတ် ပေးရုံဖြင့် သောတာပန်အစစ် ဖြစ်မလာနိုင်ဟုဆုံးဖြတ်တော်မူကြသည်။

## အမှတ်(၁၀) စောဒနာချက်

ဗုဒ္ဓသည် ယသ စသောတရားနာပုဂ္ဂိုလ်တို့အား ဒါနကထာ, သီလကထာ သဂ္ဂကထာ ကာမာနံ အာဒီနဝ နေက္ခမ္မေ အာနိသံသစသော ကထာအစဉ်ကို ဟောပြီး နောက် ကလ္လစိတ္တ မုဒု ဝိနီဝရဏ ဥဒဂ္ဂ ပသန္နစိတ္တ ဤ(၅)ချက်နှင့် ပြည့်စုံကြောင်း သိတော်မူမှ သစ္စာလေးပါးတရားကို ဆက်လက်ဟောတော်မူရာ ဒေသနာတော်အဆုံးတွင် ယသ စသော အမျိုးသားတို့သည် မဂ်ဖိုလ်နိဗ္ဗာန်တရား ထူးကို ရကြသည်။ (ဝိ-၃၊၂၂)

စမ်းကလေးဆရာတော်က ဤကထာအစဉ်များကို ပီပီပြင်ပြင် ဟောကြားသည်ကို မကြားရပါ၊ ထို့ကြောင့် ကလ္လစိတ္တစသော ဂုဏ်အရည်အချင်း (၅)မျိုးနှင့်လည်း ပြည့်စုံနိုင်ဖွယ်မရှိ တရားနာပရိသတ်များကလည်း မျက်စိဖွင့် ကြည့်၊ စကားပြောလှုပ်လှုပ်ရွရွနေသည်ကို မန်ရ, မဲရ ဟိန်းဟောက်ရနှင့် ဒေါမနဿတွေပွား၊ တရားနာပရိသတ်ကလည်း မငြိမ်သက်၊ သစ္စာလေးပါး တရားကို ဟောသော်လည်း သောတာပန်အစစ် မဖြစ်နိုင်၊ ဖြည်းဖြန်းပြီး သောတာပန် အတုလက်မှတ်ကြီးသာ ပေးလိုက်သည်။

http://www.dhammadownload.com



ဘုရားရှင်လက်ထက်တော်ကပင် တရားပွဲတိုင်းပွဲတိုင်း တစ်ယောက်မကျန် သောတာပန် မဖြစ်ကြ၊ ဣန္ဒြေရင့်ကျက်သူများသာ အရိယာဖြစ်ကြသည်။ (ဝိ-၃၊ ၄၇)

၁

သစ္စာလေးပါးကို ဟောရာ၌လည်း ဒုက္ခနှင့်သမုဒယနှစ်ပါးကို အကြောင်းသစ္စာ, နိရောဓနှင့် မဂ္ဂနှစ်ပါးကို အကျိုးသစ္စာဟုခွဲဟောထားပါသည်။ ကထာအစဉ်လည်းမဟုတ်၊ သစ္စာကြောင်းကျိုးလွဲချော်နေရကား အဓမ္မဝါဒသာ ဖြစ်သည်ဟု စွဲဆိုကြသည်.

## အမှတ် (၁၀) သောဓနာချက်

တရားတော်အပေါ် ယုံကြည်မှု၊ ဆရာ့အပေါ် လေးမြတ်မှုဖြင့် သဒ္ဓါနုသာရီ သောတာပန်ဖြစ်ကြောင်း နှုတ်ကပေးတာမဟုတ်ကြောင်း၊ ဒါနကထာစသော ကထာအစဉ်ကိုလည်း ဟောပါကြောင်း။ (ဝိ-၃၊၂၂)ကိုပင် ကိုးကားပြသည်။ အကြောင်းပြနိဒါန်းလွှာ (၂၁) (၃၃) စသည်တို့၌ ဟောကြားသော သစ္စာလေးပါး တရားမှာ-

(၁) ဒုက္ခသစ္စာ---မလှုပ်မယှက်ထိုင်နေသည့် ဤဘဝလူ့ခန္ဓာကိုယ်ကြီးသည် ဒုက္ခသစ္စာ။

(၂) သမုဒယသစ္စာ--ရှေးအတိတ်ဘဝက ပြုခဲ့တဲ့ဒါန, သီလ, ဘာဝနာ ကုသိုလ်စေတနာများသည် သမုဒယသစ္စာ၊ ဤဒုက္ခနှင့် သမုဒယကား အကြောင်း သစ္စာ(၂)ပါး။

(၃) နိရောဓသစ္စာ---ထိုင်နေစဉ်ပူမှု, အေးမှု, ညောင်းညာမှု, ကိုက်ခဲမှု စသည်များသည် သဒ္ဓါပီတိ ဖြစ်သည့်အခိုက် ရပ်တန့်သွားသည်၊ တဒင်္ဂချုပ်သွားသည်၊ ခဏချုပ်သွားသည်။ ၎င်းပူမှု , အေးမှုစသည်၏ ခဏချုပ်သွားမှု ခဏနိရောဓ သင်္ခါရနိရောဓသည် နိရောဓသစ္စာ။

(၄) မဂ္ဂသစ္စာ---သဒ္ဓါ ပီတိ, သဒ္ဓါဝီထိ၊ ကြက်သီးထမှု (လောမဟံသ) ပဿဒ္ဓိသြဘာသများ ဖြစ်ပေါ်လာသောအခါ မဂ်ဇောကျသည်၊ ၎င်း မဂ်ဇောစိတ်၌ ယှဉ်သော မဂ်သည် မဂ္ဂသစ္စာတည်း။ နိရောဓနှင့် မဂ္ဂသစ္စာကား အကျိုးသစ္စာသာတည်း။

ဤကဲ့သို့ သစ္စာလေးပါးကို ဟောကြားပြသသောကြောင့် သူ၏တရားသည် သမ္မာဝါဒ,ဓမ္မဝါဒသာ ဖြစ်ပါကြောင်း ချေပထားသည်။

http://www.dhammadownload.com



## အမှတ်(၁၀) သုံးသပ်ချက်

စမ်းကလေးဆရာတော်သည် ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မေ အာနိသံသကထာ ဟူသော မြတ်စွာဘုရား ဟောသကဲ့သို့ ကထာစဉ်ဖြင့် စနစ်တကျဟောသော တရားကို မဟော၊ ရောက်တက်ရာရာ ဟောသောတရားမျိုးသာ ဖြစ်သည်၊ ၎င်း ဟောသော တရားမျိုးဖြင့် တရားနာသူများ၏ စိတ်ဓာတ်သည် ကလ္လစိတ္တ-မုဒုစိတ္တစသည့် ဂုဏ်အရည်အချင်း (၅)မျိုးနှင့် ပြည့်စုံ၍ မလာနိုင်ဟု သုံးသပ်ကြသည်။

၎င်းစိတ်ဓာတ်၏ ဂုဏ်အရည်အချင်း(၅)မျိုးနှင့် မပြည့်စုံ၊ သူဟိန်းဟောက်မှု, မန်မဲမှုခံရသော ဒေါမနဿ ဖြစ်နေသည့် တပည့်သာဝက ပရိသတ်တို့အား သစ္စာလေးပါးတရားဟောသော်လည်း မဂ်ဖောမကျနိုင်ဟု သုံးသပ်တော်မူကြသည်။

သဒ္ဓါနှင့် ရောက်ကြသူ ကံဆွေမျိုးများသည် တရားအပေါ်ယုံကြည်မှု, ဆရာ့အပေါ်လေးမြတ်မှုဖြင့် (ပုဂ္ဂလပညတ်ပါဠိတော်နှာ-၁၁၈၊ စာပိုဒ် ၃၀ အရ) သဒ္ဓါနုသာရီသောတာပန် ဖြစ်နိုင်ပါကြောင်း၊ ဤပုဂ္ဂလပညတ်ပါဠိတော်လာ တရားတော်ကို ယုံကြည်ခြင်းကို ထောက်ထား၍ အကြိမ်(၂၀) တာဝန်ခံဖြင့် ဟောကြားကြောင်း စမ်းကလေးဆရာတော်က တင်ပြသွားသည်။ ၎င်းသဒ္ဓါနုသာရီပုဂ္ဂိုလ်နှင့် ပတ်သက်၍ သုံးသပ်ပြပါအံ့-

> သဒ္ဓံ အနုသရတိ၊ သဒ္ဓါယ ဝါ အနုသရတိ ဂစ္ဆတီတိ
> သဒ္ဓါနုသာရီ (ဝိသုဒ္ဓိ- ၂- ၂၉၈။ ၎င်း ဋီကာ -၄၆၇)

ယော=အကြင်သောတာပန်ပုဂ္ဂိုလ်သည်၊ သဒ္ဓံ=ဝိပဿနာဉာဏ်၌ တည်သော သဒ္ဓိန္ဒြေသို့၊ အနုသရတိ = အစဉ်လိုက်၍ ဖြစ်တတ်၏။ ဣတိ=ထို့ ကြောင်း။ သော= ထိုသောတာပန်ပုဂ္ဂိုလ်သည်။ သဒ္ဓါနုသာရီ၊ သဒ္ဓါနုသာရီမည်၏။

(ဝါ) တနည်းကား၊ ယော၊ သည်၊ သဒ္ဓါယ၊ ဝိပဿနာဉာဏ်၌ တည်သော သဒ္ဓိန္ဒြေကြောင့်။ အနုသရတိ ဂစ္ဆတိ၊ မဂ်ဉာဏ်အား လျော်စွာကျင့်တတ်၏။ ဣတိ၊ ထိုကြောင့်။ သော၊ သည်။ သဒ္ဓါနုသာရီ၊ မည်၏။

ဤအဋ္ဌကထာ ဋီကာများအရ "ဝိပဿနာဉာဏ်၌ တည်သောသဒ္ဓါဟု ဖွင့်ရကား စမ်းကလေးဆရာတော်၏ တရားလာ သဒ္ဓါမဟုတ်၊ သဒ္ဓါချင်း

http://www.dhammadownload.com



ကွာခြားသည်၊ စမ်းကလေးအလိုသဒ္ဓါမှာ တရားအပေါ် ယုံကြည်မှုကိုယူသည်၊ အပြင်သဒ္ဓါ၊ အတွင်းသဒ္ဓါတို့ကိုယူသည်၊ ၎င်းသဒ္ဓါတစ်ခုမှမဟုတ်၊ ထို့ကြောင့် စမ်းကလေး၏ ဟောပြောမှုအရဖြစ်တဲ့ သဒ္ဓါနုသာရီ သောတာပန်များသည် စာလာ ပေလာ သောတာပန်မဟုတ်ကြဟု သုံးသပ်ကြသည်။

ထို့ပြင် ဝိပဿနာ ဉာဏ်အမျိုးမျိုးရှိသည်၊ အဘယ် ဝိပဿနဉာဏ်၌ တည်သော သဒ္ဓါတရားလဲ-ဟုမေးမှု ပဋိသမ္ဘိဒါမဂ် ပါဠိတော်-၂၄၉ ၌ အောက်ပါအတိုင်း ဟောကြားထားသည်-

အနိစ္စတော မနသိကရောတော သဒ္ဓိန္ဒြိယံ အဓိမတ္တံ ဟောတိ၊ သဒ္ဓိန္ဒြိယဿ အဓိမတ္တတ္တာ သောတာပတ္တိမဂ္ဂံ ပဋိလဘတိ၊ တေန ဝုစ္စတိ သဒ္ဓါနုသာရီတိ။ (ပဋိသံ-၂၄၉)

ဤ၌ အနိစ္စဟု ဝိပဿနာနှလုံးသွင်းသော ယောဂီအား ဘုရားအပေါ် ယုံကြည်မှု သဒ္ဓိန္ဒြေလွန်ကဲလာသည်၊ သဒ္ဓိန္ဒြေလွန်ကဲလာသောကြောင့် သောတာပတ္တိမဂ်ကိုရသည်၊ ထို့ကြောင့် သဒ္ဓါနုသာရီ ပုဂ္ဂိုလ်ဟု ဆိုအပ်၏။

စမ်းကလေးတရား၌ အနိစ္စ, ဒုက္ခ, အနတ္တ တို့တွင် တစ်ခုမျှနှလုံးသွင်းမှု မပါရှိ၊ အဖြစ်အပျက်ကို မမြင်သေး၊ ဥဒယဗ္ဗယဉာဏ်မရှိသေး၊ ထို့ကြောင့် စမ်းကလေး၏ တပည့်သာဝကများ၏ စိတ်သန္တာန်၌ ဤသဒ္ဓါမျိုးမပေါ်ပေါက်နိုင်ချေ၊ ဤသဒ္ဓါမျိုးမပေါ်ပေါက်သောကြောင့် သဒ္ဓါနုသာရီ သောတာပန် မဖြစ်နိုင်ချေ။

ပုဂ္ဂလပညတ်၊၁၁စ၌ လာသော သဒ္ဓါနုသာရီ ပုဂ္ဂိုလ်၌လည်း ဤအတူပင် သဒ္ဓိန္ဒြေလွန်ကဲပုံခြင်း အတူတူပင်တည်း။

ထို့ပြင် သစ္စာလေးပါးနှင့် ပတ်သက်၍ သုံးသပ်ပြီးအံ့-

စမ်းကလေးဆရာတော် ပြောပြသည့်(၁) ဒုက္ခသစ္စာ=လူ့ခန္ဓာကိုယ်ကြီး၊ (၂)သမုဒယသစ္စာ=အတိတ်ဘဝကပြုခဲ့သည့် ဒါန သီလ ဘာဝနာကုသိုလ် စေတနာကံ-ဤနှစ်ချက်ကား ပဋိစ္စသမုပ္ပါဒ်အလိုထားပါတော့၊ မှန်သည်ဟုဆိုနိုင်ပါသည်။ (၃)နိရောဓသစ္စာ=ပူမှု, အေးမှု, ညောင်းညာမှု၊ ကိုက်ခဲမှု သင်္ခါရများ ခဏလေးချုပ်ငြိမ်းသွားသည်၊ ၎င်းခဏလေးချုပ် သင်္ခါရနိရောဓ သည် နိရောဓသစ္စာဟု ကောက်ပြရာ ၎င်းခဏနိရောဓကား အသင်္ခတဓာတ်

http://www.dhammadownload.com



မဟုတ်၊ ခဏလေးချုပ်ငြိမ်းမှု တဒင်္ဂနိရောဓ-ခဏနိရောဓသာ ဖြစ်သည်။ ၎င်း ခဏနိရောဓသည် လောကီနိရောဓသစ္စာပါဟု ပြောလျှင်ကား - ဝိသုဒ္ဓိမဂ်-(၂၂၆၇)နှင့် ညီညွတ်သည်၊ အကယ်၍ ၎င်းခဏနိရောဓကိုပင် စမ်းကလေး ဆရာတော်က နိရောဓသစ္စာအမှန်ပါဟုဆိုလျှင် ၎င်းခဏ နိရောဓသည် လောကီဖြစ်၍ လောကီနိရောဓသစ္စာသာ ဖြစ်သည်၊ ၎င်းခဏနိရောဓကို အာရုံပြုသော စိတ်သည်လည်း လောကီဝိပဿနာ စိတ်သာ ဖြစ်သည်၊ လောကုတ္တရာ သောတာပတ္တိမဂ်စိတ် မဟုတ်ဟု သုံးသပ်တော်မူကြသည်။

ဥဒယဗ္ဗယံ ပဿတော ပစ္စယတော ဥဒယဒဿနေန သမုဒယသစ္စံ ပါကဋံ ဟောတိ၊ ဇနကာဝဗောဓတော၊ ခဏတော ဥဒယဒဿနေန ဒုက္ခသစ္စံ ပါကဋံ ဟောတိ။ ဇာတိဒုက္ခာဝဗောဓတော ပစ္စယတော ဝယဒဿနေန နိရောဓသစ္စံ ပါကဋံ ဟောတိ၊ ပစ္စယာနုပ္ပါဒေန ပစ္စယဝတံ အနုပ္ပါဒါဝဗောဓတော၊ ခဏတော ဝယဒဿနေန ဒုက္ခသစ္စမေဝ ပါကဋံ ဟောတိ။ မရဏဒုက္ခာ ဝဗောဓတော။ ယဉ္စဿ ဥဒယဗ္ဗယဒဿနံ၊ မဂ္ဂေါဝါယံ လောကိကောတိ မဂ္ဂသစ္စံ ပါကဋံ ဟောတိ တတြသမ္မောဟဝိဃာတတော။ (ဝိသုဒ္ဓိ-၂၊ ၂၆၇-၈)

## အမှတ်(၁၀) ဆုံးဖြတ်ချက်

ဤသုံးသပ်ချက်များနှင့်အညီ စမ်းကလေးဆရာတော်၏ သဒ္ဓါနုသာရီ သောတာပန်သည် စာလာ, ပေလာသောတာပန်အစစ်မဟုတ်၊ အတုသာ ဖြစ်သည်၊ သစ္စာလေးပါးတရားသည်လည်း လောကီသစ္စာသာ ဖြစ်သည်၊ ထို့ကြောင့် ၎င်းသစ္စာဒေသနာစကား အားလုံးသည် လောကုတ္တရာပါဟု ဟောရကား မဟုတ်မမှန်သောကြောင့် အဓမ္မဝါဒ,မိစ္ဆာဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော် မူကြသည်။

## အမှတ် (၁၁) စောဒနာချက်

စမ်းကလေးဆရာတော်သည် ဝိပဿနာညစ်ညူးကြောင်း ဖြစ်သော သဒ္ဓါ, ဝီတိ,ပဿဒ္ဓိ,ဩဘာသ စသည်ဖြစ်မှုကို အစွဲပြု၍ သူ၏တရားနာ ပရိတ်သတ် အား (ပုဂ္ဂလပညတ်ပါဠိတော်- ၁၁၈၊ ပိုဒ်ရေ- ၃၀) ကို ကိုးကား၍ သောတာပန် ပုဂ္ဂိုလ် (၃)မျိုးတွင် တစ်မျိုးမျိုးဖြစ်ကြောင်း သတ်မှတ်ပေးနေသည်။ ဝိပဿနာ ညစ်ညူးကြောင်း (၁၀) ပါးကို ပဋိသံ-၂၉၂။ ဝိသုဒ္ဓိ- ၂ ၂၆၉ ၌ ပြဆိုထားသည်။

http://www.dhammadownload.com



ဤသဒ္ဓါပီတိစသည်ကြောင့် သောတာပန် (၃) မျိုးကွဲပြားရသည်ဟု ပုဂ္ဂလပညတ်စသည် မည်သည့် ပါဠိတော်၌မျှ မပါရှိ၊ သောတာပန် အစစ်ဖြစ်ပြီးလျှင် အထက်မဂ် (၃) ပါးကို ရဖို့ရန် အားထုတ်ရာ၌ သဒ္ဓါန္ဒြေစသည် (၅)ပါးတို့အားကောင်းလျှင် ကောဇီ၊ အား အလယ်လတ်ရှိလျှင် ကောလံ ကောလ၊ အားသေးလျှင် သတ္တက္ခတ္တုပရမ သောတာပန်ဟူ၍ သတ်မှတ်ချက်ကို (အဘိ၊ ဋ္ဌ-၃၊၄၇) ၌ ဖွင့်ဆိုထားပါသည်။

ထို (၃) မျိုးကွဲပြားပုံကိုလည်း ဘုရားရှင်သာ အနာဂတံသ အဘိညာဉ်ဖြင့် ခွဲခြား သိတော်မူနိုင်သည်။ စမ်းကလေးဆရာတော်၌ ဤကဲ့သို့ သိနိုင်သော စွမ်းအားလည်းမရှိ၊ ထိုသို့မရှိပါဘဲလျက် သောတာပန် (၃) မျိုးတွင် တစ်မျိုးမျိုး ဖြစ်သည်ဟု သတ်မှတ်ပေးနေခြင်းသည် ထေရဝါဒဒေသနာတော်နှင့် မကိုက်ညီသောကြောင့် အဓမ္မဝါဒ ဖြစ်ပါသည်ဟု စွဲဆိုကြသည်။

## အမှတ် (၁၁) သောစနောချက်

စောဒကများ ပြောသကဲ့သို့ သဒ္ဓါ, ပီတိ, ပဿဒ္ဓိ စသည်တို့မှာ ဝိပဿနူပက္ကိလေသများ မဟုတ်ပါ။ မဂ်ဖိုလ်၌ ယှဉ်သော သဒ္ဓါ, ပီတိ, ပဿဒ္ဓိများ ဖြစ်ပါသည်။ အကိုးသာကေမှာ လောကုတ္တရာ စိတ်အကျဉ်းပြ သင်္ဂြိုဟ်၊ ပါဠိကို ကိုးကားပြသည်။

သောတာပန် (၃) မျိုး ကိုတော့ စောဒကများ တင်ပြသည့်အတိုင်း သူဟော ပြောကြောင်း ဝန်ခံသည်၊ လိုရာ အချိန် အနည်းငယ်ဖြင့် သာဝကများ ခရီးရောက်ရန် မဂ်ဖိုလ်ရောက်ရန် ရည်ရွယ်၍ ဟောပြောကြောင်းနှင့် အမေးရှိလျှင် ဖြေကြားမည်ကြောင်း ဝန်ခံသွားသည်။ ထို့ပြင် သူ၏ ဟောကွက် ပြောကွက်များသည် တရားဟောရုံ, တရားနာရုံမျှမဟုတ်၊ တရားဟော ပေးခြင်းနှင့် တရားနာယူခြင်းဟူသော ဝိသေသစကားလုံးကို သတိပြုရန် ဖြစ်သည်။ စမ်းကလေးဆရာတော်က တရားဟောပြီး သောတာပန် ဖြစ်အောင် လုပ်ပေးလိုက်သည်၊ သောတာပန်ဘွဲ့ကို တရားနာပြီး ယူလိုက်ကြသည်၊ သို့ဖြစ်၍ သူ၏ ဟောပြောချက်များသည် ဓမ္မဝါဒများသာ ဖြစ်ပါသည်၊ သူပေးသော သောတာပန်ဘွဲ့များလည်း အတုမဟုတ်၊ အစစ်ပါဟု ချေပသွားသည်။

## အမှတ် (၁၁) သုံးသပ်ချက်

> ဣမာယ တရုဏဝိပဿနာယ အာရဒ္ဓဝိပဿကဿ ဒသ ဝိပဿနုပက္ကိလေသာ ဥပ္ပဇ္ဇန္တိ---ဩဘာသော ဉာဏံ ပီတိ ပဿဒ္ဓိ သုခံ-- နိကန္တိတိ (ဝိသုဒ္ဓိ- ၂၊ ၂၆၉)။

http://www.dhammadownload.com



၌ နေသော ဥဒယဗ္ဗယဉာဏ်ဖြင့် ဝိပဿနာအား ထုတ်သော ယောဂီပုဂ္ဂိုလ်အား ဖြစ်သည်ဟု ဆိုသဖြင့် စမ်းကလေး၏ တပည့်များအား ၎င်းသြဘာသ ဉာဏ, ပီတိ, ပဿဒ္ဓိ စသည်တို့အမှန်အားဖြင့် မဖြစ်နိုင်ချေ၊ ၎င်းတို့ ဥဒယဗ္ဗယ ဉာဏ် ဖြစ်အောင် ဝိပဿနာအားထုတ်မှုမရှိကြသောကြောင့် ဖြစ်သည်။ စမ်းကလေး ဆရာတော်၏ အမေးအားလျော်စွာသာ ဖြေဆိုကြခြင်းသာ ဖြစ်သည်။

မေးပုံ-----အားလုံး ရဟန်းရှင်လူ သူတော်စင်တို့၊ တရားနာစက ဖြစ်ဖြစ်၊ နာလည်ဖြစ်ဖြစ် တရားအပေါ်မှာ ဝမ်းသာကြည်လင်တဲ့စိတ် စိတ်ကလေးရှောက ယောဂီတွေ တစ်စက္ကန့်လောက်လေးများ ဝမ်းမသာကြဘူးလား။

ဖြေပုံ-----ဝမ်းသာကြပါသည်ဘုရား။

အဲဒါ တရားအပေါ်မှာ ဝမ်းသာကြည်လင်တဲ့စိတ်ကလေး သဒ္ဓါပီတိ ကျတာခေါ်တယ်၊ သောတာပန် အငယ်စား သတ္တက္ခတ္တုပရမ သောတာပန် ဖြစ်သွားပြီ။

ဤသို့စသည်ဖြင့် စမ်းကလေးဆရာတော်က သောတာပန် (၃) မျိုးစေ့ အောင် ရှေ့ဆောင်မေးသွားသည်။ အမေးအားလျော်စွာ အချို့ ယောဂီများက ဖြေကြသည်၊ အဖြေအားလျော်စွာ သောတာပန်ဘွဲ့ထူး ပေးလိုက်ခြင်းသာ ဖြစ်သည်၊ ပါးစပ်နှင့်ပေး၍ ပါးစပ်နှင့်ခံယူခြင်းသာ ဖြစ်သည်။ တကယ့် သောတာပန် အရိယာ ပုဂ္ဂိုလ်များ ဖြစ်မလာကြပေ။

သောတာပန်ပုဂ္ဂိုလ် (၃) မျိုးတို့ကို စောဒကဆရာတော်တို့ကပင် ပါဠိ အဋ္ဌကထာတို့မှ ကောက်နုတ်တင်ပြ ရှင်းလင်းထားသဖြင့် ထေရဝါဒ ပိဋကတ် တော်၌လည်း အမှန် မိန့်ဆို ထားခြင်းကြောင့် ၎င်းတို့ တင်ပြထားသည့်အတိုင်း ပင် မှတ်ယူထားသင့်ပေသည်။

## သောတာပန်ပုဂ္ဂိုလ် (၃) မျိုး

(၁) အလွန်ဆုံး (၇) ဘဝသာ ပဋိသန္ဓေနေသော သတ္တက္ခတ္တုပရမပုဂ္ဂိုလ် ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏၊ အပါယ် (၄) ပါးသို့ ကျရောက်ခြင်း သဘောမရှိ ကိန်းသေမြဲ၏၊ အထက်မဂ် (၃)ပါးလျှင်လည်း လျောင်းရာရှိ၏။ ထိုပုဂ္ဂိုလ်သည် ခုနစ်ကြိမ် နတ်ပြည်၌လည်းကောင်း၊ လူ့ပြည်၌ လည်းကောင်း ကျင်လည်ပြေးသွား၍ ဆင်းရဲ၏၊ အဆုံးကိုပြု၏။ ဤ ပုဂ္ဂိုလ်ကို

http://www.dhammadownload.com



အလွန်ဆုံး (၇) ဘဝသာ ပဋိသန္ဓေနေသော သတ္တက္ခတ္တုပရမ ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(၂) နှစ်ဘဝ, သုံးဘဝစသည် တစ်မျိုးမှ တစ်မျိုး၌ ဖြစ်၍ ပဋိသန္ဓေနေသော ကောလံ ကောလ ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ ဤ လောက၌ အချို့သော ပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ်တို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏၊ အပါယ်လေးပါးသို့ ကျခြင်း သဘောမရှိ ကိန်းသေမြဲ၏၊ အထက်မဂ် သုံးပါး လျှင်လည်းလျောင်းရာရှိ၏။ ထိုပုဂ္ဂိုလ်သည် နှစ်ဘဝလည်းကောင်း၊ သုံးဘဝ လည်းကောင်း အမျိုးတို့၌ ကျင်လည်ပြေးသွား၍ ဆင်းရဲ၏၊အဆုံးကို ပြု၏။ ဤပုဂ္ဂိုလ်ကို နှစ်ဘဝ သုံးဘဝစသည်မှ (၆) ဘဝတိုင်အောင် တစ်မျိုးမှ တစ်မျိုး၌ ဖြစ်၍ ပဋိသန္ဓေနေသော ကောလံကောလ ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(၃) တစ်ဘဝသာ ပဋိသန္ဓေမျိုးစေ့ရှိသော "ဧကဗီဇ" ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ် တို့၏ ကုန်ခြင်းကြောင့် သောတာပန်ဖြစ်၏။ အပါယ်လေးပါးသို့ ကျရောက်ခြင်း သဘောမရှိ ကိန်းသေမြဲ၏၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိ၏၊ ထို ပုဂ္ဂိုလ်သည် တစ်ကြိမ်သာ (လူ) ဘဝ၌ ဖြစ်၍ ဆင်းရဲ၏၊ အဆုံးကို ပြု၏၊ ဤပုဂ္ဂိုလ်ကို တစ်ဘဝသာ ပဋိသန္ဓေမျိုးစေ့ရှိသော "ဧကဗီဇ"ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

(အဘိ-၄၊ ပုဂ္ဂလပညတ်- ပါ- နှာ- ၁၁၈- ၁၁၉)

ဤသောတာပန် ပုဂ္ဂိုလ် (၃) မျိုးတို့၏ အမည်တို့သည် မြတ်စွာဘုရား စွဲယူမှည့်ခေါ်အပ်သော အမည်များဖြစ်ကြောင်း အဋ္ဌကထာဆရာက အောက်ပါအတိုင်း မိန့်ဆိုထားပေသည်-

ဘဂဝတာ ဂဟိတနာမဝသေနေဝ စေတာနိ ဧတေသံ နာမာနိ၊ ဧတ္တကံ ဌာနာနံ ဂတော သတ္တက္ခတ္တုပရမောနာမ ဟောတိ၊ ဧတ္တကံ ကောလံ ကောလော၊ ဧတ္တကံ ဧကဗီဇီတိ ဘဂဝတာ ဧတေသံ နာမံ ဂဟိတံ။ -

(ပဉ္စပကရဏ၊ ၄- ၄၆)

ဤသောတာပန် (၃) မျိုးတို့၏ ဤအမည်တို့သည် မြတ်စွာ ဘုရားသည် စွဲယူမှည့်ခေါ်အပ်သော အမည်၏ အစွမ်းဖြင့်သာ လျှင် ဖြစ်ကုန်၏။ ဤမျှ (၇) ဘဝလူ- နတ်လောကဌာနတို့၌ သွားလာ ကျင်လည်ရသော သောတာပန် သည် သတ္တက္ခတ္တုပရမ ပုဂ္ဂိုလ်ဖြစ်၏။ ဤမျှ နှစ်ဘဝမှ ခြောက်ဘဝအထိ လူ,

http://www.dhammadownload.com



နတ်, လောကဒွာနတို့၌ သွားလာကျင်လည်၍ နေရသော သောတာပန်သည် ကောလံ ကောလ ပုဂ္ဂိုလ်ဖြစ်၏။ ဤမှ တစ်ဘဝသာ လူ, နတ်,လောကဒွာန၌ သွားလာကျင်လည်ရသော သောတာပန်သည် ဧကဗီဇီပုဂ္ဂိုလ်ဖြစ်၏- ဟု မြတ်စွာဘုရားသည် ထိုသောတာပန်တို့၏အမည်ကို စွဲယူမှည့်ခေါ်အပ်၏။ ထိုသောတာပန် (၃) မျိုး ကွဲပြားရခြင်း အကြောင်းမှာ-

သစေ ဟိ သဥပရိ တိဏ္ဏံ မဂ္ဂါနံ ဝိပဿနာ ဗလဝတီ ဟောတိ၊ ဧကဗီဇီနာမ ဟောတိ၊ တတော မန္ဒတရာယ ကောလံ ကောလော၊ တတော မန္ဒတရာယ သတ္တက္ခတ္တုပရမောတိ။ (အဘိ၊ ဋ- ၃၊ နှာ-၄၇) ၌ လာသော အဋ္ဌကထာ စကားအရ-

(၁) အကယ်၍ သောတာပန်ဖြစ်ပြီးနောက် အထက်မဂ် (၃) ပါး အတွက် ဝိပဿနာဉာဏ်အားကောင်းလျှင် ဧကဗီဇီသောတာပန်ဖြစ်သည်။ (နောက် ဘဝမှာ ရဟန္တာဖြစ်မည်)

(၂) ဧကဗီဇသောတာပန်လောက် ဝိပဿနာဉာဏ်အား မကောင်း လျှင် ကောလံ ကောလ သောတာပန်ဖြစ်သည်။ (သောတာပန် ဖြစ်ပြီး နောက် (၂) ဘဝမှ (၆) ဘဝအတွင်း ရဟန္တာဖြစ်မည်)

(၃) ကောလံ ကောလ သောတာပန်လောက် ဝိပဿနာ ဉာဏ်အား မကောင်းလျှင် သတ္တက္ခတ္တုပရမသောတာပန် ဖြစ်သည်။ (သောတာပန် ဖြစ်ပြီးနောက် ခုနစ်ဘဝအတွင်း ရဟန္တာဖြစ်မည်)

ဤသို့လျှင် သောတာပန်ဖြစ်ပြီးနောက် အထက်မဂ် (၃) ပါးရဘို့ရန် ဝိပဿနာရှုမှတ်ပွားများရာ၌ အားကြီးမှု- အလယ်အလတ်ရှိမှု- အားနည်းမှု အပေါ်မူတည်၍ မြတ်စွာဘုရား သတ်မှတ်တော်မူခြင်းဖြစ်သည်။ ပါဠိတော်တို့၌ တကယ့်သောတာပန်ဖြစ်ပုံပြသော စကားရပ်မှာ-

အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ, "ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ"။ (ဝိ- ၃- ၁၆)

အရှင်ကောဏ္ဍညအား ကိလေသာမြူကင်း အညစ်အကြေးကင်းသော တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပေါ်လေပြီ၊ ဖြစ်ပေါ်လာပုံမှာ--- "ဖြစ်ခြင်း သဘောရှိသော တရား အားလုံးသည် ပျက်ခြင်းသဘောရှိ၏။"

http://www.dhammadownload.com



ဤအတူ ဝိ- ၃၊ ၂၆။ ဒီ- ၁၊ ၁၀၂၊ ၁၄၁။ မ- ၂၊ ၁၆၈၊ သံ-၂၊ ၃၂၆ စသည်တို့၌လည်း ဟောကြားထားပါသည်။ သဒ္ဓါပီတိကျသည့်, ကြက်သီးထသည်, အရောင်လက်သည်ဟု မဟောကြားပေ။ ၎င်း ပါဠိတော်များ၏ အဖွင့် အဋ္ဌကထာတို့၌လည်း ဤ"ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ" စကားရပ်သည် မဂ္ဂဝီထိကျပုံ၊ ဓမ္မစက္ခုဖြစ်ပေါ်လာပုံပါဟု ဖွင့်ဆိုကြသည်။ ဤမဂ်ကျပုံမှာသာ ပါဠိတော် အဋ္ဌကထာများနှင့် ညီညွတ်သော မဂ္ဂဝီထိမဂ်ဇောကျပုံ ဖြစ်သည်၊ စမ်းကလေးဆရာတော်၏ တပည့်သာဝကများမှာ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် စသည့် ပုဗ္ဗဘာဂဝိပဿနာမဂ်မပါမရှိ ဟောသောတရား၌လည်း မပါဝင်၊ ထို့ကြောင့် ဝိပဿနာဉာဏ်မရှိသော စမ်းကလေး၏ ယောဂီများမှာ အဘယ်မှာလျှင် တကယ့်မဂ်ဉာဏ်,ဖိုလ်ဉာဏ်များ ပေါ်လာမည်နည်း။ ပါးစပ်ပေးသောသော တာယန်သာဖြစ်၍ ပါးစပ်ယူသော သောတာပန် အတုများသာ ဖြစ်သည်၊ ဤ နေရာ၌ သီဟိုဠ်ကျွန်း၌ ဖြစ်ပေါ်ခဲ့ဘူးသော (မ၊ ဋ္ဌ- ၄၊ ၂၅- ၆) လာ ပုံဝတ္ထုတစ်ခုကို ထုတ်ပြဦးအံ့-

ရဟန်းတော်တစ်ပါးက ဤသို့ လျှောက်ထားပါသတဲ့၊ အရှင်ဘုရားတို့ ထိုင်ပါအုံး ဘုရား၊ တခဏတည်းနှင့် အရဟတ္တဖိုလ်သို့ ရောက်စေနိုင်တဲ့ ကမ္မဋ္ဌာန်း တရားကို ဟောပါမယ်လို့ ပြောပြီး-

ဤသာသနာတော်၌ ရဟန်းသည် မိမိနေရာသို့ဝင်၍ ထိုင်နေလျက် မူလကမ္မဋ္ဌာန်းကို နှလုံးသွင်း၏၊ ထိုမူလကမ္မဋ္ဌာန်းကို နှလုံးသွင်းသော ရဟန်းအား အရောင်အလင်း (ဩဘာသ) ဖြစ်ပေါ် လာသည်၊ ဤအရောင်အလင်းကား ပဌမမဂ်= သောတာပတ္တိမဂ် မည်၏၊ ထိုရဟန်းသည် ဒုတိယ ဩဘာသကို ဖြစ်စေပြန်၏။ ဒုတိယမဂ်=သကဒါဂါမိမဂ်ကို ရအပ်ပေပြီ။ ဤအတူ တတိယအကြိမ် အရောင်အလင်းပေါ်လာလျှင် တတိယမဂ်= အနာဂါမိမဂ်ကို လည်းကောင်း၊ စတုတ္ထအကြိမ် အရောင်အလင်း ပေါ်လာလျှင် စတုတ္ထမဂ်=အရဟတ္တမဂ်ကိုလည်းကောင်း ရအပ်ပေပြီဟု ဟောပြပါသတဲ့။

ဤဝတ္ထုပါရဟန်းကိုလည်း သေလွန်သွားတဲ့အခါ မသိနားမလည်သူ ရဟန်းပုဂ္ဂိုလ်,လူပုဂ္ဂိုလ်တို့က ရဟန္တာဟု မှတ်ထင်ပြီး အရိုးစေတီ ပြုလုပ်တည်ထားကြကုန်၏၊ အာဂန္တုက ရဟန်းတော်များ ရောက်ရှိလာကြပြီး ဖြစ်ကြောင်းကုန်စင်ကို ပြောဆိုကြသောအခါ အရောင်အလင်းဆိုသည်မှာ

http://www.dhammadownload.com



အရိယမဂ်မဟုတ်၊ ဝိပဿနာညစ်ညူးကြောင်း တရားမျှသာတည်း။ သင်တို့ ရဟန္တာဟု ထင်မှတ်နေသော မထေရ်သည် ပုထုဇဉ်သာဖြစ်သည်ဟု ဖြေရှင်းခဲ့ကြလေသည်။ အာဂန္တုက ရဟန်းတို့၏ ဖြေရှင်းချက်ကို ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်တို့က လက်မခံလိုကြပေ။ နောက်ဆုံး၌---ဤကဲ့သို့ အရောင် အလင်းမျှကို အရိယာမဂ်ဟု ထင်မှတ်ပြောဆိုနေကြသော ရဟန်း ရာထောင်ရှိပါစေ၊ ၎င်းအယူကို မစွန့်သမျှ သဂ္ဂ (နတ်ရွာသုဂတိ) မဂ္ဂ (အရိယမဂ်)ကို တားမြစ်အပ်သည်သာ (ဝါ) ရောက်နိုင်, ရနိုင်လိမ့်မည်မဟုတ်ဟု မိန့်ကြားခဲ့လေသည်။

ဤဝတ္ထုပါရဟန်းကဲ့သို့ စမ်းလေးဆရာတော်သည် ဤဩဘာသ သဒ္ဓါပီတိ ပဿဒ္ဓိစသည်ကိုပင် အရိယာမဂ်ဟုထင်မှတ်နေသူဖြစ်၍ တပည့်သာဝကတို့သည်လည်း ထိုနည်းအတိုင်းပင် ယုံကြည်ကိုးကွယ် နေကြ သူများ ဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

## အမှတ် (၁၁) ဆုံးဖြတ်ချက်

ဤသုံးသပ်ချက်များနှင့်အညီ စမ်းကလေးဆရာတော်သည် သဒ္ဓါပီတိ ဩဘာသ ပဿဒ္ဓိစသည်ကိုပင် အရိယမဂ်ဟု အထင်မှားနေသူ ဖြစ်သည်၊ သူပေးသော သောတာပန်ပုဂ္ဂိုလ် (၃) မျိုးသည် တကယ့်အရိယာပုဂ္ဂိုလ်များ မဟုတ်၊ ပါးစပ်ပေးအတု သောတာပန်များသာ ဖြစ်ကြသည်။ သူ၏ ဟောပြောချက်များသည်လည်း ဘုရားဟောမဟုတ်၊ အဋ္ဌကထာဖွင့်နှင့်လည်း မကိုက်ညီသော အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

## အမှတ် (၁၂) စောဒနာချက်

၁။ စမ်းကလေး၏ မေတ္တာဘာဝနာမှာ မေတ္တာဆိုင်ရာ ပွားပုံပွားနည်းဘာမှမပါ၊ နံနက်/ ညနေ (၆) နာရီမေတ္တာပို့သသည်ကို သာဓုခေါ် ရန်သာညွှန်းလိုက်သည်။

အပါယ်မှလွတ်ရန် ခန္ဓာ၊ဉာဏ်တရားမှာလည်း သီလ, သဒ္ဓါ, ပညာ လမ်းတိုကျင့်စဉ်အမှားနှင့် သောတာပန်(၃) မျိုး အလွဲသတ်မှတ်ခြင်းသာဖြစ်သည်၊ ဘာသစ္စာဉာဏ်ကိုမှ မဟောနိုင်ပါ။

http://www.dhammadownload.com



၂။ သဒ္ဓါဖြုတ်တရားဖြစ်သည်၊ ကမ္မဋ္ဌာန်းတရား ပေးသည်မဟုတ်ဟု ရေးသားသဖြင့် စမ်းကလေးဘုန်းကြီးသည် ဘုရားရှင်၏ ကျင့်စဉ် မဟုတ် တာတွေကို ကျင့်၍ သာသာနာဖျက်နေသည်။

၃။ ဘုရားရှင်၏ သီလ, သမာဓိ, ပညာ မဂ္ဂင်ကျင့်စဉ်မှ သမာဓိကို ဖြုတ်ထားသည် အတွက် "သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ"။ (သံ- ၂၊ ၁၂၊ ၃၀၂။ အံ- ၂၊ ၂၀) ဟူသော ပါဠိတော်နှင့် ဆန့်ကျင်နေသည်။ ယောဂီပုဂ္ဂိုလ်တို့၏ ထွက်သွားသော စိတ်ကလေးကို စမ်းကလေးဘုန်းကြီးက ဓမ္မပရိယာယ်ဖြင့် ပြန်ခေါ်ပေးမည် ဆိုတာ မဖြစ်နိုင်ပါဘုရား။

၄။ အမှတ် (၄) အချက်နှင့် အမှတ် (၁) အချက်တူပါသည်ဘုရား၊ အကျဉ်းအကျယ်သာ ကွာပါသည်။

၅။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပေးခြင်းမဟုတ်၊ ပုတီး စိပ်ရန်မဟုတ် စသည့် အချက်များဖြင့်လည်း ဗုဒ္ဓ၏ အနုဿတိကမ္မဋ္ဌာန်းကျင့်စဉ်ကို ဖျက်ဆီးခြင်း ဖြစ်ပါသည်ဘုရား။ မသိ မလိမ္မာ အသိဉာဏ်နည်းသူတို့အား မသနား မညှာတာဘဲ နှိပ်စက်နေခြင်းဖြစ်ပါသည်။

၆။ (၆) နံပါတ်စကားရပ်ကတော့ စမ်းကလေးဆရာတော်၏ သူ့တပည့်များအား မှာတမ်းတော်ဖြစ်ပါသည်။ စမ်းကလေးကိုယ်တိုင်ပင် မလုပ်သင့်တာ လုပ်၊ မပြောသင့်တာတွေ ပြောလို့ ဘုန်းကြီးလိမ် ဘုန်းကြီး ညာကြီးအဖြစ် ရောက်ပါတော့မည်။

၇။ သောတာပတ္တိသံယုတ်၊ သာရိပုတ္တသုတ်ဟု ဟိတ်ဟန်နှင့် ဝါကြွားထားသော စကား ဖြစ်ပါသည်။ သူပြောသော သပ္ပုရိသများ ထိုသုတ်၌ မပါပါဘုရား။ ထို့ပြင် "သပ္ပုရိသဆိုတာ တထိုင်တည်းနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးနိုင်သူကိုခေါ်တယ်" ဟူသောစကားသည် စမ်းကလေးဆရာတော်ကို သူကောင်းပြုလိုက်သော စကားဖြစ်သည်၊ အပြန်အားဖြင့် တခြားသံဃာများသည် အသပ္ပုရိသ= သူတော်မဟုတ်၊ သူယုတ်များသာ ဖြစ်သည်ဟု အခြားသံဃာများအား စော်ကားခြင်းဖြစ်သည်။

၈။ (၀) နံပါတ်ပါအတိုင်း--- ယုံကြည်ပါစေ--- တမဂ်တဖိုလ်လောက်တော့ ကေန်ရရန် ဘုန်းကြီး ရဲရဲတာဝန်ယူတယ်ဟု တာဝန်ယူခြင်းသည်လည်း

http://www.dhammadownload.com



ဦးနှောက်ချောင်နေသူတို့၏ စကားမျိုးဖြစ်နေပါသည်။ သဗ္ဗညုဘုရားရှင်တို့သော်မှ တာဝန်ယူလေ့မရှိသည်ကို စမ်းကလေးက တာဝန်ယူ နေသော ကြောင့် ဖြစ်ပါသည်။

၉။ သပိတ်သက်နိုး ပန်းမာလ်သစ်သီး လှူတဲ့ ဒကာ, ဒကာမများအား တမင်္ဂတဖိုလ်တရား ဓမ္မာနုဂ္ဂဟာအနေဖြင့် ချီးမြှင့်လိုက်မည်ဟု ပြောဆိုခြင်းသည် လိမ်ညာ ဝါကြွားခြင်းသာ ဖြစ်ပါသည်။ ရုပ်ဝတ္ထုပစ္စည်းများကို ပေးကမ်းလို့ ရနိုင်သော်လည်း မင်္ဂဖိုလ်နာမ်တရားများကို စမ်းကလေးက ဓရာမ သဒ္ဒါ တရားဖြင့် ပေးလိုက်မည်ဟု နှုတ်က ပြောပေးသော်လည်း ဒကာ, ဒကာမများမှာ ဘာမင်္ဂ, ဘာဖိုလ်မှ အမှန်မရနိုင်ပါ။ ရသည်ဟုဆိုလျှင်လည်း အတုသာ ရပါမည်ဘုရား။

၁၀။ ဓမ္မော- မင်္ဂလေးတန်, ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ကိုးပါး သော တရားတော်မြတ်သည်ဟု အမှန်ပြန်ပြီးကာမှ ဝါ (ကမ္မဖလခန္ဓ အဘိဓမ္မာ သစ္စာဉာဏ်တရားတော်မြတ်သည်) ဟု အကောက်အမှား ပြန်ဆို ပါသည်။ ဗုဒ္ဓ၏ဓမ္မရတနာကို ကမ္မဖလခန္ဓအဘိဓမ္မာ လူမစင် နွားချေးတို့ဖြင့် သုတ်လိမ်းလိုက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤ (၁၀) ချက်တို့သည် အဓမ္မဝါဒများသာ ဖြစ်ပါသည်ဘုရား ဟုစွဲဆိုကြသည်။

## အမှတ် (၁၂) သောဓနာချက်

အထက်ပါ စောဒနာလွှာများကို စမ်းကလေး၏ တပည့်များက အောက်ပါအတိုင်း ချေပသွားသည်၊ (၁၀) ချက်အနက် (၇) နံပါတ်နှင့် (၁၀) နံပါတ်နှစ်ချက်ကိုသာ ချေပသည်။ ကျန် (၈) ချက်တို့ကို မချေပချေ။ မချေပသည်ကို ထောက်၍ ၎င်း (၈) ချက်ကို အဓမ္မဝါဒဟု ဝန်ခံရာရောက်သည်။ ၎င်း (၂) ချက်အနက် ရှေ့ဦးစွာ (၇) နံပါတ် သောဓနာလွှာမှာ-

ချစ်သား သာရိပုတ္တရာ၊ သပ္ပုရိသနှင့် တွေ့လျှင် ဘယ်လိုဆိုချင်သလဲ"လို့ ဘုရားရှင်က မေးတော့ အရှင်သာရိပုတ္တရာက- "မြတ်စွာဘုရား သပ္ပုရိသနှင့် တွေ့လျှင် မင်္ဂဖိုလ် နိဗ္ဗာန်ရဖို့ကိစ္စတဝက်ပြီးပါပြီ" လို့ဆိုချင်ပါတယ်ဘုရားလို့ လျှောက်ထားတော့၊ မြတ်စွာဘုရားက "ချစ်သား သာရိပုတ္တရာ ဒီလိုမဆိုနဲ့ ၊ သပ္ပုရိသနှင့် တွေ့လျှင် မင်္ဂဖိုလ်နိဗ္ဗာန်ကို ရပြီလို့ဆိုလိုက်၊ သပ္ပုရိသဆိုတာ တထိုင်ထည်းနှင့် မင်္ဂဖိုလ်နိဗ္ဗာန်ကို ပေးနိုင်တဲ့သူကို ခေါ်တယ်တဲ့ ၊ --ဟူသော

http://www.dhammadownload.com



ဖော်ပြချက်မှာ မှားယွင်းသည်မဟုတ်ပါဘုရား။ (မင်္ဂလာပန်းလေးပွင့်၊ ဖိုလ်သီးတင့်-စာအုပ်မှ ကူးယူရေးသားပါသည်၊ သောတာပတ္တိသံယုတ်ကို ဦးဓမ္မပါလက သူမသိ" ဟု ဝန်ခံထားသည်။)

(၁၀) နံပါတ်သောနောလွှာမှာ-

ဓမ္မော-ကို အနက်ပေးရာ၌ "ဝါ- ကမ္မဖလ ခန္ဓအဘိဓမ္မာ သစ္စာဉာဏ် တရားတော်မြတ်သည်" ဟု အနက်ပေးခြင်းသည် စမ်းကလေးဆရာတော်ကို ကျေးဇူးဆပ်သည့် အနေဖြင့် ဆရာတော်၏ ခန္ဓာဉာဏ်ရောက် သုံးနှုန်းထား သော စကားကို ဖော်ပြခြင်းဖြစ်ပါသည်။

ထို့နောက် ကမ္မဖလ- ခန္ဓအဘိဓမ္မာ- သစ္စာဉာဏ်တို့ကို ရှင်းပြသွားသည်၊ ရှင်းပြပုံမှာ-

(က) ကမ္မဖလ ＝အတိတ်ကုသိုလ်ကံ သင်္ခါရအကြောင်းကြောင့် ဖြစ်ပေါ်ရရှိလာသော အကျိုးတရားဖြစ်သည်။

(ခ) ခန္ဓအဘိဓမ္မာ ＝ခန္ဓာ (၅) ပါးအတွင်းရှိ တကယ့်စစ်မှန်သာလွန် မြင့်မြတ်သော အမှန်ရှိ (အဟုတ်ရှိ) ဓမ္မ (သဘ်တ ဓမ္မ) တို့ကို။

(ဂ) သစ္စာဉာဏ် ＝ဒုက္ခကို ဒုက္ခဟု အမှန်အတိုင်းသိသော ဒုက္ခသစ္စာ ဉာဏ် ဒုက္ခဖြစ်ကြောင်း သမုဒယကို သမုဒယဟု အမှန်အတိုင်းသိသော သမုဒယသစ္စာဉာဏ်။

စမ်းကလေးဆရာတော်ကြီး၏ ကျင့်ကွက်အတွင်း၌ ဆရာညွှန်ကြား လမ်းညွှန်သည့်အကြောင်း မဂ္ဂင်ရှစ်ပါး အတိုင်း ဆင်ခြင်ပွားများတတ်သော မဂ္ဂသစ္စာဉာဏ် သောတာပတ္တိမဂ်ကျ၍ ဒိဋ္ဌိနိရောဓ ဝိစိကိစ္ဆာနိရောဓ နိဗ္ဗာန် (အသခ်တမြင် နိဗ္ဗာန်) ကို လှမ်းမြင်ရသော နိရောဓသစ္စာဉာဏ်ဟု ရှင်းပြ သွားသည်။

## အမှတ် (၁၂) သုံးသပ်ချက်

"သပ္ပုရိသဆိုတာ တထိုင်တည်းနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ပေးနိုင်တဲ့ သူကိုခေါ်တယ်"ဟု ဟောပြောချက်သည် ယုတ္တိမရှိ၊ ဂုဏ်စကားမျိုး ပါဠိတော် အဋ္ဌကထာအားလုံး၌မရှိ၊ တော်ရမ်းပြီးသူပြော လူပြော ပြောသံ ကြားနှင့် ဟောပြောခြင်း ဖြစ်သည်။

http://www.dhammadownload.com



အမှန်မှာ မဟာဝဂ္ဂသံယုတ်၊ စာမျက်နှာ (၂) ဥပၶသုတ်၌ အရှင်အာနန္ဒာအား မြတ်စွာဘုရားဟောကြားသော သုတ္တန်စကားသာ ဖြစ်သည်။ ၎င်းသုတ်၌ သပ္ပုရိသ-ဟု မဟော၊ ကလျာဏမိတ္တဟု ဟောကြားသည်။ မြတ်စွာဘုရားဟောကြားအပ်သော သပ္ပုရိသ အဓိပ္ပါယ်မှာ မှန်သောအယူ သမ္မာဒိဋ္ဌိစသည့် မဂ္ဂင်ရှစ်ပါးရှိသော ပုဂ္ဂိုလ်ကို ဆိုလိုပါသည်။

ကတမော စ ဘိက္ခဝေ သပ္ပုရိသော၊ ဣဓ ဘိက္ခဝေ ဧကစ္စော သမ္မာဒိဋ္ဌိကော ဟောတိ၊ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သပ္ပုရိသောတိ။ (သံ-၃၊ ၁၆ )

ပုဂ္ဂလပညတ် (၁၄၄) ပါဠိတော်အလိုမူ သပ္ပုရိသ= သူတော်ကောင်းဟူသည် ငါးပါးသီလလုံခြုံသူကိုခေါ်သည်။

ကတမောစ ပုဂ္ဂလော သပ္ပုရိသော၊ ဣဓေကစ္စော ပုဂ္ဂလော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ ပ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ။

ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ-ဓမ္မောအရ "ကမ္မဖလ ခန္ဓအဘိဓမ္မာ သစ္စာဉာဏ်တော်မြတ်သည်" ဟု အနက်ပေးခြင်းကို စမ်းကလေးဆရာတော်အား ကျေးဇူးဆပ်သည့်အနေဖြင့် သုံးနှုန်းသော စကားဟု ချေပသည်။ စမ်းကလေးဆရာတော်၏ ကမ္မဖလ ခန္ဓအဘိဓမ္မာ သစ္စာဉာဏ်တရားသည် အဓမ္မဝါဒ, မိစ္ဆာဝါဒကြီး ဖြစ်နေ၍ ၎င်းတရားသည် "အားလုံးသော သတ္တဝါတို့၏ ချမ်းသာခြင်းငှာ ဖြစ်ပေါ်၏" ဟူသော နောက်စကားနှင့် အမြီးအမောက်မတဲ့၊ အဓမ္မဝါဒနှင့် ဓမ္မဝါဒစပ်ဟပ်၍ မရနိုင်။

အဓမ္မကို ဓမ္မဟုပြခဲ့သော် အောက်ပါ ပါဠိတော်အရ အပြစ်များ ကျရောက်နိုင်သည်ကို သတိပြုရပေမည်-

ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ။ ပ။ သဒ္ဓမ္မံ အန္တရဓာပေန္တိ။ (အံ- ၁၊ နှာ-၁၈)

ရဟန်းတို့- အကြင်ရဟန်းတို့သည် အဓမ္မကို ဓမ္မဟု ပြကုန်၏၊ ထိုရဟန်းတို့သည် လူအများ၏ စီးပွားမဲ့ခြင်းငှာ လူအများ၏ ချမ်းသာမဲ့ခြင်းငှာ (ဆင်းရဲခြင်းငှာ) ပြုကျင့်ကုန်၏။ ပ။ သူတော်ကောင်းတရားကို ကွယ်စေနိုင်ကုန်၏။

http://www.dhammadownload.com



**ကမ္မဖလ ခန္ဓအဘိဓမ္မာ သစ္စာညဏ်= (သစ္စာလေးပါး) ၏ အဓမ္မဝါဒဖြစ်ပုံကို စောဒနာအမှတ် (၁၀) ၌ ရေးခဲ့ပြီးဖြစ်၍ ပြန်ကြည့်ပါ။**

ဤအမှတ် (၁၂) သောစနော (နှာ-၄၇) ၌ "တပည့်တော်တို့သည် လောက ထဲတွင် အိမ်ထောင်ရေး, စီးပွားရေး ယရာဝါသတို့နှင့် မကင်းနိုင်ကြသေး ပါဘုရား၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသသုံးမျိုးသော သံယောဇဉ်ကို ပယ်သတ်နိုင်သော်လည်း လောဘလည်းမကုန်သေးပါဘုရား" ဟု စုဒိတက ဦးတင်ရွှေတင်ပြထားချက်အရ ဝိနည်းဓိုရ်ဆရာတော်များက ဦးတင်ရွှေအား ဒါယကာတင်ပြထားသည့်အတိုင်း သံယောဇဉ်သုံးပါးကို ပယ်ပြီးပြီလားဟု မေးမြန်းရာ---တပည့်တော် မုချပယ်ပြီးပါပြီဟု ဖြေကြား ခဲ့ပါသည်။ ဦးတင်ရွှေဖြေကြားချက်အတိုင်းသာ အမှန်ဟုတ်ခဲ့လျှင် သောတာပန် ပုဂ္ဂိုလ်ဟုသာ သတ်မှတ်ရပေမည်။ ထိုနည်းတူစွာ စုဒိတကများ ဖြစ်ကြသော ဦးမွေ့ပါလ, ဦးအော်ကေးစသော ပုဂ္ဂိုလ်များကလည်း သောစနော့လွှာတွင် မိမိတို့နှင့်ပတ်သက်ရာ အခန်းကဏ္ဍ၌ စမ်းကလေးဆရာတော် ဟောကြား သော ကမ္မဖလ ခန္ဓအဘိဓမ္မာတရားတော်ကို နာ, ကြားရမှုကို အကြောင်းပြု၍ လောကုတ္တရာတရားထူးကို ရရှိထားကြသည့် သဘောမျိုးဝန်ခံ ထားကြ ပေသည်။ သို့သော်-

၁၃၅၉-ခု၊ ကဆုန်လပြည့်နေ့က စမ်းကလေးဆရာတော်တရားပွဲသို့ ကိုယ်တိုင်သွားရောက်နာယူခဲ့သော ဆရာတော်တစ်ပါး၏ ပြောပြချက်အရ ဝိနည်းဓိုရ်ဆရာတော်များက ကဆုန်လပြည့်နေ့ စမ်ကလေးဆရာတော် တရားဟောနေစဉ် မျက်စိဖွင့်ကြည့်လို့ ရဟန်းတော်နှစ်ပါးကို အပြင်သို့ ဆွဲထုတ်ခဲ့သည်ဆိုတာမှန်ပါသလားဟု မေးသောအခါ--- စုဒိတက (ဝေါပက) များက- စမ်းကလေးဆရာတော်၏ ရှေ့တည့်တည့်ဖြစ်နေ၍ နေရာ ရွှေ့ခိုင်းတာပါဟု ဝန်ခံခဲ့ကြလေသည်။ အမှန်စင်စစ် မျက်မြင်ဒိဋ္ဌတွေ့ကြုံခဲ့ရသော ဆရာတော်ပြောပြသည့်အတိုင်းပင် ရဟန်းတော်နှစ်ပါးကို အပြင်သို့ ဆွဲထုတ်ခဲ့ သည်မှာ ဖြစ်နိုင်ရာပေသည်။

စမ်းကလေးနှင့်တပည့်သာဝကများသည် သူတို့ဝန်ခံထားကြသည့်အတိုင်း သောတာပန်အမှန်ဖြစ်ကြမည်ဆိုလျှင် ရဟန်းသံဃာအပေါ်မှာ သာမန် ပုထုဇဉ်များပင် မပြုလုပ်ရဲသော ဤကဲ့သို့ အရုပ်ဆိုးသော အမူအကျင့်တို့ကို

http://www.dhammadownload.com



ပြုလုပ်ကြမည်မဟုတ်ပေ။ ယခုသော် စမ်းကလေး ဆရာတော်ကို ဖူးမျှော်ရန် လာကြသော ရဟန်းသံဃာတော်များကို"ကံဆင့်ပွဲမတက်ရ"၊ "တရားနာနေစဉ် မျက်စိဖွင့်မကြည့်ရ"စသည့် စည်းကမ်းချက်တွေကိုထုတ်၍ အပြင်သို့ ဆွဲထုတ်သည်အထိ အတင့်ရဲစွာပြုလုပ်နေကြသည်ကို ထောက်ရှု၍လည်း စောဒကများ စွဲဆိုထားသည့်အတိုင်း သောတာပန်အစစ် မဖြစ်နိုင်ကြဘဲ သောတာပန်အတု များသာ ဖြစ်နိုင်သည်ဟု ဝိနည်းဓိုရ် ဆရာတော် များ၏ ဉာဏ်တွင် သက်ဝင်မိကြ သည်။

## အမှတ် (၁၂) ဆုံးဖြတ်ချက်

ဤသုံးသပ်ချက်များနှင့်အညီ သပ္ပုရိသနှင့်ပတ်သက်သော ဟောပြောချက်နှင့် ကမ္မဖလ ခန္ဓအဘိဓမ္မာသစ္စာဉာဏ်နှင့် ပတ်သက်သော ဟောပြောချက်တို့သည် စာလွတ်ပေလွတ် ထင်ရာမြင်ရာပြောဟောချက်များဖြစ်၍ ဘုရားဟောနှင့်ဆန့်ကျင်သော အဓမ္မဝါဒသာဖြစ်သည်၊ သတ္တဝါများ ဒုက္ခရောက်ကြရန်သာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

\\\\\\\\

## အမှတ် (၁၃) စောဒနာချက်

ရောင်ခြည်တော်နှင့် ပတ်သက်၍ စာမျက်နှာ (၄၀) ကျော်ရေးသား တင်သွင်းကြသည်၊ အကျဉ်းချုပ်မှာ-

(၁) စမ်းကလေးဘုန်းကြီး၏ ခန္ဓာကိုယ်၌ ဓာတ်တော်များကိန်းအောင်း နေသည်၊

(၂) ထိုဓာတ်တော်တို့မှ ဘုရားရောင်ခြည်တော်များ ကွန့်မြူးနေသည်၊

(၃) စမ်းကလေးဘုန်းကြီး၏ ခန္ဓာကိုယ်မှ သူရဲ့စွမ်းရည်ကြောင့် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးသည်၊

(၄) ကျောင်းခေါင်မိုး လ နေ ဖိုခနောက်ဆိုင် ရောင်ခြည်တော်များ ကူးလူးယှက်သန်းနေသည်၊

ဤ (၄) မျိုးဖြင့် ဖူးတွေ့ရကြောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအော်ကေးက အကျယ်တဝင့်ဟောပြောပေးသည်။ စမ်းကလေးကိုယ်တော်ကြီးကလည်း

http://www.dhammadownload.com



တိုက်ရိုက်ဟောပြောမှုရှိသည်။ ရှေးဦးစွာ ဦးအော်ကေး၏ ဟောပြောမှုကို နံပါတ် စဉ်အတိုင်း ပြပေအံ့-

၁။ စမ်းကလေးဘုန်းကြီးသည် ရဟန်းအဖြစ်နဲ့ ပရိဘောဂစေတီကို တပ်ဆင်၊ မွေ့စေတီကို ဦးခေါင်းမှာထား၊ ဘာဝနာတရားကို ပွားလိုက်တော့ ကိလေသာ စင်ကြယ်သွားသည်၊ အဲဒီအခါမှာ ဓာတ်တော်တွေကိန်းဝပ်လာတယ်၊ ကွန့်မြူးလာတယ်၊၎င်းဟောပြောချက်မှာ ဘာဝနာပွား၍ စမ်းကလေး ဆရာတော်၏ ခန္ဓာကိုယ်မှာ ဓာတ်တော်တွေကိန်းဝပ်လာတယ်၊ ကွန့်မြူး လာတယ်ဆိုရင် ဘာဝနာတရားများကို မအိပ်မနေအားထုတ်တော်မူသော တေဒဂ်ငါးတန် ဘွဲ့ရ အရှင်အာနန္ဒာ၏ ခန္ဓာကိုယ်၌ ဓာတ်တော်များ ကိန်းဝပ် ၍ ရောင်ခြည်တော် ကွန့်မြူးစရာကောင်းပါသည်ဘုရား၊ ဤသို့ကား မကိန်းပါ ဘုရား။ ဤကဲ့သို့ ရောင်ခြည်တော်လွှတ်တယ်ဟု လိမ်ညာဟောပြောပြီး လာဘ်လာဘရအောင် လုပ်နေခြင်းသာ ဖြစ်ပါသည်။

၂။ ဝိမုတ္တိယုဂခေတ်တစ်ပြန်မှာ စမ်းကလေးဆရာတော်ဟာ သတ္တဝါတွေကို ကယ်ဖို့ပွင့်လာတာပါ၊ သက်တော်ထင်ရှားမြတ်စွာဘုရားကိုယ်တော်တိုင် ကြွမြန်းဘိသကဲ့သို့ ရောင်ခြည်တော်ခြောက်သွယ်ကို ရှိရှိသေသေလေးလေး စားစားဖူးကြပါ။

၁၃၅၈-ခု၊ တပေါင်းလဆန်းမှစ၍ စမ်းကလေးဆရာတော်ကြီး၏ ခန္ဓာကိုယ်သို့ ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးပြီး အဖူးမြော်ကြည်ညိုခံ ပါတယ်။

မိလိန္ဒပဉှာပါဠိတော် (၂၉၇-၈)၌ စေတီတော် တန်ခိုးပြာဋိဟာပြပုံ ရောင်ခြည်တော်လွှတ်ပုံ သုံးမျိုးလာရှိသည်၊ အကျဉ်းချုပ်မှာ-

(က) နတ်လူတို့အားသနားသဖြင့် "ဤမည်သောတန်ခိုး ပြာဋိဟာ ရောင်ခြည်တော်ဖြစ်စေသတည်း" ဟု ရဟန္တာပုဂ္ဂိုလ်က အဓိဋ္ဌာန် ပြုသည်ရှိသော် စေတီတော်၌ တန်ခိုးပြမှု = ရောင်ခြည်တော် လွှတ်မှု ဖြစ်နိုင်၏။

(ခ) ထို့ပြင်လူတို့အား သနားသဖြင့် "ဤတန်ခိုးပြမှု ရောင်ခြည်တော် လွှတ်မှုဖြင့် သူတော်ကောင်းတရား အမြဲချီးမြောက်အပ်သည် ဖြစ်လတ္တံ့၊ ကြည်ညိုသူတို့လည်း ကုသိုလ်တရားတိုးပွားကုန်လတ္တံ့"

http://www.dhammadownload.com



ဟု နှလုံးသွင်း၍ နတ်တို့၏ အဓိဋ္ဌာန်ပြုခြင်း၏ အစွမ်းဖြင့်လည်း စေတီတော်၌ တန်ခိုးပြမှု = ရောင်ခြည်တော်လွှတ်မှု ဖြစ်နိုင်၏။

(ဂ) ထို့ပြင် သဒ္ဓါတရားရှိသော မိန်းမဖြစ်စေ ယောကျာ်းဖြစ်စေ တစ်ဦးဦးသည် အသင့်အားဖြင့် နှလုံးသွင်း၍ နံ့သာ ပန်း အဝတ် ပုဆိုး တစ်ခုခုကို အဓိဋ္ဌာန်ပြု၍ စေတီတော်အား လှူ၏၊ ဤမည်သော တန်ခိုးပြာဋိဟာ "= ရောင်ခြည်တော်လွှတ်မှုဖြစ်စေသတည်း" ဟု အဓိဋ္ဌာန်ပြု၏။ ထိုပုဂ္ဂိုလ်တစ်ဦးဦး၏ အဓိဋ္ဌာန်ပြုခြင်း၏ အစွမ်းဖြင့်လည်း စေတီတော်၏ တန်ခိုးပြမှု = ရောင်ခြည်တော်လွှတ်မှု ဖြစ်နိုင်၏။

ဤပါဠိတော်အရလည်း ဓာတ်တော်များ အကြောင်းတစ်ခုခုကြောင့် တန်ခိုးပြလျှင်လည်း တည်ရှိမြဲစေတီတော်မှပင်ပြပါသည်၊ စမ်းကလေးဆရာတော်၏ ခန္ဓာကိုယ်၌ လာကိန်းပြီးမှပြစရာမလိုပါ၊ စမ်းကလေး၏ ခြေထောက် ခြေမများ နီရဲနေသည်ဟု ဟောပြောမှုများသည်လည်း ဓာတ်တော်များသည် ယုတ်ညံ့သော စမ်းကလေးဘုန်းကြီး၏ ခြေထောက်မှာ ကိန်းဝပ်နေသည်ဟု ဆိုရာရောက်ပါသည်ဘုရား။

၃။ ကိလေသာကင်းစင်တဲ့ပုဂ္ဂိုလ်၏ ကိုယ်သားကိုယ်ရေသည် အရောင်ထွက်သတဲ့၊ မရှိသလောက်ရှားတဲ့ သံဃာစစ် သံဃာမှန် ကျွန်တော်တို့ မျက်ဝါးထင်ထင်ဖူးမြင်ရပါတော့မယ်---

ဝိမုတ္တိယုဂခေတ်တစ်ပြန်မှာ ကျေးဇူးရှင်စမ်းကလေးဆရာတော်ဘုရားကြီးဟာ သတ္တဝါတွေကိုကယ်ဖို့အတွက် ဘုရားရဲ့ဗျာဒိတ်နှင့် အညီ ပေါ်ပေါက်လာပါပြီ၊ ရောင်ခြည်တော်ခြောက်သွယ်ကို ဖူးမြော်မယ်၊ ရောင်ခြည်တော်ခြောက်သွယ်နဲ့ ဆရာတော်ဘုရားကြီးကို ဖူးချင်တယ်ဆိုတဲ့ စိတ်လေးဟာ ဘယ်လောက်စင်ကြယ်သလဲ---။

ရောင်ခြည်တော်လွှတ်မှုသည် ဘုရားရှင်တို့၏ အရာသာဖြစ်ပါသည်၊ တပည့်သာဝကတို့၏ အရာမဟုတ်ပါ၊ နန္ဒောပနန္ဒနဂါးမင်းကြီးကို နှိမ်နင်းနိုင်သော တန်ခိုးအရာဧတဒဂ်ရ အရှင်မဟာမောဂ္ဂလ္လာန် ရဟန္တာ အရှင်မြတ်၏ ခန္ဓာကိုယ်မှသော်လည်း ရောင်ခြည်တော်မထွက် မကွန့်မြူးပါဘဲလျက်

http://www.dhammadownload.com



ဘာတန်ခိုးမှမရှိသော စမ်းကလေးဆရာတော်၏ ခန္ဓာကိုယ်မှ ရောင်ခြည်တော်ထွက်ပေါ်နေသည်ဆိုခြင်းမှာ လိမ်မှုညာမှုသာ ဖြစ်နိုင် ပါသည်ဘုရား။

၄။ လဆန်း (၁၂)ရက်နေ့က အရှေ့လောကဓာတ်မှာ လမင်းကြီးရှိတယ်၊ အနောက်ဖက်မှာနေမင်းရှိတယ်၊ ရောင်ခြည်တော်တွေဟာ နေမင်းက လမင်းဆီ ကူးလိုက်၊ လမင်းက နေမင်းစီကူးလိုက်၊ နေမင်းက ကျောင်းခေါင်မိုးပေါ်ကူးလိုက်၊ ဒီ(၃)နေရာ ဖိုခနောက်ဆိုင်ကူးနေတာကို ထူးထူးဆန်းဆန်းတွေ့ရတယ်။

၎င်းဟောပြောချက်သည်လည်း လုံးဝမမှန်ပါ၊ အကြံအဖန်လိမ်ညာမှုများသာ ဖြစ်ပါသည်ဘုရား။ ၎င်းကား ဂေါပကဥက္ကဋ္ဌဦးအော်ကေး၏ ဟောပြောမှုနှင့် ပတ်သက်၍ စောဒနာအကျဉ်းချုပ်ဖြစ်ပါသည်။

စမ်းကလေးဘုန်းကြီး၏ ကိုယ်တိုင်ဟောပြောချက်များမှ အနည်းငယ် ထုတ်ပြပါဦးမည်ဘုရား-

(က) သဒ္ဓါအလယ်ဆိုတော့ ရောင်ခြည်လွှတ်ခြင်းနှင့်တကွ ရဟန်းရှင်လူ သူတော်စင်တို့ ယုံကြည်သဒ္ဓါနှင့်လာကြတယ်မဟုတ်လား---

(ခ) ---ရောက်ကြပါလို့---အခုရောင်ခြည်တော်များအော်-ဒါတွေ အကျယ်တော့မပြောဘူး၊ ကျောင်းဒကာကြီးပြောဖို့သင့်တာပေါ့၊ အခုန သူပြောတယ် မပြောတယ်တော့ မသိဘူး။

(ဂ) ရောင်ခြည်တော်တစ်ကြိမ်တစ်ခါ ဖူးရုံတွေ့ရုံမျှဖြင့် ၉၁ - ကမ္ဘာ၊ ၉၂ - ကမ္ဘာ အပါယ်မလားဘူး၊ စာတတ်တဲ့ဘုန်းကြီးတွေသိပါတယ်၊ သွားမေးကြည့်ကြပါ၊

(ဃ) ခု ရောင်ခြည်တော်လေးတွေရှိတဲ့အချိန်မှာ နောက်မကျစေနဲ့--- မနေ့ညနေကဆိုလို့ရှိရင်ဖြင့် ဟိုအောက်က-ပလ္လင်ပေါ်မှာ မွှာရုံမှာ ဒီပေါ်ကလူတွေအကုန်လုံး ရောင်ခြည်တော်ကို တွေ့ရတယ်။--- ဒီရောင်ခြည်တော်စစ်စစ်ဟာ တစ်ကြိမ်တစ်ခါတွေ့ရုံမျှဖြင့် ၉၁-ကမ္ဘာ၊ ၉၂-ကမ္ဘာ အပါယ်မလားဘူး---။

http://www.dhammadownload.com



ဤပြောပြချက်များကိုထောက်၍ ရောင်ခြည်တော်ကိစ္စနှင့် ပတ်သက်၍ စမ်းကလေးဆရာတော်ကိုယ်တိုင် သူ့ခန္ဓာကိုယ်မှ ရောင်ခြည်တော်ကျက်တာကို ဝန်ခံပြီး ရောင်ခြည်တော်သတင်း ပြန့်နှံ့ရေးလုပ်ငန်းတွေမှာလည်း ကိုယ်တိုင်ဆောင်ရွက်နေကြောင်း သိသာထင်ရှားနေပါသည်ဘုရား။

အထက်ပါလျှောက်ထားချက်များအရ စမ်းကလေးဘုန်းကြီးနှင့် တပည့်သာဝက ဂေါပကတို့သည် အလိုတူအလိုပါ ရောင်ခြည်တော်ဆိုင်ရာ ပြောဆိုပြုလုပ်မှုမှန်သမျှ အားလုံးသည် ဗုဒ္ဓ၏ ပါဠိတော်ကျမ်းစာများနှင့် ဆန့်ကျင်သော မိစ္ဆာဝါဒ အဓမ္မဝါဒများသာဖြစ်ပါသည်ဘုရား-ဟူ၍ စောဒနာလွှာတင်သွင်းကြသည်။

## အမှတ် (၁၃) သောခနာချက်

စောဒနာအကျယ် (၂၅) ချက်၊ အကျဉ်းချုပ် (၄) ချက်အနက် (၂) နေရာကိုသာ ဦးအော်ကေးဖြေကြားချေပသည်၊ ကျန်စကားရပ်များမှာ သောခနာလွှာမဟုတ်၊ နှီးနွှယ်သောစကားများသာဖြစ်သည်။

(က) ပဌမအချက်သောခနာလွှာမှာ-

၁၃၅၈-ခု၊ တပေါင်းလဆန်း (၂) ရက်နေ့တွင် စမ်းကလေးကျောင်း တွင်းရှိ ဆရာတော်ဘုရားကြီးသီတင်းသုံးရာ ကျောင်းအတွင်း၌ မြတ်စွာဘုရား၏ ဓာတ်တော် ရောင်ခြည်တော်များ စတင်ကွန့်မြူးသည်ကို သူကိုယ်တိုင်တွေ့ရသည်၊ အခြားတပည့်ဒါယကာများလည်း ဖူးတွေ့ကြရသည်။ ပြည်တွင်းပြည်ပ သိန်းပေါင်းများစွာသော ဝေနေယျတို့ ဖူးတွေ့ကြရသည်။ ထို့ကြောင့် အများကြည်ညိုသဒ္ဓါပွားစေရန် ရည်သန်၍ ၎င်းသည် ဖဒိုနှိုးဆော်စာဖြင့် နှိုးဆော်ခဲ့ပါသည်။ လူအများဖူးတွေ့နိုင်ရန် ကုသိုလ်ဖြစ်ဆောင်ရွက်ခြင်းဖြစ်၍ အပြစ်ဖြစ်မည်မဟုတ်ပါဘုရား။

(ခ) ဗုဒ္ဓ၏ရောင်ခြည်တော်များ ဓာတ်တော်များသည် သာသနာတော်စည်ပင်ထွန်းကားရာ ဒေသတို့သို့ ကြွရောက်ကွန့်မြူးကြပါသည်။ စမ်းကလေးဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာဂုဏ်တို့ကြောင့် ဆရာတော်၏ခန္ဓာသို့လည်း သဒ္ဓါတရားရှိသော ဝေနေယျတို့အတွက် ဖူးမျှော်ကြည်ညိုနိုင်ရန် ဓာတ်တော်, ရောင်ခြည်တော်များ ကြွရောက်ကွန့်မြူးကြပါသည်။ ကြည်ညို

http://www.dhammadownload.com



သဒ္ဓါစိတ်ဖြင့် ဗုဒ္ဓရောင်ခြည်တော်အား ပူဇော်သက္ကာရပြုခြင်းမှာ အပြစ်ဆိုဖွယ်ရာ မရှိပါဘုရား။

ထို့ပြင် ရောင်ခြည်တော်ခြောက်သွယ်သည် ဆရာတော်ဘုရားကြီး၏ ခန္ဓာကိုယ်ပေါ်တွင် ကွန့်မြူးသည်ကို မြင်ရသော တပည့်တော်အား ရောင်ခြည်တော်နှင့် ဘုရား တစ်ဂိုဏ်းတည်းပင်ဟု ကြည်ညိုသဒ္ဓါပွားခဲ့ပါသည်။ ဘုရားကိုယ်တော်တိုင် ကြွရောက်လာဘိသကဲ့သို့ ခံစားကြည်ညို၍ သဒ္ဓါဖြင့် ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် သီရိဓမ္မာသောကမင်းကြီး၏ အသန္ဓိမိတ္တာမိဖုရားသည် ကရဝိတ်ငှက်မင်း၏ အသံကိုကြားရသောအခါ မြတ်စွာဘုရား၏ အသံတော်ကို ကြားရလျှင် မြတ်စွာဘုရားအသံတော်သည် ကရဝိတ်ငှက်မင်း၏ အသံထက်ပင် သာယာ နာပျော်ဖွယ်ရှိမည်ဟု ကြည်ညိုသဒ္ဓါပွားသကဲ့သို့ဖြစ်ပါသည်။ စမ်းကလေးဆရာတော်အား ဘုရားအဖြစ်တွန်းပို့ခြင်း ဘုရားနှင့်နှိုင်းယှဉ်ခြင်း မဟုတ်ပါ၊ ဆရာတပည့်အလိုတူအလိုပါ ကြေငြာ ခြင်းလည်း မဟုတ်ပါကြောင်းဟု ချေပလွှာတင်သွင်းသွားသည်။

ရောင်ခြည်တော်နှင့်ပတ်သက်၍ စမ်းကလေးဆရာတော်၏ ချေပလွှာကို မတွေ့ရချေ။ ထို့ကြောင့် ဝိနည်းဓိုရ်ဆရာတော်များက စမ်းကလေးဆရာတော်အား ရောင်ခြည်တော်နှင့်ပတ်သက်ပြီး မေးခွန်းနှစ်ခု တစ်နာရီခန့်ကြာတင် မေးခဲ့သည်။

မေး (၁) - ရောင်ခြည်တော်လွှတ်မှုသည် အရှင်ဘုရား၏ ကိုယ်မှလွှတ်တာလား၊ သို့မဟုတ် သူ့ဟာသူထွက်တာလား။

မေး (၂) - လွှတ်တာဆိုလျှင် နီလရောင်ခြည်တစ်မျိုးလောက် လွှတ်ပြစမ်းပါ။

စမ်းကလေးဆရာတော်၏အဖြေ-

(၁, ၂) - ရောင်ခြည်တော်တည်းခိုတာပါ၊ ကိုယ်တော်မှ လွှတ်တာမဟုတ်ပါ၊ မလွှတ်နိုင်ပါဘုရား၊ လွှတ်ပြနိုင်စွမ်းမရှိပါဘုရား။

စမ်းကလေးဆရာတော်မှ ဤကဲ့သို့ (၁ +၂ )အမေးကို တပါတည်း ဖြေသွားသည်။

http://www.dhammadownload.com



## အမှတ် (၁၃) သုံးသပ်ချက်

စမ်းကလေးဆရာတော်သည် မေးခွန်းနှစ်ခုလုံးကို ပယ်၍ဖြေသွားသည်၊ သူ့ကိုယ်မှ ရောင်ခြည်တော်ထွက်အောင် လွှတ်တာမဟုတ်ပါ၊ ရောင်ခြည်တော် လွှတ်ပြနိုင်တဲ့ တန်ခိုးဣဒ္ဓိပါဒ် အစွမ်းသတ္တိမရှိပါဟု ဝန်ခံသွားသည်။

ရောင်ခြည်တော်တည်းခိုတာပါဟု အဖြေစကားဖြင့် တခြားတစ်ပါးက အရောင်များလာပြီး ခဏတည်းခိုတာပါ၊ ဓာတ်တော်၏အရောင်၊ စေတီ၏ အရောင်၊ လျှပ်စစ်ရောင်၊ ဖလ်မှန်မီးသီးရောင်၊ ရောင်ပြန်စသည်ဖြင့် ခွဲခြားပြီး ပြတ်ပြတ်သားသားမဖြေချေ။ ဖြစ်နိုင်သည်မှာ နေ့လည်တစ်နာရီအချိန်နှင့် ညနေ (၅) နာရီအချိန်မှာ-ဟု နာရီညွှန်ပြသဖြင့် နေရောင်မှ ရောင်ခြည်နှင့် စမ်းကလေး၏ ခန္ဓာကိုယ်၌သော်လည်းကောင်း ဆိုင်ရာဓမ္မာရုံပလ္လင်၌သော် လည်းကောင်း တည်ရှိသော အရောင်ပြန်စေတတ်သည့် ကျောက် , မှန် , ဖလ် စသည်တစ်ခုခုတို့ တွေ့ထိပြီး အရောင်လက် ခြင်းဖြစ်နိုင်သည်ဟု သုံးသပ်တော်မူ ကြသည်။

အကယ်၍သာ စမ်းကလေးဆရာတော်မှာ ရောင်ခြည်တော်လွှတ်နိုင်တဲ့ အစွမ်းသတ္တိရှိပါလျှင် ကြွားကြွားဝင့်ဝင့်ဖြင့် တခဏခြင်း ရောင်ခြည်တော် လွှတ်ပြလိုက်မည်မှာ ဧကန်ဖြစ်ပေမည်။ ထို့ကြောင့် စမ်းကလေးဆရာတော်မှာ ရောင်ခြည်တော်လွှတ်နိုင်တဲ့ အစွမ်းသတ္တိမရှိကြောင်း သေချာပေသည်။

"ရောင်ခြည်တော်တည်းခိုတာပါ"ဟု ဖြေရာ၌ တည်းခိုဟူသည် ဧည့်သည် များခဏခေတ္တတည်းခိုသလို အခြားတစ်နေရာရာမှ လာပြီး တည်းခိုသည်ဟု အဓိပ္ပာယ်ရသည်။ အကယ်၍သာ ဘုရားစင်, ဘုရားခန်းရှိ-ဓာတ်တော်များမှ ရောင်ခြည်တော်များကြွလာသည်ဆိုလျှင်လည်း အချိန်ကိုနေ့လည်(၁)နာရီ၊ ညနေ(၅)နာရီဟု သတ်မှတ်ဖွယ်မလိုချေ၊ ဤသို့သတ်မှတ် ထားသဖြင့် နေရောင်ခြည်မှ အရောင်ကိုယူပြီး ရောင်ပြန်လင်းလက်စေတတ် သည့် ပစ္စည်းတစ်ခုခုဖြင့် လုပ်ထားသည်ဟု သုံးသပ်တော်မူကြသည်။

တိတ်ခွေတွေကို ဖွင့်နားထောင်တဲ့အခါ စမ်းကလေး၏ ရောင်ခြည်တော် နှင့် ပက်သတ်သော ဟောပြောချက်(က, ခ, ဂ, ဃ)လေးချက်ကို ဖော်ပြခဲ့ သည့်အတိုင်း တွေ့ရပေသည်။ ၎င်းဟောပြောချက်တွေကို ကြည့်လျှင် ရောင်ခြည်တော်ကို တစ်ကြိမ်ဖူးရလျှင်ပင် (၉၁)ကမ္ဘာ အပါယ်မလားပုံ၊ ခု-

http://www.dhammadownload.com



ရောင်ခြည်တော်လေးတွေရှိတဲ့အချိန် နောက်မကျစေနဲ့-----စသည်ကို တွေ့ရသည်။ ဤသည်ကို ထောက်လျှင် စမ်းကလေးဆရာတော်သည် ရောင်ခြည်တော်နှင့် ပက်သတ်၍ ကျော်ကြားမှု၊ ကောလာဟာလဖြစ်မှုကို လိုလားကြောင်း ထင်ရှားပေသည်။

(၁) တိတ်ခွေများထဲ၌ ဟောပြောတုံးကတော့ ဓာတ်တော်တွေဟာ စမ်းကလေး၏ ခန္ဓာကိုယ်သို့လာပြီးကိန်းသည်။

(၂) ထိုသို့ ဓာတ်တော်တို့မှ ရောင်ခြည်တော်များကွန့်မြူးသည်။

(၃) စမ်းကလေး၏ ခန္ဓာကိုယ်မှ သူ့ရဲ့စွမ်းရည်သတ္တိကြောင့် ရောင်ခြည်တော်ထွက်သည်။

(၄) ကျောင်းခေါင်မိုး, လ, နေ, သုံးဌာန ဖိုခနောက်ဆိုင် ရောင်ခြည်များ ယှတ်ကူးနေသည်၊

ဟု(၄)မျိုးပြောခဲ့သည်။ ယခုမေးသောအခါ ရှေ့(၁+၂)နှစ်မျိုးကိုသာ ဖြေသည်။ (၃)နံပါတ်ကို ဖြေလျှင် ရောင်ခြည်တော်ကို လက်တွေ့လွှတ်ပြနိုင်းမည်ဖြစ်၍ တိမ်းရှောင်ခြင်းဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

ပြဆိုခဲ့သော မိလိန္ဒပဥှာပါဠိတော် (နှာ-၂၉၇-၈) လာသည့်အတိုင်း ဓာတ်တော်များသည် စေတီတော်အတွင်းရှိ ဌာပနာထားရာ နေရာမှာပင် တန်ခိုးပြနိုင်စွမ်းရှိပါလျက် စမ်းကလေး၏ ခန္ဓာကိုယ်လက်ခြေ, ခြေမ စသည်မှာ လာကိန်းပြီးမှ တည်းခိုပြီးမှ ရောင်ခြည်တော်လွှတ်သည်ဟုဆိုခြင်းသည်လည်း မိလိန္ဒပဥှာပါဠိတော်နှင့်မညီပေ။ ယုတ္တိလည်းမရှိချေ။

## အမှတ်(၁၃) ဆုံးဖြတ်ချက်

ဆိုအပ်ခဲ့ပြီးသော သုံးသပ်ချက်များနှင့်အညီ ရောင်ခြည်တော်နှင့် ပတ်သက်သော ဟောပြောချက်, ရေးသားချက်များသည် ရိုးသားမှုမရှိ၊ မိလိန္ဒပဥှာပါဠိတော်နှင့်မညီ၊ ယုတ္တိလည်းမရှိသောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

## အမှတ်(၁၄) စောဒနာချက်

နတ်တရားနှင့်ပက်သက်၍ အောက်ပါအတိုင်း စောဒနာလွှာတင်သွင်းကြသည်-

http://www.dhammadownload.com



ဟု နှလုံးသွင်း၍ နတ်တို့၏ အဓိဋ္ဌာန်ပြုခြင်း၏ အစွမ်းဖြင့်လည်း စေတီတော်၌ တန်ခိုးပြမှု = ရောင်ခြည်တော်လွှတ်မှု ဖြစ်နိုင်၏။

(ဂ) ထို့ပြင် သဒ္ဓါတရားရှိသော မိန်းမဖြစ်စေ ယောက်ျားဖြစ်စေ တစ်ဦးဦးသည် အသင့်အားဖြင့် နှလုံးသွင်း၍ နံ့သာ ပန်း အဝတ် ပုဆိုးတစ်ခုခုကို အဓိဋ္ဌာန်ပြု၍ စေတီတော်အား လှူ၏၊ ဤမည်သော တန်ခိုးပြာဋိဟာ "= ရောင်ခြည်တော်လွှတ်မှုဖြစ်စေသတည်း" ဟု အဓိဋ္ဌာန်ပြု၏။ ထိုပုဂ္ဂိုလ်တစ်ဦးဦး၏ အဓိဋ္ဌာန်ပြုခြင်း၏ အစွမ်းဖြင့်လည်း စေတီတော်၏ တန်ခိုးပြမှု = ရောင်ခြည်တော်လွှတ်မှု ဖြစ်နိုင်၏။

ဤပါဠိတော်အရလည်း ဓာတ်တော်များ အကြောင်းတစ်ခုခုကြောင့် တန်ခိုးပြလျှင်လည်း တည်ရှိမြဲစေတီတော်မှပင်ပြပါသည်၊ စမ်းကလေးဆရာတော်၏ ခန္ဓာကိုယ်၌ လာကိန်းပြီးမှပြရာမလိုပါ၊ စမ်းကလေး၏ ခြေထောက် ခြေမများ နီရဲနေသည်ဟု ဟောပြောမှုများသည်လည်း ဓာတ်တော်များသည် ယုတ်ညံ့သော စမ်းကလေးဘုန်းကြီး၏ ခြေထောက်မှာ ကိန်းဝပ်နေသည်ဟု ဆိုရာရောက်ပါသည်ဘုရား။

၃။ ကိလေသာကင်းစင်တဲ့ပုဂ္ဂိုလ်၏ ကိုယ်သားကိုယ်ရေသည် အရောင်ထွက်သတဲ့၊ မရှိသလောက်ရှားတဲ့ သံဃာစစ် သံဃာမှန် ကျွန်တော်တို့ မျက်ဝါးထင်ထင်ဖူးမြင်ရပါတော့မယ်---

ဝိမုတ္တိယုဂခေတ်တစ်ပြန်မှာ ကျေးဇူးရှင်စမ်းကလေးဆရာတော်ဘုရားကြီးဟာ သတ္တဝါတွေကိုကယ်ဖို့အတွက် ဘုရားရဲ့ဗျာဒိတ်နှင့် အညီ ပေါ်ပေါက်လာပါပြီ၊ ရောင်ခြည်တော်ခြောက်သွယ်ကို ဖူးမြော်မယ်၊ ရောင်ခြည်တော်ခြောက်သွယ်နဲ့ ဆရာတော်ဘုရားကြီးကို ဖူးချင်တယ်ဆိုတဲ့ စိတ်လေးဟာ ဘယ်လောက်စင်ကြယ်သလဲ---။

ရောင်ခြည်တော်လွှတ်မှုသည် ဘုရားရှင်တို့၏ အရာသာဖြစ်ပါသည်၊ တပည့်သာဝကတို့၏ အရာမဟုတ်ပါ၊ နန္ဒောပနန္ဒနဂါးမင်းကြီးကို နှိမ်နင်းနိုင်သော တန်ခိုးအရာဧတဒဂ်ရ အရှင်မဟာမောဂ္ဂလ္လာန် ရဟန္တာ အရှင်မြတ်၏ ခန္ဓာကိုယ်မှသော်လည်း ရောင်ခြည်တော်မထွက် မကွန့်မြူးပါဘဲလျက်

http://www.dhammadownload.com



ဘာတန်ခိုးမှမရှိသော စမ်းကလေးဆရာတော်၏ ခန္ဓာကိုယ်မှ ရောင်ခြည်တော်ထွက်ပေါ်နေသည်ဆိုခြင်းမှာ လိမ်မှုညာမှုသာ ဖြစ်နိုင် ပါသည်ဘုရား။

၄။ လဆန်း (၁၂)ရက်နေ့က အရှေ့လောကဓာတ်မှာ လမင်းကြီးရှိတယ်၊ အနောက်ဖက်မှာနေမင်းရှိတယ်၊ ရောင်ခြည်တော်တွေဟာ နေမင်းက လမင်းဆီ ကူးလိုက်၊ လမင်းက နေမင်းစီကူးလိုက်၊ နေမင်းက ကျောင်းခေါင်မိုးပေါ် ကူးလိုက်၊ ဒီ(၃)နေရာ ဖိုခနောက်ဆိုင်ကူးနေတာကို ထူးထူးဆန်းဆန်းတွေ့ရတယ်။

ဤဟောပြောချက်သည်လည်း လုံးဝမမှန်ပါ၊ အကြံအဖန်လိမ်ညာမှုများသာ ဖြစ်ပါသည်ဘုရား။ ဤကား ဂေါပကဥက္ကဋ္ဌဦးအော်ကေး၏ ဟောပြောမှုနှင့် ပတ်သက်၍ စောဒနာအကျဉ်းချုပ်ဖြစ်ပါသည်။

စမ်းကလေးဘုန်းကြီး၏ ကိုယ်တိုင်ဟောပြောချက်များမှ အနည်းငယ်ထုတ်ပြပါဦးမည်ဘုရား-

(က) သဒ္ဓါအလယ်ဆိုတော့ ရောင်ခြည်လွှတ်ခြင်းနှင့်တကွ ရဟန်းရှင်လူသူတော်စင်တို့ ယုံကြည်သဒ္ဓါနှင့်လာကြတယ်မဟုတ်လား---

(ခ ) ---ရောက်ကြပါလို့---အခုရောင်ခြည်တော်များအော်-ဒါတွေ အကျယ်တော့မပြောဘူး၊ ကျောင်းဒကာကြီးပြောဖို့သင့်တာပေါ့၊ အခုန သူပြောတယ် မပြောတယ်တော့ မသိဘူး။

(ဂ ) ရောင်ခြည်တော်တစ်ကြိမ်တစ်ခါ ဖူးရုံတွေ့ရုံမျှဖြင့် ၉၁ - ကမ္ဘာ၊ ၉၂ - ကမ္ဘာ အပါယ်မလားဘူး၊ စာတတ်တဲ့ဘုန်းကြီးတွေသိပါတယ်၊ သွားမေးကြည့်ကြပါ၊

(ဃ) ခု ရောင်ခြည်တော်လေးတွေရှိတဲ့အချိန်မှာ နောက်မကျစေနဲ့--- မနေ့ညနေကဆိုလို့ရှိရင်ဖြင့် ဟိုအောက်က-ပလ္လင်ပေါ်မှာ ဓမ္မာရုံမှာ ဒီပေါ်ကလူတွေအကုန်လုံး ရောင်ခြည်တော်ကို တွေ့ရတယ်။--- ဒီရောင်ခြည်တော်စစ်စစ်ဟာ တစ်ကြိမ်တစ်ခါတွေ့ရုံမျှဖြင့် ၉၁-ကမ္ဘာ၊ ၉၂-ကမ္ဘာ အပါယ်မလားဘူး---။

http://www.dhammadownload.com



စမ်းကလေးဆရာတော်၏ မူလအသံဖြင့် ဟောထားသော တရားတိတ်ခွေတစ်ခွေ၏ (ဘီ-ဆိုဒ်)၌ နောက်ပိုင်းနားတွင် ထွက်ပေါ်လာသော အသံမှာ စမ်းကလေးဆရာတော်၏ အသံနှင့်တူပါသည်။ သို့သော် မြန်မာလို နားမလည်သောအသံများဖြစ်နေသည်၊ မည်သည့်ဘာသာစကားဟုလည်း မမှန်းဆနိုင်ချေ။ စမ်းကလေး၏ တပည့်သာဝကများက ဆရာတော်အား သွားမေးကြသောအခါ "နတ်ပြည်မှာဟောတဲ့တရား" လို့အမိန့်ရှိလိုက်ပါသတဲ့၊ အဲ့ဒီသတင်းပြန့်ပွားသွားပြီး အုတ်အုတ်ကျက်ကျက်ဖြစ်လာပါတော့သည်။

ထိုနတ်ပြည်ဟောတရားတိတ်ခွေကို ဟိုကကူး ၊ ဒီကကူးနဲ့ ၎င်းတိတ်ခွေပြန့်နှံ့သွားပါတော့သည်၊ တပည့်တော်များ လေ့လာသောအခါ တရားကူးနေစဉ် တိတ်ကြိုးလိပ်ခွေသွားလျှင်လည်း ဤသို့ ဖြစ်တတ်ပါသတဲ့ဘုရား၊ ပြီးတော့ အသံသွင်းပြီး တိတ်ကြိုးကိုဖြတ်လျက်ပြောင်းပြန်တပ်လိုက်လျှင်လည်း ဤကဲ့သို့ အသံတစ်မျိုး ထွက်တတ်ပါသတဲ့ဘုရား။

စမ်းကလေးတပည့်တွေကတော့ "နတ်ပြည်မှာ ဟောတဲ့တရားတွေ ထွက်ပေါ်လာတယ်" ဟုကြေငြာပြီး လူတွေ အုတ်အုတ်ကျက်ကျက် စမ်းကလေးကျောင်းရောက်အောင်လုပ်ကြပါတယ်၊ မသိ မလိမ္မာသူ, အသိဉာဏ်နည်းသူတွေထံမှ ကံဆင့်ပွဲတွေလုပ်ပြီး လိမ်ညာယူကာ ရိုက်စား, ညာစားပြုလုပ်နေကြပါသည် ဘုရားဟု စောဒနာတင်သွင်းသွားကြသည်။

## အမှတ်(၁၄) သောဓနာချက်

ဤစောဒနာချက်နှင့်ပတ်သက်၍ စမ်းကလေးဆရာတော်က စာမျက်နှာတစ်မျက်နှာခန့် ချေပသွားသည်၊ လိုရင်းအကျဉ်းချုပ်မှာ-

ထိုကဲ့သို့ မြန်မာလိုမဟုတ်သည့် (မာဂဓ) အသံကို တပည့်တော်အားလာရောက်ဖွင့်ပြပြီး မေးမြန်းကြရာ-ဟို--တချိန်ကဆရာတော်ဘုရား တရားရှာခဲ့စဉ်က တွေ့ကြုံခဲ့သော အသိအရပြောရသော် ဒီအသံတွေဟာ နတ်ပြည်တွင် ဆရာတော်ဘုရားကိုယ်တိုင် ဟောကြားခဲ့သော အသံတော်များဖြစ်တယ်" ဟု ဖြေကြားခဲ့ပါသည်-----------ဦးနန္ဒောဘာသ။

## အမှတ်(၁၄) သုံးသပ်ချက်

နတ်တရားတိတ်ခွေနှင့်ပတ်သက်၍ ဝိနည်းဓိုရ်များက တစ်နာရီခန့်ကြိုတင်၍ မေးခွန်း (၂)ချက် မေးခဲ့ပါသည်။

အမေး (၁) - အရှင်ဘုရားနတ်ပြည်မှာ ဟောခဲ့တဲ့တရားဟု ပြောရာ ဘယ်နတ်ပြည်မှာဟောခဲ့ပါသလဲ။ နတ်ပြည်တက်နိုင်တယ်ဆိုရင် တစ်ပေလောက်အထက် တက်ပြစမ်းပါ။

http://www.dhammadownload.com



အမေး (၂) - မာဂဓဘာသာဖြင့် ဟောခဲ့ပါလျှင် ယခု(၅) မိနစ်ခန့် မာဂဓဘာသာဖြင့် ဟောပြစမ်းပါ။

**စမ်းကလေးဆရာတော်၏အဖြေ**

ဘယ်နတ်ပြည်ရယ်လို့မသိပါ၊ အာကာသတစ်ခုသို့ ရုပ်သစ်, နာမ်သစ်ဖြင့် ရောက်သွားပါသည်။ ( အကယ်၍ ဒီခန္ဓာကိုယ်နှင့် ရောက်သွားပါတယ် ဆိုလျှင် "တစ်ပေလောက်အထက် တက်ပြစမ်းပါ" ဟု ဝိနည်းဓိုရ်များက ခိုင်းမှာကို ရှောင်ရှားလို၍ ဒီခန္ဓာကိုယ်နဲ့တက်တာမဟုတ်ပါ၊ ရုပ်သစ်, နာမ်သစ် ဖြင့် ရောက်တာပါဟု ဂိုဏ်းဆရာ, ဝိဇ္ဇာဆရာများလို ဖြေကြားလိုက်သည်။)

မေး - ယခု(၅) မိနစ်လောက် မာဂဓဘာသာဖြင့် ဟောပြစမ်းပါ။

ဖြေ - ယခု မာဂဓဘာသာဖြင့် ဟောမပြနိုင်ပါ။

ရုပ်သစ်, နာမ်သစ်ဖြင့်ရောက်၏ဟူသည် စိတ်ကူးဖြင့် ရောက်သည်ဟု ဆိုလိုသည်၊ တကယ်ရောက်တာမဟုတ်၊ တောရောက်, တောင်ရောက် စိတ်ကူးရင်းဖြင့် စိတ်ဖြင့်ရောက်သွားခြင်းသာဖြစ်သည်၊ စိတ်ကူးဖြင့်ရောက် ခြင်းကား လူတိုင်းပင် ရောက်နိုင်ကြပေသည်။

တရားရှာစဉ် ပုထုဇဉ်ဘဝတုံးက မာဂဓဘာသဖြင့် ဟောတတ်ပါလျှင် ယခုအရိယာဖြစ်နေတယ်လို့ပြောရာ၊ အရိယာဘဝ၌ ပို၍ပင် မာဂဓ ဘာသာ ဖြင့်တတ်ရာ၏၊ မဟောတတ်ပါဟုဆိုသဖြင့် (သောနေဂလ္လာ-၁၅)၌ သူကိုယ် တိုင် ဝန်ခံထားသောအရိယာသည် အစစ်မဟုတ်၊ အတုသာဖြစ်၍ မဟော တတ်တာ ဖြစ်ပေရာ၏ဟု သုံးသပ်တော်မူသည်။

## အမှတ်(၁၄) ဆုံးဖြတ်ချက်

ဤသုံးသပ်ချက်များ, အမေး-အဖြေများအရစမ်းကလေးဆရာတော် ၏ နတ်ပြည်ဟောတရားများသည် အမှန်အကန်မဟုတ်၊ လိမ်ညာထားသော ဟောပြော ချက်များသာဖြစ်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ် တော်မူကြသည်။

## အမှတ်(၁၅) စောဒနာချက်

စမ်းကလေးဘုန်းကြီးသည် (ဝိ၊ ၄-၁၊ နှာ-၂၀။ ဒီ၊ ၄-၁၊ ၂၂-၃။ အဘိ၊ ၄- ၁၊ ၂၅) အဋ္ဌကထာတို့၌ ဖွင့်ပြအပ်သော ဒုပ္ပဋိပန္နပုဂ္ဂိုလ်မျိုးဖြစ်နေပါသည်။

http://www.dhammadownload.com



သီလမဂ္ဂင်ကို တစ်မျိုးလုပ်ဟောသဖြင့် ဝိနည်းပိဋကကို ဖျက်ဆီးရာရောက်ပါသည်၊ ဒုသီလပုဂ္ဂိုလ်အဖြစ်သို့လည်းပဲ ရောက်တတ်ပါသည်။

သမာဓိမဂ္ဂင်ကိုဖြုတ်ပြီး ဟောသဖြင့် သုတ္တန် ပိဋကကို ဖျက်ဆီးရာရောက်ပါသည်၊ မိစ္ဆာဒိဋ္ဌိအဖြစ် ရောက်တတ်ပါသည်။

ပညာမဂ္ဂင်ကို တစ်မျိုးပြင်ဟောသဖြင့် အဘိဓမ္မာ ပိဋကကို ဖျက်ဆီးရာရောက်ပါသည်၊ စိတ်ပျံ့လွင့်ခြင်း ရူးသွပ်ခြင်းသို့ ရောက်တတ်ပါသည်။

မြတ်စွာဘုရားမဟောကြားအပ်သည့်တရားကို ဘုရားတရားအတုလုပ်ပြီး ဟောကြားသည့်အတွက် ဘုရားသာသနာတော်ကို ပုတ်ခတ်စော်ကားသည်မည်၏၊ ဘုရားရှင်၏ ဝေသာရဇ္ဇဉာဏ်တော်ကို တားမြစ်ရာကျ၏၊ တရားနာပရိသတ်အား လွဲချော်စေ၏၊ အရိယာဖြစ်ရန် အကျင့်မဂ္ဂင်လမ်းခရီး၌ ကန့်လန့်ပိတ်ဆို့၍ လူအများ စီးပွားမဲ့ရန် ဒုက္ခရောက်ရန် ပြုကျင့်သည်မည်၏။

(မ၊၄ -၂၊နှာ-၂၀၅)

ဥပမာအားဖြင့် ဘုရင့်တိုင်းပြည်ဝယ် လူဆိုးကြီး, သူခိုးကြီးတစ်ယောက်ဖြစ်ပေါ်လာလျှင် လူအများစီးပွားမဲ့ရန်, ဒုက္ခရောက်ရန်ဖြစ်သကဲ့သို့ ဤအတူ ဘုရားသာသနာတော်၌ ဘုရားတရားကို ခိုးယူပြီး အတုလုပ်ကာ ဟောပြောသော ထိုရဟန်းသူခိုးသည် လူအများ၏ အစီးပွားမဲ့ရန်, ဒုက္ခရောက်ရန်ဖြစ်လေသည်။ (မ ၊ ၄ - ၂ ၊ ၂၀၆)

ရဟန်းတရားသူခိုးကြီး စမ်းကလေး၏ သီလ, သဒ္ဓါ, ပညာလမ်းတိုကျင့်စဉ်များသည် ဘုရားတရားများမဟုတ်ကြ၍ အဓမ္မဝါဒသာဖြစ်ပါသည်ဘုရားဟု စောဒနာလွှာတင်ပြကြသည်။

ဤစောဒနာနှင့်ပတ်သက်၍ စုဒိတကများဖက်မှ ဘာတစ်ခုမျှ သောခနောလွှားချေပလွှာမတင်ကြချေ။ ဤအမှတ်(၁၅)ပါ အချက်အလက်များသည် ပြီးခဲ့ပြီးသော စကားရပ်များကိုပင် ပြန်လည်တင်ပြပြီး ရဟန်းသူခိုး မဟာစောရကြီး ဖြစ်ပုံကိုသာ ဖော်ပြသွားကြသည်၊ ဝါဒရေးရာနှင့် ပတ်သက်၍ အသစ်မပါ၊ ထို့ကြောင့် ဝိနည်းဓိုရ်ဆရာတော်များအနေဖြင့်လည်း အထူးမစိစစ်တော့ပြီ။

xxxxxxxxxxx

http://www.dhammadownload.com



## အမှတ်(၁၆) စောဒနာချက်

စမ်းကလေးဆရာတော်၏ မိစ္ဆာဝါဒ, အဓမ္မဝါဒကို ငရဲမီးသေးသေးနှင့် ဥပမာပြုလျှောက်ထားသွားသည်။ (အံ၊ ၄ - ၁၊ ၂၇) အဋ္ဌကထာ၌လာသော မိလက္ခတိဿဝတ္ထုဝယ် ပိုးစုံးကြူးမျှလောက်သော ငရဲမီးလေးသည် အလွန်ကြီးမားသော သစ်သားထင်းအစိုပုံကြီးကို တခဏချင်းပြာကျသွားအောင် လောင်ကျွမ်းနိုင်စွမ်းရှိလေသည်။ ထို့အတူ စမ်းကလေး၏ မိစ္ဆာဝါဒ အဓမ္မဝါဒသည်လည်း သာမာန်အားဖြင့် အရေးမထားစရာ အသေးအမွှားသာ ဖြစ်သော်လည်း သာသနာဖျက်စွမ်းအားကတော့ ငရဲမီးအလားကြီးမားပါသည် ဘုရား။

စမ်းကလေးသောတာပန်တို့သည် သူတို့ကိုသူတို့ အပါယ်လေးပါးမှ လွတ်ပြီးသား၊ သူတို့ဆရာတော်က ကံဖြတ်ပေးပြီးသားဟု ပြောပြီး အရက်သောက်, ကြက်သတ်, ဝက်သတ်, ငါးသတ် ဒုဿီလတွေများနေကြပါသည်။ အထူးသဖြင့် စမ်းကလေးသောတာပန်နယ်မြေ၌ လေ့လာကြည့်ပါက သိနိုင်ပါသည်ဘုရား။

ထို့ပြင် "ယုံပါစေ၊ ရောက်ပါစေ၊ ဘုန်းကြီးတရားနာပြီးလို့ရှိရင်နေ့ သောတာပန်အစစ်ဖြစ်ပါတယ်"လို့ ဟောပြောနေပါသည်ဘုရား။ ထို့ကြောင့် စမ်းကလေး ဦးနန္ဒောဘာသ၏ မိစ္ဆာဝါဒ, အဓမ္မဝါဒငရဲမီးလေးကို အမှိုက်ကစပြာသာဒ်မီးမလောင်ခင် အပြီးတိုင်ငြိမ်းသွားအောင် ဓမ္မဝိနယနှင့်အညီ အလျှင်အမြန် ငြိမ်းသတ်ပေးတော်မူကြပါဘုရားဟု စောဒနာလွှာ တင်သွင်းကြသည်။

## အမှတ်(၁၆) သောဓနာချက်

အပါယ်လေးပါးမှ လုံးဝကေန်လွတ်မြောက်စေနိုင်သော ဘုရားအလိုကျ မဂ်အကျိုးပြု ဣဋ္ဌဖလအကြောင်းလျှောက်ထား = ချေပလွှာတင်သွင်းခြင်း။

အကြောင်းအကျိုးစုံလင်စွာ အတိတ်, ပစ္စုပ္ပန် အမှန်သိ သမ္မာဒိဋ္ဌိမှ အနတ္တသမ္မာဒိဋ္ဌိအထိ အကြောင်းဖြတ် အကျိုးဖြတ် မဂ်တို့၏သဘာဝ ဖြစ်သော ဥပါဒါန်ပြတ် ကံပြတ်တရားတော်ကို အများဝေနေယျတို့ကို ချမ်းသာစေလိုသော မေတ္တာကရုဏာဖြင့် သဒ္ဓါပီတိ သဒ္ဓါဝိထိ မဂ်ဝီထိဇောတို့ဖြင့် အပါယ်လေးပါးမှ လုံးဝကေန် လွတ်မြောက်စေရန် ဟောပြောလျက် တပည့်တော်သည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်နေပါသည်ဘုရား။

http://www.dhammadownload.com



ယုံကြည်ပါစေ၊ ရောက်ပါစေ တရားနှင့်တွေ့နာယူနိုင်ပါစေ၊ ထို(၂) ချက်နှင့် ပြည့်စုံသူတိုင်းကို အပါယ်သံသရာမှ လုံးဝလွတ်မြောက်အောင် တပည့်တော် ဟောပေးနေပါသည်။ သီလအစ, သဒ္ဓါအလယ်, ပညာအဆုံး ကျင့်စဉ် ဖြစ်သော သောတာပန်အစစ်ဖြစ်နိုင်ကြောင်း ပုဂ္ဂလပညတ်, ပါဠိတော် ကျမ်းကိုးဖြင့် လျှောက်ထားပြီးဖြစ်ပါသည်၊ ယုံကြည်လေးမြတ်သောကြောင့် ရအပ်သော သဒ္ဓါနုသာရီ သောတာပန်တို့သည် မဟာသောတာပန် အစစ်ဖြစ်ကြောင်း ရဲရဲဝံ့ဝံ့ အာမခံ၍ ဟောပေးထားခြင်း ဖြစ်ပါသည်ဘုရားဟု ချေပသွားသည်။

## အမှတ်(၁၆) သုံးသပ်ချက်

စုဒိတကတို့၏ နိဂုံးချုပ် လိုရင်းအချက်မှာ---

(က) ကံပြတ် ဥပါဒါန်ပြတ် သစ္စာတရားဖြစ်၍ အပါယ်လေးဝမှ လုံးဝ လွတ်မြောက်နိုင်သည့်တရားပါဟု ချေပသည်။

(ခ) ယုံကြည်ပါစေ၊ ရောက်ပါစေ၊ တရားနှင့်တွေ့ နာယူနိုင်ပါစေ။ ဤအင်္ဂါနှစ်ချက်နှင့်ပြည့်စုံလျှင် သဒ္ဓါနုသာရီသောတာပန်ဟု ပုဂ္ဂလပညတ် ပါဠိတော် (နှာ-၁၁၈)၌ ဟောကြားသည် အားလျော်စွာ စမ်းကလေး သောတာပန်များ သဒ္ဓါနုသာရီ မဟာသောတာပန်များ ဖြစ်သည်ဟု ချေပ သွားသည်။

ဤ (က၊ ခ) နှစ်ချက်တွင် (က) အချက်ကို စောဒနာလွှာ (၁၀) ၌ ရေးခဲ့ပြီး၊ ပြန်ကြည့်ပါ။ ဤ၌အနည်းငယ်မျှ သုံးသပ်ပြရသော်----စမ်းကလေး အလိုအရ သစ္စာလေးပါးမှာ-

| | | | |
|---|---|---|---|
| (၁) | ဒုက္ခသစ္စာ | ။ | မလှုပ်မယှက်ထိုင်နေသည့် ခန္ဓာကိုယ်ကြီးသည် ကမ္မဖလတရားတည်း၊ |
| (၂) | သမုဒယသစ္စာ | ။ | အတိတ်ဘဝကပြုခဲ့သော ဒါန, သီလ, ဘာဝနာ ပုည ကိရိယာ စေတနာကံတည်း။ |
| (၃) | နိရောဓသစ္စာ | ။ | ထိုင်နေသည့်အခါ ပူမှု, အေးမှု, ညောင်းညာမှု, ကိုက်ခဲမှုတို့၏ |

http://www.dhammadownload.com



တဒင်္ဂချုပ်မှုဟူသော သင်္ခါရ နိရောဓတည်း။

(၄) မဂ္ဂသစ္စာ = သဒ္ဓါပီတိ ဇောဝီထိသောတာပတ္တိ မဂ္ဂဝီထိ၌ပါသော မဂ္ဂင်တရား ကိုယ် ရှစ်ပါးတည်း။

ထိုတွင် ကံဖြတ် ဥပါဒါန်ဖြတ်ပုံမှာ-မလှုပ်မယှက် ထိုင်ခံနေသည့် ရုပ်ခန္ဓာကြီး=အဝိဂမသီလတရားက အတိတ်က အကုသိုလ်ကံကို ပယ်ဖြတ် သည်၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်, စိတ် ဣန္ဒြေ(၆)ပါးကို လုံအောင် ထိန်းသိမ်းသည့် အဝိဂမသဒ္ဓါက ပစ္စုပ္ပန်ကုသိုလ်ကံကို ဖြတ်သည်၊ သင်္ခါရ နိရောဓမြင် နိဗ္ဗာန်ကို အာရုံပြု၍ မဂ္ဂသစ္စာက ဒိဋ္ဌိစသည့် အပါယဂမနီယ ဥပါဒါန်ကိုဖြတ်သည်၊ ထို့ကြောင့် သူ၏တရားသည် အပါယ်လေးပါးမှ လုံး၀ လွတ်မြောက်စေနိုင်ပါသည်ဟု သူ၏ သောခနောလွှာနိဒါန်း-နှာ-၃၃၊ ၃၇ တို့၌ ရှင်းပြသည်။ ၎င်းပြသည့် သစ္စာလေးပါး ဖွဲ့ပုံမှာ လောကုတ္တရာ သောတာပတ္တိ မဂ္ဂဝီထိ၌လာသော သစ္စာ(၄) ပါးမျိုးမဟုတ်၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော် (၃၀၁) ၌ လာသော လောကီသစ္စာ(၄)ပါး ဖွဲ့ပုံသာဖြစ်သည်။ ပစ္စယပရိဂ္ဂဟဉာဏ် အရာသာဖြစ်သည်။ အကြောင်းတရားသည် သမုဒယသစ္စာ၊ အကျိုးတရားသည် ဒုက္ခသစ္စာ။ ဥပမာ- အဝိဇ္ဇာပစ္စယာသင်္ခါရာ၌ အဝိဇ္ဇာက အကြောင်းဖြစ်၍ သမုဒယသစ္စာ၊ သင်္ခါရက "အကျိုးတရားဖြစ်၍ ဒုက္ခသစ္စာ၊ ဤကဲ့သို့ အကြောင်းအကျိုးခွဲခြားသိသည့် ပစ္စယ ပရိဂ္ဂဟ ဉာဏ်အရာသာဖြစ်သည်။ ပူမှု, အေးမှု, ညောင်းညာမှု, ကိုက်ခဲမှုတို့၏ တခဏချုပ်သွားခြင်းသည်လည်း တဒင်္ဂနိရောဓသာဖြစ်သည်။ အသင်္ခတနိရောဓသစ္စာမဟုတ်၊ ထိုတဒင်္ဂနိရောဓကို သိသောဉာဏ်သည်လည်း အရိယ လောကုတ္တရာ မဂ်မဟုတ်၊ မဟာကုသိုလ်၌ယှဉ်သော လောကီမဂ်သာတည်း၊ ထို့ကြောင့် စမ်းကလေး၏ ကမ္မဖလ ခန္ဓအဘိဓမ္မာ သစ္စာလေးပါး တရားဟူသည် ပစ္စယပရိဂ္ဂဟဉာဏ်မှာ ဆုံးနေသော လောကီသစ္စာတရားသာ ဖြစ်သည်၊ ၎င်းမဂ္ဂသစ္စာဖြင့် တဒင်္ဂပဟာနအနေဖြင့်သာ ပယ်နိုင်သည်ဟု သုံးသပ်တော်မူကြသည်။

ထို့ပြင် (ခ) သဒ္ဓါနုသာရီ သောတာပန်နှင့် ပတ်သက်၍လည်း စောဒနာလွှာ(၁၀) ၌ ရေးခဲ့ပြီး၊ စမ်းကလေးဆရာတော်က သူ၏ နိဂုံး၌ အခိုင်အမာ ရဲရဲဝံ့ဝံ့ မဟာသောတာပန်ပါဟု ချေပနေသဖြင့် အနည်းငယ် သုံးသပ် ပြဦးအံ့-

http://www.dhammadownload.com



ကတမော စ ပုဂ္ဂလော သဒ္ဓါနုသာရီ၊ ယဿ ပုဂ္ဂလဿ သောတာပတ္တိ ဖလသစ္ဆိကိရိယာယ ပဋိပန္နဿ သဒ္ဓိန္ဒြိယံ အဓိမတ္တံ ဟောတိ ။ပ။ အရိယမဂ္ဂံ ဘာဝေတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော သဒ္ဓါနုသာရီ၊ ဖလေ ဋ္ဌိတော သဒ္ဓါဝိမုတ္တော။(ပုဂ္ဂလပညတ်-၁၁၈၊ ၁၈၃-၅)

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် တရားကျင့်သူအား သဒ္ဓိန္ဒြေ လွန်ကဲလာသည်၊ သဒ္ဓါရှေ့သွားရှိသော အရိယာမဂ်ကို ပွားစေ၏။ ဤ ပုဂ္ဂိုလ် မျိုးကို သဒ္ဓါနုသာရီ ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ သောတာပတ္တိဖိုလ်အခိုက် ရောက် သော် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟု ဆိုအပ်၏။

ဤပါဠိတော်ဖြင့် သဒ္ဓိန္ဒြေလွန်ကဲသော မဂ္ဂဋ္ဌပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီဟု ခေါ်၍ ဖလဋ္ဌပုဂ္ဂိုလ်ကို သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟု ခေါ်သည်-ဟု ပြသည်။

တထာဂတေ စဿ သဒ္ဓါမတ္တံ ပေမမတ္တံ။ အယမ္ပိ ခေါ မဟာနာမ ပုဂ္ဂလော အဂန္တာ နိရယံ၊ အဂန္တာ တိရစ္ဆာနယောနိံ၊ အဂန္တာ ပေတ္တိဝိသယံ၊ အဂန္တာအပါယံ။ ဒုဂ္ဂတိံ ဝိနိပါတံ။ ကြမေစေပိ မဟာနာမ မဟာသာလာ သုဘာသိတံ ဒုဗ္ဘာသိတံ အာဇာနေယျုံ၊ ကြမေ စာဟံ မဟာသာလေ ဗျာကရေယျံ။"သောတာပန္နာ----သမ္ဗောဓိပရာ ယဏာ" တိ။ (သံ-၃၊ ၃၂၈၊ ၃၃၁)

မဟာနာမ်---ငါဘုရားအပေါ် ယုံကြည်မှု, နှစ်သက်မှုရှိသော ပုဂ္ဂိုလ်သည် ငရဲ ,တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်- အပါယ်ဘုံသို့ မကျတော့ချေ။ မဟာနာမ်-ဤအင်ကြင်းပင်ကြီးတို့သည်ပင် အကယ်၍ (လူပုဂ္ဂိုလ်လို) ကောင်းစွာ ဆိုအပ်သည့် စကား၊ မကောင်းသဖြင့် ဆိုအပ်သည့်စကားကို နားလည်ကုန်ငြားအံ့၊ ဤ အင်ကြင်းပင်ကြီးတို့ကိုသော်မှ "သောတာပန်ဖြစ် ကြပြီ၊ အထက်မဂ်လျှင် လည်းလျောင်းရာရှိကြပြီ"ဟု ငါဘုရား ဟောပေရာ သည်။

ဤ ပါဠိတော်ကို ထောက်လျှင် ဘုရားရှင်အပေါ်၌ ကြည်ညိုရုံမျှ, နှစ်သက် ရုံမျှဖြင့် အပါယ်လေးပါးသို့ မကျရောက်နိုင်ဟု တိုက်ရိုက်ယူနိုင်သည်၊ ရုပ် အဆင်းတော်, အသံတော် စသည်ကို အကြောင်းပြု၍ ကြည်ညိုသောပသာဒ သဒ္ဓါ ဂုဏ်တော်များကို အာရုံပြု၍ ကြည်ညိုသော ဩကပ္ပနသဒ္ဓါ ဤ (၂)မျိုး နှင့်ပင် အပါယ်လေးပါးသို့ မကျရောက်နိုင်ကြောင်း ကျမ်းဂန်များ၌ နေရာ အတော်များများတွင် ဟောထားတော်မူလေသည်။

http://www.dhammadownload.com



သို့သော် ထိုသဒ္ဓါ (၂)မျိုးသည် မဟာကုသိုလ်စိတ်၌ ယှဉ်သော လောကီသဒ္ဓါတရားသာဖြစ်သည်၊ မဂ်နှင့်ယှဉ်တွဲပါလာသော သဒ္ဓါ (အဝိဂမသဒ္ဓါ) မဟုတ်သေးသောကြောင့် အပါယ်လေးပါးသို့ (လုံးဝ) မကျရောက်ရအောင် မတားမြစ်နိုင်သေးပါ။

အထက်က သဒ္ဓါ(၂)မျိုးနှင့် ကြည်ညိုသောပုဂ္ဂိုလ်များမှာ ပုထုဇဉ်ပုဂ္ဂိုလ်များသာ ဖြစ်ကြရကား ထိုပုဂ္ဂိုလ်တို့ သန္တာန်တွင်အပရာပရိယ အကုသိုလ်ကံတွေ ရှိနေသေးသောကြောင့် လည်းကောင်း အကုသိုလ်ကံများ အကျိုးပေးခွင့်သာသောအခါတွင် အပါယ်လေးပါးသို့ ကျရောက်ကြရပေလိမ့်ဦးမည်။

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ။
ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။ (အဘိ- ၂၊ ပါ ၄၄၁)

အထက်ကပြဆိုခဲ့သော သံယုတ်ပါဠိတော်အဆုံးနား၌ သောတာပန္နာ သမ္မော ဓိပရာယဏာ-ဟူသောစကားတော်ဖြင့် အထက်ပါ သဒ္ဓါတရား (၂)မျိုးမဟုတ်၊ မဂ်နှင့် ယှဉ်တွဲပါလာသော အဝိဂမသဒ္ဓါဟုသာ ကောက်ယူရပေသည်။ ၎င်း ပါဠိ တော်အဖွင့် အဋ္ဌကထာ (သံ၊ ဋ္ဌ-၃၊ ၃၁၈) ၌-

သဒ္ဓါမတ္တံ ပေမမတ္တန္တိ ဣမိနာ သဒ္ဓါနုသာရီ မဂ္ဂဋ္ဌ ပုဂ္ဂလံ ဒဿေတိ-ဟု ဖွင့်ဆိုထားသည်။

စမ်းကလေးဆရာတော်ကား အထက်ပါ ပါဠိတော် အဋ္ဌကထာလာ စကားကို အထောက်အထားပြု၍ သူ့ကို, သူ့တရားကို ကြည်ညိုသောသဒ္ဓါ(၂)မျိုး အရင်းခံ၍ သူဟောပေးသောတရားဖြင့် မဂ်၌တည်သော ပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီ သောတာပန်ပုဂ္ဂိုလ်ဖြစ်ပါသည်ဟု ယူဆထားဟန်တူပေသည်။ ထို့ကြောင့် သူ့ကို ကြည်ညိုလျှင်, သူ့တရားကိုနာယူလျှင် သောတာပန်ဖြစ်ရန် အခါ (၂၀)တာဝန်ယူသည်ဟု ရဲရဲကြီးတာဝန်ယူ နေခြင်းဖြစ်ပေလိမ့်မည်။

သဒ္ဓါနုသာရီသောတာပန် အစစ်ကား--ရုပ်, နာမ်, ဓမ္မသင်္ခါရတရားတို့တွင် တစ်ခုခုကို အနိစ္စဟု အမြဲမပြတ်ရှုပွားနေသော ယောဂီပုဂ္ဂိုလ်အား ဘုရားရှင်အပေါ်၌ ကြည်ညိုယုံကြည်သော သဒ္ဓါတရားတွေ လွန်ကဲလာပြီး မဂ်ရသောပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ ဖိုလ်ရသောပုဂ္ဂိုလ်ကို သဒ္ဓါဝိမုတ္တဟူ၍ လည်းကောင်း ကျမ်းဂန်တို့၌ အထင်အရှား ဟောထားတော်မူလေသည်။

http://www.dhammadownload.com



ဤသဒ္ဓါနုသာရီ သောတာပန်အစစ်သည်သာ အပါယ်လေးပါးသို့ လုံးဝ မကျရောက်ရတော့ဘဲ လူ, နတ်သံသရာ၌ တစ်ဘဝမှ ခုနစ်ဘဝအထိ (ဝဋ္ဋာ-ဘိရတ ပုဂ္ဂိုလ်များ အလွတ်) ကျင်လည်ကြရပြီး ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းကြတော့မည်။ (မူလပဏ္ဏာသ-၄-၂၂၆)ရင်းအဋ္ဌကထာ၌လည်း ဤသို့ အကျယ်ဖွင့်ဆိုသည်။ ဤအဋ္ဌကထာအဖွင့်ကား ပို၍ပြည့်စုံသည်၊ တိကျ သည်။

အကြင်ပုဂ္ဂိုလ်တို့အား တစ်ပါးသောလောကုတ္တရာ တရားထူးကား မရှိသေး၊ သို့သော် ဘုရားရှင်အပေါ် ယုံကြည်မှု, နှစ်သက်မှုတော့ရှိသည်။ ထိုပုဂ္ဂိုလ်တို့ကို ဝိပဿနာပွားများသော ယောဂီပုဂ္ဂိုလ်တို့ ဟူ၍ အလိုရှိအပ်ကုန်၏။ မှန်ပေသည်၊ ဝိပဿနာရှုကြသည့် ပုဂ္ဂိုလ်တို့အား ဝိပဿနာကို ပွားများ၍ နေကြစဉ် သဒ္ဓါတရားနှင့် နှစ်သက်မှုပီတိတရားတို့ ဖြစ်ပေါ်လာကြသည်။ ၎င်း သဒ္ဓါနှင့်ပီတိကြောင့် လက်ဆွဲကိုင်ပြီး နတ်ပြည် တင်လိုက် သကဲ့သို့ ထိုပုဂ္ဂိုလ်များ စုတေလျှင် နတ်ပြည်ရောက်ကြခြင်းဖြစ်သည်။ ဤပုဂ္ဂိုလ်မျိုးသည် (သုဂတိ) ဂတိမြဲသော ပုဂ္ဂိုလ်များဖြစ်ကြသည်၊ ရှေးရှေးသော အဋ္ဌကထာဆရာကြီးများက ဤပုဂ္ဂိုလ်မျိုးကို စူဠသောတာပန်=သောတာပန်အငယ်စား ဟူ၍ ပြောဆိုကြသည်။

ယေသံ သဒ္ဓါမတ္တံ ပေမမတ္တန္တိ ဣမိနာ ယေသံ အညော အရိယဓမ္မော နတ္ထိ။ (ပ) ။ ဧဝ ရူပံ ဘိက္ခုံ စူဠသောတာပန္နောတိ ဝဒန္တိ။(မ၊ ၄-၂၊ ၂၆)

ဤ အဋ္ဌကထာအလိုမှု သဒ္ဓါမတ္တံ ပေမမတ္တံ-၌ သဒ္ဓါပီတိဟူသည် ပုဂ္ဂိုလ်-သာမည၏ သဒ္ဓါပီတိမဟုတ်၊ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် စသည့် ဝိပဿနာဉာဏ်ဖြင့် တရားရှုမှတ်နေသော ပုဂ္ဂိုလ်၏ သဒ္ဓါပီတိပါဟု တိတိကျကျ ဖွင့်သည်၊ ထို့ကြောင့် စမ်းကလေး၏ တပည့်သာဝကများ၌ တည်ရှိသော အပြင်သဒ္ဓါ, အတွင်းသဒ္ဓါတို့နှင့်မဆိုင်၊ စမ်းကလေးဆရာတော်သည် သူ၏ တပည့်များအား ပစ္စယပရိဂ္ဂဟဉာဏ်အထိသာ ဟောပေးသည်၊ သမ္မသနစသော အထက်ဉာဏ်စဉ်တို့ကို ဟောမပေး၊ ပြလည်းမပြ၊ ထို့ကြောင့် ဤ အဋ္ဌကထာအလို စမ်းကလေး၏တပည့်သာဝကများ သဒ္ဓါနုသာရီ သောတာပန်မဖြစ်နိုင်၊ စူဠ သောတာပန်ပင် မဖြစ်နိုင်ချေ၊ စမ်းကလေးတပည့်များမှာ သမ္မသနစသောဝိပဿနာဉာဏ်စဉ် မရှိသောကြောင့်ပေတည်း။

http://www.dhammadownload.com



**ဝိပဿနံ ပဌပေတွာ နိသိန္နာနန္တိ ကလာပသမ္မသနာဒိဝသေန အာရဒ္ဓဝိပဿနာနံ။** (မူလပဏ္ဏာသ၊ ဋီ-၂ ၁၀၁)

အဋ္ဌကထာ၌ ဝိပဿနာပွား၍ နေကြသော ပုဂ္ဂိုလ်တို့အား ဟူရာ၌ ကလာပသမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်စသော ဉာဏ်စဉ်တို့၏ အစွမ်းဖြင့် ဝိပဿနာတရားအားထုတ်နေ သော ပုဂ္ဂိုလ်များအား သဒ္ဓါဝီထိ ဖြစ်ပွားလာသည်။ ဤကဲ့သို့ ဋီကာ၌လည်း ဝိပဿနာဉာဏ်စဉ်အားဖြင့် တရားအားထုတ်နေသော ပုဂ္ဂိုလ်များအား ဖြစ် ပေါ်လာတဲ့ သဒ္ဓါဝီတိပါဟု တိတိကျကျ ဖွင့်ဆိုထားသည်။ ထို့ကြောင့် ဤ ပဏ္ဏာသ ပါဠိ အဋ္ဌကထာ ဋီကာများအလို စမ်းကလေး၏ သဒ္ဓါနုသာရီ သောတာပန်များသည် မဟာသောတာပန်မဆိုထားနှင့် စူဠသောတာပန်တောင် မဖြစ်ကြဟု သုံးသပ်တော်မူကြသည်။

## အမှတ် (၁၆) ဆုံးဖြတ်ချက်

ဤဆိုအပ်ခဲ့ပြီးသော ပါဠိတော်အဋ္ဌကထာ ဋီကာအရပ်ရပ်ကို ပေါင်းရုံးကြည့်ရှုပြီး ဆုံးဖြတ်ပါက သဒ္ဓါနုသာရီသောတာပန်ဟူသည် အနိစ္စဟု ဝိပဿနာ ရှုမှတ်ပွားများနေစဉ် သဒ္ဓိန္ဒြေလွန်ကဲလာသည်၊ ထိုသဒ္ဓိန္ဒြေကြောင့် သောတာပတ္တိမဂ်ဇော ကျလာသည်၊ ထိုပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီမဂ္ဂဋ္ဌ ပုဂ္ဂိုလ်ဟု ခေါ်သည်။ စမ်းကလေး၏ တပည့်သာဝကများမှာ ပစ္စယပရိဂ္ဂဟဉာဏ်၌သာ တန်းကုန်နေသည်၊ သမ္မသန စသောဝိပဿနာဉာဏ်တစ်ခုမျှမရှိသောကြောင့် သဒ္ဓါနုသာရီအစစ်မဖြစ်နိုင်၊ သောတာပန်အငယ်စား စူဠသောတာပန်ပင် မဖြစ်နိုင်ဟု ဆုံးဖြတ်တော် မူကြသည်။

## စမ်းကလေးဝါဒ ဝိနိစ္ဆယနိဂုံး

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် စမ်းကလေးဝါဒကို ဓမ္မဝါဒ ဖြစ်သည်၊ အဓမ္မဝါဒဖြစ်သည်၊ ဤနှစ်လီတွင် အဘယ်ဝါဒဖြစ်သည် ဟု အတိအကျ ဆုံးဖြတ်ပေးရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၁)ကို လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၇ (င) အရ ၁၃၅၉-ခုနှစ်၊ ပြာသိုလဆန်း (၄)ရက် (၁-၁-၉၈) နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ၎င်းနေ့၌ စာဒနာလွှာများကို ဖတ်ပြီး လေ့လာကြသည်။ ပြာသိုလဆန်း (၁၁)ရက် (၈-၁-၉၈) နေ့၊ နေ့လယ် (၁)နာရီအချိန်၌ စောဒကရဟန်း (၄)ပါး၊ စုဒိတကရဟန်းတစ်ပါးနှင့် လူပုဂ္ဂိုလ်များ စုံညီ အပရဂေါယာနကျောင်း

http://www.dhammadownload.com



ဆောင် အထက်ထပ်၌ စောဒနာလွှာများကို ဖတ်ကြားလျှောက်ထားကြသည်။ စုဒိတက ဦးနန္ဒောဘာသမလာ၊ စောဒနာလွှာ စာမျက်နှာ (၂၀၀)ရှိ၍ (၂)ရက်ဖတ်မှ ပြီးသည်။

စုဒိတက ပုဂ္ဂိုလ်များအား သောဓနာလွှာတင်သွင်းရန် (၂၁)ရက် အချိန်ပေးသည်။ ၁၃၅၉-ခု၊ တပို့တွဲလဆန်း (၃)ရက် (၃၀-၁-၉၈)နေ့အရောက် ကမ္မာအေးသို့ သောဓနာလွှာများ ပို့ပေးရန် ရက်သက်မှတ်သည်။ တပို့တွဲလဆန်း (၉) ရက် (၅-၂- ၉၈)နေ့ (၁)နာရီ၌ သောဓနာလွှာကို ဖတ်ကြားလျှောက်ထားရန်လည်းတပါတည်း ရက်သတ်မှတ်ပေးလိုက်သည်။ သောဓနာလွှာ ဖတ်ကြား လျှောက်ထားသည့်နေ့၌ စမ်းကလေးဆရာတော်ဦးနန္ဒောဘာသ ကြွလာသည်။ နိဒါန်း (၃၉)နှာ၊ သောဓနာ၅၇-နှာ=(၉၆)မျက်နှာ ရှိသည်။ တစ်ရက်တည်းနှင့် အပြီးဖတ်သည်။ ဖတ်ပြီးနောက် မေးခွန်း (၉)ခု မေးကြသည်။

၁၃၅၉-ခု၊ တပို့တွဲလဆန်း (၁၀)ရက် (၆-၂-၉၈)နေ့မှ စ၍ စောဒနာလွှာများ သုံးသပ်ဆင်ခြင်ပြီး ဝိနိစ္ဆယများ ရေးသားကြသည်။ စကားအဆက်အစပ်နီးစေရန် စောဒနာလွှာအမှတ် (၁)။ သောဓနာလွှာအမှတ် (၁) အကျဉ်းချုပ်များကို ရေးသားပြီးနောက် ဝိနည်းဓိုရ်ဆရာတော်များ၏ သုံးသပ်ချက်, ဆုံးဖြတ်ချက် ဟူ၍ (၄) ခုစီ၊ (၄) ခုစီတွဲ၍ ရေးသားထားသည်။ တပို့တွဲလပြည့်ကျော် (၇)ရက် (၁၇-၂- ၉၈)နေ့၌ အားလုံး ရေးသားပြီးသည်။

အလွန်ရှည်လျားစွာ စောဒနာလွှာတင်သွင်းထားရာ စာဖတ်သူများ တိုတိုနှင့် ရှင်းရှင်းသိအောင် လိုရင်း စောဒနာလွှာကို အကျဉ်းချုပ်၍ တင်ပြပါသည်။ သောဓနာလွှာကို ထိုနည်းတူပင် အကျဉ်းချုပ်၍ တင်ပြထားပါသည်။သုံးသပ်ချက်မှာ ပါဠိတော် အဋ္ဌကထာ ဋီကာ ပေတံ, ပြဒါးတိုင်တို့ ဖြင့် ညီ/မညီ တိုင်းတာကြည့်ခြင်းဖြစ်ပါသည်။ ဆုံးဖြတ်ချက်မှာ "ညီလျှင် ဓမ္မဝါဒအဖြစ် အတည်ပြု၍ ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် မညီလျှင် အဓမ္မဝါဒ" ဟု ဆုံးဖြတ်ကြသည်။

ဥဒါန်းပါဠိတော်လာ (ဥဒါန-၁၅၉၊ ၁၆၁ နှာ)ဝမ်းတွင်းပါ ကန်းနေသော ပုဏ္ဏားခြောက်ယောက်တို့ကဲ့သို့ မိမိတို့စမ်းမိ, ကိုင်မိသော အရာသာအမှန်ဟု မျက်စိမှိတ်ပြီး ဗွတ်အတင်းမစွဲယူမိဘို့ အရေးကြီးပေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ညီတော်အာနန္ဒာအား အသက်မွေးမှု အဓိသီလ သိက္ခာနှင့်ပက်သက်၍ အငြင်းပွားမှုသည် အနည်းအကျဉ်း အငြင်းပွားမှု ဖြစ်သည်။ လောကုတ္တရာအရိယမဂ်+ပုဗ္ဗဘာဂ ဝိပဿနာကျင့်စဉ်နှင့် ပတ်သက်ပြီး အငြင်းပွားမှုဖြစ်ပေါ်လာလျှင် လောကလူသားတို့ အစီးအပွားမဲ့ရန်, ဆင်းရဲဒုက္ခ ဖြစ်ရန် ဖြစ်ပေသည်ဟု ဟောကြားတော်မူသည်။ (မ၊ ၃၊ ၃၃)

ယခုကိစ္စသည်လည်း ဥဏ္ဍနိုတည့် စသောပုဂ္ဂိုလ်, သဒ္ဓါနုသာရီ စသော ပုဂ္ဂိုလ်များနှင့် သစ္စာလေးပါး, မဂ္ဂင်ရှစ်ပါးတို့နှင့် ဆက်စပ်ပြီး အငြင်းပွားမှုဖြစ် သဖြင့် အလွန်တရာမှ အရေးကြီးပေသည်။တစ်သာသနာလုံးနှင့်သက်ဆိုင်ပေ သည်။မှားသွားလျှင် လိုက်နာကျင့်သုံးသူများအားလုံး သံသရာဒုက္ခထဲ တဝဲလယ်လယ် ရောက်ကြရပေမည်။ သို့အတွက် ဝိနည်းဓိုရ်ဆရာတော်(၅) ပါးလုံး သတိ ဝီရိယ ပညာစွမ်းအား၊ရှိသမျှ စိုက်ထုတ်ပြီး မတိမ်းမစောင်းရ အောင်ဆုံးဖြတ်ရေးသားကြသည်။ စောဒကပုဂ္ဂိုလ်, စုဒိတကပုဂ္ဂိုလ်များနှင့် တကွ နှစ်ဘက်သောတပည့်သာဝက ဒကာ, ဒကာမ တွေအပေါ် မေတ္တာ, ကရုဏာအပြည့်အဝထားပြီး ရေးသားစီရင်ကြသတည်း။

### ဗုဒ္ဓဝါဒနှင့် စမ်းကလေးဝါဒ
### အကျဉ်းချုပ် နှိုင်းယှဉ်ပြချက်
### အမှတ် (၁ )

| | |
|---|---|
| ဗုဒ္ဓဝါဒ | အလိုအရ သောတ+အာပန္န = သောတာ ပန္န(ဝါ) သောတာ ပန်ဟူသည် အရိယမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသူဖြစ်သည်။ |
| စမ်းကလေးဝါဒ | အလိုအရ သောတာပန်ဟူသည် သဒ္ဓါ ပီတိ ပဿဒ္ဓိ လောမဟံသ ဩဘာသ ဤ(၅)ပါးနှင့် ပြည့်စုံသူ ဖြစ်သည်။ |

### အမှတ်(၂)

| | |
|---|---|
| ဗုဒ္ဓဝါဒ | ကျင့်စဉ်မှာ သီလ, သမာဓိ, ပညာဖြစ်သည်။ |
| စမ်းကလေးဝါဒ | အလိုကျင့်စဉ်မှာ သီလ, သဒ္ဓါ, ပညာဖြစ်သည်။အရ ကောက်ခြင်းလည်းမတူ၊ ကွဲပြားသည်။ |

http://www.dhammadownload.com



## အမှတ်(၃)

| | |
|---|---|
| ဗုဒ္ဓဝါဒ | ကျင့်စဉ်မှာ သီလ, သမာဓိ, ပညာဖြစ်သည်။ရဟန်းလမ်း လူလမ်းမခွဲခြား၊ လမ်းရှည် လမ်းတိုမခွဲခြား၊ ရဟန်းနှင့်လူ ကျင့်စဉ် အတူတူသာဖြစ်သည်။ |
| စမ်းကလေးဝါဒ | ကျင့်စဉ်မှာ သီလ, သဒ္ဓါ, ပညာဖြစ်သည်။ လူကျင့်စဉ်, လမ်းတိုကျင့်စဉ်ဟု ခေတ်ကိုလိုက်၍ ခွဲခြားထားသည်။ |

## အမှတ် (၄)

| | |
|---|---|
| ဗုဒ္ဓဝါဒ | အရ သီလ, သမာဓိ, ပညာ သိက္ခာ (၃)ပါးတွင် ပညာအရကို အကြောင်း ပုဗ္ဗဘာဂမဂ်နှင့်တကွ အရိယမဂ္ဂင်ရှစ်ပါးကို အရကောက်သည်။ |
| စမ်းကလေးဝါဒ | ပညာအရကောက်ပြပုံမှာ အကျိုးလောကုတ္တရာမဂ်ဖိုလ်ပညာကို ကောက်ပြထားသည်။ |

## အမှတ် (၅)

| | |
|---|---|
| ဗုဒ္ဓဝါဒ | သီလ, သမာဓိ, ပညာ သိက္ခာ (၃)ပါးကျင့်စဉ်သည် အတိတ် ပစ္စုပ္ပန်, အနာဂတ်ကာလသုံးပါးတွင် ဘယ်ကာလ၌မျှမပြုပြင်၊ မပြောင်းလဲရကေဝလပရိပုဏ္ဏဂုဏ်ရှိသောကြောင့် နုတ်ပယ်ခြင်း, ဖြည့်စွက်ခြင်း, ပြောင်းလဲခြင်းမပြုရ။ ဤနည်းအတိုင်းသာကျင့်ရသည်။ |
| စမ်းကလေးဝါဒ | ခေတ်ကာလကိုလိုက်၍ သီလ, သဒ္ဓါ, ပညာ ကျင့်စဉ်အတိုင်းကျင့်မှသာမဂ်ဖိုလ်ရနိုင်သည်၊သမာဓိ ကျင့်စဉ်ကိုပယ်၍ သဒ္ဓါကို အစားထိုးထည့်ထားသည်၊ သီလ, သမာဓိ, ပညာကျင့်စဉ်အတိုင်းဆိုလျှင် ကာလဝိပ္ပတ္တိဖြစ်၍ ကျင့်လို့မရဟု ယူဆထားသည်။ |

## အမှတ်(၆)

| | |
|---|---|
| ဗုဒ္ဓဝါဒ | အလိုတော်အတိုင်း သီလ,သမာဓိ, ပညာကျင့်စဉ် အတိုင်း ကျင့်၍ ဥဒယဗ္ဗယဉာဏ်ရောက်ခဲ့သော် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ အစွန်းနှစ်ပါးလွတ်၍ မဂ်ဖိုလ်ရနိုင်သည်။ |

http://www.dhammadownload.com



**စမ်းကလေးဝါဒ** သီလ, သမာဓိ, ပညာကျင့်စဉ်လမ်း, ရဟန်းလမ်း, တဏှာသတ်လမ်း, လမ်းရှည်ကျင့်စဉ်နည်းအရ လူ ပုဂ္ဂိုလ်များအားထုတ်ပါက သီလ, သမာဓိ, ပညာအားနည်းမှုကြောင့်မှတ်စိတ်ပေးမယ်ဆိုရင် သဿတ, ဥစ္ဆေဒလွတ်အောင် သင်တို့မှတ်နိုင်လိမ့် မည်မဟုတ်ပါဟု အကြောင်းပြနိဒါန်းလွှာ (၁၈)၌ ဟောပြောထားသည်။

## အမှတ် (၇)

**ဗုဒ္ဓဝါဒ** အလိုမဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိစသည်တည်း။

**စမ်းကလေးဝါဒ** အလိုမဂ္ဂင်ရှစ်ပါးမှာ သဒ္ဓါမဂ္ဂင်သုံးပါး၊ သီလမဂ္ဂင် သုံးပါး၊ ဝိနည်းမဂ္ဂင်၊ သိက္ခာမဂ္ဂင်ပေါင်း (၈) ပါးဟု ရေတွက်ပြထားသည်။

## အမှတ် (၈)

**ဗုဒ္ဓဝါဒ** အရ ဥဂ္ဃဋိတညူပုဂ္ဂိုလ်အား သမထပုဗ္ဗဂ်မ ဝိပဿနာ တရားကို ဟောရသည်။ဝိပဉ္စိတညူ ပုဂ္ဂိုလ်အား သမထဝိပဿနာအစုံ (ယုဂနဒ္ဓ)ကို ဟောရသည်။ သို့မှသာ တရားပွဲအတွင်းမင်ဖိုလ်ရ သည်။

**စမ်းကလေးဝါဒ** အရ သူ၏ကမ္မဖလ ခန္ဓအဘိဓမ္မာ သစ္စာလေးပါး တရားနာယူခြင်းဖြင့် တရားပွဲအတွင်း မင်ဖိုလ် ရသည်။

## အမှတ် (၉)

**ဗုဒ္ဓဝါဒ** သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးနှင့်ပြည့်စုံမှ သာ သောတာပန်ဖြစ်နိုင်သည်။

**စမ်းကလေးဝါဒ** ယောနိသောမနသိကာရ သင့်သောအားဖြင့် ဝိပ- ဿနာ တရားကိုနှလုံးသွင်းခြင်း၊ ဓမ္မာနုဓမ္မ ပဋိပတ္တိ နိဗ္ဗာန်ကို ရစေနိုင်သော ပုဗ္ဗဘာဂအကျင့်ကို (ဝါ)

http://www.dhammadownload.com



သီလ, သမာဓိ, ပညာကျင့်စဉ်ကိုမကျင့်ဝဲ (၁၂)အင်္ဂါ နှစ်ချက်ပြည့်စုံလျှင်ပင် သောတာပန်ဖြစ်သည်၊ ကျင့်နေစရာမလို၊ နာယူရုံနှင့် သောတာပန်ဖြစ် နိုင်သည် ဟူလို။

အမှတ် (၁၀)

ဗုဒ္ဓဝါဒ — ကထာစဉ်ကိုဟောပြီး ကလ္လစိတ္တ စသည်ဖြစ်မှ သစ္စာလေးပါးတရားကို ဆက်ဟောတော်မူသည်၊ သမုဒယနှင့်မဂ္ဂ=အကြောင်းသစ္စာ၊ဒုက္ခနှင့်နိရောဓ= အကျိုးသစ္စာဟု ဟောထားတော်မူသည်။

စမ်းကလေးဝါဒ — ကထာစဉ်ကိုစနစ်တကျမဟောဘဲ သစ္စာလေးပါးကို လည်း အကြောင်းအကျိုးယူပုံမမှန်၊ဒုက္ခနှင့်သမုဒယ ကိုအကြောင်းသစ္စာ၊ နိရောဓနှင့်မဂ္ဂကို အကျိုးသစ္စာ ဟု ကောက်ယူထားသည်။

အမှတ် (၁၁)

ဗုဒ္ဓဝါဒ — သောတာပန်ဖြစ်ပြီးနောက် အထက်မဂ်ဖိုလ်ရရန် အတွက် ဝိပဿနာအားကောင်းသူကိုဧကဗီဇီ၊ ဝိပဿနာဉာဏ်အား အလယ်အလတ် ရှိသူကို ကောလံကောလ၊ ဝိပဿနာဉာဏ်အား နုံ့နှေးသူ ကို သတ္တက္ခတ္တုပရမ ဟုသောတာပန် (၃) မျိုး ခွဲခြားဟောတော်မူသည်။

စမ်းကလေးဝါဒ — ပီတိ ပဿဒ္ဓိ သြဘာသဖြစ်လျှင် ဧကဗီဇီ၊ ပီတိ လောမဟံသဖြစ်လျှင် ကောလံကောလ၊ သဒ္ဓါပီတိ ဖြစ်လျှင် သတ္တက္ခတ္တုပရမဟု သောတာပန် (၃) မျိုး ခွဲခြားယူထားသည်။

အမှတ် (၁၂)

ဗုဒ္ဓဝါဒ — အလိုသပ္ပုရိသ အရကောက်မှာ ကမ္မဋ္ဌာန်းနည်းပေး နိုင်သူ ဘုရားစသောပုဂ္ဂိုလ်များ၊ မဂ္ဂင် ရှစ်ပါးနှင့် ပြည့်စုံသူများ၊ ငါးပါးသီလလုံခြုံသူများကို ကောက် ယူပြထားတော်မူသည်။

http://www.dhammadownload.com



စမ်းကလေးဝါဒ — တစ်ထိုင်တည်းနှင့်မဂ်ဖိုလ်ရအောင် ဟောပြောပေးနိုင်သူကို သပ္ပုရိသ ဟု ကောက်ပြထားသည်။

အမှတ် (၁၃ )

ဗုဒ္ဓဝါဒ — ရောင်ခြည်တော်ခြောက်သွယ်သည် မြတ်စွာဘုရား၏ခန္ဓာကိုယ်တော်မှသာ လွှတ်နိုင်သည်၊ ရံဖန်ရံခါဓာတ်တော်များမှလည်း လွှတ်နိုင်သည်။

စမ်းကလေးဝါဒ — ရုပ်ပွားဆင်းတုတော်များမှ လည်းကောင်း၊ ဓာတ်တော်များမှ လည်းကောင်း ရောင်ခြည်တော်များသည် စမ်းကလေးဘုန်းကြီး၏ ခန္ဓာကိုယ်မှာ လာပြီး တည်းခိုတာပါဟု လျှောက်ထားသွားသည်။

အမှတ် (၁၄ ) (၁၅ )ကိုနှိုင်းယှဉ်မပြတော့။

အမှတ် (၁၆ )

ဗုဒ္ဓဝါဒ — အကုသိုလ်ကံ, ကုသိုလ်ကံ၊ ဥပါဒါန်စသည်တို့ကို ဆိုင်ရာမဂ်ဉာဏ်များကသာပယ်နိုင်သည်၊ ဖြတ်နိုင်သည်။

စမ်းကလေးဝါဒ — အဓိဂမသဒ္ဓါက အကုသိုလ်ကံကို ဖြတ်သည်။အဓိဂမသဒ္ဓါက ကုသိုလ်ကံများကို ဖြတ်သည်။

သဒ္ဓါနုသာရီ ခေါ်ရပုံနှိုင်းယှဉ်ချက်

ဗုဒ္ဓဝါဒ — ရုပ်, နာမ်ဓမ္မတို့ကို အနိစ္စဟု နှလုံးသွင်း ဝိပဿနာရှုနေသော ယောဂီပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ လွန်ကဲလာသည်။ ၎င်းသိကြောင့် ပထမမဂ်ဇောကျလျှင် သဒ္ဓါ နုသာရီသောတာပန်ပုဂ္ဂိုလ်ဟု ဟောထားတော်မူသည်။

စမ်းကလေးဝါဒ — သူ့ကို ယုံကြည် အပြင်သဒ္ဓါ၊ တရားတော်ကို ယုံကြည် အတွင်းသဒ္ဓါ၊၎င်း (၂ )ပါးကြောင့် မဂ်ဇောကျသည်၊ ၎င်းပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီ သောတာပန်ပါဟု ပြောဆိုထားသည်။ (ဝိပဿနာတရားကို အားထုတ်ဖွယ်မလို-ဟူလို) ။

http://www.dhammadownload.com



## ဆုံးဖြတ်ချက်အကျဉ်းချုပ်

ဤသို့လျှင် စမ်းကလေးဆရာတော်၏ အယူဝါဒများသည် ဗုဒ္ဓဝါဒ ဗုဒ္ဓတရားတော်များ မဟုတ်ကြသောကြောင့် အဓမ္မဝါဒ, မိစ္ဆာဝါဒများသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

နိုင်ငံတော်သီခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁) ရုံးတော်သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော စမ်းကလေးဝါဒ စာအုပ်နှင့် ထိုဝါဒမှဆက်နွယ်ပေါက်ဖွားလာသော စာအုပ်စာတမ်း တိတ်ခွေများနှင့် နောက်ဆက်တွဲ(က) (ခ) (ဂ) (ဃ) တိတ်ခွေတင်လျှောက်လွှာများ၊ ဤသက်သေခံ၌မပါဝင်သော ကျန်ရှိနေသေးသော စာအုပ်စာတမ်း, တိတ်ခွေတို့၌ ပါရှိသော စမ်းကလေးဝါဒတရားနှင့် စမ်းကလေးဝါဒနှင့်ဆက်နွယ်နေသော တရားအားလုံးတို့သည်လည်း ထေရဝါဒ ပိဋကတ်တော်လာ ဓမ္မဝိနယများနှင့်ဆန့်ကျင်ဘက်ဖြစ်ရကား အဓမ္မဝါဒကို ဖော်ပြရာဖြစ်သောကြောင့် အဓမ္မဝါဒပင်မည်ကုန်၏-ဟူ၍ ဆုံးဖြတ်ကြသည်။

ထို့ပြင် စမ်းကလေးဝါဒနှင့် ဆက်နွယ်ပတ်သက်လျက်ရှိသော စမ်းကလေးဝါဒအဖွဲ့အမည်များနှင့် တံဆိပ်တုံး, ဆိုင်းဘုတ်အစရှိသော ပစ္စည်းဝတ္ထုမှန်သမျှ အားလုံးတို့သည် အဓမ္မဝါဒနှင့်စပ်သော အမည်ပစ္စည်းများဖြစ်ကြသည်ဟုလည်း ဆုံးဖြတ်ကြသည်။

ထို့ပြင် စမ်းကလေးဝါဒနှင့် ဆက်နွယ်ပေါက်ဖွားလာသောဝါဒတို့ကို ရေးသားဟောပြောကြသော ရဟန်းရှင်လူတို့သည်လည်းကောင်း၊ ထိုစမ်းကလေး ဝါဒနှင့် ၎င်းဝါဒမှ ဆက်နွယ်ပေါက်ဖွားလာသောဝါဒတို့ကို လိုက်နာကျင့်ကြံ အားထုတ်ကြသူ ရဟန်းရှင်လူတို့သည်လည်းကောင်း၊ထိုဝါဒများကို နှစ်သက်လိုလားစွာ အားပေးထောက်ခံကြသော ရဟန်းရှင်လူတို့သည်လည်းကောင်း အဓမ္မဝါဒီ မိစ္ဆာဝါဒီတို့သာဖြစ်ကုန်၏-ဟူ၍ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၁ ) ဝိနည်းဓိုရ် ဆရာတော်များအားလုံးက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

http://www.dhammadownload.com



## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တမေဓိယ (သဘာပတိ)တူမောင်းကျောင်းတိုက် အမရပူရမြို့။

၂။ ဘဒ္ဒန္တသီဟဗလ( အဖွဲ့ဝင်) ထီးလှိုင်ကျောင်း၊ ရမည်းသင်းမြို့။

၃။ ဘဒ္ဒန္တကုမာရာဘိဝံသ (အဖွဲ့ဝင်)ဗန်းမော်တိုက်၊ မန္တလေးမြို့။

၄။ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(အဖွဲ့ဝင်) မဟာသုဗေါဓါရုံတိုက်၊ စစ်ကိုင်းမြို့။

၅။ ဘဒ္ဒန္တအဂ္ဂဓမ္မ(အဖွဲ့ဝင်)ဓမ္မရောင်ခြည်ကျောင်း၊ မြောက်ဥက္ကလာပမြို့။

http://www.dhammadownload.com



## နိုင်ငံတော်သံဃမဟာနာယက
## အဖွဲ့ကရွေးချယ်ဖွဲ့စည်းပေးအပ်သော
## နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ် (၁၁/၉၈)၏

## ဆုံးဖြတ်ချက်

[လုပ်ထုံးလုပ်နည်းများ အပိုဒ်-၅၇(င)]

## ၁၃၅၉-ခုနှစ်၊ ဓမ္မ, အဓမ္မအငြင်းပွားမှု ဝိနည်းဓမ္မကံ
## အဓိကရုဏ်းအမှတ်(၁၁/၉၈)

ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းရွာ၊ မဇ္ဈိမာရုံ တောရကျောင်းတိုက်၌ သီးတင်းသုံးနေထိုင်သော စောဒကအရှင် ဝိလာသပါ (၄)ပါးနှင့် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာ အရှေ့ကျောင်း၌ သီတင်းသုံးနေထိုင်သော စုဒိကက ဦးနန္ဒောဘာသပါ (၆)ဦးတို့၏ အယူဝါဒအပေါ် ဓမ္မ, အဓမ္မအငြင်းပွားသော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်ဖွဲ့စည်း အပ်သည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းမိုရ် အဖွဲ့ အမှတ်(၁၁/၉၈)က ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ထေရဝါဒ ဓမ္မဝိနယနှင့်အညီ ဆုံးဖြတ်ချက် ချမှတ်လိုက်သည်-

## ဆုံးဖြတ်ချက်

၁။ စမ်းကလေးဆရာတော်၏ အယူဝါဒများသည် ဗုဒ္ဓဝါဒတရားတော်များ မဟုတ်ကြသောကြောင့် အဓမ္မဝါဒ, မိစ္ဆာဝါဒများသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

၂။ နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့အမှတ်(၁၁/၉၈) ရုံးတော်သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော စမ်းကလေးဝါဒစာအုပ်နှင့် ထိုဝါဒမှ ဆက်နွယ်ပေါက်ပွားလာသော စာအုပ်စာတမ်းများ, တိတ်ခွေများနှင့် နောက်ဆက်တွဲ (က) (ခ) (ဂ) (ဃ) တိတ်ခွေ တင်လျှောက်လွှာများ၊ ဤသက်သေခံ၌ မပါဝင်သော ကျန်ရှိနေသေးသော စာအုပ်စာတမ်း၊

http://www.dhammadownload.com



တိတ်ခွေတို့၌ ပါရှိသောစမ်းကလေးဝါဒတရားနှင့်ယင်းဝါဒနှင့် ဆက်နွယ်နေသော တရားအားလုံးတို့သည်လည်း ထေရဝါဒ ပိဋကတ်တော်လာ ဓမ္မဝိနယများနှင့်ဆန့်ကျင်ဘက်ဖြစ်ရကား အဓမ္မဝါဒကို ဖော်ပြရာဖြစ်သောကြောင့် အဓမ္မဝါဒပင်ဖြစ်ကုန်၏-ဟူ၍ ဆုံးဖြတ်ကြသည်။

၃။ စမ်းကလေးဝါဒနှင့် ဆက်နွယ်ပတ်သက်လျက်ရှိသော စမ်းကလေးဝါဒအဖွဲ့ များနှင့် တံဆိပ်တုံး၊ ဆိုင်းဘုတ်အစရှိသော ပစ္စည်းဝတ္ထု မှန်သမျှ အားလုံး တို့သည် အဓမ္မဝါဒနှင့် စပ်သောအမည်ပစ္စည်းများ ဖြစ်ကြသည်ဟုလည်း ဆုံးဖြတ်ကြသည်။

၄။ စမ်းကလေးဝါဒနှင့်ထိုဝါဒမှ ဆက်နွယ်ပေါက်ဖွားလာသော, ဝါဒတို့ကို ရေးသားဟောပြောကြသော ရဟန်းရှင်လူတို့သည်လည်းကောင်း၊ စမ်းကလေးဝါဒနှင့်၊ ၎င်းဝါဒမှ ဆက်နွယ်ပေါက်ဖွားလာသော ဝါဒတို့ကို လိုက်နာ ကျင့်ကြံအားထုတ်ကြသူ ရဟန်းရှင်လူတို့သည်လည်းကောင်း၊ ထိုဝါဒများ ကိုနှစ်သက်လိုလားစွာ အားပေးထောက်ခံကြသော ရဟန်းရှင်လူတို့သည်လည်းကောင်း အဓမ္မဝါဒ,မိစ္ဆာဝါဒီတို့သာဖြစ်ကုန်၏-ဟူ၍ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၁၁/၉၈)ဝိနည်းဓိုရ် ဆရာတော်များ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

http://www.dhammadownload.com



## နိုင်ငံတော်သီခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

| စဉ် | ဘွဲ့တော် | ကျောင်း/ကျောင်းတိုက် | လက်မှတ် |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တမေဓိယ(သဘာပတိ) (အဂ္ဂမဟာပဏ္ဍိတ) | တူမောင်းကျောင်းတိုက် အမရပူရမြို့။ | ---------- |
| ၂။ | ဘဒ္ဒန္တသီဟဗလ(အဖွဲ့ဝင်) (အဂ္ဂမဟာပဏ္ဍိတ) | ထီးလှိုင်ကျောင်း၊ ရမည်းသင်းမြို့။ | ---------- ---------- |
| ၃။ | ဘဒ္ဒန္တကုမာရာဘိဝံသ (အဖွဲ့ဝင်) (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | ဗန်းမော်တိုက်၊ မန္တလေးမြို့။ | ---------- ---------- |
| ၄။ | ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(အဖွဲ့ဝင်) (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | မဟာသုဗောဓာရုံတိုက် စစ်ကိုင်းမြို့။ | ------- ------- |
| ၅။ | ဘဒ္ဒန္တအဂ္ဂဓမ္မ(အဖွဲ့ဝင်) (မဟာဂန္ထဝါစကပဏ္ဍိတ) | ဓမ္မရောင်ခြည်ကျောင်း မြောက်ဥက္ကလာပမြို့။ | ------- |

စာအမှတ်၊ ရက်စွဲ၊ ၁၆. ၃. ၉၈

## ဝိနိစ္ဆယဆုံးဖြတ်ချက် ဖတ်ကြားကြေငြာရာသို့ လာရောက်ကြားနာသူများ

| စဉ် | အမည် | တာဝန် | လက်မှတ် |
|---|---|---|---|
| ၁။ | ------------------ | ----------------- | ------------- |
| ၂။ | ------------------ | ----------------- | ------------- |

စောဒကလာ/မလာ၊ စုဒိတကလာ/မလာ။ (သဘာပတိဆရာတော်မှ ရေးမှတ်ရန်)

http://www.dhammadownload.com



## နိုင်ငံတော် သီးခြားဝိနည်းမှုခိုရုံအဖွဲ့ အမှတ်(၁၁)

## သဘာပတိဆရာတော်၏ နိဂုံးချုပ်ဩဝါဒကထာ

ဤယနေ့ သာသနာတော်နှစ် (၂၅၄၁) ခု၊ မြန်မာသက္ကရာဇ် (၁၃၅၉) ခုနှစ်၊ တပေါင်းလပြည့်ကျော်(၄) ရက် (၁၆-၃-၉၈) နေ့တွင် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁)ဆရာတော်တို့သည် ညောင်လေးပင်မြို့နယ်၊ စမ်းကလေးဆရာတော်ဦးနန္ဒောဘာသနှင့် နောက်လိုက် တပည့်သာဝက(၆) ဦး တို့၏-ဟောကြားသောတရားတော်ကို ဓမ္မ, အဓမ္မဝါဒ ဝိနိစ္ဆယ ဆုံးဖြတ်ပြီး ဖြစ်ပါသည်။

အနည်းငယ်ဩဝါဒပေးလိုသည်မှာ လောက၌ မိမိတို့ ရည်ရွယ်ချက် အတိုင်း တသွေမသိမ်း ဖြစ်လိုသောဆန္ဒ ပုဂ္ဂိုလ်တိုင်းမှာပင် ရှိကြပါသည်။ သူနိုင်, ကိုယ်နိုင် အပြိုင်ပြုလုပ်နေကြသော ကိစ္စများဆိုလျှင် မိမိကသာ နိုင်လိုသည်၊ သာလိုသည်။ ဤသည်တို့က လောက၌ ပုထုဇဉ်သားတို့၏ သဘောတရားကြီးပင် ဖြစ်နေသဖြင့် အပြစ်ဆိုစရာမလိုဟု ဆိုရပေမည်။

သို့သော် ဤဓမ္မ, အဓမ္မဝိနိစ္ဆယရေးရာ ကိစ္စ၌ကား စောဒက, စုဒိတက နှစ်ဘက်သော ပုဂ္ဂိုလ်တို့သည် ဗုဒ္ဓရှင်တော်ဘုရား၏ တပည့်သား သာဝက သားတော်များချည်းဖြစ်နေကြသဖြင့် မိမိတို့ကိုယ်ကျိုး, ကိုယ်စီးပွားဟို့ကို မငဲ့ ကွက်ကြဘဲ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတို့ကို ရှေ့ရှုကြကုန်ပြီး ဤဝိနိစ္ဆယဌာနသို့ ရောက်ရှိလာကြကုန်သူများချည်းသာ ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ အထက်တွင် ဖော်ပြထားခဲ့သည့်အတိုင်း သူနိုင် ကိုယ်နိုင် အပြိုင်အဆိုင် အနိုင်ဝင်နွဲကြရာ မိမိကသာနိုင်လို, သာလိုသော သဘောစိတ် ထားမျိုး မရှိကြဘဲ၊ မြတ်စွာဘုရား သာသနာတော်ကြီးအတွက် ဤဓမ္မ, အဓမ္မ ကိစ္စတွင် ထေရဝါဒ ပိဋကတ်တော်ဟု ဆိုအပ်သော ပါဠိတော် အဋ္ဌကထာ ဋီကာတို့နှင့် ညှိနှိုင်းလျက် ဝိနည်းဓိုရ် ဆရာတော်ကြီးများက ဓမ္မ, အဓမ္မဝိနိစ္ဆယ ကို ချမှတ်ပေးခဲ့ကြပါသည်ဟု ခံယူကြစေလိုပါသည်။

ထိုသို့ဝိနိစ္ဆယချမှတ်ဆုံးဖြတ်ပေးခဲ့ရာ၌ အရှင်ဥပသေနထုံး နှလုံးသွင်း၍ လိုက်နာသင့်ကြပါသည်။

http://www.dhammadownload.com



**အရှင်ဥပသေနအကြောင်းကား-**

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သာဝတ္ထိမြို့၊ အနာထပိဏ် သူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူသောအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ချစ်သားရဟန်းတို့ ငါသည် သုံးလပတ်လုံး တစ်ပါးတည်း ကိန်းအောင်းနေခြင်းငှာ အလိုရှိသည်၊ ဆွမ်းပို့ သောရဟန်းတစ်ပါးကိုထား၍ တစ်ဦးတစ်ယောက်မျှ ငါ့ထံသို့ မချဉ်းကပ်ရ" ဟု မိန့်တော်မူ၏။

"ကောင်းပါပြီ မြတ်စွာဘုရား" ဟုထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်၍ ဆွမ်းပို့ဆောင်သော ရဟန်းမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်ကပ်ကြပေ။

ထိုအခါ သာဝတ္ထိမြို့နေသောသံဃာသည် ငါရှင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး တစ်ပါးတည်းကိန်းအောင်းခြင်းငှာ အလိုရှိတော်မူသည်။ ဆွမ်းပို့ဆောင်သော ရဟန်းမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ မြတ်စွာ ဘုရားထံသို့ မချဉ်းကပ်ရ၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်သောရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာကြားရမည်ဟု ကတိကဝတ်ပြု၏။ (ဤသည် ကား မြတ်စွာဘုရား မပညတ်အပ်သည်ကို ပညတ်ခြင်းပင်တည်း။)

ထိုအခါ ဝင်္ဂန္တပုဏ္ဏားမ၏သား အရှင်ဥပသေနသည် ပရိသတ်နှင့်တကွ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်နေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်ဥပသေနအား "ချစ်သားဥပသေန သင်တို့သည် ကျန်းမာကြကုန်၏လော" စသည်ဖြင့် မေးတော်မူ၏။ကျန်းမာကြ ပါသည် မြတ်စွာဘုရား စသည်ဖြင့် လျှောက်ကုန်၏။

ချစ်သား ဥပသေန သင်တို့သည် သာဝတ္ထိမြို့၌နေသောသံဃာ၏ ကတိကဝတ်ကို သိ၏လောဟု (တစ်ဖန် မေးတော်မူပြန်ရာ)-

မြတ်စွာဘုရား တပည့်တော်သည် သာဝတ္ထိမြို့၌နေသောသံဃာ၏ ကတိကဝတ်ကို မသိပါဘုရားဟု လျှောက်ထားပြန်၏။

(ထိုအခါ မြတ်စွာဘုရားသည်) ချစ်သား ဥပသေန သာဝတ္ထိမြို့နေသော သံဃာသည် ငါရှင်တို့ မြတ်စွာဘုရားသည် သုံးလပတ်လုံး တစ်ပါးတည်း

http://www.dhammadownload.com



ကိန်းအောင်းနေခြင်းငှာ အလိုရှိတော်မူသည်၊ ဆွမ်းပို့ဆောင်သော ရဟန်းမှ တစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ရ၊ ချဉ်းကပ်သော ရဟန်းသည် ပါစိတ်အာပတ်ကို ဒေသနာကြားရမည် ဟု ကတိ ကဝတ်ကို ပြုထား၏ ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား သာဝတ္ထိမြို့၌ နေသောသံဃာသည် မိမိပြုသော ကတိကဝတ်ဖြင့် ထင်ရှားလာပါလိမ့်မည်ဘုရား၊ တပည့်တော်တို့သည် မြတ်စွာဘုရား မပညတ်အပ်သေးသည်ကို မပညတ်ကြပါ၊ မြတ်စွာဘုရား ပညတ်အပ်ပြီးသည်ကိုလည်း မချိုးဖျက်ကြပါ၊ မြတ်စွာဘုရားပညတ်တော်မူတိုင်းကုန်သော သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကြပါကုန်၏ဘုရား ဟု လျှောက်ထားကုန်၏။ (ဤကားမြတ်စွာဘုရားပညတ်တိုင်းလိုက်နာကျင့်ခြင်းပင်တည်း)။

ထိုအခါ မြတ်စွာဘုရားသည် ချစ်သားဥပသေန ကောင်းစွ, ကောင်းစွဟု သာဓုခေါ်ပြီးလျှင် ငါဘုရား မပညတ်အပ်သည်ကို မပညတ်အပ်၊ ပညတ်အပ်ပြီးသည်ကိုလည်း မချိုးဖျက်အပ်၊ ပညတ်အပ်တိုင်းကုန်သော သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ကျင့်ရမည်။

အပညတ္တံ န ပညပေတဗ္ဗံ၊ ပညတ္တံ ဝါ န သမုစ္ဆိန္ဒိတဗ္ဗံ၊
ယထာ ပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိတဗ္ဗံ။
(ဝိ-၁- ၃၃၇) ဟု မိန့်တော်မူ၏။

ဤပါဠိတော်(အရှင်ဥပသေနဝတ္ထု)လာသည့်အတိုင်း ညောင်လေးပင်မြို့နယ်၊ စမ်းကလေးရွာအရှေ့ကျောင်း၌ ဦးနန္ဒောဘာသနှင့် တပည့်သာဝက (၆)ဦးတို့သည် ဘုရားရှင်ကိုယ်တော်မြတ် မပညတ်, မဆုံးမ မဟောကြားအပ်သော တရားဓမ္မတို့ကို မပညတ်, မဆုံးမ, မဟောကြားကြပါနှင့် ဘုရားရှင်ကိုယ်တော်မြတ် ပညတ်အပ်, ဆုံးမအပ်, ဟောကြားအပ်သော တရားဓမ္မတို့ကိုလည်း ချိုးဖောက် ဖျက်ဆီး၍ ပညတ်ခြင်း, ဆုံးမခြင်း, ဟောခြင်း တို့ကို မပြုကြပါနှင့် ဘုရားရှင်ကိုယ်တော်မြတ် ပညတ်တိုင်း, ဆုံးမတိုင်း, ဟောကြားတိုင်း ကုန်သော သိက္ခာပုဒ်တရားဓမ္မတို့၌သာလျှင် ကောင်းစွာ နှလုံးသွင်းကုန်၍ ဟောပြော, ဆုံးမ, ကျင့်ကြံကြလျက် လုံးလကျိုးကုတ် အားထုတ်၍ နေကြပါ။

http://www.dhammadownload.com



ဤ၌ ဓမ္မ, အဓမ္မနှင့် စပ်လျဉ်း၍ တိုက်တွန်းလျက် ဩဝါဒစကား နိဂုံးချုပ်လိုသည်မှာ မြတ်စွာဘုရား၏ ပိဋကတ် စကားတော်သည် သုတ္တ၊ မဟာပဒေသ လေးပါးသည် သုတ္တာနုလောမ၊ အဋ္ဌကထာ, ဋီကာစကားသည် အာစရိယဝါဒ၊ ထိုသုတ္တ၊ သုတ္တာနုလောမ၊ အာစရိယဝါဒ သုံးပါး၌လာသည့် အတိုင်း ဟောပြောပြသဆုံးမခြင်းသည် တရားစစ်တရားမှန်ဖြစ်၍ ဓမ္မမည်၏။ ထိုသုတ္တ သုတ္တာနုလောမ အာစရိယဝါဒ သုံးပါးတို့နှင့် ဆန့်ကျင့်သော တရားသည် တရားစစ်, တရားမှန် မဟုတ်၍ အဓမ္မမည်၏။

ထိုဓမ္မ, အဓမ္မ တရားနှစ်ပါးတို့သည် အကျိုးပေးခြင်း မတူကြပါ။ အဓမ္မတရားသည် ငရဲသို့ရောက်စေတတ်၏၊ ဓမ္မတရားသည် နတ်ရွာသုဂတိသို့ ရောက်စေတတ်၏။

> န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
> အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။
> (ခု-၂၊ ထေရဂါထာ- ၂၇၂-ခု ၁၀- နေတ္တိ- ၁၅၇)

ဤသို့ ဘုရားဟောဒေသနာတော်လာသည်နှင့်အညီ အပါယ်ငရဲမှ ကင်းလွတ်စေခြင်းအကျိုးငှာ ဦးနန္ဒောဘာသနှင့် တပည့်သာဝက(၆)ဦးတို့သည် အပါယ်ငရဲသို့ ရောက်စေတတ်သော မိမိတို့ဟောပြောအပ်သော အဓမ္မဝါဒကို စွန့်လွှတ်ကုန်လျက် နတ်ရွာသုဂတိသို့ရောက်စေတတ်သော ဓမ္မကိုသာ ဟောကြားကြပါဟု တိုက်တွန်းလျက် ဩဝါဒစကား နိဂုံးချုပ်အပ်ပါသည်။

(ဘဒ္ဒန္တ မေဓိယ)
အဂ္ဂမဟာပဏ္ဍိတ
သဘာပတိ ဆရာတော်
နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၁)

-------------------

http://www.dhammadownload.com



## အမှတ် (၁၁) အဖွဲ့၏ ဝိနည်းဓိုရ်များ ရုံးထိုင်ရက်

## စောဒနာ/သောဒနာကြားနာရက်

၁၃၅၉ ခုနှစ်၊ ပြာသိုလဆန်း (၁၁)ရက် (၃-၁-၉၈) ကြာသပတေးနေ့ တွင် စောဒနာတင်သွင်းလွှာ (၆)ချက်ကို ကြားနာသည်၊ ပြာသိုလဆန်း (၁၂) ရက် (၉-၁-၉၈) သောကြာနေ့တွင် စောဒနာတင်သွင်းလွှာ (၁၀)ချက်ကို ကြားနာရသည်။ (စောဒနာလွှာ ကြားနာရက်ပေါင်း - ၂)

၁၃၅၉- ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက် (၅-၂-၉၈) ကြာသာပတေးနေ့၊ သောဒနာ, တင်သွင်းလွှာ (၁၆)ချက်ကို ကြားနာသည်။ (သောဒနာ ကြားနာ ရက်ပေါင်း -၁ )

## ဝိနိစ္ဆယဆုံးဖြတ်ချက် စာကြမ်းရေးသားရက်

၁၃၅၉ ခုနှစ်၊ တပို့တွဲလဆန်း (၁၀) ရက် (၆-၂-၉၈) သောကြာနေ့မှ တပို့တွဲလပြည့်ကျော် (၆)ရက် (၁၇-၂-၉၈) အင်္ဂါနေ့အထိ ဝိနိစ္ဆယ ဆုံးဖြတ်ချက်စာကြမ်း ရေးသားပြီးစီးသည်။ (ဝိနိစ္ဆယစာကြမ်း ရေးသား ရက်ပေါင်း-၁၂ )

## ဝိနိစ္ဆယဆုံးဖြတ်ချက်စာချောပြီးစီးရက်

၁၃၅၉ ခုနှစ်၊ တပို့တွဲလဆန်း (၇) (၁၉-၂-၉၈) ကြာသာပတေးနေ့မှ တပို့တွဲ လပြည့်ကျော်(၁၁)ရက်(၂၂-၂-၉၈)တနင်္ဂနွေနေ့ အထိ ဝိနိစ္ဆယ စာချော ရေးသားပြီးစီးသည်။ (ဝိနိစ္ဆယစာချောရေးသားပြီးစီးရက်ပေါင်း - ၄)

## ဝိနိစ္ဆယဆုံးဖြတ်ချက်ချ ရက်ရွှေ့

၁၃၅၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၃)ရက် (၂၄-၂-၉၈) အင်္ဂါနေ့တွင် စုဒိတက ကိုယ်တိုင် မတက်ရောက်သဖြင့် တပေါင်းလပြည့်ကျော်(၄)ရက် (၁၆-၃-၉၈) နေ့တွင် ရက်ရွှေ့ ဝိနိစ္ဆယဆုံးဖြတ်ချက်ချသည်။
(ဝိနိစ္ဆယဆုံးဖြတ်ချက် ချရက်ပေါင်း -၁ )

စုစုပေါင်း (၂၀)ရက်

------------

http://www.dhammadownload.com



ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာ
အရှေ့ကျောင်း ဆရာတော် ဦးနန္ဒောဘာသ၏
စမ်းကလေးဝါဒအပေါ် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်
အဖွဲ့အမှတ်(၁၁)၏ဝိနိစ္ဆယဆုံးဖြတ်ချက် အမှုတွဲကို နိုင်ငံတော်
သံဃမဟာနာယကအဖွဲ့ထံ လွှဲအပ်ပွဲ အခမ်းအနားအစီအစဉ်-
(၁၆-၃-၉၈)

-----------

အစီအစဉ်(၁) နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ စမ်းကလေးဝါဒအပေါ် ဝိနိစ္ဆယဆုံးဖြတ်ချက်အမှုတွဲလွှဲအပ်ပွဲ အခမ်းအနားကို ဖွင့်လှစ်ရန်။

အစီအစဉ်(၂) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁)သဘာပတိ ဆရာတော်က မိမိတို့ဝိနည်းဓိုရ် အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းလျှောက်ထားရန်။

အစီအစဉ်(၃) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) သဘာပတိ ဆရာတော်က စမ်းကလေးဝါဒ ဝိနိစ္ဆယအမှုတွဲကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံ အပ်နှံရန်။

အစီအစဉ်(၄) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တခမာဝုဓ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)က ဓမ္မ ,အဓမ္မ အဓိကရဏ်း ပြေငြိမ်းအောင်ဆောင်ရွက်ပုံနှင့် စပ်လျဉ်း၍ ဩဝါဒကထာ မြွက်ကြားရန်။

အစီအစဉ်(၅) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကေသရ(အဂ္ဂမဟာပဏ္ဍိတ)က စုဒိတကနှင့် အနုဝတ္တကပုဂ္ဂိုလ်များ လိုက်နာကျင့်သုံးရမည့်

http://www.dhammadownload.com



အစီအစဉ်များကို မြွက်ကြားရန်။

အစီအစဉ်(၆) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၁)၏ ဆုံးဖြတ်ချက်အတိုင်း စုဒိတကပုဂ္ဂိုလ်များက နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၏ ရှေ့မှောက်တွင်“အဓမ္မဝါဒ”ကို စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးရန်။

အစီအစဉ်(၇) သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ်များမှ စမ်းကလေးဝါဒနှင့်စပ်လျဉ်း၍ လောကကြောင်းအရလည်းကောင်း၊ ဓမ္မကြောင်းအရလည်းကောင်း အပြစ်ရှိသူများအနေဖြင့် မိမိတို့၏ဝါဒကို အမှားဝန်ခံ၍ စွန့်လွှတ်ကြရန်အတွက် မြို့နယ်သံဃနာယက အဖွဲ့များထံသို့ ဆက်လက်ညွှန်ကြားမည့်အကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကေသရ (အဂ္ဂမဟာပဏ္ဍိတ)က မိန့်ကြားရန်။

အစီအစဉ်(၈) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)က နိဂုံးချုပ် ဩဝါဒကထာမြွက်ကြားရန်။

အစီအစဉ်(၉) အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းတော်မူကြရန်။

---------------

http://www.dhammadownload.com

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၁)

ဆက်ကပ်ပါရန်

ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့၊

ရက်စွဲ၊ ၁၃၅၉-ခုနှစ် တပေါင်းလပြည့်ကျော် ရက်
၁၉၉၈-ခုနှစ်၊ မတ်လ ၁၆-ရက်

အကြောင်းအရာ။ ။နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၁၁)၏ စမ်းကလေးဝါဒ ဓမ္မ အဓမ္မမှုခင်းအမှတ်(၁၁)၏ ဆုံးဖြတ်ချက် (ဝိနိစ္ဆယစာတမ်း) ကိုဆက်ကပ် ခြင်းပါဘုရား။

ရည်ညွှန်းချက်။ ။နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ ၁၃၅၉ ခုနှစ်၊ ပြာသိုလ်လဆန်း (၄)ရက်၊ (၁-၁-၉၈)ရက်စွဲပါ စာအမှတ်၊ ၁၀၀/၇/ (နိုင်သီးခြား)/မဟာန-၉၈

ရှိသေစွာ လျှောက်ထားပါသည်ဘုရား-

၁။ အထက်ပါရည်ညွှန်းပါ အမိန့်အရ ဝိနည်းဓမ္မကံအဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အပိုဒ်(၂၅-၂၆ (က) ၃၅) တို့နှင့်အညီ သဘာပတိဆရာတော်ရွေးချယ်တင်မြှောက်ပြီးလျှင် ပုံစံ(၅)ဖြင့် စောဒကဆရာတော်များနှင့် စုဒိတကဆရာတော်နှင့် လူပုဂ္ဂိုလ်များကို ပင့် လျှောက် ဆင့်ခေါ်၍ ၁၃၅၉-ခုနှစ်၊ ပြာသိုလဆန်း (၁၂)ရက် (၉-၁-၉၈)နေ့ မွန်းလွဲ(၁)နာရီမှညနေ(၄)နာရီအထိလည်းကောင်း၊ ၁၃၅၉-ခုနှစ်၊ပြာသို လဆန်း (၁၃)ရက်(၁၀-၁-၉၈)နေ့ နံနက် (၈)နာရီမှ (၁၀)နာရီအထိလည်းကောင်း၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ အပရဂေါယာနကျောင်းဆောင် အပေါ်ဆုံးထပ်၊

http://www.dhammadownload.com



နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ရုံးခန်း၌ စောဒကဆရာတော်(၄)ပါးတို့က စာမူဖြင့် တင်သွင်းသော စွဲဆိုချက် စောဒနာများကို ကြားနာခဲ့ပါသည် ဘုရား။

၂။ ၁၃၅၉-ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်၊ (၅-၂-၉၈) မွန်းလွဲ(၁)နာရီမှ ညနေ (၆)နာရီအထိ စုဒိတကဆရာတော်(၂)ပါးနှင့် လူပုဂ္ဂိုလ်(၄)ဦးတို့က စာမူဖြင့် တင်သွင်းသောပြန်လည်ချေပသည့်သောခနာများကို ကြားနာခဲ့ပါသည် ဘုရား။

၃။ ယင်းစောဒနာ, သောခနာစာများနှင့် တကွ သက်သေခံအဖြစ် တင်ပြထားသော စမ်းကလေးဝါဒဆိုင်ရာ စာအုပ်စာတမ်း တိတ်ခွေများကို ၁၃၅၉-ခုနှစ်၊ တပို့တွဲလဆန်း (၁၀)ရက် (၆-၂-၉၈)နေ့မှ ၁၃၅၉-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၀)ရက် (၂၁-၂-၉၈) နေ့အထိ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့ အမှတ်(၁၁) ဝိနည်းဓိုရ်ဆရာတော်များက ထေရဝါဒပိဋကတ်တော်များနှင့် အညီ ညှိနှိုင်းတိုက်ဆိုင်၍ ဤဝိနိစ္ဆယစာတမ်းကို ရေးသားခဲ့ကြပါသည်ဘုရား။

၄။ ယင်းသို့ရေးသားကြပြီးနောက် ၁၃၅၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄)ရက် (၁၆-၃-၉၈) နေ့တွင် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁၁)ဝိနည်းဓိုရ် ဆရာတော်များ စုံညီစွာကြွရောက်တော်မူကြပြီး စောဒက, စုဒိတကတို့၏ ရှေ့မှောက်၌ ဤဆုံးဖြတ်ချက် (ဝိနိစ္ဆယစာတမ်း)ကို ချမှတ်ခဲ့ကြပါသည်ဘုရား။

၅။ တပည့်တော်များ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၁)၏ ဆုံးဖြတ်ချက် (ဝိနိစ္ဆယစာတမ်း) ကို ပူးတွဲပါစာရင်းအတိုင်း အမှုတွဲနှင့်တကွ ဆက်ကပ်ပါသည်ဘုရား။

---

http://www.dhammadownload.com



## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၁)ဆရာတော်များ

| စဉ် | ဘွဲ့တော် | ကျောင်း/ကျောင်းတိုက် | လက်မှတ် |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တ မေဓိယ<br>(အစိုးရဓမ္မာစရိယ)<br>(အဂ္ဂမဟာပဏ္ဍိတ) | တူမောင်းကျောင်းတိုက်<br>အမရပူရမြို့ မန္တလေးတိုင်း | ....... |
| ၂။ | ဘဒ္ဒန္တသီလဗလ<br>(ဓမ္မာစရိယ၊ ပါဠိပါရဂူ)<br>(အဂ္ဂမဟာပဏ္ဍိတ) | ထီးလှိုင်ကျောင်း<br>ရမည်းသင်းမြို့ | |
| ၃။ | ဘဒ္ဒန္တကုမာရာဘိဝံသ<br>(သ-အ-ဓမ္မာစရိယ၊ ဘီအေ)<br>(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | ဗန်းမော်တိုက်<br>မဟာအောင်မြေမြို့နယ်<br>မန္တလေးတိုင်း | |
| ၄။ | ဘဒ္ဒန္တနန္ဒမာလာဘိဝံသ<br>(သ-စ-အ ဓမ္မာစရိယ၊ပါဠိပါရဂူ)<br>(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) | မဟာသုဗောဓာရုံတိုက်<br>စစ်ကိုင်းတိုင်း | |
| ၅။ | ဘဒ္ဒန္တအဂ္ဂဓမ္မ<br>(ဒွိပိဋကဓရ၊ မဟာဂန္ထ<br>ဝါစကပဏ္ဍိတ) | ဓမ္မရောင်ခြည်ကျောင်း<br>မြောက်ဥက္ကလာပမြို့နယ် | |

**စာရွက်စာတမ်းတိပ်ခွေများစာရင်း**

(၁) စောဒနာလွှာ (၁)အုပ်
(၂) စောဒကပြ သက်သေခံတိပ်ခွေ (၈)ခွေ
(၃) စောဒကပြ သက်သေခံ စာရွက်စာတမ်း (၅၄)မျက်နှာ (၁)ဖိုင်
(၄) သောနောလွှာ (၁) အုပ်
(၅) စုဒိတကသက်သေခံတိပ်ခွေ(၂၀)ခွေ
(၆) စုဒိတကသက်သေခံ စာရွက်စာတမ်း (၂၃)မျက်နှာ(၁)ဖိုင်
(၇) ဆုံးဖြတ်ချက် (ဝိနိစ္ဆယစာတမ်း) (၁)အုပ်

-------------

http://www.dhammadownload.com

စမ်းကလေးဝါဒ ဝိနိစ္ဆယအပ်နှံပွဲ၌
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်
ဘဒ္ဒန္တခေမာဝုဓ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ
သဒ္ဓမ္မဇောတိက) ၏

# သြဝါဒကထာ

၁။ ကောဇာသက္ကရာဇ် (၁၂၂၁)ခုနှစ်တွင် မန္တလေးမြို့ကို တည်ထောင်ဖန်ဆင်းတော်မူ၍ သူမတူအောင်သာသနာပြုသွားသည့် မင်းတုံးမင်းတရားကြီးသည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး၏ တိုးတက်ကြီးပွားရေးကို ရှေးရှု၍ သာသနာပြုလုပ်ငန်းများကိုဆောင်ရွက်တော်မူခဲ့သည်၊ ကျောင်းတိုက်ကြီးပေါင်းများစွာ တည်ထောင်ဆောက်လုပ်၍ ထိုကျောင်းတိုက်ကြီးများကို တံဆိပ်တော်ရ,မရ ဆရာတော်ကြီးများအားလှူဒါန်းပြီး သာသနာပြုခဲ့လေသည်၊ ရဟန်းဝိနည်း သိက္ခာပုဒ်မပျက်စီးစေရန်အတွက် မဟာဒဏ်ဝန်များခန့်ထားတော်မူလျက် အဖက်ဖက်မှ မလိုရအောင် ဆောင်ရွက်တော်မူခဲ့သည်။

၂။ ထို့နောက် သားတော်သီပေါမင်းလက်ထက် (၁၂၄၇)ခုနှစ်တွင် ထီးကျိုးစည်ပေါက်၍ မြန်မာနိုင်ငံအားလုံး နယ်ချဲ့လက်အောက်သို့ ရောက်သောအခါ ဗုဒ္ဓသာသနာတော်ကြီးသည်လည်း သာသနာပြုမင်းတို့၏ အစောင့် အရှောက်မှ ကင်းကွာပြီး အရှိန်အဝါမရှိသော တိုင်းသူပြည်သားတို့၏ လက်တွင်းသို့ ကျရောက်ကာ အကွပ်မရှိသောကြမ်းကဲ့သို့ ပရမ်းပတာ ဖြစ်ခဲ့ရလေသည်။

၃။ လွန်ခဲ့သော(၁၃၀၉)ခုနှစ်က မြန်မာနိုင်ငံ လွတ်လပ်ရေးပြန်ရလာသောအခါမှသာ ဗုဒ္ဓသာသနာတော်ကို ပြန်လည်ထူထောင်ခဲ့ကြရသည်၊ သို့သော် ယခင်မြန်မာဘုရင်များ လက်ထက်နှင့်မတူတော့ပဲ မြန်မာနိုင်ငံတော်အတွင်း၌ ဘာသာပေါင်းစုံ, အယူဝါဒပေါင်းစုံ ဝင်ရောက်နေနှင့်ပြီး ဖြစ်နေရုံမျှမက ဗုဒ္ဓဘာသာအမည်ခံနေသူများထဲမှလည်း ဓမ္မစက်ကို သူတော်ကောင်းများကသာ လိုက်နာကြ၍မသူတော်တို့က ဓမ္မစက်ကို မလိုက်နာကြချေ။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး၌ အတွင်းအပြင် မသန့်ရှင်းမှုများရှိလာသဖြင့်(၁၃၈၀) ပြည့်နှစ်က ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းစသည်တို့ကိုရေးဆွဲပြဋ္ဌာန်းခဲ့ကြရ၏၊ဂိုဏ်းပေါင်းစုံ သံဃာ

http://www.dhammadownload.com



တော်များ၏ ဆုံးဖြတ်ချက်အရ နိုင်ငံတော် သံဃမဟာနာကအဖွဲ့ကြီး နှင့်တကွ ပြည်နယ်/တိုင်း/ ရပ်ကွက်ကျေးရွာအုပ်စု သံဃာ့အဖွဲ့အစည်း အဆင့် ဆင့် ပေါ်ပေါက်လာခဲ့ရသည်၊ နိုင်ငံတော်အစိုးရကလည်း ဓမ္မစက်ကို မလိုက်နာ သူများအတွက် ဆုံးမနိုင်သော ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးခဲ့လေသည်၊ ထိုဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးကြီးကပင် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဆောင်ရွက်ရန် မူတစ်ရပ်ကို ချမှတ်ခဲ့ပေးလေသည်။

၄။ ထိုချမှတ်ပေးခဲ့သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဟူသော မူတွင်ပါဝင်သော သာသနာတော်ပြန့်ပွားရေးကို ဆောင်ရွက်ကြရာ၌ ပရိယတ္တိသာသနာတော်ကြီး ပြန့်ပွားအောင်ဆောင်ရွက်ခြင်း၊ ပဋိပတ္တိ သာသနာ တော်ကြီး ပြန့်ပွားအောင်ဆောင်ရွက်ခြင်းဟူ၍ နှစ်မျိုးနှစ်စားရှိရာ ပရိယတ္တိ သာသနာတော်ကြီး ပြန့်ပွားအောင်ဆောင်ရွက်ကြရာ၌ကား သာသနာတော်ကြီးပျက်စီးလောက်သောမှုခင်းများ မပေါ်ပေါက်ခဲ့သော်လည်း ပဋိပတ္တိ သာသနာ တော်ကြီး ပြန့်ပွားအောင် ဆောင်ရွက်ကြရာ၌ ကား သာသနာတော်ကြီးပျက်စီး လောက်သောမှုခင်းများ ပေါ်ပေါက်ခဲ့ပါသည်၊ ယင်းသို့ပေါ်ပေါက်လာရခြင်းသည် ပဋိပတ္တိသာသနာတော်ကြီး ပြန့်ပွား အောင်ဟူသော ရည်ရွယ်ချက်ဖြင့် ဟောပြော ပို့ချနေကြသော တရားဟော ဓမ္မကထိကများ၏ ဓမ္မကထိကအင်္ဂါနှင့် မညီညွတ်သောကြောင့် ဖြစ်ပေသည်။

၅။ တရားဟောသော ဓမ္မကထိကပုဂ္ဂိုလ်သည် နည်းနည်းဟောသည် ဖြစ်စေ၊ များများဟောသည်ဖြစ်စေ အကျိုးစီးပွားနှင့် စပ်သည်ကိုသာ ဟောကြားသင့်သည်၊ အကျိုးစီးပွားနှင့် မစပ်သည်ကို မဟောကြားသင့် စသည် ဖြင့် တရားဟောပုဂ္ဂိုလ် လေးမျိုး ရှိ၏ဟု အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားတော် မူ၏၊ ထိုလေးမျိုးဟူသည် အဘယ်နည်း။

(က) ရဟန်းတို့ ဤသာသနာတော်၌ အချို့သောတရားဟောသည် အနည်း ငယ် ဟော၏၊ အကျိုးစီးပွားနှင့် မစပ်သည်ကိုလည်း ဟော၏၊ ထိုတရားဟောပုဂ္ဂိုလ်၏ ပရိယတ္တိသည်လည်း အကျိုးစီးပွားနှင့် စပ်သည်, မစပ်သည်၌ မလိမ္မာ၊ ရဟန်းတို့ ဤသို့သဘောရှိသော တရားဟော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော ပရိသတ်၏ တရား ဟောပုဂ္ဂိုလ်ဟူ၍သာ ရေတွက်အပ်သည် အဖြစ်သို့ရောက်၏။

http://www.dhammadownload.com



(ခ) ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် အနည်းငယ်ကိုလည်း ဟော၏၊ အကျိုးစီးပွားနှင့် စပ်သည်ကို လည်း ကောင်းဟော၏၊ ထိုတရားဟောပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့်စပ်သည်, မစပ်သည်၌လိမ္မာ၏၊ ရဟန်းတို့ ဤသဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော အကျိုးစီးပွားနှင့် စပ်သည်,မစပ်သည်၌ လိမ္မာသောပရိသတ်၏ တရားဟောပုဂ္ဂိုလ်ဟူ၍ သာရေတွက်အပ်သည်၏ အဖြစ်သို့ရောက်၏။

(ဂ) ရဟန်းတို့ ဤသာသနာတော်၌ အချို့သောတရားဟောပုဂ္ဂိုလ်သည် များစွာကိုလည်း ဟော၏၊ အကျိုးစီးပွားနှင့် မစပ်သည်ကိုလည်း ဟော၏၊ ထိုတရားဟော ပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့် စပ်သည်, မစပ်သည်၌ မလိမ္မာရဟန်းတို့ ဤသဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော အကျိုးစီးပွားနှင့် စပ်သည်, မစပ်သည်၌ မလိမ္မာသော ပရိသတ်၏ တရားဟောပုဂ္ဂိုလ်ဟူ၍သာ ရေတွက်အပ်သည် ၏ အဖြစ်သို့ရောက်၏။

(ဃ) ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် များစွာကို ဟော၏၊ အကျိုးစီးပွားနှင့် စပ်သည်ကိုလည်းဟော၏၊ ထိုတရားဟောပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့်စပ်သည်, မစပ်သည်၌ လိမ္မာ၏၊ ရဟန်းတို့ ဤသဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော အကျိုးစီးပွားနှင့် စပ်သည်, မစပ်သည်၌ လိမ္မာသော ပရိသတ်၏ တရားဟောပုဂ္ဂိုလ်ဟူ၍သာ ရေတွက်အပ်၏ အဖြစ်သို့ရောက်၏။

ဖော်ပြပါ တရားဟော ပုဂ္ဂိုလ်လေးမျိုးတို့တွင် နည်းနည်းဖြင့် အကျိုးစီးပွားနှင့် စပ်သည်ကိုသာဟောသော တရားဟောပုဂ္ဂိုလ်နှင့် များများဖြင့် အကျိုးစီးပွားနှင့် စပ်သည်ကိုသာ ဟောသော တရားဟော ပုဂ္ဂိုလ်နှစ်ဦးတို့သည် ကောင်းသောတရားဟောပုဂ္ဂိုလ်များ ဖြစ်ကြကုန်၏၊ ကျန်တရားဟောပုဂ္ဂိုလ်တို့သည် မကောင်းသောတရားဟော ပုဂ္ဂိုလ်များ ဖြစ်ကြကုန်၏၊ ထိုမကောင်းသော ပုဂ္ဂိုလ်များကြောင့် ပဋိပတ္တိ သာသနာတော်ကြီး ပြန့်ပွားအောင် ဆောင်ရွက်ရာ၌ သာသနာ တော်ကြီး ပျက်စီးလောက်သောမှုခင်းများ ဖြစ်ပေါ်လာရပေသည်။

http://www.dhammadownload.com



၆။ သာသနာတော်ကြီး ပြန့်ပွားအောင်ဆောင်ရွက်ကြရာ၌ မြတ်စွာဘုရား ဟောကြားတော် မူအပ်သော အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် တည်းဟူသောပိဋကတ်တော်များမှသာထုတ်ဆောင်၍ ဟောပြောပို့ချသင့်၏၊ မိမိအတ္တနောမတိဖြင့် မဟောပြော မပို့ချစေသင့်ပေ။

အခါတစ်ပါး အရှင်ဥတ္တရမထေရ်သည် ရဟန်းတော်များအား တရား ဟောနေ၏၊ အဘယ်သို့ဟောပါသနည်းဟူမူ ငါ့ရှင်တို့ ရံဖန်ရံခါ မိမိပျက်စီးမှုကို ဆင်ခြင်သည်မှာ ကောင်း၏၊ ရံဖန်ရံခါမိမိပြည့်စုံမှုကို ဆင်ခြင်သည်မှာ ကောင်း၏၊ ရံဖန်ရံခါ သူတစ်ပါးပြည့်စုံမှုကို ဆင်ခြင်သည်မှာ ကောင်း၏၊ဤသို့ ဟောနေပါသည်၊ ထိုအချိန်မှာ ဝေဿဝဏ်နတ်မင်းကြီးက ကောင်းကင်လမ်း ခရီးကအသွား ထိုတရားကို ကြားနာခဲ့ရပါသည်၊ နတ်မင်းကြီးသည် သိကြား မင်းထံသွားပြီး အရှင်ဥတ္တရဟောကြားသော တရားကိုပြောကြားပါသည်၊ ထို အခါ သိကြားမင်း သည် ချက်ချင်းလျှပြည်သို့ ဆင်းလာကာ အရှင်ဥတ္တရထံ ရောက်လာပြီး ဤနည်းဤပုံ အရှင်ဘုရားတရားဟောနေသည်မှာ မှန်ပါ သလားဟု လျှောက်ထားသည့်အခါ မှန်ပါတယ်-လို့ မထေရ်က မိန့်ကြား ခဲ့ပါသည်။ ထိုအခါ သိကြားမင်းက ဤတရားသည် အရှင်ဘုရား၏ ကိုယ်ပိုင် ဉာဏ်ဖြင့် သိပြီးဟောသော တရားပါလား၊ သို့မဟုတ် မြတ်စွာဘုရား၏ တရား ပါလားဟုလျှောက်ထားရာ အရှင်ဥတ္တရမထေရ်ကဥပမာဖြင့်မိန့်ကြား ပါသည်။

မိန့်ကြားပုံမှာ သိကြားမင်း ရွာနိဂုံး၏ မနီးမဝေးမှာ စပါးပုံကြီးတစ်ခုရှိတယ် ဆိုပါတော့၊ လူစုလူဝေကြီးသည် ထိုစပါးပုံကြီးမှ ထမ်းပိုးဖြင့်လည်းကောင်း၊ ခါးပိုက်ဖြင့် လည်းကောင်း၊ လက်ခုပ်ဖြင့် လည်းကောင်း စပါးများကို သယ်ယူကြသည်ဆိုပါတော့၊ လူတစ်ယောက်က ဒီစပါးကို ဘယ်က သယ်လာသလဲဟု လူစုလူဝေးကြီးကိုမေးမည်၊ မေးတော့ ဘယ်လိုဖြေလျှင် အမှန်ဖြေရာ ရောက်မလဲဟု အရှင်ဥတ္တရမထေရ်က မေးမြန်းသောအခါ ထိုစပါးပုံကြီးက သယ်ခဲ့တယ်လို့ဖြေလျှင် အမှန်ဖြေရာရောက်ကြောင်း သိကြား မင်းက လျှောက်ထားခဲ့ပါသည်၊ ထိုနည်းအတိုင်းပဲကောင်းစွာ ဟောကြား အပ်သော တရားမှန်သမျှ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၏ တရားချည်း ဖြစ်သောကြောင့် မိမိရောအခြားပုဂ္ဂိုလ်တွေပါ ထိုဘုရားစကား

http://www.dhammadownload.com



တော်မှ ယူယူပြီးဟောကြားရခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။ ထိုနည်းတူစွာပင် နောင်လာ နောင်သားဘုရားတပည့် အဆက်ဆက်တို့သည် လည်း ဘုရားဟောကြားတော်မူအပ်သော တရားတော်မှသာ ထုတ်ယူပြီး ကျင့်ကြံ ဟောကြားရေးသား သင့်ကြောင်း ဩဝါဒကထာ မိန့်ကြားအပ်ပါ သတည်း။

(ဘဒ္ဒန္တခေမာဝုစ)
အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဒုတိယဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

http://www.dhammadownload.com

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁)၏ ဝိနိစ္ဆယဆုံးဖြတ်ချက် အမှုတွဲကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ထံ လွှဲအပ်ပွဲ အခမ်းအနား၌ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကေသရ (အဂ္ဂမဟာပဏ္ဍိတ)၏

# လျှောက်ထားလွှာ

• • • • • • • • • • • • • • •

၁။ ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊စမ်းကလေးကျေးရွာ၊အရှေ့ကျောင်း ဆရာတော် ဦးနန္ဒောဘာသနှင့် ဓမ္မသာကစ္ဆာအဖွဲ့တို့သည် မိစ္ဆာဝါဒ တရား များကို ဟောပြောပြသလျှက်ရှိကြောင်း၊

(က) အရှင်ဝိလာသ (ရွှေကျင်) မဇ္ဈိမာရုံတောရကျောင်း၊ တောကျွဲ အင်းရွာ၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း၊

( ခ ) အရှင်သောဘန (သုဓမ္မာ)၊ မိဂဒါဝုန်ကျောင်းတိုက်၊ ညောင်လေး ပင်မြို့နယ်၊ ပဲခူးတိုင်း၊

( ဂ ) အရှင်စိန္တိတာဘိဝံသ (ရွှေကျင်)၊ ရွှေကျင်တောင်စာသင်တိုက်၊ ညောင်လေးပင် မြို့နယ်၊ ပဲခူးတိုင်း၊

(ဃ) အရှင်ခန္တိဓမ္မ(သုဓမ္မာ)မြို့မသာသနာ့ရိပ်သာကျောင်း၊ ပဲနွယ်ကုန်း မြို့၊ ပဲခူးတိုင်းတို့က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သို့ တင်ပြ လာခဲ့ပါသည်ဘုရား။ ယင်းသို့ တင်ပြလာခြင်းကို ၁၃၅၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၇)ရက်၊ (၂၁-၁၁-၉၇)နေ့ တွင် ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေးက ဝိနည်းဓမ္မကံ လုပ်ထုံး လုပ်နည်းများနှင့်အညီ နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်စေရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်း ခဲ့သောဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက်စာအုပ်၊ စာမျက်နှာ-

http://www.dhammadownload.com



၅၂၊ အခန်း-၇၊ အပိုဒ်-၅၇ (ဎ)၌ "နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့သည် အဓိကရုဏ်းလေးမျိုး အနက် သာသနာတော် တစ်ရပ်လုံးနှင့် သက်ဆိုင်သော ဓမ္မ အဓမ္မ စသည့် အငြင်းပွား မှုခင်းများကို ဆုံးဖြတ် နိုင်ရန်အလို့ငှာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် များထဲမှ သင့်လျော်သော အရေအတွက်ဖြင့် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် အဖွဲ့ကို သတ်မှတ်သည့် နောက်ဆက်တွဲ ပုံစံ (၁၉) ဖြင့် ဖွဲ့စည်း ပေးရမည်" ဟု ပါရှိပါသည်။

၃။ ယင်းလုပ်ထုံးလုပ်နည်းနှင့် ၁၃၅၉-ခုနှစ်၊ နတ်တော်လဆန်း၊ (၄) ရက် (၃-၁၂-၉၇) နေ့တွင် ကျင်းပသော စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ )၏ တတိယအကြိမ် ဒုတိယ အစည်းအဝေးက နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) တွင် ပါဝင်သည့် ဝိနည်းဓိုရ်ဆရာတော်ကြီးများကို ရွေးချယ် ဖွဲ့စည်း ပေးခဲ့ပါသည်ဘုရား။ ယင်းသို့ ဖွဲ့စည်းပေးသော ဝိနည်းဓိုရ်ဆရာ တော်ကြီးများအနက် ဘဒ္ဒန္တ ဝါယမ၊ ကန်ဦးကျောင်း နတ်တလင်းမြို့၊ ပဲခူးတိုင်းမှာ တာဝန် မထမ်းဆောင် နိုင်သဖြင့် ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ဓမ္မရောင်ခြည်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ကို လည်းကောင်း၊ အရန်ဝိနည်းဓိုရ် ဘဒ္ဒန္တနန္ဒိယ၊ တာဝွကျောင်း၊ တိုက်ကြီးမြို့၊ ရန်ကုန်တိုင်းမှာ တာဝန်မထမ်းဆောင်နိုင်သဖြင့် ဘဒ္ဒန္တ ဝိသုတ၊ မဓ္မသိတဂူအေးရွာကျောင်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းကို လည်းကောင်း စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ၏ တတိယအကြိမ် ဆဋ္ဌအစည်း အဝေးက အစားထိုးရွေးချယ် ဖွဲ့စည်းပေးခဲ့ပါသည်။

၄။ ဓမ္မ- အဓမ္မ အငြင်းပွားသော မှုခင်းမှတပါး အခြားသော အဓိကရုဏ်း မှုခင်းများ သည် မြို့နယ်အဆင့်မှသည် နိုင်ငံတော်အဆင့်အထိ လုပ်ထုံးလုပ်နည်းနှင့်အညီရွေးချယ်ဖွဲ့စည်းထားသည့် ဝိနည်းဓိုရ် ဆရာတော်များဖြင့် ဖွဲ့စည်းသော သံဃဝိနိစ္ဆယအဖွဲ့များဖြင့် စစ်ဆေးရပြီး အယူခံခွင့်လည်းရှိပါသည်။ ယခုကဲ့သို့သော ဝါဒနှင့်

http://www.dhammadownload.com



ပတ်သက်၍ ဓမ္မ- အဓမ္မအငြင်းပွားသည့်မှုခင်းများသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ဖွဲ့စည်းပေးသည့် နိုင်ငံတော် ဗဟိုသံဃာ ဝန်ဆောင် ဆရာတော်များသာ ပါဝင်သော နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့တစ်ဖွဲ့တည်းဖြင့် အပြီးအပြတ် စစ်ဆေးဆုံးဖြတ်ရမည့် မှုခင်းများဖြစ်သည့်အပြင် အယူခံခွင့်လည်း မရှိပါ။

ဘုရားရှင်လက်ထက်ကပင် ဓမ္မ-အဓမ္မစသည်အငြင်းပွား မှုခင်းများရှိခဲ့သည့်အပြင် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့် နောက်၌လည်း ထိုကဲ့သို့ ဓမ္မ-အဓမ္မ အငြင်းပွားမှုများသည် သာသနာ့ သမိုင်းတလျှောက် ရှိခဲ့သည်ကို အားလုံးအသိပင် ဖြစ်ပါသည်။

၅။ ယခု စောဒကများနှင့် စုဒိတကများသည် စမ်းကလေးဝါဒနှင့် စပ်လျဉ်း၍ ဝါဒရေးရာ အယူအဆကွဲလွဲကြသည်မှာ အပြစ်ဆိုဖွယ် မရှိပါဘုရား။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး မတိုင်မီ ကာလက ယင်းကဲ့သို့ဖြစ်ပွားသော ဓမ္မ-အဓမ္မ အငြင်းပွားမှုများကို ဝိနိစ္ဆယရုံးများဖွဲ့၍ စစ်ဆေးခဲ့သော်လည်း ပီပြင်ပြီးမြောက်မှု မရှိခဲ့ပါ၊ ယခုအခါ ဓမ္မ-အဓမ္မ အငြင်းပွားမှုများကို ပြီးပြတ်အောင်စစ်ဆေး ဆုံးဖြတ်နိုင်ရန်အတွက် ဝိနည်းဓမ္မကံအဓိကရုဏ်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေကို နိုင်ငံတော်အစိုးရက ထုတ်ပြန် ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ စောဒက, စုဒိကများသည် စမ်းကလေး ဝါဒနှင့် ပတ်သက်၍ သူနိုင် ကိုယ်နိုင် ငြင်းခုံမှုသဘော မထားဘဲ အမှန်တရားကိုရှာဖွေသည့် အနေဖြင့် ဓမ္မဝိနယနှင့် အညီ စစ်ဆေး ဆုံးဖြတ်ပေးသည့် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အမှတ် (၁၁) ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာကြရမည်ဖြစ်ပါသည်။ ယင်းအဆုံး အဖြတ်ကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ဖို့ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ သာသနာရေးဝန်ကြီး ဌာနက အကောင် အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

http://www.dhammadownload.com



၆။ နိဂုံးချုပ်အနေဖြင့် လျှောက်ထားလိုသည်မှာ စောဒကပုဂ္ဂိုလ်များရော၊ စုဒိတကပုဂ္ဂိုလ်များပါ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၁)၏ ဆုံးဖြတ်ချက်ကို သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတည်းဟူသော ဦးတည်ချက်ဖြင့် လေးစားစွာ လိုက်နာကြပါရန် လျှောက်ထားရင်း နိဂုံးချုပ်အပ်ပါသည်။

ဘဒ္ဒန္တကေသရ
အဂ္ဂမဟာပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

----------------

http://www.dhammadownload.com



## နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁/၉၈)၏ဝိနိစ္ဆယဆုံးဖြတ်ချက်နှင့်အညီ အဓမ္မဝါဒကိုစွန့်လွှတ်ပါကြောင်း ပဋိညာဉ်ဝန်ခံကတိပြုခြင်း

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၁/၉၈)သည်ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာ၊ အရှေ့ကျောင်းမှ ဆရာတော်ဦးနန္ဒောဘာသနှင့် ဓမ္မသာကစ္ဆာအဖွဲ့က ဟောကြားသောတရားတိတ်ခွေများ စာရွက်စာတမ်းများနှင့် စောဒကဆရာတော်များ၏ စောဒနာလွှာ၊ စုဒိတကဆရာတော်များ၏ သောဓနာလွှာနှင့် ဝိနိစ္ဆယရုံးတော် ရှေ့မှောက်၌ နှစ်ဦးနှစ်ဖက် ထွက်ဆိုချက်များကို အဖန်ဖန်ကြည့်ရှုလေ့လာ သုံးသပ်တော် မူကြ၍ ပူးတွဲပါဝိနိစ္ဆယဆုံးဖြတ်ချက်ကို ချမှတ်တော်မူကြသည်။

ပူးတွဲပါဝိနိစ္ဆယ ဆုံးဖြတ်ချက်၌ ဖော်ပြပါရှိသော အဓမ္မဝါဒအဖြစ်ဆုံးဖြတ်ထားသော အယူဝါဒများကို စွန့်လွှတ်ပါကြောင်း၊ ဝိနိစ္ဆယဆုံးဖြတ်ချက်ကို အောက်ပါအစီအစဉ် အတိုင်း လိုက်နာမည်ဖြစ်ပါကြောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်တွင် ကိုယ်တိုင်ပဋိညာဉ်ဝန်ခံကတိပြု လက်မှတ်ရေးထိုးကြပါသည်-

(က) အဓမ္မဝါဒ မိစ္ဆာဝါဒဖြစ်သည်ဟု ဆုံးဖြတ်ထားသော အယူဝါဒများ၊ အကြောင်း အရာများကို စွန့်လွှတ်ပါကြောင်း၊

(ခ) နောင်အနာဂတ်ကာလ၌လည်း ယင်းအဓမ္မဝါဒ မိစ္ဆာဝါဒများကို ဟောပြော ခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ အသံဖမ်းတိတ်ခွေဖွင့်ခြင်း စသည့်အမှု တို့ကို မိမိကိုယ်တိုင်လည်း ပြုလုပ်မည်မဟုတ်သည့်အပြင် တပည့်များ ဖြစ်ကြ သော ပုဂ္ဂိုလ်အားလုံးတို့ကိုလည်း မပြုလုပ်ကြစေရန် တားမြစ်ဆုံးမသြဝါဒ ပေးမည်ဖြစ်ပါကြောင်း၊

(ဂ) ယခင်ရှိပြီးဖြစ်သော အဓမ္မဝါဒ၊ မိစ္ဆာဝါဒဆိုင်ရာ စာအုပ်စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ်တံဆိပ်များ၊အမည် ဆိုင်းဘုတ်များ စသည် တို့ကိုပါ ဖျက်ဆီးခြင်း၊သက်ဆိုင်ရာမြို့နယ် သံဃနာယက အဖွဲ့သို့ အပ်နှံခြင်းများကို သင့်လျော်သလို ပြုလုပ်မည် ဖြစ်ပါကြောင်း၊

http://www.dhammadownload.com



| စဉ် | ဘွဲ့တော်အမည် | အသက် | သိက္ခာ | နေ/သီတင်းသုံးရာအရပ် | ကိုယ်တိုင်လက်မှတ် |
|---|---|---|---|---|---|
| ၁ | ဦးနန္ဒောဘာသ ရ/ညလပ(သ)/ ၀၀၁၄၄၁ | ၇၄ | ၄၉ | အရှေ့ကျောင်း၊စမ်းကလေးကျေးရွာ၊ညောင်လေးပင်မြို့ ပဲခူးတိုင်း | |
| ၂ | ဦးဓမ္မပါလ ရ/ညလပ (သ)/ ၀၀၁၂၃၇ | ၃၁ | ၄ | ။ | |
| ၃ | ဦးအော်ကေး (ဖဒို) ရ/အတခ (ဧည့်) ၀၀၀၀၆၅ | ၅၈ | - | စမ်းကလေးကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။ | |
| ၄ | ဦးဘိုးစိန် | ၇၂ | - | စမ်းကလေးကျေးရွာ ညောင်လေးပင်မြို့နယ်။ ပဲခူးတိုင်း | |
| ၅ | ဦးတင်မြင့် | ၄၈ | - | ။ | |
| ၆ | ဦးတင်ရွှေ ၁၂/သဃက ( နိုင်) ၀၂၅၂၆၄ | ၄၉ | | သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။ | |

( ဘဒ္ဒန္တခေမာဝုဓ)
အဘိဓဇမဟာရဋ္ဌဂုရု၊
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ဒုတိယဥက္ကဋ္ဌဆရာတော်

(ဘဒ္ဒန္တကေသရ)
အဂ္ဂမဟာပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

စာအမှတ်၊ ၁၃၅၉-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၄)ရက်
၁၉၉၈-ခုနှစ် မတ်လ ၁၆ ရက်

---

http://www.dhammadownload.com



## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ (အဘိဓဇ မဟာရဋ္ဌဂုရု)၏ နိဂုံးချုပ်သြဝါဒကထာ

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ။

၁။ ဤဒေသနာတော်အရ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ္တန် ဝိနည်း အဘိဓမ္မာဟူသော ပိဋကတ်တော်များကို ထင်ရှားရှိနေသမျှကာလပတ်လုံး ဘုရားရှင်ထင်ရှားရှိနေသေးဟူ၍ပင် မှတ်ယူရမည်။ ထို့ကြောင့် မိမိတို့ဟောပြောသမျှ ရေးသားသမျှ တရားအားလုံးတို့သည် ဗုဒ္ဓဘုရားနှင့်အလား သဏ္ဍာန်တူသော သုတ္တန် ဝိနည်း အဘိဓမ္မာဟူသော ပိဋကတ်တော်များနှင့် ညီညွတ်ရမည်ဖြစ်ပါသည်။ ပိဋကတ်တော်နှင့် ညီညွတ်ရမည်ဆိုသော်လည်း ပိဋကတ်တော်များသည် ခက်ခဲနက်နဲလှသောကြောင့် ပိဋကတ်တော်များကို ကြည့်ရှုကာမျှဖြင့် နားမလည်နိုင်ဉာဏ်မမီနိုင်သောအနက်အဓိပ္ပါယ်များလည်း ရှိသေးရာ ထိုအနက်အဓိပ္ပါယ်များကို နားလည် နိုင်ရန် အဋ္ဌကထာဋီကာယောဇနာ အနု မဓုဂဏ္ဌိ နိဿျ ဝိနိစ္ဆယများကို စုံလင်စွာလေ့လာ ကြည့်ရှုနိုင်ရမည် ဖြစ်ပါသည်။ ထိုမျှဖြင့် မလုံလောက်သေးပါက ပိဋကတ်ကျွန်းဂန် နှံ့စပ်သောဆရာသမားများထံချဉ်းကပ်၍ မေးမြန်းဆွေးနွေးလေ့လာကြရမည် ဖြစ်ပါသည်။

၂။ ဘာသာရေး စာပေလေ့လာသူများအားလုံးတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာကို ရောက်စေနိုင်သော စာပေများကိုသာ လေ့လာသင့်ပါသည်။ ဝိဝါဒဖြစ်စေမည့် စာပေများ ကိုမလေ့လာသင့်ပါ။ မဂ်ဖိုလ်နိဗ္ဗာန်ကို မရောက်စေနိုင်ရုံမက ဝိဝါဒ ဖြစ်စေမည့် စာပေများကို လေ့လာ ဟောပြောကျင့်ကြံနေကြသော ယနေ့ ဤဝိနိစ္ဆယရုံးတော်သို့ ရောက်ရှိနေကြသည့် စုဒိတကများကို အကြောင်းပြု၍ စုဒိတကများ၊ စောဒကများ ဝိနည်းမိုရ်ဆရာတော်ကြီးများနှင့် အခြားသော ရဟန်းရှင်လူအပေါင်းတို့သည် ယခုဘဝ၌ ကာယိကဒုက္ခ စေတသိက ဒုက္ခများကို ခံစားကြရ

http://www.dhammadownload.com



ပါသည်။ လမ်းမှားကို လိုက်မိသူများဖြစ်ပါက တမလွန်လောက၌ အပါယ်ငရဲသို့ပင် သွားရောက်နိုင်ပါ သောကြောင့် မိမိတို့ကို အကြောင်းပြု၍ လူအများ ဆင်းရဲ မရောက်ရအောင် ဝိဝါဒဖြစ်စေမည့် စာပေများကို မလေ့လာ မဟောပြောကြမူ၍ ပိဋကတ်တော်နှင့် ညီညွတ် သော စာပေများကိုသာ လေ့လာဟောပြောကြရန် အထူးသဖြင့် လိုအပ်ကြောင်း မေတ္တာ ရှေ့ထားလျက် လေးနက်စွာ တိုက်တွန်း မိန့်ကြားလိုက်ပါသည်။

ဘဒ္ဒန္တသူရိယာဘိဝံသ<br>
(အဘိဓဇမဟာရဋ္ဌဂုရု)<br>
ဒုတိယ ဥက္ကဋ္ဌ ဆရာတော်<br>
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

---

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန

# ဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် (၂၅/၉၈)
၁၃၆၀- ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃-ရက်
(၁၉၉၈- ခုနှစ်၊ ဧပြီလ ၂၄၊ ရက်)

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၁၉၉၈- ခုနှစ်၊ ဇန်နဝါရီလ (၁)ရက် နေ့စွဲပါ စာအမှတ်၊ ၁၀၀/၇/ (နိုင်-သီးခြား)/ မဟန-၉၈ ဖြင့် ဖွဲ့စည်းပေးခဲ့သည့် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁/၉၈) က ၁၉၉၈- ခုနှစ်၊ မတ်လ(၁၆)ရက် နေ့တွင် စမ်းကလေးဝါဒကို ထေရဝါဒ ပိဋကတ်တော်လာ သာသနဓမ္မများနှင့် မလျော်ကန် ဖောက်ပြန်မှားယွင်း နေသော အဓမ္မဝါဒဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ အပိုဒ် ၁ -တွင် ဖော်ပြပါရှိသော ဆုံးဖြတ်ချက်ကို အကြောင်းပြု၍ ဝိနည်းဓမ္မ ကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၃ အရလည်းကောင်း၊ ၁၉၆၁- ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ပုဒ်မ ၆ အရ လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈- အရလည်းကောင်း၊ တေးသံသွင်း လုပ်ကိုင်ခွင့်အမိန့်အပိုဒ် ၁၃- နှင့်၊ ၁၄- တို့အရလည်းကောင်း စမ်းကလေးဝါဒကို ဟောပြော ခြင်း၊ သင်ကြားပို့ချခြင်း၊ စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ချိခြင်း၊ ကူးယူဖြန့်ချိခြင်းနှင့် အသံဖမ်းတိပ်ခွေ များဖြင့် အသံသွင်းခြင်း ဖြန့်ချိခြင်းတို့ကို တားမြစ်ပိတ်ပင်လိုက်သည်။

http://www.dhammadownload.com



၃။ ၁၉၆၄- ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေပုဒ်မ ၅-အရ စမ်းကလေးဝါဒပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိသော အသင်းအဖွဲ့များကိုဖျက်သိမ်းလိုက်သည်။ ထိုကဲ့သို့သော အသင်းအဖွဲ့များသည် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့ ဥက္ကဋ္ဌရုံး၏ ၁၉၆၄ ခုနှစ်၊ မေလ ၃-ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄ -၏ အပိုဒ် ၁- အရ ကင်းလွတ်ခွင့်မရှိစေရ။

ဗိုလ်ချုပ်စိန်ထွား
ဝန်ကြီး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန

စာအမှတ်၊ ၁၀၀/၆-၄/ ဝကရ
ရက်စွဲ၊ ၁၉၉၈- ခုနှစ်၊ ဧပြီလ ၂၄- ရက်၊

http://www.dhammadownload.com



ဖြန့်ဝေခြင်း-

- နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး
- နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
- အစိုးရအဖွဲ့ရုံး
- နိုင်ငံတော်သမ္မတရုံး
- ပြည်သူ့လွှတ်တော်ရုံး
- တရားရုံးချုပ်
- ရှေ့နေချုပ်ရုံး
- စာရင်းစစ်ချုပ်ရုံး
- ဝန်ကြီးဌာနအားလုံး
- ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အားလုံး
- ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အားလုံး
- မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အားလုံး

| | |
|---|---|
| - သာသနာရေးဦးစီးဌာန | အပိုမိတ္တူ(၅၀၀)စောင်နှင့်အတူ နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့သို့ တင်ပြရန် |
| - သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန | |
| - မြန်မာနိုင်ငံရဲတပ်ဖွဲ့ | |
| - ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း | မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

မိတ္တူကို-

-လက်ခံစာတွဲ

-မျှောစာတွဲ

အမိန့်အရ

ဦးအောင်ခင်

ဒုတိယဝန်ကြီး

http://www.dhammadownload.com

# ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗဟိုဌာနချုပ်
# ဇမ္ဗူဒီပကျောင်းဆောင်၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့

စာအမှတ်၊ ၁၀၀/၇ (နိုင်-သီးခြား) မဟန-၉၈
ရက်စွဲ၊ ၁၃၅၉-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁၃)ရက်
၁၉၉၈- ခုနှစ်၊ မတ်လ (၂၅) ရက်

## ညွှန်ကြားလွှာအမှတ်(၈၆)

အကြောင်းအရာ။ စမ်းကလေးဝါဒစွန့်လွှတ်ကြောင်း
ပဋိညာဉ်ပြုလက်မှတ် ရေးထိုးစေရေးကိစ္စ

၁။ "စမ်းကလေးဝါဒသည် ထေရဝါဒ ပိဋကတ်တော်နှင့် ကိုက်ညီခြင်း မရှိသဖြင့် အဓမ္မဝါဒ၊ မိစ္ဆာဝါဒသာ ဖြစ်သည်ဟု နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့အမှတ်(၁၁)က ဆုံးဖြတ်ခဲ့ရာ ယင်းဆုံးဖြတ်ချက်ကို လိုက်နာသောအားဖြင့် ယင်းဝါဒကို ဦးဆောင်သော ဦးနန္ဒောဘာသသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ မိမိ၏ဝါဒကို အဓမ္မဝါဒအဖြစ် ကြေညာလျက် စွန့်လွှတ်ပါကြောင်း ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့မြို့နယ် အတွင်း၌ စမ်းကလေးဝါဒကို သက်ဝင်ယုံကြည်ကြသော ရဟန်းသာမဏေ များနှင့် လူပုဂ္ဂိုလ်များရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယကအဖွဲ့ တည်ရှိရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ "အောက်ပါပုဂ္ဂိုလ်များရှိပါက ထို အတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ် ရေးထိုး စေရေး အတွက်" ထိုပုဂ္ဂိုလ်များအား ဩဝါဒပေးတော် မူကြပါရန် ညွှန်ကြားလိုက်ပါသည်-

(က) စမ်းကလေးဝါဒကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁)က ထေရဝါဒ ပိဋကတ်တော်နှင့် ကိုက်ညီခြင်း မရှိသဖြင့် အဓမ္မဝါဒ၊ မိစ္ဆာဝါဒအဖြစ် ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာ၍ ထိုဝါဒကို စွန့်လွှတ်ပါကြောင်း၊

http://www.dhammadownload.com



(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒ, မိစ္ဆာဝါဒကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း၊ စသည်တို့ကို မိမိတို့ ကိုယ်တိုင်လည်း ပြုလုပ်ကြမည်မဟုတ်သည့် အပြင် မိမိတို့နှင့် ဆက်နွယ်သူများကိုလည်း ပြုလုပ်စေကြမည်မဟုတ်ပါကြောင်း၊

(ဂ) စမ်းကလေး၏ တရားဓမ္မဆိုင်ရာ စာအုပ်စာတမ်းများ တိတ်ခွေများ၊ အထိမ်း အမှတ်ပစ္စည်းများ စသည်တို့ကို မိမိတို့ မြို့နယ် သံဃနာယကအဖွဲ့သို့ အပ်နှံ ကြရမည်ဖြစ်ပါကြောင်း၊

(ဃ) ယခင်က ထိုအဓမ္မဝါဒ မိစ္ဆာဝါဒနှင့် ပတ်သက်၍ အသုံးခဲ့ပြုသော အဖွဲ့ အမည်နှင့် အသင်းအဖွဲ့ စသည်တို့ကိုလည်း လုံးဝတာဝန် ယူ၍ ဖျက်သိမ်း ကြရမည်၊ ဖျက်သိမ်း စေကြမည်ဖြစ်ပါကြောင်း၊

မှတ်ချက်။ (၁) ဆိုင်ရာအဓမ္မဝါဒီ, မိစ္ဆာဝါဒီပုဂ္ဂိုလ်များကို "အထက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ကြမည် ဖြစ်ပါကြောင်း" မြို့နယ် သံဃနာယကအဖွဲ့ ရှေ့မှောက်၌ ကိုယ်တိုင်ပဋိညာဉ်ပြု လက်မှတ်ရေးထိုး စေရမည်၊ အကယ်၍ ထိုဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း၊ သက်သေ အထောက်အထားများ မထင်ရှား၍ "မိမိတို့သည် ထိုဝါဒ၌ သက်ဝင်ယုံ ကြည်သူများ မဟုတ်ကြပါ" ဟု ငြင်းဆိုနေပါက "ထိုဝါဒ၌ သက်ဝင် ယုံကြည်သူများ မဟုတ်ကြောင်း" လက်မှတ်ရေးထိုးစေရမည်၊ သို့သော် မူလကပင် စမ်းကလေး ဝါဒကိုသက်ဝင်ယုံကြည်သူအဖြစ်စာရွက်စာတမ်း၊ သက်သေ အထောက်အထားအရ ထင်ရှားပါလျက် လက်မှတ်ရေးထိုး ရမည်ကို ကြောက်ရွံ့၍ ယခုမှ ငြင်းဆိုသူများကိုမူ ဤ ညွှန်ကြားချက်အတိုင်း လက်မှတ်ရေးထိုး စေရမည်သာ ဖြစ်သည်။

(၂) ထိုသို့ ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ညှိနှိုင်း ၍ဆောင်ရွက်ရမည်။

http://www.dhammadownload.com



၃။ မိမိတို့ မြို့နယ်အတွင်း၌ စမ်းကလေးဝါဒကို သက်ဝင်ယုံကြသော ရဟန်းရှင် လူများ ရှိနေပါက ဤညွှန်ကြားလွှာအတိုင်း ဆောင်ရွက်ရမည်။ ဆောင်ရွက်ပြီးစီးပါကဆောင်ရွက်ပြီးကြောင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ မိတ္တူပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါ သည်။

| | |
|---|---|
| ဘဒ္ဒန္တခမာဝုစ | ဘဒ္ဒန္တကေသရ |
| (အဘိဓဇမဟာရဋ္ဌဂုရု) | (အဂ္ဂမဟာပဏ္ဍိတ) |
| အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက | တွဲဖက်အကျိုးတော်ဆောင် |
| ဒုတိယဥက္ကဋ္ဌဆရာတော် | |

http://www.dhammadownload.com



ဖြန့်ဝေခြင်း

- မြို့နယ်သံဃနာယကအဖွဲ့အားလုံး

မိတ္တူကို- နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအားလုံး
- နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များအားလုံး
- နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်အားလုံး
- ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များအားလုံး
- ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး
- သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး
- ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအားလုံး
- ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အားလုံး
- မြို့နယ် အေးချမ်းသာယာရေး ဖွံ့ဖြိုးရေးကောင်စီအားလုံး
- ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့အင်အား ဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန
- ပြည်နယ်/တိုင်း သာသနာရေးမှူးအားလုံး
- ခရိုင် သာသနာရေးမှူးအားလုံး
- မြို့နယ်သာသနာရေးမှူးအားလုံး

----------------

http://www.dhammadownload.com

ပ.ဖ.သ.၈၄.၅၅ / ၃၀..၃.၂၀၀၉ (၅၀၀) ပြင်ပ၊ လစ်သို့။

http://www.dhammadownload.com

http://www.dhammadownload.com